# ကျောက်မြေပန်း

အိန္ဒိယမှ မြန်မာပြည်မြောက်ပိုင်းကို ဖြတ်၍
တရုတ်ပြည်သို့ခရီးကြမ်း

နှင်ဦး

# LAND OF JADE

A Journey from India through
Northern Burma to China


**BERTIL LINTNER**

Photographs by **Hseng Noung Lintner**

(ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေရင်း)

www.facebook.com/NyisayEbookCreator

www.nyisay.com

(ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေခြင်း)

# ကျောက်စိမ်းမြေ

အိန္ဒိယမှ မြန်မာပြည်မြောက်ပိုင်းကို ဖြတ်၍
တရုတ်ပြည်သို့ ခရီးကြမ်း

နိုင်ဦး
မြန်မာပြန်သည်

# LAND OF JADE

*A Journey from India through Nothern Burma to China*

**By - Bertil Lintner**

www.nyisay.com

**ပုံနှိပ်မှတ်တမ်း**

**ဖြန့်ချိရေး** – လွင်ဦးစာပေ (လှည်းတန်း)
ဒုတိယအကြိမ်၊ ၂၀၁၅၊ ဇွန်လ

**အုပ်ရေ** – ၅၀၀

**မျက်နှာဖုံးဒီဇိုင်း**
ဇော်မောင်

**ကွန်ပျူတာစာစီ**
Dream City - 0973052433

**ထုတ်ဝေသူ**
ဦးလွင်ဦး (မြ–၀၀၇၉)
အမှတ် (၁၆–အေ)၊ လှည်းတန်း (၂)လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြ–၀၇၉၅၈)
အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး – ၇၀၀၀ ကျပ်**

၉၂၃.၂
နိုင်ဦး
ကျောက်စိမ်းမြေ / နိုင်ဦး။– ရန်ကုန်။
လွင်ဦးစာပေ (လှည်းတန်း)၊ ဒုတိယအကြိမ်၊ ၂၀၁၅။
၅၅၄ – စာ၊ ၁၃.၃ x ၂၀.၉ စင်တီ။
(၁) ကျောက်စိမ်းမြေ

www.nyisay.com

# မာတိကာ


- ကျေးဇူးစကား က
- မြန်မာဘာသာဖြင့်ထုတ်ဝေခြင်းအတွက် စာရေးသူအမှာ ဂ
၁။ နာဂလူမျိုးများ ၁
၂။ ကာ(လ်)ကတ္တား ၃၂
၃။ ကိုဟီးမားသို့ ၅၉
၄။ ပုန်းခိုခြင်း ၈၈
၅။ လောင်ဗာမှသည် ခေးဆန်ချန်းလမ်သို့ ၁၁၄
၆။ ချင်းတွင်းသို့ ၁၅၁
၇။ ဟူးကောင်းချိုင့်ဝှမ်း ၁၈၃
၈။ တြိဂံဒေသ ၂၃၄
၉။ ပါကျောင် ၂၇၇
၁၀။ စီစီဝမ် ၃၁၉
၁၁။ ကိုးကန့်နှင့် ဝတောင်တန်း ၃၇၂
၁၂။ ပန်ဆန်း ၄၃၄
၁၃။ ကျိုင်းတုံတောင်တန်းကိုကျော်၍ ၄၇၇
၁၄။ ဆစ်(ပ်)ဆောင်ပန်းနားနှင့် ဟောင်ကောင် ၅၀၉
- နိဂုံးမဟုတ်သော နိဂုံး ၅၂၁
- စာရေးသူနှင့် မာတ်ပုံဆရာမတို့အကြောင်း ၅၃၆
- ကျောက်စိမ်းမြေ (မြန်မာပြန်) ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် တောင်းပန်စကား ၅၃၈

www.nyisay.com

## ကျေးဇူးစကား

ကျွန်တော်ကြိုက်နှစ်သက်သော စာတွေထဲမှာ ဘာတီး(လ်)လင့်တနာ၏စာတွေလည်း ပါသည်။ သူ့စာတွေကို တလေးတစားဖတ်ရသလို၊ ဘာသာပြန်ရမည့် စာတွေကိုလည်း ပြန်ဖြစ်ခဲ့သည်။ 'ကျောက်စိမ်းမြေ' မှာ ကျွန်တော်အကြိုက်ဆုံး စာအုပ်ဖြစ်သော်လည်း၊ 'အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီ အရေးတော်ပုံ' ကို ပထမဆုံး ဘာသာပြန်ခဲ့သည်။ အဆိုပါစာအုပ်မှာ ဘာတီး(လ်)၏ နောက်ဆုံးစာအုပ်ဖြစ်သလို စာအုပ်ထွက်လာသည့် ထိုစဉ်က ကျွန်တော်တို့ မြန်မာပြည်နိုင်ငံရေး အချိုးတစ်ကွေ့နှင့်လည်း တိုက်ဆိုင်နေရာ၊ လိုအပ်ချက်တစ်ခုအနေနှင့် ဦးဆုံးဘာသာပြန်လိုက်ခြင်းဖြစ်သည်။ လူချင်းမဆုံမီကပင် သူ့ကို ကျွန်တော်တို့ လေးစားခဲ့သည်။ ပြောရလျှင် သူသည်ကျွန်တော်တို့လူဖြစ်သည်။ ဤနေရာ၌ ကျွန်တော်တို့ဆိုသည်မှာ လွတ်လပ်ခြင်းနှင့် လူ့အခွင့်အရေးတွေ အလုအယက်၊ အဖျက်အဆီးခံနေရပါသော တိုင်းရင်းသားလူနည်းစုတွေ၊ စစ်မှန်သော ဒီမိုကရေစီအတွက်တိုက်ပွဲဝင်နေသော ပြည်သူတွေပဲဖြစ်သည်။ ထိုထိုသော အခွင့်အရေးနှင့် လွတ်လပ်ခြင်းတို့အတွက် သူနှင့်သူ့ဇနီး ဆိုင်နောင်လင့်တနာတို့ ခရီးကြမ်းတစ်ခုကို ဖြတ်သန်းခဲ့ကြသည်။ သို့ပေမဲ့ သူရဲ့ခရီးကား မျက်ဝါးထင်ထင်မသိရ၊ မမြင်ရပါလျှင်မူ လုံးဝယုံနိုင်စရာ မရှိသော ခရီးကြမ်း၊ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း အနောက်တိုင်းသားတွေ ခြေချခွင့်မရတော့သည့်နေရာ၊ မြန်မာပြည်ပြည်တွင်းစစ်ရှုတန်း စစ်မျက်နှာ၏ နောက်ကျော၊ တောင်ပေါ်တိုင်းရင်းသားတို့ နေထိုင်ရာ ကျောက်စိမ်းမြေ၊ ထိုနေရောက်ဖို့အတွက် သူတို့ခရီးကြမ်းကို (၁) နှစ် (၆) လနှင့် (၆) ရက် ခြေလျင်ခရီးနှင်ခဲ့ရသည်။ ဘန်ကောက်မှ ခရီးထွက်စဉ်ကပင် သူ့ဇနီးမှာ ကိုယ်ဝန်နှင့်၊ လမ်းခရီးမှာ ပုန်းလျှိုးကွယ်လျှိုးနှင့် မီးဖွားခဲ့ပြီးနောက် သူတို့ခရီးကား သမီးလေးဆိုင်တိုင်းနှင့်အတူ (၃) ယောက်ဖြစ်လာခဲ့သည်။

www.nyisay.com



သာမန်အိမ်ထောင်ရှင်တွေအနေနှင့် စိတ်ကူးရှုပင် မဖြစ်နိုင်သောခရီးကြမ်း။ သဘာဝ အရိုင်းပြင်ပြင်က အန္တရယ်တွေသာမက အမြောက်သဲ၊ စိန်ပြောင်းသဲ၊ သေနတ်သံတွေ တခြိမ်းခြိမ်း၊ ကျည်ဆန်တွေ တဝီဝီဝဲနေသော ခရီးကြမ်း။ သို့ရာတွင် သူတို့သားအမိ၊ သားအဖ (၃) ယောက်ကား အောင်မြင်စွာဖြတ်ကျော်ရင်း စစ်အစိုးရအဆက်ဆက် တရားလက်လွတ်၊ အနှိပ်စက်၊ အသတ်အဖြတ်ခံနေရသော ဒေသခံတိုင်းရင်းသားတို့၏ အဖြစ်တွေ၊ လက်နက်ကိုင် ပဋိပက္ခ၏ ပကတိအရှိတရားတို့ကို ကမ္ဘာသိအောင် သူတို့ပြောပြဖြစ်ခဲ့ကြသည်။ သူတို့မိသားစု အသက်နှင့် ရင်းပြီး ကျွန်တော်တို့ဘက်က ခိုင်ခိုင်မာမာ ရပ်ပေးခဲ့ကြသည်။ ယနေ့တိုင် ရပ်နေဆဲ၊ ထို့ကြောင့် သူတို့မိသားစုကို ကျေးဇူးတင်ရသည်။

နောက်ထပ် တင်ရမည့် ကျေးဇူးမှာ ယခု ကျောက်စိမ်းမြေ မြန်မာပြန်မှု ထုတ်ဝေခြင်းနှင့် ပတ်သက်သည်။ တကယ်တော့ 'ကျောက်စိမ်းမြေ' ကား မြန်မာပြည် အမျိုးသားပဋိပက္ခအတွက် အရေးပါခဲ့သလို သူတို့ မိသားစုအတွက်လည်း တန်ဖိုးကြီးသော မှတ်တမ်းမှတ်ရာဖြစ်လေရာ၊ ဆိုင်နောင့်လင့်တနာကိုယ်တိုင် မြန်မာပြန်ဖို့ ရည်စူးထားကြောင်း ဘာတီး(လ်)ပြောပြခါမှ ကျွန်တော်တို့ သိရသော်လည်း၊ ကျွန်တော့်ကိုပင် ဘာသာပြန်ခွင့်ပြုခဲ့သည်။ တစ်ခါ မြန်မာအသံဖလှယ်ရာတွင် ခက်ခဲသော လူမျိုးစုတိုင်းရင်းသားအမည်တွေ၊ နေရာ၊ ဒေသအမည်တွေကို အသံအမှန် ပြင်ဆင်ပေးခဲ့သလို ဝါကျအချို့အတွက် အကြံပေးခဲ့သော ဆိုင်နောင့်လင့်တနာကိုလည်း ကျေးဇူးတင်ရပါသည်။ အခက်အခဲအမျိုးမျိုးကြားမှ ယခုလို စာအုပ်ထူကြီးတစ်အုပ်ကို အောင်မြင်စွာ ထုတ်ဝေခဲ့သော သူငယ်ချင်းလွင်ဦး (လှည်းတန်း) ကိုလည်း ကျေးဇူးတင်ကြောင်း ဤ၌ ဖော်ပြလိုက်ရပါသည်။

**နိုင်ဦး**
**၁၀/ ၈/ ၁၄**

❑

www.nyisay.com

# မြန်မာဘာသာဖြင့် ထုတ်ဝေခြင်းအတွက် စာရေးသူအမှာ

ယခုစာအုပ်သည် လွန်ခဲ့သော (၂၅) နှစ်တာ ကာလက ခြေဆန့်ခဲ့သော ခရီးတစ်ခု၏ မှတ်တမ်းမှတ်ရာများ ဖြစ်ပါသည်။ ထိုစဉ်က နိုင်ငံခြားသားတို့ကို တင်းကြပ်စွာ တားမြစ်ထားသော အိန္ဒိယရှေ့မြောက် နာဂဒေသအတွင်း ကျွန်ုပ်နှင့် ဇနီး ဆိုင်နောင့်တို့ လှည့်ပတ်ဝင်လာခဲ့ကြပြီး မြန်မာနယ်စပ်ကို မကျော်ဝင်နိုင်သေးမီအထိ ဤမှာပင် လအတော်ကြာ သောင်တင်နေခဲ့ကြသည်။

၁၉၈၅ ခုနှစ်၊ မတ်လတွင် ကျွန်ုပ်တို့ ဘန်ကောက်နေအိမ်မှ ကာ(လ်)ကတ္တားသို့ ထွက်လာသည့် ရည်ရွယ်ချက်ကား ကေအိုင်အေတပ်ဖွဲ့ဝင်တို့ ထိန်းချုပ်ထားသော မြန်မာပြည်မြောက်ဖျားဒေသသို့ သွားရောက်၍ ထိုအချိန်အထိ နိုင်ငံခြားသားတစ်ယောက်မျှ အရောက်အပေါက် မရှိသေးသလို (၁၀) စု နှစ်များစွာ ကြာလာခဲ့သည့်တိုင် နိုင်ငံတကာက မစို့မပို့မျှသာ သိထားသော လက်နက်ကိုင်ပဋိပက္ခတို့ကို ကိုယ်တိုင်လေ့လာလိုရုံပဲ ဖြစ်သည်။ အိန္ဒိယနယ်စပ်နှင့် ထိစပ်နေသော မြန်မာဘက်ခြမ်းမှ နာဂသူပုန်တို့နှင့် (၇) လကြာမျှ ခရာခဲဆစ် အချိတ်အဆက်ရှာပြီးနောက် အောက်တိုဘာ (၂၂) ရက်တွင် မြန်မာနယ်ထဲတရားမဝင် ဖြတ်လာခဲ့ကြရာ ထိုအချိန်တွင်မှ ကျွန်ုပ်တို့ လင်ကိုယ် မယားနှစ်ယောက်တည်းသာ မဟုတ်တော့၊ ကိုဟီးမားတွင် ပုန်းခိုနေခိုက်မှာပင် မွေးဖွားခဲ့ပါသော ကျွန်ုပ်တို့၏ သမီးငယ်လေးနှင့် ပေါင်း (၃) ယောက်ဖြစ်လာခဲ့ပါ၏။

ကိုဟီးမားမှာ နာဂပြည်နယ်၏ မြို့တော်ဖြစ်၍ မြန်မာပြည်မြောက်ပိုင်းတောရိုင်းကြီးထဲ ရောက်လာချိန်မှာ သမီးလေးကား (၄၂) ရက်မျှသာ ရှိပါသေးသည်။

ထိုအချိန်မှစ၍ သူပုန်အုပ်စုတို့၏ နောက်တန်းတွင် (၁၈) လမျှ ကျွန်ုပ်တို့ နေထိုင်လာခဲ့ရာ ပထမ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN)၊ ဒုတိယကေအိုင်အေနှင့် တတိယအဖွဲ့ကား ယခုဇာတ်သိမ်းသွားပြီဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) တို့ဖြစ်သည်။ ဆိုခဲ့သလို ခြေလျင်ခရီးဖြတ်သန်းခဲ့ရာ ခရီးအကွာအဝေးမှာ ၂၂၇၅ ကီလိုမီတာရှည်ဝေးသလို အန္တရာယ်အထပ်ထပ်နှင့်သာ ကြုံတွေ့ခဲ့ရပါသော်လည်း နှစ်ပေါင်းများစွာ

ရှည်ကြာလာခဲ့ပြီဖြစ်သော မြန်မာပြည် ပြည်တွင်းစစ်သမိုင်းကိုမူ ကမ္ဘည်းမှတ်တမ်းရေးထိုး နိုင်ခဲ့လေရာ ယခုကဲ့သို့ အသေးစိတ်ရေးသားထားသော သမိုင်းမှတ်တမ်းမျိုး ယခင်က မရှိသေးဟု ကျွန်ုပ် ယုံကြည်ပါသည်။ ၁၉၈၇ ခုနှစ်၊ ဧပြီလတွင် တရုတ်ပြည်ထဲဝင်၍ ဤခြံ ကျွန်ုပ်တို့ကို တရားမဝင် ဝင်ရောက်မှုနှင့် တစ်ပတ်မျှ ထိန်းသိမ်းထားပြီး ဟောင်ကောင်သို့ ပြန်ပို့ပေးခဲ့ပါသည်။

ခရီးစဉ်အတွင်း မြန်မာပြည်အရှေ့မြောက်နှင့် မြောက်ပိုင်းမှ တိုင်းရင်းသား လူနည်းစုတို့ နေထိုင်ရာဒေသတို့ကို ဖြတ်သန်းလာခဲ့ကြရာ အဆိုပါနေရာဒေသများကား မြန်မာပြည်အလယ်ပိုင်း မြေပြန့်နှင့်ကင်းပြတ်နေသော ကမ္ဘာတစ်ခုလို ဖြစ်နေသည်။ သို့ရာတွင် ဘန်ကောက်သို့ ကျွန်ုပ်တို့ ပြန်ရောက်လာသည့်အခါ စစ်အစိုးရ၏ မတန်မဆ ဖိနှိပ်ဆိုးယုတ်မှုအောက်မှ ရုန်းကန်၍ မကြာမီ အပြီးသတ်တိုက်ပွဲကြီးတစ်ပွဲကို ဆင်နွှဲဖို့ အားယူနေသည့် နိုင်ငံတစ်နိုင်ငံကို ဖြတ်လာခဲ့ရသလို ကျွန်ုပ် စိတ်ထဲခံစားလိုက်ရပြီး မကြာပါချေ၊ ၁၉၈၈-၉၀ အဖြစ်အပျက်တို့ ဆိုက်ရောက်လာခဲ့ပါ၏။

ကေအိုင်အေအပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အများစုနှင့် စစ်အစိုးရတို့ အပစ်ခတ်ရပ်သဘောတူညီမှု ရရှိခဲ့သည်ဆိုသော်လည်း မြန်မာပြည်မြောက်ပိုင်း နယ်စပ်တလျှောက် အခြေအနေကား အထိမခံ ကြပ်ဆတ်နေဆဲ။ ၁၉၈၅-၈၇ ခုနှစ်များအတွင်း ကျွန်ုပ်တို့ ဖြတ်သန်းလာခဲ့သော အချို့နေရာဒေသများသို့ ယခုအခါ နိုင်ငံခြားဧည့်သည်တို့ပင် သွားရောက်နိုင်ပြီဆိုသော်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ တောက်လောင်ခဲ့သော လူမျိုးရေးပဋိပက္ခတို့သည်ကား မငြိမ်းသေး၊ သို့ဖြစ်၍ ပစ္စုပ္ပန်ကို သဘောပေါက် နားလည်ဖို့ဆိုလျှင် အတိတ်မှ ပြန်လည်သင်ကြားဖို့ လိုအပ်သည်ဖြစ်၍ အဆိုပါအဓိပ္ပာယ်အရ ပြီးခဲ့သည့် (၂၅) နှစ်ကျော်ကာလက မှတ်တမ်းတင်ခဲ့သော အခြေအနေတို့သည်ကား ယခုတိုင် အကျုံးဝင်နေဆဲဟု ကျွန်ုပ်နားလည်မိပါသည်။

သို့ရာတွင် တစ်ဆက်တည်း ပြောလိုသည်မှာ ဆိုခဲ့ပါကာလအတွင်း အိန္ဒိယကား အပြောင်းလဲကြီး ပြောင်းလဲ၍ နည်းပညာအဆင့်မြင့်နိုင်ငံကြီးတစ်ခု ဖြစ်လာလေပြီ။ အကယ်၍ ၁၉၈၅ ခုနှစ်ကသာ အိန္ဒိယတွင် အင်တာနက်၊ အီးမေး(လ်) နှင့် မိုဘိုင်းဖုန်းတွေ အသုံးပြုနေမည်ဆိုလျှင် ခရီးစဉ်အတွင်း ကျွန်ုပ်တို့ လုပ်ခဲ့သလို စစ်ဆေးရေးဂိတ်တွေကို ဖြီးဖြန်း၊ လိမ်ညာပြီး ဖြတ်သန်းလို့ရမှာ မဟုတ်။ ထိုစဉ်က အိန္ဒိယ ဆက်သွယ်ရေးနှင့် အခြေခံ အဆောက်အဦးတို့၊ ဖွံ့ဖြိုးမှု မရှိခြင်းကြောင့် ကျွန်ုပ်တို့ခရီး အောင်မြင်ခဲ့ရခြင်း ဖြစ်ပါသည်။

ပြီးခဲ့သောနှစ် အနည်းငယ်ခန့်မှာပင် အိန္ဒိယကား ၁၉၈၅ ခုနှစ် ဝန်းကျင်နှစ်များကလို ကျွန်ုပ်တို့ရောက်ခဲ့သော နိုင်ငံတစ်နိုင်ငံမဟုတ်တော့။ ခွန်အားအပြည့်၊ ယုံကြည်မှုအပြည့်နှင့် ဖွံ့ဖြိုးလာခဲ့လေပြီ။ ယခု စာအုပ်တွင် ကျွန်ုပ်ရေးသားဖော်ပြခဲ့သလို တစ်မူထူး

သည့် လုပ်ဆောင်မှုတွေနှင့် ဖြတ်သန်းနိုင်ခဲ့ပြီး မုတ်ဆိတ်ဟူးစွဲသလို အရကောင်းခဲ့သော အခြေအနေ အရပ်ရပ်တို့သည်ကား သမိုင်းထဲ ရောက်သွားလေပြီ။ သို့ရာတွင် ဆိုခဲ့သလို အခြေအနေအကြောင်းအရာများမှာ ကိုလိုနီအုပ်ချုပ်ရေး၏ အမွေမျှသာဖြစ်၍ တကယ့် အိန္ဒိယမဟုတ်ဟု အငြင်းပွားနိုင်ကြပါသော်လည်း အဆိုပါ အခြေအနေမှာ လွန်ခဲ့သော (၂၅) နှစ်က အစစ်အမှန်တရား ဖြစ်သလို ထိုအချိန်၌ပင် ကျွန်ုပ်ကိုယ်တိုင်ရေးသားခဲ့သည်ဖြစ်၍ ပြင်ဆင်တည်းဖြတ်ခြင်းမပြုဘဲ မူလအတိုင်း ဖော်ပြလိုက်ပါသည်။

နာဂဒေသထဲ ဝင်ရောက်ရာတွင် ကျွန်ုပ်တို့အနေနှင့် အိန္ဒိယအာဏာပိုင်တို့ကို လှည့်ပတ်၍ ဝင်ခဲ့ရသည်ဆိုသော်လည်း ၁၉၉၀ ခုနှစ်က ပထမအကြိမ်ထုတ်ဝေသော စာအုပ်တွင် ရိုးသားစွာ ဝန်ခံခဲ့ပြီးဖြစ်၍ ကျွန်ုပ်စာအုပ်ကို ဖတ်ရှုသော အိန္ဒိယနိုင်ငံသားများအနေနှင့် နားလည်မှု ပေးနိုင်မည်ဟု မျှော်လင့်ရပါသည်။

ဆိုခဲ့သလို နာဂဒေသမှ ဖြတ်သန်းနိုင်ဖို့ရန်အတွက် စာရွက်စာတမ်းများ အတုပြုလုပ်ခြင်း၊ ဗီဇာသက်တမ်းကျော် နေထိုင်ခြင်း၊ ပါမစ်မရှိဘဲ ကန့်သတ်ဧရိယာအတွင်း ဝင်ရောက်ခြင်း အစရှိသော အမှုကိစ္စတို့ကို ကျူးလွန်ခဲ့သည့်အတွက် အိန္ဒိယအစိုးရက ကျွန်ုပ်တို့ကို နာမည်ဆိုး စာရင်းသွင်းခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်အတွင်း အဆိုပါ နာမည်ဆိုးစာရင်းမှ မပယ်ဖျက်မီအထိ အိန္ဒိယတွင် ကျင်းပသော ဆွေးနွေးပွဲများနှင့် အလားတူပွဲတို့ တက်ရောက်ခွင့်ကိုမူ ကျွန်ုပ်အနေနှင့် ရရှိခဲ့ပါသည်။

သို့ဖြင့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာတွင် နာဂဒေသသို့ တရားဝင် ပြန်ရောက်သွားခဲ့ရာ ကိုဟီးမားတွင် တစ်ခါက ပုန်းအောင်းနေရာ ဇာခန်းဆီးနောက်ကွယ်ကသာ မြင်တွေ့ခွင့်ရခဲ့ပါသော မြို့တစ်မြို့တွင် လမ်းလျှောက်နေရသည်ကပင် ကျွန်ုပ်စိတ်ထဲ ထူးဆန်းနေခဲ့သည်။

ယခုတော့ ထိုမြို့လေးကား လွန်ခဲ့သော (၂၅) နှစ်နှင့် မတူ အစွမ်းကုန် ဖွံ့ဖြိုးနေလေပြီ။ ကိုဟီးမား တောင်ပေါ်လမ်းတွေပေါ်မှာ မော်တော်ယာဉ်တွေ အပြည့်၊ နေရာအနှံ့ အလျှိုအလျှို ပေါ်လာသော စျေးသစ်၊ ဆိုင်သစ်ကြီးတွေမှာလည်း နောက်ဆုံးပေါ် အီလက်ထရောနစ်ပစ္စည်းတွေ အပြည့်၊ နာဂလူငယ်တွေကလည်း ထိုင်းနှင့် မလေးရှားလူငယ်တွေလို ခေတ်စတိုင်နှင့် စမတ်ကျကျ၊ ဤမှာပင် ၁၉၈၅ ခုနှစ် စက်တင်ဘာ (၁၃) ရက် တွင် သမီးဆိုင်တိုင်းကို မွေးဖွားခဲ့သော ကိုဟီးမားမြို့ပြင်က အိမ်လေးဆီ ကျွန်ုပ် ရောက်သွားသည်။ အိမ်လေးကား မပြုမပြင်နှင့် ယခင်အတိုင်း တည်ရှိနေဆဲ၊ သို့သော်လည်း ဘေးပတ်ဝန်းကျင်တွင်မူ တိုက်တာ အဆောက်အအုံသစ်တွေ ဝိုင်းရံလျက် အိမ်လေးကို ဓာတ်ပုံရိုက်ကူးပြီး ဓာတ်ပုံတွေကို သမီးဆီ ကျွန်ုပ်ပို့ပေးလိုက်သည်။ ယခု ဆိုင်တိုင်းကား အသက် (၂၅) နှစ်ပင် ပြည့်၍ ဗီသုကာတစ်ယောက်အနေနှင့် အရှေ့တောင် အာရှတွင်

www.nyisay.com



အလုပ်, လုပ်နေသည်။ သမီးသည် ဆွိဒင်နိုင်ငံသားဖြစ်၍ ဆွိဒင်နိုင်ငံကူး လက်မှတ် ကိုင်ဆောင်ထားသော်လည်း မွေးဖွားရာနေရာတွင် ''ကိုဟီးမား၊ နာဂလန်၊ အိန္ဒိယ'' ဟု ဖော်ပြရသည်ကို သမီးက ဂုဏ်ယူနေခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျွန်ုပ်နှင့် သမီး ဆိုင်တိုင်း ကိုဟီးမားသို့ အတူ အလည်သွားခဲ့ရာ ဆိုင်တိုင်းကို မွေးဖွားပေးခဲ့သော သားဖွားဆရာမနှင့် တွေ့ဆုံခဲ့ပြီး သူမမွေးဖွားခဲ့သောအိမ်သို့လည်း သွားရောက်ခဲ့သည်။

စီးပွားရေးအရ ဖွံ့ဖြိုးမှုတွေရှိလာသည်ဆိုသော်လည်း ၁၉၈၅ ခုနှစ်တွင် ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော အရပ်ရပ် ပြဿနာတွေကမူ ယခင်အတိုင်းရှိနေသေးသည်။ NSCN အနေနှင့် အိုင်းဇက်နှင့် မွီဇာတို့ ခေါင်းဆောင်သော အုပ်စုနှင့် မြန်မာနာဂဖြစ်သော ''ရှုန်ဝမ်ရှုန်ယုံခပ်ပလန်'' ဦးဆောင်သော အုပ်စုဟူ၍ ကွဲထွက်ခဲ့သည့်တိုင် ဒီမိုကရေစီ လွတ်လပ်ခွင့်တို့ကိုကား အပြည့်အဝခံစားနေရဆဲ၊ အိန္ဒိယမှ ခွဲထွက်ချင်သော ဆန္ဒတွေက လည်း ရှိနေဆဲ၊ နာဂလူ့အဖွဲ့အစည်းကြား လူမျိုးစုအစွဲ၊ အုပ်စုအစွဲတွေနှင့် မငြိမ်မသက် ရှိနေသလို အာသံနှင့် မဏိပူရတို့ကိုလည်း ယုံကြည်မှု ကင်းမဲ့နေဆဲ။ သို့ဖြစ်ပါ၍ ယခု တတိယအကြိမ်ထုတ် ကျောက်စိမ်းမြေသည်ကား ဆိုခဲ့သလို ပြဿနာအရင်းအမြစ်များနှင့် မြန်မာပြည်ရင်ဆိုင်နေရသော ပဋိပက္ခတို့ကို ကောင်းစွာနားလည်သဘောပေါက်စေဖို့ရာ အတွက် အထောက်အကူ ဖြစ်လိမ့်မည်ဟု မျှော်လင့်ရသလို ပြည်တွင်းစစ်ပွဲတို့ကို ကာလကြာရှည်စွာ ခါးစည်း၊ ရင်စည်း ခံစားနေရပါသော တိုင်းရင်းသားအပေါင်းနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးသည်လည်း အခြား၊ အခြားသော နိုင်ငံများနည်းတူ စစ်မှန် သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားနိုင်ကြပါစေကြောင်း ဆန္ဒပြု လိုက်ရပါ၏။

ဘာတီး(လ်)လင့်တနာ

ချင်းမိုင်၊ မတ်၊ ၂၀၁၁

○




မြေပုံ (၁) အိန္ဒိယနယ်စပ်မှ မြန်မာကို ဖြတ်၍ တရုတ်နယ်စပ်သို့ ခရီးစဉ် တစ်ခုလုံးကို ညွှန်းသည်။

www.nyisay.com

၁၉၈၅ ခုနှစ် အောက်တိုဘာလတွင် မွေးဖွားပြီး (၄၂) ရက်မျှသာ ရှိသေးသော သူတို့၏သမီးလေးနှင့် ဘာတီး(လ်)လင့်တနာတို့ ဇနီးမောင်နှံ နာဂဒေသမှတစ်ဆင့် ဗမာပြည်အတွင်း ဖြတ်ဝင်လာခဲ့သည်။ ဗမာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ရောက်ချိန်တွင် (၆) လပြည့်၍ တောင်ပေါ်ရွာလေးတစ်ရွာမှ တဲတစ်လုံးတွင် ဆိုင်နောင့်တို့သားအမိ မီးလုံနေစဉ်။

www.nyisay.com

စာရေးသူ ဘာတီး(လ်)လင့်တနာ ခြေလျင်ခရီးနှင်နေစဉ်။

www.nyisay.com



ကချင်ပြည်နယ်သို့ ဆင်ခရီး၊ မြင်းခရီး၊ မော်တော်ဘုတ်ခရီးတို့ဖြင့် ခရီးဆက်ကြရစဉ်။

www.nyisay.com

ဘာတီး(လ်)လင့်တနာ၊ ဇနီး ဆိုင်နောင့်၊ သမီး ဆိုင်တိုင်း



ဝဲမှ ယာ - ကိုလွင်ဦး၊ ကိုရဲ၊ ဘာတီး(လ်)လင့်တနာ၊ ဆရာနိုင်ဦး။

www.nyisay.com

# နာဂလူမျိုးများ

နံနက် (၆) နာရီ၊ နာရီနှိုးစက်မြည်သံနှင့် အိပ်ရာမှ နိုးထလာပြီး ဝါးတဲအပြင်ဘက်သို့ အိပ်မှုန်စုံမွှားနှင့် ကျွန်ုပ်ထွက်လိုက်သည့်အခါ အရာဏ်ကား မကျင်းသေး။ ယခု ကျွန်ုပ်တို့ ရောက်နေသောနေရာကား မြန်မာပြည်အနောက်မြောက်ဘက်တောင်တန်းကြီးများပေါ်မှ နာဂသူပုန်ဌာနချုပ်တည်ရာနှင့် မလှမ်းမကမ်း ခေးဆန်ချန်းလမ်ရွာကလေး။ နံနက်ခင်းအအေးဓာတ်က အေးစိမ့်နေသည်မို့ ဂျာကင်အင်္ကျီရှည်ကို ကောက်ဝတ်ပြီး မီးလင်းဖို့ရှိရာ မြေအခင်းပြင်ဘက် ထွက်လိုက်သည်။ ကျွန်ုပ်ဇနီး ဆိုင်နောင့်နှင့် (၂) လ မျှသာရှိသေးသော သမီးလေး အီယင်းတို့ပါ နိုးနေကြပါသော်လည်း နာဂရောစောင်အောက်တွင် ကွေးနေကြဆဲ။ မီးမျှင်မျှင်မျှသာ ကျန်တော့သည့် မီးခဲတို့ကို မှုတ်၍ ထင်းခြောက်သုံးလေးချောင်းထည့် မီးမွှေးပြီး ဖိုခွင်ပေါ် ရေနွေးအိုးတင်လိုက်သည်။

(၆:၁၅) တွင်မူ ရုတ်တရက် အော်တိုမစ်တစ်ရိုင်ဖယ်သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ရှေ့ဆင့်နောက်ဆင့်မှာပင် မော်တာပေါက်ကွဲသံကြီးတစ်သံ ဆက်လာရာ ကျွန်ုပ်လည်း တည်လက်စ ရေနွေးအိုးကို ထားပစ်ခဲ့ပြီး အပြင်ဘက် ကပျာကယာ ထွက်ကြည့်လိုက်သည်တွင် ဟိုးအဝေးမြူနှင်းများကြားမှ မီးခိုးလုံးကြီးတွေ တလိမ့်လိမ့် တက်လာနေသည်ကို တွေ့လိုက်ရသည်။ မော်တာသံ ပေါက်ကွဲသောနေရာမှာ ကျွန်ုပ်တို့ တဲရှိရာ တောင်စောင်း၏ အောက်ဘက် မီတာ (၅၀၀) ခန့်အကွာ ဌာနချုပ်တည်ရှိရာ နေရာနှင့် သစ်သားလက်ဝါးကပ်တိုင်ကြီးအနားတွင် ဖြစ်သည်။ ထို့နောက် စက္ကန့်အနည်းငယ်အကြာ စက်သေနတ်သံများ တရစပ်ကြားလာရာ အစိုးရတပ်ဖွဲ့ဝင်တို့က ဌာနချုပ်ကို ဝင်စီးနေပြီဖြစ်ကြောင်း သိလိုက်ပြီး တစ်ဆက်တည်းမှာပင် အိပ်ခန်းငယ်လေးအတွင်းမှ ဆိုင်နောင့် ကသောကမျော ထွက်လာပြီး အော်ပြောလိုက်သည်။

www.nyisay.com



''ရှင် ခုချက်ချင်းပြေးတော့၊ ချောင်းပစ်တဲ့ စနိုက်ပါ (ချောင်းပစ်သူ)သမားတွေက ရှင့်ကို အလွယ်တကူတွေ့နိုင်တယ်၊ ဦးထုပ်ယူဖို့ မေ့မနေနဲ့ဦး နေပူလိမ့်မယ်''

ကျွန်ုပ်လည်း မဆိုင်းမတွ ကင်မရာအိတ်ကို စလွယ်သိုင်း၊ ကျောပိုးအိတ်ကိုပိုးပြီး ဦးထုပ်ကိုကောက်၍ သုတ်ခနဲ ထွက်လိုက်ရာ အပြင်တွင်မူ ဘေးလွတ်ရာဆီသို့ ထိတ်ထိတ်ပျာပျာနှင့် ပြေးလွှားနေသော ရွာသူရွာသားတွေ အပေါ်ဝတ်မပါ၊ ရှိစုမဲ့စုပစ္စည်း ပစ္စယလေးတွေကို ကြိမ်ခြင်းတောင်းထဲထည့်ကာ ကျောပိုးပြေးနေကြသည်။ ကျွန်ုပ်တို့ ဝါးတဲနှင့် မျက်နှာချင်းဆိုင်တွင် အိန္ဒိယမှရောက်နေသော နာဂဆရာတွေ ဝါးတဲရှိသည်။ သူတို့ဆီပြေးတွေ့ဖို့ စဉ်းစားလိုက်သော်လည်း သူတို့အားလုံး ထိတ်လန့်စွာ အသံကုန် အော်ဟစ်နေသဖြင့် စကားပြောဖို့မဖြစ်နိုင်။

''ပြေး... ပြေး... ဗမာစစ်သားတွေ ရောက်လာနေပြီ''

ဌာနချုပ်ရှိရာနေရာတွင် တိုက်ပွဲတွေ ပြင်းထန်နေပုံရသည်။ စက်သေနတ်နှင့် မော်တာဗုံးပေါက်ကွဲသံတွေ ဆက်တိုက်ထွက်နေသည်။ စခန်းပေါ်တွင် မီးခိုးညှော်နံ့တွေ အုံတက်နေသည်။ ရွာနောက်ပိုင်းတောင်စောင်းပေါ် လှမ်းကြည့်လိုက်သည့်အခါ ရွာသူရွာသား အတော်များများ ရောက်နေသည်ကို တွေ့ရသဖြင့် သူတို့ကျောဘက်မှနေ၍ မြောက်ဘက်သို့ ခပ်သွက်သွက် ပြေးလာလိုက်သည်။ ကျွန်ုပ်၏အရပ်နှင့် လူပုံပန်းကို မရိပ်မိစေဖို့အတွက် ခါးကို ခပ်ကိုင်းကိုင်းထား၍ ပြေးလည်းပြေးရသည်။ ဆိုင်နောင့်က လိုအပ်သည့်ပစ္စည်းတွေ ထုပ်ပိုးဖို့ တဲထဲမှာ ကျန်ခဲ့သဖြင့် သူတို့သားအမိကို တစ်နေရာက စောင့်မှဖြစ်မည်။ သို့ဖြင့် တောင်ပူစာလေးတစ်ခုကို အကာအကွယ်ယူပြီး ရပ်လိုက်ရာ ကျွန်ုပ်နောက်မှ နာဂဆရာတွေက ကုန်းကျဲ့အော်နေသည်။

''ရပ်မနေနဲ့လေ ပြေး... ရှေ့ကိုပြေး''

ပတ်ဝန်းကျင်တွင် ယခုအချိန်အထိ နာဂတပ်ဖွဲ့ဝင်တို့ကို မတွေ့ရသေးသဖြင့် ကျွန်ုပ်စိတ်ထဲ ကသိကအောက်နှင့် အတော်လေး ဒေါသဖြစ်နေသည်။ နာဂသူပုန်ခေါင်းဆောင်တွေနှင့် လုံခြုံရေးကိစ္စ ဆွေးနွေးတုန်းက စိတ်မပူကြဖို့၊ အရေးပေါ်လိုအပ်လျှင် နာဂလုံခြုံရေး တပ်ဖွဲ့ဝင်တို့က ကျွန်ုပ်တို့ကို လှိုက်လှဲကယ်နေရာဆီ ချက်ချင်းပို့ဆောင်ပေးမည်ဟုသာ ပြောတတ်သည်။ ခေးဆန်ချန်းလမ်ရွာကျောင်း အထက်တောင်စောင်းပေါ် မြေကမူနောက်တွင် ကျွန်ုပ် ဝမ်းလျားမှောက်နေလိုက်ပြီး အနီးပတ်ဝန်းကျင်ထွင်မူ ရွာသူ ရွာသားတွေ သွေးရူးသွေးတန်းနှင့်ပြေးလွှားနေသလို ကျည်ဆန်တွေကလည်း တဝီဝီပျံသန်းနေရာ တစ်နာရီနီးပါးကြာခါမှ ဆိုင်နောင့်တို့အုပ်စု တောင်စောင်းပေါ်သို့ သုတ်သုတ်ပျာပျာ တက်လာကြသည်ကို တွေ့ရသည်။ နာဂမလေးတစ်ယောက်က အီယင်းကိုကျောပိုး လွယ်ထားပြီး သူတို့နှင့်အတူ နာဂစစ်သားသုံးယောက်လည်း လိုက်ပါလာသည်။ ဆိုင်နောင့်ကို ချက်ချင်းပြေးဖို့ပြောပေမယ့် ပစ္စည်းပစ္စယတွေ အထူးသဖြင့် သမီးလေးအတွက် လိုအပ်သည်တို့ကို

www.nyisay.com



ထုပ်ပိုးနေရသဖြင့် အချိန်ကြာသွားသည်ဟု သိရသည်၊ ကျွန်ုပ်ဝပ်နေရာ မြေကမူအထက်သို့ တက်လာရင်း ဆိုင်နောင့်က ပြုံး၍ပြောသည်။

''ရှင် ပြေးသွားတာ တော်တော်ရယ်စရာကောင်းတယ်၊ စနိုက်ပါသမားသာရှိရင် ရှင်ကတော့ ပစ်မလွဲပဲ''

ဆိုင်နောင့်စကားကြောင့် ကျွန်ုပ်လည်း မရယ်ဘဲ မနေနိုင်တော့။

''ဟုတ်ပ... တကယ့်ရယ်စရာပါပဲ၊ ဒူးကွေးခါးကိုင်းပြီး ပြေးတာတောင် နာဂတစ်ယောက်နဲ့ ဘယ်လိုတူနိုင်မှာလဲ၊ မြန်မြန်လာဟေ့..ဒီနေရာက ကိုယ်တို့ ရွှေကြရအောင်''

သို့ဖြင့် နာဂစစ်သားသုံးယောက် အပါအဝင် ကျွန်ုပ်တို့ တစ်အုပ်စုလုံး ရွာအနောက်ဘက် တောင်ကုန်းဆီသို့ အသော့နှင်လာခဲ့ကြရာ သေနတ်သံတွေ တဖြေးဖြေးဝေးကျန်ခဲ့ပြီးနောက် တောလမ်းအုပ်လေးတစ်ခုအတွင်းမှ အရိပ်အမှိန့် အကာအကွယ်ကောင်းသည့် နေရာအရောက်တွင် နားလိုက်ကြသည်။ တိုက်ပွဲဖြစ်နေသည့်နေရာသည် ယခု ကျွန်ုပ်တို့ ထိုင်နေသောနေရာနှင့်ဆိုလျှင် အနည်းဆုံး မိတာတစ်ထောင်မျှဝေးခဲ့ပြီဖြစ်၍ စိတ်ချရပြီဆိုရမည်။

နာဂစစ်သားသုံးယောက်က သူတို့သေနတ်တွေကို စစ်ဆေး၍ ကျည်ဆန်တို့ကို ရေတွက်နေကြရာ ရဲဘော်တစ်ဦးလျှင် ကျည်ဆံ ၂၀-၂၅ တောင့်မျှ ရှိမည် မှန်းရသည်။ ယခုနေများ ဗမာစစ်သားတွေနှင့် ပက်ပင်းတိုးလျှင်တော့ ပြေးချိန်ပင်ရမှာမဟုတ်ဟု စဉ်းစားမိသည်။

ထိုအခိုက်မှာပင် နာဂစစ်သားတစ်ယောက်က မပီမသနှင့် ဗမာလိုပြောလိုက်သဖြင့် ကျွန်ုပ်တို့ ရုတ်တရက် လှုပ်ရှားသွားသည်။ နာဂစစ်သား (၃) ဦးလုံးမှာ ဗမာပြည်ဘက်ခြမ်းမှဆိုသော်လည်း မြန်မာပြည်အနောက်မြောက်ဘက်၊ ယခုလိုနေရာမျိုးတွင် ဗမာစကားကြားရသည်မှာ အထူးအဆန်းဖြစ်နေသည်။

''ခင်ဗျားတို့တွေ ဘယ်ကိုသွားချင်တာလဲ''

နာဂစစ်သားက ဆိုင်နောင့်ဘက်လှည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

''တို့ကို ဘယ်နေရာခေါ်သွားရမယ်ဆိုတာကို မင်းတို့အရာရှိတွေက မင်းတို့ကို ပြောမထားဘူးလား''

ဆိုင်နောင့်အမေးကို စစ်သားက ပခုံးတွန့်ပြရင်းဖြေသည်။

''သူတို့က ဘာမှမပြောပါဘူး''

''သေလိုက်ပါတော့''

စိတ်ထဲမှာ ပေါက်ကွဲသွားပြီး ဆိုင်နောင့်ဘက်လှည့်ကာ၊ မကျေမနပ်နှင့် ကျွန်ုပ် ပြောလိုက်သည်။ အခြေအနေအရပ်ရပ်ကို ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ ဆွေးနွေးပြီး သူပုန်ခေါင်းဆောင်တစ်ယောက်ယောက်နှင့် အမြန်ဆုံးတွေ့ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ရာ ကျွန်ုပ်

www.nyisay.com



တို့အတွက် တစ်ခုတည်းသောနည်းလမ်းကား သူပုန်ဘက်က ထိန်းချုပ်ထားသော လုံခြုံစိတ်ချရမည့် ရွာတစ်ရွာသို့ ဦးစွာသွားပြီး ထိုမှတစ်ဆင့် သူပုန်ခေါင်းဆောင်တစ်ဦးဦးနှင့် အဆက်အသွယ်ယူဖို့ဖြစ်သည်။

''အနီးဆုံးရွာ ဘယ်မှာရှိလဲ''

ဗမာစကားပြောတတ်သော စစ်သားကို ကျွန်ုပ် မေးလိုက်သည်တွင် သူက သူ့ရဲဘော်တွေနှင့် တိုင်ပင်ပြီး ဆန့်ကျင်ဘက်တောင်တန်းများ အရှေ့စူးစူးသို့ လက်ညှိုးညွှန်ရင်း ပြောသည်။

''ဒိုးညူလို့ခေါ်တဲ့ ရွာတစ်ရွာ အဲ့ဒီမှာရှိတယ်၊ တစ်နာရီ နှစ်နာရီလောက် လျှောက်ရမယ်''

ကျွန်ုပ်တို့ အထုပ်အပိုးတွေကို ကောက်ယူလွယ်ပိုးပြီး ဒိုးညူရွာဆီ ခရီးဆက်လာကြရာ သမီးငယ်ကို အဝတ်စလွယ်ဖြင့် ကျောတွင် သိုင်းချီလာသော နာဂမလေးက ကြောက်နေပုံရသည်။ မျက်ရည်တွေ တွေတွေ စီးကျနေသည်။ ဒိုးညူသို့ ခရီးကား ခက်ခဲလှသည်။ မတ်မတ်စောက်စောက် အတက်ခရီးကို အားစိုက်ခွန်စိုက် လျှောက်ခဲ့ပြီး ည (၂) နာရီခန့်တွင် ရွာသို့ရောက်သည်။ ရွာမှာ ခရိုးခရင်တဲအစုလေးတစ်စုဖြစ်ပြီး ကျွန်ုပ်တို့ထံ ရွာသူကြီး ရောက်လာရာ ကဲကောင်းချင်တော့ ယခင်က ကျွန်ုပ်တို့နှင့် ဆုံဖူးသူဖြစ်နေသည်။

''ကျုပ်က စိတ်ပူနေတာ... ခင်ဗျားတို့ ဘာမှမဖြစ်ဘူးမဟုတ်လား''

ရွာသူကြီး ကြည့်ရသည်မှာ သေနတ်သံတွေကိုသာ ကြားခဲ့ပြီး ဘာမှ တိတိပပ သိထားပုံမရ။ သို့ပေမယ့် ဗမာစစ်သားတစ်ရာကျော် စစ်ကူလာနေပြီဆိုသော သတင်းကို တော့ သူဆီက ကြားရသည်။ စစ်သားတွေကိုတောင်မှ ရွာသားအချို့က တွေ့ခဲ့ကြောင်း ခြေဟန်လက်ဟန်နှင့်ပြောသည်။ ဤတွင် ကျွန်ုပ်က သူတို့ခေါင်းဆောင် မိုးဗာထံ စာပို့လိုကြောင်းပြောရာ သူက အဖြေမပေးသေးဘဲ ဝါးတဲတစ်လုံးဆီ ကျွန်ုပ်တို့အဖွဲ့ကို ခေါ်သွားသည်။

''တစ်ခုခုစားလိုက်ကြပါဦး၊ ခင်ဗျားတို့ ဆာနေရောပေါ့''

ယနေ့ တစ်နေ့လုံး ကျွန်ုပ်တို့အားလုံး ဘာမျှမစားရသေးသည်ကို ယခုမှ သတိရလိုက်သည်။ နာဂမလေးက ကျောတွင် လွယ်ထားသော သမီးငယ်ကို ဝါးကြမ်းပေါ် ခင်းထားသော မြက်ဖျာပေါ်ချလိုက်ပြီး ထမင်းနှင့် ဝက်သားကြော်တို့ကို စားဖို့ပြင်ဆင်ပေးသည်။ မနက်က ဖိုခွင်ပေါ်တွင် တည်ထားခဲ့သော ရေနွေးအိုးကို သတိရလိုက်သေးသည်။ ထမင်းကို ခပ်သုတ်သုတ်စားကြပြီးနောက် လုံခြုံစိတ်ချရာသို့ ကျွန်ုပ်တို့ကို ခေါ်သွားမည် ဖြစ်ကြောင်း ရွာသူကြီးက ပြော၍ (၂) နာရီမျှ ရှေ့ဆက်လာကြရာ ဘိန်းခင်းတွေ စိုက်ထားသော တောင်စောင်းဘေးသို့ ရောက်လာခဲ့ကြသည်။ ပြီးနောက် လုံခြုံမည်ဟု ထင်ရ

www.nyisay.com



သော တစ်နေရာတွင် ၄င်္ဂပျောရွက်တို့ ကာရံ၍ မြေစိုက်တဲလေးတစ်ခုကို လက်ကတောက်ချင်း ဆောက်လိုက်ကြရာ ကျွန်ုပ်တို့ ၄င်္ဂပျောရွက်တဲနန်းလေးကို ကြည့်ပြီး နာဂစစ်သားတို့က ရယ်ကြသည်။ သူတို့ရယ်နေသည်ကို ကြည့်ခြင်းအားဖြင့် ဤနေရာ၊ ဤဒေသသည် လုံခြုံစိတ်ချရပြီဖြစ်ကြောင်း နားလည် သဘောပေါက်ပါသော်လည်း ဘယ်သောင် ဘယ်ကမ်းရောက်နေသည်ကို မသိပါ၍ ကျွန်ုပ်တို့အနေဖြင့် ဗမာစစ်သားတွေ ရောက်မလာပါစေနှင့်ဟု ဆုတောင်းရုံမှတပါး အခြားမရှိပြီ။ အကယ်၍ အနီးတစ်ဝိုက်မှ တောင်ကုန်းတစ်ခုခုပေါ် ရောက်လာမည်ဆိုလျှင်လည်း ကျွန်ုပ်တို့ စတည်းချရာနေရာကိုပါ ပြုံးပြုံးကြီးတွေ့နိုင်သေးပါသော်လည်း ယခုမှ ဘာမျှမတတ်နိုင်ပြီ၊ လာမည့်ဘေး ပြေးတွေ့ရုံသာ ရှိသည်။ သမီးလေးကို သက်သောင့်သက်သာ သိပ်ဖို့ ဆိုင်နောင့် စီစဉ်နေခိုက်မှာ ကျွန်ုပ်က အနီးအပါးတွင် ထင်းခြောက်ရှာဖို့ ထွက်လာခဲ့သည်။ ခေးဆန်ချန်းလမ်ရွာမှ ထွက်ပြေးလာစဉ်က အသုံးအဆောင်ပစ္စည်းအချို့ ကျန်ခဲ့သော်လည်း ဆိုင်နောင့် ကျေးဇူးကြောင့် ဆန်ခေါက်ဆွဲတစ်ထုပ်ကို အပါယူလာနိုင်ခဲ့သဖြင့် ယခု ကျွန်ုပ်တို့အဖို့ ညစာ စားနိုင်ခြင်းဖြစ်သည်။

ည၏ အချမ်းကား ရက်စက်လှသဖြင့် သမီးငယ်မှာ မအိပ်နိုင်ဘဲ အော်ငိုနေရာ ရှောစောင်အထပ်ထပ်နှင့် ကလေးကိုပတ်ပြီး ထွေးပေးရသည်။ ယခုအထိ အမြောက်သံ၊ သေနတ်သံတွေ မစဲသေး။ တစ်ချက်တစ်ချက် ကြားနေရပါသော်လည်း ဘယ်နေရာမှာ ဘာဖြစ်နေသည်ကိုကား ကျွန်ုပ်တို့ မသိနိုင်၊ နောက်တစ်နေ့ တစ်နေ့လုံးလည်း ၄င်္ဂပျောရွက်တဲငယ်လေးဘေးဌ်သာ ကျွန်ုပ်တို့ ခိုအောင်းနေကြပြီး၊ တစ်ခါတစ်ရံမှသာ ဘေးဘီသို့ ထွက်ကြသည်။ ရွာမှ ထမင်းနှင့် အစားအသောက် လာပေးသူမှတပါး ဆက်သားတစ်ဦးမျှ ရောက်မလာ၊ ညစာ စားပြီးနောက် (၈) နာရီတွင် ကျွန်ုပ်တို့ အိပ်ရာဝင်ကြရာ ကျွန်ုပ် အိပ်ပျော်သွားပြီး တစ်နာရီ၊ နှစ်နာရီခန့်တွင် ဆိုင်နောင့် အသံ ကြားလိုက်ရ၍ ရုတ်တရက် အိပ်ရာမှ နိုးလာသည်။ ကျွန်ုပ်ကို စကားမပြောဖို့ သူမက နှုတ်ခမ်းကို လက်ညှိုးနှင့် ပိတ်ဟန်ပြရင်း လေသံဖြင့် ကျွန်ုပ်နားနားကပ်ပြောသည်။

''သေသေချာချာ နားထောင်စမ်း''

လွဲနေရာမှ ငေါက်ခနဲ ထထိုင်ပြီး နားစွင့်ကြည့်လိုက်ရာ တောခုတ်ခါး တရွမ်းရွမ်းနှင့် ဝါးရုံအုပ်တွေကြား တိုးလျှောက်လာသော ခြေသံတွေ၊ လေးလေးပင်ပင် အရာဝတ္ထုကြီးတွေကို ဒရွတ်တိုက်ဆွဲသွားသော အသံဗလံတွေ၊ 'တပ်ကူတွေ' ဟု ကျွန်ုပ် တိုးတိုးရွတ်ရင်း လျှိုအောက်ဘက် ကျွန်ုပ်တို့နှင့် မိတာ (၁၀၀) ခန့်ရှိနိုင်ကြောင်း လေသံနှင့် ပြောလိုက်သည်။ တဲအပြင် တိတ်တဆိတ် ထွက်လာကြပြီး လျှိုအောက်ဘက် အမှောင်ထဲသို့ မျက်လုံးကို အားကုန်စိုက်ကြည့်ပါသော်လည်း ဘာမျှမမြင်။ သို့ပေမယ့် အသံဗလံတို့

www.nyisay.com



အလွန်နီးကပ်နေသဖြင့် စစ်သားအရေအတွက် (၅၀) ထက်မနည်းသော စစ်ကြောင်းတစ်ကြောင်း ဖြစ်သည်ကိုမူ ကျွန်ုပ်တို့ စမ်းဝါးနိုင်ပြီး ခေးဆန်ချန်းလမ်နှင့် ဆန့်ကျင်ဘက် အနောက်စူးစူးသို့ ချီနေသည်ကို ရှင်းရှင်းသိနိုင်သည်။

ဆိုင်နောင့်က ကျွန်ုပ်ကို လေသံဖြင့် တွန်းတွန်းတိုက်တိုက် အကြံပေးသည်။

''ဌာနချုပ်ကို ဆက်သားတစ်ယောက်လွှတ်ပြီး သူတို့ကို အသိပေးပါလား၊ လျှို အောက်မှာ လူတွေအများကြီးပဲ၊ လက်နက်သေတ္တာတွေလည်း သယ်သွားကြတယ်''

ထိုအခိုက် သမီးငယ် အီယင်းဆီက အီသံတစ်ချက်ထွက်လာသည်။

''ဘုရားရေ...သမီးနိုးနေပြီ၊ မြန်မြန်သွားပြီး ငြိမ်အောင်ထိန်းထား''

ငှက်ပျောတဲထဲသို့ စွေ့ကနဲ ဆိုင်နောင့် ဝင်သွားပြီး နို့တန်းလန်းနှင့် ကလေးကို ပွေ့လျက် ပြန်ထွက်လာပြီ ကျွန်ုပ်ဘေးနားလာထိုင်ကာ သူမ ထင်ကြေးကို ဆက်ပေးသည်။

''ဒီနေရာတစ်ဝိုက်မှာ နာဂစစ်သားတွေရှိမယ်လို့ သူတို့တွေ သံသယရှိမှာ မဟုတ်ဘူး၊ ဒါပေမယ့် ခလေးငိုသံကြားရင် ရှာသားတွေဆိုပြီး သူပုန်တွေရဲ့ သတင်းလာမေးနိုင်တယ်''

မှောင်ကြီးမဲမဲတွင် ကျွန်ုပ်တို့နှစ်ယောက်သား ငုတ်တုတ်ထိုင်ရင်း အသံတို့ကို နားစွင့်နေရာ တစ်နာရီခန့်အကြာတွင်မှ မြန်မာတပ်ဖွဲ့ဝင်များ မီတာတစ်ထောင်ကျော်လောက် ရောက်သွားကြသဖြင့် နာဂစစ်သားများရှိရာ ငှက်ပျောတဲအပြင်သို့ ကျွန်ုပ်တို့ ထွက်လာကြသည်။ တဲ၏ အပေါ်ဘက် တောင်စောင်းတစ်နေရာတွင် ကင်းစောင့်နေကြပါသော ကျွန်ုပ်တို့၏ နာဂစစ်သားများကား နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိရာ သူတို့ကို အတော်ပင် နှိုးယူလိုက်ရပြီး ကျွန်ုပ်တို့ကြားခဲ့သည်တို့ကို ဆိုင်နောင့်က ဗမာစကားဖြင့် ရှင်းပြသည်။ ထိုစဉ် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော နာဂစစ်သားတစ်ဦးက မီးခြစ် ခြစ်၍ ထင်းခြောက်တချို့ မီးမွှေးနေသည်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် နာဂစစ်သားဆီ တရှိန်ထိုးပြေးသွားပြီး ပါးစပ်ကလည်း ကျိန်ဆဲရင်း မီးစွဲစပြုနေသော ထင်းခြောက်တွေကို ကျွန်ုပ်လက်နှင့်ပင် ရိုက်သတ်လိုက်ရသည်။

''ဒါ..ဘာလုပ်တာလဲ အားလုံးမသာပေါ်ကုန်မှာ မင်းမသိဘူးလား''

''အရမ်းအေးလို့ပါ''

နာဂစစ်သားအားလုံး အိပ်ချင်မူးတူးနှင့် ကျွန်ုပ်တို့စကားကို ဘယ်သူမှ အလေးအနက် ဂရုမစိုက်ကြ။

''လေတိုက်တာဖြစ်မှာပါ''

''ဘာလေမှ မတိုက်ပါဘူး''ဟု ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ ပြိုင်တူ ခပ်ဆတ်ဆတ် ပြောလိုက်ကြသည်။

www.nyisay.com



''မျောက်တွေကော မဖြစ်နိုင်ဘူးလား''

''မျောက်တွေက ညဘက်မှာ အိပ်နေပြီလေ၊ ဘာလဲ မျောက်တွေက တောခုတ်ခါးနဲ့ ဝါးပင်တွေ ခုတ်နေလို့လား''

သူတို့ကို နားပေါက်အောင် မည်သို့မျှ မပြောနိုင်တော့သဖြင့် ကျွန်ုပ်တို့နှစ်ယောက် ကိုယ့်နေရာကိုယ် ပြန်လာပြီး မိနစ်အနည်းငယ်ခန့်အကြာတွင် မီးတောက်ကြီးတစ်ခုကို သူတို့တဲဘေးနားတွင် တွေ့လိုက်ရပြန်သဖြင့် ကုန်းရုန်းထပြေးသွားပြီး မီးကို ယခင်အတိုင်း ငြိမ်းသတ်လိုက်ရသည်။

''မင်းတို့ ရူးနေလား''

ကျွန်ုပ်က ရှူးရှူးရဲရဲနှင့် ပြောလိုက်သော အင်္ဂလိပ်စကားကို သူတို့ နားမလည်သော်လည်း အနေကျဉ်သွားသော သူတို့မျက်နှာတွေကို ကြည့်ခြင်းဖြင့် ကျွန်ုပ်ဆိုလိုသည်ကို သူတို့ သဘောပေါက်သည်။ အခြေအနေကို ယခုလို လွှတ်ထားလို့တော့ မရတော့၊ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မည်ဖြစ်သဖြင့် ကျွန်ုပ်နှင့် ဆိုင်နောင့် တခဏခေါင်းချင်းဆိုင်ပြီး သူတို့နေရာ ပြန်ရောက်လာသည်။

''အခု... တို့တွေ ဒိုးညူရွာထဲ ပြန်သွားတော့မယ်၊ မင်းတို့ဘာသာ ဒီမှာ မီးပုံကြီး လုပ်ပြီး မျောက်တွေနဲ့နေခဲ့ကြ''

ဆိုင်နောင့်က တစ်ချက်လွှတ်အမိန့်ပေးလိုက်သည့်တိုင် မနက်မိုးလင်း စားသောက်ပြီးမှ သွားဖို့ သူတို့က အကြံပေးနေပြန်သည်။

''ဒါဆို... မင်းတို့ဌာနချုပ်ကို ဘယ်လိုစဉ်းစားမှာလဲ၊ စောစောက တက်သွားတဲ့ ဗမာစစ်ကြောင်းက မနက်လင်းရင် ဌာနချုပ်ကို ရောက်ပြီ၊ ဒါကြောင့် အခုကတည်းက ဆက်သားလွှတ်ပြီး အကြောင်းကြားရမှာပေါ့''

ကျွန်ုပ်တို့ ဆုံးဖြတ်ချက်ကို သူတို့မကျေနပ်၊ သို့ပေမယ့် ညည်းသံ၊ ညူသံတွေကို ကျောခိုင်းပြီး ကျွန်ုပ်တို့ အထုပ်အပိုးတွေကို ပြင်ဆင်လိုက်သည့်အခါတွင်မူ ကျွန်ုပ်တို့ တကယ်လုပ်တော့မည်ကို သဘောပေါက်ပြီး သူတို့စိတ်ပြောင်းသွားသည်။ ဒိုးညူရွာဘက် ကျွန်ုပ်တို့ ထွက်လာသည့်အခါ သူတို့အဖွဲ့လည်း နောက်က ကပ်ပါလာရာ ထိုအချိန်တွင် လျှိုတစ်ဘက်မှ ဗမာစစ်သားတို့၏ တောတိုးသံတို့ကို ကြားနေရပါ၏။

သို့ပေမယ့် ဒိုးညူရွာ ကျွန်ုပ်တို့ ရောက်သည့်အခါ နာဂစစ်သားတွေ တစ်ပုံတစ်ခေါင်းကြီး ရောက်နှင့်နေပြီး ဓာတ်မီးတွေ ဟိုထိုး၊ ဒီထိုးနှင့် တဲငယ်တစ်ဝိုက်တွင် ခေါင်းဆောင်လုပ်သူတချို့ကို မိုးတိုးမတ်တတ် တွေ့နေရသည်ဖြစ်၍ အခြေအနေအရပ် ရပ်ကို ကျွန်ုပ် နားလည်လိုက်သည်။ အခြေခံလုံခြုံရေး အစီအမံများ ချမှတ်ဖို့ပင် လစ်ဟာခဲ့ပါသော နာဂပြောက်ကျားတို့၏ ခွက်ခွက်လန်အရှုံးကား ကျွန်ုပ်တို့အနေနှင့် လွမ်းစရာမလိုတော့၊ သို့ဖြင့် ကျွန်ုပ်လည်း ဆိတ်ဆိတ်သာနေလိုက်သည်။

www.nyisay.com



၁၉၈၅ ခုနှစ်၏ ခရစ်စမတ်ကား မကြာခင် ကျရောက်တော့မည်။ သို့ပေမယ့် သူတို့စီစဉ်ထားသည်နှင့် တလွဲစီ ကျင်းပကြရတော့မည်ကိုတွေးရင်း ကျွန်ုပ် သက်ပြင်းတစ်ချက် မှုတ်ထုတ်မိသည်။

မြန်မာပြည်တွင် ပြည်တွင်းစစ်ကြီးဖြစ်လာခဲ့သည်မှာ ယခု (၁၉၈၅)ဆိုလျှင် နှစ်ပေါင်း (၄၀) ပင် ပြည့်တော့မည်။ စစ်မီးစစ်လျှံတို့ကြောင့် တိုင်းပြည်သည်လည်း ဖြူကာ ပြာကာကျလေပြီ။ မြန်မာပြည်လူဦးရေ၏ (၄၀) ရာနှုန်းသော လူနည်းစု တိုင်းရင်းသား အချို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းကြသည်။ အချို့က ခွဲထွက်ချင်ကြသည်။ သို့ဖြင့် လွတ်လပ်ရေးနှင့် တပြိုင်တည်း ပေါက်ဖွားလာသော မြန်မာပြည် ပြည်တွင်းစစ်ကြီးကို ကျွန်ုပ် စိတ်ဝင်စားခဲ့ရာမှ ချင်းမိုင်မှတဆင့် စူးစမ်းလေ့လာခဲ့ရာတွင် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် ခရီးအကြိမ်ကြိမ်ဆန့်ရင်း နေရာပေါင်းစုံ၊ အဖွဲ့ပေါင်းစုံနှင့် တွေ့ဆုံခဲ့ဖူးသည်။ ဆိုင်နောင့်နှင့် ကျွန်ုပ် တွေ့ဆုံခဲ့ကြသည်မှာလည်း ဆိုခဲ့သလို လေ့လာရေး ခရီးတစ်ခုတွင်ဖြစ်ပြီး ထိုစဉ်က (၁၉၈၁) သူမမှာ ရှမ်းလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖြစ်သော SSA တွင် ဆိုက်ဖာစာရေး (စကားဝှက်တို့ကို အဓိပ္ပာယ်ဖော်ပေးသူ) အဖြစ် တာဝန်ယူထားချိန်ဖြစ်သည်။ ထိုမှ နောင် (၂)နှစ်ကြာသော် ကျွန်ုပ်တို့ လက်ထပ်ခဲ့ကြပြီးနောက် သူမလည်း ယခင်တာဝန်နှင့် နေရာကို စွန့်ကာ ဓါတ်ပုံဆရာမတစ်ယောက် ဖြစ်လာပြီး လက်နက်ကိုင်စခန်းများဆီ သွားရောက်လေ့လာ၍ ကျွန်ုပ်တို့ (၂) ဦး အားပြည့် အင်ပြည့်နှင့် အလုပ်လုပ်ခဲ့ကြပါ၏။

ဆိုခဲ့သလို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခဲ့သော ခရီးစဉ်တိုင်းမှာ ကျွန်ုပ်တို့အတွက် ဆွဲဆောင်မှုရှိသလို စိတ်လှုပ်ရှား၍ ပျော်စရာလည်းကောင်းရာ ကရင်နီ၊ မွန်နှင့် ပအိုဝ်း အပါအဝင် ထိုင်း-မြန်မာနယ်ခြားတစ်လျှောက် ခြေကုပ်ယူထားသော လက်နက်ကိုင်စခန်းများဆီ ပေါက်ရောက်ခဲ့ကြပါ၏။

သို့ရာတွင် မြန်မာပြည်တွင်း လက်နက်ကိုင်အဖွဲ့များထံ သွားရောက်လေ့လာခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ကင်းပြတ်နေသော မြန်မာအစိုးရအတွက် လုံးဝသည်းမခံနိုင်သောကိစ္စ ဖြစ်ပါသော်လည်း အကယ်၍ သူပုန်အုပ်စုများအနေနှင့် အင်အားရှိလာပြီး အနာဂတ်တွင် တရားဝင် မှန်ကန်မှုရှိသော အခန်းကဏ္ဍက ပါဝင်လာမည်ဆိုလျှင် မြန်မာပြည်မြောက်ပိုင်းတွင် လှုပ်ရှားနေကြပါသော လက်နက်ကိုင်အဖွဲ့များမှာ အဓိက ကျသည်ဖြစ်၍ မြောက်ပိုင်းသို့ သွားဖို့ လိုအပ်ကြောင်း ကျွန်ုပ်တို့ သဘောပေါက်လာသည်။ ဤ၌ ကျွန်ုပ်၏ဇနီး ဆိုင်နောင့်မှာ SSA အတွက် (၆) နှစ်မျှ တာဝန်ထမ်းခဲ့သည်ဖြစ်၍ မြန်မာပြည်၏ ရှုပ်ထွေးသော အခြေအနေတို့ကို ကျွန်ုပ်ထက် နက်ရှိုင်းစွာ အတွေ့အကြုံရှိခဲ့ပါသော်လည်း သူမသည်ပင် KIA တပ်ဖွဲ့ဝင်တို့ စစ်ဆင်နေရာ ကချင်ဒေသသို့ မရောက်ဖူးသေး။ လူဦးရေအားဖြင့် တစ်သန်းကျော်ကျော်မျှပင် ရှိသည်ဆိုသော်လည်း

www.nyisay.com



ကချင်အမျိုးသားတို့ကို နိုပေါမှ ဂေါ်ရခါးတို့ကဲ့သို့ စစ်သွေးစစ်မာန်ရှိသော လူမျိုးအဖြစ် အစဉ်အလာရှိကြသလို ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့သူများလည်း ဖြစ်သည်။ ယခုလည်း မြန်မာပြည်တွင် လက်နက်ဖြင့် တိုက်ပွဲဝင်နေကြပါသော တိုင်းရင်းသားအဖွဲ့များအနက် တပ်ဖွဲ့ဝင် (၈) ထောင်ခန့်ရှိသော ကေအိုင်အေမှာ အင်အား အကြီးဆုံးအဖွဲ့ဖြစ်သည်။ တဆက်တည်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်မဟုတ်သော လက်နက်ကိုင်အဖွဲ့မှာ ဗမာပြည် ကွန်မြူနစ်ပါတီ(ဗကပ)ဖြစ်ပြီး တပ်ဖွဲ့အင်အား တစ်သောင်းဖြင့် ရှမ်းပြည်အရှေ့ဘက် တရုတ်မြန်မာ နယ်စပ်တစ်လျှောက်မှ ဧရိယာ ကိုလိုမီတာ (၂) သောင်းခန့်ကို ထိန်းချုပ်ထားလေရာ ဗမာပြည် ကွန်မြူနစ်ပါတီကား ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီး (၃) လမပြည့်မီမှာပင် လက်နက်စွဲကိုင်ခဲ့ကြသလို ကမ္ဘာတွင် သက်ဆိုးအရှည်ဆုံးသော ကွန်မြူနစ်လှုပ်ရှားမှုတစ်ခုလည်း ဖြစ်ပါ၏။

သို့ရာတွင် ဆိုခဲ့ပါ လက်နက်ကိုင်အုပ်စုတို့နှင့် တွေ့ဆုံရန်မှာ ဖြစ်နိုင်ချေရှိကြောင်း ဘန်ကောက်မှ ခရီးမစမီ အချိန်အတော်ကြာကပင် သိထားသည်ဖြစ်၍ ပါဂျောင်ခရီးအတွက် ပြင်ဆင်စရာ အဝဝကို ထိုင်း-မြန်မာနယ်ခြားမှ လက်နက်ကိုင်အုပ်စုတို့၏ အကူအညီဖြင့် ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ကြသည်။

ပါဂျောင်သည် ကေအိုင်အေ ဌာနချုပ်တည်ရာဖြစ်ပြီး ကေအိုင်အေ၊ အက်(စ်) အက်(စ်)အေ အပါအဝင် အခြားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့ မဟာမိတ်ပြုထားသော NDF အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုကို မဟာဗျူဟာအရ အရေးပါသော ဗမာပြည် မြောက်ပိုင်းကို လာရောက်လေ့လာကြဖို့ ကချင်တို့က ဖိတ်ခေါ်ထားပြီးဖြစ်သည်။ တစ်ချိန်တည်း၌ပင် NDF မှ အမျိုးသားရေးအုပ်စုများနှင့် ဗကပမှ သဘောတရားရေးအကွဲအပြဲ အဖွဲ့အစားလုံးကို ပေါင်းရုံး၍ ကမ်ပူးချားပုံစံကဲ့သို့ တော်လှန်ရေးညွှန့်ပေါင်းအဖွဲ့ဖွဲ့မည်ဆိုသော သတင်းများလည်း ထွက်နေသည်။ သို့ပေမယ့် မြန်မာပြည် လက်နက်ကိုင်တော်လှန်ရေးသည်ကား ယခုအထိ လောက်လောက်လားလား ဖြစ်ထွန်းတိုးတက်မှု တစ်ခုမျှ မရှိသေး၊ လက်နက်ကိုင်အဖွဲ့ အချင်းချင်း အကွဲကွဲ အပြဲပြဲ ဖြစ်နေကြသည်နှင့် ရန်ကုန်အစိုးရကို ဟန်ချက်ညီညီဖြင့် မခြိမ်းခြောက်နိုင်သေးသော်လည်း တစ်ဖက်မှ ရန်ကုန်အစိုးရ တပ်များကမူ စစ်ရေးအရ အောင်ပွဲအလီလီရနေသည်။

သို့ရာတွင် လက်နက်ကိုင်အဖွဲ့များအနေနှင့် ရှေ့၌ ကြီးကြီးမားမား တိုးတက်မှု တွေရှိလာမည်ကို မျှော်လင့်လျက် မြန်မာပြည်ပိုင် ပါဂျောင်သို့ NDF ကိုယ်စားလှယ်အဖွဲ့ ရောက်မလာမီ အမြန်ဆုံးသွားဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။ ခရီးမစမီ လအတော်ကြာကတည်းက ဆိုခဲ့ပါခရီးစဉ်အတွက် မြေပုံနှင့် ခရီးသွားမှတ်တမ်းဟောင်းတို့ကို လေ့လာခဲ့ရာ အများစုမှာ ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယမှတဆင့် ကချင်တောင်တန်းများသို့ ဝင်ရောက်သွားသော စစ်ဘက်ဆိုင်ရာ မှတ်တမ်းမှတ်ရာများ ဖြစ်လေရာ ၄င်းတို့ကို အကုန်အစင်ဖတ်မှတ် လေ့လာပြီးသည်တွင် မြန်မာပြည်မြောက်ပိုင်းသို့ ဝင်ဖို့ရာအတွက် ဤလမ်းမှတပါး တခြားမရှိတော့ကြောင်း ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။

www.nyisay.com



ပထမတွင် ထိုင်းနယ်စပ်မှတဆင့် NDF ကိုယ်စားလှယ်များနှင့်အတူ လိုက်သွားဖို့ စဉ်းစားထားသော်လည်း မကြာခင် ၄င်းအစီအစဉ်ကို ဖျက်လိုက်ရသည်။ ကျွန်ုပ်တို့ ခရီးစဉ်၌ ရှမ်းပြည်ကို ဖြတ်ရာတွင် အရှေ့တောင်အာရှ၏ ဘိန်းဂိုထောင်ကြီးဖြစ်ပါသော နာမည်ကျော် ရွှေတြိဂံဒေသသည်လည်း အပိုင်းတစ်ပိုင်းအဖြစ် ပါဝင်နေရာ ၄င်းဒေသမှာ ကြေးစားတပ်များ၊ ခါးပိုက်ဆောင်တပ်များ ကျက်စားရာဒေသဖြစ်၍ NDF အဖွဲ့သီးသီး ရှိလျှင် ပြဿနာကြီးကြီးမားမား မရှိနိုင်သော်လည်း ကျွန်ုပ်တို့ကို တွေ့လျှင် မလိုလားဖွယ်ရာများ ရှိလာနိုင်သဖြင့် ပထမအစီအစဉ်ကို ပယ်လိုက်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရမည့် အတွေ့အကြုံတစ်ခုမှာ ဗြိတိသျှရုပ်ရှင် ဒါရိုက်တာများဖြစ်ကြသော အေဒွင်ကာဝယ်(လ်)နှင့် ဘရစ်မန်းဂျစ်တို့၏ကိုယ်တွေ့ဖြစ်သည်။ ၁၉၇၂ ခုနှစ်အတွင်း ရှမ်းပြည် SSA ထိန်းချုပ်ရာဒေသထဲ သူတို့ ဝင်သွားကြသည်။ ရည်ရွယ်ချက်က ရွှေတြိဂံအကြောင်း မှတ်တမ်းတင်ရုပ်ရှင်ရိုက်ဖို့ဖြစ်သည်။ သို့ပေမယ့် သူတို့နှစ်ဦးကို ဗမာအစိုးရတပ်ဖွဲ့ဝင်တို့က အကြိမ်ကြိမ် ချောင်းမြောင်းလုပ်ကြံခဲ့သလို ဘိန်းအရောင်းအဝယ် ဂိဏ်းတွေကလည်း ပြန်ပေးဆွဲဖို့ အခါအခါ ကြိုးစားခဲ့ကြရာမှ (၈) လအကြာတွင်မူ ဘန်ကောက်သို့ မသေမပျောက် ပြန်ရောက်လာခဲ့ကြသဖြင့် ၄င်းတို့လို စွန့်စားဖို့ဆိုသည်မှာ အလားအလာကောင်းလှသည် မဟုတ်ချေ။

အလားတူ နောက်ထပ်ဖြစ်တန်ရာ တစ်လမ်းမှာ တရုတ်ပြည် ယူနန်မှတဆင့် ဖြစ်သည်။ တရုပ်မြန်မာ နယ်ခြားဒေသ တောတောင်၊ လှိုဏ်မြောင်အထပ်ထပ် တင်းကျမ်းပြည့်နေရာ ယူနန်မှ မြန်မာပြည်ဘက် ပေါက်သည့် လမ်းအတော်များများ ရှိလေရာ လမ်းတစ်လျှောက်ရှိ ပွိုင့်အချို့ကို ဗကပတပ်များက ထိန်းချုပ်ထားပြီး အချို့ကမူ KIA ပွိုင့်များ ဖြစ်သည်။ သို့ပေမယ့် အရပ်ဝတ် ဝတ်ထားသော ပြောက်ကျားမျိုးစုံ ဂျင်ခြေလည်နေသော အဆိုပါဒေသအတွင်း နိုင်ငံခြားသား ဂျာနယ်လစ်တစ်ယောက်ကို တွေ့လိုက်ရသည်ဆိုလျှင် အကြောင်းဆိုးသွားစရာ များသလို ခရီးစဉ်အတွက် ထိုင်းတွင် ကျွန်ုပ်နှင့် ဆွေးနွေးခဲ့ကြပါသော ကေအိုင်အေ အရာရှိတို့ကလည်း တရုတ်အာဏာပိုင်များအနေနှင့် ကျွန်ုပ်ကို သူတို့လမ်းကြောင်းမှ ပြန်ထွက်ခွင့်ပြုမည် မပြုမည် အသာထား၊ ဝင်ခွင့်ပင် ပေးပါမည်လားဟု သံသယရှိခဲ့ကြသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့အဖို့ ရွေးချယ်စရာ လမ်းကြောင်းမှာ တစ်ကြောင်းတည်းသာ ကျန်တော့သည်။ တစ်နည်းအားဖြင့် ဂျပန်ဖက်ဆစ်တို့ကို တိုက်ထုတ်ဖို့ရာအတွက် ဒုတိယ ကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ အသုံးပြုခဲ့သော လမ်းကြောင်းနှင့် အနီးစပ်ဆုံး လမ်းဖြစ်ပါ၏။ ၄င်းလမ်းမှာ ပတ်ကွိုင်တောင်တန်းကို ဖြတ်လျက် ဟူးကောင်းတောင်ကြားမှ သစ်အုပ်တောအုပ် အထပ်ထပ်အတိုင်း ဆင်းလာကာ ကချင်ဒေသ၏ မြို့တော် မြစ်ကြီးနားသို့ ဆိုက်ပြီး ထိုမှ အရှေ့သို့လားသော် တရုတ်ပြည်သို့ ရောက်သည်ဖြစ်၍ ပတ်ကွိုင်

www.nyisay.com



တောင်ကြားလမ်းကား အရေးပါသော အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်တစ်ခုလိုဖြစ်နေသည်။ ဤမျှ ထူးခြားထင်ရှားလှသော လမ်းကို ဖောက်ဖို့ရာ တွန်းတွန်းတိုက်တိုက် ဦးဆုံးအကြံပြုသူမှာ အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲ(လ်)ဖြစ်၍ လမ်းကို ၄င်းအမည်ဖြင့် လူသိများသလို အာသံပြည်နယ်၊ လီဒို့ရထားလမ်းမှ စတင်ဖောက်သောလမ်း ဖြစ်သဖြင့် လီဒို့လမ်းမကြီးအမည်နှင့်လည်း ထင်ရှားလာသည်။

မြေပုံအရဆိုလျှင်မူ နယ်ခြားကို ဖြတ်ကျော်ရာတွင် ပြဿနာကြီးကြီးမားမား မရှိ၊ ပတ်ကွိုင်တောင်တန်းကြီးပေါ်တွင် ပုန်းကွယ်၊ လျှိုးကွယ်သွားနိုင်သော လမ်းအတော်များများရှိသလို နယ်စပ်တစ်လျှောက်တွင် မြွေလိမ်မြွေကောက် ဖြတ်လာပြီးသည်နှင့် ချင်းတွင်းမြစ်သို့ ရောက်မည်။ မြစ်ကိုကျော်လိုက်လျှင်ကား ကျွန်ုပ်တို့ကို ကြိုဆိုနေမည့် ကချင်သူပုန်နယ်မြေသို့ ရောက်လေပြီ။

အဆိုပါနေရာဒေသတွင် အစိုးရတပ်ဖွဲ့ဝင်တို့ကို စစ်တပ် တပ်စွဲထားသော မြို့ကြီးတွေမှာသာ တွေ့ရပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ လမ်းများနှင့်လည်း ကန့်သတ်ထားသည်။ လီဒို့လမ်းမကြီးမှ အချို့လမ်းပိုင်းတို့ကား မြိုင်ကြီးလျှိုကြီးတွေထဲ တိုးဝင်သွားသော်လည်း ဟူးကောင်းချိုင့်ဝှမ်းမှသည် မြစ်ကြီးနားအထိ အဓိကလမ်းမကြီးတစ်လျှောက်တွင်မူ မြန်မာစစ်စခန်းများ ပွထနေကြောင်း ကျွန်ုပ်တို့ ဘန်ကောက်မှာ ရှိစဉ်ကပင် ကေအိုင်အေအဆက်အသွယ်တို့က သတိပေးခဲ့သည်။ သို့ပေမယ့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံးအနေနှင့် စိတ်ချရသည်။

ကျွန်ုပ်တို့ ခရီးစဉ်နှင့်စပ်လျဉ်းသော အဓိကအခက်အခဲကား ပထဝီဝင်မြေပြင်အနေအထား ဖြစ်လိမ့်မည်ထင်သည်။ ပတ်ကွိုင်တောင်တန်းသည် မတ်စောက်၍ ကြမ်းတမ်းလှသဖြင့် ကျော်ဖြတ်ဖို့ခက်လှသည်။ သို့မဟုတ် ဗမာအစိုးရတပ်ဖွဲ့ဝင်တွေကို ရှောင်ဖို့၊ တိမ်းဖို့ ခက်ခဲနိုင်သည်။ နောက်ထပ်အရေးကြီးသည့် အခက်အခဲတစ်ခုမှာ အိန္ဒိယဘက်အခြမ်းတွင် ရှိသည်။ မြန်မာနယ်စပ်ကို ရောက်ဖို့ ကျွန်ုပ်တို့ဖြတ်ရမည့် နယ်မြေတွင်မူ နိုင်ငံခြားသားများ ဝင်/ထွက်ခြင်းကို တားမြစ်ထားခြင်း ဖြစ်ပါ၏။

မဏိပူရနှင့် နာဂဒေသမှ အရှေ့ဘက်စွန်းနယ်မြေများတွင် အိန္ဒိယအစိုးရစစ်တပ်နှင့် ခွဲထွက်ရေးသမား နာဂပြောက်ကျားတို့ မကြာခဏ တိုက်ပွဲများဖြစ်သဖြင့် နှစ်အတော်ကြာကပင် အဆိုပါဒေသတို့တွင် နိုင်ငံခြားသား အဝင်အထွက် ပိတ်ထားခဲ့သလို တစ်ခါက ကမ္ဘာလှည့်ခရီးသည်တို့ အရောက်အပေါက်များခဲ့ပါသော အာသံတွင်လည်း ၁၉၈၀ လွန်နှစ်များမှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယအနောက် ဘင်ဂေါနယ်တို့မှ တရားမဝင် လာရောက်နေထိုင်သူတွေ များလာရာမှ ဒေသခံတို့နှင့် ပဋိပက္ခ ပြင်းထန်လာသည်ဖြစ်၍ အာသံသည်လည်း အပိတ်အပင်ခံဘဝ ရောက်ခဲ့ရပါ၏။ မည်သို့ရှိစေ ကျွန်ုပ်တို့၏ အစီအစဉ်အရ အိန္ဒိယသို့သွားပြီး နာဂပြောက်ကျားများနှင့် ပထမဆုံး အဆက်

www.nyisay.com



အသွယ်ယူရမည်။ နာဂပြောက်ကျားများကား အိန္ဒိယနှင့်မြန်မာ နှစ်ခြမ်းစလုံးတွင် လှုပ်ရှားနေကြသဖြင့် သူတို့ အကူအညီနှင့် ပတ်ကွိုင်ကိုကျော်ပြီး ထိုမှ ကေအိုင်အေနှင့် အဆက်ယူဖို့ဖြစ်သည်။

အိန္ဒိယနာဂတို့သည်ကား မဂိုအနွယ်မှ ဆင်းသက်လာပြီး အမေရိကန် သာသနာပြုအဖွဲ့များကြောင့် ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်လာသလို ခရစ်ယာန်ဘာသာရေးသည်ပင် အိန္ဒိယမှ ခွဲထွက်ရေးအတွက် ၄င်းတို့၏ လူမျိုးရေး သရုပ်သဏ္ဌာန်တစ်ခု ဖြစ်လာသည်။ အိန္ဒိယဘက်ခြမ်းတွင် လှုပ်ရှားနေသော နာဂပြောက်ကျားအဖွဲ့ ဦးဆောင်မှုကို နာဂမျိုးနွယ်စုဝင်တို့ဖြင့် ဖွဲ့စည်းထားပြီး အိန္ဒိယအစိုးရတပ်တို့ကို တစိုက်မတ်မတ် တိုက်ခိုက်နေသည်ဆိုသော်လည်း အောင်မြင်သည်ဟူ၍ တစ်ကြိမ်မျှမကြားမိ။ ၁၉၇၀ လွန် ကာလတွင်မူ ၄င်းတို့ကို အိန္ဒိယအစိုးရတပ်များက အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အထိ တွန်းထုတ်လိုက်ရာမှ မြန်မာပြည်ဘက်ခြမ်းတွင် ခိုလှုံနေကြခြင်းဖြစ်သည်။

သို့ရာတွင် မြန်မာပြည် အနောက်မြောက်ဘက်ခြမ်းတွင်လည်း ၄င်းတို့နှင့် မျိုးတူနွယ်တူ နာဂများ နေထိုင်လျက်ရှိပါသော်လည်း မြန်မာနာဂများကား အိန္ဒိယနာဂတို့လို ကမ္ဘာ့ယဉ်ကျေးမှုမျိုးနှင့် ထိစပ်ခဲ့ခြင်းမရှိ၊ ရိုင်းစိုင်း၍ ခေါင်းဖြတ်သောအလေ့အထနှင့် နေထိုင်လာခဲ့ရာ များမကြာမီကမှ ယဉ်ကျေးလာသူတွေဖြစ်သည်။

မည်သို့ရှိစေ၊ ယခု နာဂသူပုန်များ အထိုင်ချထားသော စခန်းမှာ မြန်မာပြည် အနောက်မြောက်တွင် ရှိသဖြင့် ယခင်နှင့်စာလျှင် အိန္ဒိယအစိုးရတပ်များ၏ ရန်ကလည်း ဝေးသလို ရန်ကုန်အစိုးရနှင့်လည်း အလှမ်းကွာသည်။ သို့ဖြစ်၍ ဤနေရာမှတဆင့် အိန္ဒိယစစ်တပ်ကို အလစ်အငိုက် ထွက်တိုက်ပြီး ပြန်ပြေးလာနိုင်သလို အခြားမစ်ရှင်ကိစ္စတို့ကိုလည်း ဆောင်ရွက်လာကြသည်။ ၄င်းတို့၏ လုပ်ငန်းများထဲတွင် အိန္ဒိယစစ်ဘက်ယာဉ်တန်းတို့ကို ချုံခိုတိုက်ခိုက်မှုများ၊ နိုင်ငံရေးအရ ဆန့်ကျင်သူတို့ကို လုပ်ကြံသည်များ၊ ရန်ပုံငွေအတွက် ဘဏ်ဓားပြတိုက်မှုများ ပါဝင်လာသည်။

အမှန်အားဖြင့် လက်နက်ကိုင်လှုပ်ရှားမှုချင်း တူသော်လည်း ရည်ရွယ်ချက်အရ နာဂနှင့် ကေအိုင်အေတို့ လုံးဝခြားနားကြသည်။ နာဂပြောက်ကျားများက ခွဲထွက်လိုမှုအတွက် လက်နက်ကိုင်နေခြင်းဖြစ်ပြီး ကေအိုင်အေတို့ကမူ အခြားNDFအဖွဲ့ဝင်များနည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရလိုမှုအတွက် ဖြစ်ပါသော်လည်း နာဂနှင့် ကေအိုင်အေတို့၏ ဆက်ဆံရေးသည် သမိုင်းနှင့်ချီ၍ ရှင့်မာခဲ့ပါသဖြင့် ဤအချက်ကိုပင် ကျွန်ုပ်တို့၏ အခွင့်အရေးတစ်ခုအဖြစ် အမိအရယူရမည် ဖြစ်ပါသည်။

နာဂပြောက်ကျားများမှာ ခရစ်ယာန်ဘာသာကို အလွန်အမင်း ကိုင်းရှိုင်းကြပါသော်လည်း ၁၉၆၇-၇၇ ခုနှစ်၊ (၁၀)နှစ်တာအတွင်း ကွန်မြူနစ်တရုတ်တို့က ပေးသော နိုင်ငံရေးနှင့် စစ်ရေးသင်တန်းတို့ကို တက်ခဲ့ကြရာ ထိုစဉ်က ကချင်ပြည်နယ်ကို ဖြတ်၍

www.nyisay.com



တရုတ်သို့ သွားရာတွင် ရာနှင့်ချီသော နာဂပြောက်ကျားတို့ကို ကေအိုင်အေတပ်ဖွဲ့များက လုံခြုံရေးပေးခဲ့ကြရသည်။

သို့ဖြင့် မော်စီတုန်းသေပြီး တရုတ်တွင် ပေါ်လစီအပြောင်းအလဲ ဖြစ်လာသည့်အခါ ယခင်ပေးနေသော အထောက်အပံ့တို့ကို တရုတ်အာဏာပိုင်တို့က ဖြတ်တောက်ခဲ့ရာ ပထမတွင် နာဂခေါင်းဆောင်များဘက်မှ တဂျီဂျီပြန်တောင်းနေပြီး၊ မရသည့်အခါ ကေအိုင်အေဘက် လှည့်ကြပြန်သည်။ ကေအိုင်အေတို့ကလည်း မိမိတို့နှင့် နိုင်ငံရေး ရည်မှန်းချက် မတူသည့် နာဂပြောက်ကျားတို့အတွက် လက်နက်ခဲယမ်းများ ရံဖန်ရံခါ ပေးလာခဲ့သည်။

ကျွန်ုပ်တို့နှင့် တွေ့ဆုံခဲ့သော ကချင်ခေါင်းဆောင်များအနက် အရေးပါသူတစ်ဦးမှာ ကေအိုင်အေ ကာကွယ်ရေးဦးစီးချုပ်၊ မေဂျာ-ဂျင်နရယ် ဇော်မိုင်းဖြစ်ပြီး ၁၉၈၄ ခုနှစ်တွင် ထိုင်း-မြန်မာနယ်စပ်သို့ လျှို့ဝှက်ရောက်ရှိလာရာမှ ကျွန်ုပ်တို့နှင့် တွေ့ဆုံပြီး ကချင်နယ်မြေသို့ ဖိတ်ခေါ်သည့် မိတ်ဆက်စာတစ်စောင် ရေးပေးခဲ့ရာ စာထဲတွင် ကျွန်ုပ်တို့၏အမည်ကို 'ဂျွန်ဟန်မင်တန်'ဟု ဖော်ပြထားသည်။ ဤသို့ အမည်ဝှက်ဖြင့် ရေးသားရန် ကျွန်ုပ်တို့နှစ်ဦးလုံး သဘောတူခဲ့ရသည့်အကြောင်းကား ကျွန်ုပ်သည် မြန်မာပြည်အရေးနှင့် စပ်လျဉ်းသော ဧဆောင်းပါး အမြောက်အမြား ရေးသားခဲ့သည်ဖြစ်၍ ကျွန်ုပ်၏အမည်ရင်းကို မြန်မာနှင့် အိန္ဒိယလုံခြုံရေးအရာရှိ အတော်များများ အကြားနာနေသည်ဖြစ်ရာ အကယ်၍ ကျွန်ုပ်တို့အစီအစဉ် ပေါက်ကြားသွားခဲ့သည်ရှိသော် နှစ်ဘက် အာဏာပိုင်တွေအားလုံး သို့လော သို့လောနှင့် ခေါင်းစားသွားစေဖို့ ရည်ရွယ်ချက်ဖြင့် ယခုလို အမည်ဝှက်ကို အသုံးပြုရန် ကျွန်ုပ်တို့ သဘောတူခဲ့ခြင်းဖြစ်သည်။ စင်စစ်လည်း ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်နေဝင်း၏ စစ်အစိုးရမှာ နိုင်ငံခြားသားအကြောက်ရောဂါ စွဲကပ်နေသည်ဖြစ်၍ ၄င်းတို့ မျက်စိဆံပင်မွေး စူးနေသည်မှာ ကျွန်ုပ်တစ်ယောက်တည်း မဟုတ်ပါ။ နိုင်ငံတကာ ဂျာနယ်လစ်အားလုံး ပါဝင်ပါ၏။

သို့ဖြင့် ဆိုခဲ့သလို နာဂခေါင်းဆောင်များအနေနှင့်လည်း ကေအိုင်အေတို့အပေါ် ကျေးဇူးမကင်းရာမကင်းကြောင်း ရှိနေသည်ဖြစ်၍ ကျွန်ုပ်တို့တောင်းသော အကူအညီကိုလည်း ငြင်းပယ်လိမ့်မည်မဟုတ်ဟု ယုံကြည်သဖြင့် ကေအိုင်အေ ကာချုပ် ဇော်မိုင်း၏ မိတ်ဆက်စာကို ကိုင်ဆောင်လျက် အိန္ဒိယသို့ ရောက်ရှိလာပြီး နောက်ထပ် လိုအပ်ပါသော အချိတ်အဆက်တို့ကို ရှာဖွေးမည်ဖြစ်ပါ၏။ ဤ၌ ကျွန်ုပ်တို့ဉာဏ်မီသမျှ လုပ်ရမည့် အလုပ်မှာ နာဂမြေအောက်လှုပ်ရှားမှုနှင့် အဆက်ရှိသော တစ်ယောက်ယောက်ကို ရှာဖွေပြီး မိတ်ဆက်စာကို လက်ဆင့်ကမ်းလိုက်ဖို့ဖြစ်သည်။

သို့ပေမယ့် ကျွန်ုပ်တို့ခရီးစဉ်မှာ ဥပဒေနှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်နေပါသဖြင့် ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေသော မဂ္ဂဇင်း (သို့) သတင်းစာတိုက်တို့က ကျွန်ုပ်တို့ကို ငွေရေးကြေးရေးအရ မကူညီလိုကြသဖြင့် ကျွန်ုပ်ပြန်လာလျှင် ဆောင်းပါးများ ရေးပေးပါ

www.nyisay.com



မည်ဟူသော ကတိဝန်ခံချက်ဖြင့် ကြိုတင်ငွေတို့ကို ရနိုင်သမျှ ထုတ်ယူလာခဲ့ရသည် ဖြစ်၍ ကျွန်ုပ်တို့လက်ထဲတွင် စရိတ် (၂) လစာလောက်တော့ ရှိသည်။ တွက်ချက်မှုအရ ခရီးစဉ်ချောမွေ့ခဲ့လျှင် ဧပြီ (သို့) မေလတွင် နယ်ခြားကို ဖြတ်ကျော်ပြီး ဇွန်၊ ဇူလိုင် မိုးမကျမီ တရုတ်မြန်မာနယ်စပ် အရှေ့ဘက် ကိလိမီတာ (၉၀၀) အကွာတွင်ရှိသော ကေအိုင်အေဌာနချုပ် ပါကျောင်သို့ ရောက်မည်။ သို့မဟုတ် အစီအစဉ် လွဲချော်ခဲ့ပါလျှင်မူ ဒုက္ခလှလှ အကြီးအကျယ် တွေ့ကြုံပေလိမ့်မည်။ ပထမဆုံးကြုံရမည့် အခက်အခဲမှာ ဩဂုတ်၊ စက်တင်ဘာတွင် မိုးဖြိုင်ဖြိုင်ကျပြီဖြစ်၍ တောလမ်းခရီးကို ဖြတ်ဖို့မဖြစ်နိုင်၊ ဒုတိယအခက်ကား ကျွန်ုပ်၏မိန်းမ ဆိုင်နောင့်၏ ဗိုက်ပြဿနာဖြစ်သည်။ ဘန်ကောက်မှ ထွက်လာချိန်တွင် ဆိုင်နောင့်မှာ ကိုယ်ဝန် (၂) လ ရှိနေပါသော်လည်း မလိုလားသော ကိစ္စများ ရှုပ်ထွေးလာမည်ဖြစ်၍ ကိုယ်ဝန်ကိစ္စကို ဖုံးအုပ်ထားပြီး ကေအိုင်အေဒေသတွင် ဆေးဝါးကိစ္စ ပြည့်စုံမှုရှိ၊ မရှိကိုသာ ကေအိုင်အေခေါင်းဆောင်တွေကို တီးခေါက်ခဲ့ရာ သူတို့ကလည်း ကျန်းမာရေးကိစ္စအတွက် ဘာမျှမပူဖို့နှင့် သူတို့ဆီမှာ ဆေးဝါးကိရိယာ အပြည့်အစုံနှင့် ဝမ်းဆွဲဆရာမများအပြင် ကျွမ်းကျင်ဆေးဝန်ထမ်းများ ရှိကြောင်း အာမခံသဖြင့် ဗိုက်ပြဿနာအတွက် ပြေလည်သွားသည်။ ဆိုင်နောင့်သည် မြန်မာပြည်ဖွား တိုင်းရင်းသူတစ်ဦးဖြစ်သလို ကျွန်ုပ်သည်လည်း ဤတိုင်း၊ ဤမြေနှင့် သံယောဇဉ်ကြီး အခိုင်အမာ နှောင်ဖွဲ့ခဲ့လေပြီဖြစ်၍ ကျွန်ုပ်တို့၏ ပထမဦးဆုံး ရင်သွေး ရတနာကိုလည်း မြန်မာ့မြေပေါ်မှာပင် မွေးဖွားဖို့ ရည်စူးထားကြပါ၏။

နာဂမြေအောက်လူပ်ရှားမှုနှင့် အချိတ်အဆက်ရှာဖွေခြင်း အမှုကို ၁၉၈၅ ခုနှစ်၊ မတ်လ (၈) ရက်တွင် စတင်သည်။ ဘန်ကောက်မှ ကာ(လ်)ကတ္တားသို့ ဆိုက်ရောက်ပြီး နောက် ဆတ်(ဒ်)ဒါလမ်းမှ ကယ်တင်ခြင်းတပ် ဒိုင်းနီကြီး ဧည့်ရိပ်သာတွင် ဧည့်စာရင်းသွင်း လိုက်သည်။ ဤ၌ ကျွန်ုပ်တို့ကို ဂျာနယ်လစ်တွေအဖြစ် မရိပ်မိစေဖို့ အရေးကြီးသည်ဖြစ်၍ ငွေကြေးကို အကန့်အသတ်နှင့် သုံးနေရသော်လည်း ကိုယ့်ကိုယ်ကိုယ် ကမ္ဘာလှည့်ခရီးသည် တွေလို ဟန်လုပ်နေရသည်။

ဦးစွာ အပတ်စဉ်ထုတ် "Frontier" မဂ္ဂဇင်းတိုက်သို့ ကျွန်ုပ်တို့ ထွက်လာခဲ့ကြသည်။ အဆိုပါမဂ္ဂဇင်းကား အနောက်ဘင်ဂေါမြို့နယ်မှ လက်ဝဲယိမ်း ပညာတတ်များဖြင့် ဖွဲ့စည်းထားပြီး အယ်ဒီတာရုံးခန်းမှာ လူစည်ကားရာ ဈေးနှင့် မလှမ်းမကမ်း လမ်းကျဉ်းလေး ထဲတွင်ရှိသည်။ မဂ္ဂဇင်းတိုက်တည်ရာ အဆောက်အအုံကား အတော်ပင် ယိုယွင်းပျက်စီး နေပြီး အပေါ်ထပ်ရုံးခန်းထဲတွင်မူ အကြမ်းထည်စားပွဲ၊ ကုလားထိုင်များနှင့် မဂ္ဂဇင်းစာအုပ်တွေ အပြည့်ထိုးသိပ်ထားသော စာအုပ်စင်အချို့ တွေ့ရသည်။ မဂ္ဂဇင်းအရွယ်အစားမှာ သေးငယ်ပြီး ညီညာစ်ညစ် ရီဆိုက်ကယ်စက္ကူပေါ်တွင် ခဲစာလုံးဖြင့် ပုံနှိပ်ထားသော်လည်း နိုင်ငံရေးအရ ဂုဏ်သိက္ခာရှိသည်။ ကျွန်ုပ်၏ မိတ်ဟောင်းဆွေဟောင်းကြီး ဖြစ်သော

www.nyisay.com



လက်ထောက်အယ်ဒီတာမှာ နိုင်ငံရေးအယူအဆအရ အတော်ပင် လက်ဝဲကျသော်လည်း ကျွန်ုပ်အတွက်မူ အနောက်ဘင်ဂေါနှင့် ပတ်သက်သော သတင်းများသာမက အိန္ဒိယ ဗာစ်နိုင်ငံလုံး၏ သတင်းပလင်းတို့အတွက် အားထားခဲ့ရသူတစ်ဦး ဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ကို နာဂပြောက်ကျားအဖွဲ့နှင့် ချိတ်ပေးနိုင်သော ဆက်ကြောင်း တစ်ခုခု သူမှာရှိနိုင်သည်။ အထူးသဖြင့် လူပ်ရှားမှုအများဆုံးရှိသော လက်ဝဲယိမ်း နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN) ဖြစ်သည်။ ဤမျှမက ဗမာပြည် ကွန်မြူနစ်ပါတီနှင့်ပင် အကူးအသန်းရှိလျှင်လည်း ကျွန်ုပ်တို့အတွက် နောင်တွင် အသုံးဝင်မည်ဖြစ်သည်။ ဆိုခဲ့သလို မျှော်လင့်ချက်အပြည့်ဖြင့် နောက်ဖေးလမ်းကျဉ်းလေးအတိုင်း ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။ ပွင့်ထွက်နေသော မိလ္လာပိုက်များနှင့် အင်္ဂတေကွာ၍ အက်ကြောင်းလိုက်နေသော တိုက်ဆွေးတိုက်ဟောင်းတို့ကို ဖြတ်လာပြီး နောက် ကျွန်ုပ်နှင့် ရင်းနှီးနေသော Frontier မဂ္ဂဇင်းတိုက်သို့ ရောက်လာပြီး လှုပ်လိုလှုပ်ယဲ့ လှေခါးအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့ပြီး ဖွင့်ထားသော အဝင်တံခါးမှ ကျွန်ုပ် မိတ်ဆွေကြီးကို အသင့်တွေ့လိုက်ရသည်။

"ဟယ်လို... လင့်တနာတို့ စုံတွဲပါလား၊ ပြန်တွေ့ရတာ ဝမ်းသာတယ်ဗျို့၊ ဒီတစ်ခါ ကျုပ်တို့အတွက် ဘာတွေယူလာလဲ"

မုတ်ဆိတ်ကျင်စွယ်ကြားမှ လှိုက်လဲသောအပြုံးဖြင့် အယ်ဒီတာကြီးက ခရီးကြို ဆိုလိုက်ပြီးနောက် သူ့စားပွဲတစ်ဖက်မှာ ကျွန်ုပ်တို့ ဝင်ထိုင်လိုက်ကြသည်။ အရပ်ရှည်ရှည်၊ ခပ်ကိုင်းကိုင်းနှင့် ကျွန်ုပ်၏မိတ်ဆွေကြီးက အဖြူရောင် ရှပ်အင်္ကျီနှင့် ရင်ကွဲသိုးမွေးဆွယ်တာဝတ်ထားသည်။ တစ်ချိန်တည်းမှာပင် ရုံးလုလင်တစ်ဦးကို ခေါ်ပြီး လက်ဖက်ရည် ဆိုင်က ကျွေနှီနှင့် လက်ဖက်ရည် မှာလိုက်သည်။ ပြီးနောက် ကျွန်ုပ်တို့ဘက်က လာရင်းကိစ္စကို မပြောသေးဘဲ ပန်ဂျပ်နှင့် အာသံအရေးတို့ကိုသာ စမ်းစမ်းဝါးဝါး ပြောကြသည်။

"ဟုတ်တယ်ဗျို့... အဲ့ဒီအဖွဲ့တွေက တော်လှန်ရေးသမားတွေရဲ့ အိတ်ဆောင်တပ်တွေလို မဟုတ်ဘူး၊ တော်တော်တိုက်ချင် ခိုက်ချင်နေကြတယ်၊ သူတို့မှာ လက်နက်ကောင်းတွေလည်း ရှိတယ်"

လက်ဖက်ရည်တစ်ငုံ သောက်လိုက်ရင်း စကားလမ်းကြောင်းကို ကျွန်ုပ်သိလိုသော နာဂပြောက်ကျားတွေဘက် စကားဦးလှည့်ယူလိုက်သည့်အခါ အယ်ဒီတာကြီးကလည်း အလိုက်သင့်ပါလာသည်။

"သူတို့လည်း တော်လှန်ရေးသမားတွေပဲဗျ၊ ခွဲထွက်ဖို့မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်တို့အမြင်အရ ပြောရရင် ပြဿနာက သူတို့တွေရဲ့ အစွန်းရောက် အမျိုးသားစိတ်ဓာတ်ပဲ၊ သူတို့ အဓိက ပစ်မှတ်ထား တိုက်ခိုက်နေတာက လူဦးရေထူထပ်တဲ့ ကျုပ်တို့ဘက်၊ အထူးသဖြင့် ဘင်ဂေါပြည်နယ်ဘက်က ပြောင်းရွှေ့လာတဲ့လူတွေပဲ"

www.nyisay.com



"ဟုတ်တယ်... ဒါက စိုးရိမ်စရာပဲ... ဒါပေမယ့် NSCN က တစ်ယောက်ယောက်နဲ့ ဆုံပြီးတော့ အင်တာဗျူးချင်တယ်ဗျာ၊ ဖြစ်နိုင်မလား၊ ခင်ဗျား ဘယ်လို သဘောရလဲ"

"ခင်ဗျားဘက်က သူတို့နဲ့ အဆက်အသွယ် ယူလို့ရတယ်ဆိုရင် ကျွပ်ကို ပြောစမ်းပါဗျာ၊ ကျွပ်လည်း သူတို့နဲ့ စကားပြောချင်တယ်"

ဘုရားရေ... သူကပင် ကျွန်ုပ်ဆီက အကူအညီ တဖန် ပြန်တောင်းနေသည်။ ဟုတ်တော့လည်း ဟုတ်ပေမည်။ လက်ဝဲတယူသန်သူ အယ်ဒီတာကြီးရှေ့မှာ လူမျိုးရေး ပြဿနာကို ဇောင်းပေးပြောနေခြင်းမှာ ကျွန်ုပ်၏ မိုက်မဲမှုသာဖြစ်သည်။ ယခုကိစ္စထက် စာလျှင် သူ့အနေနှင့် ဗကပကိစ္စကိုသာ ဆွေးနွေးဖို့ စိတ်ဝင်စားနေသည့်အလျောက် အားတက်သရော ဆက်ပြောနေပြန်ပါ၏။

"ဗမာပြည်ကွန်မြူနစ်ပါတီကို ထူထောင်တဲ့သူထဲမှာ ဂိုရှယ်လည်းပါတယ်၊ သူက ဘင်္ဂါလီပဲလေ၊ ကျွပ်တို့ဆီမှာ ကွန်မြူနစ်တော်လှန်ရေးလှုပ်ရှားမှုတွေ စပြီးမှ အိန္ဒိယတစ်ပြည်လုံးနဲ့ အရှေ့တောင်အာရှကို ပျံ့နှံ့သွားတာပဲ"

ဂိုရှယ်(ခေါ်) ရဲဘော်ဘတင် (ခေါ်) ဦးပိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပေါ်လစ်ဗျူရိုတစ်ဦးဖြစ်ခဲ့သော်လည်း ၁၉၆၇ ခုနှစ် ဖြုတ်-ထုတ်-သတ် လမ်းစဉ်ဖြင့် အသတ်ခံလိုက်ရသူဖြစ်သည်။ သူ၏အစ်မကြီးတစ်ယာက်သည်လည်း ကာ(လ်)ကတ္တားမြို့တစ်နေရာတွင် နေထိုင်ကြောင်း သိရုံသာ သိထားသဖြင့် အယ်ဒီတာကြီးအနေနှင့် ဗကပ နှင့် တိုက်ရိုက်အဆက်မရဘဲ ဖြစ်နေသည်။ အယ်ဒီတာကြီးနှင့် စကားပြောရသည်မှာ စိတ်ဝင်စားစရာကောင်းပါသော်လည်း ကျွန်ုပ်တို့ ရှေ့ခရီးအတွက် အလုပ်မဖြစ်တော့ရာ အယ်ဒီတာရုံးခန်းမှ ကျွန်ုပ်တို့ စိတ်လက်မအီမသာနှင့် ပြန်လာခဲ့ကြသည်။ ကျွန်ုပ်တို့လက်ထဲတွင် အခြား အိန္ဒိယဂျာနယ်လစ် သုံးလေးယောက်၏ လိပ်စာများရှိပြီး ၄င်းတို့အနေနှင့် ကျွန်ုပ်တို့ လိုအပ်နေသော အကူအညီကို ပေးကောင်းပေးနိုင်မည် ထင်ရသော်လည်း သူတို့အားလုံး ကာ(လ်)ကတ္တားမှာ မဟုတ်၊ နယူးဒေလီမှာ နေကြသည်။

နောက်ထပ် ကျွန်ုပ်တို့ အားကိုးနိုင်စရာတစ်ခုမှာ အာသံပြည်ထဲရေးရုံးဖြစ်သည်။ အဆိုပါဌာနတွင် ဗမာပြည်နယ်ခြားနှင့်ကပ်လျက် နေရာဒေသများဆီ မည်သို့သွားရာက် နိုင်ကြောင်း တရားဝင်စုံစမ်းနိုင်မည်ဟု ယူဆရသည်ဖြစ်၍ ကျွန်ုပ်တို့ကိုယ်ကို ကမ္ဘာလှည့် ခရီးသည်ကြီးတွေ အသွင်အပြင်နှင့် သွားရောက်စုံစမ်းကြည့်ရာ ဆာရီ ဝတ်ဆင်ထားပါသော အရွယ်တော် အမျိုးသမီးတစ်ဦးက မွန်မွန်ရည်ရည်နှင့် ခရီးဦးကြိုပြုသည်။

"ရှင်တို့အနေနဲ့ အာသံပြည်နယ်ဘက် သွားချင်တယ်ဆိုရင်တော့ မဖြစ်နိုင်ဘူးလို့ ပြောရမှာပါဘဲ"

www.nyisay.com



ကျွန်ုပ်တို့ဘက်ကလည်း ခါဇီရမ်းဂါ အမျိုးသားဥယျာဉ်မှ ကြဲကြီးတွေကို သွားကြည့်လိုကြောင်းနှင့် အဆိုပါကိစ္စကို ဘန်ကောက်ရှိ အိန္ဒိယတိုးရစ်ရုံးက လမ်းညွှန်လိုက်ကြောင်း ရှင်းပြရာ...

"ဟုတ်ကဲ့... အဲ့ဒီကိုသွားဖို့ ပါမစ်ကို တစ်ဦးချင်းအနေနဲ့ ယူလို့မရပါဘူး၊ ခရီးသွားအဖွဲ့တွေကိုသာ ထုတ်ပေးပါတယ်၊ ဒါပေမယ့် အခုလိုအချိန်မှာလည်း အဲ့ဒီနေရာကို ဘယ်သူမှ မသွားပါဘူးရှင့်"

သူမထံမှ အကြောင်းမထူးတော့ပြီကို သဘောပေါက်သဖြင့် အခြားတစ်ဘက်တွင် ရှိသော 'မက်ဂါလာရာ'ရုံးသို့ ဝင်လိုက်ကြပြန်သည်။ အဆိုပါရုံးမှာ အိန္ဒိယအရှေ့မြောက်ဘက်မှ ကန့်သတ်တားမြစ်ထားသော ပြည်နယ်တို့၏ ကိုယ်စားလှယ်ရုံးဖြစ်သည်။ ယခုတစ်ကြိမ်တွေ့ရသော အရာရှိမှာ အမျိုးသားဖြစ်သည်။ အရှေ့အာရှဆန်သောသူ၏ ရုပ်ရည်ကို ကြည့်ခြင်းအားဖြင့် တောင်ပေါ်နေ 'ခါဆီ' လူမျိုးဖြစ်ကြောင်း သိနိုင်သည်။ စကားကို တိုးတိုးညင်ညင် ပြောနေသော်လည်း ဟိုအမျိုးသမီးထက်စာလျှင် ကျွန်ုပ်တို့အတွက် အားကိုးစရာ သတင်းအချက်အလက် တွေ့ရသည်။

"တစ်ဦးချင်းအနေနဲ့ သွားမယ်ဆိုရင်လည်း ရနိုင်ပါတယ်၊ ဒါပေမယ့် နယူးဒေလီက ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြဖို့တော့ လိုပါတယ်"

မေးမြန်းစုံစမ်းပြီးနောက် သူက ကျွန်ုပ်တို့အတွက် မက်ဂါလာရာ ဒေသနှင့် ယင်း၏မြို့တော် သျှီလောင်၏ ခရီးသွားမြေပုံကို လက်ဆောင်ပေးရာ ကျွန်ုပ်တို့အတွက် အတော်နေရာကျသွားသည်။ သူ့စကားအရဆိုလျှင် ကျွန်ုပ်တို့အတွက် မျှော်လင့်ချက်ရှိသေးသည်။ ပြည်ထဲရေးဝန်ကြီးဌာနက ကျွန်ုပ်တို့ လျှောက်လွှာတွေကို ဇကာတိုက်စစ်ဆေးပြီး မြို့တော် သျှီလောင်မှတဆင့် အရှေ့ဘက်နှာဂ(သို့) မဏိပူရ တားမြစ်ဒေသထဲသို့ တစ်နည်းနည်းနှင့် ဝင်ဖို့ကြိုးစားနိုင်သည်ဟု စဉ်းစားမိကြသည်။ သို့ပေမယ့် ဤလမ်း ကြောင်းသည် ကျွန်ုပ်တို့အတွက် ပို၍ ခက်ခဲနိုင်သည်ဖြစ်၍ စိတ်ပျက်လက်ပျက်နှင့်ပင် တည်းခိုရာ ညစ်ထပ်ထပ် အခန်းလေးထဲ ပြန်လာခဲ့ကြသည်။

ကာ(လ်)ကတ္တားကား ကျွန်ုပ်တို့အနေနှင့် အကြောင်းမသင့်တော့သဖြင့် နယူးဒေလီမှ တဆင့်ကြိုးစားဖို့ ကျွန်ုပ်တို့ဆုံးဖြတ်လိုက်ကြသည်။ ကျွန်ုပ်မိတ်ဆွေ ဂျာနယ်လစ်များထံမှ အဆက်အသွယ်ရနိုင်သည်။ သို့ဖြစ်၍ ဝန်စည်စလယ်အားလုံး ထုပ်ပိုးပြီး ဆတ်(ဒ်)ဒါလမ်းမှ ဘူတာရုံရှိရာ ဟိုးဝပ်သို့ တက္ကစီကားဖြင့် ထွက်လာခဲ့ကြသည်။ ကျွန်ုပ်တို့လိုက်ပါမည့် ရထားမှာ ရာဂျာနီ အမြန်ရထားဖြစ်ပြီး နယူးဒေလီအထိ ၁၄၄၅ ကီလိုမီတာကို (၁၈) နာရီ ခုတ်မောင်းရမည်ဖြစ်ရာ ညနေ ၄:၄၀ တွင် ရထားစထွက်သည်။ ကာ(လ်)ကတ္တားမြို့အနောက်ဘက်မှ ရှုပ်ယှက်ခတ်နေသော ဆင်းရဲသားရပ်ကွက်တွေကို ဖြတ်ကျော်လာပြီးနောက် မြို့ပြင်ရောက်လာသည်နှင့် ရထားမှာလည်း မြန်နှုန်းမြင့်လာသည်။ နေ့အလင်းတို့သည်ပင် တဖြည်းဖြည်း ဖျော့မှိန်သွားပြီး ရထားကြီးကား အမှောင်ထုထဲတွင် အရှိန်

www.nyisay.com



မှန်မှန်နှင့် ခုတ်မောင်းနေသည်။ ကာ(လ်)ကတ္တားမြို့ စာအုပ်အဟောင်းဆိုင် တစ်ဆိုင်မှ စာအုပ်အချို့ကို ဝယ်ယူခဲ့ရာ ၄င်းတို့ထဲမှ နာဂလူမျိုးတို့အကြောင်း ရေးသားထားသော စာအုပ် ဖတ်နေရင်း ဘီဟာနယ်ကို အဖြတ်တွင် ကျွန်ုပ် အိပ်ပျော်သွားတော့သည်။

နယူးဒေလီတွင် အိန္ဒိယအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျနေသော နယူးဇီလန် နိုင်ငံသားတစ်ယောက်ရှိသည်။ အမည်မှာ ရော်ဂျာဖြစ်ပြီး ကျွန်ုပ်၏ မိတ်ဟောင်းဆွေ ဟောင်းလည်းဖြစ်သည်။ ယခု သူ၏ အကူအညီဖြင့် သူနေထိုင်သော အဆောက်အအုံ၌ပင် ကျွန်ုပ်တို့အတွက် အခန်းငယ်လေးတစ်ခန်း ငှားလိုက်သည်။ တည်နေရာမှာ နယူးဒေလီမြို့ ဘင်္ဂါလီစျေးအနီးတွင်ရှိသည်။ အဆောက်အအုံပိုင်ရှင်မှာ မာဝါရီ အမျိုးသမီးကြီး တစ်ဦးဖြစ်ပြီး သူမကိုယ်တိုင် မြေညီထပ်တွင် နေထိုင်သည်။ အိမ်ပိုင်ရှင် မာဝါရီ မိန်းမကြီးကား အခြားအိန္ဒိယ အသိုင်းအဝိုင်းတို့တွင် တွေ့ရတတ်သော စိတ်ပုတ်စိတ်ယုတ်တို့ကို ကိုယ်စားပြုထားသော သက်ရှိ ဟာသဇာတ်ကောင်တစ်ကောင်နှင့် တူသည်။ ဆိုပါစို့... ကျိကျိတက် ချမ်းသာပါသော်လည်း တစ်ဘက်တွင် အလွန်တရာ တွန့်တိုစေးကပ် သူဖြစ်ရာ လျှပ်စစ်မီးခ၊ ရေခတွေ အလွန်စျေးကြီးသဖြင့် ကျွန်ုပ်မိတ်ဆွေ ရော်ဂျာနှင့်ဆို မကြာမကြာ စကားများရသည်။ သို့ပေမယ့် နေရာအကွက်အကွင်းကား ကျွန်ုပ်တို့အတွက် အဆင်ပြေသည်။ ရှာရဖွေရ၊ စုံစမ်းရမည့် ကိစ္စတွေအတွက် လွတ်လပ်မှုရှိသည်။ ကျွန်ုပ် တို့အနေနှင့် အခန်းထဲမှာ မီးမှောင်ချပြီး ဖယောင်းတိုင်မီးနှင့် နယ်စပ်မြေပုံတို့ကို ဖတ်နိုင်၊ လေ့လာနိုင်သည်ဖြစ်၍ ပြောရလျှင် အိမ်ရှင်မိန်းမကြီးကပင် ကျွန်ုပ်တို့ကို ချွေတာစုဆောင်း သူတွေအဖြစ် အထင်ကြီးနိုင်သည်။ သို့မဟုတ်ပါဘဲ လျှပ်စစ်မီးတစ်လုံးမက နှစ်လုံးဖွင့် လိုက်မည်ဆိုလျှင်တော့၊ အပေါ်ထပ်ဆီ ဒုန်းစိုင်းတက်လာပြီး အိမ်ရှင်မိန်းမကြီးက ယခုလို အော်လိမ့်မည်။

"ဟေ့... ဘာတီးလဲနဲ့ဆိုင်နောင့်၊ လျှပ်စစ်မီးကို နင်တို့ ဖြုန်းတီးနေတာလား၊ အိမ်လခထဲမှာ မိတာခပါတာ နင်တို့သိတယ်နော်။ ဒါပေမယ့် အပိုကြေးတောင်းရင် နင်တို့က ပေးမှာမဟုတ်ဘူး"

မြေအောက်နာဂနှင့် အဆက်ရဖို့ မနေမနား ရှာဖွေပါသော်လည်း ယခုအထိ ကျွန်ုပ်တို့ ကံမကောင်း အကြောင်းမလှသေး၊ အိန္ဒိယအဆက်အသွယ်တစ်ဦးဆီကတော့ လူတစ်ယောက်နှင့် ကျွန်ုပ်တို့ကို ချိတ်ပေးမည်ဟုပြောပြီး ရက်များမကြာမီ ဖုန်းရောက်လာသည်။

"ဟယ်လို...ဘာတီးလ်လား၊ ဒီနိုး(စ်) စကားပြောနေတာပါ၊ အာရှော့စာအုပ်ဆိုင် နောက်က လက်ဖက်ရည်ဆိုင်ကို ညနေ (၂) နာရီ အရောက်လာခဲ့ပါ။ မင်းကိုတွေ့ချင်နေတဲ့ လူတစ်ယောက် စောင့်နေတယ်"

အတိအကျမဟုတ်သည့်တိုင် အလားအလာရှိသော သတင်းဖြစ်သဖြင့် ကျွန်ုပ်တို့ လင်မယား ထွက်လာခဲ့ရာ ချိန်းဆိုထားသော လက်ဖက်ရည်ဆိုင် အရောက်တွင် ကျွန်ုပ်

www.nyisay.com



မိတ်ဆွေနှင့်အတူ မျက်နှာစိမ်းတစ်ယောက် စားပွဲတစ်လုံးတွင် ထိုင်နေသည်ကို တွေ့ရသည်။ လူငယ်တစ်ယောက်ဖြစ်ပြီး ခန္ဓာကိုယ်တုတ်ခိုင်သည်။ သို့ပေမယ့် ရုပ်ရည်ကား တိဗက် တစ်ယောက်နှင့်တူသည်၊ ကျွန်ုပ်တို့ကို သူတို့က ထိုင်ခုံမှာထိုင်ဖို့ လက်ဟန် နှင့်ပြောသည်။

''ဘာတီးလ်...သူနာမည်က ဗယ်မယ့်ဆူ၊ ဒေလီတက္ကသိုလ်မှာ တက်နေတဲ့ နာဂကျောင်းသားတစ်ယောက်ပဲ''

ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ်ယောက် နူတ်ဆက်လိုက်ကြသည်။ သို့ပေမယ့် နာဂလူငယ်ကို အကဲခတ်ရသည်မှာ တစ်ခုခု စနိုးစနောင့်ဖြစ်နေသည်ထင်ရပြီး ကျွန်ုပ်တို့ လာရင်းကိစ္စကို ဖွင့်ပြောလိုက်ချိန်တွင်မူ နောက်တွန့်သွားသည်။

''ဟာ...မဟုတ်တာ...အဲ့ဒီနေရာကို ခင်ဗျား ဘယ်လိုသွားလို့ရမှာလဲ၊ ဆိုင်နောင် ဆိုရင် ထားတော့။ နာဂတစ်ယောက်လို သွားနိုင်တယ်။ ခင်ဗျားအနေနဲ့ အင်ဒီးယန်းတစ် ယောက်လို ရုပ်ဖျက်ရင်တောင်မှ အလုပ်ဖြစ်မှာမဟုတ်ဘူး။ နာဂဒေသကို သွားမယ်ဆိုရင် အင်ဒီးယန်းတွေတောင် ပါမစ်ယူရတယ်''

လူငယ်က ယခုလို အကျောက်အကန် ပြောနေသည့်တိုင် ကျွန်ုပ်၏အစီအစဉ်ကို ချပြလိုက်သည်။ ဂျစ်ကားတစ်စီးငှားပြီး နောက်ခန်းတွင် ပုန်း၍ လိုက်ပါနိုင်သဖြင့် ဂျစ်ကားကို နယ်စပ်အထိ မောင်းပို့နိုင်သူတစ်ဦးသာ လိုအပ်ကြောင်း စဉ်းစားပြလိုက် သည်တွင် လူငယ်မှာ စောစောကထက် အစိုးရိမ်ပိုသော မျက်နှာနှင့် သူ့ဆုံးဖြတ်ချက်ကို ပြောသည်။

'ကောင်းပြီလေ... ကျွန်တော်နဲ့ မြေအောက်အဖွဲ့ဝင်တချို့နဲ့ အဆက်အသွယ်ရှိပါ တယ်။ ကချင်တွေဆီက စာနဲ့အတူ ခင်ဗျား ဒီမှာရောက်နေတယ်ဆိုတာ သူတို့ကို ပြောပေးပါမယ်''

ဤဒွန်ပင် ကျွန်ုပ်တို့တွေ့ဆုံမှု ပြီးဆုံးပြီး နောက်တစ်ပတ် (သို့) နှစ်ပတ်အကြာတွင် ပြန်တွေ့ကြဖို့ ကတိစကားနှင့် ကျွန်ုပ်တို့လမ်းခွဲ လာကြသည်။ သည့်ထက်ပို၍ ကျွန်ုပ်တို့ ဘက်က ဘာမျှမတတ်နိုင်၊ စောင့်ရုံသာရှိတော့သည်။ ဒီကြားထဲ နာဂဒေသတွင် ဘဏ်ခါး ပြတိုက်မှုတွေ တစ်ခုပြီးတစ်ခု ဖြစ်လာသည့်အတွက် ကန့်သတ်မြေ၏ အခြေအနေ အရပ် ရပ်မှာ ယခင်ကထက် တင်းကျပ်လာသည်။ နာဂတွေနေထိုင်သော မဏိပူရတွင်လည်း အိန္ဒိယလုံခြုံရေး ကင်းလှည့်မော်တော်ယာဉ်တစ်စီးကို နာဂ ပြောက်ကျားတွေက ချိုးခို တိုက်ခိုက်ရာမှ လုံခြုံရေးအဖွဲ့ဝင် (၁၃)ဦး သေဆုံးသွားသဖြင့် နာဂပြောက်ကျားတို့ကို အစိုးရတပ်များက ပိုက်စိပ်တိုက် ရှာနေရာ ကျွန်ုပ်တို့၏ တရားမဝင်ခရီးစဉ်အတွက် လုံးဝ အခွင့်မသာဖြစ်လာသည်။

ဤဒွန် နာဂဒေသတွင် ဖြစ်ပွားခဲ့သော မငြိမ်မသက်မှုတို့ကို အိန္ဒိယသတင်းစာများ ကလည်း အပြိုင်အဆိုင်ရေးသား ဖော်ပြကြရာ NSCN ၏ ဥက္ကဋ္ဌ မွီးဗာ၏ ဓါတ်ပုံကို ဖော်ပြရာတွင် သတင်းစာအားလုံးလိုလို တစ်ပုံတည်းဖြစ်နေပြီး ၄င်းပုံမှာအသက် (၂၀)

www.nyisay.com



အရွယ်က တရုတ်ပြည်သွား ခရီးစဉ်တွင် မော်စီတုန်းဝတ်စုံနှင့် ရိုက်ကူးထားသော ဓါတ်ပုံဖြစ်သည်။ ဓါတ်ပုံတွင်းမှ မွီးဗာကား ငယ်ရွယ်နုပျိုး၍ ရွှမ်းရွှမ်းဝေဝေ ပြုံးပြနေပါသော်လည်း သူ၏အကြည့်ထဲတွင် ပါးနပ်ခြင်း၊ ရက်စက်ခြင်း အရည်အသွေးတို့ကို စမ်းဝါးသိနိုင်သည်ဖြစ်ရာ ထိုထိုသော ကိုယ်ရည်ကိုယ်သွေးတို့ကြောင့်ပင် ပြည်တွင်းစစ်နှင့် မုန်တိုင်းထန်နေပါသော ဆယ်စုနှစ်များတစ်လျှောက် မသေမပျောက် ရပ်တည်နိုင်ခဲ့သလို အောင်မြင်ကြီးပွားခြင်းတို့ကိုလည်း အရယူနိုင်ခဲ့ပါ၏။ ဆိုခဲ့သလို မြေအောက်အချိတ်အဆက်များ ရှာဖွေနေစဉ် တစ်ဖက်ကလည်း တရားဝင် သွားနိုင်ရေးအတွက် ကြိုးစားသည့် အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် ခါဇီရမ်းဂျာနှင့် သျှီလောင်သို့ ခရီးသွားလိုကြောင်း လျှောက်ထားခဲ့ရာ လျှောက်လွှာတွင် ကျွန်ုပ်တို့နှစ်ဦးမှာ အိန္ဒိယ တောရိုင်းတိရစ္ဆာန်တွေနှင့်ပတ်သက်သော စာအုပ်တစ်အုပ်အတွက် အချက်အလက်များ ရှာဖွေစုဆောင်းနေသော ဓါတ်ပုံဆရာများဖြစ်၍ ခါဇီရမ်းဂျာနှင့် သျှီလောင်သို့ ခရီးသွားလိုကြောင်း ဖော်ပြ၍ နာဂဒေသနှင့် မဏိပူရတို့ကိုပါ ထည့်သွင်းလျှောက်ထားလျှင် ကျွန်ုပ်တို့ကို သံသယရှိလာနိုင်သဖြင့် အဆိုပါ ပြည်နယ်တို့ကို အသာခေါက်ထားခဲ့သည်။

ပြည်ထဲရေးဌာနမှ အတွင်းဝန်တစ်ဦးက ကျွန်ုပ်တို့ကို လက်ခံတွေ့ဆုံရာတွင် အိန္ဒိယဗျူရိုကရေစီ ယန္တရားတွင် တွေ့ကြုံတတ်သည့်အတိုင်း မှုန်မှုန်သုန်သုန်နှင့် မာမာထန်ထန် ဆက်ဆံခံရ၍ စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း ကျွန်ုပ်တို့အပေါ် စိတ်ဝင်စားမှုနည်းပြီး လျှောက်လွှာနှင့်သက်ဆိုင်သော မေးခွန်းများကိုသာ မေးခဲ့သဖြင့် တော်သေးသည်ဟု အောက်မေ့ရသည်။

“သုံးပတ်အတွင်းမှာ ခင်ဗျားတို့အတွက် အဖြေသိပါလိမ့်မယ်”

အတွင်းဝန်က မပြောချင်သလို ပြောချင်သလို ပြောရင်း ကျွန်ုပ်တို့ ဖိုင်တွဲကို အခြားဖိုင်တွဲတွေပေါ် ပစ်တင်လိုက်သည်။ သုံးပတ်အတွင်း အဖြေသိရမယ်တဲ့... ကာ(လ်) ကတ္တားမှ ကျွန်ုပ်တို့ကို ကူညီလိုက်သော ခါဆီ အမျိုးသားအရာရှိကပင် ကျွန်ုပ်တို့အနေနှင့် ပြည်ထဲရေးဌာနသို့ တစ်ပတ်တစ်ကြိမ်သွားပြီး လျှောက်လွှာတို့ကို အမှန်တကယ် စစ်ဆေးဆောင်ရွက်ခြင်း ရှိ၊ မရှိ သွားရောက်စုံစမ်းသင့်သည်ဟု အကြံပြုခဲ့ရာ ယခု သုံးပတ်အတွင်း အဖြေသိရမည်ဆိုတော့ တွေးရခက်ကြီး ဖြစ်နေပြန်သည်။ သို့ပေမယ့် ပန်ဂျပ်ပြည်နယ်တွင် မငြိမ်မသက်မှုတွေ ဖြစ်နေသဖြင့် အဝေးအလံ ရောက်နေပါသော ဆွေမျိုးသားချင်းများက ပန်ဂျပ်ထဲ ဝင်ခွင့်ပြုဖို့ လျှောက်ထားကြရာ ပြည်ထဲရေးဌာနတွင် ပန်ဂျပ်လျှောက်လွှာတွေ ပုံအောလာနေရာ ၄င်းတို့ကိုသာ အာရုံစိုက်နေရသဖြင့် ကျွန်ုပ်တို့ လျှောက်လွှာတွေကို ခပ်မြန်မြန် ခွင့်ပြုလိုက်ရသည်ဆိုလျှင်တော့ ကျွန်ုပ်တို့အဖို့ အတော်နေရာကျသည်။

ဗယ်မယ့်ဆူထံမှ သတင်းစကားစောင့်ရင်း၊ ပြည်ထဲရေးဌာနသို့ တလှည့်သွားစုံစမ်း

www.nyisay.com



ရင်း နယူးဒေလီမှ ကျွန်ုပ်တို့ နေ့ရက်တွေ ကုန်ဆုံးသွားသည်။ ပြည်ထဲရေးရုံးဂိတ်ပေါက်တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်ပရောက် အင်ဒီးယန်းများ အထဲဝင်ဖို့ တွန်းတိုက်တိုးဝှေ့နေကြသည်ကို ဝါးခြမ်းပြားကိုယ်စီ ကိုင်ဆောင်ထားသော အစောင့်အကြပ်တွေက တန်းစီကြဖို့ ငေါက်ငန်းနေသော်လည်း မည်သူကမှ ဂရုမစိုက်၊ စိုက်၍လည်းမရ။ ကျွန်ုပ်တို့ လျှောက်လွှာတွေ မှတ်ပုံတင်ထားသော စားပွဲဆီရောက်ဖို့ဆိုလျှင် တစ်နာရီထက်မနည်း ကြာသလို ကိုင်ဆောင်ထားသော စလစ်ပြားပေါ်က အမှတ်စဉ်ကိုလည်း ဘယ်တော့မှ ကြော်ငြာခြင်းမရှိ၊ အခန်းထဲမှာလည်း လူတွေပြွတ်သိပ်ပြီး ချွေးစော်၊ ချဉ်စော်တွေ ဟောင်စပ်နေသည်။ လူတွေကြားက တိုးဝှေ့ရင်း ရုံးခန်းအတွင်း ကျွန်ုပ်တို့ ရောက်သွားချိန်တွင်မူ ကျွန်ုပ်တို့အတွက် အဖြေကား စောင့်ကြိုနေပါ၏၊

"ဝမ်းနည်းပါတယ်... ခင်ဗျားတို့လျှောက်လွှာတွေ ဆောင်ရွက်နေဆဲပဲ"

ဤသည်မှာ အရာရှိတွေဆီက ကြားနေကျအဖြေ ဖြစ်သည်။ ယန်းရောင်ဖိုင်ကာဘာထဲတွင် ချည်ကြိုးနှင့် သပ်သပ်ချေချေ စည်းထားသော ကျွန်ုပ်တို့လျှောက်လွှာများကား အရာရှိစားပွဲနောက်ဘက် စင်ပေါ်တွင် အခြားလျှောက်လွှာတွေနှင့်အတူ မထိ၊ မတို့၊ ယခင်အတိုင်းရှိနေသည်မှာ ထင်ရှားသည်။ ထူးခြားတာဆို၍ ဖိုင်ပေါ်မှာ ဖုန်တွေတက်လာတာပဲ ဖြစ်သည်။ အရာရှိ၏အဖြေကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့နှစ်ဦး အကြီးအကျယ် စိတ်ပျက်သွားသလို ဟန်လုပ်လိုက်ရသော်လည်း ကြားနေကျ စကားဖြစ်သဖြင့် စိတ်ထဲမှာ နကမ္ဘတိ မတုန်လှုပ်၊ ပြီးခါမှ ပါးစပ်ထဲရှိသမျှ ကျိန်ဆဲနည်းမျိုးစုံဖြင့် ကျိန်ဆဲရင်း ကျွန်ုပ်တို့ ငှားရမ်းထားသော အခန်းငယ်လေးရှိရာ ဘင်္ဂလီဈေးအနီးသို့ သုံးဘီးကားလေးဖြင့် ပြန်ခေါက်ခဲ့ရပြန်ပါ၏။

နယူးဒေလီတွင် သောင်တင်နေသဖြင့် တဖြည်းဖြည်း စိတ်ဓာတ်တွေကျမှန်းမသိကျလာသည်။ တစ်ဘက်က ကျွန်ုပ်အနေနှင့် စကင်ဒီနေဗီးယန်း သတင်းစာအချို့အတွက် သတင်းဆောင်းပါးတွေ စုဆောင်းနေပါသော်လည်း ပေါ်ပေါ်ထင်ထင် လှုပ်ရှားသွားလာ၍ မရ။ အများအားဖြင့် ကျွန်ုပ်တို့လင်မယားနှစ်ယောက်မှာ စာအုပ်ဆိုင်တွေသွားပြီး နာဂနှင့် အိန္ဒိယအရှေ့မြောက်ပိုင်းနှင့် ပတ်သက်ရာစာအုပ်စာတမ်းတွေကို လှည့်လည်ရှာဖွေချင်ရှာ၊ သို့တည်းမဟုတ် လမ်းဆုံးတစ်ဝိုက်မှာ လတ်လျားလတ်လျားနှင့် ဟိုလျှောက်သည်လျှောက်နှင့် အချိန်တွေကို ဖြုန်းနေရသည်။

တစ်ရက်တစ်ရက်နှင့် တစ်လပြည့်သာသွားသည်။ ဘာမျှမထူးခြား၊ ဗယ်မယ့်ဆူနှင့် လက်ဖက်ရည်ဆိုင်မှာ (၂) ကြိမ် တွေ့ဆုံခဲ့ပါသော်လည်း သူ့ဘက်က အကူအညီရဖို့ဆိုသည်မှာ မသေချာ၊ နာဂမြေအောက်လှုပ်ရှားမှုကို မိဒီယာနှင့် ချိတ်ဆက်ပေးဖို့လိုသည်။ ဤကိစ္စအတွက် ကျွန်ုပ်တို့ဘက်က ကူညီနိုင်သလို အပြန်အလှန်အားဖြင့် ကျွန်ုပ်တို့ကို မြန်မာပြည်နယ်နိမိတ်စွန်းအထိ အရောက်ပို့ပေးဖို့သာ ဖြစ်သည်။ သို့ပေမယ့် ထောင်တစ်ကြိမ်ကျဖူးထားသော ဗယ်မယ့်ဆူကား ဤကိစ္စကို တွန့်ဆုတ်နေပုံရသည်။ (၂) ပတ်ကျော်မျှ

www.nyisay.com



သူ့ထံမှ အဖြူအမည်း သဲသဲကွဲကွဲ သတင်းမကြားရသည်နှင့် သူနေထိုင်ရာ အဆောင်သို့ ဘတ်(စ်) ကားနှင့် ကျွန်ုပ်တို့ လိုက်သွားသည်။ အဆောင်မှာ ဒေလီယူနီဘာစတီအနီးတွင် ရှိ၍ နီကျင့်ကျင့် အုတ်သရိုးနှင့် အဆောက်အအုံဟောင်းကြီးဖြစ်ပြီး အထဲတွင် နှစ်ယောက်ခန်း ငယ်လေးတွေ ခွဲထားသည်။ အဝင်ဧည့်ခန်းဆောင် တစ်နေရာတွင် အခန်းနံပါတ်နှင့် အမည်စာရင်းရှိရာ ဗယ်မယ့်ဆူ၏ အခန်းမှာ ပထမထပ် နံပါတ် ၄၆။ တံခါးဖွင့်ထားသော်လည်း သူ့ကို မတွေ့။ သို့ပေမယ့် မွန်ဂိုမျက်နှာပေါက်နှင့် လူငယ်တစ်ယောက်၊ ထိုင်ခုံမှာ ထိုင်ပြီး သတင်းစာဖတ်နေသည်။ ကျွန်ုပ်တို့က ဗယ်မယ့်ဆူရှိလားဟု မေးမြန်းကြည့်သည့် အခါ လူငယ်က သတင်းစာကို အောက်ချလိုက်ပြီး ထိုင်ခုံလွတ်တွေမှာထိုင်ဖို့ ကျွန်ုပ်တို့ကို လက်ဟန်နှင့်ပြသည်။

''ဟုတ်ကဲ့ သူ ရှိပါတယ်... မကြာပါဘူး၊ ပြန်လာပါလိမ့်မယ်၊ အခန်းထဲဝင်ထိုင်ပြီး စောင့်ပါလား''

ကျွန်ုပ်က မင်းလဲ နာဂဘဲလားဟု မေးလိုက်ရာ သူက ဟုတ်မှန်ကြောင်းနှင့် သူတို့ နာဂလူမျိုးတွေအကြောင်း သိပါသလားဟု အမေးပြန်လာသည်တွင် သူ မည်သူ မည်ဝါမသိသေးသဖြင့် မယုတ်မလွန်သာ အဖြေပေးလိုက်သည်။

''မဟုတ်ပါဘူး... မင်းတို့ယဉ်ကျေးမှုကို စိတ်ဝင်စားလို့ပါ''

(၁၀) မိနစ်ခန့်အကြာတွင် ဗယ်မယ့်ဆူ ပြန်ရောက်လာသည်။ သူ့အဆောင်ကို ရှာဖွေ လာခဲ့ရတာ အဆင်ပြေရဲ့လားဟု ပဋိသန္ဓာရ စကားရှိပါသော်လည်း သူမျက်နှာက မကောင်း၊ သို့ပေမယ့် သူတို့နှစ်ယောက် နာဂဘာသာစကားနှင့် ကိစ္စတစ်ခုကို ခပ်သွက်သွက်ပြောဆိုပြီးနောက်တွင်မှ ဗယ်မယ့်ဆူကို ကြည့်ရသည်မှာ အတော်ပေါ့ပါးသွားပုံရသည်။

''ဆောရီးပဲ ဘာတီးလ်... သူနဲ့မိတ်ဆက်ပေးဖို့ မေ့သွားတယ်။ သူက ကျွန်တော့် သူငယ်ချင်း ကေဗီဆေးကို၊ ကျွန်တော့်ထက် သူက ခင်ဗျားတို့ကို ကူညီနိုင်လိမ့်မယ်။ ဘာလို့လဲ ဆိုတော့ သူ့အစ်ကိုဝမ်းကွဲက မကြာသေးခင်ကမှ NSCN အဖွဲ့ထဲ ဝင်ပြီး တောခိုသွားလို့ပဲ''

ကေဗီဆေးကိုက ကျေကျေနပ်နပ်ကြီး ပြုံးပြနေသည်။

''အဲ့ဒီနေရာကိုသွားပြီး သူတို့အကြောင်းကို ခင်ဗျား ရေးနိုင်တယ်ဆိုရင်တော့ အံ့သြစရာပဲ၊ နာဂလက်နက်ကိုင်တော်လှန်ရေး အကြောင်းကို အိန္ဒိယသတင်းစာတွေက လွဲပြီး ဘယ်သူမှမသိကြဘူး''

''ဟုတ်တယ်... ငါတို့လည်း အဲ့လိုပဲထင်တယ်၊ အခု မင်းအစ်ကိုရှိတဲ့ နေရာကို မင်းသိလား''

''သိတယ်... မြန်မာပြည်အနောက်မြောက်ဘက် စခန်းမှာ၊ မိုးဗာနဲ့အတူ ရှိနေတယ်''

www.nyisay.com



''သူ့ကို မင်း ဆက်သွယ်လို့ရမလား၊ ငါတို့ လာချင်တယ်လို့ မွီးဗာကို ပြောပါ''

''ပြောပေးမယ်၊ စာရေးပေးလိုက်မယ်၊ ဒါပေမယ့် အချိန်တော့စောင့်ရမယ်''

ကေဗီဆေးကိုကား နာဂပြည်နယ်၏ မြို့တော် ကိုဟီးမားမှ ကျောင်းလာတက်သူဖြစ်သည်။ ငယ်ရွယ်နုပျိုသည်။ တက်ကြွဖျတ်လတ်သည်။ ဟာသဓာတ်ခံရှိပြီး၊ အင်ဒီးယန်းများကား သူ့ပြက်လုံးအတွက် ပစ်မှတ် ဖြစ်သည်။ သူနှင့် စကားပြောရသည်မှာ ကျေနပ်စရာကောင်းသလို သေချာသော ကတိကဝတ်တို့ကို ပေးနိုင်သည့် အဆက်တစ်ခုကို ကျွန်ုပ်တို့ ရလိုက်လေပြီ။

ရော်ဂျာတို့လင်မယားနှင့် ကျွန်ုပ်တို့မှာ တစ်တိုက်တည်း နေထိုင်နေကြသလို အခင်အမင်မပျက် အဆက်အဆံရှိခဲ့ပါသော်လည်း ကျွန်ုပ်တို့ လာရင်းကိစ္စနှင့် ပတ်သက်၍ သူတို့နှင့် ဘယ်အခါမှ မတိုင်ပင်၊ မဆွေးနွေးခဲ့။ အကယ်၍ တစ်ခုခုမှားယွင်းသွားလျှင် ကျွန်ုပ်တို့ကို အကူအညီပေးမိသည့်အတွက် သူတို့ဒုက္ခရောက်မှာ မလိုလား။ သို့ပေမယ့် ရော်ဂျာဇနီး အဲမလာမှာ သားယောကျ်ားလေးတစ်ဦး မွေးဖွားထားသော မိခင်တစ်ဦး ဖြစ်သည်အလျှောက် သူမ၏ ကိုယ်ဝန်ဆောင်အတွေ့အကြုံကို ဆိုင်နောင့်ကို တဆင့်ဖောက်သည်ချသလို အသက်ရှူခြင်းနှင့် အခြား အသုံးဝင်သည့် ယောဂလေ့ကျင့်ခန်းတချို့ကိုလည်း သင်ပေးရှာသည်။ ယခု ဧပြီလလယ်ကွင် ဆိုင်နောင့်၏ ကိုယ်ဝန်မှာ လေးလတင်းတင်း ပြည့်ပြီဖြစ်၍ အဲမလာက ရှာဖွေလမ်းညွှန်ပေးထားသော မီးယပ်အထူးကုဆရာဝန်ဆီသို့ပင် သွားရောက်၍ ဗိုက်စစ်ခဲ့ရာ အနေအထားအားလုံး ကောင်းမွန်ကြောင်း သိရသည်။

သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်မက သူမ၏ နားကြပ်ကို ဆိုင်နောင့်ကို လှမ်းလိုက်ပြီး ကိုယ့်ဗိုက်ကို ကိုယ်တိုင်နားကြပ်နှင့် နားထောင်ခိုင်းလိုက်ရာ ဆိုင်နောင့်က မျက်လုံးလေး ကလယ်, ကလယ်နှင့် ရုတ်တရက် အံ့သြသံနှင့်ပြောလိုက်သည်။

''ဟော... နားထောင်စမ်း... နှလုံးခုန်သံလေး''

မှန်၏၊ ထိုမိခင် ဝမ်းကြောတိုက်အတွင်းမှ မှေးမျှင်းသော နှလုံးခုန်သံလေးကြောင့်ပင် ဒီနေရာ၊ ဒီအခရပ်က ကျွန်ုပ်တို့ ထွက်ခွာချင်လှပြီ။ သို့ဖြင့် ဧပြီလကုန်တစ်ညတွင်မူ ကေဗီဆေးကို၊ ဗယ်ဗယ့်ဆူနှင့် အခြားနာဂလူငယ် သုံးလေးယောက်ကို ဖိတ်ခေါ်ပြီး ကျွန်ုပ်တို့ ခရီးစဉ်နှင့်ပတ်သက်ပြီး ဆွေးနွေးကြရာ ခရီးစဉ်တစ်လျှောက်နှင့် ပတ်သက်ပြီး အားလုံးထထကြွကြွရှိပါသော်လည်း ထိုထက်ပို၍ ကျွန်ုပ်တို့မလုပ်နိုင်တော့။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ သွားရမည့်ခရီးတစ်လျှောက် မြေပုံအညွှန်းနှင့် မြေပြင်အနေအထား အားလုံးကို သိသည်၊ လမ်းတံတားအားလုံးကို သိသည်။ နယ်စပ်ဘယ်နေရာတွေက ကူးနိုင်သည်ကို သိသည်။ ကုန်ကုန်ပြောရလျှင် အိန္ဒိယအရှေ့မြောက်ဒေသတွင်း ပြေးဆွဲနေပါသော ဘတ်(စ်)ကားနှင့် မီးရထား အချိန်ဇယားတို့ကိုပင် အလွတ်ပြောနိုင်ပါသော်လည်း

www.nyisay.com



စာပေးပို့လိုက်သော ကေဇီဆေးကို အစ်ကိုဝမ်းကွဲတော်စပ်သူထံမှ ယခုအထိ အကြောင်းပြန်ခြင်း မရှိပါ၍ ကျွန်ုပ်တို့အားလုံး ငုတ်တုတ်ထိုင်နေရုံသာရှိတော့သည်။

နာဂလူမျိုးအများစုသည် အိန္ဒိယ အစားအစာတွေကို မကြိုက်ကြ၊ သို့တည်းမဟုတ် ငြင်းပယ်တတ်ကြောင်း သိထားသဖြင့် ညနေက ကေဇီဆေးကိုတို့ အဖွဲ့ကို ဧည့်ခံရာမှာ လမ်းဆုံလမ်းခွက ဂင်ဇာ တရုတ်စားသောက်ဆိုင် ခေါ်လာခဲ့ပြီး ကန်တုံ ကြက်သားဟင်း၊ မျှစ်ကြော်၊ ပဲဒိန်ခဲ စွပ်ပြုတ်နှင့် အခြား သောက်စရာ၊ ခဲစရာတွေ မှာယူလိုက်ပြီး စားကြသောက်ကြရာ ကျွန်ုပ်တို့ နာဂမိတ်ဆွေလေးများကား ခေါင်းမဖော်နိုင်ဘဲရှိနေရာ မကြာမီ မှာပင် ကျွန်ုပ်တို့၏ အဖြူရောင်အခင်းနှင့် စားပွဲပေါ်တွင် ကြွေပန်းကန်ပြားတွေ တောင်လိုပုံသွားတော့သည်။

တအောင့်အကြာတွင် ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ တိုင်ပင်ထားသော အစီအစဉ်တစ်ခုကို စားသောက်နေရင်းနှင့် သူတို့ကို ရှင်းပြလိုက်သည်။ အစီအစဉ်အရ တစ်ယောက်ယောက်ကို ဓမ္မပူရသို့ စေလွှတ်မည်။ ဟိုရောက်လျှင် မြေအောက်အဖွဲ့နှင့် အဆက်ရှာပြီး ပြန်လာဖို့ဖြစ်သည်။ အဆိုပါခရီးအတွက် ကျွန်ုပ်တို့ အစီအစဉ်ကို နားထောင်ပြီးချိန်မှာ သူတို့အားလုံး လူပ်လူပ်ရွရွ ဖြစ်လာပြီး နာဂဘာသာစကားဖြင့် အကြောင်းအရာတစ်ခုခုကို အားတက်သရော ဆွေးနွေးနေကြရာ ကျွန်ုပ်က ကြက်သားတစ်တုံးကို တူနှင့်ညှပ်စားလိုက်ပြီး ဆိုင်နောင့်ကို တစ်ချက်ကြည့်လိုက်သည်။ ဆိုင်နောင့်ကလည်း ကျွန်ုပ်ကို ကြည့်နေသည်။ အကြိတ်အနယ် ပြောဆိုနေရာမှ သဘောတူညီမှုတစ်ခု ရလာသည်ဟု ထင်ရချိန်တွင်မူ ဗယ်မယ့်ဆူက ကျွန်ုပ်တို့ဘက် မျက်နှာမူလိုက်သည်။

''ခင်ဗျားဘက်က သတိထားရမယ့် ပြဿနာတစ်ခုရှိတယ်၊ နာဂမြေအောက်လှုပ်ရှားမှုမှာ NSCN အပြင် NNC ဆိုတာ ရှိသေးတယ်၊ ဒါပေမယ့် သူက လက်ရင်းကျတယ်၊ နာဂအမျိုးသားကောင်စီပေါ့၊ ဒါပေမယ့် ကျွန်တော်တို့အားလုံးကတော့ ခင်ဗျားကို NSCN ကိုပဲ သွားစေချင်တယ်၊ သူက အင်အားတောင့်တယ်၊ ကေဇီဆေးကိုရဲ့ အစ်ကိုလည်း ရှိတယ်။ ဒါကြောင့် ကေဇီဆေးကို, ကိုပဲ ဓမ္မပူရအထိ လွှတ်မယ်၊ လိုအပ်ရင် ကိုဟီးမား အထိ သွားရမယ်၊ ကျွန်တော်တို့ဘက်က အဲ့လို ဆုံးဖြတ်လိုက်တယ်''

ယခု မစ်ရှင်တွင် သူ့ကို ရွေးချယ်လိုက်သည်ဖြစ်၍ ဂုဏ်ယူသော မျက်နှာပေးဖြင့် ကေဇီဆေးကိုက ကျွန်ုပ်ကို ခေါင်းတစ်ချက်ဆတ်ပြသည်တွင် ကျွန်ုပ်နှင့် ဆိုင်နောင့်တို့လည်း ဝမ်းသာအယ်လဲ ဖြစ်ရသည်။ ကေဇီဆေးကိုကို ယခင်အခါများကပင် ယုံကြည်ရင်းစွဲ ရှိခဲ့သည် ဖြစ်၍လည်း ယခု ကိုယ့်လူတစ်ယောက် ရလာသလို ခံစားလိုက်ရသည်။

ကျွန်ုပ်အနေနှင့် NSCN ကို ပို၍ စိတ်ဝင်စားသည်။ NNC မှာ ပင်မ မူလအဖွဲ့အစည်းဆိုသော်လည်း အိန္ဒိယအစိုးရနှင့် ၁၉၇၅ ခုနှစ်တွင် ငြိမ်းချမ်းရေးယူလိုက်သည်ဖြစ်၍ လုံးဝနီးပါး ချုပ်ငြိမ်းသွားသော အဖွဲ့အစည်းဟောင်းဖြစ်သည်။

www.nyisay.com



"ခမ္မပူရကို ကျွန်တော် လေယာဉ်နဲ့သွားမယ်။ ဟိုမှာ NSCN က လူတွေနဲ့တွေ့ပြီး ကျွန်တော့်အစ်ကိုဆီ နောက်ထပ် စာတစ်စောင်ပို့လိုက်မယ်။ ခင်ဗျားကို KIA က မိတ်ဆက်စာပေးလိုက်တဲ့ အကြောင်းလည်း ပြောခဲ့မယ်။ ပြီးရင်ပြန်လာမယ်၊ ကျွန်တော်တို့ အခြေအနေကောင်းမှာ သေချာပါတယ်"

ဘယ်လိုပဲဖြစ်ဖြစ် သူ့စကားကြောင့် ကျွန်ုပ်တို့ အားတက်သရော ရှိကြသည်။ နာဂမိတ်ဆွေလေးတွေနှင့် နှုတ်ဆက် လမ်းခွဲပြီး ကျွန်ုပ်နှင့်ဆိုင်နောင့်တို့လည်း တည်းခိုရာဆီ အေးအေးလူလူ လမ်းလျှောက်ပြန်ခဲ့ကြသည်။

နောက်တစ်နေ့ ခါတိုင်းလို ပြည်ထဲရေးဌာနသို့ သွားနေကျအတိုင်း ရောက်သွားရာ မျှော်လင့်မထားသောသတင်းတစ်ပုဒ် ကြားလိုက်ရသည်။ ကျွန်ုပ်တို့ လျှောက်လွှာတွေကို စစ်ဆေးပြီးနောက် ခါဇီရန်းဂါကို ကန့်သတ်ထားသော်လည်း သျှီလောင်တွင် တစ်ပတ် နေထိုင်ခွင့်ပေးလိုက်ရာ ဤသည်ကား ကျွန်ုပ်တို့အလိုချင်ဆုံး အခွင့်အရေးပင်ဖြစ်သည်။ အရှေ့မြောက်ဘက်မှ တားမြစ်နယ်မြေထဲ ရောက်သည်နှင့် နာဂပြောက်ကျားတွေ အကူအညီဖြင့် ကိုယ်ယောင်ဖျောက်လို့ရပြီ မဟုတ်ပါလား။

ယခု ကျွန်ုပ်တို့အားလုံး အသင့်အနေအထားတွင် ရှိနေပြီ။ သို့ပေမယ့် ဇပြီလကုန်ပြီဖြစ်၍ နယူးဒေလီအပူချိန်က (၄၀) ဒီဂရီစင်တီဂရိတ် ကျော်လာရာ သည်းခံ၍မရလောက်အောင် ပူပြင်းလာသဖြင့် ဟိမဝန္တာတောင်တန်းပေါ်က ဗြိတိသျှတို့ ဆောက်ခဲ့သည့် နွေရာသီစခန်းတစ်ခုဆီ ပြေးဖို့ ဆုံးဖြတ်လိုက်ကြသည်။ ကေဇီဆေးကို ကိုမူ လေယာဉ်ပျံလက်မှတ်ခပေးပြီး သူပြန်ရောက်မည်ဟု မျှော်လင့်ရသော မေ (၇) ရက်တွင် ဘင်္ဂလီဈေးအနီးမှ ကျွန်ုပ်တို့နေရာမှာ ပြန်ဆုံကြဖို့ ချိန်ကိုက်ပြောဆိုအပြီး နယူးဒေလီ၏ မြောက်၊ ကီလိုမီတာ (၂၄၀) အကွာအဝေးရှိ တောင်ကုန်းတောင်တန်းတွေကြားမှ မစ်ဇိုးရီသို့ ဘတ်(စ်)ကားနှင့် ကျွန်ုပ်တို့ဇနီးမောင်နှံ ထွက်ခွာလာခဲ့ပါ၏။

အပူရှိန်ဟပ်,ဟပ်ထနေသော လမ်းမထက်မှာ ခရီးသည်တွေ မတန်မဆနှင့် တလိမ့်လိမ့်သွားနေပါသော ခရီးကား အနေကျပ်သလို ပျင်းရိငြီးငွေ့စရာကောင်းလှသည်။ ကျင်းတွေခွက်တွေ ဗလပွနှင့် လမ်းပေါ်မှာ မော်တော်ကားဆောင့်သည့် ဒဏ်ကို ကိုယ်လေးလက်ဝန် ရင့်မာနေသော ဆိုင်နောင့်တစ်ယောက် အလူးအလဲ ခံစားနေရပါသော်လည်း သူမက ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ် လိုက်ပါလာသည်။

တောင်ပေါ်စခန်းကား ဒေလီလွင်ပြင်၏ အပူလှိုင်းများမှ ကင်းရာလွတ်ရာ စိမ်းလန်းသာယာသော နွေရာသီအပန်းဖြေစရာ နေရာဖြစ်သည်။ ရှေ့ခါဘီတွင် ကျွန်ုပ်တို့ တည်းကြသည်။ အဆိုပါအဆောက်အအုံကြီးမှာ ယခင်က ဘော်ဒါအဖြစ် အသုံးပြုခဲ့ပြီး အောက်ထပ်တွင် ရေးမူအင်္ဂလိပ်စတိုင် မီးလင်းဖိုနှင့် စာကြည့်တိုက်လေးတစ်ခု ရှိပြီး အပြင်ဘက်ပန်းခြံထဲတွင်မူ ရောင်စုံထပ်တစ်ရာပန်းတွေ ဝေနေသည်။ တောင်ပေါ်စခန်းတွင် ငါးရက်နေထိုင်ခဲ့ရာ အများအားဖြင့် ရှေ့တွင် ကျွန်ုပ်တို့ကြုံရမည့် တောင်တက်ခရီးများအတွက်

www.nyisay.com



လေ့ကျင့်သည့်အနေဖြင့် တောင်ပေါ်စခန်းမှ နိမ့်ချည်မြင့်ချည်နှင့် ကွေ့ဝိုက်နေသော လမ်းတွေမှာလည်း လမ်းလျှောက်ရင်း အချိန်ကုန်ခဲ့ကြသည်။

မစ်ဇိုးရီမှ မေလ (၇) ရက်တွင် ဘတ်(စ်)ကားဖြင့် ကျွန်ုပ်တို့ ပြန်လာကြသည်။ နယူးဒေလီသို့ ရောက်ပြီး ကားဂိတ်မှ သုံးဘီးကားလေးဖြင့် ကျွန်ုပ်တို့တည်းခိုရာသို့ အလာ အိမ်ရှေ့တွင် သုံးဘီးကားလေး ထိုးဆိုက်သည့်အခါတွင်မူ အပြင်တွင်စောင့်နေသော ကေဇီဆေးကို,ကိုတွေ့လိုက်ရသည်။ သူမျက်နှာက မှိုင်မှိုင်တွေတွေ၊ ကျွန်ုပ်တို့နှင့်အတူ အပေါ် ထပ်တက်လာပြီး အခန်းထဲမှာ ထိုင်လိုက်သည်နှင့် သူက စကားစသည်။

''လေယာဉ်လက်မှတ် ဝယ်လို့မရဘူး၊ ဇွန်လကုန်အထိ ဘွတ်ကင်တွေ ပြည့်နေတယ်''

မျှော်လင့်မထားသည့်အတွက် ကျွန်ုပ်တို့လည်း ဟင်... ဟယ်နှင့် အသံထွက်ညည်းညူရင်း အကြီးအကျယ် စိတ်ပျက်သွားသည်။ သို့ပေမယ့် ကေဇီဆေးကိုက ကျွန်ုပ်တို့ကို အားပေးရှာသည်။

''ခင်ဗျားတို့ ခရီးထွက်နေတုန်း ကျွန်တော် စဉ်းစားထားတာရှိတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့သွားကြမယ်။ ခုအချိန်မှာ ခင်ဗျားတို့ကို သူတို့ ပြန်ခေါ်လို့မရတော့ဘူး။ ဒါပေမယ့် KIA က စာကိုတော့ ယူမသွားနဲ့''

သူ့အစီအစဉ်ကို ကျွန်ုပ်တို့ လက်ခံလိုက်ပြီး ကျွန်ုပ်တို့အတွက် ရထားလက်မှတ် ဝယ်ဖို့နှင့် လေယာဉ်လက်မှတ်ခကို သိမ်းထားဖို့ စီစဉ်ပြီးနောက် သူပြန်သွားသည်။ တစ်ဆက်တည်းမှာပင် စာအုပ်တွေနှင့် မလိုအပ်သော ပစ္စည်းအချို့ကို ဘန်ကောက်သို့ စာတိုက်မှပြန်ပို့ဖို့ ထုပ်ပိုးပြင်ဆင်ကြသည်။ ပစ္စည်းစာရင်းနှင့် အလေးချိန်ကို အကြိမ်ကြိမ် စစ်ဆေး၍ အနည်းဆုံးအထိ လျှော့ချလိုက်ပြီး တစ်ယောက်လျှင် ဘောင်းဘီ (၂) ထည်၊ အင်္ကျီ (၃) ထည်၊ ဂျာကင်ရှည်ကြီးတစ်ထည်၊ ရှူးဖိနပ် တစ်ရံ၊ ခြေအိတ် အတွင်းခံနှင့် ဦးထုပ်တစ်လုံး ထည့်ကြသည်။ အခြားဝန်စည်စလယ်အနေနှင့် ဆိုင်နောင့်တွင် ဂင်မရာ၊ ဖလင်နှင့် တရုတ်ဘာသာစကားသင် စာအုပ်အပြင် သူနာပြု ဆေးသေတ္တာငယ်လေး တစ်ခုပါသည်။ ကျွန်ုပ်အဖို့ကား မြေပုံ၊ အဝေးကြည့်မှန်ပြောင်း၊ အိတ်ဆောင်ရေဒီယို၊ အသံဖမ်းစက်၊ သံလိုက်အိမ်မြှောင်နှင့် စစ်သုံးခါးမြှောင် တစ်ချောင်းတို့ကို ကိုယ်နှင့်မကွာရှိဖို့လိုသည်။ စာအုပ်တွေထဲက (၂) အုပ် ရွေးချယ်လိုက်သည်။ The Battle For Naw Seng's Kingdom နှင့် Political System of Highland Burma တို့ ဖြစ်သည်။ ပထမစာအုပ်မှာ ဒုတိယကမ္ဘာစစ်ကြီးနှင့် ကချင်ဒေသအကြောင်းဖြစ်ပြီး စာရေးသူမှာ ဂေါဒွန်ဖြစ်ပြီး နောက်တစ်အုပ်မှာ E.R Leach ၏ မနုဿဗေဒဆိုင်ရာ လေ့လာမှုတစ်ခုဖြစ်သည်။ ငါးမျှားတံ၊ ရစ်လုံးနှင့် ချိတ်တို့ကိုလည်း ထည့်လိုက်သည်။

မေ (၁၄) ရက်တွင် ရော်ဂျာနှင့် အဲမလာတို့ကို ကျွန်ုပ်တို့စုံတွဲ ဘန်ကောက် ပြန်တော့မည့်အကြောင်း ပြောဆိုနှုတ်ဆက်ရာ သူတို့လည်း ဗြုန်းစားကြီးမို့ တအံ့တသြဖြစ်

www.nyisay.com



ကြသည်။ အိမ်ရှင်မိန်းမကြီး မာဝါရီကား ကျွန်ုပ်တို့အခန်းကို အပြေးအလွှားတက်လာပြီး အိမ်လခ လက်ကျန် ရှိ၊ မရှိနှင့် အခန်းကို သေသေချာချာစစ်ဆေးသည်။ မေလ (၁၅) ရက် ကျွန်ုပ်၏ ဒိုင်ယာရီတွင် ယခုလို ရေးသွင်းလိုက်သည်။

*နယူးဒေလီမှ ညနေ (၆) နာရီတွင် ထွက်ခွာသည်။ ရထားမထွက်မီ မိနစ်အနည်းငယ်ခန့်မှာပင် နာဂမိတ်ဆွေများနှင့် တွေ့သည်။ သူတို့က ဒုတိယတန်းမှ လိုက်ပါလာပြီး ကျွန်ုပ်တို့က ပထမတန်းမှ ဖြစ်သည်။ ဖုန်တူပြီး ညစ်ပတ်သော်လည်း အနည်းငယ် လွတ်လပ်မှုရှိသည်။*

ရထားပေါ်တွင် အိန္ဒိယစစ်သား အတော်များများ လိုက်ပါလာပြီး ဒုတိယတန်းမှာ ပြွတ်သိပ်နေသည်။ အချို့က ကျွန်ုပ်တို့ ပထမတန်းတွဲ၏ လူသွားစကြံ့ နေရာလွတ်တွေမှာ ကျောပိုးအိတ်ပေါ်ထိုင်ရင်း၊ အချို့က အိပ်ရာခင်း၍ လှဲရင်း လိုက်ပါလာကြသည်။ သူတို့ကြည့်ရသည်မှာ နယ်ခြားစောင့် တပ်ဖွဲ့ဝင်တွေဖြစ်ပြီး အရှေ့မြောက်သို့ သွားကြမည် ထင်သည်။ နယူးဒေလီမှ အချိန်ကိုက်ထွက်လာသော ရထားကြီးကား ဂါဇီရာဘတ်၊ အလီဂတ်၊ တန်ဒလာနှင့် စိတ်ဝင်စားဖွယ်ရာမရှိသော နေရာအချို့တွင် ခေတ္တမျှစီ ရပ်နားလျက် ခုတ်မောင်းလာခဲ့ရာ နောက်ဆုံး ကျွန်ုပ်တို့လည်း အိပ်ပျော်သွားတော့သည်။

အာသံပြည်နယ်၊ ဂူဝါဟာတီသို့ (၄၅) နာရီကြာ မီးရထားခရီးကား စိတ်ပင်ပန်းစရာ၊ ကိလိမီတာများစွာ ခရီးပေါက်လာပါသော်လည်း ဖုန်အလိမ့်လိမ့်နှင့် ခြောက်သွေ့ပူပြင်းသော ကွင်းပြင်ကြီးတွေသာ မြင်တွေ့နေရပြီး သစ်ပင်ဆို၍ မရှိသလောက်ပင်။ အချို့နေရာအရောက်တွင် ရွှံ့ကျဲထားသော တဲအိမ်အစုလေးများနှင့် နွားချေးစော်နံနေသော ရွာတွေကို ဖြတ်သွားရာ ဤမြင်ကွင်းကား သုံးရက်မြောက်၍ နောက်ဆုံး အာသံပြည်နယ်ထဲ ရောက်လာသည်အထိ မပြောင်းလဲသေး။ သို့ပေမယ့် ကျွန်ုပ်တို့ နိုးလာချိန်တွင်မူ စိုက်ခင်း ပျိုးခင်းနှင့် ဝါးရုံအုပ်များကြားတွင် သပ်သပ်ချေချေ ဆောက်ထားသော ပျဉ်ထောင်အိမ်လေးများနှင့် ဟိုးအဝေးတွင် စိမ်းစိမ်းစိုစို လယ်ကွင်းတွေကိုလည်း မြင်တွေ့လိုက်ရာ အရှေ့တောင်အာရှ၏ ကျေးလက်ဘဝများဆီ စိတ်ရောက်သွားသည်။ သို့ပေမယ့် ဒေသခံတို့၏ အသွင်ကတော့မတူ။ မွန်းလွဲ (၂း၃၀)တွင် ဗြဟ္မပူရမြစ်ပေါ်မှ သဲမဏ္ဍိတ်တားကြီးတစ်လျှောက် တဂျုံးဂျုံးနှင့် ခုတ်မောင်းဖြတ်သန်းလာပြီး နာရီဝက်ခန့်အကြာတွင်မူ ဂူဝါဟာတီသို့ ဆိုက်ရောက်လေရာ၊ ဤ၌ပင် ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော အမြန်ရထားခရီးစဉ်လည်း ပြီးဆုံး၍ ဓမ္မပူရ၊ တင်စုကီယား၊ ဒီဘရုဂတ်ဘူတာများသို့ ရထားငယ်လေးဖြင့် ခရီးဆက်ကြမည်ဖြစ်ပါ၏။

ကေဇီဆေးကိုနှင့် သူ့မိတ်ဆွေတို့က ရထားပေါ်မှ ဆင်းပြီး ကျွန်ုပ်တို့အတွက် သျှီလောင်သို့ တက္ကစီတစ်စီး ငှားပေးသည်။ ပတ်ဝန်းကျင်က သဲသယမရှိစေဖို့ သူတို့နှင့် ကျွန်ုပ်တို့ ခရီးသွားဟန်လွဲ တွေ့ကြသလို ဟန်လုပ်ဆက်ဆံကြသည်။

www.nyisay.com



အင်္ဂါနေ့ သျှီလောင်မှာ တွေ့ကြမယ်... ဟု ကေဗီဆေးကိုက ပြောပြီး ဓမ္မပူရသို့ ရထားနှင့် ခရီးဆက်ဖို့ ဘူတာသို့ ပြန်သွားသည်။ ကျွန်ုပ်တို့အစီအစဉ်အရ ဤ၌ လမ်းခွဲပြီး ကေဗီဆေးကိုက ဓမ္မပူရနှင့် ကိုဟီးမားသို့ သွားမည်။ ဂျစ်ကားတစ်စီးငှားပြီး သျှီလောင်သို့ ပြန်လာကာ ကျွန်ုပ်တို့ကို ခေါ်ပြီး မြန်မာပြည်နယ်စပ်သို့ အတူသွားဖို့ ဖြစ်သည်။ သို့ဖြစ်၍လည်း နယူးဒေလီကပင် ကြိုတင်၍ ကျွန်ုပ်အတွက် ဆံပင်ဆိုးဆေးနှင့် နေကာမျက်မှန်အနက် တစ်လက် ဝယ်ယူလာခဲ့ပါသော်လည်း အသားရောင်ကို ဖုံးဖို့ သစ်ကြားသီးအဆီ သို့မဟုတ် အလားတူ အညိုရောင် ကိုယ်လိမ်းခရင်(မ်) တစ်မျိုးမျိုးကို ရှာ၍မရခဲ့။ အိန္ဒိယ ကော့စမက်တစ် အရောင်းဆိုင်များတွင် အသားဖြူဖို့ ခရင်(မ်)များသာ ရှိသည်။ မည်သို့ရှိစေ ကျွန်ုပ်ဆံပင်ကို အနက်ရောင်ဆိုး၍ နေကာမျက်မှန် တပ်ပြီး ဂျစ်ကားနောက်မှ လိုက်ပါသွားမည်ဆိုလျှင် မည်သူမျှ ရိပ်မိကြမည်မဟုတ်။ အကယ်၍ စစ်ဘက်စစ်ဆေးရေး ဂိတ်တစ်ခုခုက ကားကိုတားပြီး ဆင်းခိုင်းသည်ဆိုလျှင်တော့ တစ်မျိုးတစ်ဖုံ ကြည့်လုပ်ရုံသာ ရှိသည်။

ကျွန်ုပ်တို့ တက္ကစီကားပေါ်တွင် အိန္ဒိယ စီးပွားရေးသမားများလည်း ပါလာရာ သူတို့က စပ်စပ်စုစုမေးလာသော မေးခွန်းတွေကို လှီးလွှဲပြီး သျှီလောင်မြို့မှတပါး အခြား ဘာမျှမသိသလို ဟန်ဆောင်ခဲ့ရသည်။ မော်တော်ကားခရီးမှာ (၂) နာရီမျှကြာပြီး သျှီလောင်မြို့တွင်း ဝင်လာချိန်တွင် နေလုံးပျောက်သွားလေပြီ။ ဝိုလိုကစားကွင်းနှင့် မလှမ်းမကမ်း ကမ္ဘာလှည့်ခရီးသည် ဧည့်ရိပ်သာရှေ့တွင် ကားပေါ်မှဆင်းပြီး အိပ်ခန်းငှားရာ ကျွန်ုပ်တို့ တွက်ထားသည်ထက်ပင် ဈေးကြီးနေသည်။ နှစ်ယောက်အိပ်ခန်း တစ်ခန်းကို ၆၅ ရူပီး။ အခန်းအပြင်အဆင်က စုတ်ချာသည်သာမက ရေကလည်း မနက် တစ်ကြိမ်နှင့် မိုးလုံးလုံး ချုပ်ခါမှ တစ်ကြိမ်သာလာသည်။

သျှီလောင်မြို့၏ လမ်းမကြီးများမှာ တောင်တက်တောင်ဆင်းအတိုင်း ကွေ့ဝိုက်နေပြီး တောင်ကြားလွင်ပြင်ကျယ်တွင် မြို့တည်ထားသည်။ လမ်းဘေးတစ်ဘက် တစ်ချက်တွင် ရှေးဘန်ဂလိဟောင်းများနှင့် ကိုလိုနီခေတ် အုပ်ချုပ်ရေးအဆောက်အအုံတွေ တွေ့ရပြီး တစ်နေရာတွင်မူ စစ်တပ်ဝန်းကြီးတစ်ခုနှင့် ခရစ်ယာန်ဘုရားကျောင်း ရှိသည်။ ခါဆီလူမျိုးအများစုမှာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ပြီး ယခုလိုနေရာမျိုးတွင် ဝေးလံလူမျိုး ခရစ်ယာန်ဂိုဏ်းဝင် အခြောက်အခြားပင် ရှိနေသေးသည်။

မာဂါလဟာသို့ ၁၉၇၆ ခုနှစ်က ပထမဆုံးအကြိမ် ကျွန်ုပ်ရောက်ခဲ့စဉ်က သျှီလောင်ကား ခါဆီ၊ ကာဂိုး၊ ဂျိမ်းတိုက်၊ နာဂနှင့် မီဇို အိန္ဒိယ မြန်မာ နယ်ခြားမှ အခြားမျိုးနွယ်စုများ လွှမ်းမိုးရာဖြစ်ပြီး ယင်းတို့အနက် နာဂအုပ်စုမှာ အရေအတွက်အတော်များသည်။ နယ်ခြားဒေသမှ လူအများစုမှာ အလုပ်အကိုင်ရှာဖွေဖို့ လာကြသလို အချို့က ဒေသတက္ကသိုလ်များမှာ ပညာသင်ဖို့ဖြစ်သည်။ သို့ရာတွင် ၁၉၈၅ ခုနှစ်၊ မေလတွင်မူ

www.nyisay.com



ဒေသခံမျိုးနွယ်စုတွေထက် ဘင်္ဂလားဒေ့ရှ်၊ အနောက် ဘင်္ဂလားနှင့် အခြားလူဦးရေ သိပ်သည်းသော မြေပြန့်ဒေသများမှ တရားမဝင် ရောက်လာသူများ အဆမတန် များပြား လာပြီး ပဋိပက္ခများ ဖြစ်လာခဲ့ရာမှ လွန်ခဲ့သော (၅) နှစ်ခန့်တွင်မူ တစ်ဖက်နှင့်တစ်ဖက် သတ်ဖြတ်ကြသည်အထိ ပြင်းထန်လာသဖြင့် ကာဖျူးနှင့် ပစ်မိန့်များ ထုတ်ပြန်ရသည်အထိ ဖြစ်ခဲ့ရာ ကျွန်ုပ်တို့ ရောက်မလာမီ တစ်နှစ်၊ နှစ်နှစ်ခန့်ကမှ ပုံမှန်အခြေအနေ ရောက်လာခဲ့သည်။

အလားတူ ဗြဟ္မပုတ္တရ လွင်ပြင်တွင်ရှိသော အာသံလူမျိုးတို့၏ လူပ်ရှားမှုများမှာလည်း အကြမ်းဖက်တိုက်ခိုက်မှုများ ရှိခဲ့သည်။ ယနေ့ အာသံလူမျိုး အတော်များများမှာ အိန္ဒိယယဉ်ကျေးမှုကို လက်ခံကျင့်သုံးလာသော်လည်း သူတို့၏ မူလအမျိုးအနွယ်ကား ထိုင်း၊ လာအိုနှင့် မြန်မာ၊ ရှမ်းလူမျိုးတို့နှင့် အလွန်နီးစပ်ကြသည်။ ၁၂၂၈ ခုနှစ်မှ စ၍ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်တိုင်းပြည်နှင့် နှစ်ပေါင်း (၆၀၀) ကျော် နေထိုင်လာခဲ့ပြီး နောက် ဗြိတိသျှတို့က သိမ်းယူလိုက်ပြီး အိန္ဒိယ အင်ပါယာထဲ ပေါင်းထည့်လိုက်ရာ အာသံအပြင် ပတ်ဝန်းကျင် တောင်တန်းနေ မျိုးနွယ်စုများဖြစ်ကြသော ခါဆီ၊ မီဇိုနှင့် နာဂဒေသများ လက်လွတ်လိုက်ရသည်။ နာဂတို့ ဇာတိဒေသမှာ ယခု သျှီလောင်မြို့တည်ရာ ဖြစ်သည်။

သျှီလောင်တွင် ကျွန်ုပ်တို့ရှိနေခိုက်မှာပင် မုတ်သုန်မိုး စ,ပြီဖြစ်၍ ရှေ့ခရီးအတွက် စိတ်ပူရပြန်သည်။ အိန္ဒိယ-မြန်မာ နယ်စပ်မှ KIA ဌာနချုပ်ရောက်ဖို့ဆိုလျှင် အနည်းဆုံး ရက် (၆၀) ကြာမည်ဖြစ်၍ ဇူလိုင်လကုန်လောက် ရောက်မည်မှန်းသည်။

ကေဗီဆေးကိုနှင့် မနက်ဖြန် အင်္ဂါနေ့ အချိန်းအချက် ပြုထားရာ တောထဲတောင်ထဲ ရောက်လျှင် နောက်ထပ် အနည်းဆုံး တစ်နှစ်မျှ ဆန်ပြုတ်နှင့် အသီးအရွက်တို့နှင့်သာ လွေးရတော့မည်ဖြစ်သဖြင့် ယခု ဥရောပအစားအစာကို နောက်ဆုံး စားလိုသည်ဖြစ်၍ ထင်းရူးပင်ဟိုတယ်သို့ ကျွန်ုပ်တို့လင်မယားနှစ်ယောက် ထွက်လာခဲ့ကြသည်။ ထင်းရူးပင်ဟိုတယ်ကား အင်္ဂလိပ်မင်းများ လက်ထက်ကတည်းက ဒိတ်ဒိတ်ကျဲဟိုတယ် ဖြစ်ခဲ့သလို ယခုလည်း ယခင်အရည်အသွေးတို့ကို ဆက်လက်ထိန်းသိမ်းထားသည်ဖြစ်၍ နာမည်ကြီးသည်။ ဟိုတယ်အဆောက်အအုံမှာ ကျွန်းသစ်တစ်ဝက်၊ အုတ်တစ်ဝက် (၂) ထပ်တိုက်ဖြစ်ပြီး၊ အပြင်ဘက်ခြံဝင်းကျယ်ကြီးတွင် မြက်ခင်းစိမ်းစိမ်းနှင့် ထင်းရူးပင်တွေ စိုက်ထားသည်။ ကျွန်ုပ်တို့၏ နောက်ဆုံး ဥရောပအစားအစာအဖြစ် ပဲစွပ်ပြုတ်၊ အမဲသားကင်၊ ရှော့ရှ်ရှိုင်း ပူတင်းနှင့် ဘီယာတို့ကို မှာယူပြီး နှစ်ယောက်သား ဝမ်းဖြည့်လိုက်ကြသည်။

ချိန်းဆိုထားသလို နောက်တစ်နေ့တွင် ကေဗီဆေးကို ရောက်လာကြပြီး သျှီလောင်ဘတ်(စ်)ကားဂိတ်အနားမှ ခပ်ကုတ်ကုတ် ကော်ဖီဆိုင်တစ်ဆိုင်တွင် ဆုံကြသည်။

"သတင်းကတော့ ကောင်းတာရော၊ မကောင်းတာရော ပါလာတယ်"

ကေဗီဆေးကိုက ရောက်မဆိုက် ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်သည်။

www.nyisay.com



''နောက်ထပ် ဘာမျှမလွဲချော်နိုင်တော့ဘူးလို့ ထင်ထားပေမယ့် အဖုအထစ်လေးတွေ ရှိနေသေးတယ်''

''ဝမ်းသာစရာကတော့ ဓမ္မပူရနဲ့ ကိုဟီးမားမှာရှိတဲ့ မြေအောက်အဖွဲ့တွေက ခင်ဗျားတို့လာမယ်ဆိုတာ သိတော့ ဝမ်းသာကြတယ်။ ဒါပေမယ့် ဒီအဆင့်မှာ ဌာနချုပ်က ညွှန်ကြားချက်မရှိဘဲနဲ့ သူတို့ဘက်က ဘာမှလုပ်လို့မရသေးဘူး။ ဒါကြောင့် ဗမာပြည် နယ်စပ်မှာရှိတဲ့ မွီးဗာနဲ့ အဆက်အသွယ် ယူပေးမယ်တဲ့''

ထို့နောက် သူကပင် ဆက်၍ ကျွန်ုပ်တို့အနေနှင့် နောက်ထပ်ညွှန်ကြားချက်ကို စောင့်ဖို့နှင့် ဖြစ်နိုင်လျှင် သျှီလောင်မှာ နောက်ထပ် တစ်ပတ် (သို့) နှစ်ပတ် ဆက်နေဖို့ ပြောရာ သျှီလောင်တွင် ကျွန်ုပ်တို့ကို တစ်ပတ်သာခွင့်ပြုထားသလို အိန္ဒိယဗီဇာသည်ပင် ကုန်ဆုံးတော့မည်ဖြစ်၍ ဤ၌ ဆက်နေဖို့ဆိုသည်မှာ မဖြစ်နိုင်၊ ဒီထက်ဆိုးတာက ကျွန်ုပ်တို့မှာ ပိုက်ဆံလက်ကျန် သိပ်မရှိတော့။

ကျွန်ုပ်တို့အားလုံး ခြေကုန်လက်ပန်း ကျသွားကြသော်လည်း ရွေးစရာမရှိ။ ကာ(လ်) ကတ္တားသို့ ပြန်ပြီး ဗီဇာသက်တမ်းတိုး၍ ငွေရှာဖို့သာရှိသည်။ ယခုအထိ ကျွန်ုပ်တို့ ပါမစ်ကို မည်သူကမျှ အရေးတယူ စစ်ဆေးခြင်းမရှိသေးသဖြင့် စိုးရိမ်စရာတော့မလို။ ပါမစ်တွင် မှတ်ချက်ရေးခြင်းလည်း မရှိသဖြင့် လိုအပ်လျှင် မေလ (၅) ရက်ကို ဇွန်လ(၆) ရက်သို့ ပြောင်းလိုက်ပြီး ယခုပါမစ်နှင့်ပင် ပြန်သွားနိုင်သည်။ NSCNမှ အကြောင်းပြန်ကြားချက်ရဖို့ တစ်လမျှတွက်ထားပြီး ကာ(လ်)ကတ္တားတွင် ဗီဇာတိုးဖို့ စီစဉ်ရမည်ဖြစ်သည်။

သျှီလောင် ဘူတာရုံလက်မှတ်စာရေး၏ အဆိုအရ ဂူဝါဟာဒီမှ ကာ(လ်)ကတ္တားသို့ ဘွတ်ကင်ပြည့်သွားပြီဆိုသဖြင့် အရေးပေါ် လေယာဉ်လက်မှတ် (၂) စောင် ဝယ်ပြီး ကေဗီဆေးကို ကို နှုတ်ဆက်လိုက်သည်။ ကေဗီဆေးကိုက NSCNမှ ညွှန်ကြားချက်ကို စောင့်ယူဖို့ ဓမ္မပူရသို့ ပြန်မည်ဖြစ်သည်။ သူနှင့် ကျွန်ုပ်တို့ ဆက်သွယ်ရာတွင် ကြေးနန်းဖြင့် ဆက်သွယ်ပြီး လျှို့ဝှက်ကုဒ်အဖြစ် ရထားခရီးပေါ် မူတည်၍ ဗာရာဏသီဆိုလျှင် ဂူဝါဟာသီ၊ ဘုံဘေဆိုလျှင် ဓမ္မပူရဟု နားလည်ဖို့ စီစဉ်ထားသည်။ သို့ဖြင့် ဗြဟ္မပုတ္တရမ္မကီလိုမီတာ (၂၀) ဝေးသော ဘို့ဂျားလေယာဉ်ကွင်းသို့ တက္ကစီတစ်စီး ငှားပြီး ကျွန်ုပ်တို့ ကသောကမျော ပြန်လာခဲ့ကြသည်။

ယခု မိုးကျလာပြီဖြစ်ရာ နောက်ထပ် တစ်လစောင့်ဖို့ဆိုသည်မှာ ကျွန်ုပ်တို့အတွက် အတော်ပင် အခက်တွေ့လိမ့်မည်။ ဆိုင်နောင့်၏ ကိုယ်ဝန်ကလည်း ခြောက်လပြည့်ပြီ။ အမှန်အားဖြင့် ဇွန်လမှာ မြန်မာနယ်စပ်ရောက်ဖို့ ကျွန်ုပ်တို့ မျှော်လင့်ထားကြသည်။ ဘယ်လိုပင် အားတင်းထားကြပါသော်လည်း ကျွန်ုပ်တို့မျက်နှာတွေပေါ်မှာ စိတ်ဓာတ်ကျသည့် အရိပ်ယောင်တွေ ပေါ်လွင်နေသည်။

လေယာဉ်ကွင်းရောက်လာသည့်အခါ လေယာဉ်က ပြေးလမ်းပေါ်မှာ စောင့်နေဆဲ။ သို့ပေမယ့် ကျွန်ုပ်တို့ကို ဝင်ခွင့်မပြု၊ လေယာဉ်စီးခရီးသည် ချောင်ချောင်ချိချိ ရှိနေပါ

www.nyisay.com



သော်လည်း ဘွတ်ကင်ကောင်တာကို ပိတ်ထားသဖြင့် ခရီးသည်စာရင်းတွင် ကျွန်ုပ်တို့ ထပ်ထည့်ပေးဖို့ စာရေးတွေကို အမျိုးမျိုးတောင်းပန်သော်လည်း မရ။ မျက်နှာမှုန်မှုန် သုန်သုန်နှင့် စာရေးတစ်ယောက် စူစူဆောင့်ဆောင့်နှင့် တုံ့ပြန်သည်။

''မရတော့ဘူး... မရတော့ဘူး... ကောင်တာပိတ်သွားပြီ၊ နောက်လေယာဉ်ကို စောင့်ပါ၊ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းကို မဖျက်နိုင်ဘူး''

ကျွန်ုပ်ဘက်က (၁၅) မိနစ်ခန့် တွန်းတွန်းတိုက်တိုက် ပြောပါသော်လည်း အကြောင်းကမထူး၊ နောက်ထပ် (၄) နာရီသာ စောင့်ရပေတော့မည်။ သို့သော် ပြဿနာက စလေပြီ၊ ဧည့်ခန်းဆောင်တွင် ကျွန်ုပ်တို့စောင့်နေခိုက် အရပ်ဝတ်ကို စမတ်ကျကျဝတ်ထားသူနှစ်ယောက် ကျွန်ုပ်တို့ဆီ လျှောက်လာနေရာ သူတို့ပုံပန်းကို ကြည့်ရုံနှင့် အစိုးရအရာရှိတွေမှန်း သိသာသည်။

''ကျေးဇူးပြုပြီး ခင်ဗျားတို့ ပါမစ်ကို ကြည့်ပါရစေ''

ကျွန်ုပ်တို့နှစ်ယောက်အမည်နှင့် ပေးထားသော ပါမစ်နှင့် ပတ်စပို့တွေကို ထုတ်ပေးလိုက်သည်။

''ဒီကို ဘယ်လို ရောက်လာတာလဲ၊ ပါမစ်မှာ ခင်ဗျားတို့ရောက်တဲ့အကြောင်း ဘာမှ ရေးမထားဘူး''

''ကျွန်တော်တို့က လေယာဉ်နဲ့လာတာမဟုတ်ဘူး၊ ရထားနဲ့လာတာပါ''

''အော်... ဒါကြောင့်ကိုး''

အရာရှိက ပြုံး၍ နီးရာရဲစခန်းမှာ အကြောင်းကြားသင့်ကြောင်း ပြောရင်း ပတ်စပို့နှင့် ပါမစ်တွေကို ဂရုတစိုက် စစ်ဆေးနေပြီး ဘေးမှ သူ့အဖော်က မှတ်စုစာအုပ်လေးထဲမှာ အသေးစိတ် ရေးမှတ်နေသည်။ သူတို့နှစ်ယောက်လုံး ထောက်လှမ်းရေးအရာရှိတွေဖြစ်မှာ သေချာသည်။ နှစ်ယောက်ထဲက စီနီယာကျမည် ထင်ရသော အရာရှိက ဘောလ်ပင်ဖြင့် ပါမစ်စာရွက်နောက်ကျောတွင် ရေးလိုက်သည်။

''ဘို့ဂျားလေဆိပ်မှ JJ ရက် မေလ ၁၉၈၅ တွင် ထွက်ခွာ''

သေစမ်း!...စိတ်ထဲက ကျွန်ုပ် ရေရွတ်လိုက်သည်၊ အဲ့ဒါမှ တကယ့်ပြဿနာ၊ အထိတ်တလန့် ဖြစ်သွားသော ကျွန်ုပ်မျက်လုံးတွေကို ဖုံးကွယ်ဖို့ ဆိုင်နောင့်နှင့် မျက်နှာလွှဲလိုက်ရပြီး အရာရှိထံမှ အထောက်အထားတွေ ပြန်ယူရင်း ကျေးဇူးတင်ကြောင်း အားတင်းပြောလိုက်ရသည်။

ကျွန်ုပ်တို့ လိုက်ပါလာသော လေယာဉ် ပြေးလမ်းမှ ပျံတက်ချိန်တွင် နေ့အလင်းတို့ ပြိုကွဲစပြုလေပြီ။ ယခု ကျွန်ုပ်တို့ခရီးကား ကာ(လ်)ကတ္တားသို့ နောက်ပြန်လှည့်ရပြန်ပါ၏။

○

www.nyisay.com

# ကာ(လ်)ကတ္တား

ယခုအထိ ကျွန်ုပ်တို့ မရှုံးနိမ့်သေးပါဟု တစ်ယောက်နှင့် တစ်ယောက် ဘယ်လိုပင် အားပေးစေကာမူ ခရီးအတော်ပေါက်ပြီးခါမှ တပ်ခေါက်ပြန်ရသဖြင့် ကျွန်ုပ်တို့ နှစ်ယောက်လုံး စိတ်လက်မအီမသာဖြစ်ရသည်။ ဒမ်ဒမ်သို့ လေယာဉ်ဆင်းချိန်တွင် မိုးဖွဲဖွဲလေးကျလျက် အမှောင်ထုက ဆီးကြိုနေသည်။ ဈေးကြီးကြီးပေးငှားခဲ့ရသော တက္ကစီဖြင့် သည်းသည်းအုပ်အုပ် လူစည်ကားရာ ကာ(လ်)ကတ္တား လမ်းမတွေ့ပေါ်မှ ဆတ်(ဒ်)ဒါလမ်း ရောက်သည့်အခါ ယခင် ကျွန်ုပ်တို့တည်းခိုဖူးသော ကယ်တင်ခြင်းတပ် ဒိုင်းနီကြီး ဧည့်ရိပ်သာကား လူပြည့်နေပြီဖြစ်၍ လမ်းတစ်ဖက်မှ ပိုက်ဆံဖြုန်းနိုင်သူတွေ တည်းခိုသော Fairlawn ဟိုတယ်မှာ တည်းလိုက်ရသည်။ မတတ်နိုင်၊ ကျွန်ုပ်တို့ နှစ်ယောက်လုံး စိတ်ရောလူရော ပန်းနေလေပြီ။ သို့ပေမယ့် ခရီးဆိုက်ပြီး ရက်အနည်းငယ်အတွင်းမှာပင် ကာ(လ်)ကတ္တားမှ မွဲခြောက်ခြောက်နှင့် ညစ်ထေနေသော ရုံးပြင်ကနားတို့တွင် ဆောင်ရွက်စရာတို့ကို ပြေးပြေးလွှားလွှားနှင့် ရက်အနည်းငယ်မျှ လုပ်ကိုင်ပြီး လက်စသတ်လိုက်သည်။ အိန္ဒိယရုံး၊ ဌာနကိစ္စများ ဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုမှာ နာမည်ကြီးလှသော်လည်း ကျွန်ုပ်တို့၏ အိန္ဒိယဗီဇာကိုမူ လွယ်လွယ်ကူကူနှင့်ပင် ကုန်ဆုံးတော့မည့် ဇွန် (၁) ရက်မှ ဇူလိုင် (၁) ရက်သို့ တိုးနိုင်ခဲ့သည်။

နောက်ထပ် ဖြေရှင်းရမည့် ပြဿနာမှာ ငွေကြေးဖြစ်သည်။ ဤတစ်ကြိမ်တွင်လည်း လက်ကတုံးတောင်ဝှေး အားကိုးအားထားပြုခဲ့ရပါသော ကျွန်ုပ်၏ Information ဒိန်းမတ်သတင်းစာတိုက်ကပင် နောက်ထပ် ငွေလွှဲပေးလိုက်သဖြင့် ကာ(လ်)ကတ္တား ဒါ(လ်)ဟိုဇီစကွဲယားမှ အမေရိကန်ဘဏ်ခွဲတွင် ထုတ်ယူခဲ့ရာ ယခု ကျွန်ုပ်တို့လက်ထဲတွင် ငွေလေးကြေးလေး ရှိလာပြီ ဆိုပြန်တော့ ဟန်ကျပန်ကျနှင့် ဥပဒေဘက်တော်သားတွေ ဖြစ်သွားပြန်သည်။

သို့ပေမယ့် သျှီလောင်သို့ ခရီးသွားခွင့်ပါမစ်ကို နောက်ထပ် တရားဝင်နည်းဖြင့် မရနိုင်တော့ကြောင်း မကြာမီ ကျွန်ုပ် သဘောပေါက်လာသည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ရုပ်ဆယ်လမ်းမှ မက်ဂါလာရာရုံးသို့ သွားစုံစမ်းရာ ယခင်တစ်ခေါက်က

www.nyisay.com



ကျွန်ုပ်တို့ကို အကူအညီပေးခဲ့ဖူးသူ ခါဆီအမျိုးသားအရာရှိနှင့် တွေ့ဆုံပြီး ဒီလိုဒီအကြောင်း မေးမြန်းကြည့်ရာတွင် သျှီလောင်သို့ ကျွန်ုပ်တို့ သွားရောက်ခဲ့သည်ကို သိရသဖြင့် သူ့အနေနှင့် ဝမ်းသာဝမ်းနည်း ဖြစ်ရပါသော်လည်း နောက်တစ်ကြိမ် ပြန်သွားဖို့ ပါမစ် လျှောက်လိုသည်ကိုတော့မူ သူ့ဘက်က သဲသယရှိလာဟန်တူသည်။ ကျွန်ုပ်တို့အနေနှင့် သျှီလောင်မြို့လေးကို အလွန်တရာသဘောကျပါသဖြင့် နောက်ထပ်တစ်ခေါက် သွားချင် ပါကြောင်း ပြောသည့်အခါ အရာရှိက သူ့သဘောထားကို အရိပ်အမြွက်မျှသာ ထုတ်ပြသည်။

"ခင်ဗျားတို့ အဲ့ဒီကို ခဏ၊ ခဏ သွားနေရင် အာဏာပိုင်တွေဘက်က သံသယဝင်လာမှာပေါ့၊ နောက်တစ်ခါ ပါမစ်ရဖို့ဆိုတာ မလွယ်ပါဘူး"

သို့ဆိုလျှင် ကျွန်ုပ်တို့ ဘာလုပ်ကြမည်နည်း။ ဟိုတယ်သို့ ပြန်ရောက်လာပြီး စမ်းတဝါးဝါးနှင့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ပါမစ်စာရွက်ပေါ်က ရက်စွဲကို ပြင်မည်။ မေ (၅) ရက်နေ့အစား ဇွန် (၆) ရက်နေ့ လုပ်မည်။ သို့ဖြစ်၍ လမ်းထောင့်ဆေး ဆိုင်မှ အစွန်းချွတ်ဆေး ပုလင်းလေးတစ်လုံး ဝယ်သည်။ ဆေး၏ မူလအသုံးမှာ အမျိုး သမီးတွေ ဆံပင်ဆေးဆိုးလျှင် (သို့) အင်္ကျီတွေ စွန်းထင်သွားလျှင် ဖျက်ဖို့ ဆေးမျိုးဖြစ်သော်လည်း စာရွက်ပေါ်မှ ဘော(လ်)ပင်မင်ကိုကား အံတုမရ၊ ဆေးမတိုး၊ ဘော(လ်)ပင်မင်ကတင်းခံနေသည်။ သို့နှင့် နောက်ထပ်တစ်မျိုး လှည့်ကြံရပြန်သည်။ ကျွန်ုပ်တို့ကို ဗီဇသက်တမ်းတိုးဖို့ ခွင့်ပြုလိုက်သည်ဆိုသော်လည်း ပတ်(စ်)ပို့စာအုပ်မှာ ဆီးလ်တံဆိပ် မနှိပ်ရသေး၊ ဗီဇာသက်တမ်းတိုး ခွင့်ပြုမိန့်မှာ တံဆိပ်တုံးတွေ၊ လက်မှတ်တွေပါသော စာရွက် အခေါက်လေးတစ်ခုဖြစ်ပြီး ၄င်းတွင် အိန္ဒိယလူဝင်မှုကြီးကြပ်ရေး ဥပဒေအပါအဝင် ကျွန်ုပ်တို့၏ ခါတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များလည်း ထည့်သွင်းထားသော အထောက်အထားစာရွက်များ ပါဝင်လေရာ စောစောက ပါမစ်ပါရက်စွဲကို ဖုံးကွယ်စေဖို့ အတွက် ဗီဇာခွင့်ပြုမိန့် အထောက်အထား စာရွက်စာတမ်းများနှင့် ပါမစ်ကို တွဲကာ ချုပ်စက်နှင့်တွဲချုပ်လိုက်သည်။

ဆိုခဲ့သလို ကြံဖန်ပြီးနောက် ကျန်ရှိနေသေးသည့်အလုပ်မှာ ကေဗီဆေးကို,ကို ဆက်သွယ်ပြီး ဘို့ဂျားလေဆိပ်တွင် ဖြစ်ခဲ့သည်တို့ကို သတင်းပို့ရမည်ဖြစ်၍ ဒါ(လ်)ဟိုဇီ, ဟောက် စကွဲယားမှ ကြေးနန်းရုံးသို့ ကျွန်ုပ်တို့ထွက်လာခဲ့ကြသည်။ ကာ(လ်)ကတ္တားသို့ အမြန်လာဖို့ ကြေးနန်းစာရေးပြီး ဆိုင်နောင့်တစ်ယောက်တည်း ရုံးအတွင်းဝင်သွားသည်။ နာဂတစ်ယောက်နှင့် ဆက်သွယ်ရမည့်ကိစ္စတွင် ဆိုင်နောင့်အနေနှင့် ပို၍လွယ်ကူမည်ဖြစ်၍ ကျွန်ုပ်က ကြေးနန်းရုံးအပေါက်ဝတွင် စောင့်ကျန်ခဲ့သည်။ ကြေးနန်းပေးပို့သူနေရာတွင် နာဂအမျိုးသမီးအမည်ကို ဖြည့်လိုက်ပြီး ကြေးနန်းကို ချစ်သူတစ်ယောက်ဆီ ပို့သည့်အနေနှင့် ဆိုင်နောင့်က ယခုလို ရေးလိုက်သည်။

"အချစ်... ကေဗီဆေးကို... ရှင့်ကို ကျွန်မလွမ်းတယ်၊ ကာ(လ်)ကတ္တားကို အမြန်ဆုံး လာခဲ့ပါ၊ ကျွန်မတို့ အနာဂတ်အတွက် ဆွေးနွေးစရာတွေရှိတယ်"

www.nyisay.com



ကြေးနန်းစာအရ ကေဇီဆေးကိုအနေနှင့်အရေးပေါ်အခြေအနေမှန်း သဘောပေါက်ပေလိမ့်မည်။ ထို့နောက် ဟိုတယ်သို့ ကျွန်ုပ်တို့ပြန်လျှောက်လာကြသည်။ ယခု အခြေအနေအားလုံး အသင့်အနေအထား ရောက်လာပြန်သည်။ ကျွန်ုပ်တို့လက်ထဲတွင် တရားဝင်သက်တမ်းတိုးဗီဇာရှိသည်။ အကြံအဖန်လုပ်ထားသော်လည်း အသုံးတည့်မည်ထင်ရသည့် ပါမစ်ရှိပြီး ငွေကြေးအလုံအလောက်ရှိပြီ။ ကေဇီဆေးကိုနှင့် အဆက်အသွယ်ရလျှင်ထ,သွားရုံသာ။

သို့ပေမယ့် ရက်အတော်ညောင်းသည်အထိ သူထံမှ လူလည်းမလာ၊ သတင်းလည်းမပါး။ ထိုအတောအတွင်း အခန်းတစ်ခန်း လွတ်သွားသဖြင့် ကယ်တင်ခြင်းတပ် ဒိုင်းနိုကြီး ဧည့်ရိပ်သာသို့ ပြောင်းရွှေ့လိုက်သည်။ ယခု ဟိုတယ် အခန်းခထက်စာလျှင် ဒိုင်းနိုကြီးက အဆမတန် ဈေးချိုသာသည်မဟုတ်လား။ နောက်ထပ်ကံကောင်းတာက ယခု ကျွန်ုပ်တို့ ရလိုက်သောအခန်းမှာ ဧည့်ရိပ်သာ အဆောက်အအုံကြီး၏နောက်ဘက် တစ်ထပ် အဆောက်အအုံအတွင်းဖြစ်၍ တိတ်ဆိတ်ပြီး လွတ်လပ်သည်။ ဘာမျှမဟုတ်လျှင်တောင် ညရေးညတာမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ကြရသည်။ သို့ပေမယ့် မနက်မိုးလင်းလာလျှင်တော့ သတင်းစာ လက်ပွေ့ရောင်းသူတစ်ယောက်ကြောင့် မဖြစ်မနေ အိပ်ရာကထရတော့သည်။ မထလို့လည်းမဖြစ်၊ လူလတ်ပိုင်းအရွယ်၊ အိန္ဒိယဝတ်စုံပွပွကြီး ဝတ်လေ့ရှိသော ထိုသူမှာ အဆင်အခြင်မရှိ၊ သည်းမခံနိုင်လောက်အောင် အောက်ကျိုနှိမ့်ချပြီး သတင်းစာရောင်းဖို့သာသိသည်။ မနက် (၆) နာရီထိုးလျှင် ကျွန်ုပ်တို့ အခန်းတံခါးကို အပြင်က တဒုံးဒုံးနှင့်ထုမည်။ ကျွန်ုပ်တို့ အိပ်နေသေးလျှင် တံခါးသော့ကျင်ကို တံခါးနှင့် တချောက်ချောက် ရိုက်မည်။ နောက်ဆုံး ကျွန်ုပ်က အိပ်ရာက ဒယီးဒယိုင်နှင့်ထ, တံခါးဖွင့်ပြီး သတင်းစာ တစ်စောင်ဝယ်ယူသည့်အခါ သူက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း လောကွတ်စကားဆိုမည်။

"ဆြာ..ဆြာ..သိုင်းကျူး...သိုင်းကျူး..သိုင်းကျူး...ဆြာ..။ သတင်းစာအရောင်းသမားပြီးလျှင် နောက်ထပ် အာရုံနောက်တတ်သူက ပလွေအရောင်းသမားဖြစ်သည်။ ဈေးပေါပေါ တည်းခိုခန်းတွေရှိရာ ဆတ်(ဒ်)ဒါလမ်းတစ်လျှောက် ပလွေမှုတ်ရင်း၊ တေးသွားအလိုက်အတိုင်း လမ်းလျှောက်၍ ပလွေရောင်းသူဖြစ်သည်။ သူထံမှ ကျွန်ုပ်တို့က ပလွေတစ်ချောင်းမျှ မဝယ်၊ သို့ပေမယ့် သူဘက်က မျှော်လင့်ချက်ကို တော်တော်နှင့်မစွန့်၊ ကျွန်ုပ်တို့ အခန်းအပြင်တွင် ပလွေသံတပီပီနှင့် ရစ်နေတတ်သည်။

ကာ(လ်)ကတ္တား၏ အပူချိန်ကား တဖြည်းဖြည်း တက်လာသလို စိုထိုင်းဆလည်းမြင့်လာသည်။ ကျွန်ုပ်တို့ရောက်လာချိန် မတ်လတွင်မူ နေသာထိုင်သာ ရှိပါသော်လည်းမေနှင့် ဇွန်လများတွင်ကား မုတ်သုန်ဝင်လာပြီဖြစ်၍ မြို့ကြီးတစ်ခုလုံး အိပ်မက်ခြောက်လို ခြောက်လာသည်။ လမ်းတိုင်းလိုလို ရေမြုပ်နေရုံသာမက အမှိုက်သရိုက်တွေကြားမှာ နောက်ဖေးလမ်းတွေက ထွက်လာသော လူနှင့်တိရစ္ဆာန်မစင်တုံးတွေ ပေါလောမျောနေရာတစ်လမ်းလုံး ပုတ်စော်၊ ချဉ်စော် ဟောင်စပ်နေသည်။ ရေလွှမ်းနေပေမယ့် အပူချိန်က မကျ၊ အိုက်စပ်စပ်၊ ရေဆိုးအန့်ဆိုးတွေကလည်း တလောင်းလောင်း၊ ပျို့ချင်အန်ချင်စိတ်

www.nyisay.com



ပေါက်လာသဖြင့် ကိုယ့်အခန်းထဲကိုယ်ဝင် တံခါးပိတ်ထားလျှင်တော့ ဖြေသာသလိုလို ရှိပါသော်လည်း နောက်ဒုက္ခက မုန်တိုင်းတွေကြောင့် မကြာခဏ မီးက ပျက်ပြန်ရာ ပန်ကာမရှိ၊ မီးမရှိ၊ ဖယောင်းတိုင် ထွန်းပြန်လျှင်လည်း မီးအလင်းကြောင့် အခန်းထဲမှာ ပိုပူလာပြန်ရာ၊ မှောင်မှောင်မဲမဲ၊ အိပ်ရာထက်မှာသာ လှဲနေကြရင်း ခေါင်မိုးပေါ်ထိ မှန်လာသည့် မိုးသံလေသံတွေကိုသာ နားထောင်နေရသည်။ အပြင်တွင်ကား မိုးကြိုးခြိမ်းသံတွေက တဟိန်းဟိန်း၊ လျှပ်စီးတွေက တပြက်ပြက်၊ တစ်ချက်တစ်ချက် ဖြတ်ကနဲ ထင်းကနဲ အလင်းမှာ မျက်နှာကျက်နှင့် နံရံတွေပေါ်က အက်ကြောင်းတွေ မြင်လိုက်ရပြီး တစ်ဆက်တည်းမှာပင် မိုးကြိုးပစ်သံကြီး ဒိန်းကနဲ ခြိမ်းကနဲ ဆက်လာပြန်တော့သည်။

ညဘက် မီးပျက်လျှင် ပန်ကာမရှိဘဲ မအိပ်နိုင်ကြသဖြင့် Fairlawn လို အကောင်းစား ဟိုတယ်တွေမှာ အရေးပေါ်အတွက် ကိုယ်ပိုင်မီးစက်တွေ အသင့်ရှိထားကြပါသော်လည်း ကျွန်ုပ်တို့နေရာနှင့် ကျွန်ုပ်တို့အဖြစ်ကား မီးပျက်လျှင် အမှောင်ထဲမှာ ချွေးတဒီးဒီးနှင့် ငုတ်တုတ်ထိုင်လျက် လမ်းတစ်ဖက် Fairlawn ဟိုတယ်ကြီးမှ ဂျင်နရေတာ မီးစက်မောင်းသံကို နားထောင်နေရုံမှတစ်ပါး အခြားမရှိတော့ပြီ။

အကယ်၍ ညဘက် မီးပျက်ချိန်တွင် မိုးမရွာခဲ့လျှင်တော့ ကျွန်ုပ်တို့ လင်မယားနှစ်ယောက် ခေါင်မိုးပေါ်တက်ကြသည်။ အဆောက်အအုံအမိုးမှာ ကွန်ကရစ်စလက်ပြားဖြစ်ပြီး အတက်အဆင်းအတွက် လှေကားရှိသည်။ ခေါင်မိုးပေါ်မှာ လေကောင်းလေသန့်ရှင်သဖြင့် ကာ(လ်)ကတ္တားမြို့ကြီးမှာ လေထုညစ်ညမ်းမှုမရှိသည့် နေရာလေးတစ်နေရာလို့ ပြောရမည်။ နောက်ပိုင်းတွင် ဆိုင်နောင့်က မိုးမရွာလျှင် ညတိုင်း ခေါင်မိုးပေါ်တက်ပြီး ကိုယ်လက်လှုပ်ရှားမှုနှင့် အသက်ရှူလှေ့ကျင့်ခန်းယူသည်။ ယခုဆိုလျှင် ဆိုင်နောင့်၏ ဗိုက်ကလေးကား ထင်သာမြင်သာ စူထွက်လာလေပြီ။

နေ့ဘက်တွင်မူ အခန်းတွင်းက အပူသည်ဒုက္ခက ကင်းဝေးဖို့ အပြင်ထွက်၍ ဟိုဟိုဒီဒီ လျှောက်သွားနေတတ်ကြရာ အများအားဖြင့် နံနက်ပိုင်းတွေမှာ ဆတ်(ဒ်)ဒါလမ်းတစ်ဖက်ထိပ်တွင်ရှိသော ဘလူးစကိုင်း စားသောက်ဆိုင်သို့သွား၍ နံနက်စာစားကြသလို တစ်ခါတစ်ခါတော့လည်း လမ်းတစ်ဘက်မှ အကောင်းစား ဟိုတယ်ပေါ်တက်ပြီး ဝက်ပေါင်ခြောက်၊ ကြက်ဥနှင့် လက်ဖက်ရည်တို့ကို ကြိတ်ကြသည်။

ဘလူးစကိုင်း စားသောက်ဆိုင်ကား ဂျပန်နှင့် အနောက်တိုင်းမှ ကကျိုးကကျောင် ဗရုတ်သုတ်ခ တိုးရစ်တွေ ကျက်စားရာဖြစ်သည်။ အချို့ဆိုလျှင် ညစ်စုတ်၊ ပေစုတ် ဘောင်းဘီပေါ်မှာ ခေါင်းလောင်းလေးတွေ သီထားသည်။ သူတို့က ဂျုံကြမ်းပေါင်မုန့်စားပြီး သစ်သီးဖျော်ရည်သောက်သည်။ ပြီးလျှင် မူးယစ်ဆေးဝါး မှီဝဲတတ်ကြရာ၊ အဆိုပါဆိုင်မှာ အမြဲ လူစည်နေပြီး စားပွဲထိုးတို့၏ ခေါ်သံ၊ အော်သံတွေကြားမှာ ခရစ်သျှနားမူရံတီး (သို့) ကားလို့(စ်)ကာစတာနေဒါတို့ ဒဿနတွေကို ဆွေးနွေးဖို့ အားယူနေကြသည်။

ဘလူးစကိုင်း အခင်းအပြင် အနေအထားနှင့် ပြောင်းပြန်ကား Fairlawn ဖြစ်သည်။ လုံးဝဆိတ်ငြိမ်နေသော ပတ်ဝန်းကျင်နှင့် ကိုလိုနီခေတ်စတိုင် အင်္ဂလိပ် အဆောက်အအုံကမူ

www.nyisay.com



ကူနွှေးကြီးသည်။ အုတ်တံတိုင်းဝင်းခြံနှင့် ပန်းခြံတို့ကလည်းပန်းရနေရာ၊ ထုံးစံအတိုင်း ငွေကြေးချမ်းသာသူတို့နှင့် ရှေးအယူအစွဲ မကုန်သူတို့ မျက်စိကျရာ ဖြစ်သည်။

ဟိုတယ်ပိုင်ရှင်ဖြစ်သူ မစ္စတာစမစ်ကား ဒုတိယကမ္ဘာစစ်အတွင်းက အင်ဖာနှင့် မဏိပူရတိုက်ပွဲတွေမှာ တိုက်ပွဲဝင်ခဲ့သူ ဗြိတိသျှစစ်တပ်အရာရှိဟောင်း တစ်ဦးဖြစ်ပြီး၊ သူဇနီးမှာ ကာ(လ်)ကတ္တားဇာတိ အာမေနီယန်သူဖြစ်သည်။ သို့ပေမယ့် သူမကား စတိုင်နှင့် စကားအပြောအဆိုတွင် အင်္ဂလိပ်အမျိုးသမီးတွေထက်ပင် ဗြိတိသျှဆန်နေသေးတော့သည်။ သူတို့နေအိမ်မှာ အခြားတစ်နေရာတွင်ရှိပြီး၊ လုပ်ငန်းခွင်တွင် မမြင်မတွေ့ရသော်လည်း၊ ညနေဆိုလျှင် မီးခိုးရောင်ဖိမ်ခံ အင်ဗယ့်ဆဒါ မော်တော်ကားကြီးနောက်ခန်းမှာ ခန့်ခန့်ကြီး ထိုင်ပြီး အမွေးစုတ်ဖွား ခွေးပုလေး (၂) ကောင်နှင့် ဟိုတယ်ကို ရောက်လာပြီး ဧည့်သည်တွေကို ဧည့်ခံတတ်သည်။ ရောက်လာသည့်အခါတိုင်း ညစာအတွက် ဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်ထားပြီး စကားပြောလျှင် အစွပ်၊ စွပ်ထားသော စီးကရက်ကို လက်တစ်ဖက်နှင့် ဟန်ပါပါသောက်ရင်း ဟန်တစ်လုံး၊ မန်တစ်လုံးနှင့် ပြောသည်။ တစ်ခါတစ်ခါ စကားကို ရပ်လိုက်ပြီး သားသားနားနား ယူနီဖောင်းကို စမတ်ကျကျ ဝတ်ထားသော ဟိုတယ်ဝန်ထမ်းတွေကို ဘင်္ဂလီဘာသာဖြင့် အမိန့်ပေးတတ်သေးသည်။ ဧည့်သည်အများစုမှာ တိုးရစ်တွေဖြစ်ပြီး ကာ(လ်)ကတ္တား၏ ဗြိတိသျှကိုလိုနီခေတ် နေဝင်ဆည်းဆာ အကြောင်း စားမြိန်ပြန်ပြသည်ကို ကြားချင်သူတွေများသည်။ တချို့ဆို ဟိုတယ်မှာနေထိုင်သူတွေလည်းပါသည်။ ဤ၌ ရယ်စရာကောင်းသည်က ကိုလိုနီခေတ်အလွမ်းကို သောတနားဆင်လိုသူတွေထဲမှာ ရုရှားဆိုဗီယက်တွေ ပါသလို အရှေ့ဥရောပက လူတွေလည်း တွေ့ရတတ်ပြီး သူတို့ကား အနောက်ဘင်္ဂလား ကွန်မြူနစ်အစိုးရအတွက် အကြံကောင်း ဉာဏ်ကောင်းလာပေးနေသူတွေပဲဖြစ်သည်။

သူတို့အကြောင်းနှင့်ပတ်သက်ပြီး စမစ်တို့ ဇနီးမောင်နှံတို့ထံမှ ဘာစကားမှ မကြားရသော်လည်း ဆိုခဲ့သလို လှုပ်ရှားမှုများမှာ အနောက်ဘင်္ဂလားပြည်နယ်အတွက် မကောင်းသော အတိတ်နိမိတ်အဖြစ် သဘောထားကြသည်ကို ရှင်းရှင်း သိမြင်နိုင်ပါ၏။ ကျွန်ုပ်တို့ ထိုဟိုတယ်တွင် အချိန်ကြာကြာနေထိုင်သူများလည်း ရှိရာ ယင်းတို့အထဲက မှတ်မှတ်ရရရှိသူ လူငယ်တစ်ဦးမှာ တိုနီဖြစ်သည်။ တိုနီသည် ဩစတြေးလိယန်တစ်ယောက်ဖြစ်ပြီး ဟောင်ကောင်တွင် အခြေချလျက် အလွတ်တန်း ခါတ်ပုံဆရာတစ်ယောက်ဟု သိရသော်လည်း ကျွန်ုပ်တွေ့ဖူး၊ သိဖူးခဲ့ပါသော ဓာတ်ပုံလောကသားတွေလို မဟုတ်ဘဲ ငွေကို တရွှမ်းရွှမ်းနှင့် သုံးနေဖြုန်းနေသဖြင့် တိုနီကို ကျွန်ုပ်တို့ သံသယဖြစ်ရသည်။ သူပြောသလို ဓာတ်ပုံဆရာတစ်ယောက်တော့ မဖြစ်နိုင်၊ အခြားလုပ်ငန်းတစ်ခုခုနှင့် ပတ်သက်နေသူ ဖြစ်ရမည်။

www.nyisay.com



သို့ပေမယ့် အခြား သူလိုကိုယ်လို တိုးရစ်တွေထက်စာလျှင် ကျွန်ုပ်တို့ ကာ(လ်) ကတ္တားမှာ ရက်အကြာဆုံးနေထိုင်ခဲ့ကြသည်။ တစ်ပတ်က နှစ်ပတ် ကိုယ့်ကြောင်းနဲ့ ကိုယ် နေ,နေရပါသော်လည်း ကေဇီဆေးကိုထဲမှ စာမလာ၊ သတင်းမကြားရသဖြင့် သောင်တင်နေကြသည်။ ဤ၌ အိန္ဒိယနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်များကလည်း အလွန်ဆိုးရွားလာရာ ငွေလွဲတာ မရောက်သေးလို့ စောင့်နေရပါတယ် ဟူသော စကားမှာ ကျွန်ုပ်တို့အတွက် အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်လာသည်။ ကာ(လ်)ကတ္တားမှာ ယခုလို နေဖို့ဆိုလျှင်လည်း အကြောင်းပြချက်ကောင်းတစ်ခု ရှိထားဖို့ လိုသည်။ ကာ(လ်)ကတ္တားက နယူးဒေလီလိုမဟုတ်၊ နယူးဒေလီမှာ နိုင်ငံခြားသားအရေအတွက် များသည်နှင့်အညီ၊ မြို့ကြီးက ကျယ်ဝန်းသဖြင့် တစ်နေရာမှာ သံသယရှိလာလျှင် အခြားတစ်နေရာသွားနိုင်သည်။ သို့ပေမယ့် ဒီမှာက မြို့ဧရိယာကျဉ်းပြီး မြို့ခံလူဦးရေ များနေသဖြင့် နိုင်ငံခြားခရီးသည်တွေအတွက် သွားစရာလာစရာ အလွန်နည်းလှရာ တည်းခိုစရာဆို၍ ဆတ်(ဒ်)ဒါလမ်းနှင့် အိန္ဒိယပြတိုက်အရှေ့ဘက်မှ မကောင်းမကန်း တိုက်တာနှင့် ပြိုပျက်နေသည့် ရပ်ကွက်ထဲက တည်းခိုခန်းတွေသာ ရှိသည်။ သို့ဖြစ်၍လည်း ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ဝေါ်ကီတော့်ကီ ခါးချိတ်ထားသော အရပ်ဝတ်နှင့် ပုလိပ်တွေကို မကြာမကြာတွေ့ရတတ်ပြီး ၄င်းတို့အနေနှင့် တရားမဝင် ငွေကြေးရောင်းဝယ်သူတွေ၊ မှောင်ခိုသမားတွေနှင့် ဗီဇာသက်တမ်းကျော်၍ နေထိုင်နေသော နိုင်ငံခြားသားတို့ကို အဓိက ပစ်မှတ်ထား ရှာဖွေနေကြရာ ကျွန်ုပ်တို့ဗီဇာသည်လည်း မေ (၂၂) ရက်တွင် ကာ(လ်) ကတ္တားသို့ ရောက်ပြီး ဇွန် (၁) ရက်နေ့တွင် ကုန်ဆုံးသွားပြီဖြစ်၍ ကျွန်ုပ်တို့ နှစ်ယောက်လုံး ခပ်ကုပ်ကုပ်လေး နေနေ၊ စားနေကြရသည်။ ပထမတစ်ကြိမ် ဗီဇာ သက်တမ်းတိုးစဉ် အခါက ကျွန်ုပ်တို့မှာ Return ticket မရှိသဖြင့် လူဝင်မှုကြီးကြပ်ရေး အရာရှိက မေးရာတွင် ကျွန်ုပ်တို့၏ ခရီးစဉ်မှာ အိန္ဒိယတောင်ပိုင်းသို့သွားပြီး ထိုမှ သီရိလင်္ကာသို့ သင်္ဘောဖြင့် ကူးမည်ဖြစ်ကြောင်း အကြောင်းပြချက်ပေးခဲ့သဖြင့် ယခု ဒုတိယအကြိမ် ဗီဇာသက်တမ်းတိုးဖို့လည်း မဖြစ်နိုင်၊ အခြားတစ်နည်းနည်းနှင့် လှည့်ကြံရုံသာ ရှိတော့သည်။

ကျွန်ုပ်တို့လက်ထဲတွင် ကိုင်ဆောင်ထားသော ဗီဇာသက်တမ်းတိုး စာအုပ်ငယ်လေးမှာ အိန္ဒိယ ဗျူရိုကရေစီလိုပင် စာရွက်တွေပေါ်မှာ ရုံးတံဆိပ်တုံးတွေ၊ လက်မှတ်တွေ၊ ဓာတ်ပုံတွေနှင့် ရှုပ်ပွေ၊ ပွထနေပါသော်လည်း ကျွန်ုပ်တို့ နောက်ဆုံးနေထိုင်ရမည့် ရက်စွဲကိုမူ ဘောလ်ပင်အနက်ဖြင့် 1.7.1985 ဟူ၍သာ ရေးသားထားရာ၊ ၄င်းနှင့် အလားတူ ဘောလ်ပင်တစ်ချောင်းကို ၇၅ ပြားဖြင့် လမ်းဘေးဈေးဆိုင်မှ ဝယ်ယူလိုက်ပြီးသကာလ ဆိုခဲ့ပါရက်စွဲကို ယခုလို 31,7,1985, ဖြည့်စွက်ရေးသားလိုက်ရာ၊ ကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်ယောက်ကား အနည်းဆုံး အရင်းအနှီးဖြင့် အိန္ဒိယတွင် နောက်ထပ်တစ်လ, နေထိုင်ခွင့်ရခဲ့ကြပါ၏။

www.nyisay.com

ကာ(လ်)ကတ္တားမြို့ မြင်ကွင်း။

www.nyisay.com




ကာ(လ)ကတ္တားမြို့ မြင်ကွင်း။

www.nyisay.com



သို့ပေမယ့် ကိစ္စက ဤမှာပင် မပြီး၊ ယုတ္တိယုတ္တာတည့်မည့် အကြောင်းပြချက်ကောင်းကောင်းတစ်ခု ရှိဖို့လိုသေးရာ၊ ကျွန်ုပ်တို့နှစ်ယောက် လက်ဖက်ရည်သောက်ပြီးသည်နှင့် စာအုပ်အဟောင်းဆိုင်များရှိရာ ဖရီးစကူးလမ်းသို့ ထွက်လာခဲ့ကြသည်။ မကြာပါချေ။ တခဏမျှ မွေနှောက်ရာဖွေပြီးနောက်တွင်မူ ကျွန်ုပ်တို့ ရှာဖွေနေပါသော မဂ္ဂဇင်းကို တွေ့လိုက်ရပါပြီ။

ဩစတြေးလီးယားမှ ထုတ်ဝေသော "Wildlife" မဂ္ဂဇင်းဟောင်းတွေထဲက တစ်အုပ်ကို ဝယ်ယူခဲ့ပြီး ကျွန်ုပ်တို့ တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ ရောက်လျှင် မဂ္ဂဇင်းအတွင်းမှ ပန်ဒါဝက်ဝံရုပ်နှင့် The World Wildlife Fund အဖွဲ့အစည်း၏ခေါင်းစည်းနှင့် လိပ်စာတို့ကို မားနှင့် ဖြတ်ထုတ်လိုက်ပြီး စာရွက်အလွတ်တစ်ရွက်၏ ထိပ်တွင် ကော်နှင့် ကပ်လိုက်သည်။ ဆိုလိုသည်ကား ၄င်းကို ကော်ပီကူးလိုက်လျှင် Letter head ဖြစ်သွားမည်။ ပြီးနောက် အိန္ဒိယပြည်ထဲရေဒုဂနသို့ လိပ်မူပြီး ယခု လူကြီးမင်းတို့ဌာနသို့ ရောက်လာသူမှာ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့ကြီး၏ ဓာတ်ပုံဆရာ ဘာတီးလ်လင့်တနာဖြစ်ပြီး အာသံမှ ခါဇီရမ်းဂါနှင့် မဏိပူရမှ ခေဘူလမ်ဂျောင် အရပ်ဒေသများသို့ သွားရောက်လေ့လာလိုပါသဖြင့် လိုအပ်သောအကူအညီတို့ကို ပေးပါရန် မေတ္တာရပ်ခံပါကြောင်း စာတစ်စောင်ရေးသားလိုက်ပြီး စာတိုက်ကြီးသို့ ထွက်လာခဲ့သည်။ စာတိုက်ဘေးတွင် လက်နှိပ်စက်သမားတစ်ဦးကို တွေ့သည်နှင့် ကျွန်ုပ်ရေးသားထားသော စာသားတို့ကို စောစောက အကြံအဖန်လုပ်ထားသော ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့ကြီး၏ Letter head ရိုက်ခိုင်းလိုက်ပြီး၊ ၄င်းကို ကော်ပီတစ်ခု ဆွဲလိုက်သည်။ သို့ပေမယ့် ကော်ပီတွင်မူ မဂ္ဂဇင်းမှ ဖြတ်ယူထားသော စာရွက်အပိုင်းကို ကော်နှင့် ကပ်ထားသည့်နေရာအစွန်းတစ်ဝိုက်မှာ အရိပ်မည်းလေးသန်းနေသဖြင့် ၄င်းကို correction ink ဖြင့် ဖုံးလိုက်ပြီး၊ ဒုတိယအကြိမ် ကော်ပီယူလိုက်ရာ ကျွန်ုပ်၏ Letter head နှင့် မိတ်ဆက်စာသည်ကား မူရင်းစင်စစ်ဖြစ်သွားတော့သည်။ လက်နှိပ်စက်ရိုက်ခအတွက် (၂) ရူပီးပေးရပြီး မိတ္တူဆွဲပေးသူက ကိုးရိုးကားရားလုပ်နေသော ကျွန်ုပ်၏ ကိစ္စတို့ကို စိတ်ဝင်စားခြင်းအလျင်းမရှိဘဲ ပိုက်ဆံယူဖို့သာ စောင့်နေသည်ကို တွေ့ရသဖြင့် တော်သေးသည်။ အသစ်ရရှိလာသော အထောက်အထားကို အခြားစာရွက်စာတမ်းများနှင့် ရောရှ ချုပ်လိုက်သည့်အခါ အကယ်၍ ပုလိပ်အဖွဲ့များက ကျွန်ုပ်တို့ကို တား၍ ယခု အထောက်အထားစာရွက်စာတမ်းတို့ကို တွေ့လိုက်မည်ဆိုလျှင် အတော်ပင် ဖြုံသွားပေလိမ့်မည်။ သို့ပေမယ့် လောလောဆယ် ပြဿနာက ကျွန်ုပ်တို့မှာ အချိန်လုံးဝမရှိတော့၊ ကေဇီဆေးကိုထဲ ကြေးနန်း (၂) ကြိမ် ရိုက်ခဲ့ပါသော်လည်း အကြောင်းကားမပြန်၊ ဆိုင်နောင့် ဗိုက်ကလည်း တဖြည်းဖြည်း ပူသထက် ပူလာရာ မီးဖွားဖို့ နှစ်လ၊ သုံးလသာ လိုတော့သည်။

သို့ရာတွင် နောက်ပြန်လှည့်ဖို့ဆိုသည်ကိုကား ကျွန်ုပ်တို့ တွေးမျှပင်မတွေး။ ဒီခရီး၊ ဒီလမ်း အပြီးအထိ လှမ်းနိုင်ရမည်ဟု ဆုံးဖြတ်ထားကြသည်။ ယခု အကြံအဖန်လုပ်ထား

www.nyisay.com



သော ဗီဇာအနေနှင့် အရှေ့မြောက်ပိုင်း အစွန်အဖျားဒေသတွေမှာ အစစ်ဆေးများနှင့် တွေ့သည့်အခါ အဆင်ပြေနိုင်ပါသော်လည်း လေဆိပ်တွေကို ဖြတ်ဖို့ဆိုလျှင်တော့ ပြဿနာ ရှိနိုင်သည်။ နောက်တစ်ခုက ခရီးက ကျွန်ုပ်တို့ ပြန်ရောက်လျှင် ဆောင်းပါးတွေ ရေးပေး ပါမည်ဟူသောကတိဖြင့် မဂ္ဂဇင်းနှင့် သတင်းစာတိုက်တွေက ကြိုတင်ငွေတွေ ထုတ်လာ ခဲ့ရာ၊ ယခုလို အိန္ဒိယမှာ သုံးလေး,လနေခဲ့ပြီး ဒီအတိုင်းပြန်သွားရမည်ဆိုပါလျှင် အလုပ်မှာ မျက်နှာပျက်စရာတွေ ဖြစ်ကုန်တော့မည်။ နောက်ကြောင်း ပြန်မခေါက်ဖို့ ကိစ္စမှာ ဆိုင်နောင့် စိတ်ဓာတ်က ကျွန်ုပ်ထက်ပင် ပို၍ ပြတ်သားသေးသည်။ ၁၉၈၃ ခုနှစ်တွင် ကျွန်ုပ်တို့နှစ်ဦး လက်ထပ်ခဲ့ကြပြီးနောက် ကျွန်ုပ်တို့နှစ်ယောက် တစ်နေ့နေ့ မြန်မာပြည်ထဲပြန်သွားပြီး အချိန်အတော်ကြာနေကြမည်ဟု သူမကို ကျွန်ုပ် ကတိပေးထားခဲ့သလို တောတွင်းက သူမ သူငယ်ချင်း မိတ်ဟောင်းဆွေဟောင်းတွေကလည်း အရမ်းတွေ့ချင်နေကြကြောင်း စာအကြိမ်ကြိမ် ရေးခဲ့ဖူးသည်မဟုတ်လား။

သို့ဖြင့် ကေဗီဆေးကိုထဲမှ ဆက်သွယ်လာမည့်အချိန်တိုင် သည်းခံစောင့်လာခဲ့ရာ ဆြာ...မနက်ခင်း သတင်းစာပါ...ဟူသော သတင်းစာအရောင်းသမား၏ အသံနှင့် အိပ်ရာထရင်း၊ ပန်းခြံထဲမှာ နေ့ခင်းနေ့လယ်ဘက်မှာ လက်ဖက်ရည်သောက်ရင်း စောင့်ဆိုင်း ခဲ့ရပါ၏။ ကျွန်ုပ်တို့ ကာ(လ်)ကတ္တားသို့ ရောက်ပြီး တစ်လခွဲနီးပါးအကြာ ဇူလိုင်လ ဆန်းရက်တစ်ရက် ပန်းခြံထဲတွင် ကျွန်ုပ်တို့နှစ်ယောက် လက်ဖက်ရည်သောက်ရင်း စကားစ မြည် ပြောနေရာ၊ လက်ဖက်ရည် ဒုတိယအိုးပင် ကုန်သွားပြီး နေခင်းအပူရှိန်ကလည်း ပြင်းလာသည်နှင့် ထိုင်ရင်း ငိုက်မျဉ်းနေရာမှ ဟိုတယ်ဧည့်ကြိုကောင်တာသို့ ခပ်သုတ်သုတ် လျှောက်လာသူတစ်ဦးကို ရုတ်တရက် ရိပ်ခနဲ ခတ်ဝါးဝါး တွေ့လိုက်ရာက ငေါက်ခနဲ ကျွန်ုပ်ခေါင်းထောင် ကြည့်လိုက်ရာ 'ကေဗီဆေးကို'၊ ကျွန်ုပ်အလိုအလျောက် မတ်တတ်ရပ် အနေအထားဖြစ်သွားပြီး နှုတ်ကလည်း လွတ်ခနဲ ထွက်သွားသည်။

''ကေဗီဆေးကို ကျွန်တော်တို့သံကြိုးရိုက်တာ မရဘူးလား''

''ရတယ်... မနေ့မနက်ကမှရတာ၊ ဒါကြောင့် အဲ့ဒီနေ့မှာပဲ ရထားနဲ့ ထွက်လာခဲ့ တာ''

ကျွန်ုပ်တို့ထံမှ ပထမရိုက်လိုက်သော သံကြိုးစာကား တစ်လကျော်ကျော် တွင်မှ ကိုဟီးမား ရောက်သွားပြီး၊ ဒုတိယကြေးနန်းကမူ ယခုမှ လမ်းတစ်ဝက်ရောက်နေပုံရ သည်။ ထိုနေ့ ညစာကို လေအေးစက်အပြည့် တပ်ထားသော တရုတ်စားသောက်ဆိုင်တွင် စားဖို့ ရွေးချယ်လိုက်ကြသည်။ ဖရီးစကူးလမ်းထဲတွင်ရှိသော အဆိုပါ စားသောက်ဆိုင်မှာ တိတ်ဆိတ်ရှင်းလင်း၍ ထောင့်စားပွဲတစ်နေရာတွင် လွတ်လွတ်လပ်လပ် စကားပြောလို့ ရသည်။

''ကျွန်တော် စဉ်းစားလို့ရတာမှန်သမျှ ကြိုးစားခဲ့တာပါပဲ၊ ဒါပေမယ့် ဓမ္မပူရက

www.nyisay.com



အဆက်အသွယ်တွေက ဌာနချုပ်က ညွှန်ကြားချက်မရရင် ဘာမှမလုပ်နိုင်ဘူးလို့ဘဲ ပြောနေတယ်''

ကေဗီဆေးကိုကို လက်တစ်ဘက်က 'တူ'ကို ကိုင်ရင်း အမူအရာနှင့် ပြောသည်။ ကြေးနန်းစာတွေ အရောက်နောက်ကျနေသည်မှာ အာသံနှင့် နာဂဒေသကြား ပဋိပက္ခတွေ ပြင်းထန်လာခြင်းကြောင့်ဟု ယူဆရသည်။ နယ်မြေနှစ်ခုကြားမှ ကြိုးဝိုင်းသစ်တောဧရိယာကို နာဂတို့က ၄င်းတို့ပိုင်အဖြစ် သတ်မှတ်ပြီး အာသံအာဏာပိုင်တို့က အဆိုပါဒေသတွင် ဘင်္ဂလားမှ ခိုးဝင်လာသူတို့ကို နေရာချထားပေးသည်ဟု စွပ်စွဲသလို မွတ်စလင်ဘာသာဝင် နိုင်ငံရေးသမားတွေကလည်း ခိုးဝင်လာသူ မွတ်စလင်တွေနှင့် လက်ဝါးရိုက်ကာ ၄င်းတို့ဌာနေ ပြန်ပို့ဖို့ စိတ်မဝင်စားကြ၊ ယခုလိုနေထိုင်ခွင့်ပြုထားပြီး လာမည့် ရွေးကောက်ပွဲများတွင် ၄င်းတို့ဘက်က မဲအသာစီးရဖို့ အကြံကြီးကြံနေခြင်းဖြစ်သည်။ သို့ရာတွင် ယခုလို ဟိန္နူလူမျိုးအများစု နေထိုင်ပါသော အာသံပြည်နယ်အတွင်း ခိုးကူးမွတ်စလင်တွေကိုပါ နေခွင့်ပြုလာခြင်းသည် ဟိန္နူလူမျိုးတို့ကို ရန်စခြင်းသာဖြစ်ကြောင်း ယူဆခဲ့ကြရာ ဇွန်လ (၄) ရက်နေ့တွင်မူ နှစ်ဖက်ရဲတပ်ဖွဲ့ဝင်များကြား အပစ်အခတ်တွေ ဖြစ်လာသည်။ ဒေသနှစ်ခုကြားမှ မီရပန်မြို့ငယ်လေးတွင် ပစ်ခတ်ကြရာ အတော်များများ သေဆုံးခဲ့ပြီး နောက်ဆုံးတွင်မူ နယ်စပ်ဧရိယာတို့ကို ပိတ်ထားလိုက်ရာ ဤသတင်းကား ကျွန်ုပ်တို့အတွက် မဂ်လာမရှိ၊ အဆိုပါပဋိပက္ခနှင့် ထိစပ်နေသော နာဂကျောင်းသားတို့ကို အာသံပြည်နယ် ဂျူဟာတ်တွင် အစိုးရတပ်ဖွဲ့ဝင်တို့က ဖမ်းဆီးခဲ့သဖြင့်လည်း အခြေအနေက ပို၍ ဆိုးဝါးလာခဲ့သည်။ ဤ၌ စိတ်ဝင်စားစရာကောင်းသည်မှာ ဆိုခဲ့သလို ပဋိပက္ခတွင် တက်တက်ကြွကြွပါဝင်ခဲ့သူ နာဂကျောင်းသားများကား နာဂဒေသ ဒုတိယပုလိပ်မင်းကြီး ပိုင်သော ဂျစ်ကားနှင့် ခရီးသွားခဲ့ကြပြီး ယခု ၄င်းတို့ကို ဖမ်းဆီး၍ နိုင်ငံတော်ကို အကြည်အညိုပျက်စေသော စာရွက်စာတမ်းများ ဖြန့်ဝေမှု၊ တရားမဝင် လက်နက်များ ကိုင်ဆောင်မှု၊ ပဋိပက္ခဖြစ်ရာဒေသများ၏ မြေပုံတွေ လက်ဝယ်တွေ့ရှိမှု စသည်တို့ဖြင့် တရားစွဲဆိုထားသည်ဟု ဆိုသည်။

''တလောကလည်း ဓမ္မပူရ-ကိုဟီးမားလမ်းမကြီးပေါ်မှာ ချုံခိုတိုက်ခိုက်ပွဲတစ်ခု ဖြစ်လိုက်သေးတယ်။ မွီးဗာလူတွေက တံတားနှစ်စင်းကို ဖောက်ခွဲပစ်လိုက်လို့ အဲ့ဒီ ဒေသမှာ ပုလိပ်တွေ၊ စစ်သားတွေ ဒင်းကြမ်းချထားတယ်''

ယခုလို အိန္ဒိယနိုင်ငံအတွင်း နိုင်ငံရေးနှင့် လူမျိုးစုပဋိပက္ခများ သည်းထန်လာပြီ ဆိုလျှင် ဒေသအာဏာပိုင်များက နိုင်ငံခြားသားတွေ သွေးထိုးပေးသဖြင့် ယခုလိုဖြစ်ရသည်ဟု နိုင်ငံခြားသားတွေကို 'ရမယ်' ရှာတတ်ရာ နာဂကျောင်းသားတစ်ယောက်ထံမှ အကူအညီယူမှုဖြင့် ကျွန်ုပ်သာ အကယ်၍ အဖမ်းခံရမည်ဆိုလျှင် ဤအချိန် ဤအခါမျိုးတွင် အာဏာပိုင်တွေအတွက် သည်းခြေခိုက် သူတို့ထင်မြင်ယူဆချက်တွေအတွက် လက်တွေ့ သက်သေပြစရာ ရသွားပေလိမ့်မည်။

www.nyisay.com



သို့ပေမယ့် ကျွန်ုပ်တို့မှာ ရွေးချယ်စရာ အခြားလမ်းမရှိ၊ ဤမှာတွင်လည်း ဆက်မစောင့်နိုင်တော့သဖြင့် နောက်ထပ် အစီအစဉ်သစ်တစ်ခုကို ချက်ချင်းရေးဆွဲပြီး ချက်ချင်းလုပ်ငန်းစရတော့မည်။ အစီအစဉ်အရ ကေဇီဆေးကိုက ကိုဟီးမားသို့ ပြန်၍ ကျွန်ုပ်တို့လာရောက်မည့်ကိစ္စနှင့် ပတ်သက်ပြီး နာဂဌာနချုပ်၏ သဘောထားကိုယူပြီး ကျွန်ုပ်တို့ဆီပြန်သတင်းပို့ရမည်။ ကျွန်ုပ်တို့အနေနှင့်လည်း ကယ်တင်ခြင်းတပ်တွင် ဤမျှအထိ ကြာရှည်ကြာမော နေလာရသည်ကို ပတ်ဝန်းကျင်မှ သံသယရှိလာပေလိမ့်မည်။ နောက်တစ်ခုက မုတ်သုန်ရာသီ ဝင်လာပြီဖြစ်၍လည်း ဤနေရာကို စွန့်ခွာပြီး တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်သော ဒါဂျီလင်သို့ ရွှေ့ပြောင်းပြီး၊ ဟိုကပင် ကေဇီဆေးကိုထံမှ သတင်းကို စောင့်မည်။ ဓမ္မပူရတွင် ကျွန်ုပ်တို့အတွက် ပုန်းခိုမည့်နေရာ အသင့်ဖြစ်ပြီဆိုလျှင် ကေဇီဆေးကိုနှင့် ဒါဂျီလင်တွင် ဆုံပြီး ထိုမှ ကျွန်ုပ်တို့အားလုံး ဓမ္မပူရသို့ အတူခရီးထွက်မည်။ ကာ(လ်) ကတ္တားကိုကား ကျွန်ုပ်တို့ နောက်ပြန်မလှည့်တော့ဟု ဆုံးဖြတ်လိုက်ကြသည်။

ကျွန်ုပ်တို့နှစ်ယောက်က ခရီးထွက်ဖို့ ပြင်ဆင်နေချိန်တွင် ကေဇီဆေးကိုက သူ့အပေါင်းအသင်းအချို့နှင့် ခေတ္တနေ,နေသည်။ ဗမာပြည်ဘက် ကူးဖို့ရာအတွက် ကျွန်ုပ်တို့ကို အကူအညီပေးဖို့နှင့် ပတ်သက်ပြီး NSCN ဘက်မှ ဆက်သွယ်မှုမရှိသော်လည်း ကေဇီဆေးကို ရှိနေသေးသဖြင့် ဖြေသာသေးသည်။ အနိမ့်ဆုံး ကျွန်ုပ်တို့ဘက်က နောက်တစ်ကြိမ်ဆက်သွယ်နိုင်ခဲ့သလို အိန္ဒိယတွင် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးမှာ အန္တရာယ်ရှိကြောင်း သဘောပေါက်ခဲ့သည်။ သို့ဖြင့် ဒါဂျီလင်သို့ ထွက်ခွာဖို့ လူဝင်မှုကြီးကြပ်ရေးရုံးသွားကြပြီး ခရီးသွားခွင့် လျှောက်ထားရာ ဤတွင်လည်း အိန္ဒိယ၏ ရှုပ်ရှုပ်ပွေပွေ ဥပဒေတစ်ခုကို တွေ့ရသည်။ ကျွန်ုပ်တို့ နိုင်ငံခြားသားဧည့်သည်တွေ ဒါဂျီလင်သို့ တိုက်ရိုက်ခွင့်မပြု။ တောင်ခြေမြို့လေးတစ်မြို့ဖြစ်သော ဆီလီဂူရီအနီးမှ ဘဒိုးဂရာမြို့သို့ လေယာဉ်နှင့်သွားပြီး လေဆိပ်အရောက်တွင် ကျွန်ုပ်တို့ နိုင်ငံခြားသားတို့ကို ဗီဇာ (၂) ပတ်ပေးမည်ဖြစ်သည်။ ဆီလီဂူရီ အထက်တောင်ပေါ်တွင် ဒါဂျီလင်မြို့ရှိသည်။

နောက်ထပ် ကျွန်ုပ်တို့ ရင်ဆိုင်ရပြန်ပါသော ခေါင်းစားစရာ ပြဿနာတစ်ခုကား ငွေပြတ်သွားတာပဲဖြစ်သည်။ ဟိုမှာကြာ၊ ဒီမှာကြာနှင့် ရက်ပေါင်းများစွာ သောင်တင်နေခြင်း၏ အကျိုးပင်။ မည်သို့ရှိစေ ဥရောပသို့ တဲလက် ပို့မည်ဆိုလျှင်လည်း ငွေပြန်လာဖို့ကို အချိန်အတော်ကြာကြာ စောင့်ရလိမ့်မည်။ ဤ၌ ခေါင်းထဲပေါ်လာသူမှာ တိုနီဖြစ်သည်။ မကြာခင် ဘန်ကောက်ပြန်တော့မည်ဟု ပြောထားရာ ကျွန်ုပ်တို့လိုအပ်သော ငွေကို တိုနီထံမှ ယခု ယူထားလိုက်ပြီး ဘန်ကောက်ရောက်လျှင် ကျွန်ုပ်၏ဘဏ်စာရင်းထဲမှ တိုနီထုတ်ယူနိုင်သည်ဖြစ်၍ တိုနီကို အကူညီတောင်းရင် ကောင်းမလားဟု ဆိုင်နောင်နှင့် တိုင်ပင်ကြည့်သည်။

"ဒါဆိုရင် ကျွန်မတို့လာရင်းကိစ္စကို သူ့ကို ပြောမှဖြစ်တော့မှာပေါ့။ အဲ့လိုမှ ပွင့်ပွင့်လင်းလင်း မပြောရင် သူ့ဘက်ကလည်း ကျွန်မတို့ကို ဘယ်ယုံပါ့မလဲ"

www.nyisay.com



ဆိုင်နောင့်ပြောတာ ဟုတ်သည်၊ ထိုညမှာပင် 'Fairlawn' ဟိုတယ် သွားပြီး သူ့အခန်းတံခါးကို ခေါက်လိုက်သည်၊ ကျွန်ုပ်တို့ကိုတွေ့တော့ ဖော်ဖော်ရွေရွေနှင့် အထဲဝင်ဖို့ ဖိတ်ခေါ်သည်။

''တိုနီ''

ကျွန်ုပ်ကပဲ စကားပလျင်မခံတော့ဘဲ ခဲ့ပြောလိုက်သည်။

''ဒီလိုစိတ်ပျက်စရာ နေရာမျိုးမှာ ငါတို့တွေ ဒီလောက်အကြာကြီး နေ,နေတာ မင်းအနေနဲ့ သံသယရှိမှာပေါ့''

''ရှိတာပေါ့ ဒါပေမယ့် အဲ့ဒါ မင်းတို့ကိစ္စလေ''

''ကောင်းပြီ...အခု ငါတို့မှာ ပြဿနာတစ်ခု တက်နေတယ်၊ အဲ့ဒါ မင်း အကူအညီလိုတယ်''

ကျွန်ုပ်မှပင် တိုနီကို ကျွန်ုပ်တို့၏ ဖြစ်ကြောင်းရယ်ကုန်စင် အလုံးစုံကို အသေးစိတ် ပြောပြလိုက်ပြီး ထို့ကြောင့် ယခု ကျွန်ုပ်တို့ ငွေပြတ်သွားပါသဖြင့် ဒေါ်လာ (၂၀၀) လိုကြောင်း ပြောပြီး အသင့်ရေးသားလာသော ငွေလွှဲအကြောင်းကြားစာနှင့်အတူ ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်ကိုပါ တိုနီထံ လက်ရောက်အပ်လိုက်သည်။

''ကိစ္စမရှိပါဘူး သူငယ်ချင်းရာ၊ မင်းတို့ကို ငါယုံပါတယ်၊ မင်းတို့လိုတဲ့ ငွေကို ငါပေးခဲ့ပါမယ်၊ မင်းတို့လိုပဲ ငါလည်း ဒီနေရာမှာ အကြာကြီး နေ,နေတော့ မင်းတို့ရောင့်ကို သံသယမဖြစ်ခဲ့ကြဖူးလား''

ကျွန်ုပ်ကလည်း သူ့ကို သံသယရှိခဲ့ကြောင်း၊ ပထမ မူးယစ်ဆေးဝါးနှင့် ပတ်သက်နေသူအဖြစ် ထင်မြင်ယူဆခဲ့သော်လည်း နောက်ပိုင်းတွင် ဆိုခဲ့သလို လုပ်ငန်းမျိုးနှင့် ပတ်သက်နေသူမဟုတ်ဘဲ စိန် (သို့) ရွှေ မှောင်ခိုသမားတစ်ဦး ဖြစ်တန်ရာချေရှိကြောင်း ကျွန်ုပ်တို့၏ အတွေးတို့ကို ပြောပြရာ တိုနီက တစ်ချက်ပြုံးလိုက်သည်။

''မင်းတို့ လူကဲဖမ်းတာ မှန်ပါတယ်။ ငါက အိန္ဒိယနိုင်ငံထဲကို ရွှေ ယူလာပြီး စိန်ကို ပြန်ထုတ်တဲ့ မှောင်ခိုဂိုဏ်းကပါ။ အခု ငါတို့ထဲက လူတစ်ယောက်က ပစ္စည်းတွေ မ,ပြီး သုတ်သွားလို့ ဒီကောင့်နောက် ငါတို့လိုက်နေကြတာ၊ ငါ့ဘောစိဆီက လမ်းကြောင်း မလာမချင်း ဒီမှာ ငါနေနေဦးမှာ''

သို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် အတွေ့အကြုံတွေ ဖလှယ်ရင်း စကား တစ်အောင့်လောက် စကားစမြည်ပြောကြပြီးနောက် တိုနီက ကျွန်ုပ်တို့လိုသော ငွေနှင့် အတူ ကျွန်ုပ်တို့ခရီး ပြီးဆုံး၍ ဟောင်ကောင်ရောက်လျှင် သူ့ဆီလာဖို့ သူ့လိပ်စာလေးကိုပါ ပေးသည်တွင် ကျွန်ုပ်က သူကဲ့သို့ အလုပ်မျိုးကို မလုပ်ရဲကြောင်း ပြောရာ တိုနီက သွားများပေါ်အောင် ပြုံးလျက်၊

''မင်းနဲ့ ဆိုင်နောင့်တို့ လုပ်နေတဲ့အလုပ်က ငါ့ထက်တောင် အန္တရာယ်များပါတယ်

www.nyisay.com



သူငယ်ချင်းရာ၊ မင်းကိုယ်တိုင် ပြောတာမဟုတ်ရင် မင်းတို့ကို ငါက ရူးနေတယ်ပဲ ထင်မှာ''

''ကဲ ဟောင်ကောင်မှာ ပြန်ဆုံကြတာပေါ့''

တိုနီကို နှုတ်ဆက်ပြီး ကျွန်ုပ်တို့ ပြန်ထွက်လာခဲ့ကြသည်။ ကာ(လ်)ကတ္တားမှ ကျွန်ုပ်တို့ မထွက်ခွာမီ အရေးတကြီး သယ်ရမည့်ပစ္စည်းတစ်ခုမှာ ဆံပင်တုဖြစ်သည်။ တကယ့်လူဆံပင်နှင့် လုပ်ထားသော ဆံပင်တုတစ်ခုကို ဈေးသစ်ကြီးတွင် တွေ့ထားသည် ဖြစ်ရာ၊ အကယ်၍ လမ်းခရီးတွင် အရေးပေါ် ရုပ်ပြောင်းရုပ်လွဲ လုပ်ဖို့လိုလာလျှင် ဆံပင်အတုက ကျွန်ုပ်ဝယ်ထားသော ဆံပင်ဆိုးဆေးထက် ပို၍ အသုံးကျမည်ထင်သည်။ သို့ဖြင့် ရုပ်ကွက်တစ်ကွက်အလွန်တွင် ရှိပြီး အုတ်ရိုးနီဖြင့် အဆောက်အအုံကြီးတစ်ခုတွင် ဖြစ်သည်။ ကျွန်ုပ်က ဆံပင်တုတွေကို ခေါင်းမှာ စွပ်ကြည့်လိုက်၊ ပြန်ချွတ်လိုက်နှင့် တစ်ခုပြီးတစ်ခု ရွေးချယ်နေသည်ကို လမ်းသွားလမ်းလာ အများအတွက် စပ်စုချင်စရာ ဖြစ်နေရာ ကျွန်ုပ်တို့နှစ်ဦး ကြိုတင်စည်းဝါးကိုက်ထားသလို ဘေးမှ ဆိုင်နောင့်က ကျွန်ုပ်အပြုအမူကိုကြည့်ပြီး အစ,အနောက်တွေနှင့် တတွတ်တွတ်ပြောနေသည်။ ဆံပင်တုရောင်းသူက အကယ်၍ စပ်စုလာလျှင်လည်း ကျွန်ုပ်တို့နှစ်ဦးမှာ ပြဇာတ်အဖွဲ့သားတွေ ဖြစ်ကြောင်း အကြောင်းပြဖို့ ပြင်ဆင်ထားသော်လည်း ကံကောင်းစွာပင် ဆိုင်ရှင်က စပ်စပ်စုစုမလုပ် အရောင်းအဝယ်ဖြစ်ဖို့သာ စိတ်ရောက်နေရာ နောက်ဆုံး ကျွန်ုပ်ရွေးချယ်လိုက်သောတစ်ခုကို ရူပီး ၁၅၀ ဖြင့် ဈေးတည့်သွားသည်။

ယနေ့ ဇူလိုင် (၁၅) ရက်၊ ကာ(လ်)ကတ္တားတွင် ကျွန်ုပ်တို့ သောင်တင်နေသည်မှာ ယနေ့ဆိုလျှင် (၄၅) ရက်တင်းတင်း ပြည့်လေပြီ။ ဒမ်ဒမ်လေဆိပ်သို့ တက္ကစီကားတစ်စီးနှင့် ဟိုတယ်မှ ထွက်ခွာလာသည့်အခါ တိုနီက ကျွန်ုပ်တို့ကို လက်ပြန္နတ်ဆက်သည်။

''ဒီတစ်ခါတော့ ကိုယ်တို့ အောင်မြင်မှာပါ''

ဆိုင်နောင့်လက်ကို ကျွန်ုပ် ဆုပ်ကိုင်ရင်း အားပေးစကားပြောလိုက်ပြီးနောက် ကျွန်ုပ်တို့ မော်တော်ကားလေးကား ဆင်ခြေဖုံးရုပ်ကွက်များမှ ဂရုန်းဂရင်းလမ်းလေး အတိုင်း တာဂျုံးဂျုံးနှင့် ထွက်လာခဲ့ရာ လေယာဉ်ကွင်း ရောက်သည့်အခါတွင်မူ ထွက်ခွာရာ အခန်းတွင် ခရီးသည်တွေ ရုတ်ရုတ်သည်းသည်းနှင့် တွေ့လိုက်ရသည်။ ခရီးဆောင်အိတ်တွေကလည်း ဟိုနားတစ်ပုံ၊ ဒီနားတစ်ပုံ ဖရိုဖရဲနှင့်။ အချို့က သုတ်သီးသုတ်ပြာ ပြေးလွှားနေကြပြီး check-in ခန်းမထဲတွင်မူ လူတစ်စု ဗျစ်တောက်ဗျစ်တောက်နှင့် ပြောဆိုနေကြသည်။

ဖြစ်ပုံကား ကျွန်ုပ်တို့ရောက်မလာမီ စောစောကပင် ကုန်တင်လေယာဉ်တစ်စီး ပြေးလမ်းပေါ် ပျက်ကျပြီး လေယာဉ်ပြေးလမ်း ပျက်စီးသွားသဖြင့် လေယာဉ်ခရီးစဉ် အားလုံးကို ရွှေ့ဆိုင်းလိုက်ရာ၊ ဆိုခဲ့သလို လေယာဉ်ပျက်မကျမီကလေးမှာပင် ဟန္နိုင်းမှ

www.nyisay.com



မော်စကိုသွား ခရီးသည်တင် ဂျက်လေယာဉ်တစ်စီးကလည်း ဆင်းမိလျက်သား ဖြစ်နေရာမှ လေယာဉ်ပြေးလမ်း ပြန်ပြင်ပြီးသည်အထိ စောင့်ရတော့မည်ဖြစ်သည်။ အလားတူ ကျွန်ုပ်တို့၏ ဘက်ဒိုဂရာခရီးစဉ်သည်လည်း နောက်နေ့မှ ထွက်ခွာနိုင်မည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် မည်သူမျှ တတ်အပ်မပြောနိုင်သဖြင့် ကျွန်ုပ်တို့ကို မြို့ထဲပြန်ဖို့ အိန္ဒိယအဲယားလိုင်းကောင်တာက အကြံပေးရာ ကျွန်ုပ်လည်း အခြားနည်းလမ်းတစ်ခုခု ရဖို့ ဟိုမေးဒီမေး မေးရတော့သည်။

ဤတွင် ခရီးသည်အချို့ကို လေဆိပ်ဟိုတယ်တွင် တည်းခိုဖို့ ဘောက်ချာတွေ ထုတ်ပေးနေကြောင်း သိရသဖြင့် ကျွန်ုပ်လည်း ဘောက်ချာရဖို့ လေကြောင်းလိုင်း မန်နေဂျာရုံးခန်းထဲ ဝင်လိုက်သည်။

''ဆောရီး..ဆြာ..ဘောက်ချာက transit passengers တွေအတွက်သာ ပေးတာပါ၊ ခင်ဗျားတို့က မြို့ထဲမှာ ပြန်တည်းပြီး နောက်နေ့မှ လေဆိပ်ကို လာရမှာပါ''

ဒီလို စီစဉ်မှုမျိုးကိုတော့ လက်မခံနိုင်၊ မန်နေဂျာနှင့် တွေ့ဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်၍ စာရေးဆီက လှည့်ထွက်လာခဲ့ရာ မန်နေဂျာ အခန်းထဲမှာလည်း လူတွေအုန်းတိုက်နေသည်။ ဤတွင် ကျွန်ုပ်တို့လို ခရီးသည်သုံးယောက်ကလည်း မန်နေဂျာကို ဝိုင်းပြောနေသည်။ ပိန်ပိန်ညှက်ညှက်နှင့် အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ် ဝတ်ထားပြီး အတက်ချီကေ့(စ်)ကိုင်ထားသော ခရီးသည်က စတင်တိုက်ခိုက်တော့သည်။

''ဒါဟာ မဖွယ်မရာလုပ်တာပဲ၊ ခင်ဗျားက ကျုပ်တို့ကို မြို့ထဲ အတင်းပြန်လွှတ်နေတယ်၊ မြို့ထဲမှာ ကျုပ်တို့အတွက် တည်းခိုစရာအဆင်သင့်မရှိဘူး''

လူလတ်ပိုင်းအရွယ် ခရီးသည်တစ်ယောက်ကလည်း ဝင်တောပြန်သည်။

''ကျုပ်တို့က ဂုဏ်သရေရှိတဲ့ ခရီးသည်တွေပါဗျ၊ သူခိုးဂျိုးတွေ မဟုတ်ဘူး''

သူစကားစ,ကိုနင်းပြီး ကျွန်ုပ်ကလည်း ဝင်ပက်လိုက်သည်။

''ဟုတ်တယ်၊ ကျုပ်မိန်းမကလည်း ကိုယ်ဝန်အရင့်အမာကြီးနဲ့ဗျ၊ အခု အပြင်မှာ စောင့်နေရတယ်''

သို့ပေမယ့် ရန်သူတွေအဝိုင်းခံနေရပါသော မန်နေဂျာကား ယခင်အတိုင်း transit ခရီးသည်တို့အတွက်သာ တည်းခိုခွင့်ဘောက်ချာများ ပေးမည့်အကြောင်း ဘုဆတ်ဆတ်နှင့် ပြောပြန်ရာ ကျွန်ုပ်တို့ဘက်မှ စတုတ္ထမြောက်လူက ဇွတ်တရွတ် ဝင်ခွပ်ပြန်သည်။

''ဒါပေမယ့် ကျုပ်တို့လည်း transit ခရီးသည်တွေပဲလေ၊ ကာ(လ်)ကတ္တားမြို့ခံတွေမှ မဟုတ်တာ''

သို့ဖြင့် တစ်နာရီနီးပါးမျှ ပေခံပြီး မန်နေဂျာကို တစ်ယောက်ပြီးတစ်ယောက် အတိုက်အခံပြောလာရာ နောက်ဆုံးတွင် ကျွန်ုပ်တို့လူသိုက် မြန်မြန်သွားရင် အေးတာပဲ ဆိုသည့်သဘောနှင့် ခိုအိမ်အကန့်လေးထဲက ဘောက်ချာတွေကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး

www.nyisay.com



ကောင်တာပေါ် ပစ်ချပေးလိုက်ရာ ကျွန်ုပ်တို့လူသိုက်လည်း ဘောက်ချာတွေကိုယူပြီး အောင်မြင်စွာနှင့် ထွက်ခွာလာခဲ့ပါ၏။

· လေဆိပ်ဟိုတယ်မှာ လေဆိပ်နှင့် ခပ်လှမ်းလှမ်းတွင် ရှိသဖြင့် လန်ချားဖြင့် ကျွန်ုပ်တို့ ထွက်လာခဲ့ပြီးနောက် ဟိုတယ်ခန်းမဆောင်ကြီးထဲတွင် သောင်တင်နေသော ခရီးသည်တွေနှင့် ပြည့်နေရာ အများစုမှာ အဲရိုဖလုပ် ဂျက်လေယာဉ်ပေါ်က အရှေ့ဥရောပနိုင်ငံများတွင် ကျောင်းသွားတက်မည့် ဗီယက်နမ်လူငယ်များဖြစ်သည်။ သူတို့အားလုံး ဂျင်းဘောင်ဘီနှင့် ဘော့(စ်)ဘောကက်ဦးထုပ်တွေ ဆောင်းထားကြပြီး သူတို့နှင့်အတူ Fairlawn ဟိုတယ်တွင် ကျွန်ုပ်တို့နှင့်ဆုံခဲ့သော မှုန်မှုန်တေတေ လူရေးလူရာ ခေါင်းပါးသော ဆိုဗီယက်ဆရာတွေလည်း ပါသည်။

ကျွန်ုပ်တို့ လအတော်အကြာ နေခဲ့သမျှ နေရာထဲတွင် လေဆိပ်ဟိုတယ်က တော်တော် စမတ်ကျသည်။ သန့်ရှင်းသပ်ရပ်ပြီး လေအေးစက်ရှိသည်။ စိတ်ချမ်းသာစရာ အကောင်းဆုံးမှာ ကြမ်းပိုးနှင့် ပိုးဟပ်တို့ရန်က ကင်းဝေးခြင်းပင်။ ကျွန်ုပ်တို့ ဘောက်ချာထဲတွင် ညစာအစီအစဉ်ပါ ပါသဖြင့် ဒိုင်းနင်းဟောသို့ ထွက်လာကြရာ ခန်းမအပြင်ဘက်တွင် ကား ဝမ်းကြုတ်ကြုတ် ဆာနေကြသော လူအုပ်ကြီး တောင့်ခံနေသည်။ အိန္ဒိယစတိုင်အရ ညစာကို ည (၉) နာရီမှသာ တည်ခင်းတတ်ပါသော်လည်း ယခု ကျွေးမွေးရေးအတွက် ပြင်ဆင်နေကြသည်မှာ အလွန်အမင်းကြာနေသဖြင့် ရုရှားတွေက ဟန်မျှပင်မဆောင်တော့ဘဲ လူအုပ်ကြီးကြားမှ ခန်းမရှေ့ကို ကုန်းရုန်းတိုးသွားရာ ဘေးကလူတွေ ဖရိဖရဲဖြစ်ကုန်သည်။ သို့ဖြင့် အပြင်တွင် တစ်နာရီကျော်ကျော်မျှ စောင့်နေရပြီးနောက် ဒိုင်းနင်းဟောတံခါးကြီး ဖွင့်လိုက်သည်တွင် လူအုပ်ကြီးသည်လည်း ဒရောသောပါးနှင့် စုပြုံဝင်ကြရာ ရုရှားများကား ရှေ့ဆုံးမှဖြစ်သည်။ ခန်းမကြီးတစ်ခုလုံးကို မှိန်ပျပျမီးရောင်လေး ထွန်းထားပြီး ညစာမှာ ဘူဖေးဖြစ်သည်။ ဤတွင်လည်း တိုက်တိုက်ဆိုင်ဆိုင် ရယ်စရာကောင်းသော အဖြစ်အပျက် တစ်ခုမှာ ခန်းမအတွင်းသို့ ကျွန်ုပ်တို့လူအုပ်ကြီး ရောက်သွားပြီး မကြာပါချေ။ ဒေါက်တာ ဇီဗာဂိုး ဇာတ်ကားထဲက ဇတ်ဝင်ခန်းတီးလုံးကို ဟိုတယ်တီးဝိုင်းအဖွဲ့က တီးပါလေတော့သည်။

နောက်တစ်နေ့မနက် လေဆိပ်သို့ ကျွန်ုပ်တို့ရောက်သည့်အခါ အဲရိုးဖလုပ် လေယာဉ်ကြီးအနေနှင့် ထွက်ခွာခွင့်မရသေးသော်လည်း ကျွန်ုပ်တို့ခရီးစဉ်အတွက် လေယာဉ်ငယ်ကလေးကမူ မဆိုစလောက် ကြန့်ကြာပြီးနောက် လေဆိပ်မှ ထွက်ခွာလာခဲ့သည်။ ဘက်ဒိုးဂရာလေဆိပ်ရောက်ပြီးနောက် လူဝင်မှုကြီးကြပ်ရေးအရာရှိများက အစစ်အဆေး အမေးအမြန်း မလုပ်တော့ဘဲ ဒါဂျီလင်တွင် နေထိုင်ခွင့် (၁၅) ရက်ပေးပြီး နိုင်ငံကူးစာအုပ်တွင် တံဆိပ်တုံးထုပေးလိုက်သည်။ လေဆိပ်မှ တောင်ပေါ်သို့ တက်ရာတွင် တက္ကစီတစ်စီးကို အခြားခရီးသည် စုံတွဲတစ်တွဲနှင့် စရိတ်မျှ၍ ငှားခဲ့ကြရာ ၎င်းတို့မှာ အင်္ဂလိပ်လူငယ်စုံတွဲ

www.nyisay.com



ခလပ်နှင့် ဂျူလီတို့ဖြစ်ပြီး လမ်းခရီးတွင် ဆိုခဲ့သလို ကြုံခဲ့ရပါသော အခက်အခဲ၊ အဟန့်တား တို့ကြောင့် အတော်ပင် စိတ်ပျက်နေကြသည်။

သူတို့စုံတွဲက ဝင်ဒါမီယာမှာ တည်းကြသည်။ ဝင်ဒါမီယာဟိုတယ်ကား ကာ(လ်) ကတ္တားမှ Fairlawn နှင့် အဆင်တူဖြစ်သော်လည်း ကျွန်ုပ်တို့စုံတွဲက ခြိုးခြံချွေတာသည့် အနေဖြင့် မြို့ဆင်ခြေဖုံး တောင်ကုန်းတစ်ခုတွင်ရှိသော ဧည့်ရိပ်သာတွင် တည်းဖို့ ဆုံးဖြတ်လိုက်ကြသည်။ ယခုဆုံးဖြတ်လိုက်သည့်အတွက်လည်း ကိုယ်ဝန် (၇) လဖြင့် အရေးကြီးလာပြီဖြစ်သော ဆိုင်နောင့်အတွက် လမ်းလျှောက်ဖို့အခွင့်အရေး ရလာပြီး ဒါဂျီလင်သို့ ကွေ့ပတ်တက်သွားသော တောင်ပေါ်လမ်းရေးအတိုင်း ကျွန်ုပ်တို့လင်မယား တဖြေးဖြေး တက်လာခဲ့ကြသည်။

''အဆင်ပြေရဲ့လား ဆိုင်နောင့်၊ ကချင်ပြည်အထိတော့ ရောက်နိုင်ပါတယ်နော်''

စိတ်ပူ၍ မေးသော ကျွန်ုပ်အမေးကို အခက်အခဲ အနည်းအပါးသာရှိပြီး ကောင်းမွန်ကြောင်း ပြန်ဖြေသည်။ ကျွန်ုပ်တို့နှင့်အတူ မုတ်သုန်ဦးလည်း ဒါဂျီလင်သို့ လိုက်လာရာ တောင်ပေါ်မြို့လေး၏ ကောင်းကင်ဘုံမှာ မိုးတိမ်၊ မိုးသားလိပ်တွေ အရစ်အရစ် အခွေခွေဆိုင်း၍ နေ့စဉ် ရက်ဆက် သဲကြီးမဲကြီး ရွာလေရာ တစ်ခါတစ်ခါ ကောင်းကင်ပြင်ကြီး ကြည်ကြည်လင်လင်ဖြစ်သွားကာမှ အင်္ဂလန်ကျေးလက်ဒေသတွေမှာ တွေ့ရသည့် တစ်ထပ်တိုက်ငယ်မျိုးတွေကို ဟိုးအဝေးမှ တွေ့ရသည်။ တည်းခိုရာအဆောင်မှ ထမင်းစားချိန်နှင့် လေ့ကျင့်ခန်းယူချိန်မှ လွဲ၍ အပြင်မထွက်ဘဲ အခန်းတွင်းမှာသာ နေခဲ့ရာမှ တစ်ည ခလပ်တို့စုံတွဲနှင့် ဘီယာသောက်ရင်း စကားစမြည်ပြောလိုသဖြင့် ကျွန်ုပ်တို့လင်မယားနှစ်ယောက် ဝင်ဒါမီယာသို့ တက်လာခဲ့ကြသည်။ မိန်းမက ကိုယ်ဝန်အရင့်အမာကြီးရှိနေချိန်မှာ လင်ကိုယ်မယားနှစ်ယောက်တည်း ဘာကြောင့် အိန္ဒိယကို ရောက်လာရသည်ကို သူတို့ မမှန်းဆနိုင်သော်လည်း ကျွန်ုပ်၏ရုပ်အသွင် ချက်ချင်းပြောင်းသွားသည်ကို တွေ့တော့ သူတို့အဖို့ တွေးရခက်ကြီးဖြစ်ကြသည်။ ကျွန်ုပ်ကလည်း တစ်နေ့ကမှ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကို ရိတ်သင်ပြီး၊ လိုအပ်လျှင် ဆံပင်တုစွပ်ဖို့ ဆံပင်ကိုလည်း တိုနံ့နံ့ညှပ်ထားသည်။ ယခုအချိန်မှာ ကျွန်ုပ်တို့ခရီးစဉ်ကို ဖွင့်ပြောလိုက်လျှင် ကျွန်ုပ်တို့ကို သူတို့က ရှူးနေသည်ထင်မည်ဖြစ်၍ ဖြစ်ကြောင်းရယ်ကုန်စင်ကို စာရေးပြီး တစ်နေ့တစ်ချိန်ကျမှ ပို့လိုက်မည်ဖြစ်ကြောင်း သူတို့ကို ကျွန်ုပ်ကတိပေးခဲ့သည်။

သို့ပေမဲ့ မထိတ်သာမလန့်သာကား နောက်တစ်နေ့မှာ ကြုံရတော့သည်။ ဆိုင်နောင့်၏ ပစ္စည်းကရိယာတွေကို အသုံးမပြုဘဲ အိတ်ထဲထည့်ထားသည်မှာ ကြာပြီဖြစ်၍ တိုက်ချွတ်သန့်ရှင်းဖို့ အပြင်ထုတ်လိုက်ရာ ကင်မရာမှန်ဘီလူးထဲတွင် မှိုတက်နေသည်ကို တွေ့လိုက်ရပြီး ကျွန်ုပ်တို့နှစ်ယောက်လုံး ထိတ်လန့်သွားသည်။ ဒါဂျီလင်၏ ရာသီဥတုက တမြဲတစေ စွတ်စိုထိုင်းမှိုင်းနေပြီး တည်းခိုရာအဆောင်ကလည်း သိုးစော်၊ အောက်

www.nyisay.com



စော် နံဟောင်နေသဖြင့် ယခုလို မှိုစွဲတာပဲဖြစ်သည်။ ကင်မရာ၏ Viewfinder ပေါ်မှာလည်း မှိုပွင့်ကြီးတွေ အဖတ်လိုက်ကပ်နေရာ၊ ကိုယ်ကျိုးတော့နည်းပါပြီအထင်နှင့် ကျွန်ုပ်တို့နှစ်ယောက်လုံး မျက်ကလူးဆန်ပျာဖြစ်သွားပြီး ရှောပင်းမောလိတစ်ခုတွင် ဖွင့်ထားသော ဓာတ်ပုံဆိုင်သို့ ကသောကမျော ထွက်လာကြပြီး ပြင်ဆင်ပေးဖို့ စုံစမ်းရာ ယခုလို အပျက်အပြုန်းကို ကာ(လ်)ကတ္တားခ်ပင် လုပ်နိုင်ကြောင်းသာ သိခဲ့ရပါ၏။

ကာ(လ်)ကတ္တားပြန်ဖို့ဆိုသည်မှာ ကျွန်ုပ်တို့အဖို့ မဖြစ်နိုင်သဖြင့် နောက်တစ်နည်းလှည့်ကြဲကြရာ ဒါဂျီလင်တွင်ရှိသမျှ ဆေးခန်း၊ ဆေးဆိုင်တွေဆီ သွားပြီး၊ ဆေးပုလင်းအလွတ်ထဲမှရှိသော ဆီလီကွန်အိတ်ကလေးတွေကို ရနိုင်သမျှ တောင်းယူခဲ့ပြီး အဆောင်ပြန်လာခဲ့သည်။ အသုံးပြုထားသော ဆီလီကွန်အိတ်လေးများမှာ ရေငွေ့အချို့ ရှိကောင်းရှိမည်ဖြစ်၍ ဆီလီကွန်စေ့တွေကို ဖယောင်းတိုင်မီးဖြင့် အပူပေး၊ ခြောက်သွေ့စေပြီး ကင်မရာအိတ်ထဲကို အကုန်သွတ်ထားလိုက်သည်။ စွဲနေသောမှိုတွေပျောက်မသွားရင်တောင်မှ နောက်ထပ် မပွားတော့ဟု မျှော်လင့်ရသည်။ သိုပေမဲ့ တစ်ပူပေါ်တစ်ပူဆင့် နောက်ထပ်ပြဿနာက တက်ပြန်သည်။

ကျွန်ုပ်တို့လင်မယားနှစ်ယောက်လုံးကလည်း ကင်မရာကိုသာ စိတ်ရောက်နေသဖြင့် ဆိုင်နောင့်က အတွင်းအပြင် ကျိုကျိုကြားကြားမကျန် သန့်ရှင်းရေးလုပ်နေရာမှ Shutter ထဲ လက်ညှိုးချော်သွားရာ အလွန်နူးညံ့သော စက်ပစ္စည်းလေးကား ပျက်ခြင်းမလှ ပျက်ပါလေတော့သည်။ ကျွန်ုပ်တို့နှစ်ယောက်လည်း ကင်မရာအိတ်ကို ပိုက်ပြီး ပထမတစ်ခေါက် သွားခဲ့သော ဓာတ်ပုံဆိုင်သို့ပင် ကတုံးကတိုက် ပြန်ပြေးလာကြပါသော်လည်း ယခင်စကားကိုပင် ကြားရပြန်ပါ၏။

“ကာ(လ်)ကတ္တားကို ယူသွားမှပဲ ပြင်လို့ရလိမ့်မယ်”

ဆိုင်ရှင်က ခေါင်းခါလည်ခါနှင့် ဝမ်းနည်းစကားပြောပြီး အဆင်ပြေလို ပြေငြားကာ(လ်)ကတ္တားမြို့ပေါ်မှာရှိသော ကင်မရာပြင်ဆိုင်၏ တည်နေရာကို မြေပုံဆွဲပြရင်းလမ်းညွှန်လိုက်သေးသည်။ သူညွှန်ပြသည့်ဆိုင်မှာ ဈေးသစ်ကြီးနားတွင်ရှိသည်။ သို့ပေမဲ့ ကျွန်ုပ်တို့အတွက် ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စဖြစ်၍ အကြီးအကျယ်စိတ်ပျက်သွားသော်လည်း ဟန်ဆောင်မန်ဆောင် ဆိုင်ရှင်နှင့် တစ်အောင့်စကားပြောပြီး ပြန်လာခဲ့ကြသည်။ သို့ပေမဲ့ စိတ်ထဲမှာကား ဂယောက်ဂယက်၊ သည်အတိုင်းဆို ကေဇီဆေးကို ရောက်လာသည့်အခါ ကျွန်ုပ်တို့လက်ထဲမှာ ကင်မရာမရှိဘဲဖြစ်တော့မည်။

ထိုညက အဆောင်ဧည့်ခန်းတွင် ကျွန်ုပ်မိတ်ဆွေတစ်ယောက်နှင့် ထိုင်ပြီး ကင်မရာအကြောင်းကို ပြောဖြစ်ရာ ကျွန်ုပ်မိတ်ဆွေက ခပ်ပြုံးပြုံးလေးနှင့် ထိုင်ရာကထပြီး သူ့အခန်းထဲက အိတ်ကို သွားယူသည်။ ယခု ဧည့်ရိပ်သာရောက်ခါမှ သိကျွမ်းလာသော မိတ်ဆွေထဲက တစ်ယောက်ဖြစ်ပြီး သူ့အမည်က အိုင်းရင်း၊ ဩစတြေးလျလူငယ်တစ်

www.nyisay.com



ယောက်ဖြစ်သည်။ နေရာပြန်ရောက်လာပြီး သူ့အိတ်ထဲက နာရီပြင်သည့် ကိရိယာ တန်ဆာပလာ သေးသေးမွှားမွှားလေးတွေ ထုတ်လိုက်ရာ ကျွန်ုပ်တို့လည်း အံ့အားသင့်သွားပြီး ပြေးပြေးလွှားလွှားနှင့် အခန်းထဲက ကင်မရာကိုသွားယူပြီး သူ့ကိုပေးလိုက်သည်။ သည်အခါမှ သူက စပါယ်ရှယ်တီထွင်ထားပါသော တန်ဆာပလာလေးတွေနှင့် ကင်မရာကို သိမ့်မွေ့နူးညံ့စွာ ကလော်၊ ကလန့် ထိုးဆွ၍ တစ်နာရီမျှကြာပြီးနောက်တွင်မှ ဆိုင်နောင့်ကို ပြန်ပေးသဖြင့် ခလုပ်နှိပ်ကြည့်လိုက်ရာ Shutter ကား ယခင်အတိုင်း ချောမွေ့စွာ အလုပ်လုပ်လာသည်။

တကယ့်ကို မယုံနိုင်စရာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးဆပ်သည့်အနေဖြင့် ကျွန်ုပ်တို့မှာ ငွေပိုငွေလျှံရှိ၍တော့မဟုတ်၊ ကျွန်ုပ်တို့နှင့်အတူ ဝင်ဒါမီယာတွင် ဘီယာလိုက်သောက်ဖို့ သူ့ကို ဖိတ်ခေါ်လိုက်သည်။

ကင်မရာပြဿနာပြီးပြန်တော့ အထောက်အထားကိစ္စအတွက် ပူရပြန်ပါသည်။ အပြင်တွင် မိုးတွေ သည်းသည်းထန်ထန်ရွာနေချိန်မှာ အထဲမှာ ကျွန်ုပ်တို့ ထိုင်နေကြသည်။ ကျွန်ုပ်တို့ခရီးစဉ် အောင်မြင်ရမည်ဟု အကောင်းမြင်စိတ်နှင့် ခိုင်ခိုင်မာမာ ယုံကြည်ခဲ့သည့်ကာလများ ရှိခဲ့ပါသော်လည်း အကယ်၍ အစစ်အဆေးတစ်ခုခုနှင့် ရုတ်တရက် ကြုံလျှင် မလိုလားအပ်သည့် နောက်ဆက်တွဲဖြစ်ရပ်တွေ ပေါ်လာနိုင်သည်။ သက်တမ်းတိုးထားသော ဗီဇာစာအုပ်ငယ်လေးနှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ရန်ပုံငွေအဖွဲ့၏ မိတ်ဆက်စာကားအမှန်အကန်ပုံ ပေါက်နေပါသော်လည်း ပါမစ်စာရွက်ပေါ်တွင်မူ ၅ ရက်မှ ၆ ရက်ပြောင်းပြီး ယခုတစ်ခါ ၇ နှင့်တူအောင် ပြင်ရပြန်သဖြင့် ပါမစ်စာရွက်မှာ ခြစ်ရာပြင်ရာတွေနှင့် ရွဲနေသည်။ ဧည့်ကောင်တာတွင်လည်း အလွန်ဆုံးရှိမှ ဧည့်သည်လေးယောက်ငါးယောက်မျှသာ နေလာရာမှ မဒရပ်မှ စက်မှုကျောင်းသားတစ်အုပ် ရောက်လာပြီး ချက်ချင်းပြည့်လျှံသွားရာ၊ သူတို့အချင်းချင်း ငြင်းကြ၊ ခုံကြ၊ သီချင်းဆိုကြနှင့် ကျတ်ကျတ်စီညံနေလေသည်။ အဆိုးဆုံးမှာ လှေကားကို ပြေးတက်၊ ပြေးဆင်းကြသဖြင့် ညအိပ်ရေးပျက်ကြရသည်။

သို့ဖြင့် အိပ်မရသည့်ညတစ်ည၊ အခန်းထဲမှာ ဆေးတံဖွာရင်း ရှေ့ကနံရံကို စိုက်ကြည့်နေချိန် ကျွန်ုပ်ခေါင်းထဲ 'ဖျတ်ခနဲ' အိုင်ဒီယာတစ်ခု ရောက်လာသည်။

၁၉၇၉ ခုနှစ်က ဒါဂျီလင်၏မြောက်ဘက် ကန့်သတ်နယ်မြေတစ်ခုဖြစ်သော ဆစ်ကင်းသို့ ကျွန်ုပ်သွားခဲ့ရာ ထိုစဉ်က ပါမစ်ကို နယူးဒေလီမှ ပြည်ထဲရေးဝန်ကြီးဌာနတွင် လျှောက်ခဲ့စဉ်က ကျွန်ုပ်အနေနှင့် ပါမစ်ကို ဟိုရောက်မှ ယူမလား သို့မဟုတ် ပါမစ်ထုတ်ပေးမည့်(ဒု)ကော်မရှင်နာဆီ ထောက်ခံစာ ယူမလားဟု မေးရာ တစ်နိုင်ငံလုံး ခရီးလှည့်နေသော ကျွန်ုပ်အဖို့ ထောက်ခံစာယူလာခဲ့သည်။ အဆိုပါအမှတ်ရခြင်းနှင့် အတူ နောက်တစ်နေ့နံနက်တွင် ဥပဒေရုံးသို့ ကျွန်ုပ်တစ်ယောက်တည်း ထွက်လာပြီး

www.nyisay.com



လက်နှိပ်စက်တစ်လုံးငှား၍ လူရှင်းသည့် ချောင်တစ်ချောင်တွင် ကျကျနနထိုင်လိုက်ပြီး ကျွန်ုပ်၏ လုပ်ကြံဖန်တီးမှုကြီးကို ယခုလို စတင်ရိုက်လိုက်သည်။

"မဏိပူရတွင်ရှိသော ခေဘူးလန်ကျောင် သဘာဝတောရိုင်း တိရစ္ဆာန် ဘေးမဲ့တော သို့ သင့်အနေနှင့် တစ်ပတ်သွားရောက်လည်ပတ်လိုခြင်းကို အိန္ဒိယအစိုးရအနေနှင့် ကန့်ကွက်ရန် အကြောင်းမရှိပါ။ သင့်အတွက် ပါမစ်ကို ဓမ္မပူရမှ လက်ထောက်တိုင်းအရာရှိထံ ပေးပို့မည်ဖြစ်၍ အင်ဖာသို့ ခရီးမဆက်မီ ဝင်ယူနိုင်ပါသည်။ သို့ရာတွင် ခါဇီရမ်းဂါသို့ ခရီးဆက်ဖို့နှင့်ပတ်သက်၍မူ ၄င်းဒေသပန်းခြံကို ဧပြီမှ အောက်တိုဘာအထိ ဧည့်သည်ဝင်ရောက်ခွင့်ကို ပိတ်ထားပါသဖြင့် ခွင့်မပြုနိုင်သည့်အတွက် စိတ်မကောင်း ဖြစ်ရပါသည်"

အိုကေ၊ ကျွန်ုပ်တို့အမြင်မှကြည့်လျှင် တစ်နေရာတည်းကိုသာ ခွင့်ပြုထားသဖြင့် ကျွန်ုပ်ဖန်တီးထားသော စာက ယုတ္တိယုတ္တာရှိသွားသည်။ ဓမ္မပူရအနေနှင့် လုပ်ကိုင်ခွင့်ပေးထားကြောင်း ပါရှိသဖြင့်လည်း အာသံပြည်နယ်ဖြတ်ရမည့် ခရီးစဉ်အတွက် စိတ်ချသွားသလို ကျွန်ုပ်တို့လက်ထဲတွင် ယခုအထိ ပါမစ်မရှိသေးသည့်အကြောင်းကိုလည်း ဤစာကပင် ဖြေရှင်းသွားလိမ့်မည်။ ကျွန်ုပ်ကို လပ်နှိပ်စက်ငှားသော ရှေ့နေကို စက်ပြန်ပေးပြီးရင်း ကျေးဇူးတင်ကြောင်းပြောပြီး ရှော့ပင်မောလ်ပေါ်က ကော်ဖီဆိုင်သို့ လျှောက်လာခဲ့သည်။ ထိုဆိုင်တွင် ထိုင်စောင့်နေသော ဆိုင်နောင့်၏ စားပွဲတွင် ဝင်ထိုင်လိုက်ရင်း ကျွန်ုပ်၏စာကို ရှေ့တွင်ချပေးလိုက်သည်။

"သိပ်ကောင်းတယ်"

ဆိုင်နောင့်က ပြုံးဖြဲဖြဲလုပ်ရင်း ပြောသည်။ ကျွန်ုပ်က ကော်ဖီတစ်အိုး မှာလိုက်ပြီး စာမှာ လက်မှတ်ထိုး၊ ရက်စွဲတံဆိပ်ရိုက်လိုက်သည်။ ယခု အိုင်ဒီယာသည်လည်း တကယ်အလုပ်ဖြစ်မည် ယုံကြည်နေကြပြီး ခရီးထွက်ဖို့ အသင့်ဖြစ်နေကြသည်။ သို့ပေမဲ့ သည်တစ်ခါလည်း ကေဗီဆေးကို၏ အရိပ်အယောင်မျှမတွေ့၊ ကျွန်ုပ်တို့မှာ ပိုက်ဆံကလည်း ကုန်လာပြန်ရာ၊ ကျွန်ုပ်တို့နှစ်ယောက်လုံး စိတ်ဓာတ်ကျရင်း ကျရင်းနှင့် ရှိသည့်ဟာလေးတွေနှင့် အခန်းအောင်းနေ နေကြရသည်။ လက်ကျန်ငွေဆို၍ ရှူပီး ၄၀၀ သာ ကျန်ရှိတော့ရာ နယူးဒေလီသို့ ဒုတိယတန်းမီးရထားလက်မှတ် (၂) စောင်အတွက်တော့ လုံလောက်ပြီး၊ ဟိုရောက်မှ ဘန်ကောက်ပြန်ဖို့ ချေးတန်တာချေး၊ တောင်းတန်တာတောင်း ရတော့မည်ထင်သည်။ သို့ဖြင့် ဝမ်းနည်းစွာနှင့်ပင် ဘန်ကောက်မှ လုပ်ဖော်ကိုင်ဘက်တို့ကို ဘယ်လိုပြောရပါ့မလဲ စဉ်းစားရသည်။ အထူးသဖြင့် ကျွန်ုပ်တို့ခရီးကို အားတက်သရော ယုံကြည်နေပါသော The Far Eastern Economic Review မဂ္ဂဇင်းမှ ဈေးရှိအရာရှိချုပ် ပွန်မက်ဘတ်ဖြစ်သည်။ ကျွန်ုပ်တို့ခရီးစဉ် ဘာကြောင့်မအောင်မြင်ရတာလဲ၊ ဘယ်သူ့ကြောင့်လဲ၊ ကေအိုင်အေမှ မိတ်ဆက်စာ ပါလာသော်လည်း ကျွန်ုပ်တို့ထံ

www.nyisay.com



အကြောင်းမပြန်သော နာဂတွေကြောင့်လား၊ ဒါမှမဟုတ် မဆင်မခြင် မိုက်မိုက်မဲမဲ ရူးခဲ့ပါသော ကျွန်ုပ်တို့အပြစ်ပေပဲလား။

ထိုတစ်ရက်က စနေနေ့ဖြစ်ပြီး ညဘက်တွင် ကျွန်ုပ်တို့၏ ကွန်ပျူတာစနစ်သုံး ဆိုနီရေဒီယိုလေးကို ရောင်းဖို့ တိုင်ပင်ကြရာ ကေဇီဆေးကို လာမည် မလာမည် အပ်ကျ မတ်ကျ မပြောနိုင်သဖြင့် ရောင်းလိုက်လျှင်လည်း လောက်လောက်လားလား အထောက် အကူပေးနိုင်သည်တော့မဟုတ်။ သို့ဖြင့် နောက်တစ်နေ့ နံနက် (၉) နာရီတွင်မူ ကျွန်ုပ်တို့ အရှုံးကို အသိအမှတ်ပြုလက်ခံလိုက်ရင်း အထုပ်အပိုး ပြင်နေကြရာ နာရီဝက်လောက် အကြာတွင် ကေဇီဆေးကိုတစ်ယောက် အခန်းထဲ ပေါက်ချလာပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"သတင်းကတော့ မကောင်းဘူး၊ NSCN ဌာနချုပ်က ဘာအကြောင်းမှ မကြားဘူး၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ သွားရင်ကောင်းမယ် ထင်တယ်၊ ခင်ဗျားတို့ ဘယ်လိုသဘောရလဲ"

ကေဇီဆေးကို၏ အဆိုကို ချက်ချင်းခေါင်းညိတ်ပြီး အထုပ်အပိုးတွေလည်း ပြင်ထားပြီး ဖြစ်၍ ကျွန်ုပ်တို့ ကောက်ခါငင်ကာ ထွက်လာခဲ့ကြသည်။ သို့ပေမဲ့ နယူးဒေလီသို့ကား မဟုတ်။ ဈေးသို့ လမ်းလျှောက်လာကြပြီး ဆီလဂူရီသို့ တက္ကစီတစ်စီး ငှားလိုက်သည်။ ထိုနေ့က ကောင်းကင်တွင် တိမ်တွေ ခပ်နိမ့်နိမ့်ဆိုင်းနေသဖြင့် မိုးမှောင်ကြီးကျသလို ဖြစ်နေရာ လမ်းအကွေ့အကောက်တို့ကို အဝေးမှ မမြင်ရတော့ဘဲ ရောက်မှသာ ဘွားခနဲ ပေါ်လာသဖြင့် ရင်တမမ,နှင့် လိုက်လာခဲ့ပြီးနောက် မွန်းလွဲချိန်တွင် ဆီလဂူရီသို့ ရောက်ပြီး ညနေ (၇) နာရီတွင်မူ အာသံပြည်နယ်၊ ဂူဟာရသီသို့ ထွက်ခွာမည့် ဘတ်(စ်)ကား ပေါ် ရောက်နေကြပြီ။ တောင်မေး မြောက်မေးနှင့် လက်ပေါက်ကပ်သော မေးခွန်းအဝဝကို ရှောင်လွဲလိုသဖြင့် ကေဇီဆေးကိုက ကားလက်မှတ်ဝယ်ပြီး တစ်အောင့်အကြာတွင် ဘတ်(စ်)ကား ထွက်ခွာလာသည်။ ဘာပဲဖြစ်ဖြစ် ယခုတစ်ကြိမ်ကား နောက်ဆုံးပိတ်မေးစမ်းခြင်းပင်။

ခရီးစတင်လာပြီး နာရီအနည်းငယ်အကြာ ခေါ့(ချ)ဘီဟားအရောက်တွင် အနောက်ဘင်္ဂလားမှ အကောက်အခွန်ဝန်ထမ်းတို့က မော်တော်ကားကိုတား၍ ရုတ်တရက်စစ်ဆေးရာ ယောကျ်ားခရီးသည်တို့ကို ဆင်းခိုင်းပြီး ခရီးဆောင်အိတ်တွေကို စစ်ဆေးသည်။ ကျွန်ုပ်တို့ ကျောပိုးအိတ်ကြီးများမှာ စစ်သုံးအိတ်ဖြစ်သဖြင့် အခြားအိတ်တွေကြားမှ ထင်းထင်းကြီးပေါ်နေသည်။

"ခင်ဗျားအိတ် ဖွင့်စမ်းပါဦး"

တစ်ယောက်သော အရာရှိက ဓာတ်မီးနှင့် ကျွန်ုပ်တို့အိတ်တွေကို ထိုးပြရင်း ဟောက်စပ်စပ်ပြောပြီး အတွင်းကပစ္စည်းကို တစ်ခုချင်း ဂရုတစိုက် စစ်ဆေးသည်။

www.nyisay.com



''ဆေးပုလင်းတွေ အများကြီးပဲ၊ Camp ပစ္စည်းတွေက ဘာလုပ်ဖို့လဲ''

ခရီးစဉ်အရ အာသံအမျိုးသားဥယျာဉ်များတွင် တစ်ပတ်မျှနေမည်ဖြစ်၍ ရောဂါကာကွယ်ရန် ဆေးဝါးများ ဆောင်လာခြင်းဖြစ်ကြောင်း ကျွန်ုပ်က ရှင်းပြရာ ယုံကြည်သွားပုံရပြီး နိုင်ငံကူးလက်မှတ်ကို တောင်းပြန်ရာ ကျွန်ုပ် အမျှော်လင့်ကြီးမျှော်လင့်ထားသလို နိုင်ငံခြားသားတစ်ယောက်အနေနှင့် အိန္ဒိယမြောက်ပိုင်းသို့သွားလျှင် ပါမစ်ပါလာရသည်ကိုမူ နကန်းတစ်လုံးမျှ သိသူမဟုတ်၍ ၃၁-၇-၁၉၈၅ အထိ ဗီဇာသက်တမ်းတိုးထားသည်ကို တွေ့ပြီး ကျေနပ်သွားပါ၏။

''အိုကေ...ခင်ဗျားအထောက်အထားတွေ ခိုင်လုံတယ်''

သို့ပေမဲ့ ဆိုင်နောင့်ကိုကား တစ်ခွန်းမျှပင်မမေးမစမ်း၊ အင်ဒီးယန်းတွေကို တူးတူးခါးခါး ဆန့်ကျင်တတ်သော အရှေ့မြောက်ဘက်မှ မွန်ဂိုအမျိုးအနွယ်ထဲမှ အမျိုးသမီးတစ်ယောက်မှတ်ယူ၍ အနောင့်အယှက်မပေးဘဲဖြစ်မည်။ ညသန်းခေါင်လောက်တွင် တရားမဝင် ခိုးဝင်လာသူတို့ကို တားဆီးစစ်ဆေးလေ့ရှိသည်ဆိုသော အနောက်ဘင်္ဂလားနှင့် အာသံနယ်ခြားသို့ ရောက်လာကြရာ ဂိတ်သုံးဂိတ်ကို လွတ်လွတ်ကျွတ်ကျွတ် ဖြတ်သန်းလာပြီး စတုတ္ထမြောက်ဂိတ်အရောက်တွင်မူ လမ်းတစ်ဘက် အမှောင်ထဲတွင် စစ်သားအချို့ကို ဖျတ်ခနဲတွေ့လိုက်ရပြီးနောက် ကျွန်ုပ်တို့ ဘတ်(စ်)ကားလည်း စစ်တန်းလျားရှေ့တွင် ထိုးရပ်သွားပြီး အရာရှိတစ်ယောက် ကားပေါ်တက်လာသည်။ မော်တော်ကားဒရိုင်ဘာက ကျွန်ခဲ့သည့် ခေါ်(ချ်)ဘီဟားဂိတ်တွင် ကျွန်ုပ်တို့ကားကို တစ်နာရီကျော်မျှ ရပ်တန့်စစ်ဆေးခဲ့ပြီးဖြစ်၍ ယခု ဖြတ်သန်းခွင့်ပေးဖို့ အော်ပြောလိုက်သည်။

''မရဘူး... အဲဒါက အနောက်ဘင်္ဂလား၊ ဒါက အာသံကွ''

အရာရှိက ဒရိုင်ဘာကို ပြန်အော်လိုက်ပြီး ခရီးသည်တစ်ယောက်ချင်းကို အိန္ဒိယဘာသာစကားဖြင့် မေးလိုက်သည့်အခါ အချို့ခရီးသည်တို့က 'ဂူဝါဟသီ'ဟုဖြေပြီး အချို့ကမူ ဒီဘရူးဂါဟု ဖြေနေကြသည်ကို ကြားရသဖြင့် ဘယ်ကိုသွားမှာလဲဟု မေးနေသည်ကို မှန်းဆသိနိုင်သည်ဖြစ်၍ ကျွန်ုပ်အလှည့်သို့ ရောက်လာသည့်အခါ အိမ်ချင်မူးတူးဖြစ်နေသယောင်ဆောင်လိုက်သည်တွင် အရာရှိက ကျွန်ုပ်ကို လက်ညှိုးထိုးပြီး စက်သေနတ်ပစ်သလို ပြောလေတော့သည်။

''ဂူဝါဟသီ''

ကျွန်ုပ်က ရူးကြောင်မူးကြောင်ပုံစံဖြင့် ဗလုံးဗထွေး ပြောလိုက်ခါမှ အရာရှိလည်း ရှေ့ဆက်လျှောက်သွားသည်။ ဘတ်(စ်)ကားအတွင်း မီးမှာ ခပ်မှိန်မှိန်သာ လင်းနေသဖြင့် ကျွန်ုပ်ကို နိုင်ငံခြားသားတစ်ယောက်မှန်း မမြင်တာဖြစ်မည်။ သို့ပေမဲ့ စစ်ဆေးရေးဂိတ်မှ မော်တော်ကား ထွက်လာခါမှ ကျွန်ုပ် 'ဟင်း'ချရပြီး မကြာခင် အိပ်ပျော်သွားသည်။ ဆိုင်နောင့်လည်း ကျွန်ုပ်ပခုံးပေါ် ခေါင်းမှေးပြီး အိပ်ပျော်သွားသည်။

www.nyisay.com



မနက် လေးနာရီတွင် နောက်ထပ် စစ်ဆေးရေးဂိတ်တစ်ဂိတ်သို့ ရောက်လာပြီး ကားရပ်သည်နှင့် ပုလိပ်တွေ ဝိုင်းရံလာပြီး မေးမြန်းစစ်ဆေးကြရာ သည်တစ်ခါတော့ ဘာတွေ မေးလို့ ဘာတွေဖြေနေသည်ကို အရည်လည်အပတ်စေ့အောင် နားမလည်တော့။ သို့ပေမဲ့ ကန့်သတ်ဇရိယာပါမစ်ရှိသော စကားတစ်လုံး ကြားလိုက်ရပြီးနောက်၊ ခရီးသည်များထဲမှ ပန်ချာပီ၊ နီပေါနှင့် မွတ်စလင်တွေဟု ထင်ရသူတို့ကို ကားပေါ်က ဆင်းခိုင်းလိုက်ပြီး နှုတ်ခမ်းမွေးထူလဗျစ်နှင့် ပုလိပ်တစ်ယောက် ကားပေါ်တွယ်တက်လာပြီး မာရေကျောရေနှင့် တောင်ကြည့်မြောက်ကြည့် ကြည့်သည်တွင် ကျွန်ုပ်ကို တွေ့သွားတော့သည်။

''ကျေးဇူးပြုပြီး ပါမစ်ပြပါ''

ကျွန်ုပ်လည်း အိတ်ထဲ ဟိုစမ်းသည်စမ်း စမ်းပြီး အထောက်အထားတွေအားလုံး ထုတ်ပေးလိုက်ရာ တစ်ရွက်ချင်းစီကို သေသေချာချာ စစ်ဆေးပြီး...

''ခင်ဗျားရဲ့ပါမစ်က မဏ္ဍိုရအတွက် ပေးထားတာပဲ၊ ခါဇီရန်းဂါ မဟုတ်ဘူး၊ အခုရောက်နေတဲ့ နေရာက အာသံလေ''

ပါမစ်ကို ကျွန်ုပ်ရေးခဲ့စဉ်က 'ခါဇီရန်းဂါ'ကို ထည့်မရေးခဲ့တာ မှားသွားကြောင်း သိလိုက်သည်။ သို့ပေမဲ့ ဓမ္မပူရတွင် ပါမစ်ယူရမည်ဖြစ်၍ အာသံကို ဖြတ်သွားရပါကြောင်း ကျွန်ုပ်က အကြောင်းပြဖြေလိုက်ရာ သူက ဘာကြောင့် လေယာဉ်နှင့် မသွားတာလဲဟု မေးသည်။

''မဖြစ်နိုင်လို့ပါ၊ လေယာဉ်က နောက်လအထိ ဘွတ်ကင်တွေ ပြည့်နေပြီ''

ကျွန်ုပ်စာရွက်စာတမ်းတွေကို ကြည့်ရင်း ခေတ္တမျှစဉ်းစားပြီးနောက် တစ်ဆင့်ခံပါမစ်ဖြစ်၍ ခွင့်ပြုကြောင်းပြောပြီး လှည့်ထွက်သွားရာ ရှေ့ခုံတွင် လိုက်ပါလာသော ကေဇီဆေးကိုက လည်စောင်းလှည့်ကြည့်ရင်း ကျွန်ုပ်ကို တစ်ချက်ပြုံးပြသည်။ သည်တစ်ကြိမ်လည်း အိုကေသွားပြီဟု ကျွန်ုပ်တွေးလိုက်သည်။ သို့ပေမဲ့ ပုလိပ်တစ်သိုက် လက်နှိပ်မီးတွေ ဟိုထိုး၊ သည်ထိုးနှင့် အော်ဟစ်ပြီး ရှုပ်ယှက်ခတ်နေသဖြင့် သတင်းတစ်ခုခုရလို့ စစ်ဆေးနေပုံရသည်။ သို့ဆိုလျှင် ကျွန်ုပ်တို့သတင်းရ၍လား သံသယဝင်လာပြီး လိပ်ပြာလန့်ချင်သလို ဖြစ်လာသည်။

မကြာပါချေ။ အလုံးအထည်တောင့်တောင့်၊ အရပ်ဝတ်နှင့် အရာရှိတစ်ယောက် ပေါက်ချလာသည်။ သူ့နောက်မှ ရိုင်ဖယ်သေနတ်လွယ်ထားသော ပုလိပ်တွေလည်း ပါပြီး ကန့်သတ်ဇရိယာပါမစ်ဆိုသည့် စကားကို ထပ်ကြားလိုက်ရသည်နှင့် မရှေးမနှောင်း မှာပင် ပုလိပ်တစ်ယောက် ကားပေါ်တက်လာပြီး ကျွန်ုပ်ကို အောက်ဆင်းဖို့ ပြောသဖြင့် ကျွန်ုပ်လည်း စာရွက်စာတမ်းထည့်ထားသော လွယ်အိတ်ကို အသေအချာစစ်ဆေးပြီး ကားပေါ်က ဆင်းလာခဲ့သည်။ ပုလိပ်နှစ်ယောက်က ကျွန်ုပ်ကို ရံလျက် လမ်းဘေးတွင် ရပ်ထားသော ဂျစ်ကားသို့ ခေါ်လာခဲ့ရာ ကျွန်ုပ်၏အထောက်အထား စာရွက်စာတမ်းတွေကို ဂျစ်ကားခေါင်းပေါ် ချပေးလိုက်သဖြင့် ရဲတစ်ယောက်က ဓါတ်မီးနှင့်စစ်ဆေးကြည့်သည်။

www.nyisay.com



''ပါမစ်... ပါမစ်... မင်းဆီက ငါ တောင်းနေတာ ပါမစ်ကွ''

ကျွန်ုပ်က စာရွက်စာတမ်းတွေကို သေသေချာချာ ဖတ်ကြည့်ဖို့ တောင်းတောင်း ပန်ပန်နှင့်ပြောရာ အရာရှိက စိတ်မရှည်တော့သလိုနှင့် ဆက်လက်စစ်ဆေးနေပြီး ပြည်ထဲရေးဌာနမှ ထောက်ခံစာကို တွေ့ခါမှ တင်းနေသောမျက်နှာ ပြန်လျော့သွားသည်။

''သြော် ဒီလိုလား''

ဦးစွာ ပထမစာကြောင်းကို ဖတ်လိုက်သည်။ ''အကြောင်းအရာ' ခေဘူလမ်ကျောင်းနှင့် ခါဇီရန်းဂါဒေသများသို့ လည်ပတ်ရန် ခွင့်ပြုခြင်း'' ဒါဆို ခင်ဗျားက ခါဇီရန်းဂါကို သွားမလို့လား''

''ဟုတ်ပါတယ်... ခွင့်ပြုမိန့်နဲ့သွားမှာပါ''

''ဒါပေမဲ့ ကန့်သတ်ဇရိယာအတွက် ပါမစ်က ဘယ်မှာလဲ''

''ဒါက ဒီလိုရှိပါတယ်၊ ဒီစာအရ သက်ဆိုင်ရာအာဏာပိုင်တွေက ပါမစ်ပေးပါလိမ့်မယ်''

''ဒါဆို အာသံဂိတ်ကို ဖြတ်လာတုံးကရော ခင်ဗျားကို စစ်ဆေးခဲ့လား''

''စစ်ဆေးပါတယ်၊ ပြီးတော့ သွားခွင့်ပြုလိုက်ပါတယ်''

ဤတွင် စာကို ရှေ့ဆက်လျှင် စာအရ ခွင့်ပြုထားသည်မှာ ခေဘူလမ်ကျောင်းတစ်နေရာတည်းသာဖြစ်ပြီး ခါဇီရန်းဂါမပါသည်ကို သိသွားမည်ဖြစ်၍ ကျွန်ုပ်က အာရုံပြောင်းသွားအောင် စာရွက်ကို ကပျာကယာကျော်လိုက်ပြီး ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ကြီးက ရေးပေးလိုက်သည်ဆိုသော မိတ်ဆက်စာကို ပြလိုက်ရာ အတော်ကြီးကျေနပ်သွားပုံရသည်။ စာဖတ်၍ ပြီးခါနီးလေးမှာပင် ဘတ်(စ်)ကားအနားမှ ပုလိပ်တို့ဆီက ခါတ်မီးတဝင့်ဝင့်နှင့် ဆူဆူညံညံ အော်ဟစ်သံတွေ ကြားလိုက်ရပြန်သဖြင့် ဟိုဆီစိတ်ရောက်သွားပြီး ကျွန်ုပ်ကို ဂူဝါဟာသီရောက်လျှင် ရဲစခန်းသို့ သတင်းပို့ဖို့ညွှန်ကြားပြီး သူ၏မှတ်စုစာအုပ်ထဲတွင် ကျွန်ုပ်၏ လုပ်ကြံထားသော စာအမှတ်နှင့်အတူ ခါဇီရန်းဂါသို့ ခွင့်ပြုသည်ဟု ဖြည့်စွက်ရေးမှတ်ထားလိုက်သည်။ ကျွန်ုပ်လည်း စာရွက်စာတမ်းအားလုံးကို ကပျာကသီ သိမ်းလိုက်ပြီး ဘတ်(စ်)ကားဆီ ပြန်လှည့်လာခဲ့သည်။ ဘတ်(စ်)ကားပေါ်တွင်ကား ခရီးဆောင်အိတ်တို့ကို ပုလိပ်တွေက ခါတ်မီးနှင့်ထိုးပြီး စစ်ဆေးနေသဖြင့် ကျွန်ုပ်နှင့် ခါးလွယ်ခုတ်တွင် ထိုင်နေသော ခရီးသည်တစ်ယောက်ကို ဘာဖြစ်တာလဲဗျဟု မေးလိုက်သည်။

''နီပေါတွေ ပါမစ်မပါဘဲ ကားခေါင်းမိုးပေါ်မှာ ပုန်းပြီးလိုက်လို့''

ဤတွင် ကျွန်ုပ်က အခြားလူတွေကြားအောင် စိတ်ဆိုးမာန်ဆိုးနှင့် ဟန်လုပ်ပြီး ပြောလိုက်ရသေးသည်။

''ပါမစ်မပါဘူး ဟုတ်လား၊ ပါမစ်မပါလို့တော့ ဘယ်ရမလဲဗျ'' ထိုအခိုက် ဘောင်းဘီရှည်ဖင်ကျပ်၊ ခါးဖုံးသည့်အင်္ကျီပွကြီးနှင့် ရောင်စုံဦးထုပ်ဆောင်းထားပါသော

www.nyisay.com



အသက်ကြီးကြီး နီပေါနှစ်ယောက်ကို ရဲဌာနသို့ ခေါ်သွားရာ သူတို့ကို ဘာလုပ်မှာလဲဟု မေးရပြန်သည်။

"ပုလိပ်တွေကို ပိုက်ဆံပေးရမှာပေါ့၊ ပြီးရင် သူတို့လာရာ အရပ်ကို ပြန်ပို့လိမ့်မယ်"

နီပေါနှင့် ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်နိုးဝင်လာသော သူတို့ကို တင်းတင်းကျပ်ကျပ် စစ်ဆေးအရေးယူနေသည်များ ရှိနေပါသော်လည်း အတော်များများကား နိုးဝင်လာရာ ယခုဖမ်းမိသွားသော နီပေါနှစ်ယောက်သည်လည်း နောက်တစ်ကြိမ် နိုးဝင်ဖို့ မကြိုးစားတော့ဟု မပြောနိုင်၊ သူတို့အတွက် စိတ်မကောင်းဖြစ်ရသည့်တိုင် တစ်ဖက်က တွေးကြည့်လျှင်မူ သူတို့ပြဿနာကြောင့် ကျဉ်းထဲကျပ်ထဲက ကျွန်ုပ်လွတ်မြောက်ခဲ့ရသည် ဖြစ်၍ ကျေးဇူးပင် တင်ရသေးသည်။

စစ်ဆေးရေးဂိတ်တွင် (၂) နာရီမျှ ကြာသွားသဖြင့် ဂူဝါဟာသီသို့ ကျွန်ုပ်တို့ ရောက်လာသည့်အခါ (၁၀) နာရီထိုးနေလေပြီ။ အခက်အခဲမရှိဟု ကြိုတင်မျှော်လင့်ထားသော်လည်း ခရီးစဉ် ပထမအဆင့်တွင် ပွတ်ကာသီကာ လွတ်မြောက်လာသဖြင့် စိုးရိမ်နေသေးသည်။

ကျွန်ုပ်တို့ အစီအစဉ်အရ ဓမ္မပူရသို့ ထွက်ခွာမည့် ခေါင်ဆုံးကားနှင့် လိုက်ဖို့ဖြစ်သည်။ ဤသို့ စီစဉ်ရသည်မှာလည်း စာရွက်စာတမ်းအတုများနှင့် နိုင်ငံခြားသားနှစ်ယောက် နိုးဝင်လာသည်ဟု တစ်ယောက်ယောက်က သံသယရှိလာမည်ကို ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ အမှန်အားဖြင့် ယခုလို တစ်ဂိတ်ပြီးတစ်ဂိတ် ကျော်လွှားနိုင်သော ကျွန်ုပ်တို့အတွက် ကံကောင်းသည့်အချက်မှာ အိန္ဒိယ၏ တယ်လီဖုန်းစနစ်ကြောင့်ဖြစ်သည်။ တယ်လီဖုန်းစနစ်ကား ခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ အားကိုးရ်မရ။ တစ်ယောက်ယောက်ကသာ ကျွန်ုပ်တို့နောက်မှ ခြေရာခံခဲ့မည်ဆိုပါလျှင် သူကိုယ်တိုင်လိုက်လာရပေလိမ့်မည်။ သို့ပေမဲ့ အစစ်အဆေးဂိတ်တွေမှာ အချိန်အတော်ကြာခဲ့သဖြင့် ယခု ဓမ္မပူရသို့ ပထမဆုံးထွက်မည့် ခေါင်ကားကို မမှီတော့။ ည (၈) နာရီအထိ စောင့်ရဦးမည်ဖြစ်ရာ ဤမှာပင် တစ်နေကုန်အချိန်ဖြုန်းရတော့မည်။ သို့ပေမဲ့ အပြင်ထွက်လမ်းလျှောက်ဖို့ ရည်ရွယ်ချက်မရှိ။ ဟိုတယ်မှာ တည်းမည်ဆိုလျှင်လည်း ကျွန်ုပ်တို့ နာမည်တွေကို ပေးရမည်ဖြစ်၍ ပုလိပ်တွေ တွေ့သွားပြီး ပို၍ပင်အန္တရာယ်ကြီးနိုင်သည်။ ညကြီးသန်းခေါင် ကျွန်ုပ်ကို စစ်ဆေးခဲ့သော ပုလိပ်အရာရှိက ဤနေရာသို့ သတင်းလှမ်းပို့လျှင်လည်း ပို့နိုင်သည်။ ပြောရလျှင် ပထမအကြိမ် လေယာဉ်ဖြင့် ဝင်ဖို့ကြိုးစားခဲ့စဉ်က လေယာဉ်ရုံးတွင် မှတ်ပုံတင်ခဲ့ရသဖြင့် ကျွန်ုပ်တို့နာမည်တွေ သူတို့လက်ထဲမှာရှိနေသေးသည်။ သို့ပေမဲ့ ကျွန်ုပ်တို့ ပုန်းခိုဖို့ရာအတွက် ပြဿနာမရှိ၊ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ကေဗီဆေးကို၏ သူငယ်ချင်းတချို့ရှိသဖြင့် သူတို့ကို အကူအညီတောင်း၍ ရနိုင်သည်ဖြစ်၍ တက္ကစီတစ်စီး ငှားလိုက်ကြသည်။ သို့ပေမဲ့ တက္ကစီကားက သုံးဘီးကားလေးဖြစ်သဖြင့် ကျွန်ုပ်

www.nyisay.com



အရပ်အမောင်းနှင့် မလွတ်မလပ်၊ နောက်ဆုံးနေရာ ချောင်ထဲတွင် ခါးကိုင်း၍ သတင်းစာ ဖတ်ချင်ယောင်ဆောင်ကာ လိုက်ပါလာခဲ့ရသည်။

အိမ်ရောက်သည့်အခါ ကေဇီဆေးကို၏ မိတ်ဆွေကိုကား မတွေ့ရ၊ ခရီးသွားနေကြောင်း သိရပြီး ဘင်္ဂါလီလူမျိုး အိမ်စေယောကျ်ားတစ်ဦးသာရှိသည်။ သို့ဖြင့် သူကိုပင် ကျွန်ုပ်တို့မှာ ညကားဖြင့် ဓမ္မပူရသို့ သွားကြမည်ဖြစ်၍ မော်တော်ကားထွက်မည့် ညအချိန်အထိ ဤအိမ်တွင် ခေတ္တနားခိုခွင့်တောင်းရာ သူက ကျွန်ုပ်တို့ကို သံသယမျက်လုံးတွေနှင့် ကြည့်ရင်း မေးသည်။

"ဒါပေမဲ့ ပြာသနာဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

ကေဇီဆေးကိုကလည်း တုံးတိတိဖြေသည်။

"ခင်ဗျားမှ မပြောရင် ဘာပြဿနာမှ မဖြစ်ဘူး"

အနားယူမည်ဆိုသော်လည်း တကယ်တော့ ,ကျွန်ုပ်တို့သုံးဦးကား အခန်းထဲမှာ ရင်တထိတ်ထိတ်၊ ညစ်ပတ်စုတ်ပေနေသော လိုက်ကာနောက်မှ ချောင်းကြည့်လျက် "ငါတို့ဆီ ရဲတွေ ဘယ်တော့များ ရောက်လာမလဲ...တွေးရင်း တစ်နေ့လုံး မထိတ်သာ မလန့်သာရှိနေကြရပါ၏" သို့ပေမဲ့ မိုးချုပ်သည်အထိ ဘယ်သူမှ မလာ၊ ည (၇)နာရီတွင်မူ ကေဇီဆေးကို အပြင်ထွက်သွားပြီး နာရီဝက်မျှအကြာတွင် သုံးဘီး တက္ကစီလေးဖြင့် ပြန်ရောက်လာကာ ကျွန်ုပ်တို့ကိုခေါ်ပြီး ကားဂိတ်သို့ ထွက်လာခဲ့ကြသည်။ ကေဇီဆေးကို ဝယ်ထားသော ကားလက်မှတ်များနှင့် မော်တော်ကားပေါ် ကျွန်ုပ်တို့တက်၍ နေရာယူအပြီး ည (၈) နာရီတိတိတွင်မူ အံ့သြစရာကောင်းလောက်အောင်ပင် ကျွန်ုပ်တို့ လိုက်ပါလာသော ကားကြီးကား ဓမ္မပူရသို့ ထွက်ခဲ့ပါ၏။

ဘတ်(စ်)ကားပေါ်တွင် ကျွန်ုပ်ပါလာသဖြင့် ခရီးသည်အားလုံး ကွက်ကြည့်ကွက်ကြည့် ဖြစ်နေကြသည်။ မျက်လုံးမျက်ဖန်၊ ရုပ်အဆင်းတို့ကိုကြည့်၍ ခရီးသည်အများစုမှာ မွန်ဂိုအနွယ် နာဂလူမျိုးတွေဖြစ်ကြောင်း သိနိုင်သလို သူတို့ဘက်ကလည်း ယခုအချိန်တွင် ကျွန်ုပ်လိုလူမျိုးတစ်ယောက် ဤနေရာ ရောက်နေသည်မှာ သွေးရိုးသားရိုးမဟုတ်မှန်းကောင်းစွာ သိကြပါသော်လည်း စပ်စပ်စုစုမလုပ်၊ ခင်မင်ရင်းနှီးလိုသော အပြုံးနှင့်ပင် ပြုံးပြကြသည်။ အင်ဒီးယန်းခရီးသည် အချို့က မှုန်မှုန်ကုပ်ကုပ်နှင့် ကျွန်ုပ်ကို ကြည့်ကြသည့်တိုင် ဟိုမေးသည်မေးမလုပ်၊ ဤနေရာတွင် ကျွန်ုပ်၏ဇနီး ဆိုင်နောင့်ကား ကွက်တိ၊ နာဂခရီးသည်လား အောက်မေ့ရသည်။

သို့ပါ၍ ဘတ်(စ်)ကားပေါ်မှာ ကျွန်ုပ်အတွက် လုံခြုံစိတ်ချရသလို ခံစားရပါသော်လည်း စားသောက်ဖို့ ကားရပ်သည်ဖြစ်စေ၊ တပို့တပါးသွားဖို့ ကားရပ်သည်ဖြစ်စေ အောက်ဆင်းဖို့ တွန့်နေသေးသည်။ ကျွန်ုပ်စိတ်ကို အကဲခတ်မိသော ကေဇီဆေးကိုက မော်တော်ကားပေါ်မှာ ကျွန်ုပ်နှင့် စကားတစ်လုံးမှမပြောဘဲ ကားရပ်လျှင် သူက အောက်ဆင်းပြီး စားစရာသောက်စရာအချို့ကို ဝယ်ကာ ပြတင်းပေါက်မှ မသိမသာ လာပေးတတ်သည်။ သို့ပေမဲ့ ကေဇီဆေးကို၏ ထောက်ပံ့ရေးသည်ကား အချိန်တစ်ခုအထိသာ

www.nyisay.com



အလုပ်ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ဆီးသွားချင်စိတ်မှာ အောင့်မရလောက်အောင် ဖြစ်လာပြီး ကျွန်ုပ်တစ်ကိုယ်လုံး ကိုက်ခဲလာသည်။ ထိုစဉ် ထိုင်ခုံအောက်က အုန်းသီးခွံ တစ်လုံးကို ခြေထောက်နှင့် တိုက်မိလိုက်ရာမှ အိုင်ဒီယာတစ်ခု လက်သွားသည်။ အုန်းသီး များကား ပြီးခဲ့သည့်ဂိတ်တုန်းက ကားရပ်စဉ် ကျွန်ုပ်တို့အတွက် ကေဇီဆေးကို ဝယ်ပေးခဲ့ သော အုန်းသီးတွေဖြစ်ပြီး စုတ်တံနှင့် အုန်းရည်သောက်ဖို့ အပေါ်က အပေါက်လေး တစ်ပေါက် ဖောက်ပေးထားသည်။ အုန်းသီးကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ကျွန်ုပ်၏ ဆွစ်တပ်မတော်သုံး ဓားမြှောင်ဖြင့် အဝကို အလောတော် ခွဲလိုက်သည်။ အဝကျယ် သွားပေမဲ့ ထိုးထိုးထောင်ထောင်ဖြစ်နေသော အခွံနှံအတက်တွေကိုလည်း ချောအောင် ချောရသေးသည်။ ပြီးခါမှ အမှောင်ထဲမှာ အိပ်ပျော်နေကြပါသော ခရီးသည်တွေကြား ကျွန်ုပ်၏ ဂျာကင်အင်္ကျီရှည်ကြီးကို အကာအကွယ်ယူပြီးသကာလ ဝိတ်လျှော့လိုက်မှ နေသာထိုင်သာရှိသွားပြီး အုန်းသီးခွံကြီးကို ပြတင်းပေါက်မှ ပစ်ချခဲ့ကာ ထိုင်ခုံကို ဟန်ကျ ပန်ကျ နောက်မှီလိုက်ပြီး အိပ်ချလိုက်တော့သည်။

အာသံနာဂနယ်ခြားကို မဖြတ်မီ ကျွန်ုပ်တို့ အိပ်ရာနိုးကြသည်။ အာသံစစ်ဆေးရေး ဂိတ်မှ တာဝန်ရှိသူတို့က ကျွန်ုပ်တို့ကားကို စိတ်ဝင်စားဟန်မပြ၊ ရှေ့တွင် တွေ့ရမည့်ဂိတ် မှာ နာဂနယ်မြေဂိတ်ဖြစ်သလို အရေးပါသော ဂိတ်တစ်ဂိတ်လည်းဖြစ်သည်။

သို့ပေမဲ့ ဒုတိယဂိတ်မရောက်မီ မီတာတစ်ရာကျော် မောင်းလာပြီးနောက်တွင်မူ ဘတ်(စ်)ကားမှာ ဆိပြတ်၍ တဂျုံးဂျုံးနှင့် ထိုးရပ်သွားသည်။ ထို့နောက် ကားဆရာသည် လှုပ်ယိ၊ လှုပ်ယဲ့ဖြင့် လုံးဝပျောက်သွားသည်ကို မြင်လိုက်ရပြီး တစ်နာရီခန့်အကြာတွင် ခါတ်ဆီပုံးကြီး တစ်ပုံးနှင့် ပြန်ရောက်လာသည်။ သို့ပေမဲ့ ခရီးကရှည်၊ အခွံနှံက အလွန်အကျွံ ကြာနေပြီဖြစ်၍ ခရီးသည်တွေ စိတ်မရှည်ကြတော့။ အသံတွေထွက်လာသည်။ ကား စက်နှိုး၍ ပြန်ထွက်လာပြီး နောက်ဆုံး ဂိတ်နားရောက်ခါတွင် ကားရပ်ဖို့အရှိန်လျှော့လိုက် သည့်အခါ ခရီးသည်တစ်ယောက်ထံမှ အော်သံထွက်လာသည်။

"ကျုပ်တို့တွေ အိမ်ရောက်ချင်နေပြီ၊ ကားမရပ်ပါနဲ့တော့ဗျို့"

သို့နှင့် ကားဆရာကလည်း စက်ရှိန်ကို မြှင့်လိုက်ပြီး ဂိတ်ကိုဖြတ်၍ မောင်းလာခဲ့ ရာ ဂိတ်အဆောက်အအုံငယ်လေးထဲတွင် နံနက်စာ စားနေကြသော ပုလိပ်လေးယောက်ကို ဖျတ်ခနဲ လှမ်းတွေ့လိုက်သည်။ သို့ပေမဲ့ ကျွန်ုပ်တို့ ဘတ်(စ်)ကားကို ယောင်လို့မျှပင်မကြည့်၊ ဓမ္မပူရဂိတ်မှာ စိတ်လှုပ်ရှားစရာတစ်ခုမှ မဖြစ်ခဲ့။

○

# ကိုဟီးမားသို့

ကေဇီဆေးကို တွက်ထားသလို ဘတ်(စ်)ကားဂိတ်တွင် ဗယ်မယ့်ဆူနှင့် အပေါင်းအပါတို့က ကျွန်ုပ်တို့ကို လာကြိုနေသည်ကိုမတွေ့၊ ကာကီရောင် ယူနီဖောင်းနှင့် ဝါးရင်းတုတ်တို့တွေ ကိုင်ဆောင်ထားသော ပုလိပ်တို့ကိုသာ တွေ့လိုက်ရသည်။ ပုလိပ်တွေက အုတ်တံတိုင်း ခတ်ထားသော ကားဂိတ်ဝင်းတစ်ခြမ်းကို ဖြတ်လျက် တန်းစီရပ်နေကြရာ ကျွန်ုပ်လည်း ကျောပိုးအိတ်ကို ကောက်လွယ်လိုက်ပြီး ဟန်ပါပါချီလျက် ပုလိပ်တွေကို ဖြတ်ကာ ကားဂိတ်အဆောက်အအုံဘက် လျှောက်လာလိုက်သည်။ ဆိုင်နောင့်နှင့် ကေဇီဆေးကိုတို့က ကျွန်ုပ်နောက် ခပ်လှမ်းလှမ်းမှခွာပြီး လိုက်လာသည်။ ခရီးလမ်းတစ်လျှောက်တွင် အထပ်ထပ် စစ်ဆေးပြီးခါမှ ယခု ဤနေရာသို့ ဆိုက်ရောက်လာသည်ဖြစ်၍ နောက်ထပ် စစ်စရာ၊ ဆေးစရာ လုံးဝမလိုတော့ဟု ထင်နေရာ့သလား မသိ၊ ကျွန်ုပ်နှင့် နီးကပ်လာသော ပုလိပ်တစ်ယောက်က တစ်ချက်ကြည့်ရုံမျှကြည့်ပြီး စိတ်မဝင်စားသလို ပြန်လှည့်သွားသည်။

ကားဂိတ်အဆောက်အအုံအပေါ်ထပ်မှ လက်ဖက်ရည်ဆိုင်ငယ်လေးဆီ ကျွန်ုပ်တို့ တက်လာခဲ့ကြပြီး စားပွဲတစ်လုံးတွင် အဝင်ပေါက်ကို ကျောပေးထိုင်လိုက်ပြီး ကျွန်ုပ်၏ဦးထုပ်အနားကို မျက်လုံးဖုံးသည့်အထိ ရှေ့ငိုက်ချလိုက်သည်။ ကျွန်ုပ်တို့အတွက် ကေဇီဆေးကို မနက်စာ မှာပေးပြီး သူ့လူတွေရှာဖို့ အပြင်ထွက်သွားသည်။ ကျွန်ုပ်တို့ကလည်း ကြက်ဥခေါက်ကြော်၊ ပေါင်မုန့်မီးကင်နှင့် ခတ်ညှဉ်ညှဉ်လက်ဖက်ရည်တို့ကို တို့ကာဆိတ်ကာ အချိန်ဆွဲစားနေရာမှ နာရီဝက်သာသာခန့်တွင် ကေဇီဆေးကိုတစ်ယောက်တည်း ပြန်ရောက်လာသည်၊ မည်သူမျှမတွေ့။

စားသောက်ပြီးစီးသည်နှင့် ခရီးဆောင်အိတ်တွေကို ကောက်လွယ်လိုက်ကြပြီး အဆောက်အအုံအပြင် ပြန်ထွက်လာကြရာ ယခင်အတိုင်း ပုလိပ်တွေရှိနေပါသော်လည်း

www.nyisay.com



ကျွန်ုပ်ကို လုံးလုံးလျားလျား အရေးမလုပ်တော့။ မော်တော်ကားဂိတ်ဝင်းကြီးတွင် နောက်ဘက်ထွက်ပေါက်ရှိပြီး အဆိုပါအပေါက်မှာ ရိုးရိုးတံခါးမဟုတ်ဘဲ အုတ်ရိုးပေါ်ခွထားသော် လှေကားဖြစ်ပြီး သံလှေကားမှ တက်လိုက်လျှင်မူ ဟိုမှာဘက်တွင်ကား ကွင်းပြင်ငယ်လေးတစ်ကွင်း၊ ကေဇီဆေးကိုက ရှေ့မှသွားပြီး ကျွန်ုပ်တို့က နောက်မှ သုတ်သုတ်လိုက်လာကြရာ ကွင်းကိုကျော်ပြီးနောက် ဓမ္မပူရ၏ နောက်ဖေးလမ်းများထဲသို့ ရောက်လာခဲ့ကြပါ၏။

ဖုန်ထူထူလမ်းလေးတစ်လျှောက် မျှောလိုက်လာကြပြီးနောက် ပန်းခြံငယ်လေးနှင့် ဘန်ဂလိုအိမ်တစ်လုံးသို့ ရောက်လာကြသည်။ ကေဇီဆေးကိုက ဝင်းခြံတံခါးကို ဖွင့်ဝင်ပြီး ကျွန်ုပ်တို့ကို ကျွန်းသစ်တစ်ဝက်၊ အုတ်တစ်ဝက်နှင့် အိမ်ထဲကို ဦးဆောင်ခေါ်သွားသည်။ အိမ်ထဲတွင် ပရိဘောဂကို့ကျို့ကျဲကျဲ နံရံပေါ်တွင် နာဂပြက္ခဒိန်ချိတ်ထားသည်။ အခန်းထဲတွင် အမျိုးသမီးတစ်ယောက် တံမြက်စည်းလှဲနေရာမှ ကျွန်ုပ်တို့ကို မြင်သည်နှင့် အခြားအခန်းငယ်လေးတစ်ခန်းဆီ ခေါ်သွားပြီး ကျွန်ုပ်တို့ဝင်ပြီးနောက် အပြင်မှတံခါးပြန်ပိတ်သွားသည်။

ကျွန်ုပ်တို့လည်း ကျောပိုးအိတ်တွေကို အောက်ချလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ဖို့ ပြတင်းပေါက်နားသွားပြီး အပြင်သို့ကြည့်လိုက်ရာ စောစောက အမျိုးသမီးကပင်ပန်းခြံထဲ ကစားနေသော ကလေးတစ်သိုက်ကို သူမနားသို့ လက်ရမ်းခေါ်လိုက်ကာ ခါးကိုင်းပြီး ကလေးတွေကို တိုးတိုး၊ တိုးတိုးနှင့် ပြောနေသည်ကို တွေ့လိုက်ရပြီး ကလေးတွေကလည်း မျက်နှာပိုးသေသေနှင့် နားထောင်၊ ခေါင်းညိတ်ပြီး အဆော့ဘက်ပြန်သွားကြသည်။

နာဂဒေသတွင် ၁၉၅၆ ခုနှစ်မှ စတင်၍ စစ်ပွဲများ ဖြစ်ပွားခဲ့ရာ ကျွန်ုပ်တို့လိုပုန်းလျှိုးကွယ်လျှိုးဖြင့် ရောက်လာတတ်သော ခရီးသည်တို့ကို ထိုအမျိုးသမီးက ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါလောက်တောင် ခိုလှုံခွင့်ပေးခဲ့သည်မသိ။ ပန်းခြံထဲတွင် အိမ်နီးချင်းကလေးတွေနှင့် ဟန်မပျက်ဆော့ကစားနေပါသော စောစောကကလေးငယ်တို့ကို ကြည့်ခြင်းအားဖြင့် သူတို့လေးတွေသည်ပင် မြေအောက်ရဲဘော်လေးတွေ ဖြစ်နိုင်ပါ၏။

ဓမ္မပူရမှ ဘန်ဂလိုအိမ်လေးထဲ ကျွန်ုပ်တို့ရောက်လာခြင်းသည် နောက်ထပ် ပုန်းခိုရမည့်အဆင့်တစ်ခုသို့ တက်လာခြင်းဖြစ်ရာ ယခုမှစ၍ ဘယ်နေရာထွက်,ထွက် ကျွန်ုပ်အတွက်ကား ရုပ်ဖျက်သွားရုံသာရှိတော့သည်။ အိန္ဒိယ၏ တင်းကျပ်ထားသော ဥပဒေတို့ကို ရှုပ်ထွေးပွေလီသော အလိမ်၊ အကောက်တို့ဖြင့် ရှောင်တိမ်းနိုင်ခဲ့ပါသော်လည်း ယခုမူ နာဂအဆက်အသွယ်ရဖို့အတွက် ကိုယ့်ကိုယ်ကိုယ် အကျဉ်းချရပေတော့မည်။ ယခုနေရာမှာ ကေဇီဆေးကို၏ မိတ်ဆွေနှင့် အချိန်းအချက်လွဲသွားသဖြင့် ယာယီပုန်းခိုရာဖြစ်ရာ ကေဇီဆေးကိုက သူ့မိတ်ဆွေကို နောက်တစ်ကြိမ်ရှာဖွေဖို့ ကျွန်ုပ်တို့ကို ထားပြီး

www.nyisay.com



ထွက်သွားပြန်ရာ ကျွန်ုပ်တို့မှာ ကြမ်းခင်းပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း တစ်ချက်တစ်ချက် စိုးရိမ်စိတ်နှင့် ပြတင်းပေါက်ဆီကြည့်ရင်း နာရီဝက်မျှကြာခါမှ အိမ်ရှေ့တွင် ဂျစ်ကားတစ်စီး ရပ်သံကြားလိုက်ရပြီး ကေဇီဆေးကို ပြန်ရောက်လာသည်။ ဆိုင်နောင့်နှင့် ကေဇီဆေးကိုက အထုပ် အပိုးတွေယူပြီး ကားပေါ်တင်သည်။ ကျွန်ုပ်က ကာ(လ်)ကတ္တားမှ ဝယ်လာသော ဆံပင်တုကို စွပ်၊ နေကာမျက်မှန်အနက်ကို တပ်လိုက်ပြီး ပတ္တူစ ကာထားသော ဂျစ်ကား နောက်ခန်းထဲ ခွေ့ကနဲထိုင်လိုက်ပြီးသည်နှင့် ဒရိုင်ဘာကလည်း ဂူးကနဲ မောင်းထွက်လာခဲ့သည်။

ဖုန်ထူသော ပြေးလမ်းလေးတွေအတိုင်း မောင်းလာရာ လမ်းတစ်လျှောက်တွင် လန်ချား၊ သုံးဘီးကားနှင့် ဇိမ်ခံကားတချို့ကို ရိပ်ခနဲ၊ ဖျပ်ခနဲ တွေ့လိုက်ရပြီး မြို့စွန်ဆင်ခြေဖုံးရောက်၍ တအောင့်အကြာတွင်မူ တိုက်အိမ်ကြီးတစ်အိမ်၏ နောက်ဘက်တွင် ထိုးရပ်သွားသည်။ နောက်ဖေးတံခါးတွေ ဖွင့်ထားသဖြင့် ကားပေါ်မှဆင်းပြီး သုတ်ခနဲ ကျွန်ုပ် ပြေးဝင်လိုက်ရာ ကျွန်ုပ်တို့ကို စောင့်နေသော မျက်နှာဖြင့် အသက်ငယ်ငယ် လင်မယားစုံတွဲကို တွေ့လိုက်သည်။ ကျွန်ုပ်တို့ အထဲရောက်သည်နှင့် ယောကျ်ားဖြစ်သူက တံခါးကို ချက်ချင်းပိတ်ပြီး အခန်းထဲက ကွပ်ပျစ်ပေါ်မှာ ထိုင်ကြဖို့ လက်ဟန်နှင့်ပြောရာ ကျွန်ုပ်တို့အားလုံး တန်းစီထိုင်လိုက်ကြသည်။

''ရှင်က အင်ဒီးယန်းတစ်ယောက်နဲ့ အရမ်းတူတာပဲ၊ ပန်ချာပီနဲ့ ပိုတူတယ်''

အိမ်ရှင်အမျိုးသမီးက ပြုံး၍ ပြောလိုက်သဖြင့် ကျွန်ုပ်က ဆံပင်တုနှင့် နေကာမျက်မှန်ကို ချွတ်ပြလိုက်မှ သူတို့တွေ အံ့အားသင့်သွားပြီး ကျွန်ုပ်တို့ ကျော်လွှားလာခဲ့ရပါသော စွန့်စားခန်းအဖုံဖုံကို မေးဟယ်၊ မြန်းဟယ်၊ ပြောဟယ်၊ ဆိုဟယ်နှင့် တရင်းတနှီးရှိလာပြီးနောက် ကေဇီဆေးကိုက မတ်တတ်ရပ်လိုက်သည်။

''ကျွန်တော်သွားမယ်၊ သတင်းထူးတာနဲ့ ပြန်လာခဲ့မယ်''

အိမ်ရှင်လင်မယားလည်း ကျွန်ုပ်တို့နှင့် တစ်အိုးတစ်အောင့်မျှ စကားစမြည်ပြောပြီး အနားယူလိုက်ပါဦး ဆိုကာ ကျွန်ုပ်တို့ကို ထားခဲ့ရာ ဤနေရာလေးကား နောက်ထပ် (၁၄) ရက် ပုန်းခိုရဦးမည့် အခန်းလေး ဖြစ်လာခဲ့ပါ၏။

အိမ်ရှင်လင်မယားနှစ်ယောက်ကား ဖော်ရွေသလို သဘောမနောဖြူကြသည်။ သူတို့ကိုယ်တိုင်က နာဂမြေအောက်အဖွဲ့ဝင်တွေ မဟုတ်ကြသည့်တိုင် ရှေးအစဉ်အလာအရပင် ဧည့်ဝတ်ကျေရိုးရှိခဲ့ကြသဖြင့် အမိုးအကာ လိုအပ်နေသူကို အကူအညီပေးဖို့ဆိုသည်မှာ သူတို့ ဗီဇတစ်ခုလို ဖြစ်နေသည်။ ဤ၌ နာဂလူမျိုးအများစုမှာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ကြောင်း သိလိုက်ရပါသော်လည်း အလွန်အကျွံ ယုံကြည်တတ်သော သူတို့ သဘာဝကြောင့် အံ့သြရပြန်သည်။

www.nyisay.com

၁၉၈၅ ခုနှစ်၊ ဩဂုတ် ရုပ်ဖျက်၍ ခရီးဆက်ရစဉ်။

www.nyisay.com



ဆိုပါစို့၊ ကျွန်ုပ်တို့လို အကာအဆီး၊ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး သူတို့ ဒေသသို့ ရောက်လာပါသော လူစိမ်းတို့ကိုတွေ့လျှင် ဘုရားသခင်က ကယ်တင်လိုက်သည် ဟု ဆိုသည်။ ဆီလီဂူရီမှ ဂူဝါဟာသီသို့ လာရာလမ်းတစ်လျှောက်မှာ ပုလိပ်တွေကို ကျွန်ုပ်တို့ဘယ်လို လှည့်ပတ်ခဲ့ပုံတွေ၊ ဓမ္မပူရထဲ မဝင်ခင် စစ်ဆေးရေးမှာ ကားမရပ်ဘဲ ဖြတ်မောင်းလာခဲ့ပုံတွေကို ပြောပြတော့ သူတို့က တအံ့တသြနားထောင်ရင်း ကျွန်ုပ်တို့ကို ဘုရားသခင်က စောင်မကြည့်ရှုခဲ့ပြီး ကောင်းကင်ဘုံက ချမှတ်လိုက်သော မစ်ရှင်အရ ကျွန်ုပ်တို့ ရောက်လာခဲ့ပါသည်ဟု ယုံနေလေသည်။

သို့ပေမဲ့ ယခုလို စုပ်သပ်စရာအဖြစ်သနစ်တို့နောက်မှာ အဘယ်ကြောင့် ဘယ်လိုဆိုသည်တို့ကို အနက်ကောက်တတ်ကြသည်ကို သဘောပေါက်ပါသော်လည်း ကျွန်ုပ်တို့ကို ဘုရားသခင်လွှတ်လိုက်သော မစ်ရှင်အဖြစ် ယုံကြည်နေကြသည်ကတော့ အတော် အာရုံနောက်စရာ ဖြစ်နေရာ သို့ဆိုပါလျှင် ကျွန်ုပ်တို့၏ အလိမ်အပတ်တွေကို ဘုရားသခင်က ကျွန်ုပ်တို့နှင့် ပူးပေါင်းကြံစည်ခဲ့တာပေါ့ ဟု ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ နှစ်ကိုယ်ကြား မေးကြသေးသည်။

တစ်ရက်ပြီးတစ်ရက် ကျော်လွန်လာသည်။ အိမ်ရှင်လင်မယား တည်ခင်းသော ထမင်းစားချိန်မှအပ ကျွန်ုပ်တို့ အပြင်မထွက်၊ ထမင်းစားရာတွင် အားလုံး လက်ဆုံစားကြပြီး အများအားဖြင့် လိမ္မော်သီးနှင့် နာနတ်သီးတို့ကို အချိုပွဲအဖြစ် စည့်ခံတတ်သည်။ ထိုရက်အတွင်း ကေဇီဆေးကို တစ်ခေါက်လာသွားပြီး ကိုဟီးမားသို့ သွား၍ ဂျစ်ကားတစ်စီး ဒီစဉ်မည်ဖြစ်ကြောင်း လာပြောသည်။ ထိုဂျစ်ကားဖြင့် အိန္ဒိယ-မြန်မာ နယ်ခြား သွားဖို့ ဖြစ်သည်။ သို့ရာတွင် ဆိုင်နောင့်ဗိုက်မှာ (၇) လတင်းတင်ပြည့်ပြီးသလို မုတ်သုန်သည်လည်း ချဉ်းနင်းဝင်လာပြီဖြစ်၍ ကူမွန်တောင်တန်းမှ တောင်စောင်းကမ်းပါးများနှင့် ဟူးကောင်းတောင်ကြားမှ ရွံ့လမ်း၊ စိမ့်လမ်းတို့ကို ဖြတ်၍ မြန်မာပြည်အရှေ့မြောက် ဘရုတ်-မြန်မာနယ်စပ်မှ ကေအိုင်အေ စစ်ဌာနချုပ်ကို သွားဖို့ဆိုသည်မှာ စဉ်းစား၍ပင် မရတော့။ သို့ဖြစ်၍ လက်ရှိအခြေအနေအရ အကောင်းဆုံးလုပ်နိုင်သည်မှာ NSCN အထိုင်ချထားသော မြန်မာပြည်အနောက်မြောက်သို့ သွားဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဟိုမှာ ကလေးမီးဖွားနိုင်သော ယာယီဆေးရုံရှိသည်။ သို့မဟုတ်လျှင် အိန္ဒိယ-မြန်မာနယ်ခြားမှ ကီလိုမီတာ သုံးလေးရာအကွာတွင် တည်ထားသော ကေအိုင်အေ တပ်မဟာ (၂) ဌာနချုပ်သို့ ခရီးဆက်နိုင်သည်။ တပ်မဟာ (၂)ကား ကချင်ပြည်နယ်အနောက်ခြမ်း ဘင်ရှိပြီး NSCN ဌာနချုပ်မှ (၂) ပတ် ခရီးသွားရသည်။ မြန်မာပြည်လက်နက်ကိုင် အဖွဲ့အစည်းများထဲတွင် ကွန်မြူနစ်ပါတီမှလွဲလျှင် ကေအိုင်အေကား အင်အားအကြီးဆုံး၊ မြန်မာပြည်မြောက်ပိုင်းတွင်မူ ကီလိုမီတာ ၄၀၀၀၀ ပတ်လည် အကျယ်အဝန်းကို ထိန်းချုပ်

www.nyisay.com



ထားပြီး အဆိုပါလွတ်မြောက်နယ်မြေတွင် အရပ်ဘက်နှင့် စစ်ဘက်ဆေးရုံတို့ကိုလည်း ဖွင့်ပေးထားသည်။

တတိယ ကျွန်ုပ်တို့ ရွေးချယ်နိုင်သောလမ်းကြောင်းမှာ အိန္ဒိယ-မြန်မာနယ်ခြားကို ဖြတ်ပြီးသည်နှင့် ကေအိုင်အေနှင့် လှမ်းချိတ်မည်။ ပြီးနောက် ကေအိုင်အေဌာနချုပ် ပါကျောင်သို့ တောလမ်းအတိုင်း ကျွန်ုပ်တစ်ယောက်တည်းသွားမည်။ ဆိုင်နောင့်က ရွာသူ တစ်ယောက်လို ဝတ်ဆင်၍ ကချင်အမျိုးသမီးတစ်ယောက်နှစ်ယောက်ကို အဖော်လုပ်ကာ မော်တော်ကားနှင့် မြစ်ကြီးနားတောင်ဘက် အစိုးရထိန်းချုပ်ထားသောလမ်းမှ သွားမည်။ ထိုမှလွန်သော် ၂၀ (သို့) ၃၅ ကီလိုမီတာမျှ ခြေလျင်ခရီးဆက်လျှင် ပါကျောင်သို့ ရောက်မည်။ မိန်းမဖော်အချို့နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ခရီးသွားနေသည်ကို မည်သူမျှ သံသယရှိလိမ့်မည်မဟုတ်၊ ပါကျောင်ရောက်ခါမှ ဆေးဝါးအပြည့် အစုံနှင့် မီးရေးဖွားရေးကိစ္စ လုပ်နိုင်သည်။

ဤပုံဤနည်း စီစဉ်မည်ဟု ကျွန်ုပ်က အကြံပြုလိုက်သည့်အခါ ဆိုင်နောင့်က ခါးခါးသီးသီးငြင်းသည်။ သူမအနေနှင့် ရှမ်းစကားနှင့် ဗမာစကား နှစ်မျိုးလုံး ကျွမ်းကျင်သည်ဖြစ်၍ အဖမ်းအဆီးခံရဖွယ် အလားအလာနည်းသည့်တိုင် သူမနှင့်အတူ ကင်မရာကို မယူသွားနိုင်သလို သူပုန်ထိန်းချုပ်နယ်မြေထဲကပင် သွားလို၍ပဲဖြစ်ရာ နောက်ဆုံး သူမဆန္ဒကို လိုက်လျောလိုက်ရပါ၏။

(၁၀) ရက်မြောက်နေ့တွင် ကေဇီဆေးကို ပြန်ရောက်လာပါသော်လည်း မြေအောက် အဖွဲ့သားများနှင့် အချိတ်အဆက်မရခဲ့။

"ဓမ္မပူရမှာ ကျွန်တော်နဲ့ စကားပြောခဲ့တဲ့လူ တော်တော်များများ အဖမ်းခံလိုက်ရတယ်၊ သူတို့က အရေးပါတဲ့လူတွေဆိုတော့ ပြဿနာပဲ၊ ကျန်တဲ့လူတွေလည်း ယခုပုန်းနေကြတယ်။"

သို့ဆိုလျှင် ဓမ္မပူရမှ ကိုဟီးမားသို့ ချက်ချင်းထွက်ဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်ကြသည်။ ကိုဟီးမားကား ပြည်နယ်မြို့တော်ဖြစ်ပြီး အရှေ့ဘက် ကီလိုမီတာ (၇၀) ဝေးသော တောင်များကြားတွင် ရှိသဖြင့် ကျွန်ုပ်၏ အမြင်အရ ဤနေရာထက် ပို၍ သင့်တော်မည် ထင်သည်။ ဟိုမှာဆိုလျှင် မြေအောက်နာဂအဖွဲ့နှင့် ဆက်သွယ်ဖို့ ပို၍လုပ်နိုင်သည်ဟု ခန့်မှန်းသည်။ ဓမ္မပူရကား အိန္ဒိယနိုင်ငံသားအားလုံး အတားအဆီးမရှိ ဝင်ထွက်သွားလာနိုင်သော်လည်း နိုင်ငံခြားသားတွေကို ခရီးသွားခွင့်မပြု၊ မြေပြန့်နေထိုင်သူများအနေနှင့် နာဂတောင်တန်းပြည်နယ်ဘက် ကူးမည်ဆိုလျှင် ခွင့်ပြုမိန့်ပါမစ်လိုသည်။ အဆိုပါ ပါမစ်တို့ကို စစ်ဆေးသည်ဆိုသောဂိတ်မှာ ဓမ္မပူရမြို့ပြင်စပ်စပ် ကိုဟီးမားသွား ကားလမ်းမပေါ်မှာ ရှိသည်ဖြစ်၍ ဂိတ်ကို ကျော်သွားပြီဆိုလျှင် ကျွန်ုပ်တို့အဖို့ လွတ်ပြီကျွတ်ပြီ။ သို့ဖြစ်၍ ကေဇီဆေးကိုက ဂျစ်ကားတစ်စီးငှားပြီး အခြေအနေကို လေ့လာသည့်အနေဖြင့်

www.nyisay.com



ကိုဟီးမားအထိ သွားကြည့်သည်။ စစ်ဆေးရေးဂိတ်မှာ မရပ်ဘဲ လေးကြိမ်တိတိ ဖြတ်မောင်းကြည့်သည်။ နာဂတွေက တဇွတ်ထိုး တစောက်ကန်း၊ ပြောမကောင်း ဆိုမကောင်းတွေမို့ သူတို့မော်တော်ယာဉ်တွေကို အိန္ဒိယပုလိပ်တွေက မစစ်တော့ဘဲ လွှတ်ပေးသည်ကများသည်။ ခမ္မပူရသို့ ကျွန်ုပ်တို့ရောက်ပြီး ဆယ့်နှစ်ရက်မြောက်နေ့ ဇူလိုင် ၂၇ ရက်တွင် ထွက်ခွာကြရာ ကေဇီဆေးကို၊ ဆိုင်နောင့်နှင့်ဗယ်မယ့်ဆူတို့က ဂျစ်ကားရှေ့ခန်းမှာ ထိုင်ကြပြီး ကျွန်ုပ်က ပတ္တူအမိုးအုပ်ထားသော နောက်ခန်းမှာ နေရာယူသည်။ ယခင်ခရီးစဉ်တုန်းကလို ဆံပင်တုနှင့် နေကာမျက်မှန်အမဲကို တတ်ထားပြီး ကိုယ်ပေါ်မှာ ရောင်စုံနာဂခြုံစောင်တစ်ထည် ပတ်ထားလိုက်သည်။ ကျွန်ုပ်တို့ကားကို ခွက်တွေ၊ ကျင်းတွေနှင့် ဂရုန်းဂရင်း အဝေးပြေးလမ်းမအတိုင်း ဖြည်းဖြည်းမောင်းလာရာ တစ်နာရီဗျော်ဗျော်တွင် စစ်ဆေးရေးဂိတ်နားသို့ ရောက်လာပြီး လမ်းတားတစ်ခုကို လှမ်းတွေ့လိုက်ရသည်။ လမ်းဘေးတစ်နေရာတွင် လုံခြုံရေး ပုလိပ်တွေနေဖို့ အဆောက်အအုံသေးသေးလေးတစ်လုံးရှိပြီး စစ်ဆေးသည့် ချက်ပွိုင့်ကား တကယ့်နယ်စပ်ဆိုမှ နယ်စပ်စမ်းချောင်းလေးနံဘေးတွင်ရှိပြီး ဤနေရာ၌ပင် မြေပြန့်လမ်း နိဂ္ဂိတံ၍ တောင်တက်လမ်း စသည်။ ကျွန်ုပ်တို့ကား ဂိတ်နှင့် နီးကပ်လာသည်တွင် ဂိတ်ပေါက်ကြီးမှာ ဖွင့်ထားပြီး အဆောက်အအုံရှေ့တွင် ယူနီဖောင်းအပြည့်အစုံနှင့် ပုလိပ်လေးယောက် စောင့်နေသည်။ ထိုစဉ် ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်မှ တာတာအမျိုးအစား ခရီးသည်တင် ဘတ်(စ်)ကားတစ်စီး ဘွားခနဲ ပေါ်လာရာ ပုလိပ်တွေက ဘတ်(စ်)ကားကို လက်တားရပ်ခိုင်းနေသည်တွင် ဗယ်မယ့်ဆူကလည်း စက်ရှိန်ကိုမြှင့်၊ ဟွန်းကို အဆက်မပြတ်တီးကာ ဘတ်(စ်)ကားကြီးကို စွေ့ကနဲ ကွေ့ရောင်လိုက်ပြီး ဆောင်ပေါ်လမ်းကို အရှိန်နှင့် မောင်းတက်လိုက်သည်။ ပုလိပ်တွေက ကျွန်ုပ်တို့ဂျစ်ကားကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ရှေ့ခေါင်းတွင် ထိုင်နေပါသော မွန်ဂိုအနွယ်သုံးယောက်ကို မြင်သွားသည်နှင့် အရေးမလုပ်သလို ပြန်လှည့်သွားလေသည်။

''အဲ့ဒါလား စစ်ဆေးရေးဂိတ်ဆိုတာ''

ဂျစ်ကားနောက်ခုံတွင် ကုန်းကုန်းကွကွနှင့် လိုက်ပါလာရသော ကျွန်ုပ်၏ အမေးကို ကေဇီဆေးကိုက နောက်ဘက်လှည့်ပြုံးရင်း တုံ့ပြန်သည်။

''ဟုတ်ပ ဘုရားစူး စစ်ဆေးရေးဂိတ်ပဲ''

လပေါင်းများစွာ ကျွန်ုပ်တို့ အဓိုးရိမ်ကြီးခဲ့လေသမျှ ယခုတော့ဖြင့် ယူပစ်လိုက်သလို ပျောက်သွားပြီ၊ ရှေ့အဖို့မူ နယ်စပ်ရောက်သည်အထိ စစ်ဆေးရေးဆိုး၍ တစ်ကောင်တစ်မြီးမျှမရှိတော့။ နယ်စပ်ရောက်လျှင် ဂျစ်ကားကို ထားခဲ့ပြီး ခြေလျင်လျှောက်ရတော့မည်ဖြစ်၍ တောင်ကုန်းတောင်ကျောတွေ ထူထပ်သော မြေပြင်အနေအထားက ကျွန်ုပ်တို့အတွက် တပန်းသာနေသည်။ အစိမ်းရင့်ရင့် မြင့်မြင့်သွန်းသွန်း တောင်ထွတ်ကြီးတွေထက်မှာ တိမ်အုပ်တွေ လွှင့်မျောနေပြီး လျှိုကြီးချောက်ကြီးတွေထဲ တောင်ကျရေတွေ တဟုန်

www.nyisay.com



ထိုး စီးနေသည်။ ယခု ကျွန်ုပ်တို့ ဂျစ်ကားလေးကား လူနေသိပ်သည်းသော မြေပြန့်လွင်ပြင်ကို ထားခဲ့ပြီး နာဂရွာသိမ်ရွာငယ်လေးတွေကို ဖြတ်လာသည်၊ လမ်းဘေးဝဲယာတစ်ဘက်တစ်ချက်တွင် အချို့က သစ်သီးခြင်းကြီးထမ်းလို့၊ နာဂအမျိုးသမီးတွေ လှုပ်ယိလှုပ်ယဲ့လျှောက်သွားနေကြသည်၊ တောင်ပေါ်လေသန့်သန့်အေးအေးလေး ရှူလိုက်ရသဖြင့် လူတစ်ကိုယ်လုံး လန်းဆန်းတက်ကြွလာသည်။ အိန္ဒိယပြည်မကား ကျွန်ုပ်တို့နောက်မှာ ကျန်ခဲ့လေပြီ။

ကိုဟီးမားသို့ ကျွန်ုပ်တို့ဂျစ်ကားလေး အသော့နှင်လာသည်နှင့် မြေပုံတွေထဲမှာ ကြည့်ခဲ့ဖူးပါသော၊ စာတွေထဲမှာ ဖတ်ခဲ့ဖူးပါသော နေရာဒေသများကား ယခုမှ သက်ဝင်လှုပ်ရှားလာရာ တစ်နေရာတွင်မူ ကိုဟီးမားသို့ ကွေ့ရမည့် လမ်းညွှန်ဆိုင်းဘုတ်ပြားတစ်ခုကို တွေ့လိုက်ရသည်၊ ကိုဟီးမားကား တောင်ပေါ်ရွာကလေးတစ်ရွာဖြစ်ပြီး နာဂအမျိုးသားလှုပ်ရှားမှုကို စတင်ဦးဆောင်ခဲ့ပြီး ယခု နယ်နှင် ခံထားရသော အန်ဂါမီဇာပူ ဖီဇို၏ ဇာတိပဝတ္ထိပဲဖြစ်သည်။ သူ့ကို လွန်ခဲ့သော အနှစ် (၈၀) ကျော်က ဤရွာလေးတွင် မွေးခဲ့သည်၊ ထိုမှလွန်သော် ဂျိုဆိုမားသို့ ရောက်လာသည်။ ဂျိုဆိုမားကား ၁၉၆၈ ခုနှစ်က နာဂပြောက်ကျားများနှင့် အိန္ဒိယစစ်တပ်တို့ အကြီးအကျယ် တိုက်ခဲ့သော စစ်မြေပြင်ဖြစ်ခဲ့ဖူးသည်။

ကျွန်ုပ်တို့တွက်ချက်ထားသလို မိုးအတော်ချုပ်ခါမှ ကိုဟီးမားသို့ ရောက်လာရာ မြို့အခင်းအပြင်မှာ အိန္ဒိယတောင်ပေါ်မြို့တွေနှင့် အတော်တူသည်၊ တစ်နေရာတွင် စစ်တန်းလျားတွေ အစီအရီရှိပြီး ရုံးပြင်ကနားနှင့် ဈေးတွေရှိသည်။ အိန္ဒိယနိုင်ငံတော်ဘဏ်ဟူသော ဧရာမဆိုင်းဘုတ်ကြီးနောက်တွင် ကွန်ကရစ်အဆောက်အအုံသစ်အချို့ကိုလည်း တွေ့ရပြီး တောင်ပူစာနှင့် တောင်စောင်းများပေါ်တွင်မူ ကျွန်းနှင့် ကွန်ကရစ်စပ် ဆောက်ထားသော ဘန်ဂလိုနှင့် ဝင်းကြီးခြံကြီးနှင့် အိမ်ကြီးရခိုင်အချို့ မေးတင်ဆောက်ထားသည်။

တောင်ပေါ်လမ်းကား လေတဖြူးဖြူးနှင့်၊ မိုးရွာထားသဖြင့် ရွှံရွဲစိုနေသည့် မြို့လယ်ခေါင်ကို ကျော်ဖြတ်လာပြီး တောင်ကုန်းတစ်ကုန်းအရောက်တွင်မူ ကမ်းပါးယံတွင် မှီဆောက်ထားသော အာသံပုံစံ ဘန်ဂလိုအိမ်ငယ်လေးတစ်လုံးကို တွေ့လိုက်ရပြီး ဤသည်ကား ကေဗီဆေးကို၏ မိတ်ဆွေတစ်ယောက်အိမ်ဖြစ်ပြီး ယခင် ကျွန်ုပ်တို့ဆုံခဲ့ပါသော အိမ်ရှင်တို့လို နွေးထွေးပျူငှာပြီး အံ့သြရလောက်အောင် ဧည့်ဝတ်လည်းကျေသူဖြစ်သည်။

“ကျွန်တော့်နာမည် ဇန်နစ်ဇိုပါ။”

အသက် (၄၀) နီးပါးမျှရှိမည်ထင်ရသော အိမ်ရှင်က ဖော်ရွေစွာပြုံးလျက် ကျွန်ုပ်နှင့် လက်ဆွဲနှုတ်ဆက်ပြီး အခန်းတစ်ခန်းဆီ ခေါ်သွားသည်။ အခန်း၏ ကြမ်းခင်းတို့က ပြောင်လက်နေအောင် ပေါ်လစ်တိုက်ထားပြီး အခန်းနှင့် တွဲလျက်ရေချိုးခန်းတစ်ခန်းလည်း ပါသေးသည်။ အိမ်ရှင်က ကျွန်ုပ်တို့ကို အနားယူဖို့ပြောပြီး ကေဗီဆေးကိုနှင့် ဗယ်မယ့်ဆူတို့က

www.nyisay.com



တစ်အိုးတစ်အောင့် ပြောဆိုကြပြီး မှောင်ကြီးမဲထဲ ဂျစ်ကားမောင်းရှု ပြန်သွားကြလေရာ ကျွန်ုပ်တို့ လင်ကိုယ်မယားနှစ်ယောက်အဖို့ကား စိတ်အားရယ်ငယ်ငယ်။ အခုနေဖမ်းများမိသွားရင် ဘယ်လိုလုပ်ရပ၊ ဥပဒေအရ တရားရင်ဆိုင်ဖို့ဆိုလျှင် အနိမ့်ဆုံး ဆွိဒင်သံရုံးကိုတော့ အကူအညီတောင်းရမည်ထင်သည်။ အိမ်ရှင်တွေအနေနှင့်မူ ဆိုခဲ့သလို အကူအညီပေးဖို့ဆိုသည်မှာ မဖြစ်နိုင်၊ အာဏာပိုင်တစ်ယောက်နှင့်မျှလည်း အလှမ်းအကမ်းရှိကြသည်မဟုတ်။

ဒုတိယမြောက်နေ့တွင် NSCN နှင့် တိုက်ရိုက်ဆက်သွယ်ဖို့ ပထမဦးဆုံး ကြိုးစားသည့်အနေနှင့် ကေဇီဆေးကိုနှင့်အတူ မျက်နှာစိမ်းတစ်ယောက် ရောက်လာသည်၊ အရပ်ပုပု၊ မျက်မှန်တပ်ထားပြီး အသက် (၄၀) မေးတင်လောက်ပြီး အခန်းထဲရောက်လာသည်နှင့် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး လိုက်ကာတွေ ချထားသည်ကို တွေ့ကာမှ ကျေနပ်သွားပြီး ကျွန်ုပ်တို့ ကုတင်ရှေ့တွင် ချပေးထားသော သစ်သားကုလားထိုင်တွင် ဝင်ထိုင်သည်။ ကျွန်ုပ်တို့ကမူ ကုတင်ပေါ်မှာ ထိုင်နေကြပြီး ထိုသူက ကျွန်ုပ်တို့ကို ခတ်ထန်ထန် တစ်ချက်ကြည့်သည်။

''ကျုပ်နာမည်က မစ္စတာ ဖထန်း၊ ကျုပ်က NSCN အဖွဲ့ဝင်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီက မြေအောက်အဖွဲ့နဲ့ ခင်ဗျားတို့ကို ဆက်ပေးနိုင်တယ်''

သူက ဆက်လက်၍ နယ်ခြားကိုဖြတ်၍ မြန်မာပြည်ထဲတွင် အခြေစိုက်ထားသော NSCN ဌာနချုပ်သို့ မကြာခဏ ရောက်ဖူးကြောင်း ပြောနေရာ သူသည် မဏိပူရအရှေ့မြောက်မှ ထန်ကူ(လ်)နာဂမျိုးနွယ်တစ်ဦးဖြစ်သည်ကို ကျွန်ုပ်တို့သိလိုက်သည်။

''ယူနီဖောင်းဝတ် အိန္ဒိယစစ်သားကို ဘယ်အချိန်တွေ့တွေ့ ဒီကောင်တွေကို ကျုပ်မုန်းတယ်''

ဖထန်း၏ လေသံထဲမှာ ဒေါသနှင့် နာကျည်းမှုတွေ ရောထွေးနေသည်။

''ကျုပ်တို့ရွာသူရွာသားတွေကို ရိုက်နှက်ပြီး သက်ကြီးရွယ်အိုတွေကို မိုက်မိုက်ရိုင်းရိုင်းလုပ်ခဲ့တာတွေ အခုအထိ ကျုပ်မမေ့နိုင်သေးဘူး၊ ဒီကောင်တွေကို တိုက်ကိုတိုက်ရမယ်''

သူပြောနေသည်တို့ကို အသာတကြည်နားထောင်နေရာ NCSN အကြောင်း ပြောနေရာမှ ကိုဟီးမားနှင့် အင်ဖာက သူ့အခေါ် အင်ဖာအကောင်ကြီးတွေနှင့် အဆက်အသွယ်ရှိကြောင်း ကြွားကြွားဝါဝါပြောပါတော့သည်၊ အင်ဖာကား မဏိပူရပြည်နယ်မြို့တော်ဖြစ်ပြီး သူစကားထဲမှာ ပြည်နယ်အစိုးရအသီးသီးမှ ဝန်ကြီးဝန်ငယ်တွေအကြောင်းလည်း ပါလာပြီး တခဏ သူ့စကားပြတ်သွားကာမှ ဤနေရာသို့ ကျွန်ုပ်တို့ လာရင်းရည်ရွယ်ချက်ကို မြှောပို့ ကျွန်ုပ်တို့ဘက်က စကားဦး လှည့်ရတော့သည်။ အဓိက ကျွန်ုပ်တို့ဖြစ်စေချင်သည်မှာ ယခု ကျွန်ုပ်တို့ သည်နေရာအထိ ရောက်လာကြပြီဖြစ်၍ နယ်ခြားဖြတ်ကျော်ဖို့ NSCN

www.nyisay.com



အနေနှင့် အမြန်ဆုံး အကူအညီပေးဖို့ ဌာနချုပ်သို့ အကြောင်းကြားပေးစေလိုကြောင်း သူ့ကို ရှင်းရှင်းပြောရသည်။ သို့ပေမဲ့ သူကြည့်ရသည်မှာ ပြောသလို လုပ်ချင်ပုံမရသဖြင့် တစ်မျိုးထူးဆန်းနေသည်၊ နိုင်ငံခြားသားဂျာနယ်လစ်တွေ သူတို့ဒေသထဲ ရောက်နေပြီဆို သောသတင်း ကြားရုံနှင့် နာဂမြေအောက်ရဲဘော်တိုင်း ဝမ်းသာအယ်လဲ ကြိုဆိုလိမ့်မည်ဟု ကျွန်ုပ် တွေးထားခဲ့သည်။ ပြောရလျှင် ကျွန်ုပ်တို့နှစ်ယောက်မှာ (၂၅) နှစ်အတွင်း ပထမဆုံးရောက်လာသော ဂျာနယ်လစ်လည်းဖြစ်ရာ သူ့ကို ကေအိုင်အေမှ မိတ်ဆက်ကတ်ပြားကို ထုတ်ပြလိုက်သည်။ စာကို ကချင်ဘာသာဖြင့် ရေးထားသည်ဖြစ်၍ သူနားလည်မှာမဟုတ်သော်လည်း စာပေါ်က ဆီးတံဆိပ်နှင့် ကေအိုင်အေတပ်များ၏ ဦးစီးချုပ် မေဂျာဂျင်နရယ် ဇော်မိုင်း၏ လက်မှတ်ကိုတော့မူ သိဖို့ကောင်းသည်။ သို့ပေမဲ့ စာကို သူက တစ်ချက်မျှကြည့်၍ ပြန်ပေးပြီး စောစောကလို ကြွားလုံးတွေသာ တစ်လုံးပြီးတစ်လုံး ထုတ်နေလေရာ ကျွန်ုပ်က ယခု ဆိုင်နောင့်မှာ ကိုယ်ဝန်အရင့်အမာ ရှိနေကြောင်း ရှင်းပြပြီး နာဂပြောက်ကျားဌာနချုပ်တွင် ကျမ်းကျင်ဆေးဝန်ထမ်းနှင့် ဆေးဝါးပြည့်စုံမှုရှိမရှိ မေးရပြန်သည်။

"ဟာ...ရှိတာပေါ့၊ သူနာပြုတွေကလည်း ကျမ်းကျင်တယ်၊ တရုတ်ပြည်မှာ သင်တန်းတက်ထားကြတာ၊ ကျုပ်တို့ အရာရှိမိန်းမ အတော်များများဆို ကလေးမွေးရင် အဲ့သည်မှာပဲ သွားမွေးကြတာများတယ်"

ဘာပဲပြောပြော သည်စကားကြားရတော့ အားတက်ရသည်၊ စကားဝိုင်းပြီးနောက် သူတို့နှစ်ယောက်လုံး ပြန်သွားကြသည်။ ကျွန်ုပ်တို့ကိစ္စနှင့်ပတ်သက်ပြီး ကေဇီဆေးကိုဘက်မှ သွားသင့်မသွားသင့်၊ လုပ်သင့် မလုပ်သင့် ဘာတစ်ခုမှ ပြောမသွား၊ နောက်တစ်ကြိမ် သူနှင့် ပြန်ဆုံကာမှ ဖထန်းနှင့် တွေ့ဆုံဆွေးနွေးရသည်မှာ အားရစရာမရှိကြောင်း ပြောရသည်။ ကျွန်ုပ်နှင့် ဆိုင်နောင့်သဘော ပြောရလျှင် သူ့ပြောပေါက်ဆိုပေါက်အရ ဖထန်းမှာ လူကြွားတစ်ယောက်သာဖြစ်ကြောင်း အခိုင်အမာ ပြောနိုင်သည်။ သို့ပေမဲ့ နောက်တစ်ကြိမ် ကေဇီဆေးကိုနှင့် ပြန်ပါလာသည့်အခါတွင်မှာတော့ သည်လူကို ဖိပြောရတော့သည်။

"ခင်ဗျားသိတဲ့အတိုင်းပဲ ကျွန်တော်တို့ ဒီမှာနေရတာ တရားဝင်မဟုတ်ဘူးလေ၊ ဒါကြောင့် အမြန်ဆုံးထွက်နိုင်လေ ကောင်းလေပဲ၊ ပြီးတော့ ကျွန်တော့် ဇနီးကလည်း မီးဖွားဖို့ နီးပြီဆိုတော့ နယ်ခြားဖြတ်ဖို့ ခင်ဗျားဘက်က အမြန်ဆုံး အကူအညီပေးစေချင်တယ်"

သို့ပေမဲ့ ကျွန်ုပ်စကားကြားရပြီး စိတ်ကယောက်ငယက်ဖြစ်သွားပုံရသဖြင့် သူ့ပြောသလို NSCN နှင့် အဆက်အသွယ်ရှိသည်ကို ကျွန်ုပ်တို့ သံသယဖြစ်လာသည်။ သို့ရာတွင် သူ့ပြောပုံကိုထောက်လျှင် နယ်ခြားဒေသကို ကျွမ်းပုံပေါ်သဖြင့် ရှေ့ဆက်ရမည့်

www.nyisay.com



ခရီးလမ်းကြောင်ကို ရှင်းရှင်းလင်းလင်း သိလိုရ၍ ကျွန်ုပ်က မြေပုံကိုထုတ်ပြီး ကြမ်းပေါ်ခင်းလိုက်သည်။ မြေပုံမှာ လေယာဉ်ပေါ်မှရိုက်ထားသော မြေပုံဖြစ်၍ ကျွန်ုပ်တွေ့ခဲ့သမျှထဲမှာ အကောင်းဆုံးဖြစ်သည်။ ကွန်တိုမျဉ်းတွေက လင်းရှင်းသည်။ သို့ရာတွင် နယ်ခြားမျဉ်း၏ရှေ့ဘက် တချို့ဧရိယာတို့မှာ ကွက်လပ်ဖြစ်နေပြီး မြေပြင်အနေအထား အချက်အလက်များဟူ၍သာ မှတ်ချက်ပေးထားသည်။ ဖထန်းနှင့် ကျွန်ုပ်တို့ ကြမ်းခင်းပေါ်တွင် ဒူးထောက်ထိုင်ရင်း မြေပုံကို သေသေချာချာ လေ့လာကြသည်။

"ဟော့...ဒီမှာ...လောင်ဗာရွာ"

ဖထန်းက တစ်နေရာကို လက်ညှိုးထိုး၍ တတ်အပ်ပြောသည်၊ သူပြသည့်နေရာမှာ နာဂဒေသ၏ မြောက်စွန်းစွန်းနယ်ခြားနှင့် နီးကပ်ပြီး အာရွန်နာချာပရာဒေ့(ရှ်)ပြည်နယ်နှင့်လည်း နီးသည်။

"မွန်းမြို့ကတစ်ဆင့် အဲဒီကို ခင်ဗျားသွားလို့ရတယ်၊ ရွာက နယ်ခြားမှာ ခွထိုင်ထားပြီး နယ်ခြားမျဉ်းက လူကြီးအိမ်ပေါ်က တည့်တည့်ဖြတ်သွားတာဆိုတော့ အိမ်ရဲ့မီးဖိုချောင်က အိန္ဒိယဘက်ရှိပြီး အိပ်ခန်းက ဗမာဘက်မှ ရှိနေတယ်"

ဖထန်းက ရယ်ရင်း ကျွန်ုပ်ဘက် လှည့်ပြောသည်။ ဟုတ်ပါသည်၊ ဖထန်းပြောသလို အခြေအနေက တမူထူးနေသည်။

"လောင်ဗာရွာကနေ NSCN ဌာနချုပ်ကို သွားလို့ရတယ် တစ်ရက် နှစ်ရက် လောက် လျှောက်ရမယ်၊ တောင်တက်တောင်ဆင်း ခက်မယ်၊ ဒါပေမဲ့ အဲဒါ အကြောင်းမဟုတ်ဘူး၊ ပြဿနာက အရင်ဆုံးလောင်ဗာကိုဘယ်လိုရောက်အောင် သွားမလဲဆိုတာပဲ"

ကျွန်ုပ်တို့ခရီးစဉ်က မြေပုံပေါ်မှာပင် အတော်ခက်နေသည်၊ ကိုဟီးမားမှ 'မွန်း'သို့ ဆက်သွယ်ထားသော လမ်းမကြီးပေါ် မိုခေါ့ချုန်မှတစ်ဆင့်သွား၍ ထိုမှ လမ်းခွဲမရောက်မီ အာသံပြည်နယ် အန်ဂူရီသို့ ဆက်ကာ ထိုမှ နာဂပြည်နယ်ထဲ ပြန်ဝင်ရမည်ဖြစ်သည်။ သို့ပေမဲ့ ဤခရီး၊ ဤလမ်းတစ်လျှောက်ကို တကယ့်လက်တွေ့ဖြတ်သန်းသည့်အခါ စစ်ဆေးရေးဂိတ် ဘယ်နှစ်ဂိတ်နှင့် တွေ့ရဦးမှာလဲ "ဟူး" စိတ်မောစရာ၊ ကိုဟီးမားမှထွက်လျှင်ပင် ချက်ပွိုင်နှင့် ပက်ပင်တိုးမည်ထင်သည်။

"မွန်းရောက်ရင် ပိုပြီးတော့တောင် ခက်နိုင်သေးတယ်"

ဖထန်းက ကုလားထိုင်ပေါ် ပြန်ထိုင်ရင်း ဆက်ပြောသည်။

"မွန်းနဲ့ လောင်ဗာ ကားလမ်းရှိတယ်ဆိုပေမဲ့ ခြောက်သွေ့တဲ့အချိန်မှာတောင် ဂျစ်ကားနဲ့ပဲ သွားလို့ရတယ်၊ ဒါပေမဲ့ အခု မိုးတွင်းမှာ မိုးကြီးပြီး အဲဒီလမ်းပေါ်က တံတားတစ်စင်း ရေထဲပါသွားတယ်လို့ ကြားမိသေးတယ်"

အဲဒီတံတားနဲ့ နယ်စပ်ကြားမှာ အိန္ဒိယစစ်စခန်းကြီးတစ်ခုလည်း ရှိတယ်၊ လမ်းပေါ်သွားတဲ့ မော်တော်ယာဉ်တွေဆို သူတို့က အမြဲစစ်ဆေးနေကြ၊ လမ်းဘေးဆင်းပြီး

www.nyisay.com



တောထဲက လမ်းလျှောက်သွားမယ်ဆိုရင်တော့ ရပါတယ်၊ ဒါပေမဲ့ ဌာနချုပ်က အော်ဒါ မရရင်တော့ ကျုပ်လည်း လိုက်မပို့နိုင်ဘူး''

သည်လိုသည်အကြောင်းရှိလာလိမ့်မည်ကို မျှော်လင့်ထားသဖြင့် NSCN ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့ဆီ လိပ်မူပြီး စာတစ်စောင် ရေးခဲ့ရာ အတွင်းရေးမှူးလုပ်သူ ထွင်ဂလန်မွီးဗာမှာ NSCN လှုပ်ရှားမှုကို တက်တက်ကြွကြွ ဦးဆောင်ခဲ့သလို သူ၏ သဘောထားရပ်တည်ချက်ကြောင့်လည်း နာဂနယ်မြေတစ်ခုလုံး သာမက မဏိပူရအရှေ့မြောက်ဘက်တို့တွင် နေထိုင်ကြပါသော နာဂအားလုံးက သူ့ကို လေးစားသလို ဖိန့်ဖိန့်တုံအောင်လည်း ကြောက်ကြသည်။ ထွင်ဂလန်မွီးဗာသည်လည်း ထန်ကူ(လ်)မျိုးနွယ်မှ ပေါက်ဖွားလာသည်ဖြစ်၍ ဖထန်းနှင့် ကောင်းကောင်းရင်းနှီးသည်ဟု သိရသည်။ သူတို့ဒေသတွင်း နိုင်ငံရေးမှာ အမျိုးအနွယ်တူခြင်း၊ မတူခြင်းမှာ တော်တော် စကားပြောသည်။

စာထဲတွင် ကျွန်ုပ်တို့ ရင်ဆိုင်နေရသော အခက်အခဲတို့ကို ရှင်းပြထားပြီး ကျွန်ုပ်တို့ ခရီးစဉ်မှာ ကေအိုင်အေ၏ ဖိတ်ကြားမှုဖြင့် ပါဂျောင်သို့ ရှေ့ရှုနေသော်လည်း ဆိုင်နောင့်မှာ မွေးဖွားချိန်နီးပြီဖြစ်၍ နယ်ခြားကို ကျော်ဖို့ရာ အမြန်ဆုံး အကူအညီပေးစေလိုကြောင်း၊ အကယ်၍ NSCN ဌာနနှင့် နာဂလက်နက်ကိုင် လှုပ်ရှားမှုများအကြောင်းကို ကမ္ဘာ့မီဒီယာတွေမှာ စတင်ဖော်ပြသည်ကို စိတ်ဝင်စားသည်ဆိုပါလျှင် ကျွန်ုပ်အနေနှင့် ဝမ်းမြောက်ဝမ်းသာစွာပင် NSCN ဌာနချုပ်တွင် သုံးလေးရက်မျှနေဖို့စိတ်ကူးထားကြောင်း ရေးသားပြီး ကျွန်ုပ်၏ နာမည်အရင်းအတိုင်း ဆိုင်းထိုးလိုက်သည်။ သို့ရာတွင် လုံခြုံရေးအရ ဂျွန်ဟန် မင်တန်အမည်ဝှက်ဖြင့် ခရီးသွားနေရကြောင်း မှတ်ချက်ထည့်ပေးလိုက်သည်။

''တစ်ရက်နှစ်ရက်အတွင်း ဌာနချုပ်ကို ကျွန်တော်သွားမှာပါ၊ ပြီးတော့ အရှေ့ဘက် စခန်းကို လူလွှတ်ဖို့လည်း စီစဉ်ရမယ်''

ကျွန်ုပ်ပေးလိုက်သော စာအိတ်ကို ခေါက်ပြီး သူ့အိတ်ကပ်ထဲ ထည့်ရင်းပြော လိုက်ရာ ကျွန်ုပ်၏ အရှေ့ဟူသော အသုံးမှာ ဗမာပြည်ဘက်ခြမ်းနယ်စပ်က နာဂလက်နက် ကိုင်စခန်းကို ရည်ညွှန်းပြောလိုက်ခြင်းဖြစ်သည်။ အနောက်ဆိုလျှင်မူ နာဂတို့နေထိုင်ရာ အိန္ဒိယအရှေ့မြောက်ဘက်ကို ဆိုလိုခြင်းဖြစ်သည်။

''မွီးဗာကို ကျုပ်ကိုယ်တိုင် လက်ရောက်ပေးလိုက်ပါ့မယ်။ အဖြေကတော့ တစ်ပတ် အတွင်း ခင်ဗျားသိရမှာပါ''

ခေါင်းတဆတ်ဆတ်ညိတ်ရင်း အာဏာသံပါပါနှင့် ပြောပြီးထသွားသော ဖထန်းကို ကြည့်ရင်း ကျွန်ုပ်တို့လည်း စိတ်ဓာတ်တွေတက်လာသည်။ ထိုနေ့မှ နောင်တစ်ပတ်လုံးလုံး လိုက်ကာတွေ ကာထားသော အခန်းလေးထဲမှာပင် ကျွန်ုပ်တို့လင်မယားအောင်းနေရပြီး အိမ်ရှင်လင်မယားက အတတ်နိုင်ဆုံး စောင့်ရှောက် ကျွေးမွေးကြသည်။ အိမ်ရှင်ဇနန်နစ်ဇိုမှာ

www.nyisay.com



မြန်မာပြည်နယ်နိမိတ်နှင့်ကပ်လျက် ရွာလေးတစ်ရွာမှာမွေးဖွားပြီး ကိုဟီးမားမှာ ပညာသင်ကြားခဲ့သည်။ ၁၉၆၀ လွန်အစောပိုင်းကာလ တစ်ဝိုက်တွင် နာဂလက်နက်ကိုင်နှင့် အိန္ဒိယစစ်တပ်တို့ အကြီးအကျယ်တိုက်ခဲ့ကြရာမှ ရွာကသူ့အိမ်လေးကို အိန္ဒိယစစ်သားတွေက မီးရို့ဖျက်ဆီးခဲ့ကြပါသော်လည်း နာဂမြေအောက်အဖွဲ့ဝင်ဖို့ သူမှာ စိတ်ကူးမရှိ။

''ကျွန်တော်တို့ကြိုက် ကြိုက်၊ မကြိုက် ကြိုက်၊ ကျွန်တော်တို့က အိန္ဒိယရဲ့ အစိတ်အပိုင်းတစ်ခုပဲ မဟုတ်လား၊ အခြေအနေကလည်း ပြောင်းလဲမှာမဟုတ်တဲ့အတွက် ကျွန်တော်တို့ဘက်က အကောင်းဆုံးလုပ်ရမှာပဲ''

ညတစ်ည မီးဖိုချောင်ထဲတွင် လက်ဖက်ရည်သောက်ရင်း ဇန်နစ်ဇိုနှင့် စကားပြောနေခြင်းဖြစ်ပြီး ညကြီးစုန်းစုန်းချုပ်မှသာလျှင် ကျွန်တော်တို့ လင်မယားလည်း အခန်းထဲက ထွက်ရဲတော့သည်။ NSCN နှင့် ပတ်သက်၍ သူပြောသွားသော တချို့ကိစ္စတို့မှာ လွဲချော်နေသော်လည်း ကျွန်ုပ်တို့လာရခြင်း ရည်ရွယ်ချက်ကို သူ သဘောကျသလို NSCN သို့သွားဖို့ကိုလည်း သူထောက်ခံသည်။

''သူတို့ လူတွေအများကြီးသတ်တယ်၊ သစ္စာဖောက်လို့စွပ်စွဲပြီး NSCN က လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ နာဂတွေလည်း တစ်ပုံကြီးပဲ၊ ဘုရားသိပါတယ်။ သူတို့လက်ချက်နဲ့ သေရတဲ့သူတွေဟာ အပြစ်မရှိကြပါဘူး''

ဇန်နစ်ဇိုဏ်၏ မိန်းမ ဘူနိုမှာ ပိန်ပိန်သွယ်သွယ်နှင့် နိုင်ငံရေးကို လုံးဝစိတ်ဝင်စားခြင်းမရှိ။ သားငယ်၊ သမီးငယ်တို့၏ ဝေယျာဝစ္စတွေနှင့်သာ တစ်နေကုန်တစ်နေခန်း နှစ်မြုပ်နေတတ်သည်။ သူတို့မိသားစုနှင့်အတူ မြီးကောင်ပေါက်အရွယ်တူတစ်ယောက်၊ တူမတစ်ယောက်လည်း နေထိုင်ကြပြီး အိမ်အလုပ်တွေကို ဝိုင်းကူကြသည်။ ဤနေရာ၌ ကျွန်ုပ်တို့ ပုန်းခိုနေရသည်ကို သူတို့အားလုံးသိသော်လည်း အဆိုပါကိစ္စကို အရွယ်မရောက်သေးသော ကလေးများသည်ပင် နှုတ်လုံကြသည်။ သူတို့တစ်မိသားစုလုံးအတွက် အရေးအကြီးဆုံးကိစ္စမှာ တနင်္ဂနွေနေ့ဘုရားကျောင်းသွားဖို့ ဖြစ်သည်။ နေ့ဘက်တွင် ဇန်နစ်ဇို အလုပ်သွားပြီး ဘူနိုက ဈေးဝယ်ထွက်သည့်အခါမျိုး သို့တည်းမဟုတ် အကြောင်းတစ်ခုခုနှင့် အပြင်ထွက်နေသည့်အခါမျိုးတွင် ကျွန်ုပ်တို့ လင်မယားနှစ်ယောက်တည်းသာ ကျန်ခဲ့သည်ဖြစ်၍ ထိုအခါမျိုးတွင် ဧည့်သည်တစ်ယောက်ယောက်ပေါက်ချလာသည့်အခါတံခါးကို သော့ခတ်ပြီး အခန်းထဲမှာ နေရသလို၊ အာချောင်တတ်သော အိမ်နီးနားချင်းတစ်ယောက်ယောက်က မတော်၍များ တွေ့လျှင်ဆိုသည့် စိုးရိမ်စိတ်ဖြင့် ပြတင်းပေါက်လိုက်ကာတွေကိုလည်း အမြဲချထားပြီး အခန်းထဲမှာပင် ကျွန်ုပ်တို့ နှစ်ယောက်သား အံစာတုံးပစ်လိုက်၊ လေ့ကားပေါ်တက်လိုက်၊ မြွေကိုက်ရင်ပြန်ဆင်းလိုက်နှင့် မိုနိုပိုလီဆော့ရင်း အချိန်ဖြုန်းနေရပါ၏။

ကေဗီဆေးကိုက ကျွန်ုပ်တို့ဆီ မကြာခဏလာပြီး အကျိုးအကြောင်း ပြောပါသော်လည်း သတင်းရယ်မထူး၊ ကျွန်ုပ်စာနှင့်အတူ နယ်ခြားသို့ ဖထန်း ထွက်ခွာသွားသော်လည်း

www.nyisay.com



ဘယ်နေ့၊ ဘယ်ရက်ပြန်လာမည်ကိုကား ဘယ်သူမှသိပုံမရ၊ သို့ပေမဲ့ ကေဇီဆေးကိုက ကျွန်ုပ်အတွက် ဆေးတံသောက်ဆေး၊ သတင်းစာနှင့် နေ့လယ်လက်ဖက်ရည်နှင့် စားဖို့ မုန့်ပဲသွားရည်စာတွေကိုတော့ အမြဲဖြည့်ဆည်းပေးသည်။

ကိုဟီးမားမြို့ကို ကျွန်ုပ်မြင်တွေ့နေရသော မြင်ကွင်းကလည်း အကန့်အသတ်နှင့် မြင်နေရသည်။ အပြင်ဘက်မြင်ကွင်းကို ကြည့်ချင်ရင် အိမ်သာထဲဝင်၊ မတ်တတ်ရပ်၊ အပေါ်ဘက်တွင် ဖောက်ထားသော အပေါက်ကျဉ်းကျဉ်းမြောင်းမြောင်းကလေးမှ တစ်ဆင့် ဟိုးအဝေးက တောင်ကုန်းတောင်စွယ် ပြာနမ်းနမ်းကြီးတွေကို မှန်ပြောင်းနှင့်ကြည့်ရသည်။ ကိုဟီးမားမြို့လေး မေးတင်ထားသော အနိမ့်ပိုင်းတောင်စောင်းပေါ်က လှုပ်လှုပ်ရွရွနေ့စဉ် ဘဝတွေကိုလည်း ထိုနည်းလည်းကောင်း မြင်နိုင်သည်။ ကျွန်ုပ်တို့နေအိမ်မှ အောက်သို့ လျှောဆင်းသွားသော ကတ္တရာလမ်းကျဉ်းလေးတစ်နေရာတွင် ဈေးဆိုင်ငယ်လေး တစ်ဆိုင် ရှိပြီး သတင်းစာဝယ်၊ စီးကရက်ဝယ်သူတို့ကိုလည်း ကျွန်ုပ်၏ မှန်ပြောင်းဖြင့် မြင်နိုင်ပါ၏။

သို့ပေမဲ့ ဆိုင်နောင့်ကမူ ဓာတ်ပုံရိုက်ဖို့တစ်ကြိမ်နှစ်ကြိမ် အပြင်ထွက်ပြီးပြန်လာသည့်အခါ ကိုဟီးမားမြို့လေးကမူ ညစ်ပတ်နံဟောင်နေသော အိန္ဒိယမြို့ကြီးတွေနှင့် မတူ၊ အလွန်တရာ နေချင်စဖွယ်ကောင်းကြောင်း ကျွန်ုပ်ကို ဖောက်သည်ချသည်။

ဗြိတိသျှအုပ်ချုပ်ရေးကာလက ကိုဟီးမားကား အုပ်ချုပ်ရေးရုံးစိုက်ရာနေရာဖြစ်ပြီး ထိုစဉ်က ရွာသိမ်ရွာငယ်လေးသာသာ ရှိသေးသည်။ ဗြိတိသျှအုပ်ချုပ်ရေးကာလကလည်း ယခုလိုနာဂဒေသဆီ လာရောက်လိုသော သာမန်အင်ဒီးယန်းတို့အနေနှင့် ပါမစ်ယူရမည် ဆိုသည်မှာ ယခုလိုမဟုတ်၊ နာဂလူမျိုးတွေက ခေါင်းဖြတ်တတ်သည်ဆို၍ကြောင့်လည်း မဟုတ်၊ အမှန်အားဖြင့် ဆိုခဲ့သလို အမူအကျင့်မှာ ဝေးသီခေါင်သော တောကြီးမျက်မည်း နေရာတို့တွင် ယခုအချိန်ထိရှိနေဆဲ၊ စင်စင်နာဂဒေသကို ဆိုခဲ့သလို ကန့်သတ်လိုက်သည့် ဗြိတိသျှအရာရှိကြီးတို့၏ အဓိကရည်ရွယ်ချက်မှာ လူရည်လည်နေသော မြေပြန့်နေ အင်ဒီးယန်းတို့က နာဂတို့အပေါ် အမြတ်ထုတ်နိုင်သော အခြေအနေမှ ကာကွယ်ဖို့ဖြစ်သည်။ တစ်နည်းအားဖြင့် နာဂအမျိုးအနွယ်တို့၏ ယဉ်ကျေးမှုမှာ သီးသန့်တည်ရှိနေသလို တစ်မူထူးခြားသည်ဖြစ်၍ ၎င်းတို့ယဉ်ကျေးမှုကို ထိန်းသိမ်းလိုသည့် သဘောဖြစ်သည်။ ထိုစဉ်ကတည်းက ဗြိတိသျှအပါအဝင် အနောက်တိုင်းသား ဧည့်သည်များအနေနှင့် ပါမစ်ယူရသော်လည်း အထူးသဖြင့် မနုဿဗေဒပညာရှင်တွေ၊ သုတေသနသမားတွေဆိုလျှင် လွယ်လွယ်ကူကူနှင့် ပြီးတတ်သည်။ ထိုနည်းလည်းကောင်း နာဂလူမျိုးတို့ကို ခရစ်ယာန်ဇာတ်သွင်းခဲ့သော အမေရိကန်နှစ်ခြင်း ခရစ်ယာန်မစ်ရှင်တို့အနေနှင့်လည်း ပါမစ်ယူရသည်။ ထိုအခြေအနေမှာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် လုံးဝပြောင်းလဲသွားသည်။ ၁၉၅၀-၆၀ နှစ်ကာလများအတွင်း နာဂပြောက်ကျားနှင့် အစိုးရတပ်တို့ တိုက်ပွဲများဖြစ်ပွားလာသဖြင့် နိုင်ငံခြားသားတို့ကို လုံးဝပိတ်လိုက်သော်လည်း အင်ဒီးယန်းတို့အတွက်မူ

www.nyisay.com



ပါမစ်ယူရသည်မှာ လုပ်ရိုးလုပ်စဉ်တစ်ခုလို ဖြစ်လာပြီး နာဂဒေသအတွင်း လူရည်လည် အင်ဒီးယန်းတွေ အရောက်အပေါက်များလာသည်။ လွန်လေပြီးသော နှစ် (၃၀) လောက်ကပင် နိုင်ငံခြားသာသနာပြုအားလုံးကို မောင်းထုတ်ခဲ့ပြီး ယခုအထိ နာဂဒေသသို့ သွားခွင့်ပြုခဲ့သော နိုင်ငံခြားသားဟူ၍ လက်တစ်ဆုပ်မျှသာရှိသေးသည်။

သို့ပေမဲ့ ချွင်းယွင်းချက်တစ်ခုတော့ရှိသည်။ ၁၉၇၂ ခုနှစ်က အမေရိကန်လူမျိုး တရားဟောဆရာ ဘီလီဂရေဟန်ဆိုသူသည် ပါမစ်မပါဘဲ နာဂဒေသသို့ ဇွတ်တရွတ် ဝင်သွားပြီး တရားဟောလေရာ ကိုဟီးမားမှ အားကစားကွင်းတစ်ကွင်းလုံး ပရိသတ်တွေ လျှံထွက်သွားပြီး နာဂပြောက်ကျားတွေကလည်း အဆိုပါ အခြေအနေကို အခွင့်ကောင်း ယူကာ၊ တရားဟောဆရာကို သေနတ်များပစ်ဖောက်၍ ဂုဏ်ပြုကြပါသဖြင့် နာဂတောင် တောင်ထွက်၊ တောင်စွယ်တွေကြားသေနတ်သံတွေ တဒိန်းဒိန်းတဒိုင်းဒိုင်း ပွက်လောညံခဲ့ပြီးနောက်တွင်မှ နိုင်ငံခြားသားတို့ကို အိန္ဒိယအာဏာပိုင်တို့က အဆိုပါဒေသသို့ ခရီးသွားခွင့် လုံးဝပိတ်ပင်ခဲ့သည်မှာ ယနေ့တိုင်ဟု ဆိုနိုင်ပါ၏။

ရွာကြီးတစ်ရွာမှ ယခုလိုမြို့တစ်မြို့အဖြစ် ပြောင်းလဲလာသော အချိန်ကာလမှာ ဒုတိယ ကမ္ဘာစစ်အတွင်းဖြစ်သည်။ မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်တို့ရပြီးနောက် အိန္ဒိယအထိ ထိုးဝင်လာရာ ကိုဟီမားရောက်ခါမှ စစ်ဦးကျိုးသွားပြီး ပြန်ဆုတ်သွားကြသဖြင့် လွန်လေပြီးသော နှစ် (၄၀) က ဖြစ်ပွားခဲ့သောတိုက်ပွဲအကြွင်းအကျန်တို့ကို ယခုတိုင် မြင်တွေ့နေရဆဲ။ အင်ဖာတိုက်ပွဲဟုထင်ရှားခြင်းရှိသော အဆိုပါတိုက်ပွဲကား ဗြိတိသျှတို့ ဘက်က အသေအလဲ ခုခံခဲ့ရသော တိုက်ပွဲဖြစ်သည့်အလျောက် နှစ်ဖက်လုံး အကျအဆုံးများခဲ့ရာ မြို့လယ်ခေါင်တွင် သံချေးတက်နေသော သံချပ်ကာကားကြီးတစ်စင်းကို မြင်တွေ့နေရသလို ၄င်းနှင့် မလှမ်းမကမ်းတွင် သတ်သတ်ချေချေ ပြင်ဆင်မွမ်းမံထားသော စစ်သံရုံးတစ်ခုရှိသည်။ ၄င်းတွင် နာဂစစ်သားအနည်းငယ်နှင့် မဟာမိတ်စစ်သည် ရုပ်အလောင်းတို့ကို မြှုပ်ထားပြီး မုခဉီးအဖြစ် ကျောက်တိုင်ကြီးတစ်တိုင် ထီးထီးမားမား စိုက်ထူထားသည်။ ကျောက်တိုင်ပေါ်တွင် ထွင်းထုထားသော စစ်သည်တို့၏ အမှာစကားကား ကြေကွဲစရာကောင်းကြောင်း ဆိုင်နောင့်က ပြောပြသည်။ ကျောက်တိုင်ပေါ်မှ ကမ္ဘည်းကျောက်စာက ယခုလို-

''မင်း အိမ်ပြန်ရောက်ရင် သူတို့ကို ပြောပေးပါ၊ မင်းတို့ရဲ့ မနက်ဖြန်အတွက် ငါတို့ရဲ့ ဒီနေ့ကို ပေးလိုက်ပြီ''

နာဂသူပုန်တို့အကြောင်း ဆွေးနွေးကြသည့်အခါတိုင်း သို့တည်းမဟုတ် နာဂသူပုန်တချို့ လက်နက်ချသဖြင့် 'နာဂတွေကိုယ်တိုင်က လက်နက်ကိုင်အကြမ်းဖက်မှုရဲ့ အရင်းအနှီးရလဒ်ကို သဘောပေါက်လာတဲ့အတွက် သူတို့ကိုယ်တိုင် စွန့်လွှတ်လိုက်တာပါ'ဟု အိန္ဒိယအစိုးရက ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်သည်ကို ကြားရ၊ ဖတ်ရသည့်အခါတိုင်း ကမ္ဘည်းကျောက်တိုင်မှ စာသားတွေ ကျွန်ုပ်ခေါင်းထဲ ရောက်လာတတ်သည်။

www.nyisay.com



သို့ပေမဲ့ ယနေ့ နာဂဒေသကား ဆစ်(ခ်)ပြည်နယ်မှလွဲ၍ အိန္ဒိယတွင် အစိုးရထံမှ အကူအညီ အမြောက်အမြားရနေပြီဖြစ်ရာ ပညာရေးဆိုလျှင် အခမဲ့၊ ဝင်ငွေခွန်မကောက်ခံ၊ အိန္ဒိယမြေပြန့်မြို့များနှင့် နှိုင်းစာလျှင် နာဂလူဦးရေမှာ အလယ်အလတ်မျှသာရှိသော်လည်း ၁၉၆၄ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေး အပြည့်အဝပေးထားသည်။

ဤသို့သော လိုက်လျောမှုများမှာ အစိုးရ၏ နှလုံးသားနှင့် စိတ်ဓာတ်ကို အောင်နိုင်ခြင်း ပေါ်လစီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသော်လည်း နောက်ပိုင်းနှစ်များတွင်မူ ထင်သလို ဖြစ်မလာဘဲ အိန္ဒိယအစိုးရတပ်ဖွဲ့ဝင်တို့က နာဂတို့အပေါ် အမျိုးမျိုး ဖိနှိပ်လာခဲ့သည်။ တစ်နည်းအားဖြင့် စဉ်းစားလျှင် နာဂလက်နက်ကိုင် တော်လှန်ရေးသာမရှိလျှင် နာဂဒေသသည်လည်း ယနေ့လိုအဆင့်မျိုးရှိမည်မဟုတ်။ နာဂဒေသဖွံ့ဖြိုးရေးအတွက် နယူးဒေလီအစိုးရက ဗုံးပေါလအော အကူအညီပေးနေသဖြင့် အိန္ဒိယအခြားဒေသများမှ ကန်ထရိုက်တာအမြောက်အမြားကို ဆွဲဆောင်နေသလို နီပေါနှင့်ဘင်္ဂလားဒေ့(ရှ်)မှ ခိုးဝင်လာသူတွေကလည်း အတားအဆီးမရှိ ဒလဟောဝင်လာရာ ကျွန်ုပ်တို့ ကာ(လ်)ကတ္တားဌ် ရှိစဉ်ကပင် နာဂနှင့် အာသံဒေသမှ ပုလိပ်တပ်ဖွဲ့ဝင်များနှင့် နာဂကျောင်းသားတွေ ပစ်ကြ ခတ်ကြသည်အထိ ဖြစ်ခဲ့ကြသည်ကို ကြားလိုက်ပါသေးသည်။ ဆိုခဲ့သလို မြေပြန့်ဒေသမှ နာဂဒေသသို့ အတားအဆီးမဲ့ ဝင်ရောက်အခြေချနေမှုများနှင့် နာဂဒေသသို့ ဝင်ရောက်ခွင့် စည်းကမ်းတို့ကို တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်းပေးဖို့ နာဂကျောင်းသားတွေက မကြာခဏ တောင်းဆိုခဲ့ကြသည်။

ဆိုခဲ့သလို ဗဟိုအစိုးရ၏ အားသွန်ခွန်စိုက် ထောက်ပံ့မှုဖြင့် ဒေသတွင်း ဖွံ့ဖြိုးလာခဲ့သည်ဆိုသော်လည်း ကိုဟီးမား၏ ပုန်ကန်ထကြွလိုစိတ်ကိုကား ချွန်းအုပ်၍မရ၊ မကြာခဏ သတ္တိကြွလာတတ်သည်။ ဤအချက်ကို ၁၉၈၁ ခုနှစ်တွင် ဘွားခနဲ တွေ့လိုက်ရသည်။ ကိုဟီးမားမြို့စုင်တာတွင် ပြည်နယ်အစိုးရက မဟာတ္တမဂန္ဓီ ရုပ်တုတစ်ခုစိုက်ထူခဲ့ရာ၊ ပြီးစီး၍ တစ်ပတ်မျှပင် မကြာလိုက် ငြိမ်းချမ်းရေးတမန်တော်ကြီး ဂန္ဓီကြီးခမျာ နာဂတို့၏ ထုံးစံအတိုင်း ခေါင်းဖြတ်ခံလိုက်ရပါသဖြင့် အာဏာပိုင်တို့က မြင်မကောင်း ရှုမကောင်း ဖြစ်နေရှာသော ခေါင်းပြတ်ရုပ်ကြီးကို ဂုန်နီအိတ်နှင့် အုပ်ထားလိုက်ရပြီး နေရာမှ ရွှေ့လိုက်ကြရသည်။

အိန္ဒိယတွင် မြို့တိုင်းလိုလို ဂန္ဓီအမှတ်တရရုပ်တုတစ်ခုရှိကြပါသော်လည်း ကိုဟီးမားကား ဂန္ဓီနှင့်ပတ်သက်၍ ဆိုခဲ့သလို ရုပ်တုတည်ရာအောက်ခံကျောက်ခုံတစ်ခုသာ ထီးထီးကြီး ရှိနေသော အိန္ဒိယ၏ တစ်ခုတည်းသော ပြည်နယ်မြို့တော်ဖြစ်ပါ၏။ တစ်ည မိုးစုန်းစုန်း ချုပ်ခါမှ ကေဇီဆေးကိုနှင့် ဗယ်မယ့်ဆူတို့ ဂျစ်ကားတစ်စီးနှင့် ပေါက်ချလာပြီး ကျွန်ုပ်ကို အပြင်ခေါ်ထုတ်သွားသည်။

"ဟိုနားဒီနားသွားဖို့ ခင်ဗျားကို ကျွန်တော်တို့လာခေါ်တာ၊ ကိုဟီးမားမြို့ကို နည်းနည်း ပါးပါးတော့ မြင်ဖူး၊ တွေ့ဖူးအောင်ပါ"

www.nyisay.com



ဗယ်မယ့်ဆူက ပြုံး၍ပြောသည်။ အပြင်ထွက်ပြီး လေကောင်းလေသန့် ရှူရတော့မယ်ဆိုသည့် အတွေးကြောင့် တက်ကြွလန်းဆန်းသွားပြီး ဂျာကင်ရှည်ကြီးကိုဝတ်၊ ခေါင်းစွပ်ကို ဆောင်းပြီး ဂျစ်ကားရှိရာ ဆိုင်နောင့်နောက်က ကပ်လိုက်သွားပြီး ထုံးစံအတိုင်း ကျွန်ုပ်က ကားနောက်ခန်းမှ နေရာယူ၊ သူတို့က ခေါင်းခန်းမှထိုင်ကြပြီး မောင်းထွက်လာကြသည်။ မိုးဖွဖွလေးကျနေသဖြင့် လမ်းတစ်လျှောက် စိုစိုရွှဲနေပြီး နံမ့်ချည်မြင့်ချည် တောင်ပေါ်လမ်းအတိုင်း မော်တော်ကားကို အရှိန်မှန်မှန်မောင်းလာရာ မြို့လယ်စင်တာ ရောက်လာသည်။ သို့ပေမဲ့ သွားသူလာသူ မရှိသလောက် လူခြေ၊ လူရိပ်ဆို၍ ရေစွတ်စွတ် လမ်းပေါ်မှာ စတင်းဂန်းသေနတ်လွယ်လျက် ကမ်းလှည့်နေသော စစ်ပုလိပ်တစ်စုနှင့် အိမ်အပြန် နောက်ကျနေသူ တစ်ယောက်နှစ်ယောက်ကိုသာ တွေ့ရသည်။ ကိုဟီးမားမြို့ကားကြည့်စရာ၊ ရှုစရာထူးထူးထွေထွေ မရှိ၊ ကျွန်ုပ်တို့ခရီးစဉ်၏ အဓိကရည်ရွယ်လာသည့် နေရာမှာ စောစောက ဆိုခဲ့သလို ဂန္ဓိရုပ်တုရှိခဲ့ဖူးသော နေရာဖြစ်ရာ ကျွန်ုပ်တို့ ကားကို ရုပ်တုအောက်ခံ ကျောက်ခုံအနားမှ ဖြတ်မောင်းလာသဖြင့် မြင်တွေ့လိုက်ရသည်။ ထိုမှမြို့ပြင်သို့ ဆက်ထွက်လာရာ ဗယ်မယ့်ဆူက အပြင်ရောက်တုန်းရောက်ခိုက် ကျွန်ုပ်ကို ခြေဆန့်လက်ဆန့် လေ့ကျင့်ခန်းလုပ်နိုင်ဖို့ ရည်ရွယ်ချက်နှင့် လူပြတ်သော တစ်နေရာတွင် ကားကို ရပ်ပေးသဖြင့် ကျွန်ုပ်လည်း ကားပေါ်ကဆင်းပြီး ခြေထောက်လက်ထောက် ဆန့်ရသည်။

သို့ပေမဲ့ ကျွန်ုပ်၏ ကိုယ်လှုပ်လက်လှုပ်က ဘာမျှမလှုပ်လိုက်ရ၊ ဗြုန်းဆို ညခရီးသွား တချို့ တွေ့လိုက်ရသဖြင့် ဂျစ်ကားနောက်ခန်းထဲ သုတ်ခနဲ ပြေးဝင်လိုက်ရသည်။ ကိုဟီးမား အလည်ခရီးကား ကျွန်ုပ်အတွက် ကံမကောင်း၊ တစ်နာရီလောက် အပြင်ထွက်ရတာသည်ပင် အတော်စွန့်စားလိုက်ရသည်။

သည်လိုနှင့် ဩဂုတ်လဝက်ကျိုး၍ (၃) ပတ်မျှ အခန်းထဲ လှောင်ပိတ်နေခဲ့ရသည်ဖြစ်၍ ကျင့်သားရလာပြီး ကျွန်ုပ်တို့၏ စိုးရိမ်သောက စိတ်တွေ မေ့ပျောက်သွားပြီး နေ့ရက်တို့သည်လည်း ဖင့်နွဲ့စွာ အစီအစဉ်တကျ တိတ်တဆိတ်ကုန်ဆုံးသွားသည်။ မနက်မိုးလင်းလျှင် လက်ဖက်ရည်နှင့်မုန့် နံနက်စာစား၊ နေ့လည်ထမင်းစား၊ ပြီးလျှင် မိုနိုပိုလီဆော့ချင်ဆော့၊ မဟုတ်လျှင် အပေါင်းအသင်းရောင်းရင်းတွေ ငှားပေးထားသော စာအုပ်တွေဖတ်ချင်ဖတ်။ စာအုပ်တွေကလည်း ဂန္ဆဝင်ဝတ္ထု၊ သဲထိတ်ရင်ဖိုဝတ္ထု၊ ခရီးသွားစာပေနှင့် အထူးသဖြင့် ကိုလိုနီခေတ် ဗြိတိသျှအရာရှိများ၊ မစ်ရှင်အဖွဲ့များ၊ မနုဿဗေဒ ပညာရှင်များ ရေးသားခဲ့သော နာဂအကြောင်းစာအုပ်တွေပဲဖြစ်သည်။ ဤ၌ ကျွန်ုပ်အတွက် တန်ဖိုးမဖြတ်နိုင်သော အရာတစ်ခုမှာ လွန်ခဲ့သော ဆယ်နှစ်ခန့်က နာဂအကြောင်းနှင့် ပတ်သက်၍ သတင်းစာစောင် အမျိုးမျိုးတွင် ဖော်ပြခဲ့သည်တို့ကို ဖြတ်ညှပ်ထားသော ဇနီးနှစ်ဖို၏ စာရွက်ထုပ်ကြီးပဲဖြစ်သည်။ ၄င်းတို့မှ ကျွန်ုပ်အလိုရှိသော ဆောင်းပါးတို့ကို လက်ရေးဖြင့် ကူးယူပြီး ညနေတိုင်းလိုလို အဆိုပါအကြောင်းအရာတို့ကို အိမ်ရှင်နှင့် နာရီပေါင်းများစွာ

www.nyisay.com



ဆွေးနွေးဖြစ်ကြရာ၊ တစ်ခါတစ်ခါ ကျွန်ုပ်တို့ လူယုံတချို့ ရောက်လာပြီး သူတို့လည်း ကျွန်ုပ်တို့နှင့်အတူ ဝိုင်းကြသည်။ သို့ရာတွင် အချိန်အတော်များများမှာ ကျွန်ုပ်တို့ နှစ်ယောက်တည်းနှင့်သာ ကုန်ဆုံးကြရပြီး၊ အကယ်၍ ကျွန်ုပ်တို့အကြောင်းကို သိမထားသော ဧည့်သည်တစ်ယောက်ယောက် ရောက်လာခဲ့သည်ဆိုလျှင် ဇန်နစ်ဇိုနှင့် ကျွန်ုပ်တို့ကြား အချက်ပြပုံစံတစ်ခုကို ကြို့တင်ဇာတ်တိုက်ထားသည်။ ဆိုပါစို့၊ မျက်နှာစိမ်း ဧည့်သည်တစ်ယောက် ခြံပေါက်ဝရောက်လျှင် ဇန်နစ်ဇိုက ခြံထဲပြေးထွက်သွားပြီး အော်ကြီးဟစ်ကျယ်နှင့် နူတ်ဆက်သည်။ သို့ဆိုသည်နှင့် ကျွန်ုပ်တို့ကလည်း ချက်ချင်းပေါက်ပြီး အခန်းတံခါးကို အထဲက သော့ခတ်၊ လိုအပ်လျှင် မီးကိုပါပိတ်ပြီး ဧည့်သည်ပြန်သည်အထိ မှောင်ထဲမှာ ငုတ်တုတ်မည်းတည်းနှင့် ထိုင်နေကြရသည်။ အကယ်၍ ဧည့်သည်က လေကြောရှည်နေလျှင်တော့ ကျွန်ုပ်တို့ဆီက ချောင်းဆိုးသံ (သို့) မတော်တဆတိုက်သံ၊ ခိုက်သံတွေကို ဖုံးနိုင်ဖို့ ဇန်နစ်ဇိုက ကက်ဆက်ကို အသံကျယ်ကျယ်ဖွင့်ထားလိုက်သည်။

သို့ပေမဲ့ တစ်နေ့တော့ ကျွန်ုပ်တို့ ဇာတ်တိုက်ထားတာတွေ အားလုံး ကမောက်ကမ ဖြစ်ကုန်သည်။ ထိုနေ့က အိမ်မှာ ကျွန်ုပ်နှင့်ဆိုင်နောင့် နှစ်ယောက်တည်းရှိနေချိန်၊ ဇန်နစ်ဇိုက အလုပ်သွား၊ ကလေးတွေက ကျောင်းသွား၊ ဘူနိုက သူ့တူလေးနှင့် ဈေးဝယ်ထွက်၊ တူမလေးကလည်း အဖော်တွေနဲ့ သွားကစားနေချိန်၊ ကျွန်ုပ်က မီးဖိုချောင်ထဲသွားပြီး လက်ဖက်ရည်ဖျော်နေတုန်း ဗြုန်းဆို ခြံတံခါးဖွင့်သံကြားလိုက်ရပြီး ဆိုင်နောင့်က ပြတင်းပေါက်က လှမ်းကြည့်လိုက်သည်။

“ဘုရားရေ... လူတွေလာနေပြီတော့”

ကျွန်ုပ်လည်း မီးဖိုကိုပိတ်၊ လက်ဖက်ရည်အိုးနှင့် ခွက်တွေကို ဆွဲပြီး အခန်းထဲကပျာကယာပြေးဝင်၊ တံခါးကို အထဲက ဂျက်ချနေစဉ် ခုနစ်ယောက်၊ ရှစ်ယောက် လောက်ရှိမယ်ဟု ဆိုင်နောင့်က လေသံနှင့်ပြောသည်။ ပြီးနောက် အိမ်ရှေ့တံခါးခေါက်သံကြားရသည်။ တစ်ခါ၊ နှစ်ခါ သို့ပေမဲ့ အထဲကဗျို့၊ ဗျာ...ထူးသံ မရှိ၊ ကျွန်ုပ်တို့ပြေးသံ လွှားသံ၊ တံခါးပိတ်သံတွေ ကြားရပါသော်လည်း အိမ်ထဲက အသံမပစ်သဖြင့် သံသယရှိကြသည်လား မဆိုနိုင်။ တံခါးမကြီးကလည်း သော့ပွင့်နေသဖြင့် တံခါးဖွင့်ပြီး ဧည့်ခန်းထဲ ဝင်လာသံတွေကို ကြားနေရသည်။ အိမ်ထဲမှာ ဟိုလျှောက် သည်လျှောက်၊ လျှောက်နေကြပြီး ကျွန်ုပ်တို့ တံခါးရှေ့မှာ ခြေသံပျောက်သွားသည်။ ပြီးနောက် တံခါးကို အပြင်က ခေါက်သည်။ ကျွန်ုပ်တို့က အသံမပေး၊ တံခါးကိုဆက်တိုက်ထုပြန်ပြီး တစ်ခုခု အော်ပြောနေသည်။ ဘာသံမျှမကြားရသည် အဆုံးမှ သူတို့အချင်းချင်း ဟောင်ဖွာ ဟောင်ဖွာ ပြောဆိုရင်း ပြန်ထွက်သွားကြလေရာ ကျွန်ုပ်တို့လင်မယားနှစ်ယောက်ကား ချွတ်နင်းသံမျှပင် မထွက်ရဲ ရင်တုန်ပန်းတုန်၊ ထိတ်လန့်စွာနှင့် ထိုင်လျက် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်နေဆဲ။

www.nyisay.com



''ကျမတို့ကို သူခိုးတွေလို့ ထင်သွားသလားမသိဘူး။ သူတို့ ပုလိပ်ကို သွားခေါ်ကြတာ ထင်တယ်''

ဆိုင်နောင့်အထင်ကို မပြောတတ်ကြောင်း ကျွန်ုပ်လည်း ပခုံးကို တွန့်ပြလိုက်သည်။

''ကိုယ်တို့ စောင့်ကြည့်ဖို့ပဲ ရှိတော့တယ်''

ကျွန်ုပ်တို့နှစ်ယောက်လုံး စိတ်လှုပ်ရှားနေဆဲ၊ နာရီဝက်ခန့်အကြာတွင် အိမ်ရှင်တူမလေးပြန်ရောက်လာသည့်အခါ အိမ်ထဲမှာပဲ နေပေးဖို့ တောင်းတောင်းပန်ပန်နှင့် ပြောရသည်။ ညနေဘက် ဇန်နဝါရီအလုပ်မှ ပြန်ရောက်လာသည့်အခါ ကောင်မလေးကို ကြိမ်းမောင်းပြီး မနက်ကကိစ္စအတွက် သူလည်း စိတ်ပူနေရာ တစ်အောင့်အကြာတွင် အပြင်ထွက်သွားသည်။ သို့ပေမဲ့ အိမ်ပြန်လာသည့်အခါ ဇန်နဝါရီကို ပြုံးပြုံးရွှင်ရွှင် တွေ့လိုက်ပြီး အကြောင်းစုံကို ပြောပြသည်။ ဖြစ်ပုံကသည်လို၊ မနက်ကရောက်လာသူတို့မှာ ဇန်နဝါရီနှင့် တစ်ရွာတည်းသားတွေဖြစ်ပြီး ယခုမြို့တက်လာသည့်အခါ တည်းခိုဖို့လာခြင်းဖြစ်ပြီး အိမ်မှာတစ်ယောက်မျှမတွေ့ရသဖြင့် အခြားအိမ်တစ်အိမ်တွင် တည်းကြသည်ဟူ၏။

ကျွန်ုပ်၏ အတွေ့အကြုံအရ သိရသည်မှာ ဤဒေသနေ လူအားလုံးကို နာဂဟူသိမ်းကျုံးခေါ်ခေါ်နေကြသော်လည်း လက်တွေ့တွင် အမျိုးမတူသလို၊ ဘာသာစကားလည်း မတူသော နာဂအနွယ်တွေအမြောက်အမြားရှိသည်။ ဒေသိယဘာသာစကားပင်လျှင် အမျိုးပေါင်းတစ်ရာမက ကွဲနေရာ၊ ကေဇီဆေးကိုနှင့် ဇန်နဝါရီတို့ အပါအဝင် ကျွန်ုပ်တို့ကို ကြည့်ရှုစောင့်ရှောက်နေသူအားလုံးမှာ အရှေ့မြောက်နာဂဒေသကို လွှမ်းမိုးထားသော ချာခေဆန်မျိုးနွယ်စုဖြစ်သည်။

ဆိုခဲ့သလို အမျိုးအနွယ်နှင့် ဒေသိယဘာသာစကားတို့ ရာနှင့်ချီကွဲပြားနေသည့်အခြေအနေတွင် ကိုယ့်အမျိုးအချင်းချင်းသာ ယုံကြည်ပြီး တခြားအမျိုးအနွယ်တို့ အပေါ် သံသယစိတ်ဖြင့် ကြည့်တတ်သည်ကို နေရာတကာတွင် တွေ့နေရသည်ဖြစ်၍ နာဂတစ်ဦးအနေနှင့် ဘယ်သူ့ကို ယုံမလဲဆိုသည့် ကိစ္စမှာ အရေးတကြီးကိစ္စပင်ဖြစ်သည်။ ဆိုင်နောင့်ကို ဗိုက်ပြဖို့ အချိန်ကျပြီဖြစ်ကြောင်း ကျွန်ုပ်ပြောတော့ ဇန်နဝါရီက အခြားဆရာဝန်ဆီမှာ မပြ၊ ချာခေဆန်မျိုးနွယ်ဆရာဝန်ဆီမှာသာ ပြသည်။ ထိုနည်းလည်းကောင်း ဆယ်မခေါ် အင်အားကြီးသော အခြားမျိုးနွယ်စုတွေကလည်း သူတို့ဆရာဝန်ဆီမှာသာ ပြသည်။ ရှေ့နေဌားရမည်ဆိုလျှင်လည်း သူတို့မျိုးနွယ်တူ ရှေ့နေကိုသာ ယုံကြည်ကြသည်။ အမှန်အားဖြင့် ဆိုခဲ့သလို သူ့အမျိုး ကိုယ့်အမျိုး ခွဲခြားသည့်အလေ့အထကပင် နာဂလက်နက်ကိုင်အချင်းချင်း အုပ်စုကွဲရသည့်အကြောင်းတရားဖြစ်သည်။ ၁၉၄၆ ခုနှစ်က NNC ၏ တပ်ဦးအဖြစ် စတင်ခဲ့ပါသော နာဂအမျိုးသားလှုပ်ရှားမှုဆိုလျှင် ချာခေဆန်တို့နှင့် အတော်နီးစပ်သည့် အန်ဂါမီးမျိုးနွယ်တို့က အဓိကထောက်ခံခဲ့ကြရာတွင် ခေါင်းဆောင်တစ်ဦးအမည်မှာ အန်ဂါမီဇာပူဖီဇိုဖြစ်သဖြင့် အမည်ကပင် အမျိုးအနွယ်ကိုဖော်ပြနေပြီး အခြားခေါင်းဆောင်

www.nyisay.com



နှင့် ကေဒါများမှာ အော်ဝ်၊ လိုသာနှင့် ရမ်းမ အမျိုးနွယ်တို့ဖြစ် ခွန်းညက်ကြရာ နောက်ပိုင်းနှာဂ လက်နက်ကိုင်လှုပ်ရှားမှုများ အားကောင်းလာသည့်အခါတွင်မူ ဇူညက်ဘူတို ခရိုင်နေ စစ်တိုက်ဝါသနာပါသော ဆယ်မမျိုးနွယ်တို့နှင့် အန်ဂါမီးတို့သည်ကား ရှားစောင်း စေးနှင့် မျက်ချေးပမာ တူးတူးခါးခါး ကွဲကြပြဲကြလေသည်။

ဆိုခဲ့သလို ကွဲပြဲလာရာမှ ဆယ်မတို့က ၁၉၆၈ ခုနှစ်တွင် သီးခြားလက်နက်ကိုင် အဖွဲ့အဖြစ် ခွဲထွက်လာခဲ့ပြီးနောက် အိန္ဒိယအစိုးရထံ လက်နက်ချ အလင်းဝင်ခဲ့သည်။ ကနဦး NNC ထဲတွင် ဩဇာအကြီးမားဆုံး ဆယ်မခေါင်းဆောင်တစ်ဦးမှာ အိုင်းဇက်ချီရှိုဆူ ဖြစ်ပြီး ၁၉၆၅ ခုနှစ်ကာလများတွင်မူ မဏိပူရမြောက်ဘက် နာဂဒေသများအထိ ခွဲထွက်ရေး လှုပ်ရှားမှုများ ပြန့်ကားသွားကာ နာဂလူငယ်ပညာတတ်များ၊ အထူးသဖြင့် ထန်ကူလ် မျိုးနွယ်မှ လူငယ်များပါဝင်လာရာ ယင်းတို့အနက် ထွင်ဂလန်မွီးဗာမှာ ထင်ရှားလာခဲ့သည်။

NNC နှင့် အိန္ဒိယအစိုးရတို့ ၁၉၇၅ တွင် သျှီလောင်၌ ငြိမ်းချမ်းရေး စာချုပ် လက်မှတ်ထိုးပြီး များမကြာမီ NNC အတွင်း ထပ်ကွဲပြန်ရာ၊ အပေါ်ယံအား ကြည့်လျှင် သဘောထားပျော့ပျောင်းသူနှင့် တင်းမာသူကြား နိုင်ငံရေးအကွဲဟု ထင်စရာရှိသော်လည်း လက်တွေ့တွင်မူ မျိုးနွယ်နှစ်စုချင်း မျက်နှာချင်းဆိုင်မရသည့် ပြဿနာသာဖြစ်သည်။ အိုင်းဇက်နှင့် မွီးဗာတို့က လက်နက်ကိုင်တိုက်ပွဲဖြင့် ရှေ့ဆက်ချင်သည်။ မည်သို့ရှိစေ NNC ကား နောက်ဆုံးရင်ကြားဧၚမရအောင် ဝေးကွာသွားကြရာ၊ ၁၉၈၀ တွင် မွီးဗာနှင့် အဖွဲ့က ခွဲထွက်၍ NSCN အဖြစ် တစ်လမ်းတစ်စည် ထောင်လာခဲ့ရာ ယနေ့မူ အားအင်ခိုင် မာသော ပါတီကြီးတစ်ခုဖြစ်နေလေပြီ။ သို့ရာတွင် NNC လက်ဟောင်းအဖွဲ့ဝင်တို့ကလည်း နာဂဒေသ၊ မြန်မာဘက်အခြမ်းတွင် လူအင်အား (၁၆၀) နှင့် မည်ကာမတ္တ လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ ရှိနေဆဲဖြစ်ပြီး ၄င်းတို့ကို အန်ဂါမီး၊ ချာခေဆန်နှင့်အော်ဝ်အနွယ်တို့က ထောက်ခံနေ ကြသည်။ NNC တွင် ကျန်ခဲ့သော တပ်ဖွဲ့ဝင်အားလုံးနီးပါးမှာ တောထဲတွင် ကျက်စားနေ ထိုင်သော ခိုင်ဂန်းမျိုးနွယ်စုမှ စုစည်းထားခြင်းဖြစ်ပြီး ၄င်းတို့၏ နယ်မြေမှာ သွန်ဆန်းဒေသ အရှေ့ နယ်စပ်ပေါ်ခွထားသည်။

NSCN ကို ထန်ကူ(လ်)မျိုးနွယ်အများစုဖြင့် ဖွဲ့စည်းထားသော်လည်း သိအိုရီအရ ဆိုလျှင် NSCN သည် အမျိုးစွဲ၊ အနွယ်စွဲ အယူကို ဆန့်ကျင်သည်။ NSCN တွင် ဒုတိယအများဆုံးမှာ ဆယ်မနှင့် မွန်းခရိုင်အစွန်အဖျားတွင်နေသော ခွန်းညက်အနွယ်တို့ ဖြစ်သည်။ မွန်းခရိုင်ကား မြန်မာပြည်ဘက် ကူးဖို့ ကျွန်ုပ်တို့ စီစဉ်ထားသော နေရာဖြစ် သည်။ မြန်မာဘက်အခြမ်းတွင် အထိုင်ချထားသော NNC စခန်းဇရိယာတစ်ဝိုက်တွင် ပန်မီးခေါ် နာဂအမျိုးနွယ်တစ်စုနေထိုင်ကြပြီး ၄င်းတို့က NNC တပ်ဖွဲ့ဝင်များအဖြစ် အမှုထမ်းကြပါသော်လည်း နယ်ခြားကို ကျော်၍ အိန္ဒိယစစ်တပ်ကို အလစ်အငိုက် တိုက်ရ

www.nyisay.com



သည့် တိုက်ပွဲတို့ကို ထန်ကူ(လ်)အန္တယ်တို့ကသာ အများဆုံး တာဝန်ယူကြသည်။ မြေပေါ်နိုင်ငံရေးအနေနှင့်မူ နာဂလူမျိုးများကြား ရော့ရဲရဲ ပေါင်းစည်းမှုသာရှိသည်ဟု ဆိုရမည်။ ဆယ်မနှင့် ခွန်းညက်တို့က လက်ရှိအာဏာရ ကွန်ကရက်ပါတီကို ထောက်ခံကြပြီး အတိုက်အခံ နာဂအမျိုးသားဒီမိုကရက်တစ်ပါတီက အန်ဂါမီးနှင့် ချာခေဆန်တို့၏ မဲနှင့် ရပ်တည်နေသလို အော်ဝ်အန္တယ်တို့ကမူ ဆိုခဲ့ပါ ပါတီကြီး (၂)ခုလုံးကို မဲခွဲ၍ ထောက်ခံနေကြသည်။

ယခုလိုအမျိုးအနွယ်အုပ်စုများကွဲပြားနေရသည်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် အဓိကနိုင်ငံရေးပါတီကြီးများနှင့် လက်နက်ကိုင်အုပ်စုနှစ်စု၏ ဆက်ဆံရေးပေါ်တွင်မူတည်နေရာကျွန်ုပ်အမြင်အရ အလွန်တရာ ရှုပ်ထွေးသော ဆက်ဆံရေးဖြစ်သည်။ မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသမှ လက်နက်ကိုင် လှုပ်ရှားမှုများအကြောင်းကို သတင်းရေးသားခဲ့ရသော ကျွန်ုပ်၏ အတွေ့အကြုံအရ အစိုးရနှင့် သူပုန်တပ်တို့၏ ဆက်ဆံရေးမှာ တစ်ဖက်နှင့်တစ်ဖက် ရန်၊ ငါပြတ်သည်၊ ရှင်းသည်။ ယခုနာဂဒေသတွင်မူ ထိုသို့မဟုတ်၊ တစ်မျိုးတစ်ဘာသာ ဆန်းနေသည်။

ယခုကျွန်ုပ်တို့အနေနှင့် ပုန်းလျှိုးကွယ်လျှိုးနေနေရပါသော်လည်း ကျွန်ုပ်တို့ထဲမှ တစ်ယောက်ယောက်က အာဏာပိုင်တစ်ဦးဦးကို သတင်းသွားပေးချင်စိတ် ပေါက်ချင်လည်း ပေါက်သွားနိုင်သည်။ သို့ပေမဲ့ တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်မှာ နာဂဒေသစီးပွားရေးပုံစံမှာ အအုပ်အထိန်းမရှိ၊ လက်ကြဲကြီး ဖြစ်နေရာ နေရာတိုင်းတွင် အကျင့်ပျက်လာဘ်စားမှုတွေ ပွထနေပြီး အဆိုပါအခြေအနေမှ နိုင်ငံရေးသမား၊ ဗျူရိုကရက်၊ ကန်ထရိုက်တာစသဖြင့် အကျိုးစီးပွားတွေ လိမ်ယှက်နေသော လူတန်းစားသစ်တို့ကို ဖန်တီးပေးလိုက်ရာ ရလဒ်အားဖြင့်မူ နာဂဒေသတွင် ရှေးရှေးက တစ်ကြိမ်တစ်ခါမျှပင် မကြုံဘူး၊ မကြားဘူးပါသော လူမှုရေးတစ်ဘက်စောင်းနင်းဖြစ်ရပ်တို့ ထွက်ပေါ်လာခဲ့ပါ၏။ ဇန်နစ်ဓိ၏ စာတွဲကြီးထဲမှ ကျွန်ုပ်ကူးယူထားသော အိန္ဒိယသတင်းစာ သတင်းတစ်ပုဒ်တွင် ယခုလိုဖော်ပြထားသည်ကို တွေ့ရသည်။

"နာဂပညာတတ်လူငယ်တို့သည် လောလောဆယ်ခွင့်ပြုထားသော အခြေအနေအောက်တွင် တရားမျှတမှုလုံးဝမရှိဟု နားလည်ထားကြရာ လူငယ်များအနေနှင့် နယ်စပ်ကို ဖြတ်၍ မြီးဗာဦးဆောင်သော လက်နက်ကိုင်အဖွဲ့ထဲသို့ တဖြည်းဖြည်း ကူးပြောင်းသွားသည်မှာ အံ့သြစရာမရှိပါ"

သို့ပေမဲ့ နာဂဒေသနိုင်ငံရေး ယုတ္တိဗေဒကမူ လှည့်ပတ်လိမ်ကောက်သွားပြီး ထိုမှ အလွန်အမင်း ရှုပ်ထွေးသော အခြေအနေတစ်ရပ်ထွက်ပေါ်လာခဲ့သည်ကို အဆိုပါသတင်းစာက ယခုလိုဆက်ရေးထားသည်။

"ဝမ်းနည်းကြေကွဲစရာကောင်းသည်မှာ နာဂဒေသအထက်လွှာအများစုအနေနှင့်

www.nyisay.com



ကိုယ်ကျိုးစီးပွားအတွက် သူပုန်တို့နှင့် ဆက်ဆံနေကြပြီး အကယ်၍ သူပုန်အဖွဲ့များသာ ခြေကုပ်ပြုတ်သွားလျှင် ဗဟိုအစိုးရမှ ထောက်ပံ့ကြေးငွေမရတော့မှာ ၄င်းတို့က စိုးရိမ်နေကြသည်''

ယခုသော်မူ နာဂဒေသ၏ မျိုးနွယ်စုနှင့် နိုင်ငံရေးအရှုပ်ထုပ်ကြီးထဲ ကျွန်ုပ်တို့သည်လည်း မျှော်လင့်မထားဘဲ ပါဝင်ပတ်သက်နေလေရာ ယခုလို ကျွန်ုပ်တို့ကိုဟီးမားတွင် ကြာရှည်ကြာမော သောင်တင်နေရပါသော အကြောင်းရင်းသည် ဆိုခဲ့သလိုမျိုးနွယ်အချင်းချင်း ယုံကြည်မှုမရှိခြင်းကြောင့်ပဲဟု သံသယဖြစ်လာသည်။ သံသယ၏အကြောင်းကလည်း ရှိသည်။ ကျွန်ုပ်တို့အိမ်ရှင်မိသားစုမှာ ချာခေဆန်မျိုးနွယ်ဖြစ်ပြီး ၄င်းမျိုးနွယ်သည်ကား NSCN နှင့် ဆက်ဆံရေး မချောလို့ပဲဖြစ်သည်။

ဖထန်းပြန်ရောက်လာချိန်၌ ကျွန်ုပ်၏ သံသယမှာ ပို၍ ခိုင်မာလာသည်။ ဖထန်းပြန်လာသည်ဆိုသော်လည်း ကျွန်ုပ်တို့ကိုပင် လာမတွေ့၊ ကျွန်ုပ်ရေးပေးလိုက်သော စာလည်း သူနှင့်အတူ ပြန်ပါလာသည်။ ကျွန်ုပ်တို့ပြန်ကြားရသည်မှာ NSCN အုပ်ချုပ်သည်အထိ ဖထန်းမရောက်၊ လောင်ဗာ၌ပင် သူနှင့်အတူ ပါသွားသူတို့ကို တာဝန်လွှဲပေး၍ ကိုဟီးမားသို့ ပြန်လာခဲ့ပြီး 'တစ်ရက်နှစ်ရက်ပဲ ကြာမယ်'ဟုသာ စကားထားခဲ့ကာ အင်ဖာသို့ ခရီးဆက်သွားသည်။

ထိုအချိန်၌ ကိုဟီးမားတွင် ကျွန်ုပ်တို့ သောင်တင်နေသည်မှာ တစ်လတင်းတင်ပြည့်လေပြီ။ နိစ္စဓူဝအမှုကိစ္စတို့ကို ပြုမြဲပြုနေရပါသော်လည်း ကျွန်ုပ်တို့စိတ်တွေ ယောက်ယက်ခတ်လာသည်။ အိမ်ပြင်သို့ ညကြီးမိုးချုပ် စွန့်စွန့်စားစား တစ်ခေါက် ထွက်ရုံမှလွဲ၍ တကယ်ဆို အခန်းကျဉ်းလေးထဲမှာ ကျွန်ုပ်တို့ အကျဉ်းချခံနေရသည်နှင့် မထူး။ ကျွန်ုပ်၏ကိုယ်အလေးချိန် အတော်လေးကျသွားပြီး အသားအရေက ဖြူရော်ရော်ဖြစ်လာကာ အမြဲမောနေသလို ခံစားနေရသည်။ သည်လိုနှင့် သိပ်မကြာလိုက်၊ ကျွန်ုပ်လျှာနှင့် သွားဖုံးတွေကျိန်းစပ်နာကျင်ပြီး နီရဲလာရာ နေရောင်နှင့် ဗိုက်တာမင်စီချို့တဲ့သဖြင့် စကာဗီရောဂါလက္ခဏာ ဖြစ်ကြောင်း ချက်ချင်းသဘောပေါက်လိုက်ပြီး ရောင်နေသည့်နေရာတွေကို ဂရစ်စလင်းသုတ်လိမ်းလိုက်သည်။ ဘူနိုကလည်း ကျွန်ုပ်အတွက် ဗိုက်တာမင်စီဆေးပြားဝယ်ပေးသဖြင့် သုံးစွဲပြီး မကြာခင် အရှင်းပျောက်သွားသည်။

နိုင်ငံရေးအရ ပြောရရင် ကျွန်ုပ်တို့ ရောက်နေသော အခြေအနေကား တဖြည်းဖြည်းကျပ်လာသည်။ ဇန်နဝါရီက ရုံးမှ သတင်းစာကို အိမ်သို့ အမြဲယူလာရာ ဩဂုတ်လ (၁၀) ရက်ထုတ် သတင်းစာတွင် မဏိပူရအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဆော်လမွန် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသော သတင်းပါလာသည်။ ဆော်လမွန်မှာ ထန်ကူ(လ်)မျိုးနွယ်တစ်ဦးဖြစ်သည့်တိုင် NSCN က သူ့ကို သစ္စာဖောက်ဟု စွဲချက်တင်ထားသည်။

www.nyisay.com



ဩဂုတ် (၁၃) ရက်တွင်မူ (အိန္ဒိယလွတ်လပ်ရေးနေ့ မတိုင်မီ (၂) ရက်အလို) ထန်ကူ(လ်)အနွယ်များ နေထိုင်သော ထောလွိုင်ရွာနားတွင် အိန္ဒိယတပ်ဖွဲ့တစ်ဖွဲ့ကို NSCN အဖွဲ့ဝင်တို့က ချုံခိုတိုက်ခိုက်ရာ အစိုးရတပ်ဖွဲ့ဝင် (၁၄) ယောက်ကျသွားပြီးနောက် နောက်နေ့မှာပင် NNC မှ ထင်ရှားသော အဖွဲ့ဝင်လေးဦးကို သုတ်သင်ရာတွင် ၄င်းတို့နေအိမ်များအတွင်းသို့ NSCN တပ်ဖွဲ့ဝင်တွေ သွေးအေးအေးနှင့် ဝင်သွားပြီး သေနတ်နှင့် ပစ်သတ်ခဲ့ကြသည်။

အရပ်ရပ်အခြေအနေကား တင်းမာလာပြီဖြစ်၍ ကျွန်ုပ်တို့ အိမ်ရှင်လည်း စနိုးစနောင့်ဖြစ်လာသည်။ လာနေကျအတိုင်း ကေဇီဆေးကိုရောက်လာသည့်အခါ ကျွန်ုပ်တို့ကို အိမ်မှာဖွက်ပေးထားရမည်မှာ သူ့ဘက်က အချိန်အတိုင်းအတာတစ်ခုအထိသာ ဖြစ်နိုင်ကြောင်း၊ ကြာလျှင် ပတ်ဝန်းကျင်က ရိပ်စားမိလာနိုင်ကြောင်း အိမ်ရှင်က ထုတ်ပြောသည်။ ကျွန်ုပ်တို့အဖို့ရာလည်း အခန်းအောင်း၍ မိုနိုပိုလီတွေသာ ကစားရင်း အချိန်ဖြုန်းရပါများသဖြင့် စပယ်ရှယ်လစ်တွေဖြစ်နေကြလေပြီ။ သို့ဆိုလျှင် ယခုဘာလုပ်ကြမှာလဲ၊ ဖထန်းအနေနှင့် ကြွတ်ဆတ်ဆတ်နိုင်သော်လည်း ကိုဟီးမားမှ ကျွန်ုပ်တို့ရနိုင်သမျှ မြေအောက်အဆက်တွေအနက် ဖထန်းနှင့် အချိတ်အဆက်က အတော်အတန်ခိုင်သည်ထင်ရသဖြင့် သူ့ကိုတွေ့လို၍ ကျွန်ုပ်တို့ဆီလာဖို့ ဖထန်းရှိရာ အင်ဖာသို့ အကြောင်းကြားလိုက်ရာ၊ အဖြေကား တော်တော်နှင့် ပြန်မလာနိုင်သေးဟူ၏။

သို့ဖြစ်လျှင် ကျွန်ုပ်တို့ဘာသာ လမ်းစကို ရှာရတော့မည်ဖြစ်၍ မြေပုံစာရွက်ခေါက်ကို ကပျာကယာ ဆွဲထုတ်ပြီး နင်းကြမ်းပေါ်ဖြန့်ခင်းကာ လမ်းကြောင်းရှာကြည့်သည်။

"ကျွန်တော်တို့ဘာသာဘဲ သွားမယ်ဗျာ၊ ခင်ဗျားက ဂျစ်ကားနောက်ကလိုက်ခဲ့ပေါ့။

ကြမ်းပေါ်က မြေပုံကို ဒူးထောက်ကြည့်ရင်း ကေဇီဆေးကိုက ဆက်ပြောသည်။

"ဂူရိုက ချက်ပွိုင့်က အရေးမကြီးဘူး။ အဓိကဖြတ်ရမယ့် ပွိုင့်က တီဇစ်ပဲ၊ တီဇစ်မှာ ပွိုင့်နှစ်ပွိုင့်ရှိတယ်။ သူပုန်သူကန်တွေကလည်း ဒီလမ်းကို အသုံးပြုတတ်တာကြောင့် အဲဒီ ပွိုင့်တွေက အခြားပွိုင့်တွေထက်ပိုကျပ်တယ်၊ ကျနော်တို့မွန်းအထိ ရောက်အောင် သွားနိုင်တယ်ဆိုရင် ဟိုဘက်က အေးအေးဆေးဆေးပဲ"

အိန္ဒိယ-မြန်မာနယ်ခြားရောက်ပြီဆိုသည်နှင့် မြန်မာဘက်ခြမ်းကူးပြီး ဦးဆုံးနာဂရွာတစ်ရွာဆီ လမ်းလျှောက်သွားပြီးရောက်မှ NSCN ဌာနချုပ်နှင့် ချိတ်ဆက်ဖို့ကြိုးစားနိုင်သည်။

"ပထမဆုံး လုပ်ရမှာက ဂျစ်ကားတစ်စီးရှာရမယ်၊ ပုံမှန်အားဖြင့်တော့ တီဇစ်မှာ ကားတိုင်းကို ရပ်ခိုင်းပြီး စစ်တယ်။ ဒါပေမဲ့ တရားဝင်အလံလွှင့်ထားရင်တော့ ချွင်းချက်အဖြစ် လွှတ်ပေးတတ်တယ်။ ဒီတော့ ဂျစ်ကားကို ရုပ်ဖျက်ထားပြီးတော့ ခင်ဗျားက VIP တစ်ယောက်အနေနဲ့ ခရီးသွားရမယ်။ ဘယ်လိုလဲ"

www.nyisay.com



ကေဇီဆေးကို စိတ်ကူးပြနေသော အစီအစဉ်ကို နားထောင်နေရင်း မြေပုံကို ခေါက်ပြီး ကျောပိုးအိတ်ထဲထည့်သည်။ သူပြောသလို သိပ်တော့မလွယ်၊ VIP ကားတဲ့၊ ပြောသာ ပြောနေပေမဲ့ ယခုအချိန်မှာ ရိုးရိုးဂျစ်ကားတစ်စီးငှားနိုင်ဖို့ပင် မသေချာ၊ သို့ပေမဲ့ ရွေးချယ်စရာလမ်းမရှိ ကြိုးစားရုံသာရှိတော့သည်။ ဘည်လိုနှင့် အစီအစဉ်အတိုင်း အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေစဉ် တစ်နေ့ မမျှော်လင့်ဘဲ ဖထန်းပေါက်ချလာသည်။ မျက်နှာက မသာမယာ၊ ကျွန်ုပ်တို့ကို တွေ့တော့ အနေရကျပ်နေပုံရသည်။ သို့ပေမဲ့ ကျွန်ုပ်ရေးပေးလိုက်သော စာကို NSCN ဌာနချုပ်ဆီ လက်ရောက်မပို့ဘဲ ပြန်ခေါက်လာသည့်အတွက် သူ့ကို မလိုလားဟန်၊ စိတ်ပျက်ဟန်မပြ။

“ကေအိုင်အေက ဖိတ်ကြားစာနဲ့ ကိုယ်တို့ဒီမှာရောက်နေတာကို မြီဇာသိရင် အားရဝမ်းသာကူညီမှာ သေချာတယ်။ ငြင်းစရာအကြောင်းမရှိဘူး”

ကျွန်ုပ်က ခတ်ပြတ်ပြတ်ပြောလိုက်ရာ ထုံးစံအတိုင်း ဖထန်းက စကားကို ပေကပ်ပြောနေသည်နှင့် ဆိုင်နောင့်မွေးရက်စေ့တော့မည်ဖြစ်၍ သုံးလေးရက်အတွင်း ဤနေရာမှ လုံးဝထွက်ခွာရမည့်အကြောင်း ပိတ်ပြောလိုက်ကာမှ ဖထန်းဘက်က သဘောထားပျော့ပျောင်းသွားပြီး နာဂဒေသအစိုးရနံပါတ်တံဆိပ်ပြားနှင့် သင့်တော်ရာ ဂျစ်ကားတစ်စီးစီး ဝိုင်းရှာပေးမည်ဟု ကတိပေးသည်။ ဒေသအစိုးရဝိုင် ကားနံပါတ်တံဆိပ်နှင့်ဆိုလျှင် ချက်ပွိုင့်တွေမှာ မရပ်ဘဲ ဖြတ်မောင်းနိုင်လိမ့်မည်ဟု မျှော်လင့်ရမည်ဖြစ်ရာ ယခုအစီအစဉ်ကား အလုပ်ဖြစ်မည်ဟု ထင်မှတ်ရပါ၏။

စက်တင်ဘာလ (၁၂) ရက်၊ ကြာသပတေးနေ့နံနက်၊ ကျွန်ုပ်တို့ပစ္စည်းပစ္စယတွေကို ထုပ်ပိုးနေခိုက် ဆိုင်နောင့်က ဘာရယ်မသိ၊ ဂနာမငြိမ်ဖြစ်နေသည်။ တစ်နေ့ မီးဖိုချောင်ထဲရောက်သွားပြီး ရှမ်းပဲပုတ်ချပ် လုပ်နေပြီး မွန်းလွဲတော့ ဗိုက်ထဲက နာလာသည်ဟု ဆိုသည်။ မွေးရက်မစေ့သေးသဖြင့် တခြားအကြောင်းတစ်ခုခုကြောင့် နာတာဟုပင် ထင်ခဲ့သော်လည်း ဗိုက်အနာကမရပ် ညနေအထိ ဆက်တိုက်နာနေပြီး ည (၁၁) နာရီတွင်မူ ဆိုင်နောင့်အတော်ပင် မောနေလေပြီ။ ကျွန်ုပ်လည် ခေါင်းနပန်းတွေကြီးလာသည်။

“လဲနေပြီး ခဏအနားယူလိုက်ပါလား”

“ကလေးမွေးတော့မယ်ပဲ ထင်ပါတယ်”

ဆိုင်နောင့်က ယဲ့ယဲ့ပြုံးရင်းပြောသည်။ ကံကောင်းချင်းတော့ ကျွန်ုပ်တို့နှင့်အတူ ယူသွားဖို့ရည်ရွယ်ပြီး မွေ့ယာခင်းလေးခုမှဖြတ်ထားသော ကလေးအနှီးတွေ အဆင်သင့်ရှိနေသည်။ နှစ်ယောက်လုံး စိတ်လှုပ်ရှားနေသလို စိုးလည်းစိုးရိမ်နေသည်။ ကျွန်ုပ်အနေနှင့် ဆွီဒွင်ဆေးရုံတစ်ရုံ၏ အရေးပေါ်စောင့်ရောက်ရေးဌာနတွင် ဆေးအကူဝန်ထမ်းအဖြစ် အချိန်အတော်ကြာ လုပ်ကိုင်ဖူးသဖြင့် ကျွန်ုပ်ကိုယ်တိုင် ဆိုင်နောင့်ကို မွေးပေးနိုင်သည်ဟု ယူဆသည်။ မီးရေးဖွားရေးနှင့် ပတ်သက်၍ ဒေါက်တာရိုစ်မာရီစတားဂက် ရေးသားသော

www.nyisay.com



The Baby Book ဆိုသည့်စာအုပ်ကို ဘူနိုက ခဏပေးထားသဖြင့် ၄င်းစာအုပ်ကို ဆိုင်နောင့်ရော၊ ကျွန်ုပ်ပါ နှစ်ခေါက်သုံးခေါက်ဖတ်ထားကြရာ ဗိုက်,စနာပါပြီဆိုကတည်းက အနေအထား အမျိုးမျိုးကို ဆန်းစစ်နေရသည်။ အခန်းထဲက စားပွဲငယ်ကလေးကို ဒက်တောနှင့် ဆေးကြောထားပြီး မီးဖွားရာမှာ လိုအပ်မည့် မုတ်ဆိတ်ရိတ်ဓားနှင့် အပ်ချည်ကြိုးတို့ကိုလည်း ပိုးသတ်အသင့်ပြင်ထားပြီး စောင့်နေလိုက်သည်။ နောက်နေ့မနက် (၃) နာရီတွင် ဆိုင်နောင့်ဗိုက်အနာ လုံးဝပျောက်သွားပြီး တစ်အောင့်အိပ်ပျော်သွားရာ ဘေးနားမှာ တစ်ညလုံးထိုင်စောင့်နေရသော ကျွန်ုပ်သည်လည်း နုံးခွေလာသည်။ သို့ပေမဲ့ အိပ်ဖို့ စဉ်းစားလို့ပင်မရ၊ အိမ်ခန်းထဲက လျှပ်စစ်မီးကို ပိတ်ထားပြီး ဖယောင်းတိုင်ကိုသာ တစ်တိုင်ပြီးတစ်တိုင်ထွန်းထားရသည်။

သည်လိုနှင့် မနက်နေပြူလာသည့်အခါ အိမ်ရှင်လင်မယားအိပ်ခန်းအနား အသာသွားပြီး တံခါးကို ခတ်ဖွဖွခေါက်လိုက်ရာ ညအိပ်ဝတ်စုံဖြင့် တံခါးဖွင့်ပြီး အိပ်မှုန်စုံမွှားနှင့် တံခါးကြားမှ ထွက်ကြည့်နေသဖြင့် ကျွန်ုပ်က 'ကလေးမွေးတော့မယ်'ဟု လေလံနှင့်ပြောလိုက်တော့မှ ထထ,ကြွကြွဖြစ်လာသည်။

''ဒါပေမဲ့ ဘာမှမပူပါနဲ့၊ ကျွန်တော် ဖြေရှင်းနိုင်မှာပါ''

''မဟုတ်သေးဘူးလေ၊ အလွယ်တကူမွေးနိုင်ပါ့မလား၊ ဆေးရုံတင်ဖို့လိုလား''

အစိုးရိမ်လွန်နေသော ဇနီးနှစ်ဖို့ကို အားလုံးအဆင်တပြေရှိကြောင်း ပြောပြီး ဆိုင်နောင့်ဆီပြန်လာခဲ့ရာ၊ သူမနိုးနေပြီ၊ အိပ်ယာဘေးမှာဝင်ထိုင်ပြီး လက်ကလေးကို ကိုင်ထားလိုက်တော့ ကျွန်ုပ်ကို ခတ်နွမ်းနွမ်းအပြုံး, ပြုံးပြသည်။ ဤမှာ ဗိုက်ကဆက်တိုက် နာလာရာ ဘယ်လိုမှ သူမတင်းထား၍မရတော့သဖြင့် ဘူနိုကိုလှမ်းခေါ်လိုက်ရပြီး ဆိုင်နောင့်ကို ကျွန်ုပ်တို့နှစ်ယောက် ညှပ်၍ အိမ်နောက်ဘက်အခန်းဆီ တွဲခေါ်လာခဲ့ကြသည်။

''ဒီနေရာက ပိုပြီးလုံခြုံတယ်၊ အနားအပါးက လူတွေ ဘာသံမှမကြားနိုင်ဘူး''

ဘူနိုက စိတ်ချဆိုသည့်လေသံနှင့် ပြောသည်။ မနက် (၈) နာရီတွင်မူ ဇနီးနှစ်ဖို့က ပုံမှန်အတိုင်း အလုပ်သွားသည်၊ မဟုတ်လျှင် ဘေးဘီက သံသယရှိလာနိုင်သည်။ ဘူနိုက ကျွန်ုပ်တို့နှင့်အတူ လာနေပြီး မီးရေးဖွားရေးအတွက် ကူညီသည်။ သို့ပေမဲ့ နေရင့်လာသည်နှင့်အမျှ ဆိုင်နောင့်ဗိုက်က ရှောရှောရှူးရှူး မွေးနိုင်မည်မဟုတ်မှန်း သိသာလာသည်။

''ကျွန်တော်တို့ ဝမ်းဆွဲဆရာမတစ်ယောက် ခေါ်ရတော့မယ်။ အဲဒါမှ ဒုက္ခပါပဲ''

ဘူနိုက ညည်းလျက် သက်မတစ်ချက်ချသည်။ သူမ တူလေးကို ကေဇီဆေးကိုကို အမြန်လာဖို့ အခေါ်လွှတ်သည်။ မကြာပါချေ၊ ပျာယီးပျာယာနှင့် ကေဇီဆေးကို ပေါက်ချလာပြီး သူတို့ဘာသာစကားဖြင့် နှစ်ယောက်သား တအောင့်တဖြုတ် ပြောကြဆိုကြပြီး ဝမ်းဆွဲဆရာမခေါ်ဖို့ ကေဇီဆေးကိုက သုတ်ခနဲပြန်ထွက်သွားရာ၊ ချာခေဆန်အန္တယ် ဝမ်းဆွဲမှလွဲ၍ တခြားမဖြစ်နိုင်ကြောင်း ကျွန်ုပ်မှန်းဆနိုင်ပါ၏။

www.nyisay.com



နာရီဝက်မရှိ, တရှိလောက်တွင် ကေဇီဆေးကိုနှင့် အရွယ်တော် နာဂအမျိုးသမီး တစ်ယောက် ရောက်လာသည်ကို ပြတင်းပေါက်မှ လှမ်းမြင်လိုက်ရသဖြင့်. ဘူနိုက ချက်ချင်းသိလိုက်သည်။

''အဲ့ဒါ ဝမ်းဆွဲဆရာမပဲ၊ ရှင့်အနေနဲ့ ဒီမှာလုပ်စရာဘာမှမရှိတော့ဘူး။ ဒီတော့ အိမ်သာထဲသာ သွားပုန်းပေတော့''

ကျွန်ုပ်လည်း အခန်းအတွင်းက အိမ်သာထဲအပြေးအလွှားဝင်ကာ အတွင်းက ဂျက်ထိုးပြီး သစ်သားအိမ်သာ ခုံပုလေးပေါ်မှာ စိတ်ဖျက်လက်ဖျက်နှင့် ထိုင်နေလိုက်တော့သည်။ ကျွန်ုပ်၏ သမီးဦးလေးကို ဖွားမြင်နေပါသော်လည်း အဖေးအကူမပေးနိုင်။ ယခု ကျွန်ုပ်ဘဝကမူ နှစ်မီတာ ပတ်လည်မျှသာရှိသော အခန်းထဲတွင် ပိတ်လှောင်နေရပြီး ရေချိုးခန်းဘုံပိုင်ခေါင်းမှ ရေစက်များက အောက်ခံပုံးထဲ တပေါက်ပေါက် ကျနေသဖြင့် သံမံသလင်း အခင်းကလည်း စိုထိုင်းထိုင်းဖြစ်နေသည်။ သို့ပေမဲ့ ဝမ်းဆွဲဆရာမကို ဘူနိုက နှုတ်ဆက်ကြိုဆိုသံ၊ ဆိုင်နောင့်သည် သျှီလောင်တွင်နေထိုင်သော ခါဆီအန္တယ်တစ်ဦးဖြစ်ကြောင်း ရှင်းပြနေသံတို့ကိုကား ကြားနေရသည်။ ဘူနိုက ချာခေဆန်ဘာသာစကားဖြင့် ပြောနေသော်လည်း ကျွန်ုပ်က မှန်းဆ၍ နားလည်ခြင်းသာဖြစ်သည်။ သို့ပေမဲ့ ဆိုင်နောင့်ဘက်က အလိုက်သင့် ပြန်ပြောရသည်တွင် နာဂဘာသာစကားတစ်မျိုးမျိုး (သို့) ဟိန္ဒီစကားနှင့်မဟုတ်ဘဲ အင်္ဂလိပ်လိုပြောရသဖြင့် ဝမ်းဆွဲဆရာမဘက်က သံသယရှိကောင်း ရှိနိုင်ပါသော်လည်း စိတ်အနှောင့်အယှက်ဖြစ်စရာ တောင်မေးမြောက်မေးတစ်ခုမျှ မမေးဘဲ သူမအလုပ်ကိုသာ ပိုင်ပိုင်နိုင်နိုင် လုပ်နေသည်။ ဤအချိန်တွင် ကျွန်ုပ်ကလည်း အခန်းကျဉ်းလေးထဲ ဟိုဘက်သည်ဘက် တစ်လှမ်းနှစ်လှမ်းသာ လှမ်းနိုင်ပါသော်လည်း ဆိုင်နောင့်၏ အော်သံ၊ ညည်းသံတွေ ကြားနေရသည့်ကြားက ကျွန်ုပ်၏ ပရိဒေသောကတွေ ပျောက်လိုပျောက်ငြား ဖခင်လောင်းတို့ ထုံးစံအတိုင်း ခေါက်တုံ့၊ ခေါက်လှည့် လျှောက်နေမိပါ၏။ ထိုစဉ် ယူနီဖောင်းဝတ်ပုလိပ်နှစ်ယောက် ပန်းခြံထဲသို့ ခြေလှမ်းကျဲကျဲနှင့် ဝင်လာနေသည်ကို ရေချိုးခန်းပြုတင်းပေါက် သေးသေးလေးမှ တွေ့လိုက်ရသဖြင့် လူတစ်ကိုယ်လုံးတောင့်၍ ကြက်သေ သေသွားသည်။

''သွားပြီ... ငါးပါးကြီးတော့ မှောက်ပါပြီ''

သံမံသလင်းအခင်းပေါ် ဆတ်ခနဲထိုင်ချလိုက်ပြီး မေးလားစမ်းလာတွေ လုပ်ရင်ဘယ်လိုဖြေရပါ့၊ အဖြေမတတ်ရင် တစ်ခါတည်းဖမ်းသွားနိုင်သည်။ တောင်စဉ်းစား၊ မြောက်စဉ်းစားနှင့် စိတ်ထဲမှာလည်း ဗလောင်ဆူပွက်နေသည်။ ထို့နောက် အပေါက်ငယ်လေးမှ တစ်ခါကြည့်လိုက်မိပြန်ရာ စောစောက ပုလိပ်နှစ်ယောက် ချက်ချင်းပြန်ထွက်သွားသည်ကို တွေ့ရပြန်၍ ကျွန်ုပ်ကား ပါးစပ်အဟောင်းသားဖြင့် မင်တက်ရပြန်ပါ၏။

ဖြစ်ရပ်တွေက မမျှော်လင့်ဘဲ ဗြုန်းစားကြီးပြောင်းသွားသဖြင့် ခေါင်းရှုပ်သွားသော်

www.nyisay.com



လည်း နောင်မှ သိရသည်မှာ ပုလိပ်နှစ်ယောက်မှာ ဇနီးနှစ်ဦးနှင့် တွေ့ဖို့လာသော မိတ်ဆွေများဖြစ်ပြီး အိမ်တွင် မရှိသဖြင့် သူ့ရုံးသို့ လိုက်သွားကြခြင်းဖြစ်သည်။ မနက် ၁၁ နာရီ ၅၅ မိနစ်တွင် စူးစူးဝါးဝါးအော်သံတစ်ချက်ကြားလိုက်သည်။ သမီးဦးလေးမွေးလေပြီ၊ တစ်အောင့်အကြာ တံခါးကို ဖွဖွပုတ်သံကြောင့် လန့်ဖျပ်သွားပြီး တံခါးကို ဖြည်းဖြည်းလေးဖွင့်လိုက်ရာ ဇနီးနှစ်ဦး၏ တူမ တံခါးရှေ့မှာ ပြုံးပြုံးကြီး ရပ်နေတာတွေ့လိုက်ရသည်။

''ဂုဏ်ယူပါတယ်။ မိန်းကလေးမွေးတယ်။ ဝဝတုတ်တုတ်ကြီးပဲ၊ အသားလည်းအရမ်းဖြူတယ်''

နှစ်ကိုယ်ကြား ပြောနေသော သူ့ကို တုန်တုန်ယင်ယင်နှင့် ပြန်ပြုံးပြလိုက်ရသည်။ ယခုတော့ဖြင့် အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပြီး မိခင်ရော၊ ကလေးပါ ကျန်းကျန်းမာမာရှိကြသည်။ ဖခင်တစ်ယောက်ဖြစ်လာပြီဖြစ်၍ ဂုဏ်ယူစွာနှင့် မိန်းမနှင့် ကလေးကို ချက်ချင်းမြင်တွေ့လိုက်ချင်ပါသော်လည်း ဝမ်းဆွဲဆရာမက မပြန်သေး၊ ဟိုလုပ်၊ သည်လုပ်လုပ်နေသေးသဖြင့် ရေချိုးခန်းထဲမှာပင် ဝင်နေရပြီး နေအတော်ညှို့ခါမှ တံခါးကို ဘူနီလာခေါက်သည်။

''ထွက်လာလို့ရပြီလေ၊ ဆရာမသွားပြီ''

သည်တော့မှ ကျွန်ုပ်လည်း အပြင်ထွက်လာပြီး ဘူနီနောက်ကလိုက်လာရာ မီးဖိုချောင်ထဲတွင် ဆိုင်နောင့်ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဆိုင်နောင့်ကား နွမ်းဖတ်ပြီး



၁၉၈၅ ခုနှစ်၊ စက်တင်ဘာ၊ ကိုဟီးမားမှ ဇနီးနှစ်ဖို နေအိမ်တွင်
ဘာတီး(လ်)လင့်တနာ ပုန်းခိုနေရစဉ်

www.nyisay.com



ဖြူဖြတ်ဖြူရော် ရှိနေသည့်တိုင် အပြုံးက ရွှမ်းလဲ့နေပြီး အခန်းဘက်ကို မေးဆတ်ပြသဖြင့် တံခါးနားသို့ ချွတ်နင်းသွားပြီး ကြည့်လိုက်သည်တွင် အပြာရောင်အနီးနှင့် ထုပ်ပိုးထားပြီး ငြိမ်သက်စွာ အိပ်မောကျနေပါသော နီတာရဲလေး၊ ကျွန်ုပ်ရင်ထဲဝမ်းသာလိုက်သည့် ဖြစ်ခြင်း၊ တော်တော် ဒုက္ခပေးတဲ့ သမီးလေး၊ ဘာလဲ၊ အချိန်ကောင်းကို စောင့်ပြီး ငါတို့ဆီ ရောက်လာတာမဟုတ်လား။ အမေတူအချောနှင့် ကျွန်ုပ်လိုအသားအရည်မျိုးနှင့်မို့ ဝမ်းဆွဲဆရာမသည်ပင် အံ့အားသင့်သွားသည်ဟု ဆိုသည်။

"ကျွန်မ ယောကျ်ားက အင်္ဂလိပ်-ကုလားကပြား၊ သျှိလောင်က ခရီးသွားလုပ်ငန်းဌာနမှာ အလုပ်လုပ်တယ်လို့ ပြောလိုက်တာပေါ့"

သည်ထက်တောင်ပိုပြီး လိမ်ရဦးမယ်ဟု ပြောင်ချော်ချော်နှင့် ကျွန်ုပ်တွေးလိုက်သေးသည်။

"ဓာတ်ပုံရိုက်ကြရအောင်"

ကျွန်ုပ်က ပြောပြီး အခန်းထဲဝင်ပြီး ကင်မရာယူသည်၊ ဆိုင်နောင့်က သမီးလေးဘေးတွင် ဒူးထောက်ထိုင်သည်။

"အို့... အို့... နည်းတဲ့ဟာကြီးမဟုတ်ပါလား၊ ဒါကြောင့်လည်း မွေးရခက်နေတာကိုး"

"ဟုတ်တယ်၊ ဝမ်းဆွဲဆရာမကတော့ ၃.၅ ကီလိုဂရမ်ရှိမယ်လို့ မှန်းသွားတယ်လေ"

၁၉၈၅ ခုနှစ် စက်တင်ဘာ (၁၃) ရက် ကျွန်ုပ်တို့ သမီးလေးမွေးဖွားပြီးနောက်။

www.nyisay.com



သမီးလေးကို ဆိုင်နောင့်က တယုတယ ကုန်းနမ်းနေခိုက် ကျွန်ုပ်က ဓာတ်ပုံသုံးလေးပုံရိုက်လိုက်ပြီးနောက် ကေဗီဆေးကို ရောက်ချလာပြီး ခြေထောက် (၂) ချောင်းက ကိုင်လာသော ကြက် (၁) တစ်ကောင်ကို မြှောက်ပြရင်း ပြုံးပြုံးကြီးနှင့် ပြောသည်။

"ကလေးမွေးပြီးတဲ့ မိခင်ကို အားပြည့်ဖြည့်ပေးဖို့အတွက် ကြက်သားစွတ်ပြုပ်နဲ့ ပထမဆုံး ကျွေးရတယ်။ ဒါဟာ နာဂတွေရဲ့ ဓလေ့တစ်ခုပဲ"

ကေဗီဆေးကိုက ကြက်ကို ဘူနီကိုပေးလိုက်ပြီး ချက်ပြုတ်ပြီးစီးသွားသည့်အခါ ကျွန်ုပ်တို့ စားကြသောက်ကြသည်။ ထမင်းပွဲသိမ်း၍ ညနေ (၅) နာရီတွင် ဇန်နစ်ဖို ရုံးမှ ပြန်ရောက်လာပြီး ကျွန်ုပ်တို့ကို ဂုဏ်ယူကြောင်း ပြောသည်။ ပြီးနောက် သူနှင့် ကေဗီဆေးကိုတို့ မီးဖိုချောင်ထဲတွင် ထိုင်၍ ဆွေးနွေးနေရာ သူတို့ဘာသာစကားဖြင့် ပြောဆိုနေကြသဖြင့် ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ဘာမှ နားမလည်။ ပြီးခါမှ ကေဗီဆေးကိုက ကျွန်ုပ်တို့ဘက် လှည့်သည်။

"ကလေးနဲ့ဆိုရင်တော့ ဒီနေရာမှာ ဘယ်လိုမှ နေလို့မရတော့ဘူး။ ဒီတော့ ဆိုင်နောင့်နဲ့ ကလေးကို စိတ်ချရတဲ့နေရာမှာ ရွှေထားမယ်။ ဘာတီးလ်က ဒီမှာ တစ်ရက်နှစ်ရက် နေဦး။ နောက်ထပ်တစ်နေရာတွေ့မှ လာခေါ်မယ်"

ဆိုင်နောင့်နှင့်ကျွန်ုပ် တစ်ယောက်ကိုတစ်ယောက် ပြူးပြူးပြာပြာ ကြည့်လိုက်ကြသည်။ သည်လိုအခါကျမှ ခွဲရမည်ဆိုတော့ ဘယ်လောက် နာကျင်ကြေကွဲစရာကောင်းလိုက်ပါသလဲ။ သို့ပေမဲ့ ရေရှည်အကျိုးအတွက် ကြမ်းရှလွန်းပါသော ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ လိုက်နာခဲ့ရပါ၏။

○

www.nyisay.com

# ပုန်းခိုခြင်း

သောကြာနေ့၊ နေ့အလင်းပျောက်၍ လူလုံးမကွဲတော့မှ ဆိုင်နောင့်နှင့် သမီးလေးတို့ ခြံအပြင်ဘက်ထွက်ခွာသွားသည်။ သို့မဟုတ်လျှင် ဘေးဘီအိမ်နီးချင်းတွေ ရိပ်မိနိုင်သည်။ ကျွန်ုပ်က ဇနီးဖို့ အိမ်မှာပင် နောက်ထပ်လေးရက်ဆက်နေခဲ့ရသည်။ ဆိုင်နောင့်ကို ကျွန်ုပ်နောက်ဆုံးမြင်လိုက်ရသည်မှာ ကလေးကို ရှောစောင်နှင့် ထုပ်ပိုက်၊ ကွယ်ဝှက်လျက် ကေဗီဆေးကို ယူလာသော ဂျစ်ကားပေါ်တက်သွားသော မြင်ကွင်းဖြစ်လေရာ ကျွန်ုပ် တစ်ယောက်တည်းနေရသည့် အချိန်ကာလများတွင် ဤမြင်ကွင်းကား မျက်စိထဲက မထွက်။

ထိုနည်းလည်းကောင်း လေးရက်မြောက်နေ့ညတွင် ကျွန်ုပ်လည်း ဂျစ်ကားတစ်စီးဖြင့် ထွက်လာပြီး ကိုဟီးမားကို ဖြတ်လျက် မြို့စွန်တစ်နေရာဆီလိုက်ပါလာခဲ့ပြီးနောက် တစ်နေရာတွင် ကားပေါ်မှ ဆင်း၍ ဗွက်ထနေသောလမ်းအတိုင်း ကေဗီဆေးကိုနောက်က လျှောက်လာခဲ့ရာ ကျွန်ုပ်အရပ်အမောင်းနှင့် ပုံပန်းသဏ္ဌာန်ကို ကွယ်သည့်အနေနှင့် အင်္ကျီကော်လာကိုထောင်ပြီး ခါးကိုကိုင်းလာခဲ့ရသည်တွင် နောက်ဆုံး တောင်စောင်းဘေးမှ ကွန်ကရစ်အိမ်လေးတစ်အိမ်ဆီရောက်လာခဲ့ကြသည်။ ကျွန်ုပ်၏ အိမ်ရှင်သစ် အမည်မှာ ဆာကူလန်းဘာ ဖြစ်ကြောင်းပြောပြထားပြီး အော်ဝ်အမျိုးနွယ်ဝင်ဖြစ်၍ နိုင်ငံရေးတွင် တက်ကြွလှုပ်ရှားသော ကျောင်းသားတစ်ယောက်ဖြစ်သော်လည်း စိတ်ချယုံကြည်ရသည်ဟု ဆိုသည်။ ကျွန်ုပ်တို့အလာကို မျှော်နေသော အိမ်ရှင်က ကျွန်ုပ်တို့ကို တွေ့လျင် ပြုံး၍ သွက်သွက်ချာချာနှင့် တံခါးဖွင့်ပေးသည်။

“ဒီနေရာကို နိုင်ငံခြားသားဂျာနယ်လစ်တစ်ယောက် ရောက်လာတာ တကယ်ကို မယုံနိုင်စရာဘဲ၊ ဒီလိုအခွင့်အရေးကို ကျွန်တော်တို့ စောင့်နေတာ နှစ်ပေါင်းအတော်ကြာပြီ”

www.nyisay.com



ဆာကူလန်းဘာအနေနှင့် ကျွန်ုပ်၏ အလုပ်အကိုင်အကြောင်းကို ကောင်းစွာသိထားသလို ဤဒေသသို့ တရားမဝင်ရောက်လာရသည်ဖြစ်၍ ကျွန်ုပ်ကို လုံခြုံမှုပေးဖို့လိုကြောင်းလည်း ကောင်းစွာသဘောပေါက်ထားသည်။ သို့ရာတွင် ကျွန်ုပ်၏ ခရီးစဉ်မှာ အိန္ဒိယအရှေ့မြောက်ဖြစ်ကြောင်းနှင့် ရည်ရွယ်ချက်တို့ကိုမူ သူ့ကို အသိပေးမထားသဖြင့် ကျွန်ုပ်ရောက်လာသည်ကိုပင် အရမ်းပျော်နေပုံရပြီး ရောက်မဆိုက်မှာပင် မြို့ပေါ်က မည်သူမည်ဝါတွေနှင့် အင်တာဗျူးချင်ပါသလဲဟု မေးနေရာ၊ ကျွန်ုပ်က လောလောဆယ်ပုန်းအောင်းနေချင်သေး၍ ပြီးမှသာ သေသေချာချာစီစဉ်ထားကြောင်း စကားလှအောင် ကြည့်ပြောရသည်။

ကေဗီဆေးကို ပြန်သွားသည့်အခါ ကျွန်ုပ်နေရမည့် အခန်းကို သူက လိုက်ပြရာ အခန်းမှာ အလျား (၂) မီတာ၊ အနံတစ်မီတာဝက်မျှကျယ်သော အခန်းကျဉ်းလေးဖြစ်ပြီး သစ်သားခုတင်တစ်လုံးက အခန်းဧရိယာတစ်ဝက်ကျော်ကျော်ကို နေရာယူထားသည်။ ခုတင်ဘေးမှ သစ်သားခုံပုလေးပေါ် ကင်မရာနှင့် ပစ္စည်းပစ္စယတို့ကို ဖြန့်ချထားလိုက်သည်။ မှန်ဘီလူးအထဲ မှိုတွေတက်လာမှာ ယခုအထိ စိုးရိမ်နေသေးသည်။ ပြီးနောက် ကျွန်ုပ်၏ စစ်တပ်သုံးခရီးဆောင်အိတ်မှာ သံသယရှိနိုင်သဖြင့် ခုတင်အောက်ဝှက်ထားလိုက်သည်။ အခန်းထဲတွင် ပြူတင်းတစ်ပေါက်သာရှိပြီး တံခါးရွက်မှ မှန်ချပ်တစ်ချပ်ပြုတ်နေသဖြင့် အပေါက်မှ လေတိုးပြီး လိုက်ကာမှာ တဖျပ်ဖျပ်လှုပ်နေရာ ကျွန်ုပ်၏ လုံခြုံရေးအတွက် မှန်ပြူတင်းပေါက်ကို စက္ကူထူထူတစ်ချပ်နှင့် ထပ်အုပ်ထားလိုက်ရသည်။

ဆာကူလန်းဘာနှင့် ဇနီးနာရိလာတို့တွင် သားယောကျ်ားလေးနှစ်ယောက်ရှိပြီး ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ခိုးဝင်လာ၍ အိမ်ဖော်အဖြစ်အလုပ်လုပ်နေသော ကောင်မလေးတစ်ယောက်လည်း နေသည်။ ယခုအခါ ကျွန်ုပ်အနေဖြင့် နာဂတို့၏ သစ္စာစောင့်သိမှုကို ယုံကြည်ပါသော်လည်း ဘင်္ဂလားဒေ့ရှ်မှ ကောင်မလေး ဟာဆီနာကိုကား စိတ်ချ၍မရ။ ဤအနီးအနားတစ်ဝိုက် အိမ်များတွင်လည်း ဟာဆီနာတို့လို ခိုးဝင်ဘင်္ဂလားဒေ့ရှ် အမျိုးသမီးတွေအများကြီး အိမ်စေလုပ်နေသဖြင့် သူတို့အချင်းချင်းတွေ့ကြလျှင် ကျွန်ုပ်အကြောင်းပါးစပ်ဆော့ကြလိမ့်မည်ဟု ထင်စရာရှိရာ ဆာကူလန်းဘာကကျွန်ုပ်ကို မစိုးရိမ်ဖို့ ပြောသည်။

"ဒီနေရာက လုံခြုံပါတယ်။ ဘယ်သူမှ လာမှာမဟုတ်ပါဘူး"

သို့ပေမဲ့ နောက်တစ်နေ့မှာပင် ခက်ချေပြီဟု သိလိုက်ရသည်။ နေ့ဘက်တွင် အိမ်ရှင်လင်မယားက တစ်နေကုန်အလုပ်ဆင်းနေပြီး အိမ်တွင် ကလေးနှစ်ယောက်နှင့် ဟာဆီနာတို့သာ ကျန်နေခဲ့ရာ တစ်နေလုံး ဧည့်သည်တွေမစဲ၊ တစ်ယောက်ပြီးတစ်ယောက် ဝင်ထွက်နေလေသည်။ ကျွန်ုပ်၏ အခန်းလေးမှာကလည်း အသံလုံသည်မဟုတ်၍ လွတ်လွတ် လပ်လပ်ပင် မလှုပ်ရှားရဲ၊ ငြိမ်ကုပ်နေလာခဲ့ရာ နောက်ဆုံးပြဿနာကား အခန်းကလည်း စိုစိုထိုင်းထိုင်း၊ လေဝင်လေထွက်ကလည်း မကောင်းသဖြင့် တဟွတ်ဟွတ်နှင့်

www.nyisay.com



နင်းကန်ချောင်းဆိုးလာရာ အပြင်ဘက်ချောင်းသံ မထွက်အောင် မျက်နှာကို ခေါင်းအုံးနှင့် ဖိ၍ ဆိုးနေရပါ၏။

ပြုတင်းပေါက်မှာ အမြဲကာထားသဖြင့် အပြင်မှ ဧည့်သည်တွေကို တံခါးနှင့် ကြမ်းကြားမှ ဟနေသော နေရာမှတစ်ဆင့် မြင်နိုင်သည်။ မြင်ရသည့်အကြောင်းရင်းကလည်း သည်လို၊ အကယ်၍ အပြင်မှတစ်ယောက်ယောက်က ပြတင်းပေါက်တွင် ကာထားသော စောင်ကို ဖယ်ပြီး မှန်ချပ်လပ်နေသော အပေါက်မှ အခန်းထဲခေါင်းထိုးပြီး စပ်စုမည်ဆိုလျှင် (ကျွန်ုပ်ထင်သလို တကယ်လည်း ဖြစ်ခဲ့ပါသည်) ကျွန်ုပ်ကို ဘွားဘွားကြီးတွေ့သွားမည်ဖြစ်သဖြင့် ခုတင်အောက်တွင် လဲအိပ်နေရပြီး ဆိုခဲ့သလို အဟ, ကြားလေးမှ ကမ္ဘာလောကကြီးကို တွေ့နေရခြင်းဖြစ်ပါ၏။

ဆိုခဲ့သလို ခုတင်အောက်လဲလျောင်း၍ ပုန်းနေလာခဲ့ရာမှ အပြင်ဘက်မှ အသံဗလံတွေ၊ အရိပ်တွေ။ အချက်ပေးသံတွေနှင့်လည်း ရင်းနှီးလာသည်။ အိမ်သို့ မကြာမကြာ ရောက်လာတတ်သော ဧည့်သည်တို့၏ မျက်နှာကို လုံးဝ တွေ့ဖူး မြင်ဖူးသည်မဟုတ်ပါသော်လည်း သူတို့စကားသံတို့ကိုသာမက၊ ခြေလျှောက်သံတို့ကိုပင် ကျက်မိနေသဖြင့် ဘယ်သူဘယ်ဝါမှန်း သိနေရာ ကျွန်ုပ်၏ သူလျှိုအပေါက်လေးမှတစ်ဆင့် ခြေထောက်နှင့် အသံများနှင့်သာ ဖွဲ့စည်းထားသော ကမ္ဘာလောကကို အမြင်သစ်နှင့် တွေ့နေရပါ၏။

သို့ပေမဲ့ ဆိုခဲ့သလို အကောင်အထည်မဲ့ စိတ္တဇအခင်းအကျင်းတစ်ခုကို အချိန်တွေ မြန်မြန်ကုန်စေဖို့အတွက် ဂိမ်းတစ်ခုအဖြစ် ကျွန်ုပ်က ပြောင်းယူလိုက်သည်။ ဆိုပါစို့၊ ရောက်လာသော ဧည့်သည်တစ်ယောက်၏ ခြေထောက်တွေကို မကြည့်ဘဲ အသံကိုသာ နားထောင်ပြီး အသံပိုင်ရှင်၏ ခြေထောက်ကို ကျွန်ုပ်က စိတ်ကူးနှင့် မှန်းဆပြီး ပုံဖော်ကြည့်သော ကစားနည်းဖြစ်သည်။ ဟိုဘက်အိမ်က အလွန်စကားများသော မိန်းမကြီး ခြေထောက်ဆိုလျှင် သေးသေးကပ်ကပ်၊ စုပ်ဖတ်ဖတ် သားရေ ခြေညှပ်ဖိနပ်စီးထားသည်။ နောက်ထပ်လာတတ်သူမှာ ဘင်္ဂလားဒေ့ရှ်မှ အိမ်စေမလေး၊ ဒေသသုံး နာဂစကားကို အိန္ဒိယအသံနှင့် ပြတ်တောင်းပြတ်တောင်း ပြောတတ်သည်။ ခြေသည်းလေးတွေကို အရောင်ဆိုးဆေး ဆိုးထားပြီး ညစ်ထပ်ထပ်ရာဘာခြေညှပ်ဖိနပ်ဝတ်ထားရာ အကယ်၍များ ကိုဟီးမားသို့ နောက်တစ်ကြိမ်ရောက်လာခဲ့မည်ဆိုပါလျှင် ခြေထောက်တွေကို မြင်တွေ့ရသည်နှင့် သူတို့ကို ကျွန်ုပ်မှတ်မိမှာ သေချာပါသည်။

ကျွန်ုပ်အဖို့ စိတ်ရောကိုယ်ပါ လွတ်လွတ်ကျွတ်ကျွတ် နေနိုင်သည့် အချိန်မှာ သဲကြီးမဲကြီး မိုးရွာနေချိန်ဖြစ်ရာ ထိုအချိန်တွင် မည်သူမျှမလာကြသဖြင့် ခုတင်ထက် ကျကျနန တက်အိပ်နိုင်သလို မတော်တဆအသံထွက်မှာလည်း မပူပင်ရ၊ ချောင်းကိုလည်း လွတ်လွတ်လပ်လပ် ဆိုး၍ရသည်။ သို့ပေမဲ့ မိုးမင်းကလည်း ခဏခဏ မရွာပါသဖြင့် မနေချင်သော်လည်း ခုတင်အောက်၌သာ အများဆုံးအချိန်ကုန်ခဲ့လေရာ၊

www.nyisay.com



ကျွန်ုပ်ကိုယ် ကျွန်ုပ် သက်သာရာသက်သာကြောင်းအနေနှင့် အိပ်ဆောင်အိပ်ရာလိပ်နှင့် နာဂရှောစောင်နှစ်စောင်ကို ကြမ်းပေါ်တွင်ခင်း၍ ကျောဆန့်နေရပါ၏။

ကျွန်ုပ်ခေါင်းရင်းတစ်ဘက်တွင် စာအုပ်ပုံတစ်ပုံရှိပြီး တခြားတစ်ဘက်တွင်မူ ဆေးလိပ်ပြာခွက်၊ ဖယောင်းတိုင်နှင့် စာရွက်နှင့် စာရေးကိရိယာအချို့ရှိရာ အေကျေစတီးဝပ်၏ Manual of Colloquial Burmese စာအုပ်ကို အကြိမ်ကြိမ် အခါခါဖတ်ပြီး မြန်မာစာအက္ခရာတို့ကို စာရွက်လေးတွေပေါ်မှာ အကြိမ်ကြိမ်ရေး၍ လေ့ကျင့်လာခဲ့ရာ နောက်ဆုံးတွင်မူ အသံထွက်တို့ကို တိတိကျကျ မထွက်နိုင်ပါသော်လည်း စာလုံးလေးတွေကိုတော့ ဖြင့် ကောင်းစွာဖတ်နိုင်ခဲ့ပါ၏။

လူရှင်းချိန်လောက်ဆိုလျှင် တံခါးကို ပုတ်၍ လက်ဖက်ရည်လာပို့တတ်ရာ ကြွေရည်သုတ်မတ်ခွက်ကြီးထဲတွင် အငွေ့တထောင်းထောင်းနှင့် မွှေးချိုနေသော လက်ဖက်ရည်တစ်ခွက်မှာ နေဝင်မိုးချုပ်တစ်ဦးတည်းလှောင်ပိတ်ခံနေရပါသော ကျွန်ုပ်အတွက် ရတောင့်ရခဲအခွင့်အရေးကြီးတစ်ခုလည်းဖြစ်သည်။

နေ့ရက်တို့ ကုန်ဆုံးသွားသည်နှင့်အမျှ အထီးတည်းလှောင်ပိတ်ခံနေရသောအဖြစ်ကပို၍ ပို၍ နာကျင်ခံခက်လာသည်။ အထူးသဖြင့် ဆိုင်နောင့်၊ သမီးလေးနှင့် ကျွန်ုပ်ကိုယ်တိုင် မထင်မှတ်ဘဲ လှောင်ပိတ်ခံနေရပါသော အခြေအနေကို စဉ်းစားမိတိုင်း ရင်တွေ ခေါင်းတွေ ပူလောင်လာသည်။ ဤနေရာ ဤဒေသမှာ ဆိုင်နောင့်တို့သားအမိနှစ်ယောက် ဘယ်ရောက်လို့ ဘယ်လိုနေကြသည်ကို ကျွန်ုပ်အနေနှင့် စဉ်းစားလို့ပင်မရ။ သို့ဖြစ်တစ်နေ့၊ ကေဗီဆေးကိုနှင့်အတူ ဖထန်းပါ ရောက်လာသဖြင့် ဧည့်ခန်းထဲက ပြူတင်းပေါက်အားလုံးလိုက်ကာတွေချပြီး ကျွန်ုပ်တို့ စကားပြောကြရာ၊ ဖထန်းကြည့်ရသည်မှာ ဒိတ်ရှုပ်ထွေးနေသလို စကားကို ပြတ်တောင်းပြတ်တောင်းနှင့် ပြောသည်။

"အခုအားလုံး စီစဉ်ပြီးသွားပြီ၊ တစ်ရက်နှစ်ရက်အတွင်းမှာ ခင်ဗျားကို လောင်ဗာကို ခေါ်သွားမယ်"

"ကျုပ်မိန်းမနဲ့ ကလေးကရော ဘယ်လိုလုပ်မှာလဲ"

"သူတို့နောက်ကလိုက်လာမှာပါ၊ အခုတော့ အဲဒီမှာနေတာပဲ ကောင်းပါတယ်။ ခရီးသွားဖို့ ကလေးကလည်း အရမ်းနုနယ်သေးတယ်။ ပြီးတော့ ခင်ဗျားဇနီးကလည်း မီးတွင်းထဲက မထွက်သေးဘူး။ စိတ်မပူပါနဲ့၊ အားလုံးကို ကျနော်ဂရုတစိုက်လုပ်ပါ့မယ်"

သူတို့စီစဉ်တာလက်တွေ့ကျသည်ဟု ထင်သည်။ အကျွန်ုပ်အနေနှင့် သည်ပုံစံအတိုင်းသာ ဆက်နေလျှင် ရူးလျှင်ရူး၊ မရူးလျှင် ပုလိပ်တွေ ဖမ်းမိသွားနိုင်သည်။ နှစ်မျိုးလုံးလည်း ဖြစ်နိုင်သည်။ နယ်စပ်ကို ကျွန်ုပ်ဖြတ်ပြီးသည်နှင့် ဆိုင်နောင့်တို့သားအမိကို သူတို့က အေးအေးဆေးဆေး ခေါ်ထုတ်လာနိုင်သည်ဆို၍ ကျွန်ုပ် စိတ်ပြန်တက်လာပြီး ဆွေးနွေးပွဲပြီးသည့်အခါ အခြေအနေတစ်ခုလုံးကို အကောင်းဘက်မှပင် ကြည့်နိုင်

www.nyisay.com




မြေပုံ (၂) နာဂဒေသမှတစ်ဆင့် အိန္ဒိယနယ်မြေ

www.nyisay.com




ဖြတ်ချ် ဟူးကောင်းချိုင့်ဝှမ်းသို့ လမ်းကြောင်း

www.nyisay.com



လာရာ မာမာထန်ထန် ပြောတတ်သလို ကျွန်ုပ်တို့နှင့် လက်တွဲအလုပ် လုပ်ရမှာ တွန့်ဆုတ်နေတတ်သော ဖထန်းကိုပင် ခွင့်လွှတ်လိုက်သည်။ သူ့ကို အကောင်းဘက်က နားလည်ပေးခဲ့သည်။ သို့ပေမဲ့ ထိုမှရက်အနည်းငယ်ကြာသည့်အခါတွင်မူ ကိုဟီးမာမှ ဖထန်းပျောက်သွားသည်။ ဘယ်နေရာသွားသည်ကိုလည်း ဘယ်သူမှမသိ၊ ထိုအချိန်မှစ၍ သူ့ကို မတွေ့ရတော့။

စက်တင်ဘာ (၂၃) ရက်၊ အခန်းကျဉ်းခုတင်အောက်တွင် အလျားမှောက်လျက် ကျွန်ုပ်၏ ဒိုင်ယာရီတွင် ယခုလို ရေးသွင်းလိုက်သည်။

''ယနေ့ တစ်နေကုန် မိုးရွာပြီး မြူငွေ့တွေနှင့် ပိန်းပိန်းမှုန်နေသည်။ မွန်းလွဲပိုင်းတွင် ကေဇီဆေးကို ရောက်လာပြီး သတင်းဆိုးတစ်ပုဒ်ကို ပြောသည်။

''အနောက်ဘက်မှာ အခြေအနေ မကောင်းဘူး။ ခင်ဗျားဒီမှာနေရင်း အချိန်တစ်ခုအထိ စောင့်ရလိမ့်မယ်''

မယုံနိုင်စရာ၊ ထိုညတွင် ကျွန်ုပ်စိတ်တွေ ချောက်ချောက်ချားချား ဖြစ်နေသည်။ အခေါင်းတလားထဲမှာ အသက်ရှင်လျက် ပိတ်လှောင်ခံနေရသလို။ ဤ၌ပင် ပုန်းလျှိုးကွယ်လျှိုးနေရသော ရာဇဝတ်သားတို့ကို သဘောပေါက်လာသည်။ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်း အမြဲတမ်းမျက်စေ့၊ နားတွေစွင့်နေရသလို ထိတ်ထိတ်ပျာပျာ ဖြစ်နေရသည်။ အဆိုးအတွက်လည်း အမြဲပြင်ဆင်ထားရသေးသည်။ သည်ဝဋ်က ဘယ်တော့များမှ လွတ်မည်ကျတ်မည်မသိ။

ဆိုင်နောင့်တို့သားအမိနှစ်ယောက် ဘယ်ဝယ်နေမှန်းမသိပေမဲ့ ကျွန်ုပ်ထံ မကြာမကြာ လာတွေ့သော ကေဇီဆေးကိုမှတစ်ဆင့် စာဖြင့်ဆက်သွယ်နိုင်ခဲ့ရာ သူမစာထဲတွင်မူ ကလေးနှင့် မိခင်နှစ်ယောက်လုံး ကျန်းမာ၍ လုံခြုံစိတ်ချမှုရှိကြောင်း၊ သို့ပါ၍ ကျွန်ုပ် ယနေ့နှင့် စိတ်မပူဖို့ ရေးသားထားသည်တို့ကို ဖတ်ရပါသော်လည်း မွေးဖွားပြီး တစ်အိုးတစ်အောင့်မျှသာ ထွေးပွေ့ယုယခဲ့ရပါသော သမီးလေးကိုကား နေ့ရှိသရွေ့ လွမ်းနေခဲ့ရပါ၏။

သို့ပေမဲ့ တစ်ဘက်ကလည်း နေ့စဉ်အမှုကိစ္စတွေကို ဖြစ်နိုင်သမျှ အစီအစဉ်တကျ လုပ်ရင်း စိတ်ကို မယိမ်းမယိုင်အောင် ထိန်းထားရသည်။ မနက် (၈) နာရီတွင် အိမ်ရှင်လင်မယားနှစ်ယောက်နှင့် ကျွန်ုပ်တို့ လက်ဖက်ရည် (သို့) ကော်ဖီသောက်ကြပြီး စကားစမြည်ပြောကြပြီး (၁၀) နာရီတွင် သူတို့နှစ်ယောက်လုံး အလုပ်သွားပြီဆိုလျှင်တော့ ကျွန်ုပ်၏ ဝပ်ကျင်းလေးထဲပြန်ဝင်လာပြီး စာရေးစာဖတ်တစ်ခုခုလုပ်ဖို့ ကြိုးစားရသည်။ နေ့ဘက်တွင် အပြင်ဘက်လုံးဝထွက်၍ မဖြစ်တော့သဖြင့် ကျွန်ုပ်၏ တပို့တစ်ပါးကိစ္စကို သတ္တုခွက်ကြီးတစ်ခွက် ဆောင်ထားပြီး ဖြေရှင်းနေရသည်။ ညနေ (၃) နာရီတွင် အိမ်ရှင်ဇနီးနာရီလာ အလုပ်မှပြန်ရောက်လာပြီး ဧည့်သည်စောင်သည် တချို့ လိုက်ပါလာတတ်

www.nyisay.com



ပါသော်လည်း သူမ၏အစွမ်းအစကို ယုံကြည်သဖြင့် ကျွန်ုပ်အနေနှင့် အခန်းထဲမှာ ပေါ့ပေါ့ပါးပါး နေလို့ရသည်။ ဆာကူလန်းဘာကမူ နေ့စဉ်လိုလို နောက်ကျမှ အိမ်ပြန်ရောက်တတ်သည်။

ဆာကူလန်းဘာမှာ အသက် (၃၀) ဝန်းကျင်ရှိပြီး သူနှင့်ကျွန်တော် ညတိုင်းလိုလို နာဂနိုင်ငံရေးကို ဆွေးနွေးဖြစ်ကြသည်။ သူ့အသက်ခြောက်နှစ်၊ ခုနစ်နှစ်ခန့်က အောဝ်အမျိုးအနွယ်တွေ နေထိုင်သော မိုးခေါ်ချုန်ဒေသမှ သူတို့ရွာကလေးဆီ အိန္ဒိယစစ်တပ် တစ်တပ် ရောက်လာသည်ဟု ဆိုသည်။

''အဲ့ဒီတုန်းက ကျွန်တော်တို့ တစ်ရွာလုံး တောထဲကိုပြေးပြီး ပုန်းနေတာတစ်နှစ်လောက်ကြာတယ်။ ဘုရားကျောင်း၊ စာသင်ကျောင်းနဲ့ စပါးကျီတွေ အားလုံးကို မီးရှို့ဖျက်ဆီးသွားကြတယ်။ ဝက်တွေ၊ ကြက်တွေနဲ့ တခြားအိမ်မွေး တိရစ္ဆာန်တွေကိုလည်း အကုန်သတ်စားသွားကြတယ်''

တစ်နှစ်ကျော်လာပြီးခါမှ သူတို့ ရွာသူ ရွာသားတွေကို အိန္ဒိယစစ်တပ်က ပတ်ဝိုင်းကာ ကုန်းမြင့်တစ်နေရာသို့ မောင်းသွင်းပြီး ထိုနေရာမှာ ရွာတည်ပေးခဲ့သည်။ ရည်ရွယ်ချက်ကား နာဂပြောက်ကျားတို့ကို စားနပ်ရိက္ခာမှအစ၊ သတင်းပလင်းပေးနေ၊ ထောက်ပံ့နေသော နာဂသားတို့ကို သူပုန်တို့နှင့် အဆက်အသွယ်ဖြတ်လိုက်ပြီး ရွာသူရွာသားတို့ကို သူတို့ဘက်က လွယ်လွယ်ကူကူ စောင့်ကြည့်နိုင်သော နေရာသို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့လိုက်ခြင်းဖြစ်ရာ ဤဒဏ္ဍာရီ ဆာကူလန်းဘာ၏ နာကြည်းချက်က ဇန်နဝါရီနှင့် မတူ ရိုးရှင်းသည်။ သို့ပေမဲ့ လက်တွေ့တွင်မူ နာဂတွေအဖို့ လက်ရှိအခြေအနေကို အကောင်းဆုံးဖြစ်ဖို့ ကြိုးစားရုံမှတစ်ပါး အခြားရွေးချယ်စရာမရှိတော့သည်ကို နားမလည်၊ လန်ဒန်တွင် တိမ်းရှောင်နေသော နာဂခေါင်းဆောင်ဟောင်းဖီဇို ဦးဆောင်မှုကို မမှိတ်မသုန် ယုံကြည်နေသလို တစ်နေ့တစ်ချိန် လွတ်လပ်ရေးရမည်ဟုလည်း အစွဲသန်နေသူဖြစ်သည်။

၁၉၆၄ ခုနစ်တွင် အိန္ဒိယဗဟိုအစိုးရနှင့် နာဂသူပုန်တို့ကြား အပစ်အခတ်ရပ်၍ ငြိမ်းချမ်းရေးသဘောတူညီမှု ယူဖို့ ကြိုးစားခဲ့သည်တိုင် မအောင်မြင်ခဲ့။ ထိုစဉ်က ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ရာ နာဂဒေသသို့ ရောက်ရှိလာသော လေ့လာသူများအဖွဲ့တွင် အိန္ဒိယနိုင်ငံရေးသမားများနှင့် ဗြိတိသျှခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်းမှ မိုက်ကယ်စကော့ဖြစ်ပြီး ဖီဇိုကို ၁၉၆၀ တွင် ဗြိတိန်သို့ ပို့ဆောင်ခဲ့၍ နာဂအရေးကို တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့သူမှာလည်း သူပင်ဖြစ်သည်။ ဆိုခဲ့သလို ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်မှာ နယူးဒေလီနှင့် နာဂသူပုန်တို့အကြား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမရှိသော်လည်း ယခုလို မိုက်ကယ်စကော့ပါဝင်သော ငြိမ်းချမ်းရေး ဖော်ဆောင်မှုပုံစံသစ်ကား ယခင်ချည်းကပ်မှုထက် လုံးဝကွဲပြားခြားနားမှုရှိသည်။ ယခင်က အိန္ဒိယအစိုးရ၏ ဖြေရှင်းမှုတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေး၍ဖြစ်စေ၊ နိုင်ငံရေးအရ အလျှော့ပေးလိုက်လျော၍

www.nyisay.com



ဖြစ်စေ၊ သဲတမန်နည်းအရဖြစ်စေ ပုံစံမျိုးစုံဖြင့် ဖြေရှင်းဖို့ ကြိုးစားခဲ့ပါသော်လည်း ဒေလီအစိုးရဘက်မှ အပြစ်အနာအဆာလေးများနှင့် ချို့ယွင်းချက်တစ်ခုခုရှိနိုင်သလို ၄င်းတို့ကိုလည်း အလွယ်တကူ တွေ့ရ၍ တစ်ခါတစ်ရံ ရယ်စရာလို ဖြစ်နေတတ်သည်။ သို့ပေမဲ့ အိန္ဒိယ၏ ဒီမိုကရေစီရေခဲမြေခံကမူ အံ့သြစရာ ခိုင်မာသန်စွမ်းသည်။ တရားဝင်ဝေဖန်သံတွေကို သည်းခံနိုင်သလို အခြေအနေက တောင်းဆိုလာသည့်အခါ အစိုးရဘက်က ပျော့ပျောင်းမှုရှိသည်။ နာဂသတင်းစာတွေရထားသော လွတ်လပ်မှုဆိုလျှင် အခြားအာရှတိုက် စစ်အုပ်ချုပ်ရေးနေရာများတွင် မကြားဘူး၊ မကြုံဘူး။ ပြောရလျှင် နာဂသူပုန်တို့၏ ခြိုခိုတိုက်ပွဲများနှင့် NNC နှင့် NSCN အဖွဲ့နှစ်ဖွဲ့လုံးမှ မြေအောက် ထုတ်ပြန်ကြေညာချက်တို့ကိုပင် ထည့်သွင်းဖော်ပြ၍ရသည်။ ဤနေရာ၌ ဆိုခဲ့သလို သတင်းလွတ်လပ်ခွင့်မျိုးကို မြန်မာပြည်၌ပင် စဉ်းစား၍မရကောင်းသော အခွင့်အရေးဖြစ်ကြောင်း ရှင်းပြပါသော်လည်း ဆာကူလန်းဘာက အိန္ဒိယအစိုးရသည် နာဂတို့ကို ဖိနှိပ်နေသည်ဟူသော အမြင်ကို အသေဆုပ်ထားသဖြင့် ကျွန်ုပ်အားထုတ်မှုမှာ အချည်းနှီးဖြစ်ခဲ့ရသည်။

ခုတင်အောက်တွင် လဲ့နေစဉ် ယခုအခြေအနေမှ ပေါက်ဖွားလာသော ပဋိပက္ခတို့ကို ကျွန်ုပ် အနလုံ၊ ပဋိလုံ စဉ်းစားကြည့်သည်။ ဦးစွာ မြန်မာပြည်ပြည်တွင်းစစ်အခြေအနေတစ်ရပ်ရပ်ကို အသေအချာ သဘောပေါက်နားလည်ဖို့ လိုသဖြင့် ၄င်းတို့ကို လေ့လာဆန်းစစ်ရန် ယခုလို ဥပဒေတို့ကို အမျိုးမျိုးလှည့်ပတ်လိမ်ကောက်၍ ခရီးထွက်လာခဲ့ရာ အိန္ဒိယအာဏာပိုင်တို့က ကျွန်ုပ်ကို ဖမ်းမိသွားလျှင် ဘာမျှ မတတ်နိုင်၊ ကျွန်ုပ်တို့ မိသားတစ်စုလုံးကို နှစ်ရှည်ထောင်ဒဏ်ချခွင့်ရှိသည်။

ယခု နာဂဒေသတွင် ကျွန်ုပ်တို့ ပိတ်မိနေသော ပဋိပက္ခမှာ လွန်ခဲ့သော ငါးနှစ်က မြန်မာပြည်တွင် ကျွန်ုပ်လေ့လာခဲ့သော အခြေအနေနှင့် နှိုင်းယှဉ်ပါလျှင် အိန္ဒိယအစိုးရက ပြဿနာတို့ကို လက်တွေ့ကျကျ အတော်များများ လျော့ချနိုင်ခဲ့ပါသော်လည်း မြန်မာအစိုးရကမူ ဤသို့မဟုတ်၊ ပြည်တွင်းစစ် အပြုတ်တိုက်ဖို့သာ ကြိုးစားနေကြသည်။

ဒုတိယကမ္ဘာစစ်အတွင်းက လျှို့ဝှက်အော်ပရေးရှင်းများနှင့် ပတ်သက်ပြီး ဗြိတိသျှ နန်းရင်းဝန် ချာချီက ယခုလိုပြောခဲ့သည်။

"စစ်ကာလ အမှန်တရားဟာ အလွန်အဖိုးတန်ပါတယ်။ ဒါကြောင့် အဲဒီအမှန်ကို မုသားကိုယ်ရံတော်နဲ့ ကာကွယ်ကြရမယ်"

ယခု ကျွန်ုပ်မှာမူ သူလျှို သူကန်တစ်ယောက်မဟုတ်သည့်တိုင် ချာချီစကားကား ကျွန်ုပ်ကြုံနေရသော အခြေအနေနှင့် ကွက်တိလိုဖြစ်နေသည်။

လမ်းခရီးတစ်လျှောက် လိမ်ခဲ့၊ ပတ်ခဲ့၊ အသုံးချခဲ့ရသော ကျွန်ုပ်၏ မာယာအပလိမ်းများအနက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရပါသော ကိစ္စတစ်ခုမှာ ကမ္ဘာ့တော်ရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့အမည်ကို အသုံးချခဲ့ရခြင်းဖြစ်သည်။ ကျွန်ုပ်က ငယ်စဉ်ကလေး

www.nyisay.com



ဘဝကတည်းက သဘာဝကို ချစ်တတ်သူ၊ မြို့ကြီးပြကြီးတွေနှင့် သိပ်အစေးကပ်သည်မဟုတ်၊ ကျွန်ုပ်လေးစားယုံကြည်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဆို၍ အနည်းအကျဉ်းမျှသာရှိရာ ၄င်းတို့အနက် တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ကြီးလည်း ပါသည်။ အထူးသဖြင့် ၄င်းအဖွဲ့ကြီးကို အိန္ဒိယပြည်သူအများအပြားက လေးစားကြသဖြင့် အဖွဲ့ကြီးဖွဲ့သည်မှစ၍ ယနေ့အထိ ရပ်တည်နိုင်ခဲ့သည်ဟု ထင်သည်။ သို့ရာတွင် အဖွဲ့ကြီး၏ အမည်ကို အလွဲသုံးစားလုပ်ခဲ့ရပါသော ကျွန်ုပ်၏ အမိုက်အမှားကို ပြန်ပေးဆပ်ဖို့ စဉ်းစားကြည့်ရာ မြန်မာပြည်မြောက်ပိုင်းတောနက်ကြီးတွေထဲတွင် ယခုအထိ လွတ်လပ်စွာ သွားလာကျက်စားနေသော တောတိရစ္ဆာန်ရိုင်းအကြောင်းကို ယခုစာအုပ်ထဲတွင် ထည့်သွင်းရေးသားရင်း ကျေးဇူးပြုပါမည့်အကြောင်း ကျွန်ုပ်ကိုယ်ကျွန်ုပ် ကတိပေးခဲ့သည်၊ ဆိုခဲ့သလို မြန်မာပြည်မြောက်ပိုင်း တောရိုင်းတို့သည်ကား ဘော်နီယို၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကျွန်း အချို့နေရာများမှလွဲလျှင် အာရှတွင် နောက်ဆုံးရှင်သန်နေသော သဘာဝအရိုင်းပြင်ပြင်တစ်ခုဖြစ်ပါ၏။

ပြောရလျှင် ယခုလို စွန့်စွန့်စားစား ခရီးထွက်လာရသည်မှာ မြန်မာနိုင်ငံရေးပဋိပက္ခတို့ကို လေ့လာဖို့ တစ်ခုတည်းမဟုတ်ပါ။ လေများသန့်စင်နေပါသော ကြည်တောက်နေသော စမ်းချောင်းလေးတို့ စီးဆင်းနေပါသော သဘာဝအရိုင်းပြင်ကြီးကို တသသလွမ်းမောမိတာလဲပါသည်။ သဘာဝချောင်းတွေ၊ စမ်းတွေထဲမှာ ငါးမျှားလို၍ ငါးမျှားတံကိုပင် ကိုယ်နှင့်မကွာယူလာခဲ့သော်လည်း ယခုတော့မူ သံလွင်မြစ်ရိုးတစ်လျှောက်မှာ အိန္ဒိယ ဆယ်လမွန် ငါးကြီးတွေကို စိတ်ကူးနှင့်မျှားရင်းအခန်းကျဉ်းလေးထဲမှာ လပေါင်းများစွာ ကုန်ဆုံးခဲ့ရပါ၏။ ဇနီးနှစ်ကိုအိမ်တွင် ကျွန်ုပ်တို့လင်မယားအတူနေစဉ်အခါက ကျွန်ုပ်တို့ခရီးစဉ်၏ ပန်းတိုင်ဖြစ်သော ကချင်ပြည်နယ် (သို့) ကျောက်စိမ်းမြေအကြောင်းကို မကြာမကြာ ပြောဖြစ်ကြရာ ကျောက်စိမ်းမြေနှင့် ပတ်သက်၍ ယခင်က ကြုံရဆုံရ၊ သိခဲ့ရသည်တို့မှာ ကျွန်ုပ်တို့အတွက် ဒဏ္ဍာရီဆန်၍ ကျောက်စိမ်းမြေကား စိတ်ကူးအိမ်မက်ထဲကတိုင်းပြည်တစ်ပြည်လို ကျွန်ုပ်တို့စိတ်ထဲရစ်ဝဲနေခဲ့ပါ၏။

ကျောက်စိမ်းမြေဆိုသည့်အတိုင်း ကမ္ဘာတွင် အဖိုးတန် ကျောက်စိမ်းရတနာအများဆုံးရှိရာ ဒေသဖြစ်၍ မြန်မာပြည်မြောက်ပိုင်း တောင်တန်းများပေါ်ရောက်လျှင် အိမ်မက်ဆိုးကြီးမှ လွတ်မြောက်ပြီဖြစ်သည်။ ရှင်းရှင်းဆိုရလျှင် မပြန်လမ်းကို ဖြတ်လာခဲ့ပြီးဖြစ်ရာအကယ်၍ ကျွန်ုပ်တို့ကို အတင်းအကျပ်ပြန်လွှတ်မည်ဆိုပါလျှင် အပြန်ခရီးကား အိန္ဒိယထောင်ထဲသို့ တန်းနေပါ၏။ ပုံမှန်အားဖြင့် အိမ်ရှင်လင်မယားမှာ စောစောအိပ်ရာဝင်တတ်ကြသဖြင့် ညဆိုလျှင် တစ်ယောက်တည်း လွတ်လပ်ပေါ်ပါးစွာ နေနိုင်သည်။ ပတ်ဝန်းကျင် တခွင်တပြင်လုံးကလည်း ဆိတ်ဆိတ်ငြိမ်နေရာ ပြတင်းပေါက်ကို ဖွင့်၍ အခန်းအတွင်း လေကောင်းလေသန့်တွေ သွင်းရသည်။ ထိုအခါမျိုးတွင် လေညင်းဖြူးဖြူး

www.nyisay.com



သွေးနေသော ခုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း ခတ်လှမ်းလှမ်းက တိတ်ဆိတ်စွာစီးဆင်းနေသော စမ်းချောင်းလေးမှ ရေစီးသံတို့ကို နားထောင်နေမိသည်။ သို့မဟုတ်လျှင် ကြယ်တွေတဖျပ်ဖျပ် လက်နေသော မိုးကောင်းကင်ကြီးကို နာရီပေါင်းများစွာ ငေးရင်း ရှေ့ဆက်ရမည့် ခရီးကို စဉ်းစားနေမိသည်။ ရှေ့မှာ ဘာတွေဖြစ်လာဦးမလဲ။

သို့ဖြင့် တစ်နေဝင် တစ်နေထွက် ရက်တွေညောင်းပါသော်လည်း ကျွန်ုပ်အဖို့ လွတ်မြောက်ရာသို့ လမ်းရယ်မမြင်၊ ယခုအထိ ကျွန်ုပ် ဘယ်ကိုသွားနေသလဲ။ ဆိုင်နောင်နှင့် သမီးလေးရှိသေးသည်တို့ကိုမူ ဆာကူလန်းဘာမသိသေး၊ ဖထန်းပေါ်မလာတော့်ပြီဖြစ်၍ ကေဇီဆေးကို တစ်ယောက်တည်းလည်း ရှေ့ဆက်ဘာမျှလုပ်၍မရတော့၊ သို့ဖြစ်၍ ကျွန်ုပ်တို့ဖြစ်စဉ်တစ်ခုလုံးကို ဆာကူလန်းဘာကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်သည်။ တွေ့စက စကားအလွန်များသူတစ်ယောက်ဖြစ်၍ စိတ်ပူပန်စရာဖြစ်ခဲ့ရသော်လည်း သူ့ကို ယုံကြည်စိတ်ချစရာ အကြောင်းရှိသည်ဖြစ်၍ တစ်ည မီးဖိုချောင်ထဲက မီးလင်းဖိုဘေးတွင် ထိုင်၍ ကျွန်ုပ်တို့စကားပြောကြသည်။

"ဆာကူလန်းဘာ ငါတို့တွေ တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်းသိကြပြီဆိုတော့ ငါ့အကြောင်းကို ပြောပြမယ်"

ကျွန်ုပ်က ဆက်၍ အရှေ့ဘက်တွင်ရှိသော NSCN ဌာနချုပ်မှတစ်ဆင့် ကချင်ဒေသသို့ ဦးတည်ခဲ့သော ခရီးစဉ်နှင့် အခြားအသေးစိတ် အချက်အလက်တို့ကို ပြောပြနေခိုက် ဆာကူလန်းဘာက စိတ်ဝင်တစားနားထောင်နေသည်။

"ကိုဟီမားကို ရောက်နေတာ အခု ငါတစ်ယောက်တည်း မဟုတ်ဘူး ဆာကူလန်းဘာ၊ ငါ့မိန်းမနဲ့၊ ပြီးခဲ့တဲ့ တစ်လနီးပါးက မွေးတဲ့ သမီးလေးလည်း ရှိသေးတယ်" ကျွန်ုပ်အပြောကို တအံ့တသြနှင့် ယုံရခက်ခက်ဖြစ်နေရာ ဤအဖြစ်သနစ်တို့မှာ အမှန်တကယ်ကြုံတွေ့ ဖြတ်သန်းခဲ့ရသော ဖြစ်ရပ်များဖြစ်ကြောင်း ကျွန်ုပ်က ခိုင်ခိုင်မာမာ ပြောနိုင်သဖြင့် နောက်ဆုံးယုံကြည်သွားသည်။ သို့ပေမဲ့ ဖထန်း လုပ်သွားပုံနှင့် ပတ်သက်ပြီး သူမကျေနပ်၊ ဖထန်းလုပ်ရပ်က နာဂလူမျိုးတွေကို အရှက်ခွဲလိုက်သည်ဟု တွေးနေပုံရသည်။ ပြီးနောက် သူ့ခေါင်းကို ရမ်းရင်းပြောသည်။

"ဒီကောင့်ကို ခင်ဗျားမယုံသင့်ဘူး။ ဒီကောင်က ထန်ကူ(လ်)အန္တယ်ဆိုပေမဲ့ မဏိပူရီတစ်ယောက်ပဲ ပြောပါတော့"

ဆာကူလန်းဘာအနေနှင့် ကျွန်ုပ်တို့နှင့် ဆုံခဲ့သော အခြားနာဂလူငယ်တွေထက် အခြေအနေကို ကောင်းကောင်းချုပ်ကိုင်နိုင်ပုံရသည်။ NNC နှင့် ခေါင်းဆောင်ဟောင်းဖီနိုတို့ဘက် ထောက်ခံနေသည်မှာ သိသာသော်လည်း NSCN ဌာနချုပ်သို့ ကျွန်ုပ်ရောက်သွားလျှင် အိန္ဒိယဘက်ခြမ်းမှ နာဂတို့၏ ခံစားချက်တို့ကို ပြောပြနိုင်မည်။ ဖြစ်နိုင်လျှင် အဖွဲ့နှစ်ဖွဲ့ကြား ရင်ကြားစေ့၍ စည်းရုံး ညှိညှဉ်တ်လာနိုင်စရာရှိသည်ဟု စဉ်းစားသည်။

www.nyisay.com



ကျွန်ုပ်အနေနှင့်လည်း ဆိုခဲ့သလို ၄င်းတို့၏ စေ့စပ်ဖျန်ဖြေရေးသမားတစ်ယောက်အနေနှင့် လုပ်လိုသော ဆန္ဒမရှိသည့်တိုင် သတင်းဆောင်းပါးများမှတစ်ဆင့် နာဂလူမျိုးတို့ တစ်ဦးနှင့်တစ်ဦး ပို၍ သဘောပေါက်နားလည်ကြစေဖို့နှင့် နာဂတို့အတွက် အကျိုးရှိစေမည့် ကိစ္စတစ်ခုကိုတော့ဖြင့် ဆောင်ရွက်ပေးနိုင်လိမ့်မည်ထင်သည်။ သို့ဖြင့် ဆာကူလန်းဘာက ကျွန်ုပ်ကို မွန်းအထိ သွားဖို့နှင့် လိုအပ်သည်တို့ကို စီစဉ်ပေးမည်ဟု ဆိုသည်။ ကျွန်ုပ်တို့ စကားဝိုင်းမှာ အတော်ညဉ့်နက်လာသည်။ မီးလင်းဖိုက ပြာဖုံးသွားသော မီးခဲတွေကိုမှုတ်ပြီး မီးပြန်မွေးသည်။ ဆာကူလန်းဘာက ကျွန်ုပ်ခွက်ထဲ လက်ဖက်ရည် ထပ်ဖြည့်ပေးသည်။

"မွန်းမှာ ကျွန်တော်နဲ့ တော်တော်ရင်းနှီးတဲ့သူ အချို့ရှိတယ်။ သူတို့က ခင်ဗျားကို လောင်းဗာပို့ဖို့နဲ့ ဖြစ်နိုင်ရင် နယ်စပ်ကို ဖြတ်ဖို့ ကူညီနိုင်မှာပါ"

အနိမ့်ဆုံး ဖထန်းမပို့ဖြစ်ခဲ့တဲ့ စာကို ရောက်အောင်တော့ ပို့နိုင်မှာပေါ့ဟု ကျွန်ုပ်က ထင်ကြေးပေးလိုက်သည်။ သို့ပေမဲ့ အများကြီးတော့ မမျှော်လင့်ရဲ။

"NSCN ဌာနချုပ်က လူတွေ ငါတို့အကြောင်းသိသွားမယ်ဆိုရင် တစ်ခုခုတော့ စီစဉ်ပေးနိုင်ပါလိမ့်မယ်"

ကျွန်ုပ်တို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်တို့ကို အတည်ပြုသည့်အနေဖြင့် လက်ဆွဲနှုတ်ဆက်ကြပြီး အိပ်ရာကိုယ်စီဝင်ခဲ့ကြသည်။ ဆာကူလန်းဘာ၏ စာနာစိတ်ရှိသော တံ့ပြန်မှုကြောင့် ရက်ပေါင်းများစွာ ကျဆင်းနေသော ကျွန်ုပ်စိတ်ဓာတ်တို့ ဦးဆုံး လန်းဆန်းတက်ကြွစေခဲ့ပြီး ထိုတစ်ညက ဘီဘီစီသတင်းနားထောင်ဖို့ပင် မေ့လျော့သွားကာ စိတ်ချလျက်ချ အိပ်ပျော်ခဲ့ရပါသည်။

မီးဖိုချောင်ထဲတွင် နာရီပေါင်းများစွာ တရင်းတနှီးဆွေးနွေးပြီး နောက်များမကြာမီ မွန်းသို့ ဘတ်(စ်)ကားဖြင့် ဆာကူလန်းဘာ ထွက်သွားသည်။ ထိုရက်ပိုင်းအတွင်း ဆာကူလန်းဘာတို့ရွာမှ ယောကျ်ားလေး တချို့ရောက်လာပြီး အိမ်တွင် စတည်းချကာ နာရီလာနှင့် အတူ အိမ်တွင်းအလုပ်အချို့ကို ကူညီလုပ်ကိုင်နေကြရာ ကျွန်ုပ်ကိစ္စကို သူတို့ကို မပြောဖို့ နာရီလာကို ပြောထားသည်။ သို့နှင့် တနင်္ဂနွေတစ်နေ့၊ မွန်းလွဲအချိန်လောက်တွင် လက်ဖက်ရည်သောက်ချင်လာသဖြင့် တံခါးကို ကျဉ်းကျဉ်းလေး ဖွင့်ပြီး အပြင်သို့ ကြည့်ရာ ကောင်လေးတွေမရှိဘူး အထင်နှင့် မီးဖိုချောင်ဘက်သို့ ခြေဖော့လျှောက်လာခဲ့ပြီး တံခါးဖွင့်၍ ချောင်းကြည့်လိုက်သည်တွင် ညစာအတွက် ခရုတွေကို ဓားတစ်လက်ဖြင့် သင်ဖျင်နေသော ကောင်လေးတစ်ယောက်ကို မီးဖိုခန်းထဲမှာ ဘွားခနဲ တွေ့လိုက်ရသည်။ ကောင်လေးကလည်း ကျွန်ုပ်ကို မော့ကြည့်နေရင်း မျက်နှာတစ်ခုလုံး သွေးဆုတ်သွားသလို ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ ကျွန်ုပ်က ပါးစပ်ကို လက်ညှိုးနှင့် ကန့်လန့်ပိတ်ရင်း ဧကားမပြောဖို့ အချက်ပြလိုက်ရာ၊ ကောင်လေးကမူ တောင့်တောင့်ကြီးရပ်နေရာမှ ဓားကို လက်မှဆုတ်လျက် ကျွန်ုပ်ကို တိုက်ခိုက်ဖို့ ရှေ့သို့ ဖြည်းဖြည်းချင်း တိုးလာနေသည်။

www.nyisay.com



သူမျက်နှာက သရဲတစ်ကောင်ကို မြင်လိုက်ရသလို အေးစက်နေသည်။ ဤတွင် ကျွန်ုပ်က အခြေအနေကို ထိန်းဖို့ကြိုးစားသည့်အနေနှင့် သူပခုံးကို အသာပုတ် ဖို့ပြင်လိုက်သည်တွင် ကောင်လေးက လန့်ဖျပ်ပြီး နောက်ဘက်ပြန်ပြေးသွားလေရာ၊ ကျွန်ုပ်လည်း ဘာလုပ်ရမှန်း မသိတော့သဖြင့် အခန်းထဲ ကပျာကယာပြန်လာပြီး တံခါးပိတ်နေလိုက်သည်။ တစ်ခါ နောက်တစ်ကြိမ် ကျွန်ုပ် ပြန်ထွက်လာပြန်ရာ ကောင်လေးတွေ့သွားပြန်ပြီး ဝူးဝူးဝါးဝါး အော်ဟစ်ကာ အိမ်အပြင်ဘက်ထွက်ပြေးသွားပြီး သူ့သူငယ်ချင်းတွေကို ကတုန်ကယင်နှင့် ရေးကြီးသုတ်ပြာ ပြောနေသည်ကို ပြတင်းပေါက်မှ တွေ့လိုက်ရသဖြင့် ကျွန်ုပ်လည်း သည်ကိစ္စကို နာရီလာနှင့် ပစ်ထားခဲ့ပြီး အခန်းထဲပြန်ဝင်လာခဲ့သည်။ နာရီလာအိမ်မှာ ရှိနေ၍ တော်တော့သည်။ မထိတ်သာမလန့်သာ ဖြစ်ခဲ့ပြီး နာရီဝက်အကြာတွင် တံခါး ခေါက်ပြီး ကျွန်ုပ်အခန်းထဲ စောစောက ကောင်လေးနှင့်အတူ နာရီလာ ဝင်လာသည်။ ကောင်လေးက မဝံ့မရဲနှင့် ပြုံးလျက် သူ့လက်ကို ကျွန်ုပ်ထံ ကမ်းပေးသည်။ ကျွန်ုပ်ကို သရဲတစ်ကောင်လို ထင်လိုက်တာ သေချာပါသည်။ ဖြစ်ချင်တော့ ကျွန်ုပ်က အသံမပေးဘဲ မီးဖိုချောင်တံခါးနားမှာ ပေါ်လာပြီး ဟောက်သွားသည်။ တစ်ခါ ထူးဆန်းစွာ ပြန်ရောက်လာ ပြန်သဖြင့် သရဲခြောက်သည်အထင်နှင့် ထွက်ပြေးသွားခြင်းဖြစ် သည်။ အပြင်ရောက်တော့ အိမ်ထဲမှာ လူဖြူသရဲတစ်ကောင် လာခြောက်နေပြီဗျို့... ဟု အော်သည်။ ကံကောင်းချင်တော့ ကောင်လေးအော်ပြောနေသည့် အော်ဝဘာသာစကားကို အနီးအပါးအိမ်က လူတွေ တစ်ယောက်မှ နားမလည်၊ ထိုအချိန်မှာပင် နာရီလာ ရောက်လာပြီး သူတွေ့ခဲ့ရသော လူသည် ဆာကူလန်းဘာဇ၏ မိတ်ဆွေဖြစ်၍ သရဲမဟုတ် ကြောင်းရှင်းပြပြီး ကောင်လေး အကြောက်ကို ဖြေခဲ့ရကြောင်း သူမက ဖြစ်ခဲ့ပုံကို အကျဉ်းချုံး၍ ပြောပြသည်။ အဆိုပါ အဖြစ်အပျက်မှာ ကျွန်ုပ်အတွက် အကြီးအကျယ် ဒုက္ခရောက် သွားနိုင်သော်လည်း အိမ်တွင်း အခြေအနေမှာ တစ်မျိုးကောင်းသွားသည်။ ကောင်လေးတွေက သူတို့သဘောနှင့် သူတို့ အိမ်မှာ ဆက်နေပြီး ဆာကူလန်းဘာပြန်လာချိန်အထိ စောင့်ရှောက်ပေးကြသည် သူတို့နှင့် ကျွန်ုပ် ဆက်ဆံရာတွင် ကြားခံဘာသာစကား မရှိသဖြင့် ခြေဟန်၊ လက်ဟန်နှင့် ဆက်သွယ်ကြပြီး မကြာခင် ကျွန်ုပ်တို့ မိတ်ဆွေတွေဖြစ် သွားကြရာ ကျွန်ုပ်ကိုသရဲထင်ခဲ့သော ကောင်လေးကို အခြားကောင်လေးတွေက အမျှင်မပြတ်အောင်စကြ၊ နောက်ကြတော့သည်။

ရက်အနည်းငယ်အကြာတွင် ဆာကူလန်းဘာပြန်ရောက်လာရာ ကျွန်ုပ်ဘက်က မျှော်လင့်ချက်အပြည့်ဖြင့် ဧည့်ခန်းထဲမှာ ထိုင်လိုက်ကြသည်။ သို့ပေမဲ့ သူ့အမူအရာက တစ်ခုခုထင့်နေသလို။

"ခင်ဗျားစာကို NSCN ကို ပို့လိုက်တယ်။ ကျွန်တော် ကိုယ်တိုင်လည်း စာတစ်စောင်ရေးပေးလိုက်သေးတယ်" ဟု စကားပလွှင့်ခံပြီးခါမှ "ဒါပေမဲ့ ပြဿနာနှစ်ခုရှိနေတယ်" ဟုဆိုသည်။

www.nyisay.com





မွေးဖွားပြီး ရက်အနည်းငယ် ကြာပြီးနောက် သမီးနှင့်အဖေ။

www.nyisay.com



ကျွန်ုပ်အကဲခတ်တာမမှားဟု တွေးမိရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

''မွန်းက ကျွန်တော့် သူငယ်ချင်းတွေက ပြောတယ်။ ဗမာစစ်တပ်က NSCN ဌာနချုပ်ကို ဝင်တိုက်ပြီး အနီးက ရွာတစ်ရွာကို မီးရှို့သွားတယ်။ ဒါကြောင့် အခုအချိန်မှာ နယ်ခြားဖြတ်ဖို့ မကောင်းသေးဘူး။ ခင်ဗျားအနေနဲ့ အချိန်နည်းနည်းယူရလိမ့်ဦးမယ်''

အပျက်ကြီးပျက်သွားသော စိတ်ကို ကြိုးစားဖုံးဖိရင်း ကျွန်ုပ်ခေါင်းညိတ်လိုက်သည်။

''ဘယ်အချိန်အထိ စောင့်ရမှာလဲ အခြေအနေတွေ ကောင်းသွားပြီဆိုရင်ကော ငါတို့တွေ ဘယ်လိုသိနိုင်မလဲ''

''စိတ်မပူပါနဲ့၊ မွန်းက ကျွန်တော့် သူငယ်ချင်းကို အကုန်ပြောထားတယ် NSCN က အကြောင်းပြန်တာနဲ့ ကျွန်တော့်ကို သူပြောမှာပါ'' ဒီတစ်ကြိမ်တော့ အလုပ်ဖြစ်ကောင်းပါတယ် တွေးရင်း လက်နှစ်ဖက်ယှက်၍ ဆုပ်ထားလိုက်သည်။

အခြေအနေအလုံးစုံကို ဆာကူလန်းဘာတွေးထားပုံရသည်။ ဆိုင်နောင့်တို့ သားအမိတည်းခိုရာနေရာကို ကေဗီဆေးကိုထံမှ သိပြီး အောက်တိုဘာ (၁၁) ရက်တွင် ဂျစ်ကားတစ်စီးဖြင့် သူကိုယ်တိုင် သွားခေါ်လာရာ ဇန်နစ်ဇိုအိမ်တွင် လူချင်းကွဲသွားပြီး လေးပတ်အကြာ ဆိုင်နောင့်နှင့် ကျွန်ုပ် ပထမဆုံးအကြိမ် ပြန်တွေ့ကြရပြီး ကျွန်ုပ်ကို တွေ့လိုက်သည်နှင့် လန့်ဖျပ်၍ ဆိုင်နောင့် အော်မတတ် ဖြစ်သွားသည်။ ကျွန်ုပ်ကား အရိုးပေါ်အရေတင် ဖြူဖတ်ဖြူရော်အသားရေနှင့် မျက်တွင်းဟောက်ပက်၊ မျက်လုံးပေကလပ်နှင့် ဧည့်ခန်းထဲတွင် ထိုင်နေရာ ကျွန်ုပ်ကို တွေ့ပြီး အထိတ်တလန့် ဖြစ်သွားသော ဆိုင်နောင့် အမူအရာက ကျွန်ုပ်ကို သရဲတစ်ကောင်အဖြစ် အမှတ်မှားခဲ့သော ကောင်လေးအမူအရာနှင့် ကွက်တိ ဖြစ်နေသဖြင့် ကျွန်ုပ်အခြေအနေကို နားလည်လိုက်ပါ၏။

သို့ပေမဲ့ ချစ်စရာသမီးလေးက သရဲပုံပေါက်နေသော ကျွန်ုပ်ကို လန့်ဖျပ်ရကောင်းမှန်း မသိသေးတာ ကံကောင်းသည်။ သူလေးကို ကျွန်ုပ် ပွေ့ချီလိုက်သည့်အခါ မျက်ရည်များပင် ကျမိသည်။ သမီးလေးကို ယခုအထိ နာမည်မပေးရသေး၊ ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ စာဖြင့် လျှို့ဝှက်ဆက်သွယ်စဉ်က လောလောဆယ် သမီးလေးနာမည်ကို အီယင်းလို့ ခေါ်မယ်ဟု သဘောတူခဲ့ကြသည်။ အီယင်းမှာ ရှမ်းဘာသာဖြင့် သမီးငယ်လေးကို ဆိုလိုသည်။ နောင်အခါကျမှ သင့်တော်သည့် အမည်တစ်ခုခုပေးပြီး ထုံးတမ်းအစဉ်အလာနှင့်အညီ ဗုဒ္ဓဘာသာဘုန်းကြီးများနှင့်ဖြစ်စေ၊ ရပ်ရွာလူကြီးများနှင့်ဖြစ်စေ သမီးလေးအတွက် နာမည်ပေးကင်ပွန်းတပ် မင်္ဂလာလုပ်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ဇန်နစ်ဇိုအိမ်တွင် ကျွန်ုပ်တစ်ယောက်တည်း ကျန်ခဲ့ပြီးနောက်၊ ကေဗီဆေးကို ဆိုင်နောင့်တို့ သားအမိကို ကိုဟီးမားမြို့စွန်တစ်နေရာက အိမ်တစ်အိမ်သို့ ဂျစ်ကားဖြင့် ခေါ်

www.nyisay.com



သွားခဲ့သည်။ အဆိုပါ အိမ်ကား ကေဇီဆေးကို၏ မိတ်ဆွေချာခေဆန်အန္ဒယ် လူငယ်လင်မယားနှင့် နေထိုင်ပြီး ဆိုင်းနောင်တို့သားအမိကို ကြည်ကြည်ဖြူဖြူ စောင့်ရှောက်ခဲ့သည်။

"သူတို့ကို ကေဇီဆေးကိုက ကျွန်မတို့အကြောင်း ပြောထားမယ်ထင်ခဲ့တာ၊ ဒါပေမဲ့ သူက မပြောဘူး"

အခန်းကျဉ်းလေးထဲက ခုတင်ပေါ်မှာ ကျွန်ုပ်တို့လင်မယား ထိုင်ရင်း ဆိုင်နောင်က ပြောသည်။

"အဲ့လို ပြောမထားတာ ဘယ်ကောင်းပါ့မလဲ၊ သူတို့က တော်တော် ဧည့်ဝတ်ကြေကြေတယ်။ ဒါပေမဲ့ ကလေးက အရပ်ရှည်ပြီး အသားဖြူဖွေးနေတော့ သူတို့က ဟိုမေးသည်မေး မေးကြတယ်"

ဖြစ်ကြောင်းရယ် ကုန်စင်ကို ဆိုင်နောင့်က ဖွင့်ချပြလိုက်တော့ အိမ်ရှင်တွေ စုပ်တသပ်သပ်နှင့် မင်တက်ခဲ့ကြသည်မှာ ကျွန်ုပ်တို့ ဇာတ်လမ်းကိုသိလိုက်ချိန်က ဆာကူလန်းဘာ၏ အံ့သြခြင်းထက် ပိုသည်ဆိုရာတွင် သူတို့အားလုံးက မကန့်ကွက်သည့်အပြင် ကျွန်ုပ်တို့ စွန့်စားခန်းကို သဘောကွေ့သွားကြပြီး အူလှိုက်၊ အသည်းလှိုက် ကူညီကြသည်။

ဆိုင်နောင့်တို့သားအမိကို ကျွန်ုပ်နှင့်အတူ ရက်ကြာကြာနေဖို့ ဆာကူလန်းဘာတို့လင်မယားက တိုက်တွန်းပါသော်လည်း လုံခြုံရေးအရ စိတ်မချ၊ အနီးအပါး မိတ်ဆွေများက ကလေးကို စိတ်ဝင်စား၍ အိမ်ကို လာကြည့်ကြသည့်အခါ ကျွန်ုပ်က ပုန်းနေရသလို ဆိုင်နောင့် အိမ်ရှင်အမျိုးသားကလည်း တနင်္ဂနွေနေ့လိုမျိုး ဘုရားကျောင်းတက်လာသည့်အခါ အိမ်ဝင်၍ ကလေးကို အချီအချော့ လုပ်တတ်သည်။ သူသည် ဟန်ဆောင်မှု မရှိ၊ ရိုးသားသော သူငယ်တစ်ယောက်ဖြစ်ပြီး ကျွန်ုပ်ကို ဂျာနယ်လစ်မှန်း သိ၍ မှတ်စုစာအုပ်တစ်အုပ်ကိုပင် လက်ဆောင်ပေးခဲ့သေးရာ နာဂလူမျိုးတို့၏ ဧည့်ဝတ် ကျေပွန်မှု၊ နှုတ်လုံမှုတို့ကို ကျွန်ုပ်တို့ သြချရသည်။ ကျွန်ုပ်ထင်သည်၊ ကိုဟီးမားနေ လူ ခြောက်ဆယ်ခန့်က ကျွန်ုပ်တို့အကြောင်း သိနေကြပါသော်လည်း ပုလိပ် (သို့) အစိုးရ အာဏာပိုင်တွေဆီ သူတို့ထံမှ စကားတစ်လုံးတစ်ပါဒမျှ မကျိုးမပေါက်။ မွန်းတွင် နေထိုင်သော သူငယ်ချင်းနှင့်တွေ့ဖို့ ဆာကူလန်းဘာ နောက်တစ်ခေါက် သွားရောက်ခဲ့သည့် တိုင် NSCN ထံမှ ဘာသတင်းမှမရ၊ သို့ပေမဲ့ အရှေ့ဘက်နယ်မြေ အခြေအနေက ငြိမ်သက်သွားပုံရသဖြင့် ခရီးထွက်ဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်ကြသည်။ ဂျစ်ကားတစ်စီး ငှားဖို့ရာလည်း အခက်အခဲသိပ်မရှိ၊ ဖြစ်ဖို့များသည်။ ငှားပြီးနောက် စစ်ဘက်ဆိုင်ရာဟု ထင်ရသော အလံတချို့နှင့် မော်တော်ကားကို ရုပ်ဖျက်ကြရာ အလံတစ်ခုမှာ နာဂတို့ အသုံးပြုသော အလံတစ်ခုဖြစ်ပြီး ဘဲဥပုံ ကာဒိုင်းတစ်ခုပေါ်တွင် လှံနှစ်ချောင်း ကြက်ခြေခတ်ထားသော အလံတစ်ခုနှင့် ဘာမှန်းညာမှန်းမသိသော အတိုကောက်စာလုံးကြီးတွေနှင့် အလံလည်းပါသည်။ ယခုလို အလံတွေ၊ တံဆိပ်တွေနှင့် ဆိုလျှင် ကျွန်ုပ်တို့ မော်တော်ယာဉ်ကို စစ်ဘက်သုံးကား

www.nyisay.com



တစ်စီးလိုထင်မှတ်ရပြီး ချက်ပွိုင့်တွေက ရပ်ခိုင်းမှာမဟုတ် ဟု မျှော်လင့်ရသည်။ ကျွန်ုပ်တို့နှင့်အတူ ဝိုင်းကူနေသော နာဂသူငယ်နောက်တစ်ယောက် မှာ နေဗီဇိုဖြစ်သည်။ သူက ကားခေါင်းတွင် အတိုကောက်စာလုံးများ ရေးသားရာတွင် 'F' ကို ထည့်သွင်းရေးသားခဲ့သည်။

''ဘာအဓိပ္ပာယ်မှန်း ဘယ်သူမှသိကြမှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ 'F' ကိုတော့ တပ်ဖွဲ့ "Force" လို့ ထင်ကြမှာပဲ''

နေဗီဇိုက ရယ်ရင်းပြောသည်။

ယခုဇာတ်ကွက်တွင်မူ ကျွန်ုပ်က အိန္ဒိယစစ်တပ်မှ အဆင့်မြင့်အရာရှိတစ်ဦးအဖြစ် သရုပ်ဆောင်ရာတွင် အိန္ဒိယစစ်တပ်မှ အရာရှိအများစုအနေနှင့် အင်္ဂလိပ်လို ပြောတတ်ကြသဖြင့် အကယ်၍ ကျွန်ုပ်တို့ ဂျစ်ကားကို အရပ်ခိုင်းသည်ရှိသော် အိန္ဒိယလေသံနှင့် ပြောရမည်။ သဏ္ဌာန်လုပ် သရုပ်တူစေဖို့အတွက် ဆံပင်အတုကို မသုံးတော့ဘဲ ဆံပင်၊ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့ကို အနက်ဆေးဆိုးလိုက်သည်။ နေကာမျက်မှန်တပ် ဂျာကင် ရှည်နှင့် အိန္ဒိယ တောဆောင်းဦးထုပ်တို့ကို ဝတ်လိုက်သည့်အခါ လမ်းခရီးတွင် ဘယ်လို အတားအဆီးမျိုးနှင့် ရင်ဆိုင်ရစေ ကျွန်ုပ်အနေနှင့် အကောင်းဆုံး သရုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချသွားသည်။

(၁၉) ရက် တနင်္ဂနွေနေ့တွင် ဆိုင်နောင့်တို့ သားအမိကို ယခင်တည်းအိမ်မှ သွားခေါ်လာပြီး ထိုညတွင် အထုပ်အပိုးတွေပြင်သည်။ နှုတ်ဆက်ပွဲအဖြစ် ဆန်မှဖောက်သော ခေါင်ရည်တစ်အိုးကို အားလုံးသောက်ကြသည် နောက်တစ်နေ့ မနက် (၅) နာရီတွင် နာရီနှိုးစက်ဖြင့် အိပ်ရာမှ နိုးပြီး ဒိုင်ယာရီကို ကောက်ကြည့်လိုက်ရာ ကိုဟီးမားတွင် ကျွန်ုပ်တို့နေခဲ့သည်မှာ (၈၅) ရက်၊ ဓမ္မပူရသို့ရောက်ချိန်မှစတင် ရေတွက်သော် (၃)လ ကျော်ခဲ့လေပြီ။

နေအိမ်နှင့် ခတ်လှမ်းလှမ်းတောင်စောင်းတစ်နေရာတွင် အလံတွေ၊ တံဆိပ်တွေနှင့် ကျွန်ုပ်တို့လက်စွမ်းပြထားသော ဂျစ်ကားနှင့်အတူ နေဗီဇို စောင့်နေသဖြင့် အဝတ်အစားအမြန်လဲ၊ လက်ဖက်ရည်ကို ခတ်သွက်သွက် သောက်ကြပြီး လမ်းလျှောက်ထွက်လာရာ၊ အလေ့အကျင့်မရှိသည်မှာ ရက်အတော်ကြာပြီဖြစ်၍ ခရီးတိုလေး လျှောက်လာရသည်ကို ကျွန်ုပ်ခြေထောက်တွေ ဒယိမ်းဒယိုင်ဖြစ်နေသည်။ အရုဏ်ကျင်းစပင် ရှိသည့်တိုင် မျက်လုံးတွေကလည်း အလင်းရောင်ကြောင့် ကျိန်းစပ်လာသည်။ မနက်လင်းအားကြီး ချမ်းစိမ့်နေသေးသဖြင့် အီယင်းကို ဂွမ်းစောင်နှင့်ပတ်ပြီး ဆိုင်နောင့်က ပွေ့လာသည်။ အီယင်းကား အိပ်ကောင်းနေဆဲ၊ တက်ကြွပျော်မြူးနေသော ဆာကူလန်းဘာက အမျှင်မပြတ်အောင် စကားတွေ ဖောင်နေသည်။ တနင်္ဂနွေသည် ဒေသခံနာဂများ ဘုရားကျောင်းတက်၊

www.nyisay.com



ဝတ်ပြုကြရသဖြင့် ကိုဟီးမားမြို့လေးမှာ အရောင်းအဝယ်နှင့် အသွားအလာတွေ ရှင်းနေရာ တနင်္ဂနွေနေ့ကိုပင် ကျွန်ုပ်တို့ရွေးချယ်၍ ထွက်ခွာလာခဲ့ကြသည်။ ကျွန်ုပ်က ဂျစ်ကားနောက်ခန်းတွင် ထိုင်၍လိုက်ပါလာခဲ့ရာ မိုးစင်စင်လင်းချိန်တွင် ကိုဟီးမားမြို့တွင်းသို့ ရောက်၍ စစ်သင်္ချိုင်းကို ဖြတ်လာစဉ် ယခင်မကြာခဏ အကြားနာခဲ့ရပါသော အမှတ်တရ ကျောက်တိုင်ကြီးကို ပထမဆုံးအကြိမ် မြင်မိလိုက်သည်။ လမ်းအနေအထားနှင့် မော်တော်ကား အင်ဂျင်က ခွင့်ပြုသလောက် မြို့မြောက်ဘက်သို့ နေဗီဇိုမောင်းလာရာ၊ လမ်းမှာ တဖြည်းဖြည်း ကျဉ်းသွားပြီး တောင်စခန်းများမှ ကွေ့ကာ၊ ဝိုက်ကာ ဖောက်ထားသော လမ်းအတိုင်း မောင်းလာခဲ့သည်။ ဤနေရာအရောက်တွင် သစ်ကြီး ဝါးကြီးတို့ဖြင့် အုတ်အုတ်ဆိုင်းဆိုင်း ရှိလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း တောင်ခါးပန်းရံအားလုံး နီးနီး ပြောင်သလင်းခါနေလေပြီ။

''ဒီလိုဖြစ်ရတာ အိန္ဒိယစစ်တပ်ကြောင့်ပေါ့''

ဆာကူလန်းဘာက ကျွန်ုပ်ဘက်သို့ ဘေးတစ်စောင်းစောင်း၍ ပြောသည်။

''သစ်တောတွေရှိရင် နာဂပြောက်ကျားတွေ ခိုမှာစိုးလို့ သစ်ပင်တွေကို ရှင်းပစ်လိုက်ကြတာ''

သစ်တောများပြုန်းတီးပျောက်ကွယ်ရသည့်အကြောင်းရင်းတွေထဲမှာ သူပြောသည့် ကိစ္စက တစ်ချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသော်လည်း ဒေသတစ်ခုလုံး ယခုလို ရုပ်ပျက်ဆင်းပျက် ဆိုးဝါးခဲ့ရသည့် အဓိက လက်သည်များမှာ စစ်ဘက်နှင့် အရပ်ဘက် ဝိသမလောဘသမားတို့၏ တရားမဝင် သစ်မှောင်ခိုအရောင်းအဝယ်ဖြစ်မည်ဟု ထင်သည်။ ဘယ်လိုပင်ဖြစ်စေ ဂေဟဗေဒဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကား အစားပြန်၍မရ။

ကိုဟီးမားမှ ထွက်လာပြီး ပထမဆုံးတွေ့ရသည့် မြို့မှာ ဝေါ့ခါဖြစ်၍ မြို့အဖျားတွင် ပုလိပ်ချက်ပို့ခိုင့် တစ်ခုရှိပြီး လမ်းကို သစ်သားတန်းဖြင့် ကန့်လန့်ပိတ်ထားသည်ကို တွေ့ရသည်။ သို့ပေမဲ့ ကျွန်ုပ်တို့ ဂျစ်ကား ဂိတ်အနားရောက်လာပြီး ကားပေါ်မှ အလံတွေ တံဆိပ်တွေကို တွေ့လိုက်ရသည်နှင့် တာဝန်ကျပုလိပ်တို့က ကမန်းကတန်း ပြေးလာပြီး ဂိတ်တားသစ်တန်းကို ဖွင့်ပေးလိုက်ကြသည်။

ဝေါ့ခါမြို့လေးကား တိတ်ဆိတ်နေပြီး ဈေးဆိုင်များပိတ်ထားကြသော်လည်း ဘုရားကျောင်းတက်သူများက နာဂစောင်ကို ပခုံးပေါ်ပတ်ပြီး လမ်းတွေပေါ် လျှောက်နေကြသည်။ ကျွန်ုပ်တို့ကားကို ဓာတ်ဆီဆိုင်တစ်ဆိုင်နားတွင် ထိုးရပ်လိုက်ပြီး ဆာကူလန်းဘာက လမ်းမှာ ကျွန်ုပ်တို့စားဖို့ တစ်ခုခုဝယ်ရအောင် ကားပေါ်က ဆင်းသွားသည်။ သို့ပေမဲ့ နာဂီဝက်ခန့်ကြာသည်အထိ ပြန်မရောက်လာသဖြင့် ကျွန်ုပ်တို့ ခေါင်းနပန်းကြီးလာသည်။ ကျစ်ကား နောက်ခန်းတွင် ကုန်းကုန်းကွကွ ထိုင်နေရသော ကျွန်ုပ်အဖြစ်ကလည်း ဘေးလူတွေ မြင်လျှင် မတော်သဖြင့် နေဗီဇိုက ကားအတွင်းက မြင်ကွင်းကို ကွယ်သွားအောင်

www.nyisay.com



ကားခေါင်းအဖုံးကို အပေါ်ဖွင့် ထောင်ကာလိုက်ပြီး အင်ဂျင်ခန်းထဲ ဟိုစမ်း၊ သည်စမ်း လုပ်နေသည်။ တအောင့်အကြာတွင် ထမင်းနှင့် ဟင်းအပြည့်ထည့်ထားသော ကြွေရည်သုတ် ထမင်းချိုင့်အဟောင်းလေးကို လက်မှခွဲကာ ခြေလှမ်းသုတ်သုတ်နှင့် ဆာကူလန်းပါးက ပြန်ရောက်လာရာ ကျွန်ုပ်တို့ ဂျစ်ကားလည်း နေရာမှ မောင်းထွက်လာခဲ့သည်။

ဝေါခါမြို့ မြောက်ဘက်အထွက် ဒိုရမ်းတံတား အနီးတွင် ကားရပ်၍ ချောင်းကမ်းပါး သစ်ပင်စုစုတစ်နေရာတွင် ကျွန်ုပ်တို့ ထမင်းစားကြသည်။ သဘာဝရင်ခွင်ထဲ ပြန်ရောက်သွားကြပြီး ရှူရသည့် လေမှာ လတ်ဆတ်နေသည်။ သမီးလေး အိယင်းက နို့ဆာ၍ တစ်ခါအိသံပေးသည်မှအပ လမ်းတစ်လျှောက်လုံး သူ့မိခင်ရင်ခွင်ထဲမှာ အိပ်လာသည်။

နောက်ထပ် ခရီးပေါက်လာသော မြို့လေးမှာ မိုးခေါ်ချုန်ဖြစ်ပြီး ဝေါခါလို တိတ်ဆိတ်ငြိမ်သက်နေသည်။ သို့ပေမဲ့ မြို့အနီး စစ်စခန်းတစ်ခုရှေ့မှ ဖြတ်သွားရမည်ဖြစ်၍ နေဗီဇိုက ဂျစ်ကားကို အရှိန်တင်လိုက်ပြီး ဟွန်းကို တစ်ဆက်မပြတ်တီးကာ စခန်းရှေ့မှ ဒလကြမ်းမောင်းလာသည်တွင် ကင်းတဲမှ အစောင့်စစ်သားတို့လည်း အိပ်ချင်မူးတူးနှင့် ထွက်လာပြီး ကျွန်ုပ်တို့ ဂျစ်ကားကို မြင်လိုက်သည်နှင့် သတိအနေအထားဆွဲပြီး ကိုယ်နေတောင့်တောင့်ကြီးနှင့် အလေးပြုလိုက်ကြရာ ကင်းတဲလွန်သည်နှင့် ကျွန်ုပ်တို့အားလုံး ကားပေါ်မှာ တသောသော ရယ်ကြရသည်။ ကျွန်ုပ်တို့မော်တော်ကားကို နာဂဒေသတွင် သွားလာနေတတ်သော vip ကားတစ်စင်းဟု တကယ်ထင်မှတ်နေကြသည်။ သို့ပေမဲ့ မော်တော်ကားပေါ်မှာကား နာဂလူငယ်ကျောင်းသားနှစ်ယောက်၊ မွေးဖွားစကလေးနှင့် သားသည် မိခင်ရှမ်းမိန်းကလေးတစ်ယောက်၊ ခရီးရှည်ကြီးကို မနားတမ်းသွားနေသော ဆွီဒင်နိုင်ငံသား ဂျာနယ်လစ်တစ်ယောက် အားလုံးဂျစ်ကားလေးတစ်စီးထဲမှာ တိုးကြိတ်လိုက်ပါလာရင်းကားခေါင်မိုးပေါ်မှာကား သမီးလေးအိယင်း၏ အနှီးစတစ်စ တဖျပ်ဖျပ်လွှင့်လျက်ပါလာခဲ့ပါ၏။ တနင်္ဂနွေနေ့ဖြစ်၍ လမ်းမပေါ်တွင် ယာဉ်အသွားအလာရှင်းနေရာ လိုအပ်သည့်အခါတိုင်း တောင်ကျစမ်းချောင်းလေးတွေအနားမှာ မော်တော်ကားကို ရပ်လျက်၊ အိယင်း၏ သေးစို၊ အီးစိုအနှီးတို့ကို လျှော်ရင်း၊ မော်တော်ကားကိုလည်း ရေဖြည့်ရင်း အေးအေးလူလူလာခဲ့ကြသည်။

တစ်နေရာ၌တောင်တက်လမ်းစလေရာ ကျွန်ုပ်တို့ ဂျစ်ကားလေး ကုန်းကြုံးတက်လာသော ညှို့ညှို့မှိုင်းမှိုင်း ထောင်ထွတ် တောင်ကုန်းတို့သည်ကား ပြီးခဲ့သည့် လများအတွင်း ဇန်နဝါရီနေအိမ်ရေချိုးခန်း ပြူတင်းပေါက်မှ လှမ်းမျှော်ကြည့်ခဲ့ရသော တောင်ကြီးတွေမှန်း ကျွန်ုပ်ချက်ချင်းသိလိုက်သည်။ လပေါင်းများစွာ ကျွန်ုပ်တို့ စောင့်မျှော်ခဲ့ရပါသော နေ့တစ်နေ့ကား ယခုမျက်ဝါးထင်ထင် ဆိုက်ရောက်လာလေပြီ။

www.nyisay.com



နေညိုချိန်တွင် နာဂဒေသအနောက်ဘက် တောင်ခြေမြို့ကလေးတစ်မြို့ဖြစ်သော တူလီသို့ ရောက်လာသည်။ ကိုဟီးမားမှ ဤနေရာအထိ ကီလိုမီတာ ၂၄၀ ခရီးပေါက်လာခဲ့သည်။ ကီလိုမီတာ အနည်းငယ်ရှေ့ဆက်သွားလျှင် အာသံနယ်ခြား ဂိတ်ရောက်ပြီဖြစ်၍ ယနေ့အဖို့ တည်နေရာမှာပင် စခန်းချဖို့ ဆုံးဖြတ်လိုက်ကြသည်။ အာသံနယ်ခြားဂိတ်ကို ညအချိန်ဖြတ်မည်ဆိုလျှင် ကျွန်ုပ်တို့ ဂျစ်ကားကို သဲသဲကွဲကွဲ မမြင်နိုင်သဖြင့် မလိုအပ်တာတွေ ဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့ စီစဉ်ခဲ့သလို စစ်ဆေးရေးသို့ သွားနေသော စစ်ဘက်အဆင့်မြင့်အရာရှိကြီးတို့၏ မော်တော်ကားအဖြစ် နေ့ဘက်ကျမှ ပီပီပြင်ပြင် သရုပ်ဆောင်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

တူလီမြို့ထဲတွင် ဆာကူလန်းဘာ၏ သူငယ်ချင်းတစ်ယောက်ရှိသဖြင့် ၄င်းအိမ်သို့ မော်တော်ကားကို မောင်းလာရာ အိမ်ရှင်က ကျွန်ုပ်တို့ကို ကြည်ဖြူစွာ တစ်ည တည်းခို ခွင့်ပြုသဖြင့် အိမ်အပေါ်ထပ်အခန်းကျဉ်းလေးထဲတွင် ကျွန်ုပ်တို့ ညအိပ်ပြီ၊ နောက်တစ်နေ့ မနက်စာစားပြီးသည်နှင့် ခရီးဆက်လာခဲ့သည်။

ကျွန်ုပ်တို့ မျှော်လင့်ထားသလို အမ်ဂူရီချက်ပွိုင့်တွင် ပြဿနာမရှိ၊ လွတ်လွတ် ကျွတ်ကျွတ်ဖြတ်လာခဲ့ပြီးနောက် မြေပြန့်လွင်ပြင်သို့ ပြန်ရောက်လာရာတစ်နာရီ ကီလိုမီတာ (၇၀) နှုန်းဖြင့် အာသံပြည်နယ်ကို ဖြတ်လျက် မောင်းလာခဲ့ကြသည်။ ကျွန်ုပ်က မျက်နှာကို ထိုင်ခုံပေါ်တွင် မှောက်လျက် အိပ်ချင်ယောင်ဆောင်လာသည်။ မြို့ငယ်လေးများကို ဖြတ်မောင်းလာသည့်အခါ လမ်းမတွေပေါ်က လူတွေ၊ လန်ချားနှင့် သိုး၊ ဆိတ်တွေကို တစ်ကွက်ချင်း မြင်နေရသလို လော်စပီကာကြီးတွေနှင့် သီချင်းသံတွေလည်း ဆူဆူညံညံ နေရာ အိန္ဒိယမြေပြန့်ဒေသကို နာရီအနည်းငယ်မောင်းလာပြီးနောက် ဆိုနာရီသို့ ရောက်လာသည်။ ဤမြို့ အာသံအဝေးပြေးလမ်းမကြီးမှ ဖယ်ခွာ၍ အရှေ့ဘက်သို့ ဆက်မောင်းလာရာ နာဂဒေသသို့ ပြန်ဝင်လာပြီဖြစ်၍ ဤနေရာမှစ၍ ကျွန်ုပ်တို့ အစီအစဉ်စတင်ဖို့ ဆုံးဖြတ်လိုက်ပြီး မော်တော်ကားကို ရပ်လိုက်သည်။ ကျွန်ုပ်က ဂျစ်ကား ရှေ့ခုံသို့ ပြောင်းထိုင်လိုက်ပြီး နေကာမျက်မှန်တပ်၊ တောဆောင်ဦးထုပ် နဘေးအပြား ကြယ်သီးနှစ်ဖက်ကိုတပ်၍ စမတ်ကျကျဆောင်းပြီး တကယ့်စစ်ဘက်အရာရှိ တစ်ယောက်ပုံ ဖမ်းရသည်။ တစ်ယောက်ယောက်က ကျွန်ုပ်တို့ကားကို တားခဲ့လျှင် ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း လှုပ်ရှားရမည်ဖြစ်ရာ အရေးတကြီး ပုဂ္ဂိုလ်အရာရှိတစ်ယောက် စီးလာသည့် မော်တော်ကားကို တားရကောင်းလားဟု အိန္ဒိယလေသံနှောသော အင်္ဂလိပ်စကားဖြင့် ပူလိပ်ကို သဘောက်သဟန်း ပြောရမည်။ ဆိုင်နောင့်တို့သားအမိကို စစ်လားဆေးလား လုပ်လာမည် ဆိုပါက ကျွန်ုပ်က ဒေါနှင့်မာန်နှင့် ယခုလို ခြိမ်းခြောက်ရမည်။

"နာဂဒေသမှာ မင်းတာဝန်ထမ်းနေတာ ဘယ်လောက်ကြာပြီလဲ၊ နာဂတွေရဲ့ စိတ်နှလုံးသားကို အနိုင်ယူပါဆိုတဲ့ ငါတို့ရဲ့ ပေါ်လစီကို မကြားဖူးဘူးလား။ သနားစရာ

www.nyisay.com

အိန္ဒိယ၊ မြန်မာ နယ်ခြား ၁၉၈၅ အောက်တိုဘာ။

www.nyisay.com



ကောင်းတဲ့ သူတို့ သားအမိကို ငါ့ကားကြဲ့ တင်လာတာကို မင်းကမေးရဲတယ်ဟုတ်လား၊ မင်းတို့လို ဝန်ထမ်းတွေကြောင့် ငါတို့ပေါ်လစီဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး''

''ပြောစမ်းမင်းနာမည်၊ ရာထူး၊ ကိုယ်ပိုင်နံပါတ်''

ပထမချက်ပွိုင့်နှင့် နီးကပ်လာသည့်အခါမော်တော်ကားအရှိန်ကို လျော့ချလိုက်ပြီး နာဂနယ်ခြားအတွင်းဘက် တိဇစ် ရှေ့နားအရောက်တွင် နေဇီဇိုက ဟွန်းသံပေးလိုက်သည်။ ကျန်ပ်က လက်နှစ်ဖက်ကို ပိုက်ရင်း အရေးတကြီးဟန်နှင့် ထိုင်နေရာ အိုကေသွားသည်၊ ကင်းတဲက ပုလိပ်တွေ ထွက်လာပြီး သစ်သားမောင်းတံကို မတင်ပေးသည်နှင့် ကျန်ပ်တို့ ဝူးခနဲ မောင်းထွက်လာသည်။ တိဇစ်မြို့က ကျယ်ဝန်းသည်။ မော်တော်ကားကို ဖြည်းဖြည်းမှန်မှန်နှင့် ကီလိုမီတာ အနည်းငယ်မောင်းလာရာ အထွက်ချက်ပွိုင့်သို့ ရောက်လာသည်။ ယခုချက်ပွိုင့်ကား နာဂပုလိပ်တွေမဟုတ်၊ အာသံပြည်သူ့စစ်ရဲတို့ စောင့်ကြပ်သဖြင့် ချောင်ချောင်ချိချိ ဖြတ်လို့ရမည်မထင်။ မွန်းခရိုင်မှ အဝင်အထွက် အားလုံးကို ပိုက်စိပ်တိုက် ရှာတတ်သော ဂိတ်အဖြစ်လည်း နာမည်ထွက်သည်။ ဂိတ်ရှေ့ ကားရပ်လိုက်သည့်အခါ လက်နက်ကိုင်အစောင့်များ ထွက်လာပြီး ကားတွင်တပ်ဆင်ထားသည့် အလံနှင့် တံဆိပ်တွေကို သေသေချာချာ ကြည့်ပြီး ကျန်ပ်ကို တစ်လှည့်ကြည့်သည်။ ကျန်ပ်က တစ်ခုခုများ ပြဿနာရှာတော့မည်လား အတွေးနှင့် ရင်ထိတ်နေသည်။ သို့ပေမဲ့ ဖြစ်လာရင်တော့ ဇာတ်တိုက်ထားသလို လှုပ်ရှားပြီး ပြောဖို့ဆိုဖို့ စိတ်ထဲက ပြန်တွေးရင်း တစ်ဘက်ကလည်း ဘာမျှ ဂရုမစိုက်သည့်အရာရှိကြီးတစ်ယောက်လို ဂိုက်ပေးထားရသေးသည်။ တစ်အောင့်မျှ ဟိုကြည့်သည်ကြည့်ပြီးတော့ အစောင့်စစ်သားတစ်ယောက်က ပိတ်ထားသော ဂိတ်မောင်းတံကို မြှောက်တင်ပေးလိုက်ပြီး ကျန်ပ်ကိုအလေးပြုရာ ကျန်ပ်ကလည်း ဆတ်ခနဲ ပြန်ပြုလိုက်သည်။

မော်တော်ကားကို ဝူးခနဲမောင်းထွက်သွားလျှင် သံသယရှိနိုင်သဖြင့် ဖြည်းဖြည်းချင်းလှိမ့်လာရာ နောက်မှ ခေါ်သံ, ဟန့်သံလုံးဝမကြားရ၊ ချက်ပွိုင့်မှ မီတာတစ်ရာကျော်ကျော်လောက် ရောက်ခါမှ နေဇီဇိုက ကားလီဗာကို ကောက်နင်းလိုက်ပြီး ရှေ့ဆက်လာခဲ့သည်။ ယခု ကျန်ပ်တို့ မော်တော်ကားလေးကား ခွန်းညက်ကျေးလက်ဒေသသို့ ဝင်ရောက်လာပြီဖြစ်ရာ ပတ်ဝန်းကျင် မြေသားမြေပြင်တစ်ခုလုံး ပြောင်းသွားသည်။ ကျောက်သား ကျောက်ဆောင်တောင်ရိုးတောင်ကုန်းတွေနှင့် တောကလည်း ယခင်တွေ့ဖူးသော တောတို့ထက် အုပ်ဆိုင်းပြီး ညို့နေသည်။ လူတွေကြည့်လိုက်ပြန်လျှင်လည်း တကယ် ဆာနေ၊ တောစားဟန်မျိုး။ အချို့ဆိုလျှင် ကိုယ်လုံးတီးနီးနီး လုံရှည်ကြီးတွေကို ထောက်ပြီး လမ်းတစ်လျှောက် တစ်လှမ်းချင်း သွားနေကြသည်။

သို့ပေမဲ့ တောသဘာဝ အရိုင်းပြင်ကို ခုခုမင်မင်ရှိတတ်သော ကျန်ပ်ကမူ ယခုလို နေရာ ဒေသရောက်ပြီဆိုခါမှ စိတ်လက်မအီမသာဖြစ်နေသဖြင့် ထူးဆန်းနေသည်၊ ဖြစ်နိုင်

www.nyisay.com



သည်မှာ လပေါင်းများစွာ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းနှင့် နေခဲ့ရသဖြင့် ယခုလိုတော ညီညီညွတ်ကြီးနှင့် တောင်ရိုးတောင်စွယ်တွေကို ကြည့်ပြီး စိတ်ထင့်နေပုံရသည်။ ယခုဆိုအရေး ကြီးသော ချက်ပွိုင့်တွေကို ကျော်လွှားနိုင်ခဲ့ပြီဆိုသော်လည်း ရှေ့အဖို့ ကြုံတွေ့ရဦးမည့် စိန်ခေါ်မှုတို့ကိုကား တတ်အပ်မပြောနိုင်သေး။ သို့ဖြင့် မွန်းသို့ ညနေလေးနာရီတွင် ရောက်လာကြသည်။

မွန်းကား မြို့လို့ခေါ်ပေမဲ့ မြို့ရယ်လို့ ပီပီပြင်ပြင်မဟုတ်၊ တောင်ပေါ်ဖြတ်လမ်းမ ကြီး ဘေးတစ်ဖက်တစ်ချက်တွင် ပျဉ်ထောင်အိမ်နှင့် ကွန်ကရစ်တိုက်အိမ် သုံးလေးဆယ်သာ ရှိသည်။

ကျွန်ုပ်တို့ ရောက်လာချိန်မှာ နေအတော်စောင်းနေပြီဖြစ်၍ ရှေ့ဆက်ဖို့ လုံးဝမဖြစ် နိုင်တော့၊ မြန်မာပြည်နှင့် အလှမ်းမဝေးတော့သော နယ်ခြားဒေသလမ်းများတွင် ညဘက် ခရီးသွားလျှင် ကင်းလှည့်စစ်ကားများနှင့် ပက်ပင်းတိုးနိုင်သည်။

မွန်းတွင် နယ်ခံလူ ထောင်ဝမ်းနှင့် ချိတ်ထားပြီးဖြစ်သလို သူက ကျွန်ုပ်တို့အလာ ကို စောင့်ကြိုနေသည်။ ညစာစားပြီးနောက် လက်ဖက်ရည်သောက်ရင်းနောက်တစ်နေ့ ဆက်ရမည့်ခရီးစဉ်ကို ကျွန်ုပ်တို့ ဆွေးနွေးကြသည်။ နယ်ခြားအရောက် နောက်ဆုံးခရီးစဉ် အဖြစ် (၂၅) ကီလိုမီတာဆက်စရာရှိသေးရာ ထောင်ဝမ်းကား အဆိုပါလမ်းကို မကြာ မကြာသွားခဲ့ရသဖြင့် ချက်ပွိုင့်တွေက စစ်ဗိုလ်အတော်များများနှင့် ရင်းနှီးနေသဖြင့် ကျွန်ုပ် တို့နှင့်အတူ သူပါလာလျှင် ဘာပြဿနာမှ မရှိတော့သလို ပြောနေသည်။ ကျွန်ုပ်တို့ကို မေးလားစမ်းလား မလုပ်စေရဘူးဟုလည်း အာမခံပေးသည်။

ထိုတစ်ည စိတ်ချလက်ချအိပ်လိုက်ကြပြီး မနက်မိုးလင်းခရီးမထွက်မီ စားကြ သောက်ကြရင်း နေဗီဇိုကို သူပေးခဲ့သောအကူအညီတွေအတွက် ကျေးဇူးတင်ကြောင်း ပြောပြီး နှုတ်ဆက်ကြသည်။ နေဗီဇိုက ဤနေရာကပင် နောက်ကြောင်းပြန်ပြီး ဆာကူလန်း ဘက ကျွန်ုပ်တို့နှင့်အတူ လမ်းပြအဖြစ်လိုက်မည်။ ခရီးစ,တော့ ထောင်ဝမ်းက သူ့ကိုယ် ပိုင် ဂျစ်ကားတစ်စီးနှင့် ရှေ့ကသွားပြီး ကျွန်ုပ်တို့ကားက နောက်မှလိုက်လာရာ ကျောက် ကြမ်းတောင်တက်လမ်းတစ်လျှောက် မောင်းလာပြီးနောက် ပတ်ကွိုင်နယ်ခြား ဒေသထဲ ဝင်လာပြီး ကျွန်ုပ်တို့ဂျစ်ကားနှစ်စီး တောင်ပေါ်ရုန်းတက်လာကြသည်။

ယခုကျွန်ုပ်တို့နောက်ဆုံးသွားရမည့် လမ်းပိုင်းတွင် ချက်ပွိုင့်နှစ်ခုရှိရာ ပထမပွိုင့် ရောက်လာသည့်အခါ ရေညှိစိမ်းရောင်ယူနီဖောင်းဝတ် အိန္ဒိယစစ်ဗိုလ်တစ်ယောက်ဂိတ် ထဲက ပြေးထွက်လာပြီး ထောင်ဝမ်း၏ ဂျစ်ကားကို တားလိုက်သဖြင့် ကျွန်ုပ်လည်း ဒိတ်ခနဲ ဖြစ်သွားပြီး ရှေ့က ကားနောက်မှ ကျွန်ုပ်တို့ကား ထိုးရပ်လိုက်သည်။ ဤတွင် ထောင်ဝမ်းက ရှေ့ဆက်သွားဖို့ ကျွန်ုပ်တို့ကားကို လက်လွှဲပြသဖြင့် ကျွန်ုပ်တို့ကားလည်း ကျော်၍ ဆက်ထွက်လာပြီး အတော်လှမ်းလှမ်းရောက်မှ ကားရပ်ပြီး စောင့်ကြသည်။

www.nyisay.com



ထောင်ဝမ်းက ကားပေါ်က ဆင်းပြီး စစ်ဗိုလ်နှင့်စကားပြောရင်းကျန်ခဲ့သည်။ မနေ့ညက တိုင်ပင်ထားသလို ယခုအထိ အဆင်ချောနေသေးသည်။ သိပ်မကြာလိုက်၊ ပြောင်သလင်းခါနေသော တောင်ကတုံးလမ်းအတိုင်း မောင်းတက်လာနေသော ထောင်ဝမ်းကားကို တွေ့ရပြီး ကျွန်ုပ်တို့နေရာမှာရပ်လိုက်သည်။ ပြီးနောက် ကားပေါ်က ပြုံးဖြဲဖြဲနှင့်ဆင်းလာပြီး ကျွန်ခဲ့သည့် ချက်ပွိုင့်မှ စစ်ဗိုလ်တစ်ယောက်နှင့် တစ်အိုးတစ်အောင့်စကားပြောခဲ့ပြီး ထိုစစ်ဗိုလ်ကပင် ရှေ့ပွိုင့်ကို ကျွန်ုပ်တို့နှင့်ပတ်သက်ပြီး သံသယရှိစရာမလိုကြောင်း လက်ကိုင်စကားပြောစက်ဖြင့် သတင်းပို့လိုက်ကြောင်း ရှင်းပြသည်။

လောင်ဗာကို ကျွန်ုပ်တို့ရောက်တော့ နေအတော်မြင့်နေပြီ။ လောင်ဗာကား နယ်ခြားကို ခွထိုင်ထားသော ရွာကြီးတစ်ရွာဖြစ်ပြီး တောင်ရိုးတစ်ဖက်တစ်ချက်တွင် ခရိုးခရိုင်ဝါးကပ်အိမ် လေးငါးဆယ်လုံးခန့်ရှိသည်။ ကျွန်ုပ်တို့ကျစ်ကားဆိုက်ရာနေရာ လူတွေ ဝိုင်းအုံလာရာ အများစုမှာ ကိုယ်လုံးတီးကလေးတွေနှင့် အမျိုးသမီးများမှာ အပေါ်ပိုင်းအဝတ် ဗလာ၊ အောက်ပိုင်းကိုသာ အဝတ်စ, တစ်စ ပတ်ထားသည်။ နေ့အချိန်ဖြစ်၍ ယောကျ်ားသားတွေက လယ်တွေ၊ တောတွေထဲမှာ အလုပ်လုပ်နေကြသည်။

ဤနေရာ၌ပင် ကားပေါ်ကကျွန်ုပ်တို့ အထုပ်အပိုးတွေကို အောက်ချပြီး ထောင်ဝမ်းတို့ ဂျစ်ကားက မွန်းဘက်ပြန်မောင်းသွားသည်။ ဆာကူလန်းဘာကို ပြောထားသလို ကျွန်ုပ်တို့နှင့်အတူ ကျန်ခဲ့ပြီး ယခု ခရီးစဉ်တွင် နောက်ထပ်ပါလာသူတစ်ဦးမှာ ခွန်းညက်မှ ကောင်မလေးတစ်ယောက်ဖြစ်သည်။ ကောင်မလေးကို ဆာကူလန်းဘာက ကလေးထိန်းအဖြစ်ခေါ်လာခဲ့သည်။ ကောင်မလေးက ချစ်စရာလေးဆိုပေမဲ့ ယောကျ်ားလေး တစ်ယောက်လို ဂျင်းဘောင်ဘီ၊ ရှပ်အင်္ကျီလက်တိုနှင့် တင်းနစ်ဖိနပ်စီးထားသည်။ ကျွန်ုပ်က ရောက်လျှင် ရောက်ချင်း ခြေလျင်ခရီးဆက်ရမည်ဟု တွက်ထားသော်လည်း ထုံးစံအတိုင်း မျှော်လင့်မထားသည့် အကြွန့်အကြာတွေရှိလာသည်။ ဆာကူလန်းဘာကလည်း နယ်ခြား ဖြတ်ရမည်ကို ဟိုလိုဒီလို လုပ်နေသဖြင့် ဘာမှန်းညာမှန်း ကျွန်ုပ် နားမလည်။ သို့ပေမဲ့ နာဂဒေသရောက်မှ ပထမဆုံးအကြိမ် ဒေါသထွက်မိသည်။

"ငါတို့တွေ ဒီမှာနေလို့မဖြစ်ဘူးလေ၊ ခပ်လှမ်းလှမ်းမှာ အိန္ဒိယစစ်တပ်စခန်းတွေရှိတယ်။ ဒါကြောင့် ဒီနေရာမှ သူတို့သတင်းပေးတွေလည်း ရှိမှာပဲ။ ငါတို့ ဗမာဘက်ခြမ်းကို ကူးမှဖြစ်မယ်"

ဆာကူလန်းဘာမှာက နားထောင်ရင်း မချိပြုံးပြုံးသည်။

"နည်းနည်းသည်းခံစမ်းပါဦး"

"သည်းခံရမယ်ဟုတ်လား၊ အိန္ဒိယစစ်တပ်က ငါတို့ကို သည်းခံမှာမဟုတ်ဘူး၊ ဘာအတွက်စောင့်နေတာလဲ၊ သွားကြမယ်"

"မနက်ဖြန်အထိ စောင့်လိုက်တာ ပိုကောင်းပါတယ်ဘာတီးလ်၊ ဒါဆိုရင် လမ်းပြ

www.nyisay.com



တစ်ယောက်နဲ့ အလုပ်သမားတစ်ယောက်လည်းရမယ်။ အခု သူတို့အားလုံး လယ်ထဲဆင်းနေကြတယ်''

''ငါရဲ့အတွေ့အကြုံအရ သူပုန်တွေထိန်းချုပ်ထားတဲ့ မြန်မာဘက်ကို ဖြတ်ရတာ အင်မတန် အန္တရာယ်ကြီးတယ်။ ဒါကြောင့် မြန်မြန်ကူးပြီး ဟိုဘက်ရောက်မှ စိတ်ချရတဲ့နေရာရှာမယ်''

ကျွန်ုပ်တို့နှစ်ယောက် အခြေတင်ပြောနေခိုက် ကာကီယူနီဖောင်းနှင့် နာဂလူငယ်နှစ်ယောက် ကျွန်ုပ်တို့ဆီလျှောက်လာနေရာ ဘယ်သူတွေလဲဟု ကျွန်ုပ်မေးလိုက်သည်။

''နာဂပြောက်ကျားတွေဖြစ်မယ်ထင်တယ်''

သို့ပေမဲ့ ဆာကူလန်းဘာ အထင်မဟုတ်၊ သူတို့လက်မောင်းက တံဆိပ်ကို ကြည့်ရသည်မှာ ရပ်ရွာလုံခြုံရေးကင်းအဖွဲ့တွေဖြစ်သည်။ တစ်နည်းပြောရလျှင် အိန္ဒိယစစ်တပ်ညွှန်ကြားမှုအောက်တွင်ရှိသော ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေပဲ ဖြစ်သည်။ ထုံးစံအတိုင်း သူတို့က ကျွန်ုပ်ကို ကြည့်ပြီး ဘယ်လဲ၊ ဘာလဲ စပ်စုလေရာ ကျွန်ုပ်သည် ဘုံဘေမှ ရောက်လာသူဖြစ်ပြီး ဟိန္ဒီဘာသာစကားသာ ပြောတတ်ကြောင်း ရှင်းပြရသည်။ တကယ်က ဘုံဘေတွင် ဟိန္ဒီစကားမပြော၊ မာရသီစကားသာပြောကြလေရာ၊ သို့ပေမဲ့ ပြည်သူ့စစ်နှစ်ယောက်က သည်ကိစ္စကို မသိသလို ဆာကူလန်းဘာက ရွှမ်းရွှမ်းဝေအောင် လီဆည်ပြောနိုင်သည့်အတွက်လည်း ကျေနပ်သွားကြ၍ ခေါင်းများပင် တရိတသေ ညိတ်ကာ ပြန်ထွက်သွားပါသော်လည်း ကျွန်ုပ်ကား ရွာသားတစ်ယောက်ယောက်က ယခုလို ထူးထူးခြားခြား ဧည့်သည်တစ်ယောက်အကြောင်းကို အာချောင်လိုက်ရင် ဆိုသည့်အတွေးတွေနှင့် စိုးရိမ်နေဆဲ၊ ထောင်ထိပ်ပေါ်က ရွာသိမ်ရွာငယ်လေးတစ်ရွာမှာ ယခုလို ထင်းထင်းကြီးပေါ်နေပြီး လုံခြုံ စိတ်ချမှုမရှိသဖြင့် လောင်ဗာကို ကျွန်ုပ် မကြိုက်၊ ဤနေရာကား သူပုန်တပ်ဖွဲ့ဝင်တွေ အသုံးပြုနေသော အဓိက ဖြတ်လမ်းဖြစ်နေသဖြင့် သတင်းပေးတွေရှိနိုင်သည်။ ကျွန်ုပ်တို့နှင့် ဖြတ်သွား၊ ဖြတ်လာ ဆုံကြသူတွေက ခတ်တည်တည် မျက်နှာကြီးတွေနှင့် ဆာကူလန်းဘာလို သူတို့ကို ကျွန်ုပ်မယုံ။

''စိတ်ပူမနေပါနဲ့၊ သူတို့လည်း နာဂတွေပါ။ အိန္ဒိယစစ်တပ်ကို သွားပြောမယ့်လူတွေမဟုတ်ပါဘူး''

ဆာကူလန်းဘာ ဘယ်လိုပြောပြော စိတ်မချ၊ ချက်ချင်း ခရီးဆက်ဖို့သာ ကျွန်ုပ်က ဖိပြောနေရာ နောက်ဆုံးမှာမူ ဆာကူလန်းဘာဘက်က အလျော့ပေးလိုက်ရပြီး လောင်ဗာရွာတည်ထားသော တောင်ရိုးထိပ်မှသည် မြန်မာပိုင်နက်အတွင်းမှ စိမ့်ကြီးမြို့ငြိုးအခြေသို့ စတင်ထွက်ခွာလာခဲ့ကြရာ၊ ယနေ့သည် အောက်တိုဘာလ (၂၂) ရက် ၁၉၈၅ ခုနှစ်၊ အိန္ဒိယစံတော်ချိန် ညနေ ၃ နာရီ ၂၀ မိနစ်၊ မြန်မာစံတော်ချိန် ၄ နာရီ ၂၀ မိနစ် ဖြစ်၍ ဘန်ကောက်မှ ခရီးစတင်ချိန်မှသည် ယနေ့အထိ (၇) လ တင်းတင်းပြည့်ခဲ့လေပြီ။

www.nyisay.com



တောလမ်းအတိုင်း ကျွန်ုပ်နှင့် ဆာကူလန်းဘာတို့က ရှေ့မှ ခပ်သွက်သွက် လျှောက်ကြပြီး ဆိုင်နောင့်နှင့် ခွန်းညက်ကောာင်မလေးက သမီးလေး အီယင်းကို အနှီး အဝတ်နှင့် နောက်ပိုးချိုရင်း လိုက်ခဲ့ကြရာ ကျွန်ုပ်တို့အသွားအလာကို တစ်ဦးတစ်ယောက်မျှ အလေးဂရု မစိုက်သလို၊ နောက်ကလိုက်သူလည်းမရှိ၊ တစ်နာရီမျှ ဆက်တိုက် လျှောက်လာပြီးနောက် လောင်ဟာတောင်ရိုး အရှေ့ဘက်တောင်စောင်းပေါ်မှ လယ်ကွက်လေးနား တွင် ကျွန်ုပ်တို့အားလုံး ရပ်လိုက်ကြရာ ခပ်လှမ်းလှမ်းမှ တဲငယ်လေးတစ်လုံးရှေ့တွင်ကား တရုတ်လုပ် ဆီမီးအော်တိုမစ်တစ် ရိုင်ဖယ်သေနတ်တို့ ကိုင်ဆောင်ထားကြပါသော ယူနီဖောင်းဝတ်နှင့် လူငါးယောက်ကို ဖျပ်ခနဲ တွေ့လိုက်ရာ ယခုတစ်ကြိမ်တော့ဖြင့် သံသယရှိစရာမလို NSCN အဖွဲ့မှ ဖြစ်ကြောင်းတပ်အပ်သိလိုက်ကြပါ၏။

O

www.nyisay.com

## လောင်ဗာမှသည် ခေးဆန်ချန်းလမ်သို့

ထိုတစ်ညက နာဂပြောက်ကျားရဲဘော်များနှင့် ကျွန်ုပ်တို့ ဆုံလိုက်သော နေရာလယ်ကွက်ထဲက ကောက်ရိုးအမိုး ဝါးအိမ်လေးတွင် ကျွန်ုပ်တို့ ညအိပ်ကြသည်။ ကျွန်ုပ်တို့ ရောက်လာကြသည်ကို နာဂစစ်သားတွေက အူကြောင်ကြောင်ဖြစ်နေသဖြင့် ကျွန်ုပ်တို့ ခရီးစဉ်မှာ NSCN ဌာနချုပ်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့ရောက်လာမည့်အကြောင်း စာများလည်း ကြိုတင်ပေးပို့ထားကြောင်း ဆာကူလန်းဘာက ရှင်းပြလိုက်မှ အသားမည်းမည်းနှင့် ခေါင်းဆောင်လုပ်သူက နောက်တစ်နေ့တွင် ကျွန်ုပ်တို့ကို သူတို့အဖွဲ့က လုံခြုံရေးယူ၍ ဌာနချုပ်သို့ လိုက်ပို့ပါမည့်အကြောင်းပြောသည်။ သူတို့အားလုံး အင်္ဂလိပ်စကားမတတ်။ ထိုညက ချမ်းစိမ့်နေသဖြင့် မီးဖိုကြီးဖိုထားရပြီး ဆိုင်နောင့်တို့သားအမိက တဲအတွင်းက မြေတလင်းပေါ်တွင် ဖျာခင်း၍ အိပ်ပျော်သွားကြသည်။ ကျွန်ုပ်ကား လူမော၊ စိတ်မော၊ မောနေပါသော်လည်း အိပ်ချင်စိတ်ကို ဖျောက်ရင်း ကြယ်စင်တွေအသိန်းအသန်းလင်းလက်နေပါသော အဇဋ္ဌာ မိုးကောင်းကင်ကြီးအောက်က မဟူရာညဏ်၏ တိတ်ဆိတ်ခြင်းကို အရသာခံနေမိကာ လုံးဝလွတ်လပ်၍ လတ်ဆတ်သော လေကို တဝကြီးရှူသွင်းလိုက်သည်။ လပေါင်းများစွာ ကျွန်ုပ်မျှော်လင့်ခဲ့ရသော အချိန်ကား ယခုရောက်လာလေပြီ။ အခန်းကျဉ်းလေးထဲ ပိတ်လှောင်ခံနေရသည့် ဘဝက လွတ်မြောက်ခဲ့ပြီ။ သောကတွေ၊ သံသယတွေနှင့် ပူလောင်ထိတ်ပြာနေရသော ဘဝမှ လွတ်မြောက်ခဲ့ပြီ။ အဖြိုးအဖြန်းအလိမ်အညာတွေနှင့် လှည့်ပတ်နေရသည့်ဘဝကလွတ်မြောက်ခဲ့ပြီ။ လက်မြှောက်အရှုံးပေးပြန်ရတော့မည့် ကြောက်ရွံ့ခြင်းတို့မှ လွတ်ခဲ့၊ ကျွတ်ခဲ့လေပြီ။

မိုးရွာသီကုန်ပြီဖြစ်၍ မြေပြင်မြေသားက ခြေလျင်ခရီးအတွက် သင့်တော်သည်။ အိတ်ထဲက မြေပုံထုတ်ပြီး ဆက်ရမည့်လမ်းကြောင်းတွေကို လေ့လာကြည့်သည်။ ကိလို

www.nyisay.com



မီတာ ရာပေါင်းများစွာ ရှည်လျားသော တောင်စဉ်၊ တောင်တန်းကြီးတွေ လှည့်ပတ်ရစ်ခွေ စီးဆင်းနေပါသော မြစ်ကြီးချောင်းကြီးတွေ၊ ချိုင့်ဝှမ်းလွင်ပြင်တောကြီးတွေ၊ စဉ်းစားကြည့်လျှင် သည်နေရာရောက်လာသည်ကိုပင် မယုံနိုင်စရာ၊ မြန်မာပြည်အတွင်းဘက် ကီလိုမီတာ အနည်းငယ်သာ ရောက်သေးသဖြင့် လုံးလုံးလျားလျားစိတ်ချ၍ မရသေးသည့်တိုင် နေ့လည်က ဆာကူလန်းဘာစတည်းချမည့် နေရာထက်တော့သာပါသည်။

သို့ပေမဲ့ မနက်လင်းတော့ ကျွန်ုပ်တို့ကို နာဂပြောက်ကျားတွေက လာရာလမ်းပြန်ခေါ်သွားသဖြင့် ဘယ်လိုဖြစ်တာပါလိမ့်ဟု တစ်ချက်ထိတ်သွားပြီး ရှေ့မှသွားနေသော ဆာကူလန်းဘာကို မေးကြည့်ခါမှ အထုပ်အပိုးတွေထမ်းဖို့ အထမ်းသမား ပြန်ခေါ်ကြောင်း သိရပြီး ကျွန်ုပ်တို့ကို လောင်ဗာအရှေ့ဘက်အဖျားတစ်နေရာက တဲလေးတစ်လုံးမှာ စောင့်ခိုင်းထားသည်။ သို့ပေမဲ့ စဉ်းစားကြည့်လျှင် အိန္ဒိယစစ်တပ်စခန်းနှင့် နီးနေသဖြင့် မနေ့ညနေက လူစိမ်းတွေ ရောက်လာသည့်အကြောင်း သိုးသိုးသန့်သန့် ကြာမိသွားပလား အတွေးနှင့် ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ ရင်တမမနှင့် တစ်နာရီခန့် စောင့်နေကြရသည်။

နောက်ဆုံးတစ်နာရီခန့်အကြာတွင် အထမ်းသမားများနှင့် ပြန်လာကြရာ ကျွန်ုပ်က အချိန်မဆွဲနေဘဲ တက်သုတ်ရိုက်ကြဖို့ ဖိပြောသဖြင့် သူတို့ ဝန်ထုပ်တွေကို စုစည်းထမ်းပိုး၍ မွန်းတည့်နေပူပူအောက်တွင် ခရီးထွက်ကြသည်။

တစ်နာရီခရီးမျှ ခပ်သုတ်သုတ် လျှောက်လာပြီးနောက် လောင်ဗာတောင်ရိုးအောက်ဘက် တောဖုံးနေသော လျှိုကြီးအတွင်းမှ စမ်းချောင်းသို့ ရောက်လာသည်။ ယခု ကျွန်ုပ်တို့ရောက်နေသော နေရာမှာ မြန်မာဘက်ခြမ်းမှ နယ်စပ်အဖြစ် သတ်မှတ်ထားသော ရေဝေကုန်းတန်းဖြစ်၍ ထိုမှ အရှေ့ဘက်ချင်းတွင်းသို့ စီးဆင်းသွားသည်။ ကျွန်ုပ်တို့နောက်တွင် ကျန်ခဲ့သော တောင်ရိုးပေါ်က အိန္ဒိယတပ်ဖွဲ့များ တပ်စွဲရာနေရာကို မျှော်ကြည့်လိုက်သည့်အခါ ပြောင်းသလင်းခါနေပြီး စမ်းချောင်းကို ကျော်လိုက်သည်နှင့် နောက်ထပ်တောင်ရိုးတစ်ခုသို့ရောက်လာရာ ဤ၌ မြင်ကွင်းထဲ လောင်ဗာ ပျောက်ကွယ်သွားပြီးနောက်တွင်မူ ကျွန်ုပ်တို့အတွက် ဦးဆုံးအကြိမ် တကယ်ပင် စိတ်ဒုံးဒုံးချ နိုင်ပြီဖြစ်သောနေရာရောက်လာပြီဟု ခံစားလိုက်ပါ၏။

သို့ပေမဲ့ မကြာပါချေ။ ဆယ့်လေးငါးလှမ်းလှမ်းမိသည်နှင့် ရှေ့ဆက်ရမည့် ခြေလျင်ခရီးအတွက် ကျွန်ုပ်နှင့်ဆိုင်နောင့် နှစ်ယောက်လုံး အဆင်သင့်မဖြစ်သေးကြောင်း သဘောပေါက်သည်။ ဆိုင်နောင့်ကလည်း မီးဖွားပြီးတာမှ နှစ်လသာရှိသေး။ ကျွန်ုပ်ကလည်း သုံးလမျှ နေအလင်းရောင်မရှိ။ ကိုယ်လက် လေ့ကျင့်ခန်းလည်း မလုပ်နိုင်ဘဲ အခန်းကျဉ်းလေးထဲ အောင်းနေရသဖြင့် လူလုံးပင် မပေါ်တော့။ ဖြည်းဖြည်းချင်းလျှောက်နေရင်း ဒူးတွေ၊ ခြေထောက်တွေ တဆတ်ဆတ်တုန်ရမ်းလာသဖြင့် နားနားပြီးသွားနေရသလို ဆိုင်နောင့်လည်း ထို့အတူ၊ မတ်မတ်စောက်စောက် အတက်ခရီးဆိုလျှင် မောလွန်းလို့

www.nyisay.com

မြန်မာပြည်အနောက်မြောက်ဝိုင်း ကျေးရွာတစ်ရွာမှ နာဂယောကျ်ားလေးတစ်ဦး။

အသက်များပင် ထွက်တော့မလားထင်ရသည်။ သို့ပေမဲ့ နားချင်တိုင်းနားမရ၊ ခရီးပေါက်ဖို့ တွန်းလျှောက်နေရသည်။

တောင်ကြားလမ်းတချို့က တောင်အောက်စမ်းချောင်းလေးတွေဆီ ဆင်းသွားသလို တောင်ကုန်းပေါ်ကော့တက်သွားပြီး လှိုချောက်ကြီးထဲ နိမ့်ဆင့်သွားရာ၊ ဤနည်းဖြင့် တောင်ရိုး တစ်ရိုးနှင့်တစ်ရိုး ဆက်၍ နိမ့်ချည်၊ မြင့်ချည် လာခဲ့ရာ အမြင့်ဆုံး ပတ်ကွေ့ဝိုင် တောင်တန်းတစ်နေရာမှာ တည့်တည့်မတ်မတ်ဖြစ်လာခဲ့ကြသည်။ ကျွန်ုပ်တို့ထဲမှာ ယခုအထိ မမောမပန်း ကြဲကြဲခံ လျှောက်နိုင်သူတို့က ဆာကူလန်းဘာနှင့် ခွန်းညက်မှ ကောင်မလေး၊ သူမက ကလေးကို နောက်ပိုးလျက် လိုက်လာသည်။ ကျွန်ုပ်တို့အထုပ်အပိုးတွေကို လောင်ဗာရွာမှ လူကြီးတစ်ယောက်နှင့် ကောင်လေးနှစ်ယောက်တို့က ထမ်းပိုးလာသည် ဆိုသော်လည်း သူတို့စိတ်သူတို့ကိုယ်နှင့် ပါလာကြသည်မဟုတ်၊ နာဂပြောက်ကျားတွေက အတင်းအကျပ် ပေါ်တာဆွဲခြင်းဖြစ်ရာ ဤကိစ္စအတွက် စိတ်မကောင်းသဖြင့် လမ်းခရီးတွင် နားတိုင်း သူတို့ကို ကျွန်ုပ်က စီးကရက်တစ်လိပ်စီ ပေးပြီး ချော့ရသည်။ ကျွန်ုပ်တို့နှင့် အတူ လိုက်လာသော NSCN ပြောက်ကျားရဲဘော် စုစုပေါင်း ခြောက်ယောက်ဖြစ်ပြီး လူငယ်များဖြစ်၍ အတွေ့အကြုံရင့်ပုံမရ၊ ယူနီဖောင်းနှင့် တူတူတန်တန်ဆို၍ တစ်ယောက်မှ မဝတ်၊ တစ်ယောက်က မြက်ဦးထုပ်ဆောင်းထားပြီး သုံးယောက်မှာ ဖိနပ်မရှိ၊ ခေါင်းဆောင် လုပ်သူက ဗမာစကားကို နာဂသံဝဲဝဲနှင့် ပြောနိုင်သည့်တိုင် တစ်ခါတစ်ခါ ဘာတွေပြောလို့ ပြောမှန်းမသိ၊ လောင်ဗာရွာမှ နာရီအနည်းငယ်သွားရသော ယန်းချောင်းရွာတွင် ဗမာစစ်

www.nyisay.com

မြန်မာပြည်ဘက်မှ မြင်တွေ့ခဲ့ရသော ပတ်ကွိုင်တောင်တန်း။

တပ်စခန်းချနေကြောင်းကိုတော့ သူ့စကားထဲက နားလည်လိုက်သည်။ တစ်နေရာတွင် နားကြရာ ဟိုးအဝေးတောင်ရိုးပေါ်က မီးခိုးတွေအုံတက်နေသော နေရာကို လက်ညှိုးညွှန်ပြသည်။ ထိုနေရာတစ်ဝိုက်တွင် ဗမာစစ်တပ်များ ကင်းလှည့်တတ်ပြီး အချို့နေရာများတွင် ပြောက်ကျားနာဂတို့နှင့် ပက်ပင်းတိုးကာ မကြာခဏ ပစ်ကြခတ်ကြပုံရသည်။ ဤဒေသတွင် ခေါင်းဖြတ်သော အလေ့အထမှာ မကြာသေးခင် နှစ်များအထိ ရှိနေရာ ရွာသူရွာသားတွေကလည်း လုံခြုံရေးအရ ရွာတွေကို တောင်ထိပ်ပေါ်မှာ တည်ထားကြသည်မှာ အစဉ်အလာအလိုဖြစ်နေသည်။ ဗမာပြည်ထဲမှ ပထမဆုံးစွေ့ရမည့် နာဂရွာလေး တစ်ရွာသို့ လျှောက်လိုက်ရသည့် ခရီးကား တောင်တက်ခရီးဖြစ်၍ ကျွန်ုပ်တို့တွင် ရှိရှိသမျှအားအင်တွေ အကုန် ကုန်သွားရော့သလား အောက်မေ့ရသည်။ ရွာထဲသို့ ဝင်လိုက်သည့်အခါ ရွာအမည်မှာ ခမိုးဖြစ်ပြီး အိမ်ခြေတစ်ရာကျော် တည်သောရွာကြီးဖြစ်ကြောင်း သိရသည်။ လောင်ဗာမှ ဤနေရာအထိ လေးနာရီလောက် လျှောက်လျှင် ရောက်နိုင်ပါသော်လည်း ယခု ကျွန်ုပ်တို့ အခြေအနေကြောင့် အချိန်နှစ်ဆယူခဲ့ရသည်။ သို့ပေမဲ့ ကျွန်ုပ်တို့အားလုံး လန်းဆန်းနေကြသည်။

ရွာထဲဝင်လာချိန်တွင် အလင်းရောင်အတော်နည်းနေသော်လည်း ကျွန်ုပ်လို လူဖြူတစ်ယောက်ကို မြင်လိုက်ရသဖြင့် ရွာသူရွာသားတွေ လူပ်လူပ်ရွရွဖြစ်သွားကြသည်။ နာဂ သူပုန်တို့နှင့်အဆက် ရှိသူတိုင်း ဤလမ်းကြောင်းမှ ဖြတ်သွားဖြတ်လာရှိကြသဖြင့် ကျွန်ုပ်တို့လည်း သူပုန်အဖွဲ့ဝင်တစ်ယောက်ဟု ယူဆကြပုံရသည်။ သူတို့က ဤပုံ ဤ

www.nyisay.com



နည်း ကျွန်ုပ်ကို စပ်စုအကြည့်ကြည့်ကြသလို ကျွန်ုပ်ကလည်း သူတို့ အနေအထားကို ကြည့်ပြီး အတော်လေးစိတ်ဝင်စားသွားသည်။ ယခုတွေ့နေရသော နာဂတွေက ကိုဟီးမား တွင် တွေ့ခဲ့ရသည့် နာဂတွေနှင့် ဘာမှမဆိုင်။ ဒီက နာဂ အများစုက သနားစရာကောင်း လောက်အောင် ချို့တဲ့ကြသည်။ အသက်အရွယ်မရွေး ယောကျ်ား၊ မိန်းမတိုင်း ကိုယ်ထီး ဗလာကျင်းလျက် အရှက်လုံရုံအဝတ်ပိုင်းလေးနှင့်သာ အောက်ပိုင်းကို ဖုံးထားကြသည်။ အဝတ်တွေကလည်း လက်ဖြစ် ဖျင်ကြမ်းကြီးတွေ၊ ပြေလည်သူ အချို့သာ အိန္ဒိယမှ လာသော ပိတ်စများနှင့် ဗမာစတိုင် လုံခြည်၊ အင်္ကျီချုပ်ဝတ်ထားကြသည်။ သို့ပေမဲ့ မိန်းမတွေမှာ ဘရာစီယာဆိုတာမျိုးကို လုံးလုံးလျားလျား မတွေ့ရ။ တဲကြီးတစ်တဲရောက်သည့်အခါ အထုပ်အပိုးတွေ အောက်ချကြပြီး နားကြရာ မီးဖိုဘေးတွင် ထိုင်နေသော နာဂတစ်ယောက်က ကျွန်ုပ်ကိုကြည့်ပြီး နာဂစစ်သားတစ်ယောက်ကို တစ်ခုခု မေးလိုက်သည်။ ပြီးနောက် ဆာကူလန်းဘာက ရယ်ရင်း ကျွန်ုပ်ကိုမေးသည်။

"သူတို့က သိချင်နေတယ်၊ ခင်ဗျားက ဘယ်ကလဲတဲ့ အိန္ဒိယကလား၊ ဗမာပြည်ကလားတဲ့"

ကျွန်ုပ်က ဗမာတစ်ယောက်ဖြစ်ပြီး ရန်ကုန်ကလာကြောင်းပြောလိုက်ရာ၊ ကျွန်ုပ် အဖြေကို သဘောကျသွားပုံရသည့်တိုင် ရန်ကုန်ဆိုတာကိုပင် သိကောသိပါ့မလားဟု သံသယဖြစ်မိသည်။ ထိုညက ခမိုးရွာတွင် ကျွန်ုပ်တို့ မြေကြီးပေါ်တွင် အခင်းခင်း၍ အိပ်ကြရသည်။ နောင်မှသိရသည်မှာ နာဂအိမ်အားလုံး အခင်းမရှိ၊ ပြူတင်းပေါက်မရှိ၊ မြေစိုက်တဲဖြစ်ပြီး အဝင်အထွက်တံခါးမကြီးတစ်ခုသာရှိသည်။ သို့ပေမဲ့ တဲထဲက မြေတလင်းကို ချောမွတ်နေအောင် လုပ်ထားပြီး အလယ်ခေါင်တည့်တည့်တွင်မူ ထင်းမီးဖိုကြီးကို နေ့ရော ညရော မွေးထားသည်။ ဤတွင် ပြဿနာတစ်ခုက ညဘက်တွင် ကြွက်တွေရောက်လာတတ်သဖြင့် ဆိုင်နောင့်က တုတ်တစ်ချောင်းဖြင့် သမီးလေးအနားမှာ တစ်ညလုံး မအိပ်ဘဲ ကင်းစောင့်နေခဲ့ရသည်ကို မနက်မိုးလင်းခါမှ ကျွန်ုပ်လည်း သိလိုက်ရသည်။ ထိုနေ့မနက်မှာပင် ဆာကူလန်းဘာက ကျွန်ုပ်တို့ကို ထားခဲ့ပြီး ကိုဟီးမား ပြန်သွားသည်။

"ကျွန်တော် အတတ်နိုင်ဆုံး လုပ်ခဲ့ပြီးပါပြီ။ ကျွန်တော်ပြန်တော့မယ်။ အခု ခင်ဗျားတို့ ခရီးအတွက် စိတ်ချရပါပြီ။ နာဂစစ်သားတစ်ယောက်ကလည်း ဗမာလို ပြောတတ်တယ်မဟုတ်လား"

ဆာကူလန်းဘာကို ကျွန်ုပ်တို့က ကျေးဇူးတင်ကြောင်း ပြောပြီး လက်ပြန္နတ်ဆက်ခဲ့ကြသည်။ သူအကူအညီမရလျှင် သည်နေရာအထိ ကျွန်ုပ် မရောက်နိုင်သဖြင့် သူ့ကို ကျေးဇူးအထူးတင်ရပါ၏။ သို့ပေမဲ့ သူ့အနေနှင့် NSCN အပေါ် အယုံအကြည်မရှိသဖြင့် ဌာနချုပ်အထိ မလိုက်လိုကြောင်း ကျွန်ုပ်တို့ ကောင်းကောင်းသိထားသည်။ နောက်တစ်ချက်က NSCN ဌာနချုပ်သို့ ပါသွားကြောင်း ကိုဟီးမားမှ အာဏာပိုင်တွေ သိသွားလျှင် သူ ဒုက္ခရောက်သွားနိုင်သည်။

www.nyisay.com



ဆာကူလန်းဘာ ထွက်သွားအပြီး ကျွန်ုပ်တို့အဖွဲ့လည်း ခရီးဆက်ထွက်ခဲ့ရာ နာဂစစ်သား ၆ ယောက်၊ သမီးလေးကို ခွန်းညက်ကောင်မလေးက နောက်ကျောပိုးလျက်၊ ဆိုင်နောင်နှင့် ကျွန်ုပ်တို့က အထုပ်အပိုးကိုယ်စီနှင့် ခြေလျင်ခရီးစခဲ့ကြသည်။ ထိုနေ့က ကောင်းကင်တစ်ခွင်လုံး ရှင်းလင်းကျင်းလျက်နေသာနေရာ ဟိုးအဝေးက နိမ့်ချည်၊ မြင့်ချည်နှင့် စိမ်းညို့ညို့တောင်တန်းကြီးကို မျက်စေ့တစ်ဆုံး မြင်တွေ့နေရသည်။ ယခု ကျွန်ုပ်တို့သွားနေသော လမ်းက တောင်ကြားဆင်ခြေလျောအဆင်း၊ ယခုအချိန်အထိ ကျွန်ုပ်နှင့် ဆိုင်နောင်အဖို့ ကောင်းကောင်းအားအင် ပြန်မပြည့်သေးသဖြင့် အားနည်းပြီး ဟောဟဲဆိုက်နေပါသော်လည်း ဖြည်းဖြည်းနှင့်မှန်မှန် လာခဲ့ကြသည်။

ကျွန်ုပ်တို့ လျှောက်နေသော လမ်းမှာ ဘာကြောင့် ဤမျှခက်ခဲနေရသည်ကို ပထမ နားမလည်၊ တောင်တွေကို ကွေ့ပတ်၍ မြွေလိမ်မြွေကောက်လမ်းအတိုင်း လိုက်သွားလျှင် သက်သာနိုင်ပါသော်လည်း လုံခြုံရေးအတွက် ယခုလို တောင်ထိပ်တစ်ထိပ်မှ တစ်ထိပ်သို့ တောက်လျှောက် ဖြတ်နေရသဖြင့် အဆမတန် ပင်ပန်းနေရခြင်း ဖြစ်သည်။ သို့ပေမဲ့ တောင်ထိပ်တွေပေါ်က သွားနေရသဖြင့် ဘေးဘီဝန်းကျင်တစ်ခုလုံးကို အပေါ်စည်းမှ မြင်တွေ့နေရပြီး လုံခြုံရေးအတွက် တပန်းသာသည်။ ခေါင်းဖြတ်သူနှင့် ပက်ပင်းတိုးလျှင်တော့ ခြေကုန်သုတ်ပြေးဖို့အတွက် အင်အားလိုသည်။

သို့ဖြင့် ရွာငယ်လေးတစ်ရွာကို ဖြတ်လျှောက်လာရာ မကြာခင်မှာပင် လူရိပ်လူခြေဆို၍ မတွေ့ရလောက်အောင် ကင်းပြတ်သွားရာ ဗမာစကားတတ်သော နာဂရဲဘော်က အစိုးရတပ်တွေကို ကြောက်သဖြင့် ဘေးကင်းရာသို့ ရွာသားတွေ ပြေးကြကြောင်း ပြောသည်။ တစ်နေရာ အရောက်တွင် ဟိုးအဝေး တပ်စခန်းမှ မီးခိုးတလူလူ အုံနေသည်ကို တွေ့ရသဖြင့် လွန်ခဲ့သော နှစ်ရက်သုံးရက်က ထိုနေရာ၌ တိုက်ပွဲငယ်လေးတစ်ခု ဖြစ်ခဲ့သည်ဟု ဆိုသည်။ သူပြောသလို ဗမာတပ်များနှင့် မကြာခဏ တိုက်ပွဲဖြစ်နေရသည်ကိုမူ သံသယရှိစရာမလို။ ကျွန်ုပ်တို့ဖြတ်လာသော ရွာနီးချုပ်စပ်တွင် လူတစ်ရပ်မှီးနီး ကတုတ်ကျင်းတွေတူးထားပြီး တောလမ်းများလည်း ရှိရာ၊ ထိုမှအလောင်းတို့ကို ဆွဲထုတ်ခဲ့သည်မှာ သေချာသည်။

'ကယုလောင်းခိုင်'ခေါ် ရွာငယ်လေးသို့ ရောက်လာချိန်တွင် နေအတော်ကျနေပြီ။ ဤ၌လည်း လူရိပ်လူယောင် ကို့ကို့ကျဲကျဲသာ တွေ့ရသည်။ ထိုအခိုက် အပေါ်ပိုင်းကိုယ် ဗလာနှင့် လူအချို့ အလောင်းတစ်လောင်းကို ဝါးကပ်စင်နှင့်ထမ်းလျက် ပါးစပ်ကလည်း ဧယဉ်ကျူးသလို ခတ်ဆန်းဆန်းအသံတို့ကို ဝမ်းနည်းစွာနှင့် သံပြိုင်ရွတ်ဆို၍ တစ်နေရာသို့ ဖြည်းဖြည်းချင်း လျှောက်နေကြရာ သူတို့လူစု ဝေးသွားသည်နှင့် အသံတွေလည်း တိမ်ဝင်သွားသည်။ ဤတွင် ဆိုင်နောင်က ဗမာစကားတတ်သော ရဲဘော်ကို အကျိုးအကြောင်း မေးကြည့်ရာ အတော်ဆိုးဝါးသော အခြေအနေမှန်း သိလိုက်ရသည်။ ရဲဘော်၏ စကားအရ

www.nyisay.com



ဆိုလျှင် ဤနေရာဒေသတစ်ဝိုက်တွင် ရွာနေရွာထိုင် မိသားစုအတော်များများ ရွာကို စွန့်ခွာသွားနေသည်မှာ ဗမာတွေကို ကြောက်သည့်အကြောင်း တစ်ခုတည်းမဟုတ်၊ ပလိပ်ရောဂါဆိုးကြီး ကူးစက်နေပြီး တဖြတ်ဖြတ်သေနေသည့် အကြောင်း သဘောပေါက်လိုက်ရာ ကျွန်ုပ်တို့လည်း ချက်ချင်း အကာအကွယ်တွေ ပြင်ဆင်ရတော့သည်။ ရေကို ကျိုချက်သောက်ရသည်။ ကျွန်ုပ်တို့နှင့်အတူ ခြင်ထောင်လေးတစ်လုံးပါလာသဖြင့် လေးတိုင်စင်တဲလေး လက်ကတောက်ချင်းဆောက်ပြီး ညအိပ်သည့်အခါ သမီးငယ်ကို ကျွန်ုပ်တို့လင်မယားကြားတွင် ထားသိပ်ရသည်။ သို့ပေမဲ့ သတိတစ်ချက် လွတ်သွားသည့်အတွက် အားလုံးငါးပါးမှောက်တော့မလို ကံကောင်း၍သာ တော်သေးသည်။ ဖြစ်ပုံက ဒီလို၊ ထိုညက ဆန်ထုပ်လေးတစ်ထုပ်ကို ခေါင်းအုံးလုပ်ပြီး အိပ်ခဲ့ရာ သန်းခေါင်အချိန်တွင် ကြွက်တစ်ကောင် ခြင်ထောင်ထဲဝင်လာပြီး ဆန်အိတ်ကိုဖောက်ဖို့ ကြိုးစားခဲ့ကြောင်း မနက်ရောက်မှ သိရသည်။ သို့ပေမဲ့ ဆန်အိတ်ကို ဘာကြောင့် မဖောက်နိုင်ဘဲ ပြန်ပြေးသွားသည်မသိ၊ ဆိုင်နောင့်က ကျွန်ုပ်၏ ဟောက်သံကြောင့် ကြွက်လန့်ပြေးသွားသည်ဟု ထင်ကြေးပေးသည်။

နာဂရဲဘော်တွေက ဌာနချုပ်သို့ ကြိုတင်သတင်းပို့ပြီးခါမှ ခရီးဆက်ချင်ကြသဖြင့် NSCN ဌာနချုပ်သို့ ဆက်သားတစ်ယောက်စေလွှတ်ပြီး သူပြန်လာချိန်အထိ ကရုလောင်းခိုင် ရွာကလေးမှာ စတည်းချနေကြသည်။ ဆက်သားနှင့်အတူ ယခင် ကျွန်ုပ်တို့ စာကိုလည်း တွဲပေးလိုက်သည်။ သို့ရာတွင် ကျွန်ုပ်တို့ စခန်းချနေသော ရွာမှာ ပလိပ်ရောဂါ ပျံနှံ့ကူးစက်နေသလို မြန်မာစစ်တပ်စခန်းချရာနှင့်လည်း နာရီအနည်းငယ် ခြေလျင်လျှောက်လျင် ရောက်နိုင်လေရာ ဤနေရာတွင် လုံးဝမနေသင့်ကြောင်း ကျွန်ုပ်တို့က ဖိပြောသဖြင့် နှစ်ညမြောက်နေ့တွင် ဆက်ထွက်လာခဲ့ကြသည်။ သို့ပေမဲ့ ကယုနော့ညူခေါ် နောက်တစ်ရွာ ရောက်လည်းမထူး အကြောင်းဆိုးနေဆဲ၊ ရွာအဝင်တွင် မကြာသေးခင်ကမှ မြေမြှုပ်ထားသော လတ်လတ်ဆတ်ဆတ် သနှီုင်းမြေပုံတို့ အစီအရီရှိနေပြီး သစ်သား (သို့) ဝါးနှင့် လုပ်ထားသော လက်ဝါးကပ်တိုင်လေးတွေ စိုက်ထူထားရာ ရွာထဲရောက်သည့်အခါတွင်လည်း ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ် လူရယ်လို့ တစ်ယောက်မျှ မရှိ၊ အားလုံးယဲ့ယဲ့ လှုပ်ရုံမျှသာ ရှိ၍ အလောင်းစင်ထမ်း သူတို့သည်လည်း နောက်နေ့ပင် မကူးဘဲ ပလိပ်ရောဂါဖြင့် အတုံးအရုံးသေကြရကြောင်း ရွာထဲမှာ ပြောဆိုနေကြသည်။ ပြဿနာက ကျွန်ုပ်တို့အတွက် အထမ်းသမားတစ်ယောက် နှစ်ယောက် လိုနေရာ နာဂ ရဲဘော်တွေက နာမကျန်းဖြစ်နေသော ရွာသားနှစ်ယောက်ကို သေနတ်နှင့်ချိန်ပြီး ပေါ်တာ ဆွဲတော့မည်တွင် ကျွန်ုပ်တို့က ၄င်းလုပ်ရပ်ကို လုံးဝကန့်ကွက်ပြီး သည်လိုဆိုလျှင် ကျွန်ုပ်တို့ ပစ္စည်းတွေကို ကိုယ့်ဘာသာ သယ်မည်ဖြစ်ကြောင်း ကန့်ကွက်ကြရာ နာဂ ရဲဘော်က ဆင်ခြေပေးသည်။

"ဒါဆိုရင် ကျုပ်တို့က ဘာလုပ်နိုင်မှာလဲ၊ ဒီမှာ ရွာရှိလူကုန်နေမကောင်းဖြစ်နေကြတာပဲ"

www.nyisay.com



သို့ရာတွင် တစ်ခဏ ပြောဆိုပြီးနောက် လူပ်လိ၊ လူပ်ရဲ့ လူတွေနှင့်စာလျှင် ကျန်းမာသည် ထင်ရသော နာဂနှစ်ယောက်ကို ပိုက်ဆံပေးငှားရမ်းနိုင်ခဲ့သည်။ ကျွန်ုပ်တို့ ကျောပိုးအိတ်တို့ကို နာဂနှစ်ယောက်က ကြိမ်ခြင်းတောင်းကြီးတွေထဲထည့်ပြီး ခြင်းနှင့် ချည်တုပ်ထားသော သားရေကြိုးပြားကို နဖူးတွင်သိုင်း၍ ခြင်းကို နောက်ကျောပိုး ကြရာ၊ ကျွန်ုပ်တို့က ကျောပိုးအိတ်တို့ကို ဘယ်လိုလွယ်ရကြောင်း လက်တွေ့လွယ်ပြပါသော်လည်း သူတို့က ခေါင်းတခါခါနှင့် ဆိုခဲ့သလို သူတို့နည်း၊ သူတို့ဟန်ဖြင့် အထုပ်သယ်ခြင်းသည်သာ တစ်ခုတည်းသောနည်းအဖြစ် မှတ်ယူထားပုံရသည်။ ကယုနော့ညူ ရွာမှလွန်သော် တောင်ကြားချိုင့်ဝှမ်းလေးထဲ ရောက်လာသည်။ တောင်ကြားချိုင့်ဝှမ်းက ကျဉ်းမြောင်းသော်လည်း အရှေ့ဘက်တောင်တန်းတို့တွင် ကျွန်ုပ်တို့ တွေ့ခဲ့မြင်ခဲ့ရသော ဆည်ရေသောက် စပါးခင်း တစ်ခင်းနှင့် ကြည်နူးစရာကောင်းသည်။ သို့ပေမဲ့ နာဂတို့ ထုံးစံအတိုင်း သက်တောင့်သက်သာသွားနိုင်သည့် လမ်းမျိုးကိုမလိုက်၊ အထက်ဘက် ထောင်တက်သွားရာ၊ တစ်နေရာ အရောက်တွင်မူ ဒလဟောစီးနေသော တောင်ကျချောင်းတစ်ခုကို မုဒရက်နွယ်တို့ ယှက်ရက်၍ လုပ်ထားသော တံတားဖြင့် ဖြတ်လာခဲ့ကြသည်။ ဆွီဒင်တွင် ယှက်ထားသော မုဒရက်အနွယ်ဆိုလျှင် ၄က်ကျားသိုက်ဖြစ်မည်ဟုသာ သိထားကြသည်။ မုဒရက်နွယ်ပင်တို့ဖြင့် တံတားလုပ်ရာတွင် နွယ်ပင်တို့ကို မြေကြီးမှာ ချည်နှောင်ထားတာမျိုး မရှိ။ တစ်ဖက်သို့ ဖြတ်ရာ၌ တန်းထားသော ပိုက်ကွန်ကို အလျားလိုက် တွယ်ကပ်သွားရတာမျိုး ဖြစ်သည်။

မုဒရက်တံတားကို ဖြတ်လာပြီး တအောင့်အကြာ ကျွန်ုပ်တို့လာရာလမ်းရှေ့ ခတ်လှမ်းလှမ်းတွင် မတ်တတ်ရပ်နေသော လူငယ်နှစ်ယောက်ကို တွေ့လိုက်ရပြီး သူတို့အဆင်အပြင်တွေအရ နာဂအရာရှိတွေဖြစ်ကြောင်း သိနိုင်သည်။ ဖာထေးရာဗရပွနှင့် ဂျင်းဘောင်းဘီဝတ်ထားပြီး ကောင်းဘွိုင်ဦးထုပ်ဆောင်းထားကြသည်။ ခါးတွင်မူ သားရေအိတ်နှင့် ပစ္စတိုကိုယ်စီချိတ်ထားရာ ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် ၄င်းတို့ကား အိန္ဒိယဘက်မှ နာဂတွေဖြစ်၍ ကျွန်ုပ်တို့ကို ရပ်စောင့်နေသည်မှာ သေချာသည်။ သူတို့အနားရောက်သွားသည့်အခါ နှုတ်ခမ်းမွေးကျို့တို့ ကျဲတဲနှင့် မျက်နှာပေါက်ဆိုးဆိုး တစ်ယောက်က လမ်းနဘေးမှ မြက်ဖုတ်တစ်တွက် လေတစ်ကွက်ကို မချေမငံနှင့် လက်ညှိုးညွှန်ပြပြီး ထိုင်ခိုင်းနေသဖြင့် ကျွန်ုပ်တို့အားလုံးထိုင်ချလိုက်ကြသည်။ သို့ပေမဲ့ ကျွန်ုပ်တို့နှင့် အစောင့်အဖြစ် လိုက်ပါလာသော ရဲဘော်လေးတစ်ယောက်ကို သူတို့ထဲကတစ်ယောက်က အော်ဟောက်လိုက်သည့်အခါမှာတော့ တာဝန်ရှိသူတစ်ယောက်ယောက်နှင့် တွေ့ရပြီဆိုပြီး စိတ်ဒုန်းဒုန်းချထားရာက ချက်ချင်း ထိတ်ထိတ်ပြာပြာ ဖြစ်ရပြန်သည်။ သူတို့အချင်းချင်း နာဂမက်ဆီဘာသာစကားဖြင့် ပြောကြသည်။ နာဂမက်ဆီဘာသာစကားမှာ အာသံနှင့် ဟင်ဒီဘာသာစကားတို့ကို ရောစပ်ထားသောကပြားဘာသာ စကားတစ်ခုဖြစ်ပြီး

www.nyisay.com



အိန္ဒိယဘက်ခြမ်းမှ လူမျိုးစုတွေ အသုံးများကြသည်။ သူတို့ဆိုနေသည်ကို အကဲခတ်ခြင်းဖြင့် ဌာနချုပ်မှ ကြိုတင်ခွင့်ပြုမိန့်မရဘဲ ကျွန်ုပ်တို့ကို သည်နေရာအထိ ဘာကြောင့် ခေါ်လာရကြောင်း ရဲဘော်လေးတွေကို သဟောက်သဟမ်းနှင့် မေးနေသည်ကို မှန်းဆသိနိုင်သည်။ အရာရှိနှစ်ယောက်အနေနှင့် အင်္ဂလိပ်လို ပြောနိုင်မည်ယူဆရသော်လည်း No တစ်လုံးကို ဘုဆတ်ဆတ်ပြောရုံမှအပ ကျွန်ုပ်နှင့် စကားပြောဖို့ ငြင်းနေကြသည်။ ထိုနောက် ကျွန်ုပ်တို့ထဲမှ ဗမာစကားပြောနိုင်သူကို ဆင့်ခေါ်ပြီး ကျွန်ုပ်တို့ဘေးတွင် ထိုင်ခိုင်းပြီး နာဂမီး(စ်) စကားနှင့် ဗမာစကား အပြန်အလှန်ပြော၍ စစ်ကြောရေးစတင်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ"၊ အရာရှိနှစ်ယောက်က ဒေါနှင့် မောနှင့်မေးနေသည်။

"ကျုပ်က ဂျာနယ်လစ်တစ်ယောက်၊ ဒါက ကျုပ်မိန်းမ ဓာတ်ပုံ ဆရာမ မင်းတို့ ဌာနချုပ်ကို ကျုပ်တို့လာမယ့် အကြောင်းသတင်းပို့ထားပြီး သူတို့ ငါတို့ကို စောင့်နေကြလိမ့်မယ်"

ကျွန်ုပ်က စိတ်ကို အတတ်နိုင်ဆုံးလျော့ချရင်း KIA မှ မိတ်ဆက်စာကို ထုတ်ပေးလိုက်ရာ သူက ဖတ်ကြည့်ပြီး ကျွန်ုပ်ထံမှ နိုင်ငံကူးလက်မှတ် တောင်းသည်။ နိုင်ငံကူးလက်မှတ်တွင် ကျွန်ုပ်နာမည်က ဘာတီးလ်လင့်တနာဖြစ်ပြီး မိတ်ဆက်စာတွင်မူ ဂျွန်ဟန်မင်တန်ဟုပါရှိရာ ဤမှာပင် ကျွန်ုပ်ကို ရန်လုပ်တော့သည်။ ကျွန်ုပ်က အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ယခုလိုနာမည်ကို လှီးလွှဲ၍ ရေးသားရကြောင်း၊ အကြေအလည် ရှင်းပြပြီး၊ ၄င်းတို့အထက်အရာရှိများနှင့် အဆက်အသွယ်ယူပေးဖို့သာ တွင်တွင် ပြောပါသော်လည်း သူကို နားမပေါက်။ ကျွန်ုပ်ကို ပြန်၍ပင် အော်ငေါက်လိုက်သေးသည်။ "ခင်ဗျားမှာ ဖြတ်သန်းခွင့် မရှိဘူး။ ဒါကြောင့် ခင်ဗျားကို သူလျှိုအနေနဲ့ ပစ်သတ်လို့ရတယ်။ ဘာထင်နေလဲ"

ကျွန်ုပ်ဒေါသကို အနိုင်နိုင်ထိမ်းချုပ်ရင်း သူနှင့် နာရီဝက်မျှ အကြိတ်အနယ် ပြောပြီးနောက်တွင်မူ သူ့ဘက်က သဘောထားပျော့ပျောင်းလာသည်။ ကျွန်ုပ် စကားက သူတို့ခေါင်းဆောင်တွေလိုလားသော ဇည့်သည်တွေဖြစ်ကြောင်း သဘောပေါက် သွားပုံရသည်။ နောက်ဆုံးကျွန်ုပ်တို့အဖွဲ့နှင့် သူတို့အတူလိုက်ပါပြီး ကယုနာဆာရွာသို့ ခရီးဆက်လာခဲ့ကြသည်။ ဤရွာသည်လည်း နာဂတို့ထုံးစံအတိုင်း မြင့်မဲ့ဆိုသော တောင်ထိပ်တွင် တည်ထားသည်ကို အဝေးမှမြင်ရသော်လည်း ကျွန်ုပ်အံ့အား သင့်ရသည်မှာ ယခင်လာခဲ့သလို ခက်ပေ့ကြမ်းပေ့ဆိုသော တောင်တက်လမ်းမျိုးက မသွားတော့ဘဲ၊ မြွေလိမ်မြွေကောက် လမ်းဟောင်းအတိုင်း လိုက်လာခဲ့ကြရာ ဤခရီးကား ကျွန်ုပ်တို့အတွက် ပို၍ပင် ခက်ခဲပင်ပန်းလှသည်။ မီတာတစ်ရာနီးနီးတိုင်းတွင် မကြာခဏ ရပ်နားရပြီး အားအင်ပြန်ဖြည့်ပေးဖို့အတွက် ဂလူးကို့(စ်) မှုန့်ကို ပါးစပ်ထဲ သွန်ထည့်ပြီး ရေပုလင်းထဲကရေကို ကျိုက်

www.nyisay.com



ချလိုက်ရသည်။ သို့ရာတွင် ကျွန်ုပ်တို့ ဒုက္ခ၊ သုက္ခတွေက ရွာရောက်သည်အထိ မပြီးသေး၊ စောစောက ရန်စွယ်တငေါငေါနှင့် အရာရှိပေါက်စက ကျွန်ုပ်တို့ကို ဝါးတဲတစ်လုံးထဲ ခေါ်သွားဖို့ နှာမှုတ်၍ အမိန့်ပေးပြီး၊ ကျွန်ုပ်တို့ကို နောက်တစ်ကြိမ် စစ်ကြောရေးလုပ်ပြန်သည်။ သို့ပေမဲ့ ယခုတစ်ကြိမ်တွင်မူ သူတို့နှစ်ယောက်လုံး ဖော်ရွေကြပြီး တစ်ယောက်က အင်္ဂလိပ်လို သွက်သွက်လက်လက် ပြောလိုက်ရာ ပထမ စစ်ဆေးရေးလုပ်ခဲ့စဉ်က အင်္ဂလိပ်လို မပြောဘဲ၊ ဘာကြောင့် ဖုံးကွယ်ထားရသည်ကို တွေးမိပြီး ကျွန်ုပ်တို့ အံ့အားသင့်ရသည်။ တဲအတွင်းက ထင်းမီးဖိုဘေးတွင် ခင်းထားသော ထရံပေါ်တွင် ထိုင်၍ ကျွန်ုပ်တို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့သော တစ်ယောက်က လက်ထဲတွင် မှတ်စုစာအုပ်နှင့် ဘော(လ်)ပင်တစ်ချောင်းကိုင်ရင်း ကျွန်ုပ်ကို မေးလေတော့သည်။

"နယ်စပ်ဘယ်နေရာက ခင်ဗျားဖြတ်လာတာလဲ"

"လောင်ဗာက လွန်ခဲတဲ့ (၄) ရက်ကဖြတ်လာတာ"

"အဲဒီနေရာကို ဘယ်သူခေါ်လာ တာလဲ"

"ကျုပ်တို့ဘာသာလာတာ၊ ကျုပ်တို့လာနေပြီဆိုတာ မင်းတို့ ခေါင်းဆောင်တွေ သိတယ်"

"ဒါပေမဲ့... ခင်ဗျားမှာ ဖြတ်သန်းခွင့်မှ မပါတာ"

ကေအိုင်အေကစာပါတယ်လေ။ မင်းဖတ်ပြီးပြီပဲ။

"ကချင်က ကချင်၊ နာဂက နာဂပဲ။"

သူ့မှတ်ချက်ကြောင့် ကျွန်ုပ်မင်တက်သွားရပြီး နာဂအရာရှိပေါက်စ ကြည့်ရသည်မှာ နိုင်ငံရေးကို နားကန်းတစ်လုံးမျှ နားလည်ပုံမရ။ မေးနေရင်း ယခင်လို ရှူးရှူးရဲရဲ ဖြစ်လာပြီး လက်ထဲက ဘောပင်နှင့် ကျွန်ုပ်ကို ချိန်ရွယ်၍ မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

"မင်းကို ကျုပ် အခါတစ်ရာပြောပြီးပြီပဲ၊ ကျုပ်က ဂျာနယ်လစ်"

"ဒါဆိုရင် ဒီမှာဘာလာလုပ်တာလဲ"

"ကောင်းပြီ၊ ဒါဆိုရင် ဂျာနယ်လစ်တစ်ယောက်ရဲ့ အလုပ်က ဘာလဲ၊ ဒီနေရာကို ရောက်လာတဲ့ သတင်းထောက်တစ်ယောက်နဲ့ မင်းမကြဲဖူးဘူးလား၊ ကျုပ်သိသလောက် ကတော့ ၁၉၆၁ ခုနှစ်နောက်ပိုင်းတော့ ဒီဇရီယာကို နိုင်ငံခြားသတင်းထောက် တစ်ယောက်မှ ရောက်မလာခဲ့ဘူး"

"ဂျာနယ်လစ်တွေ ကျုပ်တို့ မလိုပါဘူး"

"ဒီကိစ္စက မင်းတို့ ခေါင်းဆောင်တွေ ဆုံးဖြတ်ရမယ့် ကိစ္စပါ။ ကျုပ်တို့လာနေတာ သူတို့သိပါတယ်"

"ကိုဟီးမားက ဘယ်နေရာမှာ တည်းခဲ့သလဲ"

"ကျုပ် မိတ်ဆွေအိမ်မှာ"

www.nyisay.com



''သူနာမည်က ဘယ်သူလဲ''

''သူ့ရဲ့ လုံခြုံရေးအတွက် သူနာမည်ကို မပြောဖို့ ကျုပ်ကတိပေးခဲ့တယ်''

''ကျွန်တော် မေးတဲ့ မေးခွန်းကို ခင်ဗျားငြင်းနေတာလဲ''

''ဘယ်အိမ်မှာ ခင်ဗျားတည်းခဲ့သလဲ''

''ဘာကြောင့် ဒီမေးခွန်းကို ထပ်တလဲလဲ မေးနေတာလဲ၊ အရေးကြီးတဲ့ အခြား မေးခွန်းတွေ မေးပါလား၊ ဥပမာ ကျုပ်အလုပ်အကြောင်း၊ ဒီနေရာကို လာရတဲ့အကြောင်း ပေါ့''

''ကျွန်တော့် အမိန့်ကို မနာခံရင် ချက်ချင်းပစ်သတ်လို့ရတယ်ဆိုတာ ခင်ဗျား မသိဘူးလား''

ယခုတစ်ကြိမ်တွင်တော့ ကျွန်ုပ် ဒေါသကို ထိန်းချုပ်မရတော့ ဆတ်ခနဲ မတ်တတ် ထရပ်လိုက်ပြီး သူမျက်နှာရှေ့မှာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပြောလိုက်သည်။

''ငါ ဒီနေရာ ရောက်လာတာ မင်းတို့တော်လှန်းရေးနဲ့ နာဂတွေအကြောင်းကို ပြည့်ပြည့်စုံစုံ သိချင်လိုလာတာပဲ''

''ဒီလိုလာရတဲ့အခါ ငါတို့ရဲ့ နို့စို့အရွယ်ကလေးနဲ့ ငါတို့မိသားတစ်စုလုံးရဲ့ အသက်ကို စွန့်စားပြီး လာခဲ့ရတယ်။ အခု မင်းက ငါတို့ကို သတ်မယ်ခြိမ်းခြောက်နေတယ်၊ ကောင်းပြီ ယခုချက်ချင်း မင်းတို့ရဲ့ အထက်လူကြီးတွေကို သွားမပြောဘူးဆိုရင် ဘယ်သူ အသတ်ခံရမယ်ဆိုတာ ငါသိတယ်။ အဓိပ္ပာယ်မရှိ စစ်ဆေးနေတာတွေကို ရပ်လိုက်ပါ''

''မြေအောက်မှာ လူပ်ရှားနေရတဲ့ဘဝကို ခင်ဗျားနားမလည်ပါဘူး''

''သွားစမ်းပါ၊ ငါနဲ့မရခင် ငါ့မိန်းမက ရှမ်းလက်နက်ကိုင်တပ်ဖွဲ့မှာ (၆) နှစ်လုပ်ခဲ့တယ်။ မင်းရော စစ်သားလုပ်လာတာ ဘယ်လောက်ကြာပြီလဲ''

ကျွန်ုပ်ကို မေးမြန်းနေစဉ် တစ်လျှောက်လုံး ဆိုင်နောင့်က အိပ်နေသော သမီးလေးကို ပွေ့ချီထားရင်း နောက်နားတွင် စကားတစ်ခွန်းမှ မပြောဘဲ ထိုင်နေခဲ့ပါသော်လည်း ယခုတွင်တော့ သူမလည်း ဒေါသတွေ ပေါက်ကွဲလာပြီး မျက်ရည်တွေ တွေတွေကျလျက် အသံတွေ တုန်တုန်ယင်ယင်နှင့် အရာရှိပေါက်စကို မကြားတကြား အမျိုးမျိုး ကျိန်ဆဲလေတော့သည်။

ဤတွင် စစ်ဆေးနေသူဘက်မှ တင်းမာတာတွေ ရုတ်တရက်လျော့ကျသွားပြီး မှုန်မှုန်ဆန်ဆန်ကြီး လုပ်၍ နှုတ်ပိတ်နေရာ ဆိုင်နောင့်ဆီက တဖျစ်ဖျစ် ကျိန်ဆဲ သံတွေလည်း တိတ်သွားပြီးနောက် စာရွက်လွတ်တစ်ရွက်ပေါ်တွင် စာနှစ်ကြောင်း သုံးကြောင်း ရေးလိုက်ပြီး တဲအပြင်ဘက် သုတ်ခနဲထွက်သွားသည်။

သမီးလေးကား သူမိခင်ရင်ခွင်ထဲ အိပ်မောကျနေဆဲ၊ တဲထဲတွင် ကျွန်ုပ်တို့နှင့်အတူ နာဂအရာရှိ နှစ်ယောက်နှင့် တပ်ဖွဲ့ဝင် စစ်သားလေးတချို့ ကျန်ခဲ့ရာ၊ အချို့ကား ရိုင်ဖယ်

www.nyisay.com



သေနတ်ကို ဘေးမှာချလျက် အိပ်များပင် ပျော်နေလေပြီ။ ကျန်ခဲ့သော အရာရှိငယ်တစ်ယောက်က ဖျတ်ခနဲတစ်ချက်ကြည့်လိုက်ပြီး စိတ်မကောင်းကြောင်း ပြောသည်။

''ကျွန်တော်တို့ဘက်က အပြင်လူတွေကို ဂရုစိုက်စစ်ဆေးရမှာမို့ပါ''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုလို စော်ကားတာမျိုးအထိ လုပ်စရာမလိုဘူးလို့ ငါထင်တယ်''

သို့ဖြင့် သူနှင့် ကျွန်ုပ် ရင်းနှီးလာရာ သူ့အမည်မှာ ဖွန်တိုင်းဖြစ်ပြီး ကျွန်ုပ်တို့ မိတ်ဆွေကေဇီဆေးကိုနှင့်လည်း ခင်မင်ကြောင်းသိလာရသည်။ လွန်ခဲ့သည့် တစ်နှစ်ကမှ သူနှင့် ကေဇီဆေးကို၏ဝမ်းကွဲ ဆယ်ခုပ်ပေနှင့်အတူတကွ NSCN နှင့် ဆက်သွယ်၍ တောခိုလာခဲ့ကြသူတွေဖြစ်သည်။ ဆယ်ခုပ်ပေကား ကိုဟီးမားတွင် ထုတ်ဝေသော Oking Times အပတ်စဉ်ထုတ်ဂျာနယ်တွင် အယ်ဒီတာ လုပ်ကိုင်ခဲ့သူလည်းဖြစ်မည်။ Oking ဟူသော အမည်ကား နာဂမြေအောက်လူပ်ရှားမှုဌာနချုပ် မည်သည့်နေရာတွင် ရှိသည်ကို မသိနိုင်သော်လည်း ၄င်းကိုရည်ညွှန်းသော အမည်တစ်ခုဖြစ်ပြီး၊ ဂျာနယ်အမည်ကို Oking ဟု ပေးလိုက်ခြင်းအားဖြင့် နာဂဒေသအာဏာပိုင်တို့ကို ဆယ်ခုပ်ပေက ဗြောင်စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် လုံးဝ အံ့သြဖို့ကောင်းသည်မှာ ယခုလို စိန်ခေါ်မှုကို အိန္ဒိယဒီမိုကရေစီက အပြုံးမပျက်ဘဲ ဂျာနယ်ကို ဆက်လက်ထုတ်ဝေခွင့် ပေးထားခြင်းပဲ ဖြစ်သည်။

ကျွန်ုပ်လည်း နာဂအရာရှိပေါက်စနှင့် အခြေတင်ပြောလိုက်ရသဖြင့် အတော်လေး ပင်ပန်းသွား၍ မီးလင်းဖိုဘေးတွင် ထိုင်လိုက်ပြီး နာဂတို့၏ အစဉ်အလာလူနေမှုဘဝနှင့် ပတ်သက်သမျှ ဖွန်တိုင်းကို မေးမြန်းကြည့်ရသည်။ ဤနေရာ ဤဒေသတစ်ဝိုက်တွင် တွေ့ရသော ရွာတို့၏ အမည်ရှေ့တွင် 'ကယု'ဟု အမည်တပ်၍ ဘာကြောင့်ခေါ်ကြသလဲဟု မေးရာ အဖြေက စိတ်ဝင်စားစရာကောင်းသည်။ နေရာဒေသစ်တွင် နာဂမျိုးနွယ်စုတစ်ခု အခြေချနေထိုင်ခဲ့စဉ်က ပထမဆုံးရွာကို 'နော့ညူ'ဟု ခေါ်ခဲ့ကြသည်။ အဓိပ္ပာယ်က မိခင်ကျေးရွာဟူ၏။ ထိုမှ တဖြည်းဖြည်း လူဦးရေများပြားလာ၍ ရွာသစ်တို့တည်လာရာတွင် မူလ 'နော့ညူ'ကျေးရွာကို ဝိုင်းပတ်၍ ပတ်ဝန်းကျင်မှ တောင်ထွတ်တို့ ပေါ်တွင် တည်ဆောက်လာခဲ့ကြပြီးနောက် ရွာသစ်အမည်တို့ကိုလည်း ကယုနာဆာ၊ ကယုလောင်းခိုင် စသဖြင့် မှတ်သားလာခဲ့ကြသည်။ သို့ဖြစ်၍ ကယုနော့ညူသည် ကယုကျေးရွာအုပ်စု၏ မူလမိခင်ရွာဖြစ်ပြီး၊ ကျေးရွာအုပ်စုအတွက် ပြောဆိုသော ကိုယ်ပိုင်ဘာသာစကားလည်း ယနေ့တိုင်ရှိနေသေးရာ ပြီးခဲ့သည့်ကာလများက အရှေ့ဘက်တောင်တန်းနာဂတို့ကိုမူ နာဂမီး(စ်)စကားကို ဒေသိယစကားအဖြစ် ပြောကြဖို့ NSCN က စတင်ကြိုးစားခဲ့သော်လည်း အတိုင်းအတာတစ်ခုအထိသာ အောင်မြင်ခဲ့သည်။ ဖွန်တိုင်းက နာဂတွေအကြောင်း ဆက်ပြောသည်။

www.nyisay.com



"ခေါင်းဖြတ်တဲ့ အလေ့အထရှိတုန်းကဆိုရင် ဆွေးမျိုးစုအကြီးအကဲက နှော့ညူ ရွာမှာနေပြီး ဘေးပန်းရွာတွေက သူ့ကို ပြိုင်ဘက်ရွာတွေ ရန်က ကာကွယ်ပေးရတယ်။ ပြိုင်ဘက်ရွာတွေက နှော့ညူတွေလိုပဲ တဖြည်းဖြည်းများလာတာပဲ"

နာဂတွေအကြောင်းကို ကျွန်ုပ်စိတ်ဝင်တစား နားထောင်နေရာ မီးလင်းဖိုမှ မီးညှွန့် မီးတောက်အရိပ်များက တဲငယ်လေးအဆောင်မှာ ကခုန်နေပါ၏။

"ပြီးခဲ့တဲ့ (၂) နှစ်၊ ၁၉၈၃ ကပေါ့၊ ကယုကျေးရွာအုပ်စုက နောက်ဆုံးကျန်ရစ်ခဲ့တဲ့ ခေါင်းပြတ်တွေ ရောက်လာခဲ့တယ်။ အဲဒီ အုပ်စုက အရှေ့ဘက်မှာ အရိုင်းစိုင်းဆုံး ဒေသတစ်ခုပဲ။ အနောက်ဘက် (အိန္ဒိယဘက်) က ကျွန်တော်တို့ ခေါင်းဆောင်တွေ အရှေ့ဘက် (မြန်မာပြည်ဘက်) ကို ဝင်လာတုန်းကဆိုရင် ဒေသခံတွေက အသေအလဲ ခုခံခဲ့ကြတယ်။ ရွာတွေအားလုံး သစ်လုံးရှည်ကြီးတွေနဲ့ ခံတပ်တည်ဆောက်ကြပြီး ဂိတ်တွေမှာ အမြဲအစောင့်ချထားတယ်။ ရွာသားတွေအားလုံးလည်း မားတွေ၊ လှံတွေကိုယ်စီနဲ့ တချို့ဆိုရင် လုပ်သေနတ်တွေ ကိုင်ထားကြတယ်။ ပွိုင့် ၃၀၃ ရိုင်ဖယ်သေနတ်အနည်းအကျဉ်းတောင်ရှိတယ်။ ကျွန်တော် အထင်တော့ အဲဒီသေနတ်တွေ သူတို့လက်ထဲရောက်လာတာဟာ ကုန်ပစ္စည်းချင်းဖလှယ်ပြီး ရလာတယ်ထင်တယ်။ ခင်ဗျားသိတဲ့အတိုင်းပဲ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်တွေကာ မြောက်ဘက်ကီလိုမီတာတစ်ရာလောက်မှာ လီဒိုလမ်းမကြီး ဖောက်ခဲ့ပြီး ဂျပန်ကို တိုက်ဖို့ တောင်တန်းဒေသတိုင်းရင်းသားတွေကို သေနတ်တွေ ထုတ်ပေးခဲ့ကြတယ် မဟုတ်လား၊ အဲဒီလက်နက်သစ်တွေကို အရှေ့ဘက်က ကျွန်တော်တို့ရဲ့ နာဂအနွယ်တွေက သဘောကျပြီး ပစ်နည်းခတ်နည်းတွေ သင်ယူခဲ့ကြတယ်"

သူအပြောကို နားထောင်ရင်း NSCN အနေနှင့် ဗမာအရှေ့နာဂတောင်တန်းဘက် ဝင်လာခဲ့စဉ်က ဒေသခံနာဂတို့ကို အကြမ်းပတမ်းတိုက်ခိုက်ပြီး အနိုင်ရခဲ့သည်ကို သဘောပေါက်လာသည်။ နာဂရွာတွေကို မီးရှို့ဖျက်ဆီးပြီး၊ ကျေးရွာသူကြီးတွေကို စံပြအနေနှင့် ကွပ်မျက်ခဲ့ကြရာ ယခုလည်း ဤဒေသတစ်ဝိုက်တွင် ပလိပ်ရောဂါတွေ ပျံနှံ့နေရခြင်းသည် အိန္ဒိယဘက်မှ ဝင်လာသော ခရစ်ယာန်နာဂတို့ကို ၄င်းတို့က တိုက်ခိုက်ခဲ့သည့်အတွက် ဘုရားသခင်က အပြစ်ပေးခြင်းဖြစ်ကြောင်း ပြောနေကြပြန်သည်။ သို့ရာတွင် အင်အားကုန်ခန်း၊ ချည့်နဲ့သွားကြသော ကယုလောင်းခိုင်နှင့် ကယုနှော့ညူ ရွာသူ ရွာသားတို့ဘက်ကလည်း NSCN ပြောသော ဘုရားသခင်၏ အပြစ်ဒဏ်ဆိုတာကြီးကို လက်ခံလိုက်ကြပုံရသည်။

ညဉ့်အတော်နက်လာသဖြင့် မီးလင်းဖိုဘေးနား ကျွန်ုပ်အိပ်လိုက်သည်။ တောင်ပေါ်ရွာလေးကား အေးစိမ့်နေသဖြင့် ကျွန်ုပ်တို့ သားအမိ၊ သားအဖ သုံးယောက်စလုံး ကိုဟီးမားမှ ဝယ်လာသော နာဂပွမ်းစောင်ခြုံ၍ ကွေးကြရသည်။ ယခု ကျွန်ုပ်တို့ကား

www.nyisay.com



အံ့ဖွယ်ကမ္ဘာတစ်ခုသို့ ရောက်လာခဲ့ကြလေပြီ။ အာရုတွင် မည်သူမျှ စူးစမ်းလေ့လာ၍ မဖော်ထုတ်နိုင်သေးသော နယ်ခြားဒေသတစ်ခု၊ မြေပုံပေါ်တွင် မတည်ရှိသေးသော ဧရိယာ၊ ကျွန်ုပ်တို့ မရောက်မီ အိန္ဒိယနာဂတို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပါသော်လည်း အခြားလူစိမ်း သူစိမ်းတို့ ခြေမချဘူးသေးသော ကမ္ဘာတစ်ခုဖြစ်ပါ၏။

နောက်တစ်နေ့ နံနက် အရုဏ်ကျင်းချိန်မှာပင် နိုင်ငံခြားသား ဧည့်သည်တို့ကို ဌာနချုပ်သို့ အမြန်ဆုံး ခေါ်လာရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ဆီ သတင်းရောက်လာသည်။ ထိုနေ့အဖို့ တောင်တက်ခရီးကို ချောချောမောမော ဆက်လာကြပြီး (၂) နာရီမျှ လျှောက်လာပြီးနောက် ချူးယန်းလောင်းခိုင်ခေါ်ရွာသို့ ရောက်လာရာ ကော်ဇောနီခင်း၍ ကျွန်ုပ်တို့ကို ကြိုနေသည်။ စုတ်တိစုတ်ဖတ် ယူနီဖောင်းနှင့် နာဂရဲဘော်တွေ၊ လဲကွတ်တီနှင့် အပေါ်ပိုင်းဗလာ၊ စောင်ကြီးတွေခြုံထားသော ရွာသူရွာသားတွေ တရုတ်လုပ်ရိုင်ဖယ်သေနတ်အဟောင်း အမြင်းတို့ကို လွယ်လျက် ကလေးတွေကလည်း ပျော်မြူးနေကြပြီး၊ ကျွန်ုပ်တို့ကို တစ်ရွာလုံးက ကြိုဆိုနှုတ်ဆက်နေကြသည်။ ဌာနချုပ်မှ ကိုယ်စားလှယ် (၇) ဦးက ကျွန်ုပ်တို့ကို လာရောက်တွေ့ဆုံရာ အရပ်ရှည်ရှည်၊ မုတ်ဆိတ်ကျဲကျဲနှင့် လူတစ်ယောက်က သူကိုယ်သူ မေဂျာ'ဟော' ဖြစ်ကြောင်း မိတ်ဆက်၍ ကျွန်ုပ်နှင့် လက်ဆွဲနှုတ်ဆက်သည်။ ဟောက အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သလို ခင်စရာလည်းကောင်းသည်။ ကျွန်ုပ်တို့ကို ရွာထဲက တဲတစ်လုံးဆီခေါ်သွားပြီး တဲထဲက ဝါးခုံတွေမှာ တိုင်၍ စကားပြောကြရာ၊ မေဂျာဟောက ပါဂျောင်မှ ကေအိုင်အေဌာနချုပ်တွင် ၁၉၈၂ မှ ၁၉၈၄ ခုနှစ်အထိ (၂) နှစ်နေခဲ့သူဖြစ်၍ ကေအိုင်အေခေါင်းဆောင်တွေကို သူသိနေသည်။

''တကယ်က ခင်ဗျားကို ကေအိုင်အေက ရေးပေးခဲ့တဲ့ မိတ်ဆက်စာ မိတ္တူတစ်စောင်ကို ကျွန်တော်တို့ရထားတာကြာပြီ၊ တပ်မဟာ (၂) ဌာနချုပ်ကတစ်ဆင့် ကျွန်တော်တို့ဆီ ပို့လိုက်တာ၊ ဒါကြောင့် ခင်ဗျားလာနေပြီဆိုတာ ကျွန်တော်သိနေတယ်''

သို့ဆိုလျှင် နယ်ခြားဖြတ်ကျော်ဖို့အတွက် NSCN ဘက်က ကျွန်ုပ်တို့ကို ဘာကြောင့် မကူညီခဲ့သလဲဟူသော မေးခွန်းကို ကျွန်ုပ်မမေးတော့ဘဲ ပါးနပ်စွာ ချန်ထားလိုက်သည်။ ယခု ကျွန်ုပ်တို့ ရှေ့ဆက်ရမည့် လမ်းခရီးပွင့်သွားဖို့သာ အရေးကြီးသည်။ ကျွန်ုပ်တို့ကို တာဝန်ကျဝန်ထမ်းများက ကြက်သားကြော်နှင့်ထမင်းကို ကြွေပန်းကန်ပြားတွေနှင့် ထည့်၍ ဝါးစားပွဲနှင့် တည်ခင်းကျွေးသည်။ ပူပူနွေးနွေးထမင်းနှင့် ဟင်းတို့ကို စားပြီးနောက် လက်ဖက်ရည်ချိုသောက်ပြီး အဆုံးသတ်လိုက်ကြသည်။ နို့မှုန့်နို့ဆီးချင်းနှင့် ဖျော်ထားသော လက်ဖက်ရည်က အရသာတွေ့လှပြီး ထောင်ဝမ်းနေအိမ်မှ ထွက်လာပြီးကတည်းက ယခု ပထမဆုံးသောက်ရခြင်းဖြစ်သည်။ နေ့လယ်စာစားပြီး ကျွန်ုပ်တို့ အားလုံးခရီးစတင်ထွက်ခွာလာရာ တောင်ကတုံးတွေပေါ် ကျော်ဖြတ်လာခဲ့ရသလို တစ်ခါတစ်ခါ တောအထပ်ထပ် တိုးလာခဲ့ရသည်။ ကျွန်ုပ်တို့အုပ်စုတွင် ကျွန်ုပ်တို့ မိသားစု

www.nyisay.com



အပါအဝင် နာဂရဲဘော်တွေ၊ အရာရှိနှင့် အထမ်းသမားတွေ၊ စုစုပေါင်းအယောက် (၂၀) ရှိသည်။ ဤ၌ တစ်နေ့ညက အရာရှိပေါက်စနှင့် ကျွန်ုပ်တို့ကတောက်ကဆ ဖြစ်ခဲ့ကြသည်ကို မေကျာဟော သိထားဟန်တူသည်။ အရာရှိပေါက်စ၏ အပြုအမူနှင့် ပတ်သက်၍ ဟောက ကျွန်ုပ်ကို ချေချေငံငံ တောင်းပန်ရှာသည်။

မွန်းတည်ချိန်တွင်မူ ချူးယန်းနော့ညူရွာသို့ ကျွန်ုပ်တို့ဝင်လာကြရာ၊ ကျွန်ုပ်တို့ကို ဂုဏ်ပြု ကြိုဆိုဖို့ အတွက် တစ်ရွာလုံးကို ရှင်းလင်းသန့်ပြန့်အောင် ပြင်ဆင်ထားကြသည်။ လမ်းတွေအားလုံး လှဲကျင်းထားပြီး ကျွန်ုပ်တို့စတည်းချဖို့ ဝါးအိမ်တစ်အိမ်ကိုလည်း သပ်သပ်ချေချေပြင်ဆင်ထားရာ အိမ်ရှေ့အဝင်ဝ, တစ်ဖက်တစ်ချက်၌ပင် လိမ္မော်နှင့် အဝါရောင် ထပ်တရာပန်းခင်းတို့ကို စိုက်ထားလိုက်သေးသည်။ အရိုင်းပြင်ပြင်တစ်ခွင်တွင် တွေ့လိုက်ရသော ယဉ်ကျေးခြင်း၏ သင်္ကေတလေးတစ်ခုပင်။ ထိုမှခရီးဆက်လာရာ ဌာနချုပ်နှင့်နီးလာသည်နှင့်အမျှ ရွာတို့သည်လည်း ပို၍ စနစ်တကျဖွဲ့စည်းထားကြပြီး၊ သပ်ရပ်လာရာ၊ အိမ်တစ်လုံးနှင့်တစ်လုံးကြာတွင် စားပင်သီးပင် အခင်းတွေ စိုက်ပျိုးထားကြသည်။ အချို့ရွာတို့တွင်မူ စာသင်ကျောင်းနှင့် ဘုရားကျောင်းများပင် တွေ့ရသည်။

"လွန်ခဲ့တဲ့ (၅) နှစ်လောက်ကသာ ခင်ဗျားရောက်လာခဲ့မယ်ဆိုရင် ယုံမှာမဟုတ်ဘူး။ ဒီကလူတွေက စပါးမစိုက်ကြဘူး၊ နံစားပြောင်းနဲ့ သခွားသီးစားတယ်။ သူတို့စားတဲ့ အသားဆိုတာကလည်း အစိမ်းနီးပါးပါပဲ"

ဟောက လမ်းလျှောက်ရင်း ကျွန်ုပ်ကို ပြောပြသည်။ သူကပင် ဆက်၍ ရေသွင်းစပါးခင်းများနှင့် ပြီးခဲ့သည့်ရက်များက ကျွန်ုပ်ကို ဆွဲဆောင်ခဲ့ပါသော မြွေလိမ်မြွေကောက်လမ်းတွေ အကြောင်းဆက်ရှင်းပြသည်။ ဌာနချုပ်အနေနှင့် ဒေသခံနာဂတွေက သူတို့ကို တိုက်ခိုက်လျှင် ဘုရားသခင်က ပလိပ်ရောဂါဖြင့် ဒဏ်ခတ်လိမ့်မည်ဟု သင်ကြားခဲ့သလို တစ်ဘက်ကလည်း အတူတကွပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် အကျိုးများနိုင်ကြောင်း၊ ရုတ်တရက်ကြည့်လျှင် ဆိုခဲ့သလို အပြောင်းအလဲများမှာ မဖြစ်စလောက်ဟု ထင်ရသော်လည်း အနာဂတ်အတွက် ကြီးမားသော အလားအလာရှိကြောင်း သင်ကြားနေရာ၊ ဟောကား ကျွန်ုပ်အတွက် သတင်းအချက်အလက်တွေ အများကြီးပေးနိုင်မည့် လူတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်အနေနှင့် လပေါင်းများစွာ စိတ်အနှောင့်အယှက် အမျိုးမျိုး ကြုံခဲ့ရပြီးနောက်၊ ယခုပထမဆုံး ရလိုက်သည့် အခွင့်အရေးကြောင့် စိတ်လူပ်ရှားသွားသည်။ မြန်မာပြည်မြောက်ဖျားမှ နိုင်ငံရေးနှင့် လူမှုရေး အခြေအနေ အရပ်ရပ်တို့ကို ကိုယ်တိုင်လက်တွေ့မျက်တွေ့လေ့လာစုဆောင်းနိုင်တော့မည်ဖြစ်ရာ ဤသည်ပင်ကျွန်ုပ် ရောက်လာရခြင်း၏ ရည်ရွယ်ချက်ဖြစ်ပါ၏။

နယ်စပ်ကို ဖြတ်ကျော်ပြီး (၇) ရက်မြောက် အောက်တိုဘာ (၂၀) တွင် ခေးဆန်ချန်းလမ်ခေါ် ရွာကြီးတစ်ရွာသို့ ကျွန်ုပ်တို့ ရောက်သည်။ NSCN ဌာနချုပ်ကို ရွာနှင့်

www.nyisay.com



မလှမ်းမကမ်းတွင် တည်ထားရာ ကျွန်ုပ်တို့ကို ဖွန်တိုင်းက နှုတ်ဆက်သဖြင့် ဇဝေဇဝါ ဖြစ်သွားသော်လည်း သူက ယခင်ထက် သိသိသာသာ ဖော်ရွေစွာနှင့် ရွာစာသင်ကျောင်း ဘေးနားတွင် အသစ်ကျပ်ခွတ် ဆောက်ထားသော ဝါးအိမ်တစ်အိမ်ကို လိုက်ပြသည်။

''ပုံမှန်ဆိုရင်တော့ ဒီနေရာက ကျောင်းဆရာတွေနေတဲ့ နေရာပဲ၊ ဒါပေမဲ့ ခင်ဗျားတို့ လာမှာဆိုတော့ ကျွန်တော်တို့တွေ ရှင်းထားတယ်။''

ဝါးအိမ်အတွင်း ကျွန်ုပ်တို့ ဝင်လာခိုက် သူက ပြောပြသည်။ သို့ပေမဲ့ ကျောင်း ဆရာတွေကို ကျွန်ုပ်တို့နှင့်တစ်ဖက်မှ ကျောင်းသားလေးတွေအတွက် အဆောင်လုပ်ထား သော ဝါးအိမ်သို့ ပြောင်းရွှေ့လိုက်သည်ကို နောင်မှ ကျွန်ုပ်တို့သိရသည်။

အိမ်သစ်လေးထဲ ရောက်သည်နှင့် အထုပ်အပိုးတွေ ဖြေပြီး ခြေဆန့် လက်ဆန့်နှင့် သက်သက်သာသာ နေလိုက်ကြသည်။ တောလမ်းခရီး၏ ပထမအဆင့်တွင် ဆိုင်နောင့်နှင့် အီယင်းတို့နှစ်ဦးလုံး အခက်အခဲမရှိ အောင်မြင်စွာကျော်ဖြတ်ခဲ့ကြသလို ယခု ကျွန်ုပ်တို့ (၁) လခန့်နေရလိမ့်မည် မျှော်လင့်ထားသော နေရာလေးကလည်း ကြည်နူးစရာ၊ သာ တောင့်သာယာရှိလှသည်။ ခေးဆန်ချန်းလမ်ရွာကို တောင်စောင်းဆင်ခြေလျောတွင် တည် ထားပြီး ရွာအရှေ့ဖျားတွင် စာသင်ကျောင်းနှင့်ဆရာများ နေထိုင်ရာ တဲအချို့ရှိသည်။ ရွာ၏ အနောက်ဘက် တောင်ကမူတစ်ခုပေါ်တွင် ခရစ်ယာန်ဘုရားကျောင်းရှိပြီး၊ တောင် အောက်ခြေမြင်းခွာသဏ္ဌာန် ကုန်းမြင့်မြေပြန့်တွင် တည်ဆောက်ထားသော စစ်တန်းလျား များနှင့် ဌာနချုပ်ရုံးအဆောက်အအုံတို့ကို မိုးမြင်နေရသည်။ ၄င်းတို့နှင့်အတူ ကျယ်ဝန်းသော ကွန်ဖရင့်ဟောကြီးတစ်ခု၊ စစ်ဘက်ဝန်ထမ်းများအတွက် သီးသန့်ဝတ်ပြုရာနေရာနှင့် ဘောလုံးကွင်းနှင့် စစ်ရေးပြကွင်းအဖြစ် အသုံးပြုသော ကွင်းတစ်ကွင်းလည်းရှိ၍ အဆိုပါ အဆောက်အအုံတို့၏ ဗဟိုတွင်မူ မသိမသာ ထိုးထွက်နေသော (၃) မီတာအမြင့် သစ်သား လက်ဝါးကပ်တိုင်ကြီးကိုလည်း အဝေးမှ မြင်တွေ့နေရသည်။

ကျွန်ုပ်တို့ သားအမိ သားအဖ သုံးယောက်လုံး ရေမိုးသန့်စင်ပြီး အနားယူနေခိုက် ဆက်သားတစ်ယောက် ရောက်လာပြီး NSCN ခေါင်းဆောင်တို့နှင့်တွေ့ဖို့ လာခေါ်ရာ ဆိုင်နောင့်က ကင်မရာနှင့် လိုအပ်သော ပစ္စည်းပစ္စယတို့ကို ကပျာကယာ ထည့်ယူလိုက် သည်။ ကျွန်ုပ်လည်း အသံဖမ်းစက်နှင့် မှတ်စုစာအုပ်ယူ၍ ဘုရားကျောင်းကို ဝိုက်၍ အောက်ဘက်မြေပြန့်ပေါ်မှ ဌာနချုပ်သို့ သွားရာလမ်းလေးအတိုင်း လိုက်လာခဲ့ကြသည်။ ဝါးထရံကာ ကောက်ရိုးမိုးထားသော အဆောက်အအုံကြီးတစ်လုံးထဲ ကျွန်ုပ်တို့ဝင်လိုက် သည်။ အသက်ကြီးသော်လည်း တက်ကြွဖျတ်လတ်သော အမျိုးသားကြီးတစ်ဦးက ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်သည်။

''မစ္စတာနှင့် မစ္စဟန်မင်တန်တို့ကို ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုပါတယ်''

သူကပြောလည်းပြော၊ ထိုင်ဖို့လည်း လက်အမူအရာနှင့် ပြသည်။ အိန္ဒိယထုတ်

www.nyisay.com



သတင်းစာ တစ်စောင်မှာ သူ့ဓာတ်ပုံကို တွေ့ဖူးသဖြင့် NSCN ၏ ဥက္ကဋ္ဌ 'အိုင်းဇက် ချီရှီဆူ' ဖြစ်ကြောင်း ကျွန်ုပ်သိသည်။ စစ်ယူနီဖောင်းဝတ် ခရစ်ယာန်ဘုန်းကြီးတစ်ယောက် ဝင်လာပြီး သမ္မာကျမ်းကိုဖွင့်၍ စာပိုဒ်တစ်ချို့ကို ဖတ်ပြီးနောက် မပြီးနိုင်မစီးနိုင် တရား ဟောနေပြန်သဖြင့် ဝတ်ပြုနေသူတွေထဲက ကျွန်ုပ်သိနိုင်မည့် ခေါင်းဆောင်တို့ကို မသိမသာ ကြည့်၍ ရှာဖွေလိုက်ရာ၊ သတင်းစာပါ ဓာတ်ပုံမှတစ်ဆင့် ချက်ချင်း မှတ်မိလိုက်သူကား 'ထွင်ဂလန်မွိုးဗာ'၊ အိန္ဒိယသတင်းစာဆရာတွေအတွက် ကြောက်စရာအကောင်းဆုံး အကြမ်း ဖက်ခေါင်းဆောင် (သို့) တော်လှန်လိုသော နာဂကျောင်းသားအများစု၏ နာဂ 'မော်စီတုံး'၊ အသားအရေညိုမောင်း၍ ထက်မြက်ပုံရသည်။ လက်ရှိ NSCN ၏ အထွေထွေအတွင်း ရေးမှူး တာဝန်ယူထားပြီး နိုင်ငံရေးသဘောတရားတို့ကို ဦးဆောင်နေသူလည်း ဖြစ်သည်။ မွိုးဗာဘေးတွင် ထိုင်နေသူ၊ ကိုယ်လုံးကိုယ်ထည်သေးသေး၊ ဆံပင်ဖြူတွေ ကျို့ကျို့ကျဲကျဲနှင့် စစ်ဂျာကင်ကို ကော်လံထောင်ဝတ်ထားသူမှာ NSCN ၏ (၃) ဦး နိုင်ငံရေး ဦးဆောင်မှု အဖွဲ့ထဲက တတိယခေါင်းဆောင်နှင့် ဒုတိယဥက္ကဋ္ဌ အက်စ်အက်စ်ခပ်ပလန်ပဲဖြစ်မည်။ သူက အရှေ့နာဂတို့၏ ခေါင်းဆောင်လည်းဖြစ်ရာ သူတို့ကို ဓာတ်ပုံထဲ မမြင်ဖူးသည့်တိုင် အတတ်ပြောနိုင်သည်။

ခရစ်ယာန်ဘုန်းကြီးတရားအပေါပြီးသည့်အခါ ကျွန်ုပ်တို့ကို လက်ဖက်ရည်အချို၊ အိန္ဒိယဘီစကစ်မုန့်တွေနှင့် ဧည့်ခံသည်။ နာဂခေါင်းဆောင်တွေနှင့် တွေ့ဆုံရာတွင် ခြေခြေ မြစ်မြစ် အကြောင်းအရာတစ်ခုကိုမျှ ဆွေးနွေးခြင်းမရှိသော်လည်း နာဂ သူပုန်ခေါင်းဆောင် တို့ကို လူပုဂ္ဂိုလ်အရ ကျွန်ုပ်အနေနှင့် ပထမဆုံးလေ့လာခွင့်ရလိုက်သည်။ NSCN ဥက္ကဋ္ဌ အိုင်းဇက်ကား ဘာသာရေး ကိုင်းရှိုင်းပြီး စကားကို သိမ်သိမ်မွေ့မွေ့ပြောတတ်ရာ၊ သူပြောသော အင်္ဂလိပ်စကားကား ဗြိတိသျှလူမျိုးတစ်ယောက် ပြောနေသလားအောက်မေ့ရအောင် လက်ဖျားခါရသဖြင့် ယခုလိုကျောက်ခေတ်နီးနီး အရှေ့နာဂတောင်တန်းဒေသ မျိုးတွင် သူ၏အင်္ဂလိပ်စကားကြားလိုက်ရသည်မှာ ထော်လော်ကန့်ဖြစ်နေသေးတော့သည်။

မွိုးဗာကား ဖော်ရွေ၍ ဟာသဉာဏ်ရှိသည်။ သူသည်လည်း အင်္ဂလိပ်စကားကို အရည်လည် အပတ်စေ့အောင် ပြောနိုင်သလို မကြာခဏ အရွှန်းဖောက်တတ်သည်။ သို့ပေမဲ့ ခပ်ပလန်ကမူ အားလုံးနှင့် အဆင်ကွဲ ကိုယ်ရည်ကိုယ်သွေးရှိသူ၊ စစ်မြေပြင်တွင် နှစ်ပေါင်းများစွာ ဖြတ်သန်းလာရသဖြင့် တိုက်ရည်ခိုက်ရည်ဝနေသည့် စစ်သားကြီးတစ်ဦး၊ ရည်မွန်ခြင်းမရှိ၊ မာမာပြတ်ပြတ်။ အင်္ဂလိပ်စကား မပြောတတ်သဖြင့် သူနှင့် ကျွန်ုပ်စကား ပြောသည့်အခါ သူက မြန်မာလိုပြောပြီး ဆိုင်နောင့်က ဘာသာဖလှယ်ပေးရသည်။

ထိုနေ့ ညနေပိုင်းတွင် ကေဇီဆေးကို၏ ဝမ်းကွဲညီအစ်ကိုတော်စပ်သူ ဆယ်ခုပဲပေ ကျွန်ုပ်တို့ ဝါးတဲသို့ လာလည်သည်။ အသက် (၂၀) ဝန်းကျင်သာရှိသေးသော်လည်း

www.nyisay.com



တစ်ချိန်က သတင်းစာ အယ်ဒီတာလုပ်ခဲ့သူတစ်ယောက်အနေနှင့် စိတ်ထက်သန်၍ သဘော ထားကြီးသူ လူငယ်တစ်ဦးဖြစ်သည်။ သူနှင့်ကျွန်ုပ်တို့ မီးဖိုဘေးတွင်ထိုင်ပြီး လက်ဖက်ရည် သောက်ရင်းစကားပြောကြရာ ပြီးခဲ့သည့် လများက အရှေ့ဘက်နာဂဒေသတွင် တိုက်ပွဲဖြစ်နေ၍ ကေဇီဆေးကိုထံမှစာကို အတော်လေးနောက်ကျမှ ရရှိခဲ့ကြောင်း သူက ရှင်းပြသည်။ ပြီးနောက် သူ့စကားကို ရပ်လိုက်ပြီး ခဏကြာမှ ပြန်ကောက်သည်။

"... ခေါင်းဆောင်တွေက NNC နဲ့ ခင်ဗျားနဲ့ အဆက်အသွယ်မရှိစေချင်ဘူး"

ဤစကားကြားရသည်မှာ ကျွန်ုပ်အဖို့ အံ့သြစရာမလိုပါ။ ဖယောင်းတိုင်ထွန်းပြီး အိန္ဒိယမှာ ကွန်ပ်တူရင်ဆိုင်ခဲ့ရသော အခက်အခဲ တော်တော်များများနှင့် ကေဇီဆေးကိုက အကူအညီပေးခဲ့သည်တို့ကို ကျွန်ုပ်က ပြောပြသည်။ ညဉ့်အတော်နက်ခါမှ သူပြန်သွားပြီး ကျွန်ုပ်တို့လည်း အိပ်ရာဝင်ခဲ့ကြသည်။ ယနေ့ညကား မနက်မိုးလင်းလျှင် ခြေတိုအောင် သွားရမည့်ခရီး မရှိတော့ဟူသော အတွေးနှင့် စိတ်ချလက်ချ အိပ်ရာဝင်ခဲ့လေသည်။

ကျွန်ုပ်တို့ မိသားစုကို ကြိုဆိုဧည့်ခံပြီးနောက် နာဂတောင်တန်းဘက်က အိမ်သစ်လေးတွင် နေလာပြီး ရက်အနည်းငယ်အကြာတွင် ကေအိုင်အေသို့ ဆက်သားတစ်ယောက် စေလွှတ်၍ စာပို့ခိုင်းရာ ကျွန်ုပ်တို့ လက်ရှိကြုံတွေ့နေရသော ပြဿနာများ၊ လိုအပ်ချက်များနှင့် များမကြာမီကမှ ရလာသော ကျွန်ုပ်တို့၏ သမီးလေးကိစ္စတို့ကိုပါ ရေးပေးလိုက်သည်။ နိဝင်ဘာလ (၄) ရက်နေ့တွင် ဆက်သားကို စေလွှတ်ခဲ့ရာ၊ ကေအိုင်အေ အမှတ် (၂) စစ်ဌာနချုပ်သို့ (၂) ပတ်ကြာသွားရမည်ဖြစ်၍ ကချင်လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ကျွန်ုပ်တို့က နောက်ထပ် (၂) ပတ် (၃) ပတ်ကြာမှ ရောက်လာလိမ့်မည်ဟု နာဂခေါင်းဆောင်တို့က မှန်းထားကြသည်။ ထိုအတောအတွင်း တဲအပြင်ဘက်တွင် အလုပ်လုပ်ဖို့ရာ အတွက် ယာယီရုံးလေးတစ်ခု ပြင်ဆောက်ရသည်။ ကျွန်ုပ်ရုံးခန်းလေးမှာ စားပွဲပုလေး တစ်လုံးနှင့် အကြမ်းထည် ထိုင်ခုံနှစ်လုံးရှိသည်။ စားပွဲပေါ်မှာ ဝါးဆစ်ပိတ်ပန်းအိုးလေး တစ်လုံး ကျွန်ုပ်၏စာအုပ်တွေနှင့် အသံဖမ်းစက်တို့ရှိသည်။ သို့ပေမဲ့ အပေါ်စည်းမှ တပြန့်တပြူး သဘာဝ ရှုခင်းရှုကွက်တို့ကို လှမ်းမြင်နေရသော ကျွန်ုပ်၏ ယာယီရုံးလေးသည်ကား ကျွန်ုပ် အလုပ်လုပ်ခဲ့သမျှ ရုံးတို့ထက် ပို၍ပင် ခန်းနားနေသေးတော့သည်။ ကျွန်ုပ်၏ တောင်ထိပ်ရုံးလေး အောက်ဘက် တောင်ရိုးတစ်လျှောက်တွင်မူ ပြန့်ကျဲနေသော နာဂဌာနချုပ်ရုံးများ၊ စစ်တန်းလျားတွေ ယင်းတို့ကြားမှ ထိုးထွက်နေသော လက်ဝါးကပ်တိုင်ကြီးကို တွေ့နေရသည်။ ဟိုမှာဘက်တွင်ကား ရင်သပ်ရှုမောဖွယ် တောင်တန်းကြီးက မိုးကုပ်စက်ဝိုင်းဆီ လှမ်းချီနေလေသည်။ နံနက်ခင်းဆိုလျှင် လျှိုမြောင် တောင်ကြားတို့မှာ မြူနှင်းတွေ အလိမ့်လိုက်ဆိုင်းနေသဖြင့် တဟုန်ထိုးဆင်းနေသော တောင်ကျရေတို့ကို ဖုံးကွယ်ထားလေရာ ကျွန်ုပ်ရှေ့တွင် ဖြန့်ခင်းထားသော စုပ်သပ်အံ့ချီးဖွယ် သဘာဝ အရိုင်းပြင်ကြီးကို ဆန်မင်းဆက်ခေတ်မှ ပါရမီရှင် ပန်းချီဆရာ တစ်ယောက်, ယောက်က လက်စွမ်းပြခဲ့လိမ့်မည်ဟု ထင်ရသည်။

www.nyisay.com



တောင်ထိပ်ရုံးလေးပြင်ဆင်ပြီးနောက် အင်တာဗျူးလုပ်ငန်းများ စတင်ရာ အိုင်းဇက်နှင့် မြီးဗာတို့ ကျွန်ုပ်၏ ရုံးသို့ လက်နက်ကိုင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ လာကြသည်။ အိုင်းဇက်က အင်တာဗျူးကို သမ္မာကျမ်းမှ ဆုတောင်းခန်းတစ်ခန်းကို ဖတ်ပြီး စတင်သည်။ သူသည် ၁၉၅၀ လွန်ကာလများက NNC အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားခဲ့သော ဝါရင့်သမ္ဘာရင့်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၄င်းတို့ဘာသာဖွဲ့စည်းထားသော နာဂလန်းဖက် ဒရယ် အစိုးရအဖွဲ့၏ နိုင်ငံခြားရေးအတွင်းဝန်အဖြစ် နှစ်အတော်ကြာ လုပ်ကိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်အတွင်း နာဂတောင်တန်းသို့ ရောက်လာသော လန်ဒန် observer သတင်းစာမှ ဂယ်ဗင်ယန်းကို လမ်းညွှန်အဖြစ် ကူညီခဲ့ရာ ဂယ်ဗင်ယန်းသည် ကျွန်ုပ်တို့မတိုင်မီ နာဂဒေသသို့ ပထမဆုံးရောက်လာသော နိုင်ငံခြားသား ဂျာနယ်လစ်တစ်ဦး ဖြစ်သည်။

"အဲ့ဒီကာလတုန်းက ကျုပ်တို့အဖွဲ့ ပါကစ္စတန်ကိုလည်း မကြာမကြာ သွားခဲ့ကြပြီး သူတို့ဆီမှာ စစ်သင်တန်းတက်ကြတယ်။ အဲဒီတုန်းကတော့ အရှေ့ပါကစ္စတန်ပေါ့။ အာသံပြည်နယ်ထဲကတစ်ဆင့် ကျုပ်တို့စစ်တပ်တွေ ဖြတ်သွားကြတယ်။ တစ်ခါတစ်ခါ ဗမာပြည်ကတောင် ဖြတ်ကြတယ်။ ဒါပေမဲ့ ခင်ဗျားလည်း သိထားပြီးပါပြီ။ ဒီကိစ္စတွေ အားလုံး အိန္ဒိယက အရှေ့ပါကစ္စတန်ကို ဝင်ကျူးကျော်အပြီး ဘင်္ဂလားဒေ့(ရှ်) ဖြစ်လာချိန်မှာ အားလုံးရပ်သွားတယ်"

တိုးတိုးညင်ညင် ပြောနေရာမှ စကားကို ဖြတ်လိုက်ပြီး ကြွေရည်သုတ်ကိုင်းခွက်အဖြူထဲက ရေနွေးကြမ်းပူပူကို တစ်ကျိုက် နှစ်ကျိုက်, ကျိုက်လိုက်ပြီး စကားကို ပြန်ကောက်သည်။ မြီးဗာက စားပွဲ၏တခြားတစ်ဘက်တွင် ထိုင်လျက်ပြုံးနေသည်။

နောက်တော့ ပါကစ္စတန်က တစ်ဆင့် တရုတ်နဲ့ ပထမဆုံး အဆက်ရလာတော့ လူတစ်ရာကျော်လောက်ပါတဲ့ ပထမဆုံးအသုတ်ကို မြီးဗာကဦးဆောင်ပြီး မြန်မာပြည်မြောက်ဖျားကတစ်ဆင့် ယူနန်ကို တောလမ်းအတိုင်း သွားခဲ့ကြတယ်။ အဲ့ဒါ ၁၉၆၆/၁၉၆၇ ကပေါ့။"

ရောက်စကပင် သူတို့၏ ရိုးသားမှုကို ကျွန်ုပ်တလေးတစား ရှိခဲ့ရာ အထူးသဖြင့် နာဂလက်နက်ကိုင် လှုပ်ရှားမှုသမိုင်းနှင့် ပတ်သက်၍ အထူးအရေးပါသော အချက်အလက်အချို့ကိုပင် ထုတ်ဖော်ပြောဆိုတာမျိုးရှိသည်။ မြီးဗာကို တရုတ်ပြည်က တရားဝင်ဖိတ်ကြားခဲ့ခြင်မဟုတ်သော်လည်း ၄င်းတို့အဖွဲ့ကို သက်ဆိုင်ရာ အာဏာပိုင်တို့က ပျူပျူငှာငှာ လက်ခံကြိုဆိုခဲ့ကြပြီး တရားဝင်မဟုတ်သော်လည်း မြီးဗာကို နာဂကိုယ်စားလှယ်အနေနှင့် ဘေဂျင်းတွင် (၄) နှစ်မျှနေထိုင်ခဲ့ရာ သူ့အနေနှင့် ထိုနေ့ရက်တို့ကို ယခုအထိလွမ်းနေဆဲပင်။

"အဲ့ဒီအချိန်က ယဉ်ကျေးမှုတော်လှန်ရေး အမြင့်ဆုံးအဆင့်ရောက်နေချိန်ပေါ့"

မြီးဗာမျက်လုံးတွေက ဝင်းလက်ပြီးတက်ကြွနေသည်။ "ကမ္ဘာပေါ်က အဖိအနှိပ်ခံ

www.nyisay.com



ပြည်သူတွေအားလုံးအတွက် တရုတ်လူမျိုးတိုင်းမှာ တော်လှန်ရေးတာဝန်ရှိတယ်လို့ စဉ်းစားခဲ့ကြတယ်။ ဥက္ကဋ္ဌကြီးမော်ကိုလည်း လေးစားကြတယ်။ ဘေဂျင်းက လူထုအစည်းအဝေးကြီးမှာ ကျုပ်တို့နာဂအဖွဲ့တွေလည်း ပါဝင်ခဲ့ပြီး ပြန်တဲ့အခါ လက်နက်နဲ့ ကျည်ဆံတွေရလာခဲ့တယ်။''

ဧဝံဂေလိခရစ်ယာန်နှင့် တော်လှန်သော ဆိုရှယ်လစ်ဝါဒတို့ စုပေါင်းစပ်ပေါင်းလုပ်ထားသော မွိုးဗာ၏ နိုင်ငံရေးသဘောတရား အသစ်ထွက်လာခဲ့သည်မှာလည်း အဆိုပါကာလပင်ဖြစ်၍ ထိုအခါမှစ၍ ၄၄း၏ နိုင်ငံရေးသဘောတရားသည် NSCN၏ နိုင်ငံရေးအခြေခံ လမ်းညွှန်အဖြစ် ယနေ့တိုင် ကျင့်သုံးလာခဲ့ကြသည်။ တရုတ်က မွိုးဗာကို ဝမ်းသာအယ်လဲ ကြိုဆိုလိုက်သည်ဟူသော သတင်းကြားသိရသည့်အခါ နာဂလက်နက်ကိုင် အဖွဲ့တွေအားလုံး 'တရုတ်အဖျားရောဂါ' ကူးစက်သွားကြပြီး အရှေ့ဘက်နာဂနှင့် ကချင်တောင်တန်းတို့ကို ကျော်၍ ယူနန်သို့ တစ်သုတ်ပြီးတစ်သုတ် သွားကြသည်တွင် ယူနန်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသောအဖွဲ့တွေရှိသလို အချို့ အဖွဲ့များကား လမ်းခရီးတွင် ချုံခိုတိုက်ခိုက်ခံကြရပြီး အရှေ့ဘက်မှ ၄၄းတို့၏ ဝမ်းကွဲ ညီနောင် နာဂတို့က ခေါင်းဖြတ်လိုက်ကြသည်။ အရှေ့ဘက်မှ နာဂတို့အနေနှင့် အိန္ဒိယနာဂတွေ သူတို့တောင်ပေါ်တက်လာသည့် ကိစ္စကို ဘာရယ်၊ ညာရယ်မသိ၊ ကျူးကျော်သူတွေအဖြစ် ယခုလို တိုက်ခိုက်ခြင်းသာဖြစ်သည်။ အချို့တပ်ဖွဲ့ဝင်တို့သည်လည်း မြန်မာစစ်တပ်နှင့် ပက်ပင်းတိုး၍ အဖမ်းခံလိုက်ရပြီး မန္တလေးအကျဉ်းထောင်တွင် ချုပ်နှောင်၍ နောင်မှ အိန္ဒိယသို့ လွှဲပြောင်းပေးခဲ့သည်။

အိုင်းဇောက်နှင့် မွိုးဗာတို့ ပြောပြနေသော အတွေ့အကြုံတို့ကို နားထောင်ရသည်မှာ စိတ်လှုပ်ရှားစရာကောင်းလှရာ အထူးသဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်စတင်ရတော့မည့် ခရီးလမ်းကား ၁၉၆၀ နှင့် ၁၉၇၀ ကျော်နှစ်များအတွင်းက နာဂတပ်ဖွဲ့ဝင်တို့ဖြတ်ခဲ့သော လမ်းကြောင်းဖြစ်သည်။ အိုင်းဇက်က ပြောက်ကျားဒုတိယအသုတ်တွင် ပါဝင်ပြီး ၁၉၆၈ ခုနှစ်တွင် တရုတ်ပြည်သို့ ရောက်သွားသည်။ သူက သိမ်မွေ့စွာပြုံးရင်း ပြန်ပြောပြသည်။

''အရှေ့ဘက်တောင်တန်းတွေကို ရက်ပေါင်းများစွာ ဖြတ်ကျော်ပြီး အခု ကျုပ်တို့ သိမ်းထားတဲ့နေရာရဖို့ ထိုးဖောက်တိုက်ခိုက်ကြရတယ်။ ပထမဆုံးကျုပ်တို့တွေ တည်းတဲ့ ကချင်ရွာက 'ပင်နောင်ဇွပ်'တဲ့၊ အိန္ဒိယအစပ်က ချောက်ကန်တောင်ကြားနဲ့ မဝေးဘူး''

လက်နက်အပြည့်စုံတပ်ဆင်ထားသော တပ်ဖွဲ့ဝင် (၃၀၀) နှင့်အတူ ၄၄းရွာသို့ ရောက်သွားချိန်တွင်မူ ရွာထဲတွင် လူဖြူအသက်ကြီးကြီး လင်မယားနှစ်ယောက် ရှိနေကြောင်းကြားရသည့်အခါ အိုင်းဇက် အတော်အံ့အားသင့်သွားသည်။

''ပထမတော့၊ ကျုပ်မယုံဘူး။ ဒါတစ်ခုခုမှားနေတာ၊ အိန္ဒိယသားတွေပဲဖြစ်ရမယ်လို့ ထင်ခဲ့တယ်''

www.nyisay.com





**နာဂတို့၏ ခေါင်းဖြတ်သော အစဉ်အလာမှာ ပြီးခဲ့သော နှစ်အနည်းငယ်အထိ ရှိနေဆဲ**

သို့ပေမဲ့ သူထင်သလိုမဟုတ်၊ ဂျေရပ်ဆယ်နှင့် ဂါးထရမော့(စ်) အမေရိကန် သာသနာပြုတွေဖြစ်၍ ပူတာအိုအနီးမှ လီဆူးနှင့် ရဝမ်ကချင် လူမျိုးစုရွာတို့တွင် နှစ်ပေါင်းများစွာ နေထိုင်၍ သာသနာပြုနေသူတွေပဲဖြစ်သည်။ ရန်ကုန်တွင် ပထမအကြိမ် စစ်အာဏာသိမ်းပြီး (၃) နှစ်မြောက် ၁၉၆၅ ခုနှစ်တွင်မူ စစ်အစိုးရက မော့(စ်)တို့ လင်မယားကို ဗမာပြည်မှ ထွက်သွားဖို့အမိန့်ထုတ်ခဲ့သော်လည်း သားသမီး၊ မြေးမြစ်နှင့် ၄င်းတို့နှစ်ဦးသာမက ပူတာအိုချိုင့်ဝှမ်းမှ လီဆူးလူမျိုးထောင်ပေါင်းများစွာနှင့်အတူ နေရာသစ်သို့ ပြောင်းရွှေ့သွားကြလေရာ အီဂျစ်ဘုရင်ဖာရော့ လက်မှ ထွက်ပြေးခဲ့ကြသော အစ္စရေး၏ ရင်သွေးငယ်တွေလို တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ ပီနောင်းသို့ ရောက်လာခဲ့ကြသည်။ ပီနောင်းကား မြန်မာအစိုးရအုပ်ချုပ်ရေး လက်မရောက်နိုင်သော နေရာဖြစ်၍ ထိုနေရာတွင် မော့(စ်)မိသားစုနှင့် တိုင်းရင်းသားတို့က ကိုယ်အားကိုယ်ကိုး ခရစ်ယာန် ကျေးရွာလေးတစ်ခု တည်ဆောက်နေလာခဲ့ကြသည်။ ဤသို့ နေလာရာမှ အချို့က အိန္ဒိယဘက် ပြောင်းရွှေ့သွားကြပြီး ဟိမဝန္တာချိုင့်ဝှမ်းအတွင်း ပုန်းအောင်းနေသော နောက်လူတို့ကိုမူ မြန်မာစစ်တပ်က ရဟတ်ယာဉ်တို့ဖြင့် ကယ်ထုတ်၍ အဓမ္မရွှေ့ပြောင်းလိုက်ကြသည်။

"ကျုပ်တို့လက်နက်ကိုင်တပ်ဖွဲ့တွေ ရွာထဲဝင်လာတာမြင်တော့ မော့(စ်)တို့ လင်မယားနဲ့ သူတို့ရဲ့မြေး စတိ(ဗ်)နဲ့ ဂျော်နီတို့ဟာ ကြောက်လန့်နေကြတယ်။ ဒါနဲ့ကျုပ်တို့

www.nyisay.com

**နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ ဥက္ကဋ္ဌ အိုင်းဇက်ချီရှီဆူနှင့် အင်တာဗျူး**

ဘယ်သူတွေလဲဆိုတာ ရှင်းပြပြီး အတူတကွ ဝတ်ပြုဆုတောင်းကြတယ်။ သူတို့အတွက် ဆန်တွေပေးခဲ့တယ်။ စတိ(ဗ်)နဲ့ ဂျော်နီတို့ အဝတ်တွေက စုတ်ပြတ်နေတာမို့ ယူနီဖောင်းတစ်စုံ စီပေးခဲ့တယ်။ ၁၉၆၅ ခုနှစ် ပူတာအို ချိုင့်ဝှမ်းက သူတို့ထွက်လာချိန်ကစပြီး ကျွဲပ်တို့နဲ့ တွေ့တဲ့အချိန်အတိ စုတ်စုတ်ပြတ်ပြတ်နေလာကြတာ၊ ကျွဲပ်တို့ပေးခဲ့တဲ့ ဝတ်စုံက ပထမဆုံး ဝတ်စုံသစ်ဖြစ်မယ် ထင်တယ်''

တရုတ်တွင် မော်စီတုန်းသေပြီးနောက် နိုင်ငံရေး အခြေအနေ လူပ်ယမ်းလာသည့် အခါ နာဂတို့ကို ဘေဂျင်းမှ အထောက်အပံ့တို့နှင့် ကူးသန်းသွားလာမှုများ ရုတ်တရက် ရပ်ဆိုင်းသွားသလို နာဂဒေသတွင်လည်း ၁၉၇၅ ခုနှစ် သျှီလောင်ငြိမ်းချမ်းရေး စာချုပ် ဖြင့် အိန္ဒိယအစိုးရထံ နာဂသူပုန်အမြောက်အမြား လက်နက်ချခဲ့ကြသည်။ ဤအချိန်မှာပင် သွေးတကြွကြွဖြစ်နေသော မွီးဗာက ခေါင်းဆောင်ဟောင်းများ၊ အထူးသဖြင့် ပြည်နှင် ထားသော NNC ဥက္ကဋ္ဌ ဖီဇိုကို ပေါ်ပေါ်တင်တင်စိန်ခေါ်၍ ၁၉၈၀ ခုနှစ်တွင် NSCN ကို တည်ထောင်၍ တရုတ်နှင့်အဆက်ပြန်ရဖို့ ကြိုးစားခဲ့ရာ ကချင်လက်နက်ကိုင် ဌာန ချုပ်ပါဂျောင်အထိ NSCN ကိုယ်စားလှယ်အချို့ ခရီးပေါက်လာခဲ့ပါသော်လည်း နယ်ခြား တစ်ဘက်မှ တရုတ်ကြီးတို့သည်ကား ငှင်းတို့လက်သပ်မွေးထားသော တပည့်တမန်းတို့နှင့် လုံးဝမပတ်သက်လိုတော့ကြောင်း တုံ့ပြန်ခဲ့ပါ၏။

သို့ရာတွင် နာဂတို့ကား လွယ်လွယ်နှင့် လက်မလျှော့၊ ပါဂျောင်သို့ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ရောက်ခဲ့ကြပြီး နောက်ကြောင်းပြန်လှည့်ကြရသည်။ အမှန်အားဖြင့် ထိုစဉ်က

www.nyisay.com



ပြောင်းလဲနေသည့် အချိန်နှင့် စည်းဝါးကိုက်ဖို့ခက်ခဲနေသည်မှာ သူပုန်တို့သာ မဟုတ်၊ အိန္ဒိယသတင်းစာများလည်း ပါသည်။ NSCN နှင့် ပတ်သက်၍ သတင်းရေးသားရာတွင် 'တရုတ်ထံမှ ရရှိထားသော ခေတ်မီသေနတ်များနှင့် အပြည့်အဝလေ့ကျင့်ထားသော ပြောက်ကျားများ'ဟူ၍ ဖော်ပြနေချိန်တွင်မူ စုတ်ပြတ်နေသောယူနီဖောင်းများနှင့် မီးကျီမောင်းပျက် သေနတ်တွေ ကိုင်ဆောင်ထားသော NSCN တပ်ဖွဲ့ဝင်တို့ကို မြင်ရသည်မှာ ရယ်စရာဖြစ်နေသည်။

နာဂလူပ်ရှားမှုတွင် တက်ကြွစွာပါဝင်သူ ၃၀၀၀ ရှိသည့်အနက် လက်နက်တပ်ဆင်ထားသော ဦးရေမှာ ၅၀၀ ထက် မပိုဟု ကျွန်ုပ်တို့ ခန့်မှန်း၍ ယင်းတို့ထဲတွင်မူ မိမိရိုင်ဖယ်သေနတ်အတွက် ကျည်ကပ်အပိုကိုင်နိုင်သူမှာ အတော်ပင်ရှားပါလိမ့်မည်။

အဆိုပါ အခက်အခဲတို့ကို မွီးဗာ သဘောပေါက်၍ တရုတ်ထံမှ အထောက်အပို့ရဖို့ မမျှော်တော့ဘဲ အိန္ဒိယမှ အခြားသော မြေအောက်လှုပ်ရှားမှုတို့နှင့်ချိတ်၍ ကွန်ယက်တစ်ခုတည်ဆောက်ခဲ့ရာ၊ အိန္ဒိယတိုက်တွင် ဒေသစွဲစိတ်ဓာတ်တို့ ပြင်းထန်လာခြင်းသည် အိန္ဒိယကိုပြိုကွဲစေမည့်အကြောင်းတရား တစ်ခုဖြစ်သလို ထိုမှတစ်ဆင့် ကသောင်းကနင်းဖြစ်လာပြီး ဤအခြေအနေသည် နာဂတို့ခွဲထွက်ဖို့အတွက် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း မွီးဗာ လက်ခံထားသည်။ နာဂအမျိုးသားလွတ်လပ်ရေးရဖို့ တစ်ခုတည်းသော မျှော်လင့်ရာသည် အိန္ဒိယပြိုကွဲမှသာလျှင် ဖြစ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း သဘောပေါက်ထားသည်။ သို့ဖြစ်၍ အာသံနှင့် မဏိပူရလက်နက်ကိုင်တို့ကို မွီးဗာက ဌာနချုပ်တွင် ကြိုဆိုဧည့်ခံခဲ့သလို ပန်ဂျပ်ပြည်နယ်မှ ဆစ်(ခ်) စစ်သွေးကြွတွေနှင့်သာမက ကက်ရှမီးယားမှ ခွဲထွက်ရေးသမားတွေနှင့်လည်း လမ်းဖောက်ခဲ့သည်။ အလားတူ အိန္ဒိယတောင်ဘက်မှ တမီး(လ်) တို့သည် ခွဲထွက်ဖို့တောင်းဆိုလာလိမ့်မည်ဟု လုံးဝမျှော်လင့်ထားရာ အဆိုပါ လှုပ်ရှားမှုတို့သည်ကား ဗရုတ်ဗရက်မင်းမဲ့တိုင်းပြည်ဖြစ်သွားမည့် သူအလိုချင်ဆုံး အခြေအနေများပင် ဖြစ်လေသည်။

သမီးလေးအိပ်ပျော်နေချိန်နှင့် ကျွန်ုပ်အလုပ်နားချိန်တို့တွင် အာသံသူပုန်အိမ်တွေဆီ ကျွန်ုပ်တို့ မကြာခဏ သွားလည်ကြရာ သူတို့ဆီမှာ အကောင်းဆုံးလက်ဖက်ခြောက်တွေ ရှိကြောင်း သိရသလို ဆိုင်နောင့်က ရှမ်းအမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိကြ၍လည်း ကျွန်ုပ်တို့ကို ဂရုတစိုက် ဧည့်ခံကြသည်။ (ရှမ်းလူမျိုးနှင့် အာသံလူမျိုးတို့မှာ သမိုင်းကြောင်းအရ ဆက်စပ်မှုရှိသည်) သူတို့လက်နက်ကိုင်အဖွဲ့အမည်မှာ ညီညွတ်သော 'အာဆုန်(မ်)' လွတ်မြောက်ရေးတပ်ဦး (ULFA) ဖြစ်ပြီး အာဆုန်(မ်)မှာ ပို၍ ရှေးကျသော အာသံဒေသ အမည်ရင်းဖြစ်သည်။ ULFA တပ်ဖွဲ့ဝင်တို့၏ လုပ်ငန်းတို့သည်ကား ဘဏ်တိုက်တို့ကို ဓားမြတိုက်ခြင်း၊ အစိုးရအာဏာပိုင်တို့ကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အိန္ဒိယ

www.nyisay.com



ဘက်ခြမ်းနယ်စပ်တွင် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်တို့ထံမှ သေနတ်ခဲယမ်းတို့ကို လုယူခြင်း စသည်တို့ ဖြစ်ကြ၏။

ULFA ၏ ပြောရေးဆိုခွင့်ရှိသူ မစ္စတာဂိုးဂိုလ်မှာ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းမွေး၊ ဖုတ်သိုက်ဆံပင်ရှည်ရှည်ပေါ်တွင် အပြာရောင်ကက်(ပ်) ဦးထုပ်ကို ငိုက်၍ ဆောင်းထားသူဖြစ်၍ ရုတ်တရက်ကြည့်လိုက်လျှင် ချေဂွေဗားရားနှင့် အတော်တူသည်။

''ကျွန်တော်တို့တွေက မွန်ဂိုအနွယ်တွေလေ၊ ဒါကြောင့် နာဂတွေနဲ့ ကျွန်တော်တို့ စည်းလုံးရမယ်။ အိန္ဒိယသားတွေက ကျွန်တော်တို့တိုင်းပြည်ထဲကို တဖြည်းဖြည်းတိုးဝင်လာနေတာကို စုပေါင်းပြီးတိုက်ခိုက်ရမယ်''

မစ္စတာဂိုးဂိုလ်က အိန္ဒိယ လေသံနှင့်ပြောသည်။ (၁၃) ရာစုတွင် ဗြဟ္မပုတ္တရမြစ်ဝှမ်းသို့ ရှမ်းလူမျိုးတို့၏ ရှေးသူဟောင်းတို့ ကျူးကျော်ဝင်ရောက်လာခဲ့ကြသည်ကို ULFA မှ အမျိုးသားရေးဝါဒီလူငယ်တို့က ယခုအထိ မမေ့ကြ၊ သူတို့ထဲက တစ်ယောက်က ရှေးဟောင်းအာသံစကားနှင့် ရေးသားထားသည်ဆိုသော သီချင်းတစ်ပုဒ်ကို အသံထွက်ဖတ်ပြရာ အားလုံးနီးပါးလောက်ကို ဆိုင်နောင့်နှားလည်သဖြင့် သူတို့အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

''ကြည့်စမ်း ကျွန်တော်တို့တွေဟာ အတူတူပါပဲလား''

ဝန်ထမ်းတစ်ဦးက ကျွန်ုပ်တို့အတွက် နောက်ထပ် အငွေ့တထောင်းထောင်းနှင့် လက်ဖက်ရည်အချို့တွေ ထပ်ချပေးပြန်သည်။

ခေးဆန်ချန်းလမ်ရွာ အနီးတစ်ဝိုက်နှင့် ဌာနချုပ်အနီးသို့ ကျွန်ုပ်တို့လမ်းလျှောက်ထွက်သည့်အခါ မကြာမကြာ ကျွန်ုပ်တို့နှင့် ဆယ်ခုပ်ပေလည်း ပါလာတတ်သည်။ သူ၏ ပွင့်လင်းမှုနှင့် ရိုးသားမှုကို ကျွန်ုပ်တို့သဘောကျသည်။ ယုံကြည်ချက်အရာတွင်လည်း ဆာကူလန်းဘားလို နာဂလွတ်လပ်ရေး မလွဲမသွေရ၊ ရမည်ဟု မမှိတ်မသုန် စွဲကိုင်ထားသည်။ သို့ပေမဲ့ သူတို့ယုံကြည်မှုက နာဂလူမျိုးတွေလက်ခံထားသော ကံယုံဝါဒမျိုး။

''ဒါကြောင့် နာဂတွေအများကြီးသေပြီး အသတ်ခံခဲ့ရတယ်။ သူတို့အသက်တွေကို စွန့်လွှတ်စတေးခဲ့ရတယ်။ ကျွန်တော်တို့ လွတ်လပ်ရေးရမှာ သေချာပါတယ်''

အာမေးနီယန်လူမျိုးများ၊ ကဒ်(ဒ်)များ၊ ဘလူချီများ (သို့) အခြားခွဲထွက်ရေးသမားတို့ အကြောင်းမဲ့သက်သက် သေဆုံးခဲ့ကြသည်တို့ကို သူ့အား သတိရစေချင်သည်။ နာဂလူမျိုးတို့သည် ထာဝရဘုရားက ရွေးချယ်ထားသည်ဟူသော ယုံကြည်မှုမှာ သူ၏ အခြေခံအတွေးအခေါ်ဖြစ်၍ အဆိုပါ အယူအဆဖြင့် သူ၏ ညီနောင်သားချင်းတို့ စဉ်းစားသလို စဉ်းစားတတ်သည်။ သို့ဆိုပေမဲ့ အိန္ဒိယမှ အခြားဒေသဆိုင်ရာ လှုပ်ရှားမှုများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟူသော မြီးဗာ၏ အယူအဆကိုကား သူ လက်မခံ။

''အဲ့ဒီ အိန္ဒိယသားတွေနဲ့ လုံးဝ ကျွန်တော် ပူးပေါင်းမှာ မဟုတ်ဘူး''

www.nyisay.com



ဤသည်ကား သူ၏ပါတောပိတ် အဖြေဖြစ်သည်။ တစ်ခါတစ်ခါ သူ၏ နိုင်ငံရေး အယူအဆတို့ကို နားထောင်ရသည်မှာ ကျွန်ုပ်တို့အဖို့ စိတ်သောကဖြစ်ရသည်။ ခွဲထွက်ရေး အမြင်နှင့် ပတ်သက်၍ NSCN ၏ လှုပ်ရှားမှုတို့မှာ မထိတ်သာမလန့်သာ ရှိလှသည်။ NSCN သည် မိမိတို့နှင့် အယူအဆမတူသော သူများအပေါ် သည်းခံတတ်သည့် လှုပ်ရှားမှုမျိုး၊ အဖွဲ့အစည်းမျိုး မဟုတ်ပါချေ။ သူသည်လည်း ချာခေဆန်မျိုးနွယ်ဖြစ်လေရာ ထန်ကူ(လ်)-ဆယ်မ-ခွန်းညက်မျိုးနွယ်တို့ ဦးဆောင်နေသော NSCN က သံသယနှင့် ကြည့်တတ်သော လူမျိုးစုလည်းဖြစ်သည်။

ဌာနချုပ်မှ အနည်းငယ်သာရှိသော ချာခေဆန်မျိုးနွယ်စုများထဲမှ တစ်ဦးမှာ ဗိုလ်မှူး ချုပ် ဗီဒါရီမိုရီ ဖြစ်သည်။ ယခုအခါ တာဝန်မှ အနားယူလိုက်ပြီး NSCN ၏ ခရစ်ယာန် ဘုန်းတော်ကြီး ဖြစ်လာသည်။ အသက်အတော်ကြီးနေပြီဖြစ်သော်လည်း သူ့မိန်းမမှာ အသက် (၃၀) ဝန်းကျင်သာရှိပြီး ဆွဲဆောင်မှုရှိသည်။ သူတို့တွင် သား ယောကျ်ား ကလေးပေါက်စလေး တစ်ယောက်ရှိရာ ကျွန်ုပ်တို့နှင့်အတူ သမီးလေး အီယင်းကိုလည်း ခေါ်သွားတတ်သည်။ ဗီဒါရီ၏ ဘာသာရေးအမြင်မှာ အစွန်းရောက်သလို နိုင်ငံရေးအရလည်း အလွန်အကျွံသမားဖြစ်သည်။ သို့ပေမဲ့ထိုအယူအဆနှစ်ခုကို တည်တည်ငြိမ်ငြိမ် ပေါင်းစပ်ထားသည်ကို တစ်ခါတစ်ခါ ကျွန်ုပ်အံ့အားသင့်ရသည်။ တွေ့လိုက်တိုင်း သူ့ မျက်နှာပေါ်တွင် အပြုံးတစ်ပြုံး အမြဲရှိနေပြီး စကားပြောလျှင် ဘုရားသခင်ကို မကြာမကြာ တတွတ်ပြီး မျက်လုံးတို့က သဲကြီးမဲကြီး စူးစိုက်ကြည့်တတ်သည်။ ၁၉၈၀ ခုနှစ်နောက်ပိုင်း၊ အရှေ့ဘက်နာဂတောင်တန်းတွင် NSCN က ဒေသခံပြဿနာတို့ကို ရှင်း၍ ငြိမ်းချမ်း တည်ငြိမ်လာသည့်အခါ ဒေသခံအတော်များများကို ဗီဒါရီက ခရစ်ယာန် ဘာသာဝင်တွေ အဖြစ် ပြောင်းလဲပေးခဲ့သည်။

ဂျော့ဆိုးမားတွင် ၁၉၆၈ ခုနှစ်က သူဦးဆောင်တိုက်ခဲ့သော တိုက်ပွဲမှာ ထင်ရှားသည်။ နာဂပြောက်ကျားတပ်ဖွဲ့နှင့် အိန္ဒိယအစိုးရတပ်များ ထိတွေခဲ့သော တိုက်ပွဲများ အနက် အသေပျောက် အများဆုံးတိုက်ပွဲဖြစ်၍ အိန္ဒိယဘက်မှ ကျဆုံး ၈၀၀/၇၀၀ နီးပါး ရှိခဲ့ကြောင်း ဆယ်ခုပေထံမှ ကြားသိခဲ့ကြောင်း ကျွန်ုပ်က ပြောပြသည်တွင် သူက ဆတ်ခနဲ မတ်တပ်ထရပ်လိုက်ပြီး လက်ညှိုးတစ်ချောင်း ထောင်ပြကာ ရှူးရှူးရဲရဲနှင့် ပြောသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲ့ဒါ လုံးဝမဟုတ်ဘူး၊ အိန္ဒိယသားတွေကို ကျုပ်တို့ သတ်ခဲ့တာ အနည်းဆုံး လူတစ်ထောင်လောက်ရှိတယ်။ ကျွန်ုပ်တို့ စစ်သားတွေက သေနတ်တွေ ပစ်တဲ့အခါတိုင်း ဘုရားသခင်ကောင်းချီးပေးပါစေလို့ အော်ဟစ်ပြီး ပစ်တာ"

ဘာသာရေးနှင့်ဖြစ်စေ၊ မြေအောက်လှုပ်ရှားမှုများနှင့် ပတ်သက်၍ဖြစ်စေ ဆယ်ခုပေကိုယ်တိုင်၏ သဘောထားသည်သည် NSCN နှင့် တစ်ထပ်တည်းဖြစ်သည်။ ကိုဟီးမားတွင် Oking Time သတင်းစာ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့စဉ်က အနောက်ဘက်တွင်

www.nyisay.com



လူပ်ရှားနေသော NSCN ၏ လျှို့ဝှက်မစ်ရှင်တစ်ခုမှ ကက်ပတိန်တစ်ယောက် သူ့ထံ ချဉ်းကပ်ခဲ့ဖူးသည်။

"ဓမ္မပူရက ဘဏ်တိုက်တစ်တိုက်ကို ဓားပြတိုက်မယ့်ကိစ္စမှာ ကျွန်တော် ကူညီနိုင်မလားလို့ မေးတယ်။ ကျွန်တော့်သတင်းစာမှာ ရေးသားနေသလို အမျိုးသားရေးကိစ္စအတွက် တကယ်ရိုးသားတယ်ဆိုရင် သူ့ကို ကူညီရမယ်လို့လည်း ပြောတယ်"

သို့ရာတွင် ဘဏ်တိုက်အတွင်းသို့ သူတို့နှစ်ယောက် ပစ္စတိုသေနတ်တွေနှင့် သွားရမည်ကို သူ့အနေနှင့် မဝံ့မရဲဖြစ်ကြောင်း NSCN ကက်ပတိန်ကို ဆယ်ခုပဲပေက ပြောပြသည့်အခါ ကက်ပတိန်က ယခုလိုပြောသည်။

"မကြောက်ပါနဲ့၊ သခင်ယေရှုကို ယုံကြည်စမ်းပါ။ အားလုံး အဆင်ပြေသွားမယ်"

ယေရှု၊ ဟုတ်လား၊ ဘဏ် ဓားမြတိုက်တဲ့ ကိစ္စနဲ့ ဘုရားသခင်နဲ့ ဘာဆိုင်လို့တုန်း၊ အခုကိစ္စက ပိုက်ဆံတွေ ခိုးပြီး လူသတ်နိုင်တဲ့ ကိစ္စမဟုတ်လား"

ဤတွင် ကက်ပတိန်၏ အဖြေကား ဤသို့ဖြစ်ပါ၏။

"ဓားပြတိုက်တဲ့ကိစ္စထက် အမျိုးသားရေး ကိစ္စက ပိုအရေးကြီးတယ်။ ငွေတွေကို ယူပြီး တိုက်ပွဲဝင်နေတဲ့ ငါတို့လူတွေကို ပေးရမယ်၊ ဒီကိစ္စကို ယေရှုက ထောက်ခံမှာပါ"

သခင်ယေရှုက အကူအညီပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ စီစဉ်ထားသလို ဘဏ်ဓားပြတိုက်ခဲ့ကြသဖြင့် ထိုသတင်းကို နယူးဒေလီတွင် ကျွန်ုပ်ရှိစဉ်က သတင်းစာထဲမှာ ဖတ်လိုက်ရသည်။ ဘဏ်မှ ရူပီးပေါင်း ၁.၅ သန်း မ,သွားပြီးနောက် ဆယ်ခုပဲပေလည်း ကိုဟီးမားတွင် ဆက်မနေနိုင်တော့ဘဲ အရှေ့ဘက် ထွက်ပြေးလာခဲ့ရသည်ဖြစ်ရာ သူတို့ကိစ္စနှင့် နှိုင်းယှဉ်လျှင် အိန္ဒိယဥပဒေကို ကျွန်ုပ်ချိုးဖောက်ခဲ့သော လုပ်ရပ်တို့သည်ကား ပါချေပါမ္မားလေးများသာ ဖြစ်ပါ၏။

အရှေ့ဘက် နာဂတောင်တန်းနေဒေသခံတို့ကို NSCN က နှိမ်နှင်း၍ ခရစ်ယာန်ဘာသာထဲ ဆွဲသွင်းခဲ့ပုံကို ကြားရသည့်အခါတွင်လည်း ကျွန်ုပ်အံ့အားသင့်ရပြန်သည်။ အမှန်အားဖြင့် ခရစ်ယာန်သာသနာပြုခဲ့သည်မှာ သေနတ်ထောက်၍ အဓမ္မ ယုံကြည်ခိုင်းခြင်းသာဖြစ်၍ ဒေသခံတို့ကို အနိုင်ရခဲ့သည်တိုင် လူပ်ရှားမှုတွင် အရှေ့ဘက်လူမျိုးစုတို့ပါဝင်လာဖို့ စည်းရုံးရသော အလုပ်မှာ အခက်အခဲတွေ့လာခဲ့သည်။ တစ်ကြိမ်တွင် အိုင်းဇက်က ယခုလို ရှင်းပြသည်။

"ကျုပ်တို့ရောက်စက ကျုပ်တို့ရဲ့ လွတ်လပ်ရေးတိုက်ပွဲကို အရှေ့ဘက်နာဂတွေ လုံးဝနားမလည်ကြဘူး။ 'နာဂ'ဆိုတဲ့ စကားလုံးကိုတောင် တော်တော်များများ မသိကြဘူး၊ သူတို့သိတာ သူတို့နေတဲ့ ရွာအစုရဲ့ အမည်ကိုပဲ သိထားကြတယ်"

ဆက်လက်၍ သူက အရှေ့ဘက်နာဂတို့ စိတ်ဓာတ်မြှင့်တင်ဖို့အတွက် '၈'မီလီမီတာ ရုပ်ရှင်ပြစက် တစ်လုံးယူလာပြီး ပညတ်တော် ဆယ်ပါးကဲ့သို့ သင့်တော်ရာ

www.nyisay.com



လက်နက်အပြည့်နှင့် နာဂပြောက်ကျားတွေ
ကင်မရာရှေ့မှာ ဝိုက်ပေးနေစဉ်။ သို့ရာတွင်
၁၉၈၅ ခုနှစ် ဒီဇင်ဘာတွင်မူ အစိုးရတပ်များက
ၜင်းတို့ဌာနချုပ်ကို တိုက်ခိုက်သည့်အခါ
ဘာတီး(လ်)လင့်တနာတို့ မိသားစု
လွတ်မြောက်ခဲ့သော်လည်း ၜင်းတို့ထဲမှ အတော်
များများကျဆုံးသွားသည်။

www.nyisay.com

www.nyisay.com





စစ်ကိုင်းတိုင်းမြောက်ပိုင်း၊
နာဂတောင်တန်းများကြားမှ
NSCN ဌာနချုပ် ခေးဆန်ချန်းလမ်။

www.nyisay.com

သမီးလေးကို ရေချိုးပေးနေသော ဆိုင်နောင့်

www.nyisay.com

NSCN ခေါင်းဆောင်တွေနှင့် တွေ့ဆုံ၍ နာဂလူပ်ရှားမှုတို့ကို မေးမြန်းခဲ့စဉ်
ခေးဆန်ချန်းလမ်မှ စိတ်လူပ်ရှားစရာ မြင်ကွင်းများ

www.nyisay.com



ဇာတ်ထုပ်များ ပြသရာ၊ ပိတ်ကားပေါ်တွင် ရောင်စုံပုံရိပ်များ တဖျပ်ဖျပ် လှုပ်ရှားနေသည်ကို မြင်ကြရသည့်အခါ အပေါ်ပိုင်း ဗလာနှင့် နာဂလူအုပ်ကြီးမှာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြသည်ဟု ဆိုသည်။ အဆိုပါဇတ်ကားမှာ သမ္မာကျမ်းစာ သမိုင်းကို ဟောလီဝုဒ်(ဒ်)၏ စိတ်ကူးစိတ်သန်းဖြင့် ရိုက်ကူးထားပြီး ချာ(လ်)တန် ဟက်စတန်နှင့် သရုပ်ဆောင် ရာပေါင်းများစွာတို့ တွဲဖက်သရုပ်ဆောင်ထားသည်။ သို့ရာတွင် ဇတ်ထုပ်ထဲက ခန်းနားကြီးကျယ်သော အီဂျစ်နန်းတော်ကြီးများနှင့် တငြိမ့်ငြိမ့် စီးဆင်းနေပါသော နိုင်းမြစ်ကြီးသည်ကား ယခု နာဂပွဲကြည့်ပရိသတ်တို့အတွက် အိန္ဒိယဘက်မှ ၄င်းတို့၏ ညီအစ်ကိုတော်တို့ သယ်ဆောင်လာသော နိုင်ငံရေးဒဿနဖြစ်လာရာ ဖာရော့ဘုရင်တို့၏ ခန်းနားကြီးကျယ်ပုံတို့ကို မိနစ် (၃၀) ခန့် ကြည့်ပြီးသည့်အခါ အိုင်းဇက်အနားတွင် ထိုင်ကြည့်နေသော အရှေ့ဘက်နာဂတစ်ဦးက မှင်တက်၍ ယခုလိုမေးလိုက်လေသည်။

''ကျုပ်တို့လွတ်လပ်ရေးရပြီးရင် အဲဒီလိုဖြစ်လာမှာလား... ဟင်''

ကျွန်ုပ်အမြင်အရ ပြောရလျှင် အရှေ့ဘက်တွင် NSCN အနေနှင့် မည်မျှ အောင်မြင်မှုရနိုင်မည်ကို ခန့်မှန်းဖို့ ခက်သည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ 'ခပ်ပလန်'နှင့် အင်တာဗျူးရာမှ တစ်စွန်းတစ်စ သိခဲ့ရသည်။ 'ခပ်ပလန်'ကား ကျွန်ုပ်တို့တဲဆီ မကြာမကြာလာ၍ နာဂအသံလေးလေးပင်ပင်ကြီးနှင့် ဗမာလို ပြောတတ်သဖြင့် ရှင်းရှင်းလင်းလင်းနားလည်နိုင်ရာ ဆိုင်နောင့်က ကျွန်ုပ်ကို ဘာသာပြန်ပေးသည်။ ၁၉၆၀/၁၉၇၀ ကျော်ကာလများက ကေအိုင်အေ၏ ထောက်ပံ့မှုဖြင့် အရှေ့နာဂတပ်ဖွဲ့တစ်ဖွဲ့ကို 'ခပ်ပလန်'ကိုယ်တိုင် ဦးဆောင်၍ လှုပ်ရှားခဲ့သော်လည်း အိန္ဒိယနာဂတွေ အရှေ့ဘက်ကူးလာပြီး အခြေခံစခန်းတွေ တည်သည့်အခါ 'ခပ်ပလန်'၏ ပူးပေါင်းမှုသည် အိုင်းဇက်နှင့် မွီဗာတို့အတွက် အဓိကလိုအပ်ချက်ဖြစ်လာရာ မည်သည့်နည်းဖြင့် စည်းရုံးခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိနိုင်သည့်တိုင် သူတို့နှစ်ဦးက 'ခပ်ပလန်'ကို ထိန်းချုပ်နိုင်ခဲ့ကြသည်။ ခပ်ပလန်ကလည်း ဤကိစ္စကို ပွင့်ပွင့်လင်းလင်း ဘယ်တော့မှ မပြောသည့်တိုင် ခပ်ပလန်အနေနှင့် သူ၏ ဆုံးဖြတ်ချက်ကို နောင်တရနေသည်ဟု ကျွန်ုပ်ထင်သည်။

လွန်ခဲ့သော (၁၅) နှစ်၊ အနှစ် (၂၀) ခန့်က နာဂ သူပုန်တို့သည် ကချင်တို့ထက် အင်အားတောင့်တင်း၍ လက်နက်ခဲယမ်း ပြည့်စုံခဲ့သော်လည်း ယနေ့မူ အခြေအနေတို့ကား ပြောင်းပြန်ဖြစ်သွားသည်။

ခပ်ပလန်နှင့် အချိန်အတော်ကြာ စကားပြောခဲ့ရသည့်အတွက် အရှေ့ဘက် ဆောင်တန်းများမှ ဒေသခံတို့ဘဝကို ထဲထဲဝင်ဝင် သိလာရာ၊ အဆိုပါအကြောင်းအရာတို့ကို ကျွန်ုပ်မတိုင်မီ မည်သူမျှ ပြည့်ပြည့်စုံစုံ မှတ်တမ်းမတင်ခဲ့သေးဟု ကျွန်ုပ်ယုံကြည်သည်။ ခေးဆန်ချန်းလမ်မှ နောက်ဆုံးခေါင်းပြတ်ကို ၁၉၈၃ ခုနှစ်တွင် ယူဆောင်လာခဲ့ကြောင်း

www.nyisay.com



ကျွန်ုပ်တို့ သိထားသလို ထိုနှစ်မှာပင် ဧေးဆန်ရွာတို့ကို NSCN က ထိန်းချုပ်နိုင်ခဲ့သည်။ ပြိုင်ဘက်ရွာအုပ်စုအချင်းချင်း တိုက်ခိုက်ကြရာမှ ခေါင်းဖြတ်တတ်ကြသလို အများအားဖြင့် ကျေးကျွန်တစ်ယောက်ကို ဝယ်ယူ၍ ခေါင်းဖြတ်တတ်ကြကြောင်း ခပ်ပလန်က ရှင်းပြသည်။

''ယာဇူဇော်မယ့် လူဟာ တိုက်ပွဲက ဖမ်းမိလာတဲ့ အကျဉ်းသားလည်းဖြစ်နိုင်တယ်။ ဒါမှမဟုတ် များသောအားဖြင့် သူခိုး၊ လင်ငယ် မယားငယ်ထားတဲ့လူ ဒါမှမဟုတ် ဘာအလုပ်မှ မလုပ်နိုင်တဲ့ ဂီလာန စသဖြင့် တစ်ရွာလုံးက သတ်ပစ်ချင်တဲ့ လူလည်းဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒီလူဟာ အခြားရွာအစုက လူဖြစ်ရမယ်။ ယစ်ပူဇော်မယ့် လူဟာ သူတို့နဲ့ စကားတစ်မျိုးတည်း ပြောတဲ့လူဆိုရင် မင်္ဂလာမရှိဘူးလို့ သတ်မှတ်ထားကြတယ်''

ယစ်မပူဇော်မီ ရက်အနည်းငယ်ခန့်တွင် ကျေးကျွန်၏ မျက်နှာကို မီးသွေးဖြင့် လိမ်းကျဲ၍ ဝက်သားကြော်နှင့် အရက်တို့ကို ခဏ ခဏ စားခိုင်းသောက်ခိုင်းပြီး သတိလွတ်လောက်အောင် မူး၍ အော့အန်တော့မည့်ဆဲဆဲတွင် လက်မရွံ့ ရွာသားတစ်ယောက်က မူးနေသူ၏ နောက်ကျောဘက်မှ ချဉ်းကပ်၍ ဓားနှင့်တစ်ချက်တည်း ခေါင်းဖြတ်လိုက်ခြင်း ဖြစ်သည်။

''အကယ်၍ တစ်ချက်ထက်မက ခုတ်ဖြတ်ရတယ်ဆိုရင် ဒါဟာမကောင်းတဲ့ နိမိတ်ဘဲ၊ ခန္ဓာကိုယ်ကို မြေမြှုပ်လိုက်ကြပြီး ခေါင်းကိုတော့ ဝါးတံကျင်နဲ့လျှိုပြီး ရွာကိုလှည့်ပတ်သွားတယ်။ ရွာသူရွာသားတွေက သီချင်းတွေ ဆိုပြီး ကခုန်ကြတယ်။ အဲဒီလို စားစရာ သောက်စရာတွေနဲ့ ပျော်ပွဲရွှင်ပွဲကို (၅) ရက် ကျင်းပလေ့ရှိပြီး ကျွန်ကို ဝယ်တဲ့သူက အစားအသောက်တွေအတွက် စရိတ်ခံရတယ်။ ပြီးရင်တော့ ခေါင်းပြတ်ကြီးကို စရိတ်ခံသူရဲ့ အိမ်နံရံမှာ သွားတင်ထားရတယ်။ ယစ်ပူဇော်ခံလိုက်သူရဲ့ ဝိဉာဉ်တွေဆီက ခွန်အားတွေကို ခေါင်းခွံသိမ်းထားတဲ့ မိသားစုက ဆက်ခံရရှိတယ်လို့ ကျုပ်တို့ နာဂတွေက ယုံကြည်ကြတယ်''

ခေါင်းဖြတ်သည်နှင့် ပတ်သက်၍ နောက်ထပ်မူ တစ်ခုကလည်း ယခုလို ဆိုသည်။ နာဂရွာတိုင်းတွင် 'မိုရုန်' ခေါ် ရွာဘုံခန်းမကြီးတစ်ခုရှိပြီး ဤဘုံ အသက်ကြီးရင့်သူတို့တွေ့ဆုံကြသလို လူပျိုလူလွတ်ယောကျ်ားလေးတို့သည်လည်း အိမ်ထောင်မကျမီအထိ နေထိုင်ကြရသည်။ ယောကျ်ားလေးတို့ကို လူပျိုဖော်ဝင်လာချိန်တွင် မိဘများအိမ်တွင် နေထိုင်ခွင့် မပေးတော့ဘဲ၊ မိုရုန်ခန်းမကြီးထဲ ပြောင်းရွှေ့လာကြရသည်။ အခန်းကြီး၏ နံရံများတွင်မူ လူမျိုးစုအချင်းချင်း ဖြစ်သောစစ်ပွဲများမှ ဖမ်းမိလာသူတို့ကို ခေါင်းခွံဖြတ်၍ အဆိုပါ ခေါင်းခွံဖြင့် အလှဆင်ထားသည်။ ဤသို့မှမဟုတ်လျှင် ထိုရွာသည် လုံခြုံ

www.nyisay.com



စိတ်ချခြင်းမရှိ၊ ရုက်စရာကောင်းသော အားအင်ချည့်နဲ့သော ရွာဖြစ်၍ ကောက်ပဲသီးနှံတို့ ဖြစ်ထွန်းခြင်းမရှိ၊ ပြိုင်ဘက်ရွာများနှင့် စစ်ခင်း၍ ခေါင်းပြတ်တွေယူဆောင်လာပြီး ဟော်ပွဲများ ကျင်းပမှသာ ရွာတွင် မြေဆီသြဇာပြည့်ဖြိုး၍ သီးနှံတို့ တိုးမည်ဟု ယုံကြည်ကြကုန်၏။

''ယောကျ်ားတစ်ယောက်ဟာ ခေါင်းပြတ်မပါဘဲ ရွာပြန်လာရင် မိန်းကလေးတွေက ဘာပြောမလဲ''

''သူ့ကို တကယ်ယောကျ်ားမဟုတ်ဘူးလို့ သဘောထားကြတယ်''

နာဂတို့အဖို့ အပျိုစစ်ခြင်း၊ လူပျိုစစ်ခြင်းသည် အပြစ်ဟု ခံယူထားရာ ယောကျ်ား လေး အများစုသည် ၄င်းတို့၏သမီးရည်းစား မိန်းကလေးများနှင့် ညအမှောင် မိုရုန်ခန်းမ ကြီးထဲတွင် ချိန်းတွေ့၍ အကြိမ်ပေါင်းများစွာ ကာမဆက်ဆံပြီးခါမှ အတည်တကျ အိမ်ထောင်ပြုတတ်ကြသည်။

ခေးဆန်ချန်းလမ်တွင် မိုရုန်ခန်းမဆောင်ကြီး (၃) လုံးရှိခဲ့ပြီး ယခုအခါ ကျေးရွာ ကော်မတီ၏ အစည်းအဝေးခန်းမအဖြစ် အသုံးပြုထားသည်။ နောက်ပိုင်းတွင် ဘာသာရေး ယုံကြည်မှု အစွန်းရောက်သော NSCN က အိမ်ထောင်ရေးဖောက်ပြန်မှုသည် ဆိုခဲ့သလို အပျိုစင်ဖြစ်ခြင်း၊ လူပျိုစင်ဖြစ်ခြင်းတို့ထက်ပင် ပို၍ အပြစ်ကြီးသည်ဆိုကာ ဖောက်ပြား သည့် လုပ်ရပ်တို့ကို နှိပ်ကွပ်ခဲ့သည်။

ခေးဆန်ချန်းလမ်မှ မိုရုန်ခန်းမကြီးမှာ ပန်းပုအနုပညာလက်ရာများရှိသည့် တစ်ခု တည်းသော အဆောက်အအုံဖြစ်သဖြင့် ကျွန်ုပ်တို့ မကြာခဏ သွားကြည့်ခဲ့ကြသည်။ ခန်းမမှာ အလျား (၂၀) မီတာနှင့် အနံ (၁၀) မီတာ နီးပါးရှိပြီး၊ သက်ငယ်ခေါင်မိုးကြီး တစ်ခုလုံးကို ထိန်းထားသည့် တိုင်လုံးကြီးများတွင် လူနှင့် တိရစ္ဆာန်ရုပ်ပုံများ ထွင်းထုထား သည်။

အတိတ်မှ မကောင်းဆိုးဝါးလုပ်ရပ်တို့၏ အထောက်အထားအဖြစ် ခန်းမဆောင် ကြီးထဲတွင် ဦးခေါင်းခွံတွေရှိကောင်းရှိလိမ့်မည်ဟု မျှော်လင့်လာခဲ့သော်လည်း ကျွဲချိုနှင့် မျောက်ခေါင်းခွံတွေကိုသာ အထပ်လိုက်တွေ့ကြရပြီး လူခေါင်းခွံတို့သည်ကား မိုရုန် ခန်းမကြီထဲမှ ဖယ်ရှားပစ်လိုက်ပြီး ၄င်းတို့၏ ဘာသာရေးယုံကြည်မှုအဟောင်းကို မြေမြှုပ် လိုက်လေပြီ။

ကျွန်ုပ်တို့ နောက်ထပ်ခေါင်းစားခဲ့သော အရာတစ်ခုမှာ မိုရုန်ခန်းမတစ်ခု၏ အပြင်ဘက်တွင်ရှိသော သံချေးအလိပ်လိပ်တက်နေသည့် ဒါကိုတာ အင်ဂျင်တုံးကြီး တစ်တုံးဖြစ်သည်။ သို့ရာတွင် အင်ဂျင်တုံးကြီး၏ အစိတ်အပိုင်း တော်တော်များများကား မရှိတော့၊ ဓားတွေ၊ လှံတွေလုပ်ဖို့ ဖြုတ်ယူသွားကြပြီ။ အတုံးကြီးသာ ကျန်တော့သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း တရုတ်နှင့် အိန္ဒိယကြား တောင်တန်းတို့ပေါ်မှ ပျံသန်းလာ

www.nyisay.com



သော လေယာဉ်တစ်စင်းပျက်ကျရာမှ ရလာသော အင်ဂျင်တုံးကြီးဖြစ်မည်ဟု ကျွန်ုပ်မှန်းဆရသည်။ ထိုစဉ်က ဂျပန်ကို တိုက်ခိုက်နေသော တရုတ်စစ်တပ်တို့ကို အာသံမှ တစ်ဆင့် မဟာမိတ်တပ်များက လေကြောင်းဖြင့် ထောက်ပံ့ခဲ့သည်မှာ ဗိုလ်ချုပ်ကြီး စတီးဝဲ(လ်) ဦးဆောင်ဖောက်လုပ်ခဲ့သော လီဒိုလမ်းမကြီးအပြီးသတ်ချိန်အထိ ဖြစ်သည်။

ဒါကိုတော လေယဉ်အင်ဂျင်ကြီးကို ဘယ်အချိန်နှင့် ဘယ်နေရာမှာ တွေ့ခဲ့သည်ကို ရွာသားတို့ကို မေးမြန်းကြည့်ပါသော်လည်း ကျေနပ်လောက်အောင် မည်သူကမျှ မဖြေနိုင်၊ မှုန်ဝါးဝါးအဖြေတို့သာဖြစ်ပြီး လေယာဉ်ပျက်ကျသော နေရာနှင့် ပတ်သက်၍လည်း ''ဟိုနားလောက်မှာ'ဆိုသည်ထက် မပို၊ တွေးရခက်သော ပုစ္ဆာတစ်ပုဒ်လိုဖြစ်နေသည်။ သို့ပေမဲ့ ဆိုင်နောင့်က အင်ဂျင်တုံးကြီးကို ဓာတ်ပုံရိုက်နေစဉ်မှာ ကျွန်ုပ်က အလွယ်တကူ ဖော်ထုတ်နိုင်လောက်မည့် အင်ဂျင်တုံးကြီးပေါ်က အမှတ်စဉ် နံပါတ်ကို ကြိုးစားရှာဖွေခဲ့ပါသော်လည်း လက်လျှော့ခဲ့ရသည်။

သမီးလေး အီယင်းကို ဆိုင်နောင့်က နောက်ကျောတွင် ရှောစောင်နှင့် သိုင်းပိုးလျက် ရွာထဲ နေ့စဉ် လမ်းလျှောက်ထွက်သလို၊ ကျွန်ုပ်ကလည်း အင်တာဗျူးအလုပ်တွေနှင့် လည်ပတ်လာခဲ့ရာ၊ ဝေးလံသီခေါင်သော အရှေ့ဘက်မှ နာဂကျေးရွာလေးသည်ကား ကျွန်ုပ်တို့နှစ်ဦးအတွက် ကိုယ့်အိမ်၊ ကိုယ့်ယာလို ခံစားလာရသည်။

သမီးလေးအီယင်းက အမြဲလိုလို အိပ်နေချိန်တွင် ကျွန်ုပ်တို့နှစ်ဦးအတွက်မူ အပေါ်ပိုင်း ကိုယ်ဝတ်ဗလာနှင့် ရွာသားတွေ၊ ခေးဆန်ချန်းလမ်ရွာအတွင်း လှုပ်ရှားသွားလာနေသော နာဂပြောက်ကျားတို့ကို တွေ့နေ မြင်နေရသည်မှာ အသားကျလာသည်။

ကျွန်ုပ်၏ စာရေးသားခြင်း ကိစ္စကို အများအားဖြင့် ဆိုင်နောင့်တို့သားအမိ အိပ်ရာဝင်ပြီးခါမှ ရေးရချုတ်ရသည်။ ဝါးတဲမှ မြေကြီးအခင်းပေါ်တွင် မီးဖိုထားပြီး အကြမ်းထည် သစ်သားစားပွဲပေါ်တွင် ရေနံဆီမီးခွက်လေးကို အားပြု၍ ကျွန်ုပ်၏ မှတ်တမ်းမှတ်ရာတို့ကို ရေးရသည်။ မြေပုံတွေထုတ်ပြီး လေ့လာရသည်။ တစ်ခါတစ်ခါ ဟိုးအဝေးက ခွေးအူသံက ညု၏ ငြိမ်သက်ခြင်းကို နှောင့်ယှက်တတ်သည်။

ညဘက်ရောက်လျှင် အအေးဓာတ် ကဲလာပြီဖြစ်၍ မီးဖိုကို မပြတ်ဖိုထားရသည်။ ကဲကောင်းထောက်မပြီး နာဂတို့ အစဉ်အလာ ထုံးစံအရ ဧည့်သည်တို့ကို နာဂရှောစောင်အထူးကြီးတွေ လက်ဆောင်ပေးထားသဖြင့် ကျွန်ုပ်တို့မှာ စောင်တွေ အလုံအလောက်ရှိသလို အာသံပြည်သားတွေကလည်း သူတို့ဒေသထွက် အကောင်းဆုံးလက်ဖက်ခြောက်တစ်ထုပ်ပေးထားသည်။ တစ်ခါတစ်ရံ NSCN ထောက်ပံ့ရေးဌာနက အိန္ဒိယမှ နက်(စ်)ကော်ဖီတစ်အိုး စီစဉ်ပေးသည်။

ညအတော်များများတွင်မူ ကျွန်ုပ်တစ်ဦးတည်း မီးလင်းဖိုဘေးနားထိုင်၍ ရှုပ်ထွေးပွေလီမ်နေသော နာဂတောင်တန်းမှ အခြေအနေအရပ်ရပ်တို့ကို အလေးအနက်စဉ်းစားနေမိ

www.nyisay.com



ရာ၊ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်ပတ်သက်နေကြသော အဖွဲ့အား‌လုံးစိတ်ကျေနပ်စေလောက်မည့် အဖြေထွက်လာဖို့ ဆိုသည်မှာ မလွယ်ကူ။ သို့ရာတွင် ဘာမှားနေသလဲဆိုသည်ကိုမူ အလွယ်တကူထောက်ပြနိုင်ရာ တောင်တန်းဒေသနေ တိုင်းရင်းသားတို့၏ ဘဝတိုးတက်ရာ တိုးတက်ကြောင်းနှင့် ပတ်သက်ပြီး ရန်ကုန်အစိုးရက တစ်ခုမှ လုပ်မပေးဘဲ လက်လွတ်စပယ် ပစ်ထားခြင်းသည် ပြဿနာအရှုပ်အထွေးတစ်ခုလုံး၏ အဆိုးရွားဆုံးအကြောင်းတရားဖြစ်နိုင်ဖွယ်ရှိသည်။ ဤသို့စွန့်ပစ်ခံထားရသည့်အတွက်ကြောင့်ပင် NSCN အနေနှင့် မြန်မာပြည်နယ်စပ် ဧရိယာအတွင်းဝင်၍ ဌာနချုပ်တည်ထောက်နိုင်ခဲ့ခြင်းဖြစ်သည်။

NSCN ခေါင်းဆောင်များနှင့် ကျွန်ုပ် တစ်လလုံးနီးပါး တွေ့ဆုံပြောဆိုခဲ့ပြီး နာဂလက်နက်ကိုင်လှုပ်ရှားမှု၊ နာဂသမိုင်း အစဉ်အလာ ယဉ်ကျေးမှုနှင့် ၄င်းတို့၏ ပထဝီဒေသ၊ သက်ဆိုင်ရာ အချက်အလက်တို့ကို စာမျက်နှာ တစ်ထောင်ကျော်မျှ စုဆောင်းခဲ့ရာ ကျွန်ုပ်ကိုယ်ကျွန်ုပ် ဝိတိုရီယခေတ်က နယ်မြေဒေသသစ်တစ်ခုကို စွန့်စားရှာဖွေသူ တစ်ယောက်လို ခံစားမိခဲ့သည်။ အမှန်တကယ်လည်း ဆိုခဲ့သလို လုပ်ကိုင်ခဲ့သည်။ ကျွန်ုပ်တို့ ခြေလျင်တက်လာခဲ့သော ခရီးလမ်းကြောင်းတစ်လျှောက်မှ နယ်မြေတို့ကို မြေပုံတွင် 'မြေပြင် အချက်အလက် မပြည့်စုံ'ဟု မှတ်ချက်ပေးထားသော မြေပုံတို့မှာ လုံးဝတိကျမှုမရှိကြောင်း မကြာမီ ကျွန်ုပ်သဘောပေါက်လာသည်။

ကျွန်ုပ် စုဆောင်းရရှိခဲ့သော အချက်အလက်တို့သည်လည်း ဖြည်ကြည့်ဖို့ကြိုးစားနေသော နိုင်ငံရေး ချည်ငင်ထွေးကို အထောက်အကူပေးလိမ့်မည်ဟု မျှော်လင့်ထားပါသော်လည်း သူတို့အခေါ် အီဖိုင်သာသနာပြု စင်တာသို့ လာရောက်ဖိတ်ကြားသည့်အခါတွင်မူ NSCN အပေါ် ကျွန်ုပ်၏ သဘောထားကား အပြောင်းလဲကြီး ပြောင်းသွားလေသည်။ ခေးဆန်ချန်းလမ်းသို့ ကျွန်ုပ်တို့ရောက်စက သူပုန်ဌာနချုပ် တစ်ခုတွင် ပုံမှန်ရှိရမည်ဖြစ်သော ကတုတ်တွေ၊ ဘန်ကာတွေနှင့် အခြားစစ်ဘက်အရံအတားတို့ လုံးဝမရှိသည်ကို အံ့အားသင့်ခဲ့ရာ ယခုမှ အကြောင်းစုံ သိလိုက်ရသည်။

အိုင်းဇက်နှင့် NSCN ခေါင်းဆောင်အချို့က ကျွန်ုပ်ကို သာသနာပြုစင်တာ အဆောက်အအုံအတွင်း ခေါ်သွားရာ သစ်သားခုံတန်းထက်တွင် အမျိုးသမီး (၃) ယောက် ခေါင်းငိုက်၍ ထိုင်နေသည်ကို ကျွန်ုပ်သတိထားမိသည်။

"ကျုပ်တို့က အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေချပြီဆိုရင် ဂေါ့(ဒ်) ကို မမေးမစမ်းဘဲ ဘယ်တော့ မဆုံးဖြတ်ဘူး။ ဂေါ့(ဒ်) ဆီက လမ်းညွှန်မှုကို အမြဲယူတယ်"

အိုင်းဇက်က အမျိုးသမီးတွေကို အားကိုးတကြီးနှင့် ကြည့်လိုက်ရင်း ဆက်ပြောသည်။

"ဂေါ(ဒ်)က အဲ့ဒီအမျိုးသမီး (၃) ယောက်က တဆင့် ကျုပ်တို့ကို အမြဲလမ်းညွှန်နေတယ်လေ"

www.nyisay.com



အိုင်းဇက်က မိန်းမတွေရှိရာ လက်ယမ်းပြလိုက်ရာ ဘာကိုဆိုလိုသည်ကို ကျွန်ုပ် နားမလည်၊ အမျိုးသမီးတွေကို ကြည့်လိုက်သည့်အခါ လက်နှစ်ဘက်ကို ပေါင်ခွင်ထဲ ထည့်၍ ခေါင်းငိုက်စိုက်နှင့် တောင့်တောင့်ကြီးတွေထိုင်နေကြပြီး တစ်ယောက်မျှ ကျွန်ုပ်ကို မော်မကြည့်။ သို့ပေမဲ့ သုံးယောက်ထဲက အသက်ကြီးကြီးတစ်ယောက်မှာ အိုင်းဇက်၏ မိန်းမဖြစ်ကြောင်း ချက်ချင်း ကျွန်ုပ် မှတ်မိလိုက်သည်။ အသက် (၃၀) ဝန်းကျင် ခပ်ငယ်ငယ် အမျိုးသမီးက ဗီဒါရီ၏မိန်းမဖြစ်ပြီး တတိယတစ်ယောက်ကိုတော့ ကျွန်ုပ်မသိ၊ အမျိုးသမီး (၃) ယောက်လုံး ဆံပင်ရှည်ကြသည်။ နာဂလုံချည်နှင့် တရုတ်စစ်တပ်သုံး ပတ္တူဖိနပ်တွေ ဝတ်ထားကြသည်။ အိုင်းဇက်က ဆက်ပြောသည်။

''အိန္ဒိယနဲ့ မြန်မာပြည်က အုပ်ချုပ်တဲ့လူတွေဟာ အီဂျစ်ပြည်က ဖာရော့လိုပဲ၊ ဂေါ့(ဒ်) ပြောတဲ့စကားကို သူတို့ နားမထောင်ကြဘူး။ ဒါကြောင့် သူတို့စရိုက်နဲ့ သူတို့ သွားကြလိမ့်မယ်၊ ကြွက်တပ်ကြီးတွေက သူတို့ မြေတွေကို ကိုက်ဖြတ်ကြလိမ့်မယ်လို့ ဂေါ့(ဒ်)ကတို့ကို ပြောထားတယ်။ ၁၉၈၂ ခုနှစ်က ကျုပ်တို့ ဌာနချုပ်က ဒီနေရာ မဟုတ်သေးဘူး။ ဟိုးတောထဲက တောင်ကုန်းတစ်ကုန်းထက်မှာ တည်ခဲ့ကြတယ်။ ဒီအခါမှာ ဂေါ့(ဒ်)က မင်းတို့နာဂတွေကို ငါသနားတယ်၊ အခုလိုတောကြီးမျက်မည်းထဲမှာ မင်းတို့ နေ၊နေတာ ငါမကြည့်ရက်ဘူး။ မြေပြန့်နေရာကိုဆင်းပြီး ဒီမှာ စခန်းသစ်ဆောက်ရမယ်။ စခန်းကိုလည်း အီဖိုင်သာသနာပြုစင်တာလို့ အမည်သညာတပ်ရမယ်။ လုံခြုံရေးနဲ့ ပတ်သက်ပြီး မင်းတို့ဘာမှ စိတ်မပူကြနဲ့၊ ငါ့တာဝန်ထားလို့ ဂေါ့(ဒ်)က ကျုပ်တို့ကို အာမခံခဲ့တယ်''

''ဒါနဲ့ တစ်နှစ်အကြာမှာ ဒီနေရာကို ကျုပ်တို့စခန်းပြောင်းလာပြီး နေလာခဲ့တာ၊ ဘာမှမဖြစ်ခဲ့ဘူး။ ဂေါ့(ဒ်)က ကျုပ်တို့ကို စောင့်ရှောက်တော်မူတယ်။ ပြီးတော့ လက်ဝါးကပ်တိုင်ကြီးတစ်တိုင် ဟိုနေရာမှာ စိုက်ဖို့လည်း မိန့်ပြန်သေးတယ်''

အိုင်းဇက်က ပြောရင်း ဌာနချုပ်ဗဟိုတွင် စိုက်ထူထားသော လက်ဝါးကပ်တိုင်ကြီးရှိရာဆီ လက်ညှိုးထိုးပြပြီး ကျွန်ုပ်ထံမှ သဘောထားမှတ်ချက်တစ်ခုခုကို မျှော်လင့်နေသည်မှာ ထင်ရှားသော်လည်း ကျွန်ုပ်ဘက်က ဘာပြောလို့ ပြောရမည်ပင်မသိတော့။ ဂေါ့(ဒ်)ထံမှ လမ်းညွှန်မှုတို့ကို နတ်ဝင်သည်မှတစ်ဆင့် ရယူပြီး လုံခြုံရေးကိစ္စတို့ကို စီမံခန့်ခွဲနေသည်ဆိုပါလား။ သို့ဖြင့် ကျွန်ုပ်ဘက်မှ အတတ်နိုင်ဆုံး တုံ့ပြန်နိုင်သည်မှာ စကားလမ်းကြောင်းကို မသိမသာလေး ပြောင်းလိုက်ဖို့ပဲ ဖြစ်သည်။

''အီဖိုင်ဆိုတာ ဘာစကားလဲ၊ ဘာအဓိပ္ပာယ်လဲ''

''အဲဒါ... ဂေါ့(ဒ်)က ကျုပ်တို့ကို ပေးထားတဲ့စကားလုံး။ ဝိညာဉ်နဲ့ ပတ်သက်တယ်။ လောကဘာသာစကားတွေအရ ဘာမှ အဓိပ္ပာယ်မရှိဘူး''

www.nyisay.com



အိုင်းဇက်က ဂုဏ်ယူဝင့်ကြွားစွာ ရှင်းပြပြီး ဆက်၍ ရွာထဲမှ မကောင်းဆိုးဝါးတို့ကို အောင်မြင်စွာ တောထုတ်ခဲ့ပုံတွေ၊ အံ့ဖွယ်ဘနန်းကြဲတွေ့ရသော အဖြစ်အပျက်တွေ၊ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာတွင် အင်ဒီရာဂန္ဒီ လုပ်ကြံခံရသည့်ကိစ္စ အပါအဝင် ဒေသအတွင်းမှ ကြီးကျယ်သော နိုင်ငံရေး အဖြစ်အပျက်ကြီးတို့ကို နတ်ဝင်သည် အမျိုးသမီးသုံးယောက်မှ တစ်ဆင့် ဘယ်လိုဘယ်ပုံ ကြိုတင်ပြင်ခဲ့သည်တို့ကို ပြောနေပြန်သည်။

''ဂေါ့(ဒ်)က အစ္စရေး ရင်သွေးငယ်တွေကို သူ့ရဲ့လူတွေအဖြစ် ရွေးချယ်ခဲ့သလို ကျုပ်တို့ နာဂတွေကိုလည်း ရွေးချယ်လိုက်ပြီလို့ပြောတယ်။ ပြီးတော့ ကျုပ်တို့ရဲ့ စစ်ပွဲက ထူးခြားတဲ့ စစ်ပွဲ၊ အခြားစစ်တပ်တွေ တိုက်နေတဲ့ စစ်ပွဲတွေလိုမဟုတ်ဘူး။ ဂျိုးရွားက သူလူတစ်ချို့ကို ခရာမှုတ်စေပြီး ဂျယ်ရီကို မြို့ကို သိမ်းပိုက်လိုက်သလိုမျိုး စစ်ပွဲဖြစ်တယ်လို့ ဂေါ့(ဒ်)က ပြောတယ်''

ဤတစ်ကြိမ်တွင်တော့ ကျွန်ုပ်ကိုယ်တိုင် ကြောင်တက်တက်ဖြစ်လာပြီး ဘယ်လို နေရမှန်းပင် မသိတော့၊ သို့ပေမဲ့ အိုင်းဇက်က တဖောင်ဖောင်နှင့် ဆက်ပြောနေသည်။

''နောက်ဆုံးမှာ ဂေါ့(ဒ်) က ကျုပ်တို့ကို ဒီလိုပြောတယ်''

''မင်းတို့လုပ်ငန်းတိုးတက်မှုကို မျက်မြင်သက်သေပြဖို့အတွက် နိုင်ငံခြားသားတစ်ယောက်ကို ရွေးချယ်ပြီး မင်းတို့ဆီပို့လိုက်မယ်တဲ့။ အခုကြည့်စမ်း ခင်ဗျား ဒီနေရာရောက်နေပြီ၊ ဂေါ့(ဒ်) ပေးတဲ့ ဗျာဒိတ်တော် မှန်သွားပြီ''

ကျွန်ုပ်တို့ နောက်တွင် တစ်ချိန်လုံးရပ်လျက် ပြုံးဖြဲဖြဲနှင့် တက်ကြွစွာ နားထောင်နေသူ ဗီဒါရီက သေတ္တာကြီးတစ်လုံးပိုက်၍ ကျွန်ုပ်တို့ရှေ့ ရောက်လာသည်။

''ကဲ... ဂေါ့(ဒ်) ပြောသလို ကျုပ်တို့လုပ်ထားတဲ့ အလံကို ခင်ဗျားကို အခုပြမယ်''

ဗီဒါရီက ပြောရင်း သေတ္တာကြီးကို စာပွဲတစ်လုံးပေါ် တရိုတသေ တင်လိုက်၍ အဖုံးကို ဟန်နှင့်ပန်နှင့် ဖွင့်လိုက်ပြီး အတွင်းမှ အလံကြီး၏ အစ,တစ်ဖက်ကို ဆွဲထုတ်လိုက်သည်။ ဗီဒါရီက အလံ၏ အလျား၊ အနံ အတိုင်းအတာတို့ကို အတိအကျပြောသော်လည်း အလံ၏ သင်္ကေတ သဘောတို့ကိုမူ ရှင်းလင်းခြင်းမရှိ၊ အလံပေါ်တွင် ပါရှိသော 'ခရစ်ယာန်အတွက် နာဂလန်း' 'အီဖိုင်သာသနာပြုစင်တာ' 'ဘုရားသခင်ကောင်းချီးပေးပါစေ' စသည့် ဆောင်ပုဒ်တို့ကို ပြ၍ နောက်ဆုံး အလံတစ်ခုလုံးကို အပြင်ထုတ်၍ ကုန်းစောင်းပေါ်တွင် ဖြန့်ချလိုက်သည်။

''အလျား (၈) မီတာ၊ အနံ (၇) မီတာ ရှိတယ်''

အလံ၏ ထောင့်စွန်း တစ်ဘက်စီကို စစ်သားတစ်ယောက်က ဒူးထောက်၍ ကိုင်ထားရာ အလံက လေပြေနှင့် လှုပ်နေသည်။ အလံမှာ အောက်ဘက်ခြမ်းက

www.nyisay.com



အစိမ်းရောင်နှင့် အပေါ်ဘက်ခြမ်းမှာ အဖြူရောင်ဖြစ်ပြီး အပေါ်ခြမ်းပေါ်တွင် အစိမ်းရောင် စာလုံးတို့ဖြင့် ခရစ်တော်အတွက် နာဂလန်းကို ခပ်ကွေးကွေးလေး ဖော်ပြထားသည်။ ၄င်း၏အောက်တွင်မူ အစိမ်းရောင် လက်ဝါးကပ်တိုင်ရှိ၍ အောက်ခြေကို အစိမ်းနှင့် အဖြူရောင်စပ်ကြား ဖြတ်မျဉ်းပေါ်တွင် တင်ထားသည်။

ဗီဒါရီက ဆက်ရှင်းပြနေသည်။

''လက်ဝါးကပ်တိုင်က (၇) ပေမြင့်ပြီး ဖြတ်ထားတဲ့အပိုင်းက (၃) ပေခွဲရှည်တယ်''

''အဲဒီလောက်ကြီး ဘာကြောင့် ကြီးရတာလဲ''ဟု ကျွန်ုပ်က ရှာကြံမေးလိုက်ရာ အိုင်းဇက်က ဝင်ဖြေပေးပြန်သည်။

''တကယ်တမ်း ဂေါ့(ဒ်)က ကျုပ်တို့ကို ပြောခဲ့တာက ဒီလိုအလံမျိုး (၃) ခုလုပ်၊ တစ်ခုကို ဒီမှာထား၊ တစ်ခုကို အင်ဒီရာဂန္ဓီဆီပို့၊ နောက်တစ်ခုကို ဗိုလ်ချုပ်နေဝင်းဆီပို့၊ ဒါဆိုရင် မင်းတို့ လွတ်လပ်ရေးပေးဖို့အတွက် ဒီအလံတွေက ကူညီလိမ့်မယ်လို့ ပြောတာ။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်ကပဲ အလံတွေကို ပို့လိုက်ပြီ''

''ဒီတော့ ဘာဖြစ်လဲ''

''အင်ဒီရာဂန္ဓီဆီက ဘာမှ အကြောင်းမပြန်ဘူး၊ ဒါပေမဲ့ စစ်ကိုင်း၊ ခန္ဓီးဘက်က မြန်မာအရာရှိတွေကတော့ ကျုပ်တို့အလံကို အရမ်းသဘောကျတယ်။ ... ဩော် ခင်ဗျားတို့က ဂေါ့(ဒ်)နဲ့တော့ ဆက်သွယ်ပြီး ကျုပ်တို့နဲ့တော့ မဆက်သွယ်ဘူးလို့ သူတို့က ကျုပ်တို့ ဆက်သားကို ပြောလိုက်တယ်''

မြန်မာအရာရှိက သူတို့ကို အငေါ်တူးလိုက်သည်ကိုပင် သူတို့နှင့် နားဝေးနေသည်ကို သိလိုက်ရသည့်အခါ ရယ်ချင်စိတ်ကို ကျွန်ုပ် မနည်းထိန်းထားရသည်။ သို့ပေမဲ့ အိုင်းဇက်က ကျွန်ုပ်ကို ဇဝေဇဝါကြည့်ရင်း ဆက်ပြောပြန်သည်။

''ကျုပ်တို့ဘက်မှာ ဂေါ့(ဒ်) ရှိနေတာကိုတော့ ဒီလူကောင်းကောင်းသဘောပေါက်သွားတယ်ဗျ''

ဓာတ်ပုံရိုက်ဖို့အတွက် ဆိုင်နောင့်လာဖို့ ကျွန်ုပ်အခေါ်လွှတ်ပြီး အလံတော်ကြီးကို ဓာတ်ပုံရိုက်သည့်ကိစ္စပြီးသွားသည့်အခါ ကျွန်ုပ်တို့ကို စောစောက ဟောခန်းကြီးထဲပြန်ခေါ်သွားပြန်သည်။ အထဲတွင်မူ နတ်ဝင်သည် အမျိုးသမီးတို့ ထိုင်နေဆဲ။ ဤတွင် ဘုရားဝတ်ပြု ဆုတောင်းဖို့ အချိန်ကျပြီဖြစ်ကြောင်း ကြေညာလိုက်ရပြီး နတ်ဝင်သည် အမျိုးသမီးတစ်ယောက်က မျက်လုံးစုံမှိတ်၍ တစ်စုံတစ်ခုကို ခပ်သွတ်သွတ် ရေရွတ်လိုက်ရာ လူအားလုံးက တစ်ယောက်လက်တစ်ယောက်တွဲ၍ မျက်လုံးတွေကို မှိတ်ကာ စုဝေးလိုက်ကြသည်။ တစ်ခဏလေးငြိမ်သက်ပြီးနောက် အိုင်းဇက်က လူအုပ်စုရှေ့သွားကာ ဖြီးဖြီးကြီး ပြုး၍ ဇာတ်ဟန်ပါပါ ကြေညာလိုက်သည်။

www.nyisay.com



"သူတို့က အိမ်ဖိုင်အဆိုတော်တွေ၊ ကျုပ်တို့ရဲ့ ခရစ်တော်အတွက် ဓမ္မသီချင်းဆိုကြ လိမ့်မယ်"

ဤတွင် ခန်းမဆောင်နောက်ဘက်မှ ဆယ်ကျော်သက် ကောင်မလေးနှစ်ယောက် က ဂစ်တာကိုင်လျက် သုံးယောက်က တန်ဘိုရင်း ချူတပ်ဗုံပြားလေးတွေ ကိုင်ဆောင်ရင်း ဝင်လာသည်။ သူတို့အားလုံး ရှပ်အင်္ကျီ၊ လည်စည်းအနက်နှင့် ဥရောပတက်စုံ အနက်ရောင်ကို ဝတ်ဆင်ထားကြသည်။ လူအုပ်စုရှေ့တွင် တေးဂီတအဖွဲ့ရောက်၍ ဂစ်တာကြိုးတို့ကို တအောင့်ကြိုးညှဉ်ပြီးသည်နှင့် အားလုံးပြိုင်တူတီးမှုတ်၍ ဓမ္မသီချင်းကို ဆိုကြလေတော့ သည်။

ဖုန်းလိုင်းက အမြဲရှင်းပါတယ်
အချိန်မရွေး ကောင်းကင်ဘုံက အသံကို ကြားရမှာပါ
ဒီ "တော်ဝင်ဝန်ဆောင်မှု" ကို လူတွေ ကြားချင်ပါတယ်
အသင် အခက်အခဲတွေ့ရင် ဒီတော်ဝင်ဖုန်းလိုင်းကို ဆက်ပါ
ဘုန်းကျက်သရေရှိတဲ့ တယ်လီဖုန်းကို အချိန်မရွေး သုံးနိုင်ပါတယ်
အသံလိုင်းတွေ စီးဆင်းလာတာကို ကျွန်ုပ် ခံစားရတယ်
တော်ဝင်ဖုန်းကနေ တစ်ဆင့် အရှင်ယေရှုနဲ့ အသင်စကားပြောနိုင်ပါလိမ့်မယ်
ဘုရားကျောင်းတွေရှိရင် အခမဲ့တယ်လီဖုန်းတွေ ရှိမယ်
ဒါဟာ အသင်နဲ့ ကျွန်ုပ်တို့အတွက် ဝန်ဆောင်မှုပါ
ဒီ တော်ဝင်ဖုန်းလိုင်းကို ခေါ်ဖို့ စောင့်ဆိုင်းနေစရာ မလိုပါဘူး
ဘုန်းကျက်သရေရှိတဲ့ တယ်လီဖုန်းက
အမြဲအချိန်မီ အဖြေပေး အခေါ်ထူးပါလိမ့်မယ်

မသီဆိမီ ကျွန်ုပ်က အသံဖမ်းစက်ဖွင့်၍ အသင့်အနေအထား ပြင်လိုက်ပြီး ဆိုင်နောင့် က ဓာတ်ပုံရိုက်ယူလိုက်သည်။ ပြီးဆုံးသည့်အခါ ယခုလို စွဲမက်စရာ နေ့လယ်ခင်းအတွက် အားလုံးကို ကျေးဇူးတင်ကြောင်းပြောပြီး ကျွန်ုပ်တို့တဲဆီ ပြန်လာခဲ့ကြသည်။

တဲသို့ ပြန်ရောက်သည်နှင့် မြင်တွေ့ကြားသိခဲ့ရသော အဖြစ်အပျက်တို့ကို တစ်ခု ချင်း ပြန်ပြောင်းတွေးကြည့်ရာ တစ်ဖက်ကရယ်စရာကောင်းသော်လည်း မိန်းမသုံးယောက် ကို တွေ့ရသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်ရသည်။ ပုံစံနှင့် အမည်အရ သူတို့ အားလုံး ခရစ်ယာန်ဘာသာဝင်တွေ ဆိုသည့်တိုင် တွေ့ဆုံမှုတစ်ခုလုံး၏ အနှစ်သာရကား ရှေးကျသော အယူသီးမှုတစ်ခုဖြစ်သည်။ အမှန်အားဖြင့် အမျိုးသမီးသုံးယောက်သည် နာဂတို့၏ ရှေးဟောင်းနတ်မေးသည့် ခလေ့ကို ပြန်လည်ဖော်ထုတ်နေခြင်းသာ ဖြစ်သည်ကို မူ ကိုဟီးမားတွင် ကျွန်ုပ်ဖတ်ခဲ့သော မနုဿဗေဒဆိုင်ရာ စာတမ်းတွေအရ သိနိုင်သည်။

အရှေ့ဘက်မှ နာဂတို့ကို ခရစ်ယာန်ဘာသာဝင်တွေအဖြစ် သာသနာပြုပေးခဲ့သည် ဆိုသော်လည်း ဤကိစ္စမှာ အပေါ်ယံကိစ္စသာဖြစ်ကြောင်း စောစောကပင် ကျွန်ုပ် သတိထား

www.nyisay.com



မိခဲ့သလို ဤနေရာမှ အိန္ဒိယနှာဂ လက်နက်ကိုင်အဖွဲ့ ထွက်ခွာသွားလျှင် ယခင်ကလို ခေါင်းဖြတ်သည့်ဓလေ့ ပြန်လာနိုင်ကြောင်း အိုင်းဇက်ကိုယ်တိုင်ကလည်း ပြောခဲ့ဖူးသည်။ သို့ပေမဲ့ ယခုလို မျိုးနွယ်စုတို့၏ ရှေးကျသော ယုံကြည်မှုစနစ်တို့ကို ဆက်၍ လက်ခံထားသည်မှာ အရှေ့နှာဂတို့သာမဟုတ်၊ အနောက်နှာဂတွေမှာလည်း ရှိကြောင်း ကျွန်ုပ်သဘော ပေါက်လိုက်သည်။

(၂၀) ရာစု ပထမနှစ်ဝက်အတွင်း ၄င်းတို့ကို အမေရိကန်သာသနာပြုအဖွဲ့တို့က သာသနာပြုခဲ့ကြသည်မှာ အလုံးအရင်းနှင့် လူပ်ရှားမှုတစ်ခုဖြစ်၍ ခရစ်တော်၏ ဓမ္မတရားတို့ အလျင်အမြန် ပျံ့နှံ့ခဲ့သည်ဆိုသော်လည်း ခြေခြေမြစ်မြစ်ရှိလာဖို့ အချိန်အလုံအလောက် မရခဲ့၊ တစ်ခါ ခရစ်ယာန်ဘာသာတရား၏ အရေးပါသော သက်ဝင်ယုံကြည်မှုတို့ အသားမကျမီ ၁၉၅၅ ခုနှစ် ဝန်းကျင်တွင် လက်နက်ကိုင် ပုန်ကန်မှုများဖြစ်လာ၍ သာသနာပြုမစ်ရှင်တို့ကို နာဂတောင်တန်းမှ အစိုးရအမိန့်အရ ထွက်ခွာခဲ့ကြရပြန်ရာ ဤ၌ပင် နာဂတို့၏ ရှေးဦးနတ်ကိုးကွယ်မှုဓလေ့ ပြန်ထလာပြီး ခရစ်ဘာသာမှ ပညတ်ချက်များ၊ ဘာသာရေးအသုံးအနှုန်းတို့ ကူးယူ၍ ပုံစံသစ်နှင့် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆင်ခြင်မှု သက်သက်နှင့်ဆိုလျှင် ယခုကိစ္စကို နားလည်နိုင်ပါသော်လည်း မိမိအလိုအတိုင်းဆိုလျှင်မူ အတော်ပင်စိတ်လက်မအီမသာ ဖြစ်ရသည်။ နတ်ဝင်သည် သုံးယောက်၏ အကူအညီဖြင့် ရှေ့ဖြစ်ကို သိဖို့ ကြိုးစားနေသူတို့ကို ကျွန်ုပ်အနေနှင့် ဘယ်ပုံဘယ်နည်းရှင်းပြနိုင်ပါအံ့။ သို့ပေမဲ့ ခန်းမဆောင်ကြီးထဲ ဝင်ခဲ့စဉ်က ကျွန်ုပ်ခေါင်းထဲ စကားလုံးတစ်လုံး ဖျတ်ခနဲ ပေါ်လာသည်။

"စုန်းမတွေ"

သို့ဖြစ်၍ ရှေ့ခရီးဆက်ဖို့ ဤနေရာမှ အမြန်ဆုံးထွက်ခွာရတော့မည်ဖြစ်ကြောင်း ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ လုံးဝ အတည်ပြုလိုက်ကြပါ၏။

○

www.nyisay.com

# ချင်းတွင်းသို့

ကေအိုင်အေဌာနသို့ စေလွှတ်လိုက်သော ဆက်သား ယခုအထိ ပြန်ရောက်မလာသေးသဖြင့် NSCN တွင် ကျွန်ုပ်တို့နေဖို့ စီစဉ်ထားသော အချိန်ထက် ကျော်လွန်လာရာ အရှေ့နာဂတောင်တန်းများကြားတွင် ကျွန်ုပ်တို့ ရောက်ရှိနေခြင်းသည် မြန်မာနှင့် အိန္ဒိယ အာဏာပိုင်တို့ အာရုံစိုက်စရာဖြစ်လာ၍ ကျွန်ုပ်တို့ စိတ်ပူပန်စ ပြုလာသည်။ အာရှနာချာပရောဒေ့(ရှ်)ပြည်နယ်နှင့် နာဂပြည်နယ်နှစ်ခုလုံးကို ကျွန်ုပ်တို့ဖြတ်ကျော်လာပြီး နောက်တစ်နေ့တွင် မဏိပူရပြည်နယ်ကို ရန်သူဝင်ရောက်လာသော ဧရိယာအဖြစ် ကြေညာခဲ့ရာ အိန္ဒိယအာဏာပိုင်တို့တွင် အားကိုးရလောက်သည့် သတင်းပေးသူတွေရှိထားသည်မှာ သေချာပါသည်။

ပို၍ ဆိုးသည်မှာ ခေးဆန်ချန်းလမ်သို့ ကျွန်ုပ်တို့ရောက်ပြီး ပထမအပတ်အတွင်းတွင် ဆယ်မနှစ်ယောက် NSCN ဌာနချုပ်သို့ ရောက်လာပြီး မကြာခင် နာဂသူပုန်တို့ကို နယူးဒေလီအစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးတော့မည်ဖြစ်၍ ၄င်းတို့က ကြားဝင် စေ့စပ်သူတွေအနေနှင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြသော်လည်း ထိုသူတို့သည် အိန္ဒိယထောက်လှမ်းရေး အေဂျင့်တွေဖြစ်မည်ဟု သံသယရှိခဲ့သလို NSCN ခေါင်းဆောင်တို့က လွယ်လွယ်ကူကူပေးလိုက်သဖြင့် ကျွန်ုပ်၏ အမည်ရင်းနှင့် ဘန်ကောက်လိပ်စာတို့ သိသွားရာ ကျွန်ုပ်တို့ အတော်လေး စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ဆယ်မနှစ်ယောက် 'အနောက်ဘက်' ပြန်သွားပြီး ကျွန်ုပ်၏ ဇာတ်လမ်းအစုံကို အိန္ဒိယအာဏာပိုင်တို့ သိသွားပုံရသည်။ အိန္ဒိယနှင့် မြန်မာနယ်စပ်တွင် စစ်ရေးအရ အစိုးရချင်းပူးပေါင်းဆောင်ရွက်တာမျိုးမရှိခဲ့သော်လည်း ထောက်လှမ်းရေးသတင်းတွေ အဆက်မပြတ် ဖလှယ်မှုရှိရာ မကြာပါဘူး။ အိန္ဒိယ (သို့) မြန်မာဘက်မှ ကင်းထောက်လေယာဉ်တွေ ခေးဆန်ချန်းလမ်ရွာပေါ်မှ (၂) ကြိမ် ပျံသန်းခဲ့ရာ ကျွန်ုပ်တို့ သံသယရှိခဲ့သလို ဖြစ်လာပြီဟု ထင်မှတ်ရပါ၏။ ဒီဇင်ဘာ ပထမပတ်တွင်မူ ခေးဆန်ချန်းလမ်မှ ခြေလျင် (၂) ရက်ခရီးမျှ သွားရသော

www.nyisay.com

အိန္ဒိယဘက်ခြမ်း NSCN မှ တက်ကြွလှုပ်ရှားသူ နာဂလူငယ် ဆယ်ခုပဲခရိုမဲ၊
၄င်းက ဘာတီး(လ်)လင့်တနာတို့ကို ဗမာပြည် နာဂတောင်တန်းတွင် ရှိစဉ်က ကူညီခဲ့သည်။

www.nyisay.com

ဘာတေး(လ်) ခေးဆန်ချန်းလမ်တွင် စာရေးနေစဉ်။

တောင်ကြောတစ်ခုပေါ်တွင် နေရာယူထားသော ယောင်းခွန်ဗမာစစ်စခန်းသို့ မြန်မာစစ်တပ်မှ အဆင့်မြင့်အရာရှိတစ်ဦး ရောက်လာကြောင်း သတင်းကြားရပြန်သည်။ သို့ရာတွင် ကျွန်ုပ်တို့က အစိုးရိမ်တွေ ကြီးလာနေသည့်တိုင် NSCN အဖွဲ့သားတွေကတော့ ခရစ်စမတ် ပွဲတော် ပြင်ဆင်မှုတွေနှင့် အလုပ်ရှုပ်နေသည်။ ဌာနချုပ်နေရာတစ်ဝိုက်တွင် ခရစ်စမတ် သီချင်းတွေ လေ့ကျင့်သီဆိုနေကြသည်ကို ညတိုင်းကြားနေရပြီး အနီးအနားရှိကျေးရွာတွေက ရွာသားတွေနှင့် လေဟာပြင် ဇာတ်စင်တစ်ခုကိုလည်း ဆောက်နေကြသည်။ NSCN ခေါင်းဆောင်တို့ကို ကျွန်ုပ်နှင့် ဆိုင်နောင့်တို့က ဆိုခဲ့သလို သံသယနှင့် စိုးရိမ်ပူပင်ကြောင်း ခေးဆန်ချန်းလမ်တွင် ကျွန်ုပ်တို့ ရက်ကြာလာသည်နှင့်အမျှ NSCN အနေနှင့် လုံခြုံရေးအရ အန္တရာယ်များကြောင်း တွန်းတွန်းတိုက်တိုက် ပြောပါသော်လည်း အချည်းအနှီးသာ၊ ခရစ်စမတ်ပွဲတော်ပြီးသည်အထိ ကျွန်ုပ်တို့ရှိနေလျှင် သူတို့က ပိုလို့တောင် ကျေးဇူးတင်သေးသည်ဟု အကြောင်းပြန်လိုက်သေးတော့သည်။

ကေအိုင်အေထံမှ သတင်းမျှော်ရင်း စိတ်နောက်ကျိစွာနှင့် ရက်တွေကုန်ဆုံးသွားသည်။ နာဂတွေကတော့ နာတာလူးသီချင်းတွေ ဆိုနေဆဲ။ လွတ်လွတ်ကျွတ်ကျွတ် ဆောင်း ဝင်လာပြီမို့ အအေးဓာတ် စိမ့်လာပြီး ညဆိုလျှင် ရေခဲအမှတ် နီးပါးအထိ အေးခဲလာရာ နာဂပွမ်းစောင်ကြီးတွေ ညစဉ်ခြုံထားရသည်။

သို့ဖြင့် ဒီဇင်ဘာ (၉) ရက် တနလ်ာနေ့တွင် ကျွန်ုပ်တို့တဲသို့ ဆယ်ခုပ်ပေ ရောက်လာသည်။

www.nyisay.com

**ဗိုလ်ကြီးယော်ထုံ (ဘယ်)၊ NSCN ဥက္ကဋ္ဌ အိုင်းဇက်ချီရှီဆူ။**

''ခင်ဗျားအတွက် သတင်းပါလာတယ်''

မီးလင်းဖိုနားတွင် ထိုင်နေသော ကျွန်ုပ်ဘေးမှ ခွေးခြေခုံပုလေးတစ်လုံးတွင် ဝင်ထိုင်ရင်း ဆက်ပြောသည်။ သိချင်စောနှင့် သူ့ကို ကျွန်ုပ်ကြည့်လိုက်သည်။

''ချင်းတွင်းမြစ်အနောက်ဘက်က ကျွန်တော်တို့ ဇရိယာကို ကချင်စစ်သားတွေ ရောက်လာကြပြီ၊ သုံးလေးရက်ဆို ဒီကိုရောက်ပြီ''

ကျွန်ုပ်တို့ လင်မယားနှစ်ယောက်လုံး အရမ်းဝမ်းသာသွားကြသည်။ ရက်ပေါင်းများစွာ ကျွန်ုပ်တို့ စောင့်ခဲ့ရသည့်သတင်း၊ ကျွန်ုပ်တို့အဖြစ်ကို ကြည့်ပြီး ဆယ်နှပ်ပေလည်း ဝမ်းသာသွားသည်။ သို့ဖြင့် ကချင်ဘယ်နှစ်ယောက် ချင်းတွင်းကို ကူးလာသလဲ မေးလိုက်သည်။

''ကျွန်တော်နားလည်သလောက်ဆိုရင်တော့ တပ်စုတစ်စုပဲ။ စာထဲမှာ ဖတ်ရတာက လက်နက် အပြည့်အစုံနဲ့ စစ်သား (၃၃) ယောက်လို့ ဆိုတယ်''

ထိုနေ့ညနေတွင် အိုင်းဇက်ကိုယ်တိုင် ကျွန်ုပ်တို့တဲ ရောက်လာပြီး စာပေးသွားသည်။ စာမှာ ကေအိုင်အေ ဆီးတံဆိပ် ရိုက်နှိပ်ထားသဖြင့် တရားဝင် အထောက်အထားဟု ယူဆရသည်။ စာကို ကမန်းကတန်းဖတ်လိုက်ရာ ရေးထားသော အင်္ဂလိပ်စာ က, ကပေါက်တိကပေါက်ချာ။ ကချင်-အင်္ဂလိပ်အဘိဓာန်ကို အချိန်အတော်ကြာ မွှေနှောက်ပြီး ရေးထားပုံရသော်လည်း ပြောချင်တာကို အနှစ်ချုပ်ရေးထားရာ ယခုလို ရှုင်းရှင်းလင်းလင်း နားလည်၍ရသည်။

www.nyisay.com



''ဗိုလ်ယော်ထုံဦးစီး၍ လက်နက်အပြည့်အစုံနှင့် တပ်စိတ်တစ်စိတ်ကို ကျွန်ုပ်လွှတ်လိုက်ပါသည်။ ဗိုလ်ယော်ထုံက သင်တို့ မိသားစုကို အမှတ် (၂) စစ်ဒေသချုပ်အထိ စောင့်ရှောက်ပါလိမ့်မည်၊ ကျွန်ုပ်တို့နှင့် ခရစ်စမတ်ပွဲ အတူဆင်နွှဲဖို့ သင်တို့အချိန်မီရောက်လာမည်ဟု မျှော်လင့်ပါသည်။''

စာအောက်ခြေတွင် အမှတ် (၂) ကေအိုင်အေ စစ်ဌာနချုပ်မှ ဗျူဟာမှူး မေဂျာပန်းအောင်ဟု လက်မှတ်ထိုးထားသည်။ ပြောက်ကျားတပ်မှူးအဖြစ် နာမည်ကြီးခဲ့သော မေဂျာပန်းအောင်အမည်ကို ကျွန်ုပ်ကြားဖူးသည်။ ဗမာအစိုးရစစ်သားတွေက သူကို ကြောက်ကြသည်ဟုလည်း ပြောစမှတ်ရှိခဲ့သည်။ ၁၉၈၄ ခုနှစ် ဖေဖဝါရီအတွင်းက မေဂျာပန်းအောင်ဦးဆောင်သော ခြေလျင်တပ်ရင်း (၂၅၂) မှ ကေအိုင်အေတပ်သား (၁၀၀) ခန့်က နာဂတောင်တန်းတွင် တပ်စွဲထားသော အစိုးရခံတပ်နှင့် အနီးဆုံး ဆင်ကလိန်ခန္ဓီးမြို့ကို ဝင်စီးသော ပြောက်ကျားတိုက်ပွဲမှာ ထင်ရှားကျော်ဇောသတင်းကြီးသည်။ ရန်သူကို လုံးဝအမိအငိုက်ဖမ်းနိုင်ဖို့အတွက် မေဂျာနှင့် သူ့ကွန်မန်ဒိုစစ်သားတွေအားလုံး မြန်မာစစ်ယူနီဖောင်းကို ဝတ်ဆင်ပြီး ဗမာစကားပြောကာ မြို့ထဲဝင်လာသည်။ ရဲစခန်း (၂) ခု အစိုးရရုံးတွေကို ဝင်သိမ်းလိုက်ပြီး လက်နက်နှင့် ခဲယမ်းတွေကို ယူသည်။ အစိုးရငွေတိုက်ထဲက ကျပ် (၁) သန်းကျော် မ, သွားသည်။ နာဂပြောက်ကျားတွေ အပါအဝင် ထောင်ထဲကအကျဉ်းသား (၁၂၀) ခန့်ကို ထုတ်ပေးပြီး အစိုးရအရာရှိ (၅၀) ခန့်ကို ထောင်ထဲထည့်ပြီး သော့ခတ်ကာ သော့ကို လွှင့်ပစ်ခဲ့သည်။

စစ်ဆင်ရေးအစတွင် ပုံမှန်မဟုတ်သော အနေအထားတို့ကို မြန်မာမြို့စောင့် တပ်များသတိမထားမိကြ၊ ရဲစခန်းမှ သေနတ်သံတွေကြားလိုက်ရသည်တွင်လည်း မလိုအပ်ဘဲ စွန့်စားခြင်းသည် အဓိပ္ပာယ်မရှိဆိုသော ဆောင်ပုဒ်အတိုင်း စစ်တန်းလျားထဲမှာပင် ကွေးနေခဲ့ကြသည်။ ကချင်ကွန်မန်ဒိုတို့က မြို့ထဲမှ ပြန်ဆုတ်ရာတွင် အထွက်လမ်းဖြောင့်စေဖို့ရာအတွက် အရွက်သေး ပိုက်ဆံရွက်တွေကို လက်နှင့်ဆုပ်ကြဲ၍ လမ်းတွင် တွေ့ရသော လူတွေကို အာရုံပြောင်းလိုက်သည်။ ထောင်ထဲက လွှတ်လာသူတွေကလည်း ကချင်စစ်သားတွေနှင့်အတူ လိုက်လာပြီး ပစ္စည်းပစ္စယတွေ သယ်ကြပိုးကြရာ သေနတ်တွေ လွယ်သူလွယ်၊ ဆေးဝါး၊ လက်နှိပ်စက်နှင့် ဝါယာလက်စက်နှင့် ဘဏ်မှ ငွေထုပ်တွေထမ်းသူကထမ်းနှင့် လူအင်အားကား ဝင်လာသည်ထက် နှစ်ဆဖြစ်သွားသည်။

သို့ဖြစ်၍ ကချင်တောင်တန်းမှ ကျွန်ုပ်တို့ ရော်ဘင်ဟု(ဒ်)နှင့်တွေ့ဖို့ မျှော်လင့်နေကြသလို ဤနေရာမှတစ်ပတ်အတွင်း ထွက်ခွာနိုင်လိမ့်မည်ဟုလည်း ထင်သည်။ သို့ပေမဲ့ မျှော်လင့်မထားသော ကိစ္စတွေနှင့် ကြုံ၍ ကြန့်ကြာတတ်သည်ကိုလည်း ကျွန်ုပ်တို့ကောင်းစွာ သိထားသည်။ ကေအိုင်အေတပ်စိတ်တစ်စိတ် နာဂတောင်ကြောထဲ ဝင်လာနေခြင်း

www.nyisay.com



သည် မြန်မာစစ်တပ်ကို တပ်လှန့်လိုက်သည်မှာ သံသယဖြစ်စရာမလိုကြောင်း NSCN ခေါင်းဆောင်တို့ကို ကျွန်ုပ်က အမြဲပြုတွက်အောင် ပြောသော်လည်း အိုင်းဇက်က ခရစ်စမတ်ပွဲကို သူတို့နှင့် နွေစေချင်သည်။

(၁၈) ရက်တွင် ကချင်တပ်ဖွဲ့ရောက်လာသည်။ ထိုနေ့က တိမ်ထူ၍ ချမ်းစိမ့်နေသည်။ ဌာနချုပ်၏ ဝါးတံခါးဂိတ်ဝ, တွင် ကျွန်ုပ်တို့ စောင့်ကြိုနေရာ၊ (၃၃) ယောက် သောကချင်လူငယ်တပ်ဖွဲ့ဝင်တို့ကား စခန်းတွင်းသို့ တစ်ကြောင်းတည်း ချီ၍ ဝင်လာကြသည်။ ကျွန်ုပ်နှင့် ဆိုင်နောင့်တို့လည်း အရမ်းပျော်နေကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ကချင်ရဲဘော်များက အစိမ်းရောင် ယူနီဖောင်းနှင့် ပခုံးတွင် တံဆိပ်တပ်ထားကြသည်။ အားလုံးကြွရွှင်ပြီး အတွေ့အကြုံရှိဟန် တူသည်။ သူတို့ကိုင်ဆောင်လာသည့် သေနတ်တွေကြောင့်လည်း ပို၍ အထင်ကြီးစရာဖြစ်သွားသည်။ တရုတ်လုပ် တိုက်ခိုက်ရေး ရိုင်ဖယ်တွေ၊ မြန်မာလုပ်ဂျီသရီးတွေ၊ A-၇၉ လောင်ချာတွေ၊ မြန်မာဂျီသရီးတွေက အစိုးရတပ်ဖွဲ့ဝင်တွေဆီက သိမ်းရခဲ့တာသေချာသည်။ ရဲဘော်တိုင်း ထမင်းအိုးချိတ်ထားသော ကျောပိုးအိတ်ကိုယ်စီ လွယ်ထားကြသည်။

"ဒါမှ တကယ့်စစ်တပ်နဲ့တူတာ"

NSCN တပ်ဖွဲ့ဝင်တို့၏ လျော့ရိလျော့ရဲနိုင်သော အခြေအနေကို အရိပ်အမြွက် ပြောလိုက်သော ကျွန်ုပ်၏ စကားကို ကြားရသည့်အခါ ဆယ်ခုပ်ပေက ချက်ချင်းပြန်ပက်သည်။

"ကျွန်တော်တို့ NSCN တပ်ဖွဲ့ဝင်တွေလည်း တာဝန်ထမ်းဆောင်နေချိန်မျိုးဆို သူတို့နဲ့တူတယ် မဟုတ်ဘူးလား"

သူ့မာနကို နောက်ထပ်မထိခိုက်လိုတော့သဖြင့် ကျွန်ုပ်ဆိတ်ဆိတ်နေလိုက်သည်။ ကျွန်ုပ်တို့ အားလုံး အိုင်းဇက်နေအိမ်သို့ ဆင်း၍ လမ်းလျှောက်သွားကြရာ ထုံးစံအတိုင်း လက်ဖက်ရည်နှင့် ကျွန်ုပ်တို့ကို ဧည့်ခံပြီး ဝတ်ပြုဆုတောင်းကြသည်။ စကားအနည်းငယ် ပြောကြသည်။ သို့ရာတွင် ကေအိုင်အေတပ်စုမှူးဗိုလ်ယော်ထုံက ကျွန်ုပ်ကို တစ်ချိန်လုံး လှမ်း, လှမ်းကြည့်နေသဖြင့် ကျွန်ုပ်နှင့် တစ်ခုခုပြောချင်နေသည်မှာ သိသာသည်။ ဗိုလ်ယော်ထုံကို တွေ့တွေ့ချင်း ကျွန်ုပ် ခင်သည်။ ကျွန်ုပ်နှင့် အသက်မတိမ်းမယိမ်း ရှိမည်ထင်ရပြီး အင်္ဂလိပ်စကားကို ပီပီပြင်ပြင် ပြောနိုင်သည်။ သူ့ယူနီဖောင်းကလည်း အပျံစား၊ တရုတ်ပစ္စတိုတစ်လက်ကို ပြောင်ချောနေသော သားရေအိတ်ဖြင့် ခါးတွင် ချိတ်ထားသည်။

ညဘက်ရောက်မှသာ ကျွန်ုပ်တို့တဲအိမ်သို့ ဗိုလ်ယော်ထုံ ကပျာကသီ ပေါက်ချလာပြီး မီးလင်းဖိုဘေးတွင် ထိုင်ကြသည်။ သူကြည့်ရသည်မှာ တစ်ခုခု ခေါင်းရှုပ်နေပုံရသည်။

www.nyisay.com



"ကျွန်တော်တို့ ဒီကိုလာရာလမ်းတစ်လျှောက် ရောက်တဲ့ရွာတိုင်းမှာ စခန်းချကြဖို့ပဲ။ သူတို့က ပြောတယ်။ အခုလည်း ခရစ်စမတ်အထိနေဖို့ ခင်ဗျားကို ပြောနေပြန်ပြီ။ ဒါပေမဲ့ ကျွန်တော်တို့ အတော်နောက်ကျနေပြီ။ ကျွန်တော့်တာဝန်က ခင်ဗျားတို့ကို လုံခြုံရာ ကျွန်တော်တို့ ဒေသအထိ အမြန်ဆုံး စောင့်ရှောက်ခေါ်သွားဖို့ပဲ"

သည်တော့မှ ဒေါသထွက်ပြီး ဆိုင်နောင့်နှင့် ကျွန်ုပ်တို့တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ကျွန်ုပ်တို့ ခရီးကို နှောင့်နှေးအောင် အကြောင်းမဲ့သက်သက် တားနေခြင်းသည် ဖျက်လိုဖျက်ဆီးလုပ်နေတာပဲ ဖြစ်သည်။

"ဒါ... လုံးဝ အဓိပ္ပာယ်မရှိတာဘဲ။ ကချင်နယ်ထဲ အမြန်ဆုံးရောက်ချင်တယ်။ ဒါကြောင့် ဒီနေရာက ချက်ချင်းထွက်မယ်လို့ သူတို့ကို ကျွပ်ပြောပြီးပြီပဲ"

ကျွန်ုပ်စိတ်ဆိုးဆိုးနှင့် ပြောလိုက်သည်။ ဤနေရာတွင် ဘန်ကာနှင့် အခြား အရန်အတားတွေ လုံးဝမရှိတာကို ယော်ထုံလည်း ချက်ချင်း သတိထားမိခဲ့သဖြင့် အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ပြန်ခါနီးတွင် သူက မတ်တပ်ရပ်ရင်း ရှင်းရှင်းပြောသွားသည်။

"ဒီနေရာမှာ လုံးဝ မလုံခြုံဘူး"

နောက်တစ်နေ့၊ အခြား ကချင်စစ်သားတွေနှင့် တွေ့ဖို့ သူတို့စခန်းကို ဆိုင်နောင့်နှင့် ကျွန်ုပ် ဆင်းလျှောက်သွားရာ ခေးဆန်ချန်းလမ်ရွာပေါ် ကချင်စစ်သားတွေ တက်မလာရဟု ပိတ်ပင်ထားကြောင်း သိရ၍ ကျွန်ုပ်တို့ လုံးဝ စိတ်ကုန်သွားသည်။ တကယ်ဆိုယခုရောက်လာသော ကချင်တပ်ဖွဲ့ဝင်တို့၏ အဓိကတာဝန်က ကျွန်ုပ်တို့ အသက်လုံခြုံရေးအတွက် မဟုတ်ပါလား။

ကချင်တပ်ဖွဲ့မှ ဒုအရာခံဗိုလ် မရူတန်ဂွန်းကား ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းသည်။ ကာဘိုင်သေနတ်ကို လက်ကမချ၊ တည်ကြည်သော ဥပဓိရှိသည်။ တာဝန်ယူမှုအပြည့်နှင့် ကျွမ်းကျင်သော စစ်သားတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေသည်။ ကိုယ်လုံးကိုယ်ထည် ပိန်ကျစ်ကျစ်၊ အသက် (၃၀) ဝန်းကျင်ခန့်မှန်းရသော 'လာရှီးနော်ဂျာ'က သူကို ပေးထားသော အလုပ်နှင့်ကွက်တိ၊ သူက ကချင်သူပုန်အုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်စာရေးစာချီတစ်ဦး၊ ကျွန်ုပ်တို့သွားရမည့်ခရီးတွက် ဆက်သွယ်ရေးကိစ္စအရေးကြီးသဖြင့် ယခုတပ်ဖွဲ့နှင့် လိုက်ပါလာရာ သူ့ရုံးကိစ္စနှင့် ပတ်သက်သော ပစ္စည်းပစ္စယ အားလုံးကို ပလပ်စတစ်အိတ်ကြီးတစ်လုံးနှင့်ထည့်လာပြီး ကိုယ်နှင့်မကွာ ယူသွားတတ်သည်။ နောက်တစ်ယောက်က အရပ်ရှည်ရှည်၊ စကားကို တိုးတိုးညင်ညင် ပြောတတ်သူ ဆေးတပ်သား ဇော်ရှန်။ ဆေးတပ်သားတစ်ယောက်အတွက် အိတ်တွေအများကြီးနှင့် ဒီဇိုင်းဆင် ချုပ်ထားသော သားရေခါးပတ်ကြီးကို ပတ်ထားသည်။ သားရေအိတ်တွေထဲမှာ ဆေးဝါးတွေ ထည့်ထားပြီး နောက်ဘက်က စတီးဗူးထဲတွင် ဆေးသုံးအပ်၊ ညပ်၊ ခွဲစိတ်ဓားနှင့် ပတ်တီးလိပ်စသည့် ကရိယာတန်ဆာပလာတွေ ထည့်ထားသည်။ အရေးကြုံရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့ စတင်းဂန်းတစ်လက်ကိုလည်း လွယ်ထားလိုက်သေးသည်။

www.nyisay.com



ကချင်တပ်စိတ်တွင် ရှမ်းလူမျိုး အများစုနေသော ကချင်ပြည်နယ်ဟိုပင်မှ ရှမ်းရဲဘော်နှစ်ယောက်မှအပ ကျန်ရဲဘော်အားလုံး ကချင်တွေဖြစ်သည်။ ရှမ်းရဲဘော်တစ်ဦး၏ အမည်မှာ ဝင်းထွန်းဖြစ်ပြီး၊ နောက်တစ်ဦးက တပ်စိတ်မှူးအောင်ရွှေဖြစ်သည်။ ခြုံပြောရလျှင် ကချင်တပ်ဖွဲ့ဝင်တွေအားလုံး ခင်မင်စရာကောင်း၍ ယောထောင်နှင့် ကျွန်ုပ်တို့မှာ အတော်ပင်ရင်းနှီးလာကြသဖြင့် ကချင်ဌာနချုပ်သို့ ကျွန်ုပ်တို့ရောက်ပြီဆိုလျှင် ကျွန်ုပ်တွင်ပါလာသော ဂျပန်လုပ်အဝေးကြည့်မှန်ပြောင်းကို သူ့ကိုပေးမည်ဟု ကျွန်ုပ်တို့ ဆုံးဖြတ်ထားသည်။

ကေအိုင်အေတပ်စိတ်တွင် ရှမ်းရဲဘော်နှစ်ယောက်ပါလာကြောင်း ကြားရသည့်အခါ အာသံတပ်ဖွဲ့ဝင်တို့ကလည်း ဝမ်းသာအားရနှင့် သူတို့တန်လျားဆီ ညဘက် အလည်လာဖို့ ဖိတ်ခေါ်ခဲ့ရာ ရှမ်းရဲဘော်တို့ကို လက်ဖက်ရည်နှင့် ဧည့်ခံ၍ ခြေထောက်တို့ကို နှိပ်နယ်ပေးရင်း ယခုလို ပြောကြသည်။

''ခင်ဗျားတို့က ကျုပ်တို့နဲ့ ညီနောင်သားချင်းတွေပဲ ဒါကြောင့် ကျုပ်တို့တွေ သွေးစည်းညီညွတ်ကြရမယ်''

ထိုအခါ စစ်ဘက်ဆိုင်ရာကိစ္စများ၌သာ ကျွမ်းကျင်ပြီး သမိုင်းဗဟုသုတနည်းပါးရှာသော အောင်ရွှေက လှိုက်လှိုက်လဲလဲ ပြောလိုက်သော အာသံရဲဘော်၏ စကားကို ကြားရသည့်အခါ ကြောင်တက်တက်ဖြစ်ခဲ့ပြီး ကျွန်ုပ်ထံ မေးမြန်းစုံစမ်းသည်။

''သူတို့က ရှမ်းတွေလို့ ပြောနေတယ်။ သူတို့က အိန္ဒိယသားတွေ မဟုတ်လား''

ဒီဇင်ဘာ (၁၉) ရက်၊ ကျွန်ုပ်၏ ဒိုင်ယာရီတွင် ယခုလိုရေးမှတ်လိုက်သည်။

''ညနေပိုင်းမှာ ကျွန်ုပ်ထံ ယော်ထုံ လာတယ်။ သူ့ကြည့်ရတာ စိတ်အနှောင့်အယှက် ဖြစ်နေပြန်ပြီ။ ခရစ်စမတ်ပွဲပြီးသည့်အထိ နေရမည်ဟု နာဂခေါင်းဆောင်တွေက သူ့ကို ပြောလိုက်သည်။ နောက်ထပ် (၆) ရက် နေရဦးမည်။ ကျွန်တော်တို့ ဘာမှမတတ်နိုင်ဟု ပြောပြီး ညနေ (၅) နာရီတွင် သူပြန်သွားသည်''

ထိုနေ့ နေလုံးစုံးစုံးမြုပ်ချိန်တွင် ကျွန်ုပ်တို့ တဲတံခါးကို လာခေါက်သဖြင့် ထွက်ကြည့်ရာ အရှေ့ဘက်မှ ဗမာစကားပြောတတ်သော နာဂစစ်သားတစ်ယောက်၊ ရိုင်ဖယ် သေနတ်ကို ပိုက်ထားပြီး အမှောင်ထဲမှာ ရပ်နေသည်။ သူက စိုးရိမ်တကြီးဖြင့် ခေးဆန်ချန်းလမ်နှင့် တစ်ရက်လောက် သွားရမည့်နေရာတွင် ဗမာစစ်တပ်တစ်ဖွဲ့ကို တွေ့ခဲ့ကြောင်း သူပုန်တွေကို လိုလားသော ရွာသားတွေ မတွေ့အောင် တောခုတ်ခားတွေနှင့် တောရှင်း၍ လာနေကြောင်း ကျွန်ုပ်တို့ကို လာ၍ သတိပေးခြင်းဖြစ်သည်။

''သူတို့တွေ တစ်ညလုံးချီတက်လာမယ်ဆိုရင် ဒီကို မနက်ဖြန်မနက် ရောက်နိုင်တယ်၊ ဒါကြောင့် ခင်ဗျားတို့ သတိဝီရိယနဲ့ နေရင်ကောင်းမယ်''

ဆိုင်နောင့်ကိုသူက ဗမာလို ပြောရာ၊ အနေအထားအားလုံးကလည်း သူပြောသလို ဖြစ်လာနိုင်ဖွယ်ရှိသဖြင့် သူ့စကားကို အလေးအနက် လက်ခံလိုက်သည်။ ကျွန်ုပ်တို့

www.nyisay.com

မြန်မာပြည်အနောက်မြောက်မှ နာဂကလေးငယ်တွေ။

ရောက်ပြီး မကြာခင် NSCN ဌာနချုပ်ပေါ် ကင်းထောက်လေယာဉ်တွေ တွေ့ခဲ့ရသည်။ ဤဒေသတစ်ဝိုက်တွင် ဗမာစစ်တပ်တွေ ထူးထူးခြားခြားလှုပ်ရှားလာသည်။ ယောင်းခွန်စခန်းသို့ ဗမာစစ်ဘက်မှ အကြီးတန်းအရာရှိတစ်ယောက် ရောက်လာခဲ့သည်မဟုတ်ပါလား။

''ကျမတို့ပစ္စည်းပစ္စယတွေကို လုံခြုံအောင် ထုပ်ပိုးထား,ထားလိုက်ရအောင်''

ဆိုင်နောင့်ပြောသလို ကျွန်ုပ်တို့ ပစ္စည်းတွေကို ထုပ်ပိုးဖို့ရာ နှစ်ပိုင်းခွဲလိုက်သည်။ အရေးရယ်၊ အကြောင်းရယ်ဆိုရင် ကင်မရာအိတ်နှင့် မှတ်စုစာအုပ်တွေနှင့် လင်မယားနှစ်ယောက် အဝတ်အစားအချို့ထည့်ထားသော စစ်သုံးကျောပိုးအိတ်တို့ကို ကျွန်ုပ်က ယူမည်။ ဆိုင်နောင့်က သမီးအိယင်းကို ကျောပိုးပြီး ကလေးပစ္စည်းအဝတ်အစားအထုပ်ကို ယူကြမည်။

''သူတို့ဘက်က တိုက်မယ်ဆိုရင် အရဏ်မတက်မီ တိုက်ကြမှာပဲ''

ဖယောင်းတိုင်မီးအလင်းနှင့် ပစ္စည်းတွေထုပ်ပိုးနေစဉ် ဆိုင်နောင့်က ပြောသည်။

ကျွန်ုပ်တို့ အစီအစဉ်အတိုင်း အတူပူးပေါင်းလုပ်ဖို့ ယော်ထုံနှင့် ကချင်တပ်ဖွဲ့ဝင်တွေကို ဆက်သွယ်ဖို့ စဉ်းစားမိပေမဲ့ ယခုည၏ စကားဝှက်ကို မသိဘဲ မှောင်မဲနေသော ဌာနချုပ်ဇရိယာထဲဝင်ဖို့ ဆိုသည်မှာ မဖြစ်နိုင်သဖြင့် နာရီကို မနက် (၅) နာရီနှိုးစက်ပေးကာ ကျွန်ုပ်တို့ စောစောအိပ်ရာဝင်ခဲ့ကြသည်။ နောက်တစ်နေ့ နံနက်တွင် ဗမာစစ်တပ်က NSCN ဌာနချုပ်ကို ဝင်တိုက်ရာ ကျွန်ုပ်တို့ တောထဲထွက်ပြေးပြီး ဘိန်းခင်းဘေးက တဲတစ်လုံးတွင် ပုန်းခိုနေရသည်။

www.nyisay.com






**"ယေရှုအတွက် နာဂအေသ" NSCN စစ်သားများနှင့်အလံ။**

သို့ရာတွင် ဗမာစစ်ကူတပ်ဖွဲ့တွေ တောထဲက ဖြတ်သွားသံကို ကျွန်ုပ်တို့ ကြားခဲ့ရသော ညတွင် ဒိုးညူရွာတွင် ကျွန်ုပ်တို့ရောက်နေပြီဖြစ်၍ ဒီဇင်ဘာ (၂၀) ရက်က NSCN ဌာနချုပ်တွင် ဖြစ်ပျက်ခဲ့သည်တို့ကို ကျွန်ုပ်တို့ သိရသည်။ နေမထွက်မီ ဒိုးညူရွာထဲသို့ ကျွန်ုပ်တို့ဝင်လာရာ လူအုပ်ထဲတွင် ဌာနချုပ်မှ အငယ်တန်းအရာရှိ တစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟေး... ခင်ဗျား ဒီရောက်နေတာကိုး"

"ဘာတွေဖြစ်နေတာလဲ"

"အန်ဂမ်းဒီမှာရှိတယ်။ ခင်ဗျားသူနဲ့ ခုချက်ချင်း သွားတွေ့လိုက်ရင် ကောင်းမယ်။ သူ့တဲကို ကျွန်တော်လိုက်ပြမယ်"

အန်ဂမ်းဆိုသူက NSCN အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ယောက်ဖြစ်သည်။ တဲတစ်လုံးထဲသို့ ကျွန်ုပ်နှင့် အငယ်တန်းအရာရှိတို့ ဝင်သွားသည့်အခါ ကြမ်းပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း ရေနွေးကြမ်းသောက်နေသော အန်ဂမ်းကို တွေ့ရပြီး ကျွန်ုပ်ကို သူက တိုက်ပွဲအကြောင်း အကျဉ်းချုံး ပြောပြသည်။ သို့ပေမဲ့ သူပြောနေပုံက ဝေဝေဝါးဝါးနှင့် ဖုံးဖိနေသလို၊ ဌာနချုပ်နှင့် ခေးဆန်ချန်းလမ်တွင် (၂) ရက်ကြာတိုက်ပွဲဖြစ်ခဲ့ပြီး မနက် (၅) နာရီတွင် ဌာနချုပ်ကျသွားရာ ထိုအချိန်၌ပင် ဘိန်းခင်းနားက တဲတွင် ကျွန်ုပ်တို့ ရောက်နေပြီး ခေးဆန်ချန်းလမ်ဘက်က ထူးထူးခြားခြား အမြောက်သံတွေ ကြားလိုက်ချိန်လည်း ဖြစ်သည်။ ကချင်တပ်ဖွဲ့ဝင်တွေလည်း သူတို့ဘက်က ဝင်တိုက်ခဲ့ကြောင်း အန်ဂမ်းကပြောသဖြင့် အကျအဆုံးရှိမရှိ ကျွန်ုပ်မေးကြည့်လိုက်သည်။

www.nyisay.com



''ရှိတယ်၊ ကျုပ်တို့ဘက်က သုံးယောက်ကျပြီး ကချင်တပ်ဖွဲ့က သုံးယောက် ကျသွားတယ်၊ ခင်ဗျားအတွက် သတင်းဆိုးကတော့ သုံးယောက်ထဲမှာ ခင်ဗျားမိတ်ဆွေ ယောထောင် ပါသွားတယ်''

ကျွန်ုပ် ကြက်သေသေသွားသည်။ ကျွန်ုပ်တို့ လုံခြုံရေးအတွက် စိတ်ပူပင်ခံရသော ယောထောင် ကျသွားပြီတဲ့။ သူ့အနေနှင့် ဝင်တိုက်စရာမလိုသော တိုက်ပွဲတွင် ကျဆုံးခဲ့ရသည်။ နာဂခေါင်းဆောင်တွေသာ ခရစ္စမတ်ပွဲကိစ္စကို ဒီလောက်အထိ ဥပါဒ် မရောက်ခဲ့ဘူးဆိုလျှင် ယခုလို ဖြစ်မည်မဟုတ်။ အန်ဂမ်းက မလုံမလဲနှင့် ပြုံးရင်း ကမ်းပေးသော စီးကရက်ကို စက်ရုပ်တစ်ရုပ်လို ကျွန်ုပ် လှမ်းယူလိုက်သည်။

''တကယ်တော့ ဘန်ကာထဲမှာ ကျုပ်တို့နဲ့အတူ သူလည်းရှိပါတယ်။ အဝေးကြီးက ပစ်လိုက်တဲ့ ကျည်က သူ့ကို မှန်သွားတာ''

ဌာနချုပ်ဇရိယာမှာ ကတုတ်ကျင်း (သို့) ဘမ်ကာ လုံးဝမရှိတာ သိထားသဖြင့် ကျွန်ုပ် ဇဝေဇဝါဖြစ်သွားသည်။ အီဖိုင် နတ်ဝင်သည်တွေ အဆိုအရ စခန်းလုံခြုံရေးကိစ္စ အားလုံးကို လက်ဝါးကပ်ကိုင်ကြီးက အကာအကွယ်ပေးလိမ့်မည် မဟုတ်လား။ ထားတော့၊ ကျဆုံးသွားသော အခြားကချင်ရဲဘော် (၂) ယောက် ဘယ်သူဘယ်ဝါတွေဆိုတာ မေးရပြန်သည်။

''အရာခံဗိုလ် မရူတန်ဂွန်းနဲ့ ဒု-တပ်ကြပ် တန်ဘောင်ဇောင်းဒေါင်''

နောက်တစ်ကြိမ် ကျွန်ုပ် တုန်လှုပ်ရပြန်သည်။ ခန္ဓာကိုယ် တောင့်တောင့်ခိုင်ခိုင် အရာခံဗိုလ် မာရူးတဲ့။ ဒုတပ်ကြပ်ဆိုသူကို ကျွန်ုပ်စိတ်ထဲက ကြိုးစားပုံဖော်ကြည့်ပါသော်လည်း ကချင်တပ်ဖွဲ့ဝင်တို့ကို အချိန်တိုအတွင်း တွေ့လိုက်ရသည်ဖြစ်၍ မှန်းဆ၍ မရ။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့အတွက် အသက်ပေးသွားကြသဖြင့် သုံးယောက်လုံးအတွက် စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ဆိုင်နောင့်တို့ သားအမိရှိရာ တဲသို့ ပြန်ရောက်လာပြီး အကြောင်းစုံကို ဆိုင်နောင့်ကို ပြောပြသည့်အခါ ရုင်ထုမနာနှင့် ဆိုင်နောင့် ငိုတော့သည်။

''အသုံးမကျတဲ့ NSCN ၊ ကျမတို့ ဒီလောက်သတိပေးနေတာ ဘမ်ကာ မရှိဘူး၊ ဘာမှမရှိဘူး၊ ဦးနှောက်မရှိတဲ့ အဲ့ဒီ အီဖိုင်ကိစ္စပဲ လုပ်နေကြတယ်''

နေထွက်သည်နှင့် ဤနေရာက ကျွန်ုပ်တို့ ထွက်ခွာ၍ လုံခြုံစိတ်ချရသည်ဆိုသော စခန်းဟောင်းသို့ ခရီးဆက်ဖို့ အကြောင်းကြားသည်။ ဤတွင်လည်း ရွာမှ ကျွန်ုပ်တို့ မထွက်ခွာမီ ယခုလို အခြေအနေမျိုးတွင် နာဂတွေက တန်းစီ၍ လူစစ်နေပြန်သဖြင့် ကျွန်ုပ်အံ့အားသင့်ရပြန်သည်။ စစ်သားအားလုံး ယူနီဖောင်းတွေ စုတ်ပြတ်နေပြီး၊ သံချေးတက်နေသည့် အဟောင်းအမြင်း သေနတ်တွေ ကိုင်ထားကြသည်။ အချို့ မိန်းကလေးအဖွဲ့တွေက အရောင်တောက်တောက် လုံခြည်တွေ ဝတ်ထားရာ တလွဲတချော် အယူသီးမှုတွေနဲ့ တကယ့်ကို ကဖျစ်ကညစ် စစ်တပ်ကြီးပင် ဖြစ်ပါ၏။

www.nyisay.com



သူတို့ကို ကြည့်ရင် ကျွန်ုပ် ဒေါသထွက်ရသလို ကရုဏာလည်း သက်မိသည်။ ယော်ထုံနှင့် သူ့ရဲဘော်နှစ်ယောက် ကျဆုံးခဲ့ရသည်မှာ နာဂခေါင်းဆောင်တွေ အယူသီးပြီး ဦးနှောက်မရှိသောကြောင့် ဖြစ်သည်။ လက်ဝါးကပ်တိုင်ကြီးဘေးတွင် ''အီဖိုင်၊ မြင့်မြတ်သောနေရာ''ဟု ရေးထားသော ဆိုင်းဘုတ်ကို ဗမာစစ်သားတွေတွေ့လျှင် ကောင်းကောင်းရယ်ကြမှာ သေချာသည်။ ကျွန်ုပ်တို့ အပြီးသတ်ထွက်ခွာလာသည့်အခါ ကောင်းကင်ကြီးတစ်ခုလုံး မှိုင်းမှုန်ရီဝေနေပြီး အေးစိမ့်နေသော ဆောင်းနံနက်ခင်းတွင် လမ်းကြမ်းတစ်လျှောက်လုံး နှင်းခါးရိုက်ထားသောကြောင့် အကွက်လိုက်ထနေသည်။ တောထဲသို့ တိုးဝင်သွားသည့်အခါ ကျွန်ုပ်တို့ နင်းလိုက်သော သစ်ရွက်တို့ကား အေးခဲကြွပ်ဆတ်နေသဖြင့် တဂျမ်းဂျမ်း မြည်နေသည်။ အချို့စစ်သားများက စစ်ဖိနပ်မပါ။ သို့ပေမဲ့ ဘာမှမဖြစ်သလို၊ တိုက်ပွဲရှုံးနိမ့်ခဲ့သဖြင့် စိတ်ဓာတ်ကျနေဟန်တူသည်။

နာရီအနည်းငယ် လျှောက်လာပြီးနောက် ပြောင်သလင်းခါနေသော တောင်ရိုးတစ်ခုပေါ်တွင် နားဖို့ ရပ်လိုက်ကြပြီး စစ်သားအားလုံး မြက်ခင်းပေါ် ထိုင်ချလိုက်ကြသည်။ ဟိုးအဝေး ပတ်ဝန်းကျင်တစ်ပြင်လုံးကို တောင်ကုန်းပေါ်မှ မြင်နိုင်သဖြင့် စစ်သားတစ်ယောက်က ရုတ်တရက် ထရပ်လိုက်ပြီး ခေးဆန်ချန်းလမ်ရွာရှိရာဘက်သို့ လက်ညှိုးထိုးပြရာ မီးခိုးလုံးကြီးတွေ အူတက်နေရာဆီ အားလုံး မျှော်ကြည့်လိုက်ကြသည်။ ရွာကို ဗမာစစ်သားတွေ မီးရှို့လိုက်ကြပြီ။ ဌာနချုပ်နေရာမှ တန်းလျားတွေကိုတော့ သူတို့တပ်မဆုတ်ခင်အထိ မီးရှို့ဖျက်ဆီးပစ်ပုံမရ။ အိမ်တွေ မီးရှို့ခံလိုက်ရသော ရွာသားတွေအတွက် ကျွန်ုပ် တကယ် စိတ်မကောင်းဖြစ်ရသည်။ သူတို့ပြစ်မှုက သူပုန်စခန်းနားမှာ နေလို့ပဲ ဖြစ်သည်။

တောထဲက စခန်းဟောင်းရောက်ဖို့ တစ်နေကုန်နီးပါး ကျွန်ုပ်တို့ လျှောက်ခဲ့ရသည်။ သစ်ပင်ဝါးပင်တို့ အုပ်ဆိုင်းကာရံထားသော တောင်ထိပ်တွင် စခန်းတည်ထားပြီး ပတ်ဝန်းကျင် တောင်ကုန်းတို့ကိုလည်း ကောင်းစွာမြင်နိုင်သဖြင့် အချက်အချာကျသောနေရာဖြစ်၍ အဆိုပါစခန်းကို ၁၉၈၁ မှ ၁၉၈၃ ခုနှစ်အထိ ဌာနချုပ်အဖြစ် အသုံးပြုခဲ့ပြီး၊ ထိုမှ နတ်ဝင်းသည်တို့၏ လမ်းညွှန်မှုဖြင့် ခေးဆန်ချန်းလမ်ရွာနားက တောင်ရိုးပေါ်ဆင်း၍ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့မှာပင် ကျွန်ုပ်တို့နှင့် လိုက်ပါလာသော စစ်သား ၅၀ ခန့်က ဆက်လက်ထွက်ခွာသွားပြီး အန်ဂမ်းနှင့် ကျွန်ုပ်တို့ လုံခြုံရေးအတွက် ယောကျ်ားလေးနှစ်ယောက်နှင့် အီယင်းကို ကူညီထိန်းပေးနေသော မိန်းကလေး နှစ်ယောက်သာ ကျန်ခဲ့သည်။ သို့ပေမဲ့ မကြာပါဘူး၊ ကျွန်ုပ်ထင်ထားသလို ကျွန်ုပ်တို့ လုံခြုံရေးအတွက် ချန်နေခဲ့သော စစ်သားလေးနှစ်ယောက်လုံး အရိပ်ကောင်းကောင်း နေရာတစ်နေရာ ရှာတွေ့သွားပြီး အိပ်ပျော်သွားလေရာ ကျွန်ုပ်တို့ကမူ ပတ်ဝန်းကျင်မှ လှုပ်လှုပ်ရှားရှား အခြေအနေတွေကို သတိကြီးစွာနှင့် စောင့်ကြည့်နေကြရပါ၏။

www.nyisay.com



ခေးဆန်ချန်းလမ်သည် စခန်းဟောင်း၏ အောက်တွင်ရှိပြီး နာရီအနည်းငယ်သာ ဝေးသဖြင့် သေနတ်သံတွေကို ညတိုင်းကြားနေရာ ညအမှောင်ကို အကာအကွယ်ယူပြီး နာဂစစ်သားတွေက ရွာထိပ်မှ မိုရုန်အဆောက်အအုံအောက် ဝင်၍ ရန်သူ့ဘက်ကျ သွားသော ဌာနချုပ်အဆောက်အအုံတွေဘက်ဆီ ပစ်ခတ်နေကြကြောင်း အန်ဂမ်းက ခန့်မှန်းသော်လည်း ဗမာစစ်သား အမြောက်အများကို နာဂစစ်သားတွေ ချေမှုန်းနိုင်လိမ့်မည်ဟု ကျွန်ုပ် မထင်၊ ဖြစ်ခြင်းဖြစ် သူတို့ ခြေကုပ်ယူထားသော နေရာများမှ ကင်းလှည့်နေသော ဗမာစစ်သားတွေကို ပစ်ခတ်နေတာပဲ ယူဆရသည်။

နှစ်ပေါင်းများစွာ အသုံးမပြုဘဲ စွန့်ပစ်ထားသဖြင့် ကျွန်ုပ်တို့ ယာယီ ပုန်းအောင်းနေသော ဝါးအဆောက်အအုံ အတော်များများက တစ်စစီ ပြိုပျက်နေလေပြီ။ နေ့ခင်းနေ့လယ် ၌ပင် ချမ်းစိမ့်နေသဖြင့် ကျွန်ုပ်တို့တဲဘေးနားက ခြောက်သယောင်းနေသော ဝါးတို့ဖြင့် တဲထဲမှာ တစ်နေ့လုံး၊ တစ်ညလုံး မီးဖိုလေး ဖိုထားရသည်။ ကျွန်ုပ်တို့တဲတွင် ကောက်ရိုးအမိုးရှိသဖြင့် မီးတောက်တို့ကို ကာပေးထားသလို မီးခိုးတို့ကိုလည်း ပြန့်သွားစေသည်။

ဒုတိယမြောက်နေ့တွင် စိတ်ဝင်စားစရာ အဖြစ်အပျက်တစ်ခုနှင့် ကြုံခဲ့ရသည်။ ကျွန်ုပ်တစ်ယောက်တည်း တဲအပြင်တွင် ထိုင်ကာ အောက်ဘက်မှ လျှို့ကြီးကို ငုံ့ကြည့်နေခိုက် ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင်ရှိသော သစ်ပင်ပေါ် နှုတ်သီးအကြီးကြီးနှင့် ဟွန်းဘီ(လ်) ငှက်တစ်ကောင် လာနားသည်။ ယေဘုယျအားဖြင့် ဟွန်းဘီ(လ်) ငှက်များမှာ ကြောက်တတ်ပြီး နှစ်ကောင်တွဲ နေလေ့ရှိသော်လည်း ကျွန်ုပ်နှင့် ဤမျှ နီးနီးကပ်ကပ်တွင် လာနားသဖြင့် အံ့အားသင့်သွားသည်။ ငှက်ကြီးကို တစ်ခဏ ကျွန်ုပ်ကြည့်ပြီး တဲထဲမှ ဆိုင်နောင့်ကို ပြန်ခေါ်ချိန်တွင်လည်း သစ်ကိုင်းမှာ နားနေဆဲ၊ ပြီးနောက် ကျွန်ုပ်တို့နှစ်ဦး ထိုင်၍ ငှက်ကြီးကို အကဲခတ်နေစဉ် ငှက်ကြီးက ကျွန်ုပ်တို့ကို အကြောက်အလန့်မရှိလည်ပြန် တစ်ချက်ကြည့်လိုက်ပြီး ခေးဆန်ချန်းလမ်ရွာဘက် ပြန်လှည့်သွားသည်။

NSCN မှ နတ်ဝင်သည်တို့နှင့် ကြုံပြီးနောက် ကျွန်ုပ်တို့လင်မယားနှစ်ယောက် စိတ်ထဲတွင် သဘာဝလွန်ကိစ္စများနှင့်ပတ်သက်၍ လုံးဝအယုံအကြည် မရှိသော်လည်း ငှက်ကြီးကို ကြည့်နေရင်း ကျွန်ုပ်တို့နှစ်ဦးသားစိတ်ထဲ ယောထောင်ကို ထင်ထင်ကြီးသွားမြင်လိုက်သည်။ နောက်ဆုံးအထိ သူ့တာဝန်ကို ထမ်းဆောင်ပြီးကြောင်း ကျွန်ုပ်တို့ကို လာအသိပေးနေသယောင်၊ ငှက်ကြီးကို ကျွန်ုပ်တို့နှစ်ယောက် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် တစ်နာရီ နီးနီးကြည့်နေရာမှ ငှက်ကြီးက အတောင်ပံကို ဖြန့်၍ ဟိုးအဝေး တောင်တန်းကြီးဆီ ပျံဝဲသွားလေသည်။

ခရစ္စမတ်နေ့မြတ် ရောက်လာခဲ့လေပြီ။ သို့ပေမဲ့ စီစဉ်ထားသလို မကျင်းပခဲ့ကြရ။ ကျွန်ုပ်တို့ နှစ်ယောက်ကလည်း ဘီစကစ်တစ်ထုပ်၊ အာသံရဲဘော်တွေ ပေးလိုက်သော လက်ဖက်ခြောက်တို့ဖြင့် ဖြစ်သလို အသက်ဆက်နေရသည်။ ညဘက် သေနတ်သံ

www.nyisay.com






ခေးဆန်ချန်းလမ်တိုက်ပွဲ။

www.nyisay.com



ဖြိုးဖြိုးဖြောက်ဖြောက် ကြားရသည်ကလွဲ၍ ကျွန်ုပ်တို့ပတ်ဝန်းကျင်မှာ အန္တရာယ်အရိပ်အရောင်တစ်ခုမျှ မတွေ့ရ။ ရက်အနည်းငယ်အကြာတွင် ဆက်သားတစ်ယောက် ရောက်လာပြီး ကျွန်ုပ်တို့နေရာမှ တစ်နာရီ ခြေလျင်ခရီးအကွာလောက်က ရွာတစ်ရွာတွင် ကချင်တပ်ဖွဲ့စခန်းချနေကြောင်း လာပြောသဖြင့် ကျွန်ုပ်တို့ စိတ်ချမ်းသာသွားသည်။ သို့ပေမဲ့ ကျွန်ုပ်တို့နှင့် ကချင်တပ်ဖွဲ့ကို တမင်ခွဲထားတာ အကြောင်းရှိမည်ဟု ကျွန်ုပ် စဉ်းစားမိသည်။ နာဂတွေဘက်က ယခုလို ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ရသည့်အတွက် အရှက်ကွဲခဲ့သည်ကို နားလည်နိုင်ပါသော်လည်း ကျွန်ုပ်တို့ ယုံကြည်ရသော လုံခြုံရေးတပ်စုနှင့် ကျွန်ုပ်တို့ကို ယခုလို အဆက်ဖြတ်ထားသည်ကိုမူ လုံးဝ အဓိပ္ပာယ်မရှိဟု ထင်သည်။ သို့ဖြစ်၍ ကချင်တပ်ဖွဲ့နှင့် အဆက်အသွယ်ရအောင် တစ်မျိုးလှည့်ကြံဖို့ ကျွန်ုပ်တို့ လင်မယားတိုင်ပင်ရသည်။ ယခု ကျွန်ုပ်တို့က သူတို့အစောင့်အရှောက်အောက်တွင် ရောက်နေသဖြင့် သူတို့ကို စိတ်အနှောင့်အယှက်ပေးဖို့ မဖြစ်နိုင်။ သို့ပေမဲ့ သမီးလေးအီးယင်က ဝမ်းပျက်ချင်သလိုလို ဖြစ်နေသဖြင့် တစ်ခါတစ်ခါ ညဘက် ငိုတတ်ရာ ဤသည်ကို အခွင့်ကောင်းယူ၍ ကျွန်ုပ်က မွီးဗာထံ စာရေးပြီး တစ်ဦးတည်းသာရှိသော ကချင်ဆေးတပ်သားအကူအညီလိုနေကြောင်း ဥပါယ်တံမျဉ်ဖြင့် အကြောင်းကြားသည်တွင် ကျွန်ုပ်တို့အကြောင်းအောင်မြင်သွားသည်။ ထိုညနေ၌ပင် နာဂစစ်သားတစ်ယောက်နှင့်အတူ ဇော်ရှုန် တစ်ယောက် ဆေးဝါးကိရိယာတွေ ထည့်ထားသော ခါးပတ်ကြီးနှင့် စက်သေနတ်ကို လွယ်ကာ ကျွန်ုပ်တို့တဲဆီလာနေသည်ကို တွေ့လိုက်ရသည်။ အိပ်ရာလိပ်ထုပ်ကိုလည်း ထမ်းလာသေးသည်။

“ကလေးအခြေအနေ ဘယ်လိုနေသေးလဲ”

ဇော်ရှုန်က တဲထဲဝင်၍ ထိုင်ရင်းမေးသည်။

“အဆိုးချည်းမဟုတ်ပါဘူး၊ ဒါနဲ့ ခေးဆန်ချန်းလမ်မှာ ဘယ်လိုဖြစ်ခဲ့ကြတာလဲ”

ဇော်ရှုန်က တစ်ချက်ပြုံးလိုက်သည်။ ယခုလို သူ့ကို ဘာ့ကြောင့် ကျွန်ုပ်တို့ခေါ်ရသည်ကို ကောင်းကောင်းသဘောပေါက်သွားသည်။ ကျွန်ုပ်တို့က စိတ်လှုပ်ရှားနေသဖြင့် ကျွန်ုပ်အနား အန်ဂမ်း ရောက်လာပြီး နားထောင်နေသည်ကိုပင် ဂရုမစိုက်အားတော့။

“ခင်ဗျားသိပါတယ်၊ ယော်ထုံနဲ့ ကျွန်တော်နဲ့က အရမ်းခင်ကြတာ”

ဇော်ရှုန်က ပြောရင်း သူ့ခါးတွင် ချိတ်ထားသော ပစ္စတိုသေနတ်ကို လက်ညှိုးထိုးပြသည်။ ယော်ထုံ ကိုင်ခဲ့သော သေနတ်၊ ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ ရင်ထဲဆို့သွားသည်။

“မင်းတို့ကို နာဂတွေက ဗမာစစ်သားတွေ လာနေပြီဆိုတာ မပြောဘူးလား၊ သတိမပေးကြဘူးလား”

ကျွန်ုပ်စိတ်ကို ချုပ်တီးထားရာက ဒေါသသံဖြင့် ပေါက်ကွဲသွားသည်။

www.nyisay.com



''ဘယ်သူမှ သတိမပေးကြဘူး၊ တော်တော်ဝေးတဲ့နေရာမှာ ဗမာစစ်တပ်စခန်း ရှိတယ် ဆိုတာပဲ ပြောတယ်၊ အဲဒီမနက်က သေနတ်သံတွေ ကြားရလို့ ကျွန်တော်တို့ နီးလာတော့မှ ဌာနချုပ်ကို လျှပ်တစ်ပြက် ဝင်တိုက်ပြီဆိုတာ သိရတာ၊ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ဒီလိုမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ အဓိက စခန်းတစ်ခုကို သူတို့ ဝင် မတိုက်ခင် တစ်ရက်နှစ်ရက် အမြဲကြိုသိတယ်။ အခုတော့ ဒီမှာ ရုတ်တရက် မော်တာ တွေနဲ့ အထုခံရတော့မှပဲ သိရတယ်''

အန်ဂမ်း ခေါင်းငိုက်စိုက်ကျသွားသည်။ ဇော်ရှုန်က ဆက်၍ တိုက်ပွဲဖြစ်သည်နှင့် နာဂစစ်သားတွေ ဝရုန်းသုန်းကားနှင့် ထွက်ပြေးပုံကို ပြောပြသည့်အခါ အန်ဂမ်း ပို၍ စိတ်မသက်မသာ ဖြစ်လာသည်။ ဒုဗိုလ်မှူးကြီး သန်မီမှာ ပြေးရင်း မော်တာဗုံးဆန် မှန်ခဲ့ရသလို အခြားနာဂစစ်သားတွေလည်း အလားတူ သေဆုံးရခြင်း ဖြစ်သည်။

''မင်းတို့နဲ့အတူ နာဂတွေက ပြန်မတိုက်ကြဘူးလား''

''လေးငါးယောက်ပဲ ပြန်တိုက်ကြတယ်၊ ယော်ထုံက ကျွန်တော်တို့ တပ်ကို နှစ်စုခွဲပြီး နေရာယူဖို့ ချက်ချင်းအမိန့်ပေးလိုက်တယ်။ တတိယအဖွဲ့ကို မရူတန်ဂွန်းက ဦးဆောင်ပြီး ခင်ဗျားတို့ကို ရှာဖို့ လွှတ်လိုက်တယ်''

ဇော်ရှုန်က စကားကို ခဏဖြတ်လိုက်သည်။ ဤမှာပင် သူ့မိတ်ဆွေ ဒုအရာခံဗိုလ် မရူတန်ဂွန်း ကျသွားခြင်း ဖြစ်သည်။ ဆိုင်နောင့်က ရေနွေးအိုးတည်သည်။

''အဆိုးဆုံးက သောက်သုံးမကျတဲ့ အဲဒီစခန်းမှာ ကတုတ်ကျင်းဆိုတာ တစ်ခုမှ မရှိဘူး၊ ကျွန်တော်တို့ဘက်က ပြန်မပစ်နိုင်ခင် မြက်ပင်တွေကြားမှာ ဒါမှမဟုတ် တောင်ပို့ လေးတွေ နောက်မှာ ဖြန့်ပြီး အကာအကွယ်ယူခဲ့ရတယ်''

ကျွန်ုပ်တို့ကို ရှာဖို့ ထွက်သွားသော တပ်စုကား သည့်ထက်မက အခက်အခဲတွေ နှင့် ကြုံခဲ့ရပေလိမ့်မည်။ ကျွန်ုပ်တို့ ရောက်နေသည့်နေရာကို မသိမီ (၂) ရက်ကမှ သူတို့တပ်စု ပြန်ရောက်လာသည်။ (၂) ရက်အတွင်းတွင် ကျွန်ုပ်တို့ စွန့်ခွာခဲ့သော အိမ်ကို သူတို့တပ်စု တွေ့ခဲ့ကြသည်။

''ကျွန်တော်တို့အဖွဲ့နဲ့ ပြန်ပေါင်းဖို့ သူတို့တပ်စု နောက်ကြောင်းပြန်လှည့်လာတဲ့ အခါ အရှေ့ဘက်ကနေ လက်ဝါးကပ်တိုင်ကြီးဘက် တက်လာတဲ့ ဗမာတပ်ဖွဲ့တွေနဲ့ ပက်ပင်း ရင်ဆိုင်တိုးတော့တာပဲ''

ဤတွင် အခြေအနေကို မရူတန်ဂွန်း ချက်ချင်း သဘောပေါက်သွားသည်။ ဗမာ တပ်တို့က ကျွန်ုပ်တို့ကို လက်ရဖမ်းဖို့ရာအတွက် ပစ်၍ ထိုးတက်လာရာ စစ်ကြောင်း တစ်ကြောင်းက ဌာနချုပ်ဇရီယာတစ်ဝိုက် ဝင်စီးပြီး ထိုနေရာမှ လူအားလုံးကို လက်ဝါး ကပ်တိုင်ကြီး ရှိရာဘက်သို့ မောင်းသွင်းလိုက်သည်။ ဤတွင် ဒုတိယစစ်ကြောင်းက ဌာနချုပ်ဇရီယာမှ ပြေးဆင်းလာသူတို့ကို ဆီး၍ ပိတ်ဆို့ပြီး ကျွန်ုပ်တို့ကိုလည်း ဤနေရာ

www.nyisay.com



တွင် လက်ရဖမ်းဆီးမည်ဖြစ်သည်။ သို့မဟုတ် အပြောင်ရှင်းပစ်ချင်ပစ်မည်။ သို့ရာတွင် ဇော်ရှန် ပြောပြနေသည်တို့ကို နားထောင်ရင်း တိုက်ပွဲကို ညွှန်ကြားခဲ့သော ဗမာစစ်ဘက် အရာရှိတွေဘက်မှ မှားယွင်းသော အချက်နှစ်ချက်ပေါ်တွင် မှားယွင်းစွာ တွက်ချက်ခဲ့သည်မှာ ထင်ရှားလာသည်။ ပထမအချက်အရ ကျွန်ုပ်တို့ မိသားစုအနေနှင့် ဌာနချုပ်ဇရီယာထဲမှာပင် နေလိမ့်မည်ဟု လွယ်လွယ် စဉ်းစားခဲ့ကြသည်။ နောက်တစ်ချက်က နာဂဌာနချုပ်တွင် ကေအိုင်အေ လက်နက်ကိုင်တပ်စိတ်တစ်စိတ် ရောက်နေသည်ကိုပင် ကြိုတင်ထောက်လှမ်းခြင်း မရှိဘဲ ဝင်တိုက်ခြင်းဖြစ်သည်။ ဒုတိယတွက်ချက်မှုက ဆိုးဝါးသော အမှားဖြစ်သည်။

ဌာနချုပ်ဇရီယာမှ ဆင်းပြေးသွားသူတို့ကို ပိတ်ဆို့ဖို့ အရှေ့ဘက်က ပန်းတက်လာသော ဒုတိယဗမာစစ်ကြောင်းကို မရှုတန်ဂွန်းတို့အဖွဲ့က စက်သေနတ်တွေ လက်ပစ်ဗုံးတွေနှင့် တရစပ် ပစ်ခတ် တားဆီးခဲ့ရာ ဘုရားကျောင်းအထိ တက်ဖို့ ကြိုးစားခဲ့သော်လည်း မအောင်မြင်သဖြင့် ဗမာစစ်ကြောင်း ပြန်ဆုတ်သွားသည့်အခါ မရှုတန်ဂွန်းတို့အဖွဲ့လည်း ယော်ထုံတို့အဖွဲ့နှင့် ပြန်ပေါင်း၍ ဌာနချုပ်တည်ရာ ကုန်းမြေမြင့် အရှေ့ဘက်တောင်ရိုးတစ်လျှောက်တွင် နေရာယူထားလိုက်ကြသည်။

အစိုးရတပ်များက ဆိုခဲ့သလို နာဂစစ်သားတွေသာ ရှိသည်အထင်နှင့် ဘေးမှ ပန်းတက်လာခဲ့သလို စခန်းထဲက နာဂတွေကို မောင်းထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် မော်တာကြီးများဖြင့် ကျော်၍ ပစ်ပေးနေသည်။ သို့ရာတွင် သူတို့ တွက်ချက်ထားသလို နာဂတွေ ထွက်ပြေးသွားကြသည့်တိုင် ကချင်တပ်တို့က ကြားဖြတ်၍ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသဖြင့် အစိုးရတပ်ဖွဲ့ဝင်တို့ အကြီးအကျယ် ခံလိုက်ရပြီး တိုက်ပွဲက တန့်နေသည်။

''အဲဒီအချိန်မှာ ကျွန်တော်တို့က သူတို့ကြားအောင် ဗမာလို အော်ပြောလိုက်တယ်၊ 'ဟေ့ကောင်တွေ၊ ငါတို့က ကေအိုင်အေကွ၊ ပြီးခဲ့တဲ့နှစ်က ဆင်ကလိန် ခန္တီးကို သိမ်းတဲ့တပ်ကွ၊ မင်းတို့ ရင်မဆိုင်ရဲပါဘူး၊ မင်းတို့သတ္တိရှိရင် တစ်ပွဲတစ်လမ်းလောက် ချလိုက်ကြရအောင်' အဲ့ဒီလို အော်ပြောလိုက်တော့ သူတို့တွေ တွေဝေသွားတယ်လို့ ကျွန်တော် ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့က ဆင်ကလိန် ခန္တီးနားက တပ်ရင်း (၅၂)က ကောင်တွေလေ''

ထို့နောက် တစ်နေကုန် တိုက်ခိုက်ကြရာ ကချင်ဘက်မှ ရဲဘော်တစ်ဦး ကျဆုံးသွားသည်။ မြက်ပင်တွေကြား အားလျားမှောက်ဝပ်နေရာမှ ရှေ့ကိုကြည့်ဖို့ သတိထားပြီး ခေါင်းထောင်လိုက်ရာမှ ဘယ်ကမှန်းမသိ တစ်ဖက်က ပစ်လိုက်သောကျည်ဆန် ထိသွားခြင်းဖြစ်သည်။

''သူ့မှာ မိသားစုရှိလား'' ဟု ကျွန်ုပ်က မေးလိုက်ရာ သူက အပေါ်ကို မော့ကြည့်ရင်း သက်ပြင်းချရင်း ဖြေသည်။

www.nyisay.com



"ရှိတယ်၊ ပြီးခဲ့တဲ့ လေးငါးလလောက်ကမှ အိမ်ထောင်ကျခဲ့တာ၊ သူ့မိန်းမမှာ ကိုယ်ဝန်ရှိနေပြီ၊ ဒါဟာ စစ်သားဘဝပဲလေ"

မရှုတန်ဂွန်း ကျသွားသည်မှာလည်း ထိုနေ့ နေ့လယ်ပိုင်း ဖြစ်သည်။ အစိုးရတပ်ဖွဲ့ဝင်တို့က အကျအရှုံးများစွာနှင့် ပြန်ဆုတ်သွားသည့်အခါ အလောင်းများနှင့်အတူ ကျန်ခဲ့သော သေနတ်တို့ကို ဆင်းဆွဲချိန်တွင် ဗမာဘက်မှ လက်ဖြောင့်တပ်သားတစ်ဦး၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။

ညဘက်တွင် အပစ်အခတ် ရပ်သွားသဖြင့် ကေအိုင်အေ တပ်ဖွဲ့ဝင်တို့ အနားယူနိုင်သလို ရွာထဲတွင် ပုန်းနေသော နာဂတို့က ထမင်းဟင်းတွေ ချက်ပြုတ်ပြီး ငှက်ပျောဖက်တွေနှင့် ထုပ်ကာ စခန်းထဲက ကချင်ရဲဘော်တွေအတွက် လာပေးကြသည်။

"အဲ့ဒီညက ရန်သူဘက်က အပစ်အခတ်မရှိတော့ ရောက်နေတဲ့နေရာမှာ ကျွန်တော်တို့ အိပ်ကြတယ်၊ ကျွန်တော်တို့ဆီကို နာဂစစ်သားတချို့ ရောက်လာတယ်၊ သူတို့ကို ယော်ထုံက စခန်းကို စွန့်သွားပြီလို့မထင်အောင် မကြာခဏ သေနတ်သံပေးဖို့ အမိန့်ပေးလိုက်တယ်၊ ဟုတ်တယ်လေ ရန်သူတွေ ဆုတ်သွားပြီလား၊ ရှိသေးလားဆိုတာ မသေချာသေးဘူး"

(၂၁) ရက်နေ့ နံနက်ခင်းကား ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေသည်။ ဗမာတပ်တွေ ဆုတ်သွားပြီအထင်နှင့် ယော်ထုံနှင့် သူ့တပ်ဖွဲ့တို့ ဆင်းလိုက်ရာ ရုတ်တရက် အတိုက်ခံလိုက်ရသည်။ ဗမာစစ်တပ်က မဆုတ်သေးဘဲ နေရာမှာပင် ဝပ်၍ စစ်ကူကို စောင့်နေခဲ့ရာ ထိုညမှာပင် ရောက်လာပြီး တိုက်ပွဲမှာ ပို၍ ပြင်းထန်လာသည်။ ထိုနေ့ ညနေပိုင်းအထိ ပစ်ခတ်ကြပြီး ဤ၌ပင် ယော်ထုံ ကျခဲ့ရသည်။

"သူက ဘန်ကာထဲမှာ ရှိပြီး ဟိုးအဝေးက ကွေ့ကောက်လာတဲ့ ကျည်ဆန် မှန်ခဲ့တယ်ဆိုတာ ဟုတ်လား"

ကျွန်ုပ်က အန်ဂန်းကို တစ်ချက်ကြည့်၍ မေးလိုက်သည်။

"သွားစမ်းပါ၊ ဘန်ကာတစ်ခုမှ မရှိဘူး၊ လက်ဖြောင့်တပ်သားတစ်ယောက်နီးနီးလေးက ပစ်သွားတာ၊ ယော်ထုံရဲ့ ဘယ်ဘက်မျက်လုံးကို ထိပြီး ချက်ချင်းသေသွားတယ်၊ သူတို့ သေသေချာချာ ချိန်ပစ်တာ"

အန်ဂမ်းက ကိုယ့်ကားရား ပြုံးလိုက်သော်လည်း စကားတစ်လုံးမျှမဟ၊ ဇော်ရှန်အတွက် နာကျင်စရာ အဖြစ်အပျက်တို့က လတ်လတ်ဆတ်ဆတ် ရှိနေသေးသဖြင့် သူ့စကားကို ချက်ချင်း ရှေ့မဆက်နိုင်၊ တစ်ခဏလေးနားပြီးခါမှ ဆက်ပြောပြရာ ယော်ထုံကျဆုံးချိန်မှာ (၂၁) ရက် ညနေ (၅) နာရီဖြစ်ကြောင်း သိရပြီး ကချင်ဘက်က တပ်မှူးကျသွားသည်ကို မြန်မာဘက်က သဘောပေါက်သဖြင့် ဒလမန်းကြမ်း ပစ်၍ ထိုးတက်လာသည်။ ထိုအချိန်တွင် ဘိန်းခင်းဘေးမှ တဲငယ်လေးထဲတွင် ကျွန်ုပ်တို့ ရောက်နေပြီး သေနတ်သံတွေကို ကြားခဲ့ရသည်။

www.nyisay.com



ယော်ထုံနှင့် မရူတို့ ကျသွားသဖြင့် တပ်ကြပ်တစ်ဦးက ဦးဆောင်၍ ခံစည်းမှ ဆုတ်ဖို့ ဆုံးဖြတ်လိုက်ပြီး ယော်ထုံနှင့် မရူတို့ အလောင်းတွေကို ထမ်း၍ ရိုခိုခေါ်သော ရွာလေးတစ်ရွာသို့ နာဂတို့နှင့်အတူ ထွက်ခွာလာခဲ့ကြသည်။ ခေးဆန်ချုန်းလမ်ရွာကို လွန်သည်နှင့် ကချင်ရဲဘော်တို့က ဝါးထမ်းစင် (၂) ခုကို အမြန်လုပ်၍ အလောင်းတို့ကို ထမ်းစင်တွေနှင့် သယ်ယူလာခဲ့ကြသည်။ ခရစ္စမတ်နေ့တွင် အသုဘအခမ်းအနားကို ရွာမှ ခရစ်ယာန်ဘုရားကျောင်းတွင် ကျင်းပ၍ ခေါင်းတလားတို့ကို တောစပ်မှ နှင်းခါးရိုက်ထားသော မြေတွင် တူးမြှုပ်ခဲ့ကြသည်။ သင်္ဂြိုဟ်ခြင်းမပြုမီ ကျဆုံးရဲဘော်တို့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ရဲဘော်တို့က သေနတ်ပြိုင်တူပစ်ဖောက်၍ အလေးပြုခဲ့ကြသည်။

''ခေးဆန်ချုန်းလမ်မှာ အခု ဗမာစစ်သားတွေ ဘယ်လောက်ရှိမလဲ''

''(၂၄၀) လောက်ရှိမယ် မှန်းတယ်၊ ပြီးခဲ့တဲ့ ညတွေကလည်း (၈၀) လောက် တပ်ကူတွေ ရောက်လာသေးတယ်၊ ဘယ်က ရောက်လာသလဲတော့ ကျွန်တော် မသိသေးဘူး''

ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ထိုတပ်ကူတို့ကား ဒိုးညူရွာ အောက်ဘက် ဘိန်းခင်းမှ ကျွန်ုပ်တို့ထွက်ခွာလာသောညက တောတိုးသံများ ကြားခဲ့ရသည်ဆိုသော တပ်ကူတွေပဲ ဖြစ်မည်။

ကျွန်ုပ်တို့ စခန်းတွင် ညအိပ်ဖို့ ဇော်ရှုန်ကို ခွင့်မပြုသဖြင့် သမီးလေးအိယင်းအတွက် ဆေးဝါးတချို့ပေးပြီး ပြန်သွားရာ ကျွန်ုပ်တို့နှင့် နာဂစစ်သားအချို့သာ တောင်ပေါ်တဲတွင် ကျန်ခဲ့သည်။ သို့ပေမဲ့ နာဂစစ်သားများက စားဖို့၊ အိပ်ဖို့၊ မီးလှုံဖို့နှင့် မီးဖိုဘေးနားတွင် ထိုင်နေသော မိန်းကလေးတွေကို စဖို့ နောက်ဖို့ကလွဲပြီး ဘာမှ စိတ်ဝင်စားဟန်မတူ၊ သို့ပေမဲ့ သူတို့ကိုလည်း အပြစ်ဆို၍မရ၊ သူတို့ကို အရှေ့ဘက် နာဂတောင်တန်းရွာတွေက စုဆောင်းထားပြီး စစ်သင်တန်း ဆို၍ တစ်ခုတလေမျှ တက်ဖူးကြသူတွေ မဟုတ်။

စိတ်ရှုပ်ထွေးစွာနှင့်ပင် နောက်ထပ် (၂) ရက် ကုန်ဆုံးသွားရာ ခေးဆန်ချုန်းလမ်တွင် နာဂတပ်ဖွဲ့ဝင်တို့က ပစ်လိုက်ပြေးလိုက်နှင့် တိုက်ခိုက်နေသဖြင့် ညစဉ် သေနတ်သံ တဖျောက်ဖျောက် ကြားနေရသည်။ (၂၆) ရက်နေ့တွင်မူ ဆက်သားတစ်ယောက် သုတ်သီးသုတ်ပြာနှင့် ရောက်လာပြီး ကျွန်ုပ်တို့ကို နှုတ်ဆက်ဖို့ မြီးဗာ လာနေကြောင်း ၄င်းနှင့်အတူ တပ်စိတ်တစ်စိတ်လည်း ပါကြောင်း အကြောင်းကြားသည်။ ညနေပိုင်းတွင် စခန်းဟောင်းသို့ မြီးဗာနှင့်အဖွဲ့ ရောက်လာပြီး ထိုညတွင် ကျွန်ုပ်တို့အားလုံး စုဝေး၍ အစီအစဉ်ဆွဲကြရာ တိုက်ပွဲကာလအတွင်း ကချင်တပ်ဖွဲ့ဝင်တို့၏ ကျည်ဆန်များ ပြတ်သွားပြီဖြစ်၍ ကချင်တပ်ဖွဲ့

www.nyisay.com



ဝင်တွေအတွက် သူတို့ရှိရှိသမျှထဲက ခြစ်ကုပ်၍ ပေးလိုက်၍ ကချင်တပ်ဖွဲ့ဝင်တစ်ဦးလျှင် ကျည် (၅၀) တောင့်စီ ရလာသည်။

"ချင်းတွင်းမြစ်အထိ လမ်းပြဖို့အတွက် ကျုပ်တို့နာဂတပ်ဖွဲ့တစ်ဖွဲ့ကိုလည်း ခင်ဗျား တို့နဲ့ ထည့်ပေးလိုက်ပါဦးမယ်" မြီးဗာက ကျွန်ုပ်ကို ကြည့်၍ ပြောသည်။ တိုက်ပွဲကို အမိန့်ပေးဖို့ သူရှောင်နေခဲ့သည်မှာ သိသာနေသည့်တိုင် ဤကိစ္စကို ကျွန်ုပ် အစ,မထုတ်တော့။ သို့ရာတွင် ကချင်တပ်ဖွဲ့တစ်ဖွဲ့ ကျွန်ုပ်တို့နှင့် ထည့်ပေးလိုက်ခြင်းသည် ကေအိုင်အေ စစ်ဌာနချုပ် (၂) အထိ လိုက်လာပြီး လက်နက်ခဲယမ်းတို့ တောင်းမည်ကို ကျွန်ုပ် နားလည်လိုက်သည်။ သူတို့တွင်ရှိသော ကျည်ဆန်တို့သည်လည်း ညတိုက်ပွဲများတွင် သုံးလိုက်ရသဖြင့် ကုန်သလောက်နီးနီး ဖြစ်နေလေပြီ။

ဤ၌ အရှေ့ဘက်သို့ ကျွန်ုပ်တို့ သွားရမည့်ခရီးတွင် ပထမ သုံးလေးရက်အတွင်း ရွာများကို ဖြစ်နိုင်သမျှ ရှောင်သွားကြဖို့နှင့် ကျွန်ုပ်တို့ လူပ်ရှားမှုကို အလွယ်တကူ ထောက်လှမ်းနိုင်မည်ဖြစ်၍ အထုပ်တွေ ထမ်းပိုးဖို့အတွက် ရွာသားတို့ကို အသုံးမပြုဖို့ ကျွန်ုပ်က အလေးအနက် ပြောသည်။ ယခုအခါ မြန်မာတပ်များအနေနှင့် ပြန်လည် အားယူနေမှာ မှန်သော်လည်း ဘယ်အချိန် ပြန်လည်လူပ်ရှားလာမည်ကို မသိနိုင်သလို ၄င်းတို့ချီရာလမ်းတွင် နောက်ထပ်စစ်ကူ ရောက်လာနိုင်ခြင်း ရှိမရှိကိုလည်း ကျွန်ုပ်တို့ မသိနိုင်၍ပဲ ဖြစ်သည်။

အစည်းအဝေးပြီး၍ စခန်းအနီး တောထဲတွင် ဆောက်ထားသော ယာယီတဲငယ် တွေဆီ အခြားလူတွေ အားလုံး ပြန်သွားကြသည့်အခါ မြီးဗာနှင့် အန်ဂမ်းတို့က ကျွန်ုပ် နှင့် ဆိုင်နောင်တို့ကို သီးခြားခေါ်တွေ့၍ ဖြစ်ခဲ့သမျှကို ၄င်းတို့ဘက်က တောင်းပန်ပြီး ကျွန်ုပ်တို့ကို ခရစ္စမတ်လက်ဆောင်အဖြစ် ဘူးငယ်လေးတစ်ဘူး ပေးသည်။ ဘူးထဲတွင် လက်နှိပ်မာတ်မီး၊ မာတ်ခဲ၊ ဖယောင်းတိုင်နှင့် ကုလားဘီတီ ဆေးပေါ့လိပ် သေးသေးလေး တွေထည့်ထားသည်။ ကျွန်ုပ်က လက်ခံပြီး ကျေးဇူးတင်ကြောင်း ပြောသည်။ ပြီးနောက် မြီးဗာက အိတ်ထောင်ထဲမှ ငွေစက္ကူတစ်ထပ် ဆွဲထုတ်လိုက်သည်။

"ဒီမှာ ဗမာငွေ ၅၀၀၀ နဲ့ ဒေါ်လာ ၁၀၀၀၊ ဒါကိုလည်း ခရစ္စမတ်လက်ဆောင် အဖြစ် လက်ခံပါ"

ကျွန်ုပ် နောက်တွန့်သွားသည်၊ ကျွန်ုပ်တို့မှာ ပိုက်ဆံတစ်ပြားမျှ မရှိတော့သော်လည်း တောထဲမှာ ပိုက်ဆံမလို၊ ကျွန်ုပ်တို့သည်လည်း ရဲဘော်တွေလို ရိက္ခာရာရှင်ရသလို ဖယောင်း တိုင်၊ စာရေးစက္ကူ စသဖြင့် လိုအပ်သည်တို့ကိုလည်း ရနေသေးသဖြင့် ကျွန်ုပ်တို့ နေစရိတ် စားစရိတ်အတွက် ပေးစရာမလို။ ထို့ပြင် ဂျာနယ်လစ်တစ်ယောက်အနေနှင့် ဤမျှ များပြားသော လက်ဆောင်မျိုးကို လက်မခံနိုင်ကြောင်း သူတို့ကို ကျွန်ုပ် ကြိုးစား ရှင်းပြသည့်တိုင် မြီးဗာက ဇွတ်ပေးနေသည်။

www.nyisay.com



''ဒီအရေအတွက်က နည်းနည်းလေးပါ၊ ခင်ဗျား လက်မခံရင်တော့ ဥက္ကဋ္ဌကြီး အိုင်းဇက် စိတ်ကောင်းမှာ မဟုတ်ဘူး''

''ဒါပေမဲ့ ဝမ်းနည်းပါတယ်၊ ကျွန်တော် စာရေးလို့ရတဲ့ငွေကိုသာ လက်ခံနိုင်ပါတယ်''

သို့ပေမဲ့ သူတို့ဘက်က အတင်းထိုးပေးနေသလို ကျွန်ုပ်ကလည်း ခံငြင်းနေရာ နောက်ဆုံး ကြားချ၍ သူပေးသည့် ပိုက်ဆံကို ပြန်ပေးရမည့် ပိုက်ဆံအဖြစ် ကျွန်ုပ်က သူ့ကို ပေးလိုက်သည်။

''ဒါ လှူလိုက်တာပါ၊ ခင်ဗျား တပ်သားကောင်လေးတွေအတွက် ယူနီဖောင်း ဝယ်ဖို့ သုံးစေချင်တယ်၊ သူတို့က ကျူပ်တို့ထက် ပိုလိုမယ်လို့ ထင်ပါတယ်''

မနက် (၅) နာရီတွင် ကျွန်ုပ်တို့ အိပ်ရာထ၊ မနက်စာ စားပြီး တစ်ခဏအကြာ တွင် ခရီးထွက်ခွာခဲ့ကြရာ မိုးဟာနှင့် အန်ဂမ်းတို့က ကျွန်ုပ်တို့ကို လက်ပြနှုတ်ဆက်သည်။ ကချင်ဒေသသို့ နောက်ဆုံးခရီးကို စတင်ထွက်ခွာလာနိုင်ပါပြီကော ဆိုသည့် အသိဖြင့် ကျွန်ုပ် စိတ်ရော၊ ကိုယ်ပါ ပေါ့ပါးသွားသည်။ ကချင်ရဲဘော်တွေလည်း လန်းဆန်းတက်ကြွ နေကြသည်။ ယခု လက်ကျန်အင်အား (၂၉) ယောက်၊ (၃)ယောက် ကျဆုံး၍ တစ်ယောက် မှာ လက်မောင်းတွင် ကျည်ဒဏ်ရာ ရခဲ့သဖြင့် သူတို့နှင့်ထားခဲ့ပြီး ကျန်းမာလာသည်နှင့် ကချင်တပ်ရင်း (၂) သို့ လိုက်ပို့ပေးမည့်အကြောင်း NSCN က ကတိပေးခဲ့သည်။

ကောင်းကင်တစ်ခွင်လုံး လင်းချင်း၍ နေသာနေသော်လည်း ခြောက်သွေ့၍ ချမ်းစိမ့် စိမ့် အေးနေသဖြင့် လမ်းလျှောက်ရတာ အဆင်ပြေသည်။ ကျွန်ုပ်တို့ တစ်နေကုန် ချီတက် လာကြရာ အများအားဖြင့် မတ်စောက်သော လျှိုစောက် နှုတ်ခမ်းတစ်လျှောက်မှ လမ်းကျဉ်း လေးအတိုင်း လိုက်ခဲ့ကြသည်။ အဆိုပါ လမ်းများမှာ အသုံးနည်း၍ သစ်ကြီးဝါးကြီးနှင့် ငှက်ပျောရိုင်းအုပ်တွေ ဖုံးကာထားသည်။

ဒိုးညူရွာကို ကွေ့ပတ်၍ အိန္ဒိယနယ်စပ်မျဉ်းနှင့်အပြိုင် တောင်ရိုးတစ်လျှောက် ခရီးဆက်လာရာ နေ့လယ်ခင်းတွင် ကောင်းကင်မှ တဝီဝီ ပျံသန်းလာသော ရဟတ်ယာဉ် စက်သံက တောင်များ၏ တိတ်ဆိတ်ခြင်းကို နှောင့်ယှက်လိုက်သည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရကို အမေရိကန်က ထောက်ပံ့ထားသော ရဟတ်ယာဉ် တွေ၊ သို့ပေမဲ့ မြန်မာအစိုးရကမူ မူးယစ်ဆေးနှိမ်နင်းရေးကိစ္စကလွဲ၍ အခြားကိစ္စတွေ အတွက် သုံးသည်။ အထူးသဖြင့် ရှေ့တန်းမှ ဒဏ်ရာရရဲဘော်နှင့် အလောင်းတွေသယ်ရာမှာ အများဆုံးသုံးသည်။ ယခုတော့ နိုင်ငံခြားသား ဂျာနယ်လစ်စုံတွဲကို အမဲလိုက်သည့်ကိစ္စ အတွက် သုံးနေပြန်သည်။ သို့ဆိုလျှင် ကျွန်ုပ်တို့ရှိသည့်နေရာကို ဗမာစစ်ဘက်က အစ,အန ရှာမရသည်မှာ သေချာသလို ခြေလျင်တပ်တွေ လွတ်၍ ရှာဖွေမည်ဆိုလျှင်လည်း ရမှာ ထက် ကုန်ဖို့များပေလိမ့်မည်။

www.nyisay.com



ရဟတ်ယာဉ်အချို့က NSCN ဌာနချုပ်မှ တိုက်ရာပါ ပစ္စည်းပစ္စယတို့ကို နောက်တန်း ပြန်ကဲ့ယူနေပုံရသည်။ ကချင်တပ်ဖွဲ့ဝင်တို့ အဆိုအရ နာဂဌာနချုပ်စခန်းတွင် ရုံးသုံးပစ္စည်းပစ္စယများနှင့် ကိုယ်ပိုင်ပစ္စည်းများအပြင် အရေးကြီးသော စာရွက်စာတမ်းဖိုင်တွဲများပင် ကျန်ခဲ့သည်ဟု သိရသည်။ ယောထောင်ရှိစဉ်က အရေးကြီးသော ပစ္စည်းတို့ကို အဝေးတွင် ပြောင်းရွှေ့ထားဖို့ နာဂခေါင်းဆောင်တို့ကို တွန်းတွန်းတိုက်တိုက် ပြောခဲ့သေးသော်လည်း သူတို့ဘက်မှ နည်းနည်းမှ ဂရုမမူ မပြုခဲ့။ ပို၍ ဆိုးရွားသည်က ခရစ္စမတ်ပွဲအတွက် လူဦးရေ (၃၀၀) အတွက် (၂) ပတ်စာ ဆန်နှင့် တခြားရာရှင်တို့ပါ စုဆောင်းထားသဖြင့် ယခုတော့ အားလုံး အဟောသိက် ပစ်လိုက်ရလေပြီ။ နယ်စပ်ဒေသများတွင် အစိုးရတပ်တို့ ထိုးစစ်ဆင်ရာတွင် နောက်တန်းမှ ထောက်ပံ့ရေးလမ်းကြောင်းမှာ ရှည်လျားသလို လုံခြုံမှုနည်းသဖြင့် ပြဿနာကြီးတစ်ခု ဖြစ်နေရာမှ ယခုသော် NSCN က လူ (၃၀၀) စာဖြင့် ကျေးဇူးပြုလိုက်သဖြင့် အတော်လေး အဆင်ပြေသွားပြီး ရက်ပေါင်းများစွာပင် တပ်စွဲထားနိုင်တော့မည်။

ထိုညက အန္တရာယ်ပေးနိုင်သော ဧရိယာအလွန်တွင် တည်ထားသော လောင်းဘော ခေါ်ရွာတစ်ရွာတွင် ကျွန်ုပ်တို့ စတည်းချကြသည်။ ချင်းတွင်းမြစ်တစ်လျှောက်မှ တောင်တန်းပေါ် ရောက်ဖို့ရာ မြန်မာဆက်သွယ်ရေးလိုင်းတို့ကို ဖြတ်ရဦးမည် ဖြစ်၍ ကျွန်ုပ်တို့အတွက် အဓိကပြဿနာမှာ ရဟတ်ယာဉ်တွေပဲ ဖြစ်သည်။ ဒုတိယနေ့တွင်မူ တောလမ်းမှ ထွက်၍ တောင်ယာစိုက်ပျိုးရေးအတွက် တောခုတ်၍ မီးရှို့ထားသဖြင့် ခေါင်တုံးပြောင်နေသော တောင်ရိုးများပေါ်မှ ချီတက်ကြရာ နာဂတွေ အပါအဝင် ကျွန်ုပ်တို့ လူ (၄၀)ကျော် အုပ်ကြီးကား ကောင်းကင်မှ ထောက်လှမ်းလျှင်ဖြင့် ပြူးပြူးကြီး ထင်နေလေသည်။

သည်ကြားထဲ ဒီဇင်ဘာလကုန်ခါနီး ခြောက်သွေ့ရာသီရောက်ပြီဆိုသော်လည်း တောင်တန်းကြီးတွေပေါ်မှာ တိမ်ညိုတိမ်မည်းတွေ အုပ်ဆိုင်းကာ မိုးဖွဲဖွဲလေးတွေ ရွာလာသဖြင့် စိုးရိမ်သောကနှင့် ခရီးဆက်နေရပြန်သည်။ လမ်းတွင် ရွာနှစ်ရွာ တွေ့ရသော်လည်း ယခုမှ ၄င်းတို့ကို ကွေ့ပတ်သွားနေလျှင် အဓိပ္ပာယ်မရှိတော့၍ ရွာထဲက ဖြတ်ပြီး ချီတက်လာခဲ့ရာ ရွာသားတွေအားလုံး သူတို့အိမ်တွေထဲ ဝင်နေကြသည်။ သိပေမဲ့ တံခါးပေါက်ထရံပေါက်တွေက ချောင်းကြည့်နေကြသည်ကို ကျွန်ုပ် သတိထားမိသည်။ အဓိက သူတို့ အာရုံကျနေသူမှာလည်း ကျွန်ုပ် ဖြစ်နိုင်သည်။ ကျွန်ုပ်ကို တပ်မှူးအထင်နှင့် ပြီးခဲ့သော တိုက်ပွဲမှ ပြန်လာသည်ဟု ထင်ကြလိမ့်မည်။ သို့ဖြစ်၍ သေနတ်မပါ၊ လမ်းလျှောက်တုတ်တစ်ချောင်းနှင့် ထီးမိုး၍ လျှောက်နေသော ကျွန်ုပ်မှာ ထီးနှင့် အကာအကွယ်ယူပြီး ခပ်သုတ်သုတ် လျှောက်လာခဲ့ရသည်။

မွန်းတည့်ချိန်တွင် နမ့်ပေါက် မြစ်ကမ်းသို့ ဆင်းကြပြီး ရေတိမ်ပိုင်းမှ ဖြတ်ကူးကြရာ ကျွန်ုပ်က ခေါင်းစွပ်ပါသော မိုးကာ ဆောင်း၍ ကူးသည်။ မြစ်ရေက အရိုးထဲ

www.nyisay.com



အထိ အေးစိမ့်၍ ရေနက်သည်။ သမီးလေး အိယင်းကို နာဂ မိန်းကလေးတစ်ယောက်က ချီပိုးလာရာ သူ့ကို မိုးမစိုအောင် ဂရုတစိုက်ထားသော်လည်း အေးသဖြင့် မကြာမကြာ အော်ငိုသည်။ နမ့်ပေါက်မြစ် ချိုင့်ဝှမ်းလွင်ပြင်သည် အကျယ် ကီလိုမီတာ ၃၀၀/၄၀၀ မျှ ရှိသဖြင့် အာသံမှ ထွက်လာပြီးကတည်းက ယခု မြေပြန့်သည် ပထမဆုံး တွေ့ရသော မြေပြန့်ဖြစ်၍ တောင်တက်၊ တောင်ဆင်းခရီးကို ကီလိုမီတာ ရာပေါင်းများစွာ ဖြတ်သန်း လာကြပြီးနောက် ဤနေရာ၌ ကျွန်ုပ်တို့ တစ်ထောက် နားလိုက်ကြသည်။

ဤ၌ မြစ်တစ်ဖက်တွင် တောက်နေသော သမင်တစ်ကောင်နှင့် ကျွန်ုပ်တို့ ရုတ်တရက် တွေ့လိုက်ရသည်တွင် ဝမ်းတကြိတ်ကြိတ် ဆာနေသော ရဲဘော် (၃၀) ကျော်လက် ထဲတွင် သေနတ်တွေ ကိုင်ထားကြပါသော်လည်း မြန်မာ ကင်းလှည့်တပ်ဖွဲ့ဝင်တို့နှင့် မတွေ့လျှင် သေနတ်ပစ်ခွင့် လုံးဝ မပြုဟူသော အမိန့်ကြောင့် ကျွန်ုပ်တို့ လူတန်းကြီး ဘေးမှ ပြေးသွားသော သမင်ကို ငုတ်တုတ်ထိုင်ကြည့်နေခဲ့ရပါ၏။ ချိုင့်ဝှမ်းလွင်ပြင် အောက်ဘက်တွင် မြူနှင်းတို့ ပိတ်ဆို့နေသဖြင့် မြစ်ကို မမြင်ရတော့၊ မိုးရေစက်တို့ဖြင့် ချောကျိ၍ အန္တရာယ်များလှသော လမ်းလေးအတိုင်း ကုပ်ကပ်၍ နာရီပေါင်းများစွာ ခရီးဆက်လာပြီးနောက် နေစောင်းချိန်တွင်မှ ချိုကရန်း ခေါ် ရွာတစ်ရွာသို့ ရောက်လာသည်။ ကျွန်ုပ်တို့ အားလုံး ရွံတွေ ဗွက်တွေ ပေလူးပြီး မောပန်းနေကြလေပြီ။ ချိုကရန်း ရွာကား အရှေ့ဘက် တောင်တန်းတို့တွင် တွေ့ခဲ့ရသော ရွာတွေနှင့် သိသိသာသာ အဆင်ကွဲနေပြီး ခြေတံရှည် ဝါးအိမ်များနှင့် ရွာထဲတွင် ဝက်တွေ၊ ကြက်တွေ မွေးမြူထား ကြသလို ရွာအနီး ဆင်ခြေလျော မြက်ခင်းတွင် ကျွဲနွားတို့ကို လွှတ်ကျောင်းထားကြသည်။

ကျွန်ုပ်တို့နှင့် လမ်းပြအဖြစ် လိုက်ပါလာသော နာဂ အရာရှိ ခရန်းက ကျွန်ုပ်တို့ အဖွဲ့ကို ရွာထဲက အိမ်တွေမှာ ခွဲ၍ နေရာချပေးဖို့ ရွာသူကြီးနှင့် တိုင်ပြီးနောက် ကျွန်ုပ်တို့ အားလုံး ခွဲတမ်းချပေးသည့် အိမ်များဆီသို့ အသီးသီး လျှောက်သွားကြသည်။ ကျွန်ုပ်တို့ တည်းရမည့်အိမ်မှာ ခြေတံရှည်ကြီးဖြစ်၍ ဝါးလှေကားဖြင့် အပေါ်သို့ တက်ခဲ့ရာ အိမ်ခန်း အလယ်တွင် မီးလင်းဖိုကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့ စိတ်ချမ်းသာသွားသည်။ ချက်ချင်း ပင် ကျွန်ုပ်တို့အားလုံး အဝတ်လဲ၍ ရေစိုအဝတ်တို့ကို လှန်းထားလိုက်ကြသည်။ ဆိုင်နောင်က ရေနွေးကျို၍ သမီးလေးအိယင်းကို ရေပတ်တိုက်ပေးပြီး ကျွန်ုပ်က လက်ဖက်ရည် ဖျော်ရာ အိမ်ရှင်နာဂက စတီးဇွန်းတစ်ဖွန်း ထုတ်ပေးသဖြင့် ကျွန်ုပ် အံ့အားသင့်သွားသည်။ လောင်ဗာမှ နယ်စပ်ဖြတ်ကျော်ပြီးနောက်ပိုင်း နာဂအိမ်တစ်အိမ်တွင် ပထမဆုံး တွေ့လိုက်ရသော စက်မှုခေတ် သင်္ကေတတစ်ခု။

နမ့်ပေါက်မြစ်၏ အရှေ့ဘက်ခြမ်းမှ ရွာများနှင့် အနောက်ဘက်ခြမ်းမှ ရွာများကား လုံးဝမတူ။ မြစ်အရှေ့ခြမ်းတွင် ၁၉၅၀ လွန်ကာလများက ခရစ်ယာန်ဘာသာကို ကချင် သာသနာပြုအဖွဲ့တို့ စတင် ဖြန့်ဝေခဲ့သည်။ ကျန်းမာရေး စောင့်ရှောက်မှုတွင် အကန့် အသတ်ရှိ၍ စာသင်ကျောင်း အနည်းငယ်သာရှိသည်။ မြစ်အရှေ့ခြမ်းမှ လူယဉ်ကျေး

www.nyisay.com



နာဂတို့သည်ပင် ကျွန်ုပ်တို့ ဖြတ်လာခဲ့သော တောင်တန်းတို့တွင် နေထိုင်ကျက်စား၍ ခေါင်းဖြတ်တတ်သော နာဂတို့ကို ကြောက်နေရသည်။

နောက်တစ်နေ့နံနက် အရဏ်ကျင်းသည်နှင့် မတ်စောက်သော တောင်တက်ခရီးကို စတင်နှင်လာခဲ့ကြရာ ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှ တောင်ရိုးနှင့် တောင်ထွတ်များကား နံနက်နေခြည်တို့ စိုစိုလူးနေပြီး အောက်ဘက် နမ့်ပေါက်မြစ်ရိုး ချောက်ကြီးတွင်မူ တိမ်တို့ လွင့်မျောနေသည်ဖြစ်၍ ဤသည်ကား အိပ်မက်ပန်းချီကားတစ်ချပ်။

မြူနှင်းတို့အထက် တောင်တန်းတစ်လျှောက် အုံဆိုင်းမှိုင်းညို့နေသော မြို့သေလာတောကြီးထဲတွင်မူ ကျွန်ုပ်တို့ ကျားကုပ်ကျားခဲ ချိတက်လာခဲ့ကြပြီး တောတွင်း လဟာပြင်ကွက်လပ် တစ်နေရာတွင် ခေတ္တနားကာ သစ်ရွက်တို့ဖြင့် ထုပ်ယူလာခဲ့သော ထမင်းနှင့် ဝက်သားဟင်းဖြင့် နေ့လယ်စာ စားလိုက်ကြသည်။ ထမင်းနှင့် ဟင်းတို့ကား အေးစက်နေသည်။

ထိုမှ တစ်နေကုန် ဆက်လျှောက်လာပြီးနောက် နမ့်ပေါက်မြစ်ကမ်းပါးထိပ်တွင် တည်ထားသော ဂလွန်းခေါ် ရွာကြီးတစ်ရွာတွင် ညအိပ်ကြသည်။ နံနက်တွင် တိမ်တိုက်တို့ ကင်းစင်နေသဖြင့် မတ်စောက်သော ချောက်ကြီးအတွင်း ညှင်သာစွာ စီးဆင်းနေပါသော နမ့်ပေါက်ရေပြင်ကို မြင်နေရပြီး တောင်စောင်းများမှ စပါးခင်းတို့ကား အရှေ့ဘက်သို့ မြင့်တက်နေရာ ဟိုးအဝေးမှ လယ်စောင့်တဲလေးများကား မီးခြစ်ဆံဘူးလေးတွေနှင့် တူနေသေးတော့သည်။ ဂလွန်းရွာတစ်ဝိုက်တွင် မြန်မာတပ်ဖွဲ့တို့ လှုပ်ရှားသွားလာသည်ဟူ၍ လုံးဝမကြားရသဖြင့် ပထမဆုံးအကြိမ် စိတ်ချလက်ချ ကျွန်ုပ်တို့ နားနေနိုင်ကြသည်။ (၂၀) ရက်နေ့ ခေးဆန်ချန်းလမ်တွင် တိုက်ပွဲဖြစ်ကတည်းက ထုပ်ပိုးလာခဲ့ကြရာ ယခုမှ ခြုံထည်တို့ကို လျှော်ဖွပ်၍ နေလှမ်းပြီး အခြားပစ္စည်းပစ္စယတို့ကို စစ်ဆေး၍ သန့်ရှင်းရေးလုပ်ရသည်။ သမီးလေး အီယင်းကား ဝမ်းပျက်ရောဂါ အရှင်းကြီး မပျောက်သေးသော်လည်း ခရီးကြမ်းဒဏ်ကို ကောင်းစွာ ခံနိုင်ပုံပေါ်သည်။

သို့ပေမဲ့ ဤတွင် ရက်ကြာကြာ နားနေလို့ မဖြစ်၊ နောက်တစ်နေ့တွင် ခရီးဆက်လာရာ ဂလွန်း အရှေ့ဘက်မှ တောင်တန်းကြီးတွေပေါ် တက်လာခဲ့သည်။ ကျွန်ုပ်၏ မြေပုံအညွှန်းတွင် ၄င်းတောင်တန်းကြီးကို ဆန်ပေါင်ဘွမ်ဟု ခေါ်သော်လည်း အဆိုပါ နာမည်ကို ဒေသခံတစ်ဦးမျှ ကြားဖူးနားဝ မရှိကြ၊ သူတို့အခေါ်အရ ကန်ရုန်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလက အကြီးဆုံး ပန်ရာဘွမ်တောင်ထွတ်ပေါ်တွင်မူ မဟာမိတ်တပ်များက ရေဒီယိုတိုင်တစ်တိုင် စိုက်ထူခဲ့ကြောင်း ခရန်းက ကျွန်ုပ်ကို ပြောပြသည်။

အမြင့်သို့ တဖြည်းဖြည်း တက်လာသည့်အခါ သိသိသာသာ အေးလာပြီး ထင်းရူးတောတွေဆီ ရောက်လာရာ သစ်ပင်ထိပ်ဖျားပေါ်က မျောက်အုပ်တို့က တကွီကွီနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေသော်လည်း ကျွန်ုပ်တို့ဆီက ရိုင်ဖယ်သေနတ်တစ်ကမ်း ကျော်ကျော်

www.nyisay.com



တွင် နေရမည်ကိုတော့ ကောင်းကောင်းသိနေကြသည်။ ယခု မြန်မာတပ်တို့၏ စစ်ဆင်ရေး ဧရိယာကျော်လာပြီဖြစ်၍ အမဲပစ်ဖို့ ခွင့်ပေးလိုက်သည်။ တောင်ရိုးပေါ်မှ တောအုပ်နေသော လမ်းလေးအတိုင်း လျှောက်လာရာ ကျွန်ုပ်တို့ ရှေ့လမ်းပေါ်တွင် လဲကျသေဆုံးနေသော အမျိုးသမီးအလောင်းတစ်လောင်းကို တွေ့လိုက်ရသဖြင့် ရပ်လိုက်ကြပြီး အလောင်းကို လေ့လာကြည့်ရာ အသက် (၃၀) ဝန်းကျင်ခန့် ရှိ၍ အလောင်းမှာ ပျော့ခွေ နေသေးသဖြင့် ကျွန်ုပ်တို့ ရောက်မလာမီကလေးကမှ သေဆုံးခဲ့ဟန် တူသည်။ သို့ပေမဲ့ ခြေဗလာ၊ လက်ရက်ထည် ညစ်စုတ်စုတ် အင်္ကျီနှင့် ပုတီးစေ့လည်ဆွဲတစ်ကုံး ဆွဲထားပြီး ဆံပင်တို့က ကပိုကရို၊ အလောင်းဘေးနားမှာ ဗလာကျင်းနေသည့် ကြိမ်ခြင်းတစ်လုံး၊ ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်၍ အသက်ရှင် နေရသော သူမ ဘဝကို အလွယ်တကူ ခန့်မှန်း၍ရသည်။ တောင်ပေါ်သို့ ခက်ခက်ခဲခဲ တက်လာပြီးနောက် နှလုံးဆို့၍ ဤနေရာတွင် လဲကျသေဆုံးခဲ့ဟန်တူသည်။ သစ်ပင်တွေ ကြားမှာ မြူနှင်းတွေ အုံခဲနေရာ နေရာတွင်ရပ်၍ အလောင်းကို လေ့လာနေရာမှ ကျွန်ုပ် ရိုးတွင်းခြင်ဆီထဲက စိမ့်၍ ခိုက်ခိုက်တုန်လာသည်။ သို့ပေမဲ့ အမျက်ဒေါသတို့ဖြင့် တိတ်ဆိတ်ခြင်းကို ချိုးဖောက်လိုက်သူကား ဆိုင်နောင့်။

“တောင်ပေါ်ဒေသတွေမှာ လူတွေဟာ အခုလို အသက်ရှင်ပြီး သေနေရတာတွေကို ရန်ကုန်က လူတွေကို ရှင်သွားပြောကြည့်၊ ဘယ်သူမှ ယုံမှာ မဟုတ်ဘူး။ အစိုးရလို့ ပြောနေတဲ့လူတွေ သူတို့အတွက် ဘာလုပ်ပေးလို့လဲ၊ ဘာမှ လုပ်မပေးဘူး၊ ဒီနိုင်ငံမှာ သူပုန်တွေ ထောင်နဲ့ချီပြီး အစိုးရကို လက်နက်ကိုင်ဆန့်ကျင်နေတာ ရှင်အံ့သြသွားသလား၊ ဒီအကြောင်းတွေကို မြို့ပေါ်ကလူတွေ သိတောင်သိကြမှာ မဟုတ်ဘူး။ ရွာတွေ မီးရှို့၊ လူတွေသတ်ဖို့သာသိတဲ့ စစ်တပ်ကြီးကို သူတို့က ဂုဏ်ယူနေကြတယ်”

ပြောက်ကျားတပ်ဖွဲ့ဝင်တို့က တောစပ်တွင် ကျင်းတူး၍ အမျိုးသမီးအလောင်းနှင့် အတူပါလာသမျှ ပစ္စည်းလေးတွေကိုပါထည့်၍ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြပြီး ဆက်သားတစ်ယောက်ကို စာတစ်စောင်နှင့်အတူ ဂလွန်းရွာသို့ စေလွှတ်၍ ဗမာစာဖတ်နိုင်သော ရွာသူကြီးကို အကြောင်းကြား၍ ထိုညအတွက် ကန့်ရုန်းအရှေ့ဘက်မှ ဆင်ခြေလျောကုန်းပေါ်တွင် ကျွန်ုပ်တို့ စခန်းချလိုက်ကြသည်။ နောက်တစ်နေ့ကား နှစ်သစ်ကူး အကြိုနေ့ဖြစ်၍ ချင်းတွင်းသို့ ဆင်းလာပြီး လိုလွန်းခေါ်ရွာတွင် နှစ်ကူးပွဲတော် ကျင်းပခဲ့ကြရာ ရွာသားတစ်ယောက်ထံမှ ဝက်တစ်ကောင် ဝယ်ယူ၍ ပေါ်လိုက်ကြပြီး မီးပုံကြီးဖြင့် ကင်ကြသည်။ စစ်သားအားလုံး မီးပုံဘေးတွင် ဝိုင်းထိုင်၍ NSCN ဌာနချုပ် မကျမီ အရယူလာသော ကက်ဆက်ကို ထုတ်၍ အနောက်တိုင်း ရော့သီချင်းခွေတချို့ ဖွင့်ကြပြီး ဤနည်းဖြင့် ၁၉၈၆ ခုနှစ်၊ နှစ်သစ်ကို ကျွန်ုပ်တို့ ကြိုဆိုခဲ့ကြသည်။ နှစ်သစ်နေ့တွင်မူ လူရိပ်လူခြေ လုံးဝမတွေ့ရသော တောနက်ထဲက ကျွန်ုပ်တို့ တန်းစီချီတက်လာရာ ဆောင်

www.nyisay.com



ရိုးအောက်ဘက် ကျောက်ဆောင်လျှိုကြီးထဲက ကျားဟိန်းသံတစ်ချက် ကြားလိုက်ရသော်လည်း ကျွန်ုပ်တို့ကို ရှောင်သွားသည်။ မွန်းတည့်ချိန်တွင်မူ အရှေ့ဘက် အိန္ဒိယနယ်စပ်တွင် ကျွန်ုပ်တို့ တွေ့ခဲ့ရသလို ဒုတိယကမ္ဘာစစ်အတွင်းက ကတုတ်ကျင်းတို့ကို အမှတ်မထင် တွေ့ကြရာ နာဂတစ်ယောက်၏ အဆိုအရ ဤနေရာတွင် ဂျပန်များနှင့် အမေရိကန်တပ်တို့ မီးကုန်ယမ်းကုန် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုတည်းခိုမည့် လာဆာရွာ မရောက်မီလေးဒဋ္ဌပင် ချိုင့်ဝှမ်းအောက်မှ ချင်းတွင်းမြစ်ကို ဖျတ်ခနဲ တစ်ချက်မြင်လိုက်ရာ အင်္ဂလိပ်စကား နည်းနည်းတတ်သော စာရေးလေး လရှိုးနော်ဂျာက ချိုင့်ဝှမ်းတစ်ဖက်ကို လက်ညှိုးထိုး၍ ပြောသည်။

''ဟိုဘက်အခြမ်းက ကျွန်တော်တို့ ကချင်ဒေသပေါ့''

ကံကောင်းထောက်မစွာပင် အဝေးမှ တောင်တန်းများကား ကျွန်ုပ်တို့ ဖြတ်သန်းခဲ့သော တောင်များလောက် မတ်စောက်ဟန် မတူ။

လာဆာရွာတွင် ရက်ရောသော ရွာသားတစ်ဦးက ကျွန်ုပ်တို့ကို ကျွဲကောသီးတွေ လက်ဆောင်ပေးရာ အိန္ဒိယမှ ထွက်ခွာလာချိန်မှစ၍ ပထမဆုံး တွေ့ရသော သစ်သီးဖြစ်၍ ဆိုင်နောင့်အတွက် ဘုရားပေးသော လက်ဆောင်လည်း ဖြစ်သည်။ နို့တိုက်နေရသော မိခင်တစ်ယောက်အနေနှင့် ဝက်သားနှင့် ထမင်းကိုသာ စားနေရပြီး ဟင်းသီးဟင်းရွက် အနည်းအပါးနှင့် နို့ဖြင့် လုပ်သော အစားအစာ လုံးဝမစားရသဖြင့် သမီးအိယင်း ဝမ်းပျက်နေရသည်ဟု ကျွန်ုပ်တို့ သံသယ ရှိကြသည်။

နောက်တစ်နေ့တွင်မူ ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် သီးပင်စားပင်တွေ ရှိသော ချိုင့်ဝှမ်းလွင်ပြင်မှ တာခါရွာသို့ ချီတက်လာရာ ပြောက်ကျားလုပ်ထုံးလုပ်နည်း အရ ကင်းထောက်အဖွဲ့ကို ကျွန်ုပ်တို့ ရှေ့မှ လွှတ်လိုက်သည်။ ရွာနားသို့ ကျွန်ုပ်တို့ချဉ်းကပ်လာရာ ကင်းထောက်အဖွဲ့မှ တစ်ယောက် ကျွန်ုပ်တို့ဆီ ပြန်ပြေးလာပြီး ရွာထဲတွင် လက်နက်ကိုင်စစ်သား အယောက် (၃၀) ရောက်နေကြောင်းနှင့် အဆိုပါအဖွဲ့သည် မြန်မာတပ်ဖွဲ့ မဟုတ်၊ မဏိပူရ လက်နက်ကိုင်သူပုန်တွေဖြစ်ကြောင်း ရွာသားတွေက ပြောသည်ဟု ဆိုသဖြင့် ကချင်ရဲဘော်တစ်ယောက်ကို စေလွှတ်၍ ဟုတ်မဟုတ် စုံစမ်းခိုင်းလိုက်သည်။ ထိုရဲဘော်သည် ကချင်ဌာနချုပ်တွင် မဏိပူရ သူပုန်တို့ကို စစ်သင်တန်းပေးခဲ့ဖူးသူ ဖြစ်ပြီး ပြုံး၍ ပြန်ရောက်လာသဖြင့် ကျွန်ုပ်တို့ ဆက်၍ ချီတက်လာခဲ့ကြသည်။ မွန်းတည့်ချိန်တွင် တာခါရွာထဲ ဝင်လာပြီး တန်းဖြုတ်အမိန့်ပေးလိုက်သည်နှင့် တပ်ဖွဲ့နှစ်ဖွဲ့ လုံးထွေးသွားပြီး တရင်းတနှီးနှင့် သတင်းပလင်းတွေ ဖလှယ်ခဲ့ကြသည်။

မဏိပူရ လက်နက်ကိုင်တပ်ဖွဲ့တို့မှာ PLA ခေါ် ပြည်သူ့လွတ်မြောက်ရေးတပ်တပ်ဖွဲ့ဝင်တွေဖြစ်ပြီး ကေအိုင်အေဌာနချုပ်တွင် (၂) နှစ်စစ်သင်တန်း တက်ပြီး အိန္ဒိယအရှေ့မြောက်သို့ ပြန်လာခြင်းဖြစ်ရာ ၄င်းတို့အနေနှင့် ကချင်ဒေသကို ကောင်းစွာ ကျွမ်းကျင်ကြသည့်အလျောက် ကျွန်ုပ်တို့ သွားရမည့် ရှေ့ခရီးတွင် အန္တရာယ်ကင်းကြောင်း သိရသည်။

www.nyisay.com



သူတို့ကို ကချင်ရဲဘော်တို့က ခေးဆန်ချန်းလမ်တိုက်ပွဲအကြောင်း၊ ယော်ထုံအပါအဝင် ကျဆုံးသွားသော ရဲဘော်တွေအကြောင်း ပြောပြသည့်အခါ သူတို့တွေ အတော်စိတ်မကောင်းဖြစ်ကြသည်။ အထူးသဖြင့် ကချင်သို့ ရောက်စအခါက ယော်ထုံကား သူတို့၏ စကားပြန်၊ ထောက်ပံ့ရေးအရာရှိနှင့် ဆရာအဖြစ်နှင့်ပင် သွန်သင်ခဲ့လို့ပဲ ဖြစ်သည်။ ဆိုခဲ့သလို ယော်ထုံ ကျွမ်းကျင်စွာပြောဆိုနိုင်သော ဘာသာစကား (၇) မျိုးထဲမှ မဏိပူဘာသာစကား ကား ထိုစဉ်က သူတို့ထဲမှ ယော်ထုံ သင်ယူခဲ့ခြင်း ဖြစ်သည်။

တာခါကား နာဂရွာလေးတစ်ရွာ ဆိုသော်လည်း စမ်းချောင်းတစ်ဖက် မြေပြန့်ပေါ်တွင် တည်ထားသဖြင့် နေမွန်းတည့်ချိန်တွင် တပ်ဖွဲ့ဝင်တို့နှင့်အတူ ကျွန်ုပ် ရေချိုးကြရာ ဤသည်ကား ချီတက်လာရာ ခရီးကြမ်းတစ်လျှောက် နေ့ပေါင်းများစွာ အထပ်ထပ် တင်လာခဲ့သော ချေးညော်တို့ကို ရေမိုးသန့်စင်ရသည့် ပထမဆုံး အခွင့်အရေးလည်း ဖြစ်သည်။ ထိုညတွင် ဆင်ကလိန်ခန္ဓီးမှ ရောက်လာသော လမ်းလျှောက်ကုန်သည်တစ်ဦးထံမှ ဆန်အရက်တို့ကို အချို့စစ်သားတွေက ဝယ်သောက်ကြသည်။ တာခါမှ ဆင်ကလိန်ခန္ဓီးသို့ (၂) ရက်မျှ ခြေလျင်ခရီး ရှိသည်။ ဇန်နဝါရီ (၃) ရက်တွင် တာခါစမ်းချောင်းအတိုင်း ကမ်းနဖူးပေါ်မှ နာရီ အနည်းငယ် လျှောက်လာခဲ့ကြရာ ချင်းတွင်းမြစ်ဆုံသို့ ရောက်သည်။ ထိုမှ ဆက်သားလွှတ်၍ အကြောင်းကြားပြီးနောက် ကမ်းနားတွင် လုံးထွင်းလှေတွေ ကျွန်ုပ်တို့ကို စောင့်နေကြသည်။

နောက်ဆုံးမူ ချင်းတွင်းဆီ ရောက်လာလေပြီ။ မြစ်ခြေသို့ တစ်နာရီသာသာမျှ ကျွန်ုပ်တို့ စုန်လာခဲ့ရာ ကမ်းတစ်ဖက်တွင် သစ်အုပ်တို့ စိမ်းညို့နေပြီး တစ်နေရာအရောက်တွင်မူ မြစ်ပြင်ပေါ် ရုပ်၍ပျံနေသော ဟင်္သာငှက်မောင်နှံကို တွေ့ကြရပြီး မွန်းတည့်ချိန်တွင်မူ သံလွင်အခြေဘက်ကမ်းတွင် တည်ထားသော ဝမ်ဖလန်းခေါ် ကချင်ရွာလေးတစ်ရွာသို့ ရောက်လာကြသည်။ ရွာသူရွာသားများကား လီဆူးလူမျိုးစုနွယ်တွေဖြစ်ပြီး အများစုက အင်္ဂလိပ်စကား ပြောကြသည်။ ၁၉၆၀ လွန်ကာလများအတွင်း မော့(စ်)တို့ လင်မယားလီဆူး သျှမ်ဂရီလာကို တည်ထောင်ခဲ့ကြသော ပင်နောင်ဖွပ်မှ အောက်ဘက်သို့ ပြောင်းရွှေ့လာသူတွေလည်း ဖြစ်သည်။

''ခင်ဗျားကို တွေ့လိုက်ရတော့ မော့(စ်)တို့ မိသားစုကို သတိရတယ်''ဟု ရွာမှ အဘိုးကြီးတစ်ယောက်က ကျွန်ုပ်ကို မျက်ရည်လေးစမ်းစမ်းနှင့် ကြည့်ရင်း ပြောရှာသည်။ ရွာ၏ အဓိကလုပ်ငန်းမှာ တောင်ယာမဟုတ်ဘဲ အရောင်းအဝယ်လုပ်ငန်းဖြင့် ဝမ်းစာရှာစားနေပုံရသည်။ ချင်းတွင်း အရှေ့ဘက် စမ်းချောင်းများမှာ ရွှေထွက်သဖြင့် ခြောက်သွေ့ရာသီရောက်ပြီဆိုလျှင် ရွှေကျင်သူတွေ တစ်ပုံတစ်အောကြီး ရောက်လာကြရာ ၄င်းတို့ကို လီဆူးတို့က ဗမာဆေးပေါ့လိပ်အပါအဝင် အခြားလိုအပ်ရာ စားကုန်သောက်ကုန်တို့ ရောင်းချကြသည်။ မြစ်ကမ်းတစ်ဖက်တွင် ခရီးခရီင်တဲတန်းလေးတစ်ခုမှာ ဈေးဆိုင်ခန်းတွေ

www.nyisay.com



ဖြစ်ပြီး ဆိုင်းတိုင်းတွင် အံ့သြစရာကောင်းလောက်အောင်ပင် ထိုင်းနှင့် တရုတ်တို့မှ မှောင်ခိုသွင်းလာသော လူသုံးကုန်ပစ္စည်း အမြောက်အများ သိုလှောင်ထားကြသည်။ ဝါးတဲ ဆိုင်ခန်းတွဲလေးကား အသွင်အပြင်အားဖြင့် နံချာပါသော်လည်း အိန္ဒိယမှ ထွက်ခွာလာပြီးနောက် ပထမဆုံးတွေ့ရသော ဈေးဆိုင်တွေပဲ ဖြစ်သည်။

လရီးနော်ဂျာက ကျွန်ုပ်တို့အတွက် ဟော်လန်ထုတ် နို့ဆီဘူးတစ်ဘူး၊ ဆေးပေါ့လိပ် တစ်ထုပ်၊ မန္တလေးဘီစကစ်တစ်ထုပ် ယူလာသည်။ ထိုနေ့က ချင်းတွင်းမြစ်မှ လတ်ဆတ်သော ငါးပြုတ်၊ အာလူးပြုတ်ထောင်းတို့ကို သမီးလေး အီယင်းကို စကျွေးသည်ဖြစ်၍ ကျွန်ုပ်တို့တည်းခိုသော အိမ်တွင် စားပွဲလေးတစ်ပွဲ ကျင်းပခဲ့ကြသည်။

○

## ဟူးကောင်းတောင်ကြား

ရာဆာရွာလေးမှ ချင်းတွင်းမြစ် တစ်ဖက်၊ ကချင်တောင်တန်းတို့ကိုငေးမျှော်ကြည့်လိုက်ပါလျှင် တခွင်တပြင်လုံး စိမ်းစိမ်းညို့၍ ကြည်နူးဖွယ်ကောင်းလေစွ၊ စမ်းချောင်းလေးတို့က ရစ်ပတ်ခွေ၍ စီးဆင်းနေပြီး ဝါးရုံအုပ်တို့က တောင်စောင်းတွေကို ဖုံးကွယ်ထားကြသည်။

သို့ရာတွင် ဟိုမှာဘက်သို့ ရောက်သွားသည်နှင့် ဆိုခဲ့သလို ကြည်နူးစရာ မရှိတော့၊ ပတ်ချာလည် ဝိုင်းထားသော တောအထပ်ထပ်ကား လူတိုးမပေါက်နိုင်သဖြင့် စမ်းချောင်းလေးအတိုင်း ကျွန်ုပ်တို့ မျောလိုက်လာပြီး စမ်းချောင်းတစ်ခုမှ အခြားတစ်ခုသို့ ဖြတ်သွားရသည့်အခါမျိုးတွင် ကိုယ်တိုင်တောခုတ်၍ သွားရသဖြင့် အားလုံး ချွေးတလိမ့်လိမ့်နှင့် ခြေကုန်လက်ပန်း ကျလာကြပြီး ခြေလှမ်းတို့ နှေးသွားကြသည်။ တောင်ရိုး ဆင်ခြေလျှောတို့ကား အမြင့်ကြီး မဟုတ်သော်လည်း ကျောက်စိုင်ကျောက်သားတို့ဖြင့် မတ်စောက်နေရာသူများထက် ခေါင်းတစ်လုံးမြင့်၍ အလုံးအထည်ကြီးနေသော ကျွန်ုပ်မှာ ဆူးခက်သစ်ခက်တို့ မျက်နှာကို မကြာခဏငြိလိုက်၊ ရှလိုက်နှင့် မသက်သာလှ။ သို့ပေမဲ့ ဤခရီးကို (၆) ရက်ကြာ ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ကြရာ ရွှေ (သို့) ကျောက်တူးသူတို့ စွန့်ပစ်ထားခဲ့သော တစ်ဖက်ရပ် တဲလေး နှစ်ခုသုံးခုမှလွဲ၍ လူရိပ်လူယောင် လုံးဝ မတွေ့ရ၊ ဝမ်ဖလန်းရွာမှ လူငယ်သုံးယောက် ကျွန်ုပ်တို့နှင့် လမ်းပြအဖြစ် ပါလာ၍သာ တော်တော့်သည်။ သူတို့သာ မရှိလျှင် ပိန်းပိတ်နေသော တောအထပ်ထပ်၊ ချောင်းအသွယ်သွယ်နှင့် ကျောက်တောင်ရိုးတို့၏ သဘာဝဝက်ပါထဲတွင် ကျွန်ုပ်တို့ လမ်းပျောက်သွားမလား မသိ။ တောတွင်းမှ လဟာပြင်ကွက်တို့ကလည်း တစ်ခုနှင့်တစ်ခု ဆင်တူနေသဖြင့် ဝိုင်းကြီးပတ်ပတ်လျှောက်မိနေသလား ထင်မှတ်ရပါသော်လည်း ကျွန်ုပ်တွင် သံလိုက်အိမ်မြှောင် ပါလာ၍သာ လမ်းကြောကို အရှေ့သို့ ဦးတည်လာနိုင်ကြပါ၏။

www.nyisay.com



ဝမ်ဖလန်းရွာမှ ဆန်၊ ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ကို ယူလာခဲ့သဖြင့် တောထဲက ယာယီစခန်းတွင် မီးမွှေး၍ ထမင်းဟင်း ချက်ကြသည်။ မြေကြမ်း၊ လေကြမ်း၊ ခရီးကြမ်း တစ်လျှောက်လုံးတွင် သမီးလေး အီယင်း အိပ်စက်၍လိုက်ပါလာသဖြင့် စိတ်ချမ်းသာရသည်။

သူ့မိခင် ဆိုင်နောင့်၏ နောက်ကျောပိုးထဲတွင် နှစ်ခြိုက်စွာ အိပ်မောကျနေပြီး နို့ဆာမှသာ အော်ငို၍ သတိပေးတတ်သည်။ ညတွင် ဆိုင်နောင့်က ဟမ်းကော ချိုင့်ဖြင့် ရေနွေးကျို၍ ရေနှင့် ရောစပ်ကာ အီယင်းကို ရေမိုးသန့်စင်ပေးသည်။ သို့ပေမဲ့ ညဘက် အုပ်လိုက်ကျလာတတ်သော ခြင်တို့ကြောင့် သမီးအတွက် စိတ်ပူရသည်။ နာဂတောင်တန်းတွင် အေးလွန်းသဖြင့် ခြင်ကို မမြင်ခဲ့ရသော်လည်း ယခု အပူပိုင်းရာသီသို့ ဝင်လာပြီဖြစ်၍ ခြင်တွေ အောလမောတိုက်လာသည်။ ရဲဘော်တို့က ကျွန်ုပ်တို့ မိသားစုအတွက် ဝါးနှင့် လေးတိုင်စင်ဆောက်၍ တောင့်ပျော်ရွှက်တို့ မိုးပေးထားသော စင်အောက်တွင် ခြင်ထောင်သေးသေးလေးတစ်လုံး ထောင်၍ အီယင်းကို သိပ်ရသည်။

ညဘက်အခါများတွင် စာရေးလေးလရှိုးနော်ဂျာက မီးဖိုထားသော စခန်းသို့လာ၍ ကျွန်ုပ်တို့နှင့် စကားစမြည် ပြောတတ်ရာ သူ့အကြောင်းကို ကျွန်ုပ် တဖြည်းဖြည်း သိလာရသည်။ သူ့ဖခင်သည် ခရစ်ယာန်တရားဟောဆရာတစ်ယောက်ဖြစ်ပြီး ကချင်လူမျိုးအများဆုံးနေထိုင်သော အရှေ့မြောက်ဒေသမှ ၁၉၆၀ ခုနှစ်လွန်ကာလ၊ စစ်ဖြစ်လာသည်တွင် မိသားတစ်စုလုံး ပြောင်းရွှေ့၍ အစိုးရ ထိန်းချုပ်ထားသော မြို့တစ်မြို့တွင် အခြေချနေထိုင်ခဲ့ပါသော်လည်း မြန်မာစစ်တပ်ဖွဲ့များနှင့် စစ်ထောက်လှမ်းရေးတို့က မပြတ် အနှောင့်အယှက် ပေးခဲ့ကြသည်။ ကချင်ဖြစ်သည်နှင့် သူပုန်အားပေးသူတွေ၊ သို့မဟုတ် သူပုန်တွေဟု စွပ်စွဲကာ အကြောင်းအမျိုးမျိုးနှင့် နှိပ်စက်ကြရာ နောက်ပိုင်းတွင် သူပုန်တို့ ထိန်းချုပ်ထားသော ဒေသတွင်းသို့ ပြောင်းရွှေ့နေခဲ့ရသည်။

"မင်း ဘယ်အတန်းအထိ ကျောင်းနေခဲ့လဲ"

သူကြည့်ရသည်မှာ တောထဲ၌သာ အနေများခဲ့ဟန်တူသဖြင့် ကျွန်ုပ် မေးကြည့်လိုက်သည်။

"ကျွန်တော်တို့ရွာက ဖွင့်တဲ့ကျောင်းမှာ အထက်တန်းအထိ နေခဲ့ဖူးတယ်"

ဆေးပေါ့လိပ်ကို တစ်ချက်ရှိုက်လိုက်ရင်း သူက ဖြေသည်။

"နောက်တော့ ကေအိုင်အေအဖွဲ့ထဲဝင်ပြီး စာရေးလုပ်တော့ နှမ်ဗျူမြစ်တစ်လျှောက်က ရွာတွေကို စီမံခန့်ခွဲပေးရတယ်။ အဲ့ဒီနေရာကို ဒီကနေ တစ်ရက် နှစ်ရက် သွားရတယ်၊ အခု ကျွန်တော်တို့ အဲ့ဒီကို သွားကြလိမ့်မယ်" မင်း အိမ်ထောင်မပြုဘူးလား ဟု ကျွန်ုပ်ကမေးတော့ သူပြုံးသည်။

"ကျွန်တော့်မှာ အိမ်ထောင်ရှိတယ်၊ ကချင်မလေးတစ်ယောက်နဲ့ အိမ်ထောင်ကျ

www.nyisay.com



ခဲ့တာ၊ ကလေး (၂)ယောက်တောင် ရပြီ၊ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်၊ သူတို့တွေ ကျွန်တော့်ကို မျှော်နေကြတယ်''

သူနှင့် ယော်ထုံတို့ အလွန်ရင်းနှီးသဖြင့် ခေးဆန်ချန်းလမ်တွင် ဖြစ်ခဲ့သော တိုက်ပွဲနှင့် ပတ်သက်ပြီး သူ့နာကျည်းချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။

''ကျွန်တော်လည်း ခရစ်ယာန်တစ်ယောက်ပါပဲ၊ ကျွန်တော့်အဖေဆိုရင် အရှေ့နာဂကို သွားတဲ့ မစ်ရှင်ထဲမှာတောင် ပါတယ်။ ဒါပေမဲ့ ဂေါ့(ဒ်)နဲ့ ပတ်သက်လို့ ကျွန်တော်တို့ နားလည်မှုက ကိုယ်ကသာ ကြိုးစားတဲ့သူကိုပဲ ဂေါ့(ဒ်)က ကူညီတယ်လို့ သိထားတယ်။ အခုဟာက ကတုတ်ရင်တား တစ်ခုမှမဆောက်ဘဲ တိုက်ပွဲဖြစ်လာရင် ဂေါ့(ဒ်)က ကာကွယ်ပေးမယ်ဆိုတာတော့ ရယ်စရာကောင်းတယ်''

သူက မကျေမချမ်းနှင့် ခေါင်းခါယမ်းနေသဖြင့် ကျွန်ုပ်က သူတို့ ကချင်တပ်စိတ်၊ ကချင်တပ်ရင်းမှ စတင်ထွက်လာစဉ်ကတည်းက သူတို့ ဆောင်ရွက်ရမည့် တာဝန်ကို သိထားကြသလား မေးရင်း စကားလမ်းလွှဲ၍ မေးလိုက်ရာ သူက တစ်ချက်ရယ်ပြီး ပြောသည်။

''ယော်ထုံ တစ်ယောက်လွဲပြီး ဘယ်သူမှ မသိကြဘူး၊ ဒါပေမဲ့ ချင်းတွင်းမြစ်ကျော်ပြီးတဲ့အခါ ယော်ထုံက ဒီလို ဒီအကြောင်းဆိုတာ ရှင်းပြတယ်၊ နိုင်ငံခြားသားဂျာနယ်လစ်နှစ်ယောက်ကို သွားခေါ်ရမယ်ဆိုတော့ ကျွန်တော်တို့ လန့်သွားတယ်၊ နာဂတောင်တန်းတွေဘက် သွားရမယ်ဆိုတော့ ကျွန်တော်တို့တွေ စိတ်လှုပ်ရှားသွားတယ်၊ အခုလို အထူးတာဝန်အဘွက် အရွေးချယ်ခံခဲ့ရတာ ဂုဏ်ယူစရာပဲ''

လရှီးနော်ဂျာက သူ့ကန္တားဖျင်းတဲလေးဆီ ပြန်သွားပြီးနောက် ကျွန်ုပ်နှင့် ဆိုင်နောင့်တို့လည်း အိပ်ရာဝင်ခဲ့ရာ ၄က်ပျောရွက်နှင့် နာဂစောင်ကို အိပ်ရာခင်း ခင်း၍ အိယင်းကို အလယ်ကထား အိပ်ကြသည်။ တောထဲတွင် ပိန်းပိတ်အောင် မှောင်နေပြီး ကျွန်ုပ်တို့ ပတ်လည်တွင် သစ်ရွက်ကြွေတွေ ဝိုင်းနေသည်။ သို့ပေမဲ့ လရောင်ကို သစ်ပင်ခေါင်ဖျား အကိုင်းကြို့ အကိုင်းကြားတွေထဲက တွေ့နေရပြီး တောထဲက ဖြတ်စီးနေသော စမ်းချောင်းလေးမှ ရေစီးသံတို့ကိုလည်း ကြားနေရသည်။

ကျွန်ုပ်တို့ခရီးတွင် အဓိက ဝမ်တွတ်ဘွမ် တောင်တန်းတစ်ခုသာ ရှိတော့ပြီး အဆိုပါ တောင်တန်းကား စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ကြားမှ နယ်ခြားမျဉ်းတစ်ခုလို ကာရံထားသည်။ ၄င်းတောင်ကို ဇန်နဝါရီ (၈) ရက်တွင် ကျွန်ုပ်တို့ ဖြတ်ခဲ့ကြပြီးနောက် ဟူးကောင်းချိုင့်ဝှမ်းသို့ စတင်ဆင်းလာရာ ထိုနေ့မှာပင် ကျွန်ုပ် အကြီးအကျယ် ဖျားပါလေတော့သည်။ ရွှေကျင်သမားတွေ စွန့်ပစ်ခဲ့သော တဲလေးတစ်လုံးတွင် ညအိပ်ခဲ့ရာ အိပ်ရာခင်းနှင့် နာဂရှောစောင် အထပ်ထပ် ခြုံထားသည့်တိုင် ကျွန်ုပ်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။

ဤ၌ ဆေးတပ်သား ဇော်ရှုန် ရောက်လာပြီး ကျွန်ုပ်ကို စမ်းသပ်၍ ၄က်ဖျား

www.nyisay.com



ကချင်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဝက်တစ်ကောင်ကင်၍
နှစ်သစ်ကူးပွဲကို ချင်းတွင်းမြစ်အနီးတွင် ကျင်းပခဲ့ကြပြီး
၁၉၈၆ ခုနှစ် ဇန်နဝါရီ (၃) ရက်တွင် ချင်းတွင်းမြစ်ကို ဖြတ်ကူးခဲ့ကြသည်။
ခေးဆန်ချန်းလမ်မှ ဝမ်းနည်းကြေကွဲဖွယ်အဖြစ်တို့က ရင်ထဲတွင် စွဲနေဆဲ။

www.nyisay.com

www.nyisay.com

ကချင်ပြည်နယ်သို့ တောလမ်းခရီး၊
နမ်ဗျုမြစ်ဘေးမှ ကချင်တံငါရွာသို့
ရောက်ရှိခဲ့ပြီး ရွာသူရွာသားတွေက
ကြိုဆိုကြစဉ်။

www.nyisay.com



အထင်နှင့် (ကျွန်ုပ်လည်း သူ့လိုပဲ ထင်ခဲ့သည်) ကွိနိုင်ဆေးတွေ အတော်များများ ပေးသွားသည်။

သို့ပေမယ့် နံနက်အရုဏ်ကျင်းသည်အထိ မသက်သာ။ အဖျားအရှိန်နှင့် လူက နုံးချည့်၍ အားအင်ကုန်ခန်းနေသည်။ သို့နှင့် မကြာလိုက် ညာဘက် ခြေထောက်ရောင်ကိုင်းလာသဖြင့် ထိတ်ထိတ်လန့်လန့်နှင့် ကျွန်ုပ် ပြန်စဉ်းစားကြည့်ရာ ပြီးခဲ့သည့်ရက်များက ကျွန်ုပ်အပါအဝင် လူတိုင်း မျှော့နှင့် ကျွတ်တွေ ခြေထောက်မှာ တွယ်သဖြင့် ဆွဲဖြုတ်ပစ်ကြရပြီး ကချင်စစ်သားတွေက ရေအိုင် ရေကွက်တွေထဲက မဖြတ်တော့ဘဲ ကျောက်တုံးတွေပေါ်က လမ်းလွဲသွားခဲ့ကြသည်။ သို့ရာတွင် ကျွန်ုပ်ကား မိမိအရပ်နှင့် ကိုယ်လုံးကိုယ်ထည်ကြောင့် သူတို့လို မသွားနိုင်ဘဲ ရေအိုင်တွေထဲက ဖြတ်လျှောက်ခဲ့ရာ ရေအိုင်တို့မှာ ဆင်းချောတုံးနှင့် အခြားတိရစ္ဆာန်တို့၏ အညစ်အကြေးတို့ဖြင့် နောက်ကျိ၍ ညစ်ပတ်နေရာ မျှော့တွယ်ခံလိုက်ရသော အနာမှတစ်ဆင့် ပိုးဝင်၍ ရောင်ရမ်းလာတာဖြစ်ကြောင်း သဘောပေါက်သွားသည်။

(၆) ရက်မြောက်ခရီးကား ကျွန်ုပ်အတွက် အလွန်အမင်းပင်ပန်းခက်ခဲလှသည်။ ဘယ်ဘက်ခြေထောက်မှ ရှူးဖိနပ်ကို ချွတ်၍ အီလက်စတစ်ပတ်တီးဖြင့် ခြေထောက်ကို ခပ်တင်းတင်း စည်း၍ ကိုယ်အလေးချိန်ကို လမ်းလျှောက်ဝါးလုံးပေါ်တည်၍ တတ်နိုင်သမျှ အားပြုကာ ဖြည်းဖြည်းချင်း လျှောက်ရသည်။ ခြေလှမ်းလိုက်တိုင်း မခံနိုင်အောင် နာကျင်နေသည့်တိုင် ရှေ့မှ အီယင်းကို ကျောပိုးသွားနေသော ဆိုင်နောင့်ကို မြင်နေရသည်ကပင် ဆက်လျှောက်နိုင်မည့် ခွန်အားတွေ ပေးနေပါ၏။

ထိုနေ့ နံနက်တွင် နမ်ဗျူသို့ ရောက်၍ လရှီးနော်ဂျာက မြစ်ခြေတွင် ရှိသော ကောင်းဂျာရွာသို့ ဆက်သားစေလွှတ်ပြီး ကေအိုင်အေ အာဏာပိုင်တို့ကို အရေးကြီးသော ဧည့်သည်တွေ ရောက်လာပြီဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။ ကောင်းဂျာရွာသည် လရှီးနော်ဂျာ၏ ရွာဖြစ်၍ ကျွန်ုပ်တို့ကို ခေါ်ဖို့ ဆင်တွေနှင့်အတူ ရွာသုံးရွာမှ ဆင်ဦးစီးတို့ကို စေလွှတ်လိုက်သဖြင့် ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။ ဆင်ကြီးတစ်ကောင်က ဒူးထောက်ထိုင်ပေးသည့်အခါ ကချင်စစ်သား (၂) ယောက်၏ အကူအညီဖြင့် ဆင်ကျောပေါ်က ကြိမ်ပုခက်ထဲသို့ ကျွန်ုပ် တက်လိုက်ပြီး ဆိုင်နောင့်တို့သားအမိက ဒုတိယဆင်ပေါ် တက်ကြသည်။ တတိယဆင်တွင်မူ နာဂအရာရှိ ခါးရန်း လိုက်ပါလာသည်။

ဆင်ကြီးသုံးကောင်က တန်းစီ၍ မြစ်နှင့်အပြိုင် တောလမ်းလေးတစ်လျှောက် ကွန်ရှေကြီးစွာဖြင့် တအိအိနှင့် သွား၍ ကြိမ်ပုခက်ထဲက ကျွန်ုပ်တို့လည်း ဖယ်ရမ်းဖယ်ရမ်းနှင့် ပါလာသည်။ ကျွန်ုပ်တို့၏ ရှေ့နှင့်နောက်တွင်မူ ပြောက်ကျားရဲဘော်တွေ ချီတက်လာကြသည်။ လီဒိုလမ်းမပေါ်မှ တနိုင်းမြို့မှာ အစိုးရ ထိန်းချုပ်ထားပြီး ရွာတွေဆီသို့ ၄င်းမြို့

www.nyisay.com



မှ ကုန်သည်တို့ မကြာမကြာ ရောက်လာတတ်သဖြင့် ကျွန်ုပ်တို့ ရောက်နေသော သတင်းအလွယ်တကူ ပေါက်ကြားနိုင်သည်ဖြစ်၍ ကောင်းဂျာရွာနှင့် ဝေးနိုင်သမျှ ဝေးဝေးအထိ ချီတက်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။ သို့ပေမဲ့ မြစ်အနီးမှ ငါးဖမ်းစခန်းသို့ ဦးတည်လာခဲ့ကြသည်။ ငါးဖမ်းစခန်းကို တည်ထောင်ထားပြီး ဖမ်းမိသမျှ ငါးတွေကို တောင်ဘက်မှ ဖားကန့်ကျောက်စိမ်းတွင်းတွေမှာ ရောင်းဖို့ ဖြစ်သည်။ ဖားကန့်တွင် ကုန်ပစ္စည်းတိုင်း ဈေးအဆမတန်ရသဖြင့် ကေအိုင်အေ ရန်ပုံငွေအတွက် ငွေဝင်ဖြောင့်သော လုပ်ငန်းတစ်ခု။

မွန်းတည့်ချိန်တွင် ငါးဖမ်းစခန်းသို့ ရောက်လာပြီး မြစ်ဘေးမှ တဲငယ်လေး တစ်လုံးအတွင်းသို့ ကျွန်ုပ်ကို တွဲခေါ်သွားသည်။ ထိုအချိန်တွင်မူ ကျွန်ုပ်ခြေထောက်ကြီးကား ဘောလုံးကြီးတစ်လုံးလို ရောင်ကိုင်းနေပြီး မချိမဆံ့ ကိုက်ခဲနေသည်။ ဆိုင်နောင့်က ဝါးကြမ်းစင်ပေါ်တွင် အိပ်ရာခင်းပေးပြီး ကျွန်ုပ် ထိုင်ချလိုက်သည့်အခါ ရောင်နေသော နေရာက တင်းမနေတော့ဘဲ နည်းနည်း သက်သာလာသည်။ သို့နှင့် တဲအတွင်းကို ဝေ့ဝိုက်ကြည့်လိုက်သည့်အခါတွင်မူ လရှီးနော်ဂျာ၏ အမြော်အမြင်ရှိပုံကို သိလိုက်ရသည်။ ကျွန်ုပ်တို့ သက်သာဖို့ ဆင်တွေနှင့် ခေါ်လာရုံသာမဟုတ်၊ ယခုလည်း ကျွန်ုပ်ဘေးမှ ဝါးကြမ်းပေါ်တွင် ရွှေကျောင်း ကော်ဖီမှုန့်တစ်ထုပ်၊ နို့ဆီတစ်ဘူးနှင့် ဆိုင်နောင့်အတွက် ခေါပုတ်မုန့် တစ်ထပ်ကြီး ထားခဲ့သည်။

ကောက်ညှင်းဆန်မှုန့်ဖြင့် လုပ်သော ခေါပုတ်မုန့်မှာ မူလက ရှမ်းအစားအစာဖြစ်ပြီး နောက်ပိုင်းတွင် ကချင်နှင့် ဒေသတစ်ဝိုက်မှ တောင်ပေါ်ဒေသခံတို့ပါ လုပ်စားလာခဲ့ကြသည်။ ညနေဘက် ဝိုင်းထိုင်၍ စကားစမြည် ပြောကြသည့်အခါ ခေါပုတ်မုန့် အပါအဝင် ရှမ်းရိုးရာဓလေ့ထုံးစံတို့ကို ကချင်တို့က ကူးယူထားသည်ဟု လရှီးနော်ဂျာကို ဆိုင်နောင့်က စသည်။ သမီးအိယင်း အိပ်ပျော်သွားသည့်အခါ ခေါပုတ်ကို ဝါးတကျင်လျှိ၍ မီးဖိုမှာ ကင်ပြီး ကော်ဖီမွှေးမွှေးလေးနှင့် စားကြသည်။ လီဒိုလမ်းမကြီး၏ အရှေ့ဘက်တွင်ရှိသော ကချင်တပ်မဟာ (၂) ဌာနချုပ်သို့ အကြောင်းကြားခဲ့ပြီး ဖြစ်သော်လည်း ငါးဖမ်းစခန်း၌ပင် နောက်ထပ် ရက်အနည်းငယ် စောင့်နေဖို့ ညွှန်ကြားခဲ့သည်။ ဆိုခဲ့သလို လီဒိုလမ်းတစ်လျှောက်တွင် မြန်မာတပ်ဖွဲ့များ အမြောက်အများ ချထားသဖြင့် ၄င်းလမ်းမကြီးကို ဖြတ်ဖို့ဆိုလျှင် နောက်ထပ် လုံခြုံရေးတပ်ဖွဲ့အင်အား လိုသေး၍ ဖြစ်သည်။ တပ်ကူတွေ စောင့်နေစဉ် သူပုန်နယ်မြေအုပ်ချုပ်ရေးမှ အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ကျွန်ုပ်တို့နှင့် လာတွေ့သည်။ ကျွန်ုပ်တို့တွင် ငွေပြတ်နေကြောင်း လရှီးနော်ဂျာထံမှ ကြားသိရ၍ အရာရှိတစ်ဦးက မြန်မာငွေ (၂၀၀၀) ထုတ်ပေးသည်။ ၄င်းပိုက်ဆံကို သူ့အနေနှင့် ဌာနချုပ်ရောက်လျှင် ပြန်ထုတ်ယူနိုင်သလို ဘန်ကောက် (သို့) ဟောင်ကောင်မှ ငွေလွှဲသည့် နည်းလမ်းများလည်း ကေအိုင်အေတွင်ရှိကြောင်း ပြောပြသည်။

သို့ဖြစ်၍ ပါကျောင်ရောက်လျှင် ကျွန်ုပ်ဘဏ်စာရင်းရှိသော ဘန်ကောက်မှ ငွေလွှဲပေးနိုင်မည် ဖြစ်သည်။

www.nyisay.com






မြေပုံ (၃) ဟူးကောင်းချိုင့်ဝှမ်း-တိုက်ဒေသ-ပါကျောင်။

www.nyisay.com

မေကျာယန်းအောင်။

ယခုအခါ ငွေကြေးစနစ်နှင့် လည်ပတ်သော စီးပွားရေးလောကကြီးထဲ ပြန်ရောက်လာပြီဖြစ်၍ ပိုက်ဆံမရှိခြင်းက ကျွန်ုပ်တို့အတွက် တစ်ဒုက္ခဖြစ်လာသည်။ နာဂတောင်တန်းတွေမှာဆို ပိုက်ဆံမရှိ၍ စိတ်ပူစရာ မလို၊ မိမိတို့ လိုအပ်တာကို ကိုယ်တိုင် ထုတ်လုပ်ချင်ထုတ်၊ မဟုတ်လျှင် ကုန်ပစ္စည်းချင်း ဖလှယ်စားရုံသာ။ ယခုမူ ကြွေးစာရင်းကို ပျော်ပျော်ကြီး လက်မှတ်ထိုးပြီး ကြွေးယူစားရတော့မည်။ ကျောက်ခေတ်နိုးနိုး ကမ္ဘာကြီးတွင် ရက်ပေါင်းများစွာ နေထိုင်လာခဲ့ပြီးခါမှ ယခုလို ပိုက်ဆံတွေနှင့် ပြန်လည်ဆက်ဆံရသည့်အခါ ကျွန်ုပ်စိတ်ထဲ အသားမကျချင်။

များမကြာမီ ကောင်းကျာနှင့် အခြားရွာများမှ ရွာသူရွာသားတွေ ရောက်လာပြီး ကျွန်ုပ်တို့ကို နှုတ်ဆက်ကြသည်။ ကချင်ပြည်နယ်က ကြိုဆိုကြသည်။ သူတို့အားလုံး ရိုးရာဝတ်စုံတွေ ဝတ်ထားကြရာ အမျိုးသားများက ခေါင်းပေါင်းပေါင်း၍ ဘောင်းဘီပွကြီးတွေနှင့် ကချင်မားရှည်ကြီးတွေ လွယ်ထားကြသည်။ ကျွန်ုပ်ခြေထောက်မှာ ပတ်တီးအထပ်ထပ် စည်းထားရပြီး မတ်တတ်ရပ်လျှင် မခံနိုင်အောင် နာကျင်ပါသော်လည်း သူတို့က ကျွန်ုပ်တို့ကို ဂုဏ်ပြုကြိုဆိုနေကြသည်ကို အသိအမှတ်ပြုသောအားဖြင့် ကိုယ့်ကိုယ့်ကိုယ် အားတင်း၍ မတ်တတ်ရပ်နေရသည်။ သို့ပေမဲ့ ယခု ကြိုဆိုနှုတ်ဆက်ပွဲကို ကေအိုင်အေက စီစဉ်ခိုင်းသည်ဟု ကျွန်ုပ် မထင်၊ ရွာသူရွာသားတွေ ကြည့်ရသည်မှာ နိုင်ငံခြားသားဧနီးမောင်နှံကို ကြိုဆိုရသည်မှာ ပျော်ရွှင်နေပုံရသည်။ အချို့ကဆိုလျှင် ဒုတိယကမ္ဘာစစ်ကာလက ၄င်းတို့ကို မဟာမိတ်တပ်များက စစ်သင်တန်းပေး၍ ဂျပန်တို့ကို တိုက်ခိုက်ခဲ့ကြောင်း ပြောပြသည်။

www.nyisay.com

**ဟူးကောင်းချိုင့်ဝှမ်းမှ လီဒိုလမ်းမကြီးကို မဖြတ်မီ မြေပုံကို လေ့လာနေသော မေဂျာပန်းအောင်နှင့် ဘာတီး(လ်)လင့်တနာ။**

ကိုယ်ခန္ဓာသေးသေး၊ မုတ်ဆိတ်မွေးဖြူဖြူနှင့် အသက်ကြီးကြီး ရွာသားတစ်ဦးက ငွေဓားရိုးတပ် ဓားတစ်ချောင်းနှင့် စလွယ်သိုင်းကြိုးတို့ကို တရိုတသေပေး၍ ပါးရည်နားရည်တွန့်နေပြီး သူ့မိန်းမဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ယောက်က ဆိုင်နောင့်ကို ရောင်စုံကလေးကျောသိုင်း ပုခက်တစ်ခုကို ကြင်ကြင်နာနာဖြင့် ပေးသည်။ ပါးစပ်ကလည်း ၄င်းပစ္စည်းသည် တရုတ်ပြည်မှ မှောင်ခိုဝယ်ခဲ့ရကြောင်း ကြေညာလိုက်သေးသည်။ ပြီးနောက် ရွာသူရွာသားတွေက ထမင်း၊ ကြက်သားကြော်၊ ဆန်အရက်နှင့် အခြားမုန့်မျိုးစုံတို့ကို နှီးနှောခြင်း၊ ပလုံးတို့နှင့် ထည့်၍ ယူလာကြသည်။ ရွာသားအများစုမှာ ဗမာစကား ပြောကြပြီး နာဂဒေသမှ ကျွန်ုပ်တို့ အတွေ့အကြုံတို့ကို နားထောင်ချင်ကြရာ ကျွန်ုပ်တို့ကို ကြိုဆိုပွဲကား နမ့်ဘူမြစ်ကမ်းပေါ်တွင် ဟော်ရွှင်စရာ စားပွဲသောက်ပွဲလေးအဖြစ် ပြောင်းလွဲသွားလေသည်။

နောက်တစ်ရက်နှစ်ရက်တွင်မူ ကျွန်ုပ် ခြေထောက်အခြေအနေမှာ လုံးဝ ဆိုးရွားလာသည်။ ညဘက်၌ပင် အိပ်၍မပျော်ချင်တော့၊ ခရီးရှည်ကြီး လျှောက်ခဲ့ပြီးနောက် ကျွန်ုပ်၌ပါလာသော ဆေးဝါးများသာမက ဇော်ရှုန်မှာလည်း ဟုတ်တိပတ်တိ ဆေးဝါးမကျန်တော့။ သို့ဖြင့် ကောင်းဂျာရွာတွင် ပင်နီဆီလင် ထိုးဆေးအနည်းငယ်ရနိုင်သည်ဟု ဆိုကာ ဇောင်ရှမ်းထွက်သွားသည်။ သူပြန်ရောက်လာချိန်တွင် ကျွန်ုပ်ခြေထောက်ကြီးမှာ

www.nyisay.com

**လိနိုလမ်းမပေါ်က နွားလှည်းတစ်စီးနှင့် လယ်သမားတစ်ယောက်။**

ခြေကျင်းဝတ်မှ ခြေသလုံးအထိပင် ပိုးကူး၍ ရောင်ကိုင်းလာနေရာ သွေးအဆိပ်တက်နေသဖြင့် ခြေထောက်ပင် ဖြတ်နိုင်သည်ကို တွေးမိရင်း တစ်ခဏ ထိတ်လန့်သွားသည်။

ပင်နီဆီလင် သုံးလေးရက် ထိုးပြီးနောက်၊ ခြေဖမိုးပေါ်တွင် အရည်ကြည်ဖုကြီး နှစ်ခု ထွက်လာရာ ၄င်းကို ပိုးသတ်ထားသော ဓားဖြင့် ဂရုတစိုက် ထိုးဖောက်လိုက်ရာ လေပြည့်နေသော ဘောလုံးတစ်လုံးကို ထိုးဖောက်လိုက်သလို အထဲမှ ဝါညစ်ညစ် ပြည်ပုပ်တွေ အခန်းအတွင်း တစ်မီတာမျှ ပန်းထွက်သွားပြီးနောက် တဖြည်းဖြည်း လျော့ကျသွားသည်။ ဝါးကြမ်းပေါ်တွင် ညှီစို့စို့နှင့် ပြည်ပုပ်ပြည်ဆွေးတွေ ပေကျံကုန်သဖြင့် ကြမ်းတစ်ခင်းလုံးကို ရေနွေးနှင့် ဆေးကြောပစ်လိုက်ရသည်။

ပြည်ပုပ်တွေ ဖောက်ထုတ်ပြီးနောက် အရောင်ကျသွားပြီး ချက်ချင်းသက်သာလာသည်။ ပြည်ဖောက်ထုတ်လိုက်သောအနာဝက ဟောက်ပက်ဖြစ်နေသေးသည့်တိုင် လမ်းလျှောက် ဝါးလုံးအကူအညီဖြင့် လမ်းလျှောက်လာနိုင်ပြီးဖြစ်ရာ ရှေ့ခရီးအတွက် ပြင်ဆင်နိုင်လေပြီ။

ဇန်နဝါရီ (၁၅) ရက်၊ မိုးစုန်းစုန်းချုပ်ခါနီးတွင် ကျွန်ုပ်တို့တဲသို့ ဆက်သားတစ်ယောက် သုတ်သီးသုတ်ပြာ ရောက်လာပြီး သတင်းပို့သည်။

"ကောင်းဂျာရွာကို မေဂျာပန်းအောင် ရောက်လာတယ်၊ သူနဲ့အတူ စစ်သား ၂၃၀ ပါလာတယ်၊ မနက်ဖြန် မနက် ခရီးထွက်ဖို့ အသင့်ပြင်ထားပါ"

www.nyisay.com

**မူးယစ်ဆေးရောင်းချသူတွေနှင့် ဂျစ်ကားတစ်စီး။**

ကချင်စစ်သားက သတင်းပြောရင်း ဟပ်ထိုးမောနေသည်။

နောက်တစ်နေ့နံနက် (၉) နာရီခွဲတွင် ကျွန်ုပ်တို့ အိတ်တွေကို ထုတ်ပိုးထားပြီး အသင့်စောင့်နေရာ ဆင်ဦးစီးနှင့် ဆင်နှစ်ကောင် ကျွန်ုပ်တို့ကို လာခေါ်သည်။ မြစ်နှုတ်ခမ်းမှ တစ်နာရီမျှ လိုက်သွားပြီးနောက် ကောင်းဂျာရွာသို့ ရောက်လာသည်။ ရွာကား ကုန်စုံဆိုင်၊ စာသင်ကျောင်း၊ ဘုရားကျောင်းတို့ဖြင့် စည်စည်ဝေဝေရှိသော ကချင်ရွာလေးတစ်ရွာ။ ရွာနီးချုပ်စပ်တွင်မူ ဥယျာဉ်ခြံတို့နှင့် ရေသွင်းစပါးခင်းတို့ကို တွေ့ရသည်။ ရွာလမ်းတစ်ဖက် ရုံးအပြင်တွင် လရှီးနော်ဂျာ၊ သူ့မိန်းမနှင့် ကလေး (၂) ယောက်တို့ မတ်တတ်ရပ်လျက် ကျွန်ုပ်တို့ကို လက်ပြနှုတ်ဆက်နေသည်။ ဆင်တွေက ကောင်းဂျာရွာလုံခြုံရေးတပ်ဖွဲ့ဝင်တို့ နေရာအထိ မောင်းသွားသည်။ ရိုင်ဖယ်သေနတ်တွေ၊ စက်သေနတ် အပေါ့စားတွေ၊ ဘဇူကာနှင့် M-7 လောင်ချာတို့ကို ကိုင်ဆောင်ထားသော စစ်တပ်ဖွဲ့ဝင်တို့ဆီ ရောက်လာရာ စစ်သားတစ်ယောက်က ဆင်ပေါ်မှ ကြိမ်ပုခက်ကို မော်ကြည့်လိုက်ရာ ကျွန်ုပ်ကို တွေ့သွားပြီး သူ့ဘေးက ရဲဘော်တစ်ယောက်ကို ပခုံးပုတ်လိုက်သည်။ ထိုမှ ရဲဘော်တွေအားလုံး ကျွန်ုပ်တို့ကို ပြုံးပြကြရာ ကျွန်ုပ်ရင်ထဲက စိုးရိမ်စိတ်တွေ လွင့်ပျောက်သွားသည်။ ဝါးတဲကြီးတစ်တဲရှေ့တွင် ဆင်ကြီးရပ်သွားပြီး မြေပေါ် ဒူးထောက်၍ ဝပ်ချလိုက်သည်။ စစ်သားနှစ်ယောက်က ကျွန်ုပ်ကို ကူ၍ တဲထဲသို့ လိုက်ပို့ပေးသည်။ ဘဲထဲတွင် အရပ်ပုသော်လည်း ကိုယ်ခန္ဓာ သန်စွမ်းခိုင်မာသော လူတစ်ယောက် မီးလင်းဖို

www.nyisay.com

**အေအိုင်အေ တပ်မဟာ (၂) ဌာနချုပ် 'တနိုင်ယန်' သို့ ရောက်လာစဉ်။**

ဘေးတွင် တင်ပျဉ်ခွေထိုင်နေရာမှ သူ့ဘေးတွင် ကျွန်ုပ်ထိုင်ချလိုက်ပြီးနောက် ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်သည်။

''ခင်ဗျားခြေထောက် ဘယ်လိုနေလဲ''

သူက စီးကရက်ကို တစ်ချက်ဖွာရင်း ဗမာလိုမေးသည်။

ကျွန်ုပ်က ဆိုင်နောင့်မှတစ်ဆင့် အဆိုးကြီးမဟုတ်ကြောင်း၊ သို့သော် လမ်းမလျှောက်နိုင်သေးကြောင်း ပြောပြသည်။

''ကိစ္စမရှိဘူး၊ ဆင်စီးပြီးလိုက်ခဲ့၊ မိနစ် (၃၀) အတွင်း ကျွန်တော်တို့ ထွက်မယ်''

ပန်းအောင် အသက်မှာ (၄၀) ဝန်းကျင်မျှရှိပြီး စကားနည်းသူ၊ ပြတ်သားသူ၊ လုပ်ရည်ကိုင်ရည် ထက်မြက်သူအဖြစ် ထင်ရှားသည်။ ကျွန်ုပ်အနာကို သန့်စင်၍ ဆေးထည့်ပေးဖို့ သူ့အဖွဲ့ထဲမှ သူနာပြုတစ်ယောက်ကို ညွှန်ကြားပြီး သူပြောသလို အချိန်ကိုက်ခရီး ထွက်လာခဲ့ကြသည်။ ကျွန်ုပ်က ဆင်ပေါ်က ကြိမ်ပုခက်ထဲမှ လိုက်ပါလာပြီး ဆိုင်နောင့်က ခြေလျင်လျှောက်သည်။ သမီးအိယင်းကို မိန်းကလေးတပ်ဖွဲ့ဝင်တစ်ဦးက နှမဗျူရှာသူတစ်ဦး လက်ဆောင်ပေးခဲ့သော ရောင်စုံကျောပိုးပုခက်ဖြင့် ကျောပိုးလာသည်။ ကျွန်ုပ်၏ ဆင်ကြီး နံဘေးမှာ လက်နက်ကိုင်တပ်ဖွဲ့တွေ အထပ်ထပ် လိုက်ပါလာကြသည်။ ရှားစောင်းပင်ရှာစည်းရိုးနှင့် ဟင်းသီးဟင်းရွက်အခင်းတွေပေါသော ကချင်တောင်ယာလုပ်ရွာတို့ကို ဖြတ်လာရာ အချို့အိမ်ပြုတင်းပေါက်တို့တွင်ခန်းဆီးတို့ကို တွေ့ရသဖြင့် ဟူးကောင်းချိုင့်ဝှမ်းနေ ကချင်အများစုမှာ မြေပြန့်ယဉ်ကျေးမှုနှင့် နီးနီးစပ်စပ်ရှိလာခဲ့ကြသည်။

www.nyisay.com

**မစ္စတာ ဟန်မင်တန်ကို ကြိုဆိုသော တနိုင်းယန်မှ ပါတီပွဲ။**

ညတွင် စပါးခင်းဘေးမှ တဲလွတ်အချို့တွင် စတည်းချကြပြီး နောက်တစ်နေ့ ဝေလီဝေလင်းတွင် ခရီးဆက်လာခဲ့ကြရာ နမ့်ဖြတ်ခေါ် ချောင်းငယ်လေးဘေးမှ လိုက်လာရာ မွန်းတည့်ချိန်တွင် ချောင်းနာမည်အတိုင်း ပေးထားသော ရွာကြီးတစ်ရွာသို့ ရောက်လာသည်တွင် လူ (၂၀၀) ကျော် ချီတက်လာသော ကျွန်ုပ်တို့ စစ်ကြောင်းကြီးကို ရွာသားအချို့ ထွက်ကြည့်ကြသည်။ ကျွန်ုပ်က ပန်းအောင်ထံမှ ငှားထားသော ကေအိုင်အေဦးထုပ်ဆောင်း၍ နေကာမျက်မှန်တပ်ကာ ရုပ်ဖျက်ထားသည်။ လီဒိုလမ်းမကြီးကား ရွာကို ထုတ်ချင်းခတ်ထားရာ နေ့လယ် (၄) နာရီတွင် လမ်းမကြီးကို ကျွန်ုပ်တို့ စစ်ကြောင်းဖြတ်လာသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ် စုတီးဝဲ(လ်) ဆောက်လုပ်ခဲ့သော လီဒိုလမ်းမကြီးကား ကျောက်ခင်းလမ်း နှစ်လမ်းသွား၊ (၁၀) မီတာ ကျယ်သည်။ ရာသီသုံးပါးမရွေး အမြောက်ကားတွေ၊ တင့်ကားတွေသွားနိုင်အောင် စနစ်တကျ ဆောက်လုပ်ခဲ့ပါသော်လည်း အကောင်းပကတိဟူ၍ အနည်းငယ်သာ ကျန်တော့သည်။ မြန်မာပြည်မှ အခြေခံအဆောက်အဦတို့နည်းတူ လုံးဝ စွန့်ပစ်ခံထားရသဖြင့် မြင်မကောင်း ရှုမကောင်းအောင် ပျက်စီးနေပေပြီ။ လမ်းအကျယ် ၈ ရိယာတစ်ဝက်ကျော်ကို ချဲ့နွယ်ပိတ်ပေါင်းတို့ဖြင့် ပိတ်နေပြီး အိန္ဒိယနယ်စပ်နှင့် ကပ်နေသော လမ်းပိုင်းဆိုလျှင် လုံးဝတောလွှမ်းသွားပြီ။ သို့ပေမဲ့ စစ်သုံးလမ်းမကြီးဖြစ်သည့်အလျောက် ဖြောင့်စင်းနေသည်။ ကချင်ရဲဘော်တို့က လမ်းမကြီး၏ တစ်နေရာတွင် ဟိုဘက်၊ ဒီဘက် တစ်မိုင်ခန့်ကို ပိတ်နေရာယူလိုက်ကြသည်။ စက်သေနတ်နှင့် လက်နက်ကြီးတို့ကိုလည်း တစ်နေရာစီ အကွာအဝေးတူ အသင့်ပြင်ထားသည်။

www.nyisay.com



ဤနေရာနှင့် ကီလိုမီတာ အနည်းငယ် အကွာအဝေး တိန်ကောက်ရွာတွင် ဗမာတပ် ရှေ့တန်းစခန်းရှိသဖြင့် သတိဝီရိယရှိရှိနှင့် လူပ်ရှားဖို့ သူ့ရဲဘော်တွေကို ပန်းအောင်က ရေဒီယိုစက်ဖြင့် ညွှန်ကြားသည်။ ကျွန်ုပ်ကို ထမ်းပိုးလာသော ဆင်ကြီးက မိတာတစ်ရာ လောက် လျှောက်လာပြီး ဆင်ထိန်းက နမ့်ဖြတ်ရွာကို ပန်း၍ အရှေ့သို့ ချိုးလိုက်သည်။ ဆိုင်နောင့်က ဓာတ်ပုံရိုက်ဖို့ နောက်ချန်နေခဲ့ရာ ကျွန်ုပ်တို့ ဆင်ထွက်ပြီး မိနစ် အနည်းငယ် အတွင်းမှာပင် အပြင်တွင်ချထားသော ကင်းသမားတစ်ဦးက မြောက်ဘက်မှ ဂျစ်ကားတစ်စီး လာနေကြောင်း ရေဒီယိုစက်ဖြင့် သတင်းပို့သည်ဟု ဆိုင်နောင့်က ကျွန်ုပ်ကို ပြောပြသည်။ စစ်ဘက်ကလား၊ အရပ်ဘက်ကလားဟု ပန်းအောင်က ခပ်ပြတ်ပြတ်မေးလိုက်သည်။

''အရပ်ဘက်ကပါဆရာ''

''ကောင်းတယ်၊ လွှတ်ပေးလိုက်၊ ငါတို့ ဓာတ်ပုံရိုက်ဖို့ လိုတယ်''

ပန်းအောင်က တာလမ်းမအလယ်မှာ ထွက်ရပ်နေပြီး ဂျစ်ကားမောင်းလာသည့်အခါ လမ်းပြပုလိပ်လို လက်တစ်ဖက်မြောက်ပြီး တားလိုက်ရာ သူ့ရှေ့တည့်တည့်တွင် ကားရပ် သွားသည်။ ပြီးနောက် ဒရိုင်ဘာအခြမ်းသို့ လျှောက်သွားပြီး မော်တော်ကားထဲသို့ ကြည့်လိုက်သည်တွင် ခရီးသည် (၄) ယောက်လုံး မျက်စိပျက် မျက်နှာပျက်ဖြစ်နေကြသည်။ သူတို့အဝတ်အစားတွေကို ထောက်ရှု၍ မြို့ပေါ်က ကုန်သည်တွေဆိုတာ ထင်ရှားသော်လည်း ထိတ်ထိတ်ပြာပြာ ဖြစ်နေသည်ကို ကြည့်ခြင်းအားဖြင့် ရိုးရိုးသားသား စီးပွားရှာနေသော ကုန်သည်တွေ မဖြစ်နိုင်၊ မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေ ဖြစ်ဖို့များသည်။ မြို့တွေဆီ သွားလာရာတွင် သူတို့လို လူမျိုးတွေက အစိုးရသတင်းပေးတွေလည်း လုပ်တတ်သည်။

''မူးယစ်ဆေးတွေ သယ်လာသလား'' ဟူ၍ ပန်းအောင်က အမေးနှင့် နှုတ်ခွန်းဆက်သည်။

''မူးယစ်ဆေးဝါး ဟုတ်လား... မပါ,ပါဘူးဆရာရယ် တကယ်ပါ၊ မဟုတ်ရပါဘူးဆရာ''

ကားပေါ်က လူတွေက တောင်းတောင်းပန်ပန် ဖြေသည်။

''ကောင်းပြီ၊ မင်းတို့ အောက်ဆင်း၊ မင်းတို့ကားကို ငါတို့ ခဏသုံးဖို့လိုတယ်''

ပန်းအောင်က မော်တော်ကား ခေါင်းဖုံးကို တစ်ချက်ပုတ်လိုက်ရင်း ခပ်ဆတ်ဆတ် ပြောလိုက်ရာ သူတို့က ကြိုက်သလို သုံးနိုင်ပါတယ်ဟု ကျေကျေနပ်နပ်ကြီး ပြောရင်း ကားပေါ်က ဆင်းလိုက်ကြသည့်အခါ မေဂျာပန်းအောင်က မော်တော်ကားပေါ်တက်ပြီး နောက်ဘက်ဆုတ်သွားသည်။ တစ်ခါ ရှေ့ဘက် မောင်းလာပြန်သည်။ ထိုအချိန်တွင် ဆိုင်နောင့်က လိုအပ်သမျှ ဓာတ်ပုံတွေ ရိုက်ယူလိုက်သည်။ ထို့နောက် မော်တော်ကားကို ပိုင်ရှင်ဆီ ပြန်မောင်းလာပြီး မေဂျာက အမိန့်ပေးသည်။

www.nyisay.com



"ဒီည နမ့်ဖြတ်ရွာမှာ မင်းတို့ အိပ်ရမယ်၊ မနက်ဖြန်မှ မင်းတို့ ပြန်ရမယ်၊ ငါပြောသလို မလုပ်ရင် မင်းတို့ကားကို ငါတို့ ဖောက်ခွဲပစ်မယ်"

"ဘာဖြစ်လို့လဲဆရာ၊ စစ်တပ်ကို ကျွန်တော်တို့ သတင်းပေးမယ်ထင်လို့လား၊ စိတ်ချပါဆရာ၊ ကျွန်တော်တို့ မပြောပါဘူး"

"ငါပြောတာ မင်းတို့ ကြားတယ်မဟုတ်လား"

မေဂျာက တစ်ချက်ဟောက်ပြီး လှည့်ထွက်လာခဲ့သည်။

ထိုညက အရှေ့ဘက် ကီလိုမီတာ အနည်းငယ်အကွာ စပါးခင်းနားတွင် ကျွန်ုပ်တို့ စခန်းချကြရာ လီဒိုလမ်းတစ်လျှောက် အဓိကနေရာတို့တွင် တပ်ဖွဲ့ဝင် (၁၀၀) ကျော် တာဝန်ချထားပြီး မေဂျာက လမ်းတစ်လျှောက်မှ နောက်ဘက် လုံခြုံရေးတပ်ဖွဲ့များနှင့် ရေဒီယိုစကားပြောစက်မှတစ်ဆင့် မပြတ်ဆက်သွယ်နေသည်။ ထိုညက ကျွန်ုပ်ခြေထောက် အနာ တော်တော်ဆိုးနေသဖြင့် ညှပ်တစ်ချောင်းကို ပိုးသတ်၍ အနာထဲက ပြည်ပုပ်တွေကို ကလော်ထုတ်ပစ်ရာ အနာဝမှာ (၅) စင်တီမီတာခန့် ပြဲသွားပြီး (၃) စင်တီမီတာခန့် အရိုးပေါ်လုခေါ်ခင်အထိ နက်သွားသည်။ သို့ပေမဲ့ အသားစကို မြင်နေရပြီဖြစ်၍ စိတ်ချမ်း သာသွားသည်။

လီဒိုလမ်းမကြီးပေါ်မှ ကျွန်ုပ်တို့ ဖြတ်သွားသည်ဆိုသော သတင်းကို ဗမာစစ်တပ် ဘက်မှ သိုးသိုးသဲ့သဲ့ ကြားနိုင်သဖြင့် တိုက်ပွဲဖြစ်လျှင် အသင့်ဖြစ်အောင် ဝတ်စုံပြည့် ဝတ်၍ ကျွန်ုပ်တို့ အိပ်ရာဝင်ခဲ့ကြသော်လည်း ထိုညက ကင်းထောက်သံ မကြားရ။ သို့ပေမဲ့ မနက်ခင်းတွင်မူ ပန်းအောင်၏ အိတ်ဆောင်ကက်ဆက်မှ စစ်သားတွေကိုန်းနေကျ အသံမျိုးမဟုတ်သည့် ကမ်းထရီးနှင့် အနောက်တိုင်း မြူးဖစ်သံတို့ဖြင့် အိပ်ရာမှ ကျွန်ုပ် နိုးလာပြီး ကော်ဖီပူပူနှင့် ခေါပုတ်တို့ကို ကပျာကယာစား၍ တောင်တက်ခရီး စတင်ခဲ့ရပြန် သည်။ နံနက်ခင်း ဝေလီဝေလင်းတွင် ဟိုး...အဝေးက ကူမွန်တောင်တန်းကြီးကို လှမ်းမြင် နေရသည်။ မိတာ (၃၀၀၀) မြင့်သော တောင်ထွတ်ကြီးများနှင့် ကူမွန်တောင်တန်းကြီးကား ကချင်ပြည်နယ်၏ ကျောရိုးကြီးသဖွယ် ဟူးကောင်း ချိုင့်ဝှမ်းဒေသနှင့် မလိခ၊ အင်မိုင်ခ (မေခ) မြစ်ဆုံ၊ ကချင်မြောက်ပိုင်းဒေသတို့ကို အရံတံတိုင်းကြီးအဖြစ် ပိုင်းခြားထားသည်။

နောက်တစ်နေ့မှ လီဒိုလမ်းမကြီးနှင့် ကျွန်ုပ်တို့ အတော်လေး လှမ်းသွားပြီဖြစ်၍ လုံခြုံရေးတပ်ဖွဲ့တို့ ပေါ့ပေါ့ပါးပါး ခရီးဆက်နိုင်လေပြီ။ တောင်တန်းတစ်လျှောက် လမ်း ကျယ်၍ တောင်ကုန်းများဆီ ဦးတည်သွားသည်။ မွန်းတည့်ချိန်တွင်မူ ချင်းတွင်း၏ ပင်မမြစ်လက်တက်ဖြစ်သော တနိုင်းမြစ် ချိုင့်ဝှမ်းလမ်းကျဉ်းလေးအတိုင်း ဆင်းလာရာ ဟိုးအဝေးဆီမှ လျှပ်စစ်ဂစ်တာသံနှင့်အတူ ဂီတသံ သဲ့သဲ့ ကြားလိုက်ရသော်လည်း ကျွန်ုပ် နားကြားလွဲတာပဲ အောက်မေ့လိုက်သည်။

www.nyisay.com



ချိုင့်ဝှမ်းလွင်ပြင်သို့ ကျွန်ုပ်တို့စစ်ကြောင်း ရောက်သည်နှင့် ရပ်တန့်လိုက်ပြီး တပ်မဟာ (၂) ဌာနချုပ်နှင့် နီးကပ်လာပြီဖြစ်၍ ကျွန်ုပ်အနေနှင့် ဌာနချုပ်အတွင်း ဆင်စီးမဝင်ဘဲ ပုံမှန်အတိုင်း မြင်းစီးဝင်လျှင် ပိုကောင်းကြောင်း၊ သို့မှသာ စောင့်ကြိုနေသူအားလုံးကို ကျွန်ုပ်က လက်ဆွဲနှုတ်ဆက်နိုင်မည်ဖြစ်ကြောင်း မေဂျာပန်းအောင်က ရှင်းပြသည်။ သို့နှင့် ကျွန်ုပ်ရှေ့ ဆွဲခေါ်လာသော မြင်းပေါ်သို့ တက်လိုက်ရာ မြင်းက ပုနေသဖြင့် ကျွန်ုပ်ခြေထောက်နှစ်ချောင်းကား မြေကြီးနှင့် ထိလုခမန်း တွဲလျောင်းကျနေတော့သည်။ သို့ပေမဲ့ မတတ်နိုင်၊ ယခုလို ခွတီးခွကျ ပုံစံနှင့်ပင် စခန်းမုခ်ဝဆီ ကျွန်ုပ် မြင်းစီးလာခဲ့ရာ မုခ်ဦးကား ကျွန်ုပ်တို့ကို ကြိုဆိုဖို့သက်သက် ဝါးဖြင့်ဆောက်ထားမှန်း သိသာပြီး မုခ်ဦးပေါ်တွင် ''မစ္စတာ ဂျွန်ဟန်မင်တန်နှင့် မိသားစုအား လှိုက်လှဲစွာ ကြိုဆိုပါ၏'' ဟူသော နဖူးစည်းစာတန်းကြီး ချိတ်ဆွဲထားသည်။ ဆိုင်နောင့်က နောက်မှ ကပ်ပါလျက်. မုခ်ဝအတွင်းသို့ ကျွန်ုပ်ဝင်လိုက်သည်နှင့် ဝဲ၊ ယာ တစ်ဖက်တစ်ချက်တွင် တန်းစီ စောင့်နေကြသော စစ်သားနှင့် ရွာသူရွာသား ရာပေါင်းများစွာက ကချင်မှ ကြိုဆိုပါတယ်ဟု အော်ဟစ်နှုတ်ဆက်ကြပြီး အမျိုးသမီးတို့က ရှေ့သို့တိုး၍ ပန်းစည်းတွေ လက်ဆောင်ပေးသည်။ ကျွန်ုပ်ကလည်း မြင်းပေါ်မှနေ၍ တစ်ယောက်ပြီးတစ်ယောက် လက်ဆွဲနှုတ်ဆက်ရင်း လူတန်းရှည်ကြီးတစ်လျှောက် မြင်းစီးဝင်လာရာ တစ်နေရာတွင်မူ အိပ်မက်လိုလို မြင်းကွင်းတစ်ခုကို ရုတ်တရက် တွေ့လိုက်ရသည်။ စင်မြင့်ပေါ်မှာ လျှပ်စစ်ဂစ်တာတွေ တီးနေသော လူငယ်တီးဝိုင်းတစ်ဝိုင်း၊ ဖြူဆွတ်နေသော ဝတ်စုံတွေနှင့် လည်စည်းတွေ ဝတ်ဆင်ထားကြသည်။ လျှပ်စစ်မီးကို ဂျင်နရေတာတစ်လုံးဖြင့် ပေးထားသည်။ သို့ဖြင့် ရော့ခ်ဂီတတေးသွားအတိုင်း ကခုန်မြူးကြွနေသော လူအုပ်ကြီး ဝိုင်းရံလျက် ကျွန်ုပ်၏ စီးတော်မြင်းကို ရဲဘော်တစ်ယောက်က ရှေ့မှဆွဲကာ စခန်းထဲသို့ အောင်ပွဲခံ ဝင်ရောက်လာသည်မှာ ဘုရင်တစ်ပါး နန်းသိမ်းပွဲ ကျင်းပနေသလား အောက်မေ့ရပြီး နောက်ဆုံးတွင် မြစ်ဘေးမှ ဝါးတဲကြီးတစ်လုံးသို့ ရောက်လာလေသည်။

''လအတော်ကြာကတည်းက ခင်ဗျားကို ကျွန်တော်တို့ မျှော်နေကြတာ''

ကချင်အရာရှိတစ်ယောက်က အင်္ဂလိပ်လိုပြောပြီး ကျွန်ုပ်တို့ နေရမည့် အဆောင်ကို လိုက်ပြရာ၊ အခန်းထဲတွင် မွေ့ရာအထူကြီးတစ်ခု ပြင်ဆင်ထားပြီး စာရေးစားပွဲတစ်လုံး၊ ရေနွေးဓာတ်ဘူးတစ်လုံး၊ ကော်ဖီ၊ သကြား၊ နို့ဆီများနှင့် မုန့်ကြွပ်ထုပ်တွေ တွေ့ရသည်။ အမှန်အားဖြင့် ကြိုဆိုပွဲ အခမ်းအနားကို ဤမျှ ကြီးကြီးကျယ်ကျယ် ကျင်းပခဲ့ကြသည်မှာ ကျွန်ုပ်၏ပုဂ္ဂိုလ်ရေး ကျော်ကြားမှုကြောင့် မဟုတ်ဘဲ ၁၉၆၁ ခုနှစ် ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်မှစ၍ ယခုအချိန်အထိ ကျွန်ုပ်တို့သည် ကချင်ဒေသသို့ ပထမဆုံး ရောက်လာသော နိုင်ငံခြားသတင်းထောက်တွေဖြစ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ကို ဧည့်ခံဖို့

www.nyisay.com



စိတ်အားထက်သန်နေကြသည့်တိုင် အိမ်ရှင်တို့က ပါးနပ်လိမ္မာမှု ရှိသည်။ နာဂတောင်တန်းမှ ခရီးကြမ်းနှင်လာရသည်ဖြစ်၍ ကျွန်ုပ်တို့ မိသားစုကို နေရာချ၍ သက်တောင့်သက်သာ အနားယူနိုင်အောင် နာရီအနည်းငယ် ခွင့်ပြုထားသည်။ အီယင်းအနေနှင့်ကျကျနန နေရတော့မည်ဖြစ်၍ ဆိုင်နောင့်လည်း ကျေနပ်နေသည်။ ကျွန်ုပ်တို့ ရေမိုးချိုးပြီး ခဏနားနေကြသည်။ ပြီးမှ အဝတ်အစားသစ်လဲပြီး ဧည့်ခံပွဲသို့ ထွက်လာခဲ့ကြသည်။

ထိုနေ့ည‌နေတွင် တနိုင်းမြစ်ကမ်းဘေးတွင် ဝါးစားပွဲခင်း၍ တပ်မဟာ (၂) မှ အထက်တန်းအရာရှိများနှင့် ကျွန်ုပ်တို့ ညစာ,စားကြသည်။ တပ်မဟာမှူး ဒု-ဗိုလ်မှူးကြီး ကမ်ထွယ်ကား ဝါရင့်စစ်သားကြီးတစ်ဦး၊ သူ့အသက် (၄၀)ကျော် ကာလများက အပွဲပွဲကို နွှဲခဲ့သော တော်လှန်ရေး ဖိုက်တာတစ်ယောက်။ တပ်မဟာနှင့် ဧရိယာသည် ကေအိုင်အို (KIO) အရပ်ဘက် အုပ်ချုပ်ရေး၏ အနောက်ဘက်တိုင်းနှင့် တစ်ထပ်တည်း ဖြစ်သည်။ ကေအိုင်အိုမှ ကချင်လက်နက်ကိုင်တပ်ဖွဲ့ ကေအိုင်အေ (KIA) ၏ နိုင်ငံရေး ဦးဆောင်အဖွဲ့ ဖြစ်သည့် အသက် (၄၅) ခန့်ရှိသော တိုင်းအရာရှိချုပ် ဆင်ဝါးနော်ကား အရပ်ရှည်၍ ထူးခြားသော ဥပဓိရှိသည်။ စကားပြောလျှင် ဝါကျတစ်ကြောင်း ပြီးဆုံးတိုင်း နှစ်လိုဖွယ် အပြုံးကြီးတစ်ပြုံး ပေါ်လာတတ်သည်။ ညစာစားပွဲတွင် ကျွန်ုပ်တို့ လပေါင်းများစွာ မစားခဲ့ရသော ငါးကြော်၊ ဟင်းသီးဟင်းရွက်ကြော်၊ ကြက်ဥကြော်နှင့် ကချင်အရက်တို့နှင့် ဧည့်ခံကျွေးမွေးသည်။

ထိုညက တပ်မဟာ အစည်းအဝေးခန်းမတွင် ရှေ့ခံတီးဝိုင်းအဖွဲ့က ဖြေဖျော်ရာ အစည်းအဝေးခန်းမတစ်ခုလုံး စစ်သားတွေ၊ ရွာသူရွာသားနှင့် ကလေးငယ်တွေပါ စုပြုံတိုးကြိတ်၍ ရယ်မောပျော်ရွှင်နေကြသည်။ အမျိုးသမီး စစ်သည်တို့က ကချင်အလံနှင့် ရိုင်ဖယ်သေနတ်တို့ကို ဂွေ့ရမ်း၍ ရန်သူတို့ကို အနိုင်ယူနိုင်လိုက်သည့် ဟန်လုပ်၍ ကခုန်နေကြရာ ကကြိုးကကွက်နှင့် တေးဂီတတို့ ရောနှောပေါင်းစပ်ထားသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။

ကကွက်မှာ တရုတ်ယဉ်ကျေးမှုတော်လှန်ရေးမှ ဘဲလေးကကြိုးကကွက်တို့ လွှမ်းမိုးနေပြီး တေးဂီတက အနောက်တိုင်းဖြစ်၍ သီချင်းစာသားတို့ကမူ တစ်ပုဒ်လုံး ကချင်စာသား ဖြစ်သည်။ ဧည့်ခံဖြေဖျော်ပြီးသွားသည့်အခါ ယနေ့ နေ့ခင်းအစောပိုင်းကမှ စစ်သားလက်သမားတစ်ယောက် ကျွန်ုပ်ကို လက်ဆောင်ပေးသွားသော အသစ်ကျပ်ချွတ် ချိုင်းထောက်ဖြင့် နင်းကျိုး၊ နင်းကျိုး လျှောက်ကာ ပြန်လာခဲ့သည်။

ဘေးကင်းလုံခြုံရာ ကေအိုင်အေစခန်းသို့ ကျွန်ုပ်တို့ ရောက်လာခဲ့ပြီ ဟူသောအသိကြောင့် လွတ်လပ်ပေါ့ပါးနေသည်။ ကျွန်ုပ်တို့ ရောက်လာပြီဆိုသော သတင်းကို အခြားကချင်စခန်းတွေဆီ ရေဒီယိုဆက်သွယ်ရေးဖြင့် လွှင့်ထုတ်ခဲ့ရာ တပ်မဟာ (၂)သို့ ရောက်ပြီး ဒုတိယနေ့တွင် ကျွန်ုပ်တို့ဆီ ကြေးနန်းသတင်း (၂) ခု ဝင်လာသည်။ တစ်ခုမှာ တရုတ်နယ်စပ်အနီး ကချင်ဗဟိုဌာနချုပ်ဖြစ်သော ပါကျောင်မှ ကေအိုင်အိုဥက္ကဋ္ဌ ဘရန်ဆိုင်းထံမှ

www.nyisay.com



ဖြစ်၍ ကျွန်ုပ်တို့ကို ကြိုဆိုကြောင်း၊ NDF အစည်းအဝေးပြီးသွားသော်လည်း ကိုယ်စားလှယ်တို့ မပြန်သေးဘဲ ကျွန်ုပ်တို့ကို စောင့်နေကြောင်း ဖြစ်သည်။

ဒုတိယကြေးနန်းသတင်းမှာ မြောက်ပိုင်း ထိုင်းမြန်မာ နယ်စပ်ရှိ KIA မှ ဖြစ်သည်။ ဘန်ကောက်မှ ကျွန်ုပ်တို့မထွက်ခွာမီ ခရီးစဉ်နှင့်ပတ်သက်၍ သူနှင့် ကျွန်ုပ် ဆွေးနွေးဖူးသည်။ ကြေးနန်းစာတွင် သူက ယခုလို တိုတိုနှင့် လိုရင်းရေးထားသည်။

"ကချင်ပြည်နယ်သို့ ရင်သပ်အံ့ဩလောက်စရာ ခရီးကြမ်းဖြင့် အောင်မြင်စွာ ရောက်ရှိသွား၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ ခင်ဗျားရောက်လာတဲ့အတွက် ကျွန်တော်တို့ ပျော်ရွှင်နေကြတယ်"

ဆိုင်နောင့် ရိုက်ကူးခဲ့သော ဖလင်လိပ်တို့ကိုလည်း ဘန်ကောက်သို့ ပြန်ပို့နိုင်သဖြင့် သေသေချာချာ ထုတ်ပိုး၍ ဆီး(လ်) ခတ်နှိပ်ထားသော ဖလင်ထုပ်ကို တပ်မဟာ ခေါင်းဆောင်တို့က လက်ခံရယူပြီး ကေအိုင်အေအဖွဲ့တွင် အလုပ်,လုပ်နေသော အမျိုးသမီး (၂)ယောက်လက်ထဲ ထည့်လိုက်သည်။ အရပ်ဝတ် ဝတ်ထားသော အဆိုပါအမျိုးသမီး (၂) ဦးတို့က မော်တော်ကားဖြင့် အစိုးရထိန်းချုပ်နယ်မြေကို ဖြတ်၍ ပါဂျောင်အထိ သယ်ဆောင်သွားသည်။ ထိုမှတစ်ဆင့် ဖလင်ထုပ်ကို တရုတ်မှ ဘန်ကောက်သို့ လေကြောင်းဖြင့် ပေးပို့ခဲ့ပြီး မှိုတက်သည့် အန္တရာယ်ကို စိုးရိမ်သဖြင့် နောက်ထပ် ဖလင်လိပ်နှင့် မှန်ဘီလူး အသစ်တစ်ခုကိုလည်း ပြန်ပို့ဖို့ မှာလိုက်သေးသည်။

မြန်မာပြည်အတွင်း သူပုန်တို့ ထိန်းချုပ်ထားသော နယ်မြေတွေဆီ ကျွန်ုပ်သွားရောက်ခဲ့ရာတွင် ယခု တပ်မဟာ (၂) စစ်ဌာနချုပ်သည် အကျယ်ဝန်းဆုံးနှင့် လက်နက်ခဲယမ်း အတောင့်တင်းဆုံးစခန်း ဖြစ်သည်။ တပ်မဟာ (၂)၏ ဝင်ငွေအများဆုံးကို ဟူးကောင်းချိုင့်ဝှမ်း အနောက်ဘက် တပ်မဟာ (၂) စစ်ဆင်ရေး ဧရိယာအတွင်းရှိ ဖားကန့်ကျောက်စိမ်းတွင်းတို့မှ ရရှိခြင်းဖြစ်သည်။

အကျိုးအမြတ်များသော ကျောက်စိမ်းရောင်းဝယ်ရေးမှရသော အခွန်အခတို့မှာ ကေအိုင်အေအတွက် အများဆုံးဖြစ်သည်။ ကချင်ပြည်နယ် မရောက်သေးမီက ကျောက်စိမ်းတွင်းနှင့် ၄င်းဒေသတွင် ကူးသန်းရောင်းဝယ်ရေးတို့နှင့် ပတ်သက်၍ ယေဘုယျ ကြားသိရသဖြင့် ပုံကြီးချဲ့ထားသည်ပဲ ထင်ခဲ့သည်။ ယခုမူ လူတွေက ဖားကန့်ကို ဟောင်ကောင်နိုင်ငံအသေးစားလေးနှင့် ပုံခိုင်းပြောနေသည်ကို ကြားရပြန်တော့ အံ့သြရပြန်သည်။ အကြောင်းမှာ ဖားကန့်ကား အဆမတန် ကြွယ်ဝချမ်းသာသည်။ အားကောင်းမောင်းသန် ရောင်းကြဝယ်ကြသည်။ စားသုံးကုန်ပစ္စည်း အကုန်နီးပါးရသည်။ ပြင်သစ်ရေမွေး၊ ပြင်သစ်ကော့ညက်၊ အမေရိကန် စီးကရက်၊ ဆွစ်ဇာလန်ထောပတ်ဘူး၊ ဩစတြေးလျဒိန်ခဲ၊ ဂျာမဏီထမင်းချက်အိုး စသဖြင့် ၄င်းဖျားပေါသော ကချင်ဒေသတောကြီးမျက်မည်း အလယ်က ကော်စမို

www.nyisay.com



ပိုလစ်တန် အိုအေစစ်နေရာလေးတွင် လူသုံးကုန်ပစ္စည်းအားလုံး ရောင်းချနေသလား ထင်မှတ်ရသည်။ ကုန်ပစ္စည်းအားလုံး မတန်တဆ ဈေးကြီးသော်လည်း အချို့လူတွေ အိမ်သာကျင်းတူးရာက အမှတ်မထင် ကျောက်စိမ်းတုံးကြီးတစ်တုံးတွေ့ပြီး မီလျံနာ သူဌေးကြီးတွေ ဖြစ်သွားကြသည်ဟူ၍ အပြောအဆိုရှိသောနေရာမှာ ကုန်ပစ္စည်းဈေးကြီးခြင်း သည် ပြဿနာကြီး မဟုတ်ဟု ယူဆပုံရသည်။

ဒယိမ်းဒယိုင်ဖြစ်နေသော မြန်မာ့စီးပွားရေးစနစ်အောက်တွင် လူသုံးကုန်ပစ္စည်း အနည်းငယ်ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့သော်လည်း နိုင်ငံပိုင်စက်ရုံတို့က ထုတ်လုပ်ခဲ့ ကြပြီး ဆိုရှယ်လစ်နိုင်ငံတွင် ပြည်သူတို့သည် အခွင့်ထူးခံ လူတန်းစား ဖြစ်သည်ဟူသော စကားလုံးကို မဖြစ်မနေ ထည့်ရသည်၊ ဥပမာ-ဘီယာဆိုလျှင် ပြည်သူ့ဘီယာနှင့် အရက် ချက်စက်ရုံမှ ထုတ်လုပ်သည်။ လိမ္မော်ရည်ဆိုလျှင် ပြည်သူ့ရေခဲနှင့် အချိုရည်စက်ရုံမှ ထုတ်လုပ်သည်။ ယုတ်စွအဆုံး သွားတိုက်ဆေးသည်ပင်လျှင် ပြည်သူ့ လူသုံးကုန်ပစ္စည်း စက်ရုံမှ ထုတ်လုပ်သည် ဟူ၏။

ဧနှစ်ဝါရီ (၂၀) ရက်နေ့၊ မြစ်ကမ်းဘေးမှ ကျွန်ုပ်တို့တဲအိမ်လေးထဲတွင် အထူး အစီအစဉ်တစ်ခု ကျင်းပခဲ့ကြသည်။ ထိုနေ့ ညနေက မေဂျာပန်းအောင်နှင့် အရာရှိအချို့ အပါအဝင် တပ်မဟာ (၂) ဌာနချုပ် ဧရိယာတွင်ရှိသော မဂ္ဂီဘွမ်ရွာမှ ရွာသူရွာသား တစ်ဒါဇင်ခန့် ကျွန်ုပ်တို့ဆီ ရောက်လာကြသည်။ ကျွန်ုပ်တို့ သမီးလေးကို ယခုအထိ အမည်မပေးရသေးသဖြင့် သူတို့က ကချင်ရိုးရာ အစဉ်အလာအတိုင်း အမည်ပေးကင်ပွန်း တပ် မင်္ဂလာပွဲ ပြုလုပ်ပေးလိုကြသည်။ သို့ဖြင့် မေဂျာက ကျွန်ုပ်တို့ သမီးလေးအမည်ကို ဂျာရဲန်ဟု ရွေးချယ်ထားကြောင်း တည်တည်ငြိမ်ငြိမ်နှင့် ကြေညာလိုက်သည်။

အဓိပ္ပာယ်မှာ ကချင်ဘာသာဖြင့် 'ရွှေစင်' ဖြစ်ကြောင်း ဆင်ဝါးနော်က ဘာသာ ပြန်ပြသည်။

ဝိုင်းဖွဲ့ထိုင်နေသော လူအားလုံးက သဘောကျ၊ ကျေနပ်သည်ဆိုသောသဘောဖြင့် ခေါင်းတညိတ်ညိတ်နှင့် ထင်မြင်ချက်အမျိုးမျိုး ပြောကြသည်။ ရွှေစင်ဟူသော အမည်သည် လှပ၍ ထူးခြားသောအမည်ဖြစ်ကြောင်း၊ ကလေးငယ်၏ ရုပ်ဆင်းအင်္ဂါနှင့် လိုက်ဖက် ကြောင်း စသည်တို့ဖြစ်သည်။ ဆိုင်နောင့်က ကလေးကို ချီ၍ ထိုင်နေရာမှ ကလေးကို ပွေ့ဖက် နမ်းရှုံ့ရင်း ပြုံး၍ သမီးလေးကို ဂျာရဲန်ဟု နာမည်သစ်ကို ခေါ်လိုက်သည်။ ဂျာရဲန်က ယခု လေးလနှင့် တစ်ပတ်ပြည့်ခဲ့လေပြီ။

အမည်ပေးပြီးနောက် ကချင်ထုံးစံအရ အမျိုးသမီးတစ်စုက ငါးခြောက်နှင့် ဂျင်းစိမ်း တို့ကို ရောရ၍ ဝါးဆုံတွင်း ထည့်ထောင်းပြီး ငှက်ပျောရွက်ပေါ်တွင် အလုံးလေးတွေကို လိုက်ပုံပေးသည်။ ကောက်ညှင်းဆန်ကို ချက်၍ ခပ်တန်တန် အလုံးလေးတွေ လုံးပြီး

www.nyisay.com



ဆန်အရက်နှင့် ကြွရောက်လာသော ပရိသတ်အားလုံး မီးပုံဘေးတွင် ဝိုင်းထိုင်၍ စားကြ၊ သောက်ကြသည်။

ထို့နောက် ကလေးမိဘနှစ်ပါးကို ရွာသူရွာသားတွေက လက်ဆောင်အဖြစ် ကျင်းလုံခြည်တစ်ထည်စီ ပေးရာ ပန်းအောင်က ကျွန်ုပ်ကို ယခုပင် လုံချည်ဝတ်ဖို့ အကြံပြု သဖြင့် ထော့နင်းထော့နင်းဖြင့် အိပ်ခန်းထဲဝင်၍ လုံချည်လဲပြီး ပြန်ထွက်လာရာ အရပ်ကလန်ကလား အနောက်တိုင်းသားတစ်ဦးကို ကျင်းလုံချည်နှင့် မြင်လိုက်ရသည့်အခါ ရွာသူရွာသားတွေ ပွဲကျသွားကြသည်။ ဤတွင် ပန်းအောင်က ကျွန်ုပ်တို့ သမီးကို ကျင်းအမည်ပေးလိုက်သဖြင့် ကျွန်ုပ်တို့သားအမိသားအဖ သုံးယောက်စလုံးမှာ သူတို့၏ အင်ခွမ် ကျင်းမျိုးနွယ်ဂုဏ်ထူးဆောင်အဖွဲ့ဝင်တွေ ဖြစ်သွားပြီဟု ပြောရာ ရွာသားအားလုံး တပြိုးပြိုးနှင့် သဘောကျသွားကြသည်။

"အခုအချိန်ကစပြီး ခင်ဗျားတို့ဟာ ကျုပ်တို့ မိသားစုဝင်တွေ ဖြစ်သွားပြီ၊ ကျုပ်တို့တွေ အားလုံးဟာ ကျင်းတွေပဲ"

ရာသီဥတုဒဏ်တို့ဖြင့် မျက်နှာတွင် အရေးအကြောင်းလိုက်နေသော အသက်ကြီးကြီး အမျိုးသားကြီးတစ်ဦးက ဆန်အရက်ခွက်ကို ကိုင်မြှောက်ရင်း အော်ပြောလိုက်ရာ ကျွန်ုပ်တို့အားလုံး သမီးလေး ကင်ပွန်းတပ်မင်္ဂလာပွဲ အထိမ်းအမှတ်အဖြစ် ခွက်မြှောက်၍ သောက်လိုက်ကြသည်။

ဧည့်ခံပွဲပြီး၍ ရွာသူရွာသားတွေ အသီးသီး အိမ်ပြန်သွားကြသော်လည်း အရာရှိတွေက ချန်နေခဲ့ကြပြီး ကျွန်ုပ်တို့ ပြောကြဆိုကြရာ လေယာဉ်ပစ် အမြောက်များအကြောင်း၊ ကမ်ပူးချားတွင် ဖြစ်နေသော စစ်ပွဲနှင့် အာဆီယံ အနာဂတ်တို့ကို ဆွေးနွေးဖြစ်ကြသည်။

ကျွန်ုပ်တို့ကို အရေးပါသော ဧည့်သည်တွေအဖြစ် သဘောထားသဖြင့် ကျွန်ုပ်တို့ အိမ် လုံခြုံရေးကို စောင့်ကြပ်၍ ညဘက်တွင် ကင်းချထားရာ ကင်းတပ်ဖွဲ့ဝင်တို့သည်လည်း ကျွန်ုပ်တို့တွေ့ခဲ့ရသော အခြားကချင်စစ်သားတွေလို စည်းစနစ်ကျ၍ ကောင်းစွာ လေ့ကျင့်ထားသည်။ အစိမ်းရောင်ယူနီဖောင်းကို စမတ်ကျကျ ဝတ်ထားကြပြီး အနီရောင် ပေါ်တွင် ကချင်ဓားနှစ်လက် ကြက်ခြေခတ်၍ အပေါ်တွင် KIA စာလုံးပါသော တံဆိပ်ကို လက်မောင်းတွင် တပ်ထားကြသည်။ ယေဘုယျအားဖြင့် ကချင်စစ်သားအားလုံး နာဂစစ်သားတွေထက် အသက်ကြီး၍ အများဆုံး ၂၀ ဝန်းကျင် (သို့) (၃၀) ကျော်အရွယ်တွေ ဖြစ်သည်။

ကချင်လက်နက်ကိုင်ဒေသတွင်း နေထိုင်သူအားလုံး လိုက်နာရမည့် ဥပဒေအရ လူငယ်အားလုံး အမျိုးသားရေးတာဝန်ကို (၃) နှစ် ထမ်းဆောင်ကြရပြီး ကေအိုင်အေမှ ထွက်လိုက ထွက်နိုင်သည်။ ဆက်လက် တာဝန်ထမ်းလိုက ထမ်းနိုင်သည်။ သို့ရာတွင်

www.nyisay.com



အများစုမှာ ဆက်လက်တာဝန်ထမ်းဆောင်ကြောင်း ပြောသဖြင့် ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်အနေနှင့် မယုံနိုင်စရာအကြောင်း မရှိ။ စစ်မက်ရေးရာတို့တွင် အစဉ်အလာရှိခဲ့သည်ကိုလည်း ကချင်တို့က ဂုဏ်ယူတတ်ကြရာ ကျွန်ုပ်နှင့် ဆုံခဲ့သော စစ်သားအားလုံးနီးပါး စစ်မှုထမ်းသက် အနည်းဆုံး (၅) နှစ်၊ (၆) နှစ်ရှိသူချည်းပင်။ တစ်ည၊ မီးလင်းဖိုဘေးတွင် ထိုင်၍ မှတ်စုစာအုပ်ကို လှန်လှောကြည့်ရှု၍ မှတ်တမ်းရေးခိုက်၊ ရုတ်တရက် ဧည့်သည်တစ်ယောက် အခန်းထဲဝင်လာပြီး မီးလင်းဖိုတစ်ဖက်မှ ကုလားထိုင်တွင် ထိုင်လိုက်သည်။ ယူနီဖောင်းဝတ်ထားသဖြင့် ကေအိုင်အေ တပ်သားတစ်ယောက်ဖြစ်ကြောင်း သံသယမရှိသော်လည်း ကျွန်ုပ်ကို မကျေမချမ်း ဖြစ်နေသော မျက်လုံးတွေနှင့် စိုက်ကြည့်နေသည်။ ကြုံလှီနေသော ခြေထောက်တို့ကို ထိုင်ခုံအောက် ခေါက်သွင်းထားသဖြင့် ခြေပြတ်နေသလို ထင်ရပြီး၊ အသက်အားဖြင့် (၄၀) ဝန်းကျင် ခန့်မှန်းရသည်။ သူ စကားပြောလိုက်သည်တွင် ရှေ့သွားတချို့ ကျိုးနေသည်ကို ကျွန်ုပ် သတိပြုမိလိုက်သည်။

"အယုတ်တမာကောင်၊ မင်း ငါတို့ကို လုပ်ချသွားတယ်"

ရုတ်တရက် သူ့စကား ကြားလိုက်ရပြီး ကျွန်ုပ် အံ့အားသင့်သွားရာက ခပ်ရွဲ့ရွဲ့ ပြန်ပြောလိုက်သည်။

"ခင်ဗျား ပြောတာ ကျုပ် နားမလည်ဘူး"

"မင်းနာမည် ဂျွန်ဟန်မင်တန် မဟုတ်လား၊ ဗြိတိသျှလူမျိုး၊ ဒါမှမဟုတ် အမေရိကန် လား"

"နှစ်ခုစလုံး မဟုတ်ဘူး၊ ကျုပ်က ဆွီဒင်၊ နာမည်ရင်းက ဘာတီးလ်လင့်တနာ"

သူ ဘာကြောင့် ရန်လိုနေရသည်ကို အရိပ်အမြွက်သိလိုက်သဖြင့် ကျွန်ုပ် ငြိမ်နေလိုက်သည်။

"ဆွီဒင်လူမျိုး ဟုတ်လား၊ မင်းနာမည်က ဂျွန်ဟန်မင်တန် မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး၊ ဂျွန်ဟန်မင်တန်ဆိုတာ ဗမာအစိုးရ မျက်စိလည်သွားအောင် ပေးထားတဲ့ နာမည်ဝှက်၊ ကျုပ်နာမည်ကို သူတို့ ကောင်းကောင်းသိတယ်"

ဆွီဒင်လူမျိုးဟုတ်လား ဟု သူ့ဘာသာ နောက်တစ်ကြိမ် ပြောလိုက်သည်။

"ဒါဆိုရင် ဒီမှာ မင်း ဘာလာလုပ်တာလဲ"

"ကျုပ်က သတင်းထောက်၊ ခင်ဗျားနဲ့ ခင်ဗျားတို့ လက်နက်ကိုင်တော်လှန်ရေးအကြောင်းကို စာအုပ်ရေးဖို့ ရောက်လာတာ၊ ခင်ဗျားကို အရာရှိတွေ မပြောဘူးလား"

"ပြောကြပါတယ်၊ ဒါပေမဲ့ ငါက မယုံတာ၊ ဗြိတိသျှ ဒါမှမဟုတ် အမေရိကန် စပိုင်တစ်ကောင် ရောက်လာတယ်ပဲ အောက်မေ့တာ၊ သောက်သုံးမကျတဲ့ ကောင်တွေ၊ ဒီလိုကောင်တွေ ဒီနေရာကို တစ်ကောင်မှ မလာစေချင်ဘူး၊ ကမ္ဘာစစ်ကြီးလည်းပြီးရော ငါတို့ကို စွန့်ပစ်သွားတယ်"

www.nyisay.com



ကျွန်ုပ် ကိုယ်ကို ရှေ့ကိုင်းလိုက်ပြီး လက်ကို မီးကျီးခဲတွေပေါ်က ကျော်ကာ သူ့ဆီ ကမ်းလိုက်ရာ ချီတုံချတုံနှင့် တစ်အောင့်ကြာမှ ကျွန်ုပ်လက်ကို လှမ်းကိုင်လိုက်သည်။ အိပ်ခန်းထဲ ရောက်နေသော ဆိုင်နောင့်ကို ကျွန်ုပ် လှမ်းခေါ်လိုက်ပြီး ဆန်အရက် တစ်လုံး ယူလာဖို့ ပြောလိုက်သည်။ မေကျာပန်းအောင်က ကျွန်ုပ်အတွက် ဆန်အရက် တစ်လုံး ထားခဲ့သော်လည်း ကျွန်ုပ်မှာ ပင်နစလင်ထိုးဆေး မပြတ်သေးသဖြင့် ယခုအထိ မထိရသေး။ သူ့အတွက် တစ်ခွက်၊ ကျွန်ုပ်အတွက် တစ်ခွက် ထည့်လိုက်ပြီး မီးတောက်အရက်ကို မဝံ့မရဲနှင့် ကျွန်ုပ်က တစ်ငုံစုပ်လိုက်ချိန်မှာ သူက တစ်ကျိုက်ထဲ ကျိုက်ချလိုက်သည်။ ပြီးမှ-

''ငါ့နာမည်က ဘောက်ဒီး၊ ကချင်လိုတော့ ဒီအိုင်လို့ စာလုံးပေါင်းတယ်၊ ဒါပေမဲ့ လေဒီ ဒိုင် (Lady Di) နဲ့ ဘာမှမပတ်သက်ဘူး''

ဤ၌ ကျွန်ုပ်ရယ်မိတော့သည်။ အင်္ဂလိပ်စကားကို ကောင်းစွာ ကျွမ်းကျင်သလို ဗဟုသုတကြွယ်သဖြင့် သူ့ကို ကျွန်ုပ် စိတ်ဝင်စားစပြုလာသည်။

''ဒါနဲ့ ပြောပြပါဦး၊ ဘာကြောင့် ဗြိတိသျှနဲ့ အမေရိကန်တွေကို မုန်းနေရတာလဲ၊ ကျုပ်တွေ့ခဲ့သမျှ အဖိုးကြီးတွေအားလုံးလိုလိုက ခင်ဗျားနဲ့ပြောင်းပြန်၊ သူတို့အားလုံးက မဟာမိတ်တပ်တွေနဲ့ လက်တွဲပြီး ဂျပန်ကို ဘယ်လိုတိုက်ခဲ့တယ်ဆိုတာတွေပဲ ကျုပ်ကို ပြောပြကြတယ်''

''အဲဒါလည်း ဟုတ်ပါတယ်''

သူ၏ တုံ့ပြန်စကားတွင် ဒေါသရိပ်တွေ လျော့ကျသွားပြီး ဆက်ပြောသည်။

''ဒုတိယကမ္ဘာစစ်တစ်ခုတည်း မဟုတ်ပါဘူး၊ ပထမကမ္ဘာစစ်တုန်းကဆိုလျှင် မက်ဆိုပိုတေးမီးယားမှာ ဗြိတိသျှတွေနဲ့အတူ ကချင်စစ်သားတွေ ရာနဲ့ချီပြီး တိုက်ခဲ့ကြတာပဲ၊ စစ်ကြီးပြီးတော့ လန်ဒန်မှာ ကျင်းပတဲ့ အောင်ပွဲရ စစ်ရေးပြအခမ်းအနားမှာ ဂေါ်ရခါးစစ်သားနဲ့ ကချင်စစ်သားတွေကိုပဲ သူတို့ရဲ့ ရိုးရာလက်နက်တွေ ကိုင်ဆောင်ခွင့်ပေးတယ်။ ဂေါရခါးတွေက ခွပ်ကရီးမားကို ကိုင်ကြပြီး ကချင်တွေက ကချင်မားကိုကိုင်ပြီး စစ်ရေးပြခဲ့ကြတယ်၊ အဲ့ဒီမားတွေကို မင်း တွေ့ဖူးမှာပေါ့''

''တွေ့ဖူးရဲတင် ဘယ်ကမလဲ၊ နမ်ဗျူရွာသားတွေက ငွေရိုးတပ် မားတစ်ချောင်းကို တောင် ကျုပ်ကို ပေးလိုက်ကြသေးတယ်''

မကြာသေးမီကမှ ကချင်တွေနှင့် ကျွန်ုပ်တို့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြသည်ကို သဘကနှင့် ထုတ်ဖော်ပြောဖို့ ကြိုးစားပါသော်လည်း သူက ကျွန်ုပ်စကားကို မသိကျိုးကျွံပြု၍ သူ့စကားကို ဆက်နေသည်။

''မက်ဆိုပိုတေးမီးယားသွားတဲ့ ကချင်စစ်သားတွေထဲမှာ ငါ့အဘိုးလည်း ပါတယ်။ ဗန်းမော်မှာ နေခဲ့တုန်းက ငါက ချာတိတ်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ ငါ့အဘိုးက သူ စစ်

www.nyisay.com



တိုက်ခဲ့တဲ့အကြောင်းတွေ၊ သူရဲ့ ဒူကမ္ဘာ့ အကြောင်းတွေ ပြောပြခဲ့တယ်။ ဒူကမ္ဘာ့ ဆိုတာ ကချင်လို အရာရှိကြီးကို ပြောတာ။ နောက်ပိုင်း ရန်ကုန်တက္ကသိုလ်ရောက်သွားတော့ စာအုပ်တစ်အုပ် သွားတွေ့တယ်။ အန်ရီကွီရေးတဲ့ "Burmese Arcady" ကချင်စစ်သားတွေ မက်ဆိုပိုတေးမီးယားသွားတဲ့အကြောင်း ရေးထားတာ၊ ငါ့အဘိုး အကြောင်းလည်း ပါတယ်။ စာအုပ်ကို ဝယ်ပြီး ဗန်းမော်ယူလာတယ်။ ပြီးတော့ ငါ့အဘိုးကို ဖတ်ပြတယ်၊ မင်းသိမှာပါ၊ ငါ့အဘိုးက စာတော့မဖတ်တတ်ဘူး။ သူ့နာမည်ကို အသံထွက်ဖတ်ပြတဲ့အခါတိုင်း အဘိုးမျက်ရည်ကျခဲ့တာကို အခုအထိ ငါမှတ်မိနေသေးတယ်။ ဒါပေမဲ့ သေတဲ့အချိန်အထိ အဲ့ဒီအတွက် သူဂုဏ်ယူခဲ့တယ်၊ နောင်လေးငါးနှစ်ကြာတော့ သူ ဆုံးသွားတယ်။ လူဖြူတွေအတွက် စစ်တိုက်ပေးခဲ့တာ ငါ့အဘိုးတစ်ယောက်တည်း မဟုတ်ဘူး။ ငါ့အဖေနဲ့ ငါဦးလေးတွေအားလုံးလည်း ဒုတိယကမ္ဘာစစ်မှာ မဟာမိတ်တွေနဲ့တွဲပြီး ဂျပန်ကို တိုက်ခဲ့ကြတာချည်းပဲ။"

သူဘက်က စကားတွေသွန်အော ပြောနေသည်မှာ အရက်အရှိန်ကြောင့် ဖြစ်ကောင်းဖြစ်မည်။ ကျွန်ုပ်ကို သူထင်သလို မဟုတ်ဘဲ ဆွီဒင်လူမျိုး ဆိုသည်ကို ယုံကြည်သွားတာလည်း ဖြစ်ကောင်းဖြစ်မည်။ နှစ်ခုလုံးလည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ဖြစ်စေ သူ့စကားကို တားဆီးမရတော့၊ အင်ပြည့်အားပြည့် စီးဆင်းနေလေပြီ။

"ဒါကြောင့် ငါတို့အားလုံး ဂုဏ်ယူကြတယ်။ ကမ္ဘာ့စစ်တပ်ကြီးတွေမှာ ငါတို့ စစ်မှုထမ်းဖူးကြတယ်။ ခေတ်နောက်ကျနေတဲ့ တောင်တန်းတွေကြားမှာ နေထိုင်နေတဲ့ ငါတို့ ကချင်အမျိုးသား လူနည်းစုကို တကယ့် စစ်သူရဲတွေအဖြစ် အသိအမှတ်ပြုခဲ့ကြတယ်။ ဒါကြောင့် ရန်ကုန်အစိုးရကို လက်နက်စွဲကိုင်ပြီး ငါတို့ တော်လှန်တဲ့အခါ သဘာဝကျစွာပဲ သူတို့အတွက် ငါတို့ တိုက်ခိုက်ပေးခဲ့တဲ့ လူတွေဆီက အကူအညီ၊ ဒါမှမဟုတ် အနည်းဆုံး နားလည်မှုကိုတော့ ငါတို့ မျှော်လင့်ခဲ့ကြတယ်။ သူတို့ ဒုက္ခတွေ့နေတုန်းက သူတို့ကို ငါတို့ ကူညီပေးခဲ့ကြတယ်။

သူ့စကားကို ဖြတ်မပြောလိုတော့၊ စိတ်ဝင်စားစွာနှင့်ပဲ ဆက်၍ နားထောင်နေသည်။

"ဒီမှာ... ငါ့သွားတွေ ကျိုးနေတာ တွေ့လား" သူ့ပါးစပ်ကို စေ့ရင်း လက်ညှိုးထိုးပြီး ဆက်ပြောသည်။

"အဲ့ဒါ စစ်ထောက်လှမ်းရေး လက်ချက်ပေါ့။ စစ်ထောက်လှမ်းရေးဆိုတာ စစ်အာဏာရှင်အစိုးရရဲ့ အရက်စက်ဆုံး အဖွဲ့အစည်းပဲ။ နိုင်ငံခြားသားတွေက ဗမာပြည်ဟာ ရွှေရောင်ဘုရားတွေ တဝင်းဝင်းနဲ့ လူတွေကလည်း ပြုံးရွှင်ပြီး သဘောမနော ကောင်းကြတယ်လို့ ထင်နေကြတယ်။ သူတို့ မသိပါဘူး၊ ဗမာပြည်ဟာ ဆိုဗီယက် ယူနီယံလိုပဲ နေရာတိုင်းမှာ အစိုးရသတင်းပေးတွေ ရှိတယ်။ ဥပဒေမဲ့ တရားလက်လွတ် ဖမ်းချင်တိုင်း ဖမ်းနေကြတယ်၊ နိုင်ငံရေး အကျဉ်းသားတွေကို ထောင်ထဲမှာ အမျိုးမျိုး ညှဉ်းပန်း

www.nyisay.com



နှိပ်စက်နေကြတယ်။ အကျဉ်းသားတွေကို တရားစီရင်တာမျိုး သတင်းထုတ်ပြန်တာမျိုး မရှိဘဲ လက်စတုံးပစ်တတ်ကြတယ်။ ကေအိုင်အေထဲ မဝင်ခင် ရန်ကုန်ကျောင်းသားလှုပ်ရှားမှုမှာ ငါ ပါခဲ့တယ်၊ အဖမ်းခံရတယ်။ ငါ့သွားတွေ ကျိုးကုန်တာ အဲ့ဒီအချိန်ပဲ။ စစ်ထောက်လှမ်းရေး (MIS) စစ်ကြောရေးအခန်းထဲမှာ ဝိုင်းပြီး ရိုက်နှက်ခံခဲ့ရတယ်။ နောက်ဆုံး ထောင်ကလွတ်တဲ့အခါ ဗြိတိသျှသံရုံးကို တန်းပြီးသွားတယ်။ ဗမာပြည်မှာ ဖြစ်နေတာတွေကို သူတို့တွေ သိမှာပဲလို့ ငါထင်ခဲ့မိတယ်။ သူတို့က ငါပြောပြတာတွေကို နားထောင်လိမ့်မယ်လို့လည်း ယူဆခဲ့တယ်။ ငါတို့ မိသားစု မျိုးဆက် (၂) ဆက်လုံး သူတို့စစ်တပ်မှာ စစ်မှုထမ်းခဲ့ကြတယ်။''

သူ့စကားကို ခဏဖြတ်ပြီး ကြမ်းပေါ် တံတွေးထွေးလိုက်သည်။ အရက်အရှိန်ကြောင့် သူ့မျက်နှာတစ်ခုလုံး နီမြန်းနေသည့်တိုင် ဗလုံးဗထွေးမရှိ အသံမှန်မှန်နှင့် ပြောလာခဲ့သည်။ သူ့ရင်ထဲ အောင်းထားခဲ့သမျှ ဖြစ်ကြောင်းရယ်ကုန်စင်ကို တက်တက်ကြွကြွနှင့် မနားတမ်း ဆက်ပြောသည်။

''သံရုံးက ဧည့်ကြိုစားပွဲကို ငါ ရောက်သွားပြီး သံမှူး ဒါမှမဟုတ် စစ်သံမှူးနဲ့ တွေ့ချင်တယ်လို့ ငါပြောတော့ အဲဒီ ကြွစောင်းစောင်းနဲ့အကောင်က ငါ့ကို ဘယ်သူလဲလို့မေးတယ်။ ငါက မက်ဆိုပိုတေးမီးယားမှာ ဗြိတိသျှတွေအတွက် စစ်တိုက်ပေးခဲ့တဲ့ ကချင်စစ်သားကြီးတစ်ယောက်ရဲ့မြေး၊ ငါ့အဖေက ဗြိတိသျှတွေနဲ့ လက်တွဲပြီး ဂျပန်ကို တိုက်ခဲ့တဲ့ လူလို့ပြောတော့ သူတို့က ငါ့ကို ဘယ်လိုတုံ့ပြန်တယ် ထင်လဲ။ ငါ့ကို သံရုံး အပြင်ဘက် ဆွဲထုတ်သွားတယ်။ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး။ အလကားသစ္စာဖောက်ကောင်တွေ၊ သူတို့အတွက် ငါတို့ တိုက်ပေးခဲ့တာ ဘာအတွက်လဲ။ အခုလို ကလေကချေတစ်ယောက်လို ဆက်ဆံခံရဖို့လား''

နာကြည်းစွာနှင့် သူ ငြိမ်သက်သွားသည်။ သူ့ခွက်ထဲကို အရက်ငှဲ့ထည့်ပေးပြီး ကျွန်ုပ်ခွက်ထဲကိုလည်း နည်းနည်း ထည့်လိုက်သည်။

''ဘောက်ဒီး'' ဟု လေးလေးနက်နက် ကျွန်ုပ် ခေါ်လိုက်သည်။

''အခု ခင်ဗျားပြောတာတွေကို ဗြိတိသျှနဲ့ အမေရိကန်တွေကို ကျွေပ် ပြောပေးပါ့မယ်။ ကျွေပ်ကိုယ်တိုင်က ဗြိတိသျှတစ်ယောက် မ‌ဟုတ်ပေမဲ့ ဒီအကြောင်းတွေကို ကျွေပ် ပြောလိုက်ပါ့မယ်''

သူနှင့် ကျွန်ုပ် အရက်ခွက်ချင်း တိုက်၍ မော့လိုက်ကြရာ သူ့ထံက မကျေမချမ်းတာတွေ၊ စိတ်ပျက်နာကြည်းစရာတွေ ချက်ချင်း အငွေ့ပျံသွားသလား ထင်ရသည်။

''ငါ... မင်းကို ဘာတီးလ် လို့ ခေါ်မယ် ဟုတ်ပြီလား၊ မင်းက တော်တော် အသုံးမကျတဲ့ကောင်ပဲ။ ဒါပေမဲ့ မင်းသာ အမေရိကန် ဒါမှမဟုတ် ဗြိတိသျှတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ငါ့ချိုင်းထောက်နဲ့ မင်းကို ရိုက်ပစ်မှာပဲ''

www.nyisay.com



သူ့နောက်ဘက်တွင် မှီထားသော သစ်သားချိုင်းထောက်ကို ရုတ်တရက် ကျွန်ုပ် သတိပြုမိလိုက်သဖြင့် ပြတ်နေသော သူ့ခြေထောက်ကို တစ်ချက်ကြည့်မိလိုက်သည်။ စစ်သားတစ်ယောက်ဖြစ်သဖြင့် ဒီလိုကိစ္စကို သူ့ကိုမေးဖို့ရာ သဘာဝကျမည် ထင်သည်။

"ဗမာတွေနဲ့ တိုက်ခဲ့တဲ့ပွဲမှာ ရခဲ့တဲ့ဒဏ်ရာလား"

"ဗမာတပ်တွေနဲ့ မဟုတ်ဘူး၊ ဗကပတွေနဲ့၊ သောက်သုံးမကျတဲ့ ကွန်မြူနစ်တွေ၊ လက်ပစ်ဗုံးမှန်ခဲ့တာ၊ ငါတို့ နယ်မြေကို ဒီကောင်တွေ လုဖို့ ကြိုးစားတဲ့အတွက် (၈) နှစ် တိုက်ခဲ့ရတယ်။ ၁၉၆၈ ခုနှစ်ကနေ ၁၉၇၆ ခုနှစ်အထိ သူတို့နဲ့ ငါတို့ အပစ်ရပ် လက်မှတ်မထိုးခင်လေးမှာ ဒီဒဏ်ရာရခဲ့တာ၊ ယာယီအပစ်ရပ်တာ နိုင်ငံရေးအရ အဓိပ္ပာယ် ရှိတယ်၊ ငါတို့ နှစ်ဖွဲ့လုံးက အစိုးရတစ်ဖွဲ့တည်းကို တိုက်နေတာဆိုတော့ စစ်မျက်နှာ (၂) ဖက်ဖွင့်လို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ငါတို့ ငြိမ်းချမ်းရေး ယူခဲ့တာ၊ ဒါပေမဲ့ ငါ ဘယ်လို ခံစားခဲ့ရတယ်လို့ မင်းထင်လဲ၊ ငါ့ခြေထောက်တွေ ဘာမှအသုံးမဝင်တော့ဘူး၊ ဒါပေမဲ့ ဗကပနဲ့ ငါတို့ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုးလိုက်တဲ့အတွက် တရုတ်ပြည်မှာ ငါဟာ အထက်တန်းက ဆေးကုသမှု ခံခဲ့ရတယ်"

သူ့ကိုယ်သူ သရော်သလို နာနာကြည်းကြည်းနှင့် ရယ်လိုက်သည်။ သူ့ရင်ထဲက ခံစားချက်တွေကို ပေါ့ပါးသွားစေဖို့အတွက် စစ်သားဘဝက သူ့အတွေ့အကြုံတွေအကြောင်း စကားစပေးလိုက်သည်။ နာရီဝက်ကြာပြီးနောက် သူပြန်သွားရာ ကျွန်ုပ်ထံ ရောက်လာ ချိန်ကလို မဟုတ်တော့ဘဲ အေးဆေးတည်ငြိမ်စွာနှင့် ပြန်ထွက်သွားလေသည်။

နောက်တစ်နေ့နံနက်တွင် ဘောက်ဒီးအကြောင်း စုံစမ်းကြည့်ရာ သူကား စစ်သား ကောင်းတစ်ယောက်ဖြစ်ခဲ့ပြီး ယခု ရှေ့တန်းတာဝန် မထမ်းနိုင်တော့သဖြင့် တပ်မဟာ (၂) မှ စာသင်ကျောင်းတွင် အင်္ဂလိပ်စာသင်ပြနေကြောင်း အရာရှိတစ်ယောက်က ပြောပြ သည်။ သို့ရာတွင် ကျွန်ုပ်က သူနှင့် နောက်တစ်ကြိမ် ထပ်တွေ့လိုကြောင်း ပြောရာ အရာရှိက တိတိပပ အဖြေပေးချင်ပုံမရ။

"လုံခြုံရေး ရဲဘော်ဆီက ကျွန်တော်တို့ သတင်းပြန်ကြားတယ်၊ ခင်ဗျားကို သူ ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့တယ်လို့ ပြောတယ်၊ ပေါက်ကရတွေလည်း ပြောခဲ့တယ်တဲ့"

"မဟုတ်ပါဘူး... အဲ့လို မဟုတ်ပါဘူး၊ သူ့မှာ အဲဒီလို ပြောပိုင်ခွင့်ရှိပါတယ်"

ထိုညမှာပင် ဘောက်ဒီးတစ်ယောက် ချိုင်းထောက် အကူအညီနှင့် ကျွန်ုပ်တို့ တဲဆီ ရောက်လာရာ ကျွန်ုပ်ကို ကချင်စကားသင်ပေးနိုင်မလားဟု သူ့ကို မေးကြည့်သည်။ နာဂတောင်တန်းများတွင် ခရီးဆက်လာခဲ့စဉ်က ကချင်စကား အနည်းအပါး ကြိုးစားသင် ယူခဲ့သေးရာ ပထမဆုံး ကျွန်ုပ် လေ့ကျက်မိသော ကချင်စကားလုံးမှာ "ပရီးခေါ့" ဖြစ်သည်။ ကချင်တပ်ဖွဲ့ဝင်တွေ ချိတက်လာပြီး၊ တစ်နေရာအရောက်တွင် အနားယူဖို့ တပ်ခွဲမှူးက တန်းဖြုတ်ဖို့ အမိန့်ပေးသည့်အခါတိုင်း ကြားခဲ့ရသော စကားလုံးဖြစ်၍

www.nyisay.com



အဆိုပါစကားလုံးကို ''အနားယူ'' သည် ဆိုသော အဓိပ္ပာယ်ဖြင့်ပင် ကျွန်ုပ် နားလည်ထားသည်။

သို့ပေမဲ့ 'ပရီးခေ့' ဆိုသော ကချင်စကားမှာ အင်္ဂလိပ်စကား "break off" ဖြစ်ကြောင်း ရက်အတော်ကြာမှ ကျွန်ုပ် သိလိုက်ရသည်။ ကချင်ဘာသာစကားတွင် "F" အသံ မရှိ။ "B" နှင့် "P" အသံတို့မှာလည်း တစ်သံတည်း ထွက်တတ်သည်။ ကျွန်ုပ် သင်ယူခဲ့သော ဒုတိယမြောက် ကချင်စကားလုံးမှာ 'ဖတစ်' ဖြစ်ပြီး ၄င်းသည်လည်း အင်္ဂလိပ်စကားလုံး "fatigue" ကို အသံပြတ်နှင့် ပြောဆိုနေခြင်းသည် 'ဖတစ်'ကို တပ်ဖွဲ့များ နောက်တန်းတွင် နားနေချိန် တံတားဆောက်၊ တန်းလျားဆောက်၊ တပ်တွင်းသန့်ရှင်းရေးလုပ် စသည့်အလုပ်တို့ကို ရည်ညွှန်းသော အဓိပ္ပာယ် ဖြစ်သည်။

ထိုညတွင် ကချင်စကားကို ကျွန်ုပ် စသင်သည်။ ဘောက်ဒီးက အသင်အပြကောင်းသော ဆရာတစ်ယောက်ဖြစ်ပြီး ရက်များမကြာမီမှာပင် ကျွန်ုပ်တို့နှစ်ယောက် အတော်ပင် ရင်းနှီးလာကြရာ ခြေတစ်ဖက် ဖြတ်ခဲ့ရသော သူ့အဖြစ်သည်ပင် ကျွန်ုပ်တို့အတွက် ဟာသတစ်ခုလို ဖြစ်လာသည်။ ထိုအချိန်အထိ ကျွန်ုပ်ခြေထောက်သည်လည်း ကောင်းကောင်း မပျောက်ကင်းသေးသဖြင့် ချိုင်းထောက်အားကိုးဖြင့် သွားနေရကာ ကျွန်ုပ်နှင့် ဘောက်ဒီးကား တပ်မဟာ (၂) တွင် ထော့ကျိုးနှစ်ယောက်ဟု ထင်ရှားကျော်ကြားလာတော့သည်။ တစ်နေ့ ဆိုင်နောင့်ကို တစ်ဖက်တွဲ၍ စခန်းတစ်ဖက်စွန်းတွင် ရှိသော ဘောက်ဒီး နေအိမ်သို့ ကျွန်ုပ်ရောက်သွားရာ အိမ်နှင့် မလှမ်းမကမ်းတွင် ဟင်းသီးဟင်းရွက် စိုက်ခင်းတစ်ခင်းနှင့် သစ်ပင်ထိပ်တွင် ပျားအုံတချို့ကိုလည်း အပင်ပန်းခံ မွေးထားလိုက်သေးသည်။ အိမ်ထဲတွင်မူ ဖားကန့်ကျောက်တွင်းမှ ပို့လိုက်သော Time နှင့် Newsweek ဂျာနယ်ဟောင်း တစ်ထပ်ကြီးကိုလည်း တွေ့ရသည်။

ချိုင်းထောက်ကို တစ်ဖက်က အားပြုထောက်ရင်း စိုက်ခင်းကို လှည့်ပတ်ကြည့်ကြရာ တနိုင်းမြစ်ဝှမ်းဒေသ ရာသီဥတုတွင် ဘယ်လို သီးနှံတွေ ဖြစ်ထွန်းနိုင်သည်ကို ဘောက်ဒီးက ကျွန်ုပ်ကို ရှင်းပြပြီး ကလေးဘဝက ဗန်းမော်တွင် နေခဲ့ရသော သူ့အကြောင်းတွေကိုလည်း ပြောပြသည်။

''အဲ့ဒီတုန်းက ဗန်းမော်မှာ ရုပ်ရှင်ရုံနှစ်ရုံရှိတယ်။ ဆန်းလိုက်နဲ့ မွန်းလိုက်၊ ဆန်းလိုက်က တရုတ်ပိုင်၊ နိုင်ငံခြားကားတွေ ပြတယ်၊ မွန်းလိုက်က ကုလားပိုင်၊ ဗမာကားနဲ့ ကုလားကားတွေ ပြတယ်။ ငါတို့က ဂျက်ဖရီဟန်တာ သရုပ်ဆောင်တဲ့ စစ်ကားတွေကို ကြိုက်တယ်။ ငါတို့ကလေးတွေက စစ်တပ်တွေ ကျန်ခဲ့တဲ့ပစ္စည်း အဟောင်းအမြင်းတွေနဲ့ စစ်တိုက်တမ်း ကစားကြတယ်၊ ငါတို့ ကလေးတွေဆီမှာ အမေရိကန်၊ ဗြိတိသျှ၊ ဂျပန် တပ်တွေ ကျန်ခဲ့တဲ့ သံခမောက်မျိုးစုံ ရှိတယ်၊ စစ်အတွင်းက သုံးခဲ့တဲ့ ဂျပန်ပိုက်ဆံတွေ

www.nyisay.com



တောင် ရှိသေးတယ်။ ငါတို့ အစ်မတွေက ဈေးရောင်းတမ်း ကစားကြတော့ ငါတို့က အဲ့ဒီဂျပန်ပိုက်ဆံတွေနဲ့ သူတို့ဆီက ခေါက်ဆွဲဝယ်သလို ကစားကြတယ်''

ဘောက်ဒီးက ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောရင်း ပြုံးနေသည်။

''ဗန်းမော်မှာ ငါတို့ ကလေးဘဝက အရမ်းပျော်စရာ ကောင်းတယ်၊ အဲဒို့အချိန် ကတည်းက Ingrid Bergman, Greta Garbo မင်းသိပါတယ်။ အဲ့ဒီလို ရုပ်ရှင်တွေ ကြည့်ခဲ့ရတဲ့အတွက် မင်းတို့ဆွီဒင်အကြောင်းကို ငါသိနေပြီ။ နောက်ထပ် စကင်ဒီနေဗီယန် နိုင်ငံတွေအကြောင်းလည်း ကြားဖူးတယ်၊ ကျောင်းမှာ ငါတို့ သင်ခဲ့ရတဲ့ သီချင်းတစ်ပုဒ် ရှိသေးတယ်... ဘာတဲ့ ... Wonderful Wonderful Copenhagen''

စိုက်ခင်းခြံကို ပတ်လျှောက် ကြည့်နေရင်း၊ သီချင်းကို ဘောက်ဒီးက လက်တန်း ဘာသာပြန်ပြနေသည်။ သို့ပေမဲ့ ခြေတစ်ဖက်ပြတ်နေသော ဘောက်ဒီးကို ကြည့်ပြီး သနားဖို့တော့ မစဉ်းစားလေနှင့်။ ကချင်အရာရှိတစ်ယောက် လာပြောပြသဖြင့် အံ့ဖွယ် သရဲ သူ့အကြောင်းကို ယခုလို ကျွန်ုပ် သိခဲ့ရသည်။ တစ်ကြိမ်တွင် ကေအိုင်အေစခန်း ရှိရာ ဟူးကောင်းချိုင့်ဝှမ်းသို့ အစိုးရတပ်တွေ ချဉ်းကပ်လာရာ တပ်အင်အားမှာ ကေအိုင်အေ တို့ထက် မဆံ့ရင်ကာ များနေသဖြင့် ကေအိုင်အေတပ်ဖွဲ့ဝင် အတော်များများ ထိတ်လန့် နေကြသည်။ ထိုအချိန်တွင် ဘောက်ဒီးက ပန်းအောင်ထံမှ မြင်တစ်စီးနှင့် တပ်စိတ်တစ်စိတ် ပေးဖို့ တောင်းသည်။ ဘောက်ဒီးနှင့် ပန်းအောင်မှာ ဗန်းမော်တွင် အတူနေခဲ့သော ငယ်သူငယ် ချင်းတွေ ဖြစ်သည်။ ပန်းအောင်က ခွင့်ပြုလိုက်သည်နှင့် ဘောက်ဒီးက မြင်းပေါ်တက်ပြီး တပ်ဖွဲ့ကို ဦးဆောင်၍ ချုံခိုတိုက်သည်။ ခြေတစ်ဖက်ပြတ်နေသူတစ်ဦးက ရှေ့မှ မြင်းတလွှား လွှားစီးပြီး အစိုးရတပ်တွေကို ဦးဆောင်တိုက်ခိုက်နေသည်ကို ရဲဘော်တွေ မြင်တွေ့ကြ သည်တွင် စိတ်ဓာတ်တွေ တက်ကြွလာပြီး ကျားကုပ်ကျားခဲ တိုက်ကြရာ အဆုံးတွင် အစိုးရတပ်တွေကို အောင်ပွဲခံနိုင်ခဲ့သည်။

တပ်မဟာ (၂) စခန်းတွင် ဆိုခဲ့သလို နေလာခဲ့စဉ် တစ်နေ့ သမီးလေးအီယင်း ကိုယ်တွေပူလာပြီး အဖျားတိုင်းကြည့်ရာ (၄၀) ဒီဂရီ စင်တီဂရိတ် ဖြစ်နေသည်။ ၄က်ဖျား ဖြစ်မှာ စိုးရိမ်ကြီးစွာနှင့် အဖျားကျသွားအောင် သမီးလေး တစ်ကိုယ်လုံးကို ရေပတ် တိုက်ပေးရင်း၊ ဆင်ဝါးနော် မိန်းမကို အခေါ်လွှတ်လိုက်ရသည်။ ဆင်ဝါးနော် မိန်းမက လက်မှတ်ရ သူနာပြုဆရာမ၊ သူမရောက်လာသည့်အခါ ဤဒေသတစ်ဝိုက်တွင် ကလေး တွေ ယခုလို မကြာခဏ ဖျားတတ်ကြောင်းနှင့် စိတ်မပူဖို့ ရှင်းပြပြီး တက်ထရာဆိုက် ကလင်းနှင့် အန်နာကွိမ်း ဆေးပြားတချို့ထုတ်ပေးရာ ကျွန်ုပ်က အမှုန့်ကြိတ်ပြီး ရေနွေး နှင့် ဖျော်ပြီး သမီးလေးကို တိုက်လိုက်သည်။

တစ်ချိန်တည်းတွင်မှာပင် ကျွန်ုပ်တို့သမီးလေး ဖျားနေသည်ဆိုသော သတင်းကား တစ်စခန်းလုံးသို့ ပျံ့သွားရာ အိမ်ကို လူတွေ စုရုံးရောက်လာကြသည်။ ဤ၌ အဘိုးကြီး

www.nyisay.com



တစ်ယောက်လည်း ပါလာပြီး သူက ရှေ့ထွက်၍ ယခု ကိစ္စကို သူ့အနေနှင့် ဆောင်ရွက်ပေးချင်ကြောင်း ပြောသဖြင့် သူနာပြုဆရာမက ကြားက စကားပြန်ပေးသည်။

''သူက နတ်ဆရာလေ'' ဆရာမက အားနာပါးနာပုံဖြင့် ဆက်ပြောသည်။

''ရှင်သိပါတယ်၊ ကချင်အားလုံး ခရစ်ယာန်ဘာသာဝင်တွေ မဟုတ်ပါဘူး၊ အချို့က အခုအထိ နတ်ကိုးကွယ်နေကြတယ်။ သူ ပြောတာက ရှင့်သမီးလေးက အရမ်းချစ်စရာကောင်းလို့ လူတချို့က မနာလိုဖြစ်ပြီး ပြုစားလိုက်တာတဲ့၊ အဲဒါကို သူ ကုပေးနိုင်တယ်ပြောတယ်၊ ရှင့်သဘောက ဘယ်လိုလဲ''

သူလုပ်မည့်ကိစ္စက သမီးလေးအတွက် တစ်စုံတစ်ရာ အန္တရာယ်မရှိနိုင်သဖြင့် ကျွန်ုပ်တို့ ခွင့်ပြုလိုက်ရာ အခန်းထဲတွင် ဆရာမက သမီးလေးကို ဆက်လက် ပြုစုနေပြီး နတ်ဆရာက သူ့ကိစ္စကို အိမ်အပြင်မှာ လုပ်ကိုင်သည်။ ဝါးခုံလေးတစ်လုံးကို နတ်စင်လုပ်ပြီး နတ်တွေကို ပင့်ဖိတ်ပြီး တောင်းပန်နေသလို ဂါထာစုပ်သံတွေ ကြားနေရသည်။ စိတ်တထင့်ထင့်နှင့် သုံးရက်မြောက်နေ့တွင် သမီးလေး ကိုယ်ပူလုံးဝ ကျသွားပြီး ပုံမှန်ဖြစ်လာပြီး တစ်စခန်းလုံးကလည်း သတင်းကြား၍ ဝမ်းသာနေကြသည်။ ထို့နောက် မကြာပါချေ၊ နတ်ဆရာကြီးသည် ဟန်ပါပါနှင့် ပြုံးဖြဲဖြဲကြီး လုပ်ရင်းက ကျွန်ုပ်တို့ဆီ ပေါက်ချလာရာ ကျွန်ုပ်တို့ကလည်း ဝမ်းသာအဲလဲဖြင့် အစဉ်အလာအတိုင်း ဆေးကုခအဖြစ် 'ဆန်အရက်တစ်လုံး' ပေးလိုက်ရပါ၏။

ဇန်နဝါရီလ ကုန်ခါနီးတွင် လူငယ်တစ်ယောက် ကျွန်ုပ်တို့ဆီ လာတွေ့သည်။ သူ့အမည်က 'ဖေါ်ဝုန်တန်ဂွန်း'၊ ယော်ထုံ၏ ညီ။ မျက်မှန်တပ်ထားပြီး တကယ့် ပညာတတ်ရုပ် ပေါက်နေသဖြင့် ဤဒေသတွင် တွေ့ရခဲသောရုပ်မျိုး ဖြစ်သည်။ ဟူးကောင်းချိုင့်ဝှမ်း ရွာတစ်ရွာမှ ရက်အနည်းငယ်ကြာ လမ်းလျှောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့အစ်ကို ယော်ထုံက ကျွန်ုပ်တို့ မိသားစုကို ကာကွယ်ရင်း ကျဆုံးခဲ့ရသည်ကို ယခုအထိ မေ့ဖျောက်၍ မရသေး။ သူ့ကို ကျွန်ုပ်တို့ လှိုက်လှိုက်လဲ့လဲ့ ခရီးဦးကြို ပြုခဲ့ကြသည်။ ညတွင် စကားစမြည်ပြောရင်း တန်ဂွန်းက ကချင်လွယ်အိတ်ထဲ ထည့်ယူလာသော မှတ်စုစာအုပ်ကို ထုတ်၍ ကျွန်ုပ်တို့ကို ဖတ်ပြရာမှ သူတို့တစ်မိသားစုလုံး ၁၉၆၀ ကျော်ကာလများကတည်းက ကေအိုင်အေနှင့် ပတ်သက်ခဲ့ရပုံကို သိလိုက်ရသည်။

''ကျွန်တော်တို့အဖေက ဗန်းမော် တောင်ဘက်ကပါ''

တန်ဂွန်းက မှတ်စုစာအုပ်ကို လှန်လှောရင်း သူတို့အကြောင်းကို အသေးစိတ်ပြောပြသည်။

''ဒါပေမဲ့ အဖေက တစ်ကောင်ကြွက်မိဘဲမဲ့၊ ခရစ်ယာန်သာသနာပြုတွေက ကူညီလို့ ကျောင်းနေခဲ့ရပြီး ကျောင်းဆရာဖြစ်ခဲ့တယ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ဗြိတိသျှ

www.nyisay.com



စစ်တပ်ထဲဝင်ပြီး တိုက်ခိုက်ခဲ့တယ်။ သူ့ကို အရာရှိ ရာထူးပေးပေမဲ့ စစ်ပြီးတော့ တပ်က ထွက်ပြီး မြောက်ဘက်က ဆွမ်ပရာဘွမ်မှာ အခြေချခဲ့တယ်၊ ကျွန်တော်တို့ ညီအစ်ကို အားလုံးလည်း အဲ့ဒီမှာ မွေးခဲ့တာပဲ''

တန်ဝွန်းက သူ့ဇာတ်ကြောင်း ပြောနေခိုက် ကျွန်ုပ်က အချက်အလက်တွေကို ရေးမှတ်နေပြီး ဆိုင်နောင့်က ရေနွေးငွေ့ပေးသည်။

''ကျွန်တော်တို့ ညီအစ်ကို မောင်နှမ စုစုပေါင်း (၁၁) ယောက်ရှိတယ်၊ အစ်ကိုကြီး တစ်ယောက်က ရန်ကုန်တက္ကသိုလ်ရောက်ပြီး ၁၉၆၂ ခုနှစ် ဇူလိုင် ကျောင်းသားအရေး အခင်းမှာ ပါဝင်ခဲ့တယ်။ နေဝင်းအစိုးရ စစ်တပ်က ကျောင်းသားတွေကို သေနတ်နဲ့ ဖြိုခွင်းတဲ့အခါ ကျောင်းသားအတော်များများ ကျဆုံးသွားကြတယ်၊ ကျောင်းသားအများစုက ဗမာတွေ၊ နေဝင်းစစ်အစိုးရကို မကျေနပ်ကြဘူး''

''ကျွန်တော့်အစ်ကိုလည်း ရန်ကုန်ကနေ ကချင်ပြန်ပြေးလာပြီး ကေအိုင်အေထဲ ရောက်သွားတယ်၊ တစ်နှစ်အကြာမှာ နောက် အစ်ကိုတစ်ယောက်ကလည်း ကေအိုင်ထဲဝင် သွားတယ်။ သူတို့နှစ်ယောက်စလုံး မဆလကောင်တွေကို တိုက်ခိုက်ရင်း ကျဆုံးသွားကြပြီ''

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို သူက မဆလဟု အတိုကောက် ပြောသွားသည်။ မဆလမှာ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာပြည်တွင် တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်ရာ ၄င်းတို့ လက်နက်ကိုင်တိုက်ခိုက်နေသည်မှာ စစ်အစိုးရကို နိုင်ငံရေးအရ ဆန့်ကျင်နေခြင်းသာဖြစ်ပြီး လူမျိုးရေးအရ မဟုတ်ကြောင်း သိသာစေလို၍ ကေအိုင်အေတို့က မဆလဟု တမင်ရွေးသုံးခြင်း ဖြစ်သည်။ အလားတူ လက်နက်ကိုင် အုပ်စုများအတွင်း၌လည်း အစောပိုင်းက ခွဲထွက်ရေး အယူအဆများ ရှိနေသဖြင့် ၄င်းတို့၏ ရန်သူကို ဗမာမဟုတ်ဘဲ မဆလဟု ရည်ညွှန်းခြင်း ဖြစ်သည်။

''ယော်ထုံက ကျွန်တော်တို့ ညီအစ်ကိုတွေထဲမှာ ဉာဏ်အကောင်းဆုံးပဲ၊ ဒါပေမဲ့ ဆွမ်ပရာဘွမ်မှာ (၃)တန်းအထိပဲ စာသင်ခဲ့ရပြီး ၁၉၆၄ ခုနှစ် မေလမှာ ကျွန်တော်တို့ တစ်မိသားစုလုံး တောခိုလာခဲ့ကြတယ်။ မခိုလို့လည်း မရတော့ဘူး၊ စစ်တပ်က ကျွန်တော်တို့ကို အရမ်း ဒုက္ခပေးနေပြီ။ ယော်ထုံကို အဖေက ကျမ်းစာသင်ကျောင်းပို့ပြီး သာသနာပြုခိုင်းချင်ပေမဲ့ ပြည်တွင်းစစ်ကြီးက ကျွန်တော်တို့ဘဝလမ်းကြောင်းတွေကို ပြောင်းပစ်လိုက်တယ်''

''မဆလစစ်သားတွေကို ကွေ့ပတ်ရှောင်ရင်း တောထဲမှာ နှစ်အတော်ကြာ ကျွန်တော်တို့ နေခဲ့ရတယ်။ ကေအိုင်အေ ပြောက်ကျားတပ်တွေ၊ ကချင်အရပ်သားတွေနဲ့အတူ လှုပ်ရှားနေခဲ့တယ်။ တစ်ခါတစ်ခါ စားစရာ ဆန်မရှိဘူး၊ ဆားမရှိဘူး၊ အဝတ်တွေက စုတ်ပြတ်နေပေမဲ့ ချုပ်စရာ အပ်နဲ့ အပ်ချည် အမှေမှာ မရှိဘူး။ ဝါးကို သပ်ပြီး အပ်လုပ်၊

www.nyisay.com



သစ်ပင်ကရတဲ့ လျှော်ကို အပ်ချည်လုပ်ပြီး ချုပ်ရတယ်။ ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်က လွဲပြီး အိုလည်း မရှိဘူး၊ ဒါကြောင့် အဝတ်တွေမှာ အလှေးအမွှား သန်းတွေ အုံခဲနေတယ်။

အဲဒီလို ဒုက္ခတွေ ကြုံနေရတဲ့အချိန်မှာပဲ ကျွန်တော်တို့အစ်ကိုကြီး တိုက်ပွဲကျသွားပြီး နောက်တစ်နှစ်မှာ နောက်တစ်ယောက် ကျသွားပြန်တယ်''

ဤနေရာတွင် ရုတ်တရက် စကားပြတ်သွားပြီး ငြိမ်ကျသွားသည်။ သူကြည့်ရသည်မှာ ကျွန်ုပ်ကို ပြောဖို့ စဉ်းစားနေပုံပေါ်နေသဖြင့် ယော်ထုံ၏ ငယ်ဘဝနှင့်ပတ်သက်သော မေးခွန်းတစ်ခု မေးလိုက်ပြီး သူ့စကားကို ဆက်ပေးလိုက်သည်။

''ဟုတ်တယ် အဖေနဲ့အမေက သူ့ကို စာသင်ပေးပြီး အရွယ်ရောက်လာတော့ ကေအိုင်အိုက သူ့ကို ကျောင်းဆရာခန့်ခဲ့တယ်၊ နေရာက မြောက်ဘက်တောင်တန်း အေဂျင်စီ ခေါ်တဲ့နေရာ အိန္ဒိယနယ်ခြားက ချုကန်တောင်ကြားနဲ့ နီးတယ်။ အဲဒီနေရာမှာ မော့(စ်)နဲ့ သူတို့ လီဆူးတိုင်းရင်းသားတွေ နေတာဆိုတော့ ယော်ထုံလည်း လီဆူးစကား တတ်သွားတယ်။ အရင်က ကချင် ဂျိန်းဖောစကားနဲ့ မရူစကားတွေ တတ်ပြီးသား၊ ဂျိန်းဖောစကားက ကချင်တွေရဲ့ အဓိက မျိုးနွယ်စုစကား၊ မရူက အမေ့ဘက်က မျိုးနွယ်စုစကား၊ ဗမာစကားလည်း သူတတ်တယ်၊ ၁၉၇၂ ခုနှစ်မှာ ယော်ထုံက ကျောင်းဆရာအလုပ်ထွက်ပြီး စစ်သားဖြစ်လာတော့ ကျွန်တော်လည်း ကျောင်းဆရာလုပ်ရတော့တာပဲ၊ အဖေကတော့ အသက်ကြီးပြီး စာမသင်နိုင်လို့ တရားဟောခဲ့တာ ၁၉၇၈ ခုနှစ် ကွယ်လွန်တဲ့အထိ ဆိုပါတော့''

သူတို့မိသားစု ဇာတ်ကြောင်းကို ပြန်မကောက်မီ တန်ဂွန်းက မှတ်စုစာအုပ်ကို ဖွင့်ပြီး တစ်ချက်ကြည့်ပြီး ဆက်သည်။

''ယော်ထုံကို တပ်မဟာ (၂) မှာ တွဲဖက် တာဝန်ပေးထားပြီး နောက်တော့ အိန္ဒိမြောက်ဘက်က အဖွဲ့နဲ့အတူ ဆက်ဆံရေးအရာရှိ ခန့်လိုက်တယ်၊ အဲဒီအဖွဲ့က ဒီနေရာကို ပုံမှန်လာနေရတာဆိုတော့ ယော်ထုံကို ဘောက်ဒီးက အင်္ဂလိပ်စာသင်ပေးခဲ့တယ်။ မဏိပူရနဲ့ နာဂစကားတွေကိုတော့ သူ့ဘာသာသူ လေ့လာပြီး တတ်တာ၊ ဒါကြောင့် ဘာသာစကား (၇) မျိုးကို ယော်ထုံ ကျွမ်းကျင်ခဲ့တာပါပဲ''

ပြီးနောက် တန်ဂွန်းက မှတ်စုစာအုပ်ကို တလေးတစား ကြည့်နေရာ ကျဆုံးသွားသော အစ်ကိုကို သူ၏လေးစားမှုနှင့် ကြီးမားသော ဆုံးရှုံးမှုတို့ကို ကျွန်ုပ် ခံစား၍ရနေသည်။

''ဒါပေမဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး သူ့ပြဿနာတစ်ခုကို ခင်ဗျား သိမှာမဟုတ်ဘူး။ သူ့မှာ အစာအိမ်ရောဂါရှိတယ်။ တစ်ခါတစ်ခါ မြစ်ကြီးနား၊ ဒါမှမဟုတ် မန္တလေးကိုတောင် မှတ်ပုံတင်အတုနဲ့ ရုပ်ဖျက်ပြီး လျှို့ဝှက်သွား ဆေးကုရတယ်။ ဒါပေမဲ့ ၁၉၇၉

www.nyisay.com



ခုနှစ်မှာ စစ်ထောက်လှမ်းရေးက သတင်းရပြီး မန္တလေးမှာ သူ့ကို ဖမ်းမိသွားတယ်၊ သူ့ဇနီးနဲ့ ကျွန်တော်တို့အမေလည်း အဖမ်းခံခဲ့ရတယ်။ အမေက အဲဒီအချိန်မှာ အသက် (၆၀) ပြည့်ပြီ၊ နောက်တော့ ပြန်လွတ်လာပါတယ်''

''ယော်ထုံကို စစ်ထောက်လှမ်းရေးက ဖမ်းခေါ်သွားပြီး နည်းမျိုးစုံနဲ့ နှိပ်စက်ပြီး စစ်ဆေးခဲ့တယ်၊ ဖမ်းပြီး (၁၆) ရက်ကြာတဲ့အထိ အိမ်သာ မသွားရဘူး၊ မစင်စွန့်ရင်၊ သေးပေါက်ရင် ဘောင်းဘီထဲမှာပဲ သွားလိုက်ရတယ်။ နေ့စဉ် ရိုက်နှက်နှိပ်စက်ခဲ့တာ (၈) လကြာပြီး နောက်ဆုံး (၁၉၈၀) ခုနှစ် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခဲ့တဲ့အခါ ထောင်က သူပြန်လွတ်လာတယ်၊ ထွက်လာပြီး ချက်ချင်းပဲ ကေအိုင်အေတပ်ထဲ ပြန်ရောက်လာပြီး တာဝန်ထမ်းဆောင်ခဲ့တာ နာဂတောင်တန်းတစ်နေရာမှာ ကျဆုံးသွားတဲ့အချိန်အထိပါပဲ''

ဤမှာပင် ဇာတ်ကြောင်းကို ရပ်နားလိုက်ပြီး မှတ်စုစာအုပ်ကို ကချင်လွယ်အိတ်ထဲ ပြန်ထည့်ကာ တန်ဂန်းက ကျွန်ုပ်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

''စစ်ပွဲတွေမှာ ကျွန်တော့်ညီအစ်ကို (၃)ယောက် ဆုံးရှုံးခဲ့ရတယ်၊ ဒါပေမဲ့ အခုတိုင်းတစ်ပါးက နောက်ထပ် ညီတစ်ယောက်ကို တွေ့ခဲ့ပါပြီ''

တန်ဂန်း၏ အသံက ထိန်းချုပ်မရနိုင်လောက်အောင် တုန်ခါနေပြီး ကျွန်ုပ်တို့နှစ်ယောက် လက်ချင်းဆုပ်လိုက်ကြသည့်အခါမှာတော့ ကျွန်ုပ်ကိုယ်တိုင် မျက်ရည်များပင် ဝဲတက်လာသည်။ ကျွန်ုပ်တို့နှင့်အတူ စခန်းတွင် သုံးလေးရက်နေပြီးနောက် ဟူးကောင်းချိုင့်ဝှမ်းအတွင်းက သူ့ရွာလေးဆီ တန်ဂန်း ပြန်သွားရာ ကျွန်ုပ်အတွက်လည်း အစ်ကိုတစ်ယောက် ရှာဖွေတွေ့လိုက်ခြင်းဖြစ်ပါ၏။

ကျွန်ုပ်တို့အဖွဲ့နှင့်အတူ လိုက်ပါလာသော NSCN မှ နာဂအရာရှိ ခါးရန်းက စခန်းတွင် ရက်အတန်ကြာနေပြီးနောက် ကေအိုင်အေထံမှ လက်နက်ခဲယမ်းတချို့ ထောင်း၍ ပြန်သွားသည်။ မပြန်မီ ယော်ထုံနှင့် သူ့ရဲဘော်တွေ ကျဆုံးခဲ့ရသည်နှင့် ပတ်သက်ပြီး ကေအိုင်အေအရာရှိတို့ကို ရှင်းပြရာတွင် သူက ယော်ထုံ သက်တမ်းကုန်သွားသဖြင့် ကျဆုံးသွားရသည်ဆိုသော အကြောင်းပြချက်ကို ကေအိုင်အေအရာရှိတို့က မကျေနပ်သဖြင့် မြိုးဗာ (သို့မဟုတ်) အခြားအဆင့်မြင့်အရာရှိတစ်ဦးဦး လာရောက်၍ ရှင်းလင်းဖို့ NSCN ခေါင်းဆောင်တွေဆီ စာရေးပေးလိုက်သည်။ ခဲယမ်းလက်နက်များ ပြန်ပေးရာတွင် တိုက်ပွဲပြီးနောက် ကချင်တပ်ဖွဲ့ဝင်တို့ ချေးလာခဲ့သော ကျည်ဆန်အတောင့် (၆၀၀) ကို ပြန်ပေးလိုက်ပြီး ပေါ်လစီအရ နောက်ထပ်ရတော့မည် မဟုတ်ကြောင်း ပြောလိုက်သည်။ ခါးရန်းနှင့်ထွက်ခွာမည့် လူတချို့ကို ကျွန်ုပ်တို့ နှုတ်ဆက်ကြရာ မျှော်လင့်ချက်မရှိသော အကြောင်းတရားတစ်ခုအတွက် သူတို့တစ်ဖွဲ့တည်း အထီးကျန်သက်သက် တိုက်ခိုက်ကြဦးမည်ဖြစ်၍

www.nyisay.com



နာဂတောင်တန်းတွေဆီ ထွက်ခွာသွားသော သူတို့ကို ကြည့်ရသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။

ခါးရန်းသည် အရှေ့ဘက်နာဂအမျိုးသားတစ်ဦးဖြစ်၍ ၄င်းတို့ အရှေ့နာဂများအနေနှင့် ကိုယ်ပိုင်အဖွဲ့ ဖွဲ့စည်းပြီး KIA/ NDF တို့ဖြင့် မဟာမိတ်ဖွဲ့၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ရဖို့ တိုက်ပွဲဝင်ကြဖို့ ကောင်းသည်။ ယခုတော့ ဒီလိုမဟုတ်၊ အိန္ဒိယဘက်တွင် နေထိုင်သော နာဂဒေသနှင့် မြန်မာတွင် နေထိုင်သော နာဂဒေသ နှစ်ခုပေါင်းကို လွတ်လပ်သော နာဂတိုင်းပြည် တည်ထောင်ဖို့ ကြံနေကြရာ၊ ကျွန်ုပ်အမြင် ပြောရလျှင် မြန်မာနာဂတို့ကား ယဉ်ကျေးမှုအရဖြစ်စေ၊ သမိုင်းကြောင်းအရဖြစ်စေ တစ်ဖက်နိုင်ငံမှ နာဂမျိုးနွယ်တွေထက် ကချင်တိုင်းရင်းသားများနှင့် ပို၍ နီးစပ်မှု ရှိနေသည်။

ကာရန်သင့်ချင်တော့ တပ်မဟာ (၂)တွင် ကျွန်ုပ်တို့ ရှိနေခိုက် နာဂဒေသတွင် ပထမဆုံးသာသနာပြုခဲ့သူ ကချင်ဘုန်းတော်ကြီး လတ္ဒီးထိန်နန် အလည်ရောက်လာသည်။ အရပ်ပုပျပ်ပျပ်၊ ခန္ဓာကိုယ် တုတ်ခိုင်ပြီး မျက်နှာက ကြမ်းရှရှ၊ ရာသီဒဏ် အလူးအလဲခံထားရသည့်ပုံ၊ အမြဲတမ်း ကချင်လုံချည်ဝတ်ထားပြီး ခေါင်းပေါင်းပေါင်းထားသည်။ ဖတ်ပါများလွန်းသဖြင့် စာရွက်အနားတို့ပင် တွန့်ခေါက်နေပြီဖြစ်သော ကချင်ဘာသာပြန် သမ္မာကျမ်းစာအုပ်ကို လွယ်အိတ်ထဲ ထည့်၍ သွားလေရာ ယူသွားတတ်သည်။ သူ့ကြည့်ရသည်မှာ လူသူကင်းဝေးသော တောခေါင်ခေါင်ထဲမှာ နေထိုင်နေရသည့်ပုံ ပေါက်နေသည်။

နာဂတောင်တန်းများသို့ ဘုန်းတော်ကြီး ထိန်နန် ထွက်သွားခဲ့သည်မှာ ပြည်တွင်းစစ်အစောပိုင်းကာလ ၁၉၆၀ ဝန်းကျင်ဖြစ်၍ ယခုအခါ နမ်ဗျူချို့ဝ်ဒမ်းဒေသတွင် သမ္မာကျမ်းစာသင်ကျောင်းတစ်ကျောင်းကို ဖွင့်နိုင်ခဲ့ပြီ။ ဘုန်းတော်ကြီးက သူ့ကိုယ်သူ ကေအိုင်အို အလုပ်သမားတစ်ယောက်အဖြစ် သတ်မှတ်ထားသော်လည်း အစိုးရ ထိန်းချုပ်ထားသော မြို့များသို့ သူ့အနေနှင့် ဝင်ထွက်သွားလာနေရာ ကချင်ပြည်နယ်တွင် သူ့ကို လူတိုင်းက သိသလို အဖမ်းခံရဖွယ်ရှိပါသော်လည်း အစိုးရအာဏာပိုင်တို့က သူ့ကို အရေးယူတာမျိုး တစ်ခုမှ မရှိသေးပေ။

ဘုန်းတော်ကြီးနှင့်အတူ လရှီးနော်ဂျာ၏ မိဘနှစ်ပါးလည်း အတူပါလာပြီး သူတို့အားလုံး ကျွန်ုပ်တို့ ဝါးတဲလေးဆီ ရောက်လာကြသည်။ လရှီးနော်ဂျာ၏ ဖခင်က နာဂတောင်တန်းဒေသတွင် ဖွင့်ထားသော သာသနာပြု ဆေးပေးခန်းတွင် အလုပ်လုပ်နေသည်မှာ (၁၃) နှစ်ရှိပြီဖြစ်၍ ကျွန်ုပ်က သူတို့ကို အိန္ဒိယနယ်စပ်နှင့် နမ်ပုတ်မြစ်ကြားမှ နာဂဒေသသို့ ကျွန်ုပ် မတိုင်မီ အနောက်တိုင်းသားများ ရောက်လာခဲ့ပါသလား မေးကြည့်ရာ သူတို့အဖြေက စိတ်ဝင်စားစရာကောင်းသည်။

www.nyisay.com



''သူတို့ တစ်ဦးချင်း အလွတ်သွားတာမျိုးတော့ မရှိပါဘူး။ နမ့်ပုတ်မြစ် အနောက်ဘက်ကို ကချင်သာသနာပြုတွေတောင် မသွားဝံ့သေးဘူး။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်ကာလ၊ ဟိမဝန္တာကို ကျော်ပြီး ပျံသွားတဲ့ ဒါကိုတာ ထောက်ပံ့ရေးလေယာဉ်တစ်စင်းအဲ့ဒီနေရာမှာ ပျက်ကျခဲ့တယ်၊ လေယာဉ်ထဲမှာပါလာတဲ့ အမေရိကန်ပိုက်လော့ (၂)ယောက် အသက်မသေခဲ့ပေမယ့် သူတို့နှစ်ယောက်ကို နာဂတွေ ဖမ်းမိသွားပြီး တစ်ယောက်ကို ယဇ်ပူဇော်ဖို့ ခေါင်းဖြတ်သတ်လိုက်တယ်၊ ဒါပေမဲ့ သတ်ပြီးတော့ ကောင်းကင်ပေါ်က ပြုတ်ကျလာတဲ့ ထွားထွားကျိုင်းကျိုင်း လူဖြူကြီးတွေဟာ နတ်သိကြားတွေ ဖြစ်နိုင်တယ်လို့ တွေးမိသလား မသိပါဘူး နာဂတွေ ထိတ်လန့်သွားပြီး ကျန်တဲ့အမေရိကန်တစ်ယောက်ကို ပြန်လွှတ်လိုက်တယ်။ အဲ့ဒီအမေရိကန်က လီဒိုလမ်းမကြီးပေါ်က ရှင်ဘွေယန် အမေရိကန် စစ်စခန်းအထိ ခြေလျင်လျှောက်သွားပြီး အဲဒီကတစ်ဆင့် အမေရိကန်ကို ပြန်သွားတယ်လို့ ယုံကြည်ရတယ်''

ဤ၌ပင် ခေးဆန်ချန်းလမ်မှ မိုရှန်တဲကြီးတစ်လုံး၏ အပြင်တွင် ကျွန်ုပ် တွေ့ခဲ့ရသော ဒါကိုတာ အင်ဂျင်ကြီးကို မျက်စိထဲ ပြေးမြင်လိုက်သည်။

''ဒါကိုတာ ပျက်ကျပြီး ပိုက်လော့တွေ အဖမ်းခံခဲ့ရတဲ့ ရွာနာမည်ကိုရော ခင်ဗျားသိလား''

''သိတာပေါ့ ခေးဆန်ရန်နော' လို့ ခေါ်တယ်၊ အိန္ဒိယနယ်စပ်နားမှာ ကျွန်တော်တို့ နေရာနဲ့ အရမ်းဝေးပြီး တော်တော်ခေါင်တဲ့နေရာပဲ၊ အဲ့ဒီလောက်ဝေးဝေးကို ကျွန်တော်တို့ မသွားဖူးကြဘူး၊ အခုအထိ အဲဒီရွာ ရှိသေးသလား၊ မရှိသလားတော့ မသိဘူး''

ကျွန်ုပ် တစ်ခဏ မှင်တက်သွားသည်။ ခေးဆန်ရန်နော ဆိုသည်မှာ ခေးဆန်ချန်းလန်ရွာစုထဲက ရွာတစ်ရွာဖြစ်ပြီး မိုင်အနည်းငယ်သာ ဝေးရာ ဆိုင်နောင့် ဓာတ်ပုံရိုက်ယူခဲ့သော အင်ဂျင်တုံးကြီးသည်လည်း ဆိုခဲ့သလို ဒါကိုတာ လေယာဉ်ပျက်ဆီက ယူလာတာပဲ ဖြစ်ရမည်။

ဘုန်းတော်ကြီး ထိန်နန်နှင့် လရှီးနော်ဂျာ မိဘများ ပြန်သွားပြီးနောက်တစ်နေ့တွင် ကျွန်ုပ်တို့ထံ နမ့်ဘူမှ သတင်းရောက်လာသည်။ ဇန်နဝါရီ (၂၇) ရက်နေ့တွင် တနိုင်းမြို့စောင့်တပ်မှ မြန်မာစစ်ကြောင်းတစ်ကြောင်း တောထဲမှ ဖြတ်၍ ကောင်းဂျာရွာအနီးသို့ လုံးဝ မမြင်ရဘဲ ချဉ်းကပ်လာခဲ့သည်။ ထိုအချိန်တွင် ကေအိုင်အေတပ်များလည်း အဆိုပါဒေသတစ်ဝိုက်တွင် မရှိ၊ ကျေးရွာဖြစ်၍လည်း လုံခြုံရေးတပ်ချမထား၊ သို့ပေမဲ့ မြန်မာတပ်များက ယခုလို အရပ်သားများ နေထိုင်ရာ ရွာတစ်ရွာကို လာရောက်တိုက်ခိုက်ခြင်းသည် ရွာသူရွာသားတို့က ပန်းအောင်နှင့် တပ်ဖွဲ့ဝင်တို့ကို လက်ခံ၍ တည်းခိုခွင့်ပြုခဲ့သည့်အတွက် အငြိုးနှင့် တိုက်ခိုက်သည်မှာ သိသာနေသည်။ မနက် (၅) နာရီတွင် မြန်မာတပ်ဖွဲ့ဝင်တို့က စတင်ပစ်ခတ်ရာ ပစ်မှတ်တစ်ခုမှာ ကေအိုင်အို၏ နယ်မြေရုံး အဆောက်အအုံဖြစ်

www.nyisay.com

မြန်မာပြည် မြောက်ပျားမှ ကချင်ရွာသူရွာသားများ။

သည်။ အဆောက်အအုံထဲတွင် လရှီးနော်ဂျာ ရှိနေပြီး သေနတ်သံများ ကြားရပြီး အိပ်ရာက နိုးလာရာ၊ ကေအိုင်အို ရန်ပုံငွေတွေ ထည့်ထားသော ငွေအိတ်ကြီးကို ကမန်းကတန်း သွားယူရာတွင် လက်ဖြောင့်တပ်သားတစ်ဦး၏ လက်ချက်ဖြင့် ရင်ဝကျည်ထိကာ ပွဲချင်းပြီး သေသွားသည်။ လရှီးနော်ဂျာမှာ ထိုဒေသ၏ ငွေကိုင်စာရေး ဖြစ်သည်။

မြန်မာတပ်ဖွဲ့ဝင်တွေဘက်က တစ်နာရီမျှ မစူးမစမ်း ရမ်းသန်းပစ်ခတ်နေသဖြင့် ဂျီးဇက်ခေါ် လီဆူးကျောင်းဆရာတစ်ယောက်၊ အမျိုးသမီးကြီးတစ်ယောက်နှင့် ဒေသခံ စာရေးတစ်ယောက် သေဆုံး၍ ရွာသား (၅) ယောက် အပြင်းအထန် ဒဏ်ရာရခဲ့ကြပြီး ကျေကျေနပ်နပ် လက်စားချေပြီးလောက်ချိန်တွင် မြန်မာစစ်တပ် ပြန်ဆုတ်သွားသည်။ အဆိုပါသတင်းကို ကြားလိုက်ရသည့်အခါ ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ တုန်လှုပ်သွားပြီး စစ်ဘက်နှင့် အရပ်ဘက် ခွဲခြားခြင်းမရှိဘဲ ယခုလို တိုက်ခိုက်ခဲ့သဖြင့် အကြီးအကျယ် ဒေါသဖြစ်ရသည်။ သို့ဖြင့် လရှီးနော်ဂျာ၏ မိသားစုနှင့် အကြောင်းကို သတင်းယူလာသော ဆင်ဝါးနော်ကို ကျွန်ုပ် မေးကြည့်သည်။

"သူ့မိန်းမနဲ့ ကလေးတွေကတော့ ဘေးကင်းရာ ထွက်ပြေးနိုင်လို့ လွတ်သွားကြတယ်၊ ဒါပေမဲ့ ခင်ဗျားလည်း သိသားပဲ၊ သူ့မိဘတွေက မနေ့ကမှ ပြန်သွားတာဆိုတော့ ကျုပ်လူတစ်ယောက်လွတ်ပြီး သူတို့နောက် လိုက်ခိုင်းတာ၊ တောထဲတစ်နေရာမှာ မီပြီး

www.nyisay.com

**ကချင်တောင်တန်း နံနက်ခင်းအလှ။**

အကျိုးအကြောင်း ပြောပြတော့ သူတို့ ငိုကြတယ်၊ ပြီးတော့ အဲဒီနေရာမှာပဲ ဘုန်းတော်ကြီးဦးဆောင်ပြီး လရှိုးနော်ဂျာအတွက် အောက်မေ့ဖွယ် အခမ်းအနား လုပ်ကြမှာပါ''

နမ်ဗျူကို တိုက်ခိုက်ခြင်းသည် ဗမာ့တပ်မျာ်းဘက်မှ နောက်ထပ် လှုပ်ရှားလာတော့မည့် ရှေ့ပြေးအရိပ်အယောင်တစ်ခုလည်း ဖြစ်သည်။ လီဒိုလမ်းမဘက်မှ ရောက်လာသူတွေဆီကလည်း အမျိုးမျိုးသော ကောလာဟလတွေ ကြားနေကြရာ တပ်မဟာ (၂) ဌာနချုပ်ကို လေကြောင်းနှင့်အတူ မြန်မာတပ်မျာ်းက ထိုးစစ်ကြိုးဆင်တော့မည့်အကြောင်း၊ ထိုနေ့သည် ကချင်အမျိုးသားနေ့ ကျင်းပမည့် ဖေဖော်ဝါရီ (၅) ရက်နေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် စီစဉ်ထားကြောင်း သတင်းတွေ ထွက်နေသည်။ ကေအိုင်အေကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ (၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ထိုနေ့ကို ကချင်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် သူပုန်ဒေသတွင် စစ်ရေးပြ အခမ်းအနားနှင့် လူထုအစည်းအဝေးတွေ ကျင်းပခဲ့ကြသည်။

ကောလာဟလသတင်းတို့ မည်သို့ရှိစေ၊ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျွန်ုပ်တို့အတွက် ဗုံးခိုကျင်းတူးဖို့ တပ်ဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးလိုက်ရာ နေ့တစ်ဝက်အတွင်း လုပ်ကိုင်ပြီးစီးသွားသည်။ ဗုံးခိုကျင်းအနက်မှာ (၂) မီတာရှိပြီး သစ်လုံးတွေနှင့် မိုးထားပြီး အမိုးပေါ်တွင် သဲခင်း၍ ရုပ်ဖျက်ထားသည်။ ထို့နောက် ဗုံးခိုကျင်းထဲသို့ ကျွန်ုပ်၏ မှတ်စုမှတ်တမ်းများ၊ ဆိုင်နောင့်၏ ကင်မရာအိတ်နှင့် သမီးလေးလိုအပ်သည့် အသုံးအဆောင်၊ ပစ္စည်းပစ္စယတွေ ရွှေ့ပြောင်းထားလိုက်ကြသည်။

အစောပိုင်းက အမျိုးသားနေ့ အခမ်းအနားကို စခန်းထဲမှ စစ်ရေးပြကွင်းတွင် ကျင်းပဖို့ စီစဉ်ထားသော်လည်း ပတ်ဝန်းကျင် မဂျိဘွမ်ရွာများမှ အရပ်သားတွေ စစ်ရေး

www.nyisay.com



ပြကွင်းထဲသို့ ဝင်ရောက်လာနေကြသဖြင့် မလှမ်းမကမ်း တောထဲက မြေကွက်လပ်တစ်ခုတွင် ပြောင်းရွှေကျင်းပခဲ့ရာ ကျွန်ုပ်နှင့် ဘောက်ဒီးတို့နှစ်ယောက် ဆင်ကိုယ်စီဖြင့် သွားရောက် အားပေးခဲ့ကြသည်။

အမျိုးသားနေ့ အခမ်းအနားကို ရိုးရိုးရှင်းရှင်းနှင့် တည်တည်ငြိမ်ငြိမ် ကျင်းပခဲ့ရာတွင် ဦးစွာ ကေအိုင်အေ အဆင့်မြင့်အရာရှိတို့က မိန့်ခွန်းများ ပြောကြားပြီး စစ်မှုထမ်းခရစ်ယာန်ဘုန်းတော်ကြီးက သမ္မာကျမ်းထဲက တစ်နေ့တာ နှလုံးသွင်းရမည့် တရားတော်တစ်ပိုဒ်ကို ဖတ်ကြားသည်။ တရားနာပရိသတ်ကြီးက ဓမ္မတေးတစ်မျိုးကို သံပြိုင်သီဆိုကြသည်။ ထိုနေ့တစ်နေ့တာလုံး စိတ်တထင့်ထင့်နှင့် အားလုံးက တိုက်လေယာဉ်သံတို့ကို နားတစွင့်စွင့်နှင့် နိုးနိုးကြားကြား ရှိနေကြသော်လည်း ဆိုးဆိုးဝါးဝါး ဘာတစ်ခုမျှ မဖြစ်ဘဲ အေးအေးဆေးဆေး ပြီးဆုံးသွားခဲ့သည်။ ထိုညက ကျွန်ုပ်တို့ ခရီးထွက်ဖို့အတွက် စီစဉ်ထားပြီးကြောင်း ဆင်ဝါးနော်နှင့် အခြားအရာရှိတွေ ရောက်လာပြီး ကျွန်ုပ်ကို ပြောသည်။ အရာရှိတွေထဲမှာ ဒုဗိုလ်လေးခွန်နောင်လည်း ပါသည်။ အသက်ငယ်ငယ်၊ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး၊ မျက်နှာကျလေးထောင့်စပ်စပ်နှင့် ထက်ထက်မြက်မြက်ရှိပုံပေါ်သည်။ တက္ကသိုလ်ဘွဲ့ရ ပညာတတ်တစ်ယောက်လည်းဖြစ်ပြီး စစ်ယူနီဖောင်းကို ကျကျနန ဝတ်ထားရာ စည်းကမ်းနှင့် တာဝန်ကို တသဝေမတိမ်း လိုက်နာစောင့်ထိန်းမည့် စစ်သားကောင်းတစ်ယောက်မှန်း ပေါ်လွင်နေသည်။

သတင်းကြားထားသလို မြန်မာစစ်တပ်က ဖေဖော်ဝါရီ (၅) ရက်နေ့တွင် တိုက်ခိုက်ခြင်း မရှိသော်လည်း ထိုးစစ်ကြီး တစ်ခုအတွက် ပြင်ဆင်နေသည်ကိုကား သိသာသည်။ ကေအိုင်အေ အမှတ် (၁) တပ်မဟာဌာနချုပ်သည် မေခနှင့် မလိခမြစ်ဆုံရာ တြိဂံဒေသတွင် တည်ရှိသဖြင့် အဆိုပါနေရာသို့ ဆင်ဝါးနော်နှင့် ခွန်နောင်တို့က ဦးဆောင်သွားကြမည် ဖြစ်သည်။ ယခု ရွေးချယ်လိုက်သောလမ်းကား မန္တလေး-မြစ်ကြီးနား ရထားလမ်းနှင့် နီးကပ်စွာ ပြိုင်နေသဖြင့် ခရီးတာတိုသော်လည်း စွန့်စားခန်းတွေ များလှသည်။ ခရီးအတွက် ရိက္ခာတို့ ပစ္စည်းတို့ကို ဖားကန့်ကျောက်စိမ်းတွင်းများမှ ပေးပို့ဖို့ စီစဉ်ထားသော်လည်း ယခုအထိ ရောက်မလာသေးဖြင့် ကျွန်ုပ်တို့ရှေ့မှ ကြို၍ ဆက်သားများဖြင့် ပို့ပေးရမည် ဖြစ်သည်။

ကျွန်ုပ်တို့ခရီးကို ဖြစ်နိုင်သမျှ လျှို့ဝှက်ဖို့ရာ အရာဏ်မကျင်းမီ တပ်မဟာ (၂) စစ်ဌာနချုပ်မှ ကျွန်ုပ်တို့ ထွက်ခွာလာသည်။ ထိုနေ့က ဖေဖော်ဝါရီ (၁၀) ရက်၊ တြိဂံဒေသ အမှတ် (၁) တပ်မဟာအရောက်ခရီးကို အများဆုံး (၂) ပတ်ကြာမည်ဟု ခန့်မှန်းထားကြသည်။ ကျွန်ုပ်တို့ စစ်ကြောင်းတွင် လူအင်အား (၄၀) နှင့် ဆင် (၃) ကောင် ပါသည်။ (၂) ကောင်က ရိက္ခာပစ္စည်းတွေ သယ်ဆောင်လာပြီး တစ်ကောင်က ကျွန်ုပ်ကို တင်ဆောင်လာသည်။ အမှောင်ထဲတွင် တစ်ရွာပြီးတစ်ရွာ ဖြတ်လာခဲ့ရာ နေအိမ်အချို့သာ စောစောစီးစီး နိုးနေပြီး အိမ်ထဲတွင် မီးလုံးနေကြသည်ကို ဝါးထရံကြားမှ မီးတောက်

www.nyisay.com



မီးညွှန့်လေးတွေ တွေ့နေရသည်။ သို့ပေမဲ့ ကျွန်ုပ်ကား ဘယ်ညာ ယိမ်းထိုးနေသော ဆင်ကျောပေါ်က ပုခက်ပေါ်မှာ ခိုက်ခိုက်တုန်၍ လိုက်ပါခဲ့ရပါ၏။

သို့ပေမဲ့ လမ်းတွင် ကြားရသောသတင်းတွေက မကောင်း၊ တပ်မဟာ (၂)ဌာန ချုပ်ကို ဦးတည်၍ မြန်မာစစ်တပ်တွေ သုံးဘက်သုံးတန်မှ ပိတ်ဆို့နေသည် ဆို၏။ စခန်းတွင် (၃) ပတ်ကျော် ကျွန်ုပ်တို့ ရှိနေသဖြင့် မြန်မာစစ်တပ်တွေဘက်က ထိုးစစ်ဆင်ခြင်းဟုတ်မဟုတ်ကား မသေချာ။ နောက်ထပ် ကောလာဟလတစ်ခုကလည်း ဟူးကောင်းချိုင့်ဝှမ်းအထက် တောင်တန်းတွေပေါ်မှာ နေရာယူထားသော ကေအိုင်အေစခန်းတို့ကို လီဒိုလမ်းမကြီးတစ်လျှောက်မှ မဂျိဘွမ်ရွာများက ထောက်ပံ့ပေးနေသဖြင့် ၄င်းရွာတွေကို ပြောင်းရွှေ့နေရာချပေးဖို့ အစိုးရက ရည်ရွယ်၍ ထိုးစစ်ဆင်ခြင်းဟု ဆိုသည်။ မည်သို့ရှိစေ၊ ကျွန်ုပ်တို့ဘက်က လှုပ်ရှားဖို့ အချိန်ကျပြီဖြစ်၍ အရဏ်အလင်း နေအထွက်နှင့်အတူ တနိုင်းမြစ်ကြောင်းအတိုင်း မြောက်ဘက်သို့ လိုက်လာခဲ့ရာ မြစ်ကမ်းသဲခုံတွေပေါ်မှာ လတ်လတ်ဆတ်ဆတ် ကျားခြေရာကို တွေ့ကြရပြီး ငန်းရိုင်းတစ်အုပ်က မြားဦးသဏ္ဌာန်အဝေးသို့ ပျံတက်သွားသည်။ စွပ်ကြောင်းတစ်ဖက်တွင်မူ မှောင်စုပ်စုပ် တောအုပ်ကြီးတွေ၊ ချောက်ချားဖွယ်ရာ၊ စုတ်သပ်အံ့သြဖွယ်ရာ၊ စူးစမ်းကြည့်ချင်စရာ လက်ယပ်ခေါ်နေသည့်အလား၊ အရှေ့တောင်အာရှဒေသတွင် ယခုလို သဘာဝအရိုင်းသစ်တောတချို့ ကျန်နေသေးသည်ကို ရှာဖွေတွေ့လိုက်ရသည်မှာ ဝမ်းသာကြည်နူးဖွယ် ကောင်းပေစွ။ မြန်မာပြည်၊ ပြည်တွင်းလက်နက်ကိုင်တိုက်ပွဲတွေ အဆုံးသတ်သွားမည် ဆိုပါလျှင် ဟူးကောင်းချိုင့်ဝှမ်းဒေသ အတော်များများမှာ သဘာဝဘေးမဲ့သစ်တောနှင့် သဘာဝဥယျာဉ်ကြီးတစ်ခုဖြစ်လာပြီး ထိုမှ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေတွေ ရလာနိုင်မည် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ ဖြတ်သန်းလာသော သစ်တောကြီးများကိုမူ လောဘဇော တိုက်နေသော နိုင်ငံတကာ သစ်ကုမ္ပဏီများကား အဓိက ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေပြီး ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံ သစ်တောကြီးများတွင် ကြုံတွေ့ခဲ့ကြရသလို အလားတူ ကံကြမ္မာမျိုးအတွက် ပြင်ဆင်နေကြလေပြီ။ မွန်းတည့်ချိန်တွင် ဆင်လေ့ကျင့်ရေးစခန်းတစ်ခုသို့ ရောက်လာကြပြီး ဤမှာပင် တစ်ညအိပ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။

စခန်းကို တနိုင်းမြစ်ကမ်းနဖူးတွင် တည်ထားပြီး ကချင်လက်နက်ကိုင် တပ်ဖွဲ့ဝင်တို့နှင့် ဖမ်းမိလာသော ဆင်တို့ကို လေ့ကျင့်ပေးနေသော ဆင်ထိန်းတွေသာ ရှိသည်။ မွန်းလွဲပိုင်းတွင် ကျွန်ုပ်နှင့် ဆင်ဝါးနော်တို့ ငါးမျှားထွက်ကြရာ ကျွန်ုပ်က လမ်းကောင်းကောင်း မလျှောက်နိုင်သေးသဖြင့် မြစ်ပြင်ကျယ်၍ ရေစီးငြိမ်သောနေရာအထိ ဆင်နှင့် လိုက်ပို့ရသည်။ ထိုနေရာမှာ ရေမှော်ပင်တွေ အထွေးလိုက် ပေါက်နေပြီး ငါးမျှားဖို့ကောင်းသည့်နေရာဟု ဆိုသည်။ ဆင်ကျောကုန်းပုခက်ပေါ်မှ ကျွန်ုပ် လျှောဆင်းလိုက်ပြီး မြစ်ဘေးမှ ကျောက်တုံးကြီးတစ်တုံးနားသို့ ထော့နင်းထော့နင်းနှင့် လျှောက်လာပြီး ငါးမျှား

www.nyisay.com



ကြိုးတွင် ခဲသီးတပ်လိုက်ရာ ဆင်ဝါးနော်က ကျွန်ုပ် လုပ်ကိုင်နေသည်ကို တစ်ချက် ကြည့်ရင်း သံသယနှင့် ပြုံးလိုက်သည်။

''ဥရောပမှာတော့ ငါးကို အဲ့ဒီလို ဖမ်းလို့ ရချင်ရမှာပေါ့၊ ဒါပေမဲ့ ကျုပ်တို့ဆီက ငါးကတော့ အဲ့ဒါကို ဘာမှန်းသိမှာ မဟုတ်ဘူး''

ခဲသီးကို လွှဲ၍ မြစ်ထဲသို့ ကျွန်ုပ်ပစ်လိုက်ပြီး စက်သီးကို ရစ်ယူလိုက်သည်။ ငါးမမိ၊ နောက်တစ်ကြိမ်ပစ်၍ တဖြည်းဖြည်းရစ်ယူလာရာ ငါးမျှားချိတ်က သစ်တုံးတစ်တုံး နှင့် ငြိနေသလို တုံ့သွားသည်။ ထို့နောက် ငါးက ရေနက်ထဲငုံ့သွားပြီး ဆက်၍ ရုန်းနေ သဖြင့် စက်သီးက တဝီဝီနှင့် ထွက်ပြေးနေရာ အရှိန်ကို ဆ၍ ငါးသည် အတော်လေး အကောင်ကြီးကြောင်း ကျွန်ုပ်သိသည်။ ဤအချိန်ကျမှ ဆင်ဝါးနော်လည်း လှုပ်လှုပ် ရှားရှား ဖြစ်လာပြီး ပစ္စတိုကို တစ်ဖက်က ကိုင်ရင်း ငါးကို မြင်ရသည်နှင့် သေနတ်နှင့် ပစ်ဖို့ ဝပ်၍ စောင့်နေသည်။ ကျွန်ုပ်ကလည်း ရစ်ဘီးကို တဖြည်းဖြည်း ရစ်တင်နေသည်။ ငါးကြီးတစ်ကောင်မှန်း သေချာနေသည့်တိုင် ငါးမျှားတံ မရှိသဖြင့် တစ်ခါတည်းနှင့် အသေသတ်လိုက်ဖို့သာ ရှိသည်။ သို့ပေမဲ့ ဆင်ဝါးနော် သေသေချာချာမြင်အောင် ကျွန်ုပ် ဘက်က ဆွဲမတင်နိုင်မီ ငါးက နောက်တစ်ကြိမ် ရုန်းလိုက်ပြန်သဖြင့် ငါးမျှားကြိုးက တင်းတောင့်နေပြီး ရစ်ဘီးက တင်းထားရသဖြင့် တကျိကျိ မြည်သံများပင် ထွက်နေသည်။ ငါးကို မြင်ရဖို့ နေနေသာသာ ငါး၏အလေးချိန်ကို ဆဝါးဖို့ပင် ခက်လှသည်။ သို့ရာတွင် ရုန်းနေသော အားကို မှန်းဆကြည့်မည်ဆိုလျှင် (၅) ကီလိုဂရမ်နှင့် (၁၀) ကီလိုဂရမ်ကြား ရှိနိုင်ကြောင်း ကျွန်ုပ် မှန်းမိသည်။ သို့ရာတွင် တစ်နာရီလောက်ကြာပြီးနောက် ငါးလည်း မောနေလောက်ပြီထင်ရသော်လည်း အားပြန်စု၍ နောက်တစ်ချက် ရုန်းလိုက်သည်တွင် တင်းနေသော ကြိုးကား ထောက်ခနဲ ပြတ်ပါသွားလေရာ ဆင်ဝါးနော်လည်း ဟင်းခနဲ စိတ်ပျက်လက်ပျက်နှင့် ပစ္စတိုကို အောက်ချလိုက်လေသည်။

သို့ပေမဲ့ ကျွန်ုပ်က စိတ်မလျှော့သေး၊ တစ်နာရီနီးပါးမျှ ကျောက်တုံးပေါ်မှာ ကိုးရိုးကားရားနှင့် ဟန်ချက်ကို ထိန်းရင်း ငါးကြီးနှင့် လွန်ဆွဲလိုက်ရသဖြင့် အတော်လေး မောသွားသော်လည်း နောက်တစ်ကြိမ် ကြိုးစားဖို့အတွက် ခဲသီးကို တပ်လိုက်ပြီး ငါးမျှား ချိတ်ကို လွှဲပစ်လိုက်ပြန်သည်။ မကြာခင်ပင် ကြိုးတောင့်သွားသဖြင့် နောက်ထပ် ငါးတစ် ကောင် ဆွဲလိုက်သည်ကို သိ၍ မြှောက်တင်လိုက်ရာ အိန္ဒိယဆယ်လမွန်ငါးကြီးတစ်ကောင်၊ ပထမ အကောင်ထက်တော့ သေးသည်။ သို့ပေမဲ့ ယနေ့ နေ့လယ်ခင်းကား ကျွန်ုပ်၏ နေ့လယ်ခင်း မဟုတ်၊ ငါးနှင့် ကျွန်ုပ် တစ်နာရီမျှ လွန်ဆွဲပြီးနောက်တွင် ယခင်အတိုင်း ကြိုးပြတ်၍ လွတ်သွားပြန်ရာ၊ ကျွန်ုပ်လည်း ဒေါသလည်းဖြစ် စိတ်ပျက်လက်ပျက်နှင့် ငါးမျှားတံကို ပစ်ချပြီး ကျောက်တုံးပေါ် ဆောင့်ကြောင့်ထိုင်ကာ ဆေးပေါ့လိပ် ဖွာနေလိုက် တော့သည်။

www.nyisay.com



''မယုံနိုင်စရာဘဲ၊ တစ်စက္ကန့် နှစ်စက္ကန့်အတွင်းမှာ တစ်ကောင်ပြီးတစ်ကောင် မိသွားတာ၊ ခင်ဗျားနိုင်ငံပြန်ရောက်ရင် အဲဒီလို ငါးမျှားတံ ပို့ပေးလိုက်စမ်းပါဗျာ၊ ဒီထက် ပိုကောင်းရမယ်နော်''

ဆင်ဝါးနော်က ကျွန်ုပ်ကို အော်ပြောသည်။ ငါးမမိလိုက်ပေမဲ့ သူ့သံသယကိုတော့ ကျွန်ုပ် ချေဖျက်နိုင်ခဲ့သည်။

နောက်တစ်နေ့တွင် တနိုင်းမြစ်ရိုးတစ်လျှောက်မှ ကျွန်ုပ်တို့ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။ ထိုနေ့သည် ဖေဖော်ဝါရီ (၁၁) ရက်ဖြစ်၍ ကျွန်ုပ်တို့ အိမ်ထောင်သက် (၃) နှစ်ပြည့်သောနေ့လည်း ဖြစ်သည်။ ရာသီဥတု ကြည်လင်နေသော်လည်း တနိုင်းမြစ်ရိုး ချောက်ကမ်းပါးတစ်ဖက်တစ်ချက်မှ မတ်စောက်သော လမ်းကျဉ်းလေးဖြစ်၍ ဆင်တွေကို မြစ်ကြောင်းအတိုင်း ဆင်းလိုက်ခိုင်းပြီး အလွယ်ဆုံးလမ်းကို ရှာရသည်။ ရေအောက်ကြမ်းပြင် ကျောက်တုံးများမှာ ချောမွတ်နေ၍ ဆင်တွေကို ဂရုတစိုက် တလှမ်းချင်း လျှောက်ခိုင်းနေရာ၊ ဆင်ခြေထောက်တွေတစ်ဝိုက် ငါးတွေ စုပြုံတိုးနေသည်။ အဝေးတွင်မူ သမီးလေးကို ကျောပိုးချီ၍ လူအုပ်ကြီးနှင့်အတူ သွားနေသော ဆိုင်နောင့်ကို ဆင်ကျောကုန်း ကြိမ်ပုခက်ပေါ်မှတစ်ဆင့် ကျွန်ုပ် လှမ်းမြင်နေရသည်။ ကလေးထိန်း တာဝန်ဖြင့် ပါလာသော မရွှေနှင့် လုဂျာတို့၏ ရယ်သံနှင့် တွတ်ထိုးသံတချို့လည်း တစ်ချက်တစ်ချက် ကြားနေရသည်။ သူတို့နှစ်ဦးကား ကေအိုင်အေတပ်ဖွဲ့ဝင် မိန်းကလေး ရဲဘော်တွေ ဖြစ်သည်။

မွန်းလွဲချိန်တွင် ဂေါ်နမ်ခေါ် ရွာကြီးတစ်ရွာသို့ ရောက်လာရာ ဤတွင်လည်း ကျွန်ုပ် ကံကို နောက်တစ်ခါစမ်းသည့်အနေနှင့် ငါးမျှားဖို့ ပြင်လိုက်သည်။ ဒေသခံတို့၏ အဆိုအရ ဤနေရာမှ ငါးများမှာ ဆင်ထိန်းစခန်းတွင် တွေ့ခဲ့ရသော ငါးတွေလောက် မကြီးသော်လည်း တအောင့်လေးမှာပင် ငါးတစ်ကောင်ရလိုက်သည်။

''တစ်မိနစ်တောင် မကြာဘူးဟေ့''

ရေထဲက ရက်ကန်ရက်ကန်နှင့် ဆွဲတင်လိုက်သော ငါးကြင်းကြီးကို ကြည့်ရင်း ဆင်ဝါးနော် ဝမ်းသာအားရ အော်လိုက်သည်။ ငါးအလေးချိန်က တစ်ကီလို မရှိတတ်သော်လည်း သုံးလေးယောက်တော့ ကောင်းကောင်းစားလောက်သည်။ ကျွန်ုပ် ခုံမင်သော အစားအစာများတွင် ငါးပါသော်လည်း ဒေသခံတွေ ချက်သည့် ငါးဟင်းမျိုးကိုတော့ သိပ်မကြိုက်၊ ကချင်တွေ ငါးချက်ပုံချက်နည်းက ငါးကို ရင်ခွဲ၊ ကလီစာနုတ်၊ အမြီးက ခေါင်းအထိ အတုံးအတစ်ခုတ်ပြီး ရေလုံပြုတ်လိုက်တာမျိုး ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်က ဆွီဒင်ပုံစံ ငါးချက်ပုံချက်နည်း သင်ပေးမည် ဆိုလိုက်သည့်အခါ စိတ်ဝင်စား၍ ကျွန်ုပ်ထံ ဝိုင်းအုံလာကြသည်။ ကျွန်ုပ်က ငါးကို အကြေးသင်၊ ရင်ခွဲ၊ ကလီစာထုတ်၊ ရေယက်နှင့် အမြီးတို့ကို ဖြတ်၍ ဆားနယ်ပြီး ကြွေလုံထဲ ထည့်လိုက်သည်။ ဤအချိန်အထိ ကြည့်

www.nyisay.com



နေသူတွေဆီက စိတ်ဝင်စားမှု မပြသေး၊ သို့ပေမဲ့ ကျွန်ုပ်က ကြောက်ဥတစ်လုံး တောင်းယူလိုက်သည့်အခါတွင်ကား သူတို့တွေ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ကြောက်ဥကို ခွဲ၊ ဇလုံတစ်လုံးထဲထည့်၊ ဆားနှင့် ငရုတ်သီးမှုန့် အနည်းငယ်ထည့်ပြီး ဓွန်းနှင့် ခလောက်မွှေထားလိုက်သည်။ ငရုတ်ကောင်းမှုန့် လိုချင်ပေမဲ့မရ။ ဂျုံမှုန့်ဖြစ်ဖြစ်၊ ဆန်မှုန့်ဖြစ်ဖြစ် တစ်ခုခု ရမလား တောင်းကြည့်ရာ ဘာလုပ်ဖို့လဲဟု လှုဂျာက မေးသည်။

"မင်း တွေ့မှာပေါ့"

လှုဂျာက ငရုတ်ဆုံထဲ ဆန်ထည့်ပြီး ညက်မှုန့်နေအောင် ထောင်းသည်။

"ပေါင်မုန့်ရောရှိသလား"

"ပေါင်မုန့်... ကျွန်မတို့က ငါးဟင်းကို ထမင်းနဲ့ စားမှာ မဟုတ်ဘူးလား"

"ထားပါတော့၊ မုန့်ကြွပ်ကောရှိလား"

တပ်မဟာ (၂) တွင် ကျွန်ုပ်တို့ စားခဲ့ရသော မုန့်ကြွပ်ကို အသုံးပြုဖို့ ရည်ရွယ်၍ ကျွန်ုပ်က မေးလိုက်ခြင်း ဖြစ်သည်။ မုန့်ကြွပ်ရှာမရသဖြင့် ဘီစကွတ်တစ်ထုပ် လာပေးသည်။ ဘီစကွတ်က အနည်းငယ် ချိုသော်လည်း အသုံးပြုဖို့ ဆုံးဖြတ်လိုက်ပြီး ဘီစကွတ်မုန့်တွေကို ငရုတ်ဆုံတွင် ခပ်မွမွ ထောင်းခိုင်းလိုက်သည်။ ဟင်းထဲ ထည့်စရာ အမယ်တွေ စုံပြီ၊ သို့နှင့် ကြွေဇလုံထဲက ငါးကို ကြောက်ဥအရည်တွင်နှစ်၊ ဆန်မှုန့်နှင့် လှိမ့်၊ ဘီစကွတ် အမွှေတွေနှင့် အပေါ်မှ ကျဲပြီး ကျွတ်ကျွတ်ဆူနေသော မီးဖိုပေါ်က ဒယ်အိုးထဲမှ ဆယ်ယူလိုက်သည့်အခါတွင်မူ ကျွန်ုပ်၏ပရိသတ်တွေက တခိခိနှင့် ငါးကို ဒယ်အိုးထဲမှ ဆယ်ယူလိုက်သည်အထိ ရယ်နေကြသည်။ သို့ရာတွင် ကျွန်ုပ်၏ ငါးကြော်ကို သူတို့ မြည်းကြည့်သည့် အခါတွင်မူ အားလုံးက အရသာရှိကြောင်းသဘောတူလိုက်ကြရာ ဤစကားကား သူတို့၏ လောကွတ်မဟုတ်ကြောင်း စားဖိုမှူးတစ်ယောက်အနေနှင့် ကျွန်ုပ် ကောင်းကောင်းကြီး သိပါ၏။

ဆွီဒင်ငါးဟင်းချက်နေခိုက်မှာပင် တပ်မဟာ (၂) ဌာနချုပ်တစ်ဝိုက် တောင်တန်းများအနီးသို့ အစိုးရတပ်တွေ တက်လာကြောင်း သတင်းရောက်လာသည်။ ကျွန်ုပ်တို့နှင့် အလှမ်းကွာဝေးသော်လည်း တနိုင်းမြို့မှလာသော ထောက်ပံ့ရေးတပ်များဆိုလျှင် ကျွန်ုပ်တို့ လမ်းကြောင်းနှင့် ထိပ်တိုက်တွေ့နိုင်ဖွယ်ရှိသဖြင့် ကြိုတင်ပြင်ဆင်သည့်အနေနှင့် ကေအိုင်အေ တပ်စိတ်တစ်စိတ်ကို ရှေ့မှလွှတ်၍ တစ်ဖက်မှ တက်လာသော အစိုးရတပ်များကို ထောက်လှမ်းခိုင်းလိုက်သည်။

နောက်တစ်နေ့ မနက်တွင် ဂေါ်နမ်ရွာမှ ကျွန်ုပ်တို့ ထွက်ခွာလာခဲ့ပြီး တနိုင်းမြစ်ကို ကူး၍ အရှေ့ဘက် ကူမွန်တောင်တန်းပေါ်သို့ တက်လာခဲ့ရာ ဤ၌ ကျွန်ုပ်တို့အတွက် စိတ်ချရပြီဟု ယူဆသဖြင့် ဆင်ဝါးနော်နှင့် ကျွန်ုပ်တို့ လမ်းခွဲခဲ့ကြသည်။

www.nyisay.com



''ဒီနေရာကစပြီး ရှေ့ကို ခွန်နောင်က လမ်းပြလိမ့်မယ်၊ ကျုပ်ကတော့ ပြန်ရဦးမယ်၊ ဟိုမှာ တိုက်ပွဲတွေ ဖြစ်နေလောက်ပြီ''

ဆင်ဝါးနော်က ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်သည်။

''ခင်ဗျားမှာတဲ့ ငါးမျှားတံကို ကျွန်တော် မမေ့ပါဘူး၊ ပို့လိုက်ပါ့မယ်''

ကျွန်ုပ်က သူ့ကို ပြုံး၍ ကတိပေးလိုက်သည်။

''စစ်ကြီးပြီးရင်တော့ ကျုပ်တို့တွေ နေ့တိုင်း ငါးမျှားတာပေါ့''ဟု သူက ပြောပြော ရယ်ရယ်နှင့် ဆင်စီး၍ ထွက်ခွာသွားသည်။ တောင်ကြောတစ်လျှောက် ရေရှားပါးလာပြီး ရွာဟူ၍ မတွေ့ရတော့။ မတ်စောက်သော တောင်ကြောများဖြစ်၍ ဆင်တွေကို ဝါးရုံတော တွေထဲက ဖြတ်လျှောက်စေပြီး ဆင်ထိန်းတို့က တောခုတ်ဓားတွေနှင့် လမ်းရှင်းရင်း တောင်ပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့ကြသည်။ ရွာခြေဝန်းကျင်တွင် ပေါက်နေသော ဝါးရုံပင်တို့က ရွာနှင့် ပန်ရသော်လည်း တောထဲတွင် သောင်းပြောင်းပေါက်နေသော ဝါးရိုင်းတောများကား ဆင်နှင့် တောတိုးရသူတွေအတွက် အတော်ပင် ကသိကအောင့် နိုင်လှသည်။ မတ်စောက်သော တောင်နံရံများပေါ် မြွေလိမ်မြွေကောက် တက်သွားသော စွပ်ကြောင်း တောင်နံရံဘေးတစ်လျှောက်မှ လမ်းမြောင်လေးအရောက်တွင် ပို၍ ကျဉ်းသွားရာ တစ်နေရာတွင် ဆင်ကျောပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ ဖောင်းကားနေသော ဆင်ကြီး၏ ဝမ်းဗိုက်ဘစ်ဖက်တွင်မူ မတ်စောက်သောချောက်ကြီးမှတစ်ပါး ဘာမျှ မမြင်ရတော့သဖြင့် ဤနေရာမှစ၍ လမ်းလျှောက်ရတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ဆင်ကို ရပ်ဖို့ ဆင်ထိန်းကို လက်ပြလိုက်ရာ ဆင်ကြီးက ဒူးထောက်၍ ထိုင်ချလိုက်သည်။ လမ်းလျှောက်တုတ်ကို ဆုပ်ကိုင်ရင်း ဒဏ်ရာနှင့် ခြေထောက်က ခန္ဓာကိုယ်အလေးချိန်ကို ဘယ်လောက်အထိ ခံနိုင်မည်ကို စမ်းသပ်၍ ဖြေးဖြေးချင်း ခြေတစ်ဖက်ကို မြေပေါ်ချလိုက်ရာ နာနေသေးသော်လည်း မခံချို့ မခံသာ မဟုတ်သဖြင့် လမ်းလျှောက်တုတ်ကို ကိုင်ရင်း တောင်တက်ခရီး ကျွန်ုပ် စလိုက်သည်။

တစ်လခန့် လွဲနေပြီး ပထမဆုံးအကြိမ် လမ်းလျှောက်ရသည့် ခံစားချက်ကား စိတ်ကို လန့်ဆန်းတက်ကြွစေသည်။ သို့ရာတွင် အနာကို စည်းထားသော ပတ်တီးမှာ ရွှံ့ရေတွေ စိုနစ်သွားသဖြင့် မကြာခဏ နားနားပြီး အနာကို အရက်ပျံနှင့် သန့်စင်ပေးရသည်။ သို့နှင့် တောတန်းလေးတစ်ခုသို့ ရောက်လာသည်တွင် အနီးအနား ပတ်ဝန်းကျင်တွင် ကျားထောင်ချောက်တွေ ထောင်ထားကြောင်း သတိပေးသင်္ကေတတွေ သစ်ပင်တွေပေါ်မှာ တွေ့လိုက်ရသည်။ ဒေသခံတွေက ကျားတွေကို ဖမ်းပြီး တရုတ်ကုန်သည်တွေဆီ ရောင်းချကြောင်း၊ တရုတ်တွေက ကျားသားရေကို အသုံးအဆောင်ပစ္စည်းလုပ်၍ ကျားရိုးကိုမူ ကာမအားတိုးဆေး ဖော်ကြကြောင်း ခွန်နောင်က ပြောပြသည်။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုမရှိသဖြင့် ဒေသခံတိုင်းရင်းသားတွေ ဆင်းရဲနေရပြီး ဈေးကွက်တောင်းဆိုမှုအရ မနှစ်မြို့

www.nyisay.com



ဖွယ်ရာတို့ကို လုပ်ကိုင်စားသောက်နေကြရသည်ကို တက္ကသိုလ်ပညာတတ် တစ်ယောက်ဖြစ်သော ခွန်နောင်က ကောင်းကောင်း သဘောပေါက်သည်။

''အရင်ဆုံး စစ်ပွဲကို အဆုံးသတ်ရမယ်၊ ဒါမှ တိုင်းပြည်ကို တိုးတက်အောင် လုပ်နိုင်မှာ၊ အဲဒီအခါ သူတို့လည်း ဒီလိုနည်းလမ်းတွေနဲ့ အသက်မွေးစရာ မလိုတော့ဘူး''

အလွန်အမင်း ခက်ခဲကြမ်းတမ်းသော ခရီးတစ်ပိုင်းကို ကျော်ဖြတ်လာပြီးနောက် ကူမွန်တောင်ထိပ်မှ ဒါရူးတောင်ကြားသို့ ရောက်သည်။ ကျွန်ုပ်၏ မျက်လုံးမှာ ပုံမှန်ညများတွင်ပင် ကြည့်မကောင်းရာ ယခုလို ညမျိုးတွင်မူ ပို၍ ဆိုးဝါးလှ၍ စမ်းတဝါးဝါးနှင့် သစ်မြစ်တွေ၊ ကျောက်တုံးတွေနှင့် အနာဖြစ်နေသော ခြေထောက်တို့ တိုက်မိကြရာ သေမလောက် ခံစားရသည်။ ဤနေရာ၌ ယာယီစခန်းချ၍ ညစာ စားဖို့ မီးဖိုကြသည်။ ကျွန်ုပ်က ပလပ်စတစ်အခင်းပေါ် ထိုင်ချပြီး နေ့စဉ်ဒိုင်ယာရီရေးဖို့ ပြင်သည်။ ယနေ့ ကျွန်ုပ်တို့ သမီးလေးအသက် (၅) လပြည့်သည့်နေ့၊ သမီးကို နာဂရောစောင်နှင့် ခြုံ၍ မီးလင်းဖိုဘေးတွင် သိပ်ထားသည်။ တောင်ကြားတွင် လေက အေးစိမ့်နေသည်။ ညတွင်ချမ်းလွန်း၍ အိပ်စက်မပျော်၊ မကြာခဏ အိပ်ရာကထပြီး မီးလင်းဖိုမှ ပြာဖုံးသွားသော မီးကျည်းခဲတို့ကို မီးထိုးပေးနေရသည်။

သို့ဖြင့် နံနက် (၆) နာရီတွင် အိပ်ရာထလာရာ၊ စခန်းယာယီတဲအပြင်တွင် ဆူပါမားကက်လေးတစ်ခုကို ရုတ်တရက်တွေ့လိုက်ရသည်။ တပ်မဟာ (၂) မှ ဆက်သားတွေ ယူလာသော ဖားကန့်မှ ပစ္စည်းတွေဖြစ်၍ နေမထွက်မီ ရောက်လာကာ ပစ္စည်းတွေကို ထုတ်ခင်းထားသည်။ ကိုရီးယား အားကစား ဖိနပ်နှစ်ရန်၊ ဂျပန်ခြေအိတ်၊ လက်တိုဂျင်နို့မှုန့် (၂) ဘူး၊ နို့ဆီဘူး၊ နက်(စ်)ကော်ဖီမှုန့် (၁) ပုလင်း၊ မန္တလေးရမ် (၃) ပုလင်း၊ ဘင်း(နှံ)ဆန်အင်ဟက်(ချ်) စီးကရက် (၁) ကာတွန်၊ ပလပ်စတစ် ကလေးနို့သီးခေါင်း (၁) ထုပ်တို့ ဖြစ်သည်။ မန္တလေးရမ်ပုလင်း တံဆိပ်တွေပေါ်မှာ တံဆိပ်နှိပ်ထားပြီး နို့မှုန့်ဘူးများပေါ်တွင်မူ ၄င်းနို့မှုန့်တို့ကို ဒိန်းမတ်အစိုးရက မြန်မာပြည်သို့ လှူဒါန်းကြောင်း ဖော်ပြထားရာ ကျွန်ုပ်တစ်ချက် ပြုံးလိုက်မိသည်။

နှင်းတွေ ဖုံးအုပ်နေသော မြက်ခင်းပေါ်တွင် ယခုလို စားသောက်ကုန်ပစ္စည်းတွေ ဖြန့်ခင်းထားသည်မှာ အမြင်မတော်၊ ကိုးရိုးကားရား ဖြစ်နေသည်။ အဆိုပါ စားသောက်ကုန်တို့ကား မဟားဒရား ဈေးတင်ရောင်းသော ဖားကန့်မှ ဝယ်ယူခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်တို့ အနေနှင့် ကုန်ကျစရိတ်ပေးစရာမလိုသည့်တိုင် ယခုလို အဆာကျယ်သော ပစ္စည်းတွေနှင့် စရိတ်ခံ ကျွေးမွေးနေသည်ကိုကား မလိုလား။ သို့ဖြစ်၍ စားစရာ သောက်စရာတို့ကို မရွေ၊ လုဂျာတို့ အပါအဝင် အခြားရဲဘော်များနှင့်အတူ မျှစားကြဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။

www.nyisay.com



နံနက်စာစားပြီးသည်နှင့် ကူမွန်တောင်တန်း အရှေ့ဘက်ခြမ်းသို့ စတင် ဆင်းလာခဲ့ကြသည်မှာ တစ်နေကုန် ကျွန်ုပ် လမ်းလျှောက်လိုက်နိုင်ခဲ့သဖြင့် စိတ်ထဲ တက်ကြွလန်းဆန်းလာခဲ့ပြီး တောထဲတွင် တစ်ည နားကြသည်။ စခန်းချရာ ရောက်သည်နှင့် မရွှေက ထုံးစံအတိုင်း သွက်သွက်လက်လက်နှင့် ကျွန်ုပ်တို့အတွက် ညစာပြင်ဆင်ပြီးပြီ။ သမီးကို ရေမိုးသန့်စင်၊ အနှီးလဲ၍ သိပ်နှင့်နေပြီ။ သူမထက် အသက်ငယ်သော လုကျာကလည်း တက်ညီလက်ညီ ကူညီသည်။ ထိုညတွင် ကျွန်ုပ်တို့ ယာယီတဲသို့ ခွန်နောင်ကို ဖိတ်ပြီး မန္တလေးရမ်ကို နည်းနည်းပါးပါး မြည်းစမ်းကြသည်။ ရမ်ပုလင်းကို ဖားကန့်မှ ငွေပြတ်နေသော အရာရှိငယ်တစ်ယောက်ဆီက ဝယ်လာမှန်းသိရသည်။ ခွန်နောင်နှင့် ကျွန်ုပ်တို့ စကားစမြည်ပြောကြရာမှ ၁၉၇၈ ခုနှစ်တွင် ကေအိုင်အေသို့ ရောက်လာခဲ့ပြီး မန္တလေးတွင် သူ့ဇနီး ကျန်ခဲ့ပြီး သူ့ဇနီးမှာ မြန်မာဗုဒ္ဓဘာသာဖြစ်၍ ကချင်ပြောက်ကျားတွေက သူမကို သံသယဖြစ်မည်ထင်ကြောင်း သိလိုက်ရသည်။ ဤတစ်ချက်သည် ခွန်နောင်အတွက် စိုးရိမ်သောကဖြစ်နေရသည့်တိုင် ကျွန်ုပ်တို့ကို ယုံ၍ ဖွင့်ပြောပြသည်။

"ကျွန်တော်တို့တိုက်နေတာ ဗမာပြည်သူတွေ မဟုတ်ဘူး၊ ဗမာအစိုးရပါ"

သူ့ဇနီးကို သတိရနေသည်မှာ သိသာမြင်သာသည့်တိုင် အရက်တန်ခိုးဖြင့် သူ့စိတ်တွေ တက်ကြွနေသည်။ ပြီးနောက် ညစာကို ရဲဘော်တစ်ယောက် တောလိုက်၍ရထားသော ဒေါင်းသားဖြင့် စားလိုက်ကြပြီး အိပ်ရာမဝင်မီ ဖယောင်းတိုင်မီး အလင်းဖြင့် ကျွန်ုပ် ဒိုင်ယာရီတွင် ယခုလို ချရေးခဲ့သည်။

"တစ်နည်းတစ်ဖုံနှင့်တော့ အံ့သြစရာကောင်းသည်။ နာဂတောင်တန်းကို ဖြတ်၊ ချင်းတွင်းမြစ်နှင့် ဟူးကောင်းချိုင့်ဝှမ်းကို ကျော်၍ ယခု ကူမွန်တောင်တန်းကြီးတွေဆီ ကျွန်ုပ်တို့ ဆိုက်ရောက်ခဲ့လေပြီ။ ရှေ့ခရီးတွင်မူ မေခ၊ မလိခတို့ ဆုံရာ တြိဂံဒေသ၊ ထိုမှ တရုတ်-ဗမာနယ်စပ်သို့။ တစ်ခါတစ်ခါ နားလည်သဘောပေါက်ဖို့ပင် ခက်လှသည်။ ကျွန်ုပ်တို့ ရွေ့လျားနေသော နယ်နိမိတ်တို့သည်ကား ဒုတိယကမ္ဘာစစ်အတွင်းက ချင်းဒစ်နှင့် ဝင်းဂိတ်တို့ စွန့်စားရူးစမ်းခဲ့သော နယ်မြေအဖြစ်သာ လူသိများခဲ့ရာ ယခုမူ ခွန်နောင်က ရယ်မောပြောခဲ့သော စကားနှင့်ဆိုရသော် လင့်တနာတို့ဇနီးမောင်နှံ၏ ရူးစမ်းလေ့လာရေး ခရီး ဖြစ်ပါ၏။"

နောက်တစ်နေ့တွင် တနိုင်းမြစ်ကမ်းပေါ်မှ ပထမဆုံးတွေ့ရသော ရွာတစ်ရွာသို့ ရောက်လာရာ သက်ကယ်မိုးဝါးတဲ (၁၀) လုံးသာ တွေ့ရသော်လည်း ရွာသူရွာသားတို့ကား ဖော်ရွေကြသည်။ ကျွန်ုပ်တို့ စစ်ကြောင်းမှ အရာရှိတို့ကို ခေါင်ရည်တိုက်ပြီး ကျွန်ုပ်တို့ကိုမူ အထူးဧည့်သည်တော်တွေအဖြစ် ဘဲဥပြုတ်နှင့် ဧည့်ခံသည်။ သို့ပေမဲ့ သူတို့ဆီက ကြားရသည့်သတင်းကား စိတ်လက်မချမိုးသာစရာ။ ထိုနေ့က လေယာဉ်ပျံ (၂) စီး ရွာပေါ်က နှစ်ကြိမ် ဖြတ်ပျံသွားသည်ဟု၏။ သို့ဆိုလျှင် ကျွန်ုပ်တို့ လှုပ်ရှားမှုကို

www.nyisay.com



အစိုးရတပ်က တစ်နည်းနည်းနှင့် သိနေပြီလော၊ သေသေချာချာ မပြောနိုင်၊ သို့ပေမဲ့ ရွာမှ .ကျူပ်တို့ ထွက်လာပြီး တအောင့်အကြာမှာပင် လေယာဉ်တွေပျံလာနေသည်ကို ကြားရသည်။ ဒုတိယကမ္ဘာစစ်ကာလက ဒါကိုတာ လေယာဉ်တစ်စင်း၊ ဟိုးအဝေးက ချဉ်းကပ်လာနေသည်ကို တွေ့နေရသည်။ သို့ပေမဲ့ လေယာဉ်အင်ဂျင်သံက မယုံနိုင်စရာ နားမခံသာအောင် ဆူညံနေသည်။ သစ်ပင်ကြီးတွေအောက်မှာ ဆင်နှင့် လူတွေအားလုံး လေယာဉ်ပျံကျော်သွားသည်အထိ ပုန်းနေကြပြီး ဆက်လျှောက်လာကြရာ နာရီဝက်အကြာတွင် လေယာဉ်ပျံ ပြန်လှည့်လာပြန်သဖြင့် သစ်ပင်တွေအောက်သို့ ဒရောသောပါးနှင့် ပြေး၍ ပုန်းကြ၊ ခိုကြရပြန်ရာ၊ လေယာဉ်ပျံနှင့် ကျွန်ုပ်တို့ စစ်ကြောင်းကား တူတူပုန်းတမ်း ကစားသလို ဖြစ်နေသည်။

''သူတို့လေယာဉ်ဆီကို ဖြုန်းပစ်ရမယ်ဟေ့... ဘယ်လိုနည်းနဲ့မှ ဒီကောင်တွေ ကျွန်တော်တို့ကို မြင်မှာ မဟုတ်ဘူး''

သစ်ရွက်တွေ အုပ်မိုးနေသော တောအုပ်အောက်မှာ ပုန်းခိုနေရင်း ခွန်နောင်က ရယ်၍ ပြောသည်။

မည်သို့ဖြစ်စေ အစိုးရအာဏာပိုင်တွေဘက်က အနှံ့တစ်ခုခု ရနေသည်မှာ သေချာသည်။ ရှေ့ရွာတစ်ရွာ အရောက်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းတစ်လျှောက် အစိုးရထိန်းချုပ်ဇရိယာတွင် အစိုးရတပ်ဖွဲ့ဝင်တို့ ကင်းလှည့်နေသည်ဟူသော သတင်းကို ရွာသားတွေဆီက ကြားရသဖြင့် ကျွန်ုပ်တို့ကို အကြောင်းပြု၍ လှုပ်ရှားနေသည်လား၊ သို့မဟုတ် မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်သွားမည့် ကွန်ဗွိုင်မော်တော်ယာဉ်တန်းအတွက် ပြင်ဆင်နေတာပဲလား။ ကချင်ဒေသတွင်ရှိသော မြို့အတော်များများကား နှစ်စဉ်ကွန်ဗွိုင်ယာဉ်တန်းတွေနှင့် ရိက္ခာထောက်ခံနေကြရသည်ဖြစ်ရာ ဆွမ်ပရာဘွမ်သည်လည်း အလားတူ ဖြစ်သည်။ ကွန်ဗွိုင်ယာဉ်တန်းတွင် မော်တော်ယာဉ်အစီး (၄၀) မှ (၅၀) အထိ ပါဝင်ပြီး ကေအိုင်အေ ပြောက်ကျားတို့ကို ကာကွယ်ရန်အတွက် လက်နက်နှင့် လူအင်အား အပြည့်ဖြင့် စောင့်ကြပ်လိုက်ပါပြီး မြို့နေလူတို့အတွက် အခြေခံစားကုန် သုံးကုန် ပစ္စည်းများနှင့် စစ်တပ်တွေအတွက် ခဲယမ်းတို့ကို သယ်ဆောင်လာသည်။ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်ခရီးမှာ ပြည်တွင်း စစ်မဖြစ်ခင်က ၂၁၅ ကီလိုမီတာသာ ရှိခဲ့သော်လည်း ယခုမူ စစ်ဈရိတ်နှင့် စစ်တပ်ကိစ္စမှလွဲ၍ အရပ်သားတို့နှင့် သက်ဆိုင်သော ကိစ္စများတွင် ငွေကုန်ကြေးကျ အကုန်မခံသဖြင့် တစ်တိုင်းတစ်ပြည်လုံးမှ အရပ်သားတို့ အသုံးပြုနေသော လမ်းများကား နွားလမ်းသာသာဖြစ်နေလေပြီ။

''မကြာခင် ခင်ဗျားတွေ့ပါလိမ့်မယ်၊ သူတို့ မော်တော်ကားလမ်းက ကျွန်တော်တို့ဆီက ဆင်သွားတဲ့လမ်းလောက်တောင် မကောင်းဘူး''

ခွန်နောင်က ရယ်၍ ပြောသည်။ ထိုညတစ်ညလုံး မိုးကြီးသည်း၍ ကောင်းကင်

www.nyisay.com



တစ်ခွင်လုံး မိုးချိန်းသံတွေ တဂျိန်းဂျိန်း ညံနေရာ ပြီးခဲ့သည့်ညများက တောထဲတွင် အိပ်ခဲ့ရသည်ထက် ယခု ဝါးတဲလေးတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သဖြင့် မနက်ခင်းတွင် ကျွန်ုပ်တို့အားလုံး လန်းဆန်းနေသည်။ ကင်းထောက်လေယာဉ်တွေ ပျံသန်းခဲ့သလို အစိုးရတပ်တို့၏ ထူးခြားသော လှုပ်ရှားမှုတို့ကြောင့် တပ်မဟာ (၁) ဌာနချုပ်တပ်များက ကျွန်ုပ်တို့ လုံခြုံရေးအတွက် တပ်တစ်တပ်ကို စေလွှတ်လိုက်ရာ ၄င်းတပ်သည် အန္တရာယ်ဇုံကို ဖြတ်၍ ကျွန်ုပ်တို့ ညအိပ်ခဲ့သောရွာအနီး လမ်းတစ်နေရာတွင် ကျွန်ုပ်တို့စစ်ကြောင်းနှင့် ချိတ်ဆက်မိကြသည်။

ကျွန်ုပ်တို့ စတည်းချရာတဲတွင် ရွာသားတွေ စုရုံးလာကြပြီး ကျွန်ုပ် ဘယ်သူဘယ်ဝါနှင့် ဘာလုပ်ဖို့ လာရသည်ကို သိလိုရှု မေးကြရာ၊ ကျွန်ုပ်သည် ဂျာနယ်လစ်တစ်ဦးဖြစ်ကြောင်း၊ ကချင်တိုင်းရင်းသားတွေနှင့် ရန်ကုန်အစိုးရတို့ ဖြစ်နေသော စစ်ပွဲအကြောင်းကို စာအုပ်ရေးဖို့ လာရောက်လေ့လာခြင်းဖြစ်ကြောင်း ပြောပြရာ အားလုံး ဝမ်းသာနေကြသည်။ သို့ပေမဲ့ ဝမ်းမသာသူတစ်ယောက်ကား လုဂျာဖြစ်သည်။ သူမကို ဌာနချုပ် (၂) သို့ ပြန်လာဖို့နှင့် မရွေတစ်ဦးတည်းသာ ကျွန်ုပ်တို့နှင့်အတူ တပ်မဟာ (၁) ဌာနချုပ်နှင့် ပါဂျောင်သို့ ဆက်လက် လိုက်ပါရန် အမိန့်ကျလာရာ သမီးလေးကို သံယောဇဉ်ဖြစ်နေသော လုဂျာက ကျွန်ုပ်တို့နှင့် မခွဲချင်၊ လုဂျာကို ကျွန်ုပ်တို့က တတ်နိုင်သမျှ ဖျောင်းဖျခဲ့သော်လည်း နောက်တစ်နေ့နံနက် ခွဲရခါနီးတွင် သူ့ခမျာ ဝမ်းနည်းပက်လက် ငိုရှိ သမီးလေး၏သိုးမွေးဦးထုပ်တစ်လုံးကို အမှတ်တရ လက်ဆောင်အဖြစ် တောင်းယူသွားရှာသည်။ ကချင်ဒေသတွင်း စာပို့လုပ်ငန်းကို ကေအိုင်အို့ဌာနချုပ်က သေသေချာချာ တည်ဆောက်ထားသည်ဖြစ်၍ ပါဂျောင်သို့ ကျွန်ုပ်တို့ ရောက်သည်နှင့် လုဂျာထံ စာရေးပါမည်ဟုလည်း ကတိပေးလိုက်ရသည်။ ကေအိုင်အေ စာပို့လုပ်ငန်းမှ စာထည့်မည်ဆိုလျှင် တံဆိပ်ခေါင်းမလို၊ စက်ဘီးနှင့် စာပို့လုလင် မလို၊ ကေအိုင်အေ ထိန်းချုပ်နယ်မြေ အသီးသီးသို့ ကွန်ဗွိုင်ယာဉ်တန်းများနှင့်ဖြစ်စေ၊ အစိုးရ ထိန်းချုပ်နယ်မြေများသို့ မြေအောက်အေးဂျင့်များနှင့်ဖြစ်စေ စာတွေကို အရောက်ပို့နိုင်ကြသည်။

ပြီးခဲ့သည့်ညက တိုင်ပင်ခဲ့ကြသလို ညနေတွင် ကျွန်ုပ်တို့ကို ကူညီလိုသော ရွာသားအချို့က လမ်းမပေါ်မှ ထင်ဘိုင်း အစိုးရတပ်စခန်းအနီး သွားပြီး ၄င်းတို့ရောင်းဟန်ဆောင်ပြီး အခြေအနေကို သွားရောက်အကဲခတ်ကြရာ စခန်းတွင် တပ်သား (၁၅) ယောက်ခန့်ရှိပြီး မကြာခင် ညစာအတွက် ထမင်းချက်ကြတော့မည့်အကြောင်း သတင်းပေးကြသည်။ သို့ဖြင့် လမ်းကူး၍ တိုက်ပွဲဖြစ်သည်ဆိုလျှင် ပေါ့ပေါ့ပါးပါး လှုပ်ရှားနိုင်စေဖို့ ဆင်တွေကို တပ်မဟာ (၂)သို့ ပြန်ပို့လိုက်ပြီး အထုပ်အပိုးတွေကို လူအင်အားနှင့် ထမ်းပိုး၍ လမ်းမဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်တွင် တစ်နေရာအရောက်တွင် ဝက်ပါလို တောလမ်းမြောင်လေးတွေ ခွဲထွက်သွားရာ၊ ဤသည်ကား

www.nyisay.com



နောက်က ခြေရာခံလိုက်ရာတွင် အခက်တွေ့အောင် တမင်ကြံစည်ထားသော သူပုန်တို့၏ ပရိယာယ်တစ်ခုပင်။ အဆိုပါလမ်းကြောင်းလေး အားလုံး လမ်းတစ်ဖက်ရောက် သည်နှင့် လမ်းကျယ်ကြီးတစ်ခုနှင့် ပြန်လည်ချိတ်ဆက်သွားပြန်သည်။ ကျွန်ုပ်တို့ ရုပ်လိုက်သော တောင်ကုန်းထက်မှ အောက်သို့ ကြည့်လျှင် သစ်ပင်တွေကြားမှ ကွေ့ကောက်သွားသော နီညိုရောင် လမ်းစွပ်ကြောင်းရာလေးကို တွေ့နေရသည်။

"ရှေ့တပ်စု"

စစ်ကြောင်းမှူးက အော်၍ အမိန့်ပေးလိုက်ရာ လမ်းမြောက်ဘက် မီတာ (၁၀၀) အကွာ ကျွန်ုပ်တို့ ဖြတ်ကူးမည့်နေရာတွင် ရဲဘော် (၈)ယောက် ရိုင်ဖယ်သေနတ်တွေနှင့် အသင့်နေရာယူလိုက်ကြသည်။

"နောက်တပ်စု"

နောက်ထပ် တပ်စုတစ်ဖွဲ့က နေရာမှ ခွဲထွက်၍ တောင်ဘက်တွင် နေရာယူလိုက်ကြပြီးနောက် ကျွန်ုပ်တို့ စတင်လှုပ်ရှားကြရာ ခွန်နောင်က ပစ္စတိုတစ်လက်ကိုင်လျက် ကျွန်ုပ်တို့နောက်မှ ကပ်၍ ပါလာသည်။ ဖြတ်ကူးမည့်နေရာ တစ်ဖက်တစ်ချက်တွင်မူ တပ်ဖွဲ့နှစ်ဖွဲ့ ပိတ်ဆို့ထားရုံမက ကျွန်ုပ်တို့ ရှေ့နှင့် နောက် နေရာအနှံ့တွင် စက်သေနတ်နှင့် ဘဇူကာ တပ်ဖွဲ့ဝင်များလည်း ဖြန့်ချထားပြီး ရဲဘော် (၁၀) ယောက်က ကျွန်ုပ်တို့နှင့် အနီးကပ် စောင့်ကြပ်၍ ပါလာသေးသည်။ စစ်ကြောင်းမှူးက အမိန့်ပေးပင် ပေးနေသော်ငြားလည်း ရဲဘော်အားလုံးကား စစ်ဆင်ရေးနည်းစနစ်တွေနှင့် အထူးကျွမ်းဝင်နေသည်မှာ သိသာသည်။ တောင်ကုန်းအောက်မှ လမ်းမဆီ မဆင်းမီ ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ တစ်ယောက်ကိုတစ်ယောက် တစ်ချက်ကြည့်လိုက်ကြသည်။ သမီးကို မရွေက ကျောပိုးချီ၍ ကျွန်ုပ်တို့နောက်က ပါလာသည်။

ရွံ့ နုံ၊ ဗွက်၊ ချိုင့်ခွက်တွေထဲတွင် လတ်လတ်ဆတ်ဆတ် စစ်ဖိနပ်ခြေရာတွေ တွေ့ရသဖြင့် အစိုးရစစ်သားတွေ မကြာသေးမီက ဖြတ်သွားဟန် တူသည်။ အစိုးရထိန်းချုပ်နယ်မြေမှ လမ်းများကား ဆင်သွားလမ်းလောက် မကောင်းဘူးဟု ခွန်နောင် သရော်ခဲ့သည်မှာ ယခုတော့ မော်တော်ကားတွေအတွက် အခက်တွေ့သည်သာမက ကျွန်ုပ်တို့ အတွက်လည်း အန္တရာယ်များလှသည်။ ခြေရာခံသူတွေ ခေါင်းရှုပ်သွားစေဖို့ ရည်ရွယ်၍ လမ်းတစ်ဘက်သို့ တိုက်ရိုက်ဖြတ်မကူးသေးဘဲ၊ လမ်းနောက်ဘက် မီတာ (၁၀၀)နီးပါး အထိ လျှောက်သွားပြီးမှ ချုံတစ်ချုံထဲသို့ တိုးဝင်လိုက်ရာ ရေခန်းနေသော ချောင်းလေးတစ်ချောင်းဆီ ဦးတည်သွားနေသည့် လမ်းမြောင်လေးအတိုင်း လိုက်လာခဲ့သည်။ တောင်ကုန်းပေါ်မှ မဆင်းမီ နောက်ဆုံး အခြေအနေကို ပြင်ဆင်သည့်အနေဖြင့် အကိုက်အခဲ ပျောက်ဆေးပြား ခပ်ပြင်းပြင်း(၂)ပြားကို ကျွန်ုပ် မျိုချလာခဲ့သည်။ လိုအပ်လျှင် ပြေးနိုင်ဖို့ အတွက် ခြေထောက်အနာမှ အာရုံခံစားမှုတွေ ကင်းမဲ့နေဖို့လိုသည်။

www.nyisay.com



လမ်းအရှေ့ဘက် တောထဲသို့ နာရီအနည်းငယ်မျှ လျှောက်လာကြပြီး စမ်းချောင်းလေးဘေးတွင် ကျွန်ုပ်တို့ ညအိပ်ကြပြီး နောက်တစ်နေ့နံနက်တွင် တောင်ပေါ်သို့ တက်လာကြရာ ကျွန်ုပ်တို့ စစ်ကြောင်းမှ လူတွေအားလုံး သိသိသာသာ ပျော်ရွှင်လန်းဆန်းနေကြသည်။ ပတ်ဝန်းကျင် တခွင်တပြင် မြင်ရသည်မှာ ကချင်ဒေသတစ်ခုလုံး၏ ပုံစံလို ထင်ရသည်။ အစိုးရထိန်းချုပ်ထားသည်မှာ အဓိကမြို့ကြီးများနှင့် လမ်းမကြီးတွေသာ ဖြစ်ပြီး၊ ကျန်နေရာများကား လူမနေသော အရပ်နှင့် သူပုန်နယ်မြေများပင် ဖြစ်သည်။ ဟိုးအဝေး အစိုးရတပ်စခန်းချရာ ထင်ဘိုင်းမှ အူတက်နေသော မီးခိုးအမျှင်တန်းတို့ကို တွေ့ရာမှ မတ်စောက်သော တောင်တန်းပေါ်တက်လာသည့်အခါတွင်မူ မြင်ကွင်းအားလုံး ပျောက်ကွယ်သွားတော့သည်။ မလိခနှင့် တဖြည်းဖြည်း နီးလာလေပြီ။

ဖေဖော်ဝါရီ (၁၉) [illegible] တသွင်သွင် စီးဆင်းရစ်ခွေနေသော မြစ်ပြင်ကြီးသို့ ဆိုက်ရောက်လာကြရာ ကျောက်စိမ်းရောင် ရေသားရေပြင်သည် တဖျပ်ဖျပ် ခတ်လျက် ကမ်းတစ်ဖက်ဆီမှ တောင်ထွတ်တောင်တန်းကြီးတို့၏ အရိပ်ကို ရောင်ပြန်ဟပ်နေသော မလိခ၊ မြန်မာပြည်အလယ်အူတိုင်မှ ဖောက်၍ မြစ်ဝကျွန်းပေါ်မှတစ်ဆင့် ဘင်္ဂလားပင်လယ်အော်အထိ စီးဆင်းနေသော မြစ်မင်းဧရာဝတီ၏ မူလအစ၊ အဆိုပါမြစ်ကို လူအင်အား (၈၀) ခန့်ပါသော ကျွန်ုပ်တို့ စစ်ကြောင်းတစ်ကြောင်းလုံး ဝါးဖောင်တွေ၊ သစ်လုံးထွင်းလှေတွေနဲ့ ဖြတ်ကူးလာခဲ့ပြီး တောင်ဘက်ခရီးကို နာရီအတော်ကြာ တက်လာခဲ့ပြီးနောက်တွင်မူ 'ပန်လောင်ယန်' ခေါ် ရွာကြီးတစ်ရွာသို့ ရောက်လာခဲ့ပါ၏။

ဤနေရာ၊ ဤဒေသသည်ကား တပ်မဟာ (၂) နယ်မြေတွင် တွေ့ခဲ့ရသော ရှေ့တန်းအခင်းအကျင်းမျိုးတွေ လုံးဝ မတွေ့ရတော့၊ ကချင်သူပုန်တို့၏ ရုံးအဆောက်အအုံတို့တွင် ချိတ်ဆွဲထားသော သင်္ကေတကြီးတို့က စီမံခန့်ခွဲရေးလုပ်ငန်းဆောင်တာတို့ကို ညွှန်ပြနေသည်။ တံတားများတွင် တစ်ကြိမ်လျှင် ဝန်တင်လား ဘယ်နှစ်ကောင် ဖြတ်ကျော်နိုင်ကြောင်း၊ သို့မဟုတ် မိုးရွာပြီးလျှင် သစ်သားပျဉ်ပြားနင်းကြမ်းများပေါ်တွင် ချော်လဲနိုင်ကြောင်း သတိပေးထားသော သင်္ကေတတွေပဲ ဖြစ်သည်။

ကျွန်ုပ်တို့ ချဉ်းနင်း ဝင်လာသော ဒေသမှာ အင်မိုင်ခ (မေခ)နှင့် မလိခမြစ်ကြားတွင် ဖြစ်၍ ကာလကြာရှည်စွာ ငြိမ်းချမ်းခဲ့ရာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ အင်ဂျမ်လရွာကြီးကား ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန် တပ်ဖွဲ့တစ်ဖွဲ့ စခန်းချခဲ့ပြီး ယခုမူ ကျောင်းသား (၃၀၀) ကျော် စာသင်နိုင်သော ကျောင်းကြီးတစ်ကျောင်းနှင့် ဘေးနားတွင် ဆရာဖြစ်သင်ကောလိပ် တစ်ခုလည်း တည်ဆောက်ထားရာ ကျောင်းသို့လာလည်ဖို့ ကျွန်ုပ်တို့ကို ဖိတ်ကြားခဲ့သည်။ ကျောင်းအုပ် ဆရာကြီးမှာ ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် လူလတ်ပိုင်းအရွယ်ရှိပြီး သူက ကျွန်ုပ်တို့ကို ဦးဆောင်၍ စာသင်ကျောင်းနှင့် ကောလိပ်ကို လိုက်ပြသည်။ ညနေပိုင်းတွင်မူ ကျောင်းသားကျောင်းသူလေးတွေက ကျွန်ုပ်တို့ကို သီချင်းဆို၍ အကနှင့် ဖျော်ဖြေကြသည်။

www.nyisay.com



အင်ရော့ကောင် ခေါ် အခြားရွာတစ်ရွာတွင် အရပ်သားတွေအတွက် ဆေးရုံတစ်ရုံရှိပြီး၊ သူတို့ အတိုင်းအတာနှင့် ဆေးရုံသုံးပစ္စည်း ကိရိယာနှင့် ဆေးဝါးတွေ ပြည့်စုံသည်။

ကူမွန် ချိုင့်ဝှမ်းဒေသတွင် မြေပြန့်ရှမ်းတို့၏ လွှမ်းမိုးမှုများ သိသိသာသာ တွေ့လာရပြီး ရွာအားလုံး သန့်ရှင်းသပ်ရပ်၍ ရေသွင်း စပါးခင်းတွေ စားပင်သီးပင်စိုက် ခင်းတွေနှင့် ရိုလာသည်ဖြစ်၍ တြိုက်ဒေသမှ ခြေတံရှည်အိမ်တွေနှင့် လှေခါးထစ်စိုက်ခင်းတို့သည်ကား နမ့်ပုတ် အရှေ့ခြမ်းမှ နာဂတောင်ဒေသကိုပင် သတိရစရာ။

ကချင်ပြည်နယ် မြောက်ပိုင်းတွင် ဆိုင်နောင့်အနေနှင့် ဗမာစကားကို အသုံးပြုနိုင်ခဲ့သော်လည်း တြိုက်ဒေသတွင်မူ လူများစုက ကချင်ဘာသာစကားဖြင့်သာ ပြောဆိုဆက်ဆံကြရာ ကျွန်ုပ်တို့ကား ကချင်ဒေသ၏ ဗဟိုချက်မသို့ ရောက်ရှိလာပြီ ဖြစ်ပါ၏။ ၁၉၇၀လွန်ကာလတွေအထိ အိုင်းရစ်(ရှ်) ကိုလန်ဘန် ခရစ်ယာန်ဘုန်းတော်ကြီးများက ဆွစ်ပရာဘွမ်တွင် မစ်ရှင်တည်ထောင်၍ တြိုက်အစွန်အဖျား ဒေသတော်များများတွင် သာသနာပြုခဲ့ရာ အများစုမှာ ဘက်ပတစ်ခရစ်ယာန်တွေဖြစ်ပြီး ရိုမန်ကတ်သလစ်တွေလည်း ပြောက်ပြောက်ကျားကျားတွေ့ရသည်။ သို့ပေမယ့် ယနေ့အထိ နတ်ကိုးကွယ်သူလည်း မနည်းမနော ရှိနေသေးရာ လူဦးရေ၏(၁၀)ရာခိုင်နှုန်းမျှရှိမည် ခန့်မှန်းရပြီး သူတို့အိမ်တွေရှေ့မှာ ဝါးနှင့် ဆောက်ထားသော နတ်ကွန်းပေါ်မှာ ကျွဲဦးခေါင်းအခွံတွေ တင်ထားကြသည်။

ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် မီးတောင်သေတွေဟု ယူဆရသော ကတော့ပုံတောင်ထွတ်ကြီးတွေနှင့် ဟိုးအဝေး တရုတ်နယ်ခြားဘက်တွင်မူ တောင်ထိပ်တွေပေါ်မှာ နှင်းဆောင်းထားသော မြင့်မြင့်သွန်းသွန်း တောင်ကြီးတွေ တွေ့လိုက်ရရာ အဆိုပါတောင်တန်းတို့သည်ကား ဒုတိယကမ္ဘာစစ်၊ ဖက်ဆစ်ဆန့်ကျင်ရေးအကြောင်း ရေးသားထားသော စာအုပ်တွေထဲမှာ တွေ့ဖူးနေကျဖြစ်၍ ကချင်တောင်တန်းတွေဖြစ်ကြောင်း ကျွန်ုပ်ချက်ချင်း မှတ်မိလိုက်ပါ၏။

ဖေဖော်ဝါရီ (၂၁) ရက်တွင် တပ်မဟာ (၁) ဌာနချုပ်သို့ ကျွန်ုပ်တို့ ဆိုက်ရောက်လာရာ စခန်းအဝင် ဝါးမုခ်ဦး အထက်တွင် 'ကြိုဆိုပါသည်' ဆိုသော စာတန်းကြီးကို ချိတ်ဆွဲထားသည်။ ကျွန်ုပ်တို့ဝင်လာရာ လမ်းတစ်လျှောက် ဝဲယာတစ်ဖက်တစ်ချက်တွင် ကချင်စစ်သားတစ်ရာခန့်မျှ တန်းစီကာ လက်သီးလက်မောင်းတွေတန်းလျက် ကြွေးကြော်သံတွေ အော်ဟစ်နေကြပြီး မုခ်ဦးထိပ်တွင် ကျွန်ုပ်တို့ကို ကချင် တပ်မှူးတွေက ခရီးဦးကြိုကြသည်။ ကျွန်ုပ်တို့ မိသားစုနေရမည့် အိမ်တစ်လုံးကိုလည်း အသင့်ပြင်ထားရာ မွေ့ရာသစ်၊ အိပ်ရာခင်းအသစ်များနှင့်သာမကသေး ကျွန်ုပ် အလုပ်, လုပ်နိုင်ရန်အတွက် ဝါးစားပွဲတစ်လုံးနှင့် ရေနံဆီမီးအိမ်တစ်လုံးကိုပါ ပေးထားသေးသည်။

ထိုတစ်ညမှာပင် ကျွန်ုပ်တို့ ကချင်မြောက်ပိုင်းဒေသတစ်နေရာရာတွင် ရောက်နေပြီကို ဗမာစစ်တပ်က သိသွားပြီဖြစ်ကြောင်း သတင်းကြားရသည်။ ကျွန်ုပ်အမည်ကိုပါ

www.nyisay.com



စုံစမ်းသိသွားပြီး မြစ်ကြီးနားမြို့ခံလူတွေကို နိုင်ငံခြားသားသူလျှိုတစ်ယောက် ဤဒေသသို့ ခိုးဝင်လာကြောင်း ပြောကြားထားသည်။

သို့ဖြစ်၍ တြိုက်ဒေသအတွင်းသို့ တပ်တွေ လွှတ်၍ ကျွန်ုပ်တို့ကို ရှာဖို့ဆိုသည်မှာ မဖြစ်နိုင်တော့သဖြင့် ဤနေရာမှ ပါဂျောင်သို့ သွားရမည့် ကျွန်ုပ်တို့ခရီးလမ်းကို ပိတ်ဆို့ဖို့ ဗမာတပ်ရင်းတစ်ရင်း စေလွှတ်လိုက်ခြင်း ဖြစ်သည်။ အင်မိုင်ခမြစ် တောင်ဘက်ခြမ်း ဝိုင်းမော်မှ ချီဘွေသွား မော်တော်ကားလမ်းမှာ အစိုးရ ထိန်းချုပ်ရာနေရာ ဖြစ်သည်။

○

www.nyisay.com

# တြိဂံဒေသ

တပ်မဟာ (၁) စစ်ဌာနချုပ်ကား ကျယ်ဝန်း၍ သစ်ကြီးဝါးကြီးတွေ ထူထပ်သော 'လကောင်ဘွမ်' တောင်ကျောပေါ်တွင် တည်ထားရာ တောင်ထွတ်ကြီးကမူ ကျွန်ုပ်တို့ ဝါးတဲနောက်ဘက်မှ ထိုးထွက်နေသည်။ တပ်မဟာစခန်းနှင့် ဘေးပတ်ဝန်းကျင် ရွာအားလုံးကို မိုး၍ မြင်နေရသဖြင့် အဆိုပါတောင်ထွတ်ပေါ်တွင် လေယာဉ်ပစ် လက်နက်ကြီးတွေ ဆင်ထားကြောင်း တပ်မဟာမှူး ဗိုလ်မှူး ကွမ်ထဂမ်က ကျွန်ုပ်တို့ကို ပြောသည်။

တြိဂံဒေသတွင်း ဗမာတပ်တွေ ခြေမချနိုင်ခဲ့သည်မှာ (၁၆) နှစ်ရှိပြီ ဖြစ်သော်လည်း အရပ်သားတွေနေသော ကျေးရွာတို့ကို ပစ်မှတ်ထား၍ လေ၀ဲကြောင်းမှ တိုက်ခိုက်နေခဲ့သဖြင့် အရပ်သားတွေ မနည်းမနော သေဆုံးခဲ့ရာ ဆိုခဲ့သလို လေယာဉ်ပစ် လက်နက်ကြီးတွေ ပြင်ဆင်ထားခြင်း ဖြစ်သည်။ သို့ရာတွင် လေတပ်တွင်လည်း မကောင်းမကန်း တိုက်လေယာဉ်အနည်းအကျဉ်းသာ ရှိရသည့်အထဲ လက်နက်ကြီးစာမိပြီး ဆုံးရှုံးသွားမှာကို စိုးရိမ်ကြသဖြင့် လကောင်ဘွမ် တောင်ထိပ်ပေါ်တွင် 'ဘရောင်နီ' စက်သေနတ်ကြီး တစ်လက် ရှိရုံနှင့် လေကြောင်းရန်ကို ဟန့်တားထားနိုင်ခဲ့သည်။

ကျွန်ုပ်တို့အတွက် ခရီးတစ်ထောက်နားဖို့ စီစဉ်ထားသောနေရာများကား အမြဲတစေ သက်သောင့်သက်သာ ရှိလှသည်။ ပေရေညစ်ပတ်နေသော အဝတ်တို့ကို လျှော်ဖွပ်နိုင်သလို ကျွန်ုပ်အနေနှင့်လည်း အိပ်ခန်းအပြင်ဘက် မီးလင်းဖိုဘေးတွင် စားပွဲကုလားထိုင် ခင်းပြီး မှတ်စုမှတ်ရာတွေ ရေးနိုင်ချွတ်နိုင်သည်။

ကျွန်ုပ်တို့ အိမ်ရှေ့မြေကွက်လပ်မှ ကြည့်လျှင် စခန်းတစ်ခုလုံးကို တွေ့မြင်နိုင်ရာ တောင်အောက်တွင် စစ်ရေးပြကွင်းရှိပြီး ၄င်း၏ဘေးတွင် စစ်တန်းလျားတွေနှင့် ရုံးအဆောက်အအုံကြီးတွေကို တွေ့မြင်နေရသည်။ အဆောက်အအုံအားလုံးကို ဝါးဖြင့် လုပ်ထားကြသည်။ တန်းလျားကြီးတစ်ခုထဲတွင် အမျိုးသမီးစစ်သည်တွေက စစ်ယူနီဖောင်း၀တ်စုံတွေ ချုပ်လုပ်

www.nyisay.com



နေကြပြီး အခြားအဆောက်အအုံကြီးတွင်မူ ကြိုးမဲ့ ကြေးနန်းစက်ရှိပြီး ရှေ့တန်းတပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ ပါဂျောင်နှင့်လည်းကောင်း နေ့စဉ် ဆက်သွယ်နေကြသည်။

စခန်း၏ ဗဟိုတွင်ကား ကေအိုင်အို မြောက်ပိုင်းတိုင်း၏ အုပ်ချုပ်ရေးရာများလုပ်ကိုင်ဆောင်ရွက်နေသော ရုံးအဆောက်အုံကြီးတစ်ခုရှိရာ နံနက်တိုင်း လက်နှိပ်စက်ရိုက်သံတွေ တစ်ဖျောက်ဖျောက် ကြားနေရသလို အငြင်းပွားမှုတွေကို ဖြေရှင်းပေးဖို့ ဖြစ်စေ၊ မကျေနပ်ချက်တွေကို တိုင်တန်းလို၍ဖြစ်စေ ခေါင်းဆောင်တွေနှင့် တွေ့ဖို့ ရုံးအပြင်ဘက်တွင် တန်းစီနေသော ကချင်အရပ်သားတွေကိုလည်း တွေ့နေရသည်။ ဆိုခဲ့သလို စခန်းမြေနေရာ အနေအထားကိုသော်လည်းကောင်း၊ အမျိုးသမီးတို့ကိုသော်လည်းကောင်း ဗဟိုပြုထားတတ်သည်မှာ လူမျိုးစုလူ့အဖွဲ့အစည်းတို့၏ ထုံးစံတစ်ခုလို ဖြစ်နေရာ အရာရှိနှင့် ၄င်းတို့ မိသားစုများကား စခန်းထဲတွင် မနေကြဘဲ၊ လကောင်ဘွမ်မှ နာရီဝက်မျှ လမ်းလျှောက်ရသော ရွာတစ်ရွာတွင် နေထိုင်ကြရာ မနက်ခင်းဆိုလျှင် ဖိုင်တွဲတွေကို ချိုင်းကြားညှပ်ပြီး တောတန်းတွေကိုဖြတ်ကာ ရုံးနဲ့ရွာကြား ကူးကလန်ခတ်နေကြသည့် ကချင်စစ်သားတွေကို မြင်ရသည်မှာ မထင်မှတ်ထားသော မြင်ကွင်းတစ်ခုဖြစ်နေပါသည်။

မြောက်ပိုင်းတစ်ပိုင်းလုံးကို ကေအိုင်အိုက ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားနိုင်သည်မှာ ဒေသတွင်း တိုင်းရင်းသားတို့၏ စုစည်းညီညွတ်ခြင်းနှင့် ကချင်ဒေသ၏ ဗဟိုချက်မဖြစ်၍ ပြင်ပလွှမ်းမိုးမှု နည်းပါးတာလည်း ပါသည်။ ကချင်တို့သည်လည်း နာဂတွေလို လူမျိုးစုများစွာ ကွဲပြားနေသည့်တိုင် တစ်မျိုးနှင့်တစ်မျိုး လုံးဝ အခြားနားကြီး ခြားကြသည်မဟုတ်၊ ဂျိမ်းဖော၊ မရူ၊ လရှီ၊ အဇီး၊ လီဆူးနှင့် ရဝမ် စသဖြင့် ကွဲပြားနေသည်မှာ ဘာသာစကားအုပ်စုအရ ကွဲပြားနေခြင်းသာဖြစ်ပြီး လူမျိုးအနေနှင့်မူ တစ်စုတစ်စည်းတည်းဖြစ်သည်။ စည်းရုံးမှုကို ပို၍ ကျစ်လျစ်စေသည့် နောက်ထပ် အခြင်းအရာတစ်ခုမှာ ရှုပ်ထွေးသော ဆွေမျိုးစုစနစ်ဖြစ်သည်။ ကချင်မျိုးနွယ်စုအားဖြင့် မရစ်(ပ်)၊ မရန်၊ လဖိုင်၊ အင်ခွမ်နှင့် လထော်ဟူ၍ရှိရာ ကချင်တစ်ယောက်အနေနှင့် ဆိုခဲ့သလိုဆွေမျိုးစု (၅)ခုအနက်၊ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သဖြင့် တစ်နည်းနည်းဖြင့် ဆွေမျိုးစုအားလုံးကား လိမ်ယှက်၍ ဆွေမျိုးတွေ တော်စပ်နေလေသည်။

ဆိုခဲ့သလို ဆွေမျိုးစု ကွန်ယက်ကြီးတစ်ခုကား မနုဿဗေဒဆရာတစ်ဦးအတွက် ခေါင်းစားစရာ အချုပ်ထုပ်ကြီး ဖြစ်နေပါသော်လည်း လက်တွေ့တွင်မူ အဆိုပါ စနစ်ကပင် ကချင်လူ့အဖွဲ့အစည်းတစ်ခုလုံးကို တင်းတင်းကျပ်ကျပ် ရက်ဖောက်ထားခြင်း ဖြစ်ပါ၏။ ကချင်လက်နက်ကိုင် လှုပ်ရှားမှုထဲတွင် အများအားဖြင့် မပါဝင်သော ကချင်အုပ်စု တစ်ခုမှာ ရဝမ်အုပ်စု ဖြစ်သည်။ ရဝမ်တို့သည် ကချင်ပြည်နယ် မြောက်ဘက်စွန်း ပူတာအိုဒေသတွင် နေထိုင်ကြပြီး ၁၉၆၅ ခုနှစ် ဝန်းကျင်တွင် ၄င်းတို့ကို ရန်ကုန်အစိုးရက ပြည်သူ့စစ်အဖွဲ့ဖွဲ့စည်း၍ လက်နက်တပ်ဆင်ပေးခဲ့ရာ ကေအိုင်အေတပ်ဖွဲ့တို့က ရဝမ်ကျေးရွာတို့ကို တိုက်ခိုက်ခဲ့သဖြင့် ရဝမ်အမြောက်အများ သေဆုံးခဲ့ရသည်။

www.nyisay.com

အင်ရော့ကောင်ရွာ။

ယခု ကေအိုင်အေ ခေါင်းဆောင်တို့က ရဝမ်တို့ကို တိုက်ခိုက်ခဲ့သည်ကို မှားကြောင်း ဝန်ခံခဲ့ပါသော်လည်း ရဝမ်တို့၏ အနာဟောင်းက သွေးမတိတ်သေး၊ ရဝမ် အများစုက ကချင်ပြည်နယ် အစိုးရရုံးများတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်နေကြသဖြင့် ပူတာအိုဒေသတစ်ဝိုက်ကို အစိုးရတပ်တို့က လွယ်လွယ်ကူကူ ထိန်းချုပ်ထားနိုင်ရာ မြစ်ကြီးနားနှင့် အနီးအနားတစ်ဝိုက် အပါအဝင် မြစ်ကြီးနား-မန္တလေး ရထားလမ်းတစ်လျှောက်မှ အချို့မြို့များမှလွဲလျှင် ပူတာအိုကား အစိုးရတပ်များရှိရာ တစ်ခုတည်းသော ကချင်မြောက်ပိုင်းနေရာ ဖြစ်သည်။

ဌာနချုပ်တွင် ကျွန်ုပ်တို့ ရောက်နေပြီဆိုသော သတင်းကား နံဘေးမှ ရွာတွေဆီ ချက်ချင်းပုံနှံ့သွားရာ ရက်အနည်းငယ်လွန်သည်နှင့် ရွာသားတစ်သိုက် ကျွန်ုပ်တို့နှင့် တွေ့ဖို့ ဦးဆုံးရောက်လာသည်။ အသက် (၆၀) ကျော် အမျိုးသားကြီးတစ်ယောက်က ရှေ့မှ ဦးဆောင်လာသဖြင့် နောက်မှ အမျိုးသမီးတစ်ယောက်နှင့် လူငယ်အမျိုးသား (၂) ယောက် လိုက်ပါလာသည်။ ကချင်အမျိုးသားကြီးကား အစိမ်းနှင့်အနက်ကြား ကချင်လုံချည် ဝတ်ထားပြီး ခါးတွင် ကချင်ဓားတစ်ချောင်းကို သစ်သားဓားအိမ်ဖြင့် ချိတ်ဆွဲထားသည်။ ခေါင်းတွင် ကချင်ခေါင်းပေါင်း ပေါင်းထားပြီး တည်ကြည်ခံ့ညားသော ဥပဓိရှိသဖြင့် မြင်မြင်ချင်း ကျွန်ုပ် ခင်မင်သွားသည်။ အသက် (၆၀) ကျော်နေသည့်တိုင် သူကြည့်ရ သည်မှာ တောင်တက်ခရီးတက်လာခဲ့ရသည်ကို မမှုလေဟန်၊ သူတို့အားလုံး ဗမာစကား မပြောတတ်သဖြင့် ဆိုင်နောင့်က ဘာသာပြန်လုပ်ပေးရသည်။

www.nyisay.com

**ကျွန်ုပ်တို့သမီးငယ်ကို ထိန်းပေးနေကြသော မရွှေ (အလယ်) နှင့် ကချင်မလေးများ**

ကချင်အမျိုးသားကြီးက ကျွန်ုပ်လက်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လိုက်ရာ ကျွန်ုပ်က သူတို့ကို အိမ်ထဲသို့ ဖိတ်ခေါ်ပြီး မီးလင်းဖိုဘေးက ကျွန်ုပ် စာရေးစားပွဲ လုပ်ထားသော စားပွဲနှင့် ခုံတွင် ထိုင်စေသည်။ သူက ကျွန်ုပ်အတွက် ကချင်လွယ်အိတ်တစ်လုံးနှင့် ဆိုင်နောင့်အတွက် လုံချည်တစ်ထည်ပါလာရာ ကျွန်ုပ်တို့တွေ့ဆုံခြင်းမှာ သူ့အတွက် အရေးပါကြောင်း လေးလေးနက်နက် ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ပြီးနောက် မဆိုင်းမတွ ဆိုသလိုပင် သူက အမှာစကားပြောကြားရာ နားထောင်နေစဉ် တစ်ခဏအကြာမှာပင် ယခုပြောမည့်စကားတို့ကို ပြီးခဲ့သည့်နေ့တွေကတည်းက လေ့ကျင့်ခဲ့သည်မှာ သိသာလှသည်။

''အင်ရော့ကောင် ရွာသူရွာသားတွေကိုယ်စား ပြောချင်တာက ကျွန်တော်တို့ ဒေသကို အခုလို လာလည်တဲ့အတွက် ခင်ဗျားနဲ့ ခင်ဗျားဇနီးတို့ကို လှိုက်လှဲစွာ ကြိုဆိုပါတယ် ဆိုတာပါပဲ၊ ခင်ဗျားက ဂျာနယ်လစ်တစ်ယောက်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ဒုက္ခသုက္ခတွေနဲ့ ရုန်းကန်နေရတာတွေကို စာတစ်အုပ်ရေးပြီး ကမ္ဘာကြီးက သိအောင်လုပ်မယ်လို့ သိရပါတယ်။ ဒါဟာ ကောင်းပါတယ်။ ဒီလိုအခွင့်အရေးကို ကျွန်တော်တို့ စောင့်နေတာ နှစ်ပေါင်း အတော်ကြာပါပြီ၊ အခုတော့ ဘုရားသခင်ကျေးဇူးတော်ကြောင့် ခင်ဗျား ရောက်လာပါပြီ''

''ကျွန်တော့်နာမည်က 'ကျခီထိန်နန်' ဖြစ်ပါတယ်။ အင်ရော့ကောင်ရွာက ရွာသူကြီးပါ၊ ဒုတိယကမ္ဘာစစ်အခါက အမေရိကန်၊ ကချင် ရိမ်းဂျာတပ်ဖွဲ့ဝင်တွေနဲ့ အတူ

www.nyisay.com



တိုက်ပွဲဝင်ခဲ့သူပါ။ အမေရိကန်တပ်တွေကို ဒီနေရာမှာ တပ်ချဖို့ ကူညီခဲ့ပြီး သူတို့ ဒါကိုတာ လေယာဉ်တွေ ဆင်းဖို့ လေယာဉ်ပြေးလမ်းတစ်ခုကိုလည်း ဖောက်ပေးခဲ့ပါတယ်''

ဤနေရာတွင် ရေသွင်း စပါးကွင်းကြီးတစ်ခုကိုလည်း သတိထားမိသည်။ စပါးကွင်းဆိုပေမဲ့ ပုံသဏ္ဌာန်က မြင်နေကျပုံစံ မဟုတ်၊ ရှည်မျောမျောကြီးဖြစ်ပြီး သဘာဝပေါက်ပင်တို့ကို ခုတ်ထွင်၊ မီးရှို့၍ စိုက်ပျိုးမြေတို့ကို တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းလုပ်ကိုင်သော အလေ့အထ ကျင့်သုံးသော ကချင်မြောက်ပိုင်းတွင် ယခုလို ရေသွင်းစပါးကွင်းတွေကို မြင်နေရသည်ကလည်း အံ့သြစရာ ဖြစ်နေရာ ဆိုခဲ့သလို ရှည်မျောမျော စပါးကွင်းကြီးမှာ လေယာဉ်ပြေးလမ်းဟောင်းကြီးကို လယ်ကွင်းအဖြစ် ပြောင်းလဲ၍ အကျိုးရှိရှိ အသုံးချခဲ့သည်ကို မေဂျာကွမ်ထဂမ်ထံမှ သိရသည်။

''ကျွန်တော်တို့က အမေရိကန်တွေကို သဘောကျတယ်၊ သူတို့က ဗမာတွေလို မဟုတ်ဘူး၊ တန်းတူညီမျှ ဆက်ဆံတယ်၊ ဗမာတွေက မောက်မာတယ်။ တောင်တန်းဒေသက ကျွန်တော်တို့တွေကို အထင်သေးကြတယ်။ အခု ကမ္ဘာကြီးကို ကျွန်တော်ပြောချင်ပါတယ်။ မ.ဆ.လအစိုးရက အမေရိကန်လေယာဉ်တွေ ပစ်ချခဲ့တဲ့ ဗုံးတွေနဲ့ အခု ကျွန်တော်တို့ရွာတွေပေါ်ကို ကြဲချနေကြတယ်''

ကချင်အမျိုးသားကြီးစကားများမှာ ကြိုတင်လေ့ကျင့်ထားသည် ဆိုသော်လည်း ရိုးရိုးသားသား ပြောပြနေခြင်းဖြစ်ပြီး ပြောနေရင်း ထောင့်တွင် မျက်ရည်များပင် စို့တက်လာလေရာ နိုင်ငံခြားသားတစ်ယောက်နှင့် ယခုလို ထပ်တွေ့ဖို့ သူ့အနေနှင့် နှစ်ပေါင်းများစွာ စောင့်ခဲ့ရပေလိမ့်မည်။ ယခုမူ ထိုအခွင့်အရေးကား ဆိုက်ရောက်လာချေပြီ။

''၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီ (၂၄) ရက်နေ့က အင်ဘောင်ဘွမ်ရွာပေါ်က မဆလ လေယာဉ်တွေ ပျံသွားတယ်၊ ဒီနေရာနဲ့ သိပ်မဝေးဘူး ခင်ဗျားကိုယ်တိုင် သွားကြည့်လို့ရတယ်။ ပြီးတော့ နာရီအနည်းငယ်ကြာတော့ လေယာဉ်တွေနဲ့ ပစ်တော့တာပဲ။ ရွာသူရွာသားတွေက ကေအိုင်အေကို အကူအညီပေးနေတာ မှန်ပေမဲ့ သူတို့ ဗုံးကြဲတဲ့အချိန်မှာ ကေအိုင်အေစစ်သားတွေ ရွာထဲမှာ မရှိပါဘူး၊ ဗုံးလုံးလေးလုံးက အသုဘအခမ်းအနားရှိတဲ့နေရာ သွားထိပြီး လူ(၁၀) ယောက် သေသွားတယ်၊ အများဆုံးက မိန်းမတွေနဲ့ ကလေးတွေပဲ၊ သူတို့က လွတ်အောင်မပြေးနိုင်ကြဘူးလေ၊ အိမ်တွေလည်း အများကြီး ပျက်စီးသွားတယ်။

လေယာဉ်ပိုက်လော့တွေက သူတို့သတ်နေတာ အရပ်သားတွေဆိုတာ ကောင်းကောင်း သိကြပါတယ်။ ဒီလိုအဖြစ်အပျက်တွေ တြိဂံဒေသမှာ အများကြီးဖြစ်နေတာကို ကြည့်ရင် သူတို့သိတာ သံသယမရှိပါဘူး၊ ၁၉၈၅ ခုနှစ် မတ် (၂၇) မှာလည်း ဒီလိုပဲ၊ ခင်ဒုန်ယန်နဲ့ ဘွမ်နွယ်ရွာ နှစ်ရွာပေါ် ဗုံးကြဲခဲ့ကြတယ်''

www.nyisay.com



ဤ၌ စကားကို ခဏရပ်လိုက်ပြီး ဆက်ပြောဖို့ စဉ်းစားသည်။ သူပြောပြနေသည်တို့မှာ စိတ်လှုပ်ရှားစရာကောင်းသော်လည်း သူ့စကားတွေထဲမှ အနောက်နိုင်ငံသားတွေအပေါ် ခံပြင်းနာကြည်းတာမျိုးတွေ မပါသဖြင့် အံ့သြရသည်။ ကျွန်ုပ်ကို မဝေဖန်သလို ဗြိတိသျှနှင့် အမေရိကန်တွေကိုလည်း အပြစ်တင်စကား တစ်ခွန်းမျှကိုပင် မကြားရ၊ ကချင်အမျိုးသားကြီးက သူ့စကားစကို ပြန်ကောက်သည်။

"မဆလအစိုးရက တစ်ကမ္ဘာလုံးကို လိမ်နေတယ်၊ ကျွန်တော်တို့ဟာ ဓားပြတွေဖြစ်တယ်၊ တိုင်းရင်းသား စည်းရုံးညီညွတ်မှုကို ဖြိုခွဲနေကြတယ်လို့ သူတို့က ပြောနေတယ်။ တိုင်းပြည်ကို ဘယ်သူတွေက တည်ဆောက်ပြီး ဘယ်သူတွေက ဖျက်ဆီးနေတယ်ဆိုတာ ခင်ဗျားကိုယ်တိုင် မြင်ပြီမဟုတ်လား၊ အမှန်အတိုင်းသိအောင် ခင်ဗျားက အမေရိကန်အစိုးရကို ပြောပေးပါ၊ သိရင် သူတို့က ကျွန်တော်တို့ကို ကူညီမှာပါ"

သူတို့အကြောင်းကို ကမ္ဘာကြီးကသိအောင် အတတ်နိုင်ဆုံး လုပ်ပေးမည့်အကြောင်း သူ့ကို ကျွန်ုပ်က ကတိပေးလိုက်ပါသော်လည်း လက်နက်ကိုင် သူပုန်တွေအားလုံး မူးယစ်ဆေးဝါး ရောင်းဝယ်နေသူတွေဖြစ်၍ အစိုးရက ၄င်းတို့ကို နှိမ်နင်းနေရကြောင်း မြန်မာအစိုးရ၏ မဟုတ်တမ်းတရမ်း ဝါဒဖြန့်ချိနေတာတွေကို ဝါရှင်တန်အစိုးရက အဟုတ်ထင်နေသည်ကိုမူ ကချင်အမျိုးသားကြီးကို ကျွန်ုပ် မပြောရက်။ မဆလအစိုးရ ဝါဒဖြန့်နေသလို မဖြစ်နိုင်ကြောင်း အမေရိကန် အာဏာပိုင်အများစုကိုယ်တိုင် ကျွန်ုပ်ကို ဖွင့်ဟပြောပြီးပါသော်လည်း ဤကိစ္စတွင် အမေရိကန်အခွန်ထမ်းတို့၏ ပိုက်ဆံတွေသာမက ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာတွေကိုပါ မြှုပ်နှံထားပြီးဖြစ်၍ ဆုံးဖြတ်ချက် ချမှတ်သူတွေအနေနှင့် ပြဿနာကို အမြင်သစ်နှင့် ကြည့်ဖို့ ခက်ခဲနေခြင်း ဖြစ်သည်။ မည်သို့ရှိစေ၊ တစ်ခါက အရှေ့တောင်အာရှဒေသတွင်းမှ မဟာမိတ်တို့၏ အကျိုးစီးပွားကို အသက်စွန့်ကာကွယ်ခဲ့သည်ဟူသော အချက်ကပင် အလိုလို ထင်ရှားနေသဖြင့် အမေရိကန်ပြည်သူတို့အနေဖြင့် ဗမာပြည်တွင်းမှ အဖြစ်မှန်ကို သိကြပြီဆိုလျှင်ဖြင့် ကချင်တို့၏ လက်နက်ကိုင် တောင်းဆိုနေသည်တို့ကို ကရုဏာထားနိုင်ကြပါလိမ့်မည်။ ပြည်တွင်းစစ် ပဋိပက္ခထဲတွင် ပိတ်မိနေသော ပြည်သူတို့၏ ဒုက္ခ သုက္ခတို့ကို စိုးရိမ်ကြောင်း ကျွန်ုပ်အနေနှင့် ဖော်ပြရုံမှတစ်ပါးလည်း အခြားလုပ်နိုင်စရာ မရှိ၊ ကချင်အမျိုးသားကြီးက ကျွန်ုပ်မျက်နှာကို တည့်တည့်ကြည့်ရင်း ဆက်ပြောသည်။

"အခု တြိဂံဒေသကို မဆလအစိုးရက ထိုးစစ်ဆင်မယ်ကြားတယ်၊ ကျွန်တော် မကြောက်ပါဘူး၊ ငယ်ငယ်က ဂျပန်ကို တိုက်ခိုက်ခဲ့တယ်၊ အသက် (၆၀) အထိလည်း မဆလ တပ်တွေကို တိုက်ခဲ့တယ်၊ ၁၉၆၆ ခုနှစ်ကနေ ၁၉၇၁ ခုနှစ်အထိ မဆလတပ်တွေသောင်းနဲ့ချီ ရောက်လာပြီး ကျွန်တော်တို့ အင်ရော့ကောင် ရွာကြီးမှာ တပ်စွဲကြလို့ ကျွန်တော်တို့တွေ တောထဲပြေးကြရတယ်၊ ကျွန်တော်တို့မှာ ဆေးဝါးမရှိဘူး၊ အဝတ်တွေ

www.nyisay.com



ကလည်း စုတ်ပြဲကုန်တော့ သမင်ကို သတ်ပြီး သားရေကို အဝတ်လုပ်ဝတ်ခဲ့ရတယ်။ ကေအိုင်အေက မဆလတပ်တွေကို ပြောက်ကျားနည်းနဲ့ တိုက်တော့ ကျွန်တော်တို့ရွာသားတွေကလည်း ရရာလက်နက်နဲ့ ပြန်ချခဲ့ကြတယ်။ များသောအားဖြင့်တော့ ကျည်ထိုးသေနတ်တွေ၊ မီးကျောက်သေနတ်တွေနဲ့ ဂျပန်ခေတ်က ကျန်ခဲ့တဲ့ ရိုင်ဖယ်သေနတ်ဟောင်းတွေနဲ့ ပြန်တိုက်ခဲ့ကြရတယ်။

"၁၉၇၀ ခုနှစ်မှာ မဆလတွေ လုံးဝ ပြန်ဆုတ်သွားတော့မှ ကျွန်တော်တို့ဒေသ ငြိမ်းချမ်းတော့တယ်၊ မဆလတပ်တွေကို ကျွန်တော်တို့ လုံးဝ မချေမှုန်းနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့တွေ အားလုံး တောထဲဝင်ပြေးသွားကြတဲ့အခါ ဒီကောင်တွေ စားစရာရဖို့ အခက်တွေ့သွားတယ်။ ဒီကောင်တွေရဲ့ ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းက ရှည်လွန်းတော့ စိတ်မချရဘူး။ ဒါကြောင့် သူတို့တွေ ပြန်ဆုတ်သွားရတာပဲ၊ ကျွန်တော်တို့ ရွာက နွားအကောင် (၁၀၀)၊ ကျွဲအကောင် (၃၀၀) ခိုးစားသွားကြတယ်၊ ကျွန်တော်တို့ လူတွေ စစ်ပွဲမှာ သေတာရှိသလို အစာရေစာ မရှိလို့ သေကြတာလည်း ရှိတယ်။ ဒီကောင်တွေ ဆုတ်သွားပြီးမှ အားလုံးကို ပြန်တည်ဆောက်ခဲ့တာ အခုဆိုရင် ကျွဲနွား နည်းနည်းပါးပါးနဲ့ အိုးအိမ်သစ်တွေ ပြန်တည်ဆောက်နိုင်ကြပါပြီ"

"မဆလစစ်သားတွေ ပြန်လာမယ်ဆိုရင် လာကြစမ်းပါစေ၊ ကျွန်တော်တို့လူတွေ ဒုက္ခတွေ့ကြရမှာ သိပေမဲ့ ဒီကောင်တွေကို ပြန်ချမယ်၊ အရင်လို မသန်တော့ပေမဲ့ ကျွန်တော် မျက်စိကကောင်းသေးတယ်၊ လေကြောင်းရန် ကာကွယ်ဖို့ ကျွန်တော်ဘို့မှာ လက်နက်ကြီးတွေ လိုနေတယ်၊ ပြီးခဲ့တဲ့ နှစ်က လေကြောင်းက တိုက်ခိုက်ခံရတဲ့အတွက် ကလေးတွေကို ရွာထဲက ကျောင်းမှာ တစ်စုတစ်စည်းတည်း စာမသင်ခိုင်းရဲဘူး၊ ကျောင်းကို ဗုံးထိရင် အားလုံးသေကုန်လိမ့်မယ်။ ဒါကြောင့် ကလေးတွေကို အစုလိုက်ခွဲပြီး တစ်နေရာဆီမှာ စာသင်ခိုင်းရတယ်။ တောထဲမှာလည်း သင်ကြရတယ်"

"ဒီကောင်တွေ ဘာလုပ်ချင်သလဲဆိုတာ ကျွန်တော်တို့ သိပါတယ်။ ကေအိုင်အေတွေကို မကူညီနိုင်အောင် ကျွန်တော်တို့ကို ဒီဒေသက မောင်းထုတ်ပြီး မြစ်ကြီးနားဆွမ်ပရာဘွမ် မော်တော်ကားလမ်းတစ်လျှောက်က ဒီကောင်တွေ ထိန်းချုပ်ထားတဲ့နေရာမှာ နေရာပြန်ချပေးဖို့ပဲ၊ ဒါပေမဲ့ ဒီအစိုးရလက်အောက်မှာ ကျွန်တော်တို့ လုံးဝမနေချင်ကြဘူး၊ နေရမှာထက် အသေခံတိုက်တာ ပိုကောင်းတယ်၊ ဒါကြောင့် မဆလအစိုးရကို လေယာဉ်ပျံနဲ့ ဗုံးတွေ ပေးခဲ့တဲ့ အမေရိကန်တွေကို ပြောပြလိုက်စမ်းပါ"

ကျွန်ုပ်၏ ဂျာနယ်လစ် အတွေ့အကြုံတွင် ယခု အင်တာဗျူးက ချို့ယွင်းချက်လိုအပ်ချက် တစ်ခုမှ မရှိသော အင်တာဗျူး ဖြစ်သည်။ ကချင်အမျိုးသားကြီးတစ်ယောက်တည်း ပြောနေသော အကြောင်းတို့မှာ အဖက်ဖက်က ပြည့်စုံနေသဖြင့် ကျွန်ုပ်ဘက်က မေးစရာ မေးခွန်းပင် မရှိတော့။ အားလုံး ပြီးဆုံးသွားသည့်အခါ ကချင်အမျိုးသားကြီးက

www.nyisay.com



သူနှင့် လိုက်ပါလာသူတို့ကို ပြန်ချိန်တန်ပြီ ဆိုသောသဘောဖြင့် ခေါင်းတစ်ချက် 'ဆတ်' ပြလိုက်ပြီး မတ်တတ်ထလိုက်ရာ ကျွန်ုပ်တို့လည်း ထလိုက်ကြပြီး သူ့လက်ကို ကျွန်ုပ် ဆုပ်ကိုင်ထားလိုက်သည်။

"အဘိုးပြောသွားတဲ့အကြောင်းစုံကို ကျွန်တော် စာတစ်အုပ် ရေးမှာပါ၊ ဒီစာအုပ်ကို ဖတ်မိတဲ့အခါ သူတို့ ပိုပြီးသဘောပေါက်ကြပါလိမ့်မယ်"

ကချင်အမျိုးသားကြီးက ကျေနပ်ပါကြောင်း ခေါင်းညိတ်ပြီး သူ့လူတွေနှင့်အတူ ရွာဘက်သို့ လှည့်ပြန်သွားလေရာ လက်တစ်ဖက်က ကချင်ဓားကို ဆုပ်ထားပြီး တောင်အောက်သို့ နိမ့်လျှောလမ်းလေးအတိုင်း ခြေလှမ်းကျဲကြီးတွေနှင့် ဆင်းသွားပြီး တောထဲသို့ ဝင်ရောက်သွားသော ကချင်အမျိုးသားကြီးကို အိမ်တံခါးဝမှ ကျွန်ုပ်တို့ ရပ်ကြည့်နေခဲ့ကြပါ၏။

ကချင်အမျိုးသားကြီးနှင့် တွေ့ပြီး မကြာခင်မှာပင် ဘိန်းစိုက်ပျိုးရောင်းဝယ်ရေးနှင့် ပတ်သက်သော ဒေသတွင်းပေါ်လစီကို မေကျာကွမ်ထဂမ်ကို ကျွန်ုပ် မေးကြည့်ရာ သူက ရှင်းရှင်းပင် ဖြေကြားသည်။

"တြိဂံဒေသမှာ ဘိန်းခင်းတစ်ခင်းတလေများ ခင်ဗျား မြင်မိလို့လား"

အင်ပေါင်ခက်ရွာမှ နေအိမ်တစ်အိမ်အပြင်ဘက်တွင် တွေ့ရသော ဘိန်းပင်မှလွဲ၍ စီးပွားဖြစ်လောက်သည့် ဘိန်းခင်းတို့ကို မတွေ့ပါကြောင်း ကျွန်ုပ်ကလည်း အဖြေပေးခဲ့သည်။

"အဲဒါကျွန်တော်တို့ရဲ့ ဘိန်းပေါ်လစီပဲလေ၊ ကချင်အနောက်နဲ့ မြောက်ဘက်ဒေသမှာ ဘိန်းစိုက်ပျိုးရေးကို ဖျက်သိမ်းပစ်ဖို့ ကေအိုင်အိုက ၁၉၈၄ ခုနှစ်က ဆုံးဖြတ်ခဲ့တယ်၊ အနောက်ဘက်မှာ ကျောက်စိမ်းနဲ့ ပတ္တမြားတူးဖော်ရေး လုပ်ငန်း၊ မြောက်ဘက်မှာဆိုရင် ရွှေတူးဖော်ရေးလုပ်ငန်းတွေရှိတော့ အခြား ဝင်ငွေရနိုင်တဲ့အတွက် ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်ခဲ့တယ်၊ ဒီနေရာက မြောက်ဘက် ဂေါင်းရှားမှာလည်း ရွှေကျင်လို့ရတဲ့ နေရာတွေ ရှိတယ်။ မြန်မာပြည်အနှံ့အပြားက လူတွေ ကျောက်စိမ်းတူးဖို့လာကြပြီး သူတို့ဆီက ကျွန်တော်တို့က အခွန်ကောက်တယ်။ ဒါပေမဲ့ ဒေသခံတွေကိုတော့ ဘိန်းစိုက်တာကို ရပ်ခိုင်းနိုင်ဖို့အတွက် အခွန်ကင်းလွတ်ခွင့်ပေးခဲ့တယ်။ ဒါပေမဲ့ တပ်မဟာ (၃) နဲ့ (၄) တို့ရှိတဲ့ အရှေ့ဘက်ခြမ်းနဲ့ တောင်ဘက်ခြမ်းမှာတော့ ဘိန်းပြဿနာကို ဖြေရှင်းဖို့ အချိန်အများကြီး ယူရဦးမယ်။ အဲဒီဒေသတွေက ဆင်းရဲတော့ ဘိန်းစိုက်ပြီးတော့ပဲ ဝင်ငွေရှာနေရသေးတယ်၊ ဝင်ငွေရနိုင်မယ့် အခြားနည်းလမ်းတွေ ရှာဖို့ မလွယ်သေးဘူး"

"ဒါပေမဲ့ ဘိန်းစိုက်တာ ဝင်ငွေကောင်းလို့လား"

ကျွန်ုပ်က ရှမ်းပြည်ဘက်မှ အနေအထားတစ်ခုကို သိထား၍ မေးလိုက်ခြင်းဖြစ်သည်။ ၄င်းဒေသမှ လက်နက်ကိုင် သူပုန်အုပ်စုတွေအနေနှင့် ၄င်းတို့ ဒေသအသီးသီး

www.nyisay.com



တွင် ဘိန်းဝယ်လာသော ကုန်သည်များမှလည်းကောင်း၊ နယ်မြေကို ဖြတ်၍ လားများနှင့် ဘိန်းသယ်သွားသော ကုန်သည်တို့မှလည်းကောင်း ရရှိသော အခွန်အကောက်နှင့်သာ အနိုင်နိုင် ရပ်တည်နေကြရသည်။

"ကောင်းနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုဝင်ငွေမျိုး ကျွန်တော်တို့ မလိုပါဘူး။ ကချင်ပြည်နယ်ဟာ သဘာဝ သယံဇာတတွေ ကြွယ်ဝပါတယ်၊ ကျွန်တော်တို့ လူတွေကို ဘိန်းစိုက်ခွင့်ပြုလိုက်မယ်ဆိုရင် ပထမဆုံး ဘိန်းစားဖြစ်မယ့်သူတွေက ကျွန်တော်တို့ စစ်တပ်အတွက် စစ်သားသစ်တွေ လိုအပ်နေတဲ့ ကလေးတွေပဲ၊ ဘိန်းစားတပ်ကြီး ဖြစ်ခွင့် မပြုနိုင်ဘူး၊ ပြီးတော့ ကျွန်တော်တို့ဆီမှာ ဘိန်းစိုက်လိုက်ရင် ကုန်သည်တွေ လာဝယ်ကြမယ်၊ ကုန်သည်တွေနဲ့အတူ အစိုးရသူလျှိုတွေပါလာလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့ နယ်မြေထဲကို ဒီလိုကောင်တွေကို ဝင်ခွင့်မပြုနိုင်ဘူး"

"အရင်တုန်းက ဒီမှာ ဘိန်းဘယ်လောက်အထိ စိုက်ခဲ့လဲ၊ အခုဒီကိစ္စကို ခင်ဗျားတို့ ရပ်ပစ်လိုက်ပြီလို့ ဘယ်လိုပြောနိုင်မလဲ"

"ခင်ဗျား ကြိုက်တဲ့ရွာသားတစ်ယောက်ယောက်ကို သွားမေးကြည့်ပါ။ ပြီးခဲ့တဲ့ (၅) နှစ်က ခင်ဗျားရောက်လာမယ်ဆိုရင် အဲဒီတောင်တွေအားလုံး ဘိန်းခင်းတွေ ဖုံးနေတာ ခင်ဗျား တွေ့ရမှာပဲ"

မေဂျာက အဝေးက တောင်တန်းပြာကြီးတွေဆီ လက်ညှိုးထိုးရင်း ပြောသည်။ သူ့စကားကို မယုံစရာအကြောင်းတရား မရှိပါ။ ဒုတိယကမ္ဘာစစ်အတွင်းက ဤဒေသသို့ ရောက်ခဲ့ကြသော မဟာမိတ်တပ်ဖွဲ့အရာရှိတို့၏ ရေးသားချက်တွေကို ကျွန်ုပ် ဖတ်ရသည်မှာ ထိုစဉ်က ဘိန်းစိုက်ပျိုးရေးနှင့် ဘိန်းစားသုံးခြင်းမှာ ကချင်မြောက်ပိုင်း တစ်ခုလုံး အနှံ့ရှိကြောင်း သိထားခဲ့သော်လည်း ယနေ့မူ ဘိန်းခင်းကြီးကြီးတစ်ခင်းတလေကိုသော်လည်းကောင်း၊ ဘိန်းရှူနေသူတစ်ယောက်ကိုသော်လည်းကောင်း မတွေ့ရတော့။

"အသက် (၅၀) ကျော်တဲ့ ဘိန်းစားတွေကိုတော့ ချင်းချက်အနေနဲ့ ကျွန်တော်တို့ ခွင့်ပြုထားတယ်။ သူတို့မှာ ဘိန်းဖြတ်ဖို့ အင်အား မရှိတော့ဘူးလေ။ အသက်ကြီးပြီ မဟုတ်လား။ ဒါကြောင့် သူတို့စားဖို့လောက် စိုက်ဖို့ ခွင့်ပြုထားတယ်။ ဒါပေမဲ့ လူငယ်တစ်ယောက် ဘိန်းရှူရင်ပဲဖြစ်ဖြစ်၊ ဘိန်းရောင်းရင်ပဲဖြစ်ဖြစ် ဖမ်းမိရင်တော့ သူတို့ကို အလုပ်ကြမ်းလုပ်ခိုင်းပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးပါတယ်"

တောင်တန်းဒေသနေဘဝတို့သည်ကား ခက်ရော်ကြမ်းတမ်းလှပေရာ ရှေ့ရောက်နေသော ခေတ်ကြီးအတွင်း အသက်ရှင်ကျန် တည်တန့်နိုင်ဖို့ဆိုလျှင် ကြံ့ခိုင်သန်စွမ်းရပေလိမ့်မည်။

တပ်မဟာ (၁) တွင် နေထိုင်နေသော ရက်များအတွင်း ကျွန်ုပ်၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေမှာ အတော်ဆိုးဝါးလာသည်။ ခြေထောက်အနာ ပျောက်သွားလို့မှ မပြီးသေး၊ အနာဟောင်းအောက်နားမှ အဖုကြီးတစ်ဖု ထွက်လာရာ၊ သူ့ဘာသာသူ ပျောက်သွားမည်ဟု

www.nyisay.com



ထင်ခဲ့သော်လည်း တဖြည်းဖြည်းနှင့် ကြီးလာပြီး နီရဲ၍ ရောင်ကိုင်းလာသည်။ ကျွန်ုပ်အတွက် အင်ရော့ကောင်ရွာ ဆေးရုံမှ ဒေါက်တာတစ်ယောက် စေလွှတ်သော်လည်း ထုံဆေးမရှိသဖြင့် အနာကိုမခွဲစိတ်မီ လိုအပ်သည့် လက်တွေ့အသေးစိတ်ကိစ္စတို့ကို ဂရုတစိုက် လုပ်ရသည်။

ဦးစွာ စဉ်းနီတုံးတစ်တုံး ခုတ်ယူပြီး ခြေထောက်ကို အရက်ပျံနှင့် သန့်စင်ပြီးနောက် ခြေထောက်ကို စဉ်းနီတုံးပေါ်တင်ရသည်။ အားကောင်းမောင်းသန် စစ်သားလေးယောက်က ကျွန်ုပ်ခြေထောက်ကို အနေအထားကျအောင် မြဲမြဲဆုပ်ကိုင်ထားသည်။ ကချင်ဒေါက်တာက ခွဲစိတ်ဓားကို ပိုးသတ်ပြီးသည်နှင့် ခွဲလိုက်ရာ ပြည်ပုပ်နှင့် သင နှ်ရေတွေ ရွှောကနဲ ထွက်လာသည်။ ဆက်လက်၍ အနာကို သန့်စင်ပြီး ဆေးထည့်လိုက်သော်လည်း တစ်ပတ်ကြာပြီးနောက်တွင်မူ ပိုးပြန်ဝင်လာသဖြင့် နောက်တစ်ကြိမ် ခွဲစိတ်ရပြန်သည်။

ကျွန်ုပ်ခြေထောက်ကို (၂) ကြိမ်ခွဲစိတ်ခဲ့ရသည့် ကြားကာလအတွင်း အနာအခြေအနေမှာလည်း အတော်သက်သာဟန်ရှိသဖြင့် အင်ရော့ကောင်ရွာသို့ မကြာခဏ ကျွန်ုပ်တို့ သွားလည်ခဲ့သည်။

အင်ရော့ကောင်ရွာကား အိမ်ခြေ (၇၀) ကျော်ရှိပြီး မြက်ခင်းစိမ်းတွေ ဖုံးလွှမ်းနေသော တောင်ကမူလေးတွေပေါ်မှာ ဝါးအိမ်လေးတွေ ဆောက်ထားကြသည်။ ဘေးပတ်ဝန်းကျင်တွင်မူ မြင့်မြင့်သွန်းသွန်း တောင်ထွတ်ကြီးတွေနှင့် တောင်တန်းကြီးများက ဝိုင်းရံထားရာ သဘာဝရှုခင်းကား ရင်သပ်ရှုမောစရာအတိ။ ရွာနီးချုပ်စပ်တစ်လျှောက် သစ်ကြားပင်တွေ ဝိုင်းပတ်ထားပြီး သစ်ပင်အရိပ်အောက်မှာ ဆိတ်တွေ အုပ်လိုက်လွှတ်ကျောင်းထားသည်။ ရွာထဲတွင်မူ ကြက်တွေ၊ ဝက်တွေ ဟိုဟိုဒီဒီ သွားပြီး အစာကောက်နေကြသည်။ ရွာတွင် စာသင်ကျောင်းတစ်ကျောင်း၊ ဘုရားကျောင်းတစ်ကျောင်းနှင့် ဆေးရုံတစ်ရုံရှိပြီး ဆေးရုံဝင်းအတွင်းတွင် ကျန်းမာရေးလုပ်သားတို့ကို သင်တန်းပေးပြီး သင်တန်းပြီးသည့်အခါ တြိဂံဒေသ အစွန်အဖျားနေရာတို့ကို စေလွှတ်၍ အရပ်သားတို့၏ ကျန်းမာရေးကိစ္စတို့ကို စောင့်ရှောက်ကြရသည်။ သို့ပေမဲ့ ကေအိုင်အေ စစ်ဘက်အတွက်မူ သီးခြားဆေးဘက်ဆိုင်ရာဌာနတွေ ရှိသည်။

ရွာသူရွာသားတွေဘဝကား ကြမ်းတမ်း၍ ရိုးစင်းလှသည်။ မိန်းမတွေ အားလုံးတောထဲသွား ထင်းရှာကြရပြီး နေ့လယ်ပိုင်းတွင် ထင်းတွေကို ခြင်းကြီးတွေနှင့် ကျောပိုးပြီး ပြန်လာကြသည်။ ယောကျ်ားတွေက တစ်နေကုန်နီးပါး လယ်ကွင်းတွေထဲမှာ အလုပ်လုပ်နေကြပြီး တစ်ခါတစ်ရံ အလုပ်တစ်ဖက်နှင့် အသက် (၆) နှစ်၊ (၇) နှစ် ကလေးတွေနှင့်အတူ စာသင်ကြရသည်။ အားလပ်ချိန်ရသည့်အခါများတွင်မူ ကလေးများကား သစ်သားဂျင်များနှင့်ဖြစ်စေ ကုလားမဝါးခြေထောက်များနှင့်ဖြစ်စေ ဖုံတသောသောနှင့် ရွာလမ်းမတွေပေါ်မှာ ကစားတတ်ကြသည်။

ကလေးတွေ အများဆုံး ကစားသော ကစားစရာတစ်ခုမှာ ဘီးလုံးလှိမ့်တာပဲ

www.nyisay.com



ဖြစ်သည်။ သစ်သားဘီးလုံး (၂)လုံးကို ဝါးဝင်ရိုးတစ်ခုတပ်ပြီး အလယ်ဗဟိုတွင် ဝါးလုံးတစ်လုံးနှင့် ချိတ်၍ တအိအိနှင့် ရှေ့ကိုတွန်းသော ကစားနည်းဖြစ်သည်။ သူတို့နေထိုင်ရသည့် မြေအနေအထားအရ တောင်တန်းဒေသဖြစ်သဖြင့် ဤသည်ကိုပင် နွားလှည်းအမှတ်နှင့် ဆော့ကစားခြင်း ဖြစ်သည်။

ရွာမှ အသက် (၅၀) ကျော် အမျိုးသားကြီးအချို့ကား ဗြိတိသျှတပ်မှ ကချင်လဲဗီး Levies တပ်ဖွဲ့ (သို့) အမေရိကန်စစ်တပ်မှ ကချင်ရိန်းဂျားတပ်ဖွဲ့တွင် စစ်မှုထမ်းခဲ့ကြဟန်တူသဖြင့် သူတို့နှင့်တွေ့လျှင် ဂျပန်တွေကို သူတို့ ဘယ်လို စွန့်စွန့်စားစား တိုက်ခဲ့သည်တို့ကို ပြောပြတတ်သည်။

ထိုစဉ်က သူတို့နှင့် လက်တွဲတိုက်ခဲ့ကြသော မဟာမိတ်စစ်သားတွေအပေါ် အတော်ပင် သံယောဇဉ်ရှိခဲ့ကြသဖြင့် ယခုနှစ်ပေါင်းများစွာ ကြာခါမှ အနောက်တိုင်းသားတစ်ယောက် သူတို့မြေပေါ် ရောက်လာသည့်အတွက် သူတို့အမှန်ပင် ပျော်ရွှင်နေကြရာ သူတို့က ကျွန်ုပ်ကို ဆာဂျင်မေဂျာဂျုံးအကြောင်း၊ တပ်သား ဝဲ(လ်)ဆင် သို့တည်းမဟုတ် အမေရိကန်တပ်သား ဂျွန်ဘယ်သူဘယ်ဝါအကြောင်း မကြာခဏ မေးတတ်ကြသည်။ ဆိုခဲ့သလို မှတ်မိလွယ်သော အင်္ဂလိပ်နာမည်တွေအပြင် တစ်ခါတစ်ခါ ကျွန်ုပ် လုံးဝ နားမလည်သော အသံထွက်နှင့်အမည်တစ်လုံး နှစ်လုံးလည်း ပါလာတတ်သည်။ ၄င်းတို့ထဲက အမည်တစ်ခုမှာ ဒူးဝါးဖောက်နှင့် အခြားတစ်ခုမှာ ဒူးဝါးကော်ဒန် ဖြစ်သည်။

ကျွန်ုပ်အနေနှင့် Ian Fellowes-Gordon ရေးသားခဲ့သော The Battle for Naw Seng's Kingdom ကို ဖတ်ဖူးသဖြင့် သူတို့ပြောနေသော အမည်တွေထဲက ရှေ့စာလုံး ဒူဝါဟူသည် ဒုဗိုလ်မှူးကြီးကဲ့သို့ အရာရှိကို ဆိုလိုကြောင်း အလွယ်တကူသိနိုင်ပါသော်လည်း နောက်စာလုံးတွေကိုကား စဉ်းစားရကျပ်နေသည်။ ကချင်စကားနှင့် ကျွန်ုပ် စတင် ကြုံခဲ့ရစဉ်ကတည်းက အင်္ဂလိပ်အသံ "F" ကို ကချင်တို့က "P" သံဖြင့် ပြောနေကြသည်ကို ကျွန်ုပ် သဘောပေါက်သော်လည်း ယခု 'ကော်ဒန်' ကမူ ရုက်အတော်ကြာကြာ ကျွန်ုပ်ကို ခေါင်းစားနေခဲ့သည်။ သူတို့ပြောစကားအရ ကော်ဒန်ဆိုသူကား အရပ်ရှည်ရှည်၊ ကုလားတွေလို နှုတ်ခမ်းမွေးရှည်ရှည်နှင့် တစ်ခါတစ်ခါ ဘိန်းရှူလျှင် ဒေသခံကချင်တွေကို မျှဝေပေးတတ်သည်။ အားလုံးအပေါ် ရင်းနှီးဖော်ရွေပြီး ဟာသဓာတ်ခံရှိသည်ဟု ဆိုသည်။

"သူက ကျုပ်တို့လိုပဲ ကချင်စကားကောင်းကောင်းပြောတတ်တယ်၊ ဒါပေမဲ့ အခု သူဘယ်ရောက်နေသလဲ မသိဘူး"

ကျွန်ုပ်သိသောအသိအရ ဂျပန်တွေကို တိုက်ဖို့ ကချင်တပ်ဖွဲ့ကို စတင်စုစည်းခဲ့သော ဗြိတိသျှတပ်မှူးတွေထဲက တစ်ယောက်မှာ ဖို့(ဒ်) ဖြစ်သည်။ သို့ပေမဲ့ သူတို့ပြောသော ကော်ဒန်ကို စဉ်းစားမရ၊ ကော်ဒန် ဟူသော အသံထွက်ကလည်း အင်္ဂလိပ်အသံ မဟုတ်၊

www.nyisay.com



ကချင်နှင့် ပိုဆင်နေသည်။ သို့နှင့် ညတစ်ည ဆန်အရက်တစ်ခွက်နှစ်ခွက် သောက်ပြီး မီးလင်းဖိုနားတွင် မီးလှုံနေခိုက် ကချင်တောင်တန်းဒေသက နောက်ဆုံးစစ်ပွဲနှင့် ပတ်သက်သော စာအုပ်တစ်အုပ်ကို လှန်လှောကြည့်နေရာက ဗြုန်းဆို ကျွန်ုပ်သိလိုက်သည်။ ဟုတ်ပြီ၊ ကော့ဒန်ဆိုသည်မှာ စာအုပ်ရေးသားသူ ဂေါဒွန် ကိုယ်တိုင်ဖြစ်ရမည်။ ကျွန်ုပ် နားလျှမ်းသွားခြင်း ဖြစ်သည်။ နောက်တစ်နေ့တွင် ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ အင်ရော့ကောင်ရွာသို့ လမ်းလျှောက်သွားပြီး စစ်ပြန်ကြီးတချို့နှင့် တွေ့ရာ တစ်ယောက်သောသူက စာအုပ်ထဲက စာရေးဆရာဓာတ်ပုံကို လက်ညှိုးထိုးရင်း ချက်ချင်း အဖြေပေးလိုက်သည်။

''ဟုတ်တယ်... ဒူးဝါကော်ဒန် ဆိုတာ သူပဲ''

တပ်မဟာ (၁) ဌာနချုပ်တွင် ကျွန်ုပ်တို့ ရှိနေစဉ် ဖိလစ်ပိုင်ဘွင် အာဏာရှင်မားကိုး(စ်) ပြုတ်ကျပြီး ရွေးကောက်ပွဲကျင်းပသည်နှင့် တိုက်ဆိုင်နေရာ ဘီဘီစီ အသံလွှင့် ဌာနမှ ဖိလစ်ပိုင်နှင့်ပတ်သက်သော သတင်းထုတ်ပြန်ချက်တို့ကို ကချင်အမျိုးသားအတော်များများက စိတ်ဝင်တစား နားထောင်လာခဲ့ရာ အာဏာရှင်မားကို့(စ်) တို့မိသားစု ဟာဝိယီသို့ လေယာဉ်ဖြင့် ထွက်ပြေးသွားသည့်သတင်း ကြားလိုက်ရသည့်နေ့တွင်မူ ဗမာပြည်မြောက်ဖျား တောင်တန်းတွေကြားက ကျွန်ုပ်တို့သည်လည်း ဖိလစ်ပိုင်ပြည်သူတွေနှင့်အတူ အောင်ပွဲခံလိုက်ကြပြီး လူတိုင်းပါးစပ်ဖျားက ယခုလို ပြောဆိုနေကြပါ၏။

''နောက်တစ်ခါ နေဝင်းအလှည့်ပဲ''

''အာဏာရှင်ခေတ်ကုန်ပြီ''

''မကြာခင် ဗမာပြည်မှာ ဒီမိုကရေစီပြန်ရတော့မယ်''

''နေဝင်းကရော ဘယ်ကိုပြေးမလဲ၊ သူလိုလူကို အမေရိကားက လက်ခံမှာ မဟုတ်ဘူး''

''ဆွစ်ဇာလန်ကိုလား၊ အဲ့ဒီမှာ သူ့ပစ္စည်းတွေ ဝှက်ထားတယ်လေ၊ ကျောက်စိမ်းတွေ၊ ရွှေတွေ၊ ဒေါ်လာတွေ အထပ်လိုက် အဖိုးတန်ကျောက်တွေ''

''ဟုတ်တယ်၊ သူနဲ့ယှဉ်လိုက်ရင် မားကို့(စ်)က ဆင်းရဲသွားပြီ''

သူတို့ပြောဆိုနေကြသည်တွေထဲမှာ ခဲ့ကားတာတွေလည်း ပါမည်။ ရိုးရိုးသားသားမှန်းဆတာတွေလည်း ပါသည်။ မည်သို့ရှိစေ ထိုနေ့ရက်သည်ကား လူနည်းစုတိုင်းရင်းသားတွေဘက်က အစိုးရကို ပုန်ကန်ဆန့်ကျင်ဖို့အတွက် တွန်းအားပေးလိုက်သော နေ့တစ်နေ့ပင်ဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးသို့ သွားဖို့ဆိုလျှင် လက်နက်ကိုင် ပြောက်ကျားနယ်မြေအတွင်း မဖြတ်ဘဲနှင့် မြန်မာပြည်သို့ တရားဝင် သွားရောက်ဖို့ မဖြစ်နိုင်၊ ဒေသခံတိုင်းရင်းသားများကား ခင်မင်စရာကောင်းပါသော်လည်း အစိုးရကို ဘာကြောင့် အောက်ကျိုးလွန်းနေရသည်ကို ကျွန်ုပ် နားမလည်နိုင်။ အကျင့်ပျက် ခြစားနေသလို တိုင်းပြည်ကို အုပ်ချုပ်ဖို့ အရည်အချင်းမမီသော စစ်အစိုးရ၏ အုပ်ချုပ်ခံနေရသောဘဝထက် ပို၍ ကောင်းမွန်သော ကံကြမ္မာနှင့် ထိုက်တန်သူတွေဟု ကျွန်ုပ် ယုံကြည်သည်။

www.nyisay.com



တပ်မဟာ (၁) တွင် ကျွန်ုပ်တို့ ခေတ္တနေထိုင်ရင်း နေ့ရက်တွေ ကုန်ဆုံးသွားသည်။ ကျွန်ုပ်ခြေထောက်မှာ အနာပျောက်ကင်းအောင် စောင့်နေရသည်ဆိုသော်လည်း ကျွန်ုပ်တို့ ရှေ့ခရီးစဉ်အတွက် ညွှန်ကြားချက်တွေ ယူလာမည့် ပါဂျောင်မှ တပ်မဟာတပ်မှူး ဒု-ဗိုလ်မှူးကြီး ဇော်ဖန် ပြန်အလာကို အဓိက စောင့်နေခြင်း ဖြစ်သည်။ လုံခြုံရေးအရ ကျွန်ုပ်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်ကို တစ်နေရာမှ တစ်နေရာသို့ သတင်းပို့သည့် အခါ ကြိုးမဲ့ကြေးနန်းကို တတ်နိုင်သမျှ အသုံးမပြုလိုၕ ဖြစ်သည်။

မတ် (၁၇) တွင် သူနှင့်အတူ အဆင့်မြင့်အရာရှိအချို့ ရောက်လာသော်လည်း အလုပ်ရှုပ်နေသဖြင့် နောက်တစ်နေ့ နေ့လယ်ပိုင်းရောက်မှသာ ကျွန်ုပ်တို့နှင့် လာတွေ့နိုင်သည်။ အရပ်ပုပျပ်ပျပ်၊ ခန္ဓာကိုယ်တုတ်ခိုင်ပြီး အသက် (၄၀) ကျော်အရွယ် ဒု-ဗိုလ်မှူးကြီးက မီးလင်းဖိုဘေးမှ ထိုင်ခုံတွင် ထိုင်ပြီး စီးကရက်ကို မီးညှိသည်။ ကျွန်ုပ်တို့ ထွက်ခွာလာခဲ့သည်ကို အစိုးရဘက်က သိ၊ မသိ မေးကြည့်ရာ သူက ယခုလိုတင်ပြပေးသည်။

"ခင်ဗျား ဒီမှာ ရောက်နေတာ သူတို့သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အစီအစဉ်တစ်ခုခုကို သူတို့ မထောက်လှမ်းနိုင်ခင် ခင်ဗျားကို ကျွန်တော်တို့ ပါဂျောင်ကို ပို့ပါမယ်။ ခင်ဗျားခြေထောက် အခြေအနေ ဆိုးနေတယ် ကြားတယ်၊ ခင်ဗျား လမ်းသွက်သွက် လျှောက်နိုင်ပါ့မလား"

နောက်ထပ် ကျွန်ုပ်အတွက် အရေးကြီးသောကိစ္စတစ်ခုမှာ ပါဂျောင်တွင် NDF ကိုယ်စားလှယ်တွေ ရှိသေးလား၊ မရှိတော့ဘူးလား ကျွန်ုပ်သိချင်သည်။

"မရှိတော့ဘူး၊ သူတို့အားလုံး ဖေဖော်ဝါရီလထဲမှာပဲ ပြန်သွားကြပြီ"

သူက စီးကရက်ကို တစ်ဖွာ ဖွာလိုက်ပြီး လက်မောင်းပေါ်ကိုက်နေသည့်ခြင်ကို မီးခိုးနှင့် မှုတ်ထုတ်လိုက်သည်။ အဲ့ဒါမှ တကယ့်ပြဿနာ၊ ပထမ အစည်းအဝေးပွဲနှင့် လွဲခဲ့ရပြီး အခု ကိုယ်စားလှယ်တွေနှင့် လွဲရပြန်ပြီ။

"အခု သူတို့ ဘယ်မှာလဲ"

ကိုယ်စားလှယ်တွေကို တစ်နေရာရာတွင် မိနိုင်သေးသည်ဟူသော မျှော်လင့်ချက် တစ်ဝက်ဖြင့် ကျွန်ုပ် မေးလိုက်သည်။

"သူတို့တွေ ပန်ဆန်းက ဗကပဋ္ဌာနချုပ်ကို သွားကြပြီ၊ အခုလောက်ဆို သူတို့ ရောက်ရောပေါ့"

ကျွန်ုပ်အတွက် မျှော်လင့်ချက်ရှိသေးသည်။ အကယ်၍ ထိုင်းနယ်စပ်ဘက် ထွက်သွားသည်ဆိုလျှင် သတင်းထူးကို ကျွန်ုပ် မရနိုင်တော့၊ အခြားသတင်းထောက်တွေ ဦးသွားပေလိမ့်မည်။ ယခု ပန်ဆန်းဘက် ထွက်သွားသည်ဆို၍ ပါဂျောင်သို့ ကျွန်ုပ်တို့ တက်သုတ်ရိုက်သွားနိုင်လျှင် အစည်းအဝေး မှတ်တမ်းတွေ ရနိုင်သလို ဘရန့်ဆိုင်းနှင့်လည်း

www.nyisay.com

**ကချင်ပြည်နယ်မြောက်ပိုင်း ဂေါင်ရှာရွှေကြောသို့ နှစ်စဉ် ရောက်လာသူတွေများ။**

အင်တာဗျူးပြီး ထိုသတင်းကို ခေါင်ဦးခေါင်ဖျား ရေးပို့နိုင်မည်။ သို့ဖြင့် ဇော်ဖန်က သူနှင့်အတူ ယူလာသော ပလပ်စတစ်အထုပ်ကြီးတစ်ထုပ်ကို သတိရသွားပြီး ကျွန်ုပ်ကို ပေးသည်။

"ဩော်... ဒီမှာ ခင်ဗျားအတွက်"

အထုပ်ကြီးကို ကျွန်ုပ် ဖွင့်ကြည့်လိုက်ရာ တပ်မဟာ (၂) မှတစ်ဆင့် ရေဒီယိုဖြင့် ကျွန်ုပ်တို့မှာထားသောပစ္စည်းတွေ၊ အဖြူ အမည်းနှင့် ကာလာဖလင်လိပ်တွေ၊ မှိုတက်သွားသော မှန်ဘီလူးနေရာတွင် အစားထိုးရမည့် မှန်ဘီလူးသစ်တွေ၊ မှန်ဘီလူးကို သန့်စင်သည့် အရည်၊ တစ်ရှူးပေပါတွေ၊ လေမှုတ် Brush လည်း ပါသေးသည်။ ပစ္စည်းတွေကို ကြည့်ပြီး ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ အတော်စိတ်ချမ်းသာသွားကြသည်။ ကချင် တပ်မဟာ ဌာနချုပ်မှ ဆက်သွယ်ရေးလိုင်းတွေသာ မကောင်းခဲ့ပါလျှင် ကျွန်ုပ်တို့ ရှေ့ဆက်မည့် ခရီးစဉ်တစ်ခုလုံးကို ဓာတ်ပုံနှင့် မှတ်တမ်းမတင်နိုင်တော့။ တပ်မဟာ (၁) သို့အလာ မလိခကို ကျွန်ုပ်တို့ ဖြတ်ချိန်တွင် နောက်ဆုံးလက်ကျန် ဖလင်အားလုံး ရိုက်လိုက်ပြီဖြစ်၍ ကချင်မြောက်ပိုင်းအရောက်တွင် ဆိုင်နောင့်အနေနှင့် ဘာမျှ ရိုက်ကူးနိုင်တော့မည် မဟုတ်ပေ။

ယခုဖလင်တွေ ရပြီဖြစ်၍ အလုပ်စနိုင်ပြီဖြစ်ရာ နောက်တစ်ရက် နှစ်ရက် အကြာဘွင် အနီးအနားမှ ဂေါင်ရှာရွှေကြောကို လေ့လာဖို့ ဆိုင်နောင့် ထွက်ခွာသွားသည်။

www.nyisay.com

**မလိခမြစ်အနီး ရွှေကျင်နေသူတွေ။**

အဆိုပါ ရွှေကြောနေရာကား ရာပေါင်းများစွာသောလူတို့ကို ဆွဲဆောင်နေသလို ၄င်းတို့အထဲတွင် အစိုးရသတင်းပေးသူ သူလျှိုသူကန့်တို့လည်း ပါဝင်သည်ဖြစ်၍ ကျွန်ုပ်အနေနှင့် ဆိုင်နောင့်နှင့် လိုက်ပါသွားဖို့ မဖြစ်နိုင်။ သို့ဖြစ်၍ ဆိုင်နောင့်တို့ သားအမိနှင့်အတူ မရွှေ၊ ခွန်နောင်နှင့် ကေအိုင်အေ လုံခြုံရေးတပ်ဖွဲ့အချို့နှင့် ထွက်ခွာသွားကြရာ စခန်းတွင် ကျွန်ုပ်တစ်ဦးတည်း ကျန်နေခဲ့သည်။ ကျွန်ုပ်တစ်ဦးတည်း နေရစဉ်ရက်များအတွင်း စာရေးခြင်းဖြစ်စေ၊ အနီးအနား လမ်းလျှောက်ခြင်းဖြစ်စေ အထီးကျန်နေရက်တွေကို ကျော်လွန်ခဲ့ပြီး ညအခါအများတွင်မူ ဒိုင်ယာရီရေးမှတ်၍လည်းကောင်း၊ ရေဒီယိုမှ ဘီဘီစီအသံလိုင်းကို နားထောင်၍လည်းကောင်း နေလာခဲ့ရသည်။

သို့ဖြင့် ရက်အနည်းငယ် ကုန်လွန်ပြီးနောက်တွင်မူ ရွှေကြောတွင် တွေ့မြင်ခဲ့ရသော စိတ်လှုပ်ရှားစရာတွေ အပြည့်နှင့် ဆိုင်နောင့်တို့ ပြန်ရောက်လာသည်။

"ကျမတို့နဲ့အတူ ရှင် မလိုက်နိုင်တာ စိတ်မကောင်းစရာပဲ၊ ဟိုမှာ လေ့လာစရာတွေ အများကြီးပဲ"

ဆိုင်နောင့်၏ ပြောပြချက်အရ ကချင်တောင်တန်း တောကြီးသေလာထဲမှာ စွန့်စွန့်စားစား စီးပွားရှာဖွေလိုသူတွေ (၂၀၀၀) ကျော်ခန့်က အုပ်စုလိုက် အုပ်စုလိုက် လှုပ်ရှားနေကြရာ အုပ်စုတစ်စုတွင် (၁၅) ယောက်မှ အယောက် (၃၀) ခန့်ရှိပြီး သူတို့အားလုံး မလိခ မြစ်ဘေးမှ ဝါးတဲကြီးတစ်လုံးတွင် နေထိုင်ကြကာ သဲသောင်ခုံတွေပေါ်က ရွှေကျင်၍

www.nyisay.com



ရသော ရွှေမှုန့်တို့ကို ခွဲဝေယူကြသည်။ ရွှေကျင်သူအများစုမှာ ဒေသခံ လယ်သမားများနှင့် မြို့ခံလူတွေ ဖြစ်သော်လည်း ၄င်းတို့အနေနှင့် လိုအပ်သော ပစ္စည်းကိရိယာတို့ကို မဝယ်နိုင်ကြသဖြင့် မြို့ပေါ်က စီးပွားရေးသမားတွေကို မှီခိုကြရသည်။ စီးပွားရေးသမားတွေက လိုအပ်သော ရေစုပ်စက်၊ ဂျင်နရေတာနှင့် ဓာတ်ဆီတို့ကို ထုတ်ပေးပြီး တစ်ရာသီအတွင်း ရလာသော ရွှေတို့ကို ရွှေကျင်လုပ်သားတို့နှင့် တစ်ဝက်စီ ခွဲဝေယူကြသည်။ ပုံမှန်အားဖြင့် တစ်ရာသီတွင် အောက်တိုဘာမှ မေလအထိ ဖြစ်၍ မုတ်သုန်ဝင်လာချိန်တွင်မူ မြစ်ရေမြင့်တက်လာသဖြင့် ရွှေအပါအဝင် သတ္တုတူးဖော်ရေးလုပ်ငန်းအားလုံး သိမ်းလိုက်ကြရသည်။ ဤ၌ ရွှေကျင်သောလုပ်ငန်းများအပေါ် ကေအိုင်အေက အခွန်ကောက်ရာတွင် အသုံးပြုသော ပစ္စည်းပစ္စယတို့အပေါ် အခွန်ကောက်သလို ရလာသော ရွှေပမာဏအပေါ်တွင်လည်း အခွန်ကောက်ရာ ပြီးခဲ့သည့် ရာသီက စုစုပေါင်း ရွှေ (၃၀) ကီလိုကျော် ရရှိခဲ့သည်။ ရလာသောရွှေတို့ကို မြန်မာပြည် မြောက်ဘက်မှ ကုန်သည်တို့က ဝယ်ယူကြပြီး တချို့က ထိုင်ဝမ်နှင့် ဟောင်ကောင် ရွှေဈေးကွက်သို့ တင်ပို့ကြသည်။

အဆိုပါကာလအတွင်း ဆိုင်နောင့်ထံမှ ကြားသိရသော သတင်းတစ်ခုမှာ သမီးလေး 'ထိုင်'တတ်ပြီဆိုသော သတင်းဖြစ်သည်။ ဤသတင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြားသိပြီး မကြာခင်မှာပင် သမီးလေး၏ ငွားငွားစွင့်စွင့် အပြုံးတစ်ခုထဲက ဖြူဖွေးဝင်းလက်နေသော သွားလေးတစ်ချောင်း ပေါက်နေသည်ကို ကျွန်ုပ်တို့ လင်မယားနှစ်ယောက်လုံး သတိပြုမိလိုက်ကြသည်။

ဆိုင်နောင့်တို့ သားအမိ ခရီးစဉ်ပြီးနောက်တွင်မူ နောက်ထပ် လေ့လာရေးခရီး (၂) ခု ထွက်ကြရာ ခရီးစဉ်နှစ်ခုလုံးတွင် ကျွန်ုပ် လိုက်ပါနိုင်ခဲ့ပြီး တစ်နေ့တာလုံး ချီတက်ခဲ့ရသော လကောင်ဘွမ် တောင်တက်ခရီးတွင် ကျွန်ုပ်ခြေထောက်အခြေအနေကို စမ်းသပ်နိုင်ခဲ့သည်။ ကျွန်ုပ်ခြေထောက်အနာကား သက်သာပျောက်ကင်းနေလေပြီ။

နောက်ထပ် တောင်တက်ခရီးကား 'ကျခီထိန်နန်'၏ အဆိုအရ ဗုံးကြဲခံခဲ့ရသော ရွာတွေထဲက 'အင်ဘောင်ဘွမ်' ရွာဖြစ်ပြီး ရွာရောက်သည့်အခါ ဗုံးမှန်၍ သေဆုံးသွားသူတို့၏ ပူဆွေးသောကရောက်နေကြသော ဆွေမျိုးညာတကာတို့က အမျိုးသမီး (၁၀) ယောက်နှင့် ကလေးသူငယ်တို့ မြွှပ်ထားရာ မြေပုံတို့ကို လိုက်ပြကြသည်။

ပါဂျောင်သို့ ရှေ့ဆက်ထွက်ခဲ့ကြသော ကျွန်ုပ်တို့ခရီးတွင် လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် (၁၀၀) မျှ လိုက်ပါလာသလို လုံခြုံစိတ်ချရသော နယ်မြေများမှ ဖြတ်သန်းလာသည်ဖြစ်၍ စိတ်ချလက်ချ ခရီးဆက်လာခဲ့ကြပြီး ဝိုင်းမော် ချီဘွေ လမ်းတစ်လျှောက် (၂) ပတ်ကြာ လျှောက်ခဲ့ရသော ခရီးစဉ်တစ်ခုဌသာ အခက်အခဲရှိခဲ့သည်။ အဆိုပါ ခရီးစဉ်မှာ တရုတ်မြန်မာ နယ်ခြားမှ တောင်တန်းများဆီ မရောက်မီ ဖြတ်သန်းရမည့်ခရီးဖြစ်သည်။ ဤနေရာအရောက်တွင် တပ်မဟာ (၁) မှ ကျွန်ုပ်တို့ ထွက်ခွာလာခဲ့သည်ကို ဖုံးကွယ်ရန် အလို့ငှာ မေကျာပန်းအောင်၏ ဥပါယ်တံမျဉ်ကို ကျွန်ုပ်တို့ သိလိုက်ရတော့သည်။ ကေအိုင်

www.nyisay.com



အေ ရဲဘော်တွေထဲက အရပ်အရှည်ဆုံး ရဲဘော်တစ်ယောက်ကို ရွေးပြီး နေကာမျက်မှန်နှင့် ဆောဆောင်းဦးထုပ်တို့ကို ဝတ်ခိုင်းပြီး မြင်းတစ်ကောင်စီ၍ မြစ်ကြီးနား-မန္တလေးရထားလမ်း မြောက်ဘက်သို့ လွှတ်လိုက်ပြီး သူနှင့်အတူ လက်နက်အပြည့်စုံ တပ်ဆင်ထားသော တပ်စိတ်တစ်စိတ်ကိုလည်း ဝိုင်းရံ၍ လိုက်ပါခိုင်းလိုက်သည်။

ကြုံတင်တွက်ဆထားသည့်အတိုင်းပင် ၄င်းတို့ ချီတက်သွားသော သတင်းကို အစိုးရသတင်းပေး ဒလံတွေကတစ်ဆင့် မြစ်ကြီးနားမှ မြောက်ဘက်စစ်ဒေသသို့ ရောက်ရှိသွားရာ ဂျွန်ဟန်မင်တန် ဆိုသူကား ရထားလမ်းအတိုင်း အနီးဆုံးလမ်းမှတစ်ဆင့် ပါကျောင်သို့ သွားနေသည်ဟု ယုံကြည်သွားကြပြီး ဟူးကောင်းတောင်ကြားနှင့် ရထားလမ်းကြား (၃) နေရာတွင် အစိုးရတပ်ဖွဲ့တို့ကို ပြန်ချ၍ ပိတ်ဆို့ထားကြရာ မေဂျာပန်းအောင်ကမူ ပထမပိတ်ဆို့မှု (၂) ခုကို တိုက်ခိုက်ပြီး ပြန်ဆုတ်လာခဲ့သည်။

ထိုအချိန်တွင် တကယ့် ဂျွန်ဟန်မင်တန်အစစ်ကား ကူမွန်တောင်တန်းကို ကျော်ဖြတ်၍ တြိဂံနယ်မြေမှတစ်ဆင့် ရှည်လျားသောလမ်းကြောင်းမှ ပါကျောင်သို့ စိတ်ချလက်ချ ခရီးနှင်နေပြီ ဖြစ်ပါ၏။

ထိုအချိန်တွင် လေယာဉ်ပျံနှင့် ကင်းထောက်နေသည်ဆိုသော သတင်းကြားခဲ့ရသော်လည်း ကျွန်ုပ်တို့ကို မည်သို့မျှ ခြေရာခံမရခဲ့ပေ။ ယခု တြိဂံနယ်မြေထဲတွင် ကျွန်ုပ်တို့ ရှိနေသည်ကို မြောက်ပိုင်းတိုင်း စစ်ဌာနက သိနေသည့်တိုင် ရှေ့ခရီးအတွက် လမ်းတစ်လမ်းသာ ရှိတော့သဖြင့် အာရုံလွှဲသောနည်းပရိယာယ်ကို အားကိုး၍ မရတော့။ တက်သုတ်ရိုက်၍ မြန်မြန်ချီတက်ဖို့သာ စဉ်းစားရလေသည်။

မတ်လ (၃၁) ရက်၊ မနက်လင်းအားကြီးတွင် တောင်တက်တောင်ကြောသို့ အမြန်တက်လာခဲ့ကြရာ ကျွန်ုပ်တို့နှင့်အတူ ဒု-ဗိုလ်လန်း ဦးဆောင်သော တပ်စိတ်တစ်စိတ်စာ လုံခြုံရေးယူ၍ လိုက်ပါလာသည်။ ကျွန်ုပ် ခြေထောက်အနာက အရှင်းမပျောက်သေးသော်လည်း မြဲမြဲမြန်မြန် လမ်းလျှောက်နိုင်ပြီဖြစ်၍ စိတ်ရှင်လန်းနေသလို သမီးလေး အိယင်းလည်း ခရီးဆက်လာရသည်ကို ပျော်နေပုံရပြီး သူ့အမေ နောက်ကျောပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

ပထမ (၃) ရက်တွင် စိတ်ချရသော နယ်မြေမှ ဖြတ်၍ ချီတက်ခဲ့ကြရာ အိမ်တံခါးပေါ်တွင် မျောက်ဦးခေါင်းခွံနှင့် ကျဲချိုတွေ ချိတ်ထားသော အိမ်ရှည်ကြီးတွေ ရှိသည့် ကေအိုင်အေ ထိန်းချုပ်နယ်မြေအတွင်းမှ 'ထရောင်းဇွပ်' ရွာသို့ ရောက်လာရာ ဤတွင် ကျွန်ုပ်တို့ကို စောင့်နေသော တပ်ဖွဲ့ဝင်တွေကို တွေ့ရသည်။ ပါကျောင်သို့ ရှေ့ခရီးကား ဝိုင်းမော်-ချီဘွေ လမ်းမကို ပန်း၍ သွားရမည်ဖြစ်ရာ အန္တရာယ်များသော နယ်မြေဖြစ်၍ ကျွန်ုပ်တို့စစ်ကြောင်းကို ဗိုလ်ကြီး လနန်က ဦးဆောင်မည် ဖြစ်သည်။

သို့ရာတွင် ရာထူးအဆင့်ကို ဖျောက်ထားသည့်အနေဖြင့် ရှမ်းဘောင်းဘီနှင့် အရပ်သားလိုဝတ်ထားပြီး ခါးတွင်မူ စကားပြောစက်ကို ချိတ်ထားသည်။ ဗိုလ်ကြီး လနန်ကား

www.nyisay.com



ပရော်ဖက်ရှင်နယ် စစ်သားတစ်ယောက်ဖြစ်သည်နှင့်အညီ ပေးလိုက်သည့်တာဝန်ကို ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသား လုပ်ကိုင်သူဖြစ်သည်။ ဒု-ဗိုလ် လန်းနှင့်အရာခံဗိုလ် 'ဒိန်ရိန်နော်ဘောက်' တို့က ဝန်းရံ၍ လိုက်ပါလာသည်။ ဒိန်ရိန်နော်ဘောက်သည် ခေးဆန်ကျန်းလမ်တွင် ကျသွားသော မရူတန်ဂွန်းနှင့် တစ်ပုံစံတည်းဖြစ်ပြီး ကြံ့ခိုင်သူ၊ တာဝန်ကို ဦးခိုက်ထားသူ အရပ်ရှည်ပြီး လမ်းလျှောက်လျှင် ခပ်သွက်သွက် လျှောက်တတ်သူဖြစ်သည်။

ရွာထဲတွင် မြစ်ကြီးနားမှ ကုန်သည်များလည်း ရောက်နေရာ ဆိုင်နောင့်က သူတို့ဆီက ဘီစကွတ်မုန့်နှင့် ဇီးသီးခြောက် တချို့ဝယ်ယူခဲ့သည်။ သူတို့လို နယ်လှည့်ကုန်သည်တို့ကို တွေ့ရသည်မှာ ဥရောပတွင် ရှေးရှေးကတည်းက တစ်အိမ်ဝင် တစ်အိမ်ထွက် လှည့်ရောင်းသော ဈေးသည်တို့ကို သတိရစရာ ဖြစ်သော်လည်း ဗမာပြည်မှ နယ်လှည့်ကုန်သည်တို့ကား ဗမာပြည်စီးပွားရေးအခြေအနေနှင့် လိုက်ဖက်လှသည်။ အမြတ်အစွန်းမဖြစ်စလောက်ရဖို့အရေး နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်၊ ဘီစကွတ်နှင့် လုံချည်၊ ဒါမှမဟုတ် အမျိုးသမီးတွေအတွက် အလှကုန်ပစ္စည်းတို့ကို ခြင်းတောင်းကြီးတွေနှင့် နောက်ကျောလွယ်ကာ တစ်ရွာဝင် တစ်ရွာထွက် တောင်တက်၍ ရောင်းချစားသောက်နေကြရာ ဤသည်ကား ဗမာပြည်၏ ဆိုးရွားသော စီးပွားအခြေအနေ၏ ပြယုဂ်တစ်ခုဖြစ်ပါ၏။

ထရောင်းဖွပ်၏ တောင်ဘက်သို့ ရောက်လာသည့်အခါ ဤနယ်မြေကား သူပုန်နှင့် အစိုးရတပ်တို့ နယ်လှနေသော နေရာဖြစ်ရာ ကျွန်ုပ်တို့ ဖြတ်လာသော ရွာအချို့မှာ ကျီးနှင့် ဖုတ်ဖုတ် လူသူကင်းမဲ့နေပြီး ဒေသခံရွာသူရွာသားများကိုမူ အစိုးရတပ်စခန်းရှိသော အင်ဂျန်းယန်ရွာအနီးအနားတွင် ပြောင်းရွှေ့၍ နေရာချပေးခဲ့သည်။

အင်ဂျန်းယန်ကား မလိခအရှေ့ဘက်တွင် အစိုးရ၏ တစ်ခုတည်းသော ခြေကုပ်တစ်နေရာဖြစ်သော်လည်း အဆိုပါနယ်မြေဒေသတွင်မူ စပါးသီးနှံ စိုက်ပျိုး၍ မဖြစ်ထွန်းသဖြင့် အဓမ္မပြောင်းရွှေ့ခံရသူ ရွာသူရွာသား အများစုကား သူတို့နေရာဟောင်းသို့ တိတ်တဆိတ် ပြန်ပြေးသွားကြ၍ တောထဲတွင် ပုန်းအောင်းနေကြရပြီး အစိုးရတပ်တွေ ဝေးသွားပြီဆိုကာမှ ကိုယ့်လယ် ကိုယ့်ယာတို့ကို စိုက်ပျိုးစားကြရလေသည်။

ဆိုခဲ့သလို ပုန်းခို၍ လုပ်ကိုင်စားသောက်နေရသော အခြေအနေမှာ ကေအိုင်အေတို့ ထိန်းချုပ်ထားသော ကချင်ပြည်နယ်တွင် တွေ့တောင့် တွေ့ရခဲသော်လည်း အစိုးရတပ်ဖွဲ့နှင့် သူပုန်တပ်ဖွဲ့ဝင် တစ်ဒါဇင်မျှ တိုက်ပွဲဖြစ်နေသော တောင်ဘက် ရှမ်းပြည်နယ်တွင်မူ ထောင်ပေါင်းများစွာသော ရွာသူရွာသားများကား မနှစ်မြို့ဖွယ်ရာ အခြေအနေအောက်တွင် အသက်ရှင်နေကြရသည်။

အမှန်အားဖြင့် ပြီးခဲ့သော ဆယ်စုနှစ်များအတွင်း မြန်မာပြည်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု (၁၀) ဆမျှ မြင့်တက်လာရခြင်းအကြောင်းရင်းကိုမူ ဆိုခဲ့သလို ပြည်တွင်း

www.nyisay.com



ဒုက္ခသည် ပြဿနာဖြင့် အတိုင်းအတာတစ်ခုအထိ သိသာနိုင်ပါသည်။ ယခင်က ရှမ်းပြည်တွင် ဘိန်းစိုက်ပျိုးခြင်း မရှိသလောက် ဖြစ်သည်။ ရှမ်းတို့ပြည်သည် မြေဆီဩဇာကြွယ်ဝလေရာ စပါး၊ ပဲပုပ်နှင့် အခြားသီးနှံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးတို့ကိုသာ ကြိုးကြိုးကုပ်ကုပ် စိုက်ပျိုးစားသောက်လာခဲ့ကြသူတွေ ဖြစ်သည်။

သို့ရာတွင် အမျိုးမျိုးသော လက်နက်ကိုင် အုပ်စုတွေနှင့် အစိုးရတပ်တို့ တိုက်ပွဲတွေ မကြာမကြာ ဖြစ်ခဲ့သလို အဆိုပါတပ်ဖွဲ့ဝင်တို့ကပင် ရှမ်းရွာတွေကို အမျိုးမျိုး ဒုက္ခပေးခဲ့ကြသဖြင့် ရွာတွေကို စွန့်ခွာပြီး တောင်ကုန်းတောင်တန်းဘက်ဆီ ထွက်ပြေးလာခဲ့ကြရသည်တွင် အခြားသီးနှံပင်တို့ထက် ဘိန်းသာ အဓိက ဖြစ်ထွန်းသော မြေဖြစ်၍ ဘိန်းကိုသာ စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်အတွက် ဝမ်းနည်းကြေကွဲစရာတစ်ခုကား ဆိုခဲ့ပါအချက်ကို ကုလသမဂ္ဂ အေဂျင်စီကသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရများကသော်လည်းကောင်း သဘောမပေါက်နားမလည်ခဲ့ကြသလို ဘိန်းပြဿနာကို ကိုင်တွယ်ဖို့အတွက် ပဏာမအနေနှင့် ပြည်တွင်းစစ်ကို ရပ်စဲစေဖို့လည်း မည်သည့်အဖွဲ့အစည်း၊ အစိုးရကမှ ရန်ကုန်အစိုးရကို ဖိအားမပေးဘဲ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဟူသော ခေါင်းစဉ်ဖြင့် အလုပ်မဖြစ်သော စီမံကိန်းကြီးတွေအတွက်သာ ဒေါ်လာ သန်းပေါင်းများစွာ ပေးနေလေရာ၊ ဘိန်းစိုက်ပျိုးရေးကမူ မပျောက်။ ဒေါ်လာများကား မြန်မာစစ်တပ်အရာရှိကြီးတွေ အိတ်ထောင်ထဲသာ ရောက်သွားကြကုန်၏။

တောင်ကုန်းတောင်တန်းများပေါ်တွင် တစ်အောင့်တဖြုတ်သာ နားပြီး ကျွန်ုပ်တို့ ခပ်သွက်သွက် ချီတက်လာပြီး ရွာစဉ်ပြတ်သွားပြီဖြစ်၍ တောထဲမှာပင် ညအိပ်ခဲ့ကြသည်။ (၅) ရက်မြောက်နေ့တွင် တောင်ရိုးတစ်ခုပေါ်မှ တောင်ကြားလမ်းသို့ ဆိုက်ရောက်လာကြပြီး ထိုမှကြည့်လျှင် အင်မိုင်ခမြစ်ကို ဆီးမြင်နေပြီး တစ်ဖက်တွင်မူ ချီဘွေသွား လမ်းမကြီး၌၍ လမ်းဘေးတစ်နေရာတွင် တပ်စွဲထားသော မန်ဒေါင်ခေါ် အစိုးရစစ်တပ် ရှေ့တန်းစခန်းတစ်ခုကို ကျွန်ုပ်၏ အဝေးကြည့်မှန်ပြောင်းမှ တစ်ဆင့် လှမ်းမြင်နေရသည်။ သို့ရာတွင် ကျွန်ုပ်တို့ စစ်ကြောင်း ရောက်လာသည်ကို သတိပြုမိပုံ မရ၊ လူပ်လှုပ်ရှားရှား လက္ခဏာတစ်ခုမှ မမြင်ရ။

ထိုမှ မြစ်ရိုရာ လျှိုစောက်ကြီးသို့ တောက်လျှောက်ဆင်းလာရာ ညအတော်နက်မှ ရောက်လာကြသည်။ မြစ်တစ်ဖက် လမ်းမဘေးတစ်နေရာရာတွင် အစိုးရတပ်ဖွဲ့တွေ တပ်ချထားနိုင်သဖြင့် အကယ်၍ တိုက်ပွဲဖြစ်လျှင် အကျအဆုံးနည်းအောင် ကျွန်ုပ်တို့ စစ်ကြောင်းကို လူဖြည့်၍ ခြေသံလုံလုံနှင့် ရှေ့ဆက်လာခဲ့ရာ လိုက်နာရမည့် အမိန့်ကို တစ်ယောက်တစ်ဆင့် တီးတိုးပြော၍ ကမ်းခဲ့ကြသည်။

"မီးမထွန်းနဲ့၊
ဆေးလိပ်မသောက်နဲ့၊
စကားမပြောနဲ့ သစ်ရွက်သစ်ခက်တွေပေါ် မနင်းနဲ့"

www.nyisay.com



ဗိုလ်ကြီး လနန် ပေးသော အမိန့်တွေထဲတွင် ကျွန်ုပ်တို့ မိသားစုအတွက် သီးခြား အမိန့်တစ်ခုလည်း ပါလာသည်။

"ကလေးကို လုံးဝ အသံမထွက်စေနဲ့၊ ငိုတာနဲ့ ချက်ချင်း နို့တိုက်ပါ"

သို့ပေမဲ့ ကံကောင်းထောက်မစွာပင် သမီးလေးက လုံးဝအသံမထွက်၊ တစ်လျှောက် လုံး အိပ်မောကျလိုက်လာရာ လုံခြုံစိတ်ချရပြီဟု ယူဆရသော ရွာတစ်ရွာရောက်လာပြီး အဆိုပါ ရွာမှာ ရွာသူရွာသားတွေ စွန့်ပစ်သွားကြပြီး ဤမှာပင် ကျွန်ုပ်တို့ ညအိပ်ခဲ့ကြသည်။ ထိုညက ဒေသခံရွာသားအချို့ ကျွန်ုပ်တို့ စတည်းချနေသော ရွာအနီးတွင် ဖြတ်သွားကြ ပြီး လမ်းမနှင့် အင်မိုင်ခမြစ်ကြားတွင် အစိုးရတပ်တွေ ကင်းလှည့်နေကြောင်း သူတို့ထံမှ သိကြရသည်။

ကျွန်ုပ်တို့ မရောက်ခင်တစ်နေ့က ထရပ်ကား ယာဉ်တန်းတစ်တန်း ဖြတ်သွားပြီ ဖြစ်၍ အစိုးရကင်းတပ်ဖွဲ့ဝင်တွေဘက်က လုံခြုံရေး ကြပ်မတ်မှု လျော့သွားပုံရသည်။ သို့ရာတွင် တမြန်နေ့ နေ့လယ်က မြစ်တစ်ဖက်ကမ်းတွင် ကင်းတပ်ဖွဲ့တစ်ဖွဲ့ တွေ့ခဲ့ ကြောင်း ရွာသားတစ်ယောက်ထံမှ သိရ၍ ကျွန်ုပ်တို့ဘက်က ကြိုတင်ကာကွယ်သည့်အနေ ဖြင့် မြစ်ကမ်းနံဘေးမှ ရွာငယ်လေးတစ်ရွာတွင် နောက်တစ်နေ့ နားခဲ့ရသည်။

ကချင်ပြောက်ကျား ဧရိယာထဲ ဝင်ရောက်လာစဉ်ကတည်းက ကေအိုင်အေ ဦးထုပ် နှင့် ယူနီဖောင်းတို့ကို ကျွန်ုပ် ဝတ်လာခဲ့သည်။ သို့ပေမဲ့ လက်မောင်းတံဆိပ်မပါ၊ သို့ရာ တွင် ယခုလို ရုပ်ဖျက်ထားခြင်းကပင် ကျွန်ုပ်နှင့် တွေ့ဆုံခဲ့သူတို့ကို စပ်စုချင်စရာ ဖြစ် နေပြီး ကျွန်ုပ်ကို ပြူးတူးပြဲတဲ ကြည့်တတ်ကြသည်။ သို့ပေမဲ့ ကျွန်ုပ်ကို ကချင် အမျိုးသား မဟုတ်မှန်းကို သူတို့အားလုံး ကောင်းကောင်းကြီး သိခဲ့ကြသည့်တိုင် အနီးအနားက အစိုးရတပ်စခန်းတွေဆီ တစ်လုံးတစ်ပါဒမျှ စကားမပေါက်ကြားခဲ့ကြသဖြင့် ရွာသူ ရွာ သားတွေကို ကျွန်ုပ် ကျေးဇူးတင်ရပေသည်။

ညနေစောင်းတွင် ရှေ့ဆက်ရမည့် လမ်းကြောင်း ရှင်းလင်းကြောင်း သတင်းနှင့် အတူ ကျွန်ုပ်တို့ဆီက ကင်းထောက်တွေ ပြန်ရောက်လာကြပြီး ဧပြီလ (၅) ရက်တွင်မူ အင်မိုင်ခမြစ်ကို ဖြတ်လာခဲ့ကြသည်။ အင်မိုင်ခ ဟူသော အဓိပ္ပာယ်မှာ အန္တရာယ်များသော ရေဖြစ်ပြီး အဆိုပါ အဓိပ္ပာယ်နှင့်အညီ အန္တရာယ်များလှသည်။ မြစ်ပြင်တစ်ခုလုံးတွင် ဖြတ်ကူးနိုင်လောက်သောနေရာ အနည်းငယ်သာရှိ၍ ဒိုက်မှော်တွေကလည်း မြစ်ကူးရာတွင် ဒုက္ခပေးတတ်သည်။ ရေစီးကလည်း သန်လှသည်။ သို့ပေမဲ့ ကျွန်ုပ်တို့ ကူးရမည့်ဖောင် တွေက ကိုးရိုးကားရား တည်ဆောက်ထားသော ဝါးဖောင်တွေ၊ တစ်ကြိမ်လျှင် လူ (၅) ယောက်သာ တင်ဆောင်ပြီး ကူးတို့သမားနှစ်ယောက်က ဖောင်တစ်ဖက်တစ်ချက်မှ သစ်သားလှော်တက်တွေနှင့် လှော်ခတ်ရင်း မြစ်ကို ထောင့်ဖြတ် ဆန်တက်၍ ကူးကြ ရသည်။ သို့နှင့် မြစ်လယ်သို့ ရောက်လာသည့်အခါတွင်ကား ရေစီးအားနှင့် ကျွန်ုပ်တို့

www.nyisay.com



ဖောင်မှာ မျောပါ၍ ချာလည်လည်နေရာ ကူးတို့သမားနှစ်ယောက်က တစ်ဖက်ကမ်းသို့ ရောက်အောင် ရေစီးကို ပန်း၍ သစ်သားလှော်တက်တွေနှင့် အားကုန် ကျုံးလှော်နေကြရသည်။

ဖောင်ပေါ်တွင် လိုက်ပါလာသော ကျွန်ုပ်တို့ကား ရင်တမမနှင့်၊ သမီးလေးအိယင်း တစ်ယောက်တည်းသာ ရေပြင်ကို ကြည့်ကာ စိတ်လှုပ်ရှားနေပြီး ဖောင်က ရေမှော်တွေကို ဝင်တိုးလျှင်ဖြစ်စေ၊ ရေဝဲကတော့ထဲ တစ်ရှိန်ထိုး ပြေးနေလျှင်ဖြစ်စေ သူ့လက်ကလေးကို မြှောက်ယမ်းရင်း ဒါ... ဒါ... ဒါနှင့် အော်နေသည်။

မြစ်တောင်ဘက်ခြမ်းတွင်မူ တောင်ကြီးတစ်တောင် ကာဆီးထားလျက် ခက်ခက်ခဲခဲ တက်ခဲ့ကြပြီး တောင်ထွတ်အောက်ခြေ တောအုပ်ထဲတွင် စခန်းချခဲ့ကြရာ တပ်ဖွဲ့ဝင်တို့၏ စည်းကမ်းသေဝတ်မှုနှင့် ဆောင်ရွက်မှုများကား တိကျလှသည်။ တပ်ဖွဲ့အသီးသီးကို ဒု-အရာခံဗိုလ် နော်ဘောက်က တာဝန်ခွဲဝေပေးနေသည့်အသံကို ကျွန်ုပ်တို့ ယာယီနား နေသော နေရာက ကြားနေရပြီး နာရီဝက်အတွင်းမှာပင် ယာယီတဲတွေ ထိုးပြီးသွားသည်။ မီးညှွန့်ကို မမြင်စေအောင် ကျောက်တုံးတွေကြားမှာ ချက်ပြုတ်ဖို့ မီးမွှေးပြီးပြီ၊ စခန်းနှင့် အနီးတစ်ဝိုက် တောထဲမှာ ကင်းတွေချပြီးသွားပြီ။

နောက်တစ်နေ့ ဝေလီဝေလင်း ကျွန်ုပ်တို့ အိပ်ရာထပြီးချိန်တွင် မိုးရွာနေပြီး မန်ဝိုင်းရွာ မရောက်မီ နောက်ဆုံးတောင်ကို တက်လာသည်အထိ မိုးတဖွဲဖွဲ ရွာနေရာ မန်ဝိုင်းရွာမှ တစ်ဆင့် ခရီဘွေသွားကားလမ်းကို ဖြတ်ကူးဖို့ ကျွန်ုပ်တို့ စီစဉ်ထားသည်။ ယခုမူ တောင်ရိုး တစ်ခုပေါ်တွင် ခေတ္တနားဖို့ ရပ်လိုက်ကြရာ တောင်အောက်တွင် စိမ်းစိမ်းစိုနေသောမန်ဝိုင်း ချိုင့်ဝှမ်းကို ပြန့်ပြန့်ရန ရန့်ရန့် တွေ့နေရပြီး ထိုမှတစ်ဖက်တွင်မူ ကျွန်ုပ်တို့ ရှေ့ရှူသွားရမည့် တောအုပ်ဆောင်းထားသော တောင်တန်းတွေကို တွေ့နေရပြီး ထိုနေရာ ရောက်လျှင်တော့ နောက်တစ်ကြိမ် စိတ်ချနိုင်ပါ၏။

တောင်ရိုးမှ အဆင်းခရီးကား မရှည်ဝေးသော်လည်း ရှေ့ဆက်ရမည့် ခရီးအတွက် ကင်းထောက်နေရသဖြင့် အချိန်စောင့်နေရပြီး အရပ်ဝတ်နှင့် လွတ်လိုက်သော ကင်းထောက် စစ်သားတွေ ပြန်ရောက်လာသောအခါ ပါလာသောသတင်းကား ဗိုလ်ကြီး လနန်အတွက် စိတ်ပူစရာ ဖြစ်ရပြန်သည်။

"ထရပ်ကားနဲ့ အပြည့် မဆလစစ်သားတွေ ရွာထဲမှာ ရောက်နေတယ်"

ဗိုလ်ကြီးက ဆိုင်နောင့်ကို ဗမာလိုပြောပြီး စစ်ကြောင်းတစ်ကြောင်းလုံးကို ရပ်၍ သေနတ်နှင့် ကျည်ကတ်တွေကို တပ်ဖွဲ့ဝင်အသီးသီးက စစ်ဆေးလိုက်ကြသည်။

"ဒီကောင်တွေ ဘာကြောင့် ရောက်နေလဲဆိုတာ မရှင်းဘူး၊ ကျုပ်တို့ လာနေတာ သူတို့ သိတာတော့ မဖြစ်နိုင်ဘူး၊ တောထဲမှာ ကင်းလှည့်ပြီး ပြန်လာတဲ့ လမ်းစောင့် ကင်းတပ်ဖွဲ့ ဖြစ်နိုင်တယ်"

www.nyisay.com



နောက်ထပ် အခြေအနေကို သိဖို့ သစ်ပင်တွေအောက်မှာ ကျွန်ုပ်တို့ ထိုင်နေလိုက်ကြသည်။ ကျွန်ုပ်တို့အတွက် အခြားလမ်းမရှိ၊ သူတို့တွေ မြန်မြန် ထွက်သွားကာမှ ထိပ်တိုက်ရင်ဆိုင်စရာ မလိုဘဲ ကျွန်ုပ်တို့ ရှေ့ဆက်နိုင်စရာ ရှိသည်။ သို့ပေမဲ့ သူတို့က မသွားသေး၊ ရွာသားတွေ အဆိုအရ မိုးစိုလာသော သူတို့ ယူနီဖောင်းတွေကို အိမ်တွေထဲက မီးဖိုတွေမှာ ခြောက်သွားအောင် မီးကင်နေကြပြီး တောထဲတွင် ကင်းလှည့်ရာမှ ပြန်လာသောအဖွဲ့ဖြစ်နိုင်ကြောင်း ကြားသိရသည်။ လူအင်အားမှာ (၁၅) ယောက်သာရှိပြီး ကျွန်ုပ်တို့ စစ်ကြောင်းမှ အင်အား (၁၀၀) နှင့် ယှဉ်လျှင် မလှန်သာအောင် နည်းနေသည်။

''ကျုပ်တို့ဘက်က ကြောက်စရာ ဘာမှမရှိပါဘူး၊ ဒါပေမဲ့ ရွာနားမှာ တိုက်ပွဲ မဖြစ်အောင် အတတ်နိုင်ဆုံး ရှောင်ဖို့လိုတယ်၊ မဟုတ်ရင် တပ်ဖွဲ့ (၂) ဖွဲ့ကြားမှာ ရွာသားတွေ ညပ်သွားလိမ့်မယ်။ ပြီးတော့ သေနတ်သံတွေကြောင့် ဆိုင်လော်က အစိုးရ တပ်ဖွဲ့တွေကို တပ်လှန့်သလို ဖြစ်သွားလိမ့်မယ်''

မန်ဝိုင်းကား ချီဘွေသွား လမ်းမကြီးနှင့် အခြားလမ်းမငယ်လေးဆုံရာ ခွဆုံတွင် တည်ရှိပြီး အဆိုပါ လမ်းမငယ်လေးကမူ ဆိုင်လော်မြို့လေးသို့ လမ်းခွဲသွားကြသည်။ ဆိုင်လော်တွင် အစိုးရ မြို့စောင့်တပ်ရှိပြီး တပ်ဖွဲ့တစ်ဖွဲ့လုံးကို လက်နက်ကြီးတွေ အပြည့်နှင့် ပံ့ပိုးပေးထားသည်။ သို့ဖြစ်၍ ဆိုခဲ့သလို လမ်းနှစ်လမ်းလုံးကို ဖြတ်ကျော်ဖို့ရာအတွက် ရွာကိုပန်း၍ တောင်ပေါ်လှေခါးထစ် စပါးကွင်းတချို့ပေါ်မှဖြတ်ကာ ရှည်လျားစွာ ကျွန်ုပ်တို့ ခရီးနှင်လာခဲ့ကြရသည်။ သို့ပေမဲ့ မိုးတိတ်၍ နေထွက်လာလေပြီ။

ချီဘွေ လမ်းအရောက်တွင် စစ်သားတွေက လမ်းတစ်လျှောက် နေရာအသင့်ယူထားလိုက်ကြပြီး ကျွန်ုပ်တို့ ဖြတ်ကူးမည့်နေရာနှင့် မန်ဝိုင်းကြားတွင် အင်အားအများဆုံး ချထားလိုက်သည်။ ဘဂျက်က လက်နက်ကြီးတွေ၊ အလတ်စား စက်သေနတ်တွေအားလုံး ရွာဘက်သို့ ချိန်ထားခိုက် လမ်းတစ်ဖက်သို့ အပြေးကလေး ကျွန်ုပ် ဖြတ်ကူးလိုက်ပြီး ဆိုင်နောင့်က ဓာတ်ပုံရိုက်ဖို့ ရပ်နေခဲ့သည်။ သို့နှင့် တအောင့်အကြာတွင် ကင်းလှည့်ကား တစ်စီးနှင့် စစ်သားသုံးယောက် ပေါက်ချလာပါသော်လည်း လမ်းမကြီးပေါ်က အခြေအနေ အရပ်ရပ်ကို တွေ့မြင်သွားပြီး သကာလ မန်ဝိုင်းရွာတွင်းသို့ ပြန်ဆုတ်သွားလေတော့သည်။

''ကျွန်တော်တို့ ပစ်လိုက်ရတော့မလား''

တပ်စုမှူးက ဗိုလ်ကြီး လနန်ကို အော်မေးသည်။

''မပစ်နဲ့၊ သူတို့ကပစ်မှ ပစ်''

သို့ရာတွင် တစ်ဖက်နှင့်တစ်ဖက် အပစ်အခတ် လုံးဝမရှိဘဲ လမ်းကို ဖြတ်ကူးခဲ့ကြပြီး တောထဲသို့ ကျွန်ုပ်တို့ ခရီးဆက်လာကြရာ လိုက်စရာ လမ်းစွပ်ကြောင်း မတွေ့ရတော့သဖြင့် တဖြည်းဖြည်းချင်း ရှေ့တိုးလာကြရာ (၂) နာရီကြာပြီးခါမှ ဒုတိယလမ်းမ

www.nyisay.com



တစ်ခုဆီ ရောက်လာခဲ့ကြသည်။ ဤတွင်လည်း အန္တရာယ်ရှိနေသည်။ အစိုးရတပ်ဖွဲ့တွေက ဤနေရာတွင် ဝပ်၍ စောင့်နေသည်ဆိုလျှင် ကျွန်ုပ်တို့အတွက် အန္တရာယ်ကြီးသည်။ လမ်းနှစ်လမ်းကြားတွင် ကျွန်ုပ်တို့ ညပ်သွားနိုင်သည်။ သူတို့အင်အားက ကျွန်ုပ်တို့ထက် နည်းသည်ဆိုသော်လည်း ဆိုင်လော်မှ တပ်ကူတွေ ရောက်သည်အထိ ကျွန်ုပ်တို့ကို သူတို့အားနှင့် ပိတ်ဆို့ထားနိုင်သည်။

သို့ဖြစ်၍ ဦးစွာ တောထဲမှ တပ်စုတစ်စုထွက်၍ မိချောင်းသွား သွားပြီး သစ်ပင်အခြေတွေမှာ နေရာယူထားကြသည်။ မလှုပ်မယှက်၊ ဒူးထောက်၍ ရိုင်ဖယ်သေနတ်တွေကို အသင့်ချိန်ထားကြပြီး နားကို စွင့်ထားကြသည်။ အစိုးရတပ်ဖွဲ့တွေ လုံးဝ မရှိ၊ ရှင်းသည်။ သို့ပေမဲ့ ဤမှာပင် ရုတ်တရက် မြင်လိုက်ရသည်ကား အမျိုးသမီးနှစ်ယောက်၊ ဘေးဘီကို သတိမမူဘဲ ကားဘီးရာတွေ အထပ်ထပ်မှနေသော ဖုန်လမ်းလေးအတိုင်း လျှောက်လာနေကြပြီး တစ်နေရာအရောက်တွင်မူ ကေအိုင်အေ စစ်သားတွေကို ရုတ်တရက် တွေ့လိုက်မှသာ လန့်ဖြန့် အော်လိုက်ပြီး သူတို့မျက်နှာတွေကို လက်ဝါးနှင့် အုပ်ထားလိုက်ကြသည်။ ပြဿနာက ဗိုလ်ကြီး လနန်အတွက် အကျပ်ရိုက်သွားသည်။ သူတို့ကို လွှတ်ပေးလိုက်လျှင် အစိုးရစစ်သားတွေ သူတို့ကို ကျွန်ုပ်တို့ လူပ်ရှားမှုနှင့် ပတ်သက်ပြီး မေးကြမြန်းကြမှာ သေချာသည်။ အခန့်မသင့်လျှင် ရိုက်နှက်၍ပင် စစ်ဆေးခံရပေလိမ့်မည်။ တစ်ဖက်ကလည်း ကျွန်ုပ်တို့ ဘယ်ဘက်ကို ချီတက်သွားသလဲ ဆိုသည့်သတင်းကို ဒီမိန်းမတွေ မပြောနိုင်ပါဘူးဟူ၍ ယုံလိုက်လျှင်လည်း မိုက်မဲရာ ကျပေလိမ့်မည်။ ဘာလုပ်မလဲ ဒီမိန်းမကြီးတွေကို ကျွန်ုပ်တို့နှင့်အတူ စိတ်ချလောက်မည့်နေရာအထိ ခေါ်သွားရုံမှတစ်ပါး ရွေးချယ်စရာ မရှိ။

သူတို့အဝတ်အစားတွေကို ကြည့်ရုံနှင့် ရှမ်းအမျိုးသမီးကြီးတွေ ဖြစ်ကြောင်း သိနိုင်ပြီး နှစ်ယောက်လုံး တုန်တုန်ယင်ယင် ဖြစ်နေကြပြီး တစ်ယောက်က တအီးအီးနှင့် ငိုတော့သည်။

ကေအိုင်အေ ယူနီဖောင်းနှင့် နေကာမျက်မှန်အမည်း တပ်ထားသော ကျွန်ုပ်အနားတွင် လက်နက်တွေ ကိုယ်စီကိုင်ဆောင်ထားသော စစ်သားတွေ ဝိုင်းရံနေသည်ကို ကြည့်ပြီး ကျွန်ုပ်ကို စစ်ကြောင်းမှူး ထင်သွားပုံရသည်။

"ခွန်... ခွန် ကျွန်မတို့ကို အိမ်ပြန်ခွင့်ပြုပါ၊ ဗမာတွေကို ကျွန်မတို့ မပြောပါဘူး၊ ကျွန်မတို့ သွားပါရစေ"

ခွန်... ခွန်မှာ ရှမ်းဘာသာဖြင့် အာဏာရှိသူတစ်ယောက်ကို တရိုတသေ ပြောသော အသုံးအနှုန်းဖြစ်ပြီး ကျွန်ုပ်ကို ရည်ညွှန်း ပြောနေခြင်း ဖြစ်သည်။ သို့ပေမဲ့ ကျွန်ုပ်အနေနှင့် ဘာမျှမတတ်နိုင်၊ ရှင်းပြဖို့ အချိန်လည်း မရှိ၊ မြင်ရ ကြားရသည်မှာ စိတ်မသက်မသာနှင့် နှုတ်ပိတ်လို့သာ နေလိုက်ရတော့သည်။ သို့နှင့် လမ်းကူး၍ ခရီးဆက်လာရာ နာရီဝက်

www.nyisay.com



အကြာတွင် မန်ဝိုင်းတောင်ဘက်မှ စပါးကွင်းတွေဆီ ရောက်လာရာ ရွာနှင့် အလွန်နီးကပ်လာပြီဖြစ်၍ ခွေးဟောင်သံနှင့် ကြက်တွန်သံတွေကြားနေရသည်။ ဤနေရာအထိ ကျွန်ုပ်တို့ စစ်ကြောင်းမှာ အကာအကွယ်လုံးဝမရှိ၊ ရှေ့နောက်တန်း၍ လာကြရာ အစိုးရတပ်တွေဘက်က တိုက်လိမ့်မည်ဟု ကျွန်ုပ်ထင်ခဲ့သော်လည်း ရွာထဲမှာ လူပ်ရှားမှု လုံးဝ မတွေ့ရ။ သို့နှင့် လယ်ကွင်းတွေကို လွတ်လွတ်ကျွတ်ကျွတ် ဖြတ်၍ တောင်ဘက်စွန်းတောအုပ်ဆီသို့ ခရီးပေါက်ခဲ့ကြပါ၏။

ထို့နောက် စစ်ကြောင်းတစ်ဝက်ခန့်က တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်နှင့် မော်တာအမြောက် တစ်ချက်ပေါက်ကွဲသွားပြီး မျက်ကလဲဆန်ပျာဖြစ်နေသော အမျိုးသမီးကြီးနှစ်ယောက်အနက် တစ်ယောက်သောသူက အော်ငိုလေရာ ဗိုလ်ကြီးလနန်က လှည့်ကြည့်ပြီး ရယ်တော့သည်။

''ငါတို့ကဖြင့် သူတို့ကို ကျော်လာခဲ့ပြီ အခုမှ သတ္တိတွေ ပြနေကြတယ်ပေါ့''

မိနစ်အနည်းငယ် အကြာတွင် ဒုတိယမော်တာဆန် တစ်လုံး ပေါက်ကွဲပြီးနောက် တတိယတစ်လုံး သို့ပေမဲ့ ဗုံးဆန်ကျသည့်နေရာကို ကျွန်ုပ် လှည့်ပတ်ရှာကြည့်သည့်အခါ ကျွန်ုပ်တို့ ရှိရာဘက်သို့ ပစ်နေခြင်းမဟုတ်၊ အမှန်အားဖြင့် ကျွန်ုပ်တို့ကို အမြောက်သံနှင့် အတူ ယခုလို သတင်းပို့လိုက်ခြင်း ဖြစ်သည်။

''မင်းတို့တွေ ဒီနေရာက မြန်မြန်သွားကြ၊ မင်းတို့ကို ငါတို့ မကြည့်ချင်ဘူး၊ တိုက်လည်း မတိုက်ချင်ဘူး'' ဟူ၏။

အစိုးရတပ်ဖွဲ့ဝင်တွေဘက်က ယခုလို ပြုမူလိုက်သည့်အတွက် သူတို့ကို အပြစ်တင်လို့မရ၊ ရန်ကုန်မှ သတင်းထုတ်ပြန်ချက်တို့က မိုးတစ်လုံး လေတစ်လုံးနှင့် ဘာတွေပဲဆိုဆို လက်နက်ကိုင် သူပုန်အမျိုးမျိုးကို စစ်တပ်က နှစ်ပေါင်းများစွာ တိုက်ခိုက်နေမည်ဖြစ်၍ အလုပ်မရှိသဖြင့် စစ်သားလုပ်နေကြရသော နယ်မှ လူငယ်အချို့အနေနှင့် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အသေခံမည်နည်း။ သို့ဖြင့် စိတ်ချ လုံခြုံစွာ စခန်းချနိုင်မည့် နေရာ ရောက်သည်အထိ ကျွန်ုပ်တို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြပြီး ကံကောင်းချင်တော့ ယာယီတဲတွေ ထိုးပြီးသည်နှင့် မိုးရွာလာလေရာ အကယ်၍ ကျွန်ုပ်တို့ နောက်သို့ အစိုးရတပ်တွေ နောက်ယောင်ခံလိုက်လာမည် ဆိုလျှင် မိုးရွာလိုက်သည့်အတွက် ကျွန်ုပ်တို့ ခြေရာတွေ တွေ့တော့မည် မဟုတ်ပေ။

ညတွင် မီးဖိုလေးတစ်ခုကို ဝှက်၍ ဖိုပြီး ညစာ ချက်ပြုတ်ကြရာ ရှမ်းအမျိုးသမီးကြီးနှစ်ယောက်အတွက် ကျွန်ုပ်တို့ စိတ်မကောင်းဖြစ်ရသည်။ သူတို့ ကချင်လိုလည်း မတတ်၊ ဘာဖြစ်လို့ ဖြစ်မှန်းလည်း မသိကြ၊ ဆိုင်နောင့်က သူတို့တဲဆီသွားပြီး ရှမ်းဘာသာနှင့် သူတို့ကို အားပေးစကားပြောသည်။

www.nyisay.com



''အမေကြီးတို့... မကြောက်ကြပါနဲ့၊ ဘာမှ မလုပ်ပါဘူး၊ အကြာကြီးလည်း ခေါ်မထားပါဘူး၊ အမေကြီးတို့က ကျွန်မတို့ စစ်ကြောင်းနဲ့ အစိုးရတပ်ကြားမှာ ညပ်သွားလို့ပါ။ မနက်ဖြန်ဆိုရင် အမေကြီးတို့ ပြန်နိုင်ပါပြီ။ အမေကြီးတို့ကို သူပုန်တွေက ပြန်ပေးဆွဲသွားတယ်လို့ပဲ ဗမာစစ်သားတွေကို ပြောလိုက်ပါ''

ဤမှာပင် ရှမ်းအမျိုးသမီးကြီး နှစ်ဦး စိတ်ချမ်းသာသွားကြသော်လည်း သူတို့ အကြောင်းကို သိလိုက်ရသဖြင့် ကျွန်ုပ်တို့ ပိုပြီး စိတ်မကောင်း ဖြစ်ရပြန်သည်။ ဖြစ်ပုံက ဒီလို၊ ရှမ်းအမျိုးသမီးကြီးတစ်ယောက်၏ ယောကျ်ားမှာ ပြီးခဲ့သည့်ရက်က ကွယ်လွန်သွားသဖြင့် ရှမ်းတို့ ထုံးစံအတိုင်း အသုဘအခမ်းအနားကို စက္ကူတွေနှင့် ပြင်ဆင်ဖို့ အဖော်တစ်ယောက် ခေါ်ပြီး တစ်ဖက်ရွာသို့ စက္ကူဝယ် ထွက်လာခဲ့ကြရာမှ ကျွန်ုပ်တို့နှင့် ထိပ်တိုက်တိုးခဲ့တာပဲ ဖြစ်သည်။ ထိုနေ့က အသုဘချမည့်နေ့လည်း ဖြစ်သည်။ အဖြစ်မှန်ကို ကြားသိရသဖြင့် ကျွန်ုပ်တို့ကိုယ်ကို အပြစ်တစ်ခု ကျူးလွန်မိသလို ခံစားလိုက်ကြရပြီး ဤသည်ကို ကုစားဖို့ အားထုတ်သည့်အနေနှင့် နာဂရှောစောင်တွေကို တစ်ညတာ ခြံဖို့ ခေတ္တပေးလိုက်ပြီး အသုဘအတွက် ငွေ (၅၀) ကျပ်ကိုလည်း လှူလိုက်သေးသည်။ နောက်တစ်နေ့ မနက်အရုဏ်မကျင်းမီ ကျွန်ုပ်တို့ အားလုံး အိပ်ရာထလာကြရာ တစ်ညလုံး မိုးတစိမ့်စိမ့် ရွာထားသဖြင့် ချမ်းစိမ့်နေသည်။ ဆိုင်နောင့်က ရှမ်းအမျိုးသမီးကြီး နှစ်ဦးကို နှုတ်ဆက်လိုက်ရာ တစ်ဦးက

''သမီးပြောခိုင်းသလို ဗမာတွေကို ပြောလိုက်ပါ့မယ်၊ အမေတို့ကို သူတို့က ဖမ်းခေါ်သွားတယ်၊ သူတို့က အရမ်းကြောက်စရာ ကောင်းတယ်လို့''

သို့ဆိုရင်း ရှမ်းအမျိုးသမီးကြီးတစ်ဦးက တခစ်ခစ်ရယ်ကာ လာရာလမ်းကို သူတို့ နှစ်ဦး ပြန်လှည့်၍ ထွက်ခွာသွားလေတော့သည်။ ယခုမူ ကျွန်ုပ်တို့ နောက်သို့ အစိုးရတပ်တွေ လိုက်လာနိုင်ခြေ နည်းသွားသော်လည်း ကျွန်ုပ်တို့ ရှေ့တွင်ကား လားလမ်းဟောင်း တစ်ခု ခံနေသည်။ အဆိုပါလမ်းကြောင်းမှာ အစိုးရမြို့စောင့်တပ်ရှိရာ ဝါရှောင်မှ ဆိုင်လော် ထိုမှတစ်ဆင့် တရုတ်ပြည်နယ်စပ်နားမှ သူပုန်တို့ ထိန်းချုပ်ထားသော နယ်မြေ အထိ ဆက်သွားသည်။ ၄င်းလားလမ်းကို ကိုလိုနီခေတ်က ဖောက်လုပ်ခဲ့ပြီး ကမ်ပိုက်တီးတောင်ကြားလမ်းအနီးတွင် ဖို့(ဒ်)ဟာရစ်ဆန်ခေါ် တပ်စခန်းတစ်ခုကို တည်ဆောက်ခဲ့သည်။ ယခုမူ လားလမ်းကို လုံးဝအသုံးမပြုကြတော့သလို ကမ်ပိုက်တီးသည်လည်း ကချင် အရှေ့ခြမ်းတွင် ခြေကုပ်တစ်နေရာရထားသော ဗကပက ထိန်းချုပ်ထားရာ ယခု ကျွန်ုပ်တို့ ပြဿနာကား ဆိုင်လော် (သို့) ဝါရှောင်မှ အစိုးရတပ်တွေကို လားလမ်းဟောင်း လမ်းကြောင်းအတိုင်း လွှတ်၍ ကျွန်ုပ်တို့ စစ်ကြောင်းကို ပိတ်ဆို့နိုင်သည်ဆိုသော အချက် ဖြစ်သည်။ လားလမ်းဟောင်းကလည်း တောင်ရိုးတစ်ခုပေါ်တက်သွားသဖြင့် ခြံခိုတိုက်ဖို့ အကောင်းဆုံး အနေအထား ဖြစ်နေသည်။ သို့ဖြစ်၍ ရှေ့မှ ကင်းထောက်

www.nyisay.com



တပ်ဖွဲ့က နယ်မြေအနေအထားကို စုံစမ်းလေ့လာနေစဉ်မှာပင် ကျွန်ုပ်တို့က ဖြည်းဖြည်းချင်း တောင်ပေါ် တက်လာခဲ့ကြရာ နေ့မွန်းလွဲခါမှ တောင်ရိုးပေါ် ရောက်လာကြသည်။ တောင်ပေါ်တွင် အိုးရစ်သားတွေ မရှိ၊ လမ်းကြောင်းလည်း ရှင်းသဖြင့် လားလမ်းအတိုင်း ကီလိုမီတာ အနည်းငယ်မျှ ဆက်လိုက်လာရာ သစ်ပင်ကြီးတွေ ပြိုလဲနေသဖြင့် သစ်ကိုင်းနှင့် အမြစ်ဆုံတွေကို ကျော်လာခဲ့ရသည်။ လားလမ်းကို နှစ်ပေါင်းများစွာ အသုံးမပြုခဲ့သည့်တိုင် ဗြိတိသျှတို့က ကျွန်းနှင့် ကျောက်တုံးတွေကို တမံတုတ်၍ လားလမ်းကို တည်ဆောက်ခဲ့ကြသည်။

ကျွန်ုပ်တို့ တက်လာသော တောင်ရိုးကား တရုတ်နယ်ခြားတစ်လျှောက်မှ ကေအိုင်အေတို့၏ အရှေ့ဘက်ခြမ်း အမာခံဒေသနှင့် ချီဘွေလမ်းတစ်လျှောက် အစိုးရ ထိန်းချုပ်ထားရာ နယ်မြေတို့ကြားမှ အမှတ်သားလည်းဖြစ်၍ လနန် အဆိုအရ အစိုးရတပ်တွေ တောင်ရိုးကို ဖြတ်ကျော်လာနိုင်ခြေ လုံးဝ မရှိကြောင်း သိရသည်။

တစ်နာရီမျှကြာသော် လားလမ်းဟောင်းမှ ဖည်ကာ တောင်ရိုးအောက်ဘက်မှ လျှိုစောက်ကြီးရှိရာ တောင်ဘက်သို့ ဆက်လာခဲ့ရာ ဤ၌ လုံခြုံစိတ်ချရပြီဆိုသော်လည်း အန္တရာယ်နယ်မြေနှင့် အဝေးဆုံးရောက်အောင် တက်သုတ်ရိုက်လာခဲ့ပြီး ညနေစောင်းကာနီး ချိန်ရောက်မှသာ ညစာချက်ဖို့ ရပ်နားလိုက်ကြသည်။ ညစာ၊ စားနေစဉ် အရှေ့ဘက်မှ လက်နက်ကြီး ပစ်သံတွေ ရုတ်တရက်ကြားလိုက်ပြီး နာရီဝက်ခန့်မျှ ပစ်ခတ်သံတွေ ကြားရပြီး ငြိမ်ကျသွားရာ ဘာရယ်မှန်းမသိ မသေချာသည့်တိုင် ကေအိုင်အေ နယ်မြေအတွင်းက အနီးဆုံးရွာဆီ ကျွန်ုပ်တို့ အပြေးအလွှား ချီတက်လာခဲ့သည်။

ရွာကား တဲအိမ်အနည်းငယ်သာရှိပြီး ရှေ့ခရီး မဆက်မီ ဤမှာပင် ခေတ္တနားဖို့ ရပ်လိုက်ကြသည်။ ရှေ့ခရီးအဖို့တွင်မူ တောင်တက်-တောင်ဆင်း ပြီးလျှင် တောင်တက်-တောင်ဆင်း နှင်ရပေဦးမည်။ အနောက်ဘက်တွင်မူ နေလုံးကြီးက မြစ်ကြီးနားဟိုမှာ ဘက်သို့ လျောကျနေပြီး ပန်းနုရောင်မှ ကြက်သွေးရောင် တဖြည်းဖြည်း ပြောင်းသွားသော ဆည်းဆာ အလင်းနောက်ခံတွင် မြို့ဝန်းကျင်မှ တောင်ကုန်း တောင်တန်းတို့၏ အရိပ်တွေက ကြွနေသည်။ မြစ်ကြီးနားတွင် ချိုးကွေ့သွားသော ဧရာဝတီကို လှမ်းမြင်နေရပြီး နေညိုချိန်တွင် မြစ်ရေတို့က ဘော်ငွေရောင် လင်းလက်နေသည်။ ဤနေရာအရောက်တွင် ကျွန်ုပ်တို့ကို ပထမဆုံးအကြိမ် လက်နှိပ်ဓာတ်မီး သုံးခွင့်ပြုပြီး စစ်ကြောင်းကို ပုလဲလုံးသဏ္ဌာန် ပြောင်းလဲဖွဲ့စည်း၍ ချိုင့်ဝှမ်းအတွင်းသို့ ကွေ့ကွေ့ကောက် ချီတက်လာခဲ့ကြပြီး ဂျမ်ယန်ရွာတွင် ညအိပ်နားခဲ့ကြသည်။

ရွာကား စည်ကားပြီး စာသင်ကျောင်းတစ်ကျောင်းနှင့် ဈေးဆိုင်အချို့ရှိပြီး အိမ်ထဲတွင် ချိတ်ထားသော ကေအိုင်အေ ပြက္ခဒိန်တို့ကို အဝင်တံခါးမကြီးတွေက တဆင့် တွေ့နေရသည်။ အန္တရာယ်နယ်မြေကား ကျွန်ုပ်တို့ နောက်တွင် ကျန်ခဲ့ပြီဆိုသော သင်္ကေတ။

www.nyisay.com



အရာဏ်မကျင်းမိက ထွက်လာခဲ့သော ကျွန်ုပ်တို့ခရီးမှာ ဤနေရာအထိ ကီလိုမီတာ (၄၀) ကျော်ရှိပြီး ခရီးတစ်လျှောက်လုံးလိုလိုတွင် သမီးလေးက အိပ်လိုက်လာပြီး နို့ဆာကာမှသာ ငိုး၍ အသံပေးတတ်သည်။ ယခုမူ ရွာထဲက ဝါးအိမ်တစ်လုံးတွင် ကျွန်ုပ်တို့မိသားစုတည်းခိုနေပြီး သမီးလေးက မြက်ဖျာပေါ်တွင် အိပ်နေသည်။ အန္တရာယ်တွေကြားက လွတ်မြောက်လာပြီဖြစ်၍ ခွန်နောင်လည်း ပျော်မြူးနေသည်။

“ဗျို့... အစ်ကို အရက်လေးဘာလေး မသောက်ချင်ဘူးလား”

ပြုံးပြုံးကြီးလုပ်ပြီး သူက ပြောသည်။ ကျွန်ုပ်အနေနှင့် နည်းနည်းတော့ သောက်ချင်သည်။ သူထွက်သွားပြီး မိနစ်အနည်းငယ်ကြာပြီးနောက် တောအရက်တစ်လုံး ဆွဲပြီး ရွာသားတစ်အုပ်နှင့်အတူ ပြန်လာသည်။ ရွာသားတွေက ကျွန်ုပ်တို့အတွက် ထမင်းနှင့် ဝက်သားကြော်တွေ ယူလာကြရာ ကျွန်ုပ်တို့အားလုံး ပျော်ပျော်ပါးပါးနှင့် စားသောက်ကြသည်။ ကျွန်ုပ်တို့နှင့် စကားစမြည် ပြောချင်ကြ၍ ကျေးရွာကော်မတီဝင်တွေလည်း ထပ်ရောက်လာကြရာ သူတို့ရွာသို့ ၁၉၇၂ ခုနှစ်ကတည်းက အစိုးရတပ်တွေ ဝင်ရောက်လာခြင်း မရှိတော့။ သို့ပေမဲ့ ဝါရှောင်မှ မြို့စောင့်တပ်နှင့် ကီလိုမီတာ (၂၀)သာ လှမ်းသဖြင့် ဒေသခံပြည်သူတွေဘက်က အမြဲသတိနှင့် နေထိုင်ကြပြီး ဗမာစစ်တပ်မှ ကင်းလှည့်မော်တော်ယာဉ်တွေ ရောက်လာလို ရောက်လာငြား ကျေးရွာပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့က ညစဉ် ကင်းလှည့်ကြောင်း သူတို့ဆီက ကြားသိခဲ့ရသည်။

နောက်နေ့နံနက် (၈) နာရီ (၃၀) တွင် ကျွန်ုပ်တို့စစ်ကြောင်း ထွက်သည်။ ပြောက်ကျားနည်းပရိယာယ်အရ နေမြင့်မှ ခရီးစကြသော်လည်း မနေ့ကတစ်နေ့လုံး ပင်ပန်းခဲ့ကြသဖြင့် လင်းအားကြီးအထိ အိပ်ကြရသဖြင့် နောက်ကျထွက်ရသည်ကို အားလုံး ဝမ်းသာနေကြသည်။ ဂျွမ်ယန်ရွာမှ လမ်းကား တရုတ်ပြည် နယ်ခြားအထိ တောင်တက်ခရီးဖြစ်ပြီး ထိုမှ ယူနန်နှင့် ကချင်ပြည်နယ်ကြားမှ ရေဝေကုန်းတန်းအထိ ဖြစ်သည်။ မွန်းတည့်ချိန်တွင် ဥထောင် ခေါ် ရွာကြီးသို့ ရောက်လာရာ ခွန်နောင်က ဈေးဆိုင်တစ်ဆိုင်မှ တရုတ်ဘီယာ (၂) လုံး ဝယ်ယူပြီး ဆိုင်ရှေ့သစ်သားစားပွဲတစ်လုံးတွင်ထိုင်၍ ကျွန်ုပ်တို့ သောက်ကြသည်။ ဤနေရာမှ တရုတ်နယ်စပ်အထိ တစ်ကီလိုမီတာမျှသာ ဝေးတော့သဖြင့် ယူနန်တောင်တန်းကြီးတွေကို လှမ်းမြင်နေရသည်။ ဤ၌ပင် အိန္ဒိယမှ မြန်မာပြည်မြောက်ပိုင်းကို ဖြတ်၍ တရုတ်နယ်စပ်အထိ ကျွန်ုပ်တို့ မိသားစု အောင်မြင်စွာ ဖြတ်ကျော်လာသော အထိမ်းအမှတ်အဖြစ် ကျွန်ုပ်နှင့် ခွန်နောင်တို့ ဘီယာပုလင်းတွေကို မြှောက်၍ သောက်လိုက်ကြပါ၏။

နေ့မွန်းလွဲပိုင်းတွင် ရွာမှ ထွက်ခွာ၍ လမ်းကျယ်ကြီးတစ်လမ်းမျှ ကျယ်၍ ကျကျနန ဖောက်လုပ်ထားသော လမ်းအတိုင်း ကျွန်ုပ်တို့လျှောက်လာခဲ့ကြသည်။ ဤလမ်းကား ကေအိုင်အေနယ်မြေတွင် အကောင်းဆုံးလမ်းဖြစ်ပြီး စစ်မဟာဌာနချုပ် (၃) အထိ (၁၂)

www.nyisay.com



ကီလိုမီတာ ရှည်လျားသည်။ သို့ပေမဲ့ နိုင်ငံခြားသား ဂျာနယ်လစ် စုံတွဲတစ်တွဲ လာနေသည်ကို သိထားကြသော်လည်း ဘယ်အချိန် ဘယ်အခါရောက်မည်ကို မသိကြသဖြင့် တာဝန်ရှိ ဒေသခံအရာရှိတွေ ညကြီးမင်းကြီး ရောက်လာသဖြင့် ကျွန်ုပ်တို့ အံ့အားသင့်ကြရသည်။

စခန်းတွင် ဝါးတန်းလျားကြီးတွေ တစ်ဒါဇင်ခန့်ရှိပြီး တောဖုံးထားသော တောင်ကုန်းဆင်ခြေလျော ပတ်လည်တွင် ဆောက်လုပ်ထားသည်။ ကျွန်ုပ်တို့ကို သက်သောင့်သက်သာရှိစေရန် ကုလားထိုင်တွင် ထိုင်စေပြီး လက်ဖက်ရည်နှင့် ဧည့်ခံ၍ စကားစမြည်ပြောကြသည်တွင် တစ်ည‌နေက ကြားခဲ့ရသော လက်နက်ကြီး ပစ်ခတ်သံတွေနှင့် ပတ်သက်ပြီး ဒေသခံ အရာရှိတစ်ယောက်ကို ကျွန်ုပ်က မေးကြည့်ရာ အရာရှိတစ်ယောက် ဖြေသည်။

"အဲ့ဒါ ဒဘတ်ယန်ကပါ၊ မြစ်ကြီးနား ဗန်းမော် ကားလမ်းပေါ်မှာ ရှိတယ်၊ မဆလတပ်တွေက ရွာနားအထိလာပြီး ရွာကို မော်တာနဲ့ထုနေတာ နာရီဝက်လောက်ကြာတယ်၊ အိမ်လေးအိမ် ပျက်စီးသွားပြီး လူအချို့ ဒဏ်ရာရသွားကြတယ်"

သူက ဆေးပေါ့လိပ်ကို တစ်ချက်ဖွာလိုက်သည်။ သူ့အသံက ပကတိငြိမ်သက်လျက်၊ ပူဆွေးဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း အရှင်းမရှိ၊ သူတို့ဘဝ တစ်လျှောက်လုံး စစ်ပွဲတွေနှင့် ကြုံနေရသဖြင့် ယခုလို အဖြစ်အပျက်တွေက ထမင်းစား ရေသောက်ဖြစ်နေသည်ဆိုသော်လည်း ကျွန်ုပ်တို့အနေနှင့် တိုက်ပွဲဖြစ်နေရာ ဒေသနှင့် နီးကပ်စွာ နေထိုင်နေရပါသော အရပ်သားတို့၏ ဒုက္ခ သုက္ခတွေကို အတွင်းကျကျ သိလိုက်ရခြင်း ဖြစ်သည်။ ၁၉၇၀ ကျော်နှစ်များကပင် မြစ်ကြီးနား-ဗန်းမော် ကားလမ်းမပေါ်က တံတားတစ်စင်းကို ကေအိုင်အေက ချိုး၍ ဖျက်လိုက်ပြီး လမ်းမအရှည် ၁၇၃ ကီလိုမီတာနှင့် ၇၅ ကီလိုမီတာ ကျယ်သောဧရိယာကို သူပုန်တို့က ထိန်းချုပ်ထားခဲ့သည်။

ဒဘတ်ယန်ရွာကား လမ်း၏ မြောက်ဘက်ခြမ်းတွင် တည်ထားသဖြင့် သူပုန်တွေ အုပ်ချုပ်တဲ့နေရာမှာနေရင် အခုလိုပဲ ဒုက္ခရောက်မယ် ဆိုသည့်သဘောနှင့် အစိုးရတပ်တွေက မော်တာနှင့် လာထုခြင်း ဖြစ်သည်။ ယခု မြစ်ကြီးနားမှ မြို့စောင့်တပ်ဆီ တပ်ပြန်ခေါက်သွားပြီဖြစ်၍ ကျွန်ုပ်တို့အတွက် လမ်းပွင့်သွားပြီ။ တပ်မဟာ (၃) မှ ပါဂျောင်သို့ လမ်းကြောင်း (၂) ကြောင်း ရှိသည့်အနက် တစ်ကြောင်းမှာ နယ်ခြားတောင်တန်းတွေပေါ်မှ သွားရသော (၂) ရက်ခရီးဖြစ်၍ လမ်းတိုသည်။ သို့ပေမဲ့ ကျွန်ုပ်တို့က တောင်ခြေမြေပြန့်မှ ဖြတ်ရသော လမ်းရှည်ကို ရွေးချယ်လိုက်သည်။ ဤလမ်းက အိန္ဒိယနှင့် တရုတ်သွား 'လီဒို' လမ်းမကြီး ဆက်ထားသော မြစ်ကြီးနား-ဗန်းမော် လမ်းမကြီးကို တွေ့နိုင်သည်။

နောက်တစ်နေ့နံနက် မနက်စာ စားသောက်အပြီး တောင်ကုန်းပေါ်မှ ဆင်းလျှောက်လာကြရာ (၅) နာရီမျှ လျှောက်ပြီးနောက် ချိုင့်ဝှမ်းမြေပြန့်ထဲက ဒဘတ် မြစ်ကမ်းနဖူး

www.nyisay.com

ကြိုက်နယ်မြေမှ ပါကျောင်သို့။

သို့ ရောက်လာသည်။ ဤတွင် လွန်ခဲ့သော (၁၀) နှစ်က ကချင်သူပုန်တွေ ချိုးဖျက်ခဲ့သော သံဘေလီ တံတားကို တွေ့ရပြီး လူတစ်ရာနီးပါးရှိသော ကျွန်ုပ်တို့ စစ်ကြောင်းတစ်ခုလုံးကို မော်တော်ကြီးတွေနှင့် တစ်ဖက်ကမ်းသို့ ပို့ကြသည်။

မြစ်တစ်ဖက်ကမ်းတွင် ရှိသော ဒဘတ်ယန်ရွာကြီးကား ကချင်ပြည်နယ်တွင် တွေ့ခဲ့ရသော ရွာတွေအနက် အကြီးဆုံးဖြစ်ပြီး မြစ်ကြီးနား-ဗန်မော် ကားလမ်းမကြီးက ရွာကို ထုတ်ချင်းခတ်သွားသည်။ ရွာတွင် တရုတ်ကုန်ပစ္စည်းတွေရောင်းချနေသော ဈေးဆိုင်တွေ၊ စတိုးဆိုင်တွေ အစီအရီ တွေ့ရပြီး ထိုမှတစ်ဆင့် အဆိုပါ လူသုံးကုန်ပစ္စည်းတို့သည်ကား ချွတ်ခြုံကျနေသော မြန်မာ့ဆိုရှယ်လစ် မှောင်ခိုဈေးကွက်တွေဆီ စီးဆင်းသွားလေသည်။

ညအိပ်ဖို့ ဆုံးဖြတ်ထားသော ရွာ၏ တောင်ဘက်မြစ်ဘေးမှ ကေအိုင်အေစခန်းလေးရှိရာသို့ ကျွန်ုပ်တို့ ထွက်လာခဲ့သည်။ မြောက်ပိုင်းမှ ခရီးရှည် ချီတက်လာပြီးနောက် ကျွန်ုပ်တို့အားလုံး ရေမိုးသန့်စင်ဖို့ လိုအပ်သဖြင့် မြစ်ဘက်သို့ သွားကြသည်။ မြစ်ရေကား တရုတ်ပြည် နယ်ခြားတစ်လျှောက် တောင်များမှ စီးဆင်းလာသဖြင့် အေးစိမ့်နေရာ ကျွန်ုပ်တို့အားလုံး မြစ်ထဲဆင်းချိုးလိုက်သည်နှင့် ခရီးပန်းခဲ့သမျှ လွင့်စင်သွားပြီး ချက်ချင်းလန်းဆန်းသွားကြသည်။ သမီးလေး အီယင်းကိုမူ စခန်းတွင် ဒန်ဇလုံလေးထဲ ထည့်၍ ရေချိုးပေးပြီးနောက် မကြာမီ အိပ်ပျော်သွားသည်။

www.nyisay.com

နားဖော့ ကေအိုင်အေ ဌာနချုပ်မှ မေဂျာ ဂျင်နရယ် ဇော်မိုင်။

ထိုနေ့ညနေတွင် ဒဘတ်ယန်ရွာထဲက ရှမ်းအမျိုးသမီးကြီးတစ်ယောက် နေအိမ်တွင် ညစာ စားဖို့ ခွန်နောင်းက စီစဉ်ထားရာ ကျွန်ုပ်တို့ကို စားသောက်ဆိုင်လေး တစ်ဆိုင်လို တည်ခင်းကျွေးမွေးခဲ့သည်။ အိမ်ရှင် ရှမ်းအမျိုးသမီးကြီးကား အရပ်ပုပု၊ ဝဝဖိုင်ဖိုင်နှင့် ကျန်းမာ၍ ရှမ်းအမျိုးသမီးတွေတွင် တွေ့ရတတ်သော မျက်နှာပေါက်မျိုး ရှိသည်။ ဆိုင်နောင့်လည်း ရှမ်းအမျိုးသမီးဖြစ်ကြောင်း သိသဖြင့် ဝမ်းသာနေပြီး အစားအသောက်တွေ တစ်မျိုးပြီးတစ်မျိုး ချက်ပြုတ်၍ တည်ခင်းဧည့်ခံနေတော့သည်။

အစားအစာတွေကလည်း အရသာရှိလှသည်။ ဝက်သားကို နုပ်နုပ်စင်းပြီး ကြက်ဥနှင့် ပေါင်းထားသည်။ ဟင်းခတ်အမွှေးအကြိုင် အမျိုးမျိုး အစာသွပ်ထားသော ကြက်၊ ပဲပြားစွတ်ပြုတ်နှင့် ခရမ်းချဉ်သီး၊ ဂေါဖီသုတ်တို့နှင့် တွဲဖက်၍ ရှမ်းအရက်နှင့် တရုတ်ဘီယာတွေပဲ ဖြစ်သည်။ ကျွန်ုပ်တို့ စားသောက်ရသော ညစာကား ခမ်းနားလှသည်။ ရှမ်းအမျိုးသမီးကြီးက တစ်ချက်တစ်ချက် ဆိုင်နောင့်ကို မီးဖိုချောင်ထဲခေါ် ခေါ်ပြီး စပါယ်ရှယ်ဟင်းလျာတွေကို ဘယ်လို ချက်ပြုတ်သည်ကို ပြောပြတတ်သည်။ ကျွန်ုပ်က အရက်ခွက်ကို မြှောက်ပြီး ခွန်နောင်ကို စလိုက်သည်။

"ခင်ဗျားတို့ ကချင်တွေဟာ ဗမာပြည်မှာ အကောင်းဆုံး ဖိုက်တာတွေဆိုတာ

www.nyisay.com



ကျွန်တော် သံသယမရှိပါဘူး၊ ဒါပေမဲ့ ဟင်းချက်တဲ့နေရာမှာတော့ ရှမ်းတွေကို ခင်ဗျား တို့ မမျော်နိုင်ပါဘူး''

ကျွန်ပ် စကားကြားရသည့်အခါ ရှမ်းအမျိုးသမီးကြီးက တခစ်ခစ် ရယ်နေပြီး ကျွန်ပ်ကလည်း ဗိုက်ကားသွားအောင် စားနေရာ အကယ်၍ အပြင်တွင် စောင့်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အားမနာဘဲ လောဘတကြီးနှင့်သာ စားရမည်ဆိုလျှင် မိုးစင်စင် လင်းသွားနိုင်သည်။ လုံခြုံရေးတာဝန်ကို အရာခံဗိုလ် 'ဒိန်ရိန်နော်ဘောက်' ကယူရပြီး သူ့တွင် လုံချည်နှင့် ရှပ်အင်္ကျီအဖြူ ပြောင်းဝတ်ထားသည်ကို ကျွန်ပ် သတိပြုမိသည်။ ဤဝတ်စုံကား ယူနီဖောင်း (၂) စုံအပြင် တစ်စုံတည်းရှိသော အဝတ်ဖြစ်၍ ကချင်စစ်သား ကြီး၏ ရိုးစင်းသောဘဝနေထိုင်ပုံနှင့် တာဝန်အပေါ် နှစ်မြှုပ်ထားသည်တို့ကို ကျွန်ပ် မလေးစားဘဲ မနေနိုင်။ သို့ပေမဲ့ ညဉ့်အတော်နက်မှသာ ညစာ စားပွဲကို အဆုံးသတ်ခဲ့ကြ ၍ ရွာထဲက ဖြတ်ပြီး စခန်းသို့ ပြန်လာကြရာ ဤအချိန်အထိ ဈေးမကွဲသေး၊ အောက်လင်း ဓာတ်မီးကြီးတွေ တရှိုးရှိုးနှင့် စားသောက်ဆိုင်တွေမှာ စားနေသောက်နေသူတွေ အချို့က တစ်ခုတည်းသော လမ်းမပေါ်မှ အုပ်စုလိုက် စက်ဘီးတွေနှင့် ရပ်ပြီး စကားပြောနေကြ ဆဲ။ ဒဘတ်ယန်တွင် မော်တော်ကား အသွားအလာမရှိသော်လည်း အိန္ဒိယတွင် စက် ဘီးကို နောက်ဆုံးတွေ့ခဲ့ရပြီး ယခု ဤတွင် ပထမဆုံးအကြိမ် တွေ့လိုက်ရသဖြင့် အံ့အား သင့်ခဲ့ရသေးသည်။ လူဦးရေအနေနှင့် ရှမ်းအများဆုံး ရှိနိုင်သော်လည်း ကချင်၊ တရုတ်၊ ဗမာ အနည်းငယ်နှင့် အိန္ဒိယကုန်သည်တွေ ရောပြွမ်းနေလေရာ တြိဂံတောင်တန်း ဒေသ အတွင်းက ရွာတွေနှင့် ဝေးလံသောအရပ်က ကမ္ဘာလေးတစ်ခုနှင့် တူနေတော့သည်။

တောင်အထပ်ထပ်ကို ကီလိုမီတာ (၁၀၀) မျှ ကျော်ဖြတ်ပြီးနောက် မြစ်ကြီးနား-ဗန်းမော် ကားလမ်းသို့အဆင်း ခရီးကား ပျော်စရာကောင်းလှသည်။ ဒု-ဗိုလ် လန်းက ဆိုင်နောင့်၊ ခွန်နောင်နှင့် ကျွန်ပ်တို့အတွက် စက်ဘီးတွေ ငှားပေးပြီး မရွေ့က သမီးကို ကျောပိုးပြီး စစ်သားတွေနှင့်အတူ လမ်းတစ်လျှောက် ချီတက်လာကြသည်။ မြေပြင်အနေ အထားက အမှမ်းအကောတွေနှင့် နှိမ့်ချည်မြင့်ချည်။ ကျွန်ပ်တို့ စက်ဘီးတွေကို တောင်ကုန်း တွေပေါ်က ထိုးဆင်းလိုက်၊ ပြန်တက်သွားလိုက်၊ ပြန်နင်းတက်သွားလိုက်နှင့်၊ အေးစိမ့် နေသောလေက တရှမ်းရှမ်းနှင့် မျက်နှာတွေကို လာရိုက်နေသည်။

ကျေးလက်သဘာဝ တောအလှက သာမောဖွယ်စွ၊ တောလမ်းဘေး စပါးခင်းတွေ ထဲက ဝင်းမှည့်နေသော စပါးပင်တွေက လေပြည်ထဲမှာ လှိုင်းထ၍ လှုပ်ရှားလျက် မြစ်တွေ ချောင်းတွေထဲမှာ ရွှေကျင်နေသူတွေ၊ ရောင်းရောဝယ်ဟာ လုပ်ငန်းတွေ စည်ကား နေသော ရွာတွေ၊ ရွာတွေကြားမှာ ကေအိုင်အေ စခန်းနှင့် စစ်ဆေးရေးဂိတ်တွေ ရှိနေပြီး ယာဉ်အသွားအလာတွေကို စစ်ဆေးနေသလို ဝင်လာသော ကုန်သည်တွေနှင့် တရုတ်ပြည် ဘက် ဖြတ်သွားသော ကုန်သည်တို့ကို အခွန်ကောက်နေကြသည်။ အဆိုပါ ဒေသကို အစိုးရတပ်တွေက ပြန်သိမ်းယူနိုင်သော အနေအထား အရပ်ရပ်ကို ဟန့်တားသည့် အနေဖြင့်

www.nyisay.com



အဓိက တံတားအားလုံးကို ကေအိုင်အေက ချိုးဖျက်ထားသော်လည်း လမ်းခရီးကား မယုံနိုင်လောက်စရာ ချောမွတ်နေပြီး ဒုတိယကမ္ဘာစစ်သုံး ဘေလီတံတားတွေ နေရာမှာ ခရီးခရိုင် ဝါးတံတားတွေနှင့် အစားထိုးထားသည် ဖြစ်၍ မြစ်ကို ဖြတ်ကူးသည့်အခါ တိုင်း ဘေလီတံတားဟောင်း အကြွင်းအကျန်တွေကို တွေ့နေရသည်။ ဤနေရာတို့တွင် စက်တပ်မော်တော်ယာဉ်တို့ကို အသုံးမပြုနိုင်သော်လည်း နွားလှည်း၊ စက်ဘီး၊ လားလှည်း တို့ဖြင့် သွားလာနေကြသည်။

၁၉၈၄ ခုနှစ် အတွင်းက ပါကျောင်နားအထိ အစိုးရတပ်ဖွဲ့တစ်ဖွဲ့ ထိုးဖောက်လာကြရာ ကေအိုင်အေတို့က ချုံခိုတိုက်ခိုက်ခဲ့သဖြင့် ပြန်ဆုတ်သွားကြကြောင်း၊ သို့ရာတွင် မြစ်ကြီးနားသို့ ၄င်းတို့ ဆုတ်ခွာသည့်အခါ တပ်သား (၁၃) ယောက်ပါ တပ်စိတ်တစ်စိတ်ကို ကချင်မုဆိုးကြီးတွေက တောထဲတွင် နောက်ယောင်ခံမိခဲ့ကြပြီး ကွက်လပ်တစ်နေရာ၌ အဆိုပါစစ်သားတို့ ခေတ္တရပ်နားနေခိုက် မုဆိုးကြီးများက တစ်တောင့်ထိုး ရိုင်ဖယ်သေနတ်တွေနှင့် ဝိုင်းပိတ်လိုက်ကြပြီး အနားသို့ မိကျောင်းသွား သွားကာ ၄င်းတို့ကို သေနတ်တွေနှင့် ချိန်၍ အားလုံးကို လက်ရ ဖမ်းဆီးနိုင်ခဲ့ကြသည်။

ထို့နောက် ကချင်လုံချည်နှင့် ခေါင်းပေါင်းထားသော ကချင်မုဆိုးကြီးတို့က ယူနိဖောင်းဝတ်အစိုးရစစ်သားတွေကို သေနတ်နှင့် ထောက်၍ အနီးဆုံး ကေအိုင်အေစခန်းသို့ လက်နက်တွေအပါအဝင် အကျဉ်းသားအားလုံးကို အောင်မြင်စွာ လွှဲအပ်ခဲ့ကြသည်။ သို့ရာတွင် ဤသည်ကို လက်စားချေသည့်အနေဖြင့် နောက် (၂)လ အကြာတွင်မူ အစိုးရတိုက်လေယာဉ်တို့က ပါကျောင်ရွာကို ဗုံးကြဲတိုက်ခိုက်လိုက်ကြကြောင်း ကြားသိခဲ့ရသည်။

နေ့မွန်းတည့်ချိန်ခန့်တွင် 'ဂန်ဒေါင်ယန်' ရွာကြီးတစ်ရွာသို့ ရောက်လာကြပြီး သွားရေစာစားသောက်ဖို့ ရပ်နားနေကြရာ လမ်းဘေးစားသောက်ဆိုင်တစ်ဆိုင်ဘေးတွင် ကျွန်ုပ်နှင့် ခွန်နောင်တို့ ထိုင်နေခိုက်၊ ကွင်းလယ်မှ စာသင်ကျောင်းတစ်ကျောင်းအနီးသို့ နွားလှည်းတစ်အုပ် ဆိုက်ရောက်လာသည်ကို သတိပြုမိလိုက်သည်။ နွားလှည်းတွေပေါ်မှာ အိတ်ကြီးတွေ တင်လာပြီး ၄င်းတို့ကို ကေအိုင်အေယူနိဖောင်းဝတ် အရာရှိတွေက လက်ခံယူနေကြသည်။

"သူတို့က ဘယ်သူတွေလဲ"

အစိုးရထိန်းချုပ်နယ်မြေက ရှမ်းဆန်ကုန်သည်တွေဖြစ်ကြောင်း ခွန်နောင်က ပြောသဖြင့် သူတို့နှင့် စကားပြောဖို့ ဖြည်းဖြည်းချင်း ကျွန်ုပ် လျှောက်သွားသည်။ ဥပဒေအရ ဆိုလျှင် သူတို့လယ်ထွက် စပါးအားလုံးကို တစ်တင်းလျှင် (၁၀) ကျပ်နှုန်းဖြင့် အစိုးရထံ ရောင်းချရမည် ဖြစ်သော်လည်း စပါးအချို့ကို လယ်သမားတွေက ဝှက်ထားကာ သူပုန်နယ်မြေထဲ မှောင်ခိုသွင်းလာပြီး ရောင်းချကြရာ ကေအိုင်အေက အစိုးရဈေးထက် ဆယ်ဆ

www.nyisay.com



ပေး၍ ဝယ်ယူနေကြသဖြင့် နေဝင်း၏ မြန်မာ့ဆိုရှယ်လစ်ဝါဒဆိုသည်ကား အခြားမဟုတ်၊ ရယ်စရာ စီးပွားရေးတွေနှင့် ချမ်းသာနေခြင်း ဖြစ်သည်။

နောက်ထပ် နာရီအနည်းငယ်မျှ ကျွန်ုပ်တို့ ခရီးဆက်လာရာ ခလားယန် ခေါ် ရွာကြီးတစ်ရွာသို့ ရောက်လာသည်။ ခလားယန်ကား ဒဘတ်ယန်နှင့် ဂန်ဒေါင်ယန်တို့လို မြေပုံပေါ်တွင်ရှိသော ရွာမဟုတ်၊ များမကြာမီကမှ ပေါ်လာပြီး အစိုးရ ထိန်းချုပ်ဒေသမှ ရွှေ့ပြောင်းလာသူတွေ အများဆုံးနေထိုင်ကြသည်။ ရွာမှ စာသင်ကျောင်းအုပ်ဆရာကြီး အိမ်တွင် ကျွန်ုပ်တို့ ညအိပ်ကြရာ ကျောင်းဆရာကြီးက သူတို့ရွာကို ဒုက္ခသည်စခန်းကြီး အဖြစ် အရွှန်းဖောက်၍ ပုံခိုင်းခဲ့သော်လည်း ထူးထူးခြားခြား ဖွံ့ဖြိုးမှု ရှိသည်။ အိမ်တိုင်း လိုလို မီးစက်တွေရှိပြီး ဈေးဆိုင်တန်းတွေနှင့် ဗီဒီယိုရုံတစ်ရုံပင် ရှိသေးရာ ယခုညပြသမည့် ဇာတ်ထုပ်မှာ "The Last American Virgin" ဖြစ်ကြောင်း ရုံရှေ့တွင် ဘလက်ဘုတ်ကြီးဖြင့် ကြေညာထားလိုက်သေးသည်။

ခလားယန်တွင် ကျွန်ုပ်တို့ နောက်တစ်ရက် ဆက်နေရင်း လနန်က ကျွန်ုပ်တို့ ရောက်လာပြီဖြစ်ကြောင်း သူပုန်အာဏာပိုင် ဗဟိုကို အဆက်အသွယ်လုပ်ရာ ဤအခါမှပင် ဌာနချုပ် နှစ်ခုရှိကြောင်း သိရသည်။ ဌာနချုပ်တစ်ခုမှာ ခလားယန်၏ အရှေ့ဘက် (၅) နာရီမျှ သွားရသော 'နားဖော့'မှ ကေအိုင်အေဌာနချုပ်ဖြစ်ပြီး ဤတွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဇော်မိုင် ရုံးထိုင်သည်။ နောက်တစ်ခုမှာ အရှေ့မြောက်ဘက် ပါကျောင်ဖြစ်ပြီး ကေအိုင်အို ဥက္ကဋ္ဌ၏ နိုင်ငံရေးဆိုင်ရာဌာနချုပ် ဖြစ်သည်။

ဧပြီ (၃) ရက်တွင် နပေါသို့ ရောက်လာကြပြီး စခန်းအတွင်းသို့ ကျွန်ုပ်တို့ လမ်းလျှောက်ဝင်လာသည့်အခါ ကြိုဆိုရေးကော်မတီအဖွဲ့က စောင့်ကြို၍ ကျွန်ုပ်တို့ကို လက်ဆွဲနှုတ်ဆက်ကြသည်။ ဗိုလ်ချုပ်ဇော်မိုင်ကား သူ့လက်ကို ကျွန်ုပ် လက်ဆွဲနှုတ်ဆက်သည်မှာ ယခု ပထမအကြိမ် မဟုတ်။ ၁၉၈၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ ချင်းမိုင်သို့ လျှို့ဝှက်ရောက်လာစဉ်အခါက သူနှင့် ကျွန်ုပ် ပထမဆုံး တွေ့ဆုံခဲ့ပြီး ဤမှာပင် အိန္ဒိယနှင့် နာဂတောင်တန်းသို့ ကျွန်ုပ်တို့ ယူလာသော မိတ်ဆက်စာကို သူကိုယ်တိုင် ရေးပေးပြီး ကချင်ဒေသသို့ ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ဇော်မိုင်နှင့် တခြားအရာရှိတို့က ကျွန်ုပ်တို့ကို သစ်သားအဆောက်အအုံကြီးအတွင်းသို့ ခေါ်ပြီး ဤ၌ပင် နားနားနေနေ ထိုင်လိုက်ကြသည်။

"လအတော်ကြာကတည်းက ကျွန်တော်တို့ ခင်ဗျားကို မျှော်နေကြတာ"

မျက်နှာရိပ်၊ မျက်နှာခြည် ခပ်တင်းတင်း နေတတ်သော သူ့မျက်နှာပေါ်မှာ အားရပါးရ အပြုံးကြီးတစ်ခု ပွင့်ထွက်လာပြီး သူကပြောရာ ကျွန်ုပ်ကလည်း အိန္ဒိယနှင့် နာဂဒေသမှာ ကြုံတွေ့ခဲ့ရသော အခက်အခဲတွေကို အကျဉ်းချုံး ရှင်းပြလိုက်သည်။

www.nyisay.com

မြစ်ကြီးနား-ဗန်းမော်လမ်းပေါ်တွင် စက်ဘီးတစ်စီးဖြင့် ခရီးဆက်စဉ်။

www.nyisay.com

ရွှေတွေပေါတဲ့ ခလားယန်ဈေး၊ တရုတ်ကုန်ပစ္စည်းတွေကို

www.nyisay.com





ကျောက်စိမ်း၊ ဘိန်း တို့ဖြင့် ဖလှယ်ကြသည်။

www.nyisay.com

နားဖော့စစ်ဌာနချုပ်မှ လေယာဉ်ပစ်
လက်နက်ကြီး။



စမ်းချောင်းတစ်ခုတွင် ဆိုင်နောင့်က
ဆိုင်တိုင်းကို ရေချိုးပေးနေစဉ်၊

www.nyisay.com

www.nyisay.com

www.nyisay.com

ကေအိုင်အို၏ နိုင်ငံရေးဌာနချုပ် ပါဂျောင်တွင် ဘရန်ဆိုင်းနှင့် ဘာတီး(လ်) လင့်တနာ၊ မြန်မာပြည် မြောက်ပိုင်း NDF မဟာမိတ် တပ်ဖွဲ့ဝင်များ။

www.nyisay.com



''အခုတော့ ဖြစ်ခဲ့တာတွေ အားလုံးကို ကျွန်တော်တို့ သိပြီးပါပြီ''

စီးကရက်တစ်လိပ်ကို မီးညှိရင်း သူက ဆက်ပြောသည်။

''ကျွန်တော့်လူတချို့ လွတ်ပြီး စုံစမ်းခဲ့တယ်၊ ခင်ဗျားမှတ်မိမလား မသိဘူး၊ NSCN ဌာနချုပ်ကို ရောက်လာတဲ့ 'ဆယ်မ' အမျိုးသားကြီးနှစ်ယောက်၊ NSCNနဲ့ အိန္ဒိယအစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးရာမှာ သူတို့ကကြားဝင်ပေးမယ်လို့ ပြောခဲ့တယ်''

ကောင်းကောင်းကြီး မှတ်မိပါသည်။ သူတို့၏ စပ်စုမှုကြောင့် ကျွန်ုပ် သံသယ ဖြစ်ခဲ့ရသူ နှစ်ယောက်။

''အဲ့ဒီလူတွေက အိန္ဒိယထောက်လှမ်းရေးတွေ၊ ကိုဟီးမားကို သူတို့ ပြန်ရောက်တာနဲ့ အာဏာပိုင်တွေဆီ ချက်ချင်းသတင်းပို့ခဲ့တယ်၊ ပထမတော့ သူတို့ဘက်ကို ခင်ဗျား ပြန်ဝင်လာမယ်ထင်နေကြတာ၊ ဒါပေမဲ့ ခင်ဗျားက ပြန်ရောက်မလာတော့ သူတို့ကတစ်ဆင့် မဆလကို သတင်းပေးလိုက်ကြတာ၊ ဒါကြောင့် မဆလတပ်က NSCN ကို လာတိုက်တာပဲလေ''

ချီဘွေလမ်းမကို ကျွန်ုပ်တို့ ဖြတ်လာပြီး တွေ့ကြုံခဲ့ရသည်တို့ကိုလည်း ဗိုလ်ချုပ်က သိနှင့်နေသည်။ မန်ဝိုင်းတွင် ကျွန်ုပ်တို့နှင့် ရင်ဆိုင်တွေ့ခဲ့သော တပ်စုတစ်စုက ရန်သူနှင့် တွေ့၍ ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း၊ ရန်သူ လွတ်မြောက်သွားကြောင်း ရေဒီယိုဖြင့် မြစ်ကြီးနားသို့ သတင်းပို့ခဲ့သဖြင့် ရက်အနည်းငယ်အကြာတွင် ကျွန်ုပ်တို့နောက်လိုက်ဖို့ အစိုးရတပ်ဖွဲ့ နှစ်ဖွဲ့ စေလွှတ်လိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့ စစ်ကြောင်းက အဝေးကြီး ရောက်သွားပြီဖြစ်၍ အရှေ့ဘက်တောင်တန်းတွေဆီ ၄င်းတို့တပ်ဖွဲ့တွေ ရောက်သွားသည့် အခါ ဘာမျှ မတွေ့ရတော့ဘဲ ဆပွဲရွာနှင့် အူးသောင်းရွာမှ အိမ်အချို့ကို မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။ ဆပွဲရွာတွင် ကျွန်ုပ်တို့ ဝင်ရောက်တည်းခိုခဲ့ခြင်း မရှိသော်လည်း အူးသောင်းတွင်မူ ရပ်နား၍ ဘီယာသောက်ခဲ့ကြပြီး ယူနန်ဘက်မှ တောင်တန်းကြီးတွေကို ငေးမောခဲ့ကြသည်။ သို့ရာတွင် တပ်မဟာ (၃) မှ ကေအိုင်အေတပ်ဖွဲ့တစ်ဖွဲ့က ကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်ခဲ့ရာ ဟိုပစ်ဒီပစ်နှင့် တစ်ခဏပစ်ခတ်ကြပြီးနောက် ကင်းလှည့်တပ်ဖွဲ့ဝင်တွေ ပြန်ဆုတ်သွားကြသည်။

သို့ဖြစ်၍ အားလုံးကို ခြုံ၍ နိဂုံးချုပ်လိုက်လျှင် သူပုန်ထိန်းချုပ်ဒေသတွင် နေထိုင်ကြကုန်သော အရပ်သားတို့ကို လက်နက်နှင့် ခြိမ်းခြောက်ခြင်းသည် အစိုးရစစ်တပ်၏ စစ်ဆင်ရေးလုပ်ထုံးလုပ်နည်းတစ်ခုသာဖြစ်ပြီး အဆိုပါ အပြုအမူကို အခြားသော ဆင်ခြင်စဉ်းစားနည်းဖြင့် ရှင်းပြရန် အကြောင်းမရှိချေ။

နားဖော့သို့ ကျွန်ုပ်တို့ ရောက်ချိန်တွင် သက်ြန်ကျချိန်နှင့် တိုက်ဆိုင်နေရာ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် သက်ြန်ပွဲကို ဆင်နွှဲခဲ့ကြသည်။ နားဖော့ရွာ ခန်းမကြီးတွင်

www.nyisay.com



စက္ကူတံခွန်၊ ကုက္ကား၊ ပန်းများနှင့် အလှဆင်ထားပြီး ညဘက်တွင်မူ ကေအိုင်အေမှ ဖြေဖျော်ရေးအဖွဲ့တစ်ဖွဲ့က တီးမှုတ်ကြသည်။ လင်းကွင်းသံ၊ မောင်းသံ၊ ဗုံသံ တစ်ညလုံး သောသောညံနေပြီး လပြည့်ညအလင်းရောင်အောက်တွင် စစ်သားတွေ ကခုန်နေကြရာ ကိုယ်ကို တွန့်လိမ်ကလိုက်တိုင်း သူတို့ကိုယ်ပေါ် လွယ်ထားသော ရိုင်ဖယ်သေနတ်တွေနှင့် ခါးပတ်ပေါ်က ကျည်ကတ်တို့ ရိုက်ခတ်သံတွေကလည်း ခပ်ကြမ်းကြမ်း စည်းချက်ကို အားဖြည့်ပေးနေသလို ကချင်အများစုမှာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်သော်လည်း NDF မဟာမိတ်မှ ရှမ်းနှင့် ပလောင်အချို့မှာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပြီး ပရိသတ်ထဲတွင်မူ ဘင်္ဂလားဒေ့(ရှ်)နယ်စပ်မှ ရခိုင်သူပုန်အနည်းငယ်နှင့် အစိုးရတပ်ဖွဲ့မှ ထွက်ပြေးလာသော ဗမာပြည်ပြေးအချို့ပင် ပါဝင်သည်။ နှားဖော့တွင် ရက်အနည်းငယ်နားနေပြီး ဧပြီ (၁၆) တွင် ပါဂျောင်သို့ ခရီးဆက်ခဲ့ကြရာ ထိုနေ့ကား ဆိုင်နောင့် (၂၅) နှစ်မြောက် မွေးနေ့ဖြစ်သလို အိန္ဒိယလောင်ဗာမှ ကီလိုမီတာ (၉၀၀) ရှည်လျားသော ခရီးကြမ်း၏ နောက်ဆုံးအပိုင်းလည်း ဖြစ်သည်။ နယူးဒေလီကော်ဖီဆိုင်တစ်ဆိုင်တွင် ဗယ်မယ့်ဆူနှင့် တွေ့ဆုံခဲ့ပြီး နာဂတွေနှင့် အဆက်အသွယ်ရခဲ့သည့်အချိန်မှ စတင်ရေတွက်သော် ယခုတစ်နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။

ကိုဝွန်းမြက်ပင်တွေ ဖုံးလွှမ်းနေသော တောင်ပေါ်မြေပြန့်ကို (၇) နာရီမျှ ဖြတ်လာခဲ့ရာ ပါဂျောင်မရောက်မီ ချိုင့်ဝှမ်းကျဉ်းလေးအတွင်း စမ်းချောင်းနံဘေးမှ ဈေးခင်းကြီးတစ်ခု ဆီ ဆင်းသွားသောလမ်းအတိုင်း ဖြောင့်တန်းစွာ လိုက်လာခဲ့ရာ အုတ်ကြွပ်မိုးနှင့် သစ်သားအဆောက်အအုံတစ်ခုရှေ့တွင် ကျွန်ုပ်တို့ ရပ်လိုက်ကြသည်။ ဤ၌ ရှေ့ဆက်သွားဖို့ ကျွန်ုပ်တို့ကို ပန်ကြားပြီး ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ကို ရှေ့ကသွားဖို့ ပြောသည်။ မရွေ့က သမီးကို ကျောပိုးပြီး နောက်ကပါလာသည်။

ဈေးနောက်မှ တောင်ကုန်းပေါ်တက်လာပြီး လမ်းတစ်ဝက်တွင်မူ လူတွေ ရာနှင့်ချီ၍ လမ်းတစ်လျှောက် တန်းစီနေကြပြီး အဘိုးကြီးတစ်ယောက်က ရှေ့ထွက်လာပြီး ကျွန်ုပ်တို့ကို နှုတ်ဆက်သည်။ ထိုသူကား မေဂျာ အင်ကျော့တန်၊ ၁၉၈၂ ခုနှစ်အတွင်း ထိုင်းနယ်စပ်တွင် ကျွန်ုပ်နှင့် ပထမဆုံးတွေ့ခဲ့သူ ကချင်အရာရှိကြီးတစ်ယောက်၊ ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့သူဖြစ်၍ အင်္ဂလိပ်စကားကို ကောင်းစွာ ပြောနိုင်သူ။

"ကျုပ်ကို မှတ်မိရဲ့လား"

သူ့လက်ကို ကမ်းရင်း မေးလိုက်သည်ကို ကျွန်ုပ်က လှိုက်လှိုက်လဲ့လဲ့ လက်ဆွဲနှုတ်ဆက်လိုက်သည်။

"မှတ်မိတာပေါ့ မေဂျာ၊ ဒီတစ်ကြိမ် ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

ကချင်အမျိုးသမီးတချို့က ကျွန်ုပ်တို့ကို ပန်းစည်းတွေ လက်ဆောင်လာပေးကြရာ ၄င်းတို့ကို ဘယ်ဘက် ချိုင်းကြားတွင် ညှပ်၍ ကမ်းလာသော လက်တွေကို လှုပ်ယမ်း

www.nyisay.com



နှုတ်ဆက်ရင်း ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ လူတန်းရှည်ကြီးတစ်လျှောက် ဖြည်းဖြည်းချင်း လျှောက်လာကြရာ ကချင်ဗီဒီယိုကင်မရာသမားကလည်း ရိုက်ကူး၍ မှတ်တမ်းတင်နေသဖြင့် ကျွန်ုပ်သည်ကား မသက်မသာနှင့် အမေရိကန်သမ္မတလောင်း ခရီးထွက်လာသည်နှင့်ပင် တူနေသေးတော့သည်။

လူတန်းကြီး ဆုံးသည်နှင့် လမ်းက သစ်သားအိမ်ကြီးနှစ်လုံးကြားမှ မြေကွက်လပ်သို့ ဦးတည်သွားပြီး ဤတွင် ကြိုဆိုရေးကော်မတီဝင်များဖြစ်ကြသော ရှမ်းအမျိုးသားတစ်ယောက်၊ ဗကပမှ တစ်ယောက်နှင့် ကချင်အရာရှိ သုံးယောက်တို့ အသင့်စောင့်နေကြရာ ယင်းတို့အထဲက အရပ်ပုပု၊ တုတ်ခိုင်သော ခန္ဓာကိုယ်နှင့် အညိုရောင်ဝတ်စုံ၊ အဖြူရောင်ရှပ်အင်္ကျီ၊ နက်ကတိုင်အပြာနှင့် ပြောင်လက်နေသော အညိုရောင် ရှူးဖိနပ်တို့ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်သည်ကား ဘရန်ဆိုင်း။ ဤတွင် ကျွန်ုပ်၏ တောဆောင်းဦးထုပ်ကို ချွတ်လိုက်ပြီး သူလက်ကို ဆွဲ၍ နှုတ်ဆက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ် အလွတ်မှတ်ထားသော ကချင်စကားကို ပြောလိုက်သည်။

"နင်ဘော် ကမ္ဘာ့ ဂဏ္ဍာ အိ"

(နေကောင်းပါရဲ့လား လေးစားရပါသော ဆရာ)

သူက ရယ်လျက် အင်္ဂလိပ်လိုပီပီသသ ပြန်ပြောသည်။

"ခင်ဗျားကို ဘယ်သူသင်ပေးတာလဲ"

ဘယ်ဘက်မှ အိမ်ထဲ ကျွန်ုပ်တို့ ဝင်လာကြရာ ဤတွင်လည်း ကချင်အမျိုးသမီးကြီးတချို့က ကျွန်ုပ်တို့ကို ဆန်အရက်၊ ကောက်ညှင်းနှင့် ကြက်သားတို့ဖြင့် ဧည့်ခံဖို့ စောင့်နေကြပြန်သည်။ ကျွန်ုပ်တို့ ခရီးစဉ်အကြောင်းကို လူတိုင်းမေးကြပြီး အီယင်းကိုမူ အားလုံးက ချစ်ကြသဖြင့် ဝိုင်းချီကြ၊ ပိုးကြွေနှင့် လက်က မချကြ။ အီယင်းကလည်း အားလုံးကို ပြုံးရယ်ပြီး မပီကလာ ပီကလာပြောသည်။ သမီးလေးကား ခရီးကြမ်းတစ်လျှောက်လုံး အဆင်ပြေချောမွေ့စေဖို့ ဖန်တီးရာတွင် အဖိုးမဖြတ်နိုင်သော သမီးရတနာလေး ဖြစ်သည်။ နေရာသစ်တွင် ကျွန်ုပ်တို့ မိသားစု နားနားနေနေ နေကြစေဖို့ တခဏအကြာတွင် နှုတ်ဆက်ကြိုဆိုကြသူတွေ ထွက်ခွာသွားကြလေရာ ကျွန်ုပ်တို့ကား အမှန်ပင် ပင်ပန်းနေကြပါသော်လည်း အတိုင်းမသိ ဝမ်းသာနေကြပါ၏။ အခက်အခဲ ဒုက္ခအဖုဖုံကို ကျော်လွှား၍ နောက်ဆုံးတွင်မူ ခရီးဆုံးသို့ ကျွန်ုပ်တို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြလေပြီ။

○

www.nyisay.com

# ပါဂျောင်

မြန်မာပြည်မြောက်ပိုင်းကို (၆) လနီးပါးခန့်ကြာမျှ ဖြတ်ကျော်လာရာတွင် လမ်းခရီးတစ်လျှောက် တစ်အိုးတအောင့် အချိန်အနည်းငယ် ရပ်နားခဲ့ပြီးနောက် ပါဂျောင်သို့ ဆိုက်ရောက်လာခဲ့ကြရာ ယခုအချိန်မှစ၍ တစ်ပတ်၊ တစ်ရက် မဟုတ်တော့ဘဲ လနှင့်ချီ၍ ကောင်းမွန်စွာ အခြေတကျ နေကြရမည် ဖြစ်သည်။

ပါဂျောင်ကား ဈေးကို ဗဟိုပြု ဝိုင်းရံထားသော တောင်ကုန်းလေးတွေပေါ်တွင် ဖြန့်ကျက်တည်ထားပြီး ချိုင့်ဝှမ်းမြေပြန့်တွင် ချောင်းငယ်လေးတစ်ခုကလည်း ဈေးအနီးမှ ဖြတ်၍ စီးဆင်းနေသည်။ အဆောက်အအုံအများစုမှာ သစ်သားပျဉ်ထောင်နှင့် အုတ်ကြွပ်မိုး ဖြစ်၍ တောင်ကုန်းတစ်ခုပေါ်တွင် ဘုရားကျောင်းတစ်ကျောင်း ရှိသည်။ ဘုရားကျောင်းကို စနေ၊ တနင်္ဂနွေမှလွဲ၍ ကျန်နေ့ရက်တို့တွင် ကလေးမူကြို စာသင်ကျောင်းအဖြစ်သာသုံးသည်။ ၄င်းအပြင် စာသင်ကျောင်းကြီးတစ်ကျောင်းလည်း ရှိ၍ တယ်လီဖုန်းအိတ်ချိန်းရုံးရှိသည်။ ချိုင့်ဝှမ်းအတွင်း ဈေးအနီးတွင် ဗီဒီယိုပြသော ခန်းမကြီးတစ်ခုနှင့် အခြားရုံးအဆောက်အအုံတို့ကိုလည်း နေရာအနှံ့အပြား တွေ့နေရသည်။

အမြင့်ဆုံးတောင်ကုန်းတစ်ခုပေါ်တွင် ကချင်ပြည်နယ်အတွင်း သူပုန်တို့၏ အရပ်ဘက် အထွေထွေ အုပ်ချုပ်ရေးရုံး ဖွင့်လှစ်ထားပြီး ရုံးရှေ့တွင်မူ အပေါ်ခြမ်း အနီရောင် အောက်ခြမ်း အစိမ်းရောင်နှင့် အဖြူခံပေါ်တွင် ကချင်ဓားနှစ်လက် ကြက်ခြေခတ်ထားသော ကချင်အလံတော် လွင့်တင်ထားသည်။ ညနေ (၈) နာရီမှ (၁၀) နာရီအထိ ဓာတ်ဆီဂျင်နရေတာဖြင့် စခန်းတစ်ခုလုံးကို လျှပ်စစ်မီး ပေးလျက်ရှိရာ ပင်လယ်ရေမျက်နှာပြင် အထက် မီတာ (၂၀၀၀) နီးပါးတွင် တည်ရှိပါသော ပါဂျောင်မြို့လေးသည်ကား ဆွစ်ဇာလန်

www.nyisay.com



နိုင်ငံ အဲလ့်(ပ်)တောင်တန်းက အပန်းဖြေစခန်းတစ်ခုနှင့် တထေရာတည်းဖြစ်ပြီး သစ်လုံး အိမ့် မီးခိုးခေါင်းတိုင်တွေဆီက မီးခိုးတွေ တလူလူ လွင့်တက်နေသည့်အခါမျိုးဆိုလျှင်တော့ ဆိုဖွယ်မရှိချေ။

တောင်စောင်းတစ်ဖက်ကို ညှိထားသော ပြင်ညီမြေကွက်ပေါ်မှ ပျဉ်ထောင်အိမ်ကြီး ပေါ်တွင် ကျွန်ုပ်တို့ကို နေရာချပေးထားပြီး အတွင်း၌ သံမီးလင်းဖိုကြီးတစ်ခု ပါရှိလေရာ အအေးဒီဂရီ 'သုည'နီးပါးကျသွားသော ညမျိုးတွင် မီးလင်းဖိုကြီးကား အတော်ပင် အလုပ်ဖြစ်သည်။ အိန္ဒိယမှ ထွက်ခွာစဉ်ကပင် ကျကျနန မအိပ်ခဲ့ရသော ကျွန်ုပ်တို့အတွက် ယခု အိပ်ခန်းကား မွေ့ရာ၊ အိပ်ရာခင်း၊ စောင်ထူထူကြီးတွေနှင့် တကယ့်အိပ်ခန်း ဖြစ်သည်။ မရွေ့နှင့် 'အားတွမ်' တို့အတွက်လည်း သီးခြားအိပ်ခန်းတွေ ပေးထားသည်။ 'အားတွမ်' ကား မိန်းကလေးစစ်သည်တစ်ယောက်ဖြစ်ပြီး အီယင်းကို ထိန်းဖို့အတွက် ကျွန်ုပ်တို့နှင့် 'နားဖော့'မှ လိုက်လာသူဖြစ်သည်။ ကျွန်ုပ် စာရေး၊ စာကြည့်ရန်အတွက် သီးသန့်အခန်း နှင့် စားပွဲကြီးတစ်လုံး၊ လက်နှိပ်စက်၊ စာအုပ်တွေနှင့် ဘရန့်ဆိုင်းက ကျွန်ုပ်ဖတ်ဖို့ပေးထား သော နိုင်ငံတကာမဂ္ဂဇင်း တစ်ထပ်ကြီးလည်း ရှိလေရာ ဤနေရာကား အီယင်းမွေးဖွား ပြီးနောက် ကျွန်ုပ်တို့၏ ပထမဆုံး 'သီရိဂေဟာ' အိမ်လေးတစ်အိမ် ဖြစ်တော့သည်။

ပါဂျောင်သို့ ကျွန်ုပ် ရောက်လာပြီး ပထမတစ်ပတ်အထိ မြို့တော်ခန်းမတွင် အတီးအမှုတ်၊ အကအခုန် အမျိုးမျိုး နေ့စဉ်ရက်ဆက် ကျင်းပ၍ ကချင်ဌာနချုပ်မှ ရှစ်ပြည် နယ် စစ်တပ်ကိုယ်စားလှယ်တို့က မင်္ဂလာအခမ်းအနားတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို SSA ရုံးသို့ ရှမ်းရိုးရာ တူရိယာဝိုင်းတစ်ဝိုင်း အပါအဝင် အခမ်းအနားဖြင့် ပင့်ဆောင်၍ သက္ကြန်အခါတော်ကို အဆုံးသတ်လိုက်ကြသည်။ အုံးအုံး ကျွက်ကျွက် တီးသံ မှုတ်သံတွေ စဲသည့်အခါ စခန်းကို လှည့်ပတ်ကြည့်ရှုကြရာ ကျွန်ုပ်တို့ လပေါင်းများစွာ မတွေ့မမြင်ခဲ့ရသော် လူသုံးကုန်ပစ္စည်းနှင့် စားစရာ သောက်စရာတွေ 'ဂတ်ယန်' ခေါ် ပါဂျောင်ဈေးကြီးထဲမှာ ဖောခြင်းသောခြင်း တွေ့လိုက်ရသဖြင့် ကျွန်ုပ်တို့ ပျော်သွားသည်။ သမီးလေးအတွက် လိုအပ်သော ဆေးဝါးနှင့် ကလေးပေါင်ဒါတွေ၊ ကလေးအဝတ်တွေ၊ တရုတ်နို့မှုန့်ထုတ်တွေ၊ စည်သွတ်အသားဗူးနှင့် အသီးဘူးတွေ၊ မန္တလေးမှ ရွှေကျောင်း ကော်ဖီနှင့် ထိုင်းနိုင်ငံမှ မှောင်ခိုသွင်းလာသော ယိုဘူးတွေ အောတိုက်နေသလို နယူးဇီလန်မှ ထောပတ်သံဘူးနှင့် ဩစတြေးလျမှ ဒိန်ခဲဘူးတို့ပင် ရနိုင်ပါသေးသည်။ သို့ပေမဲ့ ပေါင်မုန့်နှင့်တူတာ ဆို၍ မုန့်ကြွပ်သာရှိသဖြင့် ကော်ဖီကို နို့မှုန့်နှင့်ဖျော် ထောပတ်၊ ဒိန်ခဲ၊ ယိုနှင့် ကြက်ဥကြော်တို့ကို အင်္ဂလိပ်နံနက်စာနှင့် တူတူ တန်တန် စားသောက်နိုင်လေရာ ကာ(လ်)ကတ္တားက 'ဖဲယားလွန်း' fairlawn ဟိုတယ်တွင် စားခဲ့ သောက်ခဲ့သည်တို့ကို သတိရလိုက်ပါသေးသည်။

www.nyisay.com



သို့ပေမဲ့ ယခုပြင်ပကမ္ဘာကြီးကား အခြားကိစ္စရပ်တွေနှင့် ဝိုင်၍ နီးစပ်လာသည်။ တောင်ဘက် ကီလိုမီတာ (၆၀၀) ကျော် ထိုင်းနိုင်ငံ နယ်စပ်တွင်ရှိသော ကေအိုင်အေ စခန်းနှင့် ဘရန်ဆိုင်း၏ ဌာနချုပ်တို့ နေ့စဉ်အဆက်အသွယ်ရှိသည်ဖြစ်၍ ကျွန်ုပ်တို့ ရောက်ပြီး ချက်ချင်းဆိုသလိုပင် ကြေးနန်းပို့လိုက်သည်။ အဆိုပါ စခန်းမှတစ်ဆင့် ကျွန်ုပ်တို့၏ ကချင်အဆက်အသွယ်တစ်ဦးက ဘန်ကောက်မှ Far Eastern Economic Review မဂ္ဂဇင်းဗျူရိုနှင့် ဆက်သွယ်ပြီး ကျွန်ုပ်တို့ ကောင်းမွန်စွာ နေထိုင်လျက်ရှိကြောင်း ကျွန်ုပ်တို့ လုပ်ဖော်ကိုင်ဘက်တွေကို ပြောပေးဖို့ ဖြစ်သည်။ ထို့နောက် (၃) ရက်ကြာပြီး နောက်တွင်မူ ယူနိဖောင်းနှင့် ရေဒီယိုအော်ပရေတာ ရဲဘော်တစ်ယောက် အိမ်တံခါးဝ ရောက်လာပြီး ကျွန်ုပ်ကို သတိဆွဲ အလေးပြုပြီး ကြေးနန်းတစ်စောင် ပေးသွားသည်။ ကြေးနန်းကား တိုတိုနှင့် ယခုလို ရေးထားသည်။

*မင်းတို့အကြောင်း ကြားရလို့ ဝမ်းသာတယ်၊ ဟောင်ကောင်က သတင်းပို့တယ်၊ မင်းရေးပို့တဲ့စာ အားလုံးရတယ်၊ တောင့်ထားကိုယ့်လူ။*

*လေးစားလျက်*

*ဂျွန်*

ဘန်ကောက် ဗျူရိုမှ အရာရှိချုပ် ဂျွန်မက်ဘက် ပေးပို့လိုက်သော ကြေးနန်းစာ ဖြစ်၍ ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ ဝမ်းသာသွားသည်။ တပ်မဟာ (၂) ဌာနချုပ်မှ ကျွန်ုပ် ရေးပေးခဲ့သော စာတွေလည်း ရသည်ဆိုတော့ ကျွန်ုပ်တို့ဆီ ရောက်လာသော ဖလင်လိပ်တွေကလည်း သူ့ထံမှဖြစ်ကြောင်း မှန်းဆနိုင်သလို နောက်ထပ်မှာထားသော ဖလင်လိပ်တွေလည်း ရောက်လာတော့မည်ဖြစ်၍ မကြာခင် ကျွန်ုပ်တို့ အလုပ်စ,နိုင်တော့မည်။

သို့ပေမဲ့ ယခုခရီး၏ အဓိကရည်ရွယ်ချက်မှာ NDF အစည်းအဝေးကို သတင်းယူဖို့ ဖြစ်ရာ ယခု လွဲချော်သွားပြီဖြစ်၍ စိတ်ပျက်လက်ပျက် ဖြစ်မိသော်လည်း တစ်နေ့ ဘရန်ဆိုင်းက သူ့အိမ်သို့ ကျွန်ုပ်တို့ကို ခေါ်၍ ပြီးခဲ့သည့် ဇန်နဝါရီလက ကျင်းပခဲ့သော ပါဂျောင် ကွန်ဖရင့်ကို ရိုက်ကူးထားသော ဗီဒီယိုအခွေကို ပြသည်။ ဘရန်ဆိုင်း၏ စည်ခန်းမှာ အတော်ကျယ်ဝန်းပြီး ကချင်ထိပ်ပိုင်း ခေါင်းဆောင်တွေ အစည်းအဝေး ကျင်းပသည့်နေရာလည်းဖြစ်ရာ သစ်သားစားပွဲရှည်ကြီးတစ်လုံးနှင့် ခုံတန်းရှည်တွေ ခင်းထားပြီး ရှေ့ဘက်နံရံပေါ်တွင်မူ ချို့နှစ်ချောင်းနှင့် ကျွဲဦးခေါင်းခွဲ၊ ငှင်းအထက်တွင် သခင်ယေရှုခရစ်တော်၏ ရုပ်ပုံပန်ချီကားတစ်ချပ် ချိတ်ထားသည်။ ညတွင် ပါဂျောင်မှ လူတွေ ရောက်လာပြီး ခုံတန်းရှည်ပေါ် ထိုင်၍ ဗီဒီယိုလာကြည့်တတ်ကြသည်။ ဘရန်ဆိုင်းက ဗီဒီယိုစက်ကို 'ပလပ်'တပ်ရင်း ပြုံး၍ ပြောသည်။

"တပ်မဟာ (၂) ဌာနချုပ်ကို ခင်ဗျားရောက်တုန်းမှာ ကျွန်တော်တို့ ဒီမှာ ကွန်ဖရင့် ကျင်းပခဲ့ကြတယ်၊ အဲ့ဒီမှာ သူတို့ကို ကျွန်တော်က လင့်တနာတို့ ဇနီးမောင်နှံ အခု

www.nyisay.com





ဘာတီး(လ်)လင့်တနာတို့ ဇနီးမောင်နှံအတွက်

www.nyisay.com

ဘရန်ဆိုင်း၏ ညစာထမင်းဝိုင်း။

www.nyisay.com



ဟူးကောင်းချိုင့်ဝှမ်း ရောက်နေပြီလို့ ပြောလိုက်တော့ ဘယ်လိုရောက်လာတာလဲလို့ သူတို့က မေးတယ်။ သူတို့မျက်နှာတွေကို ခင်ဗျား မြင်စေချင်တယ်၊ ဒါနဲ့ ကျွန်တော်က သူတို့ကို အင်မတန် ထူးခြားဆန်းကြယ်တဲ့လမ်းက လာတာလို့ ပြောလိုက်တယ်''

ဘရန်ဆိုင်းက သူ့စကားကိုသူသဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်လေသည်။

''အစည်းဝေးပွဲမှာ ခင်ဗျား ရှိသင့်တယ်၊ ခင်ဗျား စိတ်ဝင်စားမှာပါ၊ ဒါပေမဲ့ အိန္ဒိယမှာ အရမ်းကြာသွားတာ စိတ်မကောင်းပါဘူး''

မှတ်တမ်းတင်ဗီဒီယိုအဖွင့်တွင် ကချင်၊ ရှမ်းနှင့် ပလောင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ခြံရံလျက် NDF ကိုယ်စားလှယ်အဖွဲ့ကို ဦးစိုးအောင်က ခေါင်းဆောင်၍ ကချင်ပြည်နယ် စိမ်းစိုကျယ်ပြောသော ချိုင့်ဝှမ်းတစ်လျှောက် ချီတက်လာကြသည်။ ဦးစိုးအောင်မှာ ကရင် အမျိုးသားခေါင်းဆောင်ဖြစ်ပြီး အသက် (၆၀) ကျော်လေပြီ။ ကေအိုင်အေ ပထမစခန်းသို့ ဆိုက်ရောက်လာကြသည့်အခါ အရပ်သားတွေနှင့် စစ်သားတွေက ကိုယ်စားလှယ်တော်တို့ကို ပန်းကုံးတွေ စွပ်ကြပြီး ကချင်အမျိုးသားကြီး (၂) ယောက်က စကော့အိတ်ပလွေကြီးတွေ မှုတ်လိုက်ကြသည်။ ၄င်းပလွေကြီးတို့သည်ကား ကိုလိုနီခေတ်က အိန္ဒိယစစ်တပ်တွင် ဂေါ်ရခါး စစ်သားတွေနှင့်အတူ ၄င်းတို့ စစ်မှုထမ်းခဲ့စဉ်ကာလများက ရလာခဲ့သော အမွေအနှစ်ပစ္စည်းတွေပဲ ဖြစ်သည်။

အစည်းအဝေးပွဲကို ပါဂျောင်ပြည်သူ့ခန်းမတွင် ကျင်းပရာ ကရင်ကိုယ်စားလှယ်တော်ကြီးများက မြန်မာပြည်လူနည်းစု တိုင်းရင်းသားတို့၏ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ယခင်က တောင်းဆိုခဲ့သော ခွဲထွက်ရေးမူဝါဒတို့ကို လုံးဝ စွန့်လွှတ်ကြောင်း တင်သွင်းကြသည်ကို ဤကိုယ်စားလှယ်တော်ကြီးတို့က ထောက်ခံဆွေးနွေးကြသည်။ သို့ရာတွင် ဗကပနှင့် ညွှန့်ပေါင်းစစ်တပ်ဖွဲ့ကိစ္စတွင်မူ သဘောထားကွဲလွဲကြလေရာ အငြင်းပွားနေကြပြီးနောက် တပ်ပေါင်းစုကိစ္စကို ဆက်လက်ဆွေးနွေးဖို့ ကိုယ်စားလှယ်တော်များ ပန်ဆန်းသို့ ထွက်ခွာသွားကြသည်တွင် ဗီဒီယိုမှတ်တမ်းခွေလည်း ဤ၌ပင် ပြီးဆုံးသွားသည်။

''ကျွန်တော်လည်း ပန်ဆန်းက ပြန်ရောက်လာတာ မကြာသေးဘူး''

ဘရန်ဆိုင်းက ဗီဒီယိုစက်ကို ပိတ်လိုက်ပြီး ကျွန်ုပ်တို့နှင့်အတူ လာထိုင်ရင်း ပြောသည်။

''ကျွန်တော်တို့ကိုယ်စားလှယ်အားလုံး မတ် (၂၄) ရက်နေ့မှာ ဗကပနဲ့ တပ်ပေါင်းစုဖွဲ့ဖို့ ကာကွယ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတယ်''

လုံးဝ မျှော်လင့်မထားသော သတင်းကြားလိုက်ခြင်းပင်။ ယခုတစ်ကြိမ်တွင် မြန်မာပြည်တွင် ပထမဆုံးအကြိမ် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေကြား နိုင်ငံရေး ခံယူချက် (သို့) လူမျိုးရေးကို ဘေးဖယ်ထားပြီး ပထမဆုံးအကြိမ် စည်းလုံးညီညွတ်မှု

www.nyisay.com



ရယူနိုင်ခြင်း ဖြစ်သည်။ အမှန်အားဖြင့် ဆယ်စုနှစ်ပေါင်းများစွာကတည်းက ၄င်းတို့ကြား သဘောထား အမျိုးမျိုး ကွဲနေကြ၍လည်း ရန်ကုန်အစိုးရက လက်နက်ကိုင် ဆန့်ကျင်မှု တို့ကို အနိုင်ယူလာခဲ့သည်လည်း ဖြစ်သည်။

ယခု ကိုယ်စားလှယ်အဖွဲ့ ဘယ်ရောက်နေကြောင်း ကျွန်ုပ်က မေးကြည့်ရာ ပန်ဆန်းမှ ထိုင်းနယ်စပ်သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ ဆိုခဲ့သလို ဖြစ်ပေါ် တိုးတက်မှု သတင်းတို့ကို ချက်ချင်းရေးသား၍ ရေဒီယိုမှတစ်ဆင့် သတင်းပေးပို့ချင်ပါသော်လည်း ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လုံး ထိုင်းနယ်စပ်သို့ မရောက်မီ သတင်းပို့လိုက်မည်စိုး၍ လမ်းခုလတ်တွင်သာ ရှိနေသေးသော ၄င်းဟို့အတွက် အန္တရာယ်ရှိနိုင်ရာ နယ်စပ်သို့ ရောက်ပြီးခါမှ သတင်းပို့ဖို့ ဘရန်ဆိုင်းက ကျွန်ုပ်ကို တိုက်တွန်းသဖြင့် စောင့်နေလိုက်ရသည်။

သို့ပေမဲ့ ယခုသတင်းကို အခြားသတင်းထောက်တွေ လက်ဦးသွားမှာလည်း စိုးရိမ်နေရသည်။ ယခု သတင်းရဖို့ ဤနေရာသို့ တစ်နှစ်လုံးလုံး ခရီးဆက်လာပြီးခါမှ လက်လွှတ်လိုက်ရသည်ဆိုရင်တော့ဖြင့် သေပြီ။

သို့ရာတွင် တစ်ရက်နှစ်ရက်အတွင်းမှာပင် ပန်ဆန်းတွင် မတ် (၂၄) ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော အကြောင်းအရာတစ်ခုလုံးကို ကွန်မြူနစ်ပါတီ အသံလွှင့်ဌာနက ထုတ်လွှင့်လိုက်သဖြင့် သတင်းပေါက်သွားလေရာ ကျွန်ုပ်လည်း လက်နှိပ်စက် တဖြောင်းဖြောင်းနှင့် သတင်းကို တက်သုတ်ရိုက် ရေးရလေသည်။ ထိုနေ့က ဘရန်ဆိုင်း၏ သမားတော် ဟိန်းဝမ်၏ မင်္ဂလာပွဲ ကျင်းပနေရာ၊ မင်္ဂလာပွဲ အစပိုင်း မမီတော့သဖြင့် တောင်းပန်ရတော့မည်။ သတင်းပေးပို့ချက်ကို လက်စသတ်ပြီးနောက် ဘုရားကျောင်းထဲသို့ ခြေဖော့၍ ကျွန်ုပ်ဝင်လာခဲ့ရာ ခရစ်ယာန်ဘုန်းတော်ကြီးက သမ္မာကျမ်းကို ဖတ်ကြားနေပြီး သတို့သမီးနှင့် သတို့သား တို့က အဝတ်အစားသစ်တွေနှင့် ရှေ့ဆုံးမှာ ထိုင်နေကြသည်။ ဟိန်းဝမ်က မီးခိုးရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ထားသော်လည်း ကချင်မားနှင့် ကချင်လွယ်အိတ်တို့ကိုလည်း လွယ်ထားလိုက်သေးသည်။ သတို့သမီးကမူ သူနာပြုဆရာမတစ်ယောက်ဖြစ်ပြီး ဘော်ခြယ်တို့ဖြင့် အလှဆင်ထားသော ရိုးရာကချင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဤ၌ ဘုရားကျောင်းထဲက ခုံတန်းရှည်တစ်ခုတွင် ထိုင်နေသော ဘရန်ဆိုင်းဆီ ကျွန်ုပ် တိုးကြိတ်သွားပြီး သူ့ဘေးနားတွင်ထိုင်လိုက်သည်။ ထို့နောက် ယခု ရေးသားယူလာသော သတင်းကို ထိုင်းနယ်စပ်စခန်းကို ကြေးနန်းဖြင့် ပို့၍ ထိုမှ တစ်ဆင့် ဘန်ကောက်ရှိ မဂ္ဂဇင်းတိုက်သို့ ပို့လိုက်ကြောင်း လေသံဖြင့် ကျွန်ုပ်က ဘရန်ဆိုင်းကို ပြောလိုက်ရာ သတင်းကို ဖတ်ပင်မကြည့်တော့ဘဲ ကော်ပီတစ်စုံကို ယူ၍ တာဝန်ကျဝန်ထမ်းတစ်ယောက်ကို ခေါ်ပေးပြီး ဘုရားကျောင်းတစ်ဖက်တွင်ရှိသော ကြေးနန်းရုံးသို့ လွှတ်လိုက်သည်။ ဓမ္မတေးသီချင်းတွေ သီဆို၍ သတို့သမီး သတို့သား တို့ကို ဆုတောင်း

www.nyisay.com



ပတ္ထနာတို့ ပို့သပြီးနောက် မင်္ဂလာအခမ်းအနားကို ပြည်သူ့ခန်းမတွင် ဆက်လက် ကျင်းပခဲ့ကြရာ ဧည့်ပရိသတ်တစ်ယောက်ပြီးတစ်ယောက်က ခွက်မြှောက်၍ ဆုတောင်းကြသည်ကို သတို့သမီးနှင့် သတို့သားတို့က ပြုံးရွှင်စွာဖြင့် ဧည့်ခံနေသည်။ ဧည့်ပရိသတ်ထဲတွင် ဗကပ ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် သူ၏လက်ထောက် ကျော်ညွှန့်တို့လည်း ရောက်နေကြသည်။ ဦးဇော်ဝင်းမှာ အသက်ကြီးပိုင်းထဲက ဖြစ်သည်။ ကျော်ညွှန့်ကမူ ရန်ကုန် တက္ကသိုလ်တွဲ့ရတစ်ယောက်ဖြစ်၍ အင်္ဂလိပ်စကား အပြောကောင်းသည်ဟု သိရသည်။ သူတို့နှစ်ဦးစလုံး အစိမ်းရောင် ယူနီဖောင်းပွကြီးတွေနှင့် ပလပ်စတစ်ကြယ်တံဆိပ်နှင့် တရုတ်တပ်မီ ဦးထုပ်တွေ ဆောင်းထားကြသည်။ သို့ဖြင့် သူတို့ရှိရာ စားပွဲသို့ ကျွန်ုပ်သွားပြီး စကားပြောဖြစ်ခဲ့သည်။

ကျော်ညွှန့်ကား ပျော်ပျော်နေတတ်သလို ဟာသလည်း ရှိသည်။ ၁၉၇၅ ဝန်းကျင် ကာလများအတွင်း ကျောင်းသားလှုပ်ရှားမှုတွေထဲ ပါဝင်ခဲ့ပြီး သူနှင့် ရဲဘော်အတော်များများ အဖမ်းခံရသည်တွင် ရှမ်းအရှေ့မြောက်ဒေသ တရုတ်ပြည်နယ်စပ်တစ်လျှောက်တွင် ခြေကုပ်ယူထားသော ဗမာပြည်ကွန်မြူနစ်ပါတီသို့ ထွက်ပြေးလာခဲ့သူဖြစ်သည်။

ဦးဇော်ဝင်းကား ဝါရင့် ပါတီဝင်တစ်ဦးဖြစ်ပြီး ၁၉၅၀ ကျော် ကာလအစောပိုင်း လက်နက်ကိုင်တိုက်ပွဲတွေမှာ ပါဝင်ခဲ့သူ၊ ၁၉၆၈ ခုနှစ် ဗမာပြည် တရုတ်နယ်စပ်တွင် ကွန်မြူနစ်ပါတီ အထိုင်မချမီအထိ နှစ်အတော်ကြာကြာ နေခဲ့သူလည်း ဖြစ်သည်။

ဤ၌ ကျွန်ုပ်က ကွန်မြူနစ်ပါတီဌာနချုပ်သို့ လာချင်ကြောင်း၊ အထူးသဖြင့် ပြီးခဲ့သည့် မတ်လက ချုပ်ဆိုခဲ့သော စာချုပ်နှင့် စပ်လျဉ်းကြောင်း ကျော်ညွှန့်မှတစ်ဆင့် ဦးဇော်ဝင်းကို ပြောရာ ကျော်ညွှန့်က စကားပြန်လုပ်ပေးသည်။

"ခင်ဗျားကို ကျွန်တော်တို့ပါတီက ဖိတ်ခေါ်ချင်ပါတယ်၊ ဒါပေမဲ့ အရင်ဆုံး ခေါင်းဆောင်တွေနဲ့ ဆက်သွယ်ပြီး သူတို့ ဘာပြောမယ်ဆိုတာ စောင့်ကြည့်ရဦးမယ်"

ကျော်ညွှန့်ကား စကားပြောပြီးတိုင်း တခစ်ခစ် ရယ်နေသဖြင့် တော်တော်အာရုံနောက်ရသည်။

ယခု ကျွန်ုပ်ပန်ကြားချက်ကို ရေဒီယိုနှင့် ပေးပို့၍ ရနိုင်မလား မေးကြည့်သည်။

"ရပါတယ်၊ ပန်ဆန်းက ကျွန်တော်တို့ ခေါင်းဆောင်တွေလည်း အရှေ့ဖျားစီးပွားရေးမဂ္ဂဇင်းကို အမြဲဖတ်တာဆိုတော့ ခင်ဗျားနာမည်ကို သိနေကြပါတယ်။ ပြဿနာမရှိပါဘူး၊ တစ်ရက်နှစ်ရက်အတွင်း အဖြေရနိုင်ပါတယ်"

အလားအလာက စိတ်လှုပ်ရှားစရာ၊ မြန်မာပြည်လွတ်လပ်ရေးရပြီး မကြာမီပင် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင် တောခိုခဲ့ရာ ၁၉၄၈ ခုနှစ်မှစ၍ ကွန်မြူနစ်ထိန်းချုပ်နယ်မြေအတွင်း နိုင်ငံခြားဂျာနယ်လစ်တစ်ယောက်မျှ ခြေချခဲ့သည် မရှိ။ လက်နက်ကိုင် အုပ်စု အတော်များများကလည်း သူတို့အပေါ် သဘောပေါက် နားလည်မည့် မီဒီယာကို

www.nyisay.com



အလိုရှိကြသဖြင့် ပန်ဆန်းမှ ဗကပဌာနချုပ်သို့ သွားရမည်ဆိုလျှင်မူ နည်းနည်းနောနော ကုသိုလ်ကံ မဟုတ်။ ပါတီဥက္ကဋ္ဌကြီး သခင်ဗသိန်းတင်နှင့် အင်တာဗျူးကိုသာ ရေးသားဖော်ပြလိုက်ရလျှင်မူ ဂျာနယ်လစ်တစ်ယောက်အတွက် သတင်းထူးကြီး တစ်ခုပင်ဖြစ်သည်။

ပန်ဆန်းဟူသော အမည်ကား ကျွန်ုပ်အတွက် ပြန်ပြောင်းတွေးတောစရာတွေ အများကြီး ဖြစ်လာသည်။ မြန်မာပြည် ကွန်မြူနစ်ပါတီသည် လက်ကျန် မော်ဝါဒီသူပုန်တို့အနက် အထင်ရှားဆုံးဖြစ်၍ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ လက်နက်ကိုင် ကွန်မြူနစ်လှုပ်ရှားမှုတွေ ကျဆုံးသွားပါသော်လည်း ဗကပကား တစ်ဦးတည်း ကြိတ်နေဆဲ၊ ၁၉၈၀ ကျော်ကာလများကတည်းကပင် ကမ္ဘာကြီးနှင့် အံချော်နေပြီဖြစ်သော နိုင်ငံရေးအိုင်ဒီယာတစ်ခုကို အကောင်အထည်ဖော်ဖို့ တိုက်ပွဲဝင်နေဆဲ။ သို့ပေမဲ့ အချိန်ကာလသည်ကား အထီးကျန်နေသော မြန်မာပြည်ကို ရှောင်ကွင်းသွားသလား ထင်ရသည်။ ဆိုခဲ့သလို ခေတ်နှင့် အံချော်နေသော နိုင်ငံရေး အိုင်ဒီယာသည်ကား သူပုန်ထိန်းချုပ်နယ်မြေများအတွင်း မှန်နေသေးသလို အစိုးရဒေသတို့တွင်လည်း မှန်တုန်းမှန်ဆဲ။

ပန်ဆန်းနှင့် ပတ်သက်သော သတင်းအတော်များများကိုမူ ကျွန်ုပ်၏ SSA အဆက်အသွယ်ဟောင်းတွေဆီက ကြားခဲ့ဖူးရာ ထိုသူတို့ကား ရှမ်းလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဗကပတပ်ဖွဲ့တို့ စစ်ရေးဆိုင်ရာ မဟာမိတ်စာချုပ်၊ ချုပ်ဆိုခဲ့သော ၁၉၇၀ ကျော် နှစ်များအတွင်း ပန်ဆန်းသို့ ရောက်ခဲ့သူတွေ ဖြစ်သည်။ နိုင်ငံရေး ယုံကြည်မှုအရ အံချော်နေပြီဆိုသော်လည်း ဗကပကား ဗမာပြည် လက်နက်ကိုင် အင်အားစုများအနက် အင်အား အကြီးမားဆုံးအဖွဲ့ဖြစ်၍ ဗမာပြည်လက်နက်ကိုင်ဆန့်ကျင်မှုများ သမိုင်းကို အပြည့် သဘောပေါက်နားလည်ဖို့ဆိုလျှင် ပန်ဆန်းသို့ မဖြစ်မနေ သွားရပေလိမ့်မည်။

တစ်ပတ်မျှအကြာတွင် သမီးကို မရွေ၊ အားတွမ်တို့နှင့် ထားခဲ့ပြီး ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ ဗကပကိုယ်စားလှယ်ရုံးသို့ ချီတက်လာခဲ့သည်။ ဗကပကိုယ်စားလှယ်ရုံးမှာ ပါဂျောင် ဆင်ခြေဖုံးတွင် ရှိပြီး ကွန်မြူနစ် စစ်သားလေးနှစ်ယောက် သုံးယောက်က လုံခြုံရေးတာဝန် ယူထားသည်။ သူတို့အားလုံး ဝ၊လူမျိုးတွေဖြစ်ပြီး ဝ၊တို့သည်လည်း နာဂတွေလို ခေါင်းဖြတ်မုဆိုးတွေ ဖြစ်ပြီး ၁၉၇၀ ကျော် အစောပိုင်းကာလရောက်မှသာ ၄င်းတို့နေထိုင်ကျက်စားရာ တောရိုင်းတောင်တန်း ဒေသတွင်းသို့ လက်နက်ကိုင်အဖွဲ့တွေ ဝင်လာပြီးနောက် ခေါင်းဖြတ်ဓလေ့ ပျောက်ကွယ် သွားသည်။ ယခုမူ တပ်ဖွဲ့ဝင် (၁၀၀၀) ရှိသော ဗကပစစ်တပ်တွင် ဝ၊စစ်သားတွေက အများဆုံး ဖြစ်သည်။

ကျွန်ုပ်တို့ကို တွေ့သည်နှင့် ဦးဇော်ဝင်းက ပြုံး၍ နှုတ်ဆက်သည်။ သူကိုယ်တိုင် အင်္ဂလိပ်စကား မပြောတတ်သဖြင့် ဝ၊ရဲဘော်လေးတစ်ယောက်ကို လွှတ်၍ ကျော်ညွန့်ကို အခေါ်ခိုင်းလိုက်ရာ တအောင့်အကြာတွင် စာရွက်တစ်ရွက်ကို လက်ကကိုင်ရင်း ကျော်ညွန့် ရောက်လာသည်။

www.nyisay.com



"ဟေး...ခင်ဗျား ဒီနေ့ရောက်လာတာ ဟန်ကျတယ်၊ အခုပဲ ပန်ဆန်းက ရေဒီယို မက်ဆေ့(ဂျ်)ရတယ်"

မြေကြီးပေါ်တွင် ဖိထားသော မီးလင်းဖိုဘေးတွင် ကျော်ညွှန့်ထိုင်လိုက်ပြီး လက်ထဲက စာရွက်ကို ကျွန်ုပ်ဆီ ကမ်းပေးသည်။ ဦးဇော်ဝင်း၏ ဇနီး တရုတ်အမျိုးသမီးက လက်ဖက်ရည်နှင့် ဧည့်ခံသည်။ မက်ဆေ့(ဂျ်)မှာ သခင်ဗသိန်းတင် ဆီမှဖြစ်၍ ဗကပဒေသသို့ ကျွန်ုပ်တို့ကို ဖိတ်ကြားပါကြောင်း၊ ပန်ဆန်းမှ ကွန်မြူနစ်ခေါင်းဆောင်တွေက ကြိုဆိုနေမည့်အကြောင်းတို့ ဖြစ်သည်။

မင်္ဂလာသတင်းပဲ။

ကျော်ညွှန့်မှတစ်ဆင့် ဦးဇော်ဝင်းကို ကျွန်ုပ် ပြောလိုက်သည်။

"ဒါပေမဲ့ မိုးကုန်တဲ့အထိ ဒီမှာနေရဦးမယ် ထင်တယ်၊ စက်တင်ဘာ ဒါမှမဟုတ် အောက်တိုဘာကျမှ ကျွန်တော်တို့ ဒီက ထွက်နိုင်မယ်ထင်တယ်"

သူတို့နှစ်ယောက်လည်း ကျွန်ုပ်အဆိုကို လက်ခံကြသည်။ ယခု မေလရောက်နေပြီဖြစ်၍ မုတ်သုန်မိုးနှင့် ခရီးသွားဖို့ မလွယ်။ ပါဂျောင်တွင် မိုးရှောင်နေစဉ် လေးငါးလအတွင်း ကချင်လက်နက်ကိုင် လှုပ်ရှားမှုနှင့် ပတ်သက်၍ လေ့လာစရာအားလုံး အပြီးသတ်လေ့လာရမည်။ သမီးလေးအနေနှင့်လည်း မွေးကတည်းက ယခုအထိ ခရီးကြမ်းတွေ ဆက်ပဲ ဆက်နေရသည့်အတွက် အနားယူဖို့ လိုအပ်ကြောင်း ကျွန်ုပ်တို့ လင်မယားနှစ်ယောက်လုံး သဘောပေါက်ကြသည်။

တရုတ်လက်ဖက်ရည်တစ်ခွက်၊ နှစ်ခွက် ဧည့်ဝတ်ကျေသောက်ပြီးနောက် ကျွန်ုပ်တို့ အိမ်ပြန်လာရာ ရှေ့ဆက်ရမည့်ခရီးစဉ်သစ်ကို တွေးလာရင်း ဗမာပြည်ထဲက ကျွန်ုပ်တို့ မိသားစု ဘယ်လိုပြန်ထွက်မယ် ဆိုသောကိစ္စ ဗြုန်းဆို ခေါင်းထဲ ပထမဆုံးအကြိမ် ရောက်လာသည်။ အိန္ဒိယထဲ ပြန်ဝင်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်သလို ထိုင်းနယ်စပ်က ထွက်ဖို့ဆိုသည်ကလည်း ခရီးရှည်လျားလွန်းပြီး အန္တရာယ်များသည်။ ခရီးထွက်မလာမီက ကျွန်ုပ်တို့ စဉ်းစားခဲ့သော အဖြစ်နိုင်ဆုံး လမ်းကြောင်းမှာ တရုတ်ပြည်မှ ဟောင်ကောင်သို့ ဖြစ်သည်။ ယခုမူ လက်တွေ့ ဘယ်လိုပြန်ထွက်မလဲ၊ စဉ်းစားရတော့မည်။ အကယ်၍ တရုတ်အာဏာပိုင်တို့ကို တရားဝင်ချဉ်းကပ်မည်ဆိုလျှင် သူတို့က ခါးခါးသီးသီး ပုတ်ထုတ်မှာ သေချာသည်။ သို့ဖြစ်၍ ရွေးချယ်ရမည့် တစ်ခုတည်းသော လမ်းမှာ ခွင့်ပြုပါမစ် မယူဘဲ တရုတ်ကို ဖြတ်ရမည်။ တရားမဝင် ဖြတ်သန်းမှုနှင့် အဖမ်းခံပြီးနောက် နေရပ်ထိ ပြန်ပို့ခြင်းသာ ဖြစ်သည်။ ဤအစီအစဉ်အားလုံးတွင် သမီး အိယင်းကား ဒေါင်းဖဲတစ်ချပ်ဖြစ်သည်။ လူသားချင်း စာနာထောက်ထားသော အကူအညီတောင်းလျှင် တရုတ်အာဏာပိုင်တွေဆီက ရနိုင်သည်။ ယခု ပန်ဆန်းသို့သွားဖို့ ရည်ရွယ်ထားပြီးဖြစ်၍ ပြဿနာမရှိတော့။ အခွင့်ကောင်းစောင့်၍ ပါဂျောင်တွင် ပျော်ပျော်နေရုံသာ ရှိတော့သည်။

www.nyisay.com



ကျွန်ုပ်တို့ရောက်ပြီး မကြာခင်ပင် SSA အဖွဲ့ ကိုယ်စားလှယ်တွေနှင့်လည်း တွေ့ဆုံခဲ့ရာ သူတို့လည်း အိမ်တစ်လုံးတွင် နေထိုင်နေကြပြီး ခေါင်းဆောင် ကတ်ပတိန် စိုင်းတူးမှာ ကျွန်ုပ်တို့၏ မိတ်ဆွေဟောင်းတစ်ယောက်ဖြစ်သည်။ ရှမ်းစစ်သားလေးတွေက သူ့ကို ကူညီလုပ်ကိုင်ပေးကြပြီး အထူးသဖြင့် ရေဒီယိုအော်ပရေတာ 'ပျူဖ'ကား ကျွန်ုပ်တို့နှင့် ရင်းနှီးလာသည်။ အသက် (၂၁) နှစ်ရှိ၍ တက်ကြွဖျတ်လတ်ပြီး အသားမည်းသည်။ ရှမ်းပြည်နယ် အလယ်ပိုင်း၊ 'မုန်းဆု' ရွာအနီး သူတို့ကျေးရွာမှာ အချိန်အတော်ကြာကတည်းက သူပုန်အမာခံ နေရာတစ်ခုဖြစ်၍ သူ့အသက် (၁၅) နှစ်တွင် အိမ်က ထွက်ပြေးပြီး ရှမ်းလက်နက်ကိုင်အဖွဲ့ထဲ ဝင်လာခဲ့ကြောင်း သိရသည်။

အမှန်အားဖြင့် ပျူဖ၏ ဘဝဇာတ်လမ်းကပင် မြန်မာပြည်အချို့ဒေသတို့တွင် သူပုန်ဖြစ်လာကြသည့် အခြေအနေကို ပြောပြနေပါသည်။ ဖူးပါငယ်စဉ်က သူတို့ရွာ ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်နှင့်နေစဉ် ရှမ်းသူပုန်တပ်တွေ ဖြတ်သွားသည့်အခါတိုင်း ဘုရားဘေးနားမှ ညောင်ပင်ကြီးတစ်ပင်အောက်တွင် ခေတ္တအနားယူလေ့ရှိကြရာ ရွာသူရွာသားတွေက သူပုန်တွေကို ရေတိုက်ကြ၊ စကားစမြည်ပြောနေကြသည်ကို ကိုရင်လေး ပျူဖက အဝေးမှ တွေ့မြင်နေပြီး ပုံသွင်းလွယ်သော ကလေးငယ်တစ်ယောက် စိတ်ထဲတွင် သူပုန်တွေက သူ့ရဲကောင်းတွေဖြစ်လာသည်။

''အဲဒီတုန်းက သူတို့ကို ကြည့်ရတာ ကျွန်တော့်စိတ်ထဲမှာ အရမ်းလှုပ်ရှားနေပြီး သူတို့လို ဖြစ်ချင်လာတယ်။ သူတို့အားလုံး ရိုင်ဖယ်သေနတ်တွေ လွယ်ထားပြီး တချို့က ခါးမှာ အဝါရောင် ကြက်ဥကြီးလို ဟာမျိုးတွေ ချိတ်ထားကြတယ်။ အဲဒီအရွယ်က ကျွန်တော် မသိခဲ့ဘူး။ အခုတော့ အဲဒီအလုံးကြီးတွေဟာ M-79 လက်ပစ်ဗုံးတွေ ဆိုတာ သိလာတယ်''

ထိုစဉ်ကပင် သူ့ရည်ရွယ်ချက်မှာ စစ်သားတစ်ယောက် ဖြစ်ချင်ကြောင်း ပြောပြသည်။ သို့ပေမဲ့ ရှမ်းတစ်ယောက်ဖြစ်သဖြင့် အစိုးရစစ်တပ်ထဲဝင်ဖို့ လုံးဝ မစဉ်းစားခဲ့၊ တစ်နည်းအားဖြင့် ရှမ်းသူပုန်တို့၏ နိုင်ငံရေးအရ ပါဝင်ပတ်သက်နေသည်တို့ကို သတိပြုမိရာက တဖြည်းဖြည်း သဘောပေါက် နားလည်လာခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပျူဖကို ကျွန်ုပ်တို့နှစ်ယောက်လုံးက တလေးတစား ရှိကြသည်။ သူ့တွင် ကိုရင်ဘဝဖြင့် နှစ်အနည်းငယ် နေခဲ့သည်ကလွဲ၍ ပညာမသင်ခဲ့ရသဖြင့် ဗမာစကားကို အပတ်လည်အောင် မပြောတတ်၊ ပြောရလျှင် သူ၏ မိခင်ဘာသာစကားဖြစ်သော ရှမ်းစာကိုပင် သူပုန်အဖွဲ့ထဲရောက်ကာမှ သင်ခဲ့ရသည်။ ယခု အတွေ့အကြုံရှိသော ရေဒီယိုအော်ပရေတာ တစ်ယောက်ဖြစ်လာပြီး စကားဝှက်ရေးသော စာရေးတစ်ယောက်ဖြစ်ဖို့ လေ့လာနေသလို မြန်မာစာကျွမ်းကျင်လာအောင်လည်း မနက်တိုင်း လေ့ကျင့်နေလေသည်။

ဗိုလ်ကြီး စိုင်းတူးသည်လည်း အခြားရှမ်းအများစုလို ဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်သူတစ်ဦးဖြစ်သည့်အလျောက် ဘုရားရှိခိုးနှင့် ပရိတ်အတော်များများကို အလွတ်

www.nyisay.com



ရွတ်ဆိုနိုင်သလို နေ့စဉ်တရားထိုင်လေ့ရှိသည်။ သူ့ဆီ ကျွန်ုပ်တို့ အလည်တစ်ခေါက် ရောက်သွားစဉ်အခါက ကျွန်ုပ်တို့ သမီးလေးကို ရှမ်းအမည်လည်း ပေးသင့်ကြောင်း အကြံပြုသည်။

"သူ့အမေက ရှမ်းဆိုတော့ သူလည်း ရှမ်းပဲမဟုတ်လား"

ရှမ်းထုံးစံနှင့်အညီ အမည်ပေးဖို့ရာအတွက် သမီးမွေးနေ့နှင့် မွေးဖွားချိန်အတိအကျ ကို ပေးရသည်။ သမီး၏ မွေးနေ့မှာ သောကြာနေ့ ဖြစ်ပြီး စိုင်းတူး၏ တွက်ချက်မှုအရ သောကြာနေ့၊ မေလ (၉) ရက်၊ မနက် (၁၁) နာရီ မိနစ် (၃၀) သည် မင်္ဂလာအခါတော် အချိန်ဖြစ်၍ ထိုနေ့တွင် ကျွန်ုပ်တို့အိမ်သို့ သူရောက်လာသည်။ SSA ယူနိဖောင်းဝတ်ထား ပြီး လက်ထဲမှာလည်း ဘုရားစာအုပ်တစ်အုပ် ကိုင်လာသည်။

ယခု သမီးလေးကို ဒုတိယအကြိမ်မြောက် နာမည်ပေး ကင်ပွန်းတပ်ရာတွင် ပထမတစ်ကြိမ် တနိုင်းယန်းတွင် ကျင်းပခဲ့စဉ်ကလို ရွာလုံးကျွတ် ပါဝင်သော အခမ်းအနား မျိုးလိုတော့ မဟုတ်။ ကျွန်ုပ်တို့မိသားစုနှင့် စိုင်းတူးတို့သာရှိပြီး စိုင်းတူးက ရွတ်ဖတ် သရဏ္ဌာယ်ပြီးနောက် သမီးလေးအမည်ကို ဆိုင်တိုင်း (ရှမ်းရတနာ)ဟု ပေးသည်။ လှပ သော နာမည်ဖြစ်၍ မိဘတွေအနေနှင့် ကျွန်ုပ်တို့ ဝမ်းသာကြည်နူးကြရသည်။ သို့ပေမဲ့ ပြဿနာတစ်ခုက သမီးလေးကို ဂျာရဲန်လို့ ခေါ်မှာလား၊ ဆိုင်တိုင်းလို့ ခေါ်မှာလား၊ ဆွေဒင်ရောက်သည့်အခါ အမည်နှစ်မျိုးလုံးကို တရားဝင်မှတ်ပုံတင်ဖို့ ကျွန်ုပ်တို့ ဆုံးဖြတ် ခဲ့ပြီး လောလောဆယ်တွင်မူ သမီးကို ထိန်းကျောင်းနေကြသော မရွှေနှင့် အားတွမ်တို့က အီယင်း (ကောင်မလေး) ဟုသာ နှုတ်ကျိုးနေပါ၏။

သို့ဖြင့် သမီးအမည်နှင့် အသေးစိတ် အချက်အလက်တို့ကို ဆွေဒင်အာဏာပိုင်တွေ ဆီ သတင်းပို့ဖို့ ကျွန်ုပ် ရေးသားထားသော စာတစ်စောင်ကို စာအိတ်ထဲထည့်၍ အဆိုပါ စာကို ကချင်အရာရှိတစ်ယောက်၏ အကူအညီဖြင့် တရုတ်ပြည်မှတစ်ဆင့် ပေးပို့ခဲ့သဖြင့် ယခုလောက်ဆို "ဆိုင်တိုင်းဂျာရဲန်လင့်တနာ" ကား ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ မှတ်ပုံတင် ထားသော ဆွေဒင်နိုင်ငံမြောက်ပိုင်း 'အယ်(ဗ)ဒေါလဲန်' ကျေးလက်ဒေသ မှတ်ပုံတင်ရုံးတွင် တရားဝင် အမည်ပေါက်နေရော့မည်။ ထိုနေ့ညနေတွင် ပါဂျောင်မှ မိတ်ဆွေတို့ကို ဖိတ် ကြားပြီး ကင်ပွန်းတပ် မင်္ဂလာအခမ်းအနား ကျင်းပသည့်အနေဖြင့် ညစာစားကြသည်။ တစ်ဖက်ကလည်း သမီးလေးကို အမည်နှစ်မျိုးပေးလိုက်ခြင်းသည် ရှမ်းကချင် စည်းလုံး ခြင်းအတွက် သင်္ကေတတစ်ခုအဖြစ် ကေအိုင်အေနှင့် အက်(စ်)အက်(စ်)အေတို့က ယူ ဆစေလို၍ ဖြစ်သည်။

အတိတ်ကဆိုလျှင် အဆိုပါ အဖွဲ့နှစ်ဖွဲ့သည်ကား တောင်တန်းနှင့် ချိုင့်ဝှမ်း နေထိုင် သူတွေကြား အမြဲရှိနေသော ပဋိပက္ခတို့ကြောင့် ရှားစောင်းစေးနှင့် မျက်ချေး တည့်သည် ဟူ၍ မရှိ။ သို့ဖြစ်၍ တစ်ချိန်က ပဋိပက္ခအသွင်ဆောင်နေသော မြန်မာပြည်မှ တိုင်းရင်းသား

www.nyisay.com



တို့ တစ်စုနှင့် တစ်စု တစ်နေ့တွင် ယခုလို ရင်းနှီး ချစ်ကြည်မှုမျိုး ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရပါ၏။ နာမည်ပေးကင်ပွန်းတပ် မင်္ဂလာပွဲအပြီး တစ်ပတ်ခန့်အကြာ၊ ဟာရီကိန်း မီးအိမ်ဖြင့် စားပွဲတွင် ထိုင်၍ ကျွန်ုပ် စာရေးနေခိုက် တံခါးခေါက်သံ ကြားလိုက်ရပြီး ကျွန်ုပ်တို့ကို နှုတ်ဆက်ကြိုဆိုခဲ့သူ ဗိုလ်မှူးဟောင်း အင်ကျော့တန် အိမ်ထဲဝင်လာပြီး သူ့လက်ထဲတွင် ထရန်စစ်စတာ ရေဒီယိုလေးတစ်လုံး ကိုင်လာသည်။

"အခုပဲ ကျူပ် ဘီဘီစီ နားထောင်နေတာ၊ ပါကျောင်မှာ ကျင်းပခဲ့တဲ့ NDF ကွန်ဖရင့်နဲ့ ဗကပနဲ့ သဘောတူခဲ့တဲ့ စာချုပ်နဲ့ပတ်သက်ပြီး အရှေ့ဖျားစီးပွားရေး ရီဗျူးမှာ ခင်ဗျားရေးပို့လိုက်တဲ့သတင်းကို ကိုးကားပြီး ဘီဘီစီက သတင်းလွှင့်သွားတယ်"

ဤစကား ကြားလိုက်ရတော့ ကျွန်ုပ် ဝမ်းသာသွားသည်။ ဟိန်းဝမ် မင်္ဂလာဆောင်သည့်နေ့က ကျွန်ုပ် ရေးပို့လိုက်သောသတင်း ဘန်ကောက်ရောက်သွားပြီး ပုံနှိပ်ဖော်ပြလိုက်လေပြီ။ သို့ရာတွင် အဆိုပါသတင်းကြောင့်ပင် ယခု ကျွန်ုပ် ဘယ်သူဘယ်ဝါနှင့် ဘယ်နေရာမှာ ရှိနေသည်ကို ရန်ကုန်က စစ်အာဏာပိုင်တွေ သိနေလောက်ပြီ။ ယခု ကျွန်ုပ်တို့အနေနှင့် ဌာနချုပ်ဧရိယာအတွင်း လုံခြုံစိတ်ချရသည် ဆိုသော်လည်း မိုးလွန်၍ ပန်ဆန်းသို့ ထွက်ခွာသည့်အခါ ကြိုတင်ကာကွယ်မှုတွေ သေသေချာချာ လုပ်ရပေလိမ့်မည်။

ဘီဘီစီမှ သတင်းထုတ်ပြန်ပြီးနောက်တစ်နေ့တွင် အဆိုပါ သတင်းကို အခြားအသံလွှင့်ဌာနများနှင့် သတင်းစာတွေက ထပ်မံထုတ်လွှင့် ရေးသားဖော်ပြကြပြန်ရာ ကျွန်ုပ် ရေးသားခဲ့သော သတင်းကို အထူး အာရုံစိုက်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပြန်သည်။

ပါကျောင်တွင် လူတိုင်း ဆိုင်းဘုတ်တစ်ခုတော့ ရှိသည်။ သူတို့ရုံးစိုက်ရာ အဆောက်အအုံရှေ့တွင် ဆိုင်းဘုတ်ကြီးတွေ စိုက်ထူထားရာ ကျွန်ုပ်ကလည်း အပြာရောင်ဖြင့် "အရှေ့ဖျား စီးပွားရေးရီဗျူး" (ပါကျောင်ရုံးခွဲ) ဟု ဆိုင်းဘုတ်ရေးပြီး အိမ်တံခါးအပြင်ဘက်တွင် သံနှင့် ရိုက်ထားလိုက်ပြီး ဆိုင်နောင့်ကို ခေါ်ပြလိုက်သည်။ ကျွန်ုပ်တို့နှင့် အိမ်နီးနားချင်းတွေကလည်း ဆိုင်းဘုတ်ကို ကြည့်ပြီး ရယ်ကြသည်။ သို့ပေမဲ့ ကျွန်ုပ်အဖို့မူ ဆိုင်းဘုတ်က ကြားနေခြင်းကို ဖော်ပြနေသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့သည် ပါကျောင်မှ လက်နက်ကိုင်အုပ်စုများ၏ အစိတ်အပိုင်း တစ်ခုမဟုတ်ဘဲ ဂျာနယ်လစ်များအနေနှင့် ရောက်ရှိနေသည်ကို ဖော်ပြလိုခြင်း ဖြစ်သည်။

နေ့ရက်တို့ ကျော်လွန်သည်နှင့်အမျှ မိုးကလည်း သည်းထန်လာရာ အိမ်တွင်းခွဲသာ ကျွန်ုပ်တို့ အနေများလာသည်။ ဆိုင်နောင့်သည်လည်း ဘန်ကောက်က ပေးပို့မည့်ဖလင်ကို စောင့်နေရသည်ဖြစ်၍ လက်ကျန်ဖလင်လိပ် အနည်းငယ်ကို ချွေတာသုံးနေရသည်။ ထိုရက်အတွင်း ဘန်ကောက် ရီဗျူး ဗျူရိုက ကချင်တောင်တန်းတွေကြားက ရုံးခွဲလေးကို

www.nyisay.com



ကူညီသည့်အနေနှင့် သတင်းတွေအတွက် ကြိုတင်ငွေအဖြစ် ဘတ်ငွေ တစ်သောင်းကို ကျွန်ုပ်တို့၏ ကချင်အဆက်သွယ်ထံ ပေးလိုက်သဖြင့် ထိုသူက ပါကျောင်သို့ ရေဒီယိုဖြင့် အကြောင်းကြားခဲ့ရာ တစ်နေ့တွင် စာရင်းကိုင် အရာရှိတစ်ယောက် ကျွန်ုပ်တို့အိမ် ရောက်လာပြီး ဘတ်ငွေ တစ်သောင်းနှင့် ညီမျှငွေ ကျပ်ငွေတွေ ပေးသွားသည်။ နမ့်ဘူတွင် ကျွန်ုပ်တို့ ချေးယူလာသော ငွေလည်း ပြတ်သွားပြီး ပြန်ဆပ်ရဦးမည်ဖြစ်၍ ကျွန်ုပ်တို့ ငွေလိုနေချိန်တွင် ရီဗျူးဗျူရိုက အကောင်းဆုံး လုပ်ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ခရီးစဉ်မှာ တရားဝင်မဟုတ်သဖြင့် တိုက်ရိုက် မထောက်ပံ့နိုင်ဘဲ ယခုလို ကြိုတင်ငွေ ပေးလိုက်ခြင်းလည်း ဖြစ်သည်။

ဘရန်ဆိုင်းနှင့် ကျွန်ုပ် မကြာခဏ တွေ့ကြသော်လည်း အင်တာဗျူးဖို့ သူ့အနေနှင့် အချိန်ပေးဖို့ပင် အတော်ခက်ကြောင်း မကြာခင် ကျွန်ုပ် သိခဲ့ရသည်။ ကျွန်ုပ်ဆီ နေ့တိုင်းလိုလို လာတတ်သော NSCN ခေါင်းဆောင်တွေကို မဟုတ်၊ ဩချရလောက် အောင် အလုပ်ရှုပ်နေလေရာ သူ့ဆီလာသော ဧည့်သည်တွေကလည်း သူပုန်ထိန်းချုပ် ဒေသတွင်းသာမဟုတ်၊ နေရာဒေသမျိုးစုံက ရောက်လာသူတွေ။ သူနေသော ပျဉ်ထောင် အိမ်ကြီးမှာ ကျွန်ုပ်တို့အိမ် အထက် တောင်ကုန်းပေါ်တွင် ရှိသဖြင့် ကိုယ်စားလှယ်အဖွဲ့ တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာနေသည်ကို ကျွန်ုပ်တို့ တွေ့နေရသည်။

အချို့ ကိုယ်စားလှယ်များမှာ ဘက်ပတစ် ဘုရားကျောင်းမှဖြစ်ပြီး ကိစ္စအမျိုးမျိုး အတွက် အကြံဉာဏ်တောင်းဖို့အတွက် မြို့ရွာ ကျေးလက်ဒေသတွေက ရောက်လာသော သာမန်အရပ်သားတွေလည်း ပါသည်။ အထူးသတိထားရမည့် အကြောင်းအရာတို့ကို ကျွန်ုပ်အနေနှင့် မေးမြန်းစုံစမ်းခြင်း မရှိသော်လည်း အချို့ဧည့်သည်များကား မြစ်ကြီးနားမှ အစိုးရအရာရှိတွေဖြစ်ပြီး သူပုန်နှင့် လျှို့ဝှက်ဆက်သွယ်နေသူတွေဖြစ်ရာ ဘရန်ဆိုင်းကို ကျွန်ုပ် လုံးဝ လေးစားသွားသည်။ ဘရန်ဆိုင်းကား ကျွန်ုပ် တွေ့ခဲ့ဖူးသော တိုင်းရင်းသား သူပုန်ခေါင်းဆောင်တွေနှင့် လုံးဝမတူ။ ပညာတတ်တစ်ယောက်ဖြစ်ပြီး အင်္ဂလိပ်စကားကို ကောင်းစွာ ပြောနိုင်သူ။ နိုင်ငံရေးကိစ္စဖြစ်စေ၊ ဒေသတွင်းကိစ္စဖြစ်စေ၊ ဝေးလံ၍ ကုန်းတွင်း ပိတ် ကချင်ပြည်နယ်တွင် ကျွန်ုပ်ကိုယ်တိုင် မျှော်လင့်မထားသောကိစ္စရပ်နှင့် ပတ်သက် လာလျှင် ကျယ်ကျယ်ပြန့်ပြန့် သိထားသူ။ သူ့ဖခင်မှာ စာမတတ်၊ အရောင်းအဝယ်လုပ်ငန်း လေးတစ်ခု လုပ်ကိုင်သည်။ သူ့ကို ဖားကန့်အနီး ရွာလေးတစ်ရွာမှာ မွေးပြီး မောင်နှမ သားချင်း (၇) ယောက်ရှိသည်။ သူတို့ဖခင်က သူတို့မောင်နှမ အားလုံးကို အိမ်မှာပဲနေပြီး မိသားစုအလုပ်ကို ဝိုင်းကူညီစေချင်သော်လည်း ဘရန်ဆိုင်း၏ ဉာဏ်ရည်ဉာဏ်သွေးကို သဘောပေါက်သော ဦးလေးတော်သူက သူ့ကို စာသင်ကျောင်း လွှတ်၍ စာသင်စေသည်။ သို့ရာတွင် ၁၉၄၂ ခုနှစ် ဂျပန်တွေ ကျူးကျော်လာသဖြင့် စာသင်ကြားမှုကို ရပ်လိုက်ရပြီး

www.nyisay.com



တခြားကချင်တွေနည်းတူ တြိုဂံဒေသမှ တောထဲတွင် ရှောင်ပုန်းနေခဲ့ရပြီးနောက် စစ်ကြီးပြီးခါမှ ပညာရေးပြီးဆုံးသွားသည်။ ထို့နောက် မြန်မာပြည် ဝိုင်အမ်စီအေ၏ ကိုယ်စားလှယ်အဖွဲ့ဝင်အနေနှင့် စက််ပူသို့ လ,အနည်းငယ် သွားရောက်နေထိုင်ခဲ့ပြီး နောက်တွင်မူ ကချင်ပြည်နယ်သို့ ပြန်လာကာ မြစ်ကြီးနားမြို့ ကချင် ဘက်ပတစ် အထက်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။

"ခင်ဗျားလည်း သိပါတယ်၊ ကျွန်တော်တို့ ကချင်လူမျိုးတွေက ၁၉၆၁ ခုနှစ်အထိ ရန်ကုန်အစိုးရကို လက်နက်ကိုင် မဆန့်ကျင်ခဲ့ဘူး။ ဗမာပြည်လူနည်းစုတွေထဲမှာ ကျွန်တော်တို့ဟာ နောက်ဆုံးမှ လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြတာပါ။ ၁၉၄၉ ခုနှစ်မှာ ကရင်လက်နက်ကိုင်ပုန်ကန်မှုတွေစပြီ။ မွန်နဲ့ကရင်နီတွေ လက်နက်ကိုင်ခဲ့တာလည်း အဲ့ဒီအချိန်လောက်ပဲ။ ရှမ်းတွေက ၁၉၅၈ မှ စတင်ခဲ့တယ်။ ကျွန်တော်တို့က လက်နက်ကိုင်တော်လှန်ရေး မလုပ်ဘဲနဲ့ ကချင်လူမျိုးတွေရဲ့ အခြေအနေတွေ တိုးတက်အောင် လုပ်နိုင်မယ်လို့ စဉ်းစားခဲ့ကြတယ်။ ဒါပေမဲ့ စိတ်ဖျက်စရာတွေ တစ်ခုပြီးတစ်ခု ဖြစ်လာတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ကချင်တွေ အသေအလဲ တိုက်ခိုက်ခဲ့ရပေမဲ့ ဂျပန်က စစ်လျော်ကြေးပေးတဲ့အခါ ကချင်ပြည်နယ်ကို ရောက်မလာဘူး။ ဂျပန်ဂျစ်ကားတွေဆိုရင် ဗမာအစိုးရအရာရှိတွေဆီမှာပဲ။ ပြည်သူတွေအတွက် ဘာမှ မရှိဘူး။ ကချင်ပြည်နယ်တိုးတက်ဖို့ ဘာတစ်ခုမှ လုပ်မပေးဘူး။ ဒါကြောင့် ကချင်ကျောင်းသားတွေဟာ ရန်ကုန်မှာ လှုပ်ရှားမှုတွေ စဖွဲ့စည်းထားပြီး၊ ကျောင်းသားဆောင်က ကျွန်တော့်အခန်းမှာ မကြာခဏ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်"

သို့ဖြင့် ဆိုခဲ့သလို မကျေချမ်းမှုတွေ တွေ့ကြုံ လှိုက်စားလာခဲ့ရာမှ ၁၉၆၁ ခုနှစ်တွင် ကချင်လက်နက်ကိုင် အုံကြွမှုကြီး ပေါက်ကွဲလာရာ ထိုနှစ်အတွင်းမှာပင် ဦးနုအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာလိုက်သည်ဖြစ်၍ ခရစ်ယာန်ဘာသာဝင် အများဆုံး ပါဝင်သော ကချင်တို့က ဆိုခဲ့ပါ ကြေညာချက်ကို ပေါ်ပေါ်ထင်ထင် ရန်စမှုအဖြစ် မှတ်ယူခဲ့ကြသည်။

ကချင်အမျိုးသားဝါဒီ လူငယ်တို့၏ ပထမဆုံးရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာခြင်းသည် ဗမာလူမျိုးကြီးဝါဒမှ ရိုက်ခတ်ခြင်းဖြစ်၍ နိုင်ငံတော်ဘာသာ ကြေညာခြင်းကို ဆန့်ကျင်ဖို့ ဖြစ်သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် တရုတ်-မြန်မာ နယ်ခြားပြဿနာတစ်ခုကို ဖြေရှင်းရာတွင် Nanwan Assigned Tract ဟု ထင်ရှားသော နမ့်ခမ်းအနီးဒေသတွင် မြန်မာတို့၏ အချုပ်အခြာ ပိုင်ဆိုင်ဖို့အတွက် အပြန်အလှန်အားဖြင့် ကချင်ကျေးရွာတချို့ကို တရုတ်သို့ ပေးလိုက်သည်။ နမ့်ခမ်းမှာ (၁၉) ရာစုအတွင်း ဗြိတိသျှတို့က တရုတ်ပြည်မှ အဆိုပါ စာချုပ်ဖြင့် ငှားယူခဲ့ခြင်းဖြစ်သည်။

www.nyisay.com



တရုတ်-မြန်မာ နယ်ခြားပြဿနာကို ဆိုခဲ့သလို အပေးအယူဖြင့် ဖြေရှင်းခြင်းမှာ နိုင်ငံတကာ စံချိန်စံညွှန်းအရ မျှတမှုရှိသော်လည်း ကချင်ပြည်နယ်အတွင်းက လမ်းမကြီးတွေကို တရုတ်သို့ လွှဲပေးလိုက်ပြီဟူ၍ ကောလာဟလတွေ ပြန့်ကားသွားလေရာ ယနေ့တိုင် ကချင်အများစုက ထိုစဉ်က တရုတ်-မြန်မာ နယ်ခြား ဆွေးနွေးမှုတွင် ပါဝင်ခြင်း မရှိသော နယ်စပ်နေရာတချို့ကို လက်ညှိုးထိုးပြပြီး ရန်ကုန်အစိုးရက တရုတ်ကို ပေးလိုက်သော နယ်မြေတွေ ဖြစ်ပါသည်ဟု ပြောဆိုနေကြဆဲပင်။ မည်သို့ရှိစေ၊ ဆိုခဲ့သလို နားလည်မှုလွဲမှားခဲ့ရခြင်း၏ အဓိက အကြောင်းရင်းမှာ နယ်ခြားပြဿနာနှင့် သဘောတူညီမှုတို့ မည်သို့မည်ပုံ ရရှိလာခဲ့သည်တို့ကို ကချင်လူထုသို့ သေသေချာချာ ရှင်းလင်းပြောဆိုခြင်း မလုပ်ခဲ့သဖြင့် အထွေထွေ မကျေနပ်မှုတို့ကို အကြောင်းပြု၍ ကချင်လူငယ် ရာပေါင်းများစွာ လက်နက်ကိုင်၍ တိုက်ပွဲဝင်ခဲ့ကြလေသည်။

ကချင်လက်နက်ကိုင် ပုန်ကန်မှုကို ဇော်ဆိုင်း၊ ဇော်တူးနှင့် ဇော်ဒန် ညီအစ်ကို သုံးဦးက စတင်ဦးဆောင်ခဲ့ပြီး ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ကချင်လူမျိုး အများစု နေထိုင်ရာ နယ်မြေတွင် ပထမဆုံး ခြေကုပ်ယူခဲ့ရာ ယခုအဆိုပါနယ်မြေကို ကေအိုင်အေ တပ်မဟာ (၄) က ထိန်းချုပ်ထားသည်။ ပထမဆုံး ကေအိုင်အေအဖွဲ့တွင် လူအယောက် (၃၀) ပါဝင်ပြီး ဒုတိယကမ္ဘာစစ်သုံး ရိုင်ဖယ်သေနတ်တို့ကို အသုံးပြုခဲ့ကြသည်။ လက်နက်ကိုင် အဖွဲ့အတွက် ရန်ပုံငွေရှာရာတွင် ဇော်တူးနှင့်အဖွဲ့က လားရှိုးဘဏ်တိုက်ကို ဓားပြတိုက်၍ ကျပ်ငွေ (၉၀,၀၀၀) ယူသွားသည်။

သို့ဖြင့် ကချင်လက်နက်ကိုင် ပုန်ကန်မှုတို့သည်ကား ကချင်ပြည်နယ် တောင်ဘက်သို့ ပျံ့နှံ့သွားပြီး တြိဂံဒေသတွင် ပြောက်ကျားတပ်များ အခိုင်အမာ တပ်စွဲထားရာမှ အဓိက မြို့ကြီးများနှင့် လမ်းမကြီးများမှအပ ယနေ့ တွေ့မြင်နေရသလို ကချင်ပြည်နယ် တစ်နယ်လုံးနီးနီးကို ကေအိုင်အေက ထိန်းချုပ်နိုင်ခဲ့ပါ၏။

သို့ရာတွင် လက်နက်ကိုင် ပုန်ကန်မှုများ အလျင်အမြန် ကြီးထွားလာခဲ့သော်လည်း ကေအိုင်အေ အနေနှင့် ပြင်ပထောက်ပံ့ကူညီမှုတို့ကို လုံးဝ မှီခိုခြင်းမရှိ၍ အရှေ့တောင်အာရှများတွင်မူ ထူးခြားသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့လည်း ဖြစ်သည်။ ပထမဆုံး ကချင်လက်နက်ကိုင် သူပုန်တပ်ကို ဖွဲ့စည်းဖို့ အချိန်စောစောကပင် အားထုတ်ခဲ့သော်လည်း လက်တွေ့ အထမမြောက်ခဲ့ပေ။ ဒုတိယကမ္ဘာစစ်ကာလအတွင်းကပင် ကချင်ပြည်အဖြစ် ခွဲထွက်ဖို့ အားထုတ်ခဲ့သူတစ်ဦးမှာ နော်ဆိုင်း ဖြစ်သည်။ နော်ဆိုင်းကား ဗြိတိသျှတို့ ဖွဲ့စည်းပေးထားသော ကချင် Levies တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တိုက်ရည်ခိုက်ရည် ထက်မြက်သော ရဲဘော်တစ်ဦး ဖြစ်သည်။ ဂေါဒွန် နှင့် သိက္ခမ်းပြီး ၄၄း၏အဆိုအရ လူငယ်ဖိုက်တာ နော်ဆိုင်းတွင် ထိုစဉ်ကတည်းက ကချင်ဒေသကို နိုပေါနိုင်ငံကဲ့သို့ လွတ်လပ်သော နိုင်ငံအဖြစ် ခွဲထွက်ဖို့ စိတ်ကူးရှိခဲ့သလို နိုပေါလိုပင် ဖိုက်တာတပ်ဖွဲ့ဝင်တွေ

www.nyisay.com



ငှားရမ်း၍ ရဲရင့်သော နိုင်ငံတစ်နိုင်ငံအနေနှင့် ပိုက်ဆံရှာဖို့လည်း စိတ်ကူးခဲ့သည်။ ကမ္ဘာစစ်ပြီးနောက် ဂျပန်တို့ကို ရေကုန်ရေခန်း တိုက်ခိုက်ခဲ့သည့်အတွက် နော်ဆိုင်းကို ဗြိတိသျှအာဏာပိုင်တို့က သူရဲကောင်းဘွဲ့တံဆိပ် ပေးအပ်ခဲ့ပြီး ကချင် Levies တပ်ဖွဲ့သည်လည်း စစ်ပြီးသည်နှင့် ပြန်လည် ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ကချင်ရိုင်ဖယ်တပ်ဖွဲ့အနေနှင့် ပါဝင်လာခဲ့ရာ ပထမဆုံးကချင်တပ်ရင်းတွင် နော်ဆိုင်းကို တပ်ရင်းမှူးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၄၈ ခုနှစ် မြန်မာပြည် လွတ်လပ်ရေးရပြီး မကြာမီ ကွန်မြူနစ်တို့ တောခိုသွားကြရာ နော်ဆိုင်း၏ ကချင်ရိုင်ဖယ်တပ်က ကွန်မြူနစ် သောင်းကျန်းသူတို့ကို အစိုးရဘက်မှ လိုလိုလားလား တိုက်ခိုက်ခဲ့ပါသော်လည်း ကရင် သူပုန်တို့ကို တိုက်ခိုက်ဖို့ အမိန့်ပေးသည့်အခါတွင်မူ နာခံခြင်းမရှိတော့ဘဲ ကရင်တို့နှင့် လက်တွဲ၍ မြန်မာပြည် မြောက်ပိုင်းမှ အစိုးရတပ်ဖွဲ့တို့ကို အလုံးအရင်းနှင့် ပြန်လည်တိုက်ခိုက်ခဲ့လေသည်။

၁၉၄၉ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် မိမိတို့ ကချင်အမျိုးသားတို့ကို စည်းရုံးစုစည်းဖို့ ရည်ရွယ်ချက်နှင့် ကချင်ပြည်နယ် မြောက်ဘက်စွန်းသို့ နော်ဆိုင်းနှင့်အဖွဲ့ ချီတက်သွားကြရာ ရှမ်းပြည်အရှေ့မြောက်ဘက် ကချင်အမျိုးသားတို့ နေထိုင်ရာ တောင်တန်းများကြားတွင် အစိုးရတပ်တွေနှင့် ပိတ်မိနေသဖြင့် နောက်ဆုံး ရွေးစရာလမ်း မရှိတော့သဖြင့် ဆုတ်ခွာလာခဲ့ပြီး ၁၉၅၀ ခုနှစ် ဧပြီလတွင် 'မုံးကိုး' ခေါ် နယ်ခြားရွာလေးတစ်ရွာမှတစ်ဆင့် တရုတ်ပြည်ထဲ ရောက်ရှိသွားသည်။ သို့ဖြင့် နော်ဆိုင်းနှင့် ကချင်ရိုင်ဖယ်တပ်ဖွဲ့တို့ကား ဒုတိယ နီပေါနိုင်ငံ ထူထောင်သူတွေ ဖြစ်မလာတော့ဘဲ တရုတ်ပြည် ကွမ်ကျိုးပြည်နယ် လယ်ထွန်စက် စက်ရုံနှင့် စုပေါင်းလယ်ယာတို့တွင် အလုပ်သမားတွေအဖြစ် လုပ်ကိုင်စားသောက်ခဲ့ကြရာ ၄င်းတို့အကြောင်း မေ့ပျောက်သွားသည်မှာ ၁၉၆၈ ခုနှစ်အထိ ဖြစ်သည်။ ထိုနှစ်တွင် တရုတ်ကို ကျောမီရပ်နေရသော ဗကပသည် တရုတ်ပြည်မှ ရှမ်းပြည်အရှေ့မြောက်ဘက်တွင် ခြေကုပ်ယူဖို့ ပြန်ဝင်လာရာ မြန်မာပြည်ထဲသို့ ပထမဆုံးဝင်လာသော ကွန်မြူနစ်တပ်တွင် တပ်မှူးအနေနှင့် နော်ဆိုင်းကို ပြန်တွေ့လိုက်ကြရသည်။ ဤ၌၌ တိုက်တိုက်ဆိုင်ဆိုင် မြန်မာပြည်သို့ နော်ဆိုင်း ပြန်ဝင်လာသော နေရာမှာ သူထွက်သွားသော 'မုံးကိုး' ရွာပင်ဖြစ်သည်။

နော်ဆိုင်းနှင့်အဖွဲ့ တရုတ်ပြည် မဲဇာတွင် သောင်တင်နေစဉ်မှာပင် ကချင်လက်နက်ကိုင်တပ်ဖွဲ့ ကေအိုင်အေကို ဖွဲ့စည်းခဲ့ပြီး ဗကပခြေကုပ်ယူဖို့ ဝင်လာသော နယ်မြေတို့တွင် ကောင်းစွာအထိုင်ချပြီးဖြစ်ရာ ဤမှာပင် ဗကပနှင့် ကေအိုင်အေတို့ နယ်လုကြပြီး မီးကုန်ယမ်းကုန် တိုက်ကြခိုက်ကြလေရာ ထိုကာလတစ်ဝိုက် ၁၉၇၂ ခုနှစ်မှာပင် လုံးလုံးလျားလျား ကျုန်ပ်လောက်အောင် ရှင်းမပြနိုင်သော အခြေအနေအောက်တွင် နော်ဆိုင်းတစ်ယောက် ရေတိမ်နစ်ခဲ့ရရှာသည်။ ဗကပမှ တာဝန်ရှိသူတို့၏ အပြောအရ ဝ,တောင်တန်းများတွင် အမဲလိုက်နေစဉ် ချောက်ကမ်းပါးတစ်ခုပေါ်က ပြုတ်ကျသေဆုံးခဲ့ရသည်

www.nyisay.com



ဆိုသော်လည်း ကချင်တို့က မယုံ၊ မိမိညီနောင်သားချင်းများဖြစ်သော ကေအိုင်အေကို တိုက်ဖို့ ငြင်းသည့်အတွက် တပ်မှူးနော်ဆိုင်းကို ဗကပက ရှင်းပစ်လိုက်သည်လို့ပဲ စိတ်စွဲနေခဲ့ကြပါ၏။

နော်ဆိုင်း သေဆုံးရခြင်းနှင့် ပတ်သက်၍ အဖြစ်မှန်ကား မည်သို့ရှိစေ ဘရန်ဆိုင်း ကေအိုင်အို ဥက္ကဋ္ဌ ဖြစ်လာသော ၁၉၇၆ ခုနှစ်တွင်မူ သူပုန်အဖွဲ့နှစ်ဖွဲ့ကြားမှ အမြောက်သံစိန်ပြောင်းသံတွေ တိတ်ဆိတ်သွားသည်။ ဗကပနှင့် အပစ်ရပ်လိုက်သည်ဖြစ်၍ အနိမ့်ဆုံးစစ်မျက်နှာတစ်ဖက် ငြိမ်းချမ်းသွားသလို မြန်မာကွန်မြူနစ်တွေကတစ်ဆင့် တရုတ်စစ်လက်နက်တို့ကို ဝယ်ယူ၍ အားဖြည့်လာခဲ့ရာ ၁၉၈၀ ဝန်းကျင်နှစ်များတွင်မူ အစိုးရတပ်ဖွဲ့တွေကို အလုံးအရင်းနှင့် တိုက်ခဲ့၍ ထိုကာလမှာပင် မြစ်ကြီးနား-ဗန်းမော် မော်တော်ကားလမ်းမှ နယ်မြေအတော်များများကို ကေအိုင်အေက ချုပ်ကိုင်ခဲ့ပြီး ဌာနချုပ်ကိုလည်း တြိဂံဒေသမှ ပါကျောင်သို့ ပြောင်းရွှေ့လာခဲ့ရာ ထိုအချိန်မှ စ၍ တရုတ်နှင့် ဆက်ဆံရေးအဆင်ပြေလာခဲ့သည်။

ကျွန်ုပ်အပါအဝင် ပြင်ပမှ လေ့လာသူတွေအနေနှင့် ၁၉၇၆ ခုနှစ်တွင် ဗကပနှင့် စစ်ဖက်ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းသည် ကချင်တွေ ကွန်မြူနစ်ဝါဒ လွှမ်းမိုးခံလိုက်ရပြီဟု ယူဆခဲ့ကြသော်လည်း ယခု ကေအိုင်အေ ထိန်းချုပ်ထားသော နယ်မြေတွင် လ,အတော်ကြာ နေလာခဲ့ရာမှ ဆိုခဲ့သလို ထင်မြင်ယူဆချက်ကို ပြန်လည်သုံးသပ်မိခဲ့ သည်။ ကွန်မြူနစ်ဝါဒ ဖြန့်ချိရေးအဖွဲ့တွေ ကပြဖြေဖျော်ခဲ့သော အကပုံစံကဲ့သို့ အပေါ်ယံ ကိစ္စများမှလွဲ၍ ကွန်မြူနစ်လွှမ်းမိုးမှု လုံးဝမတွေ့ရသဖြင့် တရုတ်နှင့် ကေအိုင်အေတို့၏ ဆက်ဆံရေးအခြေအနေနှင့်ပတ်သက်၍ ဘရန်ဆိုင်းကို ကျွန်ုပ် မေးကြည့်သည်။

"၁၉၆၇ ခုနှစ်က တရုတ်ပြည်ကို ကျွန်တော်တို့ ပထမဆုံးအကြိမ် သွားခဲ့ကြတယ်၊ ပန်းဝါတောင်ကြားလမ်းက ခြေလျင်ဖြတ်ပြီး တရုတ်စစ်တပ်စခန်း အပြင်ဘက် အနီးဆုံးနေရာမှာ စခန်းချခဲ့ကြတယ်။ ကျွန်တော်တို့က သူတို့ အကူအညီ လိုတယ်ပြောတော့ သူတို့က ကျွန်တော်တို့ကို ကွန်မြူနစ်တွေလားလို့ မေးတယ်။ ကျွန်တော်တို့က ခရစ်ယာန်တွေ၊ သူတို့နဲ့ ဆက်ဆံရေးကောင်းမွန်စေချင်တယ်လို့ ပြန်ပြောလိုက်တယ်။ အချို့ကိစ္စတွေကို အခြေတင်ပြောဆို ဆွေးနွေးပြီးတဲ့အခါ ကျွန်တော်တို့ကို စစ်ကားတစ်စီးနဲ့ 'ဘောင်ရှန်' က အနီးဆုံး လေဆိပ်ကို ခေါ်သွားတယ်။ ပြီးတော့ ကူမင်းကတစ်ဆင့် ဘေဂျင်းကို လေယာဉ်ပျံနဲ့ ခေါ်သွားပြီး 'ချူအင်လိုင်း'နဲ့ တွေ့ခဲ့ရတယ်။ ကျွန်တော်ဟာ ခရစ်ယာန်တစ်ယောက်ဖြစ်ပြီး ကွန်မြူနစ်မဟုတ်ဘူး ဆိုတဲ့အချက်ကို ဘယ်တော့မှ ဖုံးကွယ်မထားဘူး၊ ချူအင်လိုင်းက ဒါကို နားလည်ပုံရတယ်"

စင်စစ် ပန်းဝါတောင်ကြားမှ ဘေဂျင်းမြို့၊ ကောင်းကင်ဘုံ ငြိမ်းချမ်းရေးဂိတ်တံခါးအထိ ရှည်လျားသော ခရီးစဉ်ကား ကချင်တို့အတွက် ဖြစ်ရိုးဖြစ်စဉ် မဟုတ်၊ လေ့လာ

www.nyisay.com



သင်ယူခဲ့ရသောခရီး ဖြစ်သည်။ ကချင်တို့အနေနှင့် အချိန်အတော်ကြာသည့်အထိ ကွန်မြူနစ်တရုတ်တွေကို ဝေးဝေးက ရှောင်လာခဲ့သော်လည်း နာဂအဖွဲ့တွေကိုတော့ တရုတ်ပြည်ရောက်အောင် မကြာမကြာ ပို့ပေးနေရသည်။ နာဂတွေတောင် နယ်ခြားကျော်ပြီး တရုတ်ကွန်မြူနစ်ဆီက အကူအညီတွေ ယူနေသေးလျှင် မိမိတို့ကချင်တွေရော ဘာကြောင့် မရနိုင်ရမှာလဲ ဆိုသောအတွေး ခေါင်းထဲဝင်လာခဲ့ကြသည်။

နာဂပြဿနာက တရုတ်အတွက် နိုင်ငံရေးအယူဝါဒနှင့်မဆိုင်၊ အိန္ဒိယကို တရုတ်က အချိန်အတော်ကြာကပင် ရန်လိုနေခဲ့သလို နယ်ခြားပြဿနာနှင့်လည်း အငြင်းပွားနေချိန်၊ တစ်ချိန်တည်းမှာပင် အရှေ့မြောက်ဒေသမှာ နာဂကဲ့သို့ ခွဲထွက်ခွင့် တောင်းဆိုနေသော အုပ်စုတွေနှင့် မငြိမ်မသက် ဖြစ်နေရာ အဆိုပါ ဒေသတွင်း တည်ငြိမ်မှု ပျက်သွားအောင် နာဂသူပုန်တွေကို တရုတ်တွေက စစ်လက်နက်တွေ အကူအညီပေးနေပြီး တစ်ဖက်ကလည်း ဟိမဝန္တာဒေသ အပစ်ရပ်လိုင်းတစ်လျှောက်တွင် ချထားသော အိန္ဒိယတပ်တို့ကို ဆုတ်သွားအောင် ဖိအားပေးနေခြင်း ဖြစ်သည်။

ယခုကချင်ကိစ္စသည်လည်း တရုတ်တို့အတွက် အလားတူပြဿနာ ဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် တရုတ်-မြန်မာ လူမျိုးရေးအဓိကရုဏ်း ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ ဆန့်ကျင်ရေးဘက် ဦးလှည့်ပေးလိုက်ခြင်းဖြစ်ရာ ပီကင်းရေဒီယိုက နေဝင်းအစိုးရကို ဖက်ဆစ်အစိုးရအဖြစ် ဝေဖန်လိုက်ပြီး သွေးကို သွေးနှင့် လက်စားချေဖို့ တရုတ်လူထုကို လှုံ့ဆော်ပေးခဲ့ရာ နေ့စဉ်လိုလို ဘေဂျင်းမှ မြန်မာသံရုံးအပြင်ဘက်တွင် စုရုံး၍ တပ်ဖီရဲဘော်တွေက လော်စပီကာတွေ တကားကားနှင့် အသံကုန်ဟစ်ခဲ့ကြသည်။ ထိုအချိန်တွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်မှာ အစိုးရထောက်ခံသူ ကချင်အမျိုးသား ဆင်ဝါးနောင် ဖြစ်သည်။ တရုတ်က ထောက်ခံမှုပေးနေရသော အခြားအကြောင်းများလည်း ရှိသေးရာ၊ ထိုအချိန်က ယဉ်ကျေးမှု တော်လှန်ရေးကာလဖြစ်၍ ဗကပကို တရုတ်က အစွမ်းကုန် အထောက်အပံ့ပေးဖို့ ဆုံးဖြတ်ထားသည်။ မုံးကိုးမှ မြောက်ပိုင်းသို့ ဗကပတိုးဝင်လာဖို့အစီအစဉ်မှာ နောက်ဆုံးအဆင့်သို့ ရောက်လာသည့်အခါ ဗကပအနေနှင့် ဒေသခံအရန်တပ်တွေ လိုလာသည်။ သို့ဖြစ်၍ အဆိုပါကိစ္စကို အကောင်အထည်ဖော်ရာတွင် ကေအိုင်အေသည် ၄င်းတို့အတွက် အသုံးဝင်လိမ့်မည်ဟု ဗကပရော၊ တရုတ် ကွန်မြူနစ်တွေရော ယူဆခဲ့ကြသဖြင့် ဘေဂျင်းတွင် ကေအိုင်အေနှင့် စီပီဘီတို့ ဆွေးနွေးကြသည့်အခါ နိုင်ငံရေး ဦးဆောင်မှုတွင် ကေအိုင်အေက ကွန်မြူနစ်တို့၏ အခန်းကဏ္ဍကို လက်ခံရမည်ဟု စီပီဘီက တောင်းဆိုခဲ့သည်။

"ဒီကိစ္စကိုတော့ ကျွန်တော်တို့ လုံးဝ လက်မခံနိုင်ပါဘူး" ဘရန်ဆိုင်းက ဆက်ပြောသည်။

www.nyisay.com



"ဘုံရန်သူကို ဗကပနဲ့အတူ ကျွန်တော်တို့ တိုက်မှာပါ။ ဒါပေမဲ့ သူတို့က နိုင်ငံရေး ဦးဆောင်မယ်ဆိုတာကိုတော့ လုံးဝ လက်မခံနိုင်ပါဘူး။ အဲဒီနောက် သိပ်မကြာ လိုက်ပါဘူး။ ဗကပနဲ့ ကျွန်တော်တို့ တိုက်ကြပြီး ဗကပက မုံးကိုး ဧရိယာထဲ ဝင်လာတယ်။ သူတို့နဲ့ ၁၉၇၆ ခုနှစ်အထိ (၈) နှစ်ကြာ တိုက်ပွဲဖြစ်ခဲ့ပြီး နောက်ဆုံးမှသာ ညီတူညီမျှ ရေးဆွဲထားတဲ့ စစ်ရေးစာချုပ်ကို ဗကပက လက်ခံခဲ့တာပဲ"

ဗကပနှင့် မဟာမိတ်ဖွဲ့ခြင်း၊ တရုတ်နှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခြင်း စသည့် ပေါ်လစီတို့သည်ကား ၁၉၈၀ ဝန်းကျင်ကာလများအတွင်း ဘရန်ဆိုင်းကိုယ်တိုင် ပြောင်းလဲတည်ဆောက်ခဲ့သော ပေါ်လစီတွေထဲက အပါအဝင် ဖြစ်သည်။ ကချင်လက်နက်ကိုင် လမ်းစဉ်တစ်ခုလုံး၏ ရည်ရွယ်ချက်ကိုလည်း တစ်ခါက လက်ခံအားပေးခဲ့သော ခွဲထွက်ရေး လမ်းစဉ်မှ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာပင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရေးသို့ လမ်းကြောင်းပြောင်းယူလာခဲ့သည်။ မျိုးဆက်သစ်ခေါင်းဆောင်တို့ကလည်း အယူအဆ အတွေးအခေါ်သစ်တို့ကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခဲ့သည်။

ကေအိုင်အေကိုစတင်တည်ထောင်သူ ညီအစ်ကို(၃) ဦးအနက် ဇော်ဒန်းက ၁၉၇၄ ခုနှစ် ဗကပနှင့်ဖြစ်သော တိုက်ပွဲတွင် ကျဆုံးခဲ့ပြီး ဇော်ဆိုင်းနှင့် ဇော်တူးတို့ကမူ ထိုင်းနယ်စပ် အနီးမှ ကချင် ဆက်သွယ်ရေးစခန်းတွင် ၁၉၇၅ ခုနှစ်အတွင်း လုပ်ကြံခံလိုက်ရသည်။

လုပ်ကြံသူမှာ ကေအိုင်အေတပ်မှ ဗိုလ်လေးတစ်ယောက်ဖြစ်၍ ခေါင်းဆောင် ဟောင်းတွေနှင့် သဘောထား ဆန့်ကျင်ပြီး ကေအိုင်အေကို ပြုပြင်ပြောင်းလဲလိုသူ လူငယ်တစ်ဦး ဖြစ်သည်။ သို့ရာတွင် ယခုလို လုပ်ကြံခြင်းဖြင့် သူ့ကို ရာထူးတိုးပေးလိမ့်မည်ဟု တွက်ချက်ထားသော်လည်း ရာထူးကား မတိုး၊ ဆုလဒ်အဖြစ် အကွပ်မျက်ခံလိုက်ရပါ၏။

ယနေ့တွင်မူ ညီအစ်ကို (၃) ယောက်ကို ကချင်သူပုန်စစ်တပ်ကို စတင်တည်ထောင်သူတွေအဖြစ် အသိအမှတ်ပြု၍ ပါဂျောင်တွင် ရုပ်တု ထု၍ ဂုဏ်ပြုခဲ့ကြပါသော်လည်း ရဲဘော်အများစု၏ ရင်ထဲတွင်ကား နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အပိတ်လမ်းသို့ တွန်းပို့ခဲ့သော သူတို့ခေါင်းဆောင်တွေ ဆုံးရှုံးသွားသည့်အတွက် နမြော်တသ ရှိကြပုံမရပေ။

ပြီးခဲ့သည့်ကာလက ပါဂျောင်တွင် ကျင်းပခဲ့သော NDF အစည်းအဝေးတွင် ခွဲထွက်ခွင့် အယူအဆကို စွန့်လွှတ်ခြင်းနှင့် ဗကပနှင့် စစ်ရေးအရ ပူးပေါင်း ဆောင်ရွက်ခြင်း ပေါ်လစီသစ်တို့ကို NDF ကိုယ်စားလှယ်တို့၏ ထောက်ခံမှုရအောင် ဘရန်ဆိုင်း အနေနှင့် ဆောင်ရွက်နိုင်ခဲ့သည်။ ဘရန်ဆိုင်း၏ နောက်ထပ်အစီအစဉ်တစ်ခုမှာ NDF အဖွဲ့ဝင်တို့ကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေဖို့ ဖြစ်သည်။ အစည်းအဝေးတွင် တပ်ဦးဖွဲ့စည်းရေးနှင့်ပတ်သက်၍ လှုပ်ရှားမှုတို့ကို ပူးပေါင်းဆောင်ရွက်မည့် ဒေသဆိုင်ရာ စစ်တိုင်း သုံးတိုင်း ခွဲလိုက်သည်။ မြောက်ပိုင်းတိုင်းတွင် KIA, SSA နှင့်

www.nyisay.com



ရှမ်းမြောက်ဘက် တောင်တန်းနေ လူမျိုးစုတစ်စုဖြစ်သော ပလောင်သူပုန်တပ်လေးတစ်တပ်တို့ ပါဝင်၍ အလယ်ပိုင်းတိုင်းတွင် ဝ,ပအို့ဝ်နှင့် ကရင်နီတပ်များရှိ၍ တောင်ဘက်စစ်တိုင်းတွင်မူ ကရင်၊ မွန်နှင့် ရခိုင်တို့ ပါဝင်သည်။ သို့ရာတွင် အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် တပ်ဦးဖွဲ့ဖို့ရာအတွက် ယခုအထိ ပူးပေါင်းဆောင်ရွက်မှု မရသေး။ သို့ပေမဲ့ မြောက်ပိုင်းတွင်မူ တပ်ဖွဲ့ (၃) ဖွဲ့မှ တစ်ခုစီ စုပေါင်းထားသော ပူးတွဲတပ်ရင်းတစ်ရင်းကို ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ရာ ဘရန့်ဆိုင်း၊ နားဖော့မှ မေဂျာဂျင်နရယ် ဇော်မိုင်နှင့် အခြားကချင်ခေါင်းဆောင်တချို့ ပါဝင်သောအဖွဲ့က ရှမ်းအရှေ့မြောက်သို့ ထွက်ခွာ၍ တပ်မဟာ (၄) ဌာနချုပ်တွင် ရှမ်း၊ ကချင်၊ ပလောင်၊ NDF တပ်ရင်းတစ်ရင်းကို တရားဝင် ဖွဲ့စည်းမည်ဖြစ်ရာ အခမ်းအနားသို့ လိုက်၍ ဓာတ်ပုံရိုက်ဖို့ ဆိုင်နောင့်ကို ဖိတ်ကြားသော်လည်း တရုတ်ပြည်တွင်းမှ ဖြတ်သွားရမည်ဖြစ်၍ ကျန့်ပ်ကမူ ပါဂျောင်ဒ်သာ နေရစ်ခဲ့ဖို့ ဖြစ်လာသည်။

မေလကုန်တွင် နားဖော့မှ ဇော်မိုင်နှင့် သူ့လူတွေ မြင်းနှင့် ရောက်လာကြရာ ခွန်နောင်ကို တွေ့ရသဖြင့် ကျန့်ပ်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။ ယခု ခွန်နောင်ကား ဗိုလ်ချုပ်ဇော်မိုင်၏ ကိုယ်ရေးလက်ထောက် ဖြစ်နေလေပြီ။ ပါဂျောင်ဈေးထဲတွင် အကောင်းဆုံးအရက်ဆို၍ တရုတ်ဘရန်ဒီတွေသာ ရသဖြင့် ထိုညက ခွန်နောင်ကို ဖိတ်၍ ဘရန်ဒီနှင့် စည့်ခံဖို့ ဖိတ်ခေါ်ခဲ့သည်။ ခွန်နောင်က ပြုံးဖြဲဖြဲနှင့် ဝင်လာပြီး လွယ်လာသော ''ဘရက်တာ မရှင်းဂန်း'' ကို ထိုင်ခုံတစ်လုံးပေါ် တင်ထားလိုက်သည်။ သူ့အတွက် လက်ဆောင်ပေးစရာ ရှိသည်။

''ခွန်နောင်၊ ဒီမှာ အဝေးကြည့်မှန်ပြောင်း၊ ငါတို့ခရီးမထွက်မီ ဟောင်ကောင်က ဝယ်လာတာ၊ နာဂဌာနချုပ်မှာ ယော်ထုံနဲ့ တွေ့ပြီးနောက်မှာ သူ့ကို အမှတ်တရပေးဖို့ ငါတို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သူကျဆုံးသွားပြီးနောက်မှာ သူ့နေရာ မင်း ရောက်လာတယ်။ ဒါကြောင့် မှန်ပြောင်းကို မင်းကိုပေးဖို့ ငါတို့ ဆုံးဖြတ်လိုက်တယ်။ ငါတို့ကို ကာကွယ်ရင်း ကျဆုံးသွားတဲ့ ယော်ထုံကို ငါတို့ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး''

ကျန့်ပ်တို့ အားလုံးရင်ထဲမှာ မကောင်းကြ၊ ခွန်နောင်လည်း စိတ်ထိခိုက်နေပုံရသည်။ မှန်ပြောင်းကို ကောက်ယူလိုက်ပြီး သူ့ခါးက ခါးပတ်မှာ ချိတ်လိုက်သည်။

''ခင်ဗျားလည်း မှန်ပြောင်းကို ကျန်တော်တို့ ကချင်ပြည်နယ်အထိ ဒီလိုချိတ်လာခဲ့တာပဲ မဟုတ်လား''

အတတ်နိုင်ဆုံး သူပြုံးပြလိုက်သော်လည်း သူ့အပြုံးက အသက်မဝင်၊ သူနှင့် အရင်းအချာဆုံး ယောထုံကား သူ့ရင်ထဲမှာ ရှိနေဆဲ။ နောက်တစ်နေ့တွင် ဆိုင်နောင့်၊ ဆိုင်တိုင်းနှင့် မရွှေတို့ အပါအဝင် တစ်အုပ်စုလုံး မြင်းတွေနှင့် ပါဂျောင်၏ တောင်ဘက်မြက်ခင်းစိမ်း တောင်ကုန်းတွေပေါ်က တရုတ်ပြည်နယ်စပ်သို့ ထွက်ခွာသွားကြရာ အိမ်တွင်ထမင်းချက်ဖို့ အားတွန်နှင့် ကျန့်ပ်တို့သာ ကျန်ရစ်ခဲ့လေသည်။ တစ်ယောက်တည်း

www.nyisay.com



ရှိနေစဉ် နေ့တိုင်းလိုလို စာရေးစာဖတ်၍သာ ကျွန်ုပ် အချိန်တွေကုန်သွားသည်။ ဗိုလ်မှူး ဟောင်း အင်ကျော့တန်က ကချင်လက်နက်ကိုင် လူပ်ရှားမှုသမိုင်းနှင့်ပတ်သက်၍ သူမှတ်သားထားသောမှတ်စုတို့ကို ကျွန်ုပ်ကို ခေတ္တပေးထားရာ ညစဉ် စာရေးစားပွဲတွင် ထိုင်၍ ကျွန်ုပ်၏ မှတ်စုစာအုပ်ထဲသို့ ပြန်၍ ကူးထည့်နေရသော်လည်း ဟာရီကိန်း အောက်လင်း မီးအိမ်အလင်းဖြင့် တစ်ယောက်တည်း ထိုင်၍ အလုပ်, လုပ်ရသည်မှာ စိတ်ချမ်းသာစရာ ကောင်းသည်။ ပြူတင်းပေါက်မှ ကြည့်လိုက်လျှင် ဧရာမ ညအခင်းအောက်တွင် အေး၍ မည်းမည်းနှင့် မှောင်လျက်။ သို့ပေမဲ့ မိုးဝင်လာသည်နှင့်အမျှ တဖြည်းဖြည်း နွေးလာနေသည်။

နေ့ဘက်တွင်မူ ကေအိုင်အို၏ အထွေထွေအတွင်းရေးမှူး 'ဇောင်းဟရာ' အိမ်သို့ ဖြည်းဖြည်းချင်း လျှောက်၍ သွားလည်တတ်သည်။ သူ့အိမ်ဝိုင်းထဲတွင် ပန်းပင်နှင့် ဟင်းသီးဟင်းရွက် အခင်းတွေ သေသေသပ်သပ် စိုက်ထားပြီး အိမ်တွင်းမှ နံရံတစ်ခုပေါ်တွင်မူ ဆောင်ပုဒ်တစ်ခုကို အနားကွပ်ထားသော ပိတ်စ, တစ်ခုပေါ်တွင် ရေး၍ ချိတ်ထားသည်။ ဆောင်ပုဒ်မှာ ဤသို့ ဖြစ်သည်။

''ပျော်ရွှင်ခြင်းသည် ခရစ်စမတ်၏ ဝိညာဉ်ဖြစ်သည်''

ဇောင်းဟရာ၏ အိမ်ဝိုင်းထဲမှ မြေကွက်လပ်သည် ပါကျောင်မှ ကြက်တောင်ရိုက် ဝါသနာအိုးတို့ စုဝေးရာလည်း ဖြစ်သည်။ ကျွန်ုပ်အနေနှင့် ကိုယ်တိုင် မပါဝင်သော်လည်း ပရိသတ်အဖြစ် ဘေးမှ ထိုင်ကြည့်တတ်ရာ ပါကျောင်ကား ကျွန်ုပ်၏ နေရပ်လို ခံစားမိလာသည်။ ကိုယ်ကာယ လေ့ကျင့်ခန်း မလုပ်ဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းကိုကား အားထုတ်ဖြစ်ခဲ့သည်။ ကိုဟီးမားမှ ခုတင်လေးတစ်လုံးအောက်တွင် ကျွန်ုပ်စတင် လေ့လာခဲ့သော မြန်မာစာဖြစ်သည်။ ကျွန်ုပ်ကို သင်ပေးမည့် ဆရာတစ်ယောက်ကိုလည်း ပါကျောင်တွင် ရှာတွေ့ခဲ့ရာ သူ့အမည်မှာ ကွမ်းဖခါးဖြစ်၍ ဇောင်းဟရာကိုယ်ရေးလက်ထောက်ဖြစ်သည်။ ယခင်က ကျောင်းဆရာလုပ်ခဲ့သော်လည်း ပြောက်ကျားစစ်သား ဘဝနှင့် အနှစ် (၂၀) ကျော် ဖြတ်သန်းခဲ့သူလည်း ဖြစ်သည်။ သို့ပေမဲ့ ပြီးခဲ့သည့်နှစ်အနည်းငယ်ခန့်က မိန်းမက သူ့ကိုပစ်သွားသဖြင့် ယခု သူသည် 'အသစ်ပြန်လည် မွေးဖွားလာသော လူပျိုတစ်ယောက်ဖြစ်ကြောင်း' တွေ့တွေ့သမျှ လူအားလုံး၊ အထူးသဖြင့် အပျိုမိန်းကလေးတို့ကို ကြေညာမောင်းခတ်တတ်သည်။ တစ်ခါတစ်ခါ သူ့ဟာသမှာ ကြောင်စီစီနိုင်သော်လည်း စိတ်ကောင်းရှိသူတစ်ယောက်ဖြစ်ပြီး သူနှင့် စကားပြောရင်း မြန်မာစာ သင်ယူခဲ့သည်။

တပ်မဟာ (၄) တွင် (၁၀) ရက်ကြာပြီးနောက် ဆိုင်နောင့်တို့ ပြန်ရောက်လာရာ အခမ်းအနားကို မိန့်ခွန်းတွေပြောပြီး အတီးအမှုတ်တွေနှင့် ဖြေဖျော်၍ ရှမ်း၊ ကချင်၊

www.nyisay.com



ပလောင်ပူးတွဲတပ်ရင်းကို တရားဝင်ဖွဲ့စည်းခဲ့ကြသည်။ လုံးဝကွဲပြားနေသော လူမျိုးတို့ကို စုစည်း၍ ထိရောက်သော တိုက်ခိုက်ရေး တပ်တစ်တပ် ဖွဲ့စည်းရသည်မှာ လွယ်ကူသော အလုပ် မဟုတ်၊ သို့ပေမဲ့ အားလုံး စိတ်ဓာတ်တက်ကြွနေကြသည်ဟု ဆိုသည်။ လက်တွေ့ အောင်မြင်သွားလျှင် အခြား NDF အဖွဲ့ဝင်တွေအနေနှင့်လည်း ယခုလို လုပ်ကိုင်လာကြ လိမ့်မည်ဟု ဘရန်ဆိုင်းနှင့် အခြားခေါင်းဆောင်တို့က မျှော်လင့်နေခဲ့ကြသည်။

ဤ၌ SSA တပ်မှူး စိုင်းလိတ်လည်း သူ့တပ်နှင့်အတူ ပြန်လာပြီး ပါဂျောင်သို့ ခေတ္တဝင်လာသည်။ သူနှင့် ကျွန်ုပ် ထိုင်းနယ်စပ်အနီးစခန်းတစ်ခုတွင် ၁၉၈၁ ခုနှစ်က တစ်ကြိမ် ဆုံဖူးခဲ့သဖြင့် ယခု ပြန်လည်တွေ့ခွင့်ကြုံ၍ ဝမ်းမြောက်ရသည်။ ပြီးခဲ့သော နှစ်အနည်းငယ်ခန့်က ရှမ်းလက်နက်ကိုင်တပ်ကို သူဦးဆောင်၍ တစ်တပ်လုံးကို အသစ်ပြန် လည် ဖွဲ့စည်းနိုင်ခဲ့သည်။ အသက် (၄၅) ဝန်းကျင်ရှိပြီး ရှမ်းနှင့် အိန္ဒိယ မွတ်စလင် ကပြားဖြစ်သော်လည်း ဗုဒ္ဓဘာသာသို့ ပြောင်းလာသူဖြစ်၍ အခြားသူပုန်ခေါင်းဆောင်တွေလို ပူးတွဲတပ်ရင်း ဖွဲ့စည်းဖို့နှင့် ထိုမှ NDF ၏ ညီညွတ်ရေးသစ်အတွက် တက်ကြွနေသည်။

သူနှင့်အတူ အသက် (၂၀) ဝန်းကျင် ရှမ်းစစ်သားအချို့လည်း လိုက်ပါလာခဲ့ရာ တစ်ယောက်သော ရှမ်းစစ်သားလေးဘဝကမူ ကျွန်ုပ်ကို အံ့သြတုန်လှုပ်စေခဲ့သည်။ သူ့ အမည်မှာ သန်းအောင်ဖြစ်၍ တောခိုလာသော သူ၏ အကြောင်းတရားက ပျူဖလို စိတ်ကူးယဉ် မဆန်၊ လုံးဝ ခြားနားသည်။ သူ့အဖြစ်က ဒီလို။ တစ်နေ့ ဗမာတပ်ဖွဲ့တစ်ဖွဲ့ သူတို့ရွာသို့ ရောက်လာသည်။ သူတို့ရွာမှာ ရှမ်းပြည်မြောက်ပိုင်း သီပေါနယ်တွင် ရှိပြီး ရှမ်းသူပုန်တို့၏ အမာခံနယ်မြေလည်း ဖြစ်သည်။ ရောက်လာသော ဗမာစစ်တပ်က သူ့ဖခင်ကို သူပုန်တွေကို ကူညီသည်ဆိုသော စွဲချက်ဖြင့် ဖမ်းသည်။ လူကို စောက်ထိုး ဆွဲ၍ ခြေထောက်ကို ကြိုးချည်ထားပြီး သူ့မိသျှားစုရှေ့မှာ သေသည်အထိ ရိုက်နှက်၍ သတ်ပစ်ခဲ့သည်။

"ဒါကို ကျွန်တော် ဘယ်တော့မှ မမေ့ဘူး၊ အိမ်က ထွက်လာပြီး အက်(စ်)အက်(စ်) အေအဖွဲ့ထဲ ဝင်လာတယ်၊ ဗမာစစ်သားတွေကို ရသလောက်သတ်ပြီး ကျွန်တော် လက်စား ချေမယ်"

သန်းအောင်က သူ့ခံစားချက်ကို ရိုးရိုးပင် ပြောသွားသည်။ အဆိုပါ အဖြစ်သနစ်သည် သူ (၁၀) နှစ်သားအရွယ် လွန်ခဲ့သော (၁၀)နှစ်ကျော်က ဖြစ်ခဲ့သည်ဆိုသော်လည်း သူ့ဘဝ အတွေ့အကြုံက ဗမာပြည်လူနည်းစု တိုင်းရင်းသားတို့ နေထိုင်ရာဒေသ အတော် များများတွင် ရင်ဆိုင်ကြုံတွေ့နေရသော ခါးသည်းနာကြည်းမှုတစ်ခုပင် ဖြစ်သည်။ တိုင်းရင်း သားကျေးရွာတွေဆီ ရောက်လာသော ဗမာအများစုမှာ အစိုးရစစ်သားတွေသာဖြစ်ပြီး ဒေသခံရွာသူရွာသားတွေအပေါ် သူတို့၏ ယုတ်မာရိုင်းစိုင်းမှုများက ထင်ရှားကျော်ဇော

www.nyisay.com



သတင်းက ကြီးမားလေရာ တိုင်းရင်းသားတွေ ရင်ထဲမှာ လူမျိုးရေး မုန်းတီးမှုတွေ ရောင်ကိုင့်ကြီးထွားလာနေ၍ ခွဲထွက်ရေး စိတ်ဓာတ်တွေ ပြင်းထန်လာသည်မှာ တကယ်တော့ အံ့သြစရာ မဟုတ်ပေ။ ဤသို့ဤနယ် တိုင်းရင်းသားတို့ ရင်ထဲတွင် အချိန်ကြာမြင့်စွာ စွဲကပ်လာနေသော လူမျိုးရေး ရန်လိုမုန်းတီးမှုတို့မှ ဖြေလျော့ပေးနိုင်ပါသော တစ်ကြောင်းတည်းသော နည်းလမ်းမှာ အမြော်အမြင်ရှိသော လက်နက်ကိုင် သူပုန်ခေါင်းဆောင်များအနေနှင့် မကြေမချမ်း ဖြစ်နေသော တိုင်းရင်းသားတို့၏ စိတ်ခံစားချက်တို့ကို ဗမာပြည်မှ ခွဲထွက်ဖို့ဆိုသော လက်တွေ့မကျသည့် တောင်းဆိုမှုမှ လက်တွေ့ကျသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဖက်ဒရယ်မူလမ်းကြောင်းသို့ လမ်းလွှဲပေးဖို့သာ ဖြစ်ပါ၏။

ဆိုခဲ့သလို မြန်မာပြည်မှ ထိတ်လန့်ဘွယ် ဘဝဇာတ်လမ်းတွေကို နှစ်အတော်ကြာကပင် ကျွန်ုပ်ကြားခဲ့ရပြီး ရင်ထဲစွဲနေသော ဇာတ်လမ်းတစ်ပုဒ်လည်း ရှိသေးသည်။ သီပေါအနီးက 'ပုံလျှံန်း' ရှမ်းကျေးရွာတွင် ၁၉၈၄ ခုနှစ်က ဖြစ်ခဲ့သော အဖြစ်အပျက် ဖြစ်သည်။ အစိုးရစစ်တပ်မှ ကင်းလှည့်စစ်သားတွေက တွေ့သမျှ အမျိုးသမီး ကြီးကြီးငယ်ငယ် အရွယ်အားလုံး ခေါ်လာပြီး ဘုန်းကြီးကျောင်းအပြင်ဘက် မြေကွက်လပ်တစ်နေရာတွင်စု၍ အမျိုးသမီးတွေကို သေနတ်နှင့်ထောက်ပြီး သူတို့ကိုယ်ပေါ်က အဝတ်အားလုံး ချွတ်ခိုင်းသည်။ ပြီးတော့ စုတ်စုတ်ပဲ့ပဲ့ မဖွယ်မရာ အမူအရာ အမျိုးမျိုး လုပ်ခိုင်းပြီး စစ်သားတွေက ထိုင်ဟားကြသည်။ ရိုင်ဖယ်သေနတ်ပြောင်းဝနှင့် ထိုးပြီး နောက်ပြောင်ကြသည်။ အချိန်အတော်ကြာ စစ်သားတွေ ရယ်လို့ ဟားလို့ဝခါမှ ရွာက ပြန်ထွက်သွားကြရာ မခံမရပ်နိုင် ကျန်ရစ်ခဲ့သော အမျိုးသမီးတွေက အက်(စ်)အက်(စ်)အေပြောက်ကျားတွေကို သွားပြောကြသဖြင့် နောက်မှ အပြင်းလိုက်၍ ချုံခိုတိုက်ခိုက်ခဲ့ကြရာ အစိုးရစစ်သားအတော်များများ သေဆုံးသွားကြသဖြင့် ပုံလျှံန်းရွာက ရှမ်းအမျိုးသမီးတွေ စိတ်ကျေနပ်သွားသည်ဟု ဆို၏။

ဤ၌ လူနည်းစု တိုင်းရင်းသားတို့၏ စိတ်ခံစားချက်တို့ကို အစိုးရက သဘောပေါက်နားလည်အောင် မကြိုးစားဘဲ လုံးဝ လျစ်လျူရှုထားခြင်းသည် ပဋိပက္ခတို့၏ အကြောင်းရင်းတစ်ခု ဖြစ်သည်။ ပို၍ ဆိုးဝါးသည်မှာ ဆိုခဲ့သလို အစိုးရကို မကျေမချမ်း၊ နာကြည်းမုန်းတီးနေသော ပြည်သူတို့ကို စစ်အာဏာနှင့် အတင်းအဓမ္မ လုပ်အားပေးခိုင်းသည်များ၊ ချွေးတပ်ဆွဲသည်များကြောင့် လူမျိုးရေး ပဋိပက္ခတွေ ပို၍ ပြင်းထန်လာကာ ပြည်တွင်းစစ်မီးတွေ နှစ်ပေါင်းများစွာ တောက်လောင်လာခဲ့ပါ၏။

စိုင်းလိတ်တို့၏ အက်(စ်)အက်(စ်)အောတပ်ဖွဲ့တွေ လှုပ်ရှားနေသော ရှမ်းမြောက်ဒေသတွင်မူ အစိုးရအပေါ် မကျေမချမ်း မုန်းတီးမှုတွေကို ထင်ထင်ရှားရှား တွေ့ရသည်။

www.nyisay.com



ရှမ်းကျောင်းသူ၊ ကျောင်းသားလေးများက ရှမ်းသူပုန်တွေဆီ နေ့တိုင်းလိုလို သွားနေသဖြင့် မူဆယ်နှင့် နမ့်ခမ်းမြို့ အထက်တန်းကျောင်းတွေမှာ စာသင်မည့်သူ မရှိတော့ဟူ၏။

ရှမ်းစစ်သားတွေနှင့် ဆွေးနွေးပြောဆိုရသည့်အခါ ကေအိုင်အေ တပ်ဖွဲ့ဝင်တွေနှင့် ကွာခြားတာတွေ တွေ့လာရသည်။ ရှမ်းတိုင်းရင်းသားတွေ အားလုံးနီးပါး ဗမာအစိုးရကို ရွံမုန်းနေပုံရသလို သူပုန်တပ်ထဲ ဝင်ရာတွင်လည်း အစိုးရတပ်တွေကို သူတို့ဆန္ဒအလျောက် တိုက်ခိုက်လို၍ ဝင်ကြတာပဲ ဖြစ်သည်။ သို့ရာတွင် မြေဆီမြေညြာ ကြွယ်ဝ၍ သာတောင့်သာယာရှိလှသော ချိုင့်ဝှမ်းလွင်ပြင်ဒေသကို စွန့်၍ တောထဲတွင် အသက်ရှင်ရသည်မှာ လွယ်လွယ်မဖြစ်၊ တောထဲရောက်ပြီး မကြာခင်မှာပင် တစ်ခါက သူတို့နေခဲ့သော ရွာ၊ သူတို့စားခဲ့သော အစားအသောက် သူတို့ ဖူးမြော်ခဲ့သော ဘုရားပုထိုး၊ သူတို့ပျော်ခဲ့သော ပွဲတော်တို့ကို ရှမ်းလူငယ်စစ်သားတွေ ပြန်လွမ်းတတ်ကြသည်။ သို့ရာတွင် သူတို့၏ ပြင်းပြသော အမျိုးသားရေးစိတ်ဖြင့် သူတို့ဇာတိတို့ကို စွန့်ခွာလာကြရာမှ မြန်မာပြည် လက်နက်ကိုင် သူပုန်အုပ်စုတို့အနက် အက်(စ်)အက်(စ်)အေကား တပ်ဖွဲ့ဝင်အများဆုံး ရှိလာခဲ့ပါ၏။

သို့ရာတွင် ကေအိုင်အေတို့ လူစုနည်းကား အက်(စ်)အက်(စ်)အေနှင့် တစ်ဘာသာစီ။ စစ်မှု မထမ်းမနေရ ဥပဒေဖြင့် စစ်သားအများဆုံးကို စုစည်းထားသည်ဆိုသော်လည်း အနောက်တိုင်း စံချိန်စံညွှန်းအရဆိုလျှင် သူတို့စစ်သားစုဆောင်းနည်းက ချွေးတပ်ဆွဲသည်နှင့်တူသည်။ သို့ပေမဲ့ အဲ့ဩစရာကောင်းသည်က အဓမ္မနည်းနှင့် စစ်သားစုဆောင်းနေသော်လည်း အဆိုပါနည်းက ကချင်လူ့အဖွဲ့အစည်းအတွက် ဘာမျှ ထိခိုက်မှု မရှိ၊ ဒီလိုလုပ်လို့ ကေအိုင်အေကိုလည်း အကြည်အညို မပျက်၊ စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်တို့ကိုလည်း ချိုးဖောက်တာမျိုးတွေ မရှိ။ တပ်ပြေး၊ စစ်ပြေး အရေအတွက်တွင် အခြားသူပုန်တပ်တွေနှင့် ယှဉ်လျှင် သူကပင် နည်းနေသလို အတင်းအကျပ်နည်းဖြင့် ကေအိုင်အေ လုပ်ခဲ့ရသည့် တိုင် ကချင်စစ်သားအများစုကမူ သူတို့ စစ်မှုထမ်းသက် ဘယ်နှနှစ်ရှိပြီ ဟူ၍ ဂုဏ်များ ပင်ယူနေသေးတော့သည်။

ရှမ်းစစ်သားနှင့် နောက်ထပ် မတူသောအချက်မှာ ရှမ်းတို့သည် တစ်ကိုယ်တော် သဘောဆောင်၍ ကချင်တို့ကမူ အုပ်စုသဘော ဆောင်သည်။ ကချင်လူငယ်တစ်ယောက် တပ်သားသစ်အဖြစ် ကေအိုင်အေထဲ ရောက်လာပြီဆိုလျှင် ကချင်တို့၏ ရှုပ်ထွေးပွေလီ၊ များမြောင်လှသော မိသားစုနှင့် ဆွေမျိုးစု ဖွဲ့စည်းပုံစနစ်ပေါ်တွင် အခြေခံ၍ ရဲဘော်တွေနှင့် ဖြစ်စေ၊ အရာရှိတွေနှင့်ဖြစ်စေ တသားတည်း ပေါင်းဖက်သွားကြသည်။ အများစုမှာ ကချင်တို့၏ စစ်သွေးစစ်မာန်ရှိသော အစဉ်အလာကို ဂုဏ်ယူတတ်သလို ကေအိုင်အေတွင် စစ်မှုထမ်းခြင်းသည် သူတို့ အဘိုးအဘေးတို့ ခြေရာအတိုင်း လိုက်သည်ဟု ယူဆကြသည်။ ရှမ်းအမျိုးသားတို့နှင့် နောက်ထပ် လုံးဝကွာခြားသော အခြေအနေတစ်ခုမှာ

www.nyisay.com



တောင်တန်းတွေပေါ်က ကချင်တစ်ဦး၏ ဘဝကား ခက်ရော်ကြမ်းတမ်းလှလေရာ ကချင်လူငယ်တို့အတွက် ကေအိုင်အေကား ကျယ်ပြောသော အသိပညာ မိုးကုပ်စက်ဝိုင်းကြီးနှင့် ရုပ်ဝတ္ထုအကျိုးအမြတ်တို့ကို ပေးသောအရာဌာနတစ်ခု ဖြစ်ပါ၏။

သို့ပေမဲ့ နောက်ထပ် အခြေအနေတစ်ခုမှာမူ လုံးဝ ပြောင်းပြန် ဖြစ်သွားပြန်သည်။ မြေဆီညြောကောင်းသော၊ မြေပြန့်ချိုင့်ဝှမ်းဒေသဖြစ်၍ ကောက်ပဲသီးနှံ ဆန်စပါးတို့ကို အကျိုးအမြတ် လုံးဝမရရှာခဲ့ကြ။ အမှန်အားဖြင့် ဘိန်းရောင်းဝယ်ရေးလုပ်ငန်းဖြင့် အကြီးအကဲတည်းက တရုတ်စီးပွားရေးသမားတွေ လုပ်ကိုင်လာခဲ့ပြီး ဗမာပြည်တွင်းနှင့်ရော၊ အရှေ့တောင်အာရှနှင့်ပါ အချိတ်အဆက် ရှိခဲ့သည်။

မူးယစ်ဆေးဝါး ရောင်းဝယ်နေသောအဖွဲ့များ၏ မူလအစမှာ တရုတ်ပြည်တွင် ၁၉၄၉ ခုနှစ် ကွန်မြူနစ်တို့ အာဏာရပြီးနောက် ရှမ်းအရှေ့မြောက်သို့ ထွက်ပြေးလာသော ကူမင်တန်တရုတ်တွေ ဖြစ်သည်။ အဆိုပါ ဘိန်းတရုတ်အဖွဲ့များက ရှမ်းလက်နက်ကိုင် သူပုန်အဖွဲ့ ဟန်ဆောင်ပြီး မူးယစ်ဆေးဝါး ရောင်းဝယ်နေကြသည့်အခါ နိုင်ငံခြားသားတွေ အတွက် ဇဝေဇဝါ ဖြစ်ခဲ့ရသော်လည်း ဗမာပြည်အတွင်းတွင်မူ ဘယ်သူက ရှမ်းသူပုန်၊ ဘယ်ဝါက ဘိန်းတရုတ် ဖြစ်သည်ကို လယ်သမားတစ်ယောက်သည်ပင် အလွယ်တကူ ခွဲခြားသိနိုင်ပါ၏။

သို့ရာတွင် ကချင်သူပုန်တို့ကလည်း ၄င်းတို့ အဆင်ပြေရေးအတွက် ဘိန်းကုန်သည်တွေနှင့် ဘိန်းတရုတ်တို့၏ ခါးပိုက်ဆောင်တပ်ဖွဲ့တို့ကို အရမ်းတင်းကြပ်စွာ ထိန်းချုပ်လေ့ မရှိသဖြင့် ဘိန်းသမားတွေအတွက် ပို၍ အခွင့်သာနေသည်။

ကချင်ခေါင်းဆောင်တွေ ရင်ဆိုင်ခဲ့ရသော ကြီးကြီးမားမား ပြဿနာတစ်ခုမှာ လက်ထပ်ထိမ်းမြားခြင်း အစဉ်အလာမှ ဖြစ်ပေါ်လာသော အခြေအနေဖြစ်ပြီး ၄င်းကို ကချင်ခေါင်းဆောင်တို့က စည်းကမ်းတစ်ခုဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ အစဉ်အလာအရ ကချင်လူမျိုးတစ်ယောက်အနေနှင့် လက်မထပ်မီ ကာမဆက်ဆံခြင်းကို ပေါ့ပေါ့ပါးပါး၊ လွတ်လွတ်လပ်လပ် လက်ခံလာခဲ့ကြသည်။ အရွယ်ရောက်ပြီးသော ကချင်ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ညဘက် မီးပုံဘေးတွင် တွေ့ကြမည်၊ သီချင်းတွေဆိုကြမည်၊ ကစားကြမည်။ ပြီးလျှင် ချုံထဲသို့ မသိမသာ တိုးဝင်သွားပြီး ဟိုကိစ္စ သည်ကိစ္စ လုပ်ကြမည်။ ထိုသောအခါ မိဘတွေကလည်း ကလေးတွေ စိတ်အနှောင့်အယှက် မဖြစ်အောင် အသာလေး လစ်ထွက်သွားကြမည်။ ဤကိစ္စမှာ အစဉ်အလာအရ

www.nyisay.com



ကချင်တို့အတွက် ပြဿနာ မရှိ။ သို့ရာတွင် ခရစ်ယာန်သာသနာပြုတွေနှင့် ကချင်သူပုန်ခေါင်းဆောင်တို့ အနေဖြင့်မူ အဆိုပါကိစ္စကို အပြစ်ရှိသည်ဟု လက်ခံထားသဖြင့် အကောင်းဆုံးနည်းဖြင့် ပိတ်ပင်ခဲ့သော်လည်း အောင်မြင်မှု အပြည့်အဝ မရှိခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။

ကချင်ပြည်နယ် အတွင်းက သူပုန်စခန်းတစ်ခုသို့ ကျွန်ုပ်တို့ ပထမဆုံး ရောက်လာချိန်တွင် ခေါင်းတုံးပြောင်အောင် ရိတ်ထားသော ကချင်ကောင်မလေးနှင့် ကောင်လေးတွေတော်တော်များများ ထင်းခွဲနေကြသည်ကို တွေ့ရသည့်အခါ ကျွန်ုပ်စိတ်ထဲ သို့လော၊ သို့လော ဖြစ်သွားသည်။ သူတို့တွေက ဖမ်းမိလာတဲ့ အစိုးရသတင်းပေးတွေလား၊ ဒါမှမဟုတ် တပ်ပြေးတွေလား။ လုံးဝမဟုတ်ပါ။ လက်မထပ်ဘဲ ဟိုဒင်းဟိုဟာ ပြုကြရာက ဗိုက်ထွက်လာခါမှ အမှုပေါ်သွားသဖြင့် အပြစ်ဒဏ်အနေနှင့် ခေါင်းတုံးရိတ်၍ ထင်းပေါက်ခိုင်းထားခြင်း ဖြစ်ပါ၏။

NDF ကိုယ်စားလှယ်အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့တွင် လိုက်ပါလာကြသော ရှမ်းစစ်သားလေးများကား ကချင်တွေလိုမဟုတ်။ လိင်ဆက်ဆံရေးနှင့် ပတ်သက်၍ တင်းကြပ်သော ဓလေ့ထုံးစံတို့ဖြင့် ကြီးပြင်းခဲ့ကြသူတွေ ဖြစ်သည်။ သို့ပေမဲ့ ကချင်ပြည်နယ် ပါဂျောင်ရောက်လာသည့်အခါ ဆိုခဲ့သလို ကချင်မလေးတို့၏ ဆွဲဆောင်မှုတို့ကို သူတို့တွေ တောင့်မခံနိုင်ကြ။ လူမျိုးချင်း သွေးစည်းညီညွတ်မှုကို တစ်ဦးချင်းအနေနှင့် လွတ်လပ်စွာ အကောင်အထည်ဖော်တော့မည့်ဆဲဆဲမှာပင် စိုင်းလိတ်နှင့် တင်းကြပ်သော စစ်စည်းကမ်းတို့ကြောင့် တစ်ခန်းရပ်သွားခဲ့ပါ၏။

စိုင်းလိတ်နှင့် ရှမ်းရဲဘော်တို့ ရက်အနည်းငယ် နေပြီးနောက် ပြန်လည် ထွက်ခွာသွားကြရာ ကျွန်ုပ်တို့လည်း ပုံမှန်လုပ်နေကြအလုပ်တွေကို ပြန်ကောက်ကြသည်။ မိုးသည်းထန်သော နေ့များတွင်မူ အိမ်ထဲမှာပင်နေ၍ သမီး ဆိုင်တိုင်းနှင့် ကစားနေတတ်သည်။ ဆိုင်တိုင်းကား စကားပြောဖို့ ကြိုးစားနေပြီးဖြစ်သော်လည်း တစ် တာ,တာက လွဲလို့ ဘာမျှ မတတ်သေး။ သို့ပေမဲ့ သူ့တစ်တာတာက အားလုံးကို ပျော်ရွှင်စေသည်။ အစာအဖတ်တို့ကိုလည်း စကျွေးနေပြီဖြစ်၍ မရွှေက သမီးအတွက် အသား (သို့) ငါးနှင့် ထမင်းချက်ပေးသည်။ သမီး ကြည့်ရသည်မှာ ထိုနောက်ကို ကြိုက်ပုံရသဖြင့် ကျွန်ုပ်တို့ ဝမ်းသာသွားသည်။ ထိုနောက်မှာ ပဲပုပ်ဖြင့် လုပ်ထားသော ရှမ်းပဲပုပ်ချပ်ဖြစ်ပြီး ကိုဟီးမားတွင် ဆိုင်နောင့် မီးဖွားချိန်က သူကိုယ်တိုင် လုပ်ခဲ့သေးသည်။

ကျွန်ုပ်တို့ စိတ်လိုလက်ရရှိသည့်အခါများတွင်မူ မီးဖိုချောင်ထဲ သွား၍ မိန်းကလေးတွေ အကူအညီဖြင့် ပါဂျောင်ဈေးက ရနိုင်သော ချက်ပြုတ်စရာတို့ဖြင့် အနောက်တိုင်းအစားအသောက်အချို့ ချက်ပြုတ်စားတတ်ကြရာ အားလုံးကြိုက်နှစ်သက်သော ဟင်းတစ်မျိုးမှာ ဆွိဒင် ပိတီပန်းနား ဟင်းဖြစ်သည်။ အာလူးကို အတုံးလေးတွေတုံး၊ ကြက်သွန်

www.nyisay.com



နီနှင့် အသားတို့ကို စဉ်း၍ ကြက်ဥနှင့် ရောကြော်ထားသော ဟင်းတစ်ခွက် ဖြစ်သည်။ သို့ပေမဲ့ ကချင်တွေကလည်း အရှေ့တောင်အာရှက လူတွေလိုပင် ဟင်းချည်းသက်သက်နှင့် မပြီး၊ ထမင်းကို အားပြု စားတတ်ကြသည်။

အကယ်၍ ချက်ပြုတ်မစားချင်တော့ဘူးဆိုလျှင် ပါကျောင်ဈေးထဲက စားသောက်ဆိုင်လေးသွားပြီး စားနိုင်သည်။ ဆိုင်ရှင်မှာ ရှမ်းတရုတ်ကပြား 'ပီစိုင်းလုံ' ဖြစ်ပြီး၊ သူ့ဆိုင်က အသားဟင်းနှင့် ခေါက်ဆွဲက တော်တော်အရသာရှိပြီး ကချင်ပြည်နယ်တွင် တစ်ကြိမ်သာ စားလိုက်ရသော ခေါက်ဆွဲလည်း ဖြစ်သည်။ ပါကျောင်ဈေးထဲကို သွားလျှင် ကုန်သည်တွေ၊ မြို့က ဧည့်သည်တွေနှင့် စကားစမြည်ပြောချိန်ရသဖြင့် ကျွန်ုပ် အင်တာဗျူးထားသော ခေါင်းဆောင်တွေစကားနှင့် ကိုက် မကိုက်၊ ချိန်ထိုးကြည့်နိုင်သည်။ ပါကျောင်ကား အတင်းအဖျင်းတို့ဖြင့် လှုပ်ရှနေသလို အစိုးရသိမ်းထားသော မြို့တွေမှာ ပွင့်ပွင့်လင်းလင်း မပြောရဲသောသတင်းတွေ တစ်ယောက်နဲ့တစ်ယောက် ဖလှယ်ရာ ဌာနချုပ်လည်း ဖြစ်သည်။

သို့ပေမဲ့ ပါကျောင်ဈေးမှာ (၅) ရက်တစ်ဈေးဖြစ်၍ ဈေးနေ့ဆိုလျှင် ဘေးနားရွာတွေက ဈေးရောင်းဝယ်သူတွေနှင့် ကုန်သည်တွေ အုန်းအုန်းထနေတတ်သည်။ ဈေးနေ့တွင် တရုတ်နှင့် မြန်မာနှစ်ဖက်လုံးမှ ကုန်သည်တွေရောက်လာကြပြီး ဟင်းသီးဟင်းရွက် လူသုံးကုန်ပစ္စည်းနှင့် အထူးသဖြင့် ကျောက်စိမ်းတို့ကို ရောင်းကြ၊ ဝယ်ကြသည်။ ဖားကန့်ကျောက်တွင်းမှ ကျောက်တုံးကြီးတွေကို ဆင်တွေ၊ လားတွေ၊ လူတွေနှင့် ပါကျောင်တောင်ပေါ်အထိ သယ်ယူလာကြပြီး ဤတွင် တရုတ်ကုန်သည်တွေက ဝယ်ကြခြမ်းကြသည်။ အစဉ်အလာအားဖြင့် ကျောက်စိမ်းလက်ဝတ်ပစ္စည်းတို့ကို တရုတ်တို့ အလွန်တန်ဖိုးထားခဲ့ကြသော်လည်း ကွန်မြူနစ်တို့က ကျောက်စိမ်းလက်ဝတ်ရတနာကို အရင်းရှင်တို့၏ စာရိတ္တဖောက်ပြန်သော လုပ်ရပ်ဟု ဆိုကာ ကျောက်စိမ်းအရောင်းအဝယ် လုပ်ငန်းကို ပိတ်ထားခဲ့ရာမှ တိန့်ရှောက်ဖိန်၏ တရုတ်ပြည် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ စတင်ခဲ့သော (၇၀) စု လွန်ကာလများ ရောက်ခါမှ ကျောက်စိမ်းအရောင်းအဝယ် ပွင့်လင်းလာခဲ့ရာ ကန်တုံ၊ ရှုန်ဟိုင်းနှင့်ဘေဂျင်းတို့မှ ဝယ်လက်တွေ ကချင်ပြည်နယ်စပ်အထိ ဆင်းဝယ်ခဲ့ကြသဖြင့် ထိုမှရလာသော အမြတ်ခွန်တို့သည်ကား ကေအိုင်အေကို ဗမာပြည်တွင် အချမ်းသာဆုံး သူပုန်အဖွဲ့တစ်ဖွဲ့ ဖြစ်လာစေခဲ့ပါ၏။

သို့ရာတွင် ဘိန်းကား အနည်းအကျဉ်း ရှိသည်။ ကချင်အရှေ့တောင်တန်းဒေသမှာ တြိဂံဒေသနည်းတူ ရွှေလည်းမထွက်၊ တပ်မဟာ (၂) ဒေသလို ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာတို့လည်း မထွက်၊ လောလောဆယ် ဘိန်းစိုက်ပျိုးခြင်းကို အစားထိုးနိုင်မည့် နည်းလမ်းမရှိသေးသဖြင့် ပါကျောင်-နားဖော့ ဒေသတစ်ဝိုက်တွင် တရုတ်နှင့် လီဆူးလူမျိုးတို့က

www.nyisay.com



အနည်းငယ် စိုက်ပျိုးနေကြသည်ကို ကေအိုင်အိုက သည်းခံနေရပါသော်လည်း ကျယ်ကျယ် ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်မှုကိုမူ လုံးဝ ခွင့်မပြုပါပေ။

ပါဂျောင်တွင် ကချင်သူပုန်အရာရှိများနှင့် ရဲဘော်တို့က ဂေါဖီထုပ်၊ မုန်ညင်း၊ ပြောင်းဖူး စသဖြင့် မြေအမြင့်ပိုင်းကြိုက် ဟင်းသီးဟင်းရွက်တို့ကို လက်တွေ့စိုက်ပျိုးပြီး ဘိန်းမစိုက်ဘဲ အသက်ရှင် ရပ်တည်နိုင်ကြောင်း လက်တွေ့ပြသခဲ့ကြပါသော်လည်း အကျင့်ဟောင်းဆိုသည်ကား ပျောက်နိုင်ခဲလှသည်ဖြစ်၍ ဘိန်းစိုက်ပျိုးရေးကို အစားထိုးဖို့ ဆိုလျှင် ပညာရေးနှင့် အခြေခံအဆောက်အဦ တို့ကို ဖွံ့ဖြိုးစေဖို့နှင့် ဝင်ငွေကောင်းသော အစားထိုး သီးနှံပင်တို့ကို စမ်းသပ်စိုက်ပျိုးဖို့ရာအတွက် နှစ်အတော်ကြာ အချိန်ယူရဦးမည် ဖြစ်သည်။ သို့ဖြစ်၍ ကေအိုင်အိုက ဆိုခဲ့သလို ရည်ရွယ်ချက်ကို ပထမခြေလှမ်းအဖြစ် အကောင်အထည်ဖော်သည့်အနေဖြင့် ၄င်းတို့ ဒေသတစ်ဝိုက်တွင် လမ်းဖောက်လုပ်ရေး စီမံကိန်းအတော်များများကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။

ရာသီဥတု ကောင်းမွန်သောတစ်နေ့၊ ပြည်သူ့ဗိဒီယိုခန်းမ မန်ဇနဂျာထံမှ ဗီဒီယို ကင်မရာငှားပြီး ဈေးနှင့် စခန်းပတ်ဝန်းကျင်သွား၍ ဗီဒီယို ရိုက်ကြသည်။ ဗီဒီယိုရိုက်ကူးခြင်းသည် ဆိုင်နောင့်အတွက် ပထမဆုံးအကြိမ်ဖြစ်ပြီး နောက်ပိုင်းတွင် ရိုက်ကူးလာသော အခွေကို ဘရန့်ဆိုင်းအိမ်တွင် ကြည့်ကြရာ အမှတ်ရစရာ မြင်ကွင်းတစ်ခုမှာ ဒေသမူကြို ကျောင်း ဖြစ်သည်။ မူကြိုကျောင်းတွင် တူညီဝတ်စုံနှင့် ကလေးတစ်သိုက်က We Shall Overcome သီချင်းကို အင်္ဂလိပ်လို တီတီတျာတျာနှင့် ဆိုရင်း သရုပ်ဖော်နေကြရာ အဆိုပါ တေးသီချင်းသည်ကား ကချင်အမျိုးသားဝါဒ အငွေ့အသက်တို့ ထုံမွှမ်းနေသော စစ်သွေးကြွ ခရစ်ယာန်အယူအဆကို သူတို့နည်းသူတို့ဟန်ဖြင့် ပဲ့တင်လိုက်ခြင်း ဖြစ်ပါ၏။

မူကြိုကျောင်းအဆောက်အအုံမှာ တနင်္္ဂနွေနံနက်တွင် ဘုရားကျောင်းအဖြစ် အသုံးပြုပြီး နေ့လယ်ပိုင်းတွင်မူ ကချင်မိသားစုတွေအနေနှင့် ကိုယ့်အိမ်မှာပင်ကိုယ် ဝတ်ပြုဆုတောင်းကြသည်။ ဆိုခဲ့သလို တနင်္္ဂနွေ နံနက်ခင်း ဘုရားကျောင်းတွင် စုရုံး၍ ဝတ်ပြုပြီး ဆိုလျှင် ကချင်ခေါင်းဆောင်တွေက ကွန်မြူနစ်ကိုယ်စားလှယ်တွေကို ဧည့်သည်အဖြစ် ဖိတ်ကြားကြလေရာ ကွန်မြူနစ်ကိုယ်စားလှယ်တွေခမျာ မကောင်းတတ်လို့သာ ရောက်လာခဲ့ရပါသော်လည်း ဝတ်ပြုဆုဆောင်းသူတွေကြားမှာ ပလပ်စတစ် ကြယ်နီတံဆိပ် တပ်ထားသော တရုတ်ဦးထုပ်ကို ချွတ်ပြီး ငုတ်တုတ်ထိုင်လျက် ကြောင်ကြောင် ငေးနေကြရပါ၏။

သို့ပေမဲ့ ကွန်မြူနစ်တွေကို ယခုလို ဘုရားကျောင်း ဖိတ်ခေါ်ခြင်းမှာ သက်သက် နှိပ်စက်ခြင်း မဟုတ်ပါ။ ဤသို့ ဖိတ်ခေါ်ခြင်းသည် ကချင်တို့၏ ဧည့်ဝတ်ကျေပွန်သော အပြုအမူတစ်ခုသာမက မိမိတို့၏ နိုင်ငံရေး လွတ်လပ်မှုကို သိမ်သိမ်မွေ့မွေ့ ထုတ်ဖော်ပြလိုက်ခြင်းလည်း ဖြစ်သည်။

www.nyisay.com



ဇူလိုင်လဆန်းတွင် ကဲကောင်းစွာပင် ကူမင်းကျောက်ကုန်သည်တွေ အကူအညီဖြင့် 'ကိုဒတ်' ဓာတ်ပုံဖလင်လိပ် (၁၀) လိပ်ကို ဝယ်ယူနိုင်ခဲ့သည်။ ပြီးခဲ့သည့်အပတ်ကတည်းက လက်ကျန်ဖလင်တွေကုန်သွားပြီဖြစ်သဖြင့် ယခု ရလိုက်သည့်ဖလင်များကား ဆိုင်နောင့်အတွက် ဘုရားမတာပဲဖြစ်သည်။ အလုပ်လုပ်နိုင်စရာ ဖလင်လိပ်တွေ ရပြီဖြစ်၍ ပါကျောင်မှ တစ်ရက် ခြေလျင်ခရီးသွားရမည့် 'ဆီမကောင်' ရွာသို့ လေ့လာရေးခရီး ထွက်ဖို့ စီစဉ်လိုက်သည်။ ဆီမကောင်တွင် ဗြိတိသျှတို့ 'ဖို့(တ်)မော်တွန်'ခေါ် နယ်စပ်ခံတပ် တည်ရှိခဲ့ပြီး ယခုအထိ ခံတပ်အဆောက်အအုံ အကျိုးအပျက်တို့ ရှိနေသေးသည်။ သမီးလေးကို ကူညီချီပိုးဖို့အတွက် မရွှေနှင့် အားတွမ်တို့လည်း ပါလာပြီး သမီးလေးက ကျွန်ုပ်တို့နှင့် အတူ ခရီးထွက်ဖို့ ပျော်မြူးနေသည်။ ကျွန်ုပ်တို့ လုံခြုံရေးကို ကေအိုင်အေတပ်စုတစ်စုက တာဝန်ယူရသည်။

နံနက်စာ စားပြီး ပါကျောင်မှ ထွက်လာချိန်တွင် ရာသီဥတု သာယာနေသော်လည်း တစ်နာရီမျှ လမ်းလျှောက်သွားပြီးနောက်တွင်မူ ကောင်းကင်တွင် မိုးတိမ်တွေ အုံ့အုံ့ဆိုင်းသွားပြီး မိုးတွေ ရွာချတော့ရာ ခေါင်းစွပ်မိုးကာအင်္ကျီတွေ ပါသွားပါသော်လည်း မိုးက သည်းသည်းထန်ထန် ရွာနေသဖြင့် ဘာမျှမထူးတော့၊ မွန်းလွဲပိုင်းတွင် ဆီမကောင်သို့ ရောက်သွားသည့်အခါတွင် ကျွန်ုပ်တို့တတွေမှာ ရွှဲရွဲစိုနေလေပြီ။ ရွာထဲက အိမ်တစ်အိမ်ဝင်ပြီး မီးလှုံကြရာ ကိုယ်ပေါ်က အဝတ်တွေ အတော်ခြောက်သွားပြီး ရာသီဥတု ကြည်လင်လာကာမှ ထွက်လျှောက်လာကြပြန်သည်။ ဤနေရာ ဤဒေသသို့ ဆယ်စုနှစ်များစွာအတွင်း ပထမဆုံး ရောက်လာသော ကမ္ဘာလှည့်ခရီးသည်တွေလို ကျွန်ုပ်တို့ ကိုယ်ကိုယ် ခံစားနေရသည်။ ဤသို့သော အဓိပ္ပာယ်နှင့်အညီ ရွာမှ အဘိုးကြီးတစ်ယောက်က ကျွန်ုပ်တို့ကို လမ်းပြခေါ်လာသလို ဆိုင်နောင့်က ကင်မရာကို ကိုင်ရင်း လိုက်ပါသွားသည်။ ဆီမကောင်ရွာကြီးကား တောင်ရိုးတစ်ခုပေါ်တွင် တည်ထားပြီး၊ မိုးတိမ်တွေ တောင်ထွတ်ပေါ်က လွှင့်မျောလာသည့်အခါ ဟိုးအဝေးမှ မြစ်ကြီးနားမြို့ကို တောင်ရိုးပေါ်မှ မြင်နေရပြီး လတ်ဆတ်အေးမြသောလေက တောင်တန်းပေါ်မှာ တဖြူးဖြူး တိုက်ခတ်နေသည်။ ခံတပ်ဟောင်း အပျက်အစီးများရှိရာသို့ ကျွန်ုပ်တို့ လမ်းလျှောက်တက်သွားသည်။ အုတ်ရိုးတံတိုင်းမှ ကျောက်တုံးကြီးတွေနှင့် မုခ်ဝလမ်းမတစ်ခု၊ ကျောက်တုံးတွေနှင့် ဆောက်ထားသော အိမ်ကြီး သုံးလေးလုံး။ သို့ပေမဲ့ ခေါင်းမိုးတွေ မရှိတော့။ ဤအရာတွေပဲ ကျန်တော့သည်၊ သို့ပေမဲ့ အိန္ဒိယ၊ မစ်ဇိုရီတွင် ကျွန်ုပ်တို့ တွေ့ခဲ့ဖူးသော အိမ်တွေနှင့် ယခု ခံတပ်ဟောင်းက အိမ်တွေ တစ်ပုံစံတည်း ဖြစ်ကြသည်ကို ကောင်းစွာမှန်းဆနိုင်ကြသည်။ ခံတပ်ကို ကျောက်တုံးခင်းထားသော လမ်းလေးတစ်လမ်းက ပတ်ထားပြီး ကျောက်ခင်းလမ်းပေါ်တွင် ရေညှိတွေ တက်၍ ချောနေရာ ဂရုတစိုက် လျှောက်လာကြပြီး ခံတပ်တွင်းမှ စစ်တန်းလျားအဟောင်းအပျက်တွေ၊ အကျဉ်းထောင်၊ ခံတပ်စာတိုက်နှင့်

www.nyisay.com



ခံတပ်အပြင်ဘက်မှ တစ်ခါက ဘောလုံးကွင်းနှင့် စစ်ရေးပြကွင်းအဖြစ် အသုံးပြုသော ကွင်းကြီးကို လေ့လာကြသည်။ ခံတပ်တည်ရာ တောင်ရိုးပေါ်မှ တရုတ် မြန်မာနယ်စပ်ကို မိုး၍ မြင်နေရပြီး အရှေ့ဘက်တွင်မူ ထိုးထိုးထောင်ထောင်နှင့် ယူနန် တောင်တန်းကြီးတွေ ရှိသည်။

ခံတပ်ကို ၁၈၉၂ ခုနှစ်တွင် တည်ဆောက်ပြီး ထိုအချိန်တွင် ဗြိတိသျှ ကိုလိုနီတို့ကို ကချင်တိုင်းရင်းသားတို့က ခုခံတော်လှန်နေချိန်ဖြစ်၍ ခံတပ် တည်ဆောက်မပြီးခင်မှာပင် ဒေသခံ ကချင်တို့က ဗြိတိသျှတို့ကို အုံနှင့်ကျင်းနှင့် ဝင်တိုက်ကြရာ ကချင်များနှင့် ပြောင်းချောသေနတ်တွေ ကိုင်ဆောင်ထားသော ကချင်စစ်သူရဲတို့က ခံတပ်ကို ဝိုင်း၍ ရှေ့တန်းမှ ခုခံနေသော ဗြိတိသျှအရာရှိ ကတ်ပတိန် ဘွိုက်(စ်)-မော်တွန်ကို သတ်ပစ်လိုက်သည်။ ထိုမှ ကချင်သူပုန်တို့ကို ကိုလိုနီအာဏာပိုင်တို့က အပြီးတိုင် ချေမှုန်းခဲ့ပြီး ခံတပ်ကိုလည်း ကျဆုံးသွားသော ကပ္ပတိန် မော်တွန် အမည်ပေး၍ ဂုဏ်ပြုခဲ့သည်ဆိုသော်လည်း ကချင်တို့၏ တိုက်ခိုက်ရေး စွမ်းရည်ကို အသိအမှတ်ပြုကာ ကချင်တို့ကို ဗြိတိသျှ စစ်ပုလိပ်နှင့် စစ်တပ်တို့တွင် အမှုထမ်းစေခဲ့သည်။

သို့ရာတွင် မြန်မာပြည် လွတ်လပ်ရေးမရမီက မော်တွန်ခံတပ်တွင် ကချင်တပ်ဖွဲ့ဝင်တွေ စခန်းချခဲ့ခြင်း မရှိ၊ အရာရှိများမှာ ဗြိတိသျှတွေဖြစ်ပြီး အကြပ်တပ်သားအများစုမှာ ဂေါ်ရခါးတွေ ဖြစ်သည်။ သို့ပေမဲ့ ကျွန်ုပ်တို့ကို လမ်းပြက ခေါင်းဆောင်နှင့် မုတ်ဆိတ်မွေးကို ခြေဟန်လက်ဟန်နှင့် လုပ်ပြသဖြင့် ဂေါ်ရခါးတပ်ဖွဲ့တွင် ဆစ်(ခ်) လူမျိုး ဒေါက်တာတို့ကိုလည်း တွဲထားကြောင်း သိရသည်။

အမှန်အားဖြင့် မော်တွန်ခံတပ်မှာ တရုတ်နယ်စပ်တစ်လျှောက်တွင် ဆောက်ခဲ့သော ဗြိတိသျှတို့၏ ပထမဆုံး ခံတပ်တော့မဟုတ်၊ နားဖော့ကို လှမ်းမြင်နေရသော တောင်ကမူ တစ်ခုပေါ်တွင်လည်း ခံတပ်အပျက်အစီးတွေ တွေ့ရပြီး ၄င်းခံတပ်ကိုလည်း နယ်စပ်မှ အခြားခံတပ်တွေနှင့် တစ်ချိန်တည်းလောက်တွင် ဆောက်ခဲ့ကြသော်လည်း ဆီမကောင်မှ မော်တွန်ခံတပ်ကမူ အားလုံးထဲမှာ ဆွဲဆောင်မှုအရှိဆုံး ဖြစ်သည်။

နောက်တစ်နေ့တွင် ဆိုင်နောင့်၊ ဆိုင်တိုင်းနှင့် မိန်းကလေးနှစ်ယောက်တို့က ရွာထဲမှာနေခဲ့ပြီး ကျွန်ုပ်နှင့် ကေအိုင်အေစစ်သား (၄) ယောက်က ဒဘတ်ခမြစ်တွင် ကံစမ်း၍ ငါးမျှားဖို့နှင့် မော်တွန်ခံတပ်မှ မြစ်ကြီးနားသွား လားလှည်း လမ်းဟောင်းပေါ်မှ ဗြိတိသျှတို့ တည်ခဲ့သော ဘေလီတံတားဟောင်းကိုကြည့်ဖို့ တောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။ သို့ပေမဲ့ မကြာပါဘူး၊ မိုးတွေ သည်းကြီးမည်းကြီး ရွာလာရာ မိုးရာသီတောထဲတွင် မျှော့ကြီးတွေ ပေါကြောင်း သတိပေးသည်။ အဆင်းခရီးက မတ်စောက်၍ ချောနေပြီး လမ်းတစ်လျှောက် မြက်ဖုတ်တွေထဲမှာ ထောင်နှင့်ချီသော မျှော့တွေ လူကိုတွယ်ဖို့ တလန်းလန်း ဖြစ်နေကြရာ ကျွန်ုပ်က မီတာတစ်ရာ နှစ်ရာကျော်လိုက် ရပ်လိုက်၊ ခြေထောက်

www.nyisay.com



မှာ တွယ်လာသော မျှော့တွေအပေါ် ဆားပက်လိုက် လုပ်လာရသည်။ ဆားပက်လိုက်လျှင် မျှော့တွေ ပြုတ်ကျသွားကြောင်း ဟူးကောင်း တောင်ကြားတွင် မျှော့တွယ်ခံရ၍ အနာဖြစ်ပြီး နောက်မှ ကျွန်ုပ်သိခဲ့ရသော နည်းလမ်းဖြစ်သည်။ ယခု ဆားပက်လိုက်သဖြင့် မျှော့တွေ ကွာကျသွားပြီး ခြေထောက်မှ သွေးတွေ ယိုစီးလာသော်လည်း ရောဂါပိုး မဝင်အောင် ဆုတောင်းနေရသည်။ (၂) နာရီကြာပြီးနောက် ဒဘတ်ခသို့ ရောက်လာရာ မြစ်ပြင်တစ်ပြင်လုံး မိုးရေတွေနှင့် ပြည့်ကားနေပြီး ကျောက်ဆောင်တွေကြားမှ တဟဲဟဲ စီးဆင်းနေသဖြင့် ငါးမျှားဖို့ စဉ်းစား၍ မရတော့။ မြစ်တစ်ဖက်တစ်ချက်တွင် ကျောက်တုံးကြီးတွေနှင့် အဝင်လမ်း တည်ဆောက်ပြီး စတီးကြိုးတွေနှင့် ဆိုင်းထားသော ဘေလီတံတားကိုသာ ဓာတ်ပုံ သုံးလေးပုံ ရိုက်ယူလိုက်သည်။

ကချင်ပြည်နယ်ရောက်ပြီးနောက် လမ်းတံတား စသဖြင့် တိုးတက်သောလက္ခဏာ တစ်ခုခုကို တွေ့လေတိုင်း...

"အဲဒါ... ဗြိတိသျှတွေ လုပ်သွားတာလား၊ ကချင်သူပုန်တွေ လုပ်တာလား" ဟူသော မေးခွန်းကို မေးကျင့်ဖြစ်လာရာမှ မြန်မာပြည်မြောက်ပိုင်းတွင် လပေါင်းများစွာကြာ၍ ကီလိုမီတာ ရာပေါင်းများစွာကို ဖြတ်သန်းလာပြီးနောက်တွင်မူ တိုင်းရင်းသားဒေသတို့ကို အစိုးရက လျစ်လျူရှုထားသည်ဆိုသော လက်နက်ကိုင်အဖွဲ့တို့၏ စွပ်စွဲချက်များမှာ ဝါဒဖြန့်ရုံသက်သက် မဟုတ်ကြောင်း ထင်ရှားလာခဲ့ပါ၏။

မိုးက ဆက်ရွာနေသဖြင့် ကမ်းနားမှ သစ်ပင်ကြီးတစ်ပင်အောက်တွင် ကျွန်ုပ်တို့ ထိုင်နေကြရာ နေ့လယ်ပိုင်းတွင် ကောင်းကင်မှာ ပြန်ကြည်လာသဖြင့် နောက်တစ်ကြိမ် မိုးကြီးမရွာမီ ဆီမကောင်သို့ ပြန်နိုင်မည် မျှော်လင့်ထားပါသော်လည်း ဆုတောင်း မပြည့်ခဲ့။ လမ်းခုလတ်မှာပင် မိုးကြီးမဲမဲ ရွာချလိုက်လေရာ ခြေထောက်က မျှော့တွေ ကွာကျသွားအောင် ဆားပက်ဖို့ပင် မလိုတော့။ သို့ဖြင့် တောင်တက်လမ်းအတိုင်း ခက်ခက်ခဲခဲ တက်လာပြီး ဆိုင်နောင့်နှင့် သမီးလေးတို့ စောင့်နေသော ဝါးတဲရောက်လာသည့်အခါ ကျွန်ုပ်တစ်ကိုယ်လုံး ရွဲနစ်နေသည်။ မီးဖိုဘေးတွင် ထိုင်ချလိုက်ပြီး ရှူးဖိနပ်တွေ ခြေအိတ်တွေကို ချွတ်၍ မျှော့ဒဏ်ရာနှင့် ခြေထောက်မှ သွေးတွေကို ရေနွေးနှင့် ဆေးလိုက်သည်။ ပြီးနောက် ဆိုင်နောင့် ဖျော်ပေးသော ကော်ဖီပူပူလေးတစ်ခွက်ကို သောက်လိုက်ပြီး ဝါးကြမ်းခြင်းပေါ်တွင် နာဂပွမ်းစောင်တွေ ခြုံ၍ ကျွန်ုပ်တို့ အိပ်ရာဝင်ခဲ့ကြသည်။ ယနေ့ခရီးကား ဒုက္ခသုက္ခ များလှသော်လည်း ခံတပ်ဟောင်း၊ ဒဘတ်ခ မြစ်နှင့် ကြိုးတံတားဟောင်းတို့ကို တွေ့မြင်ခဲ့ရသဖြင့် ဒုက္ခခံသွားရကျိုးနပ်သည်။

နောက်တစ်နေ့နံနက် ပါကျောင်သို့ ကျွန်ုပ်တို့ ပြန်လာချိန်တွင် မိုးစဲသွားသော်လည်း သစ်ပင်တွေပေါ်က မိုးပေါက်တွေ တဖြောက်ဖြောက် ကျနေပြီး တစ်တောလုံး မြူတွေ ဆိုင်းနေသည်။ အိမ်ပြန်ရောက်၍ သံမီးဖိုဘေးတွင် ကျွန်ုပ်တို့ ထိုင်ကြသည့်အခါ မိုးမကုန်

www.nyisay.com



မချင်း နောက်တစ်ခါ ခရီးမထွက်တော့ဟု ဆုံးဖြတ်လိုက်ကြသည်။ သို့ပေမဲ့ သမီးလေး ဆိုင်တိုင်းကို ကြည့်ရသည်မှာ ဘာမှမဖြစ်၊ ဘယ်လိုအခြေအနေ၌ပင်ဖြစ်စေ တောထဲတွင် ခရီးသွားနေရသည်ပင် သူ့ဘဝ နေမှုထိုင်မှုပုံစံတစ်ခုလို ဖြစ်နေသည်။

သို့ဖြင့် ကျွန်ုပ်တို့လည်း နေ့စဉ် အလုပ်တွေနှင့် ရှုပ်နေသလို ဇူလိုင်၊ ဩဂုတ်လ တို့သည်လည်း အလျင်အမြန် ကုန်ဆုံးသွားကြသည်။ ဆိုင်နောင့်က သမီးကိစ္စတွေနှင့် ဂျင်ဂျင်လည်နေစဉ်မှာ ကျွန်ုပ်က အင်တာဗျူးစရာရှိသူတွေကို ဗျူးရပြီး ရေးစရာရှိတာတွေ ရေးနေရွတ်နေရသည်။ သို့ပေမဲ့ တစ်ခါတစ်ခါ မိုးကြိုးလေကြိုးသဖြင့် အပြင်ထွက် အလုပ်လုပ်မရ၊ မုတ်သုန်မိုးကား တောင်ကုန်းတောင်တန်းတွေကြားမှာ သည်းကြီးမည်းကြီးနှင့်၊ ပါဂျောင်သည်လည်း မနှစ်မိုးတွင်းက ကျွန်ုပ်တို့ နေခဲ့သော ကိုဟီးမားနှင့် ဒါဂျီလင်တို့နှင့် တော်တော် ဆင်တူလာသည်။ စိမ်းညိုညို့ တောင်တွေပေါ်မှာ မိုးတိမ်တွေ ရစ်ဆိုင်း၍ မိုးကသုံးလေးရက် သည်းသည်းထန်ထန် ရွာနေတတ်သည်။ ထိုအခါမျိုးတွင် ပျဉ်ထောင်အိမ်နှင့် သဲမီးဖိုကြီးကို ကျေးဇူးတင်ရသည်။ သမီးလေးအိပ်ပျော်သွားပြီး ကျွန်ုပ်တို့ အလုပ်နားဖို့ လိုအပ်သည့်အခါ မီးဖိုဘေးတွင်ထိုင်၍ အိန္ဒိယမှ ကျွန်ုပ်တို့နှင့် အတူပါလာသော ကတ်ထူပြား၊ လက်ဖြစ်ကြယ်သီးတို့ဖြင့် ဘက်ဂါမွန် ကစားကြသည်။ အခြားနေ့များတွင်မူ အက်(စ်)အက်(စ်)အေတို့အိမ်သို့ သွားလည်ကြရာ 'ပျူဖ'က အလုပ်တာဂန် မရှိသည့်အခါ အင်္ဂလိပ်စာလေ့လာလိုသည်ဆိုသဖြင့် ပညာလိုလားသော ပျူဖကို ကျွန်ုပ်တို့နှစ်ယောက်လုံးက လေးစားကြသဖြင့် သူ့ကို အတတ်နိုင်ဆုံး ကျွန်ုပ်တို့ အကူအညီပေးခဲ့ကြသည်။ အမှန်အားဖြင့် 'ပျူဖ'လို လူငယ်လေးများမှာ လက်နက်ကိုင်အဖွဲ့အစည်း၌ သာမက ဗမာပြည်တွင် အများကြီးရှိပါသည်။ အကယ်၍ ပြည်တွင်းစစ်ကြီးကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ပြီဆိုပါလျှင် သူတို့လို လူငယ်လူရွယ်လေးတို့၏ အနာဂတ်သည်ကား ထွန်းတောက်လာမှာ သေချာပါ၏။

သို့ရာတွင် သပွတ်အူလိုက်နေသော ပဋိပက္ခအတွက် အဖြေထုတ်နိုင်မည့်အလား အလာကား ဩဂုတ်လတွင် အဆိုးဘက်သို့ ရုတ်တရက်ဦးလှည့်သွားသည်။ ဗကပနှင့် NDF တို့ ပူးတွဲ၍ တပ်ပေါင်းစု ဖွဲ့စည်းရေး ဆိုသည်မှာ လက်တွေ့တွင် ဖြစ်ကောင်းမှ ဖြစ်နိုင်ပါလိမ့်မည်။ သို့ရာတွင် ဤသို့ ဖွဲ့စည်းလိုက်ခြင်းသည်ပင် အစိုးရနှင့် လက်နက်ကိုင်အုပ်စုတွေကြား ရန်ငါစည်းကို ပြတ်ပြတ်သားသား ခြားလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ဤအချက်ကို NDF ၏ ဒုတိယအင်အားအကြီးဆုံးဖြစ်သော KNU တို့က သဘောမပေါက်။ သို့ဖြင့် ဩဂုတ်လတွင် ပန်ဆန်းသဘောတူညီချက်ကို ရှုတ်ချကြောင်း ကြေညာချက် ထုတ်ပြန်ပြီး ပါဂျောင်သို့ ရေဒီယိုဖြင့် ပို့လိုက်သဖြင့် ကျွန်ုပ်တို့ အပြေးအလွှား ဖတ်ကြည့်ရာ ဗကပနှင့် တပ်ပေါင်းစု ဖွဲ့စည်းရေးအတွက် သဘောမတူနိုင်သော အချက်မှာ ကရင်တို့၏ အဆိုအရ ဗကပ၏ ရည်ရွယ်ချက်နှင့် NDF တို့၏ ရည်ရွယ်

www.nyisay.com



ချက်တို့ လုံးဝ ခြားနားနေခြင်းကြောင့် ဟူ၏။ ဤ၌ ဆိုင်နောင်နှင့် ကျွန်ုပ်တို့ ကြောင်စီစီနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ဘယ်သူကရော အုပ်စုနှစ်စု၏ ပေါ်လစီတွေ တူပါတယ်ဟု ပြောခဲ့ပါသလဲ။ ဆိုခဲ့ပါ စာချုပ်မှာ လက်နက်ကိုင်အုပ်စုတွေကြားမှ တူရာ၊ မတူရာ ပြဿနာတို့ကို ဖြေရှင်းဖို့ရာအတွက် ပထမခြေလှမ်းသာဖြစ်၍ အဆိုပါခြေလှမ်းက ပြည်တွင်းစစ်ကို နိုင်ငံရေးအရ ဖြေရှင်းရာတွင် လက်နက်ကိုင်အုပ်စုတွေအတွက် အထောက်အကူ ဖြစ်စေမည် မဟုတ်ပါလား။

ထိုနေ့မနက် ဘရန်ဆိုင်းထံသို့ ကျွန်ုပ်တို့ ရောက်သွားသည့်အခါ မျှော်လင့်မထားသော အချိုးအကွေ့ကြောင့် စိတ်ရှုပ်ထွေးနေသည်။

"ဒီမှာ ကျွန်တော်တို့ရဲ့ NDF ကိုယ်စားလှယ်တွေ အတော်များများ ရှိနေခိုက်မှာ ထိုင်းနယ်စပ်ကို ကျွန်တော်လိုက်သွားပြီး အဲဒီက လူတွေနဲ့ ဆွေးနွေးဖို့ ကိုယ်စားလှယ်တွေက တိုက်တွန်းခဲ့ကြတယ်။ သူတို့က ကျွန်တော်တို့ရဲ့ အကျယ်အဝန်း ပမာဏကိုလည်း မြင်ဖူးကြတာ မဟုတ်ဘူး။ ဗကပနဲ့ ဘယ်လိုလက်တွဲမယ်ဆိုတဲ့ ကျွန်တော်ရဲ့ ပေါ်လစီကိုလည်း နားလည်ကြသူတွေ မဟုတ်ဘူးလို့ ပြောခဲ့ကြတယ်။ ဒါဟာ အရေးကြီးတဲ့ ကိစ္စပဲ။ ကချင်ပြည်နယ်က လူမျိုးစုခေါင်းဆောင်တွေနဲ့ ဘုရားကျောင်းကလူတွေကလည်း ဒီကိစ္စကို ကျွန်တော်ရှိနေတဲ့အချိန်မှာ အပြီးအပြတ် ဆောင်ရွက်သွားဖို့ ပြောကြပါတယ်။ ကျွန်တော်တို့တွေ နောက်ထပ် အနှစ် (၂၀) (၃၀) ဆက်ပြီး မတိုက်ချင်တော့ဘူး။ ဆက်တိုက်နေရင် တိုင်းပြည်တစ်ပြည်လုံး ပျက်စီးသွားလိမ့်မယ်"

ဂရုတစိုက် ကျွန်ုပ် နားထောင်နေပါသည်။ ကျွန်ုပ်အနေနှင့် အပြင်ဘက်က လေ့လာသူတစ်ယောက် ဖြစ်သော်လည်း ဘရန်ဆိုင်း၏ အသေးစိတ် လေ့လာသုံးသပ်မှုကို သဘောတူဖို့ ဝန်မလေးပါ။ သို့ပေမဲ့ နောက်ထပ် NDF အနေနှင့်ရော ခိုင်မာတောင့်တင်းနိုင်ပါ့မလား သံသယ ဖြစ်မိသည်။ တောင်ဘက်ခြမ်း ထိုင်းနယ်စပ်တစ်လျှောက်ကို စုစည်း၍ မရဘူးဆိုလျှင် မြောက်ပိုင်းမှ တိုးတက်မှုတို့သည်လည်း ဆိုးဆိုးရွားရွား ရိုက်ခတ်လာမည်မှာ သေချာသည်။

ဤ၌ အိန္ဒိယအရှေ့မြောက်တွင်မူ မြန်မာပြည်အခြေအနေနှင့် လုံးဝမတူ၊ လူမျိုးစု လက်နက်ကိုင် ပုန်ကန်မှုများမှာ လုံးဝ ခြားနားသော အခြေအနေသို့ ကူးပြောင်းသွားသည်။ တစ်ည ဘီဘီစီ သတင်းနားထောင်နေခိုက် နယူးဒေလီအစိုးရနှင့် မီဇိုသူပုန်ခေါင်းဆောင်တို့ လက်မှတ်ရေးထိုးလိုက်ကြကြောင်း ကြားသိခဲ့ရသည်။ မီဇိုအဖွဲ့မှာ ၁၉၅၀ လွန်ကာလများကတည်းက အိန္ဒိယဗဟိုအစိုးရကို တိုက်ခိုက်နေခဲ့ရာ ယခု သဘောတူညီမှုအရ ၄၄းတို့က ခွဲထွက်ခွင့်ကို စွန့်လွှတ်၍ လက်နက်ချမည်ဆိုလျှင် လာဒန်ဂါ၏ သူပုန်လှုပ်ရှားမှုတို့ကို တရားဝင် အသိအမှတ်ပြု၍ လွတ်လပ်သော ရွေးကောက်ပွဲသို့ ပါဝင်ခွင့်ရလာမည် ဖြစ်သည်။

www.nyisay.com



အဆိုပါသတင်းကား အိန္ဒိယ မီဇိုလူမျိုးတို့အတွက် သတင်းကောင်းဖြစ်သလို လူမျိုးစု လက်နက်ကိုင် ပဋိပက္ခတို့ကို ခေါင်းမာမာနှင့် တရားသေနည်းဖြင့် အဖြေရှာနေသော ရန်ကုန်အစိုးရ၏ ချည်းကပ်ပုံနှင့် လုံးဝ ကွာခြားမှုကို လက်တွေ့သရုပ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ဤကိစ္စ ကြားသိရပြီးနောက် စက်တင်ဘာလ ရောက်လာရာ (၁၃) ရက်နေ့မှာ သမီး ဆိုင်တိုင်း၏ မွေးနေ့ဖြစ်၍ တစ်နှစ်မြောက်မွေးနေ့ကို SSA တို့အိမ်တွင် ကျင်းပဖို့ စိတ်ကူးထားကြရာ ပါဂျောင်တွင် နမ့်ခမ်းမှ ရှမ်းကုလား ကပြားကုန်သည်တစ်ဦးလည်း ရောက်နေသဖြင့် ကိတ်မုန့်ဖုတ်ရာတွင် သူ့အနေနှင့် ကျွန်ုပ်တို့ကို ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။ သို့ပေမဲ့ ကိတ်မုန့်ဖုတ်ဖို့ ဂျုံမှုန့်၊ ကြက်ဥနှင့် နို့တို့ကို ပါဂျောင်ဈေးထဲတွင် ရနိုင်ပါသော်လည်း ယို(စ်) သို့မဟုတ် မုန့်ဖုတ်ပေါင်ဒါ ရှာမရသဖြင့် နောက်ဆုံးတွင် အိုးလေးကိတ်မုန့် (နွားနို့၊ ဂျုံမှုန့်နှင့် ကြက်ဥတို့ကို ရောသမ၍ ဆီနည်းနည်းနှင့် အိုးကင်းပူတိုက်ထားသောနည်း)တွေကိုသာ ကြော်ပြီး တစ်ချပ်ချင်း ဆင့်၍ မွေးနေ့ကိတ်မုန့် လုပ်လိုက်ရတော့သည်။ အိုးလေးကိတ်မုန့် တစ်ချပ်နှင့်တစ်ချပ်ကြားတွင် ကျွန်ုပ်တို့ လက်ဖြစ်သစ်တော်သီးယိုကို ထည့်သွင်းထားပြီး ကြက်ဥအကာနှင့် သကြားကို ဖျော်၍ ကိတ်မုန့်ချပ်တွေပေါ်က ဖျန်းကာ အပေါ်ဆုံးအချပ်တွင် ဖယောင်းတိုင် သေးသေးလေးတွေ စိုက်ထွန်းထားလိုက်သည်။ မွေးနေ့ကိတ်မုန့်ကို မျှဝေစားကြမည့် ဧည့်သည်တစ်ဒါဇင်ခန့်ရှိပြီး ကြိုရာနှင့်ဖြစ်အောင် လုပ်လိုက်ရသော ကျွန်ုပ်တို့ မွေးနေ့ကိတ်မုန့်ကို အားလုံးက သဘောကျကြသည်။ မွေးနေ့ကိတ်ကို ဓားနှင့်မပိုင်းမီ ဆိုင်တိုင်းက ကိတ်မုန့်အနားတွင် ဟန်ပါပါနှင့် ဂိုက်ပေး၍ ဓာတ်ပုံအရိုက်ခံသည်။

ဆိုင်တိုင်း၏ မွေးနေ့ပါတီပွဲ ကျင်းပပြီး သုံးလေးပတ်အကြာတွင် ခရစ္စမတ် အကြို လက်ဆောင်ပစ္စည်းတွေ ရောက်လာသည်။ ပြီးခဲ့သည့်ရက်များကတည်းက ကူမင်းသို့ ဘရန်ဆိုင်း ထွက်သွားသဖြင့် သူပြန်အလာကို တရုတ်နယ်စပ်တွင် ကြိုဖို့အတွက် နယ်စပ်မှ ကေအိုင်အေ ဆက်သွယ်ရေး စခန်းသို့ တက်သွားဖို့ ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။ ဆိုင်နောင့်နှင့် ဆိုင်တိုင်းတို့ အိမ်မှာ ကျန်ရစ်ခဲ့ပြီး ကေအိုင်အေလုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့နှင့် အတူ နံနက်စောစော ထွက်လာခဲ့သည်။ မိုးထဲလေထဲ သွားခဲ့ကြသော 'ဆီမကောင်' ခရီးပြီးနောက်ပိုင်း ဤခရီးကား ပါဂျောင်မှ ကျွန်ုပ်၏ ပထမဆုံးခရီးလည်း ဖြစ်သည်။

ပါဂျောင်တွင် (၅) လကျော်နေခဲ့ပြီး ယခုလို တစ်ခါပြန်၍ ခရီးထွက်လာရသဖြင့် စိတ်ထဲလန်းဆန်းတက်ကြွနေရာ တောင်ကုန်းတွေကို ဖြတ်၍ တရုတ်နယ်စပ်သို့ နာရီအနည်းငယ်မျှ ခပ်သွက်သွက် လျှောက်လာကြပြီးနောက် ကေအိုင်အေ ဆက်သွယ်ရေးစခန်းသို့ ရောက်လာသည်။ စခန်းတွင် ပျဉ်ထောင်အိမ်ကြီးတွေ လေးငါးလုံးရှိပြီး သံမီးဖိုကြီးတွေနှင့် မီးလှုံကြသဖြင့် မီးခိုးခေါင်းတိုင်တွေက မီးခိုးတွေ အုတက်နေပြီး မြက်ခင်းစိမ်းနှင့် တောင်တန်းကုန်းမြင့်ပေါ် လွင့်မျောသွားကြသည်။ ဟိုးအဝေးတွင်မူ တရုတ်ပြည်မှ ဆီမပါ ချိုင့်ဝှမ်း

www.nyisay.com

ဆိုင်တိုင်း၏ ပထမဆုံးမွေးနေ့မင်္ဂလာ

www.nyisay.com

(၁၃) ရက် စက်တင်ဘာ၊ ၁၉၈၆ ခုနှစ်။

www.nyisay.com



စိမ်းကြီးကို တပြန့်တပြူး မြင်နေရသည်။ နေ့မွန်းလွဲချိန်လောက်တွင် မြင်းကိုယ်စီ စီးလာနေသော ဘရန်ဆိုင်းတို့အဖွဲ့ကို ဟိုးအဝေးတွင် လှမ်းတွေ့နေရပြီး စခန်းရောက်လာသည်အထိ အတော်ကြာအောင် စောင့်နေရသေးသည်။ ဘရန်ဆိုင်းက ရွှင်လန်းနေပြီး ကူမင်းမှတစ်ဆင့် ဘန်ကောက်မှ ပေးပို့လိုက်သော ပါဆယ်ထုပ်ကြီးတစ်ထုပ် ကျွန်ုပ်ကို ပေးသည်။

ထိုနေ့ညနေ ပါဂျောင်ပြန်ရောက်ပြီးနောက် ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ ပါဆယ်ထုပ်ကြီးကို ဖွင့်ကြရာ မမြင်မတွေ့ရသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သော အကောင်းစား ပစ္စည်းတွေ၊ သမီးအတွက် ဘောဘီပေါင်ဒါ၊ ဘောဘီဆပ်ပြာ၊ အကောင်းစား ကလေးခါးတောင်းကျိုက် ပိတ်စတွေနှင့် လမ်းလျှောက်လျှင် တပီပီမြည်သည့် ဖိနပ်လေးတစ်ရံ၊ ဆိုင်နောင့်အတွက် ဖလင်လိပ်ဘူးတစ်ဘူး၊ ကျွန်ုပ်အတွက်ကား ဆေးတံတစ်ချောင်း၊ ဆေးရွက်ကြီး (၂) ထုပ်နှင့် ဆေးတံ သန့်စင်သော ကလင်နာတစ်ခုတို့ ဖြစ်ပါ၏။

ကျွန်ုပ်က ဆေးတံကို ဆေးတစ်အိုးသိပ်ထည့်ပြီး မီးညှိ၍ ကောက်ဖွာလိုက်ပြီး၊ ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ကျွန်ုပ်ထံပို့လိုက်သော စာတွေထည့်ထားသည့် ဘူးလေးတစ်ဘူးကို ဖွင့်ကြည့်လိုက်သည်။ စာတွေက တစ်နှစ်ကျော် ကျွန်ုပ် သတင်းမကြားရတော့ဘဲ ယခု ကျွန်ုပ်တို့ အသက်ရှင်လျက် ကောင်းမွန်စွာ ရှိနေကြောင်း ကြားသိကြပါသဖြင့် ဝမ်းသာအံ့သြစွာနှင့် တစ်ကမ္ဘာလုံးက ပို့လိုက်သောစာတွေ၊

"ဘယ်ရောက်နေလဲ၊ နေထိုင် ကောင်းကြရဲ့လား"

သူငယ်ချင်းတစ်ယောက်ကလည်း စိတ်ဆိုးဆိုးနှင့် ယခုလို ရေးထားသည်ကို ဖတ်ရပြီး ကျွန်ုပ်တို့ ရယ်ကြရသေးသည်။

"ငါတို့ဆီ မင်း စာမရေးတာ တစ်နှစ်ကျော်ပြီ။ ဘန်ကောက်မှာ မင်းအလုပ်တွေ အရမ်းရှုပ်နေမှာပေါ့"

၁၉၈၅ ခုနှစ် မတ်လအတွင်း ဘန်ကောက်မှ ကျွန်ုပ်တို့ ထွက်ခွာလာသည်အထိ ကျွန်ုပ်တို့ အစီအစဉ်ကို လူလေးငါးယောက်သာ သိထားသည်။ စာအိတ်တစ်အိပ်တွင် ဘန်ကောက်ဘဏ်တစ်ခုမှ ကျွန်ုပ်၏ ငွေစုစာရင်း ဖြတ်ပိုင်းတို့ကိုတွေ့ရာ အိန္ဒိယနှင့် ပါဂျောင်မှ ကျွန်ုပ်ပေးပို့ခဲ့သော ဆောင်းပါးတို့အတွက် စာမူခတို့ကို ကျွန်ုပ် ဘဏ်စာရင်းထဲ ထည့်ထားကြောင်း သိရသဖြင့် ဝမ်းသာကြရသည်။ သို့ဖြစ်၍ အပြန်ခရီးအတွက် စိတ်ပူစရာ မလိုတော့။ ပါဂျောင်တွင် နေထိုင်နေစဉ်ကာလအတွင်း စားရေးသောက်ရေးအတွက် ပြဿနာ မရှိ၊ ဆိုင်တိုင်း မွေးနေ့ပွဲအတွက် ဝယ်ရခြမ်းရတာမျိုး၊ တစ်ခါတစ်ရံ ထောပတ် (သို့) ဒိန်ခဲတစ်ဘူးနှစ်ဘူး ဝယ်စားတာမျိုးမှ လွဲ၍ အခြားဘာအတွက်မျှ ကုန်စရာမရှိ၊ ပါဂျောင်စခန်းတွင် နေထိုင်သူအားလုံးအတွက် KIO က တစ်ပတ်တစ်ကြိမ် ရိက္ခာပေးသည်။ အဝတ်အစားအတွက်ဆိုလျှင်လည်း ကုန်စရာမရှိ၊ ခရီးကြမ်းသော်လည်း

www.nyisay.com



ကျွန်ုပ်တို့ ယူလာသော အဝတ်အထည်တွေအားလုံး ယခုအထိ အကြမ်းပတမ်း ခံနိုင်သေးသလို ကျွန်ုပ်၏ ဝါးကင်းရှူးဖိနပ်မှာ စုတ်ပြတ်နေသည့်တိုင် စီးရှိနေသေးသည်။

ပါကျောင်တွင် ကျွန်ုပ်တို့ ခေတ္တနေထိုင်နေခိုက်၊ ရန်ကုန်အစိုးရက ငွေစက္ကူသစ်တွေ စတင်ထုတ်ဝေလိုက်ရာ ပထမတွင် ရယ်စရာ လုပ်ပြောနေသည်ဟုသာ ထင်ခဲ့သည်။ ကျွန်ုပ်တို့ ခေးဆန်ချန်းလမ်တွင် သောင်တင်နေသော ၁၉၈၅ ခုနှစ် ဒီဇင်ဘာလက ကျပ် (၁၀၀) တန်တွေကို ဖျက်သိမ်းပြီး (၇၅) ကျပ်တန်နှင့် အစားထိုးခဲ့သည်ကို ကျွန်ုပ် သိထားပြီး ဖြစ်သည်။ သို့ပေမဲ့ ယခု (၁၅) ကျပ်တန်နှင့် (၃၅) ကျပ်တန်တွေကို ရန်ကုန် ဗဟိုဘဏ်ကြီးက ထုတ်လိုက်ပြီဆိုသော သတင်းကို ကုန်သည်တွေဆီက ကြားသိလိုက်ရသည့်အခါတွင်မူ သူတို့ နောက်များနေသလား အောက်မေ့ခဲ့သည်။ သို့ပေမဲ့ မကြာပါဘူး။ ပါကျောင်ဈေးထဲသို့ ဆိုခဲ့သလို ကိုးရိုးကားယား ပိုက်ဆံတွေ ရောက်လာပါတော့သည်။

"ဒီကိစ္စကို ကမ္ဘာဘဏ်က ဘယ်လိုပြောမလဲဆိုတာ ကျွန်တော်သိချင်လိုက်တာ"

ဘရန်ဆိုင်းက အငေါ်တူးတူးနှင့် ပြောသည်။ သို့ရာတွင် ဤကိစ္စသည် ဗရွတ်ရွတ်တ ရယ်စရာကောင်းသော ဟာသတစ်ခုဆိုသော်လည်း တစ်ရာကျပ်တန် ဖျက်သိမ်းလိုက်သည့်အတွက် ပြည်သူအတော်များများ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်။ ရိုးသားစွာ ရှာဖွေထားသော ပိုက်ဆံဖြစ်ကြောင်း သက်သေပြနိုင်မည်ဆိုလျှင် ဖျက်သိမ်းခံလိုက်ရသော တစ်ရာတန်အစား လျော်ကြေးပြန်ပေးမည်ဖြစ်ကြောင်း အစိုးရက သတင်းထုတ်ပြန်ခဲ့ပါသော်လည်း တစ်တိုင်းတစ်ပြည်လုံး မှောင်ခိုစီးပွားရေးဖြင့် လည်ပတ်နေသော မြန်မာပြည်တွင်မူ ဆိုခဲ့သလို သက်သေပြဖို့ ဆိုသည်မှာ မဖြစ်နိုင်ပါသဖြင့် ကုန်သည်အတော်များများ အရင်းအနှီးတွေ ဆုံးသွားကြသည်။ တချို့ဆိုလျှင် သတ်သေသွားကြသည်။ တစ်ချိန်တည်းမှာပင် လူသုံးကုန်ပစ္စည်းတွေ ရှားပါးလာကြောင်း ကြားသိရသည်တွင် ဗမာပြည်စီးပွားရေးကြီးတစ်ခုလုံး ဖရိုဖရဲဖြစ်နေသည်မှာ ထင်ရှားလှပါ၏။

ပါကျောင်ဈေးနေ့တွင် ဈေးသို့ ကျွန်ုပ် ရောက်သွားရာ ပီစိုင်းလုံ ခေါက်ဆွဲဆိုင်တွင် ရန်ကုန်အစိုးရကို မကျေမချမ်း ဖြစ်နေသူတို့က ပွင့်ပွင့်လင်းလင်း ဆဲဆို၍ ကျိန်ဆဲနေကြပါသော်လည်း ဗမာတစ်ပြည်လုံး စီးပွားရေး ကသောင်းကနင်းဖြစ်နေချိန်၌ပင် ပါကျောင်ကမူ ပန်းပန်မပျက် ရောင်းပန်းဝယ်ပန်း စည်ကားလျက်ရှိရာ လမ်းတံတားတွေ ဆောက်လုပ်နေပြီး တရုတ်နှင့် ကုန်သွယ်ရေး သွက်လက်လာသည်။ ကျောက်စိမ်းတွေ ယူနန်သို့ ထွက်သွားပြီး လူသုံးကုန်ပစ္စည်းတွေ ပြန်ရောက်လာနေသည်။ ပျဉ်ထောင်အိမ်ကြီးတွေ တစ်လုံးပြီးတစ်လုံး တိုးလာနေသည်။ ညစဉ် ဈေးနားက ဗီဒီယိုရုံမှာ စစ်သားတွေ၊ ကုန်သည်တွေနှင့် ဒေသခံ ရွာသူရွာသားတွေ ပြည့်ကျပ်နေသည်။ ယခု ကျွန်ုပ်၏ရေးစရာ ချုတ်စရာ မှတ်တမ်းတင်ရသော ကိစ္စတွေ အားလုံးမှာလည်း နိဂုံးကမ္ဘတ် အဆုံးသတ်ပြီဖြစ်၍ တစ်ခါတစ်ခါ ညဘက် ဗီဒီယိုရုံထဲ ကျွန်ုပ်တို့ သွားတိုးကြည့်ကြရာ တရုတ်

www.nyisay.com

**ပါကျောင်မှ မထွက်ခွာမီ ဘရန်ဆိုင်းကို နှုတ်ဆက်နေသော ဘာတီး(လ်)လင့်တနာ။**

ကွန်ဖူးကားနှင့် ဗမာပြဇာတ်တို့ကို ကြည့်ချင်ပါသော်လည်း စူပါမင်း၊ ရန်ဘို၊ ဂန္ဓီနှင့် နဲဗာရွန်းက အမြောက်ကြီးများ စသည့် ဇာတ်ထုပ်တွေ ပြနေလေရာ ကမ္ဘာ့ယဉ်ကျေးမှုကား ဤနေရာသို့ အငြိုးတကြီးနှင့် ရောက်လာခဲ့လေပြီ။

ဗီဒီယိုရုံသို့ သွားရောက်လည်ပတ် ကြည့်ရှုခြင်းသည် လူမှုရေးကိစ္စတစ်ခုဖြစ်သလို မိတ်ဆွေတွေနှင့်လည်း တွေ့နိုင်သည်။ သို့ပေမဲ့ ဗိုလ်မှူးဟောင်း အင်ကျော့တန်ကား ဗီဒီယိုရုံသို့ ဘယ်တော့မှ မလာ၊ တစ်ညနေလုံး ရေဒီယိုတစ်လုံးဖြင့် ဒေသတွင်း သတင်းဌာနအားလုံးက ထုတ်လွှင့်သော သတင်းအားလုံးကို တကုပ်ကုပ်နှင့် ဖမ်း၍ နားထောင်နေတတ်သည်။

www.nyisay.com



အောက်တိုဘာ လဆန်းပိုင်းတွင် မီးခိုးရောင် ဘောင်းဘီ၊ ရှပ်အင်္ကျီအဖြူတို့နှင့် တောက်တောက်ပြောင်ပြောင် ယူနီဖောင်းတွေ ဝတ်ထားသော ဧည့်သည်တစ်စု ပါကျောင်သို့ ရောက်လာကြရာ ပန်ဆန်းမှ ဗကပအရာရှိတွေဖြစ်ကြောင်း မကြာမီ ကျွန်ုပ်တို့ သိရသည်။ ပန်ဆန်းမှာ ကွန်မြူနစ်တို့ ထိန်းချုပ်ထားသော မြို့တစ်မြို့ဖြစ်ပြီး တရုတ်ပြည်နယ်စပ်နှင့် ဘာမားလမ်းမကြီး ထိစပ်သည့်နေရာတွင် တည်ထားသည်။ ညနေတွင်မူ ဗကပအဖွဲ့ထဲက လူငယ်တစ်ယောက် ကျွန်ုပ်တို့အိမ်ရောက်လာရာ အသက် (၃၀) ဝန်းကျင်ရှိ၍ ခန္ဓာကိုယ် တောင့်တင်းခိုင်မာသည်။ တရုတ်ပြည်တွင် မွေးသော်လည်း ၁၉၆၈ ခုနှစ်က တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး အမြင့်ဆုံးရောက်နေချိန်တွင် ဗကပထဲသို့ သူ့သဘောနှင့် သူ ဝင်လာခဲ့သူဖြစ်သည်။ အမည်ရင်းမှာ ကျန်းကျီမိန်ဖြစ်ပြီး မြန်မာအမည် ကြည်မြင့် ဖြစ်သည်။ မြန်မာပြည်တွင် နှစ်အတော်ကြာနေလာသဖြင့် မြန်မာစကား၊ ရှမ်းစကား နှင့် ကချင်စကားတို့ကို သွက်သွက်ချာချာ ပြောနိုင်သည်။ သူ့တွင် ခင်မင်စရာကောင်းသော ရုပ်လက္ခဏာရှိသဖြင့် တွေ့လျှင်တွေ့ချင်း သူနှင့် ကျွန်ုပ်တို့ ခင်မင်ရင်းနှီးသွားကြသည်။

''ကျွန်တော်တို့ဌာနချုပ် ပန်ဆန်းကို အလည်လာဖို့ ခင်ဗျားကို ဖိတ်ထားတယ်လို့ ကြားတယ်''

သူက မီးဖိုဘေးတွင် ထိုင်ရင်း ပြောသည်။

''အဲဒါ သတင်းကောင်းပဲ၊ ဂျာနယ်လစ်တွေ ကျွန်တော်တို့ဆီ လာဖို့လိုတယ်။ ရောက်လာရင် ကျွန်တော်တို့ဒေသအခြေအနေကို ခင်ဗျားကိုယ်တိုင် တွေ့မှာပါ။ ကျွန်တော်တို့နဲ့ပတ်သက်ပြီး ရေးနေ၊ ပြောနေကြတာတွေ အားလုံး တလွဲတွေချည်းပဲ''

ဤအချက်ကို ကျွန်ုပ် သဘောတူသည်။ မြန်မာရေးရာ လေ့လာမှုကိစ္စများတွင် ဗကပနှင့် ပတ်သက်၍ သေသေချာချာ လေ့လာစမ်းဆန်းစစ်မှုတွေ မလုပ်ခဲ့သည်မှာ ကြာပြီ။ ယုံကြည်လောက်သော သတင်းအချက်အလက်တွေ ကင်းမဲ့နေသဖြင့် ဗကပနှင့် ပတ်သက်သော သတင်းရေးသားချက်တွေက တစ်ခါလာလည်း ''မော်ဝါဒီတွေ ဘိန်းမှောင်ခိုသမားတွေ ဖြစ်သွားပြီ'' ဆိုတာတွေနှင့်ပဲ သံသရာလည်နေသည်။ အမှန်အားဖြင့် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု အများဆုံးမှာ ဗကပ ထိန်းချုပ်နယ်မြေတွင် စတင်ခဲ့သည်ဖြစ်၍ ဤသို့ အငြင်းပွားစရာ ဖြစ်နေရခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပါတီ၏ မောင်းနှင်အားတစ်ခုအနေနှင့် အယူဝါဒနေရာတွင် ကူးသန်းရောင်းဝယ်ရေးကို အစားထိုးလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ တောင်ပိုင်းသို့ ကိုယ်တိုင်သွားရောက်၍ ယနေ့ ဗကပနှင့် ပတ်သက်သော အဖြစ်မှန် အချက်အလက်တို့ကို ကျွန်ုပ်ကိုယ်တိုင် သွားရောက်လေ့လာဖို့ စိတ်ထက်သန်နေသည်။

www.nyisay.com



ညအခင်းများ ခြောက်သွေ့လာပြီဖြစ်၍ မိုးရာသီကုန်တော့မည့် လက္ခဏာ ပြနေသည်။ ကျွန်ုပ်နှင့် ဘရန်ဆိုင်းတို့ နှစ်ကြိမ် သုံးကြိမ် ငါးမျှားထွက်ခဲ့ကြရာ ချောင်းရေနိမ့်ဆင်းသွားသည်ကို သတိပြုမိလိုက်သည်။ ရေစီးတို့က တောထဲမှဖြတ်၍ သိမ်မွေ့စွာစီးဆင်းနေပြီဖြစ်၍ ရှေ့ခရီးဆက်ဖို့ အချိန်ကျလေပြီ။

○

www.nyisay.com

# စီစီဝမ်

ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့ ကင်းစင်၍ နေသာသောတစ်နေ့တွင် ပါဂျောင်မှ ကျွန်ုပ်တို့ ထွက်ခွာလာကြသည်။ ထိုနေ့ကား ၁၉၈၆ ခုနှစ်၊ အောက်တိုဘာ (၁၆)ရက်၊ ပါဂျောင်သို့ ကျွန်ုပ်တို့ ရောက်လာသည်မှ (၆) လတင်းတင်း ပြည့်သောနေ့။

ဘရန်ဆိုင်း၊ ဇောင်းဟရာ၊ စိုင်းတူးတို့နှင့် သူတို့၏ဇနီးများ၊ ကျွန်ုပ်တို့၏ အခြားမိတ်ဆွေတို့က နှုတ်ဆက်ဖို့ တစ်နေရာတွင် စုရုံးနေကြသည်။ ကေအိုင်အေတပ်ဖွဲ့တစ်ဖွဲ့က ကျွန်ုပ်တို့နှင့် 'နားဖော့' အထိ လုံခြုံရေးလိုက်လာပြီး နားဖော့တွင် နောက်ထပ် တပ်ဖွဲ့များနှင့် ဖြည့်တင်းကာ ရှမ်းပြည်မြောက်ပိုင်း ဗကပ တို့ ထိန်းချုပ်ထားရာ နယ်မြေသို့ ခရီးဆက်ကြမည် ဖြစ်သည်။

''ကျွန်တော်တို့တွေ နောက်တစ်ကြိမ် မတွေ့နိုင်တော့ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ''

ဘရန်ဆိုင်းက ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်ရင်း ပြောသည်။ သို့ပေမဲ့ သူ့မျက်လုံးထဲမှာ ကျီစယ်လိုသော အပြုံးတွေ ဘာကြောင့် လင်းလက်နေသည်ကိုတော့ ကျွန်ုပ် ကောင်းကောင်း နားမလည်။ သို့ဖြစ်၍ ခပ်မဆိတ်သာ ကျွန်ုပ်နေလိုက်ပြီး အလိုက်သင့် နှုတ်ဆက်လိုက်သည်။

''ကျွန်တော်တို့ တွေ့နိုင်ပါတယ်''

ပထမဆုံးအကြိမ် ဂတ်ယန် ဈေးနားမှ စမ်းချောင်းလေးသို့ ဆင်းလျှောက်လာပြီး ကျွန်ုပ်တို့ ထောပတ်နှင့် ဒိန်ခဲဝယ်သော တရုတ်ဈေးဆိုင်တွေ၊ ပီစိုင်းလုံ၏ ခေါက်ဆွဲဆိုင်၊ ကေအိုင်အို သမဝါယမ စတိုးဆိုင်နှင့် ချိုင့်ဝှမ်းကျဉ်းလေးကို မိုးမြင်နေရသော

www.nyisay.com



တောင်ကုန်းပေါ်တွင် ကချင်အလံ လွှင့်ထူထားသော ပါဂျောင်မြို့နယ်ရုံးတို့ကို ကျွန်ုပ်တို့ ဖြတ်ကျော်၍ လာခဲ့ကြရာ ဤ၌ ကျွန်ုပ်တို့ရင်ထဲမှာ ခံစားချက်တွေ အမှန်ပင် ရောထွေးနေပါ၏။

ရေဒီယိုအော်ပရေတာလေး 'ပျူဖ'၊ အရွှန်းအနောက် ပြောတတ်သော 'ကွမ်းဖခါး'၊ မူကြိုကျောင်းကလေးတစ်သိုက်၊ ထရန်စစ္စတာ ရေဒီယိုလေး တကိုင်ကိုင်နှင့် ဗိုလ်မှူးဟောင်း အင်ကျော့တန်နှင့် အခြားမိတ်ဆွေတွေ၊ သူတို့တွေကို လှိုက်လှိုက်မောမော လွမ်းဆွတ်သတိရနေသလို တစ်ချိန်တည်းမှာပင် အပြန်ခရီးမှ နေရာသစ်နှင့် အတွေ့အကြုံသစ်တို့ကို ဖြတ်သန်းရတော့မည်ဖြစ်၍ ရင်ထဲမှ တက်ကြွရွင်လန်းနေသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

တောင်တန်းများပေါ်တွင် (၆) နာရီမျှ ဖြတ်ကျော်လာပြီး မွန်းလွဲချိန်တွင် 'နားဖော့' သို့ ရောက်ရာ ယခင် (၆) လက ကျွန်ုပ်တို့ နေခဲ့သော အိမ်ကလေးကို ယခု ကျွန်ုပ်တို့ အတွက် အသင့်ပြင်ဆင်ထားပြီး စခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွနှင့် မြူးကြွနေကြသည်။ ပထမတစ်ကြိမ် ဤစခန်းသို့ ရောက်ခဲ့စဉ်က ဧပြီလ သက်ဆိုးအခါဖြစ်ပြီး ယခုတစ်ကြိမ်မှာ သီတင်းကျွတ်အခါ ဖြစ်သည်။ ဤ၌ သီတင်းကျွတ် ပျော်ပွဲရွင်ပွဲများအပြင် ရုတ်တရက် တွေ့လိုက်ရသော အဖြစ်အပျက်တစ်ခုကြောင့် ကျွန်ုပ်တို့ အလွန်အမင်း ဝမ်းသာကြည်နူးခဲ့ရသည်မှာ ခွန်နောင်၏ မိန်းမ မန္တလေးမှ ရောက်လာပြီး (၈) နှစ်ကြာ ခွဲခွာနေရာမှ လင်မယားနှစ်ယောက် ဇာတ်ပြန်ပေါင်းကြသဖြင့် ခွန်နောင်က ကျွန်ုပ်တို့ကို တွေ့သည့် အခါ ပျော်မြူးနေသည်။

''အစ်ကိုနဲ့အစ်မ ကျွန်တော့် မိန်းမနဲ့ တွေ့ပါဦး၊ အခု...သူ...ဒီ... ကို ရောက်နေပြီ''

သူမကား ပီဘီ မြန်မာအမျိုးသမီး တစ်ဦးပါပေ။ ဆံပင်အရှည်ကြီးကို ဘီးဆံပတ် ထုံးထားပြီး လမင်းလို ဝိုင်းစက်စက် မျက်နှာနှင့် လှပပြီး စကားပြောလျှင် တိုးတိုးညင်းညင်း ပြောတတ်သည်။ ဗုဒ္ဓဘာသာကို ကြည်ညိုကိုင်းရှိုင်းသူဖြစ်သည်နှင့်အညီ အမူအရာတို့က သိမ်မွေ့နူးညံ့သည်။ သို့ပေမဲ့ သူမသည်လည်း မြန်မာပြည် အလယ်ပိုင်းဒေသနေ ပြည်သူတွေနည်းတူ ရန်ကုန်အစိုးရ၏ ဝါဒဖြန့်ချိတာတွေကို ယုံ၍ လက်နက်ကိုင်သူပုန်ထသူဆို လျှင် ရက်စက်ကြမ်းကြုတ်သူ အကြမ်းဖက်သမားတွေ၊ ဘိန်းမှောင်ခိုတွေ၊ တိုင်းပြည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးနေသူတွေပဲဟု မှတ်ယူခဲ့သည်ဖြစ်၍ မိမိ၏ လင်တော်မောင်သည်လည်း သူပုန်တစ်ယောက် ဖြစ်သည်ဆိုသော အချက်ကိုမူ လက်ခံဖို့ ခက်နေခဲ့ရာ (၈) နှစ်မျှပင် အချိန်ယူခဲ့ရသည်။ သို့ဖြစ်ခဲ့သော်ငြား 'နားဖော့' တွင် တစ်ပတ်မျှ သူမနေထိုင်လိုက်သော နေ့ရက်တို့သည်ကား သူမကို အပြောင်းလဲကြီး

www.nyisay.com



ပြောင်းလဲစေခဲ့ပြီး ယခင်က မဆင်မခြင် သိထားခဲ့သော အယူအစွဲတို့ လွှင့်စင်သွားပြီး လွတ်လပ်ပေါ့ပါးသွားပုံရသည်။

''ရောက်စက သူ့မျက်လုံးကိုတောင် သူ မယုံဘူးလေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ ဘုရားကျောင်းတွေနဲ့ ဒီလိုရွာကြီးတွေ ရှိလို့လားတဲ့... အစိုးရက သူတို့ကို ဒီလို အကြောင်းတွေတော့ ဘယ်တော့မှ မပြောဘူး''

သူမကို ခွန်နောင်က အကြင်နာတွေနှင့် စနေသည်။ သို့ပေမဲ့ (၈)နှစ်မျှ သူမနှင့် ခွဲခွာနေရသော လင်ယောကျ်ားတစ်ယောက်အနေနှင့် သူမအပေါ် တစ်လျှောက်လုံး သစ္စာရှိခဲ့ပါသလား ဆိုသည့်အချက်ကိုမူ သံသယရှိနေဆဲ။ အထူးသဖြင့် အချောအလှ ကချင်ရဲဘော်မလေးတွေ ပေါသော ကေအိုင်အေဒေသတွင် စိတ်ချရပုံမလား၊ သူမ၏ သံသယအတွက်မူ ခွန်နောင်ဘက်က စစ်ကူပေးဖို့ ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။

''ကျွပ်ပြောတာ ယုံပါ၊ ခွန်နောင်က မင်းအကြောင်းကလွဲပြီး ဘယ်သူ့အကြောင်းမှ မပြောဘူး၊ မိန်းကလေးတွေကို သူက စိတ်မဝင်စားတာကြောင့် မိန်းကလေးတွေက သူ့ကို ဘုန်းကြီးလို့ ခေါ်ကြတယ်''

ယုံမှားသံသယမဖြစ်ဖို့ သူမကို ကျွန်ုပ် အာမခံလိုက်သည်။

''သိပ်ဟုတ်တာပေါ့၊ သူတို့က ကိုယ့်ကို အဲ့ဒီလို ခေါ်ကြတယ်''

''ဟုတ်တယ်၊ စခန်းက မီးပုံဘေးမှာ ညတိုင်း သူတစ်ယောက်ထဲ ငုတ်တုတ်ထိုင်နေတာ ခေါင်းမှာ ဒဏ်ရာရထားတဲ့ ဝက်ဝံကြီးတစ်ကောင်လိုပဲ၊ မင်းအကြောင်းကိုပဲ သူ အမြဲစဉ်းစားနေတယ်''

''တကယ့်ကို တစ်ချိန်လုံးပါပဲ''

ကျွန်ုပ်စကားကို ခွန်နောင်က တက်တက်ကြွကြွနှင့် ခေါင်းညိတ်ထောက်ခံပြီး ပြုံးဖြဲဖြဲကြီး လုပ်နေသည်။

သို့ပေမဲ့ သီတင်းကျွတ်ပွဲတော် ကျင်းပနေစဉ် ရက်များအတွင်း စိတ်မကောင်းစရာ သတင်းတစ်ပုဒ် ရောက်လာရာ နာဂတောင်တန်းဒေသတွင် သာသနာပြုနေသော ခရစ်ယာန်ဘုန်းတော်ကြီး 'လဘွီးထိန်နန်' တစ်ယောက် အောက်တိုဘာ (၄) ရက်နေ့က ဝမ်းကိုက်ရောဂါနှင့် ဆုံးသွားသည်တဲ့။ အရပ်ပုပျပ်ပျပ်၊ ကချင်လုံချည်ကို ဝတ်လျက်၊ သမ္မာကျမ်းနှင့် ဓမ္မတေးစာအုပ်တွေ ထည့်ထားသော ကချင်လွယ်အိတ်ကို အမြဲလွယ်ထားတတ်သော ကချင်အမျိုးသားကြီး ထိန်နန်ကို ယခုအထိ ကျွန်ုပ် မျက်စိထဲက မထွက်။ အခြားလူတွေဆီက သင်ယူမရနိုင်သော နာဂစကားတော်တော်များများကို ကျွန်ုပ်ကို သူသင်ပြခဲ့သေးသည်။

အောက်တိုဘာ (၁၈) ရက်နေ့မှာ သတင်းကျွတ်အခါသမယ ကျရောက်သောနေ့ဖြစ်၍ ညဘက်တွင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲတို့ ကျင်းပကြရာ 'နားဖော့'

www.nyisay.com

ဗမာပြည်အတွင်း ဝင်ရောက်
လာပြီး တစ်နှစ်အကြာ ၁၉၈၆
ခုနှစ် အောက်တိုဘာလ ကချင်
ပြည်နယ်မှ ရှမ်းပြည်နယ်သို့
ခရီးဆက်ကြစဉ်။

www.nyisay.com



ရွာပေါ်မှ မီးပုံးပျံကြီး ပျံတက်သွားပြီး လရောင်ဆမ်းထားသော တောင်တန်းများဆီသို့ တအိအိနှင့် မျောပါသွားသည့်အခါ မီးပုံးပျံပွဲ ရောက်လာသော စစ်သားနှင့် ရွာသူရွာသား ရာပေါင်းများစွာက လက်ခုပ်လက်ဝါးတီး၍ ဟေးဟေးဝါးဝါးနှင့် အားပေးကြသည်။

အောက်တိုဘာ (၂၀) ရက်တွင် ကျွန်ုပ်တို့ ခရီးထွက်ဖို့ စီစဉ်ထားပြီးဖြစ်၍ ဆိုင်နောင့်က ကေအိုင်အေရုံးမှ ဗီဒီယို ကင်မရာတစ်လုံး ငှားယူလိုက်သည်။ ကျွန်ုပ်တို့ ဗီဒီယိုရိုက်ကူးလိုသော အခမ်းအနားတစ်ခုမှာ ဗြိတိသျှစစ်တပ်တွေ စစ်မှုထမ်းခဲ့ကြစဉ် အခါက ကချင်တို့ ရလာခဲ့သော အမွေအနှစ်တစ်ခု ဖြစ်သည်။ တောင်တန်းနေ ကချင် အမျိုးသားတွေအနေနှင့် စကော့လူမျိုးတွေအပေါ် တော်တော်သံယောဇဉ်ကြီးခဲ့ဟန် တူသည်။ စကော့တို့၏ အိတ်ပလေကို ကချင်အစဉ်အလာ တူရိယာပစ္စည်းများဖြစ်သော ဝါးပလွေနှင့် ဖြစ်စေ၊ နောက်ပိုင်းအသုံးပြုလာသော အီလက်ထရစ် ဂစ်တာနှင့်ဖြစ်စေ တွဲဖက်တီးမှုတ်လာခဲ့ကြသည်။ သို့ဖြင့် ဆိုခဲ့သလို တူရိယာတွေ တီးမှုတ်ဖျော်ဖြေမှုကို ရိုက်ကူးဖို့ရာအတွက် အိတ်ပလေ ကျွမ်းသော ကချင်ဗိုလ်ကြီးတစ်ယောက် အပါအဝင် ကချင်တပ်ဖွဲ့တစ်ဖွဲ့နှင့် ဗြိတိသျှခံတပ်ဟောင်းတည်ရာ တောင်ပေါ်သို့ တက်လာခဲ့ကြသည်။ ကျွန်ုပ်တို့ ရိုက်ကူးမည့် အစီအစဉ်အတွက် ခံတပ်ဟောင်းနောက်ခံနှင့် လိုက်ဖက်သဖြင့် ဤနေရာကို ကျွန်ုပ်တို့ ရွေးချယ်ထားကြသည်။

ဆိုင်နောင့်က ဗီဒီယိုကင်မရာကို သုံးချောင်းထောက်စင်ပေါ်မှာ ဆင်သည်။ ဖျော်ဖြေတင်ဆက်မည့် အဖွဲ့သားအားလုံး အသင့်နေရာယူပြီးနောက်တွင်မူ ကချင်စစ်သား လေးယောက်၏ 'ဒရမ်' စည်းချက်နှင့်အတူ အိတ်ပလေ သံဖြင့် တီးမှုတ်လိုက်ကြသော "Scotland the Brave" တေးသွားကား ကချင်တောင်တန်းများပေါ်တွင် ရဲတင်းစွာ ပဲ့လွင့်သွားလေသည်။ ဖျော်ဖြေတင်ဆက်မှုကို ရိုက်ကူးနေရာတွင် အဖက်ဖက်မှ ထိရောက်မှုရှိ၍ ပြန်လည်အောက်မေ့ဖွယ်ရာအဖြစ် ကျွန်ုပ် ခံစားရသည်။ ထိုနည်းလည်းကောင်း ကချင်ဒေသတွင် သိုးအစာအိမ်မှရသော သားရေ ရှားပါးသဖြင့် အိတ်ပလေကို မော်တော်ကား ကျွတ်နှင့် လုပ်ပြီး အပြင်မှ ဒေသတွင်း ရက်လုပ်သော စကော့အဆင် လေးထောင့်ကွက် ပိတ်စနှင့် ပတ်ထားသည်မှာလည်း အောက်မေ့ အမှတ်ရစရာ တစ်ခုပင်။

ဖျော်ဖြေရိုက်ကူးမှုပြီးနောက် 'နားဖော့'မှ တပ်ဖွဲ့တစ်ဖွဲ့နှင့်အတူ ကျွန်ုပ်တို့ ထွက်ခွာလာခဲ့ကြပြီး ပစ္စည်းပစ္စယတွေကိုမူ လားတွေနှင့် သယ်လာသည်။ တရုတ်နယ်စပ်အနားရောက်လာသည်နှင့်အမျှ ကျွန်ုပ်တို့ ဖြတ်လာသော ရွာကြီးများမှာ ရောင်းရေးဝယ်တာတို့နှင့် စည်ကားနေသလို ရွာခံတွေကလည်း အများအားဖြင့် ဂျိန်းဖော၊ လီဆူးနှင့် တရုတ်လူမျိုးတွေ အများဆုံး နေထိုင်လျက် တရုတ်တွေနေသော ရွာပတ်ဝန်းကျင်တစ်ခွင်တွင် ဘိန်းခင်းတွေ စိုက်ထားကြသဖြင့် တရုတ်ရွာတွေဖြစ်ကြောင်း အလွယ်တကူ သိနိုင်သည်။ ယခုအခါ အောက်တိုဘာလနှောင်းပိုင်းဖြစ်၍လည်း ဘိန်းစိုက်ဖို့ မြေတွေကို ရှင်းလင်းနေ

www.nyisay.com



ကြသည်။ ထိုမှ ရက်အနည်းငယ် ရှေ့ဆက်လျှောက်လာရာ အာလောဘွမ် ခေါ် ဗြိတိသျှ ခံတပ်ဟောင်းတည်ရာသို့ ရောက်သည်။ ခံတပ်ကား ကျောက်တုံးအုတ်မြစ်နှင့် အဆောက်အအုံငယ်လေး သုံးလေးခုသာ ကျန်နေသည့်တိုင် ယူထားသော နေရာကား အချက်အခြာကျလှရာ ယခုအခါ ကေအိုင်အေ တပ်ဖွဲ့တွေ တပ်စွဲထားကြသည်။ ခံတပ်သို့ ရေပေးပို့သောစနစ်မှာ သံပိုက်တွေ သံချေးတက်နေသည်မှလွဲ၍ အကောင်းပကတိအတိုင်း ရှိနေသေးသဖြင့် အနီးအနားတောင်ပေါ်မှ စခန်းအထိ သွယ်ယူလာသော ရေတို့ကို စစ်သားတွေ သုံးနိုင်ချိုးနိုင်ကြသည်။ သို့ပေမဲ့ သံဖြင့် သွန်းလုပ်ထားသော ခံတပ် တံခါးကြီးများကား 'ပင်ပေါင်' စားပွဲတွေအဖြစ် ပြောင်းလဲသွားလေပြီ။ ထိုညတွင် အအေးဒီဂရီ ထိုးကျသွားရာ ကြမ်းကြား၊ ထရံကြားမှ တိုးဝင်လာသော လေမှာ အရိုးထဲအထိ စိမ့်အေးနေသဖြင့် အရာဏ်မကျင်းမီ အိပ်ရာက ကျွန်ုပ် နိုးလာပြီး အရှေ့ဘက်မှ နေမင်းကြီး ပြူထွက်လာသည်ကို အမှတ်ရဖွယ် တွေ့မြင်လိုက်လေရာ တရုတ်ပြည်ပေါ်မှ ကောင်းကင်ပြင်ကြီးတစ်ခုလုံးကား ပန်းခရမ်းရောင် ဦးငြိုးတောက်လျက် မိုးကုတ်စက်ဝိုင်းတစ်လျှောက် တိမ်တောင်တိမ်လိပ်ကြီးတွေ အထပ်ထပ်နှင့် နေ့အရာဏ်အကျင်း ရင်သပ်ရှုမဝဖြစ်ယွယ် မြင်ကွင်းကြီးကို တွေ့လိုက်ရလေရာ ကစ်ပလင်း၏ မန္တလေးသို့ ကဗျာထဲက စာပိုဒ်တစ်ပိုဒ် ကျွန်ုပ် ခေါင်းထဲ ဗြုန်းဆို ပေါ်လာခဲ့ပါ၏။

"မန္တလေးသွား လမ်းမပေါ်မှာ
ငါးပျံတွေ ကစားလို့
အရာဏ်က တရုတ်ပြည်အပြင်ဘက်က မိုးချုန်းသံတွေလို
ပင်လယ်အော်ကို ဖြတ် လို့"

ဗြိတိသျှ ကိုလိုနီဝါဒဆရာကြီးက တောတောင်ရေမြေသဘာဝ ရှုခင်းအလှကို စာပန်းချီဖွဲ့ခဲ့သော်လည်း ကျွန်ုပ်တို့၏ အရှေ့ဘက်တွင်မူ မတ်စောက်သော ကျောက်ဆောင်ကျောက်ကမ်းပါး လျှိုချောက်ကြီးသာ ရှိ၍ ပင်လယ်အော်ကား မရှိ။ သို့ပေမဲ့ ကဗျာစာဆိုက ကျွန်ုပ်ရှေ့က ဆေးရောင်စုံ မြင်ကွင်းကျယ်ကြီး၏ ကြီးကျယ်ခမ်းနားမှုကို အမိအရဖမ်း၍ စာပန်းချီ ချယ်ခဲ့ခြင်းသာ ဖြစ်သည်။

တရုတ်ပြည်နယ်စပ်၊ လွိုင်ကျယ် ဈေးမြို့အနီးမှ ကေအိုင်အေ တပ်မဟာ (၃) ဌာနချုပ်သို့ ကျွန်ုပ်တို့ (၆) ရက် ခရီးဆက်ခဲ့ရာ စခန်းတွင် တစ်ပတ်နေခဲ့သည်။ သို့ပေမဲ့ ရက်အများစုမှာ သူပုန်တို့ ထိန်းချုပ်ထားရာ ဈေးမြို့များတွင် အစိုးရသတင်းပေးဖော်ကောင်တွေ လမ်းသလားနေတတ်ကြသဖြင့် ကျွန်ုပ်ကို တွေ့မှာစိုး၍ အခန်းအောင်းနေရသည်ကများပါသည်။ ကေအိုင်အေ နယ်မြေအတွင်း အကြီးဆုံးမြို့ကြီးကို သွားရောက်လေ့လာလိုစိတ်က မနေနိုင်တော့ဘဲ ကေအိုင်အေ ယူနီဖောင်းနှင့် ဦးထုပ်ဆောင်း၍ ရုပ်ဖျက်ပြီး ထွက်လာခဲ့သည်။

www.nyisay.com



တရုတ်လက်ဖြစ် ထော်လာဂျီပေါ်သို့ တွယ်ဖက်တက်လိုက်ပြီး ရိုင်ဖယ်သေနတ်ကိုင်ထားသော ကချင်စစ်သားတွေကြားမှာ ကျွန်ုပ် ထိုင်ချလိုက်ပြီးသည်နှင့် ဖုန်တထောင်းထောင်းနှင့် ချိုင့်တွေ ကျင်းတွေရှိရာ လမ်းတစ်လျှောက် မောင်းထွက်လာခဲ့သည်။ ဤ၌ ယခုလို ရုပ်ဖျက်သွားခဲ့ရသည်မှာ မွန်းမှ လောင်ဗာသို့ ဂျစ်ကားနှင့် လာခဲ့ရသော ခရီးပြီးလျှင် ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ် ဖြစ်သည်။

ရှမ်းလူမျိုးတို့ အများဆုံး နေထိုင်ပြီး တောင်ယာစိုက်ပျိုးရေး လုပ်ငန်းတို့ဖြင့် စည်စည်ဝေဝေရှိလှသော ရွာများမှ ထော်လာဂျီ တဂျွန်းဂျွန်းနှင့် ဖြတ်လာခဲ့ပြီး တစ်နာရီခန့် အကြာတွင် လွိုင်ကျယ်သို့ ရောက်သည်။

လွိုင်ကျယ်မြို့ကား ကျွန်ုပ် ထင်တာထက် ပို၍ ကျယ်ဝန်း၍ ယူနန်နှင့် မြန်မာပြည် မြောက်ပိုင်းသို့ ဆက်သွယ်ထားသော ကုန်သွယ်ရေးလမ်းဟောင်း တစ်ခုပေါ်တွင် တည်ထားသည်။ အဓိက လမ်းမကြီးများ၏ တစ်ဖက်တစ်ချက်တွင်မူ တရုတ်ကုန်ပွဲရုံတွေ စီတန်းနေပြီး နှစ်ထပ်အိမ်များကိုမူ ကျောက်တုံးတွေနှင့် ကာရံထားပြီး ဝရန်တာရှိသည်။ ထော်လာဂျီ ဒရိုင်ဘာက မြို့ကို ပတ်၍ စတိုးဆိုင်တွေ၊ အလှပြင်ခန်းမတွေ၊ ဗီဒီယိုပြခန်းတွေနှင့် လေဟာပြင်ဈေးကြီးတစ်ဈေးတို့ကို ဖြတ်၍ မြို့ကို လှည့်ပတ်မောင်း၍ လိုက်ပြနေရာ ကျွန်ုပ်ကိုလူတွေ အာရုံမစိုက်မိအောင် စစ်သားတွေကြားမှာ ခါးကိုင်းထားရသည်။ မြို့လုံးအနှံ့ ကွန်ကရစ်ဓာတ်တိုင်ကြီးတွေနှင့် ကူးသန်းရောင်းဝယ်ရေး တရှိန်ထိုးတက်လာသဖြင့် ဓနဥစ္စာ ဖြစ်ထွန်းလာသည်။

တပ်မဟာ (၃) တွင် တစ်ပတ်နေထိုင်၍ ရှမ်းမြောက်၊ ဗကပ တို့ ထိန်းချုပ်ထားရာ ဒေသသို့ ခရီးဆက်ဖို့ ကျွန်ုပ်တို့ ပြင်ဆင်ကြရာ ဤခရီးကား ကချင်ပြည်နယ်အတွင်း ကျွန်ုပ်တို့သွားဖို့ ရည်ရွယ်ထားသော ခရီးဖြစ်၍ ကျွန်ုပ်တို့အတွက် ရွေးချယ်ရမည့် လမ်း (၂) သွယ် ရှိနေသည်။ ပထမလမ်းမှာ ရွှေလီမြစ်ကို ဖြတ်၊ အစိုးရတပ်တွေ ခပ်စိတ်စိတ် ချထားသော ဘားမားလမ်းမကြီးဆီ ခရီးဆက်၍ ထိုမှ ရှမ်းမြောက်ပိုင်း လားရှိုးမှသည် တရုတ်ပြည်သို့ ချီရမည့်ခရီး ဖြစ်သည်။ သို့ရာတွင် လမ်းမကြီး၏ နောက်ဆုံး (၁၀) ကီလိုမီတာကို ၁၉၇၀ လွန်ကာလများမှစ၍ ဗကပ က ထိန်းချုပ်ထားရာ ပန်ဆန်းသည် အဆိုပါ ဧရိယာအတွင်း၌ရှိပြီး ထိုမှ တရုတ်ပြည်ကို ကူးနိုင်သည်။ နောက်တစ်လမ်းကား ပို၍ လွယ်ကူသောလမ်း ဖြစ်သည်။ လွိုင်ကျယ်မှ တရုတ်ပြည်အတွင်းမှ ဖြတ်၍ ရွှေလီမြို့သို့ ရောက်မည်။ ထိုမှ ရွှေလီမြစ်ကို ဖြတ်၍ ပန်ဆန်းသို့ မော်တော်ကားနှင့် (၂) နာရီခရီးဖြစ်လေရာ အချိန်နှင့် အားစိုက်ရမည့်ကိစ္စတွေကို ထည့်တွက်လိုက်သည့်အခါ ဒုတိယလမ်းကို ကျွန်ုပ်တို့ ချက်ချင်းရွေးချယ်ခဲ့ကြပါ၏။

ဒေသခံတွေအနေနှင့် နယ်ခြားကို ဖြတ်၍ တရုတ်ပြည်ထဲဝင်ဖို့အတွက် နယ်ခြားဖြတ် လက်မှတ်ကို တရုတ်အာဏာပိုင်တွေဆီက အလွယ်တကူ ရနိုင်သဖြင့် ကျွန်ုပ်အဖို့

www.nyisay.com



ရုပ်ဖျက်၍ ကုန်ကားပေါ်မှ လိုက်ရမည်ဖြစ်ရာ ဆံပင်ကို နောက်တစ်ကြိမ် အနက်ဆိုးရပြန်သည်။ လွိုင်ကျယ်ဈေးက ဝယ်ယူလာသော မီးခိုးရောင်ရှပ်အင်္ကျီနှင့် ရှမ်းဘောင်းဘီတို့ကို ဝတ်၊ နေကာမျက်မှန်တပ်၍ တရုတ်စတိုင် နဖားကားကားနှင့် ကောက်ရိုးဦးထုပ်ကြီးကို ဆောင်းထားလိုက်သည်။ ပန်ဆိုင်းနှင့် ဆန့်ကျင်ဘက်တွင်ရှိသော ဝမ်တိန်အထိ ကျွန်ုပ် တို့ကို လိုက်ပို့မည့် လော်ရီကားတစ်စီးကို ဒေသခံအဆက်အသွယ်တွေကတစ်ဆင့် တရုတ် ဘက်ခြမ်းမှ ငှားယူထားကြသည်။

နိုဝင်ဘာ (၁) ရက်နေ့၊ ကျွန်ုပ်၏ ဒိုင်ယာရီတွင် ယခုလို ရေးမှတ်ခဲ့သည်။

"ကချင်ဒေသက ထွက်ခွာဖို့ အချိန်ရောက်ပြီ၊ မနက်ခင်းမှာ ကျွန်ုပ်တို့အထုပ်အပိုးတွေ ထုပ်ကြသည်။ ရှမ်းဝတ်စုံကို ဝတ်ပြီး မွန်းတည့်တစ်နာရီတွင် တရုတ်ဘက်သို့ လမ်းလျှောက်ကူးလာသည်။ နယ်ခြားလမ်းမပေါ်မှ လော်ရီကားတစ်စီးသည် ကျွန်ုပ်တို့ကို စောင့်နေသည်။ ဆိုင်နောင့်က သမီးကို ချီလျက် မရွှေနှင့် လျှောက်လာသည်။ အားတွမ်က နပေါမှာပင် ကျန်ရစ်ခဲ့လေပြီ။ ဒရိုင်ဘာက ကျွန်ုပ်ကို မြင်သည်နှင့် လမ်းတွင် စစ်ဆေးရေးပွိုင့်တို့ကို ရှောင်သွားရမည်ကို ချက်ချင်း သဘောပေါက်၍ ပြုံးပြသည်။ သူ့ကို တွက်ချေကိုက်အောင် ပေးထားပြီးဖြစ်၍ မေးလားမြန်းလား မလုပ်။ ကျွန်ုပ်တို့ အထုပ်အပိုးတွေကို ဂုန်နီအိတ်တွေထဲ ဝှက်ထည့်ခဲ့ရာ အိတ်တွေနှင့်အတူ လော်ရီကားပေါ်သို့ နောက်ဘက်မှ ကျွန်ုပ် တွယ်ဖက်တက်လာခဲ့သည်။ မော်တော်ကားခရီးကား မြန်သည်။ ကျွန်ုပ်ဟောင်ခေါ် မြို့ငယ်လေးမှ ဖြတ်၍ တောင်တန်းပေါ်မှ ခရီးဆက်လာခဲ့ရာ ရွှေလီမြစ်ချိုင့်ဝှမ်း ရောက်လာပြီး နောက်ထပ် တစ်နာရီခန့်တွင် ရွှေလီမြစ်ကို ဖြတ်သည်။ မည်သူမျှ ကျွန်ုပ်တို့ မော်တော်ကားကို မရပ်ခိုင်း၊ ရွှေလီမြစ်ကူးကြိုးတံတားထိပ်တွင် ရှိသော တရုတ်ပုလိပ်စစ်ဆေးရေးဂိတ်သည်ပင် ကျွန်ုပ်တို့ကားကို မစစ်ဆေး။ မြန်မာပြည်မြောက်ပိုင်း တောင်တန်းတွေကြားမှာ လအတော်ကြာ နေခဲ့ပြီးနောက် တရုတ်ပြည်ကို ဖြတ်သွားရသော ခရီးတို့လေးသည်ကား အိပ်မက်ကမ္ဘာကို ဖြတ်ရသည်နှင့် တူနေသည်။ မြို့ကြီးမြို့ငယ်တွေ၊ ကတ္တရာလမ်းမကြီးတွေ သည်းသည်းအုတ်အုတ် သွားလာနေသော လူတွေ၊ ယာဉ်တွေ၊ အခိုးအငွေ့ အနံ့အသက်တွေ ကျွန်ုပ်၏ နေကာမျက်မှန်မည်းထဲမှ တစ်ဆင့် တွေ့မြင်နေရပါသော အရာဝတ္ထုများစွာတို့သည်ကား တရုတ်နယ်မြေအတွင်း လော်ရီကားဖြင့် (၂) နာရီ ကြာသွားရသော ခရီးကို အိပ်မက်ဆန်အောင် ဖန်တီးပေးနေလေသည်။"

ဝမ်တိန် မရောက်မီ ရာဘာစိုက်ခင်းအနီးတွင် ကားဒရိုင်ဘာကို ရပ်ခိုင်းပြီး ကားပေါ်က ဆင်း၊ အထုပ်အပိုးတွေကို ကဗျာကယာချ၍ ရာဘာပင်တန်းတွေကြားက ကျွန်ုပ်တို့ ခပ်သွက်သွက် ဖြတ်လျှောက်လာသည်။ တစ်နေရာတွင် နောက်ဘက်လှည့်ကြည့်ရာ ဘယ်သူမှ မတွေ့ရ။ (၁၅) မိနစ်ခန့် လျှောက်လာပြီးနောက် နမ့်ယန်ချောင်းလေးသို့ ရောက်လာရာ ဤတွင် ကျွန်ုပ်တို့ ရှူးဖိနပ်တွေချွတ်၊ ဘောင်းဘီအနားကို လိပ်တင်၍

www.nyisay.com



ချောင်းကို ဖြတ်ကူးခဲ့ကြပြီး သစ်တောအုပ်ကြားထဲက မြေကွက်လပ်တစ်နေရာအရောက် တွင်မှ ကျွန်ုပ်တို့က ထိုင်ကျန်ရစ်ခဲ့ကြပြီး မရွေက ပန်ဆန်းမြို့ထဲဝင်၍ ကျွန်ုပ်တို့ ရောက်လာ ပြီဖြစ်ကြောင်း ဗကပ ဒေသခံ အရာရှိတွေဆီ သတင်းသွားပို့ရာ တစ်နာရီခန့်အကြာတွင် ပါတီမှ အငယ်တန်းအရာရှိ (၂) ယောက်နှင့်အတူ ပြန်ရောက်လာသည်။

"သွားစို့... ကျွန်မတို့ ဒီမှာရှိတယ်ဆိုတာ သူတို့သိတယ်၊ မြို့နယ်အရာရှိနဲ့ ကျွန်မ တွေ့ခဲ့ပြီးပြီ"

မရွေက သမီးကို နောက်ကျောတွင် ကောက်လွယ်ပိုးရင်း ပြောသည်။ ကျွန်ုပ်က ဟင်းသီးဟင်းရွက်တွေ ထည့်ထားသော ပလပ်စတစ်အိတ်ကြီးကို ပခုံးမှာ ထမ်းလျက် ခါးကိုင်းကိုင်း ပန်ဆိုင်းမြို့ထဲသို့ ရှေ့နောက်တန်း၍ ဝင်လာခဲ့ကြသည်။ ဟင်းသီးဟင်းရွက် များမှာ ရုပ်ဖျက်ဖို့အတွက် လွိုင်ကျယ်က ဝယ်ယူလာခဲ့တာဖြစ်ပြီး ရှမ်းအဘိုးကြီးတစ်ယောက် ဈေးက ပြန်လာပုံမျိုးနှင့် အကောင်ဆုံး ကျွန်ုပ် သရုပ်ဆောင်၍ လျှောက်လာခဲ့လေရာ ပန်ဆန်းကား လွိုင်ကျယ်ထက်ကြီး၍ တရုတ်လုပ် စစ်ထရပ်ကားနှင့် ထော်လာဂျီတွေ လမ်းတစ်လျှောက်တွင် ရပ်ထားကြသည်။ ဈေးခင်းတွင် ဗမာပြည်မြောက်ဘက်မှ ကုန်သည် တွေ ဈေးဝယ်သူတွေနှင့် ပြည့်ကျပ်ပိတ်နေရာ ထိုအကြောင်းကြောင့်ပင် ကျွန်ုပ် ရုပ်ဖျက် လာခဲ့ခြင်းဖြစ်လေသည်။

နောက်ဖေးလမ်းကျဉ်းလေးအတိုင်း ပါတီအရာရှိတွေနောက်မှ လိုက်လာရာ ဗကပမှ အဆင့်မြင့်အရာရှိကြီးတချို့နေသော ပျဉ်ထောင်နှစ်ထပ်အိမ်တစ်လုံးထဲသို့ ရောက်လာ သည်။ ဤတွင် မီးခိုးရောင်ဘောင်းဘီ၊ ရုပ်အင်္ကျီအဖြူနှင့် အနက်ရောင် သားရေဂျာကင်တို့ကို စမတ်ကျကျ ဝတ်၍ စားပွဲတွင် ထိုင်နေသော ပိန်ပိန်ရှည်ရှည်နှင့် ကွန်မြူနစ်ခေါင်းဆောင် တစ်ယောက်ကို ကျွန်ုပ်တို့ တွေ့လိုက်ရသည်။ ပါဂျောင်တွင် စတွေ့ဖူးသဖြင့် သူ့ကို ကျွန်ုပ် မှတ်မိသည်။

သို့ပေမဲ့ သူက တရုတ်လူမျိုး၊ ရေခဲသေတ္တာထဲက စင်တိုး တရုတ်ဘီယာဘူးတွေ ထုတ်ပြီး ဧည့်ခံနေခိုက် မီးဖိုချောင်ထဲက အဝတ်လျှော်စက်တစ်လုံးကိုလည်း ကျွန်ုပ် သတိပြုမိလိုက်သေးသည်။ ကျွန်ုပ်က ပါဂျောင်တွင် တွေ့ခဲ့သော တရုတ်လူငယ် အရာရှိ ကြည်မြင့်အတွက် မိတ်ဆက်စာ ပါလာသော်လည်း ကြည်မြင့်မှာမူ ပန်ဆိုင်း၏ အရှေ့တောင် ဘက် ကီလိုမီတာ (၂၀) ခန့်တွင် ရှိသော 'မုံးပေါ်' ရွာသို့ ထွက်ခွာသွားကြောင်း သိရ သည်။

"ခင်ဗျား... ဒီညပဲ အဲဒီရွာကို လိုက်သွားချင်သလား"

ဗမာပြည် ကွန်မြူနစ် တရုတ်ခေါင်းဆောင်က ဘီယာဘူးကို တကျိုက်မော့ရင်း မေးနေသည်။ ဤနေရာတွင် စောင့်နေသည်ထက် လိုက်သွားတာက ပိုအကျိုးရှိမည်ဟု ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။

www.nyisay.com



"ပန်ဆိုင်းမှာ ကျုပ်အနေနဲ့ ဟိုဟိုဒီဒီ မသွားတာ ပိုကောင်းပါတယ်၊ ပါကျောင်က ကျုပ်တို့ထွက်လာတာ အခုအထိ အစိုးရမသိသေးဘူး၊ ဒါကြောင့် မသိဘဲနေတာ ပိုကောင်းပါတယ်"

အရာရှိက မတ်တတ်ရပ်လိုက်ပြီး ကျွန်ုပ်တို့နှင့် လိုက်ပါလာသော အရာရှိငယ်တစ်ယောက်ကို ဂျစ်ကားတစ်စီး ယူလာဖို့ အမိန့်ပေးလိုက်ပြီး မကြာခင် ရောက်လာရာ၊ မော်တော်ကားဒရိုင်ဘာနှင့် အရပ်ပုပျပ်ပျပ်နှင့် လူတစ်ယောက် ကျွန်ုပ်တို့ စားပွဲမှာ လာထိုင်ကြသည်။ အရပ်ပုပျပ်ပျပ်နှင့် လူမှာ ဗကပ ယူနီဖောင်းနှင့် ပလပ်စတစ်ကြယ်နီတံဆိပ်ဦးထုပ် ဆောင်းထားပြီး ခါးတွင် ဆမ်ဘရောင်နီ ခါးပတ်နှင့် ပစ္စတိုတစ်လက်ကို သားရေအိတ်နှင့် ချိတ်ထားသည်။ သူတို့အချင်းချင်း တရုတ်လို ပြောနေသဖြင့် သေသေချာချာ နားမလည်နိုင်သော်လည်း သူတို့ အမူအရာနှင့် နေရာအမည်တွေကို အကဲခတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ မုံးပေါ်သွားဖို့ စီစဉ်နေကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ နောက်တစ်နေ့ နံနက်တွင် လွိုင်ကျယ်သို့ မရွေ့ ပြန်ရတော့မည်ဖြစ်၍ ကျွန်ုပ်တို့မိသားစုနှင့် ခွဲဖို့ အချိန်ရောက်လာလေပြီ။ ကျွန်ုပ်တို့ ဂျစ်ကားထိုးရပ်လိုက်ချိန်တွင် မရွေ့က အပြင်မှာ ရပ်စောင့်နေပြီး တအီအီနှင့် ရှိက်၍ ငိုနေသံကို ကျွန်ုပ်တို့ ကြားနေရသည်။ မရွေ့ကား ကျွန်ုပ်တို့မိသားစုနှင့် အထူးသဖြင့် သမီး ဆိုင်တိုင်းနှင့် (၈) လမျှ လက်ပွန်းတတီးနေလာခဲ့သူ ဖြစ်သည်။

"မနက်ဖြန် မနက် သူ အိပ်ရာက ထတဲ့အခါ ကျွန်မကို မကွေ့ရရင် ငိုတော့မှာပဲ၊ ကျွန်မတို့ အခုအထိ အတူနေပြီးခါမှ..."

မရွေ့က ပြောရင်း ငိုနေသည်။ သို့ပေမဲ့ မတတ်နိုင်၊ သူ့ကို ထားခဲ့ပြီး ကျွန်ုပ်တို့ကားနှင့် ထွက်လာရာ ချိုင့်တွေ ကျင်းတွေနှင့် လမ်းကျဉ်းလေးထဲ ကျွန်ုပ်တို့ ဂျစ်ကား ပျောက်ကွယ်သွားသည်အထိ မရွေ့တစ်ယောက်တည်း ရပ်ကြည့်၍ ကျန်ရစ်ခဲ့ပါ၏။

မြို့ထဲမှ ထွက်လာခဲ့ပြီး ဘားမားလမ်းမကြီး၏ တောင်ဘက်သို့ မောင်းလာရာ နမ့်တောင်း(ဝ်)ခေါ် ရွာလမ်းဆုံသို့ ရောက်လာပြီး ထိုမှ ဆက်သွားသော် လမ်းမကြီး၏ (၁၀) ကီလိုမီတာခန့်ကို ထိန်းချုပ်ထားသော အစိုးရနယ်မြေသို့ ရောက်သည်။ သို့ရာတွင် ကျွန်ုပ်တို့က နမ့်တောင်း(ဝ်)မှ ဘယ်သို့ချိုးကွေ့ပြီး မုံးပေါ်ရှိရာ အရှေ့သို့ ဆက်လက် ထွက်ခွာလာခဲ့ရာ လမ်း၏တောင်ဘက်တွင်မူ လရောင်အောက်တွင် ပြိုးပြိုးပျပျ မြင်နေရသော တောင်တန်းကြီးကား စီစီဝမ်ခေါ် တောင်တန်းကြီးပင် ဖြစ်ပါ၏။

"အဲ့ဒီတောင်ထိပ်မှာ ဗမာတပ်စခန်း ရှိတယ်"

ဒရိုင်ဘာက ကားခေါင်းခန်းထဲက လက်ညှိုးထိုးပြရင်း တရုတ်သံဝဲဝဲနှင့် ဗမာလို ပြောသည်။

www.nyisay.com



"အဲ့ဒီတောင်ပေါ်ကနေကြည့်ရင် ကျွန်တော်တို့ကားမီးကို သူတို့မြင်နိုင်တယ်၊ ကျွန်တော်တို့တပ်တွေက ရန်သူ့စခန်းရဲ့ ဒီဘက်မှာ နေရာယူထားကြတယ်"

ကွန်မြူနစ်တပ်နှင့် အစိုးရတပ်တို့ မည်မျှ နီးကပ်သည်ကို မသိသဖြင့် ကျွန်ုပ်က နှစ်ဖက်တပ်တွေ မပစ်ကြဘူးလားဟု မေးကြည့်လိုက်သည်။

"တစ်ခါတစ်ခါမှ ပစ်တတ်တာပါ၊ ဒါပေမဲ့ ကျွန်တော်တို့က မော်တော်ကားမီးနဲ့ အချက်ပြတယ်"

ဒရိုင်ဘာက ပြုံးဖြီးဖြီးနှင့် မော်တော်ကား လီဗာကို နင်းကာ စီစီဝမ် တောင်တန်း၏ အရှေ့ဘက် တောင်ခါးပန်းတစ်လျှောက် ဂျစ်ကားကို မောင်းတက်သွားသည်။ မော်တော်ကားလမ်းကား လွန်ခဲ့သော (၈) လကျော်က ကျွန်ုပ်တို့ ဖြတ်ခဲ့ရသော မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းနည်းတူ စုတ်ချာလွန်းလှသည်။ ဗကပ စစ်သားတွေ စောင့်နေသော ချက်ပွိုင့်ကို ကျွန်ုပ်တို့ဖြတ်လာရာ တပ်ဖွဲ့ဝင်တို့က ဂျစ်ကားကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်နေရာ ဂျစ်ကား၏ ရှေ့မီးအလင်းရောင်ဖြင့် ကြယ်နီဦးထုပ်တွေနှင့် မျက်နှာမည်းမည်းတွေ၊ တရုတ်လုပ် ရိုင်ဖယ်သေနတ်တွေ ကိုင်ထားသော စစ်သားတွေကို ဖျတ်ခနဲတွေ့လိုက်ရသည်။ ဒရိုင်ဘာက မော်တော်ကားပြတင်းပေါက်မှ ခေါင်းပြူထွက်ပြီး တရုတ်လို တစ်ခုခုပြောလိုက်ရာ ဂိတ်မောင်းတံကြီး ပွင့်သွားပြီး ကျွန်ုပ်တို့ မော်တော်ကားလည်း ဆက်မောင်းလာခဲ့သည်။ သို့ရာတွင် ယခု ကျွန်ုပ်တို့ သွားနေသည်မှာ 'မုံးပေါ်' ရွာမဟုတ်၊ အရှေ့ဘက် ကီလိုမီတာအနည်းငယ်အကွာ တည်ရှိသော ဗကပစခန်းတစ်ခုသို့ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သို့ဖြင့် သပ်ရပ်စွာ စိုက်ပျိုးထားသော ခြံစည်းရိုးတန်းတို့ ဝိုင်းကာထားသော ဝါးအဆောက်အအုံကြီးရှေ့သို့ ဂျစ်ကား ထိုးဆိုက်ပြီးနောက် ကျွန်ုပ်နှင့် ဆိုင်နောင့်တို့ ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ဟော... ခင်ဗျားတို့ ရောက်လာပြီလား"

ထိုသူကား ကြည်မြင့်၊ သို့ပေမဲ့ ပါဂျောင်မှာ တွေ့တုန်းကလို အနောက်တိုင်းဝတ်စုံနှင့် မဟုတ်၊ ဗကပ ယူနီဖောင်း ကွန်မြူနစ်ဦးထုပ်တို့နှင့် ဖြစ်သည်။

ကျွန်ုပ်က ဆိုင်နောင့်ကို စကားပြန်ထားပြီး လွိုင်ကျယ်မှ ယနေ့မနက် ထွက်လာပြီး ယန်ဆိုင်းမှတစ်ဆင့် ရောက်လာကြောင်း ကြည်မြင့်ကို ပြော၍ တန်းလျား အဆောက်အအုံအတွင်းသို့ ဟိုဟိုဒီဒီ ကြည့်လိုက်ရာ အစည်းအဝေးခန်းမဖြစ်၍ သစ်သားစားပွဲကြီးတစ်လုံးတွင် ဗကပ အရာရှိ (၇)ယောက် ဝိုင်းထိုင်နေကြသည်။ မျက်နှာကြက် ထုပ်တန်းတွင်မူ ရေနံဆီ အောက်လင်းမီးအိမ်တစ်လုံး ချိတ်ထားသဖြင့် မီးခွက်မှ အရိပ်မည်းကြီးက ကွန်မြူနစ်အရာရှိကြီးတွေ မျက်နှာပေါ် တစ်ဝက်ဖြတ်ကျနေပြီး မီးခွက်အလင်းဖြင့် ဦးထုပ်

www.nyisay.com



တွေပေါ်က ကြယ်နီလေးတွေ ခပ်အုပ်အုပ် လင်းနေသည်။ ကျွန်ုပ်တို့ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်းနှင့် ဘာကြောင့် လာရောက်ကြောင်းကို ကြည်မြင့်က ရှင်းပြလိုက်သည်။

"ထိုင်ကြပါ... ထိုင်ကြပါ... ကျွန်တော်တို့ လွတ်မြောက် နယ်မြေက ကြိုဆို ပါတယ်"

စားပွဲပေါ်တွင် ကိုကာကိုလာ ပုလင်းကြီး (၂) လုံး တင်ထားပြီး ၄င်းတို့ဘေးတွင် ချထားသော စကားပြောစက်မှ တကွိကွိ တကွက္ခ မြည်နေပြီး ကြည်မြင့်က မကြာခဏ ကောက်ကိုင်၍ သတင်းပေးပို့ချက်တွေကို နားထောင်လိုက် အမိန့်ပေးလိုက် လုပ်နေသည်။

ကျွန်ုပ်တို့ ရောက်လာလိမ့်မည်ကို သူတို့ မျှော်လင့်မထားတာ သေချာသည်။ ကြည်မြင့်က သူ့လက်အောက်က လူတွေကို အမိန့်ပေးနေခဲ့ပြီး များမကြာမီ ကျွန်ုပ်တို့ အတွက် ရှင်းလင်းထားသော ဝါးတဲလေးတစ်လုံးထဲသို့ ရောက်သွားပြီး ညစာအတွက် ခေါက်ဆွဲနှင့် စည်သွပ်ဘူးအသားလုံးဟင်းတို့ကို ပြင်ဆင်ထားသည်။ ကျွန်ုပ်တို့ အိပ်ရာဝင်ချိန်မှာ သန်းခေါင်ချိန်ပင် ရောက်တော့မည်။ လပေါင်းများစွာ ခြေလျင်လျှောက်ခဲ့ပြီးနောက် မော်တော်ကားနှင့် ပင်ပင်ပန်းပန်း ခရီးဆက်ခဲ့ရပုံတွေကို စဉ်းစားရင်း ကျွန်ုပ် အိပ်ပျော်သွားသည်။

ယခု ကျွန်ုပ်တို့ ရောက်လာသောနယ်မြေမှာ ယခင်ရောက်ခဲ့သော နယ်မြေနှင့် မတူ။ ကချင်ပြည်နယ်ကဲ့သို့ သူပုန်တွေ ထိန်းချုပ်ထားသော နယ်မြေတို့ကြားမှ အစိုးရ ထိန်းချုပ်ထားသော လမ်းမကြီးများက ဖြတ်ထားသော အနေအထားမျိုး မဟုတ်။ ဗကပ ၏ ပိုင်နက်နယ်မြေကား တရုတ်နှင့် မြန်မာကြားမှ ကြားခံပြည်နယ်တစ်ခုလို ဖွဲ့စည်းထားပြီး၊ ကောင်းစွာ အထိုင်ချထားသော ကာကွယ်ရေးနယ်နိမိတ်နှင့် လူမျိုးစုံ ပါဝင်သော အရာရှိတို့က စီမံခန့်ခွဲ အုပ်ချုပ်ထားကြရာ ဥပမာ၊ ကျွန်ုပ်တို့ ဂျစ်ကားဒရိုင်ဘာမှာ ကချင်ဖြစ်ပြီး၊ ကြည်မြင့်က တရုတ် ဖြစ်သည်။ စားပွဲတွင် ထိုင်နေသော အရာရှိများကမူ မြန်မာတွေ အများဆုံးပါဝင်သည်။

နောက်တစ်နေ့ နံနက် ကျွန်ုပ်တို့ အိပ်ရာထချိန်တွင် စိုထိုင်းအေးစက်နေပြီး မြူနှင်းဖြူတွေ အောက်တွင် မုံးပေါ် ချိုင့်ဝှမ်းတစ်ခုလုံး စုံးစုံးမြုပ်နေရာမှ နေလုံးကြီး တဖြည်းဖြည်း မြင့်တက်လာသည့်အခါတွင်မူ ကျောက်ဆောင်ကျောက်ကမ်းပါးတို့ ထူထပ်သော တောင်စဉ် တောင်တန်းကြီးတွေ ခွေပတ်ထားရာ ချိုင့်ဝှမ်းလွင်ပြင်ကိုမူ ရှင်းရှင်းကြီး မြင်လာရပြီး ချိုင့်ဝှမ်းကြမ်းပြင်တွင်မူ မြစိမ်းရောင်တွေ စပါးကွင်းတွေထဲ ရစ်ကာဝိုက်ကာ စီးဆင်းနေသော ချောင်းလေးက နံနက်ခင်းနေခြည်နွေးနွေးအောက်မှာ ဘော်ကြိုးခွေလေးတစ်ခုလို ထင်မှတ် ရပါ၏။

ကျွန်ုပ်တို့ ညအိပ်ခဲ့သော စခန်းမှာ ကချင်ခရစ်ယာန်မစ်ရှင် ကျောင်းဝင်းအတွင်း ရှိပြီး၊ ကျောင်းထဲတွင် ကျောက်တုံးအိမ် လေးငါးလုံးနှင့် သစ်သီးပင်တွေ ပြောက်ပြောက်

www.nyisay.com



ကျားကျား ရှိသည်။ ကြည်မြင့်က ကျွန်ုပ်တို့ ရောက်လာသည့်အတွက် စိတ်ဓာတ်တက်ကြွနေပြီး စစ်သုံးမြေပုံတချို့ကို ထုတ်ကာ မြေပုံတစ်ခုပေါ် ထောက်ပြသည်။ ပြီးနောက် မုံးပေါ်နှင့် ပန်ဆိုင်းကြားမှ တောင်တန်းကြီးဆီ လက်ညှိုးညွှန်ရင်း ပြောသည်။

"ဟိုး... အဝေးက တောင်တန်းဟာ စီစီဝမ် တောင်တန်းပဲ၊ တောင်ထွတ် (၄)ခု ရှိတယ်၊ ကျွန်တော်တို့တပ်တွေက တောင်ထွတ်တစ်ခုမှာ နေရာယူထားပြီး ဗမာတပ်တွေက အခြားတောင်ထွတ်တွေမှာ နေရာယူထားတယ်။ သူတို့ရဲ့ ရှေ့တန်းဌာနချုပ်က အဲဒီတောင်တန်းနောက်က တောင်ကုန်းတစ်ခုပေါ်မှာ ရှိတယ်။ ဒါပေမဲ့ ရန်သူတပ်တွေနဲ့ ကျွန်တော်တို့တပ်တွေ တစ်ဖက်နဲ့တစ်ဖက် မြင်နေရတယ်"

တောင်တန်းကြီးဆီ ကျွန်ုပ် ကြည့်လိုက်ရာ တောင်တန်း၏ ခါးတစ်ဝက်လောက် အထိ သစ်တောဖုံးနေသော်လည်း အပေါ်တောင်ခါးပန်းမှစ၍ သစ်ကုလားအုတ်ဘို့ကြီးတွေလို တောင်ထွတ်တွေ အစီအရီ မြင့်တက်သွားသည်။ တောင်ထွတ်အမှတ် (၁) မှာ ကျွန်ုပ်တို့ အရှေ့ဘက်နှင့် နီးကပ်လျက် အခြားတောင်ထွတ်များမှာ အနောက်ဘက်တိုးဝင်သွားသည်။

"ရန်သူ့နေရာကို ဒီနေရာက စတိုက်ပြီး သိမ်းဖို့ ကျွန်တော်တို့ စီစဉ်ထားတယ်"

ခက်ရော်ကြမ်းတမ်းသော တောင်စဉ်တောင်တန်းကြီးပေါ် နေ့စဉ် သွားနေသလို ကြည်မြင့်က ပေါ့ပေါ့ပါးပါး ပြောပြနေသည်။

"နိုဝင်ဘာ (၁၁) ရက်နေ့မှာ စတိုက်မယ်၊ ခင်ဗျား လိုက်ချင်ရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပေါ့"

ကျွန်ုပ်ကလည်း ကျွန်ုပ်သာမက ဆိုင်နောင့်ပါ လိုက်လိုကြောင်း ပြောရာ ရှေ့တန်းစစ်မြေပြင်ဆီ အမျိုးသမီးတစ်ယောက် ခေါ်လာဖို့နှင့် ပတ်သက်ပြီး သူ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောသည်။

"တိုက်ပွဲ ပြင်းထန်လာရင် လေကြောင်းတိုက်ခိုက်မှုတွေ ပါလာနိုင်တယ်၊ ဒါကြောင့် သူတို့အသားအမိအတွက် ပြဿနာ ဖြစ်လာလိမ့်မယ်။ သူတို့သားအမိက လုံခြုံစိတ်ချရတဲ့ နေရာမှာ နေခဲ့ပြီး ခင်ဗျားတစ်ယောက်ထဲ ကျွန်တော်တို့နဲ့ လိုက်ခဲ့တာ ပိုကောင်းပါတယ်"

ကျွန်ုပ်နှင့် ကြည်မြင့်တို့ မြေပုံကို အတူလေ့လာနေစဉ် သတင်းတစ်ခု ဝင်လာသည်။ ရှမ်းမြောက်ပိုင်း ကချင်တိုင်းရင်းသားတွေ နေထိုင်သော တောင်တန်းဒေသ၏ ကချင်တပ်မတော (၄) ၏ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး 'ဆိုင်ဖုန်း'က ကျွန်ုပ်တို့ရောက်နေသည့် သတင်းကြားပြီး ကျွန်ုပ်တို့နှင့် တွေ့လို၍ တပ်မတော်တောင်းစခန်းမှ မုံးပေါ်သို့ ဆင်းလာပြီး စောင့်နေသည်ဟု ဆိုသည်။ သို့ဖြစ်၍ ကြည်မြင့်က ကျွန်ုပ်တို့ကို သူ့ဂျစ်ကားနှင့် လိုက်ပို့ရာ ချိုင့်ဝှမ်းကို ဖြတ်၍ မုန်းပေါ်သို့ မောင်းလာသည်တွင် ချိုင့်ဝှမ်းကား ကျွန်ုပ်

www.nyisay.com



ထင်ထားသည်ထက် ပို၍ကျယ်ပြီး ပျဉ်ထောင်အိမ်နှင့် ဝါးထရံကာအိမ် (၁၀၀) ကျော်ရှိသည်။ နှစ်ထပ်တိုက် လေးငါးလုံးလည်း တွေ့ရသည်။

လေလုံမိုးလုံ ဈေးပတ်ဝန်းကျင်တွင် မြင်းနှင့်လားတွေ လံထားပြီး ဈေးထဲတွင်မူ တရုတ် အဝတ်အထည်တွေ အအေးသံဘူးတွေနှင့် ဒေသထွက် ဟင်းသီးဟင်းရွက်တို့ ရောင်းချလျက်ရှိရာ ဈေးဝယ်သူတွေနှင့် ကြိတ်ကြိတ်တိုးနေသည်။ ဈေးဝယ်သူတွေကလည်း ကချင်၊ ပလောင်၊ ရှမ်း၊ အိန္ဒိယ၊ တရုတ်နှင့် ဗမာလူမျိုးစုံ ရောယှက်နေသည်။ ထိုနည်းလည်းကောင်း အလွန်တရာ ရယ်စရာကောင်းသော အခြေအနေတို့နှင့်လည်း သပ္ပတ်အူလိုက်နေသည်။ မတ်(စ်) ဝါဒီ၊ လီနင်ဝါဒီတို့၏ စိတ်ကူးယဉ် အိပ်မက်ကြီးကား တရုတ်ပြည်ကြီးနှင့် မြန်မာပြည်နယ်ခြားတွင် ပုဂ္ဂလိကလုပ်ငန်းတွေ ကြွတက်လျက် ဒေဝါလီခံလိုက်ရပြီး ဗုန်းဗုန်းကျနေသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ဖြိုချပစ်ဖို့ လက်ဝှေ့ရေးပြနေခိုက်၊ မြန်မာကွန်မြူနစ်တို့၏ ခေါင်းကိုင်ဖခင် တရုတ်ကွန်မြူနစ်ပါတီကမူ မြန်မာကွန်မြူနစ်တွေ ဦးထိပ်ထားနေဆဲ မော်စီတုန်းဝါဒကို အမြန်ဆုံး မြေမြှုပ်ပစ်ဖို့ လုံးပန်းနေကြကုန်၏။

စီစီဝမ်ကို တိုက်ရသော ရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျွန်ုပ် နားလည်ထားသည်မှာ တောင်ထိပ်တစ်နေရာတွင် တပ်စွဲထားသော အစိုးရစစ်တပ်က ဗကပ တို့အတွက် ကောင်းကောင်း အလုပ်ဖြစ်နေသော ကုန်သွယ်ရေးယာဉ်လမ်းကြောင်းကို မော်တာနှင့် ပစ်၍ အနှောင့်အယှက်ပေးနေသဖြင့် ၄င်းနေရာမှ အစိုးရတပ်တွေကို ရှင်းထုတ်လိုက်လျှင် မုံးပေါ်နှင့် ပန်ဆိုင်းတို့အတွက် ပို၍ စိတ်ချနိုင်ကြောင်း ဗကပ က တွက်ချက်ခဲ့သလို နယ်ခြားတစ်ဖက်က တရုတ်အာဏာပိုင်တွေအနေနှင့်လည်း ဆိုခဲ့သလို ယူဆထားဖွယ်ရှိပါသည်။ သို့ရာတွင် အဆိုပါ အကြောင်းတရားမှာ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပြီး ယခုလို ထိုးစစ်ဆင်ရခြင်းတွင် ကျွန်ုပ် သံသယရှိနေသော နောက်ထပ်အကြောင်းတစ်ခုလည်း ရှိပါသေးသည်။ နိုင်ငံရေး လှုပ်ရှားမှုများတွင် KNU က ပို၍ ခြေလှမ်းစိပ်လာချိန်တွင် ဗကပ ၏ အရှိန်အဟုန်က အကျပိုင်း ရောက်လာသည်ကို ကွန်မြူနစ်တွေသတိပြုမိကြသဖြင့် ယခုလို ထိုးစစ်ကြီးကို ဆင်နွှဲပြလိုက်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဗမာစစ်တပ်က ခြေကုပ်ရထားသော အဓိက စခန်းကြီးကို ယခုလို မီးကုန်ယမ်းကုန် ယှဉ်ပြိုင်တိုက်နိုင်သည်မှာ ဗမာပြည်တွင် ဗကပ တစ်ဦးသာရှိကြောင်း တိုင်းရင်းသား လက်နက်ကိုင်အင်အားစုလေးတွေကို ထုတ်ပြလိုက်ပြီး ကျဆင်းနေသော ဗကပ ၏ နိုင်ငံရေးဥပဓိကို ပြန်ဆွဲတင်လိုက်တာပဲ ဖြစ်သည်။

ကြည်မြင့်က ဂျစ်ကားကို ဈေးအနီး ဆေးဆိုင်တစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်ရာ ဆိုင်အပြင်တစ်နေရာတွင် KIA ယူနီဖောင်းနှင့် အရပ်ပုပြတ်ပြတ် လူတစ်ယောက် စောင့်

www.nyisay.com



နေသည်ကို တွေ့လိုက်ရသည်။ မျက်နှာကျလေးထောင့်စပ်စပ်၊ မျက်လုံးမှေးမှေးနှင့် ကျွန်ုပ်ကို တွေ့သည်နှင့် ပြုံးပြနေရာ ကျွန်ုပ်က လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ဒု-ဗိုလ်မှူးကြီးဆိုင်ဖုန်း မဟုတ်လား"

"ဟုတ်ပါ့ဗျာ... သိပ်မှန်တာပေါ့"

သူက အင်္ဂလိပ်စကားကို သွက်သွက်ချာချာပြောပြီး ဆေးဆိုင်အပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားရာ စားပွဲတစ်လုံးပေါ်တွင် အချို့ရည် သံဘူးတွေ၊ ချိုချဉ်နှင့် ဘီစကွတ်မုန့်တွေ ကြွေရည်သုတ်ပန်းကန်ထဲတွင် ဘီစကွတ်မုန့်တွေ အပြည့်အမောက် ထည့်ထားသည်။

"ခင်ဗျား ရောက်လာတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာပါတယ်"

ဒု-ဗိုလ်မှူးကြီးက ပြုံးရင်း ဆက်ပြောသည်။

"ကျွန်တော်တို့ တပ်မဟာဌာနချုပ်ကိုလည်း ဖိတ်ခေါ်ချင်သေးတယ်"

အဲ့ဒါမှ ပြဿနာ။ KIA ဒေသမှ ထွက်ခွာလာခဲ့ပြီး ယခု ကျွန်ုပ်တို့ ဗကပ ၏ စည့်သည်တွေပင် ဖြစ်နေလေပြီ။ သို့ဖြစ်၍ တစ်ခဏမျှ ဆွေးနွေးပြီးနောက် ကျွန်ုပ်တို့ ယခုလို အစီအစဉ်ဆွဲ၍ နှစ်ဖက်ညှိလိုက်ကြသည်။ ပန်ဆိုင်းသို့ ပထမသွားပြီး ဟိုမှာ တစ်ရက် နှစ်ရက်နေမည်။ ပြီးလျှင် မုံးပေါ်သို့ ပြန်လာမည်။ ထိုမှ (၁၅) ကီလိုမီတာ ဝေးသော ဆိုင်ဖုန်း၏ တပ်မဟာ (၄) ဌာနချုပ်ရှိရာ တောင်ဘက်သို့ ဆက်၍ ထွက်လာကြမည်။ ရောက်လျှင် ဆိုင်နောင့်နှင့် သမီးတို့ကို ထားခဲ့ပြီး ကျွန်ုပ်က စီစီဝမ်တို့ကိုပွဲကို သတင်းယူဖို့ ပြန်သွားမည်။ ဤနည်းဖြင့် တိုက်ပွဲမစမီ တစ်ပတ်အတွင်း ပန်ဆိုင်းနှင့် မုံးပေါ်ဈေးတို့ကို ကွေ့၍ ရှောင်နိုင်မည်ဖြစ်ရာ ကျွန်ုပ်တို့သဘောတူထားသော ကြို့တင်ကာကွယ်မှုမှာ အဓိက ကျသည်။

တိုက်ပွဲပြီးလျှင် ကျွန်ုပ်က ကွန်မြူနစ်တို့ ဩဇာထူထောင်ထားသော ကိုးကန့်ဒေသနှင့် ဝ,တောင်တန်းတို့ဘက်မှ ကီလို (၄၀၀) မျှ ခရီးဖြင့် ပန်ဆန်းမှ ဗကပဌာနချုပ်သို့ သွားမည်ဖြစ်သည်။ ကိုးကန့်ဒေသမှာ အရှေ့တောင်အာရှ၏ ဘိန်းထုတ်လုပ်မှု အချက်အချာနေရာဒေသ တစ်ခုဖြစ်ပြီး ဝ,ဒေသသည်ကား ၁၉၇၀ လွန်ကာလ ကွန်မြူနစ်တို့ ဝ,ဒေသသို့ ဝင်မလာမီအထိ ဝ,တိုင်းရင်းသားများတွင် ခေါင်းဖြတ်သည့် အလေ့အထ ရှိနေသေးသည်။

ဆိုခဲ့သလို ခရီးစဉ်အတိုင်း ကျွန်ုပ် သွားနေခိုက်တွင် ဆိုင်နောင့်တို့ သားအမိအတွက်ကား ပြဿနာမရှိ၊ ဒေသခံလူတွေအနေနှင့် တရုတ်နယ်စပ်ဖြတ်သန်းခွင့်ကို အလွယ်တကူ ရနိုင်သလို ပါမစ်ထုတ်ပေးရာတွင် အထောက်အထား ဘာမျှမလို နှုတ်ပြောနှင့်သာ ရသည်ဖြစ်၍ မုံးပေါ်ရွာက ရှမ်းမသားအမိက ပန်ဆန်းမှဆွေမျိုးညာတကာတွေဆီ အလည် အပတ်သွားမည် ဟုဆိုလျှင် ဆိုင်နောင့်တို့သားအမိကို ဘယ်သူက သံသယရှိမည်နည်း။

www.nyisay.com



ဤနည်း ဤပုံဖြင့် ဆိုင်နောင့်တို့ သားအမိ ဝမ်တိန်မှ ဘတ်(စ်)ကားနှင့် (၃) ရက်စီးလာပြီး ပန်ဆန်းနှင့် တစ်ဖက်တွင်ရှိသော မုံးအာ တရုတ်ရွာတစ်ရွာသို့ ရောက်လာမည်။

သမီးလေး ဆိုင်တိုင်းကလည်း အရင်နှင့် မတူတော့၊ (၁) နှစ်ကျော်လာပြီဖြစ်၍ ပိစိကွေးလေးတုန်းကလို နို့စို့လိုက်၊ အိပ်လိုက် မဟုတ်တော့။ ဝတုတ်လာသဖြင့် ချီရ ပိုးရတာ မလွယ်တော့သလို ငြိမ်ငြိမ်လည်း မနေတော့သဖြင့် ခေါ်သွားလျှင် အန္တရာယ် ရှိနိုင်သည်။ ခရီးသွားမည့် အစီအစဉ်တွေအားလုံး ဆွဲပြီးနောက် စကားစမြည် ပြောကြသည်။ ဤ၌ ကျွန်ုပ်က ဒု-ဗိုလ်မှူးကြီးကို အင်္ဂလိပ်စာ ဘယ်မှာ လေ့လာခဲ့တာလဲဟု မေးရာ ဂေါဒွန်ဆီးဂရေ့(စ်)ဖွင့်ခဲ့သော ရွှေလီမြစ်ဂမ်း အထက်တန်းကျောင်းတွင် သင်ခဲ့ကြောင်း သိရသည်။ ဂေါဒွန်ဆီးဂရေ့(ဗ်)မှာ အမေရိကန်သာသနာပြုတစ်ယောက် ဖြစ်ပြီး "Burma Surgeon" (ဗမာပြည်က ခွဲစိတ်ဆရာဝန်) အဖြစ် ထင်ရှား၍ ရွှေလီမြစ်ကမ်းပေါ်မှ နမ့်ခမ်းမြို့ငယ်လေးတွင် သူတည်ခဲ့သော စာသင်ကျောင်းနှင့် ဆေးရုံတို့ အကြောင်းကား ဗမာပြည်တွင် ဒဏ္ဍာရီတစ်ပုဒ် ဖြစ်လာခဲ့သည်။

မြန်မာပြည် မြောက်ပိုင်းမှ ဂျပန်နှင့် မဟာမိတ်တပ်များကြား အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးတွေ တိုက်ခိုက်နေချိန် ၁၉၄၄ ခုနှစ်တွင် မြစ်ကြီးနားမြို့ကို ဝိုင်းပိတ်ဆို့ထားရာ အဆိုပါကာလအတွင်း ဒဏ်ရာရ စစ်သည်တို့ကို ဂေါဒွန် ဆီးဂရေ့(ဗ်)နှင့် ကချင်၊ ကရင် သူနာပြုများက မအိပ်မနေ ခွဲစိတ်ကုသပေးခဲ့ကြသည်။ စစ်ပြီးနောက် ယခင်အတိုင်း ပုံမှန်လုပ်ငန်းတို့ကို ရှေ့ဆက်လုပ်ကိုင်နေခိုက်၊ သူနှင့် အနီးကပ်ရှိခဲ့သော ကချင်၊ ကရင် မိတ်ဆွေများမှတစ်ဆင့် ပထမဆုံး ကချင်သူပုန်ခေါင်းဆောင် နော်ဆိုင်းနှင့်ပတ်သက်လာခဲ့ရာမှ ခေတ္တဖမ်းဆီး၊ ထိန်းသိမ်းခံရပြီး မလွတ်မီမှာပင် ၁၉၆၅ ခုနှစ်၌ ကွယ်လွန်သွားခဲ့သည်။

ဂေါဒွန် ဆီးဂရေ့(ဗ်) အကြောင်းနှင့်အတူ ဒေသသမိုင်း နောက်ခံအတော်များများကိုလည်း အချို့ရည် သောက်ရင်း ကျွန်ုပ်တို့ စပ်မိစပ်ရာ ပြောဖြစ်ကြသည်။ ကျွန်ုပ်တို့ ရောက်နေသော အဆောက်အအုံပိုင်ရှင်မှာ အသက် (၃၀) ဝန်းကျင် ရှိပြီး ပါးဖောင်းဖောင်းနှင့် ကလေးမျက်နှာပေါက် ရှိသည်။ အောက်ထပ်မှ ဆေးဆိုင်သည်လည်း သူ့ဆိုင်ဖြစ်သည်။

ကျွန်ုပ်တို့နှင့်အတူ ဝိုင်းထိုင်နေသော်လည်း စကား တစ်လုံး တစ်ပါဒမျှမဟ၊ ကချင်စကားနှင့် တရုတ်စကားတို့ကိုသာ တတ်သည်ဆိုသော်လည်း အင်္ဂလိပ်စကားဖြင့် ကျွန်ုပ်တို့ ပြောနေသော အကြောင်းအရာတို့ကို အကြမ်းပြင်း နားလည်သ်ည်မှာ သိသာသည်။ ဆိုင်ဖုန်းက သူ့ကို ညွှန်ပြရင်း ပြောသည်။

"သူ့နာမည်က ဇော်နော် လို့ခေါ်တယ်။ နော်ဆိုင်းရဲ့ ဒုတိယသားလေ၊ တရုတ်ပြည် ဘက် ရှောင်နေရတဲ့အချိန်မှာ သူ့ကို မွေးပြီး၊ ၁၉၆၈ ခုနှစ်မှာ သူ့အဖေနဲ့အတူ ပြန်ဝင်လာတာ"

www.nyisay.com



ပြုံးပြုံးကြီး လုပ်နေသော ဝဝကစ်ကစ် သူ့မျက်နှာကြီးကို ကြည့်ရင်း ကျွန်ုပ် အံ့အားသင့်စွာနှင့် ဒုတိယကမ္ဘာစစ်အတွင်းက ရိုက်ကူးခဲ့သော သူ့ဖခင်၏ ဓာတ်ပုံတို့ကို အတော်များများ ကျွန်ုပ်တွေ့ဖူးသဖြင့် အကျော်ဇောယျရှိလှသော သူ့ဖခင် နော်ဆိုင်းနှင့် ရုပ်ရည်ချင်း ဘယ်လိုဆင်သည်ကို ကျွန်ုပ် စူးစမ်းနေမိသည်။

"မင်း အဖေနာမည်က ဗမာပြည်အပြင်ဘက်မှာတောင် ထင်ရှားပါတယ်"

ကျွန်ုပ်စကားကို ဆိုင်ဖုန်းက ကချင်လို ပြန်ပြောလိုက်သဖြင့် သူက ကချင်လို ပြန်ပြောသည်ကို ဆိုင်ဖုန်းက ကျွန်ုပ်ကို ပြောသည်။

"သူက ပြောတယ်၊ နောက်တစ်ခါ မုံးပေါ်ကို ခင်ဗျားလာရင် သူ့အိမ်မှာတည်း ရမယ်တဲ့၊ သူက အချက်အပြုတ်ကောင်းတယ်၊ တရုတ်ပြည်မှာ သင်ခဲ့တာလေ"

မွန်းတည့်ချိန်တွင် ဂျစ်ကားပြန်ရောက်လာပြီး ကျွန်ုပ်တို့ကို ခေါ်၍ ပန်ဆိုင်းသို့ ပြန်လာရာ ဒရိုင်ဘာက ဗကပ ပုလိပ်စခန်းနားက (၂) ထပ် ကွန်ကရစ် အဆောက်အအုံ ရှည်ကြီးတစ်လုံးသို့ ကျွန်ုပ်တို့ကို ခေါ်သွားသည်။ အဆောက်အအုံ အောက်ထပ်မှာ မြူနီစီပယ် ဌေတိုက်ဖြစ်ပြီး သံပြားတံခါးကြီးလေးခုကို အောက်ခြေမှ သော့ခလောက်တွေနှင့် ခတ်၍ ပိတ်ထားသည်။

အဆောက်အအုံ အပေါ်ထပ်မှာ ဗကပ၏ ဧည့်ရိပ်သာဆောင်ဖြစ်၍ ကျွန်ုပ်တို့ တည်းခိုဖို့ ခုတင်နှင့် အခန်းကျယ်ကြီးတစ်ခန်းကို ပြင်ဆင်ပေးထားရာ စားပွဲပေါ်တွင် ရေနွေးဓာတ်ဘူးတစ်လုံး၊ တရုတ်လက်ဖက်ခြောက်တစ်ထုပ်နှင့် ကြွေရည်သုတ် ခွက်(၂) လုံး တင်ထားသည်။ အခန်းထဲတွင် ကျွန်ုပ်တို့ကို ထားခဲ့ပြီး နေစောင်းခါမှ လူသံကြား လိုက်ရသည်။ ကျော်ညွန့်...။ ပါကျောင်တွင် ကျွန်ုပ်တို့နှင့် ဆုံခဲ့ဖူးသော ဗကပမှ ပညာ တတ်လူငယ်တစ်ဦး။

"ဘေးမသီ ရန်မခဘဲ ရောက်လာကြပြီပေါ့"

ကျော်ညွန့်က သူ့အကျင့်အတိုင်း တခစ်ခစ် ရယ်ရင်း နှုတ်ဆက်သည်။

"အခု ကျွန်တော်က ပုလိပ်ဖြစ်နေပြီ၊ ဒါပေမဲ့ ဒီမှာ အင်္ကီလိပ်လို ပြောနိုင်တဲ့လူ မရှိတာကြောင့် ခင်ဗျားတို့ကို စောင့်ရှောက်ဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပဲ"

ပြီးနောက် သူက လမ်းလျှောက်၍ မြို့ထဲသွားလာခြင်းသည် ကျွန်ုပ်တို့အတွက် မသင့်တော်သဖြင့် နောက်တစ်နေ့တွင် သွားရောက်ကြည့်ရှုစရာ နေရာတို့ကို သူ စီစဉ် ထားကြောင်း ဆက်ပြောသည်။ ခရီးကြမ်းကို ဖြတ်လာရသူ ကျွန်ုပ်တို့အဖို့ ယခု ကျွန်ုပ် တို့တည်းရသောနေရာမှာ သက်သောင့်သက်သာရှိလှသဖြင့် ညက နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျွန်ုပ်တို့ အိပ်ပျော်ခဲ့သည်။ မရွှေကလည်း လွှိုင်ကျယ်သို့ ပြန်သွားသဖြင့် ကျွန်ုပ်တို့ မိသားစု (၃) ယောက်သာရှိသည်။ သို့ပေမဲ့ မရွှေပြောခဲ့တာမှန်သည်။ သမီးက မိုးလင်း အိပ်ရာထ၊ မရွှေကို မတွေ့ရတော့ တကျည်ကျည် လုပ်နေသေးသည်။

www.nyisay.com



"သမီးက မရွှေကို ရှာနေတာလေ၊ မရွှေက ဘယ်ရောက်သွားသလဲဆိုတာ သူ မသိရှာဘူး"

ဆိုင်နောင့်က ဝမ်းနည်းစကား ဆိုသည်။ သို့ပေမဲ့ ထိုနေ့မနက်ပိုင်းမှာပင် ကျော်ညွှန့်နှင့်အတူ လက်နက်ကိုင်စစ်သား (၂) ယောက် ဂျစ်ကားတစ်စီးဖြင့် ရောက်လာသဖြင့် မရွှေကိစ္စ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီး ကျွန်ုပ်တို့ အားလုံး ဂျစ်ကားနှင့် မြို့တစ်ပတ် ကြည့်ဖို့ ထွက်လာခဲ့ကြသည်။

မြေပုံအတော်များများတွင် ပန်ဆိုင်းကို 'ကြူကုတ်' ဟု ဖော်ပြတတ်ကြရာ စင်စစ် ကြူကုတ်ကား ဒုတိယကမ္ဘာစစ်ကာလအတွင်းကမှ အလျင်အမြန် ဖွံ့ဖြိုးလာခဲ့သော မြို့တော် ဖြစ်သည်။ တစ်ချိန်က ကျူးကျော်ဖက်ဆစ်ဂျပန်တို့ကို ပြန်မောင်းထုတ်ဖို့အတွက် တရုတ် ချန်ကေရှိတ်တပ်တွေကို မဟာမိတ်တပ်က အထောက်အပံ့ပစ္စည်းပစ္စယတွေ ပေးခဲ့သော နေရာဖြစ်သည်။

သို့ရာတွင် ဂျပန်တော်လှန်ရေးပြီး နောက်ပိုင်း မော်စီတုန်း၏ ကွန်မြူနစ်တပ်များ နှင့် တိုက်ခိုက်ရာတွင် ရှုံးနိမ့်သွားသဖြင့် ချန်ကေရှိတ်၏ ကူမင်တန်တပ်များ ထိုင်ဝမ်သို့ ဆုတ်ခွာကြရာ၊ ယူနန်မှ တပ်များကား ကမ်းရိုးတန်းမှ ဖြတ်ပိတ်လိုက်သဖြင့် မြန်မာပြည် မြောက်ဘက် နယ်စပ်သို့ ကမန်းကတန်း ဆုတ်လာခဲ့ကြသည်။ ထို့နောက် တရုတ်မြန်မာ နယ်စပ်တစ်လျှောက်တွင် ခြေကုပ်စခန်းများ ယူကာ တရုတ်ပြည်မကြီးထဲ ပြန်ဝင်ဖို့ နှစ်အတော်ကြာအထိ ကူမင်တန်တို့ ကြိုးစားခဲ့သည်။ ဤ၌ ပြန်လည် ဆုတ်ခွာလာသော ကူမင်တန်တပ်ဖွဲ့တစ်ဖွဲ့က ကြူကုတ်မြို့တစ်မြို့လုံးကို မီးရှို့ ဖျက်ဆီးခဲ့ရာ တစ်ချိန်က စည်ကားခဲ့သော မြို့တစ်မြို့ကား နှစ်ပေါင်းများစွာ တစ်စပြင်ဘဝ ရောက်ခဲ့ရပါ၏။

ထိုမှ ကြူကုတ်မြို့ဟောင်း၏ အနောက်ဘက် (၁) ကီလိုမီတာခန့်တွင် ပန်ဆိုင်းခေါ် ရွာသစ်တစ်ရွာ တည်လာခဲ့ကြရာ၊ ဤ၌ ဗမာစစ်တပ်က နယ်စပ်ဖြတ်ကျော်မှုတို့ကို ထိန်းချုပ်ရန် မြို့စောင့်တပ်စခန်း ချလာခဲ့ရာမှ ၁၉၇၀ ပြည့်နှစ်တွင်မှ ဗကပ တို့ လက်ထဲ ပန်ဆိုင်းကျသွားပြီး တဖြည်းဖြည်း တိုးတက်ကြီးထွားလာရာ ယနေ့ဆိုလျှင် မြန်မာပြည်တွင် သူပုန်တို့ ထိန်းချုပ်ထားသော အကြီးဆုံးမြို့ကြီးတစ်မြို့ပင် ဖြစ်နေလေပြီ။

ပန်ဆိုင်းသည် တရုတ်ကုန်ပစ္စည်းတို့ကို မြန်မာဘက်သို့ တရားမဝင် မှောင်ခိုဝယ်ရာ အဓိကနေရာဖြစ်လာသဖြင့် ကုန်သွယ်ရေးမှ ကောက်ခံရရှိသော အခွန်ငွေတို့ဖြင့် ဗကပ သည်လည်း ကြီးပွားလာသလို ၁၉၇၀ ကျော် ကာလမှစ၍ ဗကပ က တရုတ်ထံမှ ယူရသော အကူအညီများလည်း လျော့ကျလာသည်။

အဓိက လမ်းမကြီးမှ ကျွန်ုပ်တို့ မော်တော်ကား မောင်းလာရာ ရောင်းရေးဝယ်တာ ကိစ္စတွေနှင့် ကြက်ပျံမကျ စည်ကားနေသော မြို့တစ်မြို့ကို တွေ့လိုက်ရသည်။ သို့ပေမဲ့ စီးပွားဆောင်တာကိစ္စများတွင်မူ ဆိုရှယ်လစ်အရိပ်လက္ခဏာ ဟူ၍ လုံးဝမမြင်၊ ဖြိုးဖြိုး

www.nyisay.com



လက်လက် ဆိုင်းဘုတ်တွေအောက်က အလှပြင်ဆိုင်တွေ နေရာတော်တော်များများမှာ ဖွင့်ထားပြီး စတိုးဆိုင်ကြီးတွေ၊ တရုတ်စားသောက်ဆိုင်တွေ၊ စာသင်ကျောင်း၊ တရုတ်ဘုံကျောင်း၊ ရှမ်းဗုဒ္ဓဘာသာတို့၏ စေတီတစ်ဆူနှင့် ဒေသပါတီ အုပ်ချုပ်ရေးရုံးတို့ရှေ့မှ ကျွန်ုပ်တို့ မော်တော်ကား ဖြတ်မောင်းလာခဲ့ကြသည်။

မြို့လယ်ကွင်းပြင်တစ်နေရာတွင် တရုတ်လုပ် ကုန်ကားနှင့် ထော်လာဂျီတွေ ဆိုက်ထားပြီး အချို့ ကုန်တင်မော်တော်ကားတွေကမူ ပန်ဆိုင်းနှင့် မုံးပေါ်ကြား ခရီးသည်တင် ဘတ်(စ်)ကားတွေအဖြစ် ပြောင်းဆွဲနေကြသည်။ ဤ၌ စက်တပ်မော်တော်ယာဉ် မှန်သမျှ၊ ဗကပ နံပါတ်ပြားများ တပ်ဆင်ထားသည်ကို သတိပြုမိလိုက်သည်။ ပန်ဆိုင်းအနီးတောင်ကုန်းတစ်ကုန်းပေါ်မှ ကြည့်လိုက်လျှင် နယ်စပ် နမ့်ယန်ချောင်းလေးတစ်ဖက်တွင် တည်ထားသော ဝမ်တိန်မြို့ကို အထင်းသား တွေ့နိုင်သည်။ ချောင်းကို ခန်းဖွင့်တစ်ခန်းသာ ပါသော ဘေလီတံတားဟောင်းတစ်စင်းက ဖြတ်ထားပြီး နာရီစင်ကြီးတစ်စင်၏ သွပ်ခေါင်မိုးပေါ်တွင်မူ တရုတ်အလံတစ်ချောင်း လွင့်ထားသည်။ ပြီးခဲ့သော ဆယ်စုတစ်ခုမှစ၍ နယ်စပ်ကုန်သွယ်ရေး တဟုန်ထိုး တက်လာသဖြင့် ဝမ်တိန်မြို့လေးသည်လည်း တောက်တောက်ပြောင်ပြောင် ဖြစ်နေသည်။

ထိုတစ်ညက ဧည့်ရိပ်သာမှာပင် ကျွန်ုပ်တို့ကို ကြိုဆိုသော စားပွဲအဖြစ် ညစာစားပွဲကျင်းပကြရာကြည်မြင့်နှင့် ဗကပ အရာရှိတချို့ မုံးပေါ်မှ ဆင်းလာကြရာတွင် အများစုမှာ ကြည်မြင့်လို တရုတ်တွေဖြစ်ပြီး ဗမာတစ်ယောက်သာ ပါသည်။ သူ့အမည်မှာ အုန်းကြည်ဖြစ်၍ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင် မျက်နှာဝိုင်းဝိုင်းနှင့် အသားမဲသည်။ သို့ပေမဲ့ သူက အရွယ်ရောက်လာချိန်မှစ၍ ယခု (၆၀) ဝန်းကျင်အထိ မတ်(စ်)လီနင် ဝါဒနှင့် အသက်ရှင်လာသူ။ သို့ဖြင့် တရုတ်ဟင်းတွေနှင့် စားရင်း၊ သောက်ရင်း ညစာ စားကြရာ ထမင်းဟင်းတွေလည်း ပြောင်၊ အရက်ပုလင်းတွေလည်း ပြောင်သလင်းခါသွားချိန်တွင် အားလုံးရေချိန်လည်း ကိုက်နေလေပြီ။ စကားဝိုင်းတွင် ကွန်မြူနစ်အိုင်ဒီယိုလဂျီ ဘယ်လို ဘယ်လောက် ကောင်းကြောင်းနှင့် ကွန်မြူနစ်ပါတီသည်လည်း ကမ္ဘာကြီးပျက်သည်အထိ တည်တံ့နေမည့်အကြောင်း စကားတွေတဖောင်ဖောင်နှင့် အပြောဆုံးလူမှာ အုန်းကြည်ဖြစ်သည်။ ကြည်မြင့်က ကျွန်ုပ်တွင် မှတ်စုစာအုပ်မပါလာကြောင်း အကြောင်းပြပြီး အုန်းကြည်စကားကို လွဲဖို့ ကြိုးစားသော်လည်း မရ၊ ကြည်မြင့်မှတ်ချက်ကို ဘေးဖယ်လိုက်ပြီး နောက်ထပ် နှိုင်ငံရေးစကားလုံးကြီးတွေနှင့် တရစပ် ပစ်သွင်းနေရာ ည (၁၁) နာရီရောက်မှ စကားပြတ်သွားသည်။ အုန်းကြည်လည်း မတည်နိုင်တော့၊ ယိမ်းထိုးနေသဖြင့် သူ့ရဲဘော်တွေက တွဲပြီး အောက်ထပ်ဆင်းရသည်။ သို့ပေမဲ့ လေကတော့ မလျှော့၊ ဗမာပြည် ပစ္စည်းမဲ့ဘော်လှန်ရေးကြီး အောင်တော့မည်ဟု အော်ဟစ်သွားသေးသည်။

www.nyisay.com






မြေပုံ (၄) ကိုးကန့်-ဝ တောင်တန်းများ

www.nyisay.com



နိဝင်ဘာ (၅) ရက်နေ့တွင် ပန်ဆိုင်းမှ ဂျစ်ကားနှင့် ထွက်လာပြီး မုံးပေါ်အရောက် တွင်မူ ကေအိုင်အေ တပ်မဟာ (၄) မှ အရာရှိတစ်ယောက်နှင့် တပ်စိတ်တစ်စိတ်တို့က ဈေးအနီးတွင် ကျွန်ုပ်တို့ကို စောင့်နေသည်။ ပစ္စည်း ပစ္စယတွေ သယ်ဖို့ လားတစ်ကောင် လည်း ပါလာသည်။

မြေပြန့်ချိုင့်ဝှမ်းမှ တပ်မဟာ (၄) သို့ တောလမ်းမှ ခရီးဆက်ကြရာ မိုးတဖွဲဖွဲ ရွာနေရာ တောင်တက်လမ်းတွေက မိုးရေတွေနှင့် ချောနေသဖြင့် (၆) နာရီကြာ လျှောက်ခဲ့ကြရသည်။ တပ်မဟာ (၄) ဌာနချုပ်ကို မန်ပီခေါ် ကချင်ရွာငယ်လေး တစ်ရွာ အနီး တောတွင်း မြေကွက်လပ်တစ်နေရာတွင် တည်ထားသော်လည်း သစ်ပင်ကြီးတွေ ထူထပ်စွာ အုံ့ဆိုင်းထားသဖြင့် စခန်းမှာ ရုတ်တရက်ကြည့်လျှင် ပျောက်နေရာ၊ ဤ၌ ရှိမ်းပြည်သို့ ရောက်ခဲ့စဉ်က ကျွန်ုပ်တွေ့ခဲ့သော SSA ပြောက်ကျားတို့၏ ယာယီစခန်းလေး ကို သတိရမိသေးသည်။ သို့ရာတွင် မန်ပီ စခန်းကား ကျယ်ဝန်းပြီး အစည်းအဝေးပွဲ တွေ ကျင်းပဖို့နှင့် က,ပြဖျော်ဖြေဖို့ စင်တစ်စင်တောင် ရှိလိုက်သေးသည်။

နောက်ထပ်တွေ့ရသော အရာတစ်ခုမှာ ကျွန်ုပ် ရောက်ခဲ့သော ကချင်သူပုန်စခန်း တိုင်းတွင် တွေ့ရတတ်သော ကြက်တောင်ရိုက်ကွင်းဖြစ်၍ ကချင်သူပုန်စခန်း၏ ဘဝကား ကြက်တောင်ရိုက်ကစားခြင်းပေါ် ဗဟိုပြုလည်ပတ်နေသည့်အလားပင် ထင်မှတ်ရသည်။ ဆိုင်ဖုန်းက စခန်းဂိတ်ပေါက်ဝတွင် စောင့်ကြိနေပြီး ကျွန်ုပ်တို့ နေရမည့် ဝါးတဲလေးတစ်လုံး ဆီ ခေါ်သွားသည်။ ဝါးတဲလေးမှာ သေသေချာချာ သေသေသပ်သပ် ဆောက်လုပ်ထား ပြီး တဲအတွင်း ဝင်ထိုင်ကြသည့်အခါ ကော်ဖီ၊ ဘီစကစ်မုန့်တွေနှင့် ဧည့်ခံသည်။

"ခင်ဗျားရောက်လာတာ အချိန်ကိုက်ပဲ"

ဆိုင်ဖုန်းက ကြွေရည်သုတ် သံမတ်ခွက်ထဲက ကော်ဖီကို တစ်ငုံသောက်ရင်း ပြောသည်။ ပြီးနောက် စစ်ဖိနပ်မှ ကြိုးကို ဖြုတ်၍ ပေါ့ပေါ့ပါးပါး ရှိသွားဟန်တူသည်။

"စီစီဝမ်ကို ဗကပ က နိဝင်ဘာ (၁၆) ရက်နေ့ စတိုက်မယ်၊ ရက်ပြောင်းလိုက် ပြီ၊ ကျုပ်တို့ကလည်း မ.ဆ.လ လွှတ်မယ့်တပ်ကူတွေကို ချုံခိုတိုက်ပေးမယ်လို့ ဆုံးဖြတ် ထားတယ်။ အဓိကတိုက်ပွဲကြီး မစမီ ဘားမားလမ်းမကြီးပေါ်က အစိုးရတပ်ယာဉ်တန်း တွေကိုလည်း ချုံခိုတိုက်ဖို့ ဗကပ က စီစဉ်ထားတယ်။ (၉) ရက်နေ့မှာ မဆလတပ်မှူး တွေ ကြောက်လန့်ပြီး ခေါင်းနောက်သွားအောင် ရှုပ်ထွေးမှုတွေ ဖန်တီးလိုက်တဲ့ သဘောပဲ"

ထိုသတင်းကား ထူးခြားသည်။ ပြီးခဲ့သော (၁၀) နှစ်ခန့်က ကချင်နှင့် ဗကပ တို့မှာ ဤနေရာ ဤဒေသတွင် အသေအကြေတိုက်ခိုက်နေရာမှ ၁၉၇၆ ခုနှစ်တွင် ဘရန်ဆိုင်း KIA ဥက္ကဋ္ဌ တာဝန်ယူပြီးနောက် ဗကပ နှင့် အပစ်ရပ် သဘောတူညီမှု စာချုပ်ချုပ်ခဲ့ပြီး ကချင်ဘက်ပတစ်ခရစ်ယာန်တွေနှင့် ဗကပ မတ်(စ်)-လီနင်ဝါဒီတို့ ပူးပေါင်း၍ ညီညွတ်သော တပ်ဦးဖွဲ့နိုင်ခဲ့ကြသည်။ ဤသို့သော ပေါင်းစည်းမှုသည်

www.nyisay.com



ကိုးရိုးကားယားနိုင်သော်လည်း အလုပ်ဖြစ်ခဲ့ပုံရသည်။ သို့ပေမဲ့ ဗကပ နှင့် လက်တွဲအလုပ်လုပ်ရသည်မှာ ကချင်တွေအနေနှင့် အဆင်ပြေရဲ့လားဟု ဆိုင်ဖုန်းကို ကျွန်ုပ်က မေးလိုက်ရာ သူ့အဖြေကြောင့် ကျွန်ုပ် တော်တော် ခေါင်းစားသွားသည်။

"ပြေတယ်လည်း ပြောရမယ်၊ မပြေဘူးလည်း ပြောရမယ်၊ ပြေတာက ဘုံရန်သူကို ကျူပ်တို့ အတူတူတိုက်ကြတာ ကောင်းတာပေါ့။ ဒါပေမဲ့ တစ်ခါတစ်ခါ ကျူပ်တို့လူတွေကို ပြောရတာ တော်တော် လက်ပေါက်ကပ်တယ်။ ခင်ဗျားလည်း သိပါတယ်။ ကျူပ်တို့လူတွေက ဘာသာရေးကို အရမ်းဇောင်းပေးတဲ့ လူတွေဆိုတော့ ကွန်မြူနစ်ဝါဒကို ကြောက်ကြတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့။ နောက်တစ်ခါ ဗကပ နဲ့ ကျူပ်တို့ ပြန်ချကြမယ်ဆိုရင်တော့ မဆလက အမြတ်ထွက်ပြီး ဒုက္ခအများဆုံးခံရမှာက ရွာသူရွာသားတွေပဲလေ"

NDF က တပ်ရင်း (၈၆၁) ကို ဖွဲ့စည်း၍ တပ်ဦးကို အားဖြည့်ပေးလိုက်သဖြင့် ဆိုင်ဖုန်း၏ စခန်းတွင် SSA မှ ဗိုလ်မှူး စိုင်းလိတ်နှင့် အဖွဲ့အပြင် ပြောက်ကျားတပ်ဖွဲ့ဝင်တို့ပါ တပ်စွဲထားကြသော်လည်း တောကလည်း ထူထပ်၊ ဘားမားလမ်းမအနီး တပ်စွဲထားသော အစိုးရတပ်တွေနှင့်လည်း နီးကပ်နေသည်တို့ကြောင့် မနှံ့ပီစခန်းကား အအိပ်အနေ နည်းကြ၍ သတိမပြတ်ရှိနေကြလေသည်။ သို့ရာတွင် ဆိုခဲ့သလို ပုံမှန်မဟုတ်သော သတိနှင့် စိုးရိမ်ကြောင့်ကြမှုတွေ ရှိနေရခြင်းတွင် နောက်ထပ် ရိုးရှင်းသော အကြောင်းတစ်ခုလည်း ရှိနိုင်ပေရာ ဤအချက်ကို ကျွန်ုပ်တို့ မကြာခင် ရှာဖွေတွေ့ရှိလာတော့သည်။ ၄င်းကား ညဘက်ဆိုလျှင် အိပ်မရအောင် ခြင်အုပ်ကြီးတွေကျလာပြီး ကျွန်ုပ်တို့ တစ်ကိုယ်လုံး အကိုက်ခံရလေရာ တစ်ရက်နှစ်ရက်အတွင်းမှာပင် ဆိုင်တိုင်းမျက်နှာတစ်ခုလုံး ခြင်ကိုက်ဖုတွေ ပွထလာရာ ဤဒေသတွင် ၄က်ဖျားရောဂါရှိနိုင်သဖြင့် ၄က်ဖျားကာကွယ်ဆေးပြားအချို့ကို ဆိုင်နောင့် သောက်ထားလိုက်ခြင်းဖြင့် နို့မှတစ်ဆင့် ကလေးကိုလည်း ကာကွယ်ပေးနိုင်သည်ဟု မျှော်လင့်ရသည်။ သို့ပေမဲ့ ခြင်တွေကလည်း အလုအယက် ကိုက်နေကြသဖြင့် ညဘက်တွင် ဆိုင်တိုင်းကို ခြင်ထောင်နှင့် သေသေချာချာ သိပ်ပြီး နေ့ဘက်တွင် လက်ကိုင်ပဝါ(သို့) ၄က်ဖျောရွက်နှင့် ခြင်မောင်းပေးနေရသည်။ ယခုအခါ သမီး ဆိုင်တိုင်းအသက်(၁၄)လပြည့်ပြီး လူလုံးကလည်း ထွားလာရာ မနှံ့ပီစခန်း၌နေ့စဉ် ရက်အတွင်းမှာပင် သမီးလေး လမ်းစလျှောက်သဖြင့် ကျွန်ုပ်တို့ ဝမ်းသာကြရသေးသည်။

နိုဝင်ဘာ (၉) ရက်၊ တနင်္ဂနွေနေ့တွင် မွန်းလွဲချိန်အထိ တစိမ့်စိမ့်နှင့် မိုးရွာနေရာ စခန်းကို အုပ်မိုးထားသော သစ်ရွက်တွေပေါ်က မိုးရေစက်တွေ တဖျောက်ဖျောက်ကျ၍ လမ်းတွေ ဗွက်ထပြီး ချောကျိသွားသည်။ သို့ပေမဲ့ စင်ပေါ်တွင် တပ်မဟာ(၄)၏ ဝါဒဖြန့်ချိရေးအဖွဲ့က သီချင်းတိုက်နေရာ၊ သူတို့ဆီက လျှပ်စစ် ဂီတသံစဉ်တွေနှင့်အတူ မျိုးချစ်သီချင်းတွေ တောထဲသို့ ပျံ့လွင့်လာသည်။ ထိုအချိန်တွင် ကျွန်ုပ်က တဲအပြင်ဘက်တွင် ဝါးကုလားထိုင်တစ်လုံးနှင့် ဒိုင်ယာရီရေးမှတ်နေပြီး ဆိုင်နောင့်က သမီးလေးနှင့်

www.nyisay.com



ဆော့နေလေရာ (၂) နာရီ (၁၅) မိနစ်တွင်မူ ဘားမားလမ်းမကြီးဘက်မှ လက်နက်ကြီး ပစ်သံတွေ တအုန်းအုန်းနှင့် ကြားလိုက်ရသည်။ သို့ပေမဲ့ ဂစ်တာအဖွဲ့ကား အဆိုမပျက်၊ အတီး မပျက်၊ တစ်ခါတစ်ခါ ရိုင်ဖယ်သေနတ်သံနှင့် မော်တာပေါက်ကွဲရာမှ ပဲ့တင်သံတွေ ကြားဖြတ် ဝင်လာသည်။ ဆိုင်ဖုန်းက ကျွန်ုပ်တို့တဲသို့ သုတ်သုတ်နှင့် ရောက်လာပြီး ပြုံးရင်း မေးလိုက်သည်။

"ခင်ဗျား ကြားတယ်မဟုတ်လား၊ ချုံခိုတိုက်ပွဲစနေပြီ ထင်တယ်"

အမှန်ပင် တိုက်ပွဲစနေလေပြီ။ ကွတ်ခိုင်နှင့် လားရှိုးသို့ နယ်စပ်အနီး မူဆယ်မှ ပြန်လာသော အစိုးရတပ်တို့ကို ကြိုတင်တိုက်ခိုက်ဖို့ ဗကပ က ဆုံးဖြတ်ခဲ့သည်ဆိုသော်လည်း ချုံခိုတိုက်သင့်မတိုက်သင့်နှင့် ပတ်သက်၍ သဘောထားအမျိုးမျိုး ကွဲလွဲခဲ့သည်။ ဆန့်ပေါင်သဘောထားအရ ယခုလို ချုံခိုတိုက်ခိုက်လိုက်ခြင်းသည် အစိုးရတပ်တွေကို လှန့်သလို ဖြစ်သွားသဖြင့် ဒေသအတွင်းက တပ်စခန်းတွေမှာ တပ်ကူတွေ ဖြည့်ပေးနိုင်ဖွယ်ရှိသဖြင့် စီစီဝမ်ကို တိုက်သည့်အခါ ပို၍ ခက်ခဲသွားနိုင်သည်။ သို့ပေမဲ့ ဗကပ က ချုံခိုတိုက်ပွဲကို အောင်မြင်စွာ တိုက်ခိုက်နိုင်လျှင် အစိုးရတပ်တွေ အခြေပျက်သွားပြီး စီစီဝမ်ကို အလွယ်တကူ သိမ်းယူနိုင်လိမ့်မည်ဟု ယူဆသည်။

ကျွန်ုပ်အထင်ပြောရလျှင် ဗကပ အနေနှင့် အစိုးရတပ်ကို လျော့တွက်ထားသလို သူတို့အင်အားကို ပိုတွက်သည် ထင်သည်။ မြန်မာပြည် ပြည်တွင်းစစ်နှင့်ပတ်သက်၍ နှစ်အတော်ကြာကပင် ကျွန်ုပ် လေ့လာသူတစ်ယောက်အနေနှင့် ဗမာစစ်တပ်၏ တိုက်ရည်ခိုက်ရည်ကို လျော့တွက်၍ လုံးဝမရနိုင်ကြောင်း ကျွန်ုပ် ကောင်းစွာ နားလည်ခဲ့သည်။

အစိုးရစစ်တပ်၏ နယ်ခြားဒေသမှ အရပ်သားတို့ကို ရက်စက်ကြမ်းကြုတ်စွာ ပြုမူကျင့်ကြံသည့် ပေါ်လစီသည် စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း ဘေးထွက်ဆိုးကျိုးကို ဖြစ်စေသည်။ တစ်ချိန်တည်းမှာပင် ဆေးဝါးနှင့် ရိက္ခာ မပြည့်စုံမှုကြောင့် သေကျေပျက်စီး ဆုံးရှုံးမှုရှိခဲ့သည့်တိုင် သတ္တိဗျတ္တိနှင့် သက်လုံကောင်းသလို အတွေ့အကြုံဝ၍ တိုက်ရည်ခိုက်ရည် ထက်မြက်သည့် အရှေ့တောင်အာရှမှ တစ်ခုတည်းသော စစ်တပ်လည်းဖြစ်သည်။

နာရီဝက်မျှအကြာတွင် အဝေးမှ သေနတ်သံတွေ တိတ်သွားပြီး နေ့မကူးခင်မှာပင် မန်းပီစခန်းသို့ သတင်းရောက်လာသည်။ မိုးရွာနေသဖြင့် ပြောက်ကျားတပ်ဖွဲ့ဝင်တွေ သေသေချာချာ အစွမ်းမပြနိုင်ပါသဖြင့် ထရပ်ကားတစ်စီးကိုသာ ဖျက်ဆီးနိုင်ခဲ့ပြီး အစိုးရတပ်ဖွဲ့ဝင် အနည်းငယ် ဒဏ်ရာရသွားကြောင်း၊ လက်နက်ကြီးတွေနှင့် ထုရာတွင်လည်း ထိထိမိမိ တစ်ခုမှ အရာမရောက်ခဲ့ကြောင်းတို့ ဖြစ်လေရာ မကြာမီ တိုက်တော့မည့် စီစီဝမ်တိုက်ပွဲအတွက် ကျွန်ုပ် စိုးရိမ်သွားသည်။ လမ်းပေါ်တွင် ထင်းထင်းကြီးသွားနေ

www.nyisay.com

**စီစီဝမ်ကို တိုက်ဖို့ ပြင်နေသော ဗကပခေါင်းဆောင်တွေ ကျန်ကျိမိန် (ကြည်မြင့်) က ရှင်းလင်းနေစဉ်။**

သော အစိုးရစစ်ယာဉ်တန်းကြီးကိုတောင် ဟုတ်ဟုတ်ငြားငြား မတိုက်နိုင်လျှင် မြေကတုတ်နှင့် အသေအချာ ပြင်ဆင်ထားသော အစိုးရတပ်တွေကို ကွန်မြူနစ်တွေက ဘယ်လို ဘယ်အကြောင်းနှင့် အနိုင်တိုက်နိုင်ပါအံ့။

တစ်နေ့ ညနေချိန်၊ ထုံးစံအတိုင်း တဲရှေ့တွင် ဝါးကုလားထိုင်နှင့် ကျွန်ုပ်ထိုင်နေစဉ် ဆိုင်ဖုန်း ပေါက်ချလာပြီး ပြုံး၍ ပြောသည်။

''ကျုပ်နဲ့ လိုက်ခဲ့၊ ခင်ဗျားမိတ်ဆွေတစ်ယောက် ရောက်နေတယ်''

ဘယ်က မိတ်ဆွေများပါလိမ့်၊ ဇဝေဝါနှင့် မှတ်စုစာအုပ်ကို လက်ကချပြီး သူ့နောက် ကျွန်ုပ်လိုက်လာခဲ့ရာ စခန်းအစွန်တစ်နေရာသို့ လျှောက်လာပြီး ထိုမှ တောလမ်းလေးအတိုင်း ကွေ့ဝိုက်လာ၍ လျှိုစောက်ကျဉ်းတစ်နေရာ အရောက်တွင်မူ ဝါးတဲကြီးတစ်လုံး တွေ့ရပြီး တံခါးဝတွင် လက်နက်ကိုင်စစ်သားတွေ စောင့်နေသည်။ ကျွန်ုပ်တို့ ဝင်သွားသည့်အခါ အခန်းထဲတွင် ရေနံဆီ မီးအိမ်တစ်လုံး ထွန်းထားသည်။

''အို... မစ္စတာ လင့်တနာ၊ ပါကျောင်မှာ နှုတ်ဆက်ရတာ မဝသေးလို့ နောက်ထပ် နှုတ်ဆက်ပွဲ လုပ်မလို့ ခင်ဗျားနောက်က လိုက်လာတာလေ''

အရပ်ပုပု၊ တုတ်တုတ်ခိုင်ခိုင်နှင့် ရင်းနှီးနေသော အသွင်အပြင်တစ်ခု၊ ဝါးကြမ်းခင်းပေါ်တွင် တင်ပျဉ်ခွေထိုင်လျက်က ပြုံးပြုံးကြီး လုပ်နေသည်။

''ဘရန်ဆိုင်း... ဘယ်တုန်းက ရောက်လာတာလဲ''

www.nyisay.com

**နိုဝင်ဘာ (၁၆) ၁၉၈၆ ခုနှစ် စီစီဝမ်တိုက်ပွဲကို ကွပ်ကဲနေသော ကြည်မြင့်နှင့် ဗကပ စစ်သားတချို့။**

ပြောပြီးခါမှ မတ်ခွက်နှင့် လက်ဖက်ရည်သောက်နေသော ဇောင်းဟရာကို သတိပြုမိလိုက်သည်။

''ကျုပ်တို့ ရောက်လာတာမကြာသေးဘူး။ ထိုင်းနိုင်ငံကို သွားကြမလို့ပါ။ NDF ကိုယ်စားလှယ်တွေက ကျင်းပမယ့် NDF ကွန်ဂရက်မှာ အထွေထွေ အတွင်းရေးမှူး လာစေချင်ကြတာနဲ့ အစည်းအဝေးတက်ဖို့ ထွက်လာကြတာ၊ တော်တော်လေး လျှို့ဝှက်ပြီး လှုပ်ရှားရမှာ၊ ကျုပ်တို့ ပါကျောင်က ထိုင်းနိုင်ငံကို ထွက်လာတဲ့သတင်း မဆလ သိသွားရင် အန္တရာယ်များတယ်''

ပါကျောင်တွင် ကျွန်ုပ်တို့ကို နှုတ်ဆက်စဉ်က ဘရန်ဆိုင်းပြောခဲ့သော စကားအသွား အလာကို ယခုမှပင် ကျွန်ုပ် သဘောပေါက်တော့သည်။ အမှန်အားဖြင့် ဘရန်ဆိုင်းတို့ အဖွဲ့က မထင်ရှားသော နယ်မြေများမှ ထိုင်းနယ်စပ်သို့ ခြေလျင်ခရီးဖြင့် NDF ဌာနချုပ်သို့ (၂) လကြာ ခရီးဆက်ရုံမက ပြင်ပကမ္ဘာကြီးအထိ ခြေဆန့်တော့မည် ဖြစ်သည်။

''အခုအချိန်မှာ ကျွန်ုပ်တို့ရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုကို အပြည်ပြည်ဆိုင်ရာက သိအောင် လုပ်ဖို့ အချိန်ရောက်ပြီ။ ဂေါ့(ဒ်)က ကျုပ်တို့ကို ကူညီမှာပါ။ မြန်မာပြည် ငြိမ်းချမ်းသွားမှာပါ။ နိုင်ငံတကာက စိတ်ဓာတ်ရေးရာအရ ထောက်ခံမှုမရရင် ဘာမှလုပ်လို့ မရနိုင်ဘူး။

www.nyisay.com



ဒါကြောင့် ဥရောပနဲ့ အမေရိကားကို သွားပြီး NDF ရဲ့ ရည်ရွယ်ချက်ကို ကျုပ်ပြောချင်တယ်''

လျှိုစောက်ကျဉ်းလေးထဲတွင် ဝှက်နေသော တဲထဲတွင် တစ်နာရီမျှ ကျွန်ုပ်တို့ တိတ်တဆိတ် ပြောဆိုဆွေးနွေးပြီး ထိုင်းနိုင်ငံ မသွားမီ ဗကပ ခေါင်းဆောင်တို့နှင့် ဆွေးနွေးရန်၊ ဘရန်ဆိုင်းနှင့် ဇောင်းဟရာတို့က ကျွန်ုပ်နောက်မှ ရှေ့ဆင့်နောက်ဆင့် လိုက်ကြဖို့ အစီအစဉ်ဆွဲကြသည်။ စင်စစ် ဤသတင်းမှာ အထူးစိတ်ဝင်စားစရာ ကောင်းသည်။ ဘရန်ဆိုင်းအနေနှင့် ပြင်ပကမ္ဘာကြီးသို့ ရောက်ပြီး မြန်မာပြည်နှင့် စပ်လျဉ်းသော အရပ်ရပ် အခြေအနေတို့ကို ရှင်းပြ၍ နိုင်ငံတကာ အသိုင်းဝိုင်းကို ဆွဲဆောင်နိုင်ပါမူ ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခတို့ကို နိုင်ငံရေးအရ အဖြေရှာနိုင်မည့် လမ်းတစ်လမ်း ပွင့်လာနိုင်ပါသည်။

''ကောင်းပြီလေ... ဒါဆိုရင် ကျွန်တော်တို့ ဘန်ကောက်မှာ တွေ့ကြတာပေါ့!''

နှုတ်ဆက်ပြီး ကျွန်ုပ် ထွက်လာခဲ့သည်။ အရပ်ရပ် အနေအထားတို့ကား အရှိန်စယူနေလေပြီ။

နိုဝင်ဘာ (၁၄) ရက်တွင် KIA တပ်ဖွဲ့တစ်ဖွဲ့နှင့်အတူ မန်ပီစခန်းမှ ကျွန်ုပ် ထွက်ခွာလာရာ ထိုနေ့က ရာသီဥတု ကြည်ကြည်လင်လျက် ရွှေလီမြစ်အရှေ့ဘက်ခြမ်းမှ ကိုးကန့်တောင်တန်းကြီးများကား အံ့ဆိုင်းပြာရီလျက်။ ကျောက်ဆိုင်ကျောက်သား တောင်များကြားက မုံးဟွမ်းနှင့် မုံးယာလေး၊ မောရှမ်း ချိုင့်ဝှမ်းတို့ကမူ စိမ်းစိုလန်းဆန်းနေသော အိုအေစစ်လေးတွေလို။ လမ်းလျှောက်လာရသည်မှာ တက်ကြွလန်းဆန်းနေပြီး အထူးသဖြင့် တောင်အဆင်းတွင်မူ အလာတုန်းကလို အားစိုက်စရာ မလိုဘဲ သက်သောင့်သက်သာ ရှိလှသည်။

မွန်းတည့်ချိန်တွင် မုံးပေါ်သို့ ရောက်လာရာ ချိုင့်ဝှမ်းအတွင်းမှ ဝင်းမှည့်နေသော စပါးတို့ကို လယ်သမားတွေ ရိတ်သိမ်းနေပြီး လယ်ကွင်းတွေကြားက လမ်းလေးတို့တွင်မူ ကျွဲတွေ လဲထားသည်။ သို့ပေမဲ့ မကြာမီ ၄င်းတို့နှင့် အနီးအနားတွင် တိုက်ပွဲကြီးတစ်ပွဲ ဖြစ်လာတော့မည်ဖြစ်ရာ ဤမြင်ကွင်းကား ကြေကွဲဝမ်းနည်းစရာ ကောင်းနေသည်။ မစ်ရှင်ဟောင်း ဝင်းခြဲထဲက စခန်းသို့ ဆက်မသွားမီ ဇော်နော်က သူ့ကတိအတိုင်း ကျွန်ုပ်တို့ကို တရုတ်ဟင်းတွေနှင့် ဧည့်ခံဖို့ စောင့်နေသည်။

ကျွန်ုပ်၏ လမ်းပြနှင့် စကားပြန်အဖြစ် လိုက်ပါဖို့ ဖန်ဆိုင်းမှ ကျော်ညွှန့် ရောက်နှင့်နေပြီ။ ထိုညတွင် ဗကပ မှ ပညာတတ် လူငယ်တချို့နှင့် ကျွန်ုပ် ချက်အရက် သောက်ရင်း ညဉ့်နက်သည်အထိ စစ်ပွဲနှင့်ပတ်သက်ပြီး ပြောကြဆိုကြရာ အများစုမှာ ဗကပ အရှိန်တက်နေသော ၁၉၇၀ ပြည့်နှင့် အစောပိုင်းကာလများက တောခိုလာသူတွေဖြစ်ပြီး မော်စီတုန်း၏ မဟာပစ္စည်းမဲ့ယဉ်ကျေးမှု တော်လှန်ရေး အယူအဆတို့ကို ယခုအထိ

www.nyisay.com



စွဲကိုင်ထားပုံရသည်။ ဤတွင် ကျွန်ုပ်က ယနေ့ ဗကပ နှင့်ပတ်သက်၍ သူတို့အမြင်တို့ကို မသိမသာ မေးစမ်းကြည့်ရာ တိတိကျကျ ဘယ်သူမှ မဖြေ။ မှုန်မှုန်ဝါးဝါးနှင့် ပြုံး၍သာ ပြကြပြီး ၁၉၈၂ ခုနှစ်က ဖီလစ်ပိုင်တွင် New People's Army မှ ကွန်မြူနစ်တွေနှင့် ကျွန်ုပ် သွားတွေ့ခဲ့သော ခရီးအကြောင်း မေးဖို့ မြန်းဖို့သာ စိတ်ဝင်စားနေကြသည်။

နိုဝင်ဘာ (၁၅) ရက် မုံးပေါ် ချိုင့်ဝှမ်းပေါ်တွင် ချောက်ချားဖွယ်အတိ ကြီးစိုးနေသည်။ မွန်းတည့်ချိန်တွင် ရာပေါင်းများစွာသော ဗကပ စစ်သားတွေ စခန်းအတွင်းသို့ ချီတက်လာကြရာ ကျည်ကပ်တွေ ကျည်တောင့်တွေကို ပခုံးပေါ်မှာ သိုင်းဆွဲထားကြပြီး၊ အော်တိုမစ်တစ် ရိုင်ဖယ်တွေ၊ စက်သေနတ်တွေ၊ ဘဇူကာနှင့် လက်ပစ်ဗုံးတွေနှင့် အချို့ကမူ တရုတ်စစ်ကား အဟောင်းအမြင်းတွေ ဖုန်တထောင်းထောင်း လမ်းပေါ်မှ တကျိကျိ မောင်းရင်း စခန်းထဲ ဝင်လာနေကြသည်။ ဟိုအဝေး စီစီဝမ်တောင်ပေါ်တွင်မူ အမှောင်ထု အတိတ်နိမိတ်ဆိုးကြီးကား ရစ်ဝဲနေပါ၏။

ယခုထိတိုင် ကွန်မြူနစ်တို့တွင် စစ်လက်နက်အင်အား အတောင့်အတင်း ရှိသေးကြောင်းကို ပြသသည့်အနေနှင့် ဗကပ တပ်ရင်းတပ်ဖွဲ့တို့ကို ဖြန့်ကျက်ချထားရာ စစ်ကြောင်းကြီးတွေနှင့် လက်နက်ခဲယမ်းတွေ အပြည့်တင်ဆောင်လာသော ထရပ်ကားများကား အဝေးသို့ ချီတက်နေကြသည်တို့ကို ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တွေ စိုက်ခဲ့သော ချယ်ရီပင်တွေအောက်တွင် ကျွန်ုပ်နှင့် ကျော်ညွန့်တို့ ထိုင်ရင်း တိတ်ဆိတ်စွာ ကြည့်နေကြပါ၏။

တပ်တွေ ဖြန့်ကျက်ချထားရာတွင် အလုပ်ရှုပ်နေသော ကြည်မြင့်က တာဝန်မှ ခဏအားလပ်ချိန်တွင် ကျွန်ုပ်တို့ကို ပျဉ်ထောင်အဆောက်အအုံကြီးထဲ ခေါ်၍ ရွှံ့နှင့် သဲတို့ဖြင့် လုပ်ထားသော စီစီဝမ်တောင် ပုံစံငယ်တစ်ခုကို ပြသည်။ စကေးကိုက်လုပ်ထားသော ပုံစံငယ်တွင် သစ်တောအကွက်တို့ကို သစ်ရွက်စိမ်းတွေနှင့် အမှတ်အသား ပြထားပြီး အစိုးရတပ် တည်ရာတို့ကိုမူ စက္ကူရောင်စုံ အလံလေးတွေနှင့် ပြထားသည်။ အနီရောင် ကတ်ထူပြား မြားဦးလေးများက တစ်ဖက်မှ တိုက်ခိုက်မှုကို ဖြတ်တောက်ပစ်မည် နေရာတို့ကို ဖော်ပြထားသည်။ ဤ၌ရှိနေသော အရာရှိများအနက် ကြည်မြင့်အပြင် အချို့လူများမှာ ပန်ဆိုင်းတွင် ကျွန်ုပ်နှင့်ဆုံခဲ့သော တရုတ်တွေနှင့် သီအိုရီဆရာကြီး အုန်းကြည်လည်း ပါသည်။

၄င်းတို့၏ စစ်ဆင်ရေးနှင့်ပတ်သက်၍ ဘယ်ပုံဘယ်နည်း ထိုးစစ်ဆင်မည်ကို အရာရှိများက ကျွန်ုပ်ကို ရှင်းပြနေခိုက် အစိုးရတပ်တွေ ဆုတ်ခွာနိုင်မည့် ထွက်ပေါက်မရှိသည်ကို ကျွန်ုပ် သတိထားမိလေရာ လွန်လေပြီးသောနှစ် (၂၀၀၀) ခန့်က တရုတ် ဖီလိုဆိုဖာကြီး ဆွန်ဇူးရေးသားခဲ့သော "The Art of War" ထဲမှ စာကြောင်းတစ်ကြောင်းကို သတိရလိုက်သည်။ ၄င်းမှာ ရန်သူကို ဝိုင်းဝန်းပိတ်ဆို့ထားသည့်အခါမျိုးတွင် ရန်သူ

www.nyisay.com



ဆုတ်ခွာဖို့ ထွက်ပေါက်ပေးထားရမည်။ သို့မဟုတ်လျှင် ရန်သူတပ်များက အသေခံတိုက်၍ ထွက်ပေါက်ရှာကြပေလိမ့်မည်ဟူ၍ ဖြစ်ရာ အဆိုပါ စစ်ဥပဒေသအကြောင်းကို ကျွန်ုပ်က အရာရှိတစ်ယောက်ကို မေးကြည့်လိုက်သည်။ သို့ပေမဲ့ ထိုသူက ကျွန်ုပ်ကို ရေရေရာရာ အဖြေမပေး။ ညာဘက်လက်ကို ဟန်ပါပါနှင့် လွှဲရမ်းလိုက်ပြီး နူတ်ခမ်းကိုစူကာ သူ့ရည်ရွယ်ချက်ကိုသာ ပြောသည်။

"ကျုပ်တို့က ဒီကောင်တွေကို လုံးဝ ခြေမှုန်းပစ်ဖို့ ရည်ရွယ်ထားတယ်၊ တစ်ကောင် တစ်မြီးမှ မကျန်စေရဘူး"

သို့နှင့် ကျွန်ုပ်လည်း နောက်ထပ် မမေးတော့ဘဲ တောင်ပုံစံငယ်ကိုသာ လေ့လာနေလိုက်သည်။ သို့ရာတွင် သူတို့ စစ်ဆင်ရေးကို အတိအကျ ပြင်ဆင်ထားသဖြင့် ကြည်မြင့်က ကျွန်ုပ်ကို အသေးစိတ် ပြောပြချင်နေသည်။

"ဒီကိစ္စအတွက် လအတော်ကြာကတည်းက ဒေသခံတွေကို ပြင်ဆင်ခိုင်းထားတယ်။ အခု စပါးတွေ ရိတ်သိမ်းတာ ပြီးသလောက်ရှိပြီဆိုတော့ တိုက်ပွဲကြောင့် အနှောင့်အယှက် မဖြစ်တော့ဘူး၊ ပန်ဆန်းကို သွားတဲ့ ကုန်သွယ်ရေးလမ်းကြောင်းကို ကျွန်တော်တို့ ကာကွယ်ထားရမယ်၊ သူတို့က စီစီဝမ်တောင်ပေါ်ကနေ မုံးပေါ်ဈေးထဲကို တစ်ခါတစ်ခါ အမြောက်နဲ့တောင် ပစ်တယ်"

ဤတွင် ထူးခြားသော အချင်းအရာမှာ ဆိုခဲ့သလို တပ်များ ရွှေ့ပြောင်းနေရာချထားခြင်း၊ ထောက်ပို့လုပ်ငန်းများ ပြင်ဆင်နေကြသည်တို့မှာ စီစီဝမ်တောင်နှင့် လက်တစ်ကမ်းအကွာဝေးတွင် ဖြစ်၍ တောင်ပေါ်တွင် နေရာယူထားသော အစိုးရစစ်တပ်က ဗကပ ၏ လှုပ်လှုပ်ရွရွ သတင်းတွေကို သိုးသိုးသန့်သန့် မကြားဘဲနေမည်တော့ မဟုတ်။ ခဲယမ်းလက်နက်နှင့် ဆေးဝါးတွေ သိုလှောင်နေကြသည်။ ရာပေါင်းများစွာသော စစ်သားတွေ ပြောင်းရွှေ့နေရာယူနေကြသည်။ ဒဏ်ရာရသူတွေကို သယ်ယူဖို့အတွက် ဝါးထမ်းစင်တွေ လုပ်သူတွေလုပ်၊ ငှက်ပျောဖက်နှင့် ထမင်းထုပ် ထုပ်သူတွေ ထုပ်နေကြသည်။ သို့ပေမဲ့ ကီလိုမီတာ အနည်းငယ်မျှဝေးသော စီစီဝမ် တောင်ပေါ်တွင်မူ ယခုအချိန်လောက်ဆို အစိုးရစစ်သားတွေ ဝိုင်းဖွဲ့ပြီး ဖဲရိုက်ကောင်း ရိုက်နေကြလိမ့်မည်။ သို့မဟုတ် သူတို့ မိသားစုတွေ၊ မိတ်ဆွေတွေဆီ စာရေးနေကြပေလိမ့်မည်။

ညနေတွင် ကျော်ညွှန့်နှင့် ကျွန်ုပ်တို့ ဂျစ်ကားဖြင့် ထွက်လာကြရာ မုံးပေါ်မှ ထွက်၍ နမ့်တောင်း(ဝ်)နှင့် ဘားမား လမ်းမကြီးဘက် မောင်းလာချိန်တွင် နေစုန်းစုန်းမြုပ်သွားလေပြီ။ ဂျစ်ကားမှ ရှေ့မီးကြီး (၂) လုံးဖြင့် ဖုန်သောသော လမ်းတစ်လျှောက် မော်တာတွေ စိန်ပြောင်းတွေ ခဲယမ်းတွေ အပြည့်လွယ်ပိုးလျက် တရွေ့ရွေ့နှင့် သွားနေသော ဗကပ စစ်ကြောင်းတွေ၊ အရပ်ဝတ်, ဝတ်ထားသော ကျေးရွာပြည်သူ့စစ်တွေက (၂)

www.nyisay.com



ယောက်တစ်တွဲ ဝါးထမ်းစင်တွေ သယ်ယူနေသည်ကို တွေ့ရရာ အသေအပျောက် အပျက်အစီး အတော်များနိုင်သည်ဟူသော သဘောဖြစ်သည်။

မြန်မာပြည် တောတွင်းတိုက်ပွဲတစ်နေရာတွင် ဤမျှအထိ စစ်သားတွေ၊ လက်နက်ခဲယမ်းတွေ အများအပြား လာရောက်စုပုံနေသည်ကို ယခင်က တစ်ခါမျှ ကျွန်ုပ် မမြင်ခဲ့ဘူး။ ယခု တိုက်မည့်တိုက်ပွဲသည် ပြောက်ကျားအဖွဲ့တွေလို ပစ်ပြီး ပြေးမည့်တိုက်ပွဲမဟုတ်။ သမားရိုးကျ စစ်ဆင်ရေးကြီးတစ်ခု စတင်ဖို့အတွက် ပုံမှန်စစ်တပ်ကြီး တစ်တပ်က ရှေ့တန်းတစ်နေရာသို့ ချီတက်သွားနေခြင်း ဖြစ်သည်။

အစိမ်းညစ်ညစ် တံရုတ်လုပ် ထရပ်ကားတွေ ဖုန်လုံးကြီးတွေကြားက တဝေါဝေါနှင့် ကျော်တက်သွားခိုက် ကျွန်ုပ်တို့ဂျစ်ကားလေးကား စီစီဝမ်၏ အရှေ့ဘက် တောင်ခါးပန်းသို့ ကားအင်ဂျင်ကို အားသွန်ခွန်စိုက်ရုန်း၍ တက်လာခဲ့ပြီး ဗကပ တပ်များ နေရာယူထားရာ တောင်ကုန်းအမှတ် (၁) အောက်ဘက် တောင်ထွတ် တစ်ခုနားတွင် ကားကို ရပ်၍ လမ်းဘေးမှ မြက်ခင်းပေါ် ဆင်း၍ ဆေးပေါ့လိပ်ကိုယ်စီဖွာရင်း ထိုင်နေလိုက်ကြသည်။ လမ်းမပေါ်တွင်မူ ခဲယမ်းသေတ္တာတွေ ထမ်းပိုးလျက် တောင်ပေါ်သို့ ကုန်းရုန်းတက်နေသော လူတွေ၊ မကြာခဏ ဆိုသလို စစ်ထရပ်ကားတွေ ရောက်လာပြီး မော်တော်ကားတွေပေါ်က သစ်သားသေတ္တာနှင့် ထည့်ထားသော လက်နက်ခဲယမ်း သေတ္တာတွေကို စစ်သားလေးတွေက အောက်သို့ ထမ်းချကြရာ အချို့က သေတ္တာခွံတွေကို တောထဲမှာ သွားဝှက်နေကြသည်ကို ကျွန်ုပ် မေးသည်။

"သေတ္တာခွံတွေကို သူတို့ အိမ်မှာ ပြန်သုံးဖို့လေ" ကျော်ညွှန့်က ကျွန်ုပ် အမေးကို ဖြေပြီး သူ့အကျင့်အတိုင်း တဟီးဟီးရယ်ရင်း စကားကို ဆက်သည်။

"ဒါပေမဲ့ ဒီတောင်ပေါ်ကနေ သူတို့ အသက်ရှင်လျက် ပြန်ရမယ်လို့ ဘယ်သူပြောနိုင်မှာလဲ"

တောင်ပေါ်မှ လပြည့်ဝန်းကြီး ပြူထွက်လာသည့်အခါ စစ်သားတွေနှင့်အတူ တောင်ပေါ်သို့ ကျွန်ုပ်တို့ တက်လိုက်လာကြရာ ရာပေါင်းများစွာသော ခြေထောက်တွေ၊ စည်းချက်မှန်မှန်နှင့် ဖြည်းဖြည်းချင်း ရှုပ်တိုက်သွားနေသံနှင့် ပင်ပန်းကြီးစွာ ရုန်းတက်နေရသဖြင့် အသံခပ်အုပ်အုပ် ထွက်လာသော အသက်ပြင်းပြင်းရှူသံတွေသာ ကြားနေရသည်။ ည (၁၀) နာရီကျော်တွင် အရှေ့ဘက် ဆင်ခြေလျောပေါ်မှ ကျောက်နံရံနှင့် သစ်ပင်တွေဖုံးကွယ်နေသော နေရာတစ်နေရာသို့ ရောက်လာသည်။ နေရာမှာ သဘာဝအလျှောက် စင်မြင့်တစ်ခုလို ဖြစ်နေသဖြင့် လက်နက်ခဲယမ်းတို့ကို လုံခြုံစွာ သိုလှောင်ထားနိုင်သလို ဒဏ်ရာရ စစ်သားတို့ကိုလည်း ဤနေရာတွင် ဆေးဝါးကုသနိုင်မည်။ ဤနေရာသို့ အထမ်းသမားနှင့် လားများက ၈၂/၁၂၀ မီလီမီတာ မော်တာကျည်တောင့်တွေ၊ ၇၅

www.nyisay.com



မီလီမီတာ မောင်းပြန်ရိုင်ဖယ်သေနတ်တွေနှင့် လေယာဉ်ပစ် စက်သေနတ်ကြီးတွေကို ထုမ်းပိုးသယ်လာကြသည်။

မကြာသေးခင်ကမှ တပ်ဆင်ထားသော ရှေ့တန်းသုံး တယ်လီဖုန်းနှင့် လမ်းလျှောက် စကားပြောစက်တို့ဖြင့် အရာရှိအချို့က ရှေ့တန်းတပ်ဖွဲ့တွေနှင့် အဆက်မပြတ် ဆက်သွယ်နေပြီး အချို့ကမူ စကေးမြေပုံကို ချခင်းလျက် (၁၁) နာရီမြောက် စည်းဝေးညှိနှိုင်းနေကြသလို ရေဒီယို အော်ပရေတာတွေကလည်း စီစီဝမ်နှင့် ဘားမားလမ်းမကြီးပေါ်က မုဲ့ယူ၊ နမ့်ဖတ်ကာနှင့် ကွတ်ခိုင်မှ ရန်သူမြို့စောင့်တပ်တွေကြား ဆက်သွယ်ရေးလမ်းကြောင်းကို ထောက်လှမ်းဖို့ရာ ဆက်သွယ်ရေးပစ္စည်းပစ္စယတွေ တပ်ဆင်နေကြသည်။

တိုက်ပွဲစလျှင် စခြင်း ပထမအချီတွင်မူ တစ်ဖက်နှင့် တစ်ဖက် လူအင်အားနှင့် လက်နက်အင်အားကား တစ်ဖက်စောင်းနင်း ဖြစ်နေပေလိမ့်မည်။ တောင်ပေါ်တွင် အထိုင်ချထားသော အစိုးရတပ်ဖွဲ့ဝင် စုစုပေါင်းမှာ (၁၃၀) သာရှိပြီး ရှေ့တန်းတွင် နေရာယူထားသော ဗကပ တပ်ဖွဲ့များကမူ (၁၀၀၀) နီးပါးရှိသည့်အပြင် စစ်ကူရောက်လာမည့် အစိုးရတပ်တွေကို တားဆီးပိတ်ဆို့ထားဖို့ နောက်ထပ် ဗကပ တပ်ဖွဲ့တွေကိုလည်း ဘားမားလမ်းမဘက်သို့ ပို့ထားသေးသည်။

သို့ပေမဲ့ အရေးပါသော မေးခွန်းကမူ တိုက်ပွဲ၏ နောက်ဆုံးရလဒ်က ပြောင်းလဲသွားနိုင်သည်ဟူသော အချက်ပေါ်တွင် မူတည်နေသည်။ အမှန်အားဖြင့် စီစီဝမ်တောင်ကို သိမ်းယူဖို့ကား ပြဿနာမဟုတ်။ အကယ်၍ အစိုးရတပ်ကူတွေက ပိတ်ဆို့ထားသော ကွန်မြူနစ်တပ်တို့ကို ဖောက်ထွက်လာပြီး လေကြောင်းနှင့် လက်နက်ကြီးများက ပစ်ကူပေးနိုင်မည် ဆိုပါလျှင် ဗကပအနေနှင့် ထိုးစစ်မှသည် ခံစစ်သို့ ချက်ချင်း ပြောင်းသွားနိုင်ပါ၏။

ကျွန်ုပ်နှင့် ကျော်ညွန့်တို့ ညအိပ်နားနေဖို့ ယာယီတဲပင် မထိုးနိုင်ကြတော့။ ပါလာသော စောင်တို့ကို ၄က်ပျော်ရွက်တွေပေါ်မှ ဖြန့်ခင်းလိုက်ကြသည်။ ညက ခိုက်ခိုက်တုန်အေးနေသည်။ သို့ပေမယ့် ကံကောင်းချင်တော့ ကျော်ညွန့်အိတ်ထဲမှာ တရုတ် ဘရန်ဒီတစ်လုံး ပါလာသဖြင့် ဘီစကွတ်မုန့်တစ်ထုပ်ကို အမြည်းလုပ်ပြီး ကျွန်ုပ်တို့နှစ်ယောက် ခွက်လှည့်လိုက်ကြပြီး တစ်ကိုယ်လုံး စောင်နှင့်ထုပ်ကာ အိပ်ရာဝင်လိုက်ကြလေသည်။ နောက်တစ်နေ့ အရုဏ်မကျင်းမီ အရိုးထဲက စိမ့်ချမ်းလာသဖြင့် နံနက် (၄) နာရီတွင် အိပ်ရာထကြပြီး စောင်တွေပေါ်မှာ မှုန်မှုန်ဆန်ဆန်နှင့် ထိုင်ရင်း ညက ဘီစကွတ်မုန့်အကျန်တွေကို ကျွန်ုပ်တို့နှစ်ယောက် အပြောင်ရှင်းပစ်လိုက်ပြီး (၁၅) မိနစ်ခန့်အကြာတွင်မူ ဟိုးအဝေးတစ်နေရာမှ ပေါက်ကွဲသံတွေ ခပ်အုပ်အုပ် ရုတ်တရက် ကြားလိုက်ရသဖြင့် တစ်ယောက်နှင့်တစ်ယောက် အထိတ်တလန့် ကြည့်လိုက်ကြသည်။

www.nyisay.com



ထိုစဉ် ကျွန်ုပ်တို့ဘေးတွင် ကြည်မြင့် မတ်တတ်လာရပ်ပြီး မလိုအပ်ဘဲ ပြုံးတူး ပျာတာနှင့် လေသံနှင့် ပြောသည်။

''ကျွန်တော်တို့ စတိုက်တဲ့အချိန်မှာ သူတို့ တပ်ကူတွေ ဒီဘက် မလာနိုင်အောင် ဘားမားလမ်းမပေါ်က တံတားတချို့ကို ဖောက်ခဲ့ပြီး ချိုးပစ်လိုက်တာ''

နံနက် (၅)·နာရီတွင် ရှေ့တန်းစခန်းသို့ ကျွန်ုပ်တို့ လာခဲ့ကြရာ ချမ်းလွန်းလို့ မေးတဆတ်ဆတ် ရိုက်၍ တုန်လျက်နှင့် စစ်ဆင်ရေးကို ညွှန်ကြားမည့် ကြည်မြင့်တို့ ကွပ်ကဲရေးစခန်းရှိရာ တောင်ပေါ်သို့ တက်လာခဲ့ကြသည်။ အရဏ်မကျင်းမီ စခန်းသို့ ရောက်လာရာ စခန်းမှာ စီစီဝမ်တောင်မကြီးပေါ်မှ တောအုပ်တစ်အုပ်အတွင်း တည်ရှိပြီး စောင်းလောင်း ထော်လော် ကျောက်တုံးကြီးများ ကာရံထားသဖြင့် လေကြောင်းရန်က ကာကွယ်နိုင်သော နေရာတစ်ခုလို ဖြစ်နေသည်။

တောင်ဘက် ကုန်းပေါ် ချိုင့်ဝှမ်းပေါ်တွင် မိုးသားတိမ်လိပ်တို့ ကင်းနေသော်လည်း စီစီဝမ် တောင်တန်းကြီးကား လဆုတ်လရောင်အောက်တွင် ချောက်လှန့်နေသလို ကျောက် ဆောင်များကြားတွင် ကျွန်ုပ်တို့ ဝင်ထိုင်လိုက်သည့်အခါ ကြည်မြင့်က စီစီဝမ်တောင်ကြော ပေါ်မှ တောင်ထွတ်လေးခုကို လက်ညှိုးထိုးပြသည်။ အမှတ် (၄) တောင်ထွတ်မှာ အစိုးရတပ်စိတ် (၂) စိတ် (သို့) စစ်သားအယောက် (၂၀) ခန့်ချထားသဖြင့် အစိုးရတပ်၏ အားအနည်းဆုံးနေရာဖြစ်၍ ထိုနေရာကို ဦးဆုံးစစ်ထိုးမည်ဖြစ်၍ ဗကပ တပ်ဖွဲ့ဝင် (၂၀၀) နီးပါးက ညအမှောင်အောက်တွင် ဆင်ခြေလျော တောင်နံရံဘေးသို့ တိတ်ဆိတ်စွာ ချဉ်းကပ် သွားနေလေပြီ။

''သူတို့တွေ အမှတ် (၄) တောင်ကုန်းကို တိုက်ခိုက်ပြီ ဆိုတာနဲ့ အမှတ် (၁) တောင်ကုန်းပေါ်က ကျွန်တော်တို့ လက်နက်ကြီးတပ်ဖွဲ့ ၁၂၀ မီလီမီတာ မော်တာနဲ့ ထုကြလိမ့်မယ်။ ပထမဆုံး ရိုင်ဖယ်သေနတ်သံက အချက်ပေးမယ်၊ စခန်းကို စိစိညက် ညက် ထုပြီးတာနဲ့ ခြေလျင်တပ်တွေက တဟုန်ထိုးဝင်မယ်၊ ပြီးတာနဲ့ နောက်ထပ်စခန်း တစ်ခုကို ထပ်ထိုးမယ်၊ အဲဒီနည်းနဲ့ စခန်း တစ်ခုချင်း သိမ်းသွားမယ်''

ကျွန်ုပ်တို့ ထိုင်စောင့်နေစဉ် ကြည်မြင့်က စကားပြောစက်တစ်လုံးနှင့် ရှေ့တန်း တပ်မှူးတွေကို ဆက်သွယ်ရင်း အလုပ်ရှုပ်နေသည်။ ရှေ့တန်းသုံး တယ်လီဖုန်းများနှင့် ချိတ်ဆက်ပြီး ကျွန်ုပ်တို့ ညက အိပ်ခဲ့သော ရှေ့တန်းစခန်းနှင့် နောက်တန်းတပ်များကိုလည်း ညွှန်ကြားနေသေးသည်။

(၅) နာရီ (၁၅) မိနစ်တွင်မူ အမှတ် (၄) တောင်ကုန်းဆီမှ လက်နက်ငယ် ပစ် ခတ်သံတွေ ထွက်ပေါ်လာရာ အမှောင်မကွဲသေးသဖြင့် တောင်ကုန်းထိပ်တစ်ဝိုက်တွင် မီးရှူးမီးပန်းတွေ ဖောက်သလို သေနတ်ပြောင်းဝတွေ လင်းခနဲ၊ ဝင်းခနဲ တွေ့လိုက်ရပြီး စက္ကန့် အနည်းငယ်အတွင်းမှာပင် တောင်ကုန်းအမှတ် (၁) မှ B-၄၀ ရော့ကက်ဒုံးကျည်

www.nyisay.com



တွေ တရစပ် ပစ်လွှတ်လိုက်ရာ မီးခိုးတန်းတွေနှင့် ခဲ့ကျည်တွေ ကွေ့ဝိုက်၍ ထွက်သွားပြီးနောက် မောင်းပြန်သေနတ်သံတွေ ဆက်တိုက် ထွက်လာသည်။ သို့ပေမဲ့ ယခုအချိန်အထိ ကွန်မြူနစ်တွေ အားအထားဆုံး ၁၂၀ မီလီမီတာ မော်တာများကိုကား မပစ်သေး။ ကြည်မြင့်က စကားပြောစက်မှ တစ်ခုခုကို ကုန်းအော်ပြောနေရာ အကျိုးအကြောင်းကို ကျွန်ုပ်က ကျော်ညွှန့်ကို မေးကြည့်လိုက်သည်။

"လက်နက်ကြီးတပ်စိတ်က အခြေအနေ မရှင်းလင်းသေးလို့ သူတို့ မပစ်ချင်သေးဘူး ပြောနေလို့"

"ဒါပေမဲ့... သူတို့ကို ပစ်ဖို့ အမိန့်ပေးပြီးပြီ မဟုတ်လား"

ကျွန်ုပ်၏ ထပ်ဆင့်အမေးကို ကျော်ညွှန့်က ပခုံးတွန့်၍သာ အဖြေပေးသည်။ သူတို့စစ်တပ်မှာ ရာထူးရာခံ မရှိ။ အားလုံးရဲဘော်တွေချည်း ဖြစ်နေသဖြင့် ပေးလိုက်သည့် အချို့အမိန့်တွေကို ပြန်လည်ဆွေးနွေးနေသည်လားမသိ။ ကြည်မြင့်က နောက်တစ်ကြိမ် စကားပြောစက်မှတစ်ဆင့် ကုန်းအော်ပြီး ဆဲဆိုခါမှ နောက်ဆုံးတွင် တောင်ကုန်းအမှတ် (၁) မှ ၁၂၀ မီလီမီတာ မော်တာကြီးပစ်လွှတ်လိုက်သံကြီး မြည်ဟည်းထွက်လာပြီး တောင်ကုန်းအမှတ် (၄) ပေါ် တည့်တည့်ကျ၍ ပေါက်ကွဲသွားရာ ထိုမှ နောက်တစ်လုံး၊ နောက်တစ်လုံး ဆက်တိုက်လိုက်ပါလာသည်။

(၆) နာရီတွင် အရုဏ်ကျင်း၍ လင်းလာသဖြင့် တောင်ကုန်းအမှတ် (၄) ပေါ်တွင် ဖုန်လုံးကြီးတွေနှင့် မီးခိုးတွေ အုပ်ဆိုင်းနေသည်ကို တွေ့လိုက်ရသဖြင့် စခန်းတစ်ခုလုံး ဗုန်းဗုန်းကျသွားပေပြီ။ ထိုမှ (၁၅) မိနစ်ခန့်တွင်မူ အစိမ်းရောင် မီးကျည်မီးပန်းတစ်ခု တောင်ကုန်းထက်တွင် ဖျတ်ခနဲ ဝင်းလက်သွားပြီး အရုဏ်ပြူစ အလင်းပျိုပျ ကောင်းကင်တွင် တစ္ဆေသရဲတစ်ကောင်လို တွဲလောင်းခိုနေသလို ထင်ရသည်။

ကျွန်ုပ်က ကျော်ညွှန့်ကို 'ဘာလဲ' ဟူသော သဘောဖြင့် ကြည့်လိုက်သည်။

"လက်နက်ကြီးတပ်စိတ်ကို အပစ်ရပ်ဖို့ အချက်ပြလိုက်တာ၊ ခြေလျင်တပ်တွေ ဝင်တော့မယ်"

ကျော်ညွှန့်ပြောလို့မှ မဆုံးမီ အမှတ် (၄) တောင်ကုန်းပေါ်မှ စက်သေနတ်သံတွေ ရုတ်တရက် ဆူညံလာပြီး ပစ်ခတ်သံတွေ မြင့်တက်လာလိုက်၊ ကျသွားလိုက်နှင့် နောက်ဆုံး အကြီးအကျယ် ပေါက်ကွဲထွက်လာပြီး ရုတ်တရက် ရေဒီယိုအော်ပရေတာကလည်း နားကြပ်ဖုန်းကို တန်းလန်းနှင့် မေ့ကြည့်လိုက်ပြီး တရုတ်လို တစ်ခုခု အော်ပြောလိုက်သည်တွင် ကွပ်ကဲမှုစခန်းက လူတွေအားလုံး ပေးခနဲ ဝါးခနဲ အော်ဟစ်၍ လက်ခုပ်လက်ဝါးတီးကြလေရာ ကျော်ညွှန့်က ကျွန်ုပ်ကို တစ်ဆင့် ပြန်ပြောသည်။

"တောင်ကုန်းအမှတ် (၄) ကျသွားပြီ၊ အစိုးရတပ်ဖွဲ့တော်တော်များများ ကျသွားပြီး ကျန်တဲ့လူတွေက ဌာနချုပ် တောင်ကုန်းကို ထွက်ပြေးသွားကြပြီ"

www.nyisay.com



ယခု ဒုံးကျည်တွေနှင့် အဆက်မပြတ် ပစ်လွှတ်နေသော တောင်ကုန်းအမှတ် (၂) နှင့် (၃) တို့ကို အားလုံး အာရုံစိုက်နေကြသည်။ ငှားထားသော အဝေးကြည့်မှန်ပြောင်းနှင့် ကျွန်ုပ် လှမ်းကြည့်လိုက်ရာ အမြောက်ဆန်တွေ၊ ဒုံးကျည် (သို့) မော်တာတွေ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲနေသောနေရာမှ အူတက်နေသော မီးခိုးလုံးကြီးတွေကို မြင်နေရပြီး တစ်နာရီခန့် အဆက်မပြတ် ပုံးစာကြွေးပြီးနောက်တွင် နောက်ထပ် မက်ဆေ့(ဂျ်) တစ်ခုဝင်လာသည်။ သို့ပေမဲ့ ယခု မက်ဆေ့(ဂျ်)ကား မြန်မာရေဒီယိုလိုင်းက ရလိုက်သည့် မက်ဆေ့(ဂျ်)။

"သူတို့ စစ်ကူတောင်းနေတယ်၊ မုံယူနဲ့ နမ့်ဖတ်ကာက တပ်ဖွဲ့ (၂)ဖွဲ့ လာနေပြီ။ သူတို့ကို ကျွန်တော်တို့ ဖြတ်မပိတ်နိုင်ရင် မကြာခင် ရောက်လာလိမ့်မယ်"

(၈) နာရီထိုးခါနီးတွင် အရပ်သားအချို့ နံနက်စာကို ခြင်းတောင်းတွေနှင့် ထည့်လာပြီး ကွပ်ကဲရေးစခန်းသို့ လာပေးရာ နံနက်စာကား ငှက်ပျောဖက်တွေနှင့် ထုပ်ထားသော ထမင်းနှင့် ပဲပုပ်ချဉ်၊ သို့ပေမဲ့ အဝစားဖို့ မဟုတ်၊ အဆာပြေစားရုံသာ၊ နံနက်စာ စားနေခိုက် ခံစစ်သမားတွေ လုံးဝအငိုက်မိသည့်အချက်ကို ကျွန်ုပ် ပြန်စဉ်းစားနေမိသည်။ ဤမျှ သဲသဲမဲမဲ ပစ်ခတ်နေသည့်ကြား ကျားကုပ်ကျားခဲနှင့် ခုခံခဲ့သော သူတို့ ဇွဲနဲပဲကို ပြောစရာ မလို။ သို့ပေမဲ့ သူတို့အားနည်းချက်က ထောက်လှမ်းရေး ညံ့ဖျင်းမှု ဖြစ်သည်။ သူပုန် နယ်မြေအတွင်း နေထိုင်သော ဒေသခံ ပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်မှု ပြတ်တောက်နေခြင်း ဖြစ်သည်။ ဤနေရာ၌ အမျိုးသားရေးယုံကြည်ချက်အနေနှင့် ဆွဲဆောင်မှု မရှိသော ကွန်မြူနစ်တို့သည်ပင် အစိုးရစစ်တပ်လို မဟုတ်၊ ဒေသခံတို့နှင့် အနီးကပ် ဆက်ဆံရေး ရှိသေးသည်။

နောက်ထပ် မက်ဆေ့(ဂျ်) တစ်ခု ဝင်လာပြန်သည်။

"တောင်ကုန်းအမှတ် (၂) ကျသွားပြီ"

ကျွန်ုပ် လက်ပတ်နာရီကို ကြည့်လိုက်သည့်အခါ (၈) နာရီတိတိ။ ကွပ်ကဲမှုစခန်းထဲက နောက်ထပ် လက်ခုပ်လက်ဝါး သြဘာသံတွေ စီစီညံသွားပြန်သည်။ သို့ပေမဲ့ ရေဒီယို အော်ပရေတာထဲမှ နောက်ထပ် စကားသံ ကြားလိုက်ရချိန်တွင်မူ စောစောက အရယ်အမောတွေ ရုတ်ခြည်း ပျောက်ကွယ်သွားတော့သည်။

"မိတ္ထီလာ လေတပ်စခန်းက လေယာဉ်တွေ လာနေပြီ၊ ဖိုက်တာဗုံးကြဲလေယာဉ်တွေ"

ဘယ်လိုလုပ်မလဲဆိုသည့်သဘောနှင့် ကျော်ညွှန့်ကို ကျွန်ုပ်ကြည့်လိုက်သည်။ သို့ပေမဲ့ ကျော်ညွှန့်ထံမှ စကားပြန်မရ၊ သူက တစ်ခါ ကြည်မြင့်ကို ကြည့်လိုက်ပြန်ရာ အဖြေက တုံးတိတိ။

"သူတို့ ဗုံးကြဲရင် ခင်ဗျားတို့ ပြန်ဆုတ်ရလိမ့်မယ်၊ ကျွန်တော်တို့ စွန့်စားလို့

www.nyisay.com



မဖြစ်ဘူး၊ ဒါပေမဲ့ မပူပါနဲ့ ကျွန်တော်တို့တောင်ကုန်းတွေပေါ်မှာ လေယာဉ်ပစ် အမြောက် (၇) လက် ရှိတယ်''

ဗကပ ဘက်မှ စိန်ပြောင်းတွေ လက်နက်ကြီးတွေ ဆက်လက်ပစ်ခတ်နေဆဲ၊ အကွာအဝေးကို ချိန်ကိုက်ပြီးသည်နှင့် ၁၂၀ မီလီမီတာ မော်တာနှင့် ၇၅ မီလီမီတာ ရိုင်ဖယ်သေနတ်ကျည်တွေကို အစိုးရတပ်များ၏ မြေကတုတ်၊ ရင်ကတုတ်တွေဆီ ဒလဟော ပစ်သွင်းနေကြသည်။ တောင်ကုန်းပေါ်မှာ အသေအပျောက် အရေအတွက်ကား မဆန့်ရင်ကန် ရှိပေလိမ့်မည်။ ကွန်မြူနစ်တွေဘက်က လက်နက်ခဲယမ်း အင်အား အသာစီး ရနေရုံမက လူအင်အားကလည်း မော်စီတုန်း စစ်ရေးမူဝါဒနှင့်အညီ ထိုးစစ်ဆင်သူတွေ အကြိုက် ဆယ်ချိုးတစ်ချိုး။ သို့ပေမဲ့ အစိုးရတပ်တွေဘက်က လက်နက်ချမည့် အရိပ် အယောင်ပင် မတွေ့ရ။ ကွန်မြူနစ်တွေဘက်က စစ်ဆင်ရေးကို ကျွန်ုပ်ကိုယ်တိုင်လေ့လာ အကဲခတ်နေသည့်တိုင် အစိုးရတပ်တွေဘက်က အသေအလဲ ခုခံနေသောစိတ်ဓာတ်ကို အထင်မကြီးဘဲ မနေနိုင်။ ခေးဆန်ချန်းလန်တွင် မလူးသာမလွန့်သာ ကျွန်ုပ်တို့ အတိုက်ခံရ စဉ်ကလည်း အစိုးရစစ်တပ်၏ ဖွဲ့နဲ့ပဲနှင့် နည်းဗျူဟာမြောက် ကျွမ်းကျင်မှုတို့ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။ ယခု ပွဲဦးထွက် တိုက်ပွဲအတွင်း အသေအကြေ အကျအဆုံး များနေသည့်တိုင် ခံစစ်ပုံစံကား မပြောင်းလဲ၊ လက်နက်မချ၊ ရင်ကတုတ် မြေကတုတ် တွေနှင့် ကျားကုပ်ကျားခဲ ခုခံနေဆဲ။

(၁၀) နာရီ (၃၅) မိနစ်တွင် တောင်ကုန်းအမှတ် (၃)၊ ဗကပ လက်ထဲ ကျသွားပြီးနောက် စီစီဝမ် တောင်ကြောနောက်မှ ဌာနချုပ်တောင်ကုန်း တစ်ကုန်းသာ ကျန်နေချိန်တွင် ကျော်ညွန့်က ကျွန်ုပ်ကို ကြည့်လိုက်ရင်း ပြောသည်။

''သူတို့ ကျနေတဲ့ရဲဘော်တွေ လူပြန်စုနေတယ်။ ဒဏ်ရာရတဲ့ ရဲဘော်တွေနဲ့ အလောင်းတွေကို တက်ဆွဲနေတယ်လို့ ကျွန်တော်တို့တပ်ဖွဲ့က သတင်းပို့နေတယ်''

ပြောပြီးသည်နှင့် တစ်ချိန်တည်းလိုလိုတွင် စီစီဝမ်၏ ဟိုဘက်အဖျားတစ်နေရာက သေနတ်သံတွေ ထွက်လာရာ ကျော်ညွန့် မျက်ကလူးဆန်ပြဲ ဖြစ်သွားပုံရသည်။

''မုံးယူက တပ်ကူတွေပဲ''

မနက်အစောပိုင်းက မော်တာလက်နက်ကြီးတွေနှင့် ပစ်ခတ်မှု ကြန့်ကြာခဲ့သည်မှာ ဗကပ တပ်စု၊ တပ်ဖွဲ့တွေ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု ပြတ်တောက်နေသလို ယခုလည်း မုံးယူနှင့် နမ့်ဖတ်ကာမှ တပ်ကူတွေကို ပိတ်ဆို့ဖို့ ဖြန့်ကျက်ထားသော ဗကပ စစ်ကြောင်းတွေနှင့် ကွပ်ကဲမှုစခန်းတို့ အချိတ်အဆက် မရှိသဖြင့် စီစီဝမ်အနောက်နှင့် မြောက်ဘက်သို့ တပ်ကူအချို့ ရောက်လာသည်မှာ သေချာသည်။

ယခု ဌာနချုပ်ရှိရာ တောင်ကုန်းသို့ အမြောက်လက်နက်ကြီးတွေနှင့် မီးကုန်ယမ်းကုန် ထုကြရာ ၁၂၀ မီလီမီတာ မော်တာ ပစ်မှတ်ပေါ် တစ်လုံးပြီးတစ်လုံး ထိမှန်ပေါက်

www.nyisay.com






တိုက်ပွဲမြေပုံ (A)

www.nyisay.com






တိုက်ပွဲဖြေပုံ (B) စီစဉ်ပုံတိုက်ပွဲ

www.nyisay.com



ကွဲ၍ စခန်းတစ်ခုလုံး တစ်စစီ ပြိုလဲသွားပါသော်လည်း ခံစစ်သမားများက နောက်မဆုတ်၊ စခန်းတစ်ခုလုံး အလောင်းတွေနှင့် ဒဏ်ရာရသူတွေ ထပ်နေသလို ခံချနေနိုင်သူတွေ ကလည်း နောက်မဆုတ်၊ အဘယ်ကြောင့် ယခုလို တင်းခံနေကြသည်ကို ကျော်ညွှန့်ကို ကျွန်ုပ် မေးကြည့်သည်။

"သူတို့ ကွပ်ကဲမှုစခန်းက လက်နက်မချဖို့ ရေဒီယိုနဲ့ အမိန့်ပေးထားတယ်၊ ခြေလျင်တပ်၊ အမြောက်တပ်နဲ့ တိုက်လေယာဉ်တွေနဲ့ သူတို့ လာကူမယ် ပြောတယ်"

တောင်ကြောတစ်ခုလုံး မော်တာပေါက်ကွဲသံကြီးတွေ သေနတ်သံတွေနှင့် ပဲ့တင်ရိုက်ခတ်နေပြီး သေကြေဒဏ်ရာရသူတွေကို ထမ်းစင်သမားတွေ မချိမဆံ့ လိုက်ကောက်နေရသည်။ ကြည်မြင့်က သူ့စိုးရိမ်သောကကို အပြုံးအရယ်တွေနဲ့ ဖုံးကွယ်ဖို့ ကြိုးစားနေပါသော်လည်း စောစောကလို တောင်ကုန်းတစ်ကုန်းကို သိမ်းပြီးတိုင်း တွေ့ခဲ့ရသော တက်ကြွမှုမျိုး မရှိတော့။ သူ့ဘက်က နောက်ဆုံးရလဒ်အတွက် လုံးဝ မသေချာကြောင်း ကျွန်ုပ် သံသယရှိလာရာ သူက ကျွန်ုပ်ဘက်လှည့်လိုက်ရင်း-

"ခင်ဗျား ပြန်ဖို့ကောင်းပြီ၊ လေကြောင်းက တိုက်လာရင် အန္တရာယ်များတယ်"

ကျွန်ုပ်ဘက်က ပြန်ပြောစရာ အကြောင်းမရှိ၊ ပွဲဦးထွက်တိုက်ပွဲ တော်တော်များများ ပြီးဆုံးသွားပြီ ဖြစ်သလို ဓာတ်ပုံနှင့် အသံဖမ်းတိပ်တွေလည်း လုံလောက်သွားပြီဖြစ်၍ ကျွန်ုပ်နှင့် ကျော်ညွှန့်တို့ မနေညက အိပ်ခဲ့သော စခန်းဆီ တောင်ကုန်းပေါ်မှ လမ်းလျှောက်ဆင်းလာခဲ့ကြသည်။ သို့ရာတွင် စခန်းမှာ စစ်သားတွေ၊ အရာရှိတွေနှင့် ပြည့်ကျပ်နေပြီး ဆေးတပ်သားတွေက ဒဏ်ရာရသူတွေကို ဆေးကုပေးနေကြရာ ဗကပ တပ်ဖွဲ့ဝင် အားလုံးလိုလိုကား အသားမည်းမည်း ဝ,လူမျိုးတွေဖြစ်ပြီး အများစုမှာမူ ဆယ်ကျော်သက်လူငယ်တွေ၊ အချို့ဆိုလျှင် အရွယ်ပင် မရောက်တတ်သေး။ ကျွန်ုပ်ကို မြင်တော့ ကျောင်းသားလေးတွေလို တခစ်ခစ်ရယ်နေကြရာ တိုက်ပွဲ၏ရလဒ်နှင့် သူတို့ မပတ်သက်။ လောလော ဆယ် သူတို့ စိတ်ဝင်စားနေသည်မှာ တောဆောင်းဦးထုပ်နှင့် ကင်မရာလွယ်ထားသော၊ အရပ်ရှည်ရှည် အသားဖြူဖြူနှင့် နိုင်ငံခြားသားတစ်ယောက်က သူတို့အတွက် အသစ်အဆန်း ဖြစ်နေသည်။

သစ်ပင်အုပ်တစ်အုပ်အနီး မြေကြီးပေါ်တွင် ချထားသော အလောင်းတချို့ကို ကျွန်ုပ် လှမ်းကြည့်လိုက်၏။ အချို့အလောင်းတွေဆိုလျှင် အသက် (၁၇) (၁၈) ပင် မပြည့်သေး၊ ခပ်ညင်းညင်း တိုက်ခတ်လိုက်သော လေပြည်က သူတို့ ဝတ်ထားသော တရုတ်စစ်တပ်က အစိမ်းရောင် ပွရောင်းရောင်း ဘောင်းဘီတွေကို လှုပ်ရှားသွားရုံမှလွဲ၍ မလှုပ်မယှက် မြေပေါ်မှာ လဲလျောင်းလျက်၊ အလောင်းအများစုမှာ နဖူးကို ကျည်တည့်တည့်ထိထားသဖြင့် ထိုနေရာတွင် ဟောက်ပက်ပွင့်၍ နီရဲနေရာ မြန်မာခြေလျင်တပ်မှ လက်ဖြောင့်တပ်သားတစ်ဦးကား နောက်တစ်ကြိမ် ပေါ်လာပြန်လေပြီ။

www.nyisay.com



ဘဝတွင် ကျွန်ုပ်ရရှိခဲ့သော အခွင့်အရေးများနှင့် ကျွန်ုပ်၏ လူငယ်ဘဝမျိုးကို တောင်တန်းဒေသက သူတို့လေးတွေ အငြင်းပယ်ခံနေရသည်ကို တွေးရင်း စိတ်မကောင်း ဖြစ်ရသည်။ သူတို့လေးတွေ ကျောင်းကော နေဖူးကြရဲ့လား။ သို့တည်းမဟုတ် သူတို့ အသက်ပေးသွားသော ကွန်မြူနစ်အယူဝါဒအကြောင်းကို တစ်စွန်းတစ်စ သိခဲ့ကြပါသလား။ ကျော်ညွန့်က ကျွန်ုပ်အတွေးတွေကို ဖတ်မိလိုက်ဟန်တူသည်။

''စစ်က ရက်စက်ကြမ်းကြုတ်ပါတယ်လေ''

မုံးပေါ်သို့ ကျွန်ုပ်တို့ တိတ်ဆိတ်စွာ ဆင်းလျှောက်လာခဲ့ကြသည်။

မကြာခင် လေကြောင်းမှ တိုက်ခိုက်တော့မည့် သတင်းကြားသဖြင့် ချူတွေထဲဝင်ပုန်းနေကြပြီး ဈေးထဲက ခေါက်ဆွဲသည်တချို့သာ သတ္တိကောင်းကောင်းနှင့် ဆိုင်ဖွင့်ရောင်းချနေကြရာ ဆိုင်တစ်ဆိုင်တွင် ကျွန်ုပ်တို့ ထိုင်လိုက်ပြီး ခေါက်ဆွဲ (၂) ပွဲနှင့် ဆန်အရက်ပုလင်းတစ်လုံး မှာလိုက်သည်။ ကျွန်ုပ်တို့ နှစ်ယောက်လုံး များများသောက်ထားဖို့ လိုသည်။

''လူတွေ အားလုံးက ခင်ဗျားကို ကြည့်နေကြတယ်၊ ခင်ဗျားက ဂျာနယ်လစ်တစ်ယောက်လို့ သူတို့ကို ကျွန်တော်ပြောတာ မယုံကြဘူး''

''ဒါဆို သူတို့က ကျုပ်ကို ဘယ်လိုထင်လို့လဲ''

''သူတို့က ခင်ဗျားကို ဆိုဗီယက် အကြဲပေးအရာရှိတစ်ယောက်လို့ ထင်ကြတယ်၊ ဗကပ နဲ့ တရုတ် ဆက်ဆံရေး အဆင်မပြေတာ သူတို့သိတယ်။ ဒါကြောင့် ခင်ဗျားဟာ ဒီစစ်ပွဲကို ညွှန်ကြားဖို့ လာအိုက တစ်ဆင့်ရောက်လာတဲ့ ဆိုဗီယက်အကြဲပေးအရာရှိ ဆိုပြီး လောင်းကြမှာပဲ''

ကျွန်ုပ်တို့ နှစ်ယောက်လုံး ရယ်မိကြသည်။ ကျွန်ုပ်တို့ စားသောက်နေစဉ် တစ်ချိန်လုံး စီစီဝမ်တောင်ကြောမှ လက်နက်ကြီး ပေါက်ကွဲသံတွေ ဟိန်းထွက်နေပြီး ဌာနချုပ်ကို နောက်ဆုံးသိမ်းလိုက်ပြီ ဟူသော သတင်းကြားသိရသော ညနေစောင်းခါမှ အမြောက်သံ စိန်ပြောင်းသံတွေ စဲသွားသည်။

''ကဲ... တိုက်ပွဲပြီးသွားပြီ''

ကျော်ညွန့်က ပြောရင်း မစ်ရှစ်ဟောင်းဝင်းအတွင်းထဲက စခန်းရှိရာသို့ ဖုန်သောသောနှင့် ရွာလမ်းလေးအတိုင်း ဖြည်းဖြည်းအေးအေး လျှောက်သွားသည်။ သို့ပေမဲ့ ကျွန်ုပ်အဖို့ ဤသတင်းကြားရသည်မှာ ဇဝေဇဝါ၊ အစိုးရတပ်ကူတွေ လာနေသည်မှာ သံသယရှိစရာ မလို။ လေယာဉ်ပျံတွေ ပေါ်မလာသည့်တိုင် တက်လာပြီဆိုသော သတင်းကိုမူ အကြောင်းမရှိဘဲ ပို့လိမ့်မည် မဟုတ်။

လမ်းတွင် ဈေးဆိုင်တစ်ဆိုင်မှ တရုတ်ဝီစကီတစ်လုံး ဝင်ဝယ်လာခဲ့ပြီး ထိုညက အဝေးဆီက ပြတ်တောင်း၊ ပြတ်တောင်း သေနတ်သံတွေကို နောက်ခံထားရင်း

www.nyisay.com



ဝီစကီတစ်ပုလင်းကို ခွက်လှည့်လိုက်ကြသည်။ ကျွန်ုပ်တို့နှစ်ယောက်လုံး အလွန်ပင်ပန်းနေပြီဖြစ်၍ ဘယ်သူတွေ ပစ်နေတာလဲ၊ ဘယ်ကပစ်နေတာလဲဆိုသည်တို့ကိုပင် မစဉ်းစားနိုင်တော့။

နောက်တစ်နေ့မနက်တွင် ရှေ့တန်းမှပြန်လာသော ကြည်မြင့်နှင့် အုန်းကြည် အပါအဝင် အခြားအရာရှိအချို့နှင့်အတူ ကျွန်ုပ်တို့ အဆာပြေနံနက်စာ စားကြရာ အုန်းကြည်က ထမင်းတစ်ဇွန်း ပါးစပ်ထဲ ကလော်ထည့်ရင်း တိုက်ပွဲသတင်းကို ကြေညာလိုက်သည်။

''ရန်သူ (၄၃) ယောက် လွတ်မြောက်သွားတယ်၊ (၇) ယောက် အပြင်းအထန် ဒဏ်ရာရသွားတယ်၊ ဖောက်ပြန်ရေးသမား ကြေးစား စစ်သား (၅၀) ကျော်ကို ကျုပ်တို့ သုတ်သင်ပစ်လိုက်တယ်''

''ခင်ဗျားတို့ ရဲဘော်တွေ အကျအဆုံး စာရင်းကရော''

ကျွန်ုပ်မေးလိုက်သည့်အခါ သူတို့တစ်ယောက်ကိုတစ်ယောက် ကတိုက်ကရိုက် ကြည့်လိုက်ကြသည်။

''ကျုပ်တို့ ရဲဘော် (၁၂) ယောက်နောက်ဆုံးအထိ အသက်စွန့်သွားကြတယ်''

သူတို့အပြော ဟုတ်၊ မဟုတ် ပြန်လည် စစ်ဆေးဖို့ ကျွန်ုပ်အနေနှင့် နည်းလမ်းမရှိသော်လည်း နှစ်ဖက်လုံး အကျအဆုံးများသည်ကိုမူ အသေအချာ ပြောနိုင်သည်။ သို့ဖြင့် မုံးယူ၊ နမ့်ဖတ်ကာနှင့် ကွတ်ခိုင်မှ တပ်ကူများနှင့် ပတ်သက်၍ မေးကြည့်ရာ နောက်တစ်ခါ သူတို့ အချင်းချင်း ကြည့်ကြပြန်သည်။

''ရန်သူတပ်ရင်း (၂) ရင်းက ဌာနချုပ် တောင်ကုန်းနားအထိ ရောက်လာတယ်။ ကျန်တဲ့တပ်တွေက လာနေတုန်းပဲ''

''လေယာဉ်တွေကရော''

''ဟုတ်တယ်၊ မနေ့က ပေါ်မလာဘူး၊ ဒီနေ့ ဒါမှမဟုတ် မနက်ဖြန် လာချင်လာလိမ့်မယ်။ ရန်သူတွေဘက်က တန်ပြန်ထိုးစစ်ဆင်လိမ့်မယ်''

စားသောက်ပြီးသည်နှင့် စခန်းအောက်ဘက် တောင်ကုန်းနံရံဘေးတွင် ကြိုတင်ပြင်ဆင်ထားသော လေကြောင်းတိုက်ခိုက်မှုမှ ကာကွယ်နိုင်မည့် နေရာတစ်နေရာကို ကျွန်ုပ်ကို လိုက်ပြသည်။ ရွံ့စေးမြေမှ ထွင်းယူထားသော ဂူကြီးတစ်ခု ဆိုသော်လည်း ခိုင်မာပုံရသည်။ လိုဏ်ဂူထဲတွင် ကျွန်ုပ်၏ မှတ်စုစာအုပ်နှင့် ဖလင်လိပ်တို့ကို ထားခဲ့ပြီး စီစီဝမ်တောင်ပေါ်က သိမ်းလိုက်သောနေရာတွေဆီ သွားရောက်လေ့လာနိုင်မလားဟု ကြည်မြင့်ကို မေးကြည့်ရာ သဘောတူကြောင်း ပြောသည်။

''ဒါပေမဲ့ တောင်ကုန်းအမှတ် (၂) အထိပဲ ရမယ်၊ ကျော်သွားရင်တော့ ခင်ဗျား လုံခြုံရေးကို ကျွန်တော်တို့ အာမမခံနိုင်ဘူး၊ ရန်သူ့တပ်တွေနဲ့ ကပ်နေပြီ''

www.nyisay.com



ဆိုင်နောင့်၏ ကင်မရာကို ကျောပိုးအိတ်ထဲ ထည့်ယူလာပြီး ကျော်ညွှန့်အပါအဝင် ဝ,စစ်သား (၃) ယောက်နှင့်အတူ စီစီဝမ်သို့ ကျွန်ုပ် ထွက်လာခဲ့သည်။ မုံးပေါ်နှင့် ပန်ဆန်းကြား တရုတ် ထရပ်ကားဟောင်းကြီးတစ်စီးက ယခုအထိ လွန်းပျံပြေးဆွဲနေသဖြင့် ခေါင်းခန်းက ကျွန်ုပ်နှင့် ကျော်ညွှန့်တို့ တက်လိုက်လာခဲ့ကြသည်။ ကားနောက်တွင်မူ ရွာသားတွေ ပြည့်ကျပ်နေပြီး ပြီးခဲ့သည့်နေ့က သူတို့ကြားခဲ့ရသော တိုက်ပွဲအကြောင်းတွေကို ခြေဟန်လက်ဟန်နှင့်လုပ်ပြရင်း ပါးစပ်ကလည်း ဒုံးကျည်သံတွေကို တုပလုပ်ရင်း တစ်ယောက်နှင့်တစ်ယောက် စစ်တိုက်ပြနေကြသည်။ မုံးပေါ်မှ ကီလိုမီတာ အနည်းငယ် ထွက်လာရာ လမ်းပေါ်တွင် ဒဏ်ရာတွေနှင့် လူတစ်ယောက်ကို ဗကပ စစ်သားတွေ ရံလျက် လျှောက်လာသည်ကို တွေ့လိုက်ရသည်။ ထိုသူ့ကို ကြည့်ရသည်မှာ မာမီရုပ်တစ်ရုပ်လို ခေါင်းနှင့် ညာဘက်လက်မှာ ပတ်တီးတွေနှင့် တုတ်တစ်ချောင်းကို အားပြုရင်း ဒယီးဒယိုင်နှင့် လျှောက်နေသည်။

"ဒဏ်ရာရလာတဲ့ အစိုးရစစ်သားတစ်ယောက်ပါလား"

ကျော်ညွှန့်က အံ့အားသင့်ဟန်နှင့် ပြောသည်။

ဌာနချုပ် တောင်ကုန်းမှ ဆုတ်ခွာသွားသော အစိုးရတပ်ဖွဲ့များ နောက်တွင် စစ်သားတစ်ယောက် ကျန်နေခဲ့ကြောင်း ပြောသံကြားခဲ့ရာ ဗကပ တပ်ဖွဲ့ဝင်တို့က သူ့ကို စခန်းမှ ရှေ့တန်းဆေးရုံသို့ ခေါ်လာပြီး အနာဒဏ်ရာတွေကို ပတ်တီးစည်းပေးခဲ့ကြသည်။ စစ်နှင့် ပတ်သက်သော ကွန်မြူနစ်တို့၏ အတွေးအခေါ် (သို့) မော်စီတုန်း ဝါဒီတို့၏ အခြေခံအယူအဆမှာ စစ်သုံ့ပန်းတွေကို လုံးဝ မသတ်ရ။ ဒဏ်ရာရလာသော ရန်သူကို မိမိရဲဘော်ကဲ့သို့ ပြုစုရမည်ဆိုသည်။ စစ်သုံ့ပန်းများအနေဖြင့် အုန်းကြည်ကဲ့သို့သော အာပေါင်အာရင်းသန်သည့် တစ်ယူသန် အိုင်ဒီယိုလော်ဂျီ ဆရာကြီးများ၏ နိုင်ငံရေးဩဝါဒကို အကြောင်းမဲ့သက်သက် ခံယူရမည့်ဒုက္ခသာ ရှိပေလိမ့်မည်။

ဒဏ်ရာရစစ်သားကို ကျွန်ုပ် အင်တာဗျူး၍ ရနိုင်မလား မေးရာ ကျော်ညွှန့်က အဖြေမပေး။

"မကြာခင် သူ့ကို ပြန်ပို့လိမ့်မယ်။ သူ့ကို ခင်ဗျား ဓာတ်ပုံရိုက်ချင်ရင် ကျွန်တော် သူ့ကို စကားသွားပြောမယ်၊ ခင်ဗျားက ကားပေါ်က ဓာတ်ပုံရိုက်လိုက်ပေါ့"

မှတ်စုစာအုပ်တစ်အုပ် လက်ကကိုင်ရင်း ကျော်ညွှန့် ကားပေါ်က ဆင်းသွားပြီး ဒဏ်ရာရစစ်သားကို စစ်ဆေးချင်ယောင် ဆောင်နေသည်။

"မင်းနာမည် ဘယ်သူလဲ"

"တပ်ကြပ် စန်းအောင်"

"ကိုယ်ပိုင်နံပါတ်"

"၂၈၉၃၄၆"

www.nyisay.com



ဒဏ်ရာရ စစ်သားက သူ့ကို မေးနေသူကို မကြည့်ဘဲ ကျွန်ုပ် ကင်မရာဘက်ကိုသာ မျက်စိရောက်နေပြီး သူကြည့်ရသည်မှာ တစ္ဆေတစ်ကောင်ကို တွေ့နေရသလို၊ သူ့ကို လွတ်လိုက်သည့်အခါ ဘာတွေ သတင်းပို့မည်။ ဘယ်အချိန် ပြန်လွတ်မည်ကိုကား ဘယ်သူမှ တိတိကျကျ မပြောနိုင်။ သို့ပေမဲ့ သူ့ကို အင်တာဗျူးခွင့် မရသဖြင့် ကျွန်ုပ် စိတ်ပျက်ခဲ့ရသလို အနည်းဆုံးတော့ သူတို့တပ်ဖွဲ့၏ သတ္တိဗျတ္တိတို့ကို လေးစားကြောင်း ကျွန်ုပ်အနေနှင့် ဒဏ်ရာရ စစ်သားကို ပြောလိုက်ချင်သေးသည်။

စီစီဝမ်တောင်ခြေရောက်သည်နှင့် ကားပေါ်က ဆင်းပြီး တောင်ပေါ် ဆက်လျှောက်လာရာ စခန်းမှာ ဖမ်းဆီး လက်နက်တွေပုံနေသည်။ ဗမာစစ်တပ်သုံး G2-G3 ရိုင်ဖယ်တွေ၊ ၇၅ မီလီမီတာ မောင်းပြန်ရိုင်ဖယ်ကြီးတွေ၊ အမေရိကန်လုပ် (၉၀) မီလီမီတာ ရော့ကက် လောင်ချာတစ်လက် မော်တာ အမြောက်ဆန်တွေ၊ လက်ပစ်ဗုံးတွေ၊ Claymore မိုင်းတွေနှင့် ရိုင်ဖယ်ကျည်ကပ်တွေ ပုံထားရာ လက်နက်ခဲယမ်းပုံကြီးကို ဓာတ်ပုံနှစ်ပုံသုံးပုံ စရိုက်ပြီး တောင်ကုန်းအမှတ် (၁) သို့ ဆက်တက်လာခဲ့သည်။ တောင်ကုန်း (၁) ၏ နံနက်နေရောင်အောက်တွင် ဗကပ စစ်သားလေးတွေ နေပူစာ လှုံနေကြသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး ဆိတ်ဆိတ်ငြိမ်နေပါသော်လည်း အနေအထားကား တင်းမာဆဲ၊ ဒေါသမုန်တိုင်း ငြိမ်သက်ခြင်း။ နောက်ထပ်တပ်ဖွဲ့ဝင်တွေ ကျွန်ုပ်တို့ဆီ ထပ်ရောက်လာပြီး ဆင်စားမြက်ရှည်ကြီးတွေကြားက ဗကပ စစ်သားတွေ ရှင်းလင်းထားသော ကွေ့ကွေ့ကောက်ကောက် လမ်းမြောင်လေးအတိုင်း လိုက်လာခဲ့ရာ တောင်နံဘေး ဆင်ခြေလျှောတစ်ခုလုံး မြေမြှုပ်မိုင်းတွေ အပြည့်မြှုပ်ထားသဖြင့် သူတို့ ဖောက်ထားသော လမ်းသစ်အတိုင်း ဖဝါးခြေထပ်မကွာ လိုက်ခဲ့ဖို့ ကျွန်ုပ်ကို သတိပေးသည်။ နေပူကျဲကျဲ အချိန်တွင် တစ်နာရီနီးပါးမျှ အားသွန်ခွန်စိုက် လျှောက်လာပြီးနောက် တောင်ကုန်းအမှတ် (၂) သို့ ရောက်လာကြသည်။

အစိုးရတပ်စခန်းနေရာကား ကျွန်ုပ် တွေ့ဖူးသော အကောင်းဆုံး ခံတပ်တွေထဲက တစ်ခုဖြစ်ပြီး သစ်လုံးတွေ၊ မြေသားတွေနှင့် ဘန်ကာကွန်ယက်တစ်ခု တည်ဆောက်ထားသည်။ တစ်နေရာမှ တစ်နေရာကို ဥမင်လိုဏ်ခေါင်းတွေနှင့် ဆက်သွယ်ထားပြီး သံဆူးကြိုး အခွေအလိပ်တွေ ကာထားသည်။ ကတုတ်တူးမြောင်းတို့ကိုမူ ဝါးခွန်တွေနှင့် တောင်ကုန်းထိပ် တစ်ပြင်လုံးကို ဝိုင်းပတ်စိုက်ထားသည်။ ဘန်ကာထဲက ဝါးကြမ်းအိပ်ရာပေါ်တွင် သွေးစွန်းနေသော စောင်တွေပြန့်ကျဲလျက်၊ အပြင်ဘက်တွင်မူ ဝါးနှင့်လုပ်ထားသော ဗုဒ္ဓဘုရားကျောင်းဆောင်တစ်ခု၊ အမွေးတိုင်နှင့် ပန်းတွေ ဆက်ပဝါထားရာ ပန်းတွေက ယခုအထိ 'လန်း'နေဆဲ။ ထိုအချိန်တွင် အော်တိုမစ်တစ် ရိုင်ဖယ်တွေကိုင်ထားသော ဝ၊ စစ်သားလေးတွေက ဖြန့်၍ နေရာယူလိုက်ကြသည်။ ပတ်ဝန်းကျင်တွင် လှုပ်လှုပ်ရှားရှား အရိပ်လက္ခဏာ မတွေ့ရသော်လည်း အစိုးရစစ်သားတွေ မြောက်ဘက် တောင်ခြေသို့

www.nyisay.com



တက်လာနေသဖြင့် ဓာတ်ပုံရိုက်စရာရှိတာတွေကို မြန်မြန်ရိုက်ဖို့ ကျွန်ုပ်ကို ကျော်ညွှန်ကတိုက်တွန်းသည်။

မွန်းလွဲပိုင်းတွင် တောင်ကုန်းပေါ်မှ ပြန်ဆင်းလာကြပြီး မုံးပေါ်အနီးစခန်းသို့ ပြန်လျှောက်လာကြရာ ကျွန်ုပ်တို့ရောက်လာချိန်တွင် ကြည်မြင့်က ဖမ်းဆီးရသော စာရွက်စာတမ်းတွေကို လေ့လာနေသည်။ ထိုအခိုက် စားပွဲပေါ်မှ မြေပုံ စာရွက်တစ်ရွက်ဆီ ကျွန်ုပ်က အကြည့်ရောက်သွားသည်။ စီစီဝမ် မြေပုံ၊ မြန်မာစစ်တပ် တပ်စွဲထားသော နေရာများ ပြီးတော့ မထိတ်သာ မလန့်သာ၊ မြားတွေက နမ့်တောင်း(ဝ်)၊ မုံးပေါ်နှင့် ပန်ဆိုင်းသို့ ညွှန်ပြနေသည်ကော သို့ဆိုလျှင်။

"အဲဒီဧရိယာတစ်ခုလုံးကို သူတို့ သိမ်းဖို့ စီစဉ်ထားတာ မဟုတ်လား"

ကျွန်ုပ်၏ အမေးအမြန်းကို ယဉ်ယဉ်ကျေးကျေး ပယ်ချခံလိုက်ရသော်လည်း ချက်ချင်း သဘောပေါက်သွားသည်မှာ စီစီဝမ်ကို စတင်တိုက်ခိုက်ချိန်သည် အကြောင်းမဲ့သက်သက် မဟုတ်။ တစ်နည်းအားဖြင့် ဘယ်သူစတိုက်မလဲ ဆိုသည့် မေးခွန်းဖြစ်သည်။ သိရာတွင် အစိုးရဘက်က မူလအစီအစဉ်ကို ဘာကြောင့် စွန့်ပစ်ခဲ့ရတာလဲ။ ဒါမှမဟုတ် အစိုးရတပ်ဘက်က ယခုမှ အပြီးအပြတ် သိမ်းဖို့ စိတ်ဒုန်းဒုန်း ချလိုက်တာလား။ မည်သို့ဆိုစေ စစ်ပွဲ၏ နောက်ဆုံးရလဒ်အတွက် တရုတ်၏ နေရာက အရေးပါနေသည်။ စီစီဝမ်သို့ ထရပ်ကားကြီးတွေနှင့် ကဲ့သယ်နေသော လက်နက်ခဲယမ်းတွေ အားလုံးလိုလို အသစ်ကျပ်ချွတ်တွေဖြစ်သဖြင့် တရုတ်လက်နက်တွေ ဖြစ်ကြောင်း သံသယရှိစရာမလို၊ ပန်ဆိုင်းနှင့် တရုတ် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းကို ဗကပက ထိန်းချုပ်ဖို့ ကြိုးစားရာတွင် တရုတ်ကလည်း သူ့အကျိုးအမြတ်နှင့် ပတ်သက်နေသဖြင့် ဗကပကို တရုတ်က ထောက်ပံ့နေသည်ဟု ယူဆရသည်။

စားပွဲပေါ်တွင် ဘန်ကာထဲက ရခဲ့သော စာတွေ တစ်ထပ်ကြီးလည်း တင်ထားသည်။ သူတို့ ဆွေမျိုးညာတကာတွေ မိတ်ဆွေတွေက စစ်သားတွေဆီ ရေးလိုက်သော စာတွေ၊ တောင်ကုန်းပေါ်တွင် နေရာယူထားသော သူတို့တွေ တပ်ဖွဲ့က မကြာခင် နောက်တစ်ဖွဲ့နှင့် တာဝန်လွှဲပြောင်းတော့မည်ကို ဗကပ တပ်မှူးတို့က သိထားရာ ဘယ်အချိန်တိုက်မည်ကို စဉ်းစားရာတွင် မကြာမီ အိမ်ပြန်ရတော့မည့် တပ်ဖွဲ့အနေနှင့် အသစ်ရောက်လာမည့် တပ်ဖွဲ့လောက် သတိဝီရိယ ကြီးကြီးထားကြတော့မည် မဟုတ်ဟူသော အချက်ကို ကွန်မြူနစ်တို့က တွက်ချက်၍ တိုက်ခဲ့ခြင်း ဖြစ်သည်။

စာအချို့ကို ဘာသာပြန်ဖို့ ကျွန်ုပ်က ကျော်ညွှန့်ကို ပြောရာ ကြားလိုက်ရသည့် စာများကား ကြေကွဲဝမ်းနည်းစရာ ကောင်းလှသည်။ ကလောက ချစ်သူကောင်မလေးက လူငယ်ရဲဘော်လေးတစ်ယောက်ဆီ ပေးပို့လိုက်သောစာတွင် ယခုလို ရေးထားသည်။

www.nyisay.com





**ကိုးကန့်တောင်တန်း နံနက်ခင်းအလှ။**

''ဒီတစ်ခေါက် ရှင်ပြန်လာရင် ကျွန်မတို့ လက်ထပ်ကြမယ်၊ ကျွန်မမိဘတွေက ကျွန်မတို့ လက်ထပ်ပွဲအတွက် ပြင်ဆင်နေကြပြီ''

သူမချစ်သူ စစ်သည်မောင်ကား မသေမပျောက် ကျန်ခဲ့လေသလား၊ မကျန်ခဲ့လေသလား အတတ်မပြောနိုင်။ သို့ပေမဲ့ စာလွှာလေးကမူ ကျန်ရစ်ခဲ့လေရာ သူမ ချစ်သူ စစ်သည်မောင်သည်လည်း ကျဆုံးခဲ့သူတွေထဲ ပါသွားပြီဟုပင် ထင်စရာ ရှိပါ၏။

အဝေးတစ်မြေ နယ်ခြားတစ်နေရာမှ ကျစ်တီးမြေတောင်ကြီးတစ်လုံးကို ကာကွယ်ရင်း ၁၂၀ မီလီမီတာ မော်တာဆန်၊ အမြောက်ဆန်တွေက စစ်သည်မောင်ကို နားလည်သဘောပေါက်ပါကြောင်း သူမ၏ တုံ့ပြန်မှုကို တစ်စစီ ဖောက်ခွဲ ဖျက်ဆီးပစ်လိုက်သည်။ မည်သို့ရှိစေ ထိုစစ်သည် လူငယ်ကား သူ့တိုင်းပြည် သူ့လူမျိုးကို ကာကွယ်ရင်း အသက်ပေးသွားသော သူရဲကောင်း ဖြစ်ရပေလိမ့်မည်။ သို့ပေမဲ့ ကျဆုံးသွားသော ထိုစစ်သည်မောင်ကား အမြဲတစေ သတင်းဟူသမျှ အမှောင်ချထားသော စစ်အစိုးရတစ်ပါတီ အုပ်ချုပ်မှုအောက်တွင် အမည်မဲ့၊ ကိုယ်ပိုင်နံပါတ်မဲ့နှင့် မထင်မရှားသေဆုံးသွားသူတစ်ယောက်သာ ဖြစ်ပေလိမ့်မည်။

နောက်နေ့ မနက် (၅) နာရီ၊ လက်နက်ကြီး ပေါက်ကွဲသံတွေနှင့် ကျွန်ုပ် အိပ်ရာထလာသည်။ ဗမာ့တပ်မတော်ဘက်မှ တန်ပြန် ထိုးစစ်ကြီး စလေပြီ။ ယနေ့တော့ မိတ္ထီလာလေတပ်စခန်းမှ ဗုံးကြဲတိုက်လေယာဉ် (၄) စီး အဟုတ်လာနေသည်။ ကြည်မြင့်က

www.nyisay.com

**စီစီဝမ်ကို တိုက်ဖို့ ပြင်နေသော ဗကပတပ်တွေ။**

စကားပြောစက်တစ်လုံးနှင့် တပ်တွေကို ညွှန်ကြားနေပြီး ဂျစ်ကားတစ်စီး လွှတ်၍ ကျွန်ုပ်နှင့် ကျော်ညွှန့်ကို ခေါ်ခိုင်းလိုက်သည်။

''ဒီနေ့ပဲ မုံးကိုးကို ခင်ဗျား ပြန်လိုက်တော့၊ တိုက်ပွဲက ကြမ်းလာလိမ့်မယ်''

ကြည်မြင့်က သေသေချာချာ ဆုံးဖြတ်ထားပုံရသည်။ သို့ပေမဲ့ မနေ့ကလောက် သူ့ကိုယ်သူ ယုံကြည်မှုမျိုး မတွေ့ရတော့၊ အုန်းကြည်ကမူ သူ့ဝသီအတိုင်း ပြုံးဖြဲဖြဲကြီးနှင့် အားလုံး တစ်ယောက်မကျန် ရှင်းပစ်မယ်ချည်း ပြောနေသည်။

''ပြည်သူတွေက ကျုပ်တို့ကို ထောက်ခံနေသမျှ ဒီကောင်တွေ ကျုပ်တို့ကို အနိုင် မတိုက်နိုင်ပါဘူး။ ဆိုရှယ်လစ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒတွေက နောက်ဆုံးမှာ အောင်ပွဲခံ ကြလိမ့်မယ်။ ဒါက သမိုင်းဥပဒေသပဲ၊ ဒါကို ဘယ်အရာကမှ နောက်ဆုတ်အောင် လုပ်လို့ မရဘူး''

ယခု လောလောဆယ် ကျွန်ုပ်အတွက် အကောင်းဆုံး လမ်းကြောင်းကား မုံးကိုး ဖြစ်သည်။ မုံးကိုးသည် မုံးပေါ်နှင့် (၃၈) ကီလိုမီတာ အကွာ၊ တရုတ်နယ်စပ်အနီးမှ ဗကပ၏ ဒေသဆိုင်ရာဌာနချုပ် ဖြစ်သည်။ ကျွန်ုပ်တို့ပြောဆိုပြီး မကြာလိုက်၊ ဂျစ်ကားတစ်စီး ရောက်လာသည်။ ဒရိုင်ဘာမှာ ကချင်အမျိုးသားတစ်ယောက်ဖြစ်ပြီး ကိုယ်ခန္ဓာ တုတ်တုတ် ခိုင်ခိုင်နှင့် အညိုရောင် ရင်ကွဲသိုးမွေးဆွယ်တာ ဝတ်ထားသည်။ မုံးပေါ်ချိုင့်ဝှမ်းမှ တောင်ပေါ်သို့ ဦးတည်နေသော လမ်းတစ်လျှောက် စက်ရှိန်မြှင့်၍ မောင်းလာရာ မော်တော်

www.nyisay.com



ကားနောက်တွင် ဖုန်လုံးကြီးတွေအလိမ့်လိုက် ထကျန်ခဲ့ပြီး သို့ပေမဲ့ တောင်ပေါ်လမ်းအရောက်တွင် မနေ့ညက မိုးရွာထားသဖြင့် လမ်းမျက်နှာပြင်မှာ ချောနေသဖြင့် တစ်နေရာတွင်မူ ဘီးချော်၍ ကားလမ်းဘေးသို့ ဂျစ်ကား ထိုးကျသွားပြီး အင်ဂျင်သံ တဖြီးဖြီးနှင့် ဆူညံနေတော့သည်။

''အောက်ဆင်းပြီး တွန်းကြမယ်''

ကျော်ညွှန့်ပြောပြီးသည်နှင့် ဂျွန်ပ်တို့ ဆင်းတွန်းကြသည်။ သို့ပေမဲ့ နိမ့်လျှောဖြစ်နေ၍ ကားကမရွေ့ရုံမက ရွံ့ထဲနစ်နေပြီး အင်ဂျင်က ငယ်သံပါအောင်အော်လျက် နောက်ဘီး (၂) ဘီးက မြေနှင့် မထိဘဲ ချာချာလည်နေသည်။

''ဟော... လေယာဉ်ပျံတွေ လာကုန်ပြီ''

ဂျွန်ပ် အော်လိုက်သည်တွင် ကျော်ညွှန့် တစ်ကိုယ်လုံး တောင့်သွားပြီး အသံလာရာဘက် နားစွင့်လိုက်သည်။ တဝေါဝေါ ပျံသန်းလာနေသော လေယာဉ်ပျံအင်ဂျင်သံတွေကို တောင်ကုန်းတောင်တန်းတွေပေါ်က အတိုင်းသား ကြားနေရပြီး အင်ဂျင်သံနောက်က ဗုံးပေါက်ကွဲသံကြီးတွေ တုန်ခါ၍ ရိုက်ခတ်လာသည်။

အလောတကြီး ထွက်လာရသဖြင့် ဒရိုင်ဘာက မော်တော်ကားဆွဲသော သံကြိုးယူလာဖို့ မေ့သွားသည်။ သို့ပေမဲ့ မကြာခင် မိနစ်ပိုင်းအတွင်း လေယာဉ်ပျံတွေ ရောက်လာတော့မည်ဟူသော အသိကြောင့် ဂျွန်ပ်တို့ ရှိသမျှအားတွေ ညှစ်ထုတ်ပြီး တောင်ကုန်းထိပ်ရောက်အောင် ဂျစ်ကားကို တစ်လှမ်းချင်းတွန်းလိုက်ကြရာ ဂျွန်ပ်က နောက်ပြန်ချော်မသွားနိုင်အောင် ကျောက်တုံးတစ်တုံးကို ညာဘက်ခြေထောက်တွင် 'ခု'ကာ ပခုံးနှင့် အားကုန် ကျုံးတွန်းလိုက်သည်။

လေယာဉ်ပျံတွေနှင့် ဂျွန်ပ်တို့ လုံးဝ နီးကပ်လာနေပြီဖြစ်၍ ကျော်ညွှန့် မျက်ကလဲဆန်ပျာ ဖြစ်လာသည်။ အကယ်၍ လေယာဉ်ပျံတွေ အပေါ်တည့်တည့် ရောက်လာပြီး ဂျွန်ပ်တို့ကို မြင်သွားလျှင် ဂျွန်ပ်တို့အားလုံး အနေအထားမှာ သာမန်ရွာသား ခရီးသည်ပုံစံ မဟုတ်သဖြင့် လေယာဉ်တွေပေါ်က စက်သေနတ်နှင့် လှမ်းပစ်ဖို့ များသည်။ သို့ဖြင့် ဂျွန်ပ်တို့တွေ အံကြိတ်၍ နဖူးက ချွေးတောက်တောက်ကျသည်အထိ ဆက်၍ ရုန်းကြပြန်ရာ တစ်ခဏအကြာမှာပင် ရွံ့ခွက်ထဲက ဂျစ်ကားဘီးတွေ ရုန်းထွက်သွားပြီး ပြင်ညီလမ်းပေါ် ရောက်သွားသည်နှင့် ဂျွန်ပ်တို့ ပခုံးပေါ်က ဖိအားကြီးလည်း ရုတ်တရက် ပေါ့သွားပြီး တစ်ကိုယ်လုံး ရွံ့ဗွက်တွေ ပေလူးကုန်တော့သည်။ ဂျွန်ပ်နှင့် ကျော်ညွှန့်တို့ ဂျစ်ကားပေါ် စွေ့ကနဲ ခုန်တက်လိုက်ကြပြီးနောက် ဒရိုင်ဘာကလည်း မုံးကိုးသို့ စက်ကုန်ဖွင့်လိုက်လေတော့သည်။

www.nyisay.com



တောထဲက မြေလမ်းကျဉ်းကျဉ်းလေးအတိုင်း မောင်းလာရာ ခဲယမ်းသေတ္တာတွေ အပြည့်တင်၍ ကျွန်ုပ်တို့ ဆန့်ကျင်ဘက်မှ မောင်းလာသော ထရပ်ကား နှစ်စီးမှအပ လမ်းပေါ်တွင် အခြားစက်တပ်မော်တော်ယာဉ် မရှိ။ ထို့နောက် မကြာမီ စီစီဝမ်ကို လှမ်းမြင်နေရသော တောင်ရိုးတစ်ခုပေါ်သို့ မောင်းတက်လာသဖြင့် နောက်ပြန်ကြည့်လိုက်ရာ တော့င်ကုန်းတွေပေါ်မှာ မီးခိုးလုံးကြီးတွေ။

''ရပ်''

ဂျစ်ကားစက်သံကို ကျော်ပြီး ကျွန်ုပ်အော်လိုက်သည်။

''စီစီဝမ် အတိုက်ခံနေရပြီ''

ကျွန်ုပ်တို့ ကားထဲက ထွက်ပြီး မြင်ကွင်းဖြောင့်သည့်နေရာက လှမ်းကြည့်လိုက်ရာ တောအုပ်အထပ်ထပ်ပေါ် ထိုးထွက်နေသော စီစီဝမ်တောင်ကမူ လေးခု။ ဟိုးအဝေးက လေယာဉ်ပျံ အင်ဂျင်သံတွေနှင့် ဗုံးပေါက်ကွဲသံတွေ တစ်လှည့်စီ ကြားနေရပြီး တောင်တန်းပေါ်တွင်မူ ဖြူပြာပြာ ညို့မှိုင်းမှိုင်း မီးခိုးလုံးကြီးတွေ အူတက်လို့ နေသည်။

မနေ့က ကျွန်ုပ်ရောက်ခဲ့သော နေရာနှင့် လက်နက်ကိုင်ခုခံနေသော ဝ,လူငယ် စစ်သားလေးတွေ ကျွန်ုပ်ခေါင်းထဲ ရောက်လာသည်။ စိတ်ချလုံခြုံရသော ကျွန်ုပ်နေရာ ကပင်လျှင် ထိတ်လန့် ချောက်ချားစရာကောင်းသေးလျှင် ဗုံးတွေ အဆက်မပြတ်ကျနေသော ဘန်ကာနှင့် ကတုတ်ကျင်းထဲက လူတွေအဖို့မူ ဆိုဖွယ်ရာ မရှိတော့။ လေတပ်မှ တိုက်လေယာဉ်များမှာ PC-6s နှင့် PC-7s ပန်ကာတို့ဖြင့် မောင်းသော အဟောင်းအမြင်းလေယာဉ်တွေ ဖြစ်သလို အရေအတွက်မှာလည်း လက်တစ်ဆုပ်စာပင်မရှိသဖြင့် အရှေ့တောင်အာရှတွင် အစုတ်ချာဆုံး လေတပ်ဖြစ်သည် ဆိုသော်လည်း ဤအချက်က ကတုတ်ကျင်းထဲက ဗုံးကြဲခံနေရသူတို့အတွက် စိတ်ချမ်းသာမှု ပေးနိုင်သည် မဟုတ်။

သို့ဖြင့် ဂျစ်ကားထဲ ပြန်ဝင်လာကြပြီး စိတ်လက် မအီမသာနှင့်ပင် ခရီးဆက်လာကြရာ (၃) နာရီခန့်အကြာတွင် ရှေ့မှာ မုံးကိုး ချိုင့်ဝှမ်းကို လှမ်းမြင်လိုက်ရသည်။

မုံးကိုးချိုင့်ဝှမ်းကား မုံးပေါ်ထက် ကြီးမားကျယ်ပြန့်ပြီး စပါးကွင်းကြီးတွေထဲမှာ ညိုညိုမောင်းမောင်း စပါးပင်တွေလေနှင့်အတူ ယိမ်းတိုက်နေသည်။ မုံးကိုးရွာကိုမူ ချိုင့်ဝှမ်းဗဟိုတွင် တည်ထားပြီး အိမ်ခြေ (၁၀၀) ကျော်ခန့်ရှိပြီး ချိုင့်ဝှမ်းအလယ်မှ ဖြတ်စီးနေသော ချောင်းလေးကား တရုတ်မြန်မာကြားမှ အပြည်ပြည်ဆိုင်ရာ နယ်မြေတစ်ခုအဖြစ် ဖွဲ့စည်းထားပြီး ချောင်းဟိုဘက်တွင်မူ ကွန်ကရစ်အဆောက်အအုံတစ်ခုဖြင့် ဖွဲ့စည်းထားသော တရုတ်ကျေးရွာ၊ မန်ဟိုင်း။

ကျွန်ုပ်တို့ ဂျစ်ကားကို ရွာထဲက တစ်ဆင့် ဈေးကို ဖြတ်ကာ အရှေ့ဘက် ကီလိုမီတာ အနည်းငယ်အကွာတွင် ရှိသော ဗကပ မြောက်ဘက် ဗျူရိုဌာနချုပ်သို့ မောင်းထွက်လာခဲ့သည်။ ဌာနချုပ်ဝင်ပေါက်တွင် ကွန်မြူနစ် လက်နက်ကိုင် စစ်သားတစ်ယောက်

www.nyisay.com



စောင့်ကြပ်နေပြီး အနီးမှ ကွင်းထဲတွင်မူ ပြောင်း (၂) လက်နှင့် လေယာဉ်ပစ် စက်သေနတ်ကြီး (၂) လက်ကို ချထားသည်။ ကျွန်ုပ်တို့ ဂျစ်ကားကို တိုက်တစ်တိုက်ရှေ့တွင် ထိုးရပ်လိုက်ရာ ဤ၌ ပါတီအရာရှိ (၃) ဦးက ကျွန်ုပ်တို့ကို စောင့်ကြိုနေသည်။

ကျွန်ုပ်တို့ လက်ဆွဲနှုတ်ဆက်ကြပြီး သူတို့ထဲက စီနီယာအရာရှိနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးရာ သူ့အမည်မှာ ဦးကျော်စိန်ဖြစ်ပြီး အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် ဝါရင့်ကွန်မြူနစ်ပါတီဝင်တစ်ဦး ဖြစ်သည်။ ကျန်နှစ်ဦးမှာ အသက် (၃၅) ဝန်းကျင်ရှိ လူငယ်ပညာတတ်တွေ ဖြစ်သည်။ တစ်ဦးမှာ အသားညိုညို၊ အရပ်ပုပျပ်ဖျပ်နှင့် မန္တလေးမှ ဗမာတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ ခပ်နွဲ့နွဲ့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမှ ရှမ်းတစ်ယောက် ဖြစ်သည်။ အခန်းထဲတွင် ကျွန်ုပ်တို့ ထိုင်ကြရာ ကော်ဖီ၊ ဘီစကွတ်မုန့်တို့နှင့် ဧည့်ခံသည်။ အခန်းနံရံတစ်ဖက်တွင်မူ အနီရောင် အောက်ခံပေါ်တွင် အဝါရောင် တူ။ တံစဉ်အလံတစ်ခု ချိတ်ဆွဲထားသည်။

''ခင်ဗျား ဒီမှာ တစ်ရက်နှစ်ရက်နေပြီး ပန်ဆန်းကို ခြေလျင်ခရီး ဆက်ရမယ်၊ မော်တော်ကားလမ်းက ဒီမှာ ဆုံးသွားပြီ''

ကျော်ညွန့်မှတစ်ဆင့် ကျော်စိန်က ပြောသည်။ ကျော်စိန်က အင်္ဂလိပ်စကား မပြောသော်လည်း စကားတစ်ခွန်းကို ဘာသာပြန်ပြီးသည့်အခါတိုင်း ခေါင်းဝှေ့ညိတ်ညိတ်နှင့် ပြုံးနေသည်။

ဤတွင် ဆိုင်နောင့်တို့ သားအမိကို ကျွန်ုပ် စိတ်ပူနေမိသည်။ သူတို့ သားအမိ ယခုအထိ KIA တပ်မဟာ (၄) ဌာနချုပ် မန်းပီတွင် ရှိနေသေးသည် ယူဆရသော်လည်း အကယ်၍ မုံးပေါ်ချိုင့်ဝှမ်းနှင့် တရုတ်နယ်စပ်ကြား ဒေသတစ်ခုလုံး စစ်မြေပြင် ဖြစ်ခဲ့လျှင် သူတို့သားအမိအနေနှင့် ပန်ဆိုင်းကိုရောက်ဖို့ တရုတ်နယ်စပ် တစ်ဘက်ခြမ်း ဝမ်တိန်မှ ဘတ် (စ်) ကားစီးသွားရန် အခက်တွေ့ပေလိမ့်မည်။

နောက်တစ်နေ့တွင် ကျွန်ုပ်အတွက် မုံးကိုးမှ ဧည့်လမ်းညွှန်တစ်ယောက် ထည့်ပေးပြီး အစိမ်းရောင် ယူနီဖောင်း၊ တရုတ်စစ်သုံး ဘွတ်ဖိနပ်နှင့် မပါမဖြစ် ပလပ်စတစ် ကြယ်နီနှင့် ဦးထုပ်ဆောင်းထားသော ဦးကျော်စိန်က လမ်းပြတစ်ယောက်လို လိုက်ပါကာ ပါတီကေဒါအချို့နှင့်အတူ မုံးကိုးဈေးသို့ ထွက်လာခဲ့ကြသည်။ ကုန်သည်တစ်စုက လားပေါ်မှ ကုန်စည်စလယ်တွေကို အောက်ချနေကြပြီး ပလောင်အမျိုးသမီးတွေက ဟင်းသီးဟင်းရွက် ကြိမ်ခြင်းတွေကို နဖူးသိုင်းကြိုးဖြင့် ထမ်းပိုးလာကြသည်။ ဈေးအနီး ဝန်းကျင်မှ အပ်ချုပ်ဆိုင်များတွင်မူ စက်သမားတွေ အလုပ်ရှုပ်နေကြပြီး ဗီဒီယိုရုံတွင် တရုတ်ပြည်မှ နောက်ဆုံး ကွန်ဖူးဇာတ်ကား ပြသမည်ဖြစ်ကြောင်း ကြော်ငြာထားရာ ဟိုးအဝေးဆီက ပေါက်ကွဲသံတွေ တဝုန်းဝုန်းနှင့် ကြိုကြားကြိုကြား ကြားနေရပါသော်လည်း စီစဉ်ဝန်ခံနှင့် အတော်အလှမ်းဝေးသွားပြီး ယူဆရသည်။ ကျွန်ုပ်တို့ ဆက်လျှောက်လာရာ

www.nyisay.com



မူလတန်းကျောင်းဘေးတွင် စိုက်ထူထားသော ကတော့ချွန်ပုံ မော်ကွန်းကျောက်စာတိုင်ကြီးတစ်တိုင်ကို ဖြတ်လာခဲ့ကြသည်။ အဆိုပါ မော်ကွန်းကျောက်စာတိုင်ကြီးကား သမိုင်းတွင် အရေးပါမှုကို ဖော်ပြနေသော အထိမ်းအမှတ်တစ်ခုဖြစ်ပြီး ကျောက်တိုင်ပေါ်တွင် ဖောင်းကြွ တူ၊ တံစဉ်နှင့် ရက်စွဲတစ်ခုကို ထွင်းထုထားရာ ဇန်နဝါရီလ (၁) ရက် ၁၉၆၈ ခုနှစ်သည်ကား မုံးကိုးကျေးရွာနှင့် မြန်မာပြည်တွင်း စစ်လမ်းကြောင်းကြီးကို အကြီးအကျယ် ပြောင်းလဲပေးလိုက်သော နေ့ရက်တစ်ရက်ပင် ဖြစ်ချေ၏။

လွတ်လပ်ရေးရပြီး မရွေးမနှောင်းမှာပင် တောခိုသွားသော ကွန်မြူနစ်အုပ်စုတွင် ဦးကျော်စိန်လည်းပါသည်။ အဆိုပါကာလအတွင်း ကွန်မြူနစ်လက်နက်ကိုင်တို့က ကျေးလက်ဒေသ အတော်များများကို ထိန်းချုပ်ထားပြီး ရန်ကုန်မြို့ကိုပင် ခြိမ်းခြောက်ခဲ့သည့် တိုင် အတွေ့အကြုံနေသေးသော မြန်မာစစ်တပ်က ကွန်မြူနစ်တို့ကို ပဲခူးရိုးမနှင့် မြန်မာပြည် အလယ်ပိုင်း တောခိုနိုင်သော ဒေသအချို့ အပါအဝင် ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ တွန်းထုတ်နိုင်ခဲ့သည်။

၁၉၅၀ ကျော် အစောပိုင်းကာလများတွင် ဦးကျော်စိန်အပါအဝင် ကွန်မြူနစ်သူပုန် (၁၀၀) ကျော်တို့ နယ်စပ်မှ ဖြတ်၍ တရုတ်ပြည်တွင် စစ်ရေးနှင့် နိုင်ငံရေး သင်တန်းများ တက်ခဲ့ကြသည်။ ဝန်ကြီးချုပ် ဦးနု သက်တမ်းတစ်လျှောက်တွင် မြန်မာနှင့် တရုတ်အစိုးရတို့ ဆက်ဆံရေး ကောင်းမွန်လာခဲ့သော်လည်း ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းလိုက်ချိန်တွင်မူ တရုတ်နှင့် ဆက်ဆံရေး ပြောင်းလဲသွားသည်။ ဤတွင် အာဏာလိုပန်းကြီးသလို အစိုးမရသော ဗိုလ်ချုပ်နေဝင်းကို သတိနှင့် စောင့်ကြည့်နေသော ဘေဂျင်းအစိုးရက စစ်အာဏာသိမ်းပြီး မကြာမီမှာပင် ဗမာပြည် ကွန်မြူနစ်ပါတီကို ပေါ်ပေါ်ထင်ထင် ထောက်ပံ့ဖို့ ဆုံးဖြတ်လိုက်ပြီး အကြီးအကျယ် ကျူးကျော်ဖို့အတွက် ပြင်ဆင်မှုတွေ ချက်ချင်း စတော့သည်။ ၁၉၅၀ ခုနှစ်က မုံးကိုးရွာမှ တရုတ်ပြည်ထဲ ဆုတ်လာပြီး တသီးတခြားစီ နေထိုင်နေကြသော နော်ဆိုင်းနှင့် သူ၏ကချင်ရဲဘော်ဟောင်းတို့ကို တရုတ်ပြည်တွင် သင်တန်းတက်နေသော ဗမာသီအိုရီ ဆရာများနှင့် ချိတ်ဆက်ပေး၍ နော်ဆိုင်းအပါအဝင် ကချင်လူမျိုး အယောက် (၂၀၀) ကို ပြည်သူ့တပ်မတော်သစ်၏ အမြဲတေအဖြစ် ဖွဲ့စည်းလိုက်ပြီး တရုတ်ပြည် တပ်နီမှ 'ဘော်လန်တီယာ' တပ်သား (၃) ထောင် နီးပါးကို လူအင်အား အလုံးအရင်းအနှီးနှင့် ထည့်ပေးလိုက်သည်။

သို့ဖြင့် ၁၉၆၇ ခုနှစ်၊ ကုန်ဆုံးချိန်တွင် မြန်မာပြည်ထဲဝင်ဖို့ ပြင်ဆင်မှုအားလုံး ပြီးဆုံးသွားပြီး ရည်ရွယ်ချက်ကား မြန်မာပြည် တရုတ်နယ်စပ်တစ်လျှောက်မှ တောင်တန်း ဒေသတစ်ခုလုံး လွတ်မြောက်ရန်နှင့် နောက်ဆုံးတွင် ဗကပ တို့ ခြေကုပ်ရနေဆဲ မြန်မာပြည် အလယ်ပိုင်းဒေသမှ လွတ်မြောက်နယ်မြေနှင့် ချိတ်ဆက်ဖို့ ဖြစ်သည်။ ၁၉၆၈ ခုနှစ်၊ နှစ်သစ်ကူးနေ့ နံနက် ဝေလီဝေလင်းအချိန်တွင် မန်းဟိုင်းနှင့် မုံးကိုးကြားမှ

www.nyisay.com



နယ်ခြားချောင်းကို ဖြတ်၍ ကွန်မြူနစ်တပ်တွေ ဝင်လာရာ မြန်မာမြို့စောင့်တပ်ဖွဲ့မှ လက်နက်ကြီးပစ်ခတ်သံတွေကြောင့် နှစ်သစ်ကူးပွဲကျင်းပနေသူတွေ ရုတ်တရက် ပွဲဖျက်လိုက်ရပြီး တစ်နာရီမပြည့်မီမှာပင် အစိုးရတပ်စခန်း ချေမှုန်းခံလိုက်ပြီး တပ်မှူး ကျသွားသည်။ ထိုမှ ရက်အနည်းငယ်အတွင်းမှာပင် သံလွင်မြစ်နှင့် မုံးကိုးအရှေ့ဘက် တရုတ်တိုင်းရင်းသားတို့ အများဆုံးနေထိုင်သော ကိုးကန့်ဒေသသို့ ဗကပ တပ်တွေ ဆက်၍ ထိုးဖောက်လာခဲ့ရာ ၁၉၆၈ ခုနှစ် မကုန်ခင်မှာပင် အဆိုပါ ဒေသတစ်ခုလုံး ကွန်မြူနစ်တွေ လက်ထဲရောက်သွားသည်။ ရွှေလီမြစ်၏ မြောက်ဘက်၊ နမ့်ခမ်းနှင့် မူဆယ်တစ်ဖက်တွင် ရှိသော မြန်မာပိုင် ကွန်ဟိုင်းနှင့် မန်ဟယို နယ်လေး နှစ်နယ်ကို တစ်ချိန်တည်းမှာပင် သိမ်းလိုက်ပြီး မုံးပေါ်ကိုမူ ဗကပ လက်နက်ကိုင် တောခိုသော (၂၂) နှစ်မြောက်နေ့ ဖြစ်သော (၁၉၇၀) ခုနှစ် မတ် (၂၁) တွင် ရလိုက်ပြီး (၂) ရက်ကြာ မီးကုန်ယမ်းကုန် တိုက်ခိုက်ပြီး နောက် CPB လက်ထဲ ပန်ဆိုင်း ကျသွားသည်။

သို့ပေမဲ့ ဦးကျော်စိန် နောက်ကြောင်းပြန်နေသော သမိုင်းထဲတွင် အရေးပါသော အချက်တချို့ ချန်လှပ်ခဲ့ရာ ၄င်းကား မုံးကိုး-မုံးပေါ် ဧရိယာတစ်ဝိုက်မှာ KIA ၏ အမာခံဒေသဟောင်းဖြစ်သည် ဆိုသောအချက်နှင့် နော်ဆိုင်းအနေနှင့် အစိုးရတပ်ကိုသာမက မိမိသွေးချင်း ကချင်ပြောက်ကျားတို့ကိုပါ တိုက်ရတော့မည်ဆိုသဖြင့် ငြင်းဆန်ခဲ့ရာမှ ထူးဆန်းစွာ သေဆုံးသွားပြီးနောက် KIA နှင့် ဗကပတို့ကြား တိုက်ပွဲများ ဖြစ်လာခဲ့ရာ ၁၉၇၆ ခုနှစ်တွင် အပစ်ရပ် သဘောတူညီမှု စာချုပ် ချုပ်ဆိုခဲ့သည် ဆိုသော အချက် ဖြစ်သည်။

ဆိုခဲ့သလို မုံးကိုးနှင့် မုံးပေါ် ဒေသတစ်ဝိုက်တွင် အပြင်းအထန် တိုက်ပွဲတွေ ဖြစ်လာသဖြင့် ဗကပ ၏ ထိုးဖောက်မှုသည်လည်း ဤ၌ပင် ရပ်သွားပြီး ကိုးကန့်ဒေသ တောင်ဘက်၊ ဝတောင်တန်းတွေဘက် ဦးလှည့်သွားသည်။ ထိုကာလအထိ ဝဒေသမှ ခေါင်းဖြတ်သော ဒေသခံ ဝ,တိုင်းရင်းသားများနှင့် ကူမင်တန်စစ်ဘုရင်များ၊ ဘိန်းမှောင်ခို ရာဇာများ ကျက်စားနေသေးသည်။

မုံးမူ (သို့) မြန်မာအခေါ် မိုင်းမောကို ၁၉၇၀ ပြည့်နှစ် မေ (၁) ရက်တွင် သိမ်းခဲ့ရာ အဆိုပါနေ့မှာ ကွန်မြူနစ်လှုပ်ရှားမှုအတွက် အရေးပါသော နေ့တစ်နေ့ဖြစ်၍ နေရာဒေသတို့ကို သိမ်းယူရာတွင် ဗကပ အကြိုက်နှင့် ကိုက်ညီသော နေ့ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ဟိုပင်နှင့် ပင်လုံမြို့ (၂) မြို့မှလွဲ၍ ဝ,တောင်တန်းဒေသတစ်ခုလုံး ကွန်မြူနစ်ထိန်းချုပ်မှုအောက် ရောက်သွားပြီး အဆိုပါအရှေ့မြောက် အခြေခံဒေသ၏ ဌာနချုပ်ကိုမူ ထိုနှစ်ဧပြီလတွင် တရုတ်နယ်ခြားအနီးမှ ပန်ဆန်းတွင် အခြေစိုက်ခဲ့လေသည်။

ဆိုခဲ့သလို ဖြစ်စဉ်နှင့် တစ်ချိန်တည်းမှာပင် 'လာအို' နယ်စပ်အနီးမှ နယ်မြေတစ်ခုကို သိမ်းယူခဲ့ပြီး ကွန်မြူနစ်ပါတီ တည်ထောင်သော ဩဂုတ်လ (၁၅) ရက် (၁၉၃၉)

www.nyisay.com



ခုနှစ် ရက်စွဲကို မူတည်၍ (၈၁၅) နယ်မြေဟု အမည်ပက် ပေးခဲ့ပြီး များမကြာမီမှာပင် (၈၁၅) တပ်များက အနောက်ဘက်သို့ ထိုးဖောက်၍ ကျိုင်းတုံမြောက်ပိုင်း မုံးယန်းဒေသမှ ရှမ်းအမျိုးသား တော်လှန်ရေးခေါင်းဆောင် ခွန်မြင့်နှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ သို့ဖြစ်၍ မုံးကိုးသို့ စတင် ထိုးဖောက်ဝင်လာပြီး (၆) နှစ်အကြာတွင်မူ မဲခေါင်မြစ်နှင့် လာအိုနယ်စပ်မှသည် ပန်ဆိုင်းအထိ ဧရိယာတစ်ခုလုံးကား ကွန်မြူနစ်တို့ ထိန်းချုပ်မှုအောက် ရောက်သွားတော့သည်။

သို့ရာတွင် ဗကပ ကို ရှမ်းအရှေ့မြောက်ဒေသသို့ ချက်ချင်း ပြန်တွန်းထုတ်ဖို့ မဖြစ်နိုင်သေးသည်ကို မြန်မာစစ်တပ်က သဘောပေါက်သည်။ သို့ဖြစ်၍ ကွန်မြူနစ် ပြောက်ကျားနယ်မြေများဖြစ်သော မြန်မာပြည် အလယ်ပိုင်းမှ ဗကပ ၏ အင်အားချည့်နဲ့သော ဒေသဘက်သို့ ဦးလှည့်လိုက်ပြီး တရုတ်ထောက်ပံ့ရေးလမ်းကြောင်းကို ဖြတ်တောက်၍ တဖြည်းဖြည်း ပိတ်ဆို့ခဲ့ရာ ၁၉၇၅ ခုနှစ်တွင် ပဲခူးရိုးမဌာနချုပ်ကို လုံးဝ ချေမှုန်းပစ်လိုက်သည်တွင် အလယ်ပိုင်းနှင့် အရှေ့မြောက် အခြေခံဒေသတို့ကို ချိတ်ဆက်ဖို့ ဆိုသော ကွန်မြူနစ်တို့ အကြံအစည်လည်း ပျက်၍ တရုတ်နယ်စပ်တစ်လျှောက်မှ ၄င်းတို့၏ ကြားခံနယ်မြေအတွင်း ပိတ်မိနေတော့သည်။

၁၉၇၉ ခုနှစ်တွင် အစိုးရတပ်များဘက်မှ မင်းရန်အောင် အမည်ပက်ပေးထားသော တန်ပြန်ထိုးစစ်ကြီး စတင်ခဲ့ရာ ဗကပ ၏ ဌာနချုပ်သစ် ပန်ဆိုင်းနှင့် မျက်နှာချင်းဆိုင်၊ ဝ,တောင်တန်းများ တောင်ဘက် မော်ဖ ခေါ် ဧရိယာတစ်ခုလုံးကို အောင်မြင်စွာ ပြန်လည် သိမ်းယူနိုင်ခဲ့ပြီး ထိုအချိန်မှစ၍ နှစ်ဖက်တပ်များ ပိုနေမြဲ ကျားနေမြဲ ရှိလာခဲ့ရာမှ ယခုမူ စီစီဝမ်တွင် မီးကုန်ယမ်းကုန် တိုက်ကြလေရာ မုံးကိုးမှ ဗကပ ခေါင်းဆောင်တို့က သူတို့ဘက်က အခြေအနေကောင်းပါသည်ဆိုသော်လည်း ၄င်းတို့အနေနှင့် အစိုးရ ထိုးစစ်ကြီးကို တောင့်ခံနိုင်ဖို့ မလွယ်ဟု ကျွန်ုပ်ထင်သည်။ ယခုဆိုလျှင် မြန်မာပြည် အလယ်ပိုင်းမှ အစိုးရတပ်ကူတွေ ရောက်လာပြီးဖြစ်၍ ပြီးခဲ့သည့် (၇) နှစ်က မင်းရန်အောင် စစ်ဆင်ရေး ပြီးနောက် ယခုတိုက်ပွဲကြီးကား အပြင်းထန်ဆုံး တိုက်ပွဲကြီးပင် ဖြစ်ပါ၏။

ဗကပ ၏ မြောက်ပိုင်းဌာနချုပ်သမိုင်းကို ဦးကျော်စိန် ပြောပြနေချိန်နှင့် တစ်ဆက်တည်းမှာပင် ဟိုးအဝေးမှ ဗုံးသံ၊ အမြောက်သံ၊ စိန်ပြောင်းသံတွေကလည်း တဝုန်းဝုန်းနှင့် ကြားနေရသဖြင့် ပြဇာတ်နောက်ခံကားလိပ်တစ်ခု ဖြစ်နေသေးတော့သည်။ စခန်းထဲမှ တိုက်အိမ်သို့ ကျွန်ုပ်တို့ ပြန်လာပြီး နောက်တစ်ခါ ကော်ဖီနှင့် ဘီစကစ်တို့ စားသောက်နေခိုက် တစ်ရက်နှစ်ရက်အတွင်း ဘရန့်ဆိုင်းနှင့် ဇောင်းဟရာ တို့နှစ်ယောက် မုံးကိုးသို့ ရောက်လာမည့်အကြောင်း ကြားလိုက်ရပြီးနောက် ဦးကျော်စိန်က ကျွန်ုပ်ကို ပြောသည်။

''သူတို့မလာခင် ခင်ဗျားသွားတာ ကောင်းမယ်''

ကျွန်ုပ် ပြန်စရာလိုလို့လား၊ ဘာကြောင့်လဲ ကျွန်ုပ် နားမလည်။ သို့ပေမဲ့ ဧည့်သည်

www.nyisay.com



တစ်ယောက်အနေနှင့် ငြင်းလိုက်လျှင် ရိုင်းရာကျပေလိမ့်မည်။ နောက်တစ်ခုက ကျွန်ုပ်ကိုယ်တိုင်လည်း ဆိုင်နောင့်တို့ သားအမိကိုတွေ့ဖို့ ပန်ဆန်းသို့ မြန်မြန်ရောက်ချင်နေသည်။

ကျွန်ုပ်မထွက်ခွာမီ ညစာစားပွဲ ကျင်းပရာ ပြီးနောက် မှတ်တမ်းရုပ်ရှင်ကား ပြသည်။ အဆိုပါ မှတ်တမ်းရုပ်ရှင်ကားမှာ (၁၆) မီလီမီတာ ဝါဒဖြန့်ချိရေး မှတ်တမ်းကားတစ်ကားဖြစ်ပြီး တရုတ်ရုပ်ရှင် ရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့က ကွန်မြူနစ်တို့ ထိန်းချုပ်ဒေသအတွင်း ခရီးလှည့်၍ ရိုက်ကူးခဲ့သည်။ မှတ်တမ်းရုပ်ရှင်ကားအမည်ကို 'ငြိမ်းမရသော မီးတောက်မီးလျှံ' ဟု မြန်မာအမည်ပေးထားပြီး တရုတ်ပြည် မဟာပစ္စည်းမဲ့ယဉ်ကျေးမှုတော်လှန်ရေး စတိုင်မျိုး ကြီးကြီးကျယ်ကျယ်၊ တခမ်းတနား တင်ဆက်ထားသည်။ သို့ပေမဲ့ ဇာတ်ကားစပြီးပြီး မကြာမီမှာပင် တရုတ်ရိုက်ကူးသူတွေအနေနှင့် အတော်လေးလုပ်ကြံဖန်တီးထားကြောင်း သိသာလာသည်။ 'ကောင်းကင်ဘုံငြိမ်းချမ်းရေးတံခါး' အပြင်ဘက်တွင် ထောင်ပေါင်းများစွာသော လူအုပ်ကြီးတွေ အင်အားပြနေကြပုံ၊ ရှန်ဟိုင်းဆိပ်ခံတံတားပေါ်က အလုပ်သမားထုကြီးတွေ၊ လွတ်မြောက်ရေး တပ်ဖွဲ့ဝင်တွေ အောင်ပွဲအလီလီ ခံခဲ့ကြပုံတွေ စသဖြင့် မဆန့်ရင်ကန် ရှုခင်းရှုကွက်ကြီးတွေ ရိုက်ကူးလာခဲ့ရသော တရုတ်ရိုက်ကူးသူတို့က ယခုလို လူဦးရေ ကျိုးကျိုးကဲကဲ့ နေထိုင်သော ရှမ်းပြည်တွင်မူ ဆိုခဲ့သလို လူအုပ်ကြီးတွေ နောက်ခံနှင့် ရိုက်ကူးထားသဖြင့် ရယ်စရာတော့ ကောင်းသည်။

အခန်းတစ်ခန်းမှာ ဗကပ ရှေ့တန်းစခန်းသို့ ပါတီဥက္ကဋ္ဌကြီး သခင်ဗသိန်းတင် ရောက်လာသည်ကို ကြိုဆိုကြသည့်အခန်း ဖြစ်သည်။ ဤ၌ စစ်သားတစ်စု၊ လက်နက်တွေကို တိုက်ချွတ်နေသူတွေက တိုက်ချွတ်၊ ယူနီဖောင်းအပေါက်အပြဲကို ချုပ်သူတွေက ချုပ်နှင့် အချို့ကလည်း ဝါယာလက်စက်တွေ တချောက်ချောက် ရိုက်နေကြသည်။ ထိုစဉ် သူတို့ထဲက ရဲဘော်တစ်ယောက် ရောက်လာပြီး လုံးဝ မျှော်လင့်မထားသော အံ့အားသင့်ဟန်နှင့် ပါတီဥက္ကဋ္ဌကြီး ရောက်လာတယ် ဟေး... ဆိုပြီး ပြောလိုက်ရာ ရဲဘော်တွေ အားလုံး ဝမ်းသာအယ်လဲနှင့် အပျော်ကြီး ပျော်သွားကြပြီး ရဲဘော်တွေ ဝါးတဲတွေထဲက အလှိုအလှို ထွက်လာပြီး တန်းစီကာ လက်သီးလက်မောင်းတန်း အော်ဟစ်၍ ဥက္ကဋ္ဌကြီးကို ကြိုခန်း ဖြစ်သည်။

သို့ပေမဲ့ ရယ်ရပုံက၊ ဝါးတဲလေးသုံးလေးလုံးထဲက စစ်သားတွေ ထွက်လာကြသည်ကို ဘက်ပေါင်းစုံက လှည့်ပတ်ရိုက်ပြနေပြီး ဥက္ကဋ္ဌကြီး နောက်က နေရောင်ခြည်တွေ ဖြာထွက်လာသည်နှင့် ရဲဘော်တွေအားလုံး သံပြိုင်အော်လိုက်ကြသည်။

''ဗမာပြည်ကွန်မြူနစ်ပါတီ အခွန့်ရှည်ပါစေ''

''ဥက္ကဋ္ဌကြီး သခင်ဗသိန်းတင် အသက်ရာကျော်ရှည်ပါစေ''

''မတ်(စ်)ဝါဒ-လီနင်ဝါဒ-မော်စီတုန်း အတွေးအခေါ် အခွန့်ရှည်ပါစေ''

www.nyisay.com



ထိုနည်းတူ၊ လူအင်အား (၂) ရာ (၃) ရာ၊ မြင်းအကောင်ရေ (၅၀/၆၀) အသုံးပြု ရိက်ရမည့် စပါးရိတ်သိမ်းကြတာမျိုး၊ ရိက္ခာပစ္စည်းတွေ သယ်ပိုးကြတာမျိုး စသဖြင့် အခန်းတို့တွင်လည်း မိန်းမ ဆယ်ယောက်နှင့် မြင်း ၃/၄ ကောင်နှင့်သာ ထပ်တလဲလဲ ရိုက်နေသည်။ သရုပ်ဆောင်တွေကလည်း ဟာသဇာတ်လို ဖြစ်နေသည်။ နောက်တစ်ခန်းမှာ ဝ,ကျေးရွာတစ်ရွာတွင် မြေရှင်တစ်ဦးကို ရွာသူရွာသားတွေက ဝိုင်း၍ ရွှတ်ချအပြစ်တင်သည့်ဇာတ်ကွက်ဖြစ်ရာ လယ်သမားလို ဝတ်ဆင်ထားသူတစ်ယောက်က လူပုံအလယ်မှာ ခေါင်းငုံပြီး ရှက်နေသည့်ပုံနှင့် မတ်တတ်ရပ်နေပြီး ရွာသူရွာသားတွေ (မိန်းမတွေအများဆုံးပါသည်)က လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ဟစ်ဆဲဆိုနေသည့် အခန်း ဖြစ်သည်။

ကျွန်ုပ်သဘောအကျဆုံး ဇာတ်ကွက်မှာ မြို့ပေါ်က ပညာတတ် လူငယ်တစ်စု တောခိုလာပုံဖြစ်သည်။ သစ်လုံးထွင်းလေ့လေးတွေနှင့် တောထဲက ချောင်းရိုးအတိုင်း လာနေသော အခန်းနှင့် စဖွင့်ရာ လူငယ်တွေအားလုံး တိုက်ပုံအင်္ကျီ၊ လုံချည်နှင့်၊ အများစုမှာ မျက်မှန်ကြီးတွေ တကားကားနှင့် အားလုံး ကြွတက်နေကြသည်။ လှေတွေ ကမ်းကပ်သည်နှင့် သူတို့ အထုပ်အပိုး၊ ခရီးဆောင်သေတ္တာတွေ ကောက်ယူလိုက်ကြသည့်အခါ Pan Am လေကြောင်းလိုင်းမှ အိတ်တွေကို တွေ့လိုက်ရသဖြင့် အင်ပါယာဝါဒကို ခြေမှုန်းပစ်မည့်သူတွေနှင့် ဘယ်လိုမှ အဆီအငေါ် မတည့်သည်ကို တွေးမိလိုက်သေးသည်။ ထို့နောက် ပညာတတ်တစ်ယောက်က အော်တဲ့ပြီး တောင်ကုန်းပေါ်သို့ လက်ညှိုးထိုးလိုက်သည်။ နောက်တစ်ခန်းက ယူနီဖောင်းကို ဖြစ်သလိုဝတ်ထားသော ပါးနီနီလေးနှင့် စစ်သားလေးတစ်ယောက်က ရိုင်ဖယ်သေနတ်ကို ရင်ဘတ်ရှေ့မှာ ကိုင်ထားပြီး သူရဲကောင်းကြီးတစ်ယောက်လို ဂိုက်ပေးပြီး သူ့နောက်က ဗကပစစ်သားလေးတွေ အလျှိုအလျှို ပေါ်လာကြသည်။ တစ်ခါ နောက်တစ်ခန်းတွင် စောစောက အထုပ်တွေ အပိုးတွေနှင့် ပညာတတ် လူငယ်တွေက တောင်ကုန်းပေါ် ဝမ်းသာအားရနှင့် ပြေးတက်သွားကြပြီး တောင်ပေါ်က တော်လှန်ရေးရဲဘော်တွေကလည်း တောင်အောက်သို့ ပြေးဆင်းလာကြပြီး တစ်ယောက်ကို တစ်ယောက် ပွေ့ကြ၊ ဖက်ကြ၊ လက်ဆွဲနှုတ်ဆက်ကြနှင့် ပြီးနောက် လုံချည်တွေ၊ တိုက်ပုံတွေ လေထဲ လွင့်သွားသည်။ ပြီးနောက် စောစောက ပညာတတ်လူငယ်တွေက ယူနီဖောင်းအသစ် ကျပ်ချွတ်တွေနှင့် သေနတ်တွေ ပိုက်ပြီး ထွက်လာကြကာ တောင်ကုန်းပေါ်က ရဲဘော်တွေ လက်ချင်းတွဲသွားကြပြီး အိုးစည်ဝိုင်းနှင့် အဖွဲ့ကလည်း ကကြ ခုန်ကြနှင့် နောက်ဆုံးဇာတ်သိမ်းမှာ ရှေ့ဆုံးက လူတစ်ယောက်က သခင်ဗသိန်းတင် ရုပ်ပုံကြီးကို ကိုင်ပြီး နောက်ကလူစုက ကြွေးကြော်သံတွေ အော်ဟစ်ပြီး ကွင်းပြင်ကြီးကို ဖြတ်၍ ချီတက်သွားကြလေရာ ရုတ်တရက် ကျွန်ုပ်မှတ်မိသောလူတစ်ယောက်ကို လူအုပ်ထဲမှာ တွေ့လိုက်ရသည်။ လူငယ်တစ်ယောက်၊ သေသေသပ်သပ် ဝတ်စားထားသည်။

www.nyisay.com



ဟုတ်ပါပြီ... ကျော်ညွှန့်၊ ကျွန်ုပ်က ဘေးတွင်ထိုင်နေသော ကျော်ညွှန့်ကို တံတောင်နှင့် တွတ်ရင်း မေးလိုက်သည်။

''ဘယ်ဘက် တတိယမြောက်က ခင်ဗျား မဟုတ်လား''

''သူတို့က လုပ်ခိုင်းလို့ပါ''

မှတ်တမ်းတင် ဇာတ်ကားပြီး၍ မီးတွေ ပြန်လင်းလာချိန်တွင် ကျော်ညွှန့် မအိမလည် ဖြစ်နေသည်။ သူ့ကြည့်ရသည်မှာ မဟုတ်တမ်းတရန်းတွေ ပုံကြီးချဲ့ ရိုက်ကူးထားသည့် ကိစ္စကို ပြောချင်ပုံမရသဖြင့် ကျွန်ုပ် စောစော အိပ်ရာဝင်ခဲ့တော့သည်။

○

www.nyisay.com

# ကိုးကန့်နှင့် ဝတောင်တန်း

မနက် လင်းသည်အထိ လက်နက်ကြီး ပေါက်ကွဲသံတွေ ကြားနေရပြီး အခြေအနေကို ဘာမျှမသိရ။ ကျွန်ုပ်တို့ ကော်ဖီသောက်ရင်း ကျွန်ုပ်တို့နှင့် လုံခြုံရေးလိုက်မည့် ရဲဘော်တွေနှင့် လမ်းပြကို စောင့်နေကြသည်။ ဦးကျော်စိန်နှင့် ကျော်ညွန့်တို့ နှစ်ယောက်ကား တော်တော်ရုပ်ပျက်နေသည်။ သူတို့ ဗမာလိုပြောနေသည်ကို ရိပ်ဖမ်းသံဖမ်း ကျွန်ုပ်နားလည်ရသည်မှာ မုံးကိုးကို လေကြောင်းက ဝင်တိုက်မှာ စိုးရိမ်နေကြပြီး မြောက်ပိုင်း ဗျူရိုဌာနချုပ် ပတ်ဝန်းကျင်တွင် စိန်ပြောင်းနှစ်လက်နှင့် လေယာဉ်ပစ်အမြောက်ကြီးတွေ ချထားကြောင်း သိရသည်။

ကိုးကန့်နှင့် ဝ,တောင်တန်းသို့ ကျွန်ုပ်ကို လမ်းပြမည့်သူမှာ ဗကပ အဖွဲ့ဝင် ကချင်ကျောင်းသား ဆန်မိုင်ဖြစ်သည်။ လက်ပြင်ကိုင်းကိုင်းနှင့် ကုလားဆင်။ သို့ပေမဲ့ အင်္ဂလိပ်စကားပြောကောင်းသည်။ ချက်ပြုတ်ဖို့နှင့် လားထိန်းဖို့ သွေ့ာင်းယန် ခေါ် တရုတ်ကလေးတစ်ယောက်လည်း ပါလာသည်။

ဤတွင် လားတွေပေါ် တင်ထားသော စားရေရိက္ခာတွေကို တွေ့ရသဖြင့် ကျွန်ုပ် အံ့အားသင့်သွားရာ ၄င်းတို့ထဲတွင် 'မလင်ဒါ' အချို့ရည်ဘူးကြီးတွေ၊ 'ချင်းတောင်(ဝ)' တရုတ် သံဘူးဘီယာတွေ၊ တရုတ် ဘရန်ဒီ၊ ဆေးပေါ့လိပ်အထုပ်တွေ၊ နက်စ်ကဖီး၊ ဘီစကွတ်၊ ခေါက်ဆွဲနှင့် 'မာလင်' ခေါ် အသားစည်သွတ်ဘူးတွေ ဖြစ်သည်။ ကျွန်ုပ်တို့နှင့် လုံခြုံရေးလိုက်ပါလာပြီး ကျည်ကပ်အပြည့်နှင့် ရိုင်ဖယ်သေနတ်ကိုယ်စီ ကိုင်လာသည်။

နေ့လယ် (၁) နာရီတွင် ကျွန်ုပ်တို့ ခရီးစသည်။ ထိုအချိန်တွင် ပေါက်ကွဲသံကြီးတစ်သံ ကျွန်ုပ်တို့ နောက်ဘက်သို့ ပဲ့တင်လာပြီး လေထဲမှ လေယာဉ်ပျံ အင်ဂျင်သံ ဝေါကနဲ ကြားလိုက်ရသည်။

www.nyisay.com



''စီစီဝမ်ကို သူတို့ နောက်တစ်ကြိမ် ဗုံးကြဲနေပြီ''

ကျော်ညွှန့်က မြက်ခင်းပေါ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ ကောင်းကင်ကို မော့ကြည့်လိုက်ရင်း မသက်မသာ ပြောသည်။ မုံးကိုး အရှေ့ဘက်သွားသောလမ်းလေးအထိ ကျော်ညွှန့် လိုက်လာပြီး ကျွန်ုပ်တို့နှင့် လက်ဆွဲနှုတ်ဆက်ကြသည်။

''လမ်းခရီးအတွက်တော့ မပူပါနဲ့၊ ခင်ဗျားအတွက် လုံးဝ လုံခြုံပါတယ်၊ ရွှေလီ အရှေ့ဘက်ခြမ်းက ကျွန်တော်တို့ နယ်မြေပဲ''

ပြောပြီး သူ့ထုံးစံအတိုင်း တခီးခီးနှင့် ရယ်နေပြန်သည်။ ထိုနေ့က မုံးကိုး အထက်မှ 'ဖောင်းဆိုင်' ခေါ် ရွာလေးတစ်ရွာအရောက် နာရီအနည်းငယ်သာ ခရီးပေါက်ခဲ့ပြီး အပေါ်သို့ တက်လာသည်နှင့်အမျှ ဗုံးသံ၊ အမြောက်သံတွေကို ရှင်းရှင်းလင်းလင်း ကြားလာသဖြင့် တိုက်ပွဲကြမ်းနေပုံရသည်။ တစ်တောလုံး တစ်တောင်လုံး အမြောက်သံ စိန်ပြောင်းသံတွေ ပဲ့တင်ထပ်နေသည်။ ဗမာစစ်တပ်ဘက်မှ အလုံးအရင်းနှင့် ပြန်လည် ထိုးစစ်ဆင်နေရာ၊ ဗကပတပ်ဖွဲ့တွေ တောင့်ခံနိုင်ပါ့မလား ကျွန်ုပ် သိချင်နေသည်။

'ဖောင်းဆိုင်' ကား ရွာကြီးဖြစ်သော်လည်း အိမ်ခြေ (၁၆၀) ခန့်ရှိသော ရွာအို၊ ရွာဟောင်းကြီး ဖြစ်သည်။ အုတ်နှင့် ဆောက်ထားသော မူလတန်းကျောင်းတစ်ကျောင်းနှင့် သက်ငယ်မိုး ဝါးထရံကာ ဈေးကြီးတစ်ဈေး ရှိသည်။ ဆန်မိုင်က ကျွန်ုပ်ကို အခိုင်အမာ ဆောက်ထားသော်လည်း အိုဟောင်းနေသော နှစ်ထပ်တိုက်သို့ ခေါ်သွားရာ အဆိုပါ အဆောက်အအုံမှာ ကချင်ဒူဝါ (သို့) ကချင်နယ်စားကြီးတစ်ယောက် နေထိုင်ရာ စံအိမ်တော် ဖြစ်ပြီး ၁၉၆၈ ခုနှစ် ဗကပတပ်တွေ ဝင်သိမ်းလိုက်သဖြင့် ထွက်ပြေးသွားသော ကချင်နယ်စားကြီး၏ စံအိမ်တော်တွင် ကွန်မြူနစ်တွေက အကောက်ခွန်ရုံး လုပ်လိုက်သည်။

အသက် (၂၀) ကျော်၊ ဂျင်းဘောင်းဘီအပြာနှင့် စစ်အင်္ကျီဝတ်ထားသော ဝ,အရာရှိ ပေါက်စ (၂) ယောက်က ကျွန်ုပ်တို့ကို သံဘူးအချိုရေဘူးတွေနှင့် ဧည့်ခံရာ ကျွန်ုပ်က အသံဖမ်းစက်ကို ဖွင့်ထားပြီး စီစီဝမ်အခြေအနေနှင့် ပတ်သက်ပြီး သူတို့ဆီက သတင်းကို အစ်အောက်ထုတ်ကြည့်သည်။ သို့ပေမဲ့ အဝေးက ရိုင်ဖယ်သေနတ်သံတွေနှင့် ကျောင်းသားလေးတွေ ဘောလုံး ကစားရာမှ ဆူညံသံတွေလည်း ကြားနေရသည်။ ကွန်မြူနစ်ပါတီက ဤနေရာ၊ ဤဒေသတွင် အခွန်ကောက်နေသည် ဆိုသော်လည်း ဒေသခံတို့၏ ကျန်းမာရေးနှင့် မိလ္လာစနစ်ကို အလျှင်းရရုံကိုပဲမရ။ ရွာထဲမှာ အိမ်သာလုံးဝမရှိ၊ နောက်ဖေးနောက်ဖို သွားချင်ရင် ချုံပုတ်ထဲ တိုးကြြပီး ဝက်တွေက တအင့်အင့်နှင့် လိုက်လာကာ မစင်တွေကို တုတ်ပစ်လိုက်ကြသည်။ ထိုမှ ရှေ့ခရီးကား တရုတ်ပြည် နယ်စပ်နှင့်အပြိုင် ဖြစ်သည်။ နယ်ခြားစည်းရိုး မရှိ၊ အမှတ်အသားမရှိ၊ လုံခြုံရေး ကင်းစခန်းတွေ မရှိ။ သို့ပေမဲ့ စိုက်ပျိုးရေး သီးနှံပင်တွေကို ကြည့်ခြင်းဖြင့် အလွယ်တကူ ခွဲခြားနိုင်လေရာ မြန်မာဘက်ခြမ်းတွင် မျက်စိတဆုံး ဘိန်းခင်းကြီးတွေ ဖုံးလွှမ်းနေပြီး တရုတ်ဘက်တွင်မူ

www.nyisay.com

**ကိုးကန့်ဒေသမှ ဘိန်းစိုက်ခင်း။**

တောင်ပေါ် စပါးစိုက်ခင်းတွေနှင့် ပြည့်နှက်နေလေသည်။ ဤ၌ ကျွန်ုပ်တို့ လုံခြုံရေး တပ်စိတ်၏ တပ်စိတ်မှူးမှာ အသက်(၂၅)နှစ်ခန့်ရှိ ဆမ်လော ဆိုသူ ရှမ်းလူငယ် တစ်ယောက်ဖြစ်ပြီး လူမျိုးပေါင်းစုံ နေထိုင်သောနေရာတွင် နေလာခဲ့ရသဖြင့် ရှမ်းစကား အပြင် တရုတ်၊ ကချင်၊ ပလောင်နှင့် ဗမာစကားတို့ကိုပါ ပြောနိုင်ကြောင်း သိရသည်။ အရပ်ရှည်၍ တွေ့နေကျ ရှမ်းတွေထက် အသားပိုဖြူပြီး စကားကို တိုးတိုးညင်ညင် ပြောတတ်သလို ထိန်းရ ကျောင်းရခက်သော ဝ,စစ်သား ကောင်လေးတွေအပေါ်လည်း တပြေးညီ ဆက်ဆံတတ်သဖြင့် သူ့ကို ကျွန်ုပ် မလေးစားဘဲ မနေနိုင်။ ကျွန်ုပ် ဇနီးသည်လည်း ရှမ်းအမျိုးသမီးဖြစ်ကြောင်း ပြောပြသည့်အခါ သူက ကျွန်ုပ်ကို ယောက်ဖဟု ခေါ်သည်။ ကျွန်ုပ်တို့ ဖြတ်လာခဲ့သော တောင်ကြောမှာ သစ်ပင်လုံးဝ မရှိ။ ဘိန်းခင်းတွေကြားမှာ ရှည်ရှည်ဖားဖား မြက်ရိုင်းတွေ တောထနေသည်။ ဒေသခံများမှာ တရုတ်၊ ကချင်နှင့် ပလောင်တို့ ရောပြွမ်းနေပြီး ရွာတွေအားလုံး စုတ်ပြတ်မွဲတေနေသည်။ ကချင်ရွာတစ်ရွာတွင် နေ့လယ်စာစားဖို့ နားလိုက်ကြပြီး သျှောင်းယန်က ခေါက်ဆွဲနှင့် စည်သွတ် အသားဘူးတို့ကို ချက်ပြုတ်နေခိုက် အမြောက်သံ ဗုံးသံတွေ ကြားလိုက်ရပြန်သည်။

''အသံက နီးလိမ့်မယ် ထင်တယ်''

တဲတစ်လုံးထဲက ထွက်လာသော ဆန်မိုင်ကို ကျွန်ုပ် ပြောလိုက်သည်။

''မုံးကိုး မဖြစ်နိုင်ဘူးလား''

www.nyisay.com





သံဝါယာကြိုးနှင့်ချည်ထားရသော သံလွင်မြစ်ကူးကူးတို့။

''မုံးကိုးနဲ့ (၂၅) ကီလိုမီတာလောက် ဝေးတာဆို ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါတောင်တွေပေါ်က ကြားရတာ အသံပိုကျယ်နေတတ်တယ်''

ဘယ်နေရာမှာ တိုက်ပွဲဖြစ်နေမှန်း နေရာအတိအကျ မသိနိုင်သဖြင့် စိုးရိမ်သောက ဖြစ်ရသည်။ ဆန်မိုင်က စကားများများ မပြောသည့်တိုင် စိတ်လှုပ်ရှားနေကြောင်း ကျွန်ုပ်သိသည်။ လားတွေကို မြစ်ဘက် ဆွဲခေါ်သွားနေသော ဝ,စစ်သားလေးတွေလည်း ကြောက်နေကြသည်။

''ကူးတို့ပေါ် လားတွေတင်ရင် ဒီကောင်တွေက ကန်တတ်တယ်၊ ဝေးဝေးနောက် ဆုတ်နေ''

စစ်သားလေးတစ်ယောက်က လားလည်ပင်းကို ကြိုးနှင့် သိုင်းချည်လိုက်ပြီး နောက်တစ်ယောက်က ပါးချပ်ကြိုးကို ချည်၍ ဆောင့်ဆွဲလိုက်သည်နှင့် လားက နောက် ခြေထောက်နှစ်ဖက်နှင့် ကန်တော့သည်။ သို့ပေမဲ့ ကန်လိုက်တိုင်း ပါးချပ်ကြိုးကို ဆောင့်ဆွဲနေရာ လားလည်း ကြာလာတော့ မခံနိုင်ဘဲ ငြိမ်သွားသဖြင့် ဖောင်ပေါ်သို့ ဆွဲတင်လိုက်ကြသည်။ သို့ပေမဲ့ ဖောင်ပေါ်ရောက်သွားသည်နှင့် ဖောင်က ရေပေါ်မှာ ယိမ်းထိုးနေသဖြင့် လားလည်း ကြောက်လန့်ပြီး ချွေးတွေ ရွှဲနစ်နေကာ တုတ်တုတ်မျှ မလှုပ်တော့ပေ။ ထို နည်းဖြင့် အခြားလား (၂) ကောင်ကိုလည်း ဖောင်ပေါ်တင်ကာ ပြီးနောက် ကျွန်ုပ်တို့ လည်း တက်ကြသည်။ သို့ပေမဲ့ လားတွေနှင့် ခပ်ခွာခွာနေပြီး ဆောင့်ကြောင့်ထိုင်နေကြ

www.nyisay.com



ရသည်။ ကူးတို့သမားက ကြိုးကို ဆွဲလိုက်သည့်အခါ ဖောင်က ကမ်းခြေမှ ရှောကနဲ မျောသွားပြီး ရေစီးသန်သဖြင့် ဖောင်ထိပ်တွင် တဟဲဟဲနှင့် ဝဲကတော့ ထိုးနေသည်။ ကူးတို့သဲမားက ရေစီးကို ဆန်၍ ကြိုးကို လက်မောင်းကြွက်သားကြီးတွေ ထောင်းထောင်းထအောင် ဆွဲနေရသလို မြစ်ပြင်ပေါ်တွင် သွယ်တန်းထားသော သံဝါယာကြိုးကြီးကလည်း တောင့်နေပြီး တကျိကျိနှင့် အသံထွက်လာသည်။

တစ်ဖက်ကမ်းကပ်သည့်အခါ လားတွေကို ကြိုးဖြေပေးပြီး မြေကြီးပေါ် လွှတ်လိုက်သည်။ သို့ပေမဲ့ ဖောင်က ကိုးရိုးကားယားနှင့် ဆိုက်ကပ်လိုက်သဖြင့် ရေထဲသို့ ပြန်ရှောကျသွားသဖြင့် ဖောင်ပေါ်က လူတွေ ဝိုင်းအော်လိုက်ကြပြီး ကူးတို့သမားက ကျွမ်းကျင်စွာဖြင့် ဖောင်ကို ကမ်းကပ်ပေးပြီးခါမှ စစ်သားတွေ ခုန်ဆင်းပြီး စောစောက ရေထဲနစ်နေသော လားကို ကုန်းပေါ် ဆွဲတင်ကြရသည်။

မြစ်ကူးရာတွင် တစ်နာရီကျော်မျှ ကြာခဲ့သော်လည်း သံလွင် ဒီဘက်ကမ်းရောက်သည်နှင့် အေးအေးဆေးဆေး ဖြစ်သွားသည်။ မြန်မာစစ်တပ်ဘက်က မုံးကိုးနှင့် မုံးပေါ်အထိ စစ်ထိုးဖို့ ဆုံးဖြတ်ထားလျှင်တောင် သံလွင် ဒီဘက်ကမ်းကို ဖြတ်ရဲမည်မဟုတ်။ အရှေ့ဘက်ကမ်းတွင် ပိတ်မိသွားနိုင်သလို ကူတို့ဖောင်ကူးသည့် သံဝါယာကြိုးကို ဖြတ်ပစ်လိုက်နိုင်သည်ဖြစ်၍ ဒီဘက်ကမ်းအထိ စွန့်စား၍ ကူးလာမည် မဟုတ်။

လျှိုစောက်ကြီးတစ်ဖက်သို့ ကျွန်ုပ်တို့ စတင်တက်လာသည့်အခါ ဆည်းဆာက ပြိုလာလေပြီ။ မွန်းလွဲချိန် ခြစ်ခြစ်တောက် ပူနေရာမှ အေးမြသော ညနေလေပြည်တွေ တိုးဝှေ့လာပြီး နေလုံးကြီးက ကောင်းကင်ဟိုမှာဘက်ကို လျောဆင်းသွားချိန်တွင်မူ သံလွင်ကား လက်လက်ထနေသော ဘော်ကြိုးလေးတစ်ချောင်းလို အဝေးမှာ စီးဆင်းနေတော့သည်။

တောင်ပေါ်သို့ တဖြည်းဖြည်း တက်လာကြရာ စစ်သားလေးတွေက ရှေ့ချလွယ်ထားသော ရိုင်ဖယ်သေနတ်ပေါ်မှာ လက်နှစ်ဖက်ကို တင်ရင်း ဟောဟဲလိုက်၍ လျှောက်လာကြသည်။ ဤတွင် 'လစ်ဗာပူး 33'က စစ်ချီသီချင်းတစ်ပုဒ်ကို ဟန်နှင့်ပန်နှင့် အော်ဆို လိုက်သော်လည်း ဟပ်ထိုး မောနေသဖြင့် အသံက တိမ်ဝင်၍ ပျောက်သွားသည်။ သံလွင်ကား လျှိုစောက်ကြီးပေါ်သို့ ကျွန်ုပ်တို့ တက်လာသည်နှင့်အမျှ အောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး တစ်ဖက်ကမ်းမှ ချောက်နံရံကြီးကို မြင်နေရသဖြင့်လည်း ကျွန်ုပ်တို့ ခရီး ဘယ်လောက်ပေါက်ခဲ့ပြီကို တိုင်းတာနိုင်သည်။ ချုပ်ညှ ဆည်းဆာအောက်တွင် ရုန်း၍ တက်နေရာက တစ်ခါက အမေရိကန်မှ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအရာရှိတစ်ယောက်နှင့် ဗန်ကောက်တွင် အင်တာဗျူးခဲ့သည်ကို သတိရမိလိုက်သည်။ မြန်မာပြည်က မူးယစ်ဆေးဝါးတွေ၊ တောင်ဘက် တနင်္သာရီ ကမ်းရိုးတန်းမှတစ်ဆင့်၊ မလေးရှားနှင့် စင်္ကာပူသို့ ပို့ရာတွင် သံလွင်မြစ်မှ ဝါးဖောင်တွေနှင့် မျောဆင်းလာပြီး

www.nyisay.com



ထိုမှ ဖော်ပြ ပါနိုင်ငံများဆီသို့ ဆက်လက် ပို့နေကြောင်း အလေးအနက် ပြောခဲ့ဖူးသည်။ သို့ရာတွင် ဘိန်းကဲ့သို့ တန်ဖိုးကြီးသော ပစ္စည်းမျိုးကို မဆိုထားနှင့် သာမန်ကုန်ပစ္စည်းတို့ကို သဲလွင်မြစ်ကြောင်းမှ တင်ပို့ဖို့ဆိုသည်မှာ အန္တရာယ်များလွန်းသည်ဖြစ်၍ အမေရိကန်အရာရှိ ၏မှတ်ချက်ကို အံ့သြရသည်။ အမှန်အားဖြင့် ဘိန်းကုန်သည်တွေ ဖြတ်သွားနိုင်သော အဓိကအချက်မှာ မြစ်ကို ဖြတ်ကူးနိုင်သည့်နေရာအချို့ကို ခြေကုပ်ယူထားနိုင်လို့ပဲ ဖြစ်သည်။ အရောင်းအဝယ် ကောင်းခဲ့သည့်အခါက မော်လမြိုင်မြစ်ဝမှ မြစ်ညာဘက် ကီလိုမီတာ (၁၅၀) အထိ ရေကြောင်းဖြင့် သွားနိုင်ခဲ့သည်။ တစ်နည်းအားဖြင့် အစိုးရ ထိန်းချုပ်ထားသော မြစ်ကမ်းတစ်လျှောက် ရေယာဉ်ဖြင့် သွားနိုင်သည်။

ထိုစဉ်က ကျွန်ုပ်ကသာ အင်တာဗျူးခဲ့သည် မဟုတ် အမေရိကန်အရာရှိကလည်း ကျွန်ုပ်ကိုပင် တန်ပြန်, ပြန်၍ ဗျူးလိုက်ပါသေးသည်။

''နွေရာသီဆိုရင်ကော ဘယ်လိုထင်လဲ၊ ရာသီနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုထင်လဲ၊ သူတို့အတွက် ပိုပြီး မလွယ်ဘူးလား''

''မလွယ်ပါဘူး၊ ပိုပြီးတော့တောင် အန္တရာယ်များဦးမယ်၊ ရေအောက်က ကျောက်ဆောင်တွေများတော့ ဖောင်နဲ့ဝင်ဆောင့်နိုင်တာကြောင့် ပိုပြီး အန္တရာယ်များပါတယ်''

''ဒါဆိုရင် ကမ်းခြေကရော မဖြစ်နိုင်ဘူးလား၊ ဘိန်းကုန်သည်တွေက မြစ်ကြောင်းကို သုံးပြီး ကမ်းတစ်လျှောက်ကနေ မူးယစ်ဆေးတွေ ပို့နိုင်ကာတော့ သေချာတယ်လေ''

သံရေး တမန်ရေး အချက်အလက်တို့ကို စောင့်သိလေးစားသောအားဖြင့် သူ့အမေးကို ကျွန်ုပ်က သွယ်ဝိုက်၍ပင် အဖြေပေးလိုက်သည်။

''ခင်ဗျားမှာ အဝေးထိန်းစနစ်နဲ့ ထိန်းချုပ်ပြီး ဝန်တင်ဖို့အတွက် လေ့ကျင့်ထားတဲ့ တောင်ဆိတ်တွေ ရှိတယ်ဆိုရင်တော့ ရနိုင်ပါတယ်။ ဒါပေမဲ့ အရှည်လျားဆုံး ကျောက်တောင်တက် ခရီးစဲခရီးနှိမ်ယူဖို့ ကြိုးစားနေတာ မဟုတ်ရင်တော့ စိတ်မှန်သေးတဲ့သူ ဘယ်သူမှ သဲလွင်မြစ်ကမ်းတစ်လျှောက်ကနေ လမ်းလျှောက်ဖို့ ကြိုးစားမှာ မဟုတ်ပါဘူး''

အင်တာဗျူးမှတစ်ဆင့် ဤနေရာ ဒေသတစ်ဝိုက်တွင် မူးယစ်ဆေးဝါး တိုက်ဖျက်နေကြသော ကိစ္စတို့နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက မသိကျိုးကျွံပြုနေတာတွေဆီ စိတ်ရောက်သွားပြန်သည်။ နိုင်ငံခြားသား အရာရှိကြီးတွေက ဘန်ကောက်နှင့် ရန်ကုန်မှ လေအေးပေးစက်နှင့် ရုံးခန်းကြီးတွေထဲမှာ ထိုင်ပြီး အလုပ်, လုပ်နေကြသည်။ သို့ပေမဲ့ ဒေသအခြေအနေတွေအကြောင်း အတွေ့အကြုံလည်း မရှိ၊ နားလည်ဖို့လည်း မကြိုးစား။ သူတို့ဆီ ရောက်လာသည့် သတင်းအချက်အလက်တွေ ဆိုတာကလည်း အိမ်ရှင်နိုင်ငံ အစိုးရ အရာရှိတွေဆီက အများဆုံးဖြစ်ပြီး ဒေသခံသတင်းပေး တချို့ဆီကလည်း ရတတ်ကြသည်။ သို့ရာတွင် အစိုးရဆိုတာကလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို သူ့အကျက်နဲ့သူ ကစားနေသလို၊ သတင်းပေးတွေကလည်း ဝ,ဒေသ

www.nyisay.com



က မူးယစ်ဆေးဝါးကိစ္စဆိုသည်ထက် ဒေါ်လာရဖို့သာ စိတ်ဝင်စားသူတွေ။ ဆိုခဲ့သလို မရေမရာ အချက်အလက်နှင့် လုပ်ကြံဖန်တီးထားသော သတင်းပေးပို့ချက်တွေပေါ် အခြေခံပြီး နိုင်ငံခြားအရာရှိကြီးတွေက ဧရာမ မဟာဗျူဟာကြီးတွေ ရေးဆွဲ၍ အကောင်အထည် ဖော်လိုက်ကြရာ အရှေ့တောင်အာရှ၊ ဩစတြေးလျှနှင့် အမေရိကန်နိုင်ငံများသို့ ဘိန်းဖြူတွေ အဆက်မပြတ် ဝင်လာနေသည်မှာ အံ့သြစရာ မလိုတော့ပါ။

တအိအိနှင့် တက်လာရင်း ကျွန်ုပ် ခြေကုန်လက်ပန်းကျလာရာမှ သည်းမခံနိုင်လောက်အောင် မောလာသည်။ ဟိုးအဝေး စီစီဝမ် (သို့) မုံးပေါ်မှ ဝုန်းခနဲ လက်နက်ကြီးပေါက်ကွဲသံတစ်ချက်ကြောင့် ကျွန်ုပ်အတွေးတွေ လှုပ်ကျသွားသည်။

"တိုက်ပွဲ ဖြစ်နေတုန်းပဲ"

ဆန်မိုင်ကို ကျွန်ုပ် ပြောလိုက်သည်။

"ဒါပေမဲ့ ကျွန်တော်တို့က စိတ်ချရပါပြီ၊ မုံးကိုး ဒါမှမဟုတ် ဖောင်းဆိုင်အထိ သူတို့ ထိုးဖောက်လာနိုင်ရင်တောင် ရွှေသံလွင် ဒီဘက်ခြမ်းကို ကူးမှာမဟုတ်ဘူး။ ဒါပေမဲ့ မုံးပေါ်မှာ ကျွန်တော်တို့ လက်နက်ကြီးတွေ အများကြီးရှိတာကြောင့် သူတို့ ကပ်လာနိုင်မယ် မထင်ဘူး"

နောက်ထပ် တစ်နာရီမျှ ဆက်တိုက်တက်လာပြီးနောက် မဆုံးနိုင်အောင် ကွေ့ကောက်လာသော လမ်းလေးကား ပြေညီသွားပြီး လျှိုစောက်ကြီး၏ အရှေ့ဘက် နှုတ်ခမ်းသို့ ရောက်လာတော့သည်။ ပတ်ဝန်းကျင်က တောင်စဉ်တောင်ထွတ်ကြီးတို့၏ ဟိုမှာဘက်တွင် 'လ'ထွက်လာနေပြီး တောင်များ၏ အရိပ်က ကျွန်ုပ်တို့ဘက်ကို မိုးကျနေသည်။ ဟိုးအဝေးတွင် တဖျတ်ဖျတ် တောက်နေသော မီးတောက်လေးက ကြယ်လေးတစ်လုံးလို လင်းလက်နေပြီး ခွေးဟောင်သံ တစ်ချက်ကြားလိုက်ရသည်။

ကျွန်ုပ်တို့၏ တစ်နေ့တာ ခရီးဆုံးဖြစ်သော 'ပန်းခုရှမ်း' ရွာ မရောက်သေးသဖြင့် နား၍မရသေး၊ သံလွင်မြစ်ကူးလာပြီး ကိုးကန့်ဒေသတွင် ပထမဆုံး တွေ့သောရွာဖြစ်ပြီး ကျောက်ခင်းလမ်းလေးအတိုင်း ရွာထဲသို့ ကျွန်ုပ်တို့ဝင်လိုက်သည်တွင် ရွာခွေးတစ်အုပ် ကျွန်ုပ်တို့ဆီ ကမူးရူးထိုးနှင့် ကိုက်ဖို့ ပြေးလာရာ ကျွန်ုပ်တို့က ခဲတွေနှင့် ကောက်ပေါက်လိုက်ခါမှ တဂိန်ဂိန်နှင့် အော်ပြီး အမြီးကုပ်ပြန်သွားသည်။ သို့ရာတွင် ကျွန်ုပ်တို့ ဖြတ်လာသော အိမ်တိုင်းလိုလိုတွင် ခွေးလေခွေးလွှင့် လေးငါးခြောက်ကောင် ရှိနေပုံရသည်။ မြန်မာပြည်မြောက်ပိုင်းမှ ကျွန်ုပ်တွေ့ခဲ့သမျှ တရုတ်ရွာတွေထဲမှာ ပန်းခုရှမ်းရွာကား အိမ်တွေ ပြွတ်သိပ် ကျပ်ညပ်နေပြီး ဆင်းရဲမွဲတေ၍ ပျက်စီးယိုယွင်းနေသည်မှာ တွေ့ရ မြင်ရသော ရွာဝက်မည်းမည်းတွေပင်လျှင် အစာရေစာ ဝလင်ပုံမရ၊ ပိန်ကပ်ပြီး ဝမ်းပျဉ်း ဗိုက်သားတွေ တွဲကျနေသည်။

www.nyisay.com



ဆန်းမိုင်က အိမ်တစ်အိမ်သို့ ခေါ်သွားရာ ရှေ့ဝင်ပေါက်ဝတွင် မြင်းနှင့် ကျဲတွေ ပိတ်ရပ်နေသဖြင့် နောက်က အဆောက်အအုံမှာ မြင်းဇောင်းဖြစ်မည် ထင်လိုက်သော်လည်း ဝင်သွားကာမှ လူတွေ နေ,နေကြသဖြင့် ကျွန်ုပ် အံ့အားသင့်သွားသည်။ အိမ်ထဲတွင် အသက် ဘယ်ရွေ့ဘယ်မျှ မခန့်မှန်းနိုင်သော လူလေးယောက်၊ လယ်သမားတွေ ဝတ်သော အပြာရောင် တရုတ်ဘောင်းဘီ၊ အင်္ကျီတွေနှင့်။ သို့ပေမဲ့ အဝတ်အစားတွေက စုတ်ပြတ် ပေရေနေပြီး မီးဖိုဘေးနားမှာ သစ်သား ခွေခြေပုလေးတွေနှင့် ဝိုင်းထိုင်နေကြသည်။ မီးဖိုပေါ်က သံဖိုခုံလောက်ပေါ်တွင်မူ ကြပ်ခိုးတွေနှင့် မည်းတူးနေသော ရေနွေးခရားအိုး တစ်လုံး၊ လက်ထဲမှာလည်း လက်ဖက်ရည် အကြမ်းပန်းကန်ကိုယ်စီနှင့် တိတ်ဆိတ်လျက်၊ ကျွန်ုပ်တို့ ဝင်လာသည်ကိုပင် အပင်ပန်းခံပြီး မော့မကြည့်ကြ။

ကျွန်ုပ် စိုးရိမ်မှုကို သတိထားမိသော ဆန်မိုင်က အားပါးတရ ပြုံး၍ ဗမာလို တစ်ခုခု ပြောလိုက်သည်။ သူ့စကားမှာ ''ဟေ့... မိတ်ဆွေဟောင်းကြီးတွေ၊ ကျုပ်တို့ ရောက်လာတာ ဝမ်းမသာဘူးလား... စသဖြင့် အဓိပ္ပာယ်ဆောင်သည်ကို ကျွန်ုပ် မှန်းဆ ရသော်လည်း ဘောင်းဘီပွနှင့် တရုတ်ကြီးတွေက သူ့စကားကို နကန်းတစ်လုံးမှ နားမလည်တာ ထင်ရှားသဖြင့် ကျွန်ုပ်တို့အဖွဲ့ထဲက တရုတ်စကားပြောနိုင်သူ ဆမ်လောကို အပြေးသွားခေါ်ရသည်။ ဆမ်လော ရောက်လာပြီး သူ့အမူအကျင့်အတိုင်း တိုးတိုးညင်ညင်နှင့် အကျိုးအကြောင်းပြောပြခါမှ တရုတ်ကြီးတွေဆီက မပွင့်တပွင့်နှင့် သုံးလေးခွန်း ပြန်ကြား ရတော့သည်။ ဘာပဲဖြစ်ဖြစ် တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်၍တော့ ရသွားပြီ။

''သူကပြောတယ်၊ ဒီအိမ်က ရွာသူကြီးအိမ်တဲ့၊ ဒီနေ့ည ဒီမှာပဲ ကျွန်တော်တို့ တည်းကြမယ်၊ မနက်ကျရင် သူတို့ လမ်းပြတစ်ယောက်နဲ့ကို ချူလူချိုင်းရွာအထိ ထည့်ပေးလိမ့်မယ်။ အဲ့ဒီကမှ ကိုးကန့်ဌာနချုပ်ကို (၃) ရက် လမ်းလျှောက်ရဦးမယ်''

သျှောင်းယန်က အခန်းထောင့်တစ်ထောင့်မှ သစ်သားခုံတန်းတစ်ခုပေါ်တွင် ကျွန်ုပ် အတွက် အိပ်ရာပြင်ဆင်ပေးသည်။ တစ်အိမ်လုံး ကျဲအနံ့၊ မြင်းအနံ့နှင့် ဝက်အနံ့တွေ နံဟောင်နေပြီး ကျွန်ုပ် ခြံအိပ်ဖို့ ပေးထားသည့် စောင်ဆိုတာမှာလည်း ကြမ်းပိုးတွေ၊ သန်းတွေ အုံခဲနေသည်။ သို့ဖြစ်၍ ယနေ့ည အိပ်ပျော်ဖို့ဆိုလျှင် ဆေးကူမှ ရတော့မည်ဖြစ်၍ မုံးကိုးမှ ဝယ်လာသော တရုတ် ဘရန်ဒီတစ်ပုလင်းကို ကျွန်ုပ် ထုတ်လိုက်သည်။ အိမ်ရှင်တရုတ်ကြီးတစ်ယောက်က ညစ်ပတ်ပေရေနေသော ဖန်ခွက်တစ်ခွက်ကို အနားက ကောက်ယူတဲ့ပြီး သူ့လက်မည်းမည်းကြီးနှင့် ဖန်ခွက်နှုတ်ခမ်းကို ပွတ်ပြီး ကျွန်ုပ်ဆီ ကမ်းလိုက်သည်။ ကျွန်ုပ်က လှမ်းယူရင်း ကျေးဇူးတင်ကြောင်းပြောရာ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးနေရပါသော်လည်း စိတ်ထဲတွင်မူ ဘရန်ဒီအရက်က ဖန်ခွက်က ပိုးတွေကိုတော့ သတ်နိုင်လောက်အောင် ပြင်းပါစေဟု ဆုတောင်းနေရသည်။

www.nyisay.com



ကျွန်ုပ်က သူတို့ဆီ ပုလင်းကမ်းပေးလိုက်ရာ သူတို့လက်ထဲက လက်ဖက်ရည်အကြမ်းပန်းကန်ကို ကြမ်းပေါ်သွန်ပစ်ပြီး ဘရန်ဒီတစ်ပန်းကန်စီ ထည့်ကြသည်။ ပြီးနောက် အညိုရောင်အရက်ကို ကြည့်ပြီး ရှူးခနဲ နှာခေါင်းနှင့် တစ်ချက် နမ်းကြည့်ပြီး မရဲတရဲနှင့် ငုံနေကြရာ ဆန်မိုင်က ကျွန်ုပ်ကို ပြုံးကြည့်သည်။

"သူတို့က ဆန်အရက်၊ ပြောင်းအရက်တွေပဲ သောက်ဖူးကြတာဆိုတော့ ဒါက အသစ်အဆန်း ဖြစ်နေတယ်"

ဘရန်ဒီသောက်ကြရာတွင် တစ်ယောက်သောသူက နှာခေါင်းကို ဘယ်ဘက်လက်မှ လက်ညှိုးဖြင့် ညှစ်ပိတ်၍ သောက်သည်။ အခြားတစ်ယောက်က မျက်နှာတစ်ခုလုံး ရှုံ့မဲ့၍ သောက်သည်။ နောက်ထပ် တစ်ယောက်သာလျှင် ကြိုက်ကြောင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ဘရန်ဒီတစ်ပုလင်းကို ကျွန်ုပ်တို့ ဝိုင်းဖြိုနေခိုက် တစ်ယောက်က အဝေးက သူတို့ကြားခဲ့ရသော သေနတ်သံတွေအကြောင်း မေးရာ ဆန်လောက စကားပြန်လုပ်၍ ဆန်းမိုင်က ဖောက်ပြန်ရေးသမားအစိုးရစစ်တပ်တွေနှင့် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့ တိုက်ပွဲဖြစ်ကြောင်း ရှင်းပြရာ ဒီအကြောင်းတွေ တစ်ခါမှ မကြားဖူးသလို နဖူးကြောကြီးတွေ တွန့်ပြီး နားဝေတိမ်တောင်နှင့် နားထောင်နေကြသည်။ ကျွန်ုပ်က နိုင်ငံရေးကိစ္စတွေက လမ်းကြောင်းလွဲလိုသဖြင့် အသံဖမ်းစက်ကို ထုတ်ပြီး ဖွင့်လိုက်ရာ အခန်းတစ်ခန်းလုံး သေနတ်သံ၊ အမြောက်သံ၊ စိန်ပြောင်းသံတွေ ဝုန်းဒိုင်းကြဲနေလေရာ ပေါက်ဖော်ကြီးတွေအားလုံး 'ဟော' သေနတ်သံတွေ ကြားရပြန်ပြီ ဆိုသော သဘောနှင့် လက်ညှိုး ထောင်သူကထောင်၊ မျက်မှောင်ကြီးတွေ ကျုံ့၍ နားစွင့်နေကြပြီး တိုးတိုးတိုးတိုးနှင့် သူတို့အချင်းချင်း ထင်ကြေးတွေ ဖလှယ်နေကြလေသည်။

ထိုတစ်ညက အိပ်ရာမဝင်မီ ရေနံဆီ မီးခွက်နှင့် ဒိုင်ယာရီကို ယခုလို ကျွန်ုပ် ရေးမှတ်လိုက်သည်။

*တနင်္ဂနွေ၊ နိဝင်ဘာ (၂၂)၊ ၁၉၈၆၊ ယနေ့ ကိုးကန့်သို့ရောက်၊ တရုတ်လူမျိုးတွေ နေထိုင်ကြသော်လည်း အတော်ပင် ဆင်းရဲမွဲတေပုံရသည်။ နွားတွေ၊ ဝက်တွေ၊ ကြက်တွေ၊ လားတွေ၊ ကျွဲတွေ၊ ခွေးဝဲစားတွေနှင့် လူတွေ အားလုံး အတူနေ အတူအိပ်ကြသည်။ ဆန်စားသုံးခြင်း မရှိ။ ပြောင်းဖူး၊ ဖရုံသီး၊ မုန်ညင်း၊ ငရုတ်သီး စသည်တို့ကိုသာ စိုက်ပျိုးကြပုံရသည်။ နှစ်ပေါင်းများစွာအတွင်း ဤဒေသသို့ ပထမဆုံး ရောက်လာသော နိုင်ငံခြားသားမှာ ကျွန်ုပ်ဖြစ်သည်။ သို့ပေမဲ့ ထိုသူသည် အထာမကျ၊ မြင်းဇောင်းမှာ မအိပ်ချင်သူ ဖြစ်သည်။*

ပန်းခုရှမ်းမှ ရင်သပ်ရှုမောဖွယ်ရာ ကျစ်တီးတောင်ကြီးများနှင့် မြစ်ဝှမ်းလျှိုစောက်ကြီးကို ကျော်ဖြတ်လာရာ ဘိန်းခင်းများ ဝိုင်းရံထားသော တောင်နံရံဘေးတစ်လျှောက်တွင်

www.nyisay.com



တည်ထားသော ရွာလေးတစ်ရွာသို့ ရောက်လာသည်။ အပင်များမှာ အစိုအည်သောက်လေးများပင် ထွက်နေပြီဖြစ်၍ နောက်တစ်လ၊ နှစ်လလောက်ဆိုလျှင် ဘိန်းပန်းတွေ ဝေဝေကြီး ပွင့်ကြလေတော့မည်။ ထိုအချိန်တွင် ဤနေရာမှာ ကျွန်ုပ် မရှိတော့သဖြင့် စိတ်မကောင်းဖြစ်ရသည်။ ဘိန်းပင်တွေကို လူသတ်အပင်တွေ ခေါ်သော်လည်း သူတို့တွေ ပွင့်လာသည့် အခါတွင်မူ ဖြူနီ ခရမ်း ပန်းပွင့်ကော်ဇောခင်းကြီးတွေလို စုတ်သပ်ရလောက်အောင် လှနိုင်လွန်းကြသည်။

ယနေ့အတွက် ကျွန်ုပ်တို့ခရီးဆုံးရွာမှာ 'ချူလျူချိုင်း' ရွာဖြစ်ပြီး နာရီအနည်းငယ်မျှသာ ခြေလျင်ခရီးရှိသည်ဖြစ်၍ နေ့မွန်းတည့်ချိန်တွင် ရောက်လာကြရာ၊ ရွှံ့အုတ်သရိုးနှင့် အိမ်တစ်လုံးတွင် တည်းခိုကြသည်။ အဆိုပါ အိမ်ပုံစံမှာ ကျွန်ုပ်တို့ မြင်နေတွေ့နေကြရှိမ်း၊ ကချင် (သို့) ဒေသခံ တိုင်းရင်းသားတို့ အိမ်တွေလို ခြေတံရှည်အိမ် မဟုတ်၊ တရုတ်ပုံစံဖြစ်၍ အဝင်တံခါးပေါက် တစ်ဖက်တစ်ချက်တွင်မူ အနီရောင် အောက်ခံတွင် အနက်ရောင်ဖြင့် ရေးထားသော တရုတ်စာတန်းပါ စာရွက်ကြီးတွေ ကပ်ထားသည်။ အိမ်ရှင်မှာ ဤဒေသတွင် ကြွယ်ပိုးကြွယ်ဝရှိသည် ဆိုနိုင်သော ကုန်သည်တစ်ဦး ဖြစ်သည်။ ဤ၌ ကျွန်ုပ် အံ့အားသင့်ရသည်မှာ ရွာအပြင်ဘက်တွင် အလိုအလျောက် ပန်းထွက်နေသော စမ်းရေတွင်းလေးတစ်တွင်း တွေ့ခဲ့ရပြီး ကျကျနန ရေချိုးခွင့်ရခဲ့သည်။ ကိုယ်လက်သန့်စင်ရာတွင် တရုတ်နည်းအရ ကြက်သီးနွေးနွေး ရေပူဇလုံထဲတွင် ပဝါငယ်လေးနှင့် မျက်နှာသစ်၍ ကိုယ်လက်သန့်စင်ခြင်းဖြစ်ရာ ကျွန်ုပ်တွင် ဆိုခဲ့သလို ပဝါလေးတွေ အတော်များများ စုမိလေသည်။ ပဝါတစ်ဖက်တွင် အင်္ဂလိပ်ဘာသာဖြင့် 'ဂွတ်မောနင်း' ဟု ရိုက်နှိပ်ထားပြီး တခြားတစ်ဖက်တွင်မူ ကျွန်ုပ်အထင် အင်္ဂလိပ်အဓိပ္ပာယ်အတိုင်း တရုတ်ဘာသာဖြင့် ဖော်ပြထားသည်။

ဆိုခဲ့သလို ရေနွေးဖြင့် ရေပတ်တိုက်၍ ကိုယ်လက်သန့်စင်နည်းမှာ အထူးသဖြင့် ချမ်းအေးသောညတွင်ဖြစ်စေ၊ နေ့အခါ၌ဖြစ်စေ၊ ခရီးရှည် ခြေလျင်လျှောက်လာပြီးနောက်၊ ဆိုခဲ့သလို ရေနွေးဖြင့် ကိုယ်လက်သန့်စင်လိုက်ရသည့်အခါ လူတစ်ကိုယ်လုံး လန်းဆန်းသွားသည်။ သို့ပေမဲ့ အေးစက်နေသော ယခု စမ်းရေတွင်းလေးတွင်မူ လုံချည်လဲဝတ်ပြီး ရေတွင်းနှုတ်ခမ်းဝတွင် ဆောင့်ကြောင့်ထိုင်ကာ အေးစက်နေသော ရေကို တစ်ခွက်ပြီး တစ်ခွက် လောင်းချိုးနေရာ ရွာထဲက ကလေးတစ်သိုက် ရောက်လာပြီး အသားဖြူဖြူ၊ အရပ်ရှည်ရှည်နှင့် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေသော ကျွန်ုပ်ကို ကြည့်ပြီး ဝိုင်းဟားနေကြလေသည်။

ချူလျူချိုင်းရွာတွင် ရယ်စရာမောစရာ နည်းလမ်းမရှိသည်မှာ အံ့သြစရာ မဟုတ်၊ တစ်ရွာလုံး၏ အဓိကအာရုံမှာ ကျွန်ုပ်တို့ တည်းအိမ်ဝန်းတွင်း တဲတစ်လုံးထဲတွင် ချည်ထား

www.nyisay.com



သော မြည်းဖြစ်သည်။ ၄င်းမြည်းမှာ ရိုးရိုးမြည်းမဟုတ်၊ သားစပ်မြည်းဖြစ်ပြီး မြည်းစောင်းထဲ ကျွန်ုပ်တို့ ရောက်သွားသည့်အခါ မြည်းကို တန်းတစ်တန်းတွင် ကြိုးဖြင့် ချည်ထားပြီး မြေကြီးကို ခွာဖြင့် တခွပ်ခွပ် ရှပ်၍ ဟီးနေသည်။ သို့ပေမဲ့ ထိုနေ့က သားတင်ပေးရမည့် မြည်းမ မရှိသဖြင့် ကျွန်ုပ်တို့ လာကြည့်ရကျိုး မနပ်။

''တော်တော်ကောင်းတဲ့လုပ်ငန်းပဲ''

ဆန်မိုင်က သူ့ထုံးစံအတိုင်း တည်တည်နှင့် ပြုံး၍ ပြောသည်။

''တရုတ်ကုန်သည်က ပိုက်ဆံယူပြီး သူ့မြည်းထီးနဲ့ သားစပ်ပေးတယ်။ ကိုးကန့်က ကုန်သည်တွေက မြည်းကို ပိုကြိုက်ကြတယ်၊ ဒီကောင်တွေက တောင်တက်တဲ့အခါ မြင်းထက် ပိုသန်မာတယ်''

ဤဒေသတစ်ဝိုက်တွင် နာမည်ကြီးလှသော သတ္တဝါကို ကျွန်ုပ်တို့ကြည့်ပြီး ပြန်လာခဲ့ကြသည်။ ဆန်မိုင်နှင့် သျှောင်းယန်တို့က မြေသားအခင်းပေါ်မှာပင် အိပ်ကြပြီး ကျွန်ုပ်ကို အထူးဧည့်သည်အဖြစ် သစ်ခုတင်နှင့် လှေးတွေ တွဲလောင်းခိုကပ်နေသော ဝါဂွမ်းစောင်တစ်ထည်ဖြင့် အိပ်စေရာ ကျွန်ုပ်တို့သောက်ဖို့ ပေးလာသော အရက်တွေအတွက် ကျွန်ုပ် ကျေနပ်မိပါ၏။ ဝစစ်သားတွေ ရွာထဲ ဘယ်နေရာမှာ စတည်းချကြသည်ကို ကျွန်ုပ်မသိ၊ သိအောင်လည်း ဒုက္ခခံပြီး သူတို့ကို မရှာချင်တော့။ သူတို့မှာ တာဝန်သိတတ်မှု မရှိ၊ ကျွန်ုပ် လုံခြုံရေးအတွက် ဘာတွေ လုပ်သင့်သည်ကိုလည်း နားမလည်ကြကုန်။ နောက်တစ်နေ့မနက်၊ ရှေ့ဆက်ခဲ့ ကြပါသော ခရီးကား ခြေကုန်လက်ပန်းကျခဲ့ရသော ခရီးဖြစ်သည်။ သစ်ကြီးဝါးကြီးတို့ ဗလာကျင်းလျက် ကိုင်းမြက်ပင်ရှည်ကြီးတို့သာ ထူထပ်နေသော တောင်တို့ကို ဖြတ်လျက် အရာဏ်မှ ခရီးစခဲ့ကြရာ လမ်းခရီးတစ်လျှောက်တွင်မူ ကုန်တင်လား၊ နွားတို့ဖြင့် ပလပ်စတစ် ခြေညှပ်ဖိနပ်၊ လက်နှိပ်ဓာတ်မီး ဓာတ်ခဲ စသဖြင့် တရုတ်ကုန်ပစ္စည်းတို့ တင်ဆောင်လာသော ကုန်သည်တချို့ကိုသာ တွေ့ခဲ့ရသည်။

ကျွန်ုပ်တို့ ဖြတ်သန်းလာသော ရွာတို့မှာလည်း ရွံ့နှင့် ကျောက်တုံးတို့ဖြင့် တည်ဆောက်ထားသော ခနော်နီ ခနော်နဲ့ အိမ်လေးတွေနှင့် ရွာသိမ်ရွာငယ်၊ ရွာဇနပုဒ်လေးတွေ။ သို့ပေမဲ့ ရွာတွေထဲက ကျွန်ုပ်တို့ ဖြတ်လာတိုင်း ထုံးစံအတိုင်း ဧည့်ဝတ်မပျက် ကြိုဆိုကြသူတွေကတော့ တဟဲဟဲနှင့် မာန်ဖီနေကြပါသော ရွာခွေးတွေ၊ နောက်က တရှူးရှူးနှာမှုတ်လိုက်လာတတ်သော ရွာဝက်မည်းမည်းတွေပဲ ဖြစ်သည်။

'တိန်ဂန်ဟို' ရွာငယ်လေးတစ်ရွာသည်သာ ပတ်ဝန်းကျင်က လှေခါးထစ်စိုက်ခင်းတွေ၊ ဝါးရုံတောကြီးတွေနှင့် လယ်သမားရွာနှင့် တူသဖြင့် တစ်အိုးတစ်အောင့် နားရင်း လက်ဖက်ရည်ကြမ်းသောက်ဖို့ ကျွန်ုပ်တို့ ရပ်လိုက်ကြသည်။ ကျွန်ုပ်တို့ မြည်းတွေကို အိမ်တစ်အိမ်ရှေ့ ဝန်းထဲတွင် လံထားခဲ့ပြီး အိမ်ထဲဝင်ကြပြီး မီးလင်းဖိုဘေးတွင် ထိုင်ကြသည်။ အိမ်ထဲတွင် ပိန်ညှော်ညှော် မျက်နှာတွင် အရေးအကြောင်းတွေ တွန့်လိမ်လျက်၊

www.nyisay.com



မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲနှင့် အဘိုးကြီးတစ်ယောက် ဆေးတံဖွာနေပြီး ကျွန်ုပ်တို့ကို တွေ့သည့်အခါ တစ်ချက်ပြုံးပြီး ဆမ်လောကို သူက တရုတ်လို တစ်ခုခု ပြောသည်။

''ခင်ဗျားလိုလူမျိုးကို ဟိုးအရင်က သူမြင်ဖူးတယ်လို့ ပြောတာ ခင်ဗျားက အင်္ဂလိပ် ဖြစ်ရမယ်တဲ့''

အင်္ဂလိပ် မဟုတ်ကြောင်း သူ့ကို ရှင်းပြရလျှင် လေကြောရှည်တော့မည်ဖြစ်၍ သူပြောသမျှကိုသာ ကျွန်ုပ် နားထောင်နေလိုက်တော့သည်။ စိတ်ဝင်စားဖို့လည်း ကောင်းပါသည်။

''စစ်ကြီးမဖြစ်ခင်အထိ ငါက အင်္ဂလိပ်စစ်တပ်မှာ မြည်းထိန်းလုပ်ခဲ့တယ်။ စစ်တပ်အတွက် ရိက္ခာတွေကို မြစ်ကြီးနားကနေ ဟာရစ်ဆန် ခံတပ်အထိ သယ်ပေးရတယ်''

သူပြောနေသော စစ်ဆိုသည်မှာ ဒုတိယကမ္ဘာစစ်ကို ရည်ညွှန်းခြင်းဖြစ်ပြီး ဟာရစ်ဆန်ခံတပ်မှာ ကချင်ပြည်နယ် အရှေ့ဘက် ဆဒုံးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော နယ်စပ်စခန်းတစ်ခု ဖြစ်သည်။ စစ်မဖြစ်ခင်အထိ 'လား'လမ်းကြောင်းကိုသာ အားထားကြရပြီး အဆိုပါ လမ်းကြောင်းမှာလည်း မန်ပိုင်းတွင် ဗမာစစ်တပ်နှင့် ကျွန်ုပ်တို့ မထိတ်သာ မလန့်သာ တစ်ခဏ ရင်ဆိုင်ခဲ့ကြပြီး ကျွန်ုပ်တို့ ဖြတ်လာသော လမ်းဖြစ်သည်။

နေ့မွန်းမတည့်မီ ထိုရွာမှ ဖယ်ခွာလာပြီး ခရီးဆက်လာပြန်ရာ အပူပိုင်းမြက်ခင်းလွင်ပြင်ကြီးကို ဖြတ်သန်းလာကြသည်တွင် ရွာခြေဂန်းကျင်တိုင်းတွင် ဆိတ်အုပ်တွေ လွှတ်၍ လံထားသည်ကို တွေ့ရသလို ထူးထူးဆန်းဆန်း သတင်းတစ်ပုဒ်လည်း ရခဲ့ရသေးသည်။ ဤဒေသနေ လူတို့က ဆိတ်မွေးကြသည့်တိုင် ဆိတ်သားလည်းမစား၊ ဆိတ်နို့လည်း မသောက်ကြ၊ ဆိတ်ချေးကို ဘိန်းခင်းအတွက် မြေဩဇာအဖြစ် အသုံးပြုပြီး ဆိတ်သားရေကို အိတ်လုပ်ကြကုန်၏။ ဆိတ်သားကိုမူ နယ်ခြားကို ဖြတ်၍ တရုတ်ပြည် ဘက်သို့ ဈေးပေါပေါနှင့် သွားရောင်းကြသည် ဟူ၏။

နေကျလာချိန်တွင် 'လုံတန်ချိုင်း' ရွာသို့ ရောက်လာသည်။ ၄င်းရွာမှာ ကျွန်ုပ် ဖြတ်သန်းလာသော ကိုးကန့်ဒေသတွင် အကြီးဆုံးဖြစ်၍ ကျွန်ုပ်တို့ အားလုံး ရှေ့နောက် တစ်တန်းတည်းဖြင့် ကျောက်ခင်းလမ်းလေးအတိုင်း ရွာထဲသို့ ဝင်လာခဲ့ကြသည်။

အမှန်အားဖြင့် 'လုံတန်ချိုင်း'ရွာကား လွန်ခဲ့သော နှစ် (၄၀) ကျော်က ယူနန်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သော်လည်း ယခုအခါ ကူမင်တန်စစ်ဘုရင်တွေနေရာတွင် ဗမာကွန်မြူနစ်တွေ ရောက်နေလေပြီ။

ရွှံ့အုတ်သရိုးနှင့် ညီညာစ်ညစ် အိမ်တစ်အိမ်ရှေ့အရောက် ဖွင့်ထားသော အိမ်ရှေ့တံခါးမှ အိမ်တွင်းသို့ ကျွန်ုပ် လှမ်းကြည့်လိုက်ရာ နံရံတွင် ဆေးပျက်စပြုနေသော မော်စီတုန်း ဓာတ်ပုံတစ်ပုံ တွေ့လိုက်ရသည်။ ရွာနေရွာထိုင် လယ်သမားများမှာ ချည်ဘောင်းဘီပွကြီးတွေ၊ ပေစုပ်နေသော အစိမ်းရောင် (သို့) အပြာရောင် ရုပ်အင်္ကျီတို့

www.nyisay.com



ဝတ်ထားကြပြီး ကွန်မြူနစ်ဦးထုပ်ပုံစံမျိုးတွေလည်း စီးခေါင်းထက်တွင် ဆင်မြန်းထားကာ စီးခေါင်းထက်တွင် ဆင်မြန်းထားကာ ပတ္တူစစ်ဖိနပ်တွေထဲက ပြူထွက်နေသော ခြေမတွေကို မြင်နေရသည်။

တစ်ရွာလုံး ဆင်းရဲတွင်းဆုံးကျနေကြသလို ကျွန်ုပ်ဘက်လှည့်လာသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး စုတ်ဖွာဖွာနှင့် ရုပ်ကြမ်းကြမ်း မျက်နှာတွေပေါ်မှာလည်း ရန်လိုနေသော အကြည့်တွေနှင့် အူတူတူ စပ်စုလိုမှုတွေ။ ဆန်မိုင်က ဒေသတောင်သူလယ်သမား သမဂ္ဂ ရုံးကို မေးရာ ခြေထောက်ကျိုးနေသူ လူတစ်ယောက်က ကျွန်ုပ်တို့ရှေ့က ဝါးတုတ်တစ် ချောင်းနှင့် ထော့နင်း ထော့နင်း လျှောက်၍ လိုက်ပြရာ လုံတန်ချိုင်းရွာကို မိုးမြင်နေရသော တောင်ကုန်းပေါ်မှ အိမ်ကြီးတစ်လုံးဆီ ရောက်လာခဲ့ကြသည်။ သီအိုရီအရ ဆိုလျှင် တောင်သူလယ်သမား သမဂ္ဂဆိုသည်မှာ ဗကပပြည်သူ့အာဏာ၏ အခြေခံလည်း ဖြစ်သည်။ အိမ်ကြီးရှေ့ အရောက်တွင် ခြေကျိုးအဘိုးကြီးက ဆမ်လော တစ်ယောက်တည်းသာ နားလည်သော အရပ်သုံးစကားနှင့် တစ်ခုခုပြောသည်။ အဘိုးကြီး၏ မျက်နှာမှာ ချုံးချုံးကျနေပြီး၊ မုတ်ဆိတ်ငုတ်တို ဖြူဖြူတွေ ထိုးထိုးထောင်ထောင် ထွက်နေပြီး ခြေထောက်တွေကလည်း ကြဲလှိမ့်နေသည်။ အဘိုးကြီးက အိမ်တံခါးကို ဖွင့်ပေးပြီး ကျွန်ုပ်တို့နေရမည့် အခန်းကို လိုက်ပြသည်။ အခန်းအတွင်း မီးငြိမ်းနေသော မီးလင်းဖိုအနီးတွင် ရေအိုးတစ်အိုးသာ တွေ့ရပြီး ရုံးနှင့်တူသော စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးမျှ မရှိ၊ အခန်းတွေအားလုံး ပြောင်သလင်းခါနေသဖြင့် အေးစက်စက် သမံတလင်းပေါ်မှာပင် ကျွန်ုပ်တို့ ထိုင်ချလိုက်ကြသည်။ အခန်းကြီးမှာ တစ်နေ့နေ့ တစ်ချိန်ချိန် ကိုးကန့်တွင် ယဉ်ကျေးမှုတော်လှန်ရေးကြီးများ ရုတ်တရက်ဖြစ်လာခဲ့လျှင် လူထုစည်းဝေးပွဲကြီးတွေ ကျင်းပနိုင်လောက်အောင် ကျယ်ဝန်းပါသည်။

''အဆောက်အအုံကြီးက တော်တော်ကြီးတာပဲ၊ နှစ်ဘယ်လောက်ကြာပြီလဲ''

ရှေးပဝေသဏီက တရုတ်ခံတပ်ကြီးတစ်ခုလို၊ အုတ်ရိုးအမြင့်ကြီး ခတ်ထားသော အိမ်ကြီးအတွင်းမှ ဟောခန်းကြီးကို ပတ်ကြည့်ရင်း ဆန်မိုင်ကို ကျွန်ုပ် မေးလိုက်သည်။ မျက်နှာကြက်မှာ သစ်သားထုပ်တန်းကြီးတွေကို ကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်ဒေသမှ သစ်တောတွေ မပြုန်းတီးခင် အတော်ကြာကြာက ဆောက်လုပ်ခဲ့သည်မှာ ထင်ရှားသည်။

''ကိုးကန့်ဒေသကို ဗကပတွေ ရောက်မလာခင်ကလေ၊ ရွာအုပ်ချုပ်ရေး ဗဟို အဆောက်အအုံပေါ့၊ မူလတန်းကျောင်းလည်း ဒီမှာပဲ ဖွင့်ခဲ့တယ်''

''ဗကပတွေ ရောက်လာပြီးတော့ကော ကျောင်းရှိသေးလား''

''မရှိတော့ဘူး''

ဆန်မိုင်က သူ့အဖြေကိုသူ ရယ်စရာကောင်းမှန်း သူမသိလိုက်။ ရွာကျောင်းလေး

www.nyisay.com



ကိုပင် ပိတ်လိုက်ရသည်ဆိုလျှင် ဗကပတို့၏ လွတ်မြောက်ရေးဆိုသည်ကို ကျွန်ုပ် စဉ်းစားမရ၊ လုံတန်ချိုင်းရွာတွင် ကူမင်တန်တပ်တွေ ရှိစဉ်အခါက သာတောင့်သာယာ စည်စည်ကားကား ရှိခဲ့ပုံရခဲ့ကြသည်။ ၁၉၅၀ ကျော် ကာလများအတွင်း တရုတ်ပြည်တွင် ကွန်မြူနစ်တပ်တွေ အောင်ပွဲခံပြီးနောက် ကူမင်တန်တပ်ဖွဲ့ဝင် တစ်ထောင်ကျော်မှာ နယ်ခြားကျော်၍ ဤနေရာသို့ ဆုတ်ခွာလာကြပြီး ကွန်မြူနစ်တပ်တွေကို ပြန်တိုက်ဖို့ ကြိုးစားခဲ့ကြသည်။ ကိုးကန့်ဒေသတွင် တပ်စွဲထားသော ကူမင်တန်တပ်ဖွဲ့ အပါအဝင် တရုတ်-မြန်မာ နယ်စပ်တစ်လျှောက် ခြေကုပ်ယူထားသော အခြားကူမင်တန်တပ်များနှင့် ထိုင်းနယ်စပ်မှ ၄င်းတို့၏ တပ်များ နေ့စဉ် ရေဒီယို ဆက်သွယ်မှုရှိခဲ့သလို ထိုင်ဝမ်နှင့်လည်း သွယ်ဝိုက်၍ ဆက်သွယ်ခဲ့ကြသည်။ သို့ရာတွင် ကွန်မြူနစ်တို့ လက်ထဲ ကျသွားသော တရုတ်ပြည်မကြီးကို ပြန်တိုက်ယူဖို့ အရိပ်အယောင် မတွေ့ရတော့သည့်အခါတွင်မူ ရှမ်းပြည်နယ်တွင် တပ်စွဲထားသော ကူမင်တန်များကား ဘိန်းအရောင်းအဝယ်ကို အာရုံကျလာပြီး ထိုင်းနိုင်ငံသို့ လားတို့ဖြင့် ဘိန်းတွေ တင်ပို့ခဲ့ကြပြီး အပြန်ကုန်အဖြစ် လက်နက်ခဲယမ်းတို့ကို သယ်ဆောင်လာခဲ့ကြသည်။ ၄င်းလက်နက်များဖြင့် ကိုယ်ပိုင် ခါးပိုက်ဆောင်တပ်တွေ တည်ထောင်၍ ဒေသအသီးသီးတွင် မင်းမူလာကြရာ အဆိုပါဒေသတစ်ခွင်လုံးသို့ ရန်ကုန်အစိုးရ အာဏာစက် မသက်ရောက်ခဲ့သည်မှာ ပြောစရာလိုမည် မထင်ပါ။ သို့ဖြစ်၍ ဗကပတပ်မှူးများနှင့် ကျွန်ုပ် စကားပြောရသည့်အခါတိုင်း ၁၉၆၈ ခုနှစ်၊ နှစ်သစ်ကူးနေ့တွင် မုံးကိုးမှတစ်ဆင့် မြန်မာပြည်အရှေ့မြောက်ပိုင်းတွင် ကွန်မြူနစ်အခြေခံဒေသ ထူထောင်ဖို့၊ ဗကပတပ်တွေ ထိုးစစ်ဆင်နိုင်ဖို့ တရုတ်က အကူအညီပေးခြင်းမှာ ဗမာပြည် ပစ္စည်းမဲ့တော်လှန်ရေး အောင်မြင်ဖို့ တစ်ခုတည်း မဟုတ်နိုင်ရာ။ အခြားတစ်ခု ရှိရပေလိမ့်မည်။ ၄င်းကား တရုတ်တို့၏ ရန်သူတော်ဟောင်းကြီးများဖြစ်သော ကူမင်တန် တရုတ်တို့ကို အပြောင်ရှင်းနိုင်ရေးအတွက် ဗကပတွေကို အသုံးချလိုက်ခြင်းပင် ဖြစ်ပါလိမ့်မည်။

'လုံတန်ချိုင်း'မှတစ်ဆင့် အနိမ့်ပိုင်းဒေသသို့ ကျွန်ုပ်တို့ စတင်ဆင်းလာရာ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင် ဟိုမှာဘက်တွင်မူ ဝန်တင်လားတွေ၊ နွားတွေနှင့် ကုန်သည်လှည်းတန်းကြီး တအိအိနှင့် သွားနေရာ သူတို့ဆီက ခလောက်သံ ချူသံတွေ ကြားနေရပါ၏။

တဖြည်းဖြည်း ဘိန်းခင်းတွေ ပျောက်ကွယ်သွားပြီး လှေခါးထစ်စပါးစိုက်ခင်းတွေ တွေ့လာရပြီး ရွာတွေကလည်း စည်စည်ဝေဝေ ရှိလာသည်။ အနောက်တိုင်းတွင် လွဲမှားစွာ သက်သေခံထားသော အကြောင်းအရာ တစ်ခုမှာ တောင်သူလယ်သမားတွေ ဘိန်းစိုက်နေခြင်းသည် ဝင်ငွေကောင်းလို့ ဟူ၏။ အမှန်အားဖြင့် ဤကိစ္စမှာ အားကိုးလောက်သော အပင်ဖြစ်ထွန်းမှု ရှိ၊ မရှိနှင့် ဆိုင်ပါလိမ့်မည်။ ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် နိုင်ငံခြား

www.nyisay.com



အထောက်အပံ့ဖြင့် ဘိန်းအစားထိုးသီးနှံနှင့် ဈေးကွက်တို့ကို အခိုင်အမာ တည်ဆောက်ပေးခဲ့ရာ အချို့ ကလိမ်ကကျစ် လုပ်တတ်သော လယ်သမားအချို့သာလျှင် ဘိန်းကို ပုန်းလျှိုးကွယ်လျှိုး ဆက်စိုက်ခဲ့ကြသည့် သာဓကများ ရှိပါသည်။

ရွှေတြိဂံဒေသ၏ လက်တွေ့အခြေအနေမှာ အခြားဒေသများနှင့် လုံးလုံးလျားလျား ကွာခြားသည်။ ဒေသရာသီဥတုအရ ကိုးကန့်ဒေသတွင် နေရာအနည်းငယ်၌သာ စပါးစိုက်ပျိုးနိုင်၍ ကျန်ဧရိယာတစ်ခုလုံးက ဘိန်းနှင့် ပြောင်းတို့သာ ဖြစ်ထွန်းသည်။ သို့ပေမဲ့ ခြောက်သွေ့ရာသီတွင် ဘိန်းစိုက်ပြီး မိုးတွင် ပြောင်းစိုက်သည် ဆိုသော်လည်း ဘိန်းထုတ်လုပ်ပြီး ရောင်းချမရသောအချိန်နှင့် ပြောင်းပင်တွင် အစို့အဖူးမဖြစ်မီ ကြားကာလ လ,အတော်များများတွင်မူ တောင်သူတွေအဖို့ အငတ်တဓားပြတ်ပြတ်နှင့် လုံးဝ ခက်ခဲသော အချိန်ဖြစ်သည်။

စင်စစ် ရွှေတြိဂံဒေသတွင် ဘိန်းစိုက်ပျိုးရေးနှင့် ပတ်သက်၍ အမှန်တကယ် မြိုးမြိုးမြှက်မြှက် အရချောင်နေသူတို့မှာ ဘိန်းကုန်သည်တွေနှင့် ထိုင်း၊ မြန်မာ နှစ်နိုင်ငံတို့မှ အစိုးရအရာရှိနှင့် စစ်ဖက်ဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်တချို့ ဖြစ်သည်။ သို့ပေမဲ့ အများဆုံး အမြတ်အစွန်းတို့ကမူ ဘန်ကောက်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် ဇလအေးစက်ရုံးခန်းကြီးတွေတွင် ထိုင်၍ စီမံခန့်ခွဲနေသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအဖွဲ့တွေ အိတ်ထောင်ထဲ စီးဆင်းသွားလေရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီတို့က ဆိုခဲ့သလို မူးယစ်ဆေးဝါး မှောင်ခိုရာဇာကြီးတွေကို ဖမ်းဆီးဖို့ပင် အသာထား၊ လက်ညှိုးထိုး၍ပင် မစွပ်စွဲရဲကြလေကုန်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးဘေးအန္တရာယ်နှင့် ပတ်သက်လာလျှင် စာမတတ် ပေမတတ် တောင်သူတွေနှင့် လူလုံးပြဲခွင့်ပင် မရကြသော ပြောက်ကျားစစ်သားတွေကိုသာ အပြစ်ဖို့မည်ဆိုလျှင် တရားနည်းလမ်း ကျလိမ့်မည် မဟုတ်ပါ။ စင်စစ် ပြဿနာတစ်ခုလုံး၏ အဓိကအချက်မှာ မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် တာဝန်ရှိသော ဒေသဆိုင်ရာနှင့် အနောက်မှ အရာရှိကြီးများအားလုံးအနေနှင့် မူးယစ်ဆေးဝါး နှိမ်နင်းခြင်းလုပ်ငန်းများထက် နိုင်ငံရေး (သို့) ထောက်လှမ်းရေးကိစ္စတို့ကို ရှေ့တန်းတင်နေကြသဖြင့် အမှန်တရားကို ဖော်ထုတ်ဖို့ ကြောက်ရွံ့နေကြသဖြင့် သူတို့ကိုယ်တိုင် အကျင့်ပျက်ကာ အခြေအနေတစ်ခုလုံး အဆိုးသံသရာလည်နေခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့ရှေ့ဆက်လာသော အနိမ့်ပိုင်းဒေသမှာ ကိုးကန့်တွင် စပါးစိုက်ပျိုးနိုင်ခြေရှိသော အစိတ်အပိုင်းတစ်ခုသာ ဖြစ်၍ ဘိန်းစိုက်၍ မစို့မပို့မျှသာ ဝင်ငွေရှိသော ဆင်းရဲသား တောင်ပေါ် လယ်သမားများက ဆိုခဲ့ပါ စပါးထွက်ရာဒေသမှ စပါးကို ဝယ်ယူ

www.nyisay.com



စားသောက် နေကြရသည်ဖြစ်၍ ဤ၌ ကျွန်ုပ်တို့ လမ်းကြောင်းနှင့်အပြိုင် တစ်ဖက်တွင် တည်ရှိနေသော တရုတ်ဘက်တွင် ဆိုခဲ့သလို မူးယစ်ဆေးဝါးပြဿနာကို အစားထိုးဖြေရှင်းပုံ၊ ဖြေရှင်းနည်းကို အလေးအနက် စဉ်းစားစရာ ဖြစ်လာပါသည်။

တရုတ်နယ်ခြားတစ်ဖက်တွင် ဘိန်းအစား ရော်ဘာနှင့် လက်ဖက်တို့ကို ထိထိရောက်ရောက် အစားထိုး စိုက်ပျိုးနိုင်ခဲ့ရာ လက်တွေ့အရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ ဘိန်းသီးမှ ဘိန်းထုတ်ယူရသော လုပ်ငန်းနှင့် ရော်ဘာပင်မှ ရော်ဘာထုတ်ယူရသော လုပ်ငန်းဖြစ်စဉ်တို့ တူညီမှုရှိနေသဖြင့် ဗမာပြည်ပြည်တွင်းစစ်ကို ဖြေရှင်းပြီးသည်နှင့် ကိုးကန့်ဒေသတွင် လက်ဖက်နှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများမှာ အကောင်အထည် ဖော်နိုင်ဖွယ် ရှိပါသည်။

မွန်းတည့်ချိန်တွင် 'နန်ကော်' ခေါ် ရွာတစ်ရွာသို့ ရောက်လာပြီး ရွာထဲတွင် ဈေးခင်းကြီးတစ်ခင်း ရောင်းဝယ်ဖောက်ကားနေကြရာ ၄င်းနှင့် ဝန်းကျင်ရွာများမှ ဈေးဝယ်လာသူတွေပင် ဈေးပြန်နေကြလေပြီ။ သို့ပေမဲ့ ယောကျ်ားအတော်များများက အရက်မူးနေကြပြီး အမျိုးသမီးတွေကမူ မုန်လာဥနှင့်ဖရဲသီးတွေ ထည့်ထားသော ကြိမ်ခြင်းတောင်းကြီးတွေကို နဖူးကြိုးသိုင်းဖြင့် ထမ်း၍ သွားနေကြသည်။ ဤတွင် ကလေးနှစ်ယောက်ကို မြင်၍ ကျွန်ုပ်ကဓာတ်ပုံရိုက်ဖို့ ကင်မရာကိုထုတ်၍ ချိန်လိုက်ရာ စုတ်စုတ်ပေပေ အဝတ်အစားနှင့် အသက် (၇)နှစ် (၈) နှစ်ခန့်ရှိသော ကလေးတစ်ယောက်က ဖြူန်းဆို ရပ်လိုက်ပြီး မှင်တက်သွားကာ သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် အုပ်လျက် ခဲ့ပုံခဲ့ချ ငိုလေရာ ကျွန်ုပ်လည်း ကင်မရာကို ပြန်ချလိုက်ပြီး သူ့ကိုချော့ဖို့ ရည်ရွယ်ချက်နှင့် ပြုံးပြလိုက်သည်။ သို့ပေမဲ့ ကလေးက အော်ငိုရင်း ချာကနဲ လှည့်၍ နောက်မှ လိုက်လာသော သူ့ဖခင်ထံ ထွက်ပြေးသွားသည်တွင် ဆမ်လောက သဘောကျပြီး ခွက်ထိုးခွက်လန် ရယ်ပါတော့သည်။

''သူက ခင်ဗျားကင်မရာကို သေနတ်ထင်သွားတာလေ၊ သူ့ကို ပစ်တော့မယ် ထင်ပြီး ထွက်ပြေးသွားတာ''

ကျွန်ုပ် ပြုံးလိုက်မိသည်။ သို့ပေမဲ့ (၂၀) ရာစုကုန်တော့မည့် အချိန်ကာလတွင် ကင်မရာ မမြင်ဘူးသူတို့ ရှိနေဆဲ၊ အသက် (၇) နှစ် (၈) နှစ်မျှသာ ရှိသေးသော်လည်း သူတို့လေးတွေကား သေစေတတ်သော သေနတ်ကို ကောင်းစွာ သိနေကြသည်မှာ အလေးအနက် စဉ်းစားဆင်ခြင်စရာ ကိစ္စတစ်ခုပင် ဖြစ်ပါ၏။

'နန်ကော်' လွန်သော် ရွာလည်းမက မြို့လည်းမကျသော 'တာရွေတန်' ခေါ် လူနေအရပ် ရောက်လာရာ ကျောက်ခင်းလမ်းကြမ်းပေါ်မှ ကျွန်ုပ်တို့ ဝင်လာကြသည်။ လမ်းတစ်ဖက်တွင်မူ နှစ်ထပ်အိမ်တွေ အစီအရီ ဆောက်ထားကြသည်။ အိမ်တို့ကို ကျောက်တုံးတွေနှင့် ဆောက်ထားပြီး သစ်သားတံခါးမကြီးတွေနှင့် ဝရန်တာတွေ အချို့အိမ်များရှေ့တွင်မူ ကျောက်တံတားခုံလေးတွေ တွေ့ရသော်လည်း ရှေးခေတ် ဟန်းချီဆရာ

www.nyisay.com



တို့ နှစ်သက်သော ဂန္ဆင် လက်ရာမျိုးကား မဟုတ်။ လက်ရာကြမ်း၍ တံတားပေါ်တွင် နွားချေးတွေနှင့် ချောနေသည်။ မြို့ပတ်လည် တောင်ကုန်းလေးတွေပေါ်တွင် အုတ်ရိုးတံတိုင်းနှင့် အိမ်ကြီးတွေ ရှိရာ ဗကပရုံးသို့ ကျွန်ုပ်တို့ လျှောက်လာသည့်အခါ ခြေဗလာ၊ မျက်နှာထားတွေက မှုန်ကုပ်ကုပ်နှင့် ကလေးတစ်သိုက် နောက်က လိုက်လာသည်။ သို့ပေမဲ့ သူတို့အားလုံး ကြယ်နီတံဆိပ်နှင့် ဦးထုပ်စိမ်းတွေ ဆောင်းထားကြသည်။

ယခု ကျွန်ုပ်တို့တွေ့ရသော ဗကပရုံးကား 'လုံတန်ချိုင်း'တွင် တွေ့ခဲ့ရသော ရုံးထက် မဆိုစလောက် သာသည်။ ရုံးပရိဘောဂနှင့် ပစ္စည်းကိရိယာ အနည်းငယ် ရှိသည်။ အဆောက်အအုံ ချောင်ကြိုချောင်ကြားတွေမှာ ပင့်ကူမျှင်တွေ အုံနှင့်ကျင်းနှင့် အိမ်ဖွဲ့နေသော်လည်း သစ်သားဗီရိုတွေထဲမှာ ဝါကျင့်ကျင့် စက္ကူအထပ်တွေ တွေ့ရသဖြင့် တစ်ချိန်တစ်ခါက အုပ်ချုပ်ရေး လုပ်ငန်းဆောင်တာ အချို့ ဤ၌ လုပ်ကိုင်ခဲ့သည်ကို ဆဝါး၍ ရနိုင်သည်။ သို့ရာတွင် ဗကပ အုပ်ချုပ်ရေးရုံးနှင့် မြို့တစ်မြို့လုံးအနေနှင့်မူ ချွတ်ခြုံကျ၍ ပြိုလဲတော့မည့်အဆင့်သို့ ရောက်နေသည်ကို အလွယ်တကူ သိနိုင်သဖြင့် မုံးကိုးတွင် ကျွန်ုပ် ကြည့်ခဲ့ရသော ဝါဒဖြန့်ချိရေးမှတ်တမ်း ရုပ်ရှင်ထဲကလို လက်သီး လက်မောင်းတန်းပြနေသော သူတို့ မျှော်မှန်းချက်နှင့် အကွာကြီးကွာခြားနေလေရာ တရုတ်ထဲမှ အကူအညီ မရတော့သဖြင့် ဗုန်းဗုန်းကျသွားသည်ကို အလွယ်တကူ မှန်းဆနိုင်ပါ၏။

ထိုညတွင် ဘီဘီစီ အသံလွှင့်ကို ဖမ်းယူနားထောင်ပြီး ကျွန်ုပ် ဒိုင်ယာရီရေးသည်။ ဗကပမြို့နယ်ရုံး၏ မျက်နှာကြက်ပေါ်တွင် ဗကပတို့ခေတ်ကောင်းခဲ့သော အတိတ်၏ အသံတိတ် သက်သေအနေနှင့် လျှပ်စစ်ကြိုးနှင့် မီးလုံးတို့ ချိတ်ဆွဲထားသည်ကို တွေ့နေရပါသော်လည်း ယခုမူ မီးစက်ကလည်းပျက်၊ ဓာတ်ဆီလည်း မရှိတော့သဖြင့် သစ်သားစားပွဲခုံကြမ်းတစ်ခုပေါ်တွင် ဖယောင်းတိုင်ထွန်း၍ပင် ကျွန်ုပ် အလုပ်,လုပ်ခဲ့ရပါ၏။

'တာရွှေတန်'ကား ဒေသခံ မျိုးနွယ်စုအကြီးအကဲတွေ ကိုယ်တိုင်အုပ်ချုပ်ခဲ့စဉ်ကာလများက ကိုးကန့်၏ တောင်တန်းမြို့တော် ဖြစ်ခဲ့ကြောင်း သိရသည်။ ဗြိတိသျှကိုလိုနီခေတ်က သံလွင်အရှေ့ခြမ်းကို ကိုယ်တိုင် အုပ်ချုပ်ခဲ့ခြင်း မရှိဘဲ၊ မြစ်အနောက်တွင် ရှိသော 'ဆဲန်ဝီ(သိန္နီ)' စော်ဘွားမှတစ်ဆင့် အုပ်ချုပ်ခဲ့ပြီး အရှေ့ခြမ်းမှ စော်ဘွားငယ်များက ၄င်းထံသို့ အခွန်ပဏ္ဏာများ ဆက်သကြရသည်။ သို့ရာတွင် မြန်မာပြည် လွတ်လပ်ရေးရပြီး နောက်တွင်မူ ၁၉၅၀ ကျော် အစောပိုင်းနှစ်များအတွင်း ကိုးကန့်ဒေသတွင် ကူမင်တန် တပ်တို့ ခြေကုပ်ရပြီးချိန်မှစ၍ ကိုးကန့်ဒေသကို ဗဟိုအုပ်ချုပ်ရေးအောက် ဆွဲသွင်းရာတွင် မြန်မာအစိုးရအနေနှင့် ဗြိတိသျှတို့လောက် အောင်မြင်မှု မရခဲ့၊ ဒေသခံကိုးကန့်နှင့် ယူနန်မှ ကူမင်တန်တို့မှာ ဘာသာစကားအရ တရုတ်စကားပြောလာသလို နိုင်ငံရေးရည်မှန်းချက်အရလည်း တူညီကြသဖြင့် ကိုးကန့်လူမျိုးစု အကြီးအကဲများက ၄င်းတို့ကဲ့ကြမ္မာကို ကူမင်တန် တရုတ်တွေလက်ထဲ ဝင်ကွက်အပ်ခဲ့ကြသည်။

www.nyisay.com



သို့ရာတွင် အခြေသတင်းကြီးခဲ့သော ကိုးကန့်ဇာတိဖွား၊ စစ်ဘုရင်မ 'အောလစ်ယန်း' ကိုကား ကိုးကန့်နှင့် ပတ်သက်၍ ကောင်းစွာ အမှတ်တရ ရှိခဲ့ကြသည်။ အသက် (၂၀) ဝန်းကျင်တွင် ယောကျ်ားကိုယ်လုံးကိုယ်ပေါက်နှင့် 'ခြေသလုံးမွေးထူသော ကောင်မလေး' ဟုထင်ရှားခဲ့သော 'အောလစ်ယန်း' ကား လူတစ်ထောင်နီးနီးအင်အားရှိသော ကိုယ်ပိုင်တပ်၏ တပ်မှူးဖြစ်လာခဲ့သည်။

ထိုခေတ် ထိုအခါက စော်ဘွားစော်ကန် ရှမ်းမိသားစု အနွယ်တော်တို့ ထုံးစံအတိုင်း 'အောလစ်ယန်း' သည်လည်း လားရှိုးမှ ခရစ်ယာန်သီလရှင်ကျောင်းတွင် စာသင်ခဲ့ရာ ကျွန်ုပ်နှင့် တွေ့ဆုံခဲ့ဖူးသော သူမနှင့် ကျောင်းနေဖက်ဟောင်းတစ်ယောက်က အောလစ်ယန်း၏ လွယ်အိတ်ထဲတွင် ခြောက်လုံးပြူးတစ်လက် ဆောင်ထားသဖြင့် သူမနှင့်အတူ မကစားဖို့ မိဘတွေက သတိပေးတားမြစ်ခဲ့သည်ကို ယခုအထိ သတိရနေသေးကြောင်း ပြန်ပြောပြခဲ့သည်။ ပုံမှန်ပညာရေးပြီးဆုံးပြီးနောက် အောလစ်ယန်းကို ကိုးကန့်စော်ဘွားအဖြစ် တရားဝင်ကြေညာခဲ့ပြီးချိန်မှစ၍ သူမသည်လည်း ခြောက်လုံးပြူးကို ဝှက်၍ ကိုင်စရာမလိုတော့။ တာရွေတန်း၏ ကျောက်ခင်းလမ်းမပေါ်တွင် အညိုရောင် ယူနီဖောင်းနှင့် ဘယ်လ်ဂျီယံလုပ်စစ်သုံးပစ္စတိုကို ခါးချိတ်လျက် သူမကို တွေ့လာရတော့သည်။ ထိုနေ့နံနက်က သူမအိမ်ကြီးသို့ မဖြစ်မနေ ကျွန်ုပ် သွားရောက်ကြည့်ရှုခဲ့ရာ ကျောက်တုံးများနှင့် တခမ်းတနား ဆောက်လုပ်ထားပြီး အုပ်ကြွပ်မိုး၍ အုတ်ရိုးအမြင့်ကြီး ကာရံထားသည်။ နောက်ပိုင်းတွင် ကူမင်တန်တို့၏ ကျောထောက်နောက်ခံဖြင့် အောလစ်ယန်း၏ ဩဇာအာဏာသည်လည်း အလှမ်းကျယ်လာရာမှ ထိုင်းနယ်စပ်သို့ ထရပ်ကားတွေနှင့် ဘိန်းတင်ပို့ခဲ့သည်။ ဤသို့ ဘိန်းရောင်းရာတွင် သံလွင်ကို ဖြတ်လျက် ဘားမားလမ်းမကြီးပေါ်မှ ဆဲန်ဝီနှင့် ကွန်လုံအထိ လမ်းတစ်လျှောက်လုံးတွင်မူ အောလစ်ယန်း၏တပ်ဖွဲ့ဝင်တို့က လက်နက် အပြည့်အစုံဖြင့် လုံခြုံရေးယူကြရပြီး ဘိန်းရောင်း၍ရသော ငွေတို့ကို သူမ စစ်တပ်ကြီးအတွက် လက်နက်ခဲယမ်းတွေ ဝယ်ယူသည်။ နောက်ထပ် ရက်ရက်ရောရော သုံးဖြုန်းသော ကိစ္စမှာ သူမ၏ အချစ်တော် ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေအတွက် လက်ဆောင်တွေ ဝယ်ယူခြင်း ဖြစ်သည်။ သို့ရာတွင် သူမကို မြန်မာအစိုးရက ၁၉၆၅ ခုနှစ် ဝန်းကျင်တွင် ဖမ်းဆီးမိပြီး အင်းစိန်ထောင်ရောက်သွားရာ ထောင်ဝါဒါတို့၏ အစော်ကားခံခဲ့ရပြီး ထောင်မှ လွတ်လာသည့်အခါတွင်မူ ရန်ကုန်မြို့တွင် တရုတ်စားသောက်ဆိုင်တစ်ဆိုင် ဖွင့်၍ နေထိုင်ခဲ့သည်။

သို့ရာတွင် စစ်ဘုရင် အစဉ်အလာကား ကိုးကန့်တွင် ဆက်လက် တည်မြဲနေပြီး အောလစ်၏အစ်ကို ဂျင်မီက ကူမင်တန်တို့နှင့် နိုင်ငံရေးနှင့် စီးပွားရေးကိစ္စတို့တွင် ပူးပေါင်းလုပ်ကိုင်နေဆဲ ဖြစ်သည်။ ဂျင်မီမှာ ထင်ရှားသော ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်သလို မြန်မာပါလီမန်၏ အထက်လွှတ်တော် အမတ်ဟောင်းလည်း ဖြစ်သည်။ သို့ရာတွင်

www.nyisay.com





စိစိဝမ်ဒေသ (၁၉၈၆၊ နိုဝင်ဘာ ၁၆)။

www.nyisay.com



တရုတ်စစ်ကား အဟောင်းအမြင်းတွေနှင့်
ရှေ့တန်းသွားနေသော ဗကပတပ်ဖွဲ့ဝင်တွေ
ဗကပတို့က တိုက်ပွဲကို အသေးစိတ် စီမံ
ကွပ်ကဲခဲ့သော်လည်း နောက်ဆုံး
ရှုံးသွားပြီး ဘာတီးလ်ကမူ
သံလွင်ကို ဖြတ်၍ ကိုးကန့်ဒေသ
မလီပါတောင်ကြားသို့ ဆက်လက်
ထွက်ခွာလာခဲ့သည်။

www.nyisay.com





www.nyisay.com





ကိုးကန့်တောင်တန်းပေါ်က အရုဏ်နှံ့နက်ခင်း၊

www.nyisay.com

တာရွေတန်ရွာမှ အဘိုးအို။

www.nyisay.com





ဗကပဋ္ဌာနချုပ် ပန်ဆန်း၊ ဒေသခံ ဗုဒ္ဓဘာသာဝင်တွေနှင့်
ဘိန်းစိုက်ခင်းတွေ ပေါသည့်ဒေသ။

www.nyisay.com





www.nyisay.com

ဘာတီး(လ်)နှင့်
ဗကပဥက္ကဋ္ဌ
သခင်ဗသိန်းတင်။

ပန်ဆန်းဈေး။

www.nyisay.com



သူ့ကို တရုတ်နယ်စပ်အနီး 'တာဆုချင်း' ရွာမှ ဘိန်းမှောင်ခို ဂိုဏ်းခေါင်းဆောင် 'လော်စစ်ဟန်' က ၁၉၆၀ ခုနှစ်ဝန်းကျင်တွင် စစ်ဘုရင်နေရာမှ ဖြုတ်ချလိုက်သည်။ စင်စစ် လော်စစ်ဟန် ဆိုသူကား တစ်ခါက အောလစ်ယန်းသွားလေရာ နောက်မှလိုက်၍ သူမ သောက်သော စီးကရက်ဘူးကိုင်၍ ခစားရသူဖြစ်ပြီး ၁၉၇၂ ခုနှစ်တွင် အရှေ့တောင်အာရှ၏ ဘိန်းဖြူရောင်းဝယ်မှုတွင် အဓိကလူအဖြစ် အမေရိကန် မူးယစ်အကြံပေး အကြီးတန်း အရာရှိ နယ်လ်ဆင်ဂရို့(စ်)က သတ်မှတ်လိုက်ရာမှ နိုင်ငံတကာတွင် မူးယစ်ရာဇာအဖြစ် ထင်ရှားလာသူလည်း ဖြစ်သည်။

သို့ရာတွင် ဆိုခဲ့သလို ဂုဏ်သတင်းကား လော်စစ်ဟန် တစ်ယောက်တည်းနှင့် လုံးလုံးလျားလျား မထိုက်တန်ပါ။ အမှန်အားဖြင့် ထိုစဉ်က လော်စစ်ဟန်နှင့် ရန်ကုန်အစိုးရ စစ်အာဏာပိုင်တို့ကြားတွင် တမူထူးခြားသော သဘောတူညီမှုတစ်ခု ရှိထားကြရာ ၄င်း သဘောတူညီမှုအရ လော်စစ်ဟန်၏ ခါးပိုက်ဆောင်တပ်ဖွဲ့ဝင်များအနေနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် ရှမ်းပြည်နယ်အတွင်းမှ အစိုးရထိန်းချုပ်ထားသော လမ်းတို့ကို တရားဝင် အသုံးပြုခွင့်ရှိသလို အပြန်အလှန်အားဖြင့် ထိုစဉ်က ကိုးကန့်ဒေသ အတော်များများကို ရထားပြီးဖြစ်သော ဗကပတို့ကို လော်စစ်ဟန် တပ်ဖွဲ့တို့က တိုက်ပေးဖို့ ဖြစ်သည်။

သို့ဖြစ်၍ အစိုးရမြို့စောင့်တပ်ရှိရာ လားရှိုးမှာပင် လော်စစ်ဟန်၏ ခါးပိုက်ဆောင် တပ်များလည်း အထိုင်ချခဲ့ပြီး မြန်မာစစ်တပ်နှင့်အတူ ၁၉၇၁ ခုနှစ် နိဝင်ဘာလမှ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလအထိ ဖြစ်ပွားခဲ့သော ကွန်လုံတံတားတိုက်ပွဲတွင် လက်ရည်ပြခဲ့ကြရာ လော်စစ်ဟန်၏ နယ်မြေကျွမ်းကျင်မှုနှင့် အမေရိကန်မှ အသစ်ကျပ်ချတ် ထောက်ပံ့လိုက်သော ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်ကြီးတို့၏ အစွမ်းဖြင့် ကွန်လုံကို သိမ်းဖို့ ကြိုးစားနေသော ဗကပတို့ကို ရပ်တန့်နိုင်ခဲ့ပြီး သံလွင်မြစ် အနောက်ဘက်အထိ တွန်းထုတ်နိုင်ခဲ့သည်။ ဤသည်ကို ကျေးဇူးသိတတ်သော မြန်မာ့တပ်မှူးတို့က ၄င်းတို့၏ တပ်ဖွဲ့ဝင်တို့ကို ထိုင်းသို့သွားသော လော်စစ်ဟန်၏ ဘိန်းသယ်ဆောင်ရာ မော်တော်ယာဉ်တန်း လုံခြုံရေးအတွက် အစောင့်အဖြစ်စေလွှတ်ခဲ့ကြရာ အဆိုပါတပ်မှူးများထဲက တစ်ဦးကား နောက်ပိုင်းတွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် လက်ထောက် ကာကွယ်ရေးဝန်ကြီး တာဝန်ယူခဲ့သော ဗိုလ်ချုပ်အေးကို ဖြစ်သည်။

သို့ရာတွင် မြန်မာပြည် မူးယစ်ဆေးဝါး ရောင်းဝယ်ရေးနှင့် ဆက်စပ်နေသော နိုင်ငံရေးအရှုပ်ထုပ်ကြီးကား ၁၉၇၃ ခုနှစ်တွင် ကကြိုးကကွက်တစ်မျိုး ပြောင်းသွားပြန်သည်။ ၄င်း၏ မူးယစ်ဆေးဝါး သယ်ဆောင်နေသော မော်တော်ယာဉ်တန်းကို ရှမ်းသူပုန် (SSA) တို့က အခွန်တောင်းခံနေသည်ကို ဗမာစစ်တပ်က အကာအကွယ် မပေးရကောင်း လားဟူ၍ ရန်ကုန်အစိုးရကို အာခံကာ SSA ဘက် ကူးပြောင်းသွားခဲ့သည်။ အမှန်အားဖြင့် SSA နှင့် တစ်ခဏမျှ ပူးပေါင်းခဲ့သော်လည်း ထိုင်းနိုင်ငံ အနောက်မြောက် မယ်ဟောင်

www.nyisay.com



ဆောင်မှ ပြန်မဆုတ်မီ ၄င်းနှင့် ပြိုင်ဘက် စစ်ဘုရင်တစ်ဦးက သစ္စာဖောက်လိုက်သဖြင့် အဖမ်းခံခဲ့ရပြီး လော်စစ်ဟန်ကို မြန်မာပြည် ပြန်ပို့၍ သေဒဏ်ပေးခဲ့သည်။

ဤတွင် မူးယစ်ရာဇာကြီးကို ဖမ်းဆီး၍ ဥပဒေအရ အရေးယူခဲ့သည့်အတွက် ထိုင်းနှင့် မြန်မာအာဏာပိုင်တို့ကို အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေး အရာရှိကြီးတို့က အကြီးအကျယ် ချီးမွမ်းခန်း ဖွင့်၍ အောင်ပွဲခံကြသည်။ သို့ရာတွင် လော်စစ်ဟန် ဆို သူသည်ပင် ပြည်သူစစ်တပ်ဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာစစ်တပ်နှင့် ပူးပေါင်း အလုပ်လုပ် ခဲ့သလို ထိုင်းမြောက်ပိုင်းမှ စစ်ဘက်အသိုင်းအဝိုင်းနှင့်လည်း ဖက်လဲတကင်း ဆက်ဆံရေး ရှိနေသည်ဆိုသော အချက်ကို လျစ်လျူရှုခဲ့ကြရာ လော်စစ်ဟန်ကို ရန်ကုန်တွင် တရား ရုံးတင် တရားစွဲခဲ့စဉ်က နိုင်ငံတော်ပုန်ကန်မှုနှင့်သာ တရားစွဲခဲ့ပြီး မူးယစ်ဆေးဝါး အရောင်း အဝယ်ကိစ္စကိုမူ တစ်လုံးတစ်ပါဒမျှ ထည့်သွင်းပြောဆိုခြင်း မရှိခဲ့။ သို့ဖြင့် ၁၉၈၀ ပြည့်နှစ်တွင်မူ ကံကြမ္မာခြားရဟတ် တစ်ပတ်ပြန်လည်ခဲ့ပြီး အထွေထွေ လွတ်ငြိမ်းချမ်းသာ ခွင့်နှင့် ထောင်အပြင် ပြန်ရောက်ခဲ့သည်။ ဤတွင်လည်း အစိုးရ၏ အကူအညီဖြင့် လားရှိုးတွင် ကိုယ်ပိုင်တပ်ဖွဲ့တစ်ဖွဲ့ကို အသစ်ဖွဲ့စည်းခဲ့ပြီး ၄င်း၏ မူးယစ်ဆေးဝါး လုပ်ငန်း ကိုလည်း ရှမ်းအရှေ့မြောက်သို့ ပြောင်းရွှေ့၍ အထိုင်ချသည်။ ထိုကာလအတွင်းမှာပင် ကျွန်ုပ်လည်း ကိုးကန့်သို့ ရောက်နေချိန်ဖြစ်၍ လော်စစ်ဟန်၏ လူယုံများက သူတို့၏ ရန်သူဟောင်း ဗကပနှင့် အပေးအယူလုပ်နေကြသည်ကို သိခဲ့ရပါ၏။

နောက်တစ်နေ့နံနက် ရာသီဥတုကဲ့ ဥရောပမြောက်ပိုင်း နွေဦးလို လေပြည်တို့ အေးစိမ့်၍ ခြောက်သွေ့နေသည်။ မြေပေါ်ကြွေကျနေသော သစ်ရွက်ကော်ဇောကြီးမှာ လေတိုက်တိုင်းလှုပ်ခတ်သွားသည်။ ဆမ်လောနှင့် စစ်သားလေးများက ပစ္စည်းပစ္စယတွေကို ထုပ်ပိုး၍ လားတွေပေါ် တင်ကြပြီး နံနက်စာကို သုတ်သုတ်စားကာ ခရီးထွက်လာခဲ့ကြ၏။ ကျွန်ုပ်တို့ ခရီးမစမီ မျက်နှာစိမ်း ဧည့်သည်တစ်ဦး ရောက်နေသည်ဆိုသော သတင်းပို့နေ ပြီး လူထူးလူဆန်းကို လိုက်ကြည့်ကြရာ တာရွှေတန်မှ အထွက်တွင် ကျွန်ုပ်တို့ နောက်မှ လူအုပ်တစ်အုပ် လိုက်ပါလာပြီး ကြည့်လို့ ဝခါမှ ပြန်လှည့်သွားကြသည်။

'တာရွှေတန်'မှ အထွက် မကြာခင်မှာပင် တောင်စဉ်တောင်တန်းကြီးတွေနှင့် ဟိုးအဝေး အောက်ဘက်တွင်မူ မတ်စောက်သော ကျောက်နံရံကြီးတွေနှင့် အနားသတ် ထားသော လွင်ပြင်ကျယ်ကြီး၊ စိမ်းစိုု၍ မြေဆီညြေဇာတို့ ကြွယ်ဝရာမြေ၊ တောင်တန်းငယ် လေးများနှင့် ရွာကြီးတွေရှိရာ မီးခြစ်ဆံဘူးသဖွယ် အိမ်ခေါင်မိုးတို့ကိုသာ အဝေးမှ ကျွန်ုပ် တို့ လှမ်းမြင်နေရာ ကိုးကန့်ဒေသမှ ဖော်ရွေမှုကင်းမဲ့သော တောင်တန်းပေါ်တွင် တစ်ပတ် ကြာနေခဲ့ပြီးနောက် ယခုလက်တွေ့ မြင်နေရပါသော ရှုခင်းကား အာရုံတို့ကို လန်းဆန်း ကြည်လင်စေခဲ့ပါ၏။

www.nyisay.com



ချိုင့်ဝှမ်းမြေပြန့်သို့ တောင်ဆင်းတောလမ်းမှာ နေကြာရိုင်းခင်းတွေကြားမှ ကွေ့ကွေ့ဝိုက်ဝိုက် တစ်နာရီမျှ မျောလိုက်သွားပြီး ပထမဆုံး 'ဂုန်းရွာ'သို့ ရောက်လာရာ တရုတ်ရွာထင်မှတ်ခဲ့ရာမှ ရှမ်းရွာဖြစ်နေသဖြင့် ကျွန်ုပ် အံ့အားသင့်ခဲ့ရသည်။ ရွာဝန်းကျင်တွင် သီးပင်စားပင်တွေ၊ စပါးခင်းတွေနှင့် အိမ်ခြံဝိုင်းတိုင်းလိုလိုမှာ ဟင်းသီးဟင်းရွက်အခင်းတွေ့ရပြီး ရွာလယ်တွင်မူ သစ်သားဖြင့် ထုလုပ်ထားသော စေတီရှိ၍ စေတီခြေရင်းတစ်နေရာတွင်မူ ဘုန်းကြီးတစ်ပါး ငြိမ်သက်စွာ ထိုင်နေသည်။ ခေါင်းပေါင်းနှင့် ရွာခံရှမ်းကြီးတစ်ယောက်က ကျွန်ုပ်တို့ကို စပျစ်သီးတွေ ပေးသည်။ ထို့နောက် ဗကပခရိုင်ရုံးတည်ရှိရာ တရုတ်နယ်စပ်သို့ အရှေ့ဘက်မှ လမ်းကြမ်းအတိုင်း လွင်ပြင်ကြီးကို ဖြတ်၍ ချီတက်လာခဲ့ကြသည်။ လွင်ပြင်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ ရာသီမှာ ပို၍ ပူနွေးလာရာ ကောင်းကင်တွင် နေထွက်လာသည်နှင့် ပူအိုက်၍ ကျွန်ုပ်တို့ တစ်ကိုယ်လုံး ချွေးတွေနစ်နေတော့သည်။

စပါးရိတ်သိမ်းချိန်ဖြစ်၍ စပါးကွင်းတွေထဲမှာ လယ်သမားတွေ အလုပ်များနေကြပြီး လမ်းတစ်လျှောက်တွင်မူ နွားလှည်းတွေ၊ တစ်ခါတစ်ခါ အင်ဂျင်သံတဖွတ်ဖွတ်၊ တဂျုံးဂျုံးနှင့် ဂျပန်မော်တော်ဆိုင်ကယ်တွေ သွားနေကြရာ ၄င်းအသံတို့ကား ကျောက်နံရံတို့မှတစ်ဆင့် ပဲ့တင်ရိုက်လျက် ရှိပါ၏။

ဤအရပ်၊ ဤဒေသကား ကျွန်ုပ်တို့နောက်တွင် ကျန်ရစ်ခဲ့သော တောင်တန်းဒေသနှင့် အနေအထား တခြားစီဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး သပ်ရပ်ရှင်းလင်းနေရာ ဤ၌ပင် တစ်ကိုယ်လုံးညစ်ပေ၍ ဆံပင်ဖုတ်သိုက်၊ အဝတ်အစား ဖိုသီဖတ်သီနှင့် တောသားလူရိုင်းတစ်ယောက်လို ဖြစ်နေသော ကျွန်ုပ်ကိုယ်ကိုယ် သတိပြုမိလိုက်သဖြင့် ရေမိုးသန့်စင်ချင်နေသည်။

(၂) နာရီမျှ လျှောက်လာပြီးသည့်အခါ တရုတ်နယ်ခြားနှင့် ကပ်လျက် ချိုင့်ဝှမ်းလွင်ပြင်၏ အရှေ့ဘက် အမြီတ်အစွန်းသို့ ရောက်လာရာ ဤ၌ တရုတ်စတိုင် ဆောက်ထားသော တိုက်အိမ်အစုကို တွေ့ရပြီး ၄င်းအဆောက်အအုံတို့ကို ၁၉၆၈-၆၉ ခုနှစ်ကိုးကန့်ကို ဗကပတို့ သိမ်းယူပြီးနောက်ပိုင်းတွင် ဆောက်လုပ်ထားခဲ့သည်မှာ သိသာသည်။ တိုက်အစုအနီး တောင်ကုန်းတစ်ခုထိပ်တွင် ကွန်မြူနစ် ဗမာပြည် ပစ္စည်းမဲ့တိုက်ပွဲတွင် ကျဆုံးခဲ့ကြကုန်သော သူရဲကောင်းကြီးတို့ကို အမှတ်တရအဖြစ် ကျောက်တိုင်တစ်တိုင် စိုက်ထူထားပြီး အောက်ခြေ လေးထောင့်ကျောက်ခုံ မျက်နှာတစ်ဖက်ပေါ်တွင် ကြယ်နီတစ်လုံးနှင့် ၄င်းအောက်တွင် အမည်တို့ကို တရုတ်၊ မြန်မာ နှစ်ဘာသာဖြင့် ဖောင်းကြွစာလုံး ထွင်းထားသည်။

ထုံးစံအတိုင်း ဗကပစခန်းတွေကို ရောက်သည့်အခါတိုင်း ပြဿနာတစ်ခုခု အမြဲဖြစ်နေတတ်ရာ ယခုလည်း ကျွန်ုပ်တို့ လာနေသည်ကို ဘယ်သူမှ မသိကြ။ ဒေသခံ

www.nyisay.com



ပါတီ အရာရှိတို့က ကျွန်ုပ်တို့ ရောက်လာခါမှ ပြူးပြူးပြာပြာနှင့် ဗဟိုရုံးအနီးမှ ဧည့်ရိပ်သာသို့ လိုက်ပို့ကြသည်။ အရာရှိအားလုံး ကိုးကန့်တရုတ်တွေဖြစ်ပြီး အစိမ်းရောင် တရုတ်ကွန်မြူနစ် စစ်ယူနီဖောင်းဝတ်နှင့် ခါးတွင် ပစ္စတိုတစ်လက်စီ ချိတ်ထားကြသည်။ ကျွန်ုပ်မှာ နိုင်ငံခြားသား သတင်းထောက်တစ်ဦးဖြစ်ပြီး ပန်ဆန်းပါတီ ဗဟိုဌာနချုပ်က ဖိတ်ကြား၍ ရောက်လာခြင်းဖြစ်ကြောင်း ဆမ်လောမှတစ်ဆင့် ကျွန်ုပ် ပြောပြသည့်အခါ ကျွန်ုပ်ကို သူတို့ အားလုံး ပါးစပ်အဟောင်းသားနှင့် တအံ့တသြကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေကြသည်။

ကိုးကန့် ဌာနချုပ်တွင် ရက်အနည်းငယ် ဆက်လက်နေထိုင်ခဲ့ရာ ဒေသခံ ကေဒါတွေနှင့် ရင်းနှီးလာခဲ့ပြီး ၄င်းတို့အများစုမှာ တစ်ခါက အောလစ်ယန်းနှင့် ဂျင်မီယန်းတို့လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိဟောင်း ဖုန်ကြားရှင်၏ တပည့်လက်သားတွေဖြစ်ကြောင်း သိရသည်။

၁၉၆၇ ခုနှစ် ဗကပတို့ မုံးကိုးမှ မဝင်လာမီ (၆)လခန့်ကပင် ဗကပနှင့် အချိတ်အဆက်ရှိနေခဲ့ပြီး ထိုအချိန်တွင် အောလစ်ယန်းမှာ အင်းစိန်အကျဉ်းထောင်ထဲ ရောက်နေပြီး ဂျင်မီယန်းသည်လည်း ထိုင်းနိုင်ငံနယ်ခြားသို့ ထွက်သွားသဖြင့် ကိုးကန့်စစ်တပ်မှာ အစိတ်စိတ် ကွဲနေချိန်ဖြစ်ရာ လော်စစ်ဟန်နှင့် လားရှိုးမှ ဗမာတပ်မှူးတွေနှင့် အလွမ်းသင့်နေချိန်လည်း ဖြစ်သည်။

ဗကပတို့က ဖုန်ကြားရှင်နှင့် ၄င်း၏ညီ ဖုန်ကြားဖုတို့က လက်နက်နှင့် ခဲယမ်းတို့ ထောက်ပံ့မည်ဟူသော မက်လုံးဖြင့် ကိုင်ခဲ့ရာ စင်စစ် ဗကပတို့ ကိုးကန့်ဒေသတစ်လျှောက် အလျင်အမြန် ထိုးဖောက်၍ သိမ်းယူနိုင်သောကိစ္စတွင် ဖုန်ကြားရှင်တို့လို လက်နက်နှင့် ခဲယမ်းတွေ ဘယ်ကရရ မိမိတို့ ရပ်တည်ဖို့အတွက်သာ အလေးထားတတ်သော ဒေသခံ စစ်ဘုရင်တို့၏ ကျေးဇူး ကင်းခဲ့သည်မဟုတ်ပါ။

မုံးကိုးကို နော်ဆိုင်း သိမ်းလိုက်ပြီး (၅) ရက်ကြာ ၁၉၆၈ ခုနှစ် ဇန်နဝါရီ (၅) ရက်တွင်မူ တရုတ် 'ဘော်လန်တီယာ' တပ်ဖွဲ့ဝင်တို့နှင့်အတူ ဖုန်ညီနောင်နှင့် ၄င်းတို့ လူသိုက်သည် ယူနန်ဘက်မှ ဗမာဘက်သို့ ဝင်လာကြရာ ထိုနှစ်မကုန်မီမှာပင် သံလွင်မြစ်ဘေးမှ ကွန်လုံနှင့် ပတ်ဝန်းကျင်တောင်ကုန်းများမှ လွဲ၍ ကိုးကန့်ဒေသတစ်ခုလုံး ဗကပတို့လက်ထဲ ရောက်ခဲ့သည်။

ကိုးကန့် ပါတီဌာနချုပ်မှ အရာရှိများမှာ ကွန်မြူနစ်ယူနီဖောင်းတွေနှင့် စမတ်ကျနေကြပါသော်လည်း ကွန်မြူနစ်ဝါဒကို ဒီလူတွေ ဘယ်လောက်အထိ လက်ခံယုံကြည်ထားကြသည်ကို ကျွန်ုပ်သံသယရှိမိသည်။ ခန့်မှန်းကြည့်ရသလောက် အောလစ်ယန်းနှင့် ဂျင်မီတို့ အချိန်မှ ယခုအချိန်ထိ အနည်းအပါးသာ ပြောင်းလဲခဲ့ပုံရသည်။ လုံခြုံရေးအကြောင်း ပြချက်အရ ကိုးကန့်ချိုင့်ဝှမ်းမှ လောက်ကိုင်ဈေးသို့ မသွားဖို့ ကျွန်ုပ်ကို တားမြစ်ထား

www.nyisay.com



သော်လည်း ကျွန်ုပ်တို့ရှေ့ခရီးအတွက် စားရေရိက္ခာတို့ကို ဒေသခံအရာရှိတစ်ဦးက သွား ဝယ်လာရာ ၄င်းပစ္စည်းတို့ကို ကြည့်ခြင်းအားဖြင့် အရှေ့တောင်အာရှ၏ ဝေးလံခေါင်ဖျား၊ ချောင်ကြို ချောင်ကြားတွေထဲအထိ တရုတ်ကုန်ပစ္စည်းတွေ လွှမ်းမိုးထားသည်ကို ချက်ချင်း သဘောပေါက်လိုက်သည်။ ယခင် အခေါက်တွေကလို တရုတ် ဘရန်ဒီ၊ ဘီစကွတ်နှင့် မာလင် အသားစည်သွတ်ဘူးတို့သာမက အိန္ဒိယမှ နက်(စ်)ကဖေး သံဘူးကြီးတစ်ဘူး၊ ဩစတြေးလျ စီးကရက်နှင့် ထိုင်းနိုင်ငံထုတ် ယိုဘူးတို့ ပါလာသည်။

ထမင်းစားချိန်များမှသာ ဧည့်ရိပ်သာမှ ကျွန်ုပ် ထွက်စားပြီး ညတွင်မူ ခရိုင်ရုံး အပြင်ဘက် ခြံဝင်းအတွင်းတွင် ဝ၊စစ်သားတွေက မီးပုံကြီး ပုံလေ့ရှိကြရာ ကျွန်ုပ်နှင့် ဆမ်လောတို့သည်လည်း မီးပုံဘေးတွင် ထိုင်၍ ကျွန်ုပ် မတော်တခေါက် တတ်ထားသော ရှမ်းစကားဖြင့် သူနှင့်ကျွန်ုပ် တောင်တောင်အီအီ စကားပြောကြရာ သူ့အကြောင်း ကြားသိ ရသည်မှာ အတော်စိတ်မကောင်းဖြစ်ရသလို မြန်မာပြည် မြောက်ပိုင်း၏ စစ်တလင်း နောက်ခံတွင် ထူးခြားသော ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်သည်။ မိမဲ့ ဖမဲ့ ဆမ်လောကို ဗကပ စစ်သားတစ်ယောက်က မွေးစား၍ ဗမာစကားနှင့် ပညာသင်ပေးခဲ့ပြီး အသက် (၁၂) နှစ်မှစ၍ ဗကပစစ်သား လုပ်လာရာ ယခု အသက် (၂၄) နှစ်ပင် ပြည့်လေပြီ။

"မင်း... အိမ်ထောင်မပြုဘူးလား"

မီးပုံတစ်ဖက်မှ ထိုင်နေသော ကျွန်ုပ်က မေးလိုက်သည်။

"ကျွန်တော် အိမ်ထောင်ပြုခဲ့တယ်"

သူ့မျက်နှာမှာ အဆွေးရိပ်တွေ သန်းသွားပြီး ဆက်ပြောသည်။

"ဒါပေမဲ့ ကိုယ်ဝန် (၅) လမှာ ဆုံးသွားတယ်"

သို့ပေမဲ့ သူက ဆက်၍ သူတို့မင်္ဂလာဆောင်ခဲ့စဉ်က သူငယ်ချင်းတွေကို ဖိတ်၍ ဝက်နှင့် ကြက်တွေကို ဘယ်လိုသတ်၍ စားကြ၊ သောက်ခဲ့ကြသည်တို့ကို ပြောပြသလို ကျွန်ုပ်ကလည်း ဆိုင်နောင်နှင့် ကျွန်ုပ်တို့ (၁၉၈၃) ခုနှစ် ထိုင်းနယ်စပ်အနီး ရှမ်းပြောက် ကျားစခန်းတွင် လက်ထပ်ခဲ့ကြသည်တို့ကို ပြန်ပြောပြရာ ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ် ယောက် ရဲဘော်ရဲဘက်စိတ် ပိုရှိလာခဲ့ကြပြီး သူက ကျွန်ုပ်ကို ရှမ်းဘာသာဖြင့် ပီခွေ (ယောက်ဖ)ဟု ခေါ်သဖြင့် ကျွန်ုပ် ပို၍ ခံစားလိုက်ရသည်။ ကိုးကန့်စခန်းသို့ ရောက်ပြီး တတိယမြောက်နေ့တွင် ဆမ်လောနှင့် ဝ၊တပ်ဖွဲ့ဝင်တို့ မြောက်ပိုင်းဗျူရို မုံးကိုးသို့ ပြန်ကြရမည်ဖြစ်ရာ ဆမ်လောက မျက်ရည်ဝဲ၍ ကျွန်ုပ်ကို နှုတ်ဆက်သည်။

"ပီခွေ၊ ကျွန်တော် ပြန်ရတော့မယ်၊ ဒီမှာ ကျွန်တော့်မောတ်ပုံ၊ ကျွန်တော့်ကို မမ့ပါနဲ့"

ကျွန်ုပ်လက်ထဲသို့ အဖြူအမဲ ဓာတ်ပုံတစ်ပုံ ထည့်ပေးပြီး ချာခနဲ လှည့်ထွက်သွား ရာ ဝ၊စစ်သားလေးတွေကလည်း လက်ပြန္နတ်ဆက်၍ ပခုံးတွင် ရိုင်ဖယ်သေနတ်တို့ကို လွယ်လျက် ရွာလမ်းအတိုင်း ခပ်သွက်သွက် ဆင်းသွားကြလေသည်။

www.nyisay.com



ထိုနေ့ညနေပိုင်းတွင် ကချင်နှင့် ရှမ်းတပ်ဖွဲ့ဝင် (၁၀၀) ကျော်ဖြင့် ဘရန်ဆိုင်းလာနေကြောင်း ဒေသရုံးသို့ သတင်းရောက်လာသည်။ ဘရန်ဆိုင်းကား ထိုင်းနယ်စပ်သို့ ခရီးမဆက်မီ ယန်ဆန်းမှ ဗကပခေါင်းဆောင်တွေနှင့် တွေ့ဦးမည်ဖြစ်၍ သူရွေးချယ်ထားသော လမ်းကြောင်းအတိုင်း လာနေပြီဖြစ်ရာ ဤမှ ကျွန်ုပ် ထွက်ခွာဖို့အတွက် အမြန်ဆုံး စီစဉ်လိုက်သည့်အခါ ကိုးကန့်မှ သာမန်အရာရှိများအနေနှင့် စိတ်ဝင်စားနိုင်ပါသည်။

ဗကပတို့၏ ကြားခံနယ်ခြားဒေသသည် ယေဘုယျအားဖြင့် ကီလိုမီတာ (၂၀-၈၀) ကျယ်ဝန်းသည်ဆိုသော်လည်း ယခု ဆက်ရမည့်ခရီးတွင် တစ်နေရာ၌ ဂရုစိုက်ဖို့ လိုလာသည်။ ၄င်းနေရာမှာ ကိုးကန့်နှင့် မြောက်ပိုင်း ဝ,တောင်တန်းတို့ ဆက်ထားသော ချင်းရွှေဟော် (သို့) ကျင်ရွိဟာ ခေါ် ချိုင့်ဝှမ်းတစ်ခုဖြစ်၍ အဆိုပါနေရာမှာ တစ်ကီလိုမီတာ ကျယ်၍ ကီလိုမီတာ အနည်းငယ် ရှည်လျားသော ရှည်မျောမျော နေရာတစ်ခုဖြစ်နေရာ ကိုးကန့်မှ ကျွန်ုပ်တို့ ထွက်လာသည့်သတင်း ပေါက်ကြားခဲ့သော် ၄င်းနေရာနှင့် မီတာ (၁၀၀) အကွာ တောင်ကုန်းပေါ်တွင် နေရာယူထားသော ဗမာစစ်စခန်းများမှ မော်တာနှင့် အလွယ်တကူ ထုကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ဆိုခဲ့ပါ ချိုင့်ဝှမ်းနှင့် နမ့်တင်းမြစ်ကို ဖြတ်ပြီးသည်နှင့် ဝ,တောင်တန်းအတွင်း ရောက်သွားပြီဖြစ်၍ စိတ်ချနိုင်ပြီ ဖြစ်ပါ၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်တို့အဖွဲ့ကို တရုတ်စစ်သုံး ထရပ်ကားတစ်စီး လာခေါ်ရာ ကိုးကန့် ဗကပစစ်သားတွေက မော်တော်ကားနောက်မှ တိုးဝှေ့တက်ကြပြီး ဆန်မိုင်၊ ကျွန်ုပ်နှင့် ဒေသခံ အရာရှိတစ်ယောက်တို့က ခေါင်းခန်းမှ နေရာယူကြသည်။ သျှောင်းယန် ကမူ ရှေ့တွင် နားမည့်နေရာသို့ ခရီးဆောင်အိတ်တွေ ကြိုတင်၍ စိတ်ချလက်ချ ရောက်ရှိစေဖို့ လားတစ်ကောင်နှင့် နေမထွက်ခင်ကပင် ကြိုသွားနှင့်လေပြီ။ သို့ဖြင့် ကျွန်ုပ်တို့ မော်တော်ကားနောက်တွင် ဖုန်လုံးကြီးတွေ တလိမ့်လိမ့် ချန်လျက် ခရီးထွက်လာခဲ့ကြရာ လောင်းခိုင်နှင့် ချင်းခိုင် ရွာကြီး (၂) ရွာကို ကွေ့ပတ်၍ ချိုင့်ဝှမ်း အောက်ဘက်မှ ရွာလေးတစ်ရွာသို့ မောင်းလာခဲ့ကြပြီး ခေတ္တရပ်နား၍ ရှေ့ခရီးအတွက် စနည်းနာရင်း ဆမ်လောပြန်သွားပြီး တရုတ်အရာရှိတစ်ဦးမှာလည်း ဗမာစကား မပြောတတ်သဖြင့် ဤတွင် စကားပြန်တစ်ယောက် ရှာရပြန်သည်။

''မန္တလေးက တရုတ်ကေဒါတစ်ယောက် ရှိတယ်၊ သူက ဗမာစကားတတ်တယ်၊ ကျွန်တော်တို့နဲ့ သူလိုက်လိမ့်မယ်''

ဆန်မိုင်က ပြောပြီး လိုက်မည့်သူကို အတော်ကြာကြာ စောင့်နေရပြန်သည်။ ကျွန်ုပ်တို့ မော်တော်ကားရပ်ထားသော ခပ်လှမ်းလှမ်း နေအိမ်အတွင်းမှ ဘိန်းကို မီးရှို့ရာမှ ထွက်လာသော စိမ်းရွှေရွှေ အနံ့သင်းလာသည်။ သို့ဖြင့် အရပ်ရှည်ရှည် ပိန်ပိန်ညောင်ညောင် အသက် (၅၀)ခန့်ရှိသောသူ တစ်ယောက်ရောက်လာပြီး လိုလိုလားလား ပြုံးပြရာ၊ ကျွန်ုပ်တို့ အတွက် စကားပြန်အသစ် ရောက်လာလေပြီ။

www.nyisay.com



ရှေ့ခရီးစဉ်အတွက် သတင်းထူးထူးထွေထွေ မရှိ။ နောက်ထပ် (၁) နာရီကြာ မော်တော်ကားနှင့် ခရီးဆက်လာခဲ့ပြီး တောင်ကြားတစ်ခုသို့ ရောက်လာသည်။ ၄င်းတောင်ကြားကား ကိုးကန့်ဒေသအတွင်း ကျွန်ုပ်တို့ စိတ်ချနိုင်သော နောက်ဆုံးအမှတ်ဖြစ်၍၊ ဤမှာဝင် မော်တော်ကားကို ထားခဲ့ပြီး ကျွန်ုပ်တို့ ခပ်သွက်သွက်လျှောက်၍ တောင်ကြားလမ်းကို ကျော်ကာ 'ချင်းရွှေဟော်' ချိုင့်ဝှမ်းအတွင်း ဆင်းလာခဲ့ကြသည်။ ချိုင့်ဝှမ်းကား ကျဉ်းလွန်းသဖြင့် အနောက်ဘက် တောင်ကုန်းပေါ်တွင် စခန်းချထားသော မြန်မာစစ်တပ်စခန်းကို တွေ့နေရပြီး ကျွန်ုပ်တို့ သုတ်ခြေတင်လာသော လမ်းလေးမှာ မီတာ အနည်းငယ်မျှသာ ရှည်၍ တရုတ်နယ်စပ်နှင့် ထိနေသော မြန်မာပိုင်နက်အတွင်းမှ လမ်းကျဉ်းလေးတစ်ခုပင် ဖြစ်သည်။

အကယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက အဝေးကြည့်မှန်ပြောင်းဖြင့် ကျွန်ုပ်တို့ဖြတ်ကူးနေသော လမ်းလေးကို ကြည့်နေသည်ရှိသော် ကျွန်ုပ်မျက်နှာကို မမြင်နိုင်အောင် လက်ကိုင်ပဝါဖြင့် မျက်နှာတစ်ခြမ်းကို အုပ်ထားလိုက်ရသေးသည်။ ချိုင့်ဝှမ်းကို ခွ၍ ခရော်ခရွတ် ဝါးတဲငယ်လေးတွေနှင့် တည်ထားသော ရွာသိမ်ရွာငယ်လေး (၂) ရွာကြားမှ ခြေကုန်သုတ်လာချိန်တွင်မူ မြန်မာစစ်စခန်းရှိရာ တောင်ကုန်းပေါ် တမော့မော့ ကြည့်ရင်း အပြင်းလျှောက်လာခဲ့ရသည်။

''တကယ်လို့ သူတို့ပစ်ရင် ဘယ်ဘက်က ချုံပုတ်ထဲ ပြေးဝင်နေလိုက်''

ဆန်မိုင်က ကျွန်ုပ် စိုးရိမ်စိတ်ကို ပြေလိုပြေကြောင်း ပြောသော်လည်း မထူး၊ (၂) နာရီမျှ မပြေးရုံတမည် လျှောက်လာပြီး ဘယ်ဘက်သို့ ကွေ့လိုက်ရာ မြန်မာကင်းစခန်းနှင့် လုံးဝ ကွယ်သွားပြီး ရင်စို့လောက်မြင့်သော ကိုင်းပင်တွေကြီးတွေထဲမှ တောလမ်းအတိုင်း ဆက်လျှောက်လာရာ နေလုံးဝမကွယ်မီ ဗကပစခန်းငယ်လေးတစ်ခုကို ခရီးပေါက်ခဲ့ကြသည်။

စခန်းတွင် ဝါးတဲ (၄)လုံးရှိပြီး အသက် (၃၀) ဝန်းကျင် အရာရှိတစ်ယောက်နှင့် ၁၈-၁၉ ပင် မပြည့်တတ်သေးသော စစ်သားလေး (၂)ယောက်ကို တွေ့ရသည်။ သို့ပေမဲ့ 'ချင်းရွှေဟော်' ရွာသို့ ဆက်သွားပြီး နမ့်တင်းတစ်ဖက်မှ လုံခြုံစိတ်ချရာ နေရာတွင် ညအိပ် စခန်းမချဘဲ အကာအကွယ်မဲ့သော ရှေ့တန်း ဤနေရာတွင် စခန်းချဖို့ ဆန်မိုင်နှင့် ကိုးကန့်အရာရှိတို့က ဆုံးဖြတ်လိုက်ရာ ကျွန်ုပ် နားမလည်နိုင်သဖြင့် အကျိုးအကြောင်းကို မေးကြည့်သည်။

''ဒီနေ့ နမ့်တင်းမြစ်ကို ကူးဖို့ ကူတို့သမားတွေ မရှိတော့ဘူး''

သို့တိုင် အဖြေရှိသော်လည်း အခြေအနေအရပ်ရပ်က ကျွန်ုပ်အတွက် ပူပင်ကြောင့်ကြစရာ။ စခန်းတာဝန်ခံအရာရှိ အဆိုအရ အစိုးရတပ်ဘက်မှ သိုးသိုးသန့်သန့် သတင်းတစ်ခုကြားသဖြင့် လှည့်ကင်းတွေ များလာသလို တစ်နေ့ကလည်း ယခု ကျွန်ုပ်တို့ စခန်းချမည့်

www.nyisay.com



ဘက်ဆီ မော်တာတွေနှင့် ထုခဲ့သည်။ ကင်းထောက်လေယာဉ်တွေလည်း ရောက်လာရာ ကျွန်ုပ်တို့ သတင်းကြားမိ၍များလား သို့မဟုတ် ဘရန်ဆိုင်းတို့ လာနေသည်ကို သိ၍လား၊ ဆန်မိုင်နှင့် တိုင်ပင်ဖို့ ကြိုးစားကြည့်သည့်တိုင် သူက ပြုံးဖြဲဖြဲနှင့် ပခုံးကိုသာ တွန့်ပြနေသည်။

"ကျွန်တော်လည်း မသိဘူး၊ ဒါပေမဲ့ အခုတော့ ဒီမှာ ညအိပ်ပြီး မနက်စောစော ခရီးဆက်ကြတာပေါ့"

သို့ဖြင့် အထုပ်အပိုးကို အသင့်ပြင်ဆင်ပြီး အဝတ်အစား အပြည့်ဝတ်ဖြင့် ကျွန်ုပ်အိပ်လိုက်ပြီး မနက် နေမထွက်မီ ကျွန်ုပ်တို့ အားလုံး အိပ်ရာထကြသည်။ ကျွန်ုပ်တို့၏ တွက်ချက်မှုအရ အကယ်၍ မနေ့ နေ့လယ်က ကျူပ်တို့ကို ခြေရာခံမိသည် ဆိုလျှင် ယခု အရဏ်ကျင်းလျှင် တိုက်ခိုက်နိုင်ဖွယ်ရှိသဖြင့် ကော်ဖီမတ်ခွက်တစ်ခွက်ကို ကပျာကသီ သောက်ကာ ခရီးထွက်ဖို့ စီစဉ်ကြရာ ကိုးကန့်မှ ပါလာသော ဗကပအရာရှိနှင့် စကားပြန်တို့ နှစ်ယောက်က နမ့်တင်းမြစ်ကူးတို့ ကူးဖို့ ပြင်ဆင်ဖို့အတွက် ရှေ့ဆုံးက သွားနှင့်ကြသည်။ သူတို့နောက် ခပ်လှမ်းလှမ်းမှ သျှောင်းယန်နှင့် ဝန်တင်လားတွေ အပါအဝင် လက်နက်ကိုင် စစ်သားတွေ လိုက်သွားကြပြီး ကျွန်ုပ်တို့ လုံခြုံရေးစစ်သားတွေ ဆီက သတင်းကို စောင့်ဖို့ (သို့) ဗမာစစ်တပ်စခန်းဘက်မှ သေနတ်သံကို နားထောင်ဖို့ ကျွန်ုပ်နှင့် ဆန်းမိုင်တို့ နှစ်ယောက်က နေကျန်ခဲ့သည်။

သို့ပေမဲ့ စစ်တပ်ဘက်မှ ဘာသံမှ မကြားရသလို ကျွန်ုပ်တို့ ရှေ့က ထွက်သွားသူတွေဆီကလည်း သတင်းမကြားရ၊ နာရီအတော်ကြာ စောင့်နေရာမှ ကျွန်ုပ် နေမထိထိုင်မသာ ဖြစ်လာသည်။

"သူတို့ ဘယ်မှာလဲ၊ လုံခြုံရေးတစ်ယောက်မှ မရှိဘဲ ငါတို့တွေ ဒီအတိုင်း စောင့်နေလို့ မဖြစ်ဘူး သွားကြစို့"

ဆန်မိုင်ကို ကျွန်ုပ် မရမက တိုက်တွန်းနေပေမဲ့ သူက ပြုံးဖြဲဖြဲနှင့် မတုန်မလှုပ်။

"ကျွန်တော်တို့ သည်းခံရလိမ့်မယ်၊ လမ်းကြောင်းကို ကျွန်တော် သေသေချာချာ မသိဘူး"

"လမ်းကြောင်း (၂) ကြောင်းပဲရှိတယ်၊ တစ်ကြောင်းက မြစ်ဘက်ဆင်းတဲ့လမ်း၊ နောက်တစ်ကြောင်းက ဗမာစစ်တပ်စခန်းဘက် တက်တဲ့လမ်း၊ အရူးတောင် မမှားနိုင်ဘူး"

ကျွန်ုပ်တို့ (၂) ယောက် (၁) နာရီမျှ အခြေတင် ပြောကြပြီးနောက် နောက်ဆုံးတွင် ဆန်မိုင်က အလျော့ပေးလိုက်ပြီး ကျွန်ုပ်တို့ ထွက်လာခဲ့ကြရာ ကျွန်ုပ်လည်း ပဝါကို မျက်နှာပေါ် တစ်ခါပြန်အုပ်ပြီး (၁၅) မိနစ်ခန့် လျှောက်လာခဲ့ပြီးနောက် နမ့်တိုင်သို့ ရောက်လာသည်။ သို့ပေမဲ့ ကျွန်ုပ်တို့ လာရာလမ်းတွင် ဒေသခံလူတွေက ကျွန်ုပ်ကို ရှာရှာဖွေဖွေ ကြည့်နေကြသဖြင့် ကျွန်ုပ်လည်း ခေါင်းငိုက်စိုက်ချပြီး လျှောက်လာခဲ့ရသည်။

ချင်းရွှေဟော် ရွာကား မြစ်မြောက်ဘက်ကမ်းပေါ်တွင် တည်ထားသော ရွာကြီး

www.nyisay.com



တစ်ရွာဖြစ်ပြီး ဈေးခင်းလည်း ရှိသဖြင့် ကိုးကန့်နှင့် အစိုးရ ထိန်းချုပ်နယ်မြေများမှ လူတွေနှင့် ပြည့်သိပ်နေသည်။

ကိုးကန့်အရာရှိများနှင့် ကူတို့သမားအဘိုးကြီးတစ်ယောက် ကမ်းနဖူးတွင် ရပ်လျက် ကူတို့ကူးခကို ဈေးဆစ်နေကြပြီး မြစ်ဘက်သို့ သုတ်သီးသုတ်ပြာ လာနေသော ကျန်ပ်တို့ကို မြင်လိုက်သည်နှင့် အခြေအနေကို သူတို့ သဘောပေါက်သွားပြီး ကူးတို့ခကို သဘောတူ လိုက်ပြီး လှေပေါ်သို့ အားလုံး တွယ်၍တက်လိုက်ကြရာ ကမ်းမှလှေခွာရုံရှိသေး အရက် အလွန်အကျွံမူးနေသော ဗကပ အရာရှိတစ်ယောက်က ကျွန်ုပ်တို့နောက်သို့ တိုးကြိတ်၍ ရောက်လာသည်။ ပြီးနောက် သူက ဆန်မိုင်ကို ဗမာလိုပြောပြီး ကျွန်ုပ်ဘက် လှည့်၍ ပြောပြန်သည်။ ဆန်မိုင်ကလည်း ထိုသူကို သိသဖြင့် ကြားဝင်ပြောရသည်။

"သူက ဗမာမဟုတ်ဘူး၊ အထူးဧည့်သည်"

ဤတွင် ပန်ဆန်းမှ ဗမာအရာရှိက ကျွန်ုပ်ကို ပြူးကြောင်ကြောင် ကြည့်နေသဖြင့် ကျွန်ုပ်က သူ့ကို ပြုံးပြဖို့ ခေါင်းပေါ်တင်ထားသော မျက်နှာသုတ်ပဝါကို လှုပ်လိုက်သည်တွင် ထိုသူက အထိတ်တလန့်နှင့် ကိုယ်ကို ဆတ်ခနဲ နောက်တွန့်လိုက်ရာ တလှေလုံး တိမ်းမှောက်တော့မလိုပင် စောင်းသွားသည်။ အလန့်ပျောက်သွားခါမှ ထိုသူက ကျွန်ုပ် လာမည့်သတင်းကို ပန်ဆန်းတွင် ကြားခဲ့သလို ဌာနချုပ်တွင် ကျွန်ုပ်အတွက် ပြင်ဆင်နေ ကြောင်း ပြောပြသည်။

ကမ်းတစ်ဖက်သို့ ကျွန်ုပ်တို့ ရောက်ပြီးနောက် ကျန်လူတွေ အလာကို စောင့်နေ ကြရာ လားများမှာ အတင်းရုန်းနေသဖြင့် တစ်ကောင်ချင်း ကြိုးနှင့်ဆွဲ၍ ဖြတ်ကူးခဲ့ရသည်။

ထိုမှ မော်တော်ကားဘီး တစ်ဘီးစာ စွပ်ကြောင်းထနေသော လမ်းကြမ်းလေးအတိုင်း အရှေ့ဘက်သို့ ခရီးဆက်လာရာ ကျွန်ုပ်၏ အရှေ့တောင်အာရှ မြေပုံပေါ်တွင် အဆိုပါ လမ်းကို အဝေးပြေး လမ်းမကြီးအဖြစ် ဖော်ပြထားသော်လည်း ယခုမူ လမ်းတွင် တွေ့ခဲ့ ရသော ထော်လာဂျီအနည်းငယ်အတွက်သာ အသုံးဝင်တော့သည်။ အနောက်ဘက်တွင်မူ မြန်မာမြို့စောင့်တပ်ကြီးတစ်တပ် အထိုင်ချထားသော ဟိုပင်သို့ သွားရာလမ်း ရှိသည်။ သို့ရာတွင် ကျွန်ုပ်တို့က ၄င်းနှင့် ဆန့်ကျင်ဘက် တရုတ်နယ်စပ်သို့ သွားနေရာ ဤ၌ ဗကပနှင့် အစိုးရ နယ်မြေတို့ကို ပိုင်နက်စည်းကို ခွဲခြားဖို့ ခက်လာသော်လည်း လမ်းဘေး နေရာအတော်များများတွင်မူ အရှေ့ဘက်မှ ထိုးဖောက်လာမည့် တပ်တို့ကို တိုက်ခိုက်ဖို့ရာ အတွက် ကုတ်၊ ရင်တားတို့ကို တွေ့နေရသည်။ ကီလိုမီတာ အနည်းငယ်မျှ လျှောက် လာပြီးနောက် မြေလမ်းမှ ဖယ်ခွာ၍ နမ့်တင်းတောင်ဘက်၊ တောင်တန်းတွေဆီ ဆက်၍ တက်လာကြရာ မြစ်ဝှမ်းမှ စပါးခင်းတွေ ပျောက်သွားပြီး ဘိန်းခင်းတွေ ဖြစ်လာသည်။ ဘိန်းခင်းတွေ ကြားမှ နာရီအနည်းငယ် ဖြတ်လာပြီးနောက်တွင်မူ ယွင်ချင်းမြို့သို့ ရောက် လာသည်။ ယွင်ချင်းကား ဘယ်လိုနေရာမျိုး ဖြစ်သည်ကို ခွဲခြားပြောဖို့ ခက်လှသော်လည်း ဈေးရုံကြီးတစ်ရုံနှင့် ရွှံ့အုတ်အဆောက်အအုံတို့တွင် ပါတီရုံးများ ဖွင့်ထားသဖြင့် မြစ်ကူး

www.nyisay.com



လာပြီးနောက် ကျွန်ုပ်တို့ဖြတ်လာသော ရွာသိမ်ရွာငယ်တို့တွင် လုံးဝမတွေ့ရသော စည်ပင်သာယာလုပ်ငန်း မဆိုသလောက် ရှိနေသည်။

ကျွန်ုပ်တို့ကို ဗကပအရာရှိနှစ်ယောက် စောင့်နေရာ နှစ်ယောက်လုံး အသားမည်းမည်း မျက်နှာလေးထောင့်စပ်စပ်နှင့် ဝ၊တွေဖြစ်ပြီး တစ်ယောက်က ရွှေသွားတပ်ထားပြီး ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်၍ သူ့ကိုယ်သူ တပ်ရင်းမှူးတစ်ယောက်ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်နေ့က တပ်စိတ်တစ်စိတ်နှင့် ပြန်ရောက်လာပြီး ကျွန်ုပ်တို့ကို ဆက်လက်၍ ဗကပမြို့နယ်ဗဟိုဖြစ်သော 'ကျင်ရှမ်း'သို့ လုံခြုံရေးတာဝန်ယူ၍ လိုက်ပို့ရမည်ဖြစ်ကြောင်း ပြောသည်။

ဟိုပင်-နမ့်တင်း ချိုင့်ဝှမ်းအထက် တရုတ်နယ်ခြားတောင်တန်းတွေဘက်သို့ လိုက်လာခဲ့ကြ၊ နယ်ခြားတစ်လျှောက် ကွန်မြူနစ် ထိန်းချုပ်မှုကို သိသိသာသာ တွေ့မြင်လာရပြီး တစ်ဖက်တွင် ဟိုပင်၊ ပန်လုံနှင့် ၁၉၇၁-၇၂ ခုနှစ်က မီးကုန်ယမ်းကုန် တိုက်ပွဲဖြစ်ခဲ့သော ကွန်လုံအနီးမှ သံလွင်တံတားတို့ကို အစိုးရတပ်တို့က ထိန်းချုပ်ထားကြသည်။ ဆိုခဲ့သလို တိုက်ပွဲပြီးကတည်းက ကွန်လုံ-ဟိုပန်-ပန်လုံတို့ကို အစိုးရတပ်များက ခြေကုပ်ထားလိုက်ကြပြီး သံလွင်အခြေဘက်ခြမ်းမှ ၄င်းမြို့များကိုမူ ဗကပတပ်များ ဝိုင်းရံထားသော ချိုင့်ဝှမ်းအတွင်းမှ ဗမာ့တပ်ရင်း တပ်ဖွဲ့တို့က ကာကွယ်ထားသည်။

ရှေ့တန်း စစ်မျက်နှာနှင့် နီး၍ပဲလား မသိ၊ ကျွန်ုပ်တို့ မျောလိုက်လာသော နယ်ခြားဒေသတစ်လျှောက်တွင်မူ လူနေကျဲလာပြီး ဆန်မိုင်နှင့် ဝ၊အရာရှိတို့ စကားထဲမှ တစ်ချက်တစ်ချက် သတိထားမိလိုက်သော စကားအရ ဗကပတို့ ဝင်လာပြီးနောက် ဒေသခံ အများစုမှာ အောက်ဘက် ချိုင့်ဝှမ်းလွင်ပြင်သို့ ပြောင်းရွှေ့သွားကြသည်။ အချို့ဆိုလျှင် သံလွင်အနောက်ဘက်မှ ပို၍ လုံခြုံစိတ်ချမှုရှိသော လားရှိုး၊ ဆဲန်ဝီနှင့် တန့်ယန်းမြို့တွေအထိ ရောက်သွားကြကြောင်း သိခဲ့ရသည်။

ယခု အင်အား (၃၀) နီးပါးရှိသော ကျွန်ုပ်တို့စစ်ကြောင်းမှာ မွန်းတည့်ချိန်တွင် ကျင်ရှမ်းသို့ ရောက်လာခဲ့ကြသည်။ ကျင်ရှမ်းရွာကား လေကြောင်းကျသော ကုန်းပြင်မြင့်ပေါ်တွင် ဝံညှာ၍ တရုတ်လူမျိုး အများဆုံး နေထိုင်ကြပြီး အိမ်တိုင်းလိုလို ရှေ့ဘက်တွင်မူ လားတွေအတွက် သက်ငယ်မိုး ဝါးတဲကြီးတွေ ရှိကြပြီး ဤရွာတွင် ဝင်ခါမှ ခွေးဟောင်သံတွေ ပြန်ကြားကြရသည်။

ကျွန်ုပ်တို့ တည်းခိုသော အိမ်ရှင်မှာ အသက် (၄၀) ဝန်းကျင်ရှိ တရုတ် အမျိုးသားဖြစ်သည်။ သို့ပေမဲ့ ယခုလို ခက်ရော်ကြမ်းတမ်းလှသော တောတောင်တွေနှင့် ရွာတစ်ရွာတွင်မူ သူ၏အနေအထိုင် အပြုအမူတို့မှာ မလိုက်ဖက်၊ ဟန်လုပ်နေသည်မှာ သိသာလှသည်။ မီးခိုးရောင် ဂျာကင်အင်္ကျီ၊ အနက်ရောင် ဘောင်းဘီရှည်နှင့် ဖိနပ်ကို ပြောင်လက်နေအောင်

www.nyisay.com



ပေါ်လစ်တိုက်ထား၊ ငါးသုံးလုံးစီးကရက်ကို လက်ကမချ၊ စီးကရက်ပြာကို လက်ညှိုးနှင့် တောက်ခြွေပြီး ကုတ်ပေါ် ဝဲကျနေသော ဆံပင်ကို ခေါင်းကို တဆတ်ဆတ်လှုပ်ရင်း နောက်လှန်တင်နေသည်ကို ကြည့်ရင်း ဟောင်ကောင်ဇာတ်ကားတွေထဲက လူဆိုးဂိုဏ်း ခေါင်းဆောင်လို ဂိုက်မျိုးပါလားဟု တွေးမိလိုက်သေးသည်။

သို့ပေမဲ့ သူကခေသူမဟုတ်။ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ တို့တွင် (၇) နှစ်မျှ အပျော်ခရီးထွက်ခဲ့ပြီး ယခု သူ့ရွာ ကျင်ရှမ်းသို့ ပြန်ရောက်လာခဲ့ သည်မှာ မကြာသေး။

"လွန်ပရာဘန် မှာလည်း တစ်ခဏ ကျုပ် နေခဲ့သေးတယ်"

သူက ငါးသုံးလုံး စီးကရက်ကို တစ်ချက် ဖွာထုတ်လိုက်ရင်း ဆက်ပြောသည်။

"ကျုပ် သူငယ်ချင်းတွေနဲ့ အရောင်းအဝယ်လုပ်ပြီး ခရီးဆက်ကြတယ်။ တစ်ခါ တစ်ခါ တရုတ်ဘက် တက်တယ်။ ထိုင်းက လူသုံးကုန်ပစ္စည်းတွေ သွားဝယ်ပြီး 'လွန်ပရာ ဘန်' မှာ ပြန်ရောင်းကြတယ်၊ ဒါမှမဟုတ် ဗီယက်ကျင်းမှာ ရောင်းတယ်။ ဒါပေမဲ့ ဟန္ဒိုင်း ဒါမှမဟုတ် ဗမာပြည်နယ်စပ်ကို ထရပ်ကားနဲ့ ကုန်ပို့တာ ပိုကျန်တယ်"

"အဲ့ဒီနိုင်ငံတွေမှာ ပြည်ဝင်ခွင့်ယူရတာ လွယ်သလား"

သူ့မှာ ဗမာမှတ်ပုံတင်ပင် ရှိမှာမဟုတ်သည်ကို မှန်းဆမိသဖြင့် ကျွန်ုပ်က မေးလိုက် ခြင်းဖြစ်သည်။

"ကျုပ်တို့က ဒီလို ဗီဇာကိုပဲ သုံးတယ်"

သူက ဟန်ပါပါ ပြုံးရင်း အိတ်ထောင်ထဲက တရုတ်ငွေစက္ကူတစ်ထပ်ကို ဖျတ်ခနဲ ဆွဲထုတ်၍ပြလိုက်ရာ နိုင်ငံ (၅) နိုင်ငံကို နိုင်ငံကူးလက်မှတ်မပါဘဲ အိမ်ဦးနဲ့ ရောကပြင် သို့သွားနိုင်သော မှောင်ခိုသမား၊ သကောင့်သားကို ကျွန်ုပ်ပင် မနာလို ဖြစ်မိလိုက်သည်။

"အဲ့ဒီနိုင်ငံတွေဆီကို ဘိန်းသယ်သွားသေးလား"

"ဟာ... မဟုတ်တာ၊ ဘယ်လိုသယ်နိုင်မှာလဲ"

သူက စကားပိတ်အဖြစ် လှောင့်သလို တစ်ချက်ရယ်လိုက်သော်လည်း ပြောမပြော သော ကိစ္စတစ်ခုရှိနေသည်ကိုမူ အရိပ်အမြွက်သိနိုင်သည်။ သို့ဖြင့်လည်း ကျွန်ုပ်သည် သူနှင့်အတူ မသက်မသာ ရယ်ရင်း လာအို ကောင်မလေးတွေအကြောင်း စကားလမ်းလွှဲ လိုက်ရာ ယခင်လို ခေါင်းကို တဆတ်ဆတ်ခါ၍ ဆံပင်ကို နောက်လှန်သိမ်းရင်း ပြုံးပြုံးကြီး လုပ်နေပြပါ၏။

မည်သို့ရှိစေ ဤရွာဤဒေသသည် သူ၏ ဘိုးဘွားတို့မြေဖြစ်၍ မိသားစု တာဝန် ရှိသူတို့က သူ့ကို ပြန်ခေါ်ခဲ့ပြီး နယ်စွန်နယ်ဖျားက စာမတတ် ပေမတတ် လူတွေကြားမှာ သူဌေးလုပ်နေခြင်းဖြစ်သည်။ သို့ပေမဲ့ နိုင်ငံခြားစီးကရက်သောက်သူ ဇာတ်ကြမ်းရုပ်ရှင်- သရုပ်ဆောင်တစ်ယောက်လို ဝတ်ပုံစားပုံနှင့် 'လွန်ပရာဘန်'က ကောင်မလေးတွေနှင့်

www.nyisay.com



ကိုယ်တွေ့အကြောင်းများကိုကား သူ့ဘဝ၏ အဆင့်အတန်းတစ်ခုအဖြစ် ယခုအထိ ဆက်၍ ထိန်းသိမ်းထားနေဆဲ၊ နောက်တစ်နေ့ ဝေလီဝေလင်းတွင် ကျွန်ုပ်တို့ ခရီးစတင်ခဲ့ရာ လမ်းတွင် နှင်းခဲတွေ ဖုံးနေသဖြင့် ခြေထောက်နင်းလိုက်တိုင်း တကျွတ်ကျွတ်၊ တကျိကျို ဖြစ်နေသည်။ ဝ၊တပ်စိတ်မှူးမှာ ကျင်ရှမ်းတွင် ကျန်နေခဲ့သဖြင့် ကိုးကန့်မှ အရာရှိတစ်ယောက်နှင့် ဘိန်းသမား တရုတ်စကားပြန်တို့က ခရီးလမ်းကို တာဝန်ယူလာကြသည်။ သို့ပေမဲ့ မကြာခင်မှာပင် ကိုးကန့်မှ ဗကပအရာရှိဆိုသူသည်လည်း ဘိန်းသမားဖြစ်ကြောင်း ကျွန်ုပ် ရိပ်မိလိုက်ရာ စျေးခင်းရှိသော ရွာတစ်ရွာသို့ ကျွန်ုပ်တို့ရောက်တိုင်း သူတို့နှစ်ယောက် ပျောက်သွားပြီး တအောင့်ကြာခါမှ 'ကောင်း'ပြီး ပြန်လာတတ်ကြသည်။

ကျွန်ုပ်တို့ ခရီးစဉ်တွင် အဓိကပို့ဆောင်တစ်ခုမှာ အစိုးရမြို့စောင့်တပ်နှင့် ကီလိုမီတာ အနည်းငယ်သာ လှမ်းသော ပန်လုံချိုင့်ဝှမ်းသို့ ဆင်း၍ ကျွန်ုပ်တို့အတွက် စိတ်ချရသော ဝ၊တောင်တန်းသို့ မတက်မီ ထသိန်းမြစ်ကို ဖြတ်ရမည် ဖြစ်သည်။ ဤ၌ ကံကောင်းချင်တော့ ချိုင့်ဝှမ်းဘက် ဆင်းလာသည်နှင့်အမျှ သစ်ပင်ချုံပင်တို့သည်လည်း ပို၍ ထူထပ်လာရာ၊ ကျွန်ုပ်တို့ ခေါင်းဆောင်နှစ်ဦးက ကျင်ရှမ်းမှ တောထဲသို့ ဖြတ်ဆင်းသွားသည့်အခါ နောက်ဘက်သို့ အော်ဟစ်၍ အမိန့်ပေးကြသည်။ သို့ပေမဲ့ သူတို့ အမိန့်ကို ဘယ်သူကမှ အလေးမထားဘဲ ကျွန်ုပ်တို့သဘောနှင့် ကျွန်ုပ်တို့ ထသိန်းမြစ်ကမ်းတစ်ဖက်သို့ ဖြတ်ဆင်းလာကြသည်။

မြစ်ကူးတံတားမှာ ကြိုးတံတားဖြစ်ပြီး သစ်လုံးတိုင်များနှင့် ဆောက်ထားပြီး ဝါယာကြိုးတွေကလည်း သံချေးတက်နေရာ ကျွန်ုပ်တို့ တစ်ယောက်ချင်းစီ ဖြတ်ကူးကြရာ တံတားကား ပြတ်ကျတော့မလောက် ယိမ်းထိုး လှုပ်ခါသွားသည်။ မြင်းတွေကိုမူ ရေတိမ်ပိုင်းမှ ဖြတ်ကူးကြရသည်။ သို့ပေမဲ့ မြောက်ဘက်ကမ်းသို့ ကျွန်ုပ်တို့ ရောက်လာသည်နှင့် ကျွန်ုပ် အံ့သြသွားရသည်မှာ ကျွန်ုပ်တို့ရှေ့မှ မြင်းစီးသွားသော ခေါင်းဆောင်ကြီးနှစ်ဦးအား ပေါင်းပင်မြက်ပင်ရှင်းသည့်နေရာတွင် ကျကျနန ထိုင်နားနေသည်ကို တွေ့လိုက်လို့ပဲ ဖြစ်သည်။ နောက်ကျ ကျန်နေသူတွေကို သူတို့ စောင့်နေတာပဲဖြစ်လိမ့်မည်ဟု ပထမ ကျွန်ုပ်တွေးမိလိုက်သော်လည်း နောက်တစ်နာရီလောက်ကြာသည်အထိ သူတို့နှစ်ဦးက မြေကြီးပေါ်မှာ ပက်လက်ကြီးလန်ပြီး အဇ္ဈာ မိုးကောင်းကင်ကြီးကို ငေးမောနေသေးရာ ကျွန်ုပ်က ဆန့်မိုင်ကို အကျိုးအကြောင်း မေးရတော့သည်။

"သူတို့ပင်ပန်းနေလို့ အဲ့ဒါ ဘီစကွတ်မုန့်စားပြီး အနားယူဦးမယ် ပြောတယ်"

"ဒီနေရာမှာ အနားယူမယ် ဟုတ်လား၊ ပန်လုံနဲ့ အရမ်းနီးနေတယ်၊ ရှေ့က ရွာတစ်ရွာကို ဘာလို့ ဆက်မသွားရတာလဲ"

ကျွန်ုပ်စကားကို ဆန်းမိုင်ကတစ်ဆင့် သူတို့နှစ်ယောက်ကို ပြန်ပြောသည့်အခါ စိတ်ဆိုးမာန်ဆိုးနှင့် ကျွန်ုပ်ကို ပြန်အော်ပြောသည်ကို ဆန့်မိုင်က သံတမန်ဆန်ဆန် ပြုံး၍ ပြောသည်။

www.nyisay.com



''သူတို့ ပင်ပန်းနေတယ်လို့ ပြောပါတယ်''

''သူတို့က မြင်းစီးလာတာ၊ ငါတို့က ခြေထောက်နဲ့လာတာ၊ ဘာ့ကြောင့် ပင်ပန်းနေရတာလဲ၊ ဘာလဲ၊ နောက်ထပ် ဘိန်း၅၀ဖို့ လိုသေးလို့လား''

နောက်ထပ် တစ်နာရီအထိ ကျွန်ုပ်တို့ ခေါင်းဆောင်ကြီးနှစ်ဦး၏ ဘိန်းစည်းစိမ်ကား မပြေလျော့သေး၊ ကောင်းကင်ပေါ်မှာ လမ်းလျှောက်နေဆဲ။ သို့ဖြင့် နောက်ဆုံးတွင်မူ ခေါင်းဆောင်ကြီး နှစ်ယောက်လုံး မြင်းတွေပေါ် ဒယီးဒယိုင်နှင့် ကုပ်ကက်တက်၍ ခရီးဆက်ထွက်လာခဲ့ကြရာ ကျွန်ုပ်လည်း ကျောပိုးအိတ်နှင့် လမ်းလျှောက်လာခဲ့သည်။ အခြားတပ်ဖွဲ့ဝင်တို့ကလည်း တပျော်တပါးနှင့် ခပ်သုတ်သုတ် လျှောက်သွားကြရာ မကြာခင်မှာပင် ဘိန်းစားနှစ်ယောက်၏ အော်ဟစ်ညည်းသံကို ကြားရသော်လည်း ၄င်းတို့ကို တော်တော် အာရုံပျက်နေသော ဆန့်ဗိုင်ထဲမှ စကားတစ်လုံးမျှ မကြားရတော့။ ထသိန်းမြစ် တောင်ဘက်မှ တောင်တန်းများကား ကိုးကန့်နှင့် ကျင်ရှမ်းတောင်တို့ထက် ကျယ်ပြော၍ ပိန်းပိန်းထနေသော တောအုပ်တွေကြားက ထုံးကျောက်တိုင်ကြီးတွေ ထိုးထွက်နေပြီး ပက်ကြားအက်တွေကြားမှ ပေါက်နေသောအပင်တို့ ဖုံးလုခမန်းဖြစ်နေရာ ဝ၊ဒေသသို့ ကျွန်ုပ်တို့ ဝင်ရောက်လာချေပြီ။

မြွေလိမ်မြွေကောက် လမ်းအတိုင်း တစ်နာရီမျှ ကုတ်ကုတ်ခဲခဲ တက်လာပြီးနောက် ပထမဆုံးသော ဝ၊ကျေးရွာတစ်ရွာသို့ ရောက်လာသည်။ ရွာအမည်သည်လည်း မြစ်အမည် အတိုင်း 'ထသိန်း' ဖြစ်ပြီး ကတော့ချန် သက်ငယ်မိုး တဲငယ်လေးအလုံးပေါင်း (၅၀) ခန့် ရှိပြီး တဲတိုင်းကို ဝါးခြဲစည်းရိုးဖြင့် ကာရံထားသည်။ ချည်ကြမ်းလုံချည်နှင့် အပေါ်ပိုင်း ဗလာကျင်းထားသော အမျိုးသမီးတစ်ဦးက ကျွန်ုပ်တို့ကို တဲထဲမှ လှမ်းကြည့်နေပြီး ချက်ချင်း တံခါးပိတ်ပစ်လိုက်သည်။

နောက်ထပ် နာရီအနည်းငယ်ကြာ တောင်တက်ခရီးဆက်ခဲ့ရာ၊ အလားတူ ဝ၊ရွာလေးတွေကို ဖြတ်သန်းခဲ့ရသည်။ ကိုးကန့်ဒေသတွင် တွေ့ခဲ့ရသော ရွာတို့မှာ ဆင်းရဲ၍ ညစ်ပတ်သော်လည်း ဒေသခံ ကုန်သည်၊ ဈေးသည်များ၊ ဝန်တင်လားနှင့် နွားလှည်းများနှင့် အိမ်တံခါးနဖူးစည်းတွင် တရုတ်စာတန်းတွေ တွေ့ခဲ့ရသဖြင့် အနည်းဆုံး အထွေထွေယဉ်ကျေးမှုတစ်ခုတော့ ရှိသည်။ သို့ရာတွင် ဝ၊ကျေးရွာတို့ကို တွေ့လိုက်ရသည်ကား နာဂတောင်တန်းဒေသမှ ရှေးဟောင်းဘဝကို ပြန်သတိရစရာ ဖြစ်ခဲ့ရပါ၏။

အသားမည်း၍ ခန္ဓာကိုယ် တုတ်ခိုင်မှုရှိသော ဝ၊တို့က စကားလည်ချောင်းသံနှင့် ပြောတတ်သည်ဖြစ်၍ ရှမ်းတို့က ဝ၊တို့၏ ဒေသိယစကားကို ဖားအော်သံနှင့် ပုံခိုင်းတတ်သည်။ သို့ရာတွင် ဝ၊ဘာသာစကားကို ပလောင်၊ မွန်၊ ခမာ စသည်ဖြင့် မွန်ခမာဘာသာစကား အုပ်စုအတွင်း ကြောင်းကျိုးညီညွတ်စွာ ထည့်သွင်းနိုင်ပါသည်။

www.nyisay.com



၀,လူမျိုးတို့၏ မူလနေရပ်မှာ ရှမ်းပြည်ဒေသ အနှံ့အပြားနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတို့ဖြစ်ပြီး ၄င်းတို့ကို ထိုင်းတွင် 'လ၀' လူမျိုးဟူ၍ လူသိများကြသည်။ သို့ပေမဲ့ ၀,တို့သည်ကား နိုင်ငံရေးအရ တိုးတက်မှုမရှိသဖြင့် သူတို့၀မ်းကွဲညီနောင် မွန်နှင့် ခမာတို့လို ဘုရင်အင်ပါယာတို့ကို မဆိုထားလင့် ကိုယ်ပိုင်နိုင်ငံတော်တစ်ခုကိုပင် မတည်ဆောက်နိုင်ခဲ့၊ သို့ရာတွင် (၂၀) ရာစုသို့ ရောက်လာသည်အထိ ထိုင်းမြောက်ပိုင်းမှ ချင်းမိုင်ဘုရင်တို့က လ၀,တို့ကို မူလမြေပိုင်ရှင်တွေအဖြစ် နှစ်စဉ် အခွန်ဆက်နေသေးသည်။

ယနေ့ထိုင်းနိုင်ငံတွင် သမိုင်းဆိုင်ရာ အယူအဆတစ်ခုရှိရာ ၄င်းတို့ အဆိုအရ ထိုင်းတို့သည် ယနေ့ နေထိုင်သောနေရာ၌သာ အစဉ်နေလာခဲ့သူတွေဖြစ်ပြီး မြန်မာနှင့် တရုတ်တို့မှာ ထိုင်းနှင့် အလားတူ အထွေထွေ ယဉ်ကျေးမှုရှိသော လူမျိုးများ၊ ရှေးယခင်က အာသံတွင်ရှိသော လူမျိုးများမှာ ထိုင်းနိုင်ငံမှ ကူးပြောင်းအခြေချခဲ့ကြသော ရလဒ်များဖြစ်သည်။

သို့ဆိုလျှင် ထိုင်း (သို့) ရှမ်းလူမျိုးတို့၏မူလဇာတိကား ထိုင်းမြေ ဧကန်စင်စစ်ဖြစ်သည် ဆိုပါက မေးချင်စရာဖြစ်လာသည်မှာ မြေသြဇာကောင်းမွန်၍ လွင်ပြင်ကျယ်သော အရှေ့တောင်အာရှ ကျွန်းဆွယ်ဒေသကို ပစ်ပြီး မြောက်ဘက် ရှမ်းတောင်တန်းများဆီ ဘာကြောင့် အပင်ပန်းခံ တက်ခဲ့ကြရပါသလဲ။ နောက်ထပ် မေးခွန်းတစ်ခုမှာ ချင်းမိုင်ဘုရင်တို့က လ၀,တို့ကို မူလမြေပိုင်ရှင်တွေအဖြစ် ဘာကြောင့် နှစ်စဉ် အခွန်ဆက်သနေရပါသလဲ။

ဤ၌ ကြောင်းကျိုးဆီလျော်သော ရှင်းလင်းချက်တစ်ခုမှာ ထိုင်း (သို့) ရှမ်း(တိုင်း) လူမျိုးတို့၏ မူလနေရာမှာ တရုတ်ပြည် တောင်ပိုင်းဖြစ်သော်လည်း မြောက်ပိုင်းမှ ၄င်းတို့ထက် လူဦးရေအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ အားကြီးသော 'ဟန်' တရုတ်တို့၏ ဖိအားကြောင့် အာသံ၊ မြန်မာပြည်မြောက်ပိုင်း၊ ယူနန်၊ လာအို၊ ဗီယက်နမ်မြောက်ပိုင်း ဒေသအချို့နှင့် နောက်ဆုံး ယနေ့ထိုင်းနိုင်ငံ၏ မယ်နမ့်ချောင်ဖရား ချိုင့်၀မ်းအထိ ပျံနှံ့လာခဲ့သည်။

မြစ်၀မ်းဒေသသစ်သို့ ရှမ်းနှင့် ထိုင်းတို့ ရောက်လာသည့်အခါ ၀၊ လ၀ တို့မှာ ဒေသခံ တောင်တန်းနေ လူမျိုးများအဖြစ်ရှိနေနှင့်ပြီး နောက်ပိုင်းတွင်မှ တရုတ်ပြည်တောင်ပိုင်းမှ ကချင်၊ လားဟူနှင့် အခါ လူမျိုးတို့သည်လည်း လူနေဒေသဖြစ်သော ချိုင့်၀မ်းနှင့် မြေပြန့်လွင်ပြင်တစ်၀ိုက်သို့ အခြေချလာခဲ့ကြသည်တွင် ကချင်ကဲ့သို့သော လူမျိုးစုတို့က တောင်တန်းဒေသမှ အောက်ဘက်သို့ တွန်းဆင်းလာသဖြင့် ချက်ချင်းဆိုသလို ရှမ်းနှင့် ထိပ်တိုက်တိုးကာ မသင့်မြတ်မှုများ ဖြစ်လာခဲ့ကြသည်။

သို့ရာတွင် မြန်မာတို့ကမူ တစ်ဘာသာ၊ တိဗက် တောင်ပိုင်းမှ ဧရာ၀တီလွင်ပြင်သို့ ရွှေ့ပြောင်းလာကြပြီး မွန်တို့ကို စစ်အောင်နိုင်ပြီး ကိုယ်ပိုင်အင်ပါယာ တည်ထောင်ခဲ့ရာ

www.nyisay.com



မှ တောင်တန်းဒေသမှ ဗမာမဟုတ်သော လူမျိုးတို့ကို ပဏ္ဏာဆက် စော်ဘွား၊ စော်ကန်၊ နယ်စားပယ်စားတွေအဖြစ် သိမ်းသွင်းနိုင်ခဲ့သည်။ နောက်ဆုံးရလဒ်မှာ ကမ္ဘာပေါ်တွင် မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ အများဆုံးနေထိုင်ရာနေရာ ဖြစ်လာပြီး ခေတ်သစ်ကမ္ဘာ၏ အရှုပ်ထွေးဆုံးနှင့် လက်ပေါက်အကပ်ဆုံး ပြည်တွင်း လက်နက်ကိုင်ပုန်ကန်မှုပင် ဖြစ်သည်။

၀၊လူမျိုးအများစုမှာ ရှမ်းနှင့်တရုတ် နယ်မြေနှစ်ခုကြားတွင် ညပ်နေပြီး ယဉ်ကျေးမှုနှစ်မျိုးလုံးက အပြိုင် လွှမ်းမိုးထားပြီး ဘာသာရေးအရ အဓိက အုပ်စုကြီး (၂) စုအဖြစ် ကွဲသွားရာ ပထမအစုမှာ ရှမ်းနှင့် တရုတ်တို့က လွှမ်းမိုးထားသော အုပ်စုဖြစ်ပြီး ၄င်းတို့ကို ၀, အယဉ်အဖြစ် ရည်ညွှန်းတတ်ကြသည်။ ဒုတိယအုပ်စုကား လွန်လေပြီးသော ကာလ တစ်ခုအတွင်း အမေရိကန် ဘက်(ပ)တစ်တို့က သာသနာပြုခဲ့ကြသော ခရစ်ယာန် ၀,အုပ်စု ဖြစ်သည်။

၄င်းတို့နှင့် အစဉ်အလာအရ ၀မ်းကွဲညီနောင် တော်စပ်သော နောက်ထပ် အုပ်စုတစ်စုမှာ လူသူကင်းဝေးလျက် တောင်တန်းကြီးတွေပေါ်မှာ နေထိုင်သော ၀,အရိုင်းဖြစ်သည်။ ၄င်းတို့မှာ ၁၉၇၀ ပြည့်လွန် အစောပိုင်းကာလအတွင်း ဗကပတို့ရောက်မလာမီအထိ ခေါင်းဖြတ်သောအလေ့အထရှိနေသေးသည်။ ယခု ကျွန်ုပ်တို့ ဝင်ရောက်လာသော နယ်မြေမှာ ၀,အယဉ်ဒေသဖြစ်သော်လည်း ပန်ဆန်း မရောက်မီ ၀,အရိုင်းတို့ဒေသကိုပါ ဖြတ်သန်းရမည်ဖြစ်ရာ၊ ယခင်က ၄င်းနေရာသို့ အနောက်တိုင်းသား အနည်းငယ်သာ ရောက်ခဲ့ကြသည်။

ကျွန်ုပ်တို့ ချီတက်လာသော ၀,အယဉ်ဒေသတစ်လျှောက် ရွာတိုင်းတွင် ဘုန်းကြီးကျောင်းနှင့် စေတီပုထိုးတို့ တွေ့ရတတ်သော်လည်း သူတို့ ဗုဒ္ဓဘာသာကား နတ်ကိုးကွယ်မှုနှင့် လုံးထွေးနေသည်။ ရွာတစ်ရွာတွင်မူ သက်ငယ်မိုးထားသော နတ်ကွန်းတစ်ခုထဲတွင် သစ်သားဖြင့် ထွင်းထုထားသော ယောကျ်ားလိင်အင်္ဂါကြီးတစ်ခုကို မတ်မတ်ထောင်ထားပြီး၊ နတ်ကွန်းနှင့် မနီးမဝေးတွင် ဗုဒ္ဓဘုရားကျောင်းဆောင်တစ်ခုလည်း တည်ထားရာ ဤကိစ္စကို ရွာသူရွာသားအားလုံးသာမက ဗုဒ္ဓဘာသာဘုန်းကြီးများကပင် လက်ခံထားကြဟန်တူသည်။

နောက်တစ်နေ့ တစ်နေ့လုံးတွင်မူ မွှိုင်ပလက်၊ ငှက်ဘရုတ်၊ ငိုင်းဘရုတ်၊ ယောင်ဖရီ၊ ယောင်ရိုင်း စသည်ဖြင့် ရွာအသီးသီးကို ဖြတ်လာကြရာ အချို့ရွာများမှာ ဘက်ပတစ် ခရစ်ယာန်ရွာများဖြစ်၍ နေအိမ်ထရံပေါ်တွင် ခရစ်ယာန်ပြက္ခဒိန်နှင့် အရောင်လွှင့်နေပြီဖြစ်သော ယေရှုခရစ်ပုံ (သို့) လက်ဝါးကပ်တိုင်တို့ကို ချိတ်ဆွဲထားကြသည်။

ရွာတစ်ရွာတွင် တဲတစ်တဲသို့ ကျွန်ုပ်တို့ ဝင်ကြရာ အိမ်တံခါး၀တွင် ဖိနပ်ချွတ်၍ တောဆောင်းဦးထုပ်ကို ဝါးကြမ်းပေါ် ပစ်ချလိုက်သော ကျွန်ုပ်ကို အိမ်သားတွေ အားလုံး မယုံသလို စိုက်ကြည့်နေကြပြီး သေချာပြီဆိုခါမှ အဘိုးကြီးက သူ့အိပ်ရာနေရာသို့ သွားပြီး

www.nyisay.com



အဖုံးအနက်နှင့် စာအုပ်ကြီးတစ်အုပ်ကို ကောက်ယူလိုက်သည်။ စာအုပ်ကြီးက အနှောင့်ချုပ်ရိုးများပင် ပြုတ်တာတွေ ပြုတ်နေလေပြီ။

တရုတ်လယ်သမားဝတ်စုံနှင့် ဗကပ ဦးထုပ်ဆောင်းထားသော အဘိုးကြီးက ကျွန်ုပ်ထံ စာအုပ်ကို တရိုတသေပေးရာ စာအုပ်ကို ဝ,ဘာသာ (အင်္ဂလိပ်အက္ခရာ) ဖြင့် ရေးသားပြီး အတွင်းခေါင်းစီး စာမျက်နှာအောက်ဆုံးတွင် အင်္ဂလိပ်ဘာသာဖြင့် ဝ, ဓမ္မတေးစာအုပ်၊ ဘုန်းတော်ကြီး အမ်၊ ဗင်းဆင့်ယန်းက စုစည်း ပြန်ဆို၍ ရန်ကုန်မြို့တွင် ဘုန်းတော်ကြီး ဇော်ကော်ဆွမ်းက ပုံနှိပ်ကြောင်း ရေးသားထားသည်။ သို့ပေမဲ့ ပုံနှိပ်ခုနှစ်ကိုမူ ဖတ်မရတော့။ ဤ၌ တစ်ချိန်လုံးဘေးက ကြည့်နေသော ဆန်မိုင်က ဝင်ပြောသည်။

"ခင်ဗျားကို သူက သာသနာပြုဘုန်းကြီးထင်နေတယ်၊ လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်က ဒီမှာ အမေရိကန် မစ်ရှင်တွေ ရှိခဲ့တယ်၊ သူသိခဲ့တာ အဲ့ဒီအမေရိကန်တွေပဲ ဆိုတော့ ယခု သူတို့ ပြန်လာပြီအထင်နဲ့ ဝမ်းသာနေတာ၊ ဒါကြောင့် ခရစ်ယာန်ဝင်ကျမ်းကို သူတို့ မေ့မထားဘူးဆိုတာကို ပြချင်နေတာ"

ဆန်မိုင်ကပြောပြီး ခွက်ထိုးခွက်လန်ရယ်နေသည်။ သို့ပေမဲ့ ကျွန်ုပ်ကိုယ်တိုင် ခရစ်ယာန်တစ်ယောက် မဟုတ်သော်လည်း ရင်ထဲ ထိထိခိုက်ခိုက် ခံစားလိုက်ရသည်။ ဓမ္မတေးစာအုပ်ကို ကျွန်ုပ် လှန်လျောကြည့်မိရာ "ရှေ့သို့ချီ ခရစ်ယာန်စစ်သားများ" နှင့် "မြင်းစာခွက်တွင် မွေးဖွားခြင်း" ဆိုသည့် တေးနှစ်ခုစလုံး ဝဘာသာပြန်ဆိုထားသည်ကို တွေ့လိုက်ရပါ၏။ အဘိုးကြီးက သူ့စာအုပ်ကိုပြန်ယူသွားပြီး ကျွန်ုပ်တို့ နေ့လယ်စာစားနေချိန်မှာ ဘေးနားက ထိုင်ကြည့်နေသည်။ နေ့လည်စာမှာ ထုံးစံအတိုင်း ထမင်းနှင့် မာလင် အသားစည်သွတ်။ ခေါက်ဆွဲကတော့ ပြောင်တာကြာပြီ။ ခပ်လှမ်းလှမ်း မီးလင်းဖို ဘေးတွင်မူ အခြားမိသားစုဝင်တွေ ဝိုင်းထိုင်လျက် ကျွန်ုပ်တို့ စားသောက်နေကြသည်ကိုပင် ကြည့်နေကြရာ လူကြီးလူငယ် သူတို့အားလုံး ဝါးဆေးတံရှည်တွေနှင့် ဆေးရွက်ကြီးသောက်နေကြပြီး၊ ဆေးမသောက်သော အငယ်ဆုံး ကလေးများကမူ သူတို့ဆေးတံရှည်တွေ ပျောက်မည်စိုး၍လား မသိ။ ကြိုးနှင့်ချည်၍ လည်ပင်းတွင် ဆွဲထားကြသည်။ ဝ,ရွာနေရွာထိုင်တို့၏ လူမှုဘဝက အလွန်အမင်း အခြေခံကျလှရာ၊ သူတို့၏ တစ်နေ့တာကာလအတွင်း အဓိက အချိန်ဖြုန်းစရာ အလုပ်မှာ သူတို့တဲထဲက မီးလင်းဖိုဘေးတွင် ဝိုင်းထိုင်ရင်း ဆေးရွက်ကြီးသောက်တာပဲ ဖြစ်မည်ထင်သည်။ အိမ်ဝိုင်းအပြင်တွင် ဆေးရွက်ကြီးပင်တွေ အုပ်လိုက်တွေ့နေရသဖြင့် ခရစ်ယာန် ဝ,များနေထိုင်ရာ မြောက်ဘက်ဒေသတွင် ဘိန်းစိုက်ပျိုးမှု လုံးဝ မတွေ့ရသလို ၄င်းတို့ ရောင်းချရသော ဝင်ငွေနှင့်ပင် အသက်ရှင်ရပ်တည်နေနိုင်ဖွယ်ရှိသဖြင့် မြောက်ဘက် ဝ,ဒေသတွင် ဘိန်းစိုက်ပျိုးရေး ကင်းစင်၍ ဆေးရွက်ကြီးစိုက်ပျိုးသော ဒေသတစ်ခုအနေနှင့် ကျွန်ုပ် တွေးကြည့်နေမိပါသည်။

www.nyisay.com

မုံပေါ်ဈေး၊ ရှမ်းမြောက်ဒေသ။

သို့ဖြင့် တောင်ဘက်သို့ ရောက်လာသည့်အခါတွင်မူ တလွှင့်တက္ကြော် မြက်ခင်းပြင်ကြီးနှင့် နိမ့်ချည်မြင့်ချည်နှင့် တောင်ခေါင်းတုံးတွေကို ဘွားခနဲတွေ့လိုက်ရသည်။ ဤတွင် တွေ့ရသော တောင်ကြီးတစ်တောင်မှာ သစ်ပင်တစ်ပင်မျှ မရှိ၊ တောင်အမည်မှာ လွှိုင်မိုင်၊ တရုတ်လို ခွန်မင်ရှန့်. ဟုခေါ်ကြောင်း ဝ၊စစ်သားတွေက ပြောသည်။ သို့ပေမဲ့ မြေလမ်းမှာ မော်တော်ကားတစ်စီးသာသာကလေး မောင်းလို့ရနိုင်ပြီး တရုတ်ပြည်နယ်စပ်သို့ တောင်စောင်း ဆင်ခြေလျောအတိုင်း ကွေ့ဝိုက်၍ သွားလေရာ လမ်းချောအတိုင်း သွေ့ခြောက်ယန်က လားတွေကို ကြိမ်တစ်ချောင်းနှင့် ရှေ့မှ မောင်းသွားပြီး ကျွန်ုပ်တို့က နောက်မှ ခြေဒရွတ်ဆွဲ၍ လိုက်သွားခဲ့ကြပါ၏။ တောင်၏ အောက်ဘက် တောင်ခါးပန်းတွင် ရွာကြီးတစ်ရွာကို တွေ့လိုက်ရသည်။ ရွာထဲတွင် ဟူဥထောင် သွပ်မိုးအိမ်နှင့် အုတ်ကြွပ်မိုး၊ ရွှံ့အုတ်အိမ်တို့ကို တန်းလျက် ဆောက်ထားပြီး ဤနေရာ၌ပင် ဈေးရောင်းဈေးဝယ်လုပ်ကြပြီး ဈေးပတ်ပတ်လည်တွင်မူ ဝါးအိမ်အစုလေးတွေနှင့် စပါးခင်းတွေ ရှိသည်။ တောင်တန်းတွေကြားမှ ဝ,ရွာငယ်လေးတွေကို ဖြတ်လာခဲ့ပြီးနောက် ယခု မြင်ရသော အခြေအနေအရပ်ရပ်ကို ထောက်ရှုခြင်းအားဖြင့် ဤနေရာကား မြို့တစ်မြို့ ဖြစ်နိုင်ဖွယ်ရှိသည်။

ရှမ်းဘာသာဖြင့် မုံးမိုင် (သို့) နေရာသစ် ဟုခေါ်၍ ဈေးကိုမူ တရုတ်ဘာသာဖြင့် 'ချင်တီဖန်း' ဟု ထင်ရှားသည်။ မြန်မာအသံနှင့် ဆိုလျှင် 'မိုင်းမော' ဟု တွင်သည်။ မည်သို့ခေါ်သည်ဖြစ်စေ ဤနေရာကား ဗကပတို့၏ ဝ,ဒေသမြောက်ပိုင်း ခရိုင်အုပ်ချုပ်ရေးဌာနချုပ် ဖြစ်ပါ၏။

www.nyisay.com

ဝ အမျိုးသမီးတစ်ဦး။

ဈေးကြီးအတွင်း လူအုပ်ကြားထဲမှ တိုးဝှေ့၍ သက်ငယ်မိုး ဝါးဆိုင်လေးတွေကို ဖြတ်လာရာ 'လစ်ဗာပူး 33 ' တီရှပ်တွေ အပုံလိုက် ရောင်းချနေရာ တရုတ်ပြည် ဘက်မှ ဝင်လာသည်ဟု ယူဆရသော အဆိုပါ တီရှပ်များမှာ ကျွန်ုပ်တို့ လာရာလမ်းတွင် အရပ်သားများသာမက စစ်သားများပါ ဝတ်ထားကြသဖြင့် ဤဒေသတွင် အတော်လူကြိုက်များသော ဒီဇိုင်းဖြစ်ဟန်တူပါသည်။ သို့ပေမဲ့ 'လစ်ဗာပူး' ဘောလုံးအသင်းတီရှပ်ကို ဝတ်ထားသဖြင့် ပြင်ပကမ္ဘာကြီးနှင့် တော်တော် ထိစပ်မှု ရှိပါလားဟု အောက်မေ့နေခိုက်မှာပင် ကျွန်ုပ် ရောက်လာသည်ကို မြင်သဖြင့် ဈေးရောင်းဈေးဝယ်သူတွေအားလုံး ပြူးပြူးပျာပျာနှင့် ထိတ်လန့်၍ စွတ်မိစွတ်ရာ ပြေးကြလေရာ ကျွန်ုပ်စိတ်ထဲ ဈေးဆိုင်တစ်ဆိုင်ပေါ် တက်ပြီး 'ဟေ့လူတွေ၊ လစ်ဗာပူး ဘောလုံးအသင်းဆိုတာ ကျူပ်လိုကောင်တွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းဟ' လို့သာ အော်လိုက်ချင်တော့သည်။ သို့ပေမဲ့ ဗကပ ရုံးသို့သာ ကျွန်ုပ် ဆက်လျှောက်လာရာ ရုံးသို့ ကျွန်ုပ်တို့ ရောက်လာသည့်အခါ စောစော ကလောက် ဝရုန်းသုန်းကား မဖြစ်သည့်တိုင် ကျွန်ုပ်တို့ ရောက်လာမည်မှန်း ဘယ်သူမှ မသိသဖြင့် ပြူးပြူးပြဲပြဲတော့ ဖြစ်သွားကြသေးသည်။

တာဝန်ကျဝန်ထမ်းတစ်ဦးက ကျွန်ုပ်တို့အတွက် ရေခဲမစိမ်ထားသော တရုတ်ဘီယာ (၂) လုံးချပေးပြီး သူ့အထက်အရာရှိတွေကို အိပ်ရာက သွားနှိုးသည်။ တစ်ခဏအကြာတွင်

www.nyisay.com



အရပ်ရှည်ရှည်၊ လူလတ်ပိုင်းအရွယ်၊ ဗကပယူနီဖောင်းနှင့် လူတစ်ယောက် မှန်မှန်သုန်သုန် မျက်နှာထားနှင့် ရောက်လာပြီး ကျွန်ုပ်ကို ဝတ်ကျေတမ်းကျေ ပြုံးပြသည်။ သူ့အမည်မှာ မြသောင်း၊ ခရိုင်ပါတီအတွင်းရေးမှူးဖြစ်ကြောင်း ဆန်မိုင်က ပြောပြီး ကျွန်ုပ်နှင့် မိတ်ဆက်ပေးရာ ကျွန်ုပ်က စီစီဝမ်နှင့် ပတ်သက်ပြီး ဘာသတင်းကြားသေးလဲဟု မေးကြည့်လိုက်သော်လည်း အဖြေကား နတ္ထိ။ ဤ၌ ကျွန်ုပ်အတွက် စိတ်သက်သာစရာ တစ်ခုမှာ ကျွန်ုပ်တို့နှင့် ပါလာသော ဘိန်းစားကိုးကန့်အရာရှိ (၂) ယောက် ချက်ချင်း ပြန်သွားကြတာပဲ ဖြစ်သည်။

ထို့နောက် ကျွန်ုပ်နားရမည့်အခန်းသို့ ခေါ်သွားကြရာ၊ တောင်ဆင်း၊ တောင်တက် ခရီးရှည်ကြီးကို ချီတက်လာရသဖြင့် ကျွန်ုပ်လည်း မောမောနှင့် ချက်ချင်း အိပ်ပျော်သွားတော့သည်။

ထိုနေ့ညတွင် ကျွန်ုပ်ကို ဂုဏ်ပြုသောအားဖြင့် ခရိုင်ရုံးအနီး ဘောလုံးကွင်းတွင် အကနှင့် ဖြေဖျော်ကြရာ လူတစ်ရာကျော်က သီချင်းတစ်ပုဒ်ကို အသံဖြင့် သီဆိုကြပြီး အမျိုးသမီးတွေက မီးပုံကြီးဘေးတွင် ဝိုင်း၍ကကြသည်။ သူတို့သီချင်းမှာ ဆွဲဆွဲငင်ငင်နှင့် ငြီးစရာကောင်းသော အလွမ်းသီချင်းမျိုးဖြစ်ပြီး အကမယ်တွေကလည်း ခြေထောက်ကို ရှုပ်တိုက်သွားရင်း ကိုယ်ကိုယိမ်း၍ ဗုံသံနှင့်အညီ ကနေကြရာ ၄င်းတို့အရိပ်များကပါ ကွင်းပြင်ထက်တွင် ယိမ်းထိုးနေလေသည်။

ညကား အရိုးထဲအထိ အေးစိမ့်နေရာ ကျွန်ုပ်၏ ဖီး(ဒ်) ဂျာကင်ကြီးနှင့် မလုံလောက်သဖြင့် စောင်တစ်ထည်ကို ပခုံးပေါ်မှ ခြုံထားရသည်။ ပါတီအရာရှိများကား တရုတ်ကုတ်အင်္ကျီ ထူထူကြီးတွေ၊ ဗကပဦးထုပ်တွေနှင့် ကျွန်ုပ်ဘေးတွင် ဝိုင်းထိုင်နေကြရာ ခေါင်းဖြတ်သော လူမျိုးစုတို့၏ သမိုင်းဦးခေတ် ရှင်သန်ရာ မြေပေါ်တွင်မူ ယခု ဗမာမတ်(စ်)ဝါဒီ-လီနင်ဝါဒီတို့ သက်ရောက် ခြေရောက် လွှမ်းမိုးနေသဖြင့် ယဉ်ကျေးမှုနှစ်ခုတထူးတဆန်း ပေါင်းစပ်နေသည်တို့ကို ကြည့်ရင်း ကျွန်ုပ်အဖို့ အံ့သြမဆုံး ရှိခဲ့ရပါ၏။

ပါတီအတွင်းရေးမှူး မြသောင်းဆိုသူကား ဝ,ဘုရင်တစ်ပါးလို တော်တော်ပျော်နေပုံရသည်။ ကျွန်ုပ် သတိမထားမိမှာ စိုးသဖြင့် ဒေသခံ ဝ,တွေက သူ့ကို ဘယ်လိုလေးစားကြောင်း သိစေလို၍ ခဏခဏ လက်ညှိုးထိုးပြနေသည်။ နောက်နေ့တွင် သူနှင့်ကျွန်ုပ် အင်တာဗျူးကြည့်ရာ ဝ,ဒေသကို ဗကပတွေ ခြေကုပ်ယူလာပုံသည်လည်း အခြားနေရာတွေနှင့် တစ်ပုံစံတည်း ဖြစ်သည်။ ဒေသခံ စစ်ဘုရင်တို့က ကိုယ်ပိုင်တပ်တွေနှင့် တစ်နယ်တစ်မင်း အုပ်ချုပ်ခဲ့ကြပြီး မြန်မာစစ်တပ်မှ တပ်မှူးတွေက တစ်ဖက်၊ ကူမင်တန်တပ်ဖွဲ့အရာရှိတွေက တစ်ဖက် လက်ဝါးရိုက်၍ ဘိန်းအရောင်းအဝယ် လုပ်ကြပြီး အမြတ်ကို ဝေစားကြလာခဲ့ကြသည်။ ဤသို့ မင်းမဲ့အခြေအနေ ရှိနေရာမှ ၁၉၇၁ ခုနှစ်တွင်မူ ဗကပတို့က ကိုးကန့်မှ ထိုးဆင်းလာပြီး ကူမင်တန်တို့ကို အလွယ်တကူ နှိမ်နင်းလိုက်သဖြင့် ကူမင်တန်တပ်များ ထိုင်းနယ်စပ်သို့ ထွက်ပြေးသွားကြရာ နယ်ခံစစ်ဘုရင်တွေနှင့် ဗကပ

www.nyisay.com



တို့သာ ရင်ဆိုင်တွေ့ခဲ့ကြသည်။ ၁၉၇၁ ခုနှစ် မေ (၁) ရက်တွင် မုံးမိုင်မှ ဗမာ့မြို့စောင့်တပ်ကို ဗကပတပ်ဖွဲ့ဝင် တစ်ထောင် ဝိုင်း၍ ချေမှုန်းလိုက်ရာ အစိုးရတပ်များက ပန်လုံနှင့် ဟိုပန်သို့ ဆုတ်ခွာ၍ အခိုင်အမာ ခုခံသဖြင့် ဗကပတို့ လက်လျော့ခဲ့ရသည်။

တရုတ်အာဏာပိုင်တွေက ကျူပ်တို့ကို အရမ်းကျေးဇူးတင်ခဲ့ကြတယ်ဗျ။ မြသောင်းက စီးကရက်ကို တစ်ရှိုက် ရှိုက်လိုက်ရင်း ပြုံး၍ဆက်ပြောသည်။

''ဝ,ဒေသကို ကျူပ်တို့ သိမ်းလိုက်တော့မှ သူတို့တွေ ညတိုင်း ကောင်းကောင်း အိပ်ပျော်နိုင်ကြလို့ဗျ။ နယ်ခြားကို ကျော်ပြီး တိုက်ခိုက်တာတွေ၊ အဖျက်အမှောက် လုပ်တာတွေ မရှိတော့ဘူးလေ''

သို့ရာတွင် နောက်ရောက်လာသော နယ်ရှင်ပယ်ရှင် အသစ်တို့ကို ဒေသခံတို့ လက်ခံဖို့ရာအတွက် နှစ်အတော်ကြာ အချိန်ယူခဲ့ရသေးသည်။ ဝ,ဒေသအတွင်း ရုံးစိုက်၍ အုပ်ချုပ်ရေး ထူထောင်ဖို့ ကြိုးစားသော ဗကပတို့ကို ဝ,ဒေသခံတို့က ရရာလက်နက်တွေနှင့်ပင် တိုက်၍မောင်းထုတ်ခဲ့ကြရာ အထူးသဖြင့် ရှေးခေတ်သုံး တူမီးသေနတ်၊ ဒုတိယကမ္ဘာစစ်သုံး ရိုင်ဖယ်သေနတ်တို့ဖြင့် ချုံခိုတိုက်ခဲ့ကြသည်။ ဤ၌ ဝ,ဒေသခံတို့၏ ခုခံမှုကို ဗကပတို့က တုံ့ပြန်သောသမိုင်းနှင့် NSCN က ဒေသခံ အရှေ့နှာဂတို့ကို တုန့်ပြန်သောသမိုင်းမှာ အတော်များများဆင်တူသလို ရက်စက်ကြမ်းကြုတ်မှုတွင်လည်း မတ်(စ်)ဝါဒီ ဗကပနှင့် ခရစ်ယာန် NSCN တို့ လက်ရည်တူခဲ့ကြပါ၏။

''ခွန်မ ဒေသမှာ မိန်းမတွေရော၊ ကလေးတွေရော အပါအဝင် တစ်ရွာလုံး ကျူပ်တို့ကို ခံချကြတာ၊ အဆောက်အအုံ အကြီးကြီးတစ်ခုထဲ ဝင်နေကြတယ်''

မြသောင်းက ကျေးရွာတစ်ရွာကို အောင်ပွဲခံခဲ့ပုံကို ပြန်ပြောပြသည်။

''ဒါနဲ့... ကျူပ်တို့က B-40 ရော့ကက်နဲ့ တဲကြီးထဲကို ပစ်သွင်းလိုက်တော့မှပဲ ကိစ္စပြတ်တော့တယ်''

သူ့စကားကို သဘောကျပြီး မြသောင်း တစ်ချက် ရယ်လိုက်သည်။ ဤသို့ဖြင့် နှစ်အနည်းငယ်အတွင်းတွင် ဒေသခံတို့၏ ခုခံတိုက်ခိုက်မှုတို့ လျော့ကျသွားပြီး ဗကပတို့၏ လက်နက်အစွမ်းကြောင့် ဝ,တို့က ဗကပ၏ ငြိမ်းချမ်းရေးကို လက်ခံခဲ့ကြရသော်လည်း ဆွေမျိုးစု ခေါင်းဆောင်များမှ တစ်ဆင့်ခံ အုပ်ချုပ်ရေးကား ဆက်လက်ရှိလာခဲ့သည်။ ဒေသဆိုင်ရာ အာဏာကို ကျင့်သုံးရာတွင် မြသောင်း၏ အဓိက သြဇာခံမှာ ဝ,အကြီးအကဲ တစ်ဦးဖြစ်သူ 'ချောက်(ဝ်)ညီလိုင်း' ဖြစ်သည်။ အရပ်ရှည်ရှည်၊ ပိန်ကပ်ကပ်၊ အသားဖြူသဖြင့် ချောင်မှာ ဝ,နှင့်မတူ၊ တရုတ်နှင့် တူနေရာ သူ၏ဂျာကင်အပြာ မီးခိုးရောင် ဘောင်းဘီတို့ကြောင့် တရုတ်နှင့် ခွဲ၍ပင် မရတော့ပေ။

၁၉၆၀-၇၀ ကာလများအတွင်းက ကိုယ်ပိုင်လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ကို 'ချောက်(ဝ်)ညီလိုင်း' ကိုယ်တိုင် ဦးဆောင်ခဲ့ပြီး တစ်ခါတစ်ခါ ပြိုင်ဘက် စစ်ဘုရင်များနှင့် ဖြစ်စေ၊ ကူမင်တန် တပ်များနှင့်ဖြစ်စေ၊ သို့မဟုတ် မြန်မာတပ်များနှင့်ဖြစ်စေ တိုက်ခိုက်ခဲ့ပြီး

www.nyisay.com



၁၉၆၈ ခုနှစ်တွင်မူ လက်နက်ခဲယမ်းတို့ ဖောဖောသီသီ ပေးမည်ဟူသော ကမ်းလှမ်းချက်နှင့် 'ချောက်(ဝ်)ညီလိုင်း'ကို ဗကပက စည်းရုံးခဲ့ရာ ညီလိုင်းကလည်း သူ့ဘဝကို ဗကပတွေ လက်ထဲ ဝကွက်အပ်လိုက်သည်မှာ တွေးကြည့်ဖို့ပင် မလိုပါ။ ဤနည်းဖြင့် ညီလိုင်းနှင့် အခြားလူမျိုးစု အကြီးအကဲတို့၏ အကူအညီဖြင့် ၁၉၇၄ ခုနှစ်တွင် ဝ,ဒေသကို ဗကပတို့က ထိန်းချုပ်နိုင်ခဲ့သဖြင့် ခေါင်းဖြတ်သော အလေ့အထ ရပ်တန့်သွားသော်လည်း စကားအနေနှင့်ကား ခေါင်းဖြတ်သော အစဉ်အလာကို ပြောနေကြသေးရာ အဆိုပါကိစ္စကို 'ချောက်(ဝ်)ညီလိုင်း'က မကြာခဏ ထုတ်ဖော်ပြောတတ်သည်။

''အရင်ကဆို လူတွေဟာ ခေါင်းဖြတ်မှာ ကြောက်တာကြောင့် ကိုယ်ရွာကဝေးဝေး ကို ဘယ်တော့မှ မသွားကြဘူး၊ လယ်ထဲမှာ အလုပ်လုပ်ရင်တောင် အဖွဲ့နဲ့ အလုပ်လုပ်ကြ ရတယ်''

ညီလိုင်းက ရယ်ပြီး စကားဆက်သည်။

''ခေါင်းပြတ်တွေဟာ ကျွန်တော်တို့ ကျေးရွာအုပ်စုကို မကောင်းဆိုးဝါး အန္တရာယ် က အကာအကွယ်ပေးပြီး ကောင်းကျိုးချမ်းသာပေးတယ်လို့ ယုံကြည်ခဲ့ကြတယ်။ မြေရှင် ပဒေသရာဇ်ခေတ်က အစွဲအလမ်းပါဗျာ''

ညီလိုင်း၏ စကားထဲတွင် ဗကပတွေဆီက ရလာသော မတ်(စ်)ဝါဒ စကားလုံးတွေ နှင့် ရိုးရာယုံကြည်မှုတို့ ရောထွေးနေသည်။ ညီလိုင်း၏ အပြောအရ မတ်လမှစ၍ ဧပြီလအထိ ခေါင်းဖြတ်ရာသီဖြစ်၍ ဗုဒ္ဓဘာသာဝင် ဝတို့အဖို့ အဆိုပါကာလမှာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် ကာလဖြစ်သော်လည်း နတ်ကိုးကွယ်သော ဝတို့အတွက်မူ စပါးစိုက်ရာသီ အစဖြစ်၍ ဤရာသီတွင် ခေါင်းဖြတ်၍ စပါးအထွက်တိုးစေဖို့အတွက် ခေါင်းပြတ်ကို ဝါးလုံးဖြင့် ထိုး၍ ရွာအဝင် ရွာအထွက်တွင် စိုက်ထားတတ်ကြသည်။

ဆိုခဲ့သလို စိုက်ပျိုးရေးနှင့် ဆက်စပ်နေသော ဝ,အစဉ်အလာ၏ သမိုင်းကြောင်းကား မှုန်ဝါး၍ အပြည့်အစုံ နားလည်နိုင်မည် မဟုတ်သော်လည်း ဝ,အများစုနှင့် သမိုင်းဆရာ တို့က ခေါင်းဖြတ်အစဉ်အလာနှင့် ပတ်သက်၍ ဒဏ္ဍာရီက ယခုလို ဆိုပါသည်။

အေဒီ ၂၂၀-၂၈၀ သုံးပြည်ထောင်ကာလက တရုတ်စစ်သူကြီး ချူကိုလိုင်းက ဝ,တို့ကို ဥပါတံမျဉ်နှင့် သဘာဝအားဖြင့် မဖြစ်ထွန်းနိုင်တော့သည့် ပြုတ်ထားသော စပါးစေ့တွေကို ဝ,လူမျိုးတို့အား စိုက်ရန် ပေးခဲ့သည်ဆို၏။ စပါးပင် မဖြစ်ခါမှ စစ်သူကြီး 'ချူ'က မင်းတို့တွေ ခေါင်းဖြတ်ပြီး ယဇ်ပူဇော်လျှင် စပါးပင်တွေ ဖြစ်လိမ့်မည်ဟု ပြောပြီး ဝတွေက သူပြောသလို လိုက်နာဆောင်ရွက်သည့်အခါမှ ချူက မျိုးအောင်မည့် စပါးစေ့တို့ကို ထပ်ပေးခဲ့ရာ ရလဒ်သည်ကား စပါးဖြစ်ထွန်းဖို့အတွက် ဝ,မျိုးနွယ်စု အချင်းချင်း ခေါင်းဖြတ်ဖို့ သတ်ဖြတ်နေကြလေရာ ထိန်းရသိမ်းရခက်သော ဝ,တို့ကို လိုရာပုံသွင်းနိုင်အောင် တရုတ်တို့က ဖန်တီးလိုက်ခြင်း ဖြစ်သည်။ တောင်တန်းဒေသနေ

www.nyisay.com



လူမျိုးစုတို့အနေနှင့် ၄င်းတို့၏ နေ့စဉ်လိုအပ်ချက်တို့ကို တရုတ်ကုန်သည်တွေထံ အားကိုးနေရသည်ဖြစ်၍ တရုတ်တွေကိုတော့ ခေါင်းဖြတ်ဖို့ရန် ရန်ရှာပုံမရပေ။ သို့ရာတွင် ခေါင်းဖြတ်အလေ့အထ၏ မူလဇာစ်မြစ်အရ မည်သို့ရှိစေ ဆိုခဲ့ပါ ဒဏ္ဍာရီကား ဝ,လူမျိုးတို့၏ ရင်ထဲမှ ၄င်းတို့အပေါ် လူလည်ကျခဲ့သော တရုတ်တို့အပေါ် နာကြည်းမုန်းတီးနေသော စိတ်အခံကို ကောင်းစွာ ဖော်ပြနေပါ၏။

သို့ပေမဲ့ ဒဏ္ဍာရီတွင် ခေါင်းနှင့် ပတ်သက်ပြီး ဝ,တွေ ဘယ်လို ခေါင်းမျိုးကို ကြိုက်ကြကြောင်း မပါ။ အသက်ကြီးပိုင်း ဝ,အများက ဆစ်(ခ်) လူမျိုးခေါင်းကို ပိုကြိုက်သည်ဟု ဆိုသည်။ ဖြစ်နိုင်လျှင် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် ပန်ချာပီခေါင်းပေါင်းပါပါလျှင် ပိုကြိုက်သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှမ်းလူမျိုး သမိုင်းဆရာတစ်ဦးဖြစ်သော စပ်ဆိုင်မိန်း မန်းရိုင်းက ၄င်း၏ "The Shan State and British Annexation" တွင် ယခုလို ဖော်ပြခဲ့သည်။

၁၉၃၉ ခုနှစ်အတွင်း ဗြိတိသျှ အရာရှိတစ်ဦး၏ ဝ,ဒေသခရီးစဉ်တွင် ဆစ်(ခ်)လူမျိုး ဒေါက်တာတစ်ယောက်လည်း လိုက်ပါလာရာ၊ တစ်နေ့ သူတို့ စခန်းချရာသို့ ဝ,တွေ ရောက်လာပြီး စခန်းမှတစ်ဆင့် အချို့ကို ရှုပီးငွေ (၃၀၀) ပေးပြီး ဆစ်(ခ်) ဒေါက်တာ၏ ခေါင်းကို သူတို့ လိုချင်ကြောင်းနှင့် ယခုလို ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေနှင့် ထူးထူးခြားခြားခေါင်းဖြစ်၍ ၄င်းကို ဖြတ်၍ ယဇ်ပူဇော်လိုက်လျှင် ထူးထူးခြားခြား အကျိုးပေးမည်ဖြစ်ကြောင်း ပြောသဖြင့် ဆစ်(ခ)ဆရာဝန်ကို အစောင့်တပ်စိတ်တစ်စိတ်နှင့် ချက်ချင်းပြန်ခိုင်းလိုက်ရသည်ဟု ရေးသားထားသည်။

ဝ,လူအဖွဲ့အစည်းအနေနှင့် ခေါင်းဖြတ်သော အလေ့အထကြောင့် အားအင်ချည့်နဲ့ခဲ့ရသလို စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း အဓိကအတားအဆီးကြီးတစ်ခု ဖြစ်ခဲ့ပါသော်လည်း တစ်ဖက်က ကြည့်လျှင် မြေပြန့်ဇေး လူယဉ်ကျေးတို့က ဝ,ဒေသကို ကြောက်ရွံ့၍ မလာရဲကြသဖြင့် ဝ,လူအဖွဲ့အစည်းကား မော်ဒန်ခေတ်ကာလ ရောက်သည်အထိ ကိုယ်ပိုင်လက်နက်၊ ကိရိယာတို့ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကောင်းစွာ ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် ဝ,ဒေသကို ဗကပတို့ ထိန်းချုပ်ပြီးနောက်တွင် အတိုက်အခိုက် အသတ်အပုတ်တို့ဖြင့် ယဉ်ပါးလာခဲ့သော ဝ,တို့ကို ကွန်မြူနစ်တွေ မျက်စိကျခဲ့ကြပြီး အစိုးရတပ်တွေကို တိုက်ဖို့အတွက် ဝ,လူငယ်တွေကို စည်းရုံး သိမ်းသွင်းခဲ့ကြသည်။ အမှန်အားဖြင့် ဝ,လူမျိုးတို့ ကိုယ်တိုင်ကလည်း ၄င်းတို့နယ်မြေကို ကျူးကျော်လာသူဟု ယူဆသူတို့ရန်မှ မျိုးဆက်ပေါင်းများစွာကတည်းက ကာကွယ်လာခဲ့ကြသည်ဖြစ်၍ ဗကပတို့က ၄င်းတို့ကို လွယ်လွယ်ကူကူ စည်းရုံးနိုင်ခဲ့သည်။

www.nyisay.com



မုံးမိုင်တွင် တစ်ပတ်ကျော်လာပြီး တစ်နေ့၊ ကျွန်ုပ်မှာ ကိုယ်လက်မအီမသာဖြစ်လာပြီး ကိုယ့်အပူရှိန်တက်လာကာ ခံတွင်းပျက်လာပြီး ကြက်ဥပြုတ်နှင့် လက်ဖက်ရည်ကြမ်းတို့ကိုသာ အားပြုစားနေရသည်ဖြစ်၍ နဖူးမှချွေးတွေ တတောက်တောက်ကျလျက် တခေါင်းလုံး မူးဝေနေသည်။ နောက်တစ်နေ့တွင်မူ အပူချိန် (၄၁) ဒီဂရီ ဆဲစီးယပ် တက်လာသဖြင့် လူနာကြည့်ဖို့ အခေါ်လွှတ်လိုက်ရာ ဗကပဆေးတပ်သား သူနာပြုဆရာမတစ်ယောက် ရောက်လာသည်။ သို့ပေမဲ့ နောက်ကျိနေသော ရွှံ့နှစ်ရောင်ရေဖြင့် ဆေးထိုးအပ်ကို ဆေးပြီး ကျွန်ုပ်ကို ဆေးတစ်လုံး ထိုးလိုက်ရာ ကျွန်ုပ် မျက်လုံးပြူးလို့မှ မဆုံးသေးမီမှာပင် ၄င်းရေ တစ်ဖန်ခွက်နှင့်ပင် ဆေးပြား (၂) ပြား ထပ်တိုက်နေသေးသဖြင့် မငြင်းသာတော့ဘဲ ရေနှင့် မျိုချလိုက်ရသည်။

ဒေသခံ ဗကပအုပ်ချုပ်ရေးတာဝန်ရှိသူတို့နှင့် ကျွန်ုပ် တွေ့ဆုံမေးမြန်းခဲ့စဉ်က ရွာတွင် ပစ္စည်းကိရိယာ အပြည့်စုံရှိသော ဆေးရုံတစ်ရုံရှိပြီး တရုတ်ပြည်မှ သင်တန်းဆင်းနပ်(စ်) (၂၆) ယောက်တို့က တာဝန်ယူ ကုသပေးနေသည့်အကြောင်း ကြားသိခဲ့ရပါသော်လည်း ယခု လက်တွေ့အရမူ ကျန်းမာရေးစောင့်ရှောက်မှုကို မဆိုထားနှင့် သူတို့ပြောသော စာရင်းဇယားတို့ကိုပင် သံသယ ဖြစ်စရာ ရှိလာခဲ့ပါ၏။

ထိုညက စောင်ခေါင်းမြီးခြုံ၍ ကျွန်ုပ် အိပ်နေရာ၊ ခန္ဓာတစ်ကိုယ်လုံး ချွေးတွေရွှဲရွှဲနှစ်ပြီး အသားတွေ ပူခြစ်နေသော်လည်း အရိုးထဲက စိမ့်အေးလာရာ ကျွန်ုပ် အခြေအနေတဖြည်းဖြည်း ဆိုးရွားလာနေသည့်တိုင် ဗကပမှ ကျွမ်းကျင်သူနာပြုတစ်ယောက်မှ ရောက်မလာ။ အကယ်၍ ကျွမ်းကျင်ဆေးဝန်ထမ်းတွေရှိလျှင်တောင် ဤမှာရှိပုံမရ။ နောက်နေ့ ရက်အနည်းငယ်တွင် ကျွန်ုပ် အဖျားကြီးပြီး ကယောင်ချောက်ချားတွေ ဖြစ်လာရာ ကိုယ့်ကိုယ်ကိုယ် မနည်းအားတင်းထားရသော်လည်း သတိလက်လွတ်ဖြစ်ခါနီးမှာပင် ဘရန်ဆိုင်းတို့အဖွဲ့ မုံးမိုင်သို့ ရောက်လာပြီဟု ကြားလိုက်ရသဖြင့် ကျွန်ုပ် အားတက်သွားသည်။ ဘရန်ဆိုင်းတို့အဖွဲ့တွင် ကျွမ်းကျင်ဆေးတပ်သားတစ်ယောက် ကျိန်းသေပါမည်ကို သိသဖြင့် သူတို့အဖွဲ့နှင့် တွေ့လိုကြောင်း ကျွန်ုပ် ပြောလိုက်သည်။ ထိုညမှာပင် ဘရန်ဆိုင်းနှင့် သူ၏ ဆေးမှူး ဟိန်းဝမ်တို့ ပေါက်ချလာပြီး စိုးရိမ်တကြီး ကြည့်ရှုကြသည်။

''ခင်ဗျားဖြစ်နေတာ ၄က်ဖျားပါ''

ဘရန်ဆိုင်းက တိုးတိုးညင်ညင် ပြောပြသည်။ ကံကောင်းထောက်မစွာပင် ဟိန်းဝမ်တွင် ဆေးနှင့် ပစ္စည်းကိရိယာ အပြည့်စုံပါလာရာ ကျွန်ုပ်ကို ပိုးသတ်ထားသော ဆေးထိုးအပ်နှင့် ဆေးတစ်လုံး ထိုးပေးပြီး သောက်ရမည့် ဆေးလုံးတို့ကိုလည်း ပလပ် စတစ်အိတ်နှင့် ထည့်ပေးသည်။ ဘရန်ဆိုင်းက သူ့ရိက္ခာထုပ်ထဲက အိုဇာတင်းတစ်လုံး ထုတ်၍ ကျွန်ုပ်ကို ပေးသဖြင့် အစာကောင်းကောင်း မစားနိုင်သည်မှာ ကြာပြီဖြစ်၍ ထိုအတွက် ကျေးဇူးတင်ရသည်။ ထိုအချိန်မှ လုံးဝ ထူထူထောင်ထောင် မဖြစ်သေးမီ အားနည်း၍ ဆယ့်လေး

www.nyisay.com



ငါးလှမ်းမျှသာ လျှောက်နိုင်သေးသော်လည်း ကျွန်ုပ်နေထိုင်ရာ တဲဝန်းကျင်တွင် နေ့စဉ် လေ့ကျင့်ခန်းလုပ်ရင်း ကြိုးစားနေခဲ့သည်။

နောက်ရက်အနည်းငယ်တွင် ပန်ဆန်းနှင့် ထိုင်းနယ်စပ်ခရီးအတွက် ဘရန်ဆိုင်းနှင့် အဖွဲ့ ဆက်လက်ထွက်ခွာသွားသလို တစ်ခြိန်တည်းမှာပင် ဆန်မိုင်လည်း မုံးကိုးသို့ပြန်သွား သဖြင့် သူ့နေရာကို စကားပြန်တစ်ယောက် အစားထိုးဖို့ကိစ္စ ပေါ်လာသည်။ ယခုလိုကျွန်ုပ် အနေဖြင့် ကျန်းမာရေးချို့တဲ့နေချိန်တွင် ကျွန်ုပ်ဘေးကလူတွေနှင့် ဆက်သွယ်နိုင်ဖို့ အရေး ကြီးသည်။ သို့ပေမဲ့ ဤဒေသတစ်ဝိုက်တွင် အင်္ဂလိပ်စကားပြောတတ်သူ တစ်ဦးတည်းရှိပြီး အနီးအနားရွာတစ်ရွာတွင် နေသည်ဆို၍ သူ့ကို အခေါ်လွှတ်လိုက်ရာ သူ့အမည်မှာ ဘမောင်။ အရပ်ပုပုနှင့် တောင်ကြီးမှ အိန္ဒိယအမျိုးသားတစ်ယောက်ဖြစ်ပြီး ၁၉၇၅ ဝန်းကျင်ကာလအတွင်းက ဗကပထဲရောက်လာသူ ဖြစ်သည်။ သို့ပေမဲ့ ယခင်က ငပလီ ကမ်းခြေမှ စထရန်းဟိုတယ်ဟောင်းတွင် စားပွဲထိုးလုပ်ခဲ့ဖူးသဖြင့် ကျွန်ုပ်က သူ့ကိုခေါ်လိုက် သည့်အခါတိုင်း သူက ကျွန်ုပ်ကို ဟိုတယ်တွင် တည်းခိုနေသော ဧည့်သည်တစ်ယောက်လို ဆက်ဆံတတ်သည်။ မနက်ခင်းမိုးလင်းသည်နှင့် သူက ယခုလို နိဒါန်း ချီတတ်သည်။

"မနက်စာအတွက် လူကြီးမင်း ဘာများ သုံးဆောင်ချင်ပါသလဲ"

ဤအခါမျိုးတွင် ကျွန်ုပ်က 'ပေါင်မုန့်မီးကင် (၃) ချပ်၊ မွှိကြက်ဥမွှေကြော်တစ်ပွဲ၊ သစ်သီးယို၊ ကော်ဖီတစ်ခွက်နှင့် သရက်သီးဖျော်ရည်တစ်ခွက်' ဟု မှာလိုက်ချင်ပါသော်လည်း တကယ့်လက်တွေ့တွင်မူ ဆန်ပြုတ်နှင့် ရော်ဘာတုံးလို ကိုက်မရ ဝါးမရ သော ကြက်သားကင်နှင့်သာ ပြီးလိုက်ရပါ၏။

ဘမောင်က ကျွန်ုပ်နှင့် စကားပြောရာတွင် အထောက်အကူဖြစ်စေဖို့အတွက် အဘိဓာန် စာအုပ်လေးတစ်အုပ် ယူလာသည်။ သူ့စာအုပ်မှာ ဟောင်းနွမ်းနေရာ စထရန်း ဟိုတယ်တွင် အလုပ်,လုပ်ခဲ့စဉ်ကတည်းက သူကိုင်ဆောင်လာခဲ့သော စာအုပ်လည်း ဖြစ်သည်။ သို့ပေမဲ့ တစ်နေ့ ပန်ဆန်းမှ ကိုယ်စားလှယ်တစ်ယောက် ရောက်နေကြောင်း ကျွန်ုပ်ကို လုံးဝအသိမပေးဘဲ ကျွန်ုပ် အခန်းထဲဝင်လာပြီး ဆိုင်းမဆင့် ဗုံမဆင့် လူတစ် ယောက်က သူ့ကိုယ်သူ မိတ်ဆက်သည်။ ထိုအချိန်တွင် ကျွန်ုပ်မှာ စောင်အထပ်ထပ် ခြုံပြီး လဲနေသည်။

"ကျွန်တော့်နာမည် အောင်ထက်ပါ၊ ခင်ဗျားနဲ့အတူ ပန်ဆန်းအထိ ကျွန်တော် လိုက်ရမယ်"

လူပုံ ခပ်နွဲ့နွဲ့နှင့် အသက် (၄၀) ခန့်ရှိပြီး ခါးတွင် တရုတ်စစ်သုံး ပစ္စတိုတစ်လက်ကို ခါးပတ်နှင့် ချိတ်ထားသည်။ သူ့အင်္ကီလိပ်စကားမှာ အတော်ကောင်းပြီး၊ နောင်ခါမှ မန္တလေး တက္ကသိုလ်တွင် ပညာသင်ခဲ့ဖူးသူတစ်ယောက်ဖြစ်ကြောင်း သိရသည်။

"ဒါနဲ့ ခင်ဗျားအတွက် ဒီမှာ..."

www.nyisay.com



သူက ပါတီတံဆိပ်နှိပ်ထားသော အညိုရောင် စာအိတ်တစ်အိတ်ကို ကမ်းလိုက်သဖြင့် ဖွင့်ကြည့်ရာ၊ ကျွန်ုပ် ဝမ်းသာသွားသည်။ ဆိုင်နောင့်တို့ သားအမိ ဘတ်(စ်)ကားနှင့် တရုတ်ပြည်မှ ဖြတ်ပြီး ပန်ဆန်းသို့ ချောချောမောမော ရောက်ရှိကြောင်း သိလိုက်လို့ပဲ ဖြစ်သည်။

အောင်ထက်နှင့် ကျွန်ုပ် ရင်းနှီးသွားသည့်အခါ အောင်ထက်မှာ သတင်းစာနှင့် စာရေးဆရာကြီး လူထုဦးလှနှင့် ဒေါ်အမာတို့၏ သားဖြစ်ကြောင်း သိရသည်။ အောင်ထက်မှာ နှစ်အတော်ကြာ အထိန်းသိမ်းခံခဲ့ရပြီး ကိုကိုးကျွန်းသို့ပင် အပို့ခံခဲ့ရသူဖြစ်သည်။ သူနှင့်အတူ ခရီးသွားရမည်မှာ ကျွန်ုပ်အတွက် အားဆေးတစ်ခွက်ဖြစ်ပြီး မကြာခင်မှာပင် ကျွန်ုပ်လည်း စားချင်သောက်ချင်စိတ် ရှိလာကာ ခေါက်ဆွဲတစ်ပန်းကန်နှင့် မပါမပြီး မာလင်စည်သွတ်ဘူးမှ အသားတစ် တစ်တုံးကို အပြောင်ရှင်းပစ်လိုက်သည်။ အောင်ထက်က ရှေ့ခရီးအတွက် ပြင်ဆင်နေပြီဖြစ်၍ ယခုတော့မူ ဒုက္ခ သုက္ခတွေ အမျိုးမျိုး အဖုံဖုံနှင့် ခရီးကြမ်း နှင်လာခဲ့ရသည်ဖြစ်၍ စိတ်ရောကိုယ်ပါ ပင်ပန်း နဲးချည့်နေသော ကျွန်ုပ်အတွက် ပန်ဆန်းကား အဆုံးအစ မထင်သော ကန္တာရထဲက အိုအေစစ်တစ်ခုလို ခရီးတစ်ကွာသာလိုတော့ပါ၏။

ဒီဇင်ဘာ (၁၃) ရက်၊ မုံမိုင်မှ ကျွန်ုပ်တို့ထွက်လာချိန်အထိ ကျွန်ုပ်မှာ အဖျားသွေးရှိနှုန်ရှိန်လေး ရှိနေပြီး အားလည်းမပြည့်သေး။ သို့ပေမဲ့ ဝ,ဒေသ အလယ်ကြောမှ ဖြတ်၍ ပန်ဆန်းသို့ (၆) ရက်ခရီး နှင်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့အုပ်စုတွင် အောင်ထက်နှင့် တောင်ကြီးမှ အိန္ဒိယအမျိုးသားတစ်ယောက်အပြင် ဝန်စည်စလယ်တင် လားနှစ်ကောင်နှင့် ဝ,တပ်ဖွဲ့တစ်ဖွဲ့တို့ လိုက်ပါလာသည်။ ကျွန်ုပ်အတွက် ကံကောင်းသည်မှာ တောင်ခြေမြက်ခင်းပြင်သွားရသဖြင့် ယခင် ခရီးလမ်းတွေနှင့် နှိုင်းယှဉ်လျှင် သက်သာသလို ရာသီကလည်းကြည်လင်၍ လမ်းလျှောက်၍ ကောင်းသည်။ သို့ပေမဲ့ မဆိုစလောက် အတက်လမ်းတို့တွင်မူ အားစိုက်တက်လိုက်သည်နှင့် အမောမခံနိုင်ဘဲ မူးဝေလာရာ လမ်းလျှောက်တုတ်သာ မပါလျှင် မကြာခဏ ကျွန်ုပ် ပြိုလဲသွားဖွယ် ရှိသည်။ နေကျချိန်တွင်မူ ဝ,တောင်တန်းများ၏ မြောက်ဘက်၊ နမ့်မမြစ်မကြီးသို့ ကျွန်ုပ်တို့ ရောက်လာရာ၊ တံတားဟောင်းမှာ မိုးတွင်းက ရေတိုက်စားသွားသဖြင့် တံတားသစ်တစ်စင်း ထပ်ဆောက်ထားသည်။ သို့ပေမဲ့ တံတားသစ်က ဝါးနှင့် ကြိမ်တို့ဖြင့် ပေါင်းကွပ်ထားပြီး ကမ်းတစ်ဖက်တစ်ချက်တွင် စတီးဝါယာကြိုးတို့ဖြင့် ဆိုင်းထားရာ တစ်ကြိမ်လျှင် လူတစ်ယောက်သာ ဖြတ်နိုင်ပြီး တံတားကလည်း ကြောက်ခမန်းလိလိ ယိမ်းထိုးနေသည်။ တံတားမှာ (၃) မီတာမြင့်ပြီး ရေစီးက ကျောက်ဆောင်တွေကြားတွင် ဝဲကတော့ ထိုးနေလေရာ တံတားပေါ်က ဒယီးဒယိုင်နှင့် ကျွန်ုပ် ဖြတ်၍ ဒီဘက်ကမ်း ရောက်မှသာ အောင်ထက်လည်း သက်ပြင်းချနိုင်တော့သည်။

www.nyisay.com



"ခင်ဗျား ရေကူးတတ်လား မေးဖို့ ကျွန်တော် မေ့သွားတယ်"

"ကျွပ် ကူးတတ်ပါတယ်။ ဒါပေမဲ့ တောင်ကျရေဆိုရင်တော့ မလွယ်ဘူး၊ တကယ်လို့ ပြုတ်ကျသွားရင်လည်း ကျွပ် ငှက်ဖျားကနေ လွင်ရင်လွတ်မယ်၊ နမ့်မမြစ်ကတော့ ကျွပ်ကို သယ်သွားမှာပဲ"

မြစ်တစ်ဖက် ကူးပြီးနောက် ခရီးကား မတ်စောက်သော တောင်တက်ခရီး ဖြစ်သည်။ သို့ပေမဲ့ ညဏ်အားဓာတ်ကြောင့် နေပူကျဲကျဲ ခရီးလောက် မပင်ပန်း။ သို့ဖြင့် တစ်နာရီမျှ လျှောက်လာပြီးနောက် တောင်စောင်းပေါ်တွင် တည်ထားသော ဝ,ရွာလေး တစ်ရွာသို့ ဆိုက်ရောက်လာရာ ဤမှာပင် ညအိပ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဝ,ရွာလေးတွင် ခြေတံရှည်နှင့် ခရွတ်ခရော်တဲလေးတစ်ဒါဇင်ခန့်သာ ရှိသော်လည်း ခွေးတွေက တစီစီ၊ ကလေးတွေက တငိုငို၊ ကျွန်ုပ်တို့တည်းခိုသော တဲအောက်တွင် ချည်ထားသော ကျွဲတစ်ကောင်ကလည်း တရှူးရှူး နှာမှုတ်နေသဖြင့် တစ်ညလုံး ကောင်းကောင်း မအိပ်ခဲ့ရသော်လည်း အခက်အခဲ ကြီးကြီးမားမား မရှိဘဲ ယခုလို လမ်းလျှောက်နိုင်ခဲ့သည်ကိုပင် ကျွန်ုပ် ဝမ်းသာနေသည်။ နောက်တစ်နေ့ ကျွန်ုပ်တို့ ချီတက်လာသော နမ့်မတောင်ဘက် ခြမ်းမှာ နာဂတောင်တန်းမှ စ၍ ကျွန်ုပ်မြင်တွေ့ခဲ့ရသော နယ်မြေအနက် ကျောက်ဆောင်ကျောက်ကမ်းပါးတွေ အထူထပ်ဆုံးဖြစ်ရာ ဤသည်ကား ဝ,အရှိုင်းတို့ နေရာဒေသပင် ဖြစ်ပါ၏။ ရွာတစ်ရွာတွင် အနည်းဆုံး အိမ်ခြေ (၁၀၀) ကျော်ရှိပြီး နာဂရွာတွေလို ခေါင်းဖြတ်ဖို့ ချောင်းမြောင်းနေသော ပြိုင်ဘက်ရွာတွေ ရန်မှ ကြိုတင်ကာကွယ်နိုင်စေဖို့ မြင်ကွင်းကောင်းသော တောင်ရိုးပေါ်တွင် အသေအချာ ရွေးချယ်၍ တည်ထားကြသည်။

ယခင် (၁၀)နှစ် ကျော်လောက်အထိ ၄င်းတို့ရွာပတ်ပတ်လည်တွင် ဆူးညောင့်ဝါးညောင့်တွေ လူတိုးမပေါက်နိုင်အောင် ကာရံထားပြီး ရွာဖျား၊ ရွာဆုံးလမ်းတစ်လျှောက်တွင်မူ ရွာစည်းရိုးအောက်မှ ဥမင်လိုဏ်ခေါင်းသဖွယ် အုတ်မြောင်းတစ်ခု ဖောက်ထားပြီး အတွင်းမှ သစ်လုံးတို့ တံခါးတို့ဖြင့် ဖွင့်နိုင် ပိတ်နိုင်အောင် တည်ဆောက်ထားကြသည်။

နာဂရွာတွေမှာ 'မောင်း'ရှိသကဲ့သို့ ဝ,ရွာတိုင်းတွင်မူ တိရစ္ဆာန်သားရေဖြင့် ကျစ်ထားသော စည်ကြီးတစ်လုံးကို အိမ်တစ်အိမ်တွင် ချိတ်ထားပြီး ၄င်းအိမ်တွင် အရေးတကြီး ကိစ္စတို့ကို စုဝေးတိုင်ပင်ကြသည်။ စည်ကြီးကို အရေးပေါ် အချက်ပေးအသံအဖြစ် အသုံးပြုကြပြီး စည်သံကြားသည်နှင့် ရန်သူရောက်လာပြီဖြစ်ကြောင်း သဘောပေါက်၍ ရွာဂိတ်တံခါးတို့ကို ချက်ချင်းပိတ်ကြသည်။ စည်ရှိသော အိမ်အပြင်ဘက်တွင်မူ ရွာ၏ အောင်ပွဲ အမှတ်အသားအဖြစ် ရန်သူဦးခေါင်းခွံတွေကို ခြင်းတွေထဲ ထည့်၍ ဝါးတန်းပေါ်တွင် တင်ထားသည်။

ယခု ဆိုခဲ့သလို အရံအတား တို့ ဝ,ကျေးရွာပတ်လည်တွင် မတွေ့ရသော်လည်း ထိုနေ့မနက်က ကျွန်ုပ်တို့ ဝင်သွားသော 'လာလိုင်း' ခေါ် ရွာတစ်ရွာတွင်မူ များမကြာမီက

www.nyisay.com



ချောက်ချားဖွယ်ရာ အကြွင်းအကျန်တို့ကို တွေ့နေရသေးရာ ကတုတ်ကျင်းဟောင်းမှာ ဆူးညောင့် အကာအရံတို့ဖြင့် မပျက်မစီး ရှိနေပြီး ရွာကိုမူ ပတ်ဝန်းကျင်တောတောင် အလှည့်လှည့်ကို အပေါ်စီးမှ ကောင်းစွာ မြင်နိုင်သော တောင်ရိုးပေါ်တွင် တည်ထားသည်။

လာလိုင်းရွာ၏ တစ်ဖက် ဟိုးအဝေး တောင်ရိုးစိမ်းစိမ်းတစ်ခုပေါ်တွင်မူ 'ကွန်းညီ' ခေါ် ရွာရှိပြီး ၄င်းရွာကား ၁၉၇၂ ခုနှစ်က ဒေသခံဝတို့နှင့် ဗကပတို့ အပြင်းအထန် တိုက်ခိုက်ခဲ့ကြရာ ဓား၊ လှံနှင့် တူမီးသေနတ်တို့လောက်သာ စွဲကိုင်ထားသော ဝ၊ တိုင်းရင်းသားတို့ကို ဗကပတို့က B-40 ဘဏ္ဍကာ ခဲ့းကျည်နှင့် ထု၍ လက်နက်ချခိုင်းခဲ့သော နေရာဖြစ်သလို ချောက်(ဝ်)ညီလိုင်းပြောသော ခေါင်းပြတ်တွေ တွေ့ခဲ့သည်ဆိုသော ရွာလည်း ဖြစ်ပါ၏။

ကျွန်ုပ်တို့အဖွဲ့ တန်းစီလျက် ရွာကို ဖြတ်လာစဉ်၊ ဟိုဟိုဒီဒီ ကျွန်ုပ် စပ်စုကြည့်ရာ ရွာသူရွာသားတွေက ဗကပတို့ကို တကယ်ပဲ စိတ်ရောကိုယ်ပါ ထောက်ခံနေသလား၊ သို့တည်းမဟုတ် ရိုက်နှက်၍ ပိုနေမြဲ ကျားနေမြဲ အခြေအနေကို အတင်းအကျပ် လက်ခံနေရသလား ဆိုသည်ကိုမူ မှန်းဆဖို့ ခက်လှသည်။ သက်ငယ်မိုး ဝါးတဲတွေအပြင်တွင် အမျိုးသမီးတွေက ကလေးနို့တိုက်နေကြပြီး ဝါးရုံအောက်တွင် ထိုင်နေသော အဖိုးကြီးတွေက ကြောင်ကြောင်ငေးကြည့်နေကြသည်။ ကိုယ်လုံးတီးနှင့် ကလေးတစ်သိုက်ကမူ ဗွက်ပေါက်နေသော လမ်းတစ်လျှောက် ခုန်ပေါက်ဆော့ကစားနေကြသည်။ ဤ၌ လူဦးခေါင်းခွဲတွေ မရှိတော့သော်လည်း တိရစ္ဆာန်ဦးခေါင်းခွဲတွေကို ဝါးတန်းတွေပေါ်မှာ တွေ့နေရပြီး တစ်ရွာလုံး ချွတ်ခြုံကျ မွဲပြာနေသည်မှာ သိသာလှရာ ဘိန်းစိုက်ပျိုးရေးကိုသာ အားကိုးနေရဟန်တူသဖြင့် ဤအချက်ကား မုံးမိုင်မြောက်ဘက်မှ ဝ,အယဉ်တို့နှင့် လုံးဝခြားနားလျက် ရှိပါ၏။

သို့ရာတွင် လာလိုင်း အပါအဝင် ကျွန်ုပ်တို့ ချီတက်လာသော အခြားရွာများတွင် ကျွန်ုပ်အဖို့ မှင်တက်အံ့သြခဲ့ရသော ကိစ္စတစ်ခုမှာ အသက်အရွယ် ကွာခြားမှု (သို့) သန်သန်မာမာ ယောကျ်ားသားတွေ မတွေ့ရသလောက် ဖြစ်သည်။ ကျွန်ုပ် တွေ့မြင်ခဲ့သူတို့မှာ အမျိုးသမီးတွေ၊ ကလေးတွေနှင့် အဘိုးကြီးတွေသာ ဖြစ်၍ အရွယ်ကောင်း ယောကျ်ားသားတို့သည်ကား ဗကပစစ်သားတွေ ဖြစ်ကုန်ကြသည်ကိုမူ ကျွန်ုပ် သဘောပေါက်လိုက်သည်။ ဝ,ဒေသကို ဗကပတို့ ခြေကုပ်ရလိုက်ချိန်မှစ၍ ဝ,လူငယ်တို့ကို ဗကပ စစ်တပ်ထဲ ဆွဲသွင်း၊ ၄င်းတို့နှင့် တိုက်ခိုက်ရေးတပ်ကြီး ဖွဲ့စည်းထားခဲ့ရာ တိုက်ပွဲတိုင်းတွင်လည်း ဝ,တပ်သားတွေသာ အကျအရှုံးများလိမ့်မည်ကို ခန့်မှန်းနိုင်ပါသည်။ လူဦးရေသန်းတစ်ထောင်ကျော်ရှိသော တရုတ်ပြည်အနေနှင့် လူလိုင်းစစ်ဆင်ရေးဆိုသည်မှာ အားကိုးလောက်သော စစ်ရေးဗျူဟာဖြစ်နိုင်ပါသော်လည်း ဝ,ကဲ့သို့ တောင်တန်းဒေသနေ လူနည်းစုလေးမှ စစ်သားအဖြစ် ဆွဲသွင်း၍ အသေခံတိုက်ခိုင်းသည့်အခါတွင်မူ ရလဒ်ကား လူနည်းစု၏ လူမှုဘဝတွင် ဆိုခဲ့သလို ကမောက်ကမ အခြေအနေနှင့် ရင်ဆိုင်ခဲ့ကြရလေပြီ။

www.nyisay.com



ထိုညတွင် 'အိုင်ကျင်' ရွာသို့ ရောက်သည်။ အဆိုပါရွာမှာ ခေါင်းဖြတ်ဒေသဟောင်းတွင် အကြီးဆုံးရွာကြီးတစ်ရွာဖြစ်ပြီး ယခု ဗကပ၏ မြို့နယ်ဗဟိုရုံးစိုက်ရာ ဖြစ်နေလေပြီ။

ရွာထဲတွင် ဝါးတန်းလျား သုံးလေးလုံးနှင့် လဟာပြင်ဈေးခင်းတစ်ခင်း တွေ့ရသော်လည်း ဈေးရောင်းဈေးဝယ်သူမရှိ။ ကျွန်ုပ်တို့ တည်းခိုသော ဗကပ မြို့နယ်ရုံးမှာ ခြေပြတ်ဝန်ထမ်း (၆) ယောက်ရှိသော်လည်း ရုံးကိစ္စ ဟူ၍ ဟုတ်ဟုတ်ငြားငြား ရှိပုံမပေါ်။ အခြား ခြေပြတ်ဝန်ထမ်းတို့မှာ ဂျိုင်းထောက်နှင့် ထော့နင်း ထော့နင်း သွားနေသော်လည်း တစ်ယောက်သောသူမှာ ဒူးနှစ်ဖက်လုံး ပြတ်နေသဖြင့် သစ်သားထိုင်ခုံပေါ် ထိုင်လျက်က ဆေးပြင်းလိပ်ကို အမျှင်မပြတ် ဖွာနေသည်။ ဤ၌ စီစီဝမ်တိုက်ပွဲမှ ယခုလို လတ်လတ်ဆတ်ဆတ် အသေအကြေ အပျက်အစီးတွေ ထုတ်လုပ်ပေးလိုက်သည်မှာ သံသယရှိစရာမလိုပါ။ ယခုလို ကျောက်ခေတ်လူသား အဆင့်မျှရှိသူတို့ကို ၄င်းတို့ နားမလည်သလို အဟောင်းအမြင်းအဖြစ်နှင့် သုံးစားမရတော့သော သဘောတရားတစ်ခုအတွက် စစ်ထဲအတင်းဆွဲသွင်းခံနေရသည်ကို တွေးရင်း ကျွန်ုပ် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ရလေရာ ဤသည်ကား (၂၀) ရာစု၏ ရင်နင့်ကြေကွဲဖွယ်ရာ လူသားဇာတ်ထုပ်တစ်ထုပ်ဖြစ်ပါ၏။

အိုင်ကျင်မှ လွန်သော် လမ်းကား ဖြောင့်ဖြူးသွားပြီး တစ်ချိန်က လမ်းဖြစ်ခဲ့သော (သို့) လမ်းဖောက်ဖို့ အားထုတ်ခဲ့ဖူးသော နေရာသို့ ရောက်လာရာ လမ်းပိုင်းအများစုတွင် ကိုင်းပင် ပေါက်ပင်ကြီးတွေ ဖုံးလွှမ်းနေသည်။ လမ်းမှာ မော်တော်ယာဉ်သွားနိုင်လောက်အောင် ကျယ်ဝန်း၍ မျက်နှာပြင်ညီညာမှုလည်း ရှိသည်။

"ဒီလမ်းကို ပါတီက ဖောက်ခဲ့တာပါ"

ကျွန်ုပ်တို့ ခြေတွေကို အတင်းရုန်းလျှောက်ရင်း အောင်ထက်က ပြောသည်။

"ဒါပေမဲ့ ချောင်းတွေက များလွန်းတော့ တံတားမဆောက်တတ်တာကြောင့် ဒီအတိုင်း ထားပစ်ခဲ့လိုက်တာပဲ"

၄င်းလမ်းဖောက်လုပ်ခြင်းမှာ ဗကပတို့၏ ရည်မှန်းချက်ကြီးတစ်ခုဖြစ်၍ မုံးမိုင်နှင့် ပန်ဆန်းကို ဆက်သွယ်ဖို့ ရည်ရွယ်သည်။ တစ်နည်းအားဖြင့် ဝ,အလယ်ပိုင်းဒေသနှင့် ဆက်သွယ်ရေးကို လုံးဝ ပြောင်းလဲ၍ (၆) ရက်သွားနေရသော ခရီးကို မော်တော်ကားနှင့် တစ်ရက်တည်း သွားနိုင်ဖို့ ဖြစ်သည်။ လမ်းလျှောက်လာရင်းနှင့် ဝ,စစ်သားတွေ စည်းကမ်းမသေဝပ်တာတွေ၊ ဖြစ်ကတတ်ဆန်း လုပ်တတ်တာတွေကို စီစီဝမ်တွင် ကျော်ညွှန်ပြောခဲ့ပြခဲ့သည်ကို ကျွန်ုပ် သတိရမိသဖြင့် ဝ,စစ်သားတို့၏ တိုက်ရည်ခိုက်ရည်နှင့် ပတ်သက်ပြီး အောင်ထက်ကို မေးကြည့်ရာ သူက ချက်ချင်း အဖြေပေးသည်။

"သူတို့က တိုက်ရည်ခိုက်ရည် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာမှ

www.nyisay.com



ကြောက်ရမှန်း သူတို့ မသိဘူး၊ ခေတ်မီလက်နက်တွေကို အခက်အခဲမရှိ သူတို့ သင်ယူ နိုင်ကြပါတယ်၊ ဒါပေမဲ့ သူတို့ နားမလည်တာတွေ အများကြီး ရှိသေးတယ်''

သူက ရယ်လိုက်ပြီး နောက်ထပ် အဖြစ်အပျက်တစ်ခုကို ဆက်ပြောပြသည်။ စီစီဝမ်တိုက်ပွဲကို ဦးစီးသူ တရုတ်တပ်မှူး ကြည်မြင့် ဦးဆောင်၍ မုံးမစ်မြို့ကို သိမ်းစဉ်က ဖြစ်သည်။ ထိုအခါကျမှ ဝ,စစ်သားတွေ မော်တော်ကားကို ဦးဆုံး အနီးကပ် ကြည့်ခွင့်ရခဲ့ ကြသည်။ ပန်ဆန်းတွင် မော်တော်ကားတွေကို တွေ့ခဲ့ဖူးသော်လည်း ဘာရယ်လို့ သူတို့ နားမလည်။ သို့နှင့် မုံးမစ်မှ မော်တော်ကားရှေ့မီးသီးကြီးတွေကို ဝ,တပ်ဖွဲ့ဝင်တွေက ရိုက်ခွဲပြီး ကြည်မြင့်ဆီ လာပြီး ဝ,တပ်ဖွဲ့ တပ်ခွဲမှူးက ကြည်မြင့်ကို ဂုဏ်ယူဝင့်ကြွားစွာနှင့် သတင်းပို့လာချိန်တွင်မူ ကြည်မြင့် ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

''ဆရာ... မော်တော်ကားတွေ ကျွန်တော်တို့နောက် လိုက်လို့မရအောင် လုပ်လိုက်ပြီ၊ သူတို့ ဘာမှ မမြင်ရတော့ဘူး''

ဗကပတို့က ဝ,တွေကို ခေတ်သစ်တိုက်ပွဲထဲ အတင်းအကျပ် ဆွဲသွင်းခဲ့သဖြင့် ဝ,တပ်သားတွေ ကြုံတွေ့ခဲ့ရသော စိတ်မသက်သာဖွယ် ရယ်စရာဇာတ်လမ်းတွေ အများကြီး ရှိသေးသည်။ သို့ရှိသည့်တိုင် ဝတပ်ဖွဲ့ဝင်တို့က သူတို့ဒေသအတွင်း ခေါင်းဖြတ်တိုက်ပွဲတွေ မစမီ စည်တီးခဲ့ကြသလို ယခုလည်း စစ်မထွက်မီ စည်တီးသည့် အလေ့ရှိနေဆဲ ဖြစ်သည်။

အလားတူ အစိုးရတပ်တွေကလည်း ရန်သူဝတွေနှင့် တိုက်ခိုက်ရသည့်အခါ စုတ်သပ်၍ သြချခဲ့ရသော အဖြစ်သနစ်တို့နှင့်လည်း မကြာမကြာ ကြုံခဲ့ရသည်။ ၄င်းကား ဝတပ်ဖွဲ့ဝင်တို့၏ ပြောင်မြောက်သော စစ်ရေး၊ စစ်ချီ၊ နည်းပရိယာယ်တို့မဟုတ်။ မိမိတို့ ဘက်က ခံကတုတ်တွေ အခိုင်အမာနှင့် ခုခံ၍ လက်နက်ကြီး လက်နက်ငယ်တို့နှင့် တရစပ် ပစ်ခတ်နေသဖြင့် ဒဏ်ရာရသူတွေ ကျဆုံးသူတွေ ပုံအောနေပါလျက် ရိုင်ဖယ် သေနတ်တွေ ကိုင်လျက် ရှေ့သို့ တိုးတက်နေလို့ပဲ ဖြစ်သည်။

သို့ရာတွင် ဤမျှ သွေးပျက်မတတ် ရက်စက်ကြမ်းကြုတ်ခြင်းနှင့် သေခြင်းတရားကို ကလေးငယ်တစ်ယောက်လို မသိနားမလည်ရှာသော ဝတပ်ဖွဲ့ဝင်တို့၏ဘဝကို ကောင်းစွာ နားလည်နိုင်ပါသော်လည်း ဤအချက်က ဗကပတပ်မှူးတွေအတွက် အသက်ပေါင်းများစွာ စတေးရသော လူလိုင်းစစ်ဆင်ရေးနည်းဗျူဟာကို ကျင့်သုံးဖို့ အကောင်းဆုံး အခြေအနေ ပေးလာခဲ့ပါ၏။

ထိုမှ (၆) နာရီကြာ ချီတက်လာပြီးနောက်တွင်မူ ပန်ဆန်း လမ်းမပေါ်မှ 'ဗိန်းငင်း' ခေါ် ရွာကြီးတစ်ရွာသို့ ရောက်လာရာ အမိုးအကာနှင့် ဈေးကြီးတစ်ဈေးရှိပြီး ၄င်းပတ်ပတ်လည်တွင် ရွှံ့အုတ်တိုက်ငယ်လေးများနှင့် ဝါးတဲလေးတွေ စီတန်းဆောက်ထားကြသည်။

www.nyisay.com



အောင်ထက်နှင့် အိန္ဒိယအမျိုးသား ဘမောင်တို့က ဈေးသို့ ထွက်သွားပြီး ခေါက်ဆွဲ၊ လိမ္မော်ရည်နှင့် နာနတ်သီးဖျော်ရည် ပုလင်းတွေ ဝယ်ပြန်လာခဲ့ကြရာ ယခုမူ ဝ,အရိုင်း နယ်မြေကို ကျော်လွန်၍ ဝ,အယဉ် နယ်မြေထဲသို့ ကျွန်ုပ်တို့ စတင် ဝင်လာခဲ့ပြီး ဖြစ်ပါ၏။

ရှမ်းဘာသာဖြင့် 'ဗိန်းငင်း'ခေါ် ဘော်ဒွေမြို့ကား ဝ,ဒေသတွင် သက်တမ်းအကြာဆုံး ရွာကြီးတစ်ရွာဖြစ်လေရာ ဗြိတိသျှကိုလိုနီခေတ်နှင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည်အထိ ဤဒေသတစ်ဝိုက် ဘော်တွင်းများရှိခဲ့ပြီး ၄င်းတို့ကို ဒေသခံ ဝ,စော်ဘွားတစ်ဦးက ပိုင်ဆိုင်ခဲ့သည်။

တရုတ်ပြည်တွင် ကွန်မြူနစ်တို့ အာဏာရပြီး ကူမင်တန်တပ်များ ဝ,ဒေသသို့ ဆုတ်ခွာလာချိန်တွင်မူ ဝ,စော်ဘွား၏ သားများပင် ကူမင်တန်တပ်တို့နှင့် ပေါင်းကာ ကိုယ်ပိုင်စစ်တပ်တစ်တပ် ထူထောင်ပြီး ထိုင်းနိုင်ငံသို့ ဘိန်းမှောင်ခိုကူးသည်။ တစ်ခါတစ်ခါ ယူနန်နယ်ထဲသို့ ဝင်၍ ကွန်မြူနစ်တပ်တို့ကို အလစ်အငိုက် တိုက်ခဲ့ကြသည်။

သို့ဖြင့် ၁၉၇၂ ခုနှစ်တွင် ဗကပတို့ ဝ,ဒေသတစ်ခုလုံးကို ထိန်းချုပ်လိုက်သည့် အခါ 'မဟာဆန်း' ခေါ် ဝ,စော်ဘွားက ထိုင်းနယ်စပ်သို့ ဆုတ်ခွာသွားပြီး ဝ,အမျိုးသား တပ်မတော်ကို တည်ထောင်ခဲ့သည်။ သို့ရာတွင် ထိုအချိန်၌ ကောလာဟလ တစ်ခုထွက်လာသည်မှာ စော်ဘွား 'မဟာဆန်း'က ဘော်တွင်းတွေကို ဖောက်ပြီး ရတနာတွေကို အနီးအနားက တောထဲတွင် မြှုပ်ခဲ့သည်ဆိုသော သတင်းဖြစ်လေရာ ထိုအချိန်မှစ၍ ဒေသခံအရပ်သားကြားတွင် ရတနာသိုက်ကြီးကို တူးဖော်ဖို့ စိတ်ကူးတွေ ယဉ်ခဲ့ကြသလို တစ်ချိန်တစ်ခါမျှ မျက်မြင်သက်သေမရှိခဲ့သော်လည်း ဘယ်သူတော့ဖြင့် ဘယ်ဝါတော့ဖြင့် ရတနာသိုက်ကြီးကို တွေ့ခဲ့သည်ဆိုသော ဇာတ်ထုပ်များလည်း မကြာခဏ ကြားလာခဲ့ရလေသည်။

သို့ရာတွင် ထိုညက ဗကပတို့ အဓိပ္ပာယ်ဖွင့်ဆိုထားသော 'ဗိန်းငင်း'၏ ခေတ်သစ် သမိုင်းကိုမူ ရွာမှ ဝါဒဖြန့်ချိရေး အဖွဲ့တစ်ဖွဲ့က ဘော်လီဘောကွင်းတွင် တင်ဆက်ခဲ့ရာ တူ၊ တံစဉ်အလံကြီးရှေ့တွင် ဝ,မိန်းကလေးငယ် တစ်သိုက်က ပဝါလေးတွေ ဝှေ့ယမ်းရင်း သီချင်းဆို၍ ကပြဖြေဖျော်ခဲ့ကြသည်။ ပြီးနောက် မိန်းကလေးတွေက ဖဲကြိုးအနီလေးတွေ ဆွဲထုတ်လိုက်ပြီး တစ်ယောက်နှစ်ယောက် ပူးတွဲကကြရင်း နောက်ဆုံးတွင် ကြယ်တစ်ပွင့်ပုံစံ ဖွဲ့၍ အဆုံးသတ်လိုက်ကြသည်။ ဤ၌ ကျွန်ုပ်က အောင်ထက်ကို မိန်းကလေးတွေဆိုသွားသော သီချင်းအဓိပ္ပာယ်ကို မေးသည်။

''သူတို့ကပြောတယ်၊ သူတို့ အခု ပန်းတွေကောက်နေတယ်၊ အဲ့ဒီပန်းတွေထဲက အလှဆုံးပန်းတွေကို ဥက္ကဋ္ဌကြီး မော်စီတုန်းကို ပေးကြမယ်တဲ့''

www.nyisay.com



ယခုလို ဖျော်ဖြေတင်ဆက်မှုများကား ၁၉၆၈ ခုနှစ် ပစ္စည်းမဲ့တော်လှန်ရေးစိတ်ဓာတ်တွေ ကြွတက်နေစဉ်အခါက အဓိပ္ပာယ်ရှိကောင်း ရှိနိုင်ပါသော်လည်း ယနေ့တွင်မူ စိတ်ပျက်စရာ· ခေတ်နှင့်မလျော်ညီသော ကိစ္စပင်ဖြစ်သည်။ ယနေ့ ၁၉၈၆ ခုနှစ်တွင်မူ ဖြစ်ချင်းဖြစ်၊ ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ရပါသော မော်စီတုန်း၏ ပစ္စည်းမဲ့ မဟာယဉ်ကျေးမှု မော်ကွန်းခေတ်ကြီး၏ ဂူသခိုင်းအတွက် လွမ်းသူပန်းခွေ ချတာပဲ ဖြစ်နိုင်ပါလိမ့်မည်။ စင်စစ်လည်း ဗန်အန်ဂွမ်း ရွာတွင် ဘိန်းရာသီ ရောက်လာပြီဖြစ်၍ ဘိန်းပန်းတွေသာ တွေ့နေရပါ၏။

ဗိန်းငင်းရွာ တောင်ဘက်တွင် လူနေကျဲ၍ ဝ,ကျေးရွာအချို့၏ ပတ်ဝန်းကျင်တွင် ဘိန်းခင်းတွေ တွေ့ရသည်မှအပ၊ ကျွန်ုပ်တို့ ချီတက်လာရာ မြက်ခင်းစိမ်းနှင့် တောင်တောတောင်စဉ်တစ်လျှောက်တွင်မူ ဘိန်းစိုက်ခင်းဟူ၍ လုံးဝ မရှိ။ သို့ရာတွင် ဝ,တောင်တန်းဒေသကိုမူ အရှေ့တောင်အာရှတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဟု ယူဆထားကြရာ ဆိုခဲ့သလို မစို့မပို့ ဘိန်းစိုက်ပျိုးရေး အခြေအနေကို ကြည့်ရင်း ကျွန်ုပ် အံ့သြရသည်။ အမှန်အားဖြင့် ဆိုခဲ့သလို အကဲဖြတ်ချက်မှာ မြေပြင်ပေါ်မှ ပကတိအခြေအနေပေါ်တွင် ဆုံးဖြတ်ခြင်း မဟုတ်ဘဲ အမေရိကန်ကြိုလ်တုက ပေးပို့သော ကောင်းကင်မြေပုံဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကိုးကန့်ဒေသတွင်မူ တောင်စောင်းများပေါ်တွင် အစီအရီ စိုက်ထားသော ဘိန်းခင်းများကား အရှေ့ဘက်သို့ မျက်နှာမူနေသဖြင့် နေရောင်ခြည်အများဆုံးရပြီး သန်သန်မာမာဖြစ်ထွန်းနေကြပါသော်လည်း ဝဒေသတွင်မူ ဘိန်းပင်တို့ကို စနစ်တကျ မဟုတ်ဘဲ ဖြစ်ကတတ်ဆန်း ကျပန်းစိုက်ထားသဖြင့် နေရောင်ရသည့်အပင်တွေက သန်စွမ်းပြီး မရသည့်အပင်တို့မှာ ကျဲလှီနေကြသည်။ ဘိန်းကို ဝင်ငွေကောင်းသော သီးနှံအဖြစ် ဝ,တိုင်းရင်းသားတို့ သိထားကြသော်လည်း ဆေးခြောက်ကိုကား ဝင်ငွေရနိုင်သော ကုန်ပစ္စည်းတစ်ခုအဖြစ် လုံးဝ နားမလည်ကြ၊ ဝ,တောင်တန်းနေရာတော်တော်များများတွင် ဆေးခြောက်ပင်တွေ အုံနှင့် ကျင်းနှင့် ပေါက်နေသည်ကို ကျွန်ုပ် တွေ့ခဲ့ရသော်လည်း ၄င်းကို မူးယစ်ဆေးဝါးအဖြစ် ရှုရသည်ဟူ၍ ဒေသခံတစ်ယောက်မျှသိပုံမရ၊ သူတို့နားလည်သည်မှာ ဆေးခြောက်ပင်မှရသော လျှော်ကို စောင်ကြမ်းနှင့် လွယ်အိတ်ရက်ဖို့ပဲ သိသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် လွိုင်လွန်းရွာသို့ ရောက်၍ ဗကပရုံးတွင် ကျွန်ုပ်တို့ ညအိပ်ကြရာ ဤဒေသအကြောင်းကို သိထားသော အောင်ထက်က ယခင် လွိုင်လွန်းကို ဒေသလူမျိုးစု အကြီးအကဲ ခွန်နန်ဆိုသူ အုပ်ချုပ်ခဲ့ကြောင်း ပြောပြသည်။

"သူက အမဲပစ်ထွက်ရင် အသံတွေ ဆူညံမှာစိုးလို့ မြင်းမစီးဘူး၊ သူ့လူတွေက ကျောပိုးပြီး ခေါ်သွားရတယ်၊ ဒီဒေသကို ဗကပသိမ်းလိုက်တော့ သူ့ကိုလည်း ဖမ်းလိုက်တယ်၊ ဒါပေမဲ့ မကြာဘူး၊ နေမကောင်းဖြစ်ပြီး ဆုံးသွားတယ်"

www.nyisay.com



အဆိုပါကိစ္စနှင့်ပတ်သက်၍ အဖြစ်အပျက်တို့ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မည်မျှ တိကျမှန်ကန်ခြင်း ရှိ မရှိ မသိရသော်လည်း ဝ,ဒေသမှ လူမျိုးစုအကြီးအကဲ ဆိုသူတို့ကား သူတို့အလိုရှိလျှင် မည်သာမတာ တန်ခိုးပါဝါပြတတ်သည်ကို ကျွန်ုပ် သံသယမရှိပါ။ သို့ရာတွင် မတ်(စ်)ဝါဒီတို့၏ သဘောတရားရေးနှင့်အညီ မြေရှင်ပဒေသရာဇ်တို့ကို ပုံဖော်ရာတွင် လူမျိုးစုအကြီးအကဲတို့၏ ဓနဥစ္စာပိုင်ဆိုင်မှုနှင့် အရေးပါမှုတို့ကို ဗကပဘို့က တမင်ချဲ့ကားထားသည်ဟုသာ ကျွန်ုပ် ယုံလိုက်ချင်ပါသည်။ အကြောင်းမူ ဝ,လူမျိုးစုအကြီးအကဲတစ်ယောက်အနေနှင့် ချမ်းသာသည်ဆိုခြင်းမှာ ၄င်းတို့တွင် ရိုင်ဖယ်သေနတ် တစ်လက်၊ ဒွေဒင်္ဂါးပြား အချို့နှင့် ကျေးကျွန်အနည်းငယ်မျှ ပိုင်ဆိုင်ခြင်းဟူသော အဓိပ္ပာယ်ဖြစ်နိုင်ပါသည်။ အမှန်အားဖြင့် ဝ,ဒေသတွင် ကျေးကျွန်ဟူသော ကိစ္စမှာ ယခင်က ရှိခဲ့သည် မဟုတ်ဘဲ တရုတ်ကုန်သည်တို့က ငွေကြေးသုံးစွဲမှုနှင့် မိတ်ဆက်ပေးလိုက်သော အခြေအနေနှင့် ဆက်စပ်လာသော များမကြာမီကာလက အဖြစ်အပျက်တစ်ခုသာ ဖြစ်ပါသည်။ တောင်သူလယ်သမားတို့က ဒေသလူမျိုးစုအကြီးအကဲထံ ငွေချေးကြပြီး ပြန်မဆပ်နိုင်သည့်အခါမျိုးတွင် ကြွေးရှင်က မြို့စား၏ သားသမီးတို့ကို ကျွန်အဖြစ် သိမ်းယူခွင့်ရှိသည်။

ယေဘုယျအားဖြင့် ဆိုခဲ့သလို ကျွန်အဖြစ် သိမ်းယူရာတွင် မိန်းကလေးများမှာ ကျိုးနွံနာခံခြင်း၊ ထွက်ပြေးဖို့ အလားအလာနည်းခြင်းတို့ကြောင့်လည်းကောင်း၊ သခင်၏ မိသားစုဝင်ထဲမှ ယောကျ်ားတစ်ယောက်ယောက်၏ 'အိပ်ဖော်' အဖြစ်လည်းကောင်း အသုံးဝင်သဖြင့် မိန်းကလေးတွေကို ကျွန်အဖြစ် သိမ်းဖို့ ပို၍ လိုလားကြရာ ချောချောလှလှ မိန်းကလေးတွေဆိုလျှင် ဈေးကွက်တွင် တန်ဖိုးကြီးကြီး ပေးကြရသည်။

မုံးမိုင်တွင် ကျွန်ုပ် ကြားခဲ့ရသော ဇာတ်လမ်းတစ်ပုဒ်မှာ ၁၉၇၇ ခုနှစ်၊ နှစ်ကုန်ခါနီးလောက်က အနီးအနားရွာတစ်ရွာမှ လယ်သမားမိဘများက ကြွေးမပေးနိုင်သဖြင့် ၄င်းတို့သမီးကို ကြွေးရှင်ထံ ထိုးပေးခဲ့ရပြီးနောက် ဗကပက ကြားဝင်ဖြေရှင်းပေးလိုက်သဖြင့် မိန်းကလေးကို ပြန်လွှတ်ပေးလိုက်ရပြီး ထိုအချိန်မှစ၍ ဝ,ဒေသတွင် ကျွန်ရောင်း၊ ကျွန်ဝယ် ပပျောက်သွားသည်ဟူ၏။

လွိုင်လွန်းတွင် ကျွန်ုပ်တို့ တည်းခိုသော အိမ်မှာ မြေစိုက်ရွှံ့အုတ်သရိုး အဆောက်အအုံဖြစ်ပြီး အတော်ပင် ဂျုံးဂျုံးကျနေလေပြီ။ မျက်နှာကြက်ထုပ်တန်းတွေပေါ်မှာလည်း ကြွက်တွေ တရုန်းရုန်းပြေးလွှားနေသဖြင့် ကျွန်ုပ်တို့ ယူလာသော အစားအသောက်တွေကို ဂရုစိုက်နေရသည်။ သို့ပေမဲ့ ရောဂါဘယတို့ကို အဓိကသယ်ဆောင်နေကြသော ကြွက်တွေကို ဒေသခံတို့က ဤမျှအထိ ဂရုမစိုက် လျစ်လျူရှုနေကြသည်ကို ကျွန်ုပ် အံ့အားသင့်ခဲ့ရသည်။

www.nyisay.com



ထိုနေ့ညနေ ဝ၊စစ်သားတွေ ထမင်းစားဖို့ ချက်ပြုတ်နေသော မီးဖိုချောင်ထဲ ကျွန်ုပ် ရောက်သွားသည့်အခါ ကျွန်ုပ် ပို၍ပင် ထိတ်လန့်ခဲ့ရပြန်ပါသည်။ အိုးမဲတွေနှင့် မည်းတူးနေသော ဒယ်အိုးကြီးတစ်လုံးဘေးတွင် ဝ၊စစ်သားတွေ ဝိုင်း၍ ဆောင့်ကြောင့် ထိုင်နေကြပြီး အိုးထဲတွင်မူ အရည်ကျဲကျဲ ပြုတ်ထားသော ဆန်ပြုတ်ရည်ထဲတွင် ဝက်အဆီဖတ်ကြီး အတုံးကြီးတွေ၊ အရွတ်အဖတ်တွေနှင့် ငရုတ်သီးအခြောက်တောင့်တွေ ဘောလောပေါ်နေရာ မြင်လိုက်ရသည်နှင့် ကျွန်ုပ် ပျို့ချင်အန်ချင်သွားသည်။

''သူတို့က ဒီလိုပဲ စားတယ်''

ကျွန်ုပ် မျက်နှာရိပ် မျက်နှာကဲကို ဖမ်းမိသော အောင်ထက်က ရှင်းပြနေသည်။

''ပုံမှန်ဆန်ပြုတ်မျိုးကို သူတို့ မတတ်နိုင်ကြဘူးလေ။ သူတို့မှာရှိတာတွေ အိုးထဲပစ်ထည့်ပြီး ဒီလိုပဲ စားကြရတယ်''

ကျွန်ုပ်က ဗိန်းငင်းတွင် ထပ်ဆွဲလာသော ဆပလိုင်း၊ မပါမပြီး ခေါက်ဆွဲနှင့် မာလင် အသားစည်သွတ်ဘူးဘက်သို့ အမြန်လှည့်ခဲ့ရပါတော့သည်။

ထိုညက ကြွက်တွေ မကပ်နိုင်အောင် တစ်ညလုံး ဖယောင်းတိုင် ထွန်းထားရပြီး အရာဏ်ကျင်းသည်နှင့် ကျွန်ုပ် နီးလာရာ ညက 'ဝန်တင်လား'တွေ လွတ်ထွက်သွားသဖြင့် စစ်သားတွေ လိုက်ဖမ်းနေကြပြီး အော်သံတွေ၊ ရယ်သံတွေ၊ သူတို့အချင်းချင်း နောက်ပြောင်သံတွေနှင့် အုန်းအုန်းကျွက်ကျွက်ညံနေသည်။

ဤ၌ အရာခံဗိုလ် ဒိန်ရိန် နော်ဘောက်နှင့် ကချင်ရဲဘော်တွေကို စိတ်ရောက်သွားပြီး ဗကပတွေ တရုတ်ဆီက အကူအညီတွေရနေပါလျက် ကချင်တွေလို ပရော်ဖက်ရှင်နယ် စစ်တပ်တစ်တပ်အဖြစ် ဘာကြောင့် မထူထောင်နိုင်ရပါသလဲဟု စဉ်းစားမိသည်။ တောစပ်ဘက် ထွက်သွားသော 'လား'တွေကို စစ်သားတွေ လိုက်ကောက်နေသည်ကို ထားခဲ့ပြီး အောင်ထက်နှင့် ကျွန်ုပ်တို့ ထွက်လာရာ (၆) နာရီမျှ လျှောက်လာပြီးနောက် 'တိန်အော'ရွာသို့ ခရီးပေါက်လာသည်။ ရွာကား တရုတ်ရွာဖြစ်ပြီး တရုတ်နယ်ခြားသို့ လှမ်းမြင်နေရသော တောင်မြင့်ပေါ်တွင် တည်ထားသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင်မူ အဝေးမှ လက်နက်ကြီး ပေါက်ကွဲသံကြားလိုက်ရပြီးနောက် ကျွန်ုပ်တို့ထံ သတင်းရောက်လာရာ အစိုးရတပ်များက ပန်ဆန်း အနောက် ကီလိုမီတာ (၅၀) ခန့်မှ ပန်ယန်းတွင် ဒုတိယစစ်မျက်နှာဖွင့်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ တစ်နည်းအားဖြင့် စီစီဝမ်မြောက်ဘက်သို့ အစိုးရတပ်ကူများ ပြန်လည်နေရာချထားရာတွင် တစ်ဖက်မှ ဗကပတပ်တွေကို တားထားလိုက်ခြင်း ဖြစ်သည်။

ကနဦးထိုးစစ် စတင်သည်မှ တစ်လကြာသည်အထိ တိုက်ပွဲကား ကြမ်းနေဆဲ။ သို့ပေမဲ့ တိုက်ပွဲအခြေအနေကို တိတိကျကျ မသိရသဖြင့် စိတ်ကသိကအောင့် ဖြစ်ရသည်။ ထိုညနေက ပုံမှန်တာဝန်ထမ်းဆောင်နေရာမှ ပန်ဆန်းဌာနချုပ် မြို့စောင့်တပ်တာဝန်လဲရန်

www.nyisay.com



အတွက် ဗကပ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ 'တိန်အော'ကို ဖြတ်၍ ချီတက်သွားကြရာ၊ ဗကပတပ်ရင်းတွေကို အသစ်ဖွင့်လိုက်သော ပန်ယန်းစစ်မျက်နှာသို့ လွှတ်လိုက်သည်မှာ ထင်ရှားသည်။

တိန်အောရွာကား ဗွက်ထနေသော လမ်းမြောင်လေးတွေထဲတွင် ကျောက်တုံးကြမ်းတွေနှင့် ဆောက်ထားသောအိမ်တွေ ပြွတ်ညှပ်နေပြီး ခွေးတွေ၊ ဝက်တွေလည်း တော်တော်များပုံရသည်။ တောင်စောင်းဘေးတွင်မူ ဘိန်းခင်းတွေ ဖုံးလွှမ်းနေပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းဆို၍ တစ်ခင်းတစ်ကွက်မျှပင် မတွေ့ရပေ။

''ဒီရွာက တရုတ်ရွာစစ်စစ်ပဲ''

ညဘက် တောအရက်သောက်ကြရင်း အောင်ထက်က ပြောသည်။

''သိပ်ဟုတ်တာပေါ့၊ တစ်ရွာလုံး ညစ်ပတ်နေတာပဲ၊ ရှမ်းရွာတွေဆို ဒီလိုမဟုတ်ဘူး''

ပြောလိုက်ပြီးခါမှ အောင်ထက် မိန်းမက တရုတ်မမှန်း သတိရပြီး ကျွန်ုပ်တော် အတော် အားနာသွားသည်။ သို့ပေမဲ့ အောင်ထက်က စိတ်အနှောင့်အယှက် မဖြစ်သည့် အပြင် ရယ်၍ မှတ်ချက်ပင် ပေးလိုက်သေးသည်။

''ခင်ဗျားက ဒီလိုပြောတော့မပေါ့၊ ခင်ဗျားမိန်းမက ရှမ်းမကိုး''

ကျွန်ုပ်လည်း ရောရယ်လိုက်ပြီး ပန်ဆန်းသို့ နောက်ဆုံးခရီးစဉ်အတွက် ကျွန်ုပ်တို့ ခွက်တွေမြှောက်၍ ရှင်းလိုက်ကြသည်။

နောက်နေ့မနက်တွင် ပန်ယန်းမှ လက်နက်ကြီးကျသံတွေ အတိုင်းသား ကြားနေရပြီး ပန်ယန်းသို့ ချီတက်သွားသော ပြည်သူ့စစ်ရဲဘော်တွေ ပို၍ များလာသည်ကို တွေ့ရသည်။ သို့ပေမဲ့ သူတို့ကို တွေ့ရ မြင်ရသည်မှာ စိတ်မချမ်းသာစရာ။ သူတို့အားလုံး အဝတ်အစားတွေ ဖိုသီဖတ်သီနှင့် ဆီမီး-အော်တိုမစ်တစ် ရိုင်ဖယ်သေနတ်တွေနှင့်။ အချို့ဆိုလျှင် ဖိနပ်ပင်မပါ၊ တချို့က တရုတ်ဖြစ် ကင်းပတ်ဖိနပ်စီးထားကြသည်။ တောင်ကုန်းတစ်ကုန်းထက်တွင် ဘုရားပျက်တစ်ဆူရှိပြီး ကျောက်တုံး၊ ကွန်ကရစ်တို့ဖြင့် အခိုင်အမာ ဆောက်ထားသော ကျောင်းဆောင်အထက်တွင် '၁၉၂၂' ခုနှစ်ဟု ရေးထွင်းထားရာ လေတွေ တဝေါဝေါနှင့် မြက်ပင်တွေဖုံးလွှမ်းနေသော တောင်ကုန်းတွေအလယ်တွင် ချောက်ချားထိတ်လန့်စရာလို ဖြစ်နေရာ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ ဖြတ်သွားခိုက် ဓာတ်ပုံ သုံး၊ လေးပုံ ကျွန်ုပ် ရိုက်လိုက်သည်။ ထိုမှ နာရီအနည်းငယ် ဆက်လျှောက်လာရာ တောင်ရိုးကုန်းထိပ်တစ်နေရာရောက်လာသည်တွင် အောက်ဘက်တွင်မူ မြင်းခွာပုံခွေ၍ စီးဆင်းနေသော နယ်ခြား နမ့်ခါ မြစ်ကို လှမ်းတွေ့နေရသည်။ မြစ်ကွေ့ဧရိယာထဲတွင် တိမ်လေးတွေ ပြန့်ကြဲနေပြီး မြစ်တစ်ဖက်တွင်မူ ကွန်ကရစ် အဆောက်အအုံ ဖြူဖြူတွေ၊ နမ့်ခါ မြစ်တစ်ဖက်တစ်ချက်တွင် တောင်တန်းကြီးတွေက ချိုင့်ဝှမ်းလေးပေါ် အရိပ်မည်းတွေ မိုးထားသည်။

''အဲဒါ... ပန်ဆန်းပဲ''

www.nyisay.com



အောင်ထက်က ပြောသည်။

''မြစ်ကိုကျော်လိုက်ရင် တရုတ်ပြည်ထဲက 'မုံးအာ'ကို မြင်နေရပြီ၊ ကျွန်တော်တို့ ဌာနချုပ်မှာ ခင်ဗျားဇနီးနဲ့သမီး စောင့်နေလိမ့်မယ်''

ဆိုင်နောင့်တို့ သားအမိဆိုသော အတွေးက ကျွန်ုပ် ခြေလှမ်းတွေကို အရှိန်မြှင့်ပေးလိုက်သည်နှင့် တောင်အောက်သို့ သုတ်ခြေတင်လာခဲ့ရာ လမ်းတွင် တအိအိ လျှောက်နေသော လူတွေကို ဖြတ်ကျော်လာခဲ့သည်။ အများစုမှာ ဝ,လူမျိုးတွေဖြစ်ပြီး ထိုနေ့က ပန်ဆန်း ဈေးနေ့ဖြစ်သဖြင့် ခြင်းတွေ တောင်းတွေထဲတွင် ဟင်းသီးဟင်းရွက်တွေနှင့် လက်နှိပ်ဓာတ်မီး ပလပ်စတစ်ညှပ်ဖိနပ်၊ လစ်ဗာပူး 33 တီရှပ် စသဖြင့် အသုံးအဆောင်ပစ္စည်းတွေ ဝယ်ခြမ်းထည့်၍ ရွာအပြန် ဈေးဝယ်သူတွေ ဖြစ်သည်။

ပန်ဆန်း... အခြေသတင်းကြီးလှသော ဗမာကွန်မြူနစ်တို့၏ ဌာနချုပ်ကား မြင်ကွင်းထဲရောက်လာသည်။ သို့ပေမဲ့ မျက်ဝါးထင်ထင် တွေ့လိုက်ရသည်တွင် အထင်နှင့်အမြင် တက်တက်စင် လွဲသွားသည်။ တူ၊ တံစဉ် အလံတွေ ရဲပတောင်းခတ်နေအောင် တဖျတ်ဖျတ်နှင့် လွင့်ထူထားတာမျိုး မရှိ။ မတ်(စ်)ဝါဒ-လီနင်ဝါဒ၏ တော်လှန်ရေးဗိမာန်ကြီး အကြောင်း သရုပ်ဖော်ထားသော ပိုစတာကြီးတွေ ပြဲပြဲစင်အောင် စိုက်ထူထားတာမျိုး မရှိ။ ပထမဆုံး ကျွန်ုပ်တွေ့လိုက်ရသည့်အရာများကား သစ်သားတံတားဘေးနားက ဂျုံးဂျုံးကျနေသော တရုတ်လုပ် ထရပ်ကားတစ်စီး၊ ထွန်စက်တစ်စီးနှင့် ရွှံ့အုတ်သရွက်နှင့် အိမ်အစုတစ်ခုပဲ ဖြစ်လေရာ ပစ္စည်းမဲ့တော်လှန်ရေး မီးတောက်ကြီးကား ဖုတ်လိုက်ဖုတ်လိုက် အသက်ငင်နေလေပြီ။

ဈေးကို ဖြတ်၍ ကျွန်ုပ်တို့ ခပ်သွက်သွက် လျှောက်လာကြရာ ဈေးကွဲချိန်ဖြစ်သဖြင့် ဈေးထဲတွင် ဟိုဟိုဒီဒီ လျှောက်နေသူအချို့က ထူးထူးခြားခြား ဧည့်သည်တစ်ယောက်နှင့် သူ၏ လုံခြုံရေးတပ်ဖွဲ့တို့ကို မျက်လုံးအပြူးသားနှင့် ငေးကြည့်နေကြသည်။ ဈေးမှ အရှေ့သို့သွားသော မြေလမ်းကျယ်အတိုင်း အောင်ထက်က ရှေ့မှ ဦးဆောင်သွားပြီး အခိုင်အမာဆောက်ထားသော တန်းလျားအစုတစ်စုသို့ ရောက်လာရာ အပြင်ဘက် မြက်ခင်းပြင်တွင် လူတစ်စု ရပ်နေကြပြီး အဝင်ဝ, ဝါးအဆောက်အအုံဂိတ်တွင်မူ လက်နက်ကိုင်တွေ စောင့်ကြပ်နေသည်။

''ဒါ... ကျွန်တော်တို့ ဌာနချုပ်ပဲ''

ဂိတ်ကို ဖြတ်လျှောက်လာစဉ် အောင်ထက်က ဂုဏ်ယူဝင့်ကြွားစွာနှင့် ပြောသည်။ သို့ပေမဲ့ ကျွန်ုပ်အာရုံက အညိုရောင်ကော်ဂျုရွိုင်းဂျာကင်နှင့် ကလေးချီထားသော အမျိုးသမီးတစ်ယောက်ဆီ ရောက်နေသည်။ သူတို့သားအမိကို ကျွန်ုပ် ပွေ့ဖက်လိုက်ပြီး တစ်လကျော် ခွဲခွာနေရာမှ ယခုပြန်ဆုံကြရသည်တွင် ကျွန်ုပ်ရင်ထဲကအပျော်ကို ဖော်ပြဖို့ရာ စကားလုံး ရှာမရ။ ဆို့နစ်နေသော တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူက ဆိုင်နောင့်။

www.nyisay.com



''ကြည့်ပါဦး ဆိုင်တိုင်းကို၊ အခု သူ လမ်းလျှောက်တတ်ပြီလေ''

ဆိုင်နောင့်က သမီးကို ပွေ့ထားရာမှ မြေပေါ်ချပြီး လမ်းလျှောက်စေရာ သမီးက ကျွန်ုပ်ကို ဒီလူကြီးကို ငါမြင်ဖူးပါတယ်၊ ဘယ်သူများပါလိမ့်ဆိုသော အကြည့်နှင့် တွေတွေကြီး ကြည့်နေသဖြင့် ကျွန်ုပ်က လက်ကမ်းလိုက်သည်။ တစ်ခဏ တုံ့ဆိုင်းနေရာမှ ကျွန်ုပ်ကို မှတ်မိသွားဟန်တူသည်။ ကျွန်ုပ်လက်ကို လှမ်းကိုင်လိုက်သဖြင့် ပထမဆုံးအကြိမ် ကျွန်ုပ်တို့ သားအဖနှစ်ယောက် လမ်းစ,လျှောက်ကြရာ ဆိုင်နောင့်က ကျွန်ုပ်လက် တစ်ဖက်ကို တွဲ၍ ဖက်လိုက်သည်။ ပြီးနောက် ကျွန်ုပ်တို့သားအမိ သားအဖ သုံးယောက်လုံး ဌာနချုပ်ဘေးတွင် ရပ်ထားသော တရုတ်ထရပ်ကားဆီ လျှောက်လာပြီး ရှေ့ခေါင်းခန်းထဲ ဝင်ထိုင်လိုက်ကြသည်။

ကျင်းတွေ ချိုင့်တွေနှင့် မြေလမ်းအတိုင်း တစ်ခဏ မောင်းလာရာ မြင်းခွာပုံ မြစ်ကွေ့အတွင်းမှ ကျွန်ုပ်တို့ တည်းခိုရမည်ဖြစ်သော ယူပုံသဏ္ဌာန် အုတ်တိုက်အဆောက် အအုံသို့ ရောက်လာရာ ခရီးကပန်း၊ ငှက်ဖျားပျောက်ခါစ၊ လူက နွမ်းနေပါသော်လည်း ပန်ဆန်းတွင်မူ ကျွန်ုပ်တို့ မိသားစုတစ်စု ပြန်ဆုံခဲ့ကြပြီဖြစ်၍ ယခုအခိုက်အတန့်ကား အခြားကိစ္စတွေအားလုံး ပျောက်ကွယ်သွားသလို ခံစားလိုက်ရပါ၏။

○

www.nyisay.com

# ပန်ဆန်း

နောက်တစ်နေ့၊ နံနက်ခင်းနေခြည်နုတို့က နမ့်ခမြစ်တစ်ဖက်မှ မုံးအာနှင့် ပန်ဆန်းဝန်းကျင်မှ မြစိမ်းရောင်စပါးခင်းတို့အပေါ် ဖျန်းပက်လိုက်သည့်အခါဝယ်၊ ချိုင့်ဝှမ်းထဲမှ နှင်းမြူတို့ တစ်စ, တစ်စ, လွင့်စင်ကွယ်ပျောက်၍ ဒီဇင်ဘာညု၏ အချမ်းသည်လည်း နွေးထွေးလာခဲ့ပါ၏။ နံနက်စာကို ယခု ကျွန်ုပ်တို့ကို ဧနရာထိုင်ခင်းပေးထားသော ယူ (U) ပုံစံအဆောက်အအုံအတွင်း တစ်ဖက်ခန်း၌ပင် ကျွေးရာ တရုတ်ပြည်မှ ဝက်ပေါင်ခြောက်၊ ကြက်ဥပြုတ်၊ ပေါင်မုန့်၊ ထောပတ်တို့ဖြင့် တည်ခင်းထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်အံ့သြသွားသည်။

အဆောက်အအုံကို အုတ်ရိုးတတိုင်းဖြင့် ကာရံထားရာ ၄င်းအဆောက်အအုံမှာ ဗကပ တို့၏ 'ပြည်သူ့အသံ' လျှို့ဝှက်အသံထုတ်လွှင့်ကြောင်း ဆိုင်နောင့်က ပြောပြသည်။

ရှမ်းအရှေ့မြောက်ဒေသသို့ ဗကပတွေ ထိုးဖောက်တိုက်ခိုက်နေသော ပထမပိုင်းနှစ်ကာလများတွင် ဗကပခေါင်းဆောင်ပိုင်းအားလုံး ယူနန်တွင် အခြေချနေထိုင်ခဲ့ပြီး အသံလွှင့်လုပ်ငန်းကိုလည်း ယူနန်၌ပင် အထိုင်ချထားခဲ့ရာမှ၊ တရုတ်ပြည်တွင် တိန်ရှောက်ဖိန် အာဏာပြန်ရလာပြီးနောက် နိုင်ငံခြားရေး ပေါ်လစီသစ်ကို ပြောင်းလဲကျင့်သုံးလိုက်သည်တွင် ဗကပတို့ ဗဟိုရုံးအဖွဲ့တစ်ခုလုံးသည်လည်း ၁၉၇၈ ခုနှစ်၌ပင် နယ်ခြားတစ်ဖက် ပန်ဆန်းသို့ပြောင်းရွှေ့ခဲ့ရသည်။ သို့ဖြစ်၍ ဗကပပြည်သူ့အသံသည်လည်း ဤဘက်ကမ်းမှ (၇) နှစ်ကြာလွင့်ထုတ်ခဲ့ပြီးနောက် ၁၉၈၅ ခုနှစ်တွင်မှာ ရုတ်တရက် မမျှော်လင့်ဘဲ ရပ်ဆိုင်းသွားသည်။

ယူနန်ဘက်မှ ပန်ဆန်းဘက် ပေးထားသော ဓာတ်အားလိုင်းတို့ကို ဖြတ်ဖို့ တရုတ်

www.nyisay.com



ဘက်က သဘောတူခဲ့သည် ဆိုသော်လည်း ဗကပ၏ အသံလွှင့်လုပ်ငန်းကို တခဏမျှ ပါးနပ်စွာ ရပ်နားခဲ့ပြီးနောက်၊ ဂျင်နရေတာဖြင့် အသုံးပြုနိုင်သော အသံလွှင့်စက် အသေးစား လေးတစ်လုံးကို တရုတ်တို့က ဗကပတို့အတွက် စီစဉ်ပေးခဲ့သည်။ ၄င်းစက်မှာ သေးငယ်သော်လည်း များစွာထိရောက်မှုရှိပြီး လော်ရီကားပေါ်တင်၍ ရွှေ့ပြောင်းအသုံးပြုနိုင်ရာ အသံလွှင့် အစီအစဉ်တို့ကို ပန်ဆန်းမှ စတူဒီယိုအဟောင်းမှာပင် အသံသွင်းပြီး တိပ်ခွေတို့ကိုမှ မြောက်ဘက်မုံးမှသို့ လူလွှတ်ပေး၍ ၄င်းနေရာမှ လော်ရီကားဖြင့် အသံလွှင့်ခဲ့ကြသည်။

နံနက်စာ စားပြီးနောက်၊ ဝန်းအတွင်း လမ်းလျှောက်ထွက်လာပြီး အသံလွှင့်ခန်းအတွင်း ပြတင်းပေါက်မှ ကျွန်ုပ်ချောင်းကြည့်လိုက်ရာ တရုတ်လုပ် ပစ္စည်းကိရိယာတွေ၊ ဖုန်တက်နေသော်လည်း အကောင်းပကတိအတိုင်း တွေ့ရပြီး အခြားအခန်းများမှာမူ ဗကပ ဝါဒဖြန့်ချိရေးဌာနနှင့် ပါတီစာကြည့်တိုက်တို့ဖြစ်သည်။

ပါတီစာကြည့်တိုက်တွင် ကွန်မြူနစ်စာပေနှင့် ကွန်မြူနစ်မဂ္ဂဇင်းများရှိရာ အများစုမှာ ကနေဒါနိုင်ငံက မော်ဝါဒီတို့ထုတ်ဝေသော "The Forge" ၊ အမေရိကန် ကွန်မြူနစ် ပါတီထုတ် The Call ၊ ဩစတြေးလျမှ Vanguard ၊ ဗြိတိန်မှ Class Struggle၊ မြောက်ကိုရီးယားမှ ပြုးယမ်းတိုင်း(မ်)၊ကာ(လ်)ကတ္တားမှ Frontier တို့ဖြစ်သည်။ သို့ရာတွင် အမေရိကန်နှင့် ကနေဒါမှ မတ်(စ်)ဝါဒီ မဂ္ဂဇင်းတို့မှာ ယခုအခါ ထုတ်ဝေမှု ရပ်ဆိုင်းသွားသော်လည်း ဆိုခဲ့သလို ကမ္ဘာပေါ်မှ မျိုးတုံးခဲလှသော ကွန်မြူနစ် လက်ဝှတ်လက်ရင်းများမှ ထုတ်ဝေသော စာစောင်အချို့ကား ယခုတိုင် တွေ့နေရဆဲ၊ ဤ၌စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ၁၉၈၅ ခုနှစ်၊ မတ်လအတွင်း NSCN နှင့် နာဂ အဆက်အသွယ်ရှာရာ၊ ကာ(လ်)ကတ္တားတွင် ကျွန်ုပ်တို့ရောက်ခဲ့သော အပတ်စဉ်ထုတ် လက်ဝဲဂျာနယ်တိုက်မှာ Frontier ဖြစ်သည်။ အဆိုပါ မဂ္ဂဇင်းများမှာ စောင်ရေအနည်းငယ်သာ ထုတ်ဝေဖွယ်ရှိပြီး မဂ္ဂဇင်းတို့ကို ကျွန်ုပ်လှန်လှောကြည့်ရာ Vanguard မဂ္ဂဇင်း၏ အာဘော်အရ ဩစတြေးလျတွင် မကြာခင် ဆိုရှယ်လစ်တော်လှန်ရေးကြီးဖြစ်တော့မည်ဟူသတတ်။

ဤ၌ ပန်ဆန်းသည်လည်း တိန်ရှောက်ဖိန်ကာလမတိုင်မီ တရုတ်တွင် သင်ကြားကျင့်သုံးခဲ့သော လက်ဟောင်းမော်စီတုန်း အယူဝါဒတို့ကို သိမှီးသိမ်းဆည်းထားသော နောက်ဆုံး ခံတပ်ဖြစ်ဟန်တူသဖြင့် ၁၉၆၀၊ ၇၀ ကျော်ကာလအတွင်းက ကွန်မြူနစ်တော်လှန်ရေးဆိုင်ရာ ရုပ်ကြွင်း၊ မွေတော် ဓာတ်တော်တို့ကို ပြသထားသော ပြတိုက်တစ်တိုက်ကို ကြည့်နေရသလို ဗကပအသံလွှင့်နေရာဟောင်းကို လှည့်ပတ်ကြည့်ရသည်မှာ အထူးအဆန်းတစ်ခုလိုဖြစ်နေသည်။

ဤနေရာတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံရေးအဖွဲ့နှံရောက်လူပ်ရှားမှုတို့ကို အိန္ဒိယအစိုးရဘက်က ချဉ်းကပ်ပုံချဉ်းကပ်နည်းကို ကျွန်ုပ်အနေနှင့် လေးစားမိ

www.nyisay.com



သည်။ သို့ရာတွင် လောလောဆယ်၌ ရန်ကုန်အစိုးရ၏ ပေါ်လစီကား ပြည်တွင်းစစ်ကို သံသရာရှည်ဖွယ် ရှိလေသည်။

ထိုနေ့နံနက်၌ပင် သခင် ဗသိန်းတင်က သူ့နေအိမ်သို့ အခေါ်လွှတ်လိုက်သဖြင့် ကျွန်ုပ်တို့ မိသားစုကို တရုတ်လုပ် ရှန်ဟိုင်းအစိမ်းရောင် ဂျစ်ကားတစ်စီးဖြင့် လာခေါ်ပြီး အသံလွှင့်ရုံတည်ရာ တောင်ကုန်းကလေးမှ ကွေ့ကွေ့ကောက်ကောက် မြေလမ်းအတိုင်း ဆင်းလာရာလမ်းတွင် စစ်သားလေးတွေ စောင့်နေသော စစ်ဆေးရေးစခန်းအချို့ တွေ့ရသည်။ (၂) ကီလိုမီတာမျှ မောင်းလာပြီးနောက် စစ်ရေးပြကွင်းနှင့်အလားတူ ဘောလုံးကွင်း ကျယ်ကြီး တစ်ခုထဲရောက်လာပြီး အဆောက်အအုံတစ်လုံးရှေ့တွင် ကားရပ်လိုက်သည်။ ရှေ့တွင် ပန်းပင်တွေ စီစီရီရီ စိုက်ထားပြီး လက်နက်ကိုင်စစ်သားတွေ စောင့်ကြပ်နေသည်။ အပေါက်ဝတွင်မူ အစိမ်းရောင် ကွန်မြူနစ်ယူနီဖောင်းနှင့် ခပ်ဝဝ အဘိုးကြီးတစ်ယောက်၊ မှန်ထူထူ မျက်မှန်နှင့် လမ်းလျှောက်တုတ်ကိုကိုင်လျက် ရပ်နေပြီး ဘေးတွင် စစ်သားလေး (၂) ယောက်က အဘိုးကြီးလက်မောင်း တစ်ဖက်စီကို တွဲထားသည်။

''ကြိုဆိုပါတယ် ဘာတီးလ်၊ နောက်ဆုံးတော့ ကျုပ်တို့ဆီရောက်လာနိုင်ပြီပေါ့''

ထိုအဘိုးကြီးကား သခင်ဗသိန်းတင် ဖြစ်ပြီး သူ့ကို ကျွန်ုပ်လက်ဆွဲ နှုတ်ဆက်လိုက်သည်။ ပြီးနောက် ကျွန်ုပ်တို့အိမ်ထဲဝင်ကြရာ၊ အထဲတွင် ပါတီခေါင်းဆောင် အတော်များများ ရောက်နေကြပြီး ပထမဆုံး ကျွန်ုပ်ကို မိတ်ဆက်ပေးသူမှာ ခင်မောင်ကြီးဖြစ်သည်။ ထိုသူကား ဗကပဗဟိုကော်မတီ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သလို ပါတီ၏ ပင်မသဘောတရားရေး ဆရာကြီးအဖြစ် လူသိများသည်။ လူပုံက ဝဖိုင့်ဖိုင့်၊ အသက် (၆၀) နီးပါးရှိသော်လည်း ထက်မြက်သော ဥပမိရှိသည်။ ခိုင်လုံသော သတင်းရပ်ကွက်တို့၏ အဆိုအရ ဗကပပါတီ၏ တရားဝင်ကြေညာချက်များနှင့်၊ ပြောရလျှင် သခင်ဗသိန်းတင်၏ မိန့်ခွန်းတို့သည်ပင် နောက်ကွယ်မှ ခင်မောင်ကြီး၏ လက်ရာတွေဟု ဆိုသည်။ အင်္ဂလိပ်စကားကို တိုးတိုးညင်ညင် ပြောပြီး စကားလုံးတစ်လုံးချင်းကို ဂရုတစိုက် ရွေးချယ်၍ ပြောသည်။

သူနှင့်ကပ်လျက် ထိုင်နေသူမှာ ကျော်မြဖြစ်သည်။ အသက် (၇၅) ဝန်းကျင်ခန့် ရှိပြီး ၁၉၇၉ ခုနှစ် ရခိုင်ရိုးမမှ ကွန်မြူနစ်ခြေကုပ်စခန်းတို့ကို အစိုးရတပ်များက ချေမှုန်းခဲ့ပြီးနောက် ပန်ဆန်းသို့ ရောက်လာသော ဝါရင့်ကွန်မြူနစ်တစ်ဦးဖြစ်သည်။ ကျော်မြမှာ ဘင်္ဂလားဒေ့(ရှ်) နယ်စပ်မှ ရောက်လာ၍လားမသိ အိန္ဒိယအမျိုးသားတစ်ယောက်နှင့် တော်တော်တူပြီး ပိန်သည်။ ဤ၌ အောင်ထက်လည်းရှိပြီး ကျွန်ုပ်တို့ ဆွေးနွေးနေသည်တို့ကို သူက လိုက်မှတ်နေသည်။

နံရံပေါ်တွင်မူ သခင်သန်းထွန်းနှင့် သခင်ဇင်တို့ ဓာတ်ပုံတွေ ချိတ်ထားရာ သခင်သန်းထွန်းမှာ ၁၉၆၈ ခုနှစ်တွင် ပဲခူးရိုးမတွင် အစိုးရသူလျှိုတစ်ဦးက လုပ်ကြံသတ်ဖြတ်ခဲ့

www.nyisay.com



ပြီး သခင်ဇင်ကမူ ၁၉၇၅ ခုနှစ် ပဲခူးရိုးမဌာနချုပ်ကို အစိုးရတပ်များ ဖြိုခွဲတိုက်ခိုက်စဉ်အခါက တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ စားပွဲငယ်လေးတစ်လုံးပေါ်တွင် အဖြူရောင် ပလာစတာဖြင့် လုပ်ထားသော မော်စီတုန်း ကိုယ်တစ်ပိုင်းရုပ်တု တင်ထားပြီး နံရံတစ်ဖက်မှ စာအုပ်စင်ပေါ်တွင်မူ မတ်(ခ်) လီနင်၊ စတာလင်နှင့် မော်စီတုန်းတို့၏ လက်ရွေးစင်ကျမ်းတွေ စီစီရီရီနှင့်၊ ဝတ္ထုစာအုပ်အနည်းငယ်ရှိပြီး အများစုမှာ တရုတ်ဝတ္ထုတွေဖြစ်သည်။

"ကျုပ်တို့လွတ်မြောက်နယ်မြေကို ရောက်လာမယ့် နိုင်ငံခြားသတင်းထောက်တစ်ယောက်ကို ကျုပ်တို့စောင့်နေတာ နှစ်တွေ မနည်းတော့ဘူး"

ဝန်ထမ်းအချို့က လက်ဖက်ရည်အချိုနှင့် တရုတ်ဘီစကွတ်မုန့်တွေ ချ၍ ဧည့်ခံနေခိုက် သခင်ဗသိန်းတင်က ပြောသည်။

"ကျုပ်တို့တော်လှန်ရေးအတွက် သတင်းထောက်တွေလိုတာ ခင်ဗျားသိပါတယ်။ ကျုပ်တို့ တရုတ်ရဲဘော်တွေမှာ အက်ဂါစနိုး ရှိတယ်။ ဒါကြောင့် ကျုပ်ကတော့ ခင်ဗျားကို ဗမာပြည်ရဲ့ အက်ဂါစနိုးဖြစ်စေချင်တယ်"

အိမ်း... အည်း... မလုပ်ဘဲ ကျွန်ုပ်ခေါင်းသာ ညိတ်လိုက်သည်၊ ရဲရင့်ပြီး တောက်ပြောင်သော အရေးအသားတို့ကြောင့် အက်ဂါစနိုးကို ကျွန်ုပ်အနေနှင့် အများကြီး လေးစားမှုရှိသော်လည်း သူ့အလုပ်နှင့် ကျွန်ုပ်အလုပ်က တခြားစီ၊ သူက မော်စီတုန်းကွန်မြူနစ်လှုပ်ရှားမှုတို့ကို ပွင့်ပွင့်လင်းလင်း ထောက်ခံခဲ့သူ၊ ကျွန်ုပ်အလုပ်ကမူ မြန်မာပြည် နိုင်ငံရေး ပဋိပက္ခနှင့် ပတ်သက်၍ ကျွန်ုပ်၏ ကိုယ်ပိုင်အမြင်တို့ရှိပါသော်လည်း သတင်းတို့ကို ရယူရာတွင် အတတ်နိုင်ဆုံး ဓမ္မဓိဌာန်ကျ၍ အချက်အလက်ခိုင်လုံရမည် ဖြစ်သလို ပြည်တွင်းစစ်ကို ဖော်ပြရာတွင်လည်း ပြည်တွင်းစစ်တွင် ပါဝင်နေသော စစ်တပ်ကြီးတို့၏ အောင်ပွဲဆိုသည်ထက် အပြစ်မဲ့ပြည်သူတို့၏ အမြင်တို့ကို ဖော်ထုတ်ရေးသားလိုခြင်းဖြစ်ပါသည်။ သို့ပေမဲ့ သခင်ဗသိန်းတင်ပြောမည့် စကားတို့ကိုမူ ကျွန်ုပ်နားစွင့်နေလိုက်သည်။

"ခင်ဗျားရဲ့ ရေးသားဖော်ပြချက်တွေကို နှစ်တော်တော်ကြာ ကျုပ်တို့ဖတ်ဖူးပါတယ်။ အခု ကျုပ်တို့ လွတ်မြောက် နယ်မြေမှာ ခင်ဗျားအတွက် ပထမဆုံး ကိုယ်တွေ့, အတွေ့အကြုံ ဖြစ်မှာပါ"

သူ့စားပွဲပေါ်တွင် Far Eastern Economic Review မဂ္ဂဇင်းတွေ အထပ်လိုက်တွေ့ရ၍ ပါဂျောင်မှ ထွက်လာပြီးကတည်းက လွတ်လပ်စွာ ရေးသားထုတ်ဝေသော မဂ္ဂဇင်းတွေနှင့် ဝေးနေသဖြင့် ကျွန်ုပ်က ခဏငှားရာ ခွင့်ပြုခဲ့သည်။ တစ်နာရီမျှ ပြောဆိုပြီးနောက် ကျွန်ုပ် တွေ့ဆုံလိုသော လူအမည်နှင့် မေးခွန်းတို့ကို စာရင်းပေးခဲ့ပြီး ကျွန်ုပ်တို့ ပြန်လာခဲ့ကြပြီး နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် အင်တာဗျူးကြမည် ဖြစ်သည်။

ကျွန်ုပ်တို့တည်းနေသော အသံလွှင့်ရုံဟောင်းတွင် ကျွန်ုပ်တို့အခြေအနေကို ဆွေးနွေး

www.nyisay.com

သခင်ဗသိန်းတင် (၁၉၈၇)။

www.nyisay.com





ကချင်ခေါင်းဆောင် ဘရန်ဆိုင်း (၁၉၈၆)။

www.nyisay.com

ဘိန်းအရောင်းအဝယ်လုပ်နေသူများ။

ကြသည်။ သေချာသည်မှာ ပါဂျောင်မှာကဲ့သို့ လွတ်လွတ်လပ်လပ် ကျွန်ုပ်တို့ မသွားလာနိုင်တော့၊ တွေ့ဆုံဆွေးနွေးမှုတွေ မလုပ်နိုင်တော့။ ဆိုင်နောင့်မိတ်ဆွေသစ် အမျိုးသမီးတစ်ယောက် ပါတီခွင့်ပြုချက်မရဘဲ ဆိုင်နောင့်နှင့် စကားပြောမိသည့်အတွက် ခေါ်ပြောခံခဲ့ရပြီးဖြစ်သည်။

"ဒီမှာ အင်တာဗျူးလို့ ပြီးတဲ့အထိ တစ်လလောက်နေပြီးမှ ကိုယ်တို့သွားကြတာပေါ့။ လုပ်ငန်းအနေနဲ့ ကြည့်ရင် ဒါဟာ ကိုယ်တို့အတွက် အခွင့်အရေးကြီးပဲ။ ဒါကြောင့် သူတို့စိတ်အနှောင့်အယှက်ဖြစ်စရာမျိုး မလုပ်မိစေနဲ့၊ ပြီးတော့ ကိုယ်က အင်တာဗျူးလုပ်နေချိန်မှာ ဆိုင်နောင့်က ဈေးထဲမကြာမကြာသွားပြီး လွတ်လွတ်လပ်လပ် စနည်းနာကြည့်"

ဆိုင်နောင့်ကို ကျွန်ုပ် နှစ်ကိုယ်ကြားမှာရသည်။

ပန်ဆန်းတွင် ဒေါ်စန်းရီနှင့် သိကျွမ်းလာသည်မှာလည်း အံ့သြစရာကောင်းသလိုဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရသည်။ ဒေါ်စန်းရီမှာ လူလတ်ပိုင်းအရွယ် တရုတ်အမျိုးသမီးတစ်ဦးဖြစ်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဇာတိဖြစ်သည်။ သူမ၏ ခင်ပွန်းမှာ ဗကပ ဝါရင့်ရဲဘော်တစ်ဦးဖြစ်ပြီး ၁၉၅၀ ကျော်ကာလ တရုတ်နှင့် ဆိုဗီယက် အကွဲအပြဲ မတိုင်မီ မော်စကိုတွင် ပါတီသင်တန်းတက်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ သူကိုယ်တိုင် ရုရှားအစားအသောက်တို့ကို ကျွမ်းကျင်၍ သူ့ဇနီးကို သင်ကြားပေးခဲ့သည်။ သူ့အမည်မှာ ဦးစံသူဖြစ်သည်။

www.nyisay.com

ဗကပဌာနချုပ် ပန်ဆန်း ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာ။

တစ်နေ့ ဦးစံသူတို့ လင်မယားက ရုရှားစွတ်ပြုတ်၊ အမဲသားကင်၊ အာလူးမီးဖုတ်နှင့် မေယွန်နေ့(ဇ) အချဉ်ရည်နှင့် ရုရှားဆလပ်တို့ လုပ်ကျွေးသည်။ ဦးစံသူမှာ ပျော်ပျော်နေတတ်ပြီး အမြဲလိုလို ပြုံးနေတတ်သလို သီးပင်၊ စားပင်၊ ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း သေသေချာချာ ပေါင်းသင်မြေဆွေး၍ စိုက်ပျိုးထားသည်ကို ကြည့်၍ သူတို့လင်မယား၏ ဝိရိယနှင့် ဇြဲခြေရှေတာမှုကို ကျွန်ုပ်တို့ လေးစားရသည်။ သို့ပေမဲ့ ဆိုခဲ့သလို ဟင်းလျာမျိုးစုံကိုလည်း ကျကျနန ချက်စားတတ်သဖြင့် သူတို့လင်မယားမှာ ဝဝ, ဖိုင့်ဖိုင့်ကြီးတွေဖြစ်ကြသလို မကြာမီ ကျွန်ုပ်သည်လည်း ဝိတ်တက်လာတော့သည်။

ဦးစံသူကဲ့သို့ ဦးခင်မောင်ကြီးနှင့် အခြားရဲဘော်သုံးဦးတို့သည်လည်း မော်စကိုတွင် တစ်ချိန်တည်းသင်တန်းတက်ခဲ့ကြသော်လည်း ဗမာကွန်မြူနစ်တွေထဲတွင် ဦးစံသူတစ်ယောက်သာ ရုရှားကို နှစ်သက်ပုံရသည်။ ဦးစံသူက ရုရှားအစားအသောက်ကိုသာ ကြိုက်သည်၊ ရုရှားရာသီဥတုကိုပါ ကြိုက်သည်ဆိုသဖြင့် ကျွန်ုပ်အံ့သြရသည်။

"ရုရှား ဆောင်းရာသီကို ကျွန်တော် သတိရတယ်ဗျာ"

ဦးစံသူက ခေါင်းလေးတညိတ်ညိတ်နှင့် ပြုံး၍ပြောသည်။

"ဂေါ်ကီပန်းခြံမှာ ကျွန်တော်တို့ စကိတ်စီးကြတယ်။ နှစ်သစ်ကူးအကြိုနေ့ဆိုရင် သန်းခေါင်အထိ လမ်းလျှောက်ကြတယ်။ တစ်ခါတစ်ခါ ကော့ကေးဆပ်တောင်တွေပေါ်ကနှင်းခဲပြင်မှာ လျှောစီးကြတယ်။ အရမ်းပျော်စရာ ကောင်းတယ်"

ဦးစံသူတို့လင်မယားကိုကြည့်ရသည်မှာ ပန်ဆန်းတွင် ရတတ်သမျှ ပစ္စည်းပစ္စယလေးတွေနှင့် ရုရှားအစားအသောက်တွေ ချက်ပြုတ်၍ ကျွန်ုပ်တို့ကို ကျွေးမွေးရသည်

www.nyisay.com








*Map 5: From Pangsang to the Chinese border*

မြေပုံ (၅) ပန်ဆန်းမှ

www.nyisay.com

ဇာတ်နယ်စပ်သို့။

www.nyisay.com



ကို ကျေနပ်နေပုံရသည်။ သူတို့ဟင်းတွေကို ဘယ်သူမှ မကြိုက်ကြသဖြင့် ကျွန်ုပ်တို့ ရောက်လာခါမှ လင်မယားနှစ်ယောက်လက်စွမ်းပြနေကြသလား အောက်မေ့ရသည်။

"ဒါပေမဲ့ လိုအပ်တဲ့ အမယ်တွေ ဒီမှာမရဘူးလေ။ လတ်လတ်ဆတ်ဆတ် နို့စိမ်းမရဘူး။ နို့မှုန့်ပဲရတယ်။ ဒါကြောင့် 'ကီဖာ' လုပ်လို့မရဘူး။ ကီဖာဆိုတာ ခင်ဗျားသိပါတယ်။ ရှာဘူးဒိန်ချဉ်လေ။ ဒိန်ခဲမရှိတော့ ဆော့(စ)ကောင်းကောင်းလည်း လုပ်မရဘူး။ ဒါပေမဲ့ ခင်ဗျား စိတ်အနှောင့်အယှက် မဖြစ်ဘူးထင်ပါတယ်"

"ရပါတယ်။ အစားအသောက်တွေ အကုန်လုံးကောင်းပါတယ်။ ဘန်ကောက်က ထွက်လာကတည်းက အခုလို ကောင်းကောင်းမစားရတာ (၂) နှစ် နီးပါးရှိပြီ"

ကျွန်ုပ်နှင့် ဆိုင်နောင့်တို့က ပြောလည်းပြောရင်း၊ ရှာဘူးဆလပ်ကို အားရပါးရ ထည့်စားနေကြရာ ကျွန်ုပ်တို့ကို စားပွဲထိုးပေးနေသော ဝ၊စစ်သားလေးတွေက ထူးထူးဆန်းဆန်း ဟင်းတွေကို ကြည့်ရင်း တစ်ခါမှမတွေ့ဘူးသလို အံ့သြနေကြသည်။

ရှာဘူးဟင်းလျာတွေကို ကျွန်ုပ်တို့စားသောက်နေခိုက်မှာပင် ပန်ဆန်း၏ အနောက်ဘက် (၂၅) ကီလိုမီတာခန့်ရှိ ပန်ယန်းစစ်မျက်နှာနှင့် မြောက်ဘက် စီစီဝမ်တွင်မူ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်နေရာ လက်နက်ကြီးပေါက်ကွဲသံတွေ တစ်ခါတစ်ခါကြားရပြီး၊ ညဆိုလျှင် ပန်ဆန်းဆေးရုံသို့ ဒဏ်ရာရသူတွေကို ထရပ်ကားတွေနှင့် လာပို့ကြသည်။

တိုက်ပွဲဖြစ်နေသဖြင့် ဘရုန်ဆိုင်းလည်း ပန်ဆန်းဌာနချုပ်၌ပင် ခိုနေပြီး သံလွင်မြစ် အနောက်ဘက်မှ SSA တပ်ဖွဲ့၏ မီးစိမ်းကို စောင့်နေသည်။ SSA တပ်ဖွဲ့က ဘရုန်ဆိုင်းနှင့် ဇောင်းဟရာတို့ကို ထိုင်းနယ်စပ်အထိ လုံခြုံရေးယူ၍ လိုက်ကြမည်ဖြစ်သည်။ သို့ရာတွင် ယခုအခါ ခရစ်စမတ်နီးပြီဖြစ်၍ ဗမာမော်စီတုန်း ဝါဒီတို့ ဌာနချုပ်နှင့် ကပ်လျက်နေရာတွင်မူ ကချင်များကား ခရစ်စမတ်ပွဲတော်အတွက် ပြင်ဆင်နေရာ ညစဉ်ဆုတောင်းပွဲတွေ လုပ်ကြပြီး ဓမ္မသီချင်းတွေ သီဆိုနေကြသည်ကို ကျွန်ုပ်လည်း ဝ၊စစ်သားလုံခြုံရေးအဖွဲ့နှင့် တစ်ခေါက်တကျင်းသွားရောက် အားပေးခဲ့သေးသည်။

တိုက်ပွဲသတင်းကား ယခုအထိ ဇဝေဇဝါ၊ ဗကပတပ်များက အစိုးရတပ်သား (၂၀၀) ကျော်သုတ်သင်ခဲ့ပြီး (၅၀၀) ကျော် ဒဏ်ရာရခဲ့ကြောင်း ဗကပတို့က ကြေညာခဲ့သည်တိုင် သူတို့ဘက်က အကျအဆုံးသတင်းကိုတော့ မပြော၊ သို့ရာတွင် နိုဝင်ဘာ (၂၃) ရက်နေ့က မုံးပေါ်ရွာကို အစိုးရလေတပ်က ဗုံးကျဲလိုက်သည်ကိုတော့ သိရသည်။ ၄င်းရွာမှာ ကေအိုင်အေတပ်မဟာ (၄) ဌာနချုပ်သို့ အသွားခရီးတွင် ကျွန်ုပ်တို့တည်းခိုခဲ့သော ရွာကြီးဖြစ်၍ ဗုံးချလိုက်သည့် ရည်ရွယ်ချက်ကား စီစီဝမ်တောင်ပေါ်မှ ဗကပတပ်ဖွဲ့တွေဆီ ပို့ပေးနေသော ဆန်နှင့် အခြားစားနပ်ရိက္ခာတို့ကို ဖြတ်တောက်လိုသဖြင့် ရွာက လူတွေကို ခြောက်ထုတ်လိုက်ခြင်းဖြစ်ရာ ကျွန်ုပ်နှင့် နော်ဆိုင်းသားတို့ ညစာစားခဲ့သော ဈေးအနီးက အိမ်လည်းဗုံးထဲပါသွားပြီး ရွာသူရွာသားအားလုံးလည်း ရွာက ထွက်ပြေးသွားကြပြီ။

www.nyisay.com



ဤသည်ကို လက်တုံ့ပြန်သောအားဖြင့် အစိုးရထိပ်ချုပ်ထားသော ယန်ဆိုင်းအနောက်ဘက် မူဆယ်ပေါ်က ဆေးရုံကို ဗကပတပ်တွေ ဝင်တိုက်ကြသဖြင့် ဆေးရုံပေါ်တွင် ကုသနေသော အစိုးရတပ်ဖွဲ့ဝင်တွေ အစုလိုက်အပြုံလိုက် သေဆုံးသွားရာ အဆိုပါလုပ်ရပ်ကို ပန်ဆန်းမှ ဗကပဦးစီးအဖွဲ့ဝင်တို့က ဗကပမြောက်ပိုင်း ဒေသတပ်ဖွဲ့ကို ဝေဖန်အပြစ်တင်ခဲ့ကြသည်။ ညဘက်တွင် မြန်မာ့အသံနှင့် ဗကပပြည်သူ့အသံ အသံလွှင့်ဌာနတို့က ရန်သူတွေကို ဘယ်လောက်သုတ်သင်ခဲ့ကြောင်း တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် သတင်းထုတ်ပြန်နေကြပါသော်လည်း ဘယ်နေရာကို ဘယ်တပ်တွေရလိုက်ပြီ၊ သို့မဟုတ် ဆုတ်ပေးလိုက်ပြီစသဖြင့် တိကျစွာ ထုတ်ပြန်ခြင်းမျိုးမရှိ။

နေ့စဉ် မနက်တိုင်း ကျွန်ုပ်ကို အစိမ်းရောင်ရှန်ဟိုင်းဂျစ်ကားတစ်စီးဖြင့် လာခေါ်ပြီး သခင် ဗသိန်းတင်အိမ် ပို့ပေးသည်။ နေ့တိုင်းလိုလို ကျွန်ုပ်ကို ကော်ဖီနှင့် ဘီစကွတ်မုန့်တို့ဖြင့် ဧည့်ခံလေ့ရှိပြီး အင်တာဗျူးကြရာတွင် သခင်ဗသိန်းတင်က မပြီးနိုင်မစီးနိုင် ခရေစေ့တွင်းကျ ပြောနေသဖြင့် ကျွန်ုပ် အံ့သြရသည်။ သခင်ဗသိန်းတင် ကျန်းမာရေးမကောင်းဆိုသော သတင်းတွေကြားနေရသော်လည်း ယခု ဒေါင်ဒေါင်မည်နေသေးသည်။ သို့ပေမဲ့ သူ့အိပ်ခန်းထဲတွင် အရေးပေါ်အသုံးပြုဖို့အတွက် အောက်ဆီဂျင်ဗူးတစ်လုံး အရန်အသင့် ရှိနေသည်ကို သတိပြုမိသည်။

သူ၏ မျက်စိမှာလည်း အတော် ဆိုးနေပြီး စာကြည့်လျှင် မျက်မှန်အထူကြီးအပြင် မှန်ဘီလူးတစ်လက်နှင့်ပင် ကြည့်နေရသည်။

ကျွန်ုပ်အနေနှင့် ဗကပ အရှေ့မြောက်ဒေသသမိုင်းကြောင်းကို အတော်များများ သိထားသော်လည်း ၁၉၃၀ လွန် မြန်မာပြည်လွတ်လပ်ရေး လှုပ်ရှားမှုတို့နှင့်အတူ သန္ဓေတည်လာသော ဗမာပြည် ကွန်မြူနစ်ပါတီနောက်ခံသမိုင်းတွင် ဥက္ကဋ္ဌကြီး သခင်ဗသိန်းတင်၏ ဘဝကို ထင်ဟပ်စေလိုသဖြင့် သူ့အကြောင်းကို စတင်မေးလိုက်သည်။

ဗသိန်းတင်ကို ၁၉၁၄ ခုနှစ်တွင် မြန်မာပြည် တနင်္သာရီကမ်းရိုးတန်း၊ ထားဝယ်မြို့တွင် မွေးဖွား၍ ဖခင်မှာ တရုတ်လူမျိုးကုန်သည်တစ်ဦးဖြစ်ပြီး မိခင်မှာ ဗမာဖြစ်သည်။ ထားဝယ်တွင် မူလတန်းနှင့် အလယ်တန်း ကျောင်းများတွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ခဲ့ပါသော်လည်း ထိုအချိန်တွင် ဖခင်မှာ စီးပွားပျက်၍ ကြွေးလည်ပင်းရောက်နေခဲ့ရာ သားဖြစ်သူကို တက္ကသိုလ်မပို့နိုင်တော့။

"အဲဒီအချိန်မှာ ကိုလိုနီစနစ်ရဲ့ တရားမျှတမှုနဲ့ ငွေတိုးချေးစားသူတွေရဲ့ လုပ်ရပ်တွေကို ပထမဆုံး ကျုပ်မေးခွန်းထုတ်ခဲ့တာပဲ" သခင်ဗသိန်းတင်ပြောသမျှကို ကျွန်ုပ် လိုက်မှတ်နေသည်။

"ကျုပ်က အလတ်လွှာအောက်ဆုံးအဆင့်က လာပေမဲ့ ပညာလိုလားတဲ့ မိသားစုက မွေးဖွားလာခဲ့တယ်။ ကျုပ်အဖေက စာဖတ်ဖို့ အမြဲအားပေးတယ်။ ထားဝယ်အိမ်မှာ စာ

www.nyisay.com



ကြည့်တိုက် လုပ်ပေးထားပြီး စာအုပ်တွေ ဝယ်ပေးတယ်။ အင်္ဂလိပ်စာရေးဆရာထဲက ချားလ်(လ)ဒစ်ကင်း၊ ဆာဝါတာစကော့၊ လော့ဘိုင်းရွန်း၊ ဂျော့ဘားနတ်ရှောတို့ကို ကျွပ် ကြိုက်တယ်။ လူပျိုပေါက်တုံးက ဂျက်လန်ဒန်တို့၊ ဗစ်တာဟူးဂိုးတို့၊ မတ်(ခ်)တွိုင်းတို့ စာအုပ်တွေလည်း ဖတ်ခဲ့တယ်''

ထိုနောက် မကြာမီမှာပင် တို့ဗမာအစည်းရုံးဝင်၍ သခင်ဗသိန်းတင်ဖြစ်လာသည်။ သို့ရာတွင် ၁၉၃၉ ခုနှစ် ဩဂုတ် (၁၅) ရက်၊ ရန်ကုန်မြို့ ဘားလမ်းရှိ၊ တိုက်ခန်းငယ်လေး တစ်ခန်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်ဖွဲ့စည်းခဲ့သော်လည်း ပထမဆုံး ကျင်းပ ခဲ့သော ကွန်မြူနစ်ပါတီ အစည်းအဝေးတွင် သခင်ဗသိန်းတင် ပါဝင်ခြင်းမရှိသေးဘဲ၊ နောင်နှစ်အနည်းငယ်ကြာမှ ပါတီဝင် ဖြစ်လာသည်။

''ကျွပ်ရဲ့ဘဝနောက်ခံကြောင့်ပဲ မတ်(ခ်)ဝါဒနဲ့ လီနင်ဝါဒတို့ကို လွယ်လွယ်ကူကူ နားလည်နိုင်ခဲ့တယ်''

''ကွန်မြူနစ်ဝါဒက သိပ်ခံနည်းကျတယ်၊ တိကျတယ်၊ အဲဒီကာလတုံးက ရန်ကုန်မှာ နဂါးနီစာအုပ်အသင်းရှိတယ်။ အဲ့ဒီမှာ မတ်(ခ်)ဝါဒစာပေတွေ ရနိုင်တယ်''

ဝန်ထမ်းတစ်ဦးက ကော်ဖီထပ်ထည့်ပေးနေသဖြင့် စကားကို ခဏရပ်ရပ်လိုက်ပြီး ပြန်ကောက်သည်။

''အိန္ဒိယပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၇ ကို သပိတ်မှောက်တဲ့အတွက် အင်းစိန် ထောင်မှာ (၆) လကျခဲ့တယ်။ ဒါပေမဲ့ အဲဒီလို အတွေ့အကြုံကြောင့်ပဲ ကျွပ်ရဲ့ ယုံကြည် မှုတွေ ပိုခိုင်မာလာတယ်''

တို့ဗမာအစည်းအရုံး (သို့) သခင်ပါတီမှ လက်ဝဲအယူသန်သူတို့က ဆိုခဲ့သလို ဗမာပြည်ကွန်မြူနစ်ပါတီ ထူထောင်ခဲ့ကြသလို သခင်အောင်ဆန်းခေါင်းဆောင်သော မျိုး ချစ်တို့ကမူ ဂျပန်သို့ လျှို့ဝှက်ထွက်ခွာ၍ ဟိုင်နန်၊ ယခုဖော်မိုဆာ (သို့) ထိုင်ဝမ်တွင် စစ်သင်တန်းတက်ပြီးနောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ (၂၆) တွင် ဘန်ကောက်သို့ ရောက်လာပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့ကာ ဂျပန်တပ်များနှင့်အတူ ဗမာပြည်ထဲ ဝင်လာခဲ့ပြီး ၁၉၄၂ ခုနှစ် မတ် (၇) တွင်မူ ရန်ကုန်ကို ဗြိတိသျှတို့လက်မှ သိမ်းယူခဲ့ ကြသည်။

''အဲဒီကိစ္စက တော်တော်အရူးထတဲ့ လုပ်ရပ်ပဲ'' သခင်ဗသိန်းတင်က ဆက်ပြော သည်။

''သခင်အောင်ဆန်းကို နိုင်ငံခြားလွှတ်ဖို့ ကျွပ်တို့ တို့ဗမာအစည်းအရုံးက ၁၉၄၀ မှာ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ အဲဒါဂျပန်သွားဖို့ မဟုတ်ဘူး။ တရုတ်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရှာဖို့၊ ရှန်ဟိုင်းကို သဘော်နဲ့ သွားဖို့ သူ့ကိုကျွပ်တို့ ပြောခဲ့တယ်။ ရှန်ဟိုင်း မှာ ကွန်မြူနစ်တွေများတော့ သူ့အတွက် ပုန်းရခိုရတာ လွယ်ကူမယ်။ ဒါပေမဲ့ သူက

www.nyisay.com



ရန်ကုန်မှာ တွေ့တဲ့ ပထမဆုံးသဘော်ကနဲ့ တရုတ်ပြည်လိုက်သွားတော့ ဂျပန်နဲ့ တွေ့ပြီး တိုက္ယိခေါ်သွားတယ်။ ပြီးတော့ ပြန်လာပြီး စစ်သင်တန်းတက်ဖို့ လူလာခေါ်တယ်''

ဤတွင် အမျိုးသားသူရဲကောင်းအောင်ဆန်းကို သစ္စာဖောက်အဖြစ် ကွန်မြူနစ်တို့က သတ်မှတ်ပြီး ဂျပန်ကို တော်လှန်ဖို့အတွက် ဗသိန်းတင်နှင့် အခြားဗကပကေဒါတို့ မြေအောက်ဆင်းသွားကြသလို ရဲဘော်သုံးကျိပ်တို့ကလည်း မိမိတို့ကို ဂျပန်တို့က အသုံးချခဲ့သည်ကို သဘောပေါက်လာသဖြင့် မဟာမိတ်တပ်ဖွဲ့တို့နှင့် ဆက်သွယ်ခဲ့သလို ကွန်မြူနစ်ပါတီနှင့်လည်း လက်တွဲခဲ့သည်။ သို့ရာတွင် မြန်မာမျိုးချစ်တို့က ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ဖို့ပြင်ဆင်နေပြီဖြစ်သော်လည်း ဗကပနှင့် မျိုးချစ်တို့၏ မလျော်မကန်သော ပေါင်းစည်းခြင်းကပင် နောက်ပိုင်းတွင်မူ ဗမာ့နိုင်ငံရေး၏ လက္ခဏာတစ်ခုဖြစ်လာခဲ့လေသည်။

ထားဝယ်ဒေသ (သို့) ၄င်းတို့အခေါ် အမှတ် (၅) စစ်ဒေသတွင် သခင်ဗသိန်းတင်က ဖက်ဆစ်တော်လှန်ရေးအဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ခဲ့ပြီး ဖျာပုံခရိုင် (သို့) အမှတ် (၂) စစ်ဒေသတွင်မူ ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သော နေဝင်းက ခေါင်းဆောင်ခဲ့သည်။

ထိုကာလက ပါဝင်လှုပ်ရှားခဲ့ကြသော မျိုးချစ်လူငယ်အများစုမှာ ပုဂ္ဂိုလ်ရေးအရ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းကြသလို နောက်ပိုင်းတွင်လည်း ၄င်းတို့ပင် နိုင်ငံရေးသမားတွေ၊ နိုင်ငံခေါင်းဆောင်တွေ ဖြစ်လာခဲ့ကြသည်။

စစ်ပြီးနောက်တွင် ဖဆပလအလံတော်အောက်တွင် ဆိုခဲ့သလို ရည်ရွယ်ချက်ခြင်းအယူဝါဒခြင်းမတူသော အုပ်စုအားလုံးစုစည်းခဲ့ကြသော်လည်း ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင်မူ ဖဆပလ အဖွဲ့ချုပ်ကြီးထဲမှ ဗကပကို ထုတ်ပယ်ပစ်လိုက်ပြီးနောက် တရားဝင်နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ဆက်လက် ရှုပ်တည်လာခဲ့ရာမှ ၁၉၄၇ ခုနှစ် လန်ဒန်တွင် ကျင်းပခဲ့သော ဗြိတိသျှအင်ပါယာအတွင်းမှ ကွန်မြူနစ်ပါတီများ ကွန်ဖရင့်သို့ သခင်ဗသိန်းတင်တက်ရောက်ခဲ့ပြီး နောက်မှဗြိတိသျှစုံထောက်တွေ တကောက်ကောက်နှင့် ဥရောပနိုင်ငံများသို့လည်း သွားရောက်ခဲ့သည်။

ထိုနှစ် ဇူလိုင် (၁၉) တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရပြီး၊ နောက်ပိုင်းတွင် ဝန်ကြီးချုပ် ဦးနုဖြစ်လာမည့် သခင်နု ဦးဆောင်၍ ဗြိတိသျှတို့ထံမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီ (၄) ရက်တွင် ဗမာ့လွတ်လပ်ရေးယူခဲ့သည်။

သို့ရာတွင် လွတ်လပ်ရေးတိုက်ပွဲတွင် အတူတကွ ပါဝင်လာခဲ့ကြသော်လည်း နောင်တစ်ကြိမ် လက်တွဲ၍ မရနိုင်ကြတော့၊ ဦးနုမှာ ပညာတတ်တစ်ယောက်ဖြစ်သည့်တိုင် အောင်ဆန်းကဲ့သို့ ဩဇာတိက္ကမမကြီး၊ တိုင်းပြည်ကို နိုင်ငံရေးအရ တစ်လုံးတစ်စည်းတည်း စည်းရုံးနိုင်အားမရှိသော်လည်း ကွန်မြူနစ်တို့က အောင်ဆန်းနှင့် ဦးနုတို့ နှစ်ယောက်လုံးကို အင်္ဂလိပ်နှင့် ညှိနှိုင်း၍ လွတ်လပ်ရေးရယူခဲ့သဖြင့် တော်လှန်ရေးလမ်းကြောင်းမှ သွေဖည်သွားသောခနေရှင်နိုင်ငံရေးသမားများဟု စွပ်စွဲခဲ့ကြသည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီတွင်

www.nyisay.com



ဗသိန်းတင် အပါအဝင် ထိုစဉ်က ဗကပဥက္ကဋ္ဌ သခင်သန်းထွန်းနှင့်အဖွဲ့က ကာ(လ်)ကတ္တား သို့ ထွက်ခွာလာပြီး အိန္ဒိယ ကွန်မြူနစ်ပါတီ၏ ဒုတိယအကြိမ် ကွန်ဖရင့်သို့ တက်ရောက်ခဲ့ကြရာမှ အချို့သမိုင်းဆရာတို့၏ အဆိုအရ ဤဦးပင် ကွန်မြူနစ်လူငယ်များအစည်းအဝေး ကျင်းပ၍ အရှေ့တောင်အာရှတစ်ခုလုံး ကွန်မြူနစ်လက်နက်ကိုင် တော်လှန်ရေးအတွက် အစီအစဉ်ဆွဲခဲ့ကြသည်။

''အဲဒီကိစ္စက လုံးဝမဟုတ်ပါဘူး။'' ဗသိန်းတင်က ဆက်ပြောသည်။ ''ကျုပ်တို့ သွားတာ လေ့လာသူအနေနဲ့ သွားကြတာ၊ လက်နက်ကိုင်ဖို့ ကိစ္စကို ဆွေးတောင် မဆွေးနွေးရသေးဘူး။ အဲဒီကွန်ဖရင့်မှာ ဖိလစ်ပိုင်၊ မလေးရှား၊ ဗီယက်နမ် ကွန်မြူနစ်ပါတီတွေက ကိုယ်စားလှယ်တွေလည်း ရှိတယ်။ ဩစတြေးလျ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး လန့်ရုပ်ကေးနဲ့ ဆိုဗီယက်ယူနီယံက ရဲမအော်ဂါတို့လည်း လာကြတယ်။ ဒါပေမဲ့ လက်နက်ကိုင်ဖို့ ဆုံးဖြတ်ချက်က ကျုပ်တို့ဘာသာ ဆုံးဖြတ်ခဲ့တာ၊ အဲဒီကွန်ဖရင့်နဲ့ မဆိုင်ဘူး''

''ဒါဆိုရင်... ဦးနုအစိုးရကို ဗကပက လက်နက်ကိုင်တိုက်ဖို့ ဘာကြောင့် ဆုံးဖြတ်ခဲ့တာလဲ''

ကျွန်ုပ်အမေးကို သူက ဆက်ဖြေသည်။

''အဲဒီကိစ္စကို ကျုပ်ကောင်းကောင်းမှတ်မိပါတယ်''

''ကျုပ်တို့ပါတီဌာနချုပ်က ဗားကရာလမ်း၊ အမှတ် (၁၃၈) မှာ ရှိတယ်။ ရုံးတက်ဖို့ မနက်တိုင်း ကားတစ်စီးနဲ့ လာခေါ်နေကျ၊ အဲဒီနေ့ ၁၉၄၈ ခုနှစ် မတ် (၂၈) ရက်နေ့မှာတော့ မော်တော်ကား ရောက်မလာဘူး။ တစ်ခုခုတော့ ဖြစ်နေပြီးဆိုတာ သဘောပေါက်လို့ လူငယ်ရဲဘော်လေးတစ်ယောက်ကို လွှတ်ပြီး စုံစမ်းခိုင်းတော့မှ ဌာနချုပ်ကို မနက်အစောကြီး ရဲတွေဝင်စီးခဲ့တာသိရတယ်။ ဒါနဲ့ ၁၁ နာရီခွဲမှာ အရေးပေါ် ပေါလစ်ဗျူရို အစည်းအဝေးခေါ်ပြီး တောခို၊ လက်နက်ကိုင်ဖို့ ဆုံးဖြတ်ခဲ့ကြတာပဲ။''

ဤသည်ကား ဆယ်စုနှစ်ပေါင်းများစွာ သက်ဆိုးရှည်ကြာမည့် မြန်မာပြည်ပြည်တွင်းစစ်၏ နိဒါန်းချီလေတော့လေရာ ဗကပနောက်တွင် ကရင်၊ ကရင်နီ၊ ပအို့နှင့် မွန်တိုင်းရင်းသား အဖွဲ့အသီးသီးတို့ကလည်း သူတို့အကြောင်းနှင့်သူတို့ လက်နက်ကိုင်ခဲ့ကြပြီးနောက် ၁၉၅၈ ခုနှစ်တွင် ရှမ်းတိုင်းရင်းသားတို့သည်လည်း လက်နက်ကိုင်ဖို့ ဆုံးဖြတ်လိုက်ကြပြီး ၁၉၆၁ ခုနှစ်တွင်မူ ကချင်တိုင်းရင်းသားတို့ အလှည့်ရောက်လာခဲ့ပါ၏။

ဗကပဌာနချုပ်ကို ရန်ကုန်မြို့မြောက်ဘက် ပဲခူးရိုးမ တောထဲတွင် တည်ထားပြီး တစ်နှစ်အတွင်းမှာပင် ပြောက်ကျားတပ်ဖွဲ့ဝင် ၁၅,၀၀၀ မျှ အင်အားရှိလာရာ မြန်မာပြည် အလယ်ပိုင်း အပါအဝင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်ရိုးမနှင့် ဗသိန်းတင်၏ ဇာတိတနင်္သာရီဒေသတို့တွင် လက်နက်ကိုင် ပုန်ကန်ခဲ့ကြသည်။ ထိုစဉ်က ရန်ကုန်အစိုးရကို

www.nyisay.com



ကွန်မြူနစ်သူပုန်တို့သာမက အခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တို့ကပါ နှင်းတိုက် နေချိန်ဖြစ်သည်။ သို့ဖြစ်၍ ဦးနုအစိုးရအနေနှင့် အိန္ဒိယမှ စစ်ရေးအထောက်အပံ့တို့ ရယူပြီး ပြည်တွင်းရောင်စုံ သူပုန်တို့ကို နှစ်အတော်ကြာ ပြန်လည်တိုက်ခိုက်ခဲ့ရသည်။

၁၉၅၁ ခုနှစ်တွင် မြန်မာပြည်အရှေ့မြောက်ပိုင်း ရှမ်းပြည်သို့ ကူမင်တန်တရုပ်တပ် တွေ ထိုးဖောက်ခြေကုပ်ယူထားပြီးဖြစ်၍ ကွန်မြူနစ်ပါတီမှ သဘောထားပျော့ပျောင်းသူ တို့ကား ဦးနုအစိုးရနှင့် ငြိမ်းချမ်းရေးယူ၍ ညွှန့်ပေါင်းအစိုးရဖွဲ့ပြီး ကူမင်တန်တို့ကို တိုက်ဖို့ ပျဉ်းမနား ညီလာခံတွင် အဆိုပြုခဲ့သော်လည်း ခေါင်းမာဂိုဏ်းသားတို့က လက်နက်ကိုင် တိုက်ပွဲကိုသာ ဆက်၍ ဆင်နွှဲလိုကြသဖြင့် တရုတ်ပြည်သို့ တိတ်တဆိတ်ထွက်ခွာသွား ကြသည်။

"၁၉၅၂ ခုနှစ်မှာ မြန်မာပြည်အလယ်ပိုင်း ပဲခူးရိုးမက ခွာပြီး မြောက်ပိုင်းကို ကျူပ်ထွက်လာခဲ့တယ်။ ဒါပေမဲ့ အစိုးရတပ်ရင်းသုံးရင်းက ကျူပ်တို့လမ်းတွေကို ပိတ်ထား တဲ့အတွက် ကသာကနေ ဧရာဝတီမြစ်ကိုမကူနိုင်သေးဘဲ တစ်နှစ်လောက် ကြာသွားတယ်။ အဲဒီမှာ ကျူပ်ကျောရိုးကလည်း ဒုက္ခပေးတယ်။ နောက်ဆုံး ၁၉၅၃ ခုနှစ်မှာ လမ်းလျှောက် လို့ မရတာကြောင့် ဆင်စီးပြီး ကျူပ်တို့အဖွဲ့ဟာ ကချင်ပြည်နယ် နားလုံ အရှေ့ကတစ်ဆင့် ယူနန်ထဲကို ဝင်လာခဲ့တယ်"

ဤ၌ ကျွန်ုပ်က သူတို့အဖွဲ့ ဖြတ်လာသော နေရာကို အသေးစိတ်မေးကြည့်ရာ၊ နပေါမှ လွိုင်ကျယ်အထိ ခရီးစဉ်တွင် ကျွန်ုပ်တို့ဝင်ခဲ့သော ကေအိုင်အေ၏ ရှေ့တန်းစစ် ဆေးရုံရှိရာ နောင်ရာပါရွာဖြစ်နေကြောင်း သိလိုက်ရသည်။ ဗသိန်တင်တို့အဖွဲ့မရောက်မီ တရုတ်တွင် ပထမအသုတ် ရောက်ရှိနေပြီး ၄င်းတို့ထဲတွင် မုံးကိုးတွင် တွေ့ခဲ့ရသော ကျော်စိန်လည်းပါသည်။ များမကြာမီ တတိယအသုတ်ရောက်ရှိလာရာ တရုတ်ပြည်သို့ ဗကပ ကေဒါစုစုပေါင်း ၁၄၃ ယောက် ရောက်လာရာ ၄င်းတို့အနက် ရဲဘော်သုံးကျိပ် ဝင်ဗိုလ်ဧယျပါဝင်ပြီး နောက်ပိုင်းတွင် တိုက်ပွဲကျသွားသည်။ ခင်မောင်ကြီးမှာ ထိုစဉ်က ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပျော်ပျော်နေတတ်သော စံသူနှင့် ပန်ဆန်းတွင် ကျွန်ုပ်နှင့်ဆုံခဲ့သူအတော်များများပါသည်။

ခင်မောင်ကြီးနှင့် စံသူအပါအဝင် လက်ရွေးစင် (၅) ယောက်ကို နောက်ထပ် သင်တန်းတက်ရန် မော်စကိုသို့ ၁၉၅၇ ခုနှစ်တွင် စေလွှတ်လိုက်ပြီး ဗသိန်းတင်ကိုမူ သံတမန်ဆိုင်ရာ တရုတ်နိုင်ငံကူးလက်မှတ် ထုတ်ပေးပြီး ကမ္ဘာ့ကွန်မြူနစ်နိုင်ငံများသို့ သွားရောက်လေ့လာစေခဲ့ရာ မော်စကိုတွင် ပါတီကွန်ဂရက်ကို တက်ရောက်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ဟန္ဒိုင်သို့ သွား၍ ဤ၌ ဟိုချီမင်းနှင့် တွေ့ဆုံခဲ့သည်။ မလေးရှားကွန်မြူနစ် ပါတီ ဥက္ကဋ္ဌ ချင်ပိန်း၊ အိန္ဒိယမှ နမ်ဘူဒါရီပက်နှင့် ဩစတြေးလျမှ ဝတ်လုံတော်ရ တက်ဟေးတို့နှင့်လည်း တွေ့ဆုံရင်းနှီးခဲ့သည်။ ၁၉၆၀ လွန်ကာလများအတွင်း အပြည်

www.nyisay.com



ပြည်ဆိုင်ရာ ကွန်မြူနစ်လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ တရုတ်နှင့် ဆိုဗီယက်တို့ ကွဲကြပြဲကြသည့်အခါ ရုရှားမှ ခင်မောင်ကြီး၊ စံသူနှင့် နောက်တစ်ယောက်တို့က တရုတ်သို့ ပြန်လာကြသော်လည်း ကျန် (၂) ယောက်မှာမူ ရုရှားအမျိုးသမီးတွေနှင့် အိမ်ထောင်ကျနေကြပြီး ဆိုဗီယက်ရုရှားဌာပင် နေကျန်ခဲ့ကြသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းလိုက်သဖြင့် ဗမာပြည် ကွန်မြူနစ်လက်နက်ကိုင်တို့ကို တရုတ်အစိုးရက အားသွန်ခွန်စိုက်ကူညီဖို့ ဆုံးဖြတ်လိုက်ရာ ဤအထိ ဇာတ်လမ်းစုံကို ကျော်စိန်ထံမှ ကျွန်ုပ်ကြားသိခဲ့ပြီးဖြစ်သည်။ မုံးကိုးတွင် အခြားသူတို့ထံမှလည်း အရှေ့မြောက်ပိုင်း အခြေခံနယ်မြေသစ်နှင့် ဗမာပြည်အလယ်ပိုင်းမှ အမာခံနယ်မြေတို့ ချိတ်ဆက်ပေးမည့် အစီအစဉ်တစ်ခုလုံး ပျက်ပြားခဲ့ရသည်တို့ကိုလည်း သိခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ပန်ဆန်းရောက်သည်အထိ ကျွန်ုပ်အဖို့ ရှင်းရှင်း မသိသေးသည့် အပိုင်းမှာ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်ပြည်ရောက် ကွန်မြူနစ်များနှင့် ပဲခူးရိုးမမှ ပါတီဟောင်းနှင့် ဆက်ဆံရေးဖြစ်သည်။

အမှန်အားဖြင့် ဆိုခဲ့သလို ဆက်ဆံရေးကို ချိတ်ဆက်ဖို့အထောက်အပံ့ပေးလိုက်သူမှာ နေဝင်းကိုယ်တိုင်ဖြစ်သည်။ ၁၉၆၃ ခုနှစ် ဇွန်လတွင် ဦမိန်းချမ်းရေး ဆွေးနွေးဖို့အတွက် ဗကပခေါင်းဆောင်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တို့ကို နေဝင်းက ရန်ကုန်သို့ ဖိတ်ခေါ်ခဲ့သည်။ ဤ၌၌ ဦမိန်းချမ်းရေး ဆွေးနွေးပွဲတက်ရောက်ဖို့ ဟူသော အပေါ်ယံအကြောင်းပြချက်ဖြင့် တရုတ်တွင်ရှိနေသော ဗကပ (၂၉) ဦးတို့ ရန်ကုန်သို့ လေယာဉ်ဖြင့် ရောက်ခဲ့ရာ ၄င်းတို့ထဲတွင် ဝီကင်းပြန်ရဲဘော် ခင်မောင်ကြီး၊ ဗိုလ်ဇေယျနှင့် ဗသိန်းတင်တို့လည်း ပါလာသည်။ ဗသိန်းတင်မှာ ဦမိန်းချမ်းရေးဆွေးနွေးပွဲအတွက် တရားဝင်ကိုယ်စားလှယ်အဖြစ် လိုက်ပါလာခြင်းမဟုတ်ဘဲ အခွင့်အရေးကို အသုံးချ၍ ပဲခူးရိုးမ ဗကပဌာနချုပ်ဟောင်းနှင့် ဆက်သွယ်ဖို့ဖြစ်ရာ ရန်ကုန်မှ ထောက်လှမ်းရေးတို့ကို ရှောင်တိမ်း၍ ဘေဂျင်းမှ ယူလာသော ဝါယာလက်အသံလွှင့်စက် အပါအဝင် တခြားအထောက်အကူ ပစ္စည်းတို့ဖြင့် ပဲခူးရိုးမသို့ လျှို့ဝှက်သွားရောက်ခဲ့သည်။

၁၉၆၃ ခုနှစ် နိုဝင်ဘာလ ဦမိန်းချမ်းရေး ဆွေးနွေးပွဲပျက်သွားသည့်အခါ ဗသိန်းတင်နှင့် အခြားရဲဘော်တစ်ယောက်မှာ တရုတ်သို့ ပြန်သွားပြီး (၂၇) ယောက်ကမူ ပြည်တွင်းတွင် ကျန်ခဲ့ပြီး ပါတီကို ဦးဆောင်ခဲ့ရာ ဘေဂျင်းမှ ရဲဘော်များနှင့် ရေဒီယိုမှတစ်ဆင့် ဆက်သွယ်၍ ရှမ်းအရှေ့မြောက်ဒေသသို့ ထိုးဖောက်လာတော့မည့် ကိစ္စတို့ကို သိရှိခဲ့ကြသည်။

ဤ၌ စံသူက နယ်ခြားတစ်လျှောက်လှည့်ပတ်၍ ထိုးဖောက်ဝင်လာရာတွင် ဖြစ်နိုင်ချေအရှိဆုံး လမ်းကြောင်းကို လေ့လာခဲ့ရာ မုံးကိုးကို ပထမလမ်းကြောင်းအဖြစ် ရွေးချယ်ခဲ့သည်။ ဤသို့ ရွေးချယ်ရာတွင် အကြောင်းတစ်ကြောင်းမှာ ထိုဒေသတစ်ဝိုက်တွင် နော်ဆိုင်းကို လူသိများသည်ဖြစ်၍ တရုတ်အကြံပေးအရာရှိတစ်ယောက်, ယောက်

www.nyisay.com



(သို့) ဗမာကွန်မြူနစ်ခေါင်းဆောင် တစ်ဦးဦးက ဦးဆောင်သည်ထက် နော်ဆိုင်းကို အသခံတို့က ပို၍ လက်ခံနိုင်ဖွယ်ရှိ၍ဖြစ်သည်။ ထိုအချိန်တွင် တရုတ်ဘက်ကလည်း ဘာပဲဖြစ်ဖြစ် ဗကပတို့ကို အောင်ပွဲရသည်အထိ ကူညီဖို့ ကတိပေးထားပြီးဖြစ်သည်။

သို့ရာတွင် ကျွန်ုပ်အနေနှင့် မှန်းဆရခက်သည်မှာ တိန်ရှောက်ဖိန်၏ စီးပွားရေးပေါ်လစီသစ်အပေါ် ဗကပခေါင်းဆောင်တို့၏ သဘောထားဖြစ်သည်။ ၄င်းတို့အနေနှင့် တိန်ကိုပွင့်ပွင့်လင်းလင်း ဝေဖန်မှုမရှိသော်လည်း တရုတ်သည် ကမ္ဘာ့ဝပစ္စည်းမဲ့ တော်လှန်ရေး၏ ခံကတုတ်ဖြစ်သည်ဆိုသော ဗကပ၏ ၁၉၇၀ ကျော်ကာလများက ကြေညာချက်အရ ဥက္ကဋ္ဌကြီးမော်၏ တော်လှန်ရေးနေ့ရက်တို့ကို အလွမ်းမပြေသေးကြောင်း ကျွန်ုပ်အခိုင်အမာပြောနိုင်သည်။

ရှေ့ရိုးစွဲ ကွန်မြူနစ်တွေပီပီ တရုတ်နှင့် ဆိုဗီယက်တို့ သဘောကွဲလွဲသည့်အခါ ခရူးရှက်၏ ပြန်လည်ပြင်ဆင်ရေးဝါဒကို ဗကပတို့က ဝေဖန်တိုက်ခိုက်ခဲ့ပြီး မော်စီတုန်းကို ထောက်ခံခဲ့ကြသလို တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကို အားကျပြီး ပဲခူးရိုးမတွင် ဖြုတ်ထုတ်သတ်ပွဲကြီးကို ပီကင်းပြန်တို့က ဦးဆောင်၍ ဆင်နွှဲခဲ့ရာ၊ ပါတီမှ ဝါရင့်ကွန်မြူနစ်ခေါင်းဆောင်များနှင့် ပညာတတ်လူငယ် အတော်များများကို လူပုံအလယ်တွင် ရစရာမရှိအောင် အရှက်ခွဲ၍ သုတ်သင်ကြသည်။ ၁၉၆၃ ခုနှစ် ရန်ကုန်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လာခဲ့သော ရဲဘော်ဌေးကို ဗမာ တိန်ရှောက်ဖိန်ဟူ၍ လည်းကောင်း၊ ပါတီစီနီယာအဖွဲ့ဝင်ဖြစ်သော ရဲဘော်ဂိုရှယ်ကို ဗမာပြည်လျူရှောက်ကျီဟူ၍ လည်းကောင်း စွပ်စွဲ၍ ဝါရင်းတုတ်နှင့် ရိုက်သတ်ခဲ့ကြလေသည်။

သို့ဖြင့် ၁၉၆၈ ခုနှစ် နှစ်သစ်ကူးနေ့၊ ဗကပတပ်များ မုံးကိုးမှ ထိုးဖောက်လာသောကာလအတွင်း၊ တရုတ်က အလုံးအရင်းနှင့် ထောက်ပံ့ခဲ့ရာ လေယာဉ်ပစ်အမြောက်မှသည် အဝတ်ချုပ်အပ်အထိ မုံးအာတံတားမှ ဖြတ်၍ ပန်ဆန်းသို့ ရောက်လာခဲ့ကြသည်။ ကြည်မြင့်တို့လိုဘော်လန်တီယာများနှင့် တရုတ်စစ်ဘက် ပုဂ္ဂိုလ်များကလည်း ဗကပဘက်မှ ဝင်တိုက်ခဲ့ကြရာ အင်ဒိုချိုင်းနားဒေသတွင်း ကွန်မြူနစ်လှုပ်ရှားမှုများအနက် ဗကပတို့ကို တရုတ်က အများဆုံး အကူအညီပေးခဲ့သည်။ သို့ရာတွင် အထောက်အပံ့အများစုမှာ ရှမ်းပြည်အနောက်ဘက်ဒေသ ကျောက်ဂူ၊ နောင်လုံ၊ နောင်ဝန် တစ်ကြောသို့သာ ရောက်ရှိခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ပဲခူးရိုးမဌာနချုပ်ကို မြန်မာစစ်တပ်က အပြီးအပြတ်ချေမှုန်းခဲ့ရာ ဗကပဥက္ကဋ္ဌသခင်ဇင်နှင့် အတွင်းအရေးမှူးသခင်ချစ်တို့ ကျဆုံးသွားပြီး သခင်ဗသိန်းတင်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ လက်တွေ့တွင်မူ ၁၉၆၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကတည်းက သခင်ဗသိန်းတင်က ဦးဆောင်လာခဲ့သည်။ ယနေ့မူ ပါတီ၏ အနာဂတ်ဖြစ်တန်ရာချေရှိသော မြို့ပြ၏ စက်မှုဒေသနှင့် ဝေးလံခေါင်ဖျားသော ဝနှင့်ကိုးကန့်ဒေသတွင်မူ အသက်အရွယ် အိုမင်းရင့်ရော်နေကြကုန်သော ဗမာကွန်မြူနစ်ကြီးတို့၏ ဘဝကား အဆုံးသတ်ခဲ့လေပြီ။ ဗကပတို့၏ ရှမ်းအရှေ့မြောက် အခြေခံဒေသမှ လွဲ၍ တစ်ခုတည်းသော

www.nyisay.com



ခြေကုပ်မှာ ထားဝယ်ဒေသဖြစ်ပြီး ဤ၌ လက်နက်ကိုင်ဗကပတစ်စုသာ ကျန်နေတော့သည်။

ပဲခူးရိုးမဌာနချုပ်ကျသွားပြီး (၂) နှစ် (၃) နှစ်အတွင်းတွင် ဗမာပြည် အလယ်ပိုင်းမှ အခြေခံဒေသတို့သည်လည်း တဖြည်းဖြည်း အမှည့်ချေ, အချေခံခဲ့ရပြီး ပါတီဝါရင့် အဖွင့်ဝင်တချို့သာ အရှေ့မြောက်ဒေသသစ်သို့ ကူးလာနိုင်ခဲ့ကြသည်။ ပန်ဆန်းတွင်ကျန်ပ်နှင့် လူအချို့သာ တွေ့ဆုံခဲ့ရာ တစ်ဦးမှာ ကရင်အမျိုးသား သန်းမောင်ဖြစ်သည်။ သူကို ပဲခူးရိုးမတွင် မွေးပြီး မိဘမဲ့သန်းမောင်ကို ပါတီကမွေးစားပြီး ပါတီသည် သူ၏ အမိအဖ အဖြစ် သင်ကြားပေးခဲ့ရာ ၁၉၆၀ လွန်ကာလများတွင်မူ တော်လှန်သော တပ်နီရဲဘော်တစ်ဦးဖြစ်လာပြီး ခေါင်းဆောင်ဟောင်းတို့ကို ဖြုတ်ထုတ်သတ်ရာတွင် လက်ရောက်ပါဝင်ခဲ့သူဖြစ်သည်။ ပဲခူးရိုးမမှ နောက်ထပ်ဝါရင့်ပါတီဝင်တစ်ဦးမှာ အောင်စိန်ဖြစ်ပြီး ၁၉၅၃ ခုနှစ်အတွင်း သခင်ဗသိန်းတင်၏ လုံခြုံရေးတပ်ဖွဲ့ဝင်အနေနှင့် တရုတ်ပြည်ထဲပြန်ဝင်လာပြီး ဗကပတပ်တွေ မုံးကိုးမှ ထိုးဖောက်ဝင်လာတော့မည့် သတင်းကို လာပို့ခဲ့သူဖြစ်သည်။

မည်သို့ရှိစေ၊ သူတို့အကြောင်းကို နာထောင်ရသည်မှာ ထူးထူးဆန်းဆန်းအတွေ့အကြုံတွေကို ကြားခဲ့ရသည်။ ၁၉၆၉ ခုနှစ် ဝန်းကျင်ကာလများအတွင်း ပဲခူးရိုးမတွင် ဗကပတပ်ဖွဲ့ဝင် (၁၀၀၀) ခန့်ရှိ၍ 503 လီအင်ဖီး(လ်)ရိုင်ဖယ်နှင့် ဒုတိယကမ္ဘာစစ်အကျန် တော်မီဂန်းသေနတ်တို့နှင့် အစိုးရတပ်များမှ သိမ်းယူနိုင်ခဲ့သော အော်တိုမစ်တစ်သေနတ်အချို့ကို ကိုင်ဆောင်ခဲ့ကြသည်။

''ကျွန်တော်တို့တွေဟာ အမြဲဆာလောင်နေကြတယ်။ တစ်ခါတစ်ခါ နှစ်ရက်သုံးရက် အစာမစားရဘူး။ ပဲခူးရိုးမမှာ ရွာအချို့ရှိပေမဲ့ အရမ်းဆင်းရဲကြတယ်။ မြေပြန့်ကလယ်သမားတွေဆီသွားပြီး ဆန်သွားယူဖို့ ဆိုတာလည်း အန္တရာယ်ကြီးလှတယ်။ သွားတိုင်းလည်း တိုက်ပွဲဖြစ်ပြီး ပြန်လာခဲ့ရတယ်''

သန်းမောင်က ဆက်ပြောသည်။

''ငှက်ပျောအူပဲ ပြုတ်စားနေရတာများတယ်။ ဝမ်းက အမြဲဟာနေတော့ မတ်တတ်ရပ်နေရင် မူးဝေနေလို့ ဝမ်းလျားမှောက်နေရတယ်''

ဤတွင် အောင်စိန်ကဝင်ပြောသည်။ အောင်စိန်မှာ သန်းမောင်ထက် အသက်ကြီးပြီး မတ်(စ်)ဝါဒဂန္ဓဝင်စာပေတွေကို လေ့လာထားသူလည်းဖြစ်သည်။

''ဘယ်လောက်ပဲ ငတ်ငတ် အရေးမကြီးပါဘူး၊ ဘယ်လိုအခက်အခဲဖြစ်ဖြစ် ရင်ဆိုင်ရမှာပဲ၊ အနီခေတ်ကို ကျွန်တော်တို့အားလုံး စွဲစွဲမြဲမြဲ ယုံကြည်ထားတယ်''

ဗကပခေါင်းဆောင်ဟောင်းများနှင့် ပညာတတ်လူငယ်တို့ကို ပဲခူးရိုးမတွင် စွဲချက်တင်၍ သုတ်သင်ခဲ့ကြသော ကိစ္စကို ကျွန်ပ်က သန်းမောင်ကို မေးကြည့်ရာ သူကပြုံး၍ ခေါင်းကို ခါရမ်းရင်းပြောသည်။

www.nyisay.com



"ဒီကိစ္စတွေက တော်လှန်ရေးမီးတောက်ကြီး တောက်နေတဲ့အချိန်မှာဆိုတော့ ကျွန်တော်တို့တွေ တစ်ယောက်ကိုတစ်ယောက် မြှောက်ပေးခဲ့ကြတာပါ"

ပဲခူးရိုးမဌာနချုပ်ဟောင်းကို အစိုးရတပ်များက ချေမှုန်းခဲ့ရာတွင် ဝါရင့် ဗကပအများစုမှာ တိုက်ပွဲတွင် ကျဆုံးသွားကြပြီး လက်နက်ချသူတွေချခဲ့ကြသည်။ သန်းမောင်နှင့် အောင်စိန်တို့လို အချို့က ပန်ဆန်းသို့ရောက်လာခဲ့ကြရာ ဤမှာပင် ယူနီဖောင်းအပြည့်စုံနှင့် ခေတ်မီတရုတ်လက်နက်တွေကိုင်ဆောင်ထားသော ဗကပတပ်ဖွဲ့ဝင်တွေနှင့် ဥဒဟို မောင်းနေသော တရုတ်လုပ်ထရပ်ကားနှင့် ဂျစ်ကားတွေကို မြင်တွေ့ကြရသဖြင့် ပဲခူးရိုးမ ဌာနချုပ်တွင် ဘယ်လိုယူနီဖောင်းမျိုးဝတ်ခဲ့ရသလဲဟု မေးကြည့်ရာ သူတို့နှစ်ဦးလုံး တဟားဟားရယ်လိုက်ကြသည်။

"ယူနီဖောင်း ဟုတ်လား၊ ကျွန်တော်တို့မှာ လုံချည်အဟောင်းတွေပဲရှိတယ်။ တိုက်ပွဲ ဖြစ်တဲ့အခါ ပြေးရလွှားရလွယ်အောင် ခါးတောင်းကျိုက်ထားရတယ်။ လက်နက်ခဲယမ်း ကလည်း အခုလိုမဟုတ်ဘူး။ ရဲဘော်တစ်ယောက်မှာ ရိုင်ဖယ်ကျည်ဆန် (၅) တောင့် (၆) တောင့်ပဲရှိတယ်"

သမိုင်းနှင့် ပထဝီဝင်အဆက်အစပ်ကြောင့် ဒေသတွင်း အခြားပါတီတို့နှင့် ယှဉ်လျှင် ဗကပတို့က တရုတ်နှင့်အနီးကပ်အဆက်အဆံရှိခဲ့ရာ ရလဒ်အနေဖြင့် တရုတ်ပါတီအတွင်းရေးကိစ္စတို့တွင် ဗကပတွေ ပါဝင်ပတ်သက်လာရာမှ ရေရှည်တွင်မူ ဆိုခဲ့သလို အယှက်အတင်းကိစ္စများကား ဆိုးရွားသောပြဿနာကြီး ဖြစ်လာသည်။ တရုတ်နိုင်ငံရေးစင်မြင့်ပေါ်သို့ တိန်ရှောက်ဖိန် ပြန်တက်လာရာ ၁၉၇၃ ခုနှစ်တွင် ဗကပတို့အတွက် ပူပင်ကြောင့်ကြစရာ ဖြစ်ကောင်းဖြစ်နိုင်သည့်တိုင် တရုတ်ထံမှ အကူအညီများ ဆက်လက်ရရှိနေခဲ့ရာမှ တရုတ်လက်ဝဲအစွန်းရောက်အုပ်စု တစ်ခဏသြဇာကြီးလာပြီး တိန်ကို နေရာမှ ဖယ်ပစ်လိုက်သော ၁၉၇၆ ခုနှစ်တွင်မူ ဗကပတို့အတွက် အချိုးအကွေ့တစ်ခုသို့ ရောက်လာတော့သည်။

တရုတ်ကွန်မြူနစ်ပါတီတွင်း အာဏာလွန်ဆွဲကြသည်နှင့်ပတ်သက်၍ အရှေ့တောင်အာရှဒေသတွင်း ကွန်မြူနစ်ပါတီတို့က ရေငုံနှုတ်ပိတ်နေခဲ့ကြသော်လည်း ဗမာကွန်မြူနစ်တို့ကမူ တိန်နှင့် လျူရှောက်ကျီတို့ကို ပြန်လည်ပြင်ဆင်ရေးသမား၊ သွေဖည်သူတွေဟု စွပ်စွဲ၍ အပြင်းအထန် ဝေဖန်ခဲ့ပြီး လေးဦးဂိုဏ်းကို ပစ်၍ ထောက်ခံခဲ့ရာ ၁၉၇၇ ခုနှစ် တိန်အာဏာပြန်ရလာသည့်အခါတွင်မူ ဗကပတို့ စိတ်မသက်မသာနှင့် အသံတိတ်သွားကြသည်။ သို့ရာတွင် ဤတစ်ကြိမ်တွင်မူ ယခင်က ဗကပတို့၏ တိုက်ပွဲသတင်းနှင့် ကြေညာချက်တို့ကို ဖော်ပြနေသော ဘေဂျင်းရီဗျူးမှ အခန်းကဏ္ဍနှင့် တခြားတရားဝင်ပုံနှိပ်ထုတ်ဝေမှုများ လုံးဝရပ်ဆိုင်းလိုက်ပြီး၊ နောက်တစ်နှစ်တွင် ကူမင်းမှ ဗကပရုံးနှင့် အသံလွှင့်ရုံကို ပန်ဆန်းသို့ ရွှေ့ပြောင်းလာခဲ့ရတော့သည်။

www.nyisay.com



သခင်ဗသိန်းတင်နှင့် ပါတီခေါင်းဆောင်များ နေထိုင်ရာပတ်ဝန်းကျင်မှာ ကျေးလတ် သဘာဝတို့ဖြင့် အမြဲတိတ်ဆိတ်အေးချမ်းနေပါသော်လည်း ခရစ်စမတ်မတိုင်မီ ရက်အနည်း ငယ်အတွင်း ပန်ယန်း ရှေ့တန်းတိုက်ပွဲများ ပြင်းထန်လာရာ ပါတီဥက္ကဋ္ဌကြီးနှင့် ကျွန်ုပ် အင်တာဗျူးနေရာကပင် အဝေးမှ လက်နက်ကြီးပေါက်ကွဲသံတွေ ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။ ပန်ဆန်းဆေးရုံတွင်လည်း ဒဏ်ရာရစစ်သားတွေ ပုံနေသဖြင့် ဆရာဝန် တွေအားလုံး သန်းခေါင်သန်းလွဲအထိ ကုသပေးနေရသည်။

ခရစ်စမတ်အကြိုနေ့တွင် စီစီဝမ်မှ ဗကပတပ်တွေဆုတ်လာရကြောင်း ကြားသိရ သော်လည်း တကယ်တမ်းဆုတ်ခွာခဲ့သည်မှာ ဒီဇင်ဘာ (၇) ရက်ကတည်းက ဆုတ်ခဲ့ရ သည့်တိုင် ကျွန်ုပ်ကို အသိမပေးသဖြင့် ကသိကအောင့်ဖြစ်ခဲ့ရသည်။ ဤသတင်းကို ဈေးထဲမှ ဆိုင်နောင့်ကြားခဲ့ရ၍သာ ကျွန်ုပ်သိရခြင်းဖြစ်သည်။ ဤအတိုင်းဆိုလျှင် ဗကပ တို့ဘက်က ခုံရင်းအနေအထားအတိုင်း ပြန်ရောက်သွားခြင်းဖြစ်သည်။ အဆိုပါသတင်းမှာ ဖြစ်နိုင်ချေရှိသော်လည်း သတင်းကြားလိုက်ရသည့်အခါ ကျွန်ုပ်ထိတ်လန့်သွားသည်။ အမှန်အားဖြင့် စီစီဝမ်တိုက်ပွဲကို ဗကပတို့ဘက်က အရဲစွန့်တိုက်ခဲ့ခြင်းဖြစ်ပြီး အစိုးရ တပ်များဘက်က အလုံးအရင်းနှင့် တန်ပြန်ထိုးစစ်ဆင်လာသည်တွင် စီစီဝမ်ပေါ်က ခြေကုပ်လက်လွတ်လိုက်ရခြင်းဖြစ်သည်။

သို့ဖြင့်တိုက်ပွဲသတင်းကို အနီးကပ်သိနိုင်ဖို့ရာအတွက် စစ်ဌာနချုပ်သို့ ကျွန်ုပ်တို့ ရောက်သွားရာ အရပ်ရပ် အခြေအနေကား ပါတီခေါင်းဆောင်တို့ နေထိုင်ရာ ဆိတ်ငြိမ် နေရာနှင့် လုံးဝခြားနားနေသည်။ ဤ၌တာဝန်ယူနေသူကား ဗမာ့တပ်မတော်မှ ဗိုလ်မှူး ချုပ်ဟောင်း ရဲဘော်သုံးကျိပ်ဝင် ကျော်ဇော၊ ၁၉၇၆ ခုနှစ် ဝန်းကျင်တွင် မယုံနိုင်လောက် အောင် ဗကပလက်နက်ကိုင် အဖွဲ့ထဲ ရောက်လာသူဖြစ်သည်။

နောက်ထပ်တွေ့ခဲ့ရသူမှာ ဇော်မိုင်၊ ထိုသူကား ကေအိုင်အေစစ်ဦးစီးချုပ်ဇော်မိုင်နှင့် မသက်ဆိုင်၊ ၁၉၅၀-၆၈ ခုနှစ်များအတွင်း တရုတ်ပြည်တွင် သောင်တင်နေသော နော်ဆိုင်း အဖွဲ့ထဲမှ ကချင်တစ်ယောက်ဖြစ်ပြီး ဗကပတို့နှင့် ပြန်ဝင်လာသူဖြစ်သည်။ ဤ၌ ၁၉၇၅ ခုနှစ် ဝန်းကျင်အတွင်း ရန်ကုန်နှင့် မန္တလေးတို့တွင် ဖြစ်ပွားခဲ့သော ကျောင်းသားလှုပ်ရှားမှု များအပြီး တောခိုလာသူ ပညာတတ်ရဲဘော်အချို့နှင့်လည်း ကျွန်ုပ်ဆုံခဲ့ရသည်။

သို့ပေမဲ့ ပဲခူးရိုးမတွင် ပညာတတ် အပုပ်ချပွဲကြီးကျင်းပ၍ ဖြုတ်ထုတ်သတ်ပွဲကြီး ကို ခြိမ့်ခြိမ့်သဲ ပြုလုပ်ခဲ့ပြီးနောက် ဗမာပြည်ပညာတတ်များနှင့် ဗကပတို့ ပြဒါးတစ်လမ်း သံတစ်လမ်း ကွဲသွားကြရာ ဗကပမြောက်ပိုင်းတွင် ပညာတတ်အနည်းငယ်သာတွေ့ရပြီး ၁၉၇၀ လွန်ကာလများအတွင်း တောခိုလာခဲ့သော ကျောင်းသားအများစုမှာမူ ထိုင်းနိုင်ငံ နယ်စပ်တွင် ဖွဲ့စည်းထားသော ဝန်ကြီးချုပ်ဟောင်း ဦးနု၏ လက်နက်ကိုင်အဖွဲ့ထဲသို့ ရောက်သွားကြသည်။ လက်ဝဲအယူအစွဲသန်သော ပညာတတ်လူငယ်အချို့ အရှေ့မြောက်

www.nyisay.com



အခြေခံဒေသတို့ ရောက်ရှိလာကြပါသော်လည်း ၄င်းတို့အတွက် စိတ်မသက်သာစရာ အခြေအနေတွေနှင့်သာ ကြုံတွေ့ခဲ့ရသည်။ ဗကပတို့၏ မယိမ်းမယိုင် လက်ကိုင်ထားသော ကွန်မြူနစ် အယူအဆတစ်ခုကား တော်လှန်ရေးကို ပစ္စည်းမဲ့တို့က လယ်သမားတွေနှင့် လက်တွဲ၍ ဦးဆောင်ရမည်ဖြစ်ရာ၊ ပညာတတ်တို့ကို တောက်တိုမယ်ရအလုပ်တွေ လုပ်ခိုင်း၍သာ ချောင်ထိုးထားလိုက်ကြသည်။

သို့ဖြစ်၍ လွန်ခဲ့သော (၁၀) နှစ်ကျော်ခန့်က ပါတီသို့ရောက်လာသော ကျောင်းသား (၁၅၀) ခန့်ကိုမူ ကျောင်းဆရာ၊ အစောင့်ပုလိပ်နှင့် စစ်ရုံးတွင် လက်နှိပ်စက်ရိုက်၊ မြေပုံ ကူးရသော စာရေးအလုပ်တွေကိုသာ တာဝန်ပေးထားလေသည်။

ပါတီသို့ရောက်လာသော အချို့ကျောင်းသားများမှာ အနုပညာဖန်တီးမှုရှိသကဲ့သို့ ရန်ကုန်တွင် မြေအောက် မဂ္ဂဇင်းထုတ်ဝေခဲ့သော အတွေ့အကြုံရှိကြပါသော်လည်း ပန်ဆန်းတွင်မူ ဆိုခဲ့ပါ ပညာတတ်တို့နှင့် လားလားမျှမဆိုင်၊ ဗကပ၏ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းတို့ကို ဦးစီးဦးဆောင် လုပ်နေသူများကား နွားကျောင်းသားများဖြစ်ပြီး သူတို့တွင် ပုံနှိပ်အတွေ့အကြုံ၊ ထုတ်ဝေရေး အတွေ့အကြုံမရှိ၊ သို့ပေမဲ့ ဒီကိစ္စတွေက အရေးမရှိ၊ အကြောင်းကား ထိုသူတို့သည် လူတန်းစားအရ မှန်ကန်ကြကုန်၏။

ဗိုလ်မှူးချုပ် ကျော်ဇောကား ခင်မင်စရာကောင်းသည်။ သွားပုံလာပုံ၊ ပြောပုံဆိုပုံ လူပ်ရှားမှုအားလုံး စစ်ပုံကျနေပြီး အတော်ပင် မှတ်ဉာဏ်ကောင်းသည်။ ကျွန်ုပ်နှင့်အချိန်အတော်ကြာကြာ အင်တာဗျူးဖြစ်ခဲ့ရာ၊ ဂျပန်တွင် ရဲဘော်သုံးကျိပ်စစ်ပညာသင်ခဲ့သော အကြောင်းအများဆုံးဖြစ်၍ စည်းကမ်းကြီးပြီး ကိုယ့်ကျင့်သိက္ခာတန်ဖိုးထားသော အောင်ဆန်းနှင့်၊ မိန်းမနှင့် လောင်းကစားလုပ်ငန်းတို့တွင် အထူးဝါသနာထုံသော နေဝင်းတို့ကြားတွင် ထိုစဉ်ကတည်းကရှိခဲ့သော ပဋိပက္ခတို့ကိုလည်း ကြားနာခဲ့ရသည်။

ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောကား ၁၉၅၀ ကျော် အစောပိုင်းကာလများက မြန်မာ့တတ်မတော်တွင် လူသိများသော တပ်မှူးတစ်ယောက်ဖြစ်သလို ရှမ်းပြည်မှ ကူမင်တန် ကျူးကျော်သူတို့ကိုလည်း တိုက်ခိုက်၍ အောင်ပွဲအလီလီယူခဲ့သူဖြစ်သည်။ ဤသို့ တစ်တိုင်းတစ်ပြည်လုံးက ချစ်ခင်လေးစား၍ ထင်ပေါ်လာခြင်းသည်ပင် ပြိုင်ဘက်နေဝင်းအတွက် စိုးရိမ်စရာဖြစ်လာခဲ့ပြီး ဗကပစခန်းသို့ လျှို့ဝှက်စာရွက်စာတမ်းတွေ ပေးပို့နေသည်ဆိုသော စွဲချက်ဖြင့် ကျော်ဇောကို အမှုဆင်၍ ရာထူးမှ အနားပေးလိုက်သည်။

၁၉၇၆ ခုနှစ်တွင် မြန်မာတပ်မတော်မှ အရာရှိငယ်အချို့ နေဝင်းထံမှ အာဏာသိမ်းဖို့ ကြိုးစားခဲ့ရာ၊ မအောင်မြင်ဘဲ၊ အဖမ်းခံခဲ့ရပြီး စစ်ဆေးသည့်အခါ ၄င်းတို့တင်ချင်သော တိုင်းပြည်ခေါင်းဆောင်မှာ ကျော်ဇောနှင့် ဗိုလ်ချုပ်တင်ဦးဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။ တင်ဦးမှာ ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဖြစ်ပြီး အဆိုပါကိစ္စကြောင့်ပင် ၁၉၇၆ ခုနှစ် မတ်လတွင် ရာထူးမှ နှုတ်ထွက်ခဲ့ရသည်။ ကျော်

www.nyisay.com



ဇောကဲ့သို့ပင် တင်ဦးသည်လည်း ၁၉၅၀ ကျော် နှစ်များအတွင်းက ကူမင်တန်တို့ကို တိုက်ခဲ့ပြီး လူသိများထင်ရှားလာသော တပ်မှူးတစ်ယောက်ဖြစ်သည်။

အာဏာသိမ်းမှု ပျက်ပြားသွားပြီးနောက် တင်ဦးမှာ အကျဉ်းချခံခဲ့ရပြီး ကျော်ဇောကမူ တရုတ်ပြည်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ပြီ ထိုမှ ပန်ဆန်းသို့ရောက်လာခဲ့သည်။ သို့ပေမဲ့ သူ့အနေနှင့် ပန်ဆန်းတွင် မည်သို့သော ဖိအားမျိုးတွေ ကြုံနေရပါသလဲဟု မေးမည်ဆိုလျှင် မသင့်တော်သဖြင့် မမေးဘဲ ကျွန်ုပ်ဆိတ်ဆိတ်နေလိုက်သည်။ သို့ပေမဲ့ ထိုကာလတွင် တရုတ်ကွန်မြူနစ်ပါတီက ၄င်းတို့ တရုတ်အကြံပေးဆရာတို့ကို ပြန်ခေါ်၍ ဒေသခံ တပ်မှူးတွေနှင့် အစားထိုးခဲ့သည်မှာ တိုက်ဆိုင်မှုမဖြစ်နိုင်၊ သို့ပေမဲ့ ကျော်ဇော၏ စစ်ရေးဗျူဟာနှင့် ပါတီအကြိုက် တရုတ်နည်း လူလိုင်းစစ်ဆင်ရေးတို့ သည်ကား လုံးဝ ဆက်စပ်၍ ရမည်မဟုတ်ကြောင်း ကျွန်ုပ်စမ်းဝါးမိသည်။

ပြီးခဲ့သည့်နှစ်အနည်းငယ်ခန့်က ရန်ကုန်သံတမန် အသိုင်းအဝိုင်းတွင် သတင်းတစ်ပုဒ် ဖြစ်နေသည်မှာ ကျော်ဇောနှင့် ဗကပတို့ ခွာပြဲသွားပြီး ကျော်ဇောက ဆိုဗီယက်ထောက်ခံသော အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ လာအိုနယ်စပ်တစ်နေရာတွင် အထိုင်ချထားသည်ဟူ၍ ဖြစ်သည်။ စင်စစ် အဆိုပါသတင်းမှာ လုံးဝမမှန်ကန်၊ ကျော်ဇောကား ၁၉၇၆ ခုနှစ် ပန်ဆန်းသို့ ရောက်ကတည်းက ဤမှာပင် တောက်လျှောက်နေလာခဲ့ရာ အဆိုပါသတင်းမှာ ဗကပနှင့် ကျော်ဇောတို့ကြားမှ စစ်ရေးဆိုင်ရာ အမြင်ကွဲပြားမှုကို ချဲ့ကားပြောဆိုရာမှ ထွက်လာသော ကောလာဟလဖြစ်နိုင်ပါသည်။

ဇော်မိုင်ကား အသက် (၆၀) ဝန်းကျင်ရှိသော်လည်း ကြံ့ခိုင်ဆဲသည်။ ကျွန်ုပ်တို့ကို ကချင်ပြည်နယ်မှ လာခဲ့၍လားမသိ၊ စစ်ရုံးသို့ သွားလည်တိုင်း သူက လက်ဖက်ရည်၊ ဘီစကွတ်မုန့်တွေနှင့် အတင်းဧည့်ခံသည်။

ဗိုလ်ချုပ်ကျော်ဇော၊ ဇော်မိုင်နှင့် ပညာတတ်လူငယ်တို့ကြားမှ ဆက်ဆံရေးမှာ ရင်းနှီးဖော်ရွေမှု ရှိသော်လည်း ပညာတတ်လူငယ်အချို့က ဗကပ၏ တရားသေ၊ တစ်ယူသန် ခေါင်းဆောင်ဟောင်းတွေအပေါ် ငြီးငွေ့စိတ်ပျက်နေကြသည်ကိုမူ ဖုံးကွယ်ထားကြသည်။ သို့တိုင် လူငယ်မျိုးဆက်သစ်တို့ထဲတွင် အောင်ထက်တစ်ဦးသာ ရှေးရိုးစွဲခေါင်းဆောင်တို့၏ ယုံကြည်မှုကို ရပုံပေါ်နေသည်။

ရန်ကုန်ကျောင်းသား လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူကျော်ကြီးဆိုသူနှင့်လည်း ကျွန်ုပ် ရင်းနှီးခဲ့ရာ ၁၉၇၅ ခုနှစ် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအနီးတွင် ပြုလုပ်ခဲ့သော အစိုးရ ဆန့်ကျင်ရေး သပိတ်တိုက်ပွဲတွင် ပါဝင်ခဲ့သည်တို့ကို သူကပြောပြသည်။ ဇွန်လ (၁၁) ရက်နေ့တွင် ပြီးခဲ့သည်နှစ်က သပိတ်တိုက်ပွဲကို ဂုဏ်ပြုသည့်အနေနှင့် ကျောင်းသားအချို့ ရွှေတိဂုံဘုရားတွင် စုစည်းခဲ့ကြရာ ရဲတပ်ဖွဲ့ဝင်တို့က အကြမ်းဖက် ဖြိုခွဲပြီး ကျောင်းသား (၂၁၃) ယောက်ကို ဖမ်းဆီးသွားသည်။ အချို့မှာ အသက် (၁၃) နှစ်မျှသာရှိသေး

www.nyisay.com



သော်လည်း အင်းစိန်ထောင်ထဲသိမ်းကြုံထည့်လိုက်ကြပြီး ကျော်ကြီးနှင့် ရဲဘော်တို့ကား ထောင်ထဲတွင် ဆိုးဆိုးဝါးဝါး အနှိပ်စက်ခံခဲ့ရသည်။

"တစ်ခါတစ်ခါ ကျွန်တော်တို့ကို တစ်ပတ်လုံးလုံးရိုက်နှက်ကြတယ်။ ကျွန်တော်တို့စိတ်ဓာတ်တွေကို ရိုက်ချိုးဖို့ကြိုးစားကြတယ်"

"ရိုက်လွန်းလို့ သတိမေ့သွားရင် ကလူးကို့(စ်)သွင်းပေးတယ်။ သတိရလာရင် ပြန်ရိုက်တယ်"

စစ်ရုံးမှ သူ့အခန်းထဲတွင် လက်ဖက်ရည်သောက်ရင်း ကျော်ကြီးကပြောပြသည်။ ထောင်ထဲတွင် အနှိပ်စက်ခံခဲ့ရသော အတွင်းဒဏ်ရာတို့ကို ယခုအထိခံစားနေရသေးသည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် ထောင်မှ လွတ်လာပြီး ရန်ကုန်မြို့မြောက်ပိုင်း ဆင်ခြေဖုံးတစ်နေရာတွင် စာအုပ်ဆိုင်လေးတစ်ဆိုင် ဖွင့်၍လုပ်ကိုင်စားသောက်နေခဲ့သော်လည်း စစ်ထောက်လှမ်းရေးတို့က အမြဲနှောင့်ယှက်နေသဖြင့် မနေသာတော့ဘဲ ၁၉၇၉ ခုနှစ်တွင် ဗကပ အခြေခံဒေသသို့ ထွက်လာခဲ့သည်။

"ကျွန်တော်ဟာ တရားဝင်လွတ်လပ်တဲ့လူတစ်ယောက်ဖြစ်ပေမဲ့ ရန်ကုန်မှာ နေထိုင်လို့ လုံးဝမဖြစ်နိုင်တော့ဘူး။ အခု ဒီနေရာမှာ ကျွန်တော် မပျော်ပါဘူး။ ဒါပေမဲ့ နေဝင်းအစိုးရအောက်မှာနေရတာထက်စာရင် တော်သေးတယ်လေ"

အမှန်အားဖြင့် ဗကပတို့ကို ယခုလို ရှေရှိးစွဲလေနံစားထစ်ဘဝဖြင့် အသက်ဆက်ပေးနေသည်မှာ ၄င်းတို့၏ အဓိကရန်သူ ရန်ကုန်စစ်အစိုးရပင် ဖြစ်ဟန်တူသည်။ တံခါးအားလုံးပိတ်၍ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူတို့ကို စစ်အင်အားနှင့် အပြုတ်တိုက်ရမည်ဟူသော စစ်အစိုးရ၏ ပေါ်လစီဖြစ်သည်။

သို့ရာတွင် ဗမာပြည်လက်နက်ကိုင် လှုပ်ရှားမှုများထဲတွင် ဗကပ၏ အနာဂတ်ကား တဖြည်းဖြည်းမှေးမှိန်လာသည်ဟု ယူဆရသည်။ ကျွန်ုပ်သိထားသော သတင်းအရ တရုတ်အာဏာပိုင်တို့က ဗကပခေါင်းဆောင်ပိုင်းနှင့် အဆင့်မြင့်ကေဒါတို့ကို နိုင်ငံရေးခိုလှုံခွင့် ယူကြဖို့ ကမ်းလှမ်းခဲ့ရာ အဆိုပါကမ်းလှမ်းချက်တွင် အိမ်တစ်လုံးမြေတစ်ကွက်နှင့် သင့်တင့်သော အစိုးရပင်စင်လစာတို့ပါဝင်၍ ကန့်သတ်ချက်တစ်ခုမှာ ကမ်းလှမ်းချက်ကို လက်ခံသူတို့အနေနှင့် တရုတ်ပြည်ထဲတွင် မည်သည့်နိုင်ငံရေးလှုပ်ရှားမှုမျှ မလုပ်ရ ဟူသောအချက်ဖြစ်သည်။

အဆိုပါကမ်းလှမ်းချက်ကို ဗကပခေါင်းဆောင်တို့ဘက်က မကျေမချမ်းဖြစ်နေသည့်တိုင် ပန်ဆန်းတွင် ကျွန်ုပ်တို့ရှိနေစဉ်ကပင် တရုတ်အစိုးရ၏ ကမ်းလှမ်းချက်ကို ပါတီဝင်အတော်များများ လက်ခံ၍ တရုတ်ပြည်ထဲရောက်သွားကြကြောင်းသိရသည်။ သို့ရာတွင် တရုတ်ပေးသော နိုင်ငံရေးပင်စင်ကို လက်ခံသူတွေများလာလျှင်တောင် ဗကပတပ်တွင် စစ်သားထောင်ပေါင်းများစွာ ကျန်နေဦးမည်ဖြစ်သော်လည်း ၄င်းတို့ကား နိုင်ငံရေးအယူအဆ

www.nyisay.com



ကြောင့် မဟုတ်မူဘဲ လူမျိုးရေး နစ်နာချက်၊ မှကျေနပ်ချက်များအရ စုစည်းထားသည်ဖြစ်၍ အကယ်၍ ရုန်ကုန်အစိုးရ၏ သဘောထားပြောင်းလဲမှု တစ်ခုခုမရှိခဲ့ပါလျှင် ဗကပ၏ အနာဂတ်ကား ဒေသဆိုင်ရာ လက်နက်ကိုင် သူပုန်အုပ်စုလေးတွေအဖြစ် ပြိုကွဲသွားနိုင်ဖွယ်ရှိပါ၏။

ခရစ်စမတ်ရက်တွင် ဘရန်ဆိုင်းနှင့်အဖွဲ့ ပန်ဆန်းတွင်ရှိနေကြပြီး နှစ်သစ်ကူးအကြိုနေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်းသို့ ခရီးစတင်ထွက်ခွာကြရာ ကျွန်ုပ်တို့သွားရောက်နှုတ်ဆက်ခဲ့ကြသည်။ ၄င်းတို့၏ ခရီးစဉ်မှာ ဦးစွာ ပန်ယန်းရှေ့တန်စစ်မျက်နှာ မြောက်ဘက်၊ သံလွင်သို့ စတင်၍ ဤ၌ SSA တပ်ဖွဲ့တို့က လုံခြုံရေးအဖြစ် လိုက်ကြမည်ဖြစ်သည်။

ဘရန်ဆိုင်းတို့ထွက်သွားပြီး မကြာမီ စစ်ပွဲအခြေအနေကား လုံးဝပြောင်းသွားသည်။ ဇန်နဝါရီ (၃) ရက်နေ့တွင် မြန်မာတပ်များက စီစီဝမ်မှ ထိုးဆင်းလာပြီး မုံးပေါ်ရွာကို သိမ်းလိုက်ရာ အချက်အချာနေရာ တစ်နေရာမဟုတ်သော်လည်း ၁၉၇၀ ခုနှစ်မှစ၍ ဗကပတို့ ထိမ်းချုပ်လာခဲ့သော ခြေကုပ်တစ်ကုပ်ပြုတ်သွားခြင်းဖြစ်သည်။

ထိုမှ (၃) ရက်မြောက် ဇန်နဝါရီ (၆) ရက်တွင် 'ပန်ဆိုင်း' ကျသွားသည်။ သို့ပေမဲ့ အဆိုပါသတင်းကို မြန်မာ့အသံ၊ BBC နှင့် VOA မြန်မာပိုင်းအစီအစဉ်တို့က ထုတ်လွှင့်၍သာ ကျွန်ုပ်တို့ သိခဲ့ရပြီး ပန်ဆိုင်းနှင့် မုံးပေါ်တို့တွင် တပ်စွဲထားသော ဗကပတပ်များ ဆုတ်ခွာလာပြီး အစိုးရတပ်တို့ကို နမ့်ခမ်းတစ်ဖက်မှ ရွှေလီသို့ ကူးကာ ဇန်နဝါရီ (၁၃) တွင်မူ ဗကပတို့ ၁၉၆၈ ခုနှစ်ကတည်းက ထိမ်းချုပ်ထားသော ကွန်ဟိုင်းနှင့် မန်ဟယိုးတို့ကို ပြန်သိမ်းလိုက်သည်။

ရှမ်းအရှေ့မြောက်ဒေသအတွင်း ဗကပတို့ ထိမ်းချုပ်ထားသော ဧရိယာစုစုပေါင်းမှာ စတုရန်းကီလိုမီတာ (၂၀၀၀၀) ကျော်ရှိ၍ ယခုမြန်မာတပ်တို့ ပြန်သိမ်းလိုက်သော ဧရိယာမှာ စတုရန်းကီလိုမီတာ (၅၀၀) ကျော်မျှသာရှိရာ၊ မြန်မာတပ်ဖွဲ့ဝင်ရာပေါင်းများစွာတို့၏ အသက်နှင့်လဲ၍ ရယူခဲ့သော ဧရိယာမှာ သေးငယ်သည်ဆိုသော်ငြားလည်း မြန်မာ့တပ်မတော်၏ ၁၉၇၉ ခုနှစ်ရန်ကြီးအောင် စစ်ဆင်ရေးနောက်ပိုင်း ယခုတစ်ကြိမ်သည် ဗကပ၏ ပထမဆုံးအရှုံးဖြစ်သည်။ ရန်ကြီးအောင် စစ်ဆင်ရေးအတွင်း ဗကပတို့ဘက်က ပန်ဆန်းအနောက်ကီလိုမီတာ (၂၅) အကွာ **လွိုင်ဆယ်ကောင်(ဝ်)** အထိ အစိုးရတပ်များထိုးဖောက်လာပြီး 'မော်ဖ'ကို သိမ်းယူခဲ့သည်။

မည်သို့ရှိစေ ဗကပတို့အတွက် ထိတ်လန့်စရာအရှုံးသာဖြစ်သော်လည်း ဗကပခေါင်းဆောင်တို့ကမူ အစိုးရတပ်၏ အောင်ပွဲသည် အဆမတန်ပေးပြီးမှရလိုက်သော အနိုင်သာဖြစ်သည်ဟု အကြောင်းပြကြကုန်၏။ အစိုးရတပ်ဖွဲ့ဝင် (၁၀၀၀) ကျော်ကို သုတ်သင်နိုင်ခဲ့သဖြင့် လက်လွတ်လိုက်ရသော နယ်မြေဧရိယာနှင့် တန်ဖိုးချကြည့်လျှင် မိမိတို့ဘက်က 'မရှုံး'ဟု ဆင်ခြင်ကြကုန်၏။

ဤပုံဤနည်းဆင်ခြင်၍ ကာကွယ်နေကြပါသော်လည်း ကျွန်ုပ်သိထားသော အချက်

www.nyisay.com

ဝ အမျိုးသမီးများ။

တစ်ခုမှာ ပန်ဆိုင်းနယ်စပ်ကုန်သွယ်ရေးမှရနေသော အခွန်အတုတ်တို့မှာ ဗကပအတွက် အဓိကဝင်ငွေတစ်ခုဖြစ်လေရာ၊ ယခု ပန်ဆိုင်းကျသွားပြီဖြစ်၍ ပါတီအတွက် ကြီးကြီးမာ-မား ဆုံးရှုံးသွားပါသလားဟု ကျွန်ုပ်က သခင်ဗသိန်းတင်ကိုမေးကြည့်ရာ၊ မျက်မှန်ထူထူကြီး ထဲက ပြုံးစ,စ, ကြည့်ရင်း ထုံထုံအအ ကလေးတစ်ယောက်ကို ပြောသလို အဖြေပေးခဲ့ ပါ၏။

''ကျုပ်တို့က ပစ္စည်းမဲ့တွေပဲလေ၊ ဒီတော့ နှောင်ကြိုးကလွဲပြီး ကျုပ်တို့မှာ ဆုံးရှုံး စရာ ဘာမှမရှိပါဘူး''

ပန်ဆန်းတွင် ကျွန်ုပ်တို့အနေကြာလာသည်နှင့်အမျှ အာရုံနောက်စရာကိစ္စတွေကို သတိထားမိလာရာ အရပ်ရပ်အနေအထားတို့သည်ကား တစ်ယောက်နှင့်တစ်ယောက် သင်္ကာမကင်းစရာတွေ၊ တိုးတိုးတိတ်တိတ်ကြံစည်မှုတွေနှင့် ပြည့်လျှံနေသည်။ ဤ၌ SSA ၏ ဆက်ဆံရေးရုံးတစ်ရုံးကိုလည်း ဖွင့်ထားရာ အရာရှိတစ်ယောက်နှင့် စစ်သား အချို့ ရုံးထိုင်ကြသော်လည်း ဗကပဗရိယာ (သို့) ရှေ့တန်းတွင် ဘာတွေဖြစ်နေလို့ ဖြစ်နေမှန်းသူတို့မသိ။ ဗကပတို့ဘက်က ရှုံးနိမ့်သွားသော သတင်းကိုပင် ပန်ဆန်းဈေးထဲက ကြားခါမှ သိကြသူတွေ၊ သို့ပေမဲ့ ဗကပအသံလွှင့်ရုံဆောင်ထဲမှာ ကျွန်ုပ်တို့ချည်း သီးသန့်နေရသည်ကို ငြီးငွေ့လာသည့်အခါတိုင်း SSA ရုံးသို့ ကျွန်ုပ်တို့သွားခဲ့ကြရာ၊ သူတို့ကလည်း ဖော်ဖော်ရွေရွေ ကြိုဆိုခဲ့ကြသည်။ ဆိုင်နောင့်လည်း ရွာထဲမှ တရုတ်ဆရာမ တစ်ယောက်နှင့် သိကျွမ်းခဲ့ကြပြီး တရုတ်စာသင်ယူနေသည်။ ပန်ဆန်းဈေးနေ့မှာ စည်ကား

www.nyisay.com

**ပန်ဆန်းဈေးထဲက ဘိန်းရောင်းနေသူတွေ။**

လှသဖြင့် ကျွန်ုပ်တို့ တစ်ကြိမ်မျှ သွားခွင့်ပြုခဲ့ရာ ရယ်စရာအဖြစ်နှင့်ပင် ကြုံခဲ့ရသေးသည်။

ကျွန်ုပ်၏ လုံခြုံရေးအတွက် ဗကပ တပ်စိတ်တစ်စိတ် လိုက်ပါလာသော်လည်း သူတို့တွေက KIA စစ်သားတွေလို ကျွန်ုပ်ကို ဝိုင်းရံ၍ လူအုပ်ကိုသတိနှင့် ကြည့်နေကြသည်မျိုးမဟုတ်။ ဗကပ ဝ,စစ်သားလေးတွေက ကျွန်ုပ်နောက်မှ ရိုင်ဖယ်သေနတ်တွေနှင့် ချိန်ပြီးလိုက်ပါလာရာ ဗကပ လုံခြုံရေးသင်တန်းလက်စွဲစာအုပ်ထဲမှာ လူအုပ်ကို ထိမ်းချုပ်နည်းမပါတာ ထင်ရှားသည်။ ဤ၌ ခတ်လှမ်းလှမ်းတွင် ဓာတ်ပုံရိုက်နေသော ဆိုင်နောင့်က အမျိုးသမီးနှစ်ယောက်စကားပြောနေသည်ကို ကြားလိုက်ရသည်။ တစ်ယောက်သော အမျိုးသမီးက ကျွန်ုပ်ကို ကြည့်ပြီး ''အဲ့ဒီလူက ဘယ်သူလဲ။''

အခြားတစ်ယောက်က သိသလိုလိုနှင့် ခပ်တည်တည် အဖြေပေးလိုက်သည်။

''ပန်ယန်းက ဖမ်းမိလာတဲ့ကုလားဖြစ်မှာပေါ့၊ ကြည့်ပါလား။ သူ့နောက်က စစ်သားတွေက သေနတ်တွေနဲ့ ချိန်လာကြတာ''

ပန်ယန်းတွင် လက်ရဖမ်းမိခဲ့သော ကုလားတစ်ယောက်မျှ မတွေ့ခဲ့သော်လည်း ကျွန်ုပ်ကိုယ်တိုင်ကုလားဖြစ်သွားသဖြင့် ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ရယ်ခဲ့ကြရသည်။

ပန်ဆန်းဈေးတစ်ခေါက် ရောက်ခဲ့ရာတွင် ဗကပဒေသတွင် ရောင်းဝယ်ဖောက်ကားသော စီးပွားရေး အခြေအနေကိုလည်း ယေဘုယျသိခဲ့ရသည်။ ပုံမှန်အားဖြင့် ပန်ဆန်းဈေးတွင် ကုန်သည်တို့က ငွေကြေး (၄) မျိုးဖြင့် အရောင်းအဝယ်လုပ်ကြရာ ၄င်တို့မှာ မြန်မာကျပ်၊ တရုတ် ယွမ်၊ အိန္ဒိယငွေဒင်္ဂါးဟောင်း၊ ကြေးဒင်္ဂါဟောင်းများနှင့် ငွေမာအဖြစ် အစဉ်

www.nyisay.com



အလာသုံးခဲ့ကြသော ဘိန်းတို့ဖြစ်သည်။ သို့ရာတွင် (၁၀၀) ကျပ်တန်တို့ကို အစိုးရက သိမ်းလိုက်ပြီး (၁၅) (၃၅) (၇၅) ကျပ်တန်တို့ ထုတ်ဝေလိုက်သည့်အခါ ဗမာကျပ်ငွေကို အယုံအကြည်မရှိကြတော့သဖြင့် ယွမ်ငွေနှင့် ဖလှယ်ရာတွင် တန်ဖိုးကျသွားသည်။ အမှန်အားဖြင့် ကုန်သည်အများစုမှာ ဗမာကျပ်ငွေကို လုံးဝမသုံးကြတော့သလို အိန္ဒိယ ဒင်္ဂါးများမှာလည်း လိုသလောက်မရသဖြင့် ငွေကြေးသုံးစွဲရသည်မှာ အခက်အခဲဖြစ်လာသည်။ ဒင်္ဂါးဟောင်းတို့ကို လက်မခံချင်ကြသည့် အခြားအကြောင်းပြချက်တွေလည်းရှိသေးသည်။ ဈေးနှုန်းတစ်နေ့၊ ဆိုင်နောင့်က ရေခဲမုန့်ဝယ်ရာ တစ်ခုလျှင် ကြေးဒင်္ဂါးတစ်ပြားကျ၍ သုံးခုအတွက် (၃) ပြားပေးလိုက်ရာ ဒင်္ဂါး (၂) ပြားတွင် အင်္ဂလန်ဘုရင် အက်ဒွပ် (VII) နှင့် ဂျော့ဘုရင် (V) တို့၏ ဦးခေါင်းပုံပါသဖြင့် ကိစ္စမရှိ။ တတိယ ဒင်္ဂါးတွင်မူ ဝိတိုရိယဘုရင်မ၏ ဦးခေါင်းပုံပါရှိလေရာ ရေခဲမုန့်သည်က ခေါင်းခါပြီး ဒင်္ဂါးကို ပြန်ပေးသည်။

“ဒီ ဒင်္ဂါးက မကောင်းဘူး၊ မိန်းမပုံကြီးနဲ့”

အမှန်အားဖြင့် ဒင်္ဂါးစုဆောင်းသူတို့အဖို့ ဝိတိုရိယဘုရင်မ ဒင်္ဂါးကို တန်ဖိုးပိုပေးကြသည်ကို ရေခဲမုန့်သည် မသိ။ လည်ပတ်နေသော ငွေကြေးတို့ ကမောက်ကမဖြစ်ကုန်သဖြင့် ဘိန်းကား ကုန်ပစ္စည်းဖလှယ်ရာအတွက် အဓိက ကြားခံငွေကြေးတစ်ခုလို အရေးပါလာရာ ဘိန်းကို ဈေးထဲတွင် အလွယ်တကူဝယ်ယူရလာသည်။ တရုတ်အစိုးရ အထောက်ပံ့ဖြင့် ဗကပတို့ မြန်မာပြည်ထဲ ပြန်ဝင်လာနိုင်သဖြင့် ဘေဂျင်းအစိုးရအဖို့ နယ်ခြားဧရိယာ တစ်လျှောက်ကို ရလိုက်သော်လည်း ဘိန်းပြဿနာကား ရှိနေသေးသည်။ ဗကပတို့အရှေ့မြောက် အခြေခံဒေသကို ထူထောင်အပြီး အစောပိုင်းကာလများတွင် တရုတ် အကူအညီဖြင့် ဂျူအမျိုးမျိုးကို ဘိန်းအစားထိုးသီးနှံအဖြစ် စ၊တင်အကောင်အထည်ဖော်ခဲ့သော်လည်း ဝ၊လားဟူ (သို့) ဘိန်းစိုက်ပျိုးသော လူမျိုးစုအနည်းငယ်သည်သာ ဂျူကို မည်သို့စားရမည်ကို သိကြသည်။

သို့ဖြင့် ဝ, တောင်တန်းဒေသတွင် ဝါးပင်တွေ ပွင့်သော ၁၉၇၆ ခုနှစ်တွင်မူ ဗကပ၏ ဘိန်းအစားထိုးသီးနှံ စီမံကိန်းသည်လည်း လက်စတုံးတော့သည်။ ဆိုခဲ့သလို ဝါးပင်တို့သည် နှစ် (၅၀) ကြာတွင် တစ်ကြိမ်ပွင့်တတ်ပြီး တစ်ဆက်တည်းမှာပင် ကြွက်တွေ သန်းနှင့်ချီရောက်လာပြီး ဂျူပင်တွေကို စားပစ်လိုက်ကြသဖြင့် ဒေသခံတွေ အငတ်ဘေးဆိုက်ခဲ့ရာ ဗကပက အိန္ဒိယငွေဒင်္ဂါး (၆၀၀၀၀) နှင့် ဘိန်း (၁၆၀၀) ကီလိုဂရမ် ထောက်ပံ့ပေးခဲ့ရပြီး ထိုအဖြစ်ပျက်ကြီး ဖြစ်ပြီးနောက်တွင်မူ တောင်သူအများစုက ပိုးမွှားတိရစ္ဆာန်တို့ရန်ကို ခံနိုင်ရည်ရှိသော ဘိန်းကိုသာ ပြန်လည်စိုက်ပျိုးခဲ့ကြသည်။

တရုတ်က ဗကပတို့ကို ပေးနေသော အကူအညီအားလုံးကို ၁၉၈၀ ခုနှစ် ဝန်းကျင်တွင် ဖြတ်တောက်လိုက်ရာ ဘိန်းစိုက်ပျိုးရေးကို အစားထိုးပေးနိုင်မည့် မက်လုံးတို့ကို ဗကပက မဖန်တီးပေးနိုင်တော့သလို ဗကပတို့အတွက် နောက်ထပ်အထိနာခဲ့သော ရိုက်

www.nyisay.com



ချက်တစ်ခုမှာ ဘေဂျင်း၏ တံခါးဖွင့်ပေါ်လစီဖြစ်သည်။ ယခင်က တရုတ်ကုန်ပစ္စည်းတို့ကို ဘားမားလမ်းမကြီးပေါ်ရှိ ပန်ဆိုင်းမှ မြန်မာပြည်ထဲ တင်ပို့နေသော်လည်း ၁၉၈၀ ခုနှစ်တွင် စ,တင်လိုက်သော ဘေဂျင်းပေါ်လစီသစ်ကြောင့် လမ်းကြောင်းပြောင်းသွားပြီး ရွှေလီ၊ မူဆယ်နှင့် KIA တို့ ထိမ်းချုပ်ထားသော နယ်ခြားတစ်လျှောက်မှ မြန်မာပြည်အတွင်း တရုတ်လူသုံးကုန်တို့ စီးဆင်းလာရာ၊ နောက်ဆက်တွဲအားဖြင့် ဘိန်းအခွန်ငွေကို ဗကပတို့၏ တစ်ခုတည်းသော ဝင်ငွေအဖြစ် မှီခိုလာရတော့သည်။

ဤသည်ကို လေ့လာသူအများစုက ဗကပသည် ကွန်မြူနစ်ပါတီ အဖြစ်မှ ရပ်ဆိုင်းသွားပြီး ပါတီဆိုင်းဘုတ်ထောင်၍ ဘိန်းထုတ်လုပ်နေသော အဖွဲ့ကြီးတစ်ဖွဲ့အဖြစ် ပြောင်းလဲသွားပြီဟု ဖော်ပြခဲ့ကြသည်မှာ ပကတိ အချက်အလက်တို့နှင့် တလွဲဖြစ်နေသည်။ အမှန်အားဖြင့် ဗကပဒေသတွင် ဘိန်းစိုက်ပျိုးသော်လည်း ပါတီက အခွန်ကောက်ခြင်းသာဖြစ်သည်။ အလားတူ ဗကပနယ်မြေထဲတွင် ဘိန်းစိမ်းမှ ဘိန်းဖြူထုတ်လုပ်ရေး လုပ်ငန်းများရှိသော်လည်း ပိုင်ရှင်များမှာ အပြင်မှ အဖွဲ့များဖြစ်ပြီး ၄င်းတို့က ဗကပကို ကာကွယ်စောင့်ရှောက်ခပေးရသည်။ ဤ၌ ရယ်စရာကောင်းသည်မှာ ဘိန်းဖြူထုတ်လုပ်သူအများစုသည်ကား တစ်ချိန်က ဗကပတို့က နယ်ခြားမှ မောင်းထုတ်ခဲ့သော ကူမင်တန်အကြွင်းအကျန်တွေပဲဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းဝယ်ရေးဖြင့် ပွပေါက်တိုးနေသော ဒေသခံဗကပတပ်မှူးအချို့ရှိသော်လည်း ပန်ဆန်းသို့ ကျွန်ုပ်တို့ရောက်ပြီး မကြာမီမှာပင် အဆိုပါပုဂ္ဂလိက ဘိန်းရောင်းဝယ်ရေးနှင့် ဘိန်းဖြူထုတ်လုပ်မှုတို့ကို ပြင်းပြင်းထန်ထန် အရေးယူဖို့ ပါတီခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ခဲ့ရာ ခရိုင်အဆင့်ကေဒါတို့ကို ပါတီမှ ထောက်လှမ်းရေးများစေလွှတ်စုံစမ်းခိုင်းပြီး ပြန်လည်သတင်းပို့ရသည်များတွေ့ခဲ့ရသည်။

သို့ရာတွင် ကျွန်ုပ်၏ လေ့လာမှုအရ၊ ဆိုခဲ့သလို အရေးယူမှုတို့ကို တင်းတင်းကြပ်ကြပ် ဆောင်ရွက်လိုက်လျှင် ပါတီသဘောတရားကို ဆုပ်ကိုင်ထားသော ဗကပခေါင်းဆောင်ပိုင်းနှင့် ဘိန်အရောင်းအဝယ် လုပ်ငန်းဖြင့် အလုပ်ဖြစ်နေသော ဒေသခံတပ်ဖွဲ့များကြား ကြီးကြီးမားမား ပြဿနာဖြစ်လာနိုင်ဖွယ်ရှိသည်။ ဥပမာ-ကိုးကန့်မှာ အဓိကပဋိပက္ခတစ်ခုဖြစ်နိုင်ရာ၊ ကျွန်ုပ်၏ ကောက်ချက်အရ များမကြာမီမှာပင် ပန်ဆန်းမှခေါင်းဆောင်ပိုင်းအနေနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သူတို့၏ဆန့်ကျင်မှုတို့ကို ခံရဖွယ်ရှိသည်။ သို့တည်းမဟုတ် ပါတီတွင်းအကွဲအပြဲနှင့်ရင်ဆိုင်ရပေလိမ့်မည်။ ထို့အပြင် ဒေသခံဘိန်းကုန်သည်တို့က တရုတ်ပြည်ဘက်သို့ ဘိန်းသွားရောင်းကြသဖြင့် တရုတ်ပြည်အတွင်း ဘိန်းသုံးစွဲမှုနောက်တစ်ကြိမ် ပျံ့နှံ့လာပြန်ရာ ရလာဒ်အားဖြင့် 'မုံးအာ'မှ တရုတ်ပြည်အတွင်းပိုင်းအထိ မော်တော်ကားလမ်းတစ်လျှောက်တွင် စစ်ဆေးရေးပုလိပ်စခန်းတွေ ချထားရသည်ဖြစ်၍ အဆိုပါကိစ္စကမူ ယခင်ကတည်းက တင်းမာနေသော ဗကပ တရုတ်ဆက်ဆံ

www.nyisay.com



ရေးကို ပို၍ ဆိုးဝါးစေခဲ့သည်။ သို့ဖြစ်၍ ဘိန်းပြဿနာအတွက် တရုတ်ဘက်မှ ဖိအား ပေးမှုကိုလည်း ဗကပတို့ ခံနေရသည်။

သို့ရာတွင် မူးယစ်ဆေးဝါးပြဿနာ လုံးဝနီးပါးကင်းစင်၍ ကျောက်စိမ်းကိုသာ ရောင်းချသော KIA တို့ နယ်မြေကား တရုတ်စီးပွားရေးပေါ်လစီသစ်ကြောင့် နယ်စပ် ကုန်သွယ်ရေးနှင့်အတူ အခြားအဆက်အစပ်တို့ ပို၍ ချောမွေ့လာပုံရသည်။ မည်သို့ရှိစေ ပန်ဆန်းသို့မူ တရုတ်ကုန်သည်နှင့် အရပ်သားတို့ ပုံမှန်လာရောက်နေသေးသည်။ ဈေးနေ့ တိုင်းတွင် စက်ဘီးတစ်စီးနှင့် တံတားကို ဖြတ်လာသော ရေခဲမုန့်သည်,သည်လည်း ဗကပဌာနချုပ်နှင့် ရွာထဲသို့ လှည့်ပတ်နေဆဲ၊ အခြားတရုတ်ကုန်သည်တို့ကလည်း လူသုံး ကုန်ပစ္စည်း၊ ဆေးဝါးနှင့် တရုတ်အရက်ပုလင်းတွေကို ရောင်းချနေဆဲ။

သို့ရာတွင် တောင်တန်းနေတိုင်းရင်းသားတွေ၊ ယူနီဖောင်းဝတ် ဗကပနှင့် ကေဒါ တွေ ကြားမှာ တရုတ်ဈေးသည်၊ ဈေးဝယ်တွေက အဆင်ကွဲနေသည်။ 'မုံးအာ'ကဲ့သို့ တရုတ်ပြည်နယ်စွန်နယ်ဖျားကျေးရွာတွေမှာ ရှေးယခင်လို မော်စီတုန်း အပေါ်အင်္ကျီနှင့် ဘောင်းဘီပွပွကြီးတွေ မဝတ်တော့။ ယနေ့မူ ဂျင်းဘောင်းဘီလေကာအင်္ကျီ၊ အမေရိကန် စတိုင်ဘော့(စ်)ဘောကက်ဦးထုပ်၊ စနီကာဖိနပ်တွေနှင့် ဖြစ်ကုန်ကြပြီ။ သို့ပေမဲ့ ဗကပတို့ အတွက် မော်စီတုန်းအမှတ်တံဆိပ်ကား ဖက်ရှင်အဆောင်အယောင်တစ်ခုလို တပ်ဆင်ထား ကြပါသော်လည်း တရုတ်တွေကြားထဲမှာ သိသိသာသာကြီး မှေးမှိန်နေကြပါ၏။

ပန်ဆန်းကား မူးယစ်ဆေးဝါး၊ သေနတ်နှင့် တစ်ကြောင်းစွဲမတ်(စ်)လီနင်ဝါဒ တို့ဖြင့် ရောသမမွှေ၍ ရှုပ်ထွေးနေရာ အသံလွှင့်ရုံဟောင်း ဝင်းထဲတွင် ကျွန်ုပ်တို့ကို ကန့်သတ်ထားသဖြင့် အကြောင်းမသိသေးခင်က စိတ်ဆိုးခဲ့ရသော်လည်း ယခုမူ ဗရက် ဗရက် အပြင်လောကနှင့် ကင်းလွတ်နေသော ဤနေရာလေးတွင် နေရသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေသည်။

သို့ပေမဲ့ သမီးလေးဆိုင်တိုင်းက ဤမှာလည်း ပျော်နေပုံရသည်။ အချိန်အတော် များများမှာ အုတ်တိုက်အဆောက်အအုံအပြင်ဘက် မီးဖိုချောင်လုပ်ထားသော ဝါးထဲတွင် ကျွန်ုပ်တို့နေကြသဖြင့် ဆိုင်တိုင်းလည်း ဤမှာပင် ဆော့ကစားနေတတ်သည်။ သမီးက စန်းရီကို အဖက်တွယ်နေသလို စန်းရီကလည်း ဖော်ဖော်ရွေရွေနှင့် ခင်မင်စရာကောင်းပြီး အစားအသောက်တွေကိုလည်း လုပ်ကျွေးတတ်သည်။ ဤ၌ ဆိုင်တိုင်းစကားစပြောရာ၊ ပထမဆုံးပြောလိုက်သော စကားလုံးမှာ ဗမာစကားဖြစ်သည်။ ဆိုင်နောင့်နှင့် စန်းရီတို့ ပြောဆိုနေကြသည်ကို အကြားနာခဲ့ရာမှ မီးဖိုချောင်ထဲက စန်းရီထွက်သွားသည့်အခါမျိုး တွင် သမီးက ''ဘယ်သွားမှာလဲ''ဟု ပြောသည်။ ပါဂျောင်မှာလို ပန်ဆန်းတွင်လည်း ဆိုင်တိုင်းကို လူတိုင်းချီချင် ပွေ့ချင်ကြသည်။ သမီးကလည်း မွေးကတည်းက မျက်နှာ စိမ်း၊ မျက်နှာသစ်တွေနှင့်ပဲ အမြဲလိုလို တွေ့နေရသဖြင့် မိတ်ဆွေဖွဲ့တတ်သော အကျင့်ရ

www.nyisay.com



လာသည်လားတော့ မသိ။ သူစိမ်းကို တွေ့လျှင် ဒေသခံကလေးတွေလို ရုက်အမ်းအမ်း, ရွဲ့တွန့်တွန့်မရှိ။ တိတိတာတာနှင့် ချက်ချက်ချာချာရှိသည်။

ဇန်နဝါရီလကုန်တွင် ဗကပခေါင်းဆောင်တို့နှင့်ကျွန်ုပ်၏အင်တာဗျူးမှာလည်း ပြီးဆုံးသွားပြီဖြစ်၍ ဤမှ ထွက်ခွာဖို့ စတင်ပြင်ဆင်ကြရာ ဗကပခေါင်းဆောင်တို့က ထိုင်းနယ်စပ်မှတစ်ဆင့် ပြန်ထွက်ဖို့အကြံပြုကြသည်။ သို့ရာတွင် ၄င်းတို့ အခြေခံဒေသမှလွန်သော် လုံခြုံရေးတင်းကြပ်သော အစိုးရနယ်မြေသို့ရောက်လာသည့်အခါ ကျွန်ုပ်တို့ လုံခြုံရေးအတွက် ဗကပခေါင်းဆောင်တို့၏ အာမခံချက်ကို မယုံကြည်သဖြင့် ၄င်းတို့၏ ကမ်းလှမ်းမှုကို ယဉ်ယဉ်ကျေးကျေးနှင့် ငြင်းပယ်လိုက်ပြီး ကျွန်ုပ်သွားချင်သော လမ်းကြောင်းကို ချပြသည်။ ကျွန်ုပ်၏ လမ်းကြောင်းမှာ တရုတ်ပြည်ထဲကူးမည်။ မန်းအေးမှ ရဲစခန်းသွားပြီး သတင်းပို့ပြီး ဘေဂျင်းမှ ဆွီဒင်သံရုံးနှင့် အဆက်အသွယ်ယူမည်။ ထို့နောက် အကျိုးအကြောင်းပြောပြပြီး ဟောင်ကောင်သို့ ထွက်ခွာဖို့ဖြစ်သည်။ ကျွန်ုပ်အစီအစဉ်ကို တအောင့် အချေအတင် ပြောကြဆိုကြပြီး နောက်ဆုံးသဘောတူခဲ့ကြသည်။

သို့ဖြင့် ပန်ဆန်းဈေးတွင် ကျွန်ုပ်အတွက် ကော်ဂျူရှိုင်းဘောင်းဘီတစ်ထည် ချုပ်ခိုင်းပြီး တရုတ်ပြည်မှ ရှုပ်အင်္ကျီ (၂) ထည် မှာယူခဲ့သည်။ ယခုကျွန်ုပ်၏ အဝတ်အစားဟောင်းများကား ချုပ်လို့ ဖာလို့ပင် မရတော့သဖြင့် ဗကပယူနီဖောင်းတစ်စုံဝတ်ပြီးသွားလာနေရသည်ဖြစ်၍ ဤပုံစံနှင့်နယ်ခြားဖြတ်ဖို့ဆိုသည်မှာ မဖြစ်နိုင်၊ ဆိုင်နောင့်ကမူ ပန်ဆိုင်းမှ ပန်ဆန်းသို့ ထွက်လာကတည်းက တရုတ်ပြည်တွင် အဝတ်အစားသစ်တွေ ဝယ်ပြီးဖြစ်၍ အသင့်ဖြစ်နေလေပြီ။

၁၉၈၇ ခုနှစ် ဇန်နဝါရီ (၂၂) ရက်၊ အိန္ဒိယ-မြန်မာနယ်စပ်၊ 'လောင်ဇာ'မှ ဤနေရာအထိ ခရီးနှင်ခဲ့ရာ (၁၅) လတိတိ ပြည့်ချိန်၊ အားလုံးအသင့်ဖြစ်နေပြီ။ အထုပ်အပိုးတွေထုပ်ပိုးထားပြီးပြီ၊ ကျွန်ုပ်တို့ (၃) ယောက်လုံး အဝတ်သစ်တွေ ဝတ်ထားပြီးပြီ။ တရုတ်ပြည်ထဲဝင်ရာတွင် ဌာနချုပ်အနီးနယ်ခြားဂိတ်မှ ဝင်လျှင် ပြန်ကန်ထွက်လာနိုင်ချေ ရှိသဖြင့် မုံးအာမှဝင်ဖို့ဆုံးဖြတ်ထားသည်။ သို့ဖြင့် နမ့်ခါ ချောင်းဘေးမှ လျှောက်လာကြပြီး တစ်နေရာမှ သစ်ထွင်းလှေဖြင့် တစ်ဖက်သို့ ကူးလာခဲ့ပြီးနောက် စပါးကွင်းတို့ကို ဖြတ်၍ စက်ဘီးလမ်းလေးအတိုင်း မုံးအာဘက်သို့ ခတ်သွက်သွက် လျှောက်လာခဲ့ကြသည်။ မုံးအာကား မြို့ကြီး မဟုတ်သော်လည်း ဈေးနှင့် ဘတ်(စ်)ကားဂိတ်နှင့်၊ တိုက်တာအဆောက်အအုံတွေနှင့် ။ စခန်းကမူ အမိုးပေါ်တွင် တရုတ်အလံလွှင့်ထားရာ စိတ်ထဲက အနည်းငယ်စိုးရိမ်သော်လည်း စခန်းထဲသို့ ရှေ့မှ ကျွန်ုပ်ဝင်လိုက်သည်။

အစိမ်းရောင် ယူနီဖောင်းဝတ် ပုလိပ်လူငယ်တစ်ယောက် စားပွဲတွင် ထိုင်လျက် အိပ်ငိုက်နေရာမှ ကျွန်ုပ်ကိုမြင်သည်နှင့် ငေါက်ခနဲ, မတ်တပ်ထ, ရပ်လိုက်ပြီး တရုတ်လို ရှည်ရှည်ဝေးဝေး ဘာတွေမှန်းမသိပြောနေရာ၊ ဆိုင်နောင့်က ရှမ်းလိုပြန်ပြောလိုက်သည်။

www.nyisay.com



ဤမှာပင် တရုတ်ပုလိပ်လည်း ခေါင်းစားသွားပြီး စကားပြန်အခေါ်လွှတ်ရတော့သည်။ အတော်ကြာခါမှ ရှမ်းမလေးတစ်ယောက် ဖက်ရှင်မဂ္ဂဇင်းတစ်အုပ် လက်မှကိုင်ပြီး ပေါက်ချလာသည်။

"ငါတို့တွေ ကူမင်းကို သွားချင်တယ်။ ဒါပေမဲ့ ပါမစ်မရှိဘူး။ ဒီမှာပါမစ်လိုချင်တယ်။ ကျွန်ုပ်က နိုင်ငံကူးလက်မှတ်ကိုပေးရင်း တစ်ဆင့်ပြောပြသည်။ ယခု ရုံးခန်းထဲနောက်ထပ်ရဲတွေရောက်လာပြီး ဝိုင်းအုံနေပြီး ကျွန်ုပ်တို့နိုင်ငံကူးလက်မှတ်တွေကို တစ်ရွက်ချင်း သံသယနှင့် စစ်ဆေးကြသည်။ ပြီးနောက် ကွိကွိကွကွနှင့် မပြီးနိုင်မစီးနိုင်ပြောဆိုနေကြရာ၊ ကျွန်ုပ်နှင့်ဆိုင်နောင့်တို့က တစ်ဘက်ထိုင်ခုံပေါ်တွင် ငုတ်တုတ်ထိုင်လျက် သမီး ဆိုင်တိုင်းက တပြုံးပြုံးနှင့် ဟိုဟိုဒီဒီ တတောက်တောက် လျှောက်နေပါ၏။

နောက်ဆုံးတွင်မူ ပုလိပ်တွေအားလုံး ကိုယ်ကိုတစ်ပြိုင်နက်တည်း မတ်မတ်ရပ်၍ အာဏာပါဝါဟန်အပြည့်နှင့် ကျွန်ုပ်တို့ကို ကြည့်လိုက်ကြပြီး သူတို့ထဲက အသက်ကြီးကြီး အရာရှိတစ်ယောက်က ကျွန်ုပ်တို့နိုင်ငံကူးလက်မှတ်တွေကို ပြန်ပေးပြီး စကားပြန်ကို ခတ်ပြတ်ပြတ်အသံနှင့် တရုတ်လို ပြောလိုက်သည်။

"သူကပြောတယ်။ ရှင်တို့တရုတ်ပြည်ထဲဝင်ဖို့ ခွင့်မပေးနိုင်ဘူး၊ ပန်ဆန်းကိုပြန်ရမယ်တဲ့"

"ဒါပေမဲ့ အဲ့ဒါဗမာပြည်လေ။ ဗမာပြည်ထဲဝင်ဖို့လည်း ငါတို့မှာ ပါမစ်မရှိဘူး။ ငါတို့တွေ တရားမဝင် ဝင်ရောက်မှုနဲ့ အဖမ်းခံချင်တယ်။ အဲ့ဒါဘေဂျင်းက ငါတို့သံရုံးကို ဆက်သွယ်ပေးနိုင်မလားပြောပေးပါ"

ကျွန်ုပ်က တရုတ်လိုရေးထားသော ဆွီဒင်သံရုံးလိပ်စာ ကပ်နှင့် ဖုန်းနံပါတ်ကို ထုတ်ပေးလိုက်ရာ ဤတွင်လည်း တစ်ခါ တရုတ်ပုလိပ်တွေ ခေါင်းရှုပ်သွားပုံရပြီး ပုလိပ်တစ်ယောက်က အပြင်ထွက်သွားပြီး ဖုန်းသွားဆက်ပုံရသည်။ ရဲစခန်းတွင် တယ်လီဖုန်း မတွေ့ရ။

"ခင်ဗျားတို့က ပါမစ်မရှိဘဲ တရုတ်ပြည်ထဲ ဘာကြောင့်ဝင်လာရတာလဲ"

အပြင်ထွက်သွားသော ပုလိပ်ပြန်အလာကို စောင့်ရင်း ပုလိပ်တစ်ယောက်က မေးသည်။

"ပါမစ်ယူဖို့ မင်းတို့စခန်းကိုလာတာပါ။ ငါတို့ဘက်က တရားဝင်လုပ်ချင်လို့ပါ"

"တရုတ်ပြည်ထဲမဝင်ခင် ခင်ဗျားဗီဇာယူရမှာပေါ့၊ အခုလိုလျှောက်သွားနေလို့ဘယ်ရမလဲ၊ ခင်ဗျားတို့ပြန်ပြီး ဗီဇာယူရလိမ့်မယ်"

"ပန်ဆန်းမှာ တရုတ်ကောင်စစ်ဝန်မှ မရှိတာပဲ"

"ရန်ကုန်မှာ ခင်ဗျားတို့သံရုံးရှိတယ် မဟုတ်လား"

www.nyisay.com



''ဘယ်လဲ... ငါတို့က ရုန်ကုန်သွားပြီး ဗီဇာယူနိုင်တယ်လို့ မင်းမျှော်လင့်နေတာလား၊ ဗမာပြည်မှာ ပြည်တွင်းစစ်ဖြစ်နေတာ မင်းမသိဘူးလား''

ဤမှာပင် ကျွန်ုပ်ကို စကားတစ်လုံးမှ ပြန်မပက်တော့ဘဲ တရုတ်ပုလိပ်လည်း နေရာမှထွက်သွားသည်။ နောက်ထပ်ဘာကိစ္စမျှ မထူးသော်လည်း တစ်နေ့ကုန်ထိုင်စောင့်နေရပြီး နောက်ဆုံး ပုလိပ်အရာရှိ (၂) ယောက်ပေါက်ချလာကာ ကျွန်ုပ်ခရီးဆောင်အိပ်တွေကို သေသေချာချာ စစ်ဆေးသည်။

''အဲ့ဒါ... သူတို့တွေ ကူမင်းကပြန်လာတာပဲဖြစ်ရမယ်။ ကိုယ်တို့ကို သူတို့ပါမစ် ပေးမှာပါ။''

အရာရှိတစ်ယောက်က ကျွန်ုပ်တို့ ပစ္စည်းပစ္စည်းတွေကို အိတ်ထဲကတစ်ခုချင်းထုတ်ပြီး တရုတ်လိုပြောပြနေသည်ကို အခြားပုလိပ်တစ်ယောက်က စာအုပ်ကြီးနှင့် လိုက်မှတ်နေရာ တစ်နာရီနီးပါးမျှကြာပြီး မပြီးစီးမီမှာပင် ညနေစောင်း၍ နေကျလာသည်။ ကျွန်ုပ်တို့ ပင်ပန်းနွမ်းနယ်နေသော်လည်း မကြာခင် မော်တော်ကားရောက်လာပြီး ခေါ်တော့မည်ဖြစ်၍ စိတ်ချမ်းသာနေသည်။ ထို့နောက် (၅) နာရီတွင်မူ အကြီးတန်းပုလိပ်အရာရှိတစ်ယောက်ဝင်လာပြီး မျက်နှာထားတင်းတင်းနှင့် စကားပြန်ကို တစ်ခုခုပြောလိုက်သည်။

''ရှင်တို့ ပန်ဆန်းကို ပြန်ရမယ်၊ တရုတ်ပြည်ထဲကို ဝင်ဖို့ ပါမစ်မပေးဘူးတဲ့''

ရုတ်တရက်ကျွန်ုပ်တို့နှစ်ယောက်လုံး ကြက်သေသေသွားကြသည်။

''ဒါဆိုရင် ငါတို့အိတ်တွေကို ဘာလို့ရှာဖွေရတာလဲ၊ ငါတို့က ဗမာနိုင်ငံသားတွေမဟုတ်ဘူးလို့ ပြောပြီးပြီပဲ''

စကားပြန်က တစ်ဖက်သို့လှည့်၍ ပြန်ပြောသည့်အခါ အရာရှိကြီး၏ မျက်နှာမှာ ပို၍ မည်းပုပ်သွားသည်။

''သူက ပြန်ဖို့ပဲ ပြောတယ်။ ပါမစ်မပေးနိုင်ဘူးတဲ့''

''ဘေဂျင်းက ငါတို့သံရုံးနဲ့ ဆက်သွယ်ဖို့ ငါ့မှာ အခွင့်အရေးရှိတယ်''

''ဒီမှာတယ်လီဖုန်းမရှိဘူး''

''တယ်လီဖုန်း မရှိဘူးဆိုရင် ကူမင်းကို မင်းတို့ဘယ်လို ဖုန်းဆက်တာလဲ''

''မင်းမှာ ပါမစ်မရှိဘူး။ ဗမာပြည်ကို မင်းတို့ပြန်ရမယ်''

''မပြန်နိုင်ဘူး''

တစ်နာရီကျော်မျှ ပုလိပ်အရာရှိကြီးနှင့် ကျွန်ုပ်အချေတင်ပြောဆိုကြပြီး နောက်ဆုံးတွင် ပုလိပ်တွေက ကျွန်ုပ်တို့ခရီးဆောင်အထုပ်အပိုးတွေကို စခန်းအပြင်ဘက် သယ်သွားပြီး ချထားလိုက်ရာ ဤမှာပင် လမ်းဆုံးသွားပြီကို သဘောပေါက်သဖြင့် ကျွန်ုပ်တို့ခေါင်းငိုက်စိုက်နှင့် တံတားပေါ်မှ တစ်လှမ်းချင်းဖြတ်ရင်း ပန်ဆန်းသို့ မြေလမ်းလေးအတိုင်း ပြန်လာခဲ့ရာ ပုလိပ် (၅) ယောက်ကလည်း တံတားအထိ လိုက်လာခဲ့ကြပါသည်။

ထိုစဉ် အနားပတ်ကြီးကြီးဦးထုပ်နှင့် ပြောင်ချော်ချော်လူတစ်ယောက် နောက်မှ

www.nyisay.com



ပျာယီပျာယာလိုက်လာပြီး ကျွန်ုပ်တို့ရှေ့ကို ကျော်တက်လာပြီး သူ့လက်ထဲက တရုတ်ကင်မရာနှင့် ကျွန်ုပ်ကို တဖျပ်ဖျပ်ရိုက်သည်။ ကျွန်ုပ်ကလည်း သူရိုက်လိုက်တိုင်း ဆိုင်နောင့်နှင့် ဆိုင်တိုင်းကို စကားပြောဟန်ဆောင်ပြီး မျက်နှာကို တစ်ဖက်လွှဲ၍ ရှောင်နေရသည်။

"သောက်ရူး၊ ကိုယ်တို့ဓာတ်ပုံတွေလိုချင်ရင်ပေးနိုင်ပါတယ်။ လျှို့ဝှက်ထားစရာဘာရှိလို့လဲ၊ ဒါပေမဲ့ ဒီအရူးက သူ့ကိုယ်သူ ဂျိမ်းစဘွန်းအောက်မေ့နေသလား မသိဘူး"

သို့ပေမဲ့ ဤတစ်ကြိမ်သည် ကျွန်ုပ်ဘဝတွင် အနှေးဆုံးခြေလှမ်းတွေပဲဖြစ်ပါလိမ့်မည်။ ခရော်ခရွတ် သစ်သားတံတားလေးမှ ဖြတ်၍ ဗမာပြည်ထဲ ကျွန်ုပ်တို့ဝင်လာသည့် အခါမှသာ နောက်ကပါလာသော ပုလိပ်တွေလည်း ကျေကျေနပ်နပ်နှင့် မုံးအာဘက်သို့ ပြန်လှည့်သွားသည်။ ထို့နောက် ခရီးသည်တင်မော်တော်ကားကြီးတစ်စင်း မြေလမ်းအတိုင်းမောင်းလာရာ စောစောက ဓာတ်ပုံဆရာက လက်တား၍ ကားပေါ်လိုက်ပါသွားရာ ကျွန်ုပ်တို့သားအမိ၊ သားအဖ (၃) ယောက်သာ ကျန်ခဲ့လေသည်။

"ကိုယ်တို့တွေ နောက်တစ်ကြိမ် ကြိုးစားကြတာပေါ့၊ တရုတ်ပြည်ကဖြတ်ရမှာပဲ၊ ဒါပေမဲ့ ဒီနေရာကတော့ မဟုတ်ဘူး၊ ပြန်ရောက်မှ အဖြေရှာကြတာပေါ့"

အသံလွှင့်ရုံဟောင်းနေရာသို့ ကျွန်ုပ်တို့ ငေးငေးငိုင်ငိုင်နှင့် ပြန်ရောက်သည့်အခါ မိတ်ဆွေအားလုံး အံ့အားသင့်သွားကြပြီး ထိုညမှာပင် ပါတီခေါင်းဆောင်တွေဆီ အကျိုးအကြောင်းသွားပြောသည့်အခါ သူတို့လည်း သိသိသာသာတုန်လှုပ်ချောက်ချားသွားကြသည်။ မုံးအာမှ ယခုလို ကျွန်ုပ်တို့ကို ခါးခါးသီးသီးငြင်းထုတ်လိုက်သည်ဖြစ်၍ တရုတ်အာဏာပိုင်များနှင့် ၄င်းတို့၏ အဖုအထစ်ဖြစ်နေသော ဆက်ဆံရေးကို ပို၍ ဆိုးရွားသွားမှာ စိုးရိမ်နေကြသဖြင့် ကျွန်ုပ်တို့လည်း စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့မနက်ပိုင်းတွင် ဗသိန်းတင်အိမ်သို့ ကျွန်ုပ်သွားပြီးတိုင်ပင်ရာ ပေါ်လစ်ဗျူရို အဖွဲ့ဝင်တချို့ အရေးပေါ်အစည်းအဝေးထိုင်ကြပြီး တရုတ်မှတစ်ဆင့် ထွက်မည့် ကျွန်ုပ်၏ အစီအစဉ်ကို စွန့်လွှတ်သင့်ကြောင်း ဆုံးဖြတ်လိုက်ကြသည်။

"ဖြစ်နိုင်ခြေ နည်းလမ်း (၂) ခု ရှိပါတယ်"

ဗသိန်းတင်က တည်တည်ငြိမ်ငြိမ်ပြောသည်။

"ကျုပ်တို့ လုံခြုံရေးတပ်တွေက ခင်ဗျားတို့ကို ထိုင်းနယ်စပ်အထိ လိုက်ပို့မယ်၊ မဲခေါင်မြစ်ကနေ တာချီလိတ်အရှေ့ဘက် နယ်စပ်အထိသွားလို့ရတယ်။ စိတ်ချရတယ်၊ နောက်တစ်လမ်းက ဘရန်ဆိုင်းတို့နဲ့ လိုက်သွားလို့ရတယ်။ ရှမ်းပြည်အလယ်ပိုင်းက ဖြတ်မှာဆိုတော့ ဒီလမ်းကလည်း စိတ်ချရပါတယ်"

သို့ပေမဲ့ သူတို့ပြောသောလမ်းကြောင်း (၂)ကြောင်းလုံးကို ကျွန်ုပ်ဘက်က လုံးဝစဉ်းစားခဲ့ခြင်းမရှိသဖြင့် ကျွန်ုပ်သဘောထားကို ချက်ချင်းမပြောသေး၊ ၁၉၈၁ ခုနှစ်ကတည်းက တာချီလိတ် အနီးတစ်ဝိုက်တွင် ဗကပတွေ ခြေကုပ်မရှိတော့သည်ကိုလည်း

www.nyisay.com



ကျွန်ုပ်သိထားသည်။ ဘရန်ဆိုင်းတို့ အဖွဲ့နှင့် လိုက်သွားမည်ဆိုလျှင်လည်း လမ်းခရီးတွင် ကျွန်ုပ်ကို အာရုံစိုက်စရာဖြစ်လာပြီး ဗမာစစ်တပ်ထဲ သတင်းပေါက်ကြားသွားလျှင် ဘရန်ဆိုင်း၏ လှုပ်ရှက်မစ်ရှင်လည်း ပျက်စီး၍ တစ်ဖွဲ့လုံး ကိုယ်ကျိုးနည်းကြပေလိမ့်မည်။

သို့ဖြစ်၍ စဉ်းစားပါဦးမည်ဟု မယုတ်မလွန် အဖြေပေးပြီး၊ ဘရန်ဆိုင်းနှင့် တွေ့၍ သူ့သဘောထားကိုပါ မေးမြန်းလိုသေးကြောင်း ထပ်ပြောလိုက်သည်။ ယခုအချိန်တွင် ကျွန်ုပ်အနေနှင့် ခေါင်းအေးအေးထား၍ စဉ်းစားနိုင်သူတစ်ယောက်နှင့် တွေ့ဖို့လိုနေရာ ဘရန်ဆိုင်းထံမှ အကြံကောင်းဉာဏ်ကောင်း ရနိုင်မည်ဟု မျှော်လင့်ရသည်။ ယခု သူတို့ အဖွဲ့မှာ အစိုးရတပ်များက သံလွင်အရှေ့ခြမ်းတွင် ထိုးစစ်ဆင်နေသဖြင့် ဗကပထိမ်းချုပ် နယ်မြေ၊ သံလွင်အနောက်ခြမ်း၌ပင် ရှိနေသေးသည်။

ကျွန်ုပ်၏ အစီအစဉ်သစ်ကို ဗကပခေါင်းဆောင်တို့ဘက်က အားတက်သရောမ ထောက်ခံကြသော်လည်း အတော်ကြာ ပြောဆိုပြီး သဘောတူခဲ့ကြသဖြင့် ဇန်နဝါရီ (၂၄) ရက်တွင်မူ သံလွင်အနောက်မြောက်ဘက် (၁၂၅) ကီလိုမီတာအထိ ခရီးထွက်ခွာလာပြီး 'မန်းဖ'မှ သံလွင်ကို ကူးလာခဲ့သည်။ ဆိုင်နောင့်တို့ သားအမိက ပန်ဆန်းတွင် ကျန်နေခဲ့ပြီး ကျွန်ုပ်မရှိသည့် ရက်များအတွင်း ဆိုင်နောင့်က ရှမ်းအမျိုးသမီး အသိမိတ်ဆွေတို့နှင့် မေးစမ်း၍ တရုတ်ပြည်ထဲဝင်နိုင်မည့် အခြားလမ်းကြောင်းတစ်ကြောင်းကို ရှာဖွေနေသည်။

ကျွန်ုပ်နှင့်အတူ ဝ, လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့၊ ရိက္ခာဝန်တင်လား တစ်ကောင်နှင့် စကားပြန်- လမ်းပြအဖြစ်၊ အေးသန်းတို့လိုက်ပါလာကြသည်။ အေးသန်းမှာ လေးထောင့်စပ်စပ် မျက်နှာကျတွင် မျက်မှန်ထူထူနှင့်၊ ၁၉၇၅ ခုနှစ် ဝန်းကျင်က ဗကပပါတီဝင်ဖြစ်လာသော ရန်ကုန်မှ ပညာတတ် တစ်ဦးဖြစ်သည်။

ကော်ဂျူရှိုင်းဂျာကင် အညိုရောင်၊ စစ်ဘောင်းဘီနှင့် ခါးတွင်မူ တရုတ်စစ်သုံး ပစ္စတို တစ်လက်ချိတ်ထားပြီး ကျွန်ုပ်ရှေ့မှ ခတ်သွက်သွက် လျှောက်၍ ဆေးပေါ့လိပ်ကို လက်ကချသည်မရှိ။ အင်္ကီလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်သည်။

တောတွင်းလမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက်နှင့် (၂) ရက်ကြာ လျှောက်လာပြီးနောက်၊ ဗကပ၏ တောင်ဘက်ဝ, ခရိုင်ရုံးဌာနချုပ်သို့ရောက်လာရာ၊ ဝိုင်းကောင်(ဝ်)ကား ဒေသတွင်း ဘိန်းစိုက်ပျိုးသော ဝ,ရွာတွေလို ညစ်ညစ်စုတ်စုတ် မဟုတ်၊ အတော်အတန် သန့်ရှင်း၍ ရုံးအဆောက်အအုံနှင့် ဆေးရုံးလေးတစ်ရုံအပြင် စစ်တပ်တန်းလျားတွေနှင့် ရွှံအုတ်တိုက် အိမ်တွေလည်း တွေ့ရသည်။ သို့ပေမဲ့ ရုံးဝန်ထမ်းများကား စိတ်ဝင်စားစရာကောင်းသည်။ ဒေသခံ ဝ,လားဟူနှင့် ဗမာကွန်မြူနစ်တွေဖြစ်၍ ၄င်းတို့အထဲတွင် လုပ်သားပြည်သူ့သတင်းစာမှ ဂျာနယ်လစ်တစ်ယောက်ပင် ပါသေးသည်။ ဤ၌ပင် ကျွန်ုပ်တို့အဖွဲ့လည်း တစ်ရက်နားကြရာ ရုံးအဆောက်အအုံတစ်ခုထဲတွင် ထိုင်၍

www.nyisay.com



စကားပြောနေခိုက် အဝေးမှ လက်နက်ကြီးပေါက်ကွဲသံတွေကြားနေရသဖြင့် ပန်ယန်းတွင် တိုက်ပွဲဆက်ဖြစ်နေပြီ။ ထိုနေ့ မွန်လွဲပိုင်းတွင် အစိုးရစစ်သား (၃) ယောက်ကို လက်ရ ဖမ်းလာကြသည်။ သို့ရာတွင် လုံခြုံရေးအကြောင်းပြချက်ဖြင့် ကျွန်ုပ်ကို ဗကပစစ်သားတွေနှင့်တွေ့ခွင့်မပေးသဖြင့် ပန်ယန်းတိုက်ပွဲသတင်းကို သိချင်နေသော ကျွန်ုပ်မှာ အတော်လေးစိတ်အနှောင့်အယှက်ဖြစ်ရသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့ အဖွဲ့ဆက်၍ ထွက်လာရာ မိုးမျှော်တောင်တန်းကြီးတွေ၊ လျှို့စောက်မြစ်ကြီးတွေနှင့် တောင်ကတုံးတွေကြားတွင် ကွက်ကြားကွက်ကြားတွေ့ရသော တောအုပ်တို့ကို ဖြတ်လာရာတွင် ကျွန်ုပ်တို့အပေါ်မှ အစိုးရလေယာဉ် (၂)စင်းဖြတ်သွားသည်။

"ဗုန်းကြဲ၊ တိုက်လေယာဉ်တွေ၊ လားရှိုးကနေ တန့်ယန်းကို သွားတာပဲ ဖြစ်ရမယ်"

အေးသန်းက အော်ပြောသည်။ သို့ဖြင့် ခရီးဆက်လာရာ မန်းဆိုင်ခေါ် ဈေးရွာကြီးတစ်ရွာ ရောက်လာရာ မန်းဆိုင်ကား အစိုးရရှေ့တန်းစခန်းတို့နှင့် အတော်ပင်နီးနေပြီး သံလွင်အရှေ့ခြမ်းမှ အစိုးရတပ်များ၏ တစ်ခုတည်းသော ခြေကုပ်လည်း ဖြစ်၍ ဟိုပန်နှင့် ပင်လုံကြားတွင် တည်ရှိသည်။ 'မော်ဖ'ဧရိယာထဲတွင် မြို့စောင့်တပ်ချထားသော တန့်ယန်းနှင့် မျက်နှာချင်းဆိုင် မန်ကန်ပါဝင်သော်လည်း မန်ကန်ကိုမူ ဗကပတို့ဘက်က တိုက်၍ လုံးဝမရခဲ့ ဤ၌ တပ်ရင်း (၁) ရင်း၊ တစ်ခါတစ်ခါ (၂) ရင်းအထိ ချထားပြီး ရွာပတ်ပတ်လည်တွင် ကတုတ်တူးမြောင်းတွေ အခိုင်အမာတည်ဆောက်ထားရာ တောင်ပေါ်မှ မန်းဆိုင်သို့ မိုးမြင်နေရသည်။ မန်ကန်နှင့် တန့်ယန်းမှ ကုန်သည်တို့က သံလွင်ကိုကူး၍ မန်းဆိုင်သို့လာတတ်သဖြင့် ထိုညတွင် ရွာအပြင်ဘက်ဗကပ စခန်းတစ်ခုတွင် ညအိပ်၍ နောက်တစ်နေ့ မနက်တွင်မူ ဗကပမြောက်ပိုင်းနှင့် တောင်ပိုင်း ဝ,ခရိုင်တို့ကို ခြားထားသော ချောင်းကို ဖြတ်၍ အရှေ့သို့ ပန်း၍ ဆက်လာခဲ့ကြသည်။

တစ်ဖက်ကမ်းတွင်မူ ချောင်းနှင့်အပြိုင်သွယ်တန်းနေသော တောင်တန်းကြီးပေါ် တတ်လာခဲ့ရာ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်၊ နမ့်နန်းချောင်း၏ အနောက်ဘက်တောင်ရိုးပေါ်တွင် အစိုးရတပ်တွေ စခန်းချထားသည်။ နမ့်နန်းလျှို့စောက်ကို လှမ်းတွေ့နေရသော ဝ,ရွာလေးတစ်ရွာတွင် ကျွန်ုပ်တို့ စတည်းချဤနေရာမှ မန်းခန်းမြောက်ဘက်သို့ ကူးပြီး လျှင်မူ ဘရန့်ဆိုင်းနှင့် အဖွဲ့ကို သံလွင်နားတွင် တွေ့လိမ့်မည်ဟု မျှော်လင့်ရသည်။

စက်သေနတ်ကြီးပစ်ခတ်သံတွေကြောင့် အိပ်နေရာမှ ကျွန်ုပ်နိုးလာပြီး တဲပြင်သို့ သန်းအေးကဗျာကယာထွက်သွားရာ မန်းဆန်း အနောက်ဘက် တောင်တန်းပေါ်မှ မီးခိုးတွေ အုတက်နေသည်ကို လှမ်းတွေ့လိုက်ရသည်။ တစ်ဆက်တည်းမှာပင် တစ်ဖျောက်ဖျောက် တဒုတ်ဒုတ်နှင့် ပဲ့တင်သံတွေ တောင်တန်းတွေပေါ်က လွင့်လာပြီး မကြာပါချေ မော်တာပေါက်ကွဲသံတွေ တဂျိမ်းဂျိမ်းထွက်လာတော့သည်။

www.nyisay.com



''ဘာဖြစ်တာလဲ၊ ငါတို့ ရောက်လာတဲ့သတင်းကြားပြီးဟိုဘက်ကမ်းမှာပဲ ရှိသေးတယ် အဆင်နဲ့ ပစ်နေတာလားမသိဘူး။''

''ကျွန်တော်လည်း မသိဘူး။ တစ်ခါတလေ သူတို့ တပ်တွေနဲ့ ကျွန်တော်တို့တပ်တွေ ပစ်ခတ်တာမျိုးတော့ရှိတယ်။ ကျွန်တော်တို့တပ်ရင်းတစ်ရင်းက သူတို့ဘန်ကာတွေကို ဝိုင်းထားတယ်''

သို့ပေမဲ့ ကြားရသော အမြောက်သံစိန်ပြောင်းသံတွေက သေးသေးမွှားမွှား တိုက်ပွဲလေးမဟုတ်ကြောင်း သိသာသည်။ ကျွန်ုပ်တို့ အထုပ်အပိုးတွေ ပြင်ပြီး ဝ, စစ်သားလေးတွေက လားပေါ်တင်ကြပြီး နမ့်နန်းမြစ်အပေါ်မှ တောင်ရိုးအတိုင်း မြောက်ဘက်သို့ ထွက်လာကြရာ တစ်ဖက်တောင်တန်းပေါ်မှ သေနတ်သံတွေ တဖျောက်ဖျောက်နှင့် (၂) နာရီခန့် ကြားနေရပြီးမှစဲသွားသည်။

နေမဝင်မီ တောင်ကုန်းပေါ်မှ ဝ,ရွာလေးတစ်ရွာသို့ ရောက်လာပြီး ဤမှာပင် ဝေလီဝေလင်းက ပေါက်ကွဲသံတွေကိစ္စကို ဖြစ်ကြောင်းကုန်စင် သိရတော့သည်။ ဗမာစစ်တပ်စခန်းရှိသော တောင်နှင့် မန်းဆိုင်ကြားတွင် 'မန်ငွင်း'ခေါ် ရွာတစ်ရွာရှိပြီး ၄င်းရွာတွင် မနေ့ညက အိမ်တက်မင်္ဂလာပွဲကို အိမ်တစ်အိမ်တွင် ကျင်းပကြသည်ဆို၏။

ဤတွင် ဗကပစစ်သားအချို့က မန်ငွင်းရွာတွင်းရောက်လာပြီး အိမ်တက်မင်္ဂလာပွဲမှာ ပျော်ကြပါးကြရာ၊ ရွာမှ အစိုးရသတင်းပေးတစ်ယောက်ယောက်က အစိုးရ တပ်စခန်းကို သတင်းပို့လိုက်ဟန်တူသည်။ နောက်တစ်နေ့မနက် ဝေလီဝေလင်းတွင် မန်ငွင်းရွာကို အစိုးရတပ်တွေ ဝိုင်း၍ အမြောက်တွေနှင့် ထုတော့သည်။ သို့ပေမဲ့ ထိုအချိန်တွင် ဗကပစစ်သားတွေ ရွာထဲတွင် မရှိတော့၊ ညကပင် ပြန်သွားပြီဖြစ်သော်လည်း တစ်ရွာလုံးကို သိမ်းကြုံး၍ အမြောက်ကြီးတွေနှင့် ပစ်ခတ်ကြသဖြင့် သေဆုံးသူ၊ ဒဏ်ရာရသူ ရွာသူရွာသားတွေ အတော်များသည်ဟု ဆိုသည်။ အိုးအိမ်တွေလည်း လုံးဝပျက်စီးသွားပြီး ရွာသားတွေ အားလုံး ရွာကို စွန့်ပြေးသွားကြသဖြင့် စစ်သားတွေရွာထဲဝင်၍ အစားအသောက်နှင့် ပစ္စည်းပစ္စယတွေကို လုယက်သွားကြသည် ဆိုပါ၏။

ကြားရသည့်သတင်းတို့ကား စက်ဆုပ်ရွံရှာဖွယ် ဖြစ်၍ ကျွန်ုပ်ခေါင်းကို ခါယမ်းလိုသာ တတ်နိုင်တော့သည်။ အမှန်အားဖြင့် ဤအေသတွင် အသေခံတွေက ဗကပတွေကို လက်ခံထားခြင်းမှာ မတ် (စ်) ဝါဒ၊ လီနင်ဝါဒ အယူအဆတွေကြောင့်မဟုတ်၊ အစိုးရတပ်တွေလို အကျင့်အကြံအပြုအမူမျိုးမရှိဘဲ၊ အထူးသဖြင့် ရွာကာကွယ်ရေးအတွက် ဗကပက လက်နက်တွေ ထောက်ပံ့နေလို့ပဲ ဖြစ်သည်။

နောက်တစ်နေ့တွင် ဘရန်ဆိုင်းနှင့် အဖွဲ့ရှိရာ သံလွင်နားမှ ဝ,ရွာလေးတစ်ရွာသို့ ရောက်လာခဲ့ကြသည်။ ရွာလေးကား တောနက်ထဲတွင် မြုပ်ကွယ်နေသော်လည်း မနေ့တစ်နေ့က ကြားခဲ့ရသော အမြောက်သံတွေနှင့် သံလွင်မြစ်တစ်ဖက်တွင် စတင်နေသော

www.nyisay.com



စစ်ဆင်ရေးတို့ကြောင့် ဘရန်ဆိုင်းရဲဘော်တွေက ရွာပတ်ပတ်လည်တွင် ကတုတ်ကျင်းတွေ တူးထားကြသည်။ အစိုးရက အမေရိကန်မှ ထောက်ပံ့ထားသော လေယဉ်တို့ဖြင့် 2.4D ခေါ် ဓာတုဆေးရည် တစ်မျိုးကို ဘိန်းခင်းတွေပေါ် ဖျန်း၍ ဘိန်းတိုက်ဖျက်ရေး လုပ်နေကြရာ အမှန်အားဖြင့် ယခုလို လေယာဉ်များထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရလက်လှမ်းမမီသော အဝေးအလံ အရပ်ဒေသတို့မှ ဘိန်းခင်းတို့ကို သတ်ဖို့ ဖြစ်သော်လည်း ယခုမူ အစိုးရထိမ်းချုပ်ထားသော တန့်ယန်းမှ တစ်ရက်ခြေလျင်ခရီးပေါက်သော အရပ်ဒေသတွင် လေယာဉ်တွေပျံနေသည်မှာ မြေပြင်မှ ဗကပတပ်တို့၏လှုပ်ရှားမှုကို ထောက်လှမ်းနေခြင်းသာ ဖြစ်သည်။ နောက်ထပ်ပြောစရာတစ်ခုမှာ 2.4D ပေါင်းသတ်ဆေး ဖြစ်သည်။ အဆိုပါဆေးတွင် ဘေးထွက်ဆိုးကျိုးရှိသည်ဖြစ်၍ အနောက်နိုင်ငံတို့တွင် အကြီးအကျယ် အငြင်းပွားစရာဖြစ်နေသည်။ ဆွီဒင်တွင်မူ သီးပင်စားပင်တို့ စိုက်ပျိုးထားသောနေရာ အနီးတစ်ဝိုက်တွင် သုံးစွဲခြင်းမလုပ်ရဟု ပိတ်ပင်ထားသည်။ ရွှေတြိဂံဒေသမှ ဘိန်းစိုက်သော တောင်သူတို့အနေနှင့်လည်း ဘိန်းခင်းများကြားတွင် ဟင်းသီးဟင်းရွက်တို့ကို ညှပ်၍ စိုက်ထားကြရာ၊ အချို့နေရာဒေသများတွင်မူ ဆိုခဲ့သလို ပေါင်းသတ်ဆေးထိထားသော အသီးအရွက်တို့ကို စားမိသဖြင့် လယ်သမား မိသားစုတွေ ပျို့အန်ကြသလို၊ အချို့ဆိုလျှင် သေလုခမန်းဖြစ်ခဲ့ကြကြောင်း ကြားသိခဲ့ရသည်။ ဤ၌၌ ပြဿနာတစ်ခုမှာ ဆိုခဲ့သလို ဘိန်းခင်းတွေကို ပေါင်းသတ်ဆေး ဖျန်း၍ မဖျက်ဆီးမီ ဘိန်းအစားထိုးသီးနှံ စီမံကိန်းတစ်ခုမျှ အကောင်အထည် ဖော်ခြင်းလည်း မရှိသဖြင့် စင်စစ် ကျွန်ုပ်တို့ကြားနေရသော အဝေးမှ လေယာဉ်ပျံတို့၏ ဘိန်းစစ်ဆင်ရေးကား မန်ငွင်းရွာကို အမြောက်နှင့် ထုသလို ရူးမိုက်သော လုပ်ရပ်သာဖြစ်ပါ၏။

ဝါးတဲထဲတွင် ဘရန်ဆိုင်းကို တွေ့ရပြီး ကချင်နှင့် ရှမ်းစစ်သားအချို့ လုံခြုံရေးယူထားကြသည်။ ဘရန်ဆိုင်းက ထုံးစံအတိုင်း အရှမ်းဖောက်၍ ကြိုဆိုသည်။

"ခင်ဗျားကို ဘယ်လိုမှ ထားခဲ့လို့ မရသလိုပါပဲလား။ လူတစ်ယောက်က ကျုပ်ကို တွေ့ချင်တယ်လို့ တစ်နေ့က ရေဒီယိုမက်ဆေ့(ဂ်) ရကတည်းက ကျုပ်တို့ရဲ့ သူရဲကောင်းဆွီဒင်ဂျာနယ်လစ်ကြီးပဲဖြစ်မယ်လို့ ထင်သား၊ ကဲ... ဒီတစ်ခေါက် လည်း ဘာကိစ္စ... ဆိုပါဦး။

ကျွန်ုပ်က မုံးအာတွင် ဖြစ်ခဲ့သမျှနှင့် ဗကပခေါင်းဆောင်တွေက ထိုင်းနယ်စပ်က ထွက်ဖို့ အတင်းပြောနေသည်တို့ကို ရှင်းပြလိုက်သည်။

"ဟာ... မဟုတ်တာပဲ... ကျုပ်တို့နဲ့ လိုက်လို့ဘယ်ဖြစ်မလဲ၊ ကျုပ်ကရုပ်ဖျက်လို့ရပေမဲ့ ခင်ဗျားအတွက် မလွယ်ဘူးလေ"

သို့ဖြင့် တရုတ်မှ ထွက်ခွာခြင်းသည် တရုတ်အစိုးရကို စိတ်အနှောင့်အယှက်ဖြစ်စေ၍ ဗမာပြည်ကို ကန့်ကွက်လာနိုင်ဖွယ်ရှိသော်လည်း ၄င်းလမ်းကြောင်းသည်သာ

www.nyisay.com



ဖြစ်နိုင်ချေရှိကြောင်း ဘရန်ဆိုင်းနှင့် ကျွန်ုပ်သဘောတူကြပြီး အခြားရွေးချယ်မှုတို့ကိုမူ လုံးဝ ပယ်ချလိုက်ကြသည်။

"ပြီးတော့ ခင်ဗျားတို့မှာ ကလေးငယ်ငယ်လေးလည်း ပါသေးတယ်လေ။ တောထဲမှာနေတာတော်လောက်ပြီ၊ ကလေးငယ်နဲ့ နောက်ထပ် မစွန့်စားသင့်တော့ဘူး"

ဘရန်ဆိုင်းက လေးလေးနက် ဖြည့်၍ ပြောလိုက်ရာ အမှန်တကယ် ယုံကြည်ရသူ တစ်ယောက်နှင့် စကားပြောလိုက်ရပြီဖြစ်၍ ကျွန်ုပ်စိတ်ထဲ အတော်သက်သာသွားပြီး ကျွန်ုပ်တို့ ဘာသာ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်သည်။ ပြီးနောက် ကျွန်ုပ်တို့ စကားလမ်းကြောင်းမှာ လေယာဉ်နှင့်ပေါင်းသတ်ဆေး ဖျန်းနေသော ကိစ္စရောက်သွားရာ ဘရန်ဆိုင်းက သူပုန်တွေ ကူးတို့ကူးဖို့ခက်ခဲသွားအောင် ကူးတို့အနီးက ရွာသူရွာသားတွေကို ခြောက်လှန့်၍ ထွက်ပြေးအောင်လုပ်နေတာဖြစ်ကြောင်း ရှင်းပြသည်။

ပုံမှန်အားဖြင့် သူပုန်တို့က ၄င်းတို့ ချီတက်ရာလမ်းကြောင်းတွင် အစိုးရတပ်တွေ ရှင်း၊ မရှင်း ကျေးရွာတွေဆီ ရှေ့ပြေးကင်းထောက် လွှတ်၍ စုံစမ်းတတ်ကြရာ ယခုလို ဘိန်းခင်းတွေကို ပိုးသတ်ဆေးဖျန်းလိုက်သဖြင့် ရွာကလူတွေ အဝေးတစ်နေရာ မဖြစ်မနေ ရွှေ့ပြောင်းကြရသည်ဖြစ်၍ သူပုန်တို့၏ အဓိက ဆက်သွယ်ရေးလမ်းကြောင်းကို ထိထိမိမိ ဖြတ်တောက်လိုက်ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ (၅) ရက်၊ စတင်ထွက်ခွာသည်မှ (၁၃) ရက်မြောက်တွင် ပန်ဆန်းသို့ ကျွန်ုပ်ပြန်ရောက်လာ၊ ခရီးရှည်ကြီးလျှောက်၍ (၂) နာရီမျှ စကားပြောခဲ့ရသည်ဆိုသော်လည်း ကျွန်ုပ်အတွက် တန်ဖိုးရှိသည်ဟု ယူဆသည်။ သို့ဖြင့် တရုတ်ပြည်ထဲ နောက်တစ်ကြိမ်ဝင်ဖို့ ကျွန်ုပ်တို့ ပြင်ကြဆင်ကြရသည်။

မြေပုံစာရွက်ကို အခန်းထဲက သမံတလင်းပေါ်ဖြန့်ခင်း၍ ဖြစ်နိုင်ခြေလမ်းကြောင်းတို့ကို လေ့လာကြရာ ဆစ်(ပ်)ဆောင်ပန်းနားမှ ဂျင်းဟုန်ခေါ် မြို့ငယ်လေးကို တွေ့ရပြီး လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်ကစ၍ ကမ္ဘာလှည့်ခရီးသည်တို့ ဝင်ရောက်ခွင့် ပြုခဲ့ပြီး တရုတ်နိုင်ငံပိုင် ရုပ်မြင်သံကြားလိုင်းရှိရာ ရုပ်မြင်သံကြားပြောကြသဖြင့် အခက်အခဲတစ်ခုခု တွေ့လျှင် ကျွန်ုပ်တို့ဘက်က လွယ်လွယ်ကူကူ တုံ့ပြန်နိုင်သည်။ ဂျင်းဟုန်ကား ပြီးခဲ့သည့် ကာလများအထိ (၈၁၅) စစ်ဒေသဟု ထင်ရှားခဲ့သော ဗကပ၏ မဲခေါင်မြစ်ဒေသ တစ်ဘက် မြန်မာနယ်ခြားနှင့် ကီလိုမီတာ (၁၀၀) ခန့်တွင် တည်ရှိသည်။

"ပန်ဆန်းအရှေ့ဘက်ကို (၂) ပတ်လောက် ခြေလျင်လျှောက်ရလိမ့်မယ်"

ကျွန်ုပ်က မြေပုံကို ပေတံနှင့် ထောက်တိုင်းရင်း ပြောလိုက်သည်။ ဤ၌ကာရံသင့်လိုက်ပုံက ပြီးခဲ့သည့် လအနည်းငယ်ခန့်ကပင် 'တာမုံးလုံ' ရွာငယ်လေးကို ကမ္ဘာလှည့် ခရီးသွားတွေအတွက် ဖွင့်ပေးလိုက်ကြောင်း ဆိုင်ရောင့်မိတ်ဆွေ ရှမ်းအမျိုးသမီးတွေဆီက ကြားသိခဲ့ရသည်။ ခရီးသွားလမ်းညွှန် စာစောင်လေးထဲတွင် ဖူးမြော်ချင်စရာ

www.nyisay.com

၁၉၈၃ ခုနှစ် ဝိုင်းကောင်(ဝ)မှ 'လားဟူ' နှစ်သစ်ကူး။

စေတီလေးတစ်ဆူနှင့် ဖော်ပြထားသော ရွာငယ်လေးဖြစ်၍ နယ်ခြားနှင့် (၁၀) ကီလို မီတာမျှသာ လှမ်းသဖြင့် ကျွန်ုပ်တို့အတွက် အရေးပါသော နေရာလေးဖြစ်လာသည်။

''တာမုံးလုံအထိ ကိုယ်တို့သွားနိုင်ပြီဆိုရင် ကမ္ဘာလှည့်ခရီးသည်တွေနဲ့ရောပြီး ဂျင်းဟုန်အထိ ဘတ်(စ်)ကားနဲ့ လိုက်သွားလို့ရပြီ။ ဂျင်းဟုန်ရောက်တာနဲ့ ရဲစခန်းမသွားခင် ဘေဂျင်းက ဆွီဒင်သံရုံးနဲ့ ဆက်သွယ်ရမယ်။ အဓိကကိစ္စက နယ်ခြား ဖြတ်တဲ့အခါ ပုလိပ်တွေ မတွေ့ဖို့ဘဲ၊ ကိုယ်တို့ကိစ္စကို ဘေဂျင်းမှာ ဆွေးနွေးပြီးတာနဲ့ အစိုးရအဆင့် ဆွေးနွေးမှု ဖြစ်သွားပြီဆိုတော့ လွယ်လွယ်ကူကူပြီးသွားမှာပါ''

ကျွန်ုပ်အစီအစဉ်ကို ဆိုင်နောင့်က ခေါင်းညိတ်၍ သဘောတူသည်။ ဆိုင်တိုင်းက အသံလွှင့်ရုံဝင်းထဲတွင် တတောက်တောက် လျှောက်သွားရင်း တုတ်ချောင်းတွေ၊ ခဲလုံးလေးတွေနှင့် ဆော့နေသည်ကို ကျွန်ုပ်တို့ လှမ်းကြည့်လိုက်ရာ သမီးက ပြုံးပြသည်။

''သနားစရာကောင်းလိုက်တဲ့ သမီးလေး၊ သူ့အဖေနဲ့ အမေက ရူးရူးမိုက်မိုက်နဲ့ တောထဲတောင်ထဲဆွဲခေါ်လာတာ သူ့ခမျာ မသိရှာဘူး''

နောက်ဆုံးပိတ်၊ ပြင်ဆင်စရာတွေကို ပြင်ဆင်ပြီး တရားမဝင်၊ တဝင် ခရီးစတင်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ မန်းအေးမှ ကျွန်ုပ်တို့ တပ်ပြန်ခေါက်ခဲ့ရသည်မှာ ဗီဇာမပါဆိုသော အကြောင်းပြချက်ဖြစ်သဖြင့် ဗီဇာကိစ္စအတွက် ကြိုတင်ပြင်ဆင်ရသည်။ ယနေ့ကာလတွင် တရုတ်ဗီဇာ ယူဖို့အတွက် အခက်အခဲမရှိတော့၊ နိုင်ငံသားလက်မှတ်၊ ဓာတ်ပုံနှင့် ဗီဇာ

www.nyisay.com

**ပန်ဆန်းတွင် လင့်တနာတို့ မိသားစုကို ကျွေးမွေးစောင့်ရှောက်ခဲ့သော ဦးစံသူနှင့် ဇနီး ဒေါ်စန်းရီ။**

ကြေးပေးလိုက်လျှင် ဟောင်ကောင်မှ ခရီးသွားအေဂျင်စီတွေက တစ်ရက်တည်းနှင့် အပြီး လုပ်ပေးနိုင်သည်။

သို့ဖြင့် ပန်ဆန်းဈေးထဲက ဓာတ်ပုံဆိုင်တစ်ဆိုင်တွင် ကျွန်ုပ်တို့ ဓာတ်ပုံရိုက်၍ ဗီဇာလျှောက်လွှာကို လက်နှိပ်စက်နှင့် ရိုက်လိုက်ပြီး စာရွက်စာတမ်း အထောက်အထား များနှင့်အတူ ကျွန်ုပ်တို့ နိုင်ငံကူးလက်မှတ်တွေကို အညှိုရောင် စာအိတ်ကြီးတစ်လုံးတွင် ထည့်ကာ ဟောင်ကောင်မှ မိတ်ဆွေ 'ဖရန့်'ထံ လိပ်မူလိုက်သည်။ ပထမ, ကျွန်ုပ်တို့ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာတို့ကို မုံးအာမှ စာတိုက်သို့ ပြန်ပို့ခိုင်းဖို့ စဉ်းစားထားသော်လည်း တရုတ်ပြည်တွင်း စာဆက်သွယ်ရေးမှာ အလွန်ကြာနိုင်သဖြင့် ပထမအစီအစဉ်ကို ဖျက်လိုက်ပြီး ဂျင်းဟုန်သို့ ပြန်ပို့ခိုင်းဖို့ ဆုံးဖြတ်လိုက်သည်။ ဂျင်းဟုန်၌ဆိုလျှင် 'ဖရန့်'အနေနှင့် အချိန်အား၍ လာချင်စိတ်ရှိလျှင် ကိုယ်တိုင်ပင်လာပေးလို့ ရနိုင်သေးသည်။

ကျွန်ုပ်တို့၏ အစီအစဉ်အရ ဂျင်းဟုန်သို့ ဧပြီလ သင်္ကြန်ရက်အတွင်းရောက်ဖို့ စီစဉ်ထားရာ ထိုအချိန်တွင် ကမ္ဘာလှည့်ခရီးသည်တွေလည်း ဆစ်(ပ်)ဆောင်ပန်းနားမှာ အုံခဲနေမည်ဖြစ်၍ သူတို့နှင့် ရောသွားနိုင်သည်။ သို့ဖြစ်၍ ဖရန့်အနေနှင့် လူကိုယ်တိုင်လာမည်ဆိုလျှင် ဂျင်းဟုန်မှ ဧည့်ဂေဟာကြီးတစ်ခုတွင် တည်း၍ ကြော်ငြာသင်ပုန်းတွင် သတင်းပေးထားဖို့ပါ စာရေးထည့်လိုက်သည်။

www.nyisay.com



"ကျွန်မက ရှင့်အရင်စောပြီး ဂျင်းဟုန်ကို သွားလို့ရတယ်၊ ဒါကြောင့် အရင်သွားပြီး အားလုံးလေ့လာထားမယ်။ နောက်မှရှင်လိုက်လာခဲ့ပေါ့"

ဆိုင်နောင့်က အကြံပေးသည်။ ပထမ ဂျင်းဟုန်မှ တစ်ဆင့် ဘေဂျင်းအထိ ဆက်သွားဖို့ စဉ်းစားသေးသော်လည်း ဂျင်းဟုန်မြောက်ဘက်တွင် စစ်ဆေးရေးဂိတ်တွေ ရှိပြီး အဓိကအားဖြင့် ဗမာတွေ တရုတ်ပြည်ထဲအထိ မဝင်နိုင်ဖို့နှင့် နိုင်ငံခြားခရီးသွားဧည့်သည်တွေကို မှတ်ပုံတင်ဖို့ဖြစ်၍ ၄င်းအစီအစဉ်ကို ဖျက်လိုက်ပြီး ဂျင်းဟုန်ကပင် အဆက်အသွယ်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

သို့ရာတွင် ကျွန်ုပ်တို့ အစီအစဉ်နှင့် ပတ်သက်၍ ဗကပခေါင်းဆောင်ပိုင်းက သိပ်မကြည်လင်၊ တရုတ်နှင့် အကဲဆတ်သော ဆက်ဆံရေး ထိခိုက်မှာစိုးရိမ်နေကြသည်ဖြစ်၍ ဟန်ပင်မဆောင်နိုင်ကြတော့ဘဲ တည်ငြိမ်ထဲ ညည်းနေကြသည်။ သို့ပေမဲ့ မတတ်နိုင်၊ ဤကိစ္စသည် ကျွန်ုပ်တို့ကိစ္စ၊ ကျွန်ုပ်တို့စွန့်စားမှုသာ ဖြစ်သည်။ ဤအတောအတွင်း မိတ်ဆွေတစ်ယောက် ဘေဂျင်းသွားမည်ဖြစ်၍ သူနှင့်အတူ ကျွန်ုပ်တို့ စာအိတ်အညှိကြီး ထည့်ပေးပြီး ဟိမှာ မှတ်ပုံတင် ပို့ခိုင်းလိုက်သည်။

ပန်ဆန်းမှ ဖေဖော်ဝါရီကား တိတ်ဆိတ်စွာ ကုန်ဆုံးသွားသည်၊ ဆိုင်နောင့်က နေ့စဉ် တရုတ်စာသင်တန်းသွားတက်ပြီး ကျွန်ုပ်က နေ့ဘက်မှာ စာရေးပြီး ညဘက် ရေဒီယိုနားထောင်သည်။ တစ်ခါတစ်ခါ SSA ရုံး၊ ဒါမှမဟုတ် ဈေးထဲဟိုလျှောက်သည်လျှောက်, လျှောက်ကြသည်။ သို့ပေမဲ့ ဗကပစစ်သားတစ်စုက နောက်က အမြဲလိုက်နေရာ သူတို့ကြည့်ရသည်မှာ ကျွန်ုပ်တို့ကို စောင့်ရှောက်နေသည်နှင့်မတူ၊ ထွက်မပြေးအောင် စောင့်နေသည်နှင့် တူနေရာ တဖြည်းဖြည်းနှင့် ကျွန်ုပ်တို့မှာ အထီးကျန်သလို ခံစားလာရပြီး ကျွန်ုပ် ဒိုင်ယာရီစာမျက်နှာတွေပေါ်က စာကြောင်းတွေကလည်း တဖြည်းဖြည်း တိုးလာသည်။

"စောစောအိပ်ရာထ၊ ဆိုင်တိုင်းက အလွန်ဆူ၊ (၇း၃၀) နာရီ ပန်ယန်းဘက်က အမြောက်သံတွေကြား၊ တစ်နေကုန်အိမ်မှာနေ၊ စာဖတ်၊ စာရေး၊ အံ့စာတုံးပစ်တမ်းကစား၊ BBC နားထောင်"

မတ် (၈) ရက်နေ့တွင် ဗကပက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့အဖြစ် တော်လှန်ရေးသီချင်းတွေ၊ ဆွေးနွေးဟောပြောပွဲတွေ ကျင်းပကြရာ "တရုတ်ပြည် ခရီးရှည် ချီတက်ပွဲကာလ အမျိုးသမီးများ၏ အခန်းကဏ္ဍ" အကြောင်း ဟောပြောသည်။ ဆိုင်နောင့်က ဓာတ်ပုံရိုက်ဖို့ထွက်သွား၍ ကျွန်ုပ်အိမ်မှာကျန်ခဲ့ကာ ဗကပအနေနှင့် ပြည်တွင်းကဖြစ်စေ၊ တခြားနေရာကဖြစ်စေ ခေတ်ပြိုင်အရှိတရားတွေကို ဘယ်တော့များမှ အမီလိုက်နိုင်မည်ကို စဉ်းစားကြည့်နေမိတော့သည်။

www.nyisay.com



မတ်(၉)ရက် နောက်တစ်နေ့တွင်မူ ကျွန်ုပ်တို့၏ ဒေသခံအဆက်အသွယ်တစ်ဦး ဆီက သတင်းရောက်လာသဖြင့် 'တာမုံးလုံ'နှင့် ဆန့်ကျင်ဘက် နယ်စပ်သို့ ဆင်းဖို့ အထုပ်အပိုးတွေ ထုပ်,ကြ ပိုးကြသည်။ ဆိုင့်နောင့်တို့သားအမိက ဘတ်(စ်)ကားနှင့် တရုတ်ပြည်ထဲက ဖြတ်သွားပြီး၊ ဗမာပြည်ဘက်ခြမ်း နယ်ခြားစခန်းတစ်ခုတွင် ကျွန်ုပ် နှင့် ပြန်ဆုံကြမည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သွားတော့မည့်အကြောင်း မိတ်ဆွေတချို့နှင့် ဗကပ ခေါင်းဆောင်တွေကို ပြော၍ နှုတ်ဆက်ရာ ဗကပတွေက မထည့်ချင်ထည့်ချင် နှင့် ကျွန်ုပ်အတွက် လုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့နှင့် ရိက္ခာဝန်တင်လားတွေ ထည့်ပေးလိုက်သည်။ မထွက်ခွာမီတစ်ညတွင်မူ စံသူတို့ လင်မယားဆီသွားလည်ကြရာ ကျွန်ုပ်တို့ နှစ်ယောက် တရုတ် တောအရက်တစ်ပုလင်းသောက်ကြရင်း စံသူက သူ၏ မော်စကို နေ့ရက်တွေကို နောက်ဆုံးအနေနှင့် တလွမ်းတဆွေးပြန်ပြောပြပြန်ပါသည်။ ထိုညအိပ်ရာ မဝင်မီ BBC မြန်မာပိုင်းအစီအစဉ် နားထောင်လိုက်သေးသည်။

မြန်မာပြည်, ပြည်တွင်းစစ်သမိုင်းတစ်လျှောက် ထူးထူးခြားခြား မှတ်သွားဖွယ် နှစ်ကာလတွေထဲက တစ်ခုသောကာလအတွင်းတွင် သူပုန်ရှေ့တန်းလိုင်း၏ နောက်ကျော တွင် ကျွန်ုပ်တို့ရှိနေရာ၊ ယခုပင် BBC အသံလိုင်းက မြန်မာပြည်စီးပွားရေးမှာ အလွန်အမင်း ဆိုးဝါးလာနေကြောင်း အရှေ့ဖျားစီးပွားရေး ရီဗျူးမှ ဆောင်းပါးတစ်ပုဒ်ကို ကိုးကား၍ အသံလွှင့်နေရာ၊ အနာဂတ်မြန်မာပြည်တွင် ဘာတွေဘယ်လိုပြောင်းလဲတော့မည်ကို စူး စမ်းလေ့လာဖို့ရာအတွက် ကျွန်ုပ်တို့ ဘန်ကောက်ပြန်ဖို့ အချိန်ကျနေလေပြီ။

○

www.nyisay.com

# ကျိုင်းတုံတောင်တန်းကိုကျော်၍

ဗကပဌာနချုပ်နှင့် ဈေးတစ်ဝိုက်တွင် အစိုးရသတင်းပေးတွေ လှုပ်ရှားနေတတ်သဖြင့် အရဏ်မကျင်းမီ ထွက်ဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်ထားသည့်အတိုင်း မနက် (၄) နာရီတွင် နှီးစက်နှင့် အိပ်ရာထကြပြီး လားထိန်းတွေနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကလည်း ခြံဝင်းထဲတွင် အသင့်ပြင်ဆင်ကြသည်။

လားထိန်းတရုတ်မှာ သူ့တာဝန်ကို အထူးအလေးထားသူ ဖြစ်သည်။ သူသည် တရုတ်ဖြစ်သော်လည်း အသားမည်းပြီး ခြေတစ်ဖက်ခွင်နေသည်။ စကားပြောလျှင် တံခါးပတ်ဟာမည်သံလို တစ်ကျိုကျိုနှင့် ပြောတတ်ပြီး လားထိန်းကောင်းသူဖြစ်၍ လားများကို အော်ငေါက်ဆဲဆိုနေရသဖြင့် သူ့ကို ကျွန်ုပ်တို့လင်မယားက ''မြင်းလူ'' ဟု နာမည်ပေးလိုက်သည်။ ဆိုင်နောင်တို့သားအမိက ဘတ်(စ်)ကားနှင့်သွားပြီး ကျွန်ုပ်တစ်ယောက်တည်း ခြေလျင်ခရီးရှည် လျှောက်ရတော့မှာဖြစ်၍ တင်းကျပ်နေသော ကျွန်ုပ်တို့ စိတ်တွေမှာ ဟာသတွေပြောပြီး ရယ်လိုက်ရသဖြင့် နည်းနည်းတော့ သက်သာသွားသည်။

ယခုတစ်ကြိမ် ကျွန်ုပ်၏ လမ်းပြမှာလည်း ပညာတတ်လူငယ်အေးသန်းပင် ဖြစ်သလို လုံခြုံရေးတပ်ဖွဲ့ဝင်တွေကလည်း ထုံးစံအတိုင်း တဟီးဟီး၊ တဟားဟား လုပ်နေသော ဝ,ကောင်လေးတွေပဲ ဖြစ်သည်။ ယခုလည်း ခြေတစ်ဘက်ခွင်နေသူ လားထိန်းက ဝန်စည်စလှယ်တွေကို ခဲရာခဲဆစ်နှင့် လားပေါ်တင်နေသည်ကို ကြည့်ပြီး ရယ်နေကြပြန်ပါသည်။ ဆိုင်နောင်တို့သားအမိ တရုတ်ပိုင်နယ်ထဲက ဖြတ်သွားရာတွင်လည်း ဖြစ်နိုင်သမျှ လျှို့ဝှက်ထားလိုသဖြင့် ပစ္စည်းပစ္စယတွေအားလုံးနီးပါး ကျွန်ုပ်နှင့် ပါလာသည်။

စံသူတို့လင်မယားနှစ်ယောက်၊ လာရောက်နှုတ်ဆက်သဖြင့် ဘန်ကောက်မှ ဝက်အူချောင်းနှင့် မုန့်ညင်းနက်ဆော့(စ်) တို့ပို့ပေးမည်ဟု ကတိပေးခဲ့သည်။ ထိုနောက်

www.nyisay.com



ဆိုင်နောင့်နှင့် ဆိုင်တိုင်းတို့ကို တစ်ချက်နမ်းလိုက်ပြီး အသဲလွှင့်ရုံဟောင်းကြီးကို နောက်ဆုံး အကြိမ်ကျောခိုင်း၍ ဝ, စစ်သားတစ်အုပ်နှင့် လားတစ်ကောင်နောက်မှ ကျွန်ုပ်၏ ခြေလှမ်းတို့ကို စတင်လိုက်ပါ၏။

အရှေ့မြောက် စစ်တိုင်းရုံးကို ဖြတ်၍ ပင်မလမ်းမကြီးအတိုင်း လိုက်လာပြီး ပန်ဆန်းဆေးရုံနှင့် ဆန့်ကျင်ဘက် တောင်ကုန်းပေါ်တွင် တည်ထားသော စာသင်ကျောင်းနားအရောက်တွင် ဘယ်ဘက်ချိုးလာကြရာ၊ နေ့မထွက်မီ ပန်ဆန်းနှင့် ဝေးဝေးရောက်ဖို့ ကျွန်ုပ်တို့တွေတွန်း၍ လျှောက်လာကြသဖြင့် လားကျောပေါ်က ဝန်စည်စလှယ်တွေ ချည်ထားသော ကြိုးမှ တကျိကျိမြည်နေသော်လည်း ကျွန်ုပ်တို့ ခြေသံတွေက လမ်းပေါ်က ဖုန်တွေထဲမှာ ဝတ်နေသည်။ နမ့်ခါမြစ်ကို ကူးရာတွင် ပန်ယန်းရှေ့တန်းမှ (၈၁၅) စစ်ဒေသသို့ ပြန်လာသော တပ်စိတ်တစ်စိတ်က မြစ်တစ်ဘက်တွင် စောင့်နေပြီး ကျွန်ုပ်တို့ကူးလာရာ ရွာတွေကား အိပ်ရာမနိုးသေး။ သို့ပေမဲ့ နမ့်ခါ မြစ်တစ်ဘက်တောင်စောင်းပေါ် အရာဏ် မကျင်းမီ အမှောင်ထုအောက်တွင်မူ မီးတောက်တွေ တဖျပ်ဖျပ်တောက်နေသည်ကို တွေ့နေရသည်။ ဘိန်းခင်တွေ ရိတ်သိမ်းပြီးချိန်ဖြစ်၍ ပြောင်းစိုက်ပျိုးဖို့ အခင်းတွေကို မြေပြင်နေချိန်ဖြစ်သည်။

မြစ်တစ်ဖက်မှ သစ်ထွင်းလှေတွေနှင့် သွားနေသော တပ်စိတ်ကို ကျွန်ုပ်တို့မီလာပြီးနောက် အရှေ့တောင်ဘက် တရုတ်နယ်စပ်တစ်လျှောက် ဆက်၍ချီတက်လာခဲ့သည်။ အေးသန်းက ကျွန်ုပ်နောက်တွင် သုံးလေးလှမ်းမျှကျန်ခဲ့ပြီး နံနက်နှင်းရည်တို့ဖြင့် စိုစွတ်နေသော ကိုင်းပင်ရှည်ကြီးတွေကြားမှ တောင်ပေါ်လမ်းလေးအတိုင်း တိတ်ဆိတ်စွာ တက်လာခဲ့ကြသည်။ ပန်ဆိုင်းအနောက်စစ်မြေပြင်မှ ပြန်လာကြသော တပ်ဖွဲ့များကား ပျော်ရွှင်နေကြပြီး အရာဏ်ကျင်း၍ တောင်ပေါ်သို့ အလင်းရောင်တို့ ဖြာကျလာသည့်အခါတွင်မူ ပန်ယန်းတစ်ဝိုက်တွင် သူတို့တိုက်ခဲ့ရသော သွေးပျက်ဖွယ်တိုက်ပွဲအကြောင်း တစ်ယောက်တစ်ပေါက် ပြောဆိုသွားကြသည်။ နေအတော်မြင့်လာပြီးနောက် နံနက်စာ စားဖို့အတွက် ဝ,ရွာလေးတစ်ရွာတွင် ကျွန်ုပ်တို့ရပ်နားလိုက်ကြသည်။

ထုံးစံအတိုင်း ကျွန်ုပ်အတွက် ခေါက်ဆွဲနှင့် စည်သွတ်အသားဗူးတို့ပြင်ဆင်ပေးပြီး စစ်သားလေးတွေကမူ ဝက်ဆီနှင့် ကျော်ထားသော ဟင်းရွက်ကြော်၊ ငရုတ်သီးနှင့် ထမင်းစားကြရာ ကျွန်ုပ်စားရသော အစားအစာတို့မှာ ဆင်းရဲသည်ဆိုသော်လည်း သူတို့နှင့် အခွင့်ထူးခံဖြစ်နေသလို ခံစားလိုက်ရသည်။ ဤမျှမက စားပြီးသွားသည့်အခါ ကော်ဖီပူပူ မတ်ခွက်တစ်ခွက်နှင့် ဆေးပေါ့လိပ်ခဲ့၍ပင် နေရသေးသည်။

တရုတ်နယ်စပ်နှင့်အပြိုင် တောင်ရိုးမှာ ထင်းရူးပင်တွေ အုပ်ဆိုင်းနေသဖြင့် ထိုနေ့တစ်နေလုံး တွန်းတွန်းတိုက်တိုက် ချီတက်လာကြပြီး တောင်ကျစမ်းချောင်းလေးတွေကို ဖြတ်ရသည့်အခါမှသာ လူနှင့် တိရိစ္ဆာန်တွေ ရေအဝသောက်ဖို့ ရပ်နားခဲ့ကြသည်။

www.nyisay.com



ရာသီကား မတ်လကုန်ဖြစ်၍ စိတ်မှာ လန်းဆန်းတက်ကြွနေသည်။ သို့ပေမဲ့ ပန်ဆန်းမှ ထွက်ခွာလာရသည်မှာ ပါကျောင်ကို ကျောခိုင်းခဲ့ရစဉ်က ဝမ်းနည်းမှုမျိုးမရှိ၊ ယခု ဟောင်ကောင်နှင့် ဘန်ကောက်က ကျွန်ုပ်တို့ကို လက်ယပ်ခေါ်နေလေပြီ။ ဘိန်းခင်းတွေကြားမှ စမ်းချောင်းလေးဖြတ်စီးနေသော ချိုင့်ဝှမ်းသို့ ရောက်လာချိန်တွင် ဆည်းဆာပြို၍ နောက်ထပ် ထင်းရူးတောင်တစ်တောင်ကိုဖြတ်၍ ပို၍ကျယ်ဝန်းသော ချိုင့်ဝှမ်းသို့ ဆင်းလာပြီး မုံးပေါက်ခေါ်ရွာကြီးတစ်ရွာ ရောက်လာချိန်တွင်မူ အလင်းရောင်လုံးဝ ကွယ်၍ အမှောင်ဖုံးသွားလေပြီ။

ရွာလယ်ဈေးကွက်လပ်တွင် အစိုးရထိန်းချုပ်မြို့မှ ရုပ်ရှင်ပြစက်အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး၊ မီးစက်သံတဂျုံးဂျုံးနှင့် တရုတ်ကွန်ဖူးကားပြနေသဖြင့် လူတွေအုံခဲနေသည်။ ရုပ်ရှင်ပိတ်ကားကိုမူ အိပ်ယာခင်းသုံးလေးခု ဆက်၍ ဝါးလုံးတိုင် (၂) တိုင်ဖြင့် ထောင်ထားသည်။ ကျွန်ုပ်တို့ကမူ ရွာပြင် ဗကပရုံးတွင် စတည်းချကြရာ တစ်နေကုန်ခြေလျင် ခရီးကြမ်းလျှောက်လာရသဖြင့် ပင်ပန်းနေရာ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။

နံနက်အဆာပြေစားကြသည့်အခါ ဒေသခံအုပ်ချုပ်ရေးမှူးက မုံးပေါက်တွင် အုတ်နှင့်အခိုင်အမာဆောက်ထားသော ရိုမန်ကက်သလစ်ဘုရားကျောင်းရှိကြောင်း သိရ၍ ကျွန်ုပ်မှန်းဆရသည်မှာ ၁၉၇၄ ခုနှစ် ဗကပတွေဝင်လာသည့် အချိန်အထိ ဤရွာတွင် အီတလီဘုန်းတော်ကြီးတစ်ပါး ရှိနေဟန်တူသည်။ သူ့အတွက် ဗကပဖြစ်စေ၊ မဆလဖြစ်စေ၊ အကြောင်းမထူးသဖြင့် တောင်တန်းဒေသလူမျိုးစုတွေကြားမှာ သူ့ဘဝတစ်လျှောက်လုံး နှစ်မြုပ်ခဲ့ပြီး တစ်နေ့ အစိုးရထိန်းချုပ်ထားသော ကျိုင်းတုံမြို့သို့ ခရီးတစ်ခေါက် ရောက်သွားသည်တွင် အာဏာပိုင်တွေက သူ့ကို ပြန်မလွှတ်တော့ဘဲ တားမြစ်လိုက်ခြင်းဖြစ်သည်။

ဆိုခဲ့သလို ခရစ်ယာန်ဘာသာအတွက် ဘဝကို နှစ်မြုပ်ခဲ့သော အီတလီဘုန်းတော်ကြီး၏ ဘုရားကျောင်းတော်ကို သွားရောက်ကြည့်ချင်ပါသော်လည်း ကျွန်ုပ်တွင် အချိန်မရှိ။ အရာဏ်၌ပင် ခရီးထွက်ဖို့ပြင်ရသည်။ ကျွန်ုပ်တို့တစ်ဖွဲ့လုံး ရှေ့နောက်တန်း၍ ချိုင့်ဝှမ်းလွင်ပြင်တစ်လျှောက် ကွေ့ကွေ့ကောက်ကောက် လျှောက်လာခဲ့ပြီး တောင်တက်ခရီးစတင်ပြန်သည်။ ထင်းရူးလွှမ်းသော တောင်ရိုးပေါ်တွင် လေတသုန်သုန်နှင့် အောက်ဘက်တွင်မူ စပါးခင်းစိမ်းစိမ်းတွေ တွေ့နေရသဖြင့် ကျွန်ုပ်ငယ်ငယ်က ကျင်လည်ခဲ့သော ဆွိဒင်အလယ်ပိုင်းကို ပြေးမြင်မိသေးသည်။

သို့ပေမဲ့ တဖြည်းဖြည်း နေပြင်းလာသဖြင့် ရေဆာလာပြီး ခရီးကလည်း တက်လိုက်၊ ဆင်းလိုက်နှင့် အားသွန်ခွန်စိုက် နှင်နေရသဖြင့် တစ်ကိုယ်လုံး ချွေးတွေရွဲရွဲနစ်၍ နှုတ်ခမ်းတွေ ခြောက်ကပ်အက်ကွဲလာသည်။ ထိုတစ်နေ့ ကျွန်ုပ်တို့၏ ခရီးဆုံးမှာ တရုတ်နယ်စပ်အနီးမှ 'ဝမ်ဟိုတောင်း(ဝ်)' ရွာဖြစ်ရာ ရွာသို့ဦးတည်နေသော လမ်းတချို့ကို ဗကပက

www.nyisay.com



ဖောက်လုပ်ထားသော်လည်း သင့်တင့်လျောက်ပတ်စွာ ပြုပြင်ထိမ်းသိမ်းခြင်းမရှိသဖြင့် ခရော်ခရွတ် ဖြစ်နေသည်။ ရွာကိုမူ တောင်ကတုံးတွေနှင့် တောင်ကျစမ်းချောင်းလေးတွေ ကြားတွင် တည်ထားပြီး ပတ်ဝန်းကျင်တွင် ကိုင်းမြက်ရှည်ကြီးတွေ ဝိုင်းနေသည်။ ရွာလယ်တွင် သက်ငယ်မိုးဆိုင်ခန်းလေးတွေ တန်းထားသော ဈေးကြီးတစ်ဈေးရှိပြီး ပတ်ချာလည်တွင်မူ ပျဉ်ထောင်နှင့် ရွံအုတ်အဆောက်အအုံတွေ ရံထားသည်။ ဈေးထဲသို့ ကျွန်ုပ်တို့ ဝင်လာသည်တွင် မြင်းစီး၍ လူတစ်စု ကျွန်ုပ်တို့ဆီ ချဉ်းကပ်လာနေသည်ကို သတိထားမိလိုက်ရာ၊ အချို့က တူးမီးသေနတ်တွေ ကျောမှာ လွယ်ထားသည်။ သို့ဖြင့် နောက်တစ်ကြိမ် သေသေချာချာ ကြည့်လိုက်ရာ ဗုဒ္ဓဘာသာဘုန်းကြီးတွေဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရသဖြင့် တစ်ခါက ကျွန်ုပ်ဖတ်ဖူးသော 'ရွှေကျောင်းဘုန်းကြီး' အကြောင်းကို သတိရလိုက်သည်။ ရှမ်း-တရုတ် နယ်ခြားတစ်လျှောက်တွင် သီတင်းသုံးကြကုန်သော အဆိုပါ ဘုန်းဘုန်းတို့သည်ကား ကယ်ပေါက်အုပ်ရိုးဖြင့် ကာရံထားသော ကျောင်းထဲတွင် ဘိန်းစားကြကုန်၏။ မိန်းမနှင့်အိပ်ကြကုန်၏။ အဆိုပါ စာအုပ်ကို ရေးသားခဲ့သည်မှာ ရာစုတစ်စုနီးပါးမျှ ကြာခဲ့ပြီဖြစ်၍ ကျွန်ုပ်အထင် ရွှေကျောင်းဘုန်းကြီးတွေ မရှိတန်တော့ဘူးဟု ယူဆခဲ့သော်လည်း ယခုမူ မြင်းကိုယ်စီဖြင့် ဟန်နှင့် မာန်နှင့် ကျွန်ုပ်အနားမှ ဖြတ်သွားကြလေရာ၊ နောင်မှ ကျွန်ုပ်သိရသည်ကား တရုတ်နယ်စပ်တွင် ရွှေကျောင်းဘုန်းကြီးတွေ ပျောက်ကွယ်သွားသော်လည်း ယခု ကျိုင်းတုံမြောက်ဘက် တောင်များကြားတွင် ကျန်ရှိနေသေးသည်ဟူ၏။

ကျိုင်းတုံနယ်ကား ဘယ်လ်ဂျီယံနိုင်ငံတမျှ ကျယ်ဝန်းသော်လည်း လူနေကျပါးပြီး ဝေးသီခေါင်၍ ဖွံ့ဖြိုးမှုမရှိသော နေရာဒေသတို့တွင် လူမျိုးစုတိုင်းရင်းသားမြောက်များစွာနေထိုင်လျက်၊ အနောက်ဘက်တွင် ရှမ်းပြည်နယ်၊ မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် တရုတ်၊ လာအိုနှင့်ထိုင်းနိုင်ငံတို့ထိစပ်နေသည်။ ယနေ့ဇကပတို့ ထိန်းချုပ်ထားသည့်တိုင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ၄င်းတို့မှ ပါလာသော အရပ်ရပ် လွှမ်းမိုးမှုတို့သည်ကား ယခင်ပုံစံအတိုင်း ရှိနေသေးကြောင်း မှန်းဆနိုင်သည်မှာ သေနတ်လွယ်၍ မြင်းစီးနေသော ဘုန်းကြီးတွေက သက်သေထူနေပါသည်။ သို့ပေမဲ့ တစ်ချိန်တည်းမှာပင် မြောက်ဘက်စွန်း နယ်စပ်မှ စော်ဘွားပိုင် ရှေးဟောင်းမြို့ငယ်လေး 'ဝမ်ဟိုတောင်း(ဝ်)' သည်ကား မြန်မာ၊ တရုတ်၊ ထိုင်းနှင့် အင်ဒိုချိုင်းနားတို့ကြားမှ တရားမဝင် မှောင်ခိုလမ်းကြောင်းပေါ်တွင် တည်နေသော ကုန်သွယ်ရေးမြို့ငယ်လေးအဖြစ် ယနေ့တိုင် အရေးပါနေဆဲ။

ဈေးထဲသို့ လျှောက်လာသည့်အခါ ဝါးအခင်းဆိုင်ခန်းလေးတွေပေါ်မှာ စားကုန်သုံးကုန် ပစ္စည်းတွေ၊ ဗမာဆေးပေါ့လိပ်၊ တရုတ်အဝတ်အထည်နှင့် ယိုးဒယားခေါက်ဆွဲခြောက်ထုပ်တွေ၊ သူတို့တွေထဲမှာ နေရာအယူဆုံးကတော့ လစ်ဗာပူး 33 တီရုပ်တွေ၊

www.nyisay.com



နေရာတိုင်းမှာ ပုံအောထားသည်။ စက်ဘီးအနက်တွေနှင့် တရုတ်မတွေက ကျွန်ုပ်တို့ဘေးမှ 'လျှစ်ခနဲ လျှစ်ခနဲ' ဖြတ်၍ ဒေသဗကပရုံးဘက်သို့ တက်သွားကြပြီး ထိုမှ တရုတ်ပြည် တစ်ဘက်ကမ်းနှင့် မုံးလျန်ဈေးမြို့လေးသို့ အားစိုက်နင်းသွားကြသည်။

ပါတီရုံးဝင်းသို့ ကျွန်ုပ်တို့ရောက်လာချိန်တွင် မှောင်ရီပျိုးပြီး ဖြစ်သော်လည်း ဗကပရုံးမဝင်းအတွင်းမှာမူ တရုတ်ပြည်မှ ကေဘယ်ကြိုးတို့ဖြင့် သွယ်ယူထားသော လျှပ်စစ်မီးဖြင့် ထိန်ထိန်လင်းနေသည်။ ထိုညက သပ်သပ်ရပ်ရပ်ပြင်ဆင်ထားသော ခြံတန်း စည်းရိုးလေးနှင့် ပန်းခြံတွင် ကျွန်ုပ်တို့ ညစာစားကြရာ၊ အေးသန်းက ထုံးစံအတိုင်း မထုံတက်တေး၊ ကျွန်ုပ်က တရုတ်ကုန်ပစ္စည်းတွေ တင်ထားသော လားတွေနှင့် အစိုးရ ပိုင်မုံးယန်းနှင့် ကျိုင်းတုံသို့ သွားနေကြသော ကုန်သည်တွေကို ကြည့်နေမိသည်။ ယခု ပစ္စည်းမဲ့ တော်လှန်ရေးမီးတောက်ကြီး ပြာဖုံးသွားပြီး ဗကပသည်လည်း ကုန်းကြောင်း လျှောက်၍ ကုန်ရောင်းကုန်ဝယ် အလုပ်ဖြင့် ရှင်သန်နေကြရသော ကုန်သည်တွေဆီက ကောက်ယူနေသော အခွန်အခတို့ဖြင့်ပင် ကျေနပ်သွားဟန်တူသည်။

ဝမ်ဟိုတောင်း(ဝ်)တွင် ဘိန်းဖြူချက်နိုင်သော 'ဟောင်ပီ' ခေါ် ပန်းရောင်ဘိန်းအဆင့်ကို ထုတ်လုပ်နေကြောင်း ပန်ဆန်းမှ ဝ, စစ်သားလေးတွေဆီက ကျွန်ုပ် ကြားထားသလို ယခု ဤနေရာတွင် ကိုးကန့်တရုတ်တွေ တော်တော်များများ တွေ့ရသဖြင့် ဝ,စစ်သားတွေဆီက သတင်းမှာ ဖြစ်နိုင်ခြေများကြောင်း မှန်းဆ၍ရသည်။ သို့ပေမဲ့ ကျွန်ုပ်က ဗကပရုံးတွင် ခေတ္တတည်းခိုနေရသူဖြစ်၍ ထိုသတင်းကို မေးစမ်းကြည့်ဖို့ မသင့်ဟု ယူဆသဖြင့် ကိုယ့်ဘာသာတစ်ယောက်တည်း ဘရန်ဒီတစ်ခွက်နှင့် BBC နားထောင်ရင်း၊ (၁၀) နာရီ လျှပ်စစ်မီးဖြတ်တောက်လိုက်သည်နှင့် အိပ်ရာဝင်လိုက်တော့သည်။

ဝမ်ဟိုတောင်း(ဝ်)၏ အရှေ့ဘက်၊ မနေ့က ကျွန်ုပ်တို့လျှောက်ခဲ့သော နယ်မြေကား တောင်ပေါ်တိုင်းရင်းသားတွေ ရောပြွမ်းနေကြရာ စိမ်းလန်းသော ချိုင့်ဝှမ်းလွင်ပြင်တို့တွင် ရှမ်းတိုင်းရင်းသားများနေထိုင်ကြပြီး အဓိက ဈေးရှိသော နေရာများတွင် တရုတ်တွေကို တွေ့ရတတ်သည်။ ဘိန်းစိုက်ပျိုးသော တောင်ပေါ်ရွာများတွင်မူ ပလောင်၊ လားဟူအခါနှင့် ဝ,တို့ နေထိုင်လျက်ရှိသည်။ သို့ပေမဲ့ ရှမ်းရွာတွေက အခြားရွာတွေထက် ဆင်းရဲပြီး ခေတ်နောက်ကျနေရာ၊ နေရာအတော်များများတွင် ခရိုးခရင်ဝါးအိမ်လေးတွေနှင့် နေထိုင်ကြပြီး၊ ပျဉ်ပြား ဂျပ်ပိတ်လှည်းဘီးကြီးတွေနှင့် ကျဲနှစ်ကောင်ဆွဲသော လှည်းတကျီကျီနှင့် ရွာလမ်းလေးတွေတစ်လျှောက် သွားလာနေကြရာ စေတီပုထိုး၊ ဘုန်းကြီးကျောင်းနှင့် ရေသွင်းစပါးခင်းတွေသာ မတွေ့ခဲ့လျှင် ဆင်းရဲမွဲတေဖွတ်ဘိုးအေဖြစ်နေသော ရှမ်းလူမျိုးတို့ကို ဘာလူမျိုးမှန်းပင် မှန်းဆရခက်ပေလိမ့်မည်။

နေပူရှိန်ပြင်းပြင်းအောက်တွင် တောင်စောင်းတွေပေါ်မှာ မီးရှို့နေသည့်အတွက် မျက်စိတစ်ဆုံး မီးခိုးငွေ့တွေဖုံး၍ မိုးကုပ်စက်ဝိုင်းကိုကျောပေးထားသော တောင်တန်းကြီး

www.nyisay.com



တွေ၏ ကောက်ကြောင်းမျဉ်းတွေသည်ပင် ဝေဝါးသွားသည်။ မြေပြင်ပေါ်တွင် အစေးထုတ်ပြီးသား ဘိန်းသီးနှင့် အခွံအခြောက်တွေပြန့်ကျဲနေသဖြင့် ခြေနှင့်နင်းလိုက်သည့်အခါ တိုင်း တကျွတ်ကျွတ်၊ တဂွတ်ဂွတ် မြည်လာသည်။

နွေရာသီချဉ်းကပ်လာပြီဖြစ်ကြောင်း နောက်ထပ်သင်္ကေတတစ်ခုမှာ နှင်းခဲတွေလို ဆွတ်ဆွတ်ဖြူရွနေသော ချယ်ရီပန်းတွေ တဆုပ်တခဲပွင့်နေတာပဲဖြစ်သည်။

သို့ပေမဲ့ ကျွန်ုပ်၏ လမ်းလျှောက်ရှူးဖိနပ်က ပြင်ရတာများလွန်းသဖြင့် တဖြည်းဖြည်း ကျပ်လာရာ၊ လမ်းလျှောက်ရသည်မှာ တော်တော်ဒုက္ခများလာသည်။ ဘယ်လိုမှ စီးလို့ မရတော့သည့်အဆုံး ရှူးဖိနပ်ကို ချွတ်ပစ်ခဲ့ပြီး ညှပ်ဖိနပ်နှင့် ခရီးဆက်ခဲ့ရသည်။ ညှပ်ဖိနပ် စီးရသည်မှာ ထင်သလောက် မဆိုး၊ သို့ပေမဲ့ ခရီးလမ်းကြောင်းက ခြောက်သွေ့နေလျှင် ပြဿနာမရှိ၊ ရွံ့တော၊ ဗွက်တောတွေနှင့် တွေ့၍ ဆင်းရ၊ တက်ရပြီးဆိုလျှင်တော့ ချော်လဲ၍ ခြေခွင်မည့် အန္တရာယ်ရှိသည်။

ပတ်ဝန်းကျင်တောတောင်ရေမြေ သဘာဝရှုခင်းတွေထဲ စိတ်ရောက်နေသဖြင့် ယခုအချိန်အထိ ကျွန်ုပ်နှင့် ပါလာသော လုံခြုံရေးအဖွဲ့တွေကို သေသေချာချာပင် မကြည့်မိခဲ့၊ ပန်ဆန်းမှ ထွက်ခွာစဉ်က ကျွန်ုပ်နှင့်အတူ လုံခြုံရေးတပ်စိတ်တစ်စိတ်လိုက်ပါမည့်အကြောင်းသာ သိထားခဲ့သည်။ ယခုတောင်ရိုးကုန်းစောင်း တစ်နေရာတွင် ခရီးတစ်ထောက်ရပ်နား ခါမှ လူရေကြည့်ရာ သန်းအေး၊ လားထိန်းခြေခွင်တရုတ်နှင့် ချက်ပြုတ်ဖို့ပါလာသော ဝ, ချာတိတ်နှစ်ယောက်သုံးယောက် အပြင် စစ်သား (၁၅) ယောက်ပင် မပြည့်တတ်၊ ဤသို့ ကွာခြားရသည်မှာ ပြောက်ကျားတပ်ဖွဲ့ ဖွဲ့စည်းပုံအရ တပ်စု၊ တပ်စိတ်၊ တပ်ဖွဲ့၊ တပ်ရင်းစသဖြင့် အရေအတွက် ကွာခြင်းသာဖြစ်ရသည်ဟု ထင်မှတ်ခဲ့သော်လည်း ဤသို့မဟုတ်၊ စစ်သားများမှာ ရှမ်း၊ ဝ,အခါနှင့် လားဟူ စသဖြင့် ကွဲပြားနေရာ၊ ရှမ်းစကားမှာ အများသုံး စကားဖြစ်၍ ကျွန်ုပ်နားလည်လာသည်။ စစ်သားလေးတွေဆီမှာ ကျွန်ုပ်စိတ်ဝင်စားသော ကလေးတစ်ယောက်မှာ အမြဲလိုလို မျက်လွှာချထားပြီး ခရီးတထောင့်နားကြလေတိုင်း ထိုကလေးက တစ်ယောက်တည်း သီးသီးသန့်သန့်နေတတ်သည်။ အသက်မှာ (၁၅) နှစ်ပင် မပြည့်တတ်၊ သူဝတ်ထားသော တရုတ်စစ်အင်္ကျီကြီးက ကုတ်ပိုးကျနေပြီး ဘောင်းဘီပွကြီးကိုလည်း မကြာခဏ အနားလိပ်တင်နေရသည်။ ခါးပတ်ကလည်း အရွယ်တော် မဟုတ်၊ သူနှင့် အဆမတန်ကြီးနေသည်။ သို့ဖြင့် မီးဖိုချောင်တာဝန်ယူရသော လူငယ်တစ်ယောက်က အထီးတည်းဖြစ်နေသော ထိုကလေးကို သနားသွားဟန်တူသည်။ အနားသွားပြီး ထုံးစံအတိုင်းမေးသည်။

"မင်းလည်း တခြားစစ်သားတွေလို ပန်ယန်းက ပြန်လာတာလား" ကောင်လေးက စကားတစ်လုံးမျှမဟဘဲ၊ မပွင့်တပွင့်ပြုံး၍ ခေါင်းညိတ်ပြသည်။

"ပန်ယန်းမှာ ဘယ်လို ဖြစ်လဲ၊ တိုက်ပွဲတွေ တော်တော်ဖြစ်လား"

www.nyisay.com



ဤ၌ကောင်လေး၏ မျက်နှာအမူအရာ ချက်ချင်းပြောင်းသွားပြီး ငိုမဲ့မဲ့နှင့် အဖြေးရှာသည်။

"ကျွန်တော်တို့အဖွဲ့က (၁၂) ယောက်သေသွားတယ်"

ယခုမှပင် ကျွန်ုပ်တို့ လုံခြုံရေးတပ်စိတ်တွင် လူဦးရေ ထက်ဝက်မျှ လျော့နေရသည်ကို သိတော့သည်။ (၁၂) ယောက်မျှ ကျဆုံးခဲ့ရသည်ဖြစ်၍၊ ထိုကလေးသည် ပညာမတတ်သော်လည်း (၁)နှစ် (၂)နှစ်အတွင်း ကျဆုံးရဲဘော်တွေ စာရင်းထဲတွင် သူပါဝင်လိမ့်မည်ကိုတော့ သဘောပေါက်နိုင်သည့် လုံလောက်သော အသိဉာဏ်ရှိနေပါသည်။

သို့ပေမဲ့ အသေအပျောက်၊ အကျအဆုံးစာရင်းကိုကား ဗကပဘက်က ထုတ်ပြန်ကြလိမ့်မည်မဟုတ်၊ အစိုးရသတင်းစာစောင်တို့၌သာ ဖော်ပြပေလိမ့်မည်။ ပန်ယန်းတိုက်ပွဲတွင် ၄င်းတို့ဘက်က (၃၇) ယောက်ကျဆုံးခဲ့သည်ကို ဗကပခေါင်းဆောင်တွေ ဖုံးကွယ်ထားခဲ့ကြပြီး ငတ်ငတ်ပြတ်ပြတ်နှင့် မသေမပျောက်ကျန်နေခဲ့သော စစ်သားလေး (၁၅) ယောက်က မြန်မာပြည်အရှေ့ဖျားမှ သူတို့နေရာတောင်တန်းတွေဆီ ပြန်လာခဲ့လေရာ၊ ဤမျှ ကြေကွဲဝမ်းနည်းဖွယ်ကောင်းသောအဖြစ်ကြီးတစ်ခု၏ တစ်ပိုင်းတစ်စကို သဘောပေါက်နားလည်ခဲ့ရသည်တွင် ကျွန်ုပ် များစွာတုန်လှုပ်ခဲ့ရသည်။ ရှင်းရှင်းဆိုရလျှင် ယခုအချိန်အထိ ဗကပနှင့် ပတ်သက်၍ ကျွန်ုပ်ဘက်က ဘယ်လို တင်ပြရမည်ကို မဆုံးဖြတ်ရသေး၊ ဘယ်လိုပဲဖြစ်ဖြစ်။ ယခုအချိန်အထိ သူတို့က ကျွန်ုပ်၏ ထမင်းရှင်တွေ ဖြစ်နေသေးသည်။ ကျွန်ုပ်ကိုနေရာထိုင်ခင်းပေးထားသော အိမ်ရှင်တွေလည်းဖြစ်သည်။ သို့တိုင် ယခု ကျွန်ုပ်ကြားသိလိုက်ရသည့် အချက်က ကျွန်ုပ်ကို အဆုံးအဖြတ်ပေးလိုက်လေပြီ။ ပန်ဆန်းတွင် ကျွန်ုပ်၏အလုပ်နှင့် ပတ်သက်၍ ဗကပအရာရှိတစ်ယောက် သံသယနှင့် မှတ်ချက်ပေးခဲ့သည်ကို သတိရလိုက်သည်။

"စစ်သတင်းရေးတဲ့အခါမှာ ခင်ဗျားက ပြည်သူတွေဘက်ကရေးမယ်လို့ ကျွန်တော်တို့ ကြားတယ်၊ အဲ့ဒါဟုတ်လား"

ဟုတ်မှန်ကြောင်း သူကို ကျွန်ုပ်အဖြေပေးခဲ့ရာ၊ ယခုကျွန်ုပ်၏ အဖြေကို ယခင်က ထက် ပို၍ ယုံကြည်ခဲ့လေပြီ။ မည်သည့်ဘက်ကဖြစ်စေ တိုက်ပွဲတွင် ကိုယ်တိုင်လက်ရောက်ပါဝင်တိုက်ခိုက်နေသော ရဲဘော်တွေဘက်က ရေးရပါလိမ့်မည်။ ရာထူးတက်ဖို့ အထက်အရာရှိကြီးတွေဆီ စစ်သတင်းတွေ ဖော်လံဖားရေးပို့နေသော အရာရှိဆိုသူတွေဘက်က လုံးဝရေးသားလိမ့်မည်မဟုတ်ပါ။

ထိုနေ့ ညနေ၊ ချိုင့်ဝှမ်းကျယ်ကြီးတစ်ခုကို စီးမိုးမြင်နေရသော တောင်ရိုးပေါ်တွင် ကျွန်ုပ်တို့ နားနေခိုက်၊ ဗကပထဲမှာပင် အက်ကွဲနေသော ပဋိပက္ခတို့ကို ကျွန်ုပ်သဘောပေါက်ခဲ့သည်။ ဟိုးအဝေးအောက်ဘက်မုံးယန်းမြို့လေးမှ အိမ်ခေါင်မိုးလေးတွေကို လှမ်းမြင်နေရပြီး မြို့အနီးတွင် တပ်စွဲထားသော အစိုးရတပ်များက မြို့နှင့် ကျိုင်းတုံသွားလမ်းတို့ကို

www.nyisay.com



ထိမ်းချုပ်ထားပြီး ဗကပတို့က ချိုင့်ဝှမ်းတစ်ဝက်နီးပါးနှင့် ကျိုင်းတုံဝန်းကျင်က တောင်ကုန်းတွေကို သိမ်းထားသည်။ ဆိုခဲ့သလို ချိုင်းဝှမ်းကို ပိုင်းခြားထားသော အပိုင်းအခြားကို ကျော်က်တုံးတစ်တုံးပေါ်တွင် ကျွန်ုပ် ထိုင်ကြည့်ရင်း ရှုပ်ထွေးပွေလီနေသော ဗမာပြည်ပြည်တွင်းစစ်ကြီးကို စဉ်းစားနေရာက စစ်သားလေးတွေဆီက သတိပေးသံကို ရုတ်တရက် ကြားလိုက်ရသည်။

''အဲ့ဒီမှာ အကြာကြီးမထိုင်နဲ့၊ ဗမာတွေမြင်ရင် လှမ်းပစ်လိမ့်မယ်''

ကွန်မြူနစ်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေရပါသော ခြေလျင်စစ်သားလေးတွေရင်ထဲကထွက်လာသော မှတ်ချက်ဖြစ်လေရာ၊ ကျွန်ုပ်နှင့်အတူ ကြားလိုက်သော အေးသန်းဘက်လှည့်ပြီး မေးလိုက်သည်။

''မင်းလည်း ဗမာပဲ၊ သူတို့က အခုလိုပြောနေတော့ မင်းဘယ်လိုခံစားရလဲ''

သူက မျက်မှန်ထူထူကြီးထဲက စူးကြည့်ရင်း ပခုံးတွန့်ပြသည်။

''ကျွန်တော်တို့က ဘာလုပ်နိုင်မှာလဲ၊ သူတို့က ဒီလိုပဲစဉ်းစားကြတာပဲ''

ဘယ်လိုပဲဖြစ်ဖြစ် စစ်သားလေးမှာ အကြောင်းတစ်ခုခုတော့ ရှိရပေလိမ့်မည်။ ကျွန်ုပ်တို့ နားနေရာမှ ထ,ကြပြီး မုံးယန်း-ဆလူးချိုင့်ဝှမ်းအရှေ့တောင်တွေဘက်သို့ ဖြည်းဖြည်းချင်း လျှောက်လာပြီး နာရီဝက်အကြာတွင်မူ တောင်ကုန်းတစ်ကုန်းပေါ်တွင် ခံတပ်လို အဆောက်အအုံ တစ်ခုတွေ့လိုက်ရသည်။ ရွှံ့အုတ်အဆောက်အအုံဖြစ်ပြီး ချိုင့်ဝှမ်းအောက် မြင်ကွင်းတစ်ခုလုံးကို စီးမြင်နေရသည်။ ခံတပ်စည်းရိုးထောင့်လေးထောင့်တွင် ကင်းမျှော်စင်တွေရှိပြီး ကျွန်ုပ်တို့ကို အဖွဲ့တစ်ဖွဲ့က ထွက်ကြိုနေသည်။ စစ်သားတွေအားလုံး ရှမ်းစကားပြောပြီး လက်နက်အပြည့်အစုံ တပ်ဆင်ထားရာ တချို့ဆိုလျှင် ကျည်ကပ်အပိုတွေပါ လွယ်ထားသဖြင့် ဤသည်ကား ဗကပဒေသတွင် ဗကပတို့ထံတွင် တွေ့ရခဲသော အပိုပစ္စည်းဖြစ်သည်။ နောက်ထပ် ကျွန်ုပ်သတိထားမိလိုက်သည့်အချက်မှာ စစ်သားတွေအားလုံး (၂၀) ကျော် အရွယ်တွေ ဖြစ်နေသဖြင့် ယခုအထိကလေးသာသာ စစ်သားလေးတွေသာ တွေ့လာခဲ့သော ကျွန်ုပ်အဖို့ ဤကိစ္စက အမြင်စိမ်းနေသည်။

ဤ၌ ပြဿနာက အေးသန်းနှင့် အရာရှိတို့၏ ဆက်သွယ်ရေးဖြစ်သည်။ အေးသန်းက ဗမာသံနှင့် ရှမ်းလိုပြောပြီး .အရာရှိ တစ်ယောက်က ဗမာလို မတောက်တခေါက်ပြောနေသဖြင့် ကျွန်ုပ်လည်း တော်တော်ခေါင်းမူးသွားသည်။ သို့ရာတွင် အေးသန်းပြောနေတာကို ကျွန်ုပ်သဘောပေါက်သည်။ တပ်မဟာ (၇၆၈) မှ ခေါင်းဆောင်တွေဖြစ်သော စပ်ခွန်မြင့်၊ စိုင်းနွမ်ပန်းနှင့် စပ်ခွန်ဆာတို့ကို မေးနေခြင်းဖြစ်သည်။

သူတို့ပြောနေသော နာမည်တွေကို ကျွန်ုပ်ကောင်းကောင်းသိသည်။ ဤဒေသသို့ ဗကပတို့ရောက်မလာမီ ၁၉၇၀ ကျော်ကာလများအထိ ကိုယ်ပိုင်ရှမ်းအမျိုးသားတပ် (SNA) အနေဖြင့် ကျိုင်းတုံဒေသတစ်ဝိုက်တွင် လှုပ်ရှားနေခဲ့ကြရာမှ ဗကပတို့က လက်နက်နှင့်

www.nyisay.com



ခဲယမ်း တို့ပေး၍ စည်းရုံးခဲ့ရမှ ၁၉၇၆ ခုနှစ်တွင်မူ ရှမ်းအမျိုးသားတပ်ကို ဗကပ တပ်မဟာတစ်ခုထဲ ပေါင်းထည့်ခဲ့သည်။ ယခုတပ်မှူးများမှာ တပ်မဟာဌာနချုပ် နောက်ဘက် ဆလူးနှင့် တရုတ်နယ်စပ်ကြားမှ နမ့်လမ်တွင်ရှိနေကြောင်း သိရသဖြင့် ကျွန်ုပ်တို့ ဆက်လျှောက်လာခဲ့ရာ၊ ဗကပတို့တည်ဆောက်ထားသော တံတားတစ်စင်းမှ ဖြတ်ကာ ပလောင်နှင့် အခါတို့ နေထိုင်ရာ ကျေးရွာလေးတွေဆီ ရောက်လာခဲ့ကြသည်။ နေအိမ်များမှာ ကောက်ရိုးအမိုး ဝါးတဲလေးတွေဖြစ်၍ ပလောင်ကျေးရွာများကား ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြ၍ ထုံးဖြူဖြူစေတီနှင့် ဗိသုကာ လက်ရာမြောက်သော ဘုန်းကြီးကျောင်းတွေရှိသည်။ ရွှေဝါရောင်နှင့် ကြက်သွေးရောင် သဃ်နိုးဝတ်ဘုန်းကြီးတွေကရပ်၍ ဖြတ်သွားသော ကျွန်ုပ်တို့ကို အထူးသဖြင့် ကျွန်ုပ်ကို စပ်စုရှု ကြည့်ကြရာ ဤဒေသ၊ ဤနေရာကား လွတ်လပ်ရေး ခေတ်နောက်ပိုင်း မည်သည့်အစိုးရမျှ အပြည့်အဝ မထိမ်းချုပ်နိုင်ခဲ့သော်လည်း ၁၉၅၀ ခုနှစ်အတွင်း ယူနန်မှ ဆုတ်ခွာလာသော ကူမင်တန်တို့၏ ခြေကုပ်ဒေသဖြစ်ခဲ့ပြီး ဤမှ တရုတ်ပြည်ထဲသို့ အလစ်အငိုက်ဝင် တိုက်ခိုက်နေခဲ့သည်မှာ ၁၉၆၀ ကျော်ကာလများအထိ ဖြစ်သည်။

ထိုစဉ်က ဝန်ကြီးချုပ်ဦးနုနှင့် ဘေဂျင်း အစိုးရတို့ အပေးအယူလုပ်ခဲ့ကြပြီး တရုတ်တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ မြန်မာထဲဝင်၍ ကူမင်တန်တို့ကို မဲခေါင်မြစ်စပ်ဆင်ရေးဖြင့် တိုက်ထုတ်ခဲ့ရာ ၁၉၆၁ ခုနှစ်တွင်မူ နယ်ခြားတစ်လျှောက် အခိုင်အမာ တပ်စွဲထားသော ကူမင်တန်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သော်လည်း ဦးနုက အဆိုပါကိစ္စကို ဝန်ခံခြင်း မရှိခဲ့ပေ။ သို့ရာတွင် ကူမင်တန် အကြွင်းအကျန်များ ဆက်လက်ရှိနေခဲ့ပြီး ဗကပတို့ ရောက်လာသော ၁၉၇၀ ကျော် ကာလများမှသာ ထိုင်းနိုင်ငံတောင်ဘက်သို့ ရွှေ့ပြောင်းသွားကြသည်။ သစ်တောများ ဖုံးလွှမ်းနေသော နယ်ခြားတောင်တန်းတွေပေါ် ကျွန်ုပ်တို့ရောက်လာသည့်အခါ တပ်မဟာ (၇၆၈) မှ အရာရှိတစ်ဦးက ကူမင်တန်တို့ အထိုင်ချခဲ့သော အဝေးမှ တောင်ကုန်းအချို့ကို လက်ညှိုးထိုးပြသည်။

နမ့်လမ်စခန်းသို့ ရောက်ချိန်တွင် နေမွန်းလွဲနေပြီ။ နမ့်လမ်ချောင်းသို့ဆင်းသွားသော လမ်းတစ်ဖက်တွင် ရွှံ့အုတ်တိုက်ခံ အိမ်တန်းရှည်တစ်တန်းရှိပြီး စခန်းအဝင်ဂိတ်ပေါက်ဝ, ကြီး တစ်ဖက်တစ်ချက်တွင် လုံခြုံရေးကင်းတဲတွေချထားသည်။ ဂိတ်ပေါက်အပေါ်တွင်မူ ဗကပ တူတဲဇဉ်အလံနှင့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်တွင် ဗဟိုမှ လဝန်းဖြူနှင့် ရှမ်းအမျိုးသားအလံတို့ လွှင့်ထူထားသည်။ ကျွန်ုပ်ကို စပ်ခွန်မြင့်အိမ်သို့ ခေါ်သွားရာ၊ အဖြူရောင် (၂) တပ်တိုက်၊ ဝရန်တာနှင့် သစ်သားလက်ရန်းတို့ကို အစိမ်းရောင်သုတ်ထားသည်။ အောက်ဆုံးလှေခါးအဆင့်တွင် ခေါင်းဆောင်ကိုယ်တိုင် ကျွန်ုပ်တို့ကို စောင့်ကြိုနေသည်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အသက်(၆၀)ဝန်းကျင်ခန့်ရှိပြီး မီးခိုးရောင်ဝတ်စုံကို စမတ်ကျကျဝတ်၍ အနားပြားသေးသေးနှင့် ဦးထုတ်ဆောင်ထားသည်။ သူ့ဘေးတွင် ဗကပ

www.nyisay.com



ဦးထုပ်နှင့် ပြောက်ကျားဂျာကင်ဝတ်ထားသော တုတ်တုတ်ခိုင်ခိုင်နှင့်စစ်သား တစ်ယောက် အသက်အနည်းငယ်, ငယ်၍ မဆိုစလောက် အရပ်ပုသည်။ သူက ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်၍ အင်္ဂလိပ်ကို ပြောသည်။

''ဘာတီးလ်၊ တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော့် နာမည် စိုင်းနွမ်ပန်းပါ။ သူက ကျွန်တော်တို့ ခေါင်းဆောင်။ စိုင်းခွန်ဆာ ဒီနေ့ ဒီမှာမရှိတာ စိတ်မကောင်းပါဘူး တာဝန်နဲ့ တစ်နေရာသွားနေတယ်''

စပ်ခွန်မြင့်က အင်္ဂလိပ်လိုမပြော၊ သို့ပေမဲ့ ပြုံးနေသည်။ တပ်မဟာ (၇၆၈) မှ လူများက ကျွန်ုပ်နှင့် ဆိုင်နောင့်လက်ထပ်ခဲ့ကြသည်ကို သိထားကြသဖြင့် ကျွန်ုပ်ကို အထူးဧည့်သည်တော် ရှမ်းတစ်ယောက်အနေနှင့် အသိအမှတ်ပြုကြသည်။ ကျွန်ုပ်တို့ အားလုံး ဝရန်တာပေါ်သို့ တက်လာကြပြီး သစ်သားစားပွဲတစ်လုံးတွင် ထိုင်လိုက်ကြရာ အိမ်အတွင်းနံရံတစ်ဘက်တွင်မူ ဗုဒ္ဓဆင်းတုတော် တစ်ဆူနှင့် ဘုရားစင်၊ ပန်းတွေဆက်ကပ်ထားပြီး အောက်ဘက်စာအုပ်စင်ပေါ်တွင်ကား မော်စီတုန်းကိုယ်တစ်ပိုင်းပုံ အဖြူရောင် ပလာစတာရုပ်တုတစ်ခု၊ သို့ရာတွင် တစ်အိမ်လုံး လူတွေ ပြည့်နေပြီး ငရုတ်သီးထောင်းနေသူ ကောင်မလေးတွေ၊ တရုတ်အပ်ချုပ်စက်နှင့် အဝတ်ချုပ်နေကြသူ အမျိုးသမီးကြီးတွေ၊ အမဲလိုက်ရိုင်ဖယ်သေနတ်တွေကို တိုက်ချွတ်နေကြသူ ကောင်လေးတွေ၊ ဤသည်ကား ကျွန်ုပ်နှင့် ယဉ်ပါးနေသော ရှမ်းမိသားစု တစ်ခု၏ နေ့စဉ်အနေအထိုင်ပင် ဖြစ်သည်။ ခွန်မြင့်၏ သူပုန်ဌာနချုပ်တွင် အစဉ်အလာရှမ်းသူပုန်တို့၏ ဂုဏ်ရောင်ပြောင်မြောက်မှုကို နောက်ထပ်တိုးမြှင့်ပေးနေသည့် အရာများမှာ ဘရောင်နင်အလတ်စား စက်သေနတ်ဟောင်းတွေပဲ ဖြစ်သည်။ သေနတ်များမှာ သံချေးတက်နေပြီး ဒါဇင်ဝက်မျှ ဝရန်တာပေါ်တွင် တွေ့ရသည်။

''အဲ့ဒီသေနတ်တွေက သုံးလို့ရသေးလား''

ကျွန်ုပ်က စိုင်းနွမ်ပန်းကို မေးကြည့်လိုက်သည်။

''မရဘူး၊ သေနတ်ကျည်ဆန်မရနိုင်တော့လို့၊ လာအိုနဲ့ ကျွန်တော်တို့ အဆက်အသွယ်ရှိခဲ့တုန်းက သေနတ်ဟောင်းတွေလေ''

ခွန်မြင့်၏ အနေအထိုင်ကား အစဉ်အလာ စော်ဘွားစော်ကနဲ့တစ်ယောက်၏ ပုံစံမျိုး ဖြစ်သည်။ သူကို တရုတ်နယ်စပ် ရှမ်းရွာလေးတစ်ရွာတွင် မွေးဖွားခဲ့ပြီး ဘုန်းကြီးကျောင်းတွင် ပညာသင်ခဲ့ပြီး ၁၉၆၀ လွန်အစောပိုင်း ရှမ်းတို့၏ အုံကြွမှုတွေ အရှိန်ရလာချိန်တွင် သူပုန်ထကြဖို့ လှုံ့ဆော်စည်းရုံးခဲ့သည်။ ထိုကာလများက ကျိုင်းတုံသူပုန်ခေါင်းဆောင်မှာ ဘုန်းကြီးလူထွက် ဦးဂုဏ်ဒြဟု ထင်ရှားသူ **စပ်ငါးခမ်း**ဖြစ်သည်။ ထိုခေါင်းဆောင်ကား သြဇာတိက္ကမနှင့် ရည်ရွယ်ချက်ကြီးမားသော်လည်း ရက်စက်ကြမ်းကြုတ်၍ အဆင်အခြင်မရှိ။ မထင်လျှင် မထင်သလို လက်အောက်ငယ်သားတို့ကို ကွပ်မျက်ခဲ့

www.nyisay.com



သဖြင့် သူကိုယ်တိုင်လည်း နောက်ဆုံးလုပ်ကြံခံခဲ့ရသည်။ စပ်ငါးခမ်း အသတ်မခံရမီက ထိုင်းနိုင်ငံမြောက်ပိုင်း 'ဟွနမ့်ခွန်' တွင် အခြေခံစခန်းတစ်ခုတည်ဆောက်ထားပြီး ထိုမှ တစ်ဆင့် ထိုင်းမြန်မာနယ်ခြားတစ်လျှောက်တွင် ခိုအောင်းနေသော ကူမင်တန် မူးယစ် ဆေးဝါး မှောင်ခိုရာဇာတို့ဆီ ဝန်တင်လားတို့ဖြင့် ဘိန်းပို့ခဲ့ရာ အဆိုပါ အဆက်အသွယ် မှတစ်ဆင့် လာအိုကွန်မြူနစ်တို့ကို တိုက်ဖို့ရာအတွက် CIA က SNA လက်နက်ကိုင် သူပုန်အတော်များများကို ကြေးစားစစ်သားအဖြစ် ငှားခဲ့သည်။

သို့ဖြစ်၍ ဘိန်းတင်လားတန်းများကား မခေါင်မြစ်ကို ဖြတ်၍ လာအိုနိုင်ငံအတွင်း ရောက်လာခဲ့ရာ ထိုနိုင်ငံ၏ ဩဇာအကြီးဆုံးမူးယစ်ရာဇာကြီးကား လာအိုဘုရင့်စစ်တပ်၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကွိုင်ရာတီကုန်း ပင်ဖြစ်လေရာ သဘာဝကျစွာပင် ကျိုင်းတုံမှ ဘိန်းနှင့် ဖလှယ်ဖို့ရာအတွက် ဘရောင်နင်စက်သေနတ်များ အပါအဝင် လက်နက်ခဲယမ်း အထောက်အပံ့ အမြောက်အမြားကို အမေရိကန်ထံမှ ရရှိခဲ့ပါ၏။

စပ်ငါးခမ်း အသတ်ခံရပြီးနောက် ခွန်မြင့်မှာ လာအိုကိစ္စတွင် ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း ထိုင်းနိုင်ငံတွင် ဆက်လက်နေကျန်ခဲ့ပြီး စိုင်းနွမ်ပန်းကမူ CIA က လှုံ့ဖော်ဖွဲ့စည်းခဲ့သော စစ်တပ်ဖြင့် လာအိုတွင် (၂) နှစ် စစ်မှုထမ်းခဲ့ပြီးနောက် ၁၉၆၈ ခုနှစ်တွင်မူ မခေါင်မြစ်တစ်ဖက်ခြမ်းမှ ကြေးစား လုပ်ငန်းများ ပြီးဆုံးသွား၍ ကျိုင်းတုံ တောင်တန်းဒေသသို့ ပြန်လာကာ SNA နှင့် ပြန်လည်ဆက်သွယ်ခဲ့သည်။ ဤ၌ ရှမ်း အများစုမှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပါသော်လည်း စိုင်းနွမ်ပန်းကား ရိမန်ကက်သလစ် တစ်ယောက်ဖြစ်နေသည်ကို သိရသဖြင့် ကျွန်ုပ်အံ့သြသွားရသည်။

သူ၏ လက်ထောက် စပ်ခွန်ဆာနှင့် မတွေ့ခဲ့ရသည်ကိုတော့ ကျွန်ုပ်စိတ်မကောင်း ဖြစ်မိသည်။ ရှမ်းပြည်တွင် ခွန်ဆာ (၂) ယောက်ရှိသည်။ တစ်ယောက်မှာ အားလုံးသိကြ သော ဘိန်းမှောင်ခို ရာဇာဖြစ်သည်။ အဖေရှမ်း၊ အမေတရုတ်တို့မှ ပေါက်ဖွားလာသော ရှမ်း-တရုတ်ကပြားဖြစ်ပြီး သူ့ကို 'ချန်ချီဖူး' အမည်နှင့်လည်း သိကြပြီး ယနေ့မူ အင်အား တစ်ထောင်မျှရှိသော ကိုယ်ပိုင်စစ်တပ်ကြီးနှင့် ထိုင်းနယ်စပ်တစ်လျှောက်တွင် လှုပ်ရှား လျက်ရှိသည်။ အခြားတစ်ယောက်သော ခွန်ဆာဆိုသူကား ဗကပ တပ်မဟာ (၇၆၈) မှ ရှမ်းကပြားတစ်ယောက်။ အမေက ရှမ်း၊ အဖေက အင်္ဂလန်ဝေလပြည်နယ်သား အာသာ ဒေးဗစ်၊ ကျိုင်းတုံဗြိတိသျှ အုပ်ချုပ်ရေးဌာနတစ်ခုတွင် အလုပ်လုပ်ရင်း ရှမ်းအမျိုးသမီး တစ်ယောက်နှင့် အိမ်ထောင်ပြုခဲ့ပြီး လွတ်လပ်ရေးရပြီးသည်အထိ ဗမာပြည်တွင် နေထိုင် ခဲ့ရာ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်း၍ နိုင်ငံခြားသား အကြောက်ရောဂါနှင့် မြန်မာ့ ဆိုရှယ်လစ်ဝါဒသစ်ကြီး စတင်လိုက်ချိန်တွင်မူ အခြားနိုင်ငံခြားသားများနှင့်အတူ အာသာ ဒေးဗစ်သည်လည်း ပြင်ပသို့ အတင်းအကြပ် မောင်းထုတ်ခံခဲ့ရပါ၏။

www.nyisay.com



ခွန်ဆာ၏ အခြားအမည်မှာ မိုက်ကယ်ဒေးဗစ်ဖြစ်သည်။ ကျွန်ုပ်ကို ခွန်မြင့်အိမ်တွင် ဧည့်ခံ ကြိုဆိုပြီးနောက် ကျွန်ုပ်နေရမည့်နေရာသို့ လိုက်ပြရာ အနီးမှ အုတ်တိုက်တစ်တိုက် ဖြစ်ပြီး ဤ၌ (၃) ရက် အနားယူခဲ့သည်။ ညနေစောင်းလျှင် ကျွန်ုပ်နှင့် စိုင်းနွမ်ပန်းတို့ ဝရန်တာပေါ်တွင် ရှမ်းဆန်အရက်သောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ခဲ့ကြရာ အရပ်ရပ်အနေအထားတို့က ရှမ်းတော်လှန်ရေးခေါင်းဆောင်တို့ကို ဗကပနှင့် မဆီမဆိုင် မဟာမိတ်ဖွဲ့ဖို့ တွန်းပို့ခဲ့သလို အခြေအနေတို့က ရှုပ်ပွေလိမ်ကောက်နေပါသော်လည်း ဆိုခဲ့သလို ရှမ်းတော်လှန်ရေးခေါင်းဆောင်တို့၏ နိုင်ငံရေးကား အနည်းငယ်မျှသာ ပြောင်းလဲခဲ့ရသည်ကို ကျွန်ုပ် အံ့အားသင့်ခဲ့ရသည်။

၁၉၇၀ လွန်နှစ်များကား SNA အတွက် စမ်းသပ်ကာလများဖြစ်ခဲ့သည်။ တစ်ဖက်တွင် အင်ဒိုချိုင်းနားစစ်ပွဲမှာ အရှိန်လျော့လာနေသလို တစ်ဖက်ကမူ ဗကပတို့က ကျိုင်းတုံတောင်ဘက်တောင်တန်းများကြားမှ SNA အခြေခံစခန်းဟောင်းတို့ကိုလည်း ဝိုင်းပတ်လာနေသည်။ ထိုအချိန်တွင် CIA နှင့် ဆက်ဆံရေးမှာလည်း ယခင်လိုမကောင်းတော့သဖြင့် ဗကပနှင့် မဟာမိတ်ပြုခြင်းသည်သာ ၄င်းတို့၏ တစ်ခုတည်းသော ရွေးချယ်စရာ ဖြစ်လာခဲ့သည်။

''၁၉၆၂ ခုနှစ် အာဏာသိမ်းခင်အထိ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှာပဲရှိသေးတယ်''

နမ့်လမ်ချိုင့်ဝှမ်းတစ်ဖက်မှ လရောင်ဆွတ်ထားသော တောင်တန်းတွေဘက်ငေးကြည့်ရင်း သူဆက်ပြောသည်။

''အဲဒီတုန်းက 'ဘုန်းကြီး' ဝတ်ဖို့ပဲ ကျွန်တော်စဉ်းစားခဲ့တယ်။ ကျိုင်းတုံမှာ အိတလီဖာသာတွေ အများကြီးရှိတယ်။ ကျွန်တော့်ကို ဗင်းနစ်က ကျမ်းစာသင်ကျောင်းလွှတ်ဖို့ စီစဉ်ထားပြီးပြီ''

ဤတွင် စကားပြတ်သွားပြီး အတိတ်ဆီ စိတ်ရောက်သွားဟန်တူသည်။

''ပြီးတော့ ဘာဖြစ်လဲ၊ ဘာကြောင့်မသွားဖြစ်ခဲ့တာလဲ''

''နေဝင်းအာဏာသိမ်းလိုက်လို့ပဲ၊ ၁၉၆၂ ခုနှစ် ဇူလိုင် (၇) ရက်နေ့၊ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားတွေ အစုလိုက်၊ အပြုံလိုက် အသတ်ခံခဲ့ကြရတယ်။ အဲဒီနေ့ရာမှာ ကျွန်တော်လည်း ရှိခဲ့တယ်။ နေဝင်းတပ်တွေပစ်ခတ်လို့ ကျွန်တော်လည်း ဒဏ်ရာရခဲ့တယ်။ အဲဒီမှာပဲ ကျွန်တော့်လူတွေအတွက် ကျွန်တော် တိုက်ပွဲဝင်ရတော့မယ်ဆိုတာ သိလိုက်တယ်''

ဗမာပြည်မှာ ပြည်တွင်းစစ် (သို့) စစ်အုပ်ချုပ်ရေးသာ မရှိခဲ့ပါလျှင် သူလိုလူတစ်ယောက်ကား ဘယ်လိုဖြစ်လာလိမ့်မည်ကို ကျွန်ုပ်သိစမ်းချင်ပါဘိ၊ ကဗျာနှင့်နက္ခတ္တဗေဒတွင် စိတ်ကိုင်းညွတ်၍ ဉာဏ်ရည်ထက်မြက်သူတစ်ယောက်။ အကယ်၍ ဘန်ကောက်

www.nyisay.com



တွင် ရှာနိုင်လျှင် ရှာပေးဖို့အတွက် စာအုပ်စာရင်းတစ်ခုကို သူက ကျွန်ုပ်ကို ပေးလိုက်သည်။ အခြားသော အခြေအနေအောက်တွင်မူ စိုင်းနွမ်ပန်းဆိုသူကား ကက်သလစ်ဘုန်းတော်ကြီး တစ်ပါးသော်လည်းကောင်း၊ တက္ကသိုလ်ကထိက တစ်ယောက်သော်လည်းကောင်း၊ အစိုးရ အရာရှိသော်လည်းကောင်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်သည်။

နောက်တစ်နေ့ နံနက်၊ အလင်းမှ မကျသေးမီ စိုင်းနွမ်ပန်းက ကျွန်ုပ်ပခုံးကို အသာအယာလှုပ်၍နိုးသည်။

"မုံးလားကို နေစွယ်မကျိုးမီရောက်ဖို့ဆိုရင် အခုချိန်ကတည်းက ထွက်ဖို့ လိုပြီ" နှောင့်နှေးမှုမရှိစေဖို့ မနေ့ညကတည်းက ဂုန်နီအိတ်တွေထဲ ပစ္စည်းပစ္စယတွေ ထည့်ပြီးပြီ၊ သို့ပေမဲ့ ယခုမှ ခြေခွင်နေသော လားထိန်းက ပန်ဆန်းသို့ ပြန်သွားကြောင်းသိရသည်။ သို့ဖြစ်၍ ယခု ခရီးဆက်ရမည့် လားနှင့်လားထိန်းမှာ အသစ်ဖြစ်သလို တပ်မဟာ(၇၆၈) မှ စစ်သားအချို့ကလည်း ရှေ့တွင် တွေ့ရမည့် ဈေးရွာကြီးတစ်ရွာဖြစ်သော မုံးလားအထိ လမ်းပြလိုက်ကြမည်။ စိုင်းနွမ်ပန်းကလည်း ကျွန်ုပ်တို့နှင့် နမ့်လမ်ချောင်း အောက်ဘတ် ကျိုင်းတုံသို့ ဖြတ်သွားသော လမ်းရှိရာ စခန်းအထိလိုက်ပါမည်ဖြစ်သည်။

နမ့်လမ်တွင် တခဏနေခဲ့သည့်တိုင် စိုင်းနွမ်ပန်းနှင့် ကျွန်ုပ်တို့ အတော်ရင်းနှီးခဲ့ကြပြီး အထူးသဖြင့် သူ၏ ရိုးသားမှုကို ကျွန်ုပ် မလေးစားဘဲမနေနိုင်။ စခန်းဘက်သို့ ပြန်လှည့်သွားသော သူ့နောက်ကျောပြင်ကို ကြည့်ရင်း စိတ်မကောင်းစွာနှင့်ပင် နမ့်လပ်ချောင်းဆီ ဆင်းသွားသော ဆင်ခြေလျောဘက်မျက်နှာမူ၍ ခရီးဆက်ခဲ့ရပါ၏။

အရှေ့မြောက်ယာဉ်စွန်းတန်းမှ နေ့အလင်းပြူထွက်လာသည်နှင့် နေ့အပူချိန် မြင့်တက်လာပြီး မွန်းမတည့်မီ 'ဝမ်ကန်' ခေါ် ပလောင်ရွာကြီးတစ်ရွာသို့ ရောက်လာရာ၊ ရွာဖျားတွင်မူ ခံတပ်သဖွယ် ဆောက်ထားသော ဘုန်းကြီးကျောင်းတစ်ကျောင်းတွေ့ရပြီး ထိုနေရာမှ တစ်ရွာလုံးနှင့် ပတ်ဝန်းကျင်ဘိန်းခင်းတွေကို ဦးစွာမြင်နေရသည်။ သို့ရာတွင် ရွာသူရွာသားတွေ ဘဝကား စုပ်ပြတ်ပေရေနေသော အဝတ်တို့ဖြင့် တဲစုတ်လေးတွေရှေ့မှာ ငုပ်တုတ်ထွက်ထိုင်လျက် ကျွန်ုပ်တို့ကို ထူးထူးဆန်းဆန်း တစ်ခုလို ကြည့်နေကြသည်။ ရွာပြင်မှ ဘိန်းခင်းတို့တွင်မူ ပြောင်းစိုက်ပျိုးဖို့အတွက် အခင်းဟောင်းကို မီးရှို့၍ ပြင်ဆင်နေကြရာ မီးခိုးလုံးကြီးတို့ကား ကောင်းကင်သို့ အူတက်၍ မျက်စိတဆုံးမှုန်မှိုင်းပြာဝေလျက် ရှိလေသည်။

ရွာ၏ ဟိုမှာဘက်တွင်မူ နမ့်လမ်ချောင်းရေစီးထဲတွင် ဒိုက်သရောတွေ မျှောနေနေပြီး တရုတ်ပြည်ဘက်တွင်ကား လှေခါးထစ်ရော်ဘာစိုက်ခင်းတွေကို မျက်စိတဆုံးတွေ့နေရပါ၏။

ယနေ့ မတ် (၂၈) ရက်၊ ဗကပတို့ လက်နက်ကိုင်ပုန်ကန်တော်လှန်လာခဲ့သည်မှာ (၃၉) နှစ် တင်းတင်းပြည့်ခဲ့ပြီဖြစ်သော်လည်း ဒေသခံရွာသူရွာသားတို့အဖို့ ဤကိစ္စကို ရှိတယ်လို့တောင် မထင်။ သူတို့အတွက် ကူမင်တန်အုပ်ချုပ်သည်ဖြစ်စေ၊ ကွန်မြူနစ်

www.nyisay.com



အုပ်ချုပ်သည်ဖြစ်စေ၊ မဆလအစိုးရအုပ်ချုပ်သည်ဖြစ်စေ ဘာမျှမထူး၊ ဒီပုတ်ထဲကဒီပဲ တွေပဲ ဖြစ်သည်။ ဝေးလံခေါင်ဖျား ဤဒေသမှ ဆင်းရဲတွင်းဆုံးကျနေရှာသော တောင်တန်းဧန လယ်သမားတွေအဖို့ အစိုးရဆိုသည်မှာ တောင်တန်းများ၏ ဟိုမှာဘက်မုံးယန်းမှ တစ်ခါတစ်ခါ ကြားရသော လက်နက်ကြီး ထုသံမှတစ်ပါး အခြားဘာမျှမဟုတ်ပါပေ။

ဤ၌ ကျွန်ုပ်အနေနှင့် ပို၍ သဘောပေါက်လာသည်မှာ ပြင်ပ ပါဝါတစ်ခုခုက တောင်တန်းဒေသကို ထိမ်းချုပ်လိုသည့်အခါ ဒေသခံသူကြီး၊ စော်ဘွားစော်ကန်တို့မှ တစ်ဆင့် အကောင်အထည် ဖော်ကြရပြီး အကယ်၍ ၄င်းပါဝါအနေနှင့် ကိုယ်ကျိုးကို အဓိကထားသည်ဆိုလျှင် ဒေသခံအုပ်ချုပ်သူတို့ကို ရုပ်သေးလုပ်ဖို့ကြိုးစားတတ်ကြရာ ကူမင်တန်နှင့် ကွန်မြူနစ် နှစ်ဖွဲ့လုံး ဆိုခဲ့သလို နည်းအတိုင်းအုပ်ချုပ်ခဲ့ကြပြီး၊ ဒေသခံတို့ကို နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေး၍ ထိန်းချုပ်ဖို့မည်သူမျှ မစဉ်းစားခဲ့ကြချေ။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ မြန်မာအစိုးရကိုယ်တိုင်က ဤကိစ္စတွင် သူတို့နှင့် ပိန်မသာလိန်မသာ။ တရားဝင်နိုင်ငံရေးအင်အားစုများရပ်တည်ခွင့်ကို သူတို့တစ်ဦးတည်းသာ မောင်ပိုင်စီးထားသဖြင့် ဗမာပြည်တွင်း စစ်ကြီးကား ငြိမ်းချမ်းဖို့လမ်းရယ် ဘယ်မမြင်ပါချေ။

နမ့်လမ်ချောင်းဘက်သွားသော လမ်းပေါ်တွင် စစ်သားတစ်စုကို ကျွန်ုပ်တို့ကျော်လာခဲ့သည်။ သူတို့အားလုံး ဗကပစစ်သားတွေ ဖြစ်ပြီး ဤ၌ စစ်သားတစ်ယောက်က ဦးထုပ်တွင် ကြယ်နီတံဆိပ်မတပ်ဘဲ ခရစ်တော်၏ မယ်တော်မက်ဒေါနားပုံကို တပ်ထားသဖြင့် ကျွန်ုပ်စိတ်ထဲက ရယ်မိလိုက်သေးသည်။ အီတလီ ဘုန်းတော်ကြီးတွေ စိုက်ပျိုးခဲ့သော အသီးအပွင့်တစ်ခု။

နေမကျမီ မုံးလားအနီးမှ မြေပြန့်လွင်ပြင်ကို လှမ်းမြင်နေရပြီး ဗကပ ကျေးရွာရုံးဟု သန်းအေးကပြောသော အိမ်အစုလေးတစ်စုအနောက်တွင် ကျွန်ုပ်တို့ ခဏရပ်ကြသည်။ ရုံးဝန်ထမ်းများကား အသက် (၃၀) ဝန်းကျင်ခြေပြတ်ရဲဘော်လေးတွေဖြစ်ပြီး ချိုင်းထောက်နှင့် ထော့နင်းထော့နင်း၊ ဟိုသွားဒီသွား သွားနေကြပြီး တစ်ယောက်သော သူမှာမူ ခြေနှစ်ချောင်းလုံး ပြတ်နေသဖြင့် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ နံရံများတွင်မူ တရုတ်စာနှင့် ကြွေးကြော်သံတွေ ၁၉၆၈ ခုနှစ် ပဲရစ်ကျောင်းသား အုံကြွမှုတွင် ဥရောပ လက်ဝဲစာအုပ်ဆိုင်တို့ကို အသားပေးဖော်ပြထားဖွယ်ရှိသော တော်လှန်ရေးဓာတ်ပုံတို့ ရိုက်နှိပ်ထားသော ပိုစတာကြီးတွေ ချိတ်ထားသည်။ သို့ပေမဲ့ ဓာတ်ပုံတို့ကား ဆေးကျွတ်၍ စာလုံးများ မထင်ရှားတော့ပြီ။

ခြေပြတ်ဝန်ထမ်းတွေထဲက သွက်သွက်လက်လက် လူပ်ရှားနိုင်သူတစ်ယောက်က ကျွန်ုပ်တို့ကို လက်ဖက်ရည်ကြမ်းနှင့်ဧည့်ခံ၏။ သူတို့ခြံထွက် နာနတ်သီးဖျော်ရည်နှင့်ပင် ဧည့်ခံလိုက်သေးသည်။ သို့ပေမဲ့ ရုံးလုပ်ငန်းဟူ၍ မယ်မယ်ရရ တစ်ခုမှ မတွေ့ရသဖြင့် ဗကပဒေသ အုပ်ချုပ်ရေးရုံးတွေဆိုသည်ထက် ခြေပြတ်လက်ပြတ်စစ်ပြန်စစ်မှုထမ်းဟောင်းတို့အတွက် ဂေဟာတွေနှင့်သာ တူနေတော့သည်။

www.nyisay.com



ချွေးသုတ်ဖို့အတွက် ကျွန်ုပ်ကုတ်ပိုးတွင် တဘက်တစ်ထည်သိုင်းထားရာ မုံးလားသို့ ချဉ်းကပ်လာချိန်တွင် တဘက်ဖြင့် ကျွန်ုပ်မျက်နှာတစ်ဝက်ကို စည်းထားလိုက်သည်။

''တရုတ်နဲ့ကျိုင်းတုံက ကုန်သည်တွေ မုံးလားမှာ အများကြီးပဲ''

ရှေ့မှ ခပ်ခွာခွာ လျှောက်နေသော သန်းအေးက သတိပေးသည်။

မုံးလားကား မြန်မာဘက်ခြမ်းတွင် တည်ထားသော ဈေးရွာကြီးတစ်ရွာဖြစ်၍ ထိုမှ မှောင်ခိုလမ်းကြောင်း အသီးသီးတို့ကမူ ကျိုင်းတုံမှ ထိုင်းမြောက်ဘက် ချင်းမိုင်သို့ လည်းကောင်း၊ တရုတ်ဘက်ခြမ်းမှ ဆစ်ဆောင်ပနားသို့ လည်းကောင်း ဆက်ချိတ်ထားသည်။ ရွာထဲသို့ ခပ်သုတ်သုတ်ဝင်လာပြီး ရှုပ်ယှက်ပွေနေသော ဈေးအနီးမှ ဖြတ်ကာ ကွင်းတစ်ကွင်းကို ကျော်၍ ဘုန်းကြီးကျောင်းဘက်သို့ ဆက်လျှောက်လာကြသည်။

ဘုန်းကြီးကျောင်းအနီး အိမ်တစ်လုံးတွင် ကျွန်ုပ်တို့ စတည်းချရာ ကျွန်ုပ်အတွက် လိုက်ကာနှင့် ပြုတင်းပေါက်ပါသော အခန်းတစ်ခန်း၊ အိပ်ရာနှင့် ခြင်ထောင်တို့ကို သပ်သပ် ရပ်ရပ် ပြင်ဆင်ပေးသည်။ အိမ်ရှင်မှာ ရှမ်းအမျိုးသားတစ်ယောက်ဖြစ်နေပြီး မုန်းကွတ်ဇာတိဖြစ်သည်။ မုန်းကွတ်ကား ပတ္တမြားထွက်သဖြင့် ကိုလိုနီခေတ်မှာပင် ဗြိတိသျှတို့က မန္တလေးတိုင်းနှင့်တွဲဘက် အုပ်ချုပ်ခဲ့သဖြင့် ဗမာတို့က မိုးကုတ်ဟု နှုတ်ကျိုးနေသော မြို့လေးဖြစ်သည်။ သို့ပေမဲ့ အိမ်ရှင်က အေးသန်းကို မပြောသော်လည်း မိုးကုတ်ဟု ခေါ်သည်ကို လုံးဝမကြိုက်။ လူပုံက ပုပျပ်ပျပ်၊ ခေါင်းတစ်ခေါင်းလုံး ပြောင်နေသည်မှာ ခေါင်းတုံးရိတ်ထားသည်လား၊ ဆံပင်တွေကျွတ်၍ ပြောင်နေသည်လားမပြောတတ်။ ခြေလက်ဆေးပြီး အခန်းထဲမှ ထွက်လာသည်နှင့် အိမ်ရှင်က ကျွန်ုပ်ကို တရင်းတနှီးပြောသည်။

''ဒီနေရာကို ခင်ဗျားရောက်လာတာ မယုံနိုင်စရာဘဲ၊ ခင်ဗျားမိန်းမက ရှမ်းမ,လို့ ကျုပ်ကြားတယ်။ ဒါဆိုရင် ကျုပ်ကို ခင်ဗျား ဦးလေးလို့ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားကို ဧည့်ခံဖို့ ကျုပ်တို့မှာ ပြည့်ပြည့်စုံစုံ မရှိတာ စိတ်မကောင်းဘူး။ ဒီနေရာက အရမ်းခေါင်တယ်''

သို့ပေမဲ့ ကျွန်ုပ်တို့ရှေ့ကစားပွဲပေါ်တွင်မူ မားမားခေါက်ဆွဲ၊ ငါးစည်သွတ်ဘူးနှင့် ချိုချဉ်တွေ တည်ခင်းထားကာ၊ ဝ,ဝ,ဖိုင့်ဖိုင့် သူဇနီးက နက်(စ်)ကော်ဖီတစ်ခွက် ဖျော်ပေးပြီး ခရင်ဝေဖာနှင့် ချောကလက်ဘီစကွတ်မုန့်တွေ ထပ်ချပေးပြန်သည်။

''ကျုပ်လည်း ဗကပစစ်မှုထမ်းဟောင်းပဲ၊ ကျုပ်တို့က မုန်းကွတ်ဒေသတစ်ဝိုက်မှာ နှစ်အကြာကြီး တိုက်ခဲ့ကြတာ၊ အဲဒါကျုပ်တို့ရဲ့ စခန်းဟောင်းပဲ၊ ပြီးမှ ဒီနေရာပြောင်းလာကြတာ၊ အခုကျုပ်က မုံးလားမှာ ဒေသအုပ်ချုပ်ရေးတာဝန်ခံပါ၊ ခင်ဗျားသိပါတယ်။ ဒီက ရှမ်းတွေက ကျုပ်တို့လို ရှမ်းတွေနဲ့ မတူဘူး။ တိုင်းခွဲ ဒါမှမဟုတ် တိုင်းလုတွေ၊ မဖွဲ့ဖြိုးမတိုးတက်သေးဘူး။ မိန်းမတွေဆို အခုအထိ စမ်းချောင်းထဲမှာ ကိုယ်လုံးတီးရေချိုးနေကြသေးတယ်''

သူ့စကားကို သူသဘောကျပြီး ခွက်ထိုးခွက်လန်ရယ်လိုက်ရာ ရွှေသွားတွေ,

www.nyisay.com



တွေ့လိုက်ရသည်။ ကျွန်ုပ်က ဒေသခံတို့၏ ဧည့်ဝတ်ကျေပွန်ကြသည်များနှင့် ရိုးသားကြသည်တို့ကို အနည်းငယ်ဖြည့်စွက်ပြောပြီး သူကပင်ဆက်၍ ခရားရေလွတ် တတွတ်တွတ် ပြောနေပြန်ပါသည်။

"သူတို့က အရမ်းညစ်ပတ်တယ်၊ တောင်ပေါ်က လူမျိုးစုတွေလိုပဲ၊ ဒါပေမဲ့ ကျုပ်တို့ ပါတီက လွတ်မြောက်ပေးလိုက်ပြီးနောက်မှာ တိုးတက်လာပါတယ်။ အခုဆိုရင် သူတို့မှာ ကိုယ်ပိုင်စက်ဘီးနဲ့ အပ်ချုပ်စက်တွေရှိကုန်ကြပြီ။ အရင်နဲ့လုံးဝမတူတော့ဘူး"

သို့ရာတွင် မုံးလားချိုင့်ဝှမ်းစည်ပင်တိုးတက်လာသည်နှင့် တရုတ်၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ကြားတွင် မှောင်ခိုဈေးကွက်တစ်ခုအနေနှင့် ရောင်းရေးဝယ်တာရှိနေ၍ ကြီးပွားလာနေသည်ကို ထိုသူနားမလည်ရှာ။ တစ်နည်းအားဖြင့် မုံးလား၏ ဥစ္စာဓနဖြစ်ထွန်းမှုသည် မြန်မာ့ဆိုရှယ်လစ်ပါတီ အစိုးရက ဒေဝါလီခံတော့မည့်ဆဲဆဲ၊ ဗကပတွေက အရှေ့မြောက် အခြေခံဒေသကို သိမ်းပြီးချိန်နှင့် ခေတ်မီဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ တိုက်သုတ်ရိုက်မောင်းနေသော တရုတ်စီးပွားရေးပေါ်လစီတို့၏ ရလာဒ်ဖြစ်သည်ကိုမူ ထိုဗကပသဘောမပေါက်ရှာ။ သူတို့ကိုယ်သူတို့ ဆိုရှယ်လစ်ပြောပြော၊ ကွန်မြူနစ်ပြောပြော ဆက်လက် အသက်ရှင်ရပ်တည်ဖို့အတွက်မူ စွန့်စားလုပ်ကိုင်ရသော အရင်းရှင်စီးပွားရေးအပေါ် အနည်းနှင့်အများ မှီခိုကြရသည်ချည်းဖြစ်ပါသည်။

ထိုတစ်ည, ညစာကို မုန်းကွတ်ရှမ်းလင်မယားအိမ်အပြင်ဘက်ခြံထဲတွင် စားကြရာ စားစရာဟင်းလျာတွေ တစ်ပွဲပြီးတစ်ပွဲ စားပွဲပေါ်မှာ အပြည့်၊ သောက်စရာက တရုတ်ဘရန်ဒီတစ်လုံး၊ သို့ပေမဲ့ စားသောက်နေခိုက်မှာပင် ဘေးနားက ဘုန်းကြီးကျောင်းဆီက ကြေးစည်သံ ဒူဝေဝေနှင့် ဘုရားရှိခိုးသံတွေကြားလိုက်ရာ မော်စီတုန်းအလံကို အရင်းရှင်စီးပွားရေး ဒေါက်တိုင်နှင့် လွှင့်ထားသော ဒေသတွင် ဗုဒ္ဓဘာသာဘုန်းကြီးတို့၏ ဝတ်တက်သံတွေ လွှင့်ပျံသွားကြကုန်၏။

ကျွန်ုပ်တို့၏ အိမ်ရှင်က ဤမျှဧည့်ခံရသည်နှင့် အားမရသေး၊ သုံးလေးရက်တည်းခိုပြီး မုံးလားမှ ကျွန်ုပ်တို့ ထွက်လာသည့်အခါ ဝန်တင်လားတစ်ကောင်နှင့် တရုတ်ဘရန်ဒီ၊ ဘီစကွတ်၊ ချိုချဉ်နှင့် ကန်တုံဘီယာတစ်ဖာတို့ကိုပင် ထည့်ပေးလိုက်ပါသေးသည်။ နေမထွက်မီ မုံးလားချောင်းကို ချမ်းချမ်းနှင့် ဖြတ်ကူးလာရာ တိတ်ဆိတ်ငြိမ်သက်နေသော အရာဏ်တွင် စပါးခင်းရေနုပ်မြောင်းတွေထဲ ရာစုနှစ်နှင့်ချီ၍ ရေသွင်းနေသော ရေဒလက်လည်သံ တကျွီကျွီကို ချောင်းအထက်မှ ကြားနေရသည်။

ချောင်းအထက်မှ ဆက်လျှောက်လာကြရာ မကြာပါချေ။ ချိုင့်ဝှမ်းနယ်နိမိတ်ကုန်ဆုံးသွားပြီး တောင်တန်းကြီးတွေထဲ ပြန်ရောက်လာပြီး လူမျိုးစုကျေးရွာလေးတွေ တွေ့လာရသည်။ ပလောင်ရွာလေးများကား စုတ်ချာ၍ ကစုတ်ကညစ်နိုင်သည်ဆိုသော်လည်း အခိုင်အခန့် ဆောက်ထားသော ဘုန်းကြီးကျောင်းကြီးတွေ တွေ့ရသဖြင့် တစ်မျိုး

www.nyisay.com



ကြွန်ရှိနေသည်။ သို့ပေမဲ့အခါ ရွာတွေရှိရာ ချဉ်းကပ်လာလျှင်မူ ရွာထိပ်တွင် သစ်သားနှင့် လက်ရာကြမ်းကြမ်းဆောက်ထားသော နတ်စင်တွေ တွေ့ရသည်။ ထို့အပြင်ရွာထိပ်တွင် ကိုယ်လုံးတီး ယောကျ်ားနှင့် မိန်းမပုံထုလုပ်ထားသော သစ်သားရုပ်တုကြီးတွေကလည်း ရွာထဲဝင်လာသော ဧည့်သည်ကို နှုတ်ဆက်နေသလို၊ အချို့ကလည်း မြေသြာ ကောင်းမွန်၍ စပါးသီးနှံတို့ဖြစ်ထွန်းစေဖို့အတွက် ပူဇော်ထားသည်ဟု ယူဆကြသော်လည်း တကယ်ရည်ရွယ်ချက်မှာ တောတောင်ထဲက မကောင်းဆိုးဝါးတွေကို ဤနေရာသည် လူသားတို့နေရာဖြစ်၍ မဝင်သင့်ကြောင်း ရွာထိပ်တွင် အရုပ်ထု၍ လက်တွေ့ ပြသထားခြင်း ဖြစ်သည်။

မည်သို့ရှိစေ၊ အဆိုပါ ရုပ်တုကြီးများမှာ အခါတို့၏ ရိုးစင်းသော လောက အမြင်တစ်ခုမှ ထင်ဟပ်နေခြင်းဖြစ်ရာ ကျွန်ုပ်ရှေ့တွင် တောထဲမှ ခြင်းတောင်းကိုယ်စီ နှင့် ထင်းကောက်ပြန်လာကြသော (၁၂) နှစ်ခန့် ကောင်မလေးတွေ တစ်သိုက် အဆိုပါ အရုပ်ကြီးတွေရှေ့က အေးအေးဆေးဆေး ဖြတ်သွားကြသည်ကို ကြည့်ရင်း ကျွန်ုပ် ပြုံးမိ လိုက်ပါ၏။

အခါအမျိုးသမီးတို့၏ ထူးခြားမှုမှာ အဝတ်အဆင်ဖြစ်သည်။ သူတို့ရိုးရာဝတ်စုံ များမှာ အရောင်အသွေးစုံ၍ အထူးသဖြင့် ခေါင်းဆောင်းကို ငွေအင်္ကျီတွေနှင့် အလှဆင်ထား သည်။ (ဗြိတိသျှဘုရင်ခေါင်းတံဆိပ်ပါသော အိန္ဒိယ ရူပီငွေဒင်္ဂါးများ)။ ပလောင်အမျိုးသမီး တွေကမူ ဤသို့မဟုတ်၊ စုတ်ပေ့ ချာပေ့ လုံခြည်တွေနှင့် အပေါ်ဝိုင်းဗလာ၊ နို့ပျဉ်းကြီး တွေ တွဲတွဲ ကျလျက်၊ ခပ်ရွယ်ရွယ် အမျိုးသမီးတွေက အခါလည် ကလေးငယ်တွေ ကို ခါးထစ်ခွင်၍ ဖြစ်စေ၊ အဝတ်နှင့်နောက်ကျောတွင် သိုင်း၍ဖြစ်စေ ချီပိုးလာကြသည်။ သို့ရာတွင် ဤနေရာ ဤဒေသတွင်လည်း အခြားသော ဗကပဒေသတွေမှာလို ရွာထဲ တွင် လူငယ်ယောကျ်ားသားတွေ မရှိသလောက်တွေ့ရသဖြင့် မကောင်းဆိုးဝါးနတ်တွေ ကို ရွာထဲမဝင်အောင် တားနိုင်ကြပါသော်လည်း ဗကပတွေက အတင်းအဓမ္မဝင်၍ စစ်မှုထမ်းဖို့ ခေါ်သွားကြတာပဲဖြစ်သည်။ သို့ပေမဲ့ ဗုဒ္ဓဘာသာဝင်ပလောင်တို့ကမူ သူတို့ သားယောကျ်ားလေးတွေကို ဘုရားမဲ့ ဗကပတွေက သဃ်နိုးချွတ်ပြီး တပ်ထဲမခေါ်သွား ရဲဘူးဟူသောအသိဖြင့် ကိုရင်စီးပေးထားကြရာ ဝိနည်းစည်းကမ်းအရ ရောရဲရဲနိုင်သော်လည်း ကျပ်တည်းသော ပလောင်မိသားစုတွေအတွက် ဤကိစ္စမှာ ခုသာခံသာ ရှိကြသည်။ ကျွန်ုပ်တို့ ဖြတ်သွားရာနေရာအချို့တွင် ဆန်အိတ်ထမ်းနေသော ဘုန်းကြီးတွေ၊ ကိုရင်တွေ၊ လယ်ကွက်ထဲမှာ အလုပ်လုပ် နေသူတွေ၊ ဘုန်းကြီးကျောင်း တံတိုင်းပေါ်ထိုင်ကာ ရွာထဲက မိန်းကလေးတွေကို နောက်ပြောင်နေသူ ကိုရင်နှင့် ဘုန်းကြီးတွေကို တွေ့ခဲ့ရသည်။

'ဆမ်တောင်(ဝ)'ခေါ် ဤဒေသမှာ ၁၉၇၃ ခုနှစ်ကပင် ဗကပတို့ လက်ထဲရောက်ခဲ့ သော်လည်း ဗကပရုံးဟူ၍ မတွေ့ရ၊ ဗကပအနေနှင့် ၄င်းတို့အခြေခံဒေသနှင့် အိုးရထိန်းချုပ် နယ်မြေ ကြားတစ်လျှောက်တွင် ၄င်းတို့၏ ရှေ့တန်းစခန်းများ ချထားခြင်းရှိ၊ မရှိ

www.nyisay.com



ဆိုသည်ကို ပြောဖို့ခက်လှသည်။ သို့တည်းမဟုတ် ရန်ကုန်အစိုးရအနေနှင့် ဆိုခဲ့ပါ တောင်တန်းနယ်မြေများ ဗကပလက်ထဲ ဆုံးရှုံးလိုက်ရသည်ကို လက်ပိုက်ကြည့်နေပါသလား၊ အဖြေကား (၂) မျိုးလုံးဖြစ်နိုင်သည်။ စီးပွားရေး ချွတ်ခြို ကျနေသော မဆလ အစိုးရအနေနှင့် မိမိတို့ဘက်က ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးသာ တက်လာစရာရှိသော အဆိုပါဒေသတို့ကို ပြန်ရဖို့ရာအတွက် အကျအရှုံးများစွာနှင့် စွန့်စား လိမ့်မည်မဟုတ်၊ မုံးလားမှ ထွက်လာပြီး (၂) ရက်မြောက်နေ့တွင် ချိုမှဉ်မီးလွင်ပြင်တစ်ခုထဲသို့ ဆင်းလာရပြန်ရာ၊ ဤ၌ ကျွန်ုပ်အံ့သြရသည်မှာ စပါးခင်းမရှိ၊ ဒေသခံအားလုံး ခွန်ရှမ်းတွေဖြစ်ပြီး မြစ်ထဲတွင် တံငါလုပ်ငန်းဖြင့် အသက်မွေးကြပြီး ဖမ်းရသောငါးတို့ကို မုံးလားသို့ဖြစ်စေ၊ တရုတ်ပြည်ဘက်ကူး၍ ဖြစ်စေ မြင်းတွေနှင့် သွားရောင်းကြပြီး အခြေခံစားကုန်တို့ကို ပြန်ဝယ်ခြမ်းလာတတ်ကြသည်။

ဆွပ်လွေခေါ် ရွာကား နမ့်လွေနှင့် နမ့်လမ်မြစ်ဆုံတွင် တည်ထားရာ မြစ်တို့၏ တစ်ဘက်တစ်ချက်တွင်မူ မတ်စောက်၍ သစ်ကြီး ဝါးကြီးတွေ အုံ့အုံ့ဆိုင်းနေသော တောင်ကြီးတွေကာရံထားရာ ချိုင့်ဝှမ်းထဲတွင် အရိပ်ကျ၍ ငြိမ်းအေးလျက်ရှိပါ၏။

ပျိုပျိုအိုအို အမျိုးသမီးတို့က မြစ်ထဲတွင် ကိုယ်လုံးတီးရေချိုးနေကြရာ ဤဒေသသို့ ရောက်လာသော ဗကပစစ်သားတွေအနေနှင့် မထူးဆန်းတော့သလို ထင်ရသည်။ ရွာထဲတွင်မူ အမျိုးသမီးတွေက ဆန်ဖွတ်နေပြီး အမျိုးသားတွေက နှီးသင်နေကြရာ နှိုင်းယှဉ်ချက်အားဖြင့် ထိုရွာ၏ ကြီးပွားတိုးတက်မှုကို ထင်သာမြင်သာစေသော အရာကား လစ်ဗာပူး 33 တီရုပ်ဝတ်ထားသူတွေ ပြောက်တိပြောက်ကျား တွေ့ရတာပဲဖြစ်သည်။

ယခု ကျွန်ုပ်တို့ရောက်နေသည့်နေရာမှာ ဗကပ အခြေခံဒေသ၏ တောင်ဘက်အစွန်းတွင်ဖြစ်သည့်တိုင် အစိုးရစစ်သားတွေ ဤနေရာ ဤဒေသသို့ ခြေမချကြသည်မှာ ဆယ်စုတစ်စုပင် ကျော်လာပြီဖြစ်၍ ညဘက်တွင်မူ အစောင့်ကင်းတွေ ချထားတာမျိုးမတွေ့ရတော့။ ထိုညတွင် ကျွန်ုပ်နှင့် သန်းအေးတို့က သံဗူးဘီယာသောက်ကြပြီး အိမ်ရှင်ကိုလည်း တိုက်ရာ၊ အိမ်ရှင်တွေက ဘီယာသောက်ဖို့စိတ်မဝင်စား၊ သူတို့ဆန်အရက်ထည့်သောက်ဖို့ ဘီယာဗူးခွံတွေကိုသာ စိတ်ဝင်စားနေကြရာ သံဗူးခွံနှင့် ပုလင်းခွံတို့ကား ယခုလိုနေရာတွေမှာ အဖိုးတန်လက်ဆောင်တစ်ခုလို ဖြစ်နေသည်။ ပုလင်းခွံကို ပုလင်းအတိုင်း အသုံးပြုကြပြီး သံဗူးခွံကမူ ဆေးလိပ်ပြာခွက်၊ မီးခွက်နှင့် ပန်းအိုးလေးတွေ ဖြစ်သွားတတ်ကြသည်။

နေမထွက်မီ နမ့်လွေတောင်ဘက်ကမ်းသို့ သစ်တွင်းလှေတွေနှင့် ကူးလာကြပြီး မြစ်အထက်ဘက် တောင်ကမ်းပါးပေါ်မှ လမ်းကျယ်လေးတစ်လမ်းအတိုင်း လိုက်နေရာမှ အချိန်အခါမဟုတ်၊ ဗြုန်းစားကြီး သဲသဲမဲမဲ မိုးရွာချလိုက်သဖြင့် လမ်းပေါ်တွင် ဗွက်ထသွားသလို ကျွန်ုပ်တို့မနက်စာအတွက် ရပ်နားသည့်အခါ ထင်းခြောက်ကောက်ဖို့ပင် ဒုက္ခရောက်သွားသည်။

www.nyisay.com



ဧပြီ (၁) ရက်နေ့ဖြစ်၍ အပူဆုံးအချိန်ရောက်လာသည်။ နေပြန်ထွက်ပြီး တစ်ခဏမှာပင် လမ်းတွေခြောက်သွားပြီး နေပူကျဲကျဲ၌ပင် မြစ်ဘက်ဆင်းလာခဲ့ကြရာ မွန်းတည့်ချိန်တွင်မူ မုံးဝ, မြေပြန့်ချိုင့်ဝှမ်းသို့ ရောက်သည်။ အကယ်၍ ကျွန်ုပ်တစ်ကိုယ်လုံးချွေးတွေရွှဲနစ်၍ ပေရေမနေခဲ့ပါလျှင် ယခု အခါကား ကောင်းကင်ဘုံပေါ်မှာ လမ်းလျှောက်နေရတာမျိုးပဲဖြစ်ပါလိမ့်မည်။ ဤမှာပင် သစ်ပင်ဝါးပင်တွေ ညှိုညှိုမှိုင်းနေသော တောမြိုင် သေလာနှင့် မြစ်ပြင်စီးဆင်းနေသော ကမ်းပါးလျှိုစောက်ကြီးတွေက စိမ်းစိမ်းစိုနေသော တောအုပ်ထဲ ပြန့်ကားသွားသည်။ ချိုင့်ဝှမ်းထဲတွင်မူ ဘုန်းကြီးကျောင်းနှင့် လယ်သမား ရွာငယ်လေးတွေ ပြောက်ပြောက်ကျားကျား တွေ့နေရပြီး စပါးခင်းနှင့် ဝါးရုံတွေ ဝိုင်းရံထားသည်။ မုံးဝချိုင့်ဝှမ်းမှ ကျိုင်းခန်ခေါ် ရွာကြီးတစ်ရွာသို့ ဦးတည်လာခဲ့ရာ (၂) နာရီမျှ သက်သက်သာသာ လျှောက်လာပြီး နောက်ရွာရောက်လာကြသည်။ သို့ပေမဲ့ ပန်ဆန်းမှ ဗမာအရာရှိ သန်းအေးနှင့် ကျွန်ုပ်တို့ကို တွေ့လိုက်ရသဖြင့် ဒေသခံအုပ်ချုပ်ရေးမှူးတွေ ကြောက်နေပုံရသည်။ အိမ်တစ်အိမ် ဝရန်တာပေါ်တွင် ကြောင်တက်တက်နှင့် ဧည့်ထောက်ခံစကားတစ်လုံးနှစ်လုံး ပြောပြီး အိမ်ရှင်တွေက တရုတ်နယ်စပ်နှင့် ကပ်နေသော မန်ဖိုင်မှ ဒေသပါတီဌာနချုပ်သို့ ကျွန်ုပ်တို့ဆက်သွားမည့်ခရီးအတွက် ပြင်ဆင်စရာတွေ ပြင်ဆင်ဖို့ဆိုရှိ၍ ထွက်သွားကြသည်။

စစ်သားတွေကလည်း ခရီးဆုံးရောက်လာ၍လားမသိ၊ လူစုခွဲ အမိန့်ပင်မပေးရသေးဘဲ သုံးလေးစုခွဲသွားကြရာ ဝရန်တာပေါ်မှာ ကျွန်ုပ်နှင့် သန်းအေးတို့သာ ကျန်ခဲ့ပြီး ဒေသခံအရာရှိတွေ ကြက်ပျောက်ငှက်ပျောက်, ပျောက်ကုန်ကြသဖြင့် ကျွန်ုပ်ဒေါကန်လာသည်။

''ကဲ... သွားကြရအောင်၊ ဒီနေရာက ကောင်းပေမဲ့ တရုတ်ဘက်ကရော အစိုးရနယ်မြေဘက်ကရော ကုန်သည်တွေအများကြီးပဲ၊ အနည်းဆုံး တစ်ဒါဇင်လောက်တော့ ငါ့ကို တွေ့သွားကြပြီ။''

''ကျွန်တော်တို့ ဒီညာ၊ ဒီနေရာမှာ တည်းတာ ကောင်းပါတယ်''

ထုံစံအတိုင်း သန်းအေးက တိုတိုပြတ်ပြတ်ပြောသည်။

''မဟုတ်သေးဘူး၊ ဒီနေရာက အပြင်လူတွေ တွေ့နေရတယ်''

''အပြင်လူတစ်ယောက်မှ မလာပါဘူး''

''ဘေးဘီကိုလည်း ကြည့်စမ်းကြည့်ပါဦး၊ အဲ့ဒီလူတွေက ကျိုင်းခန်ကလား၊ ဆွပ်လွေကလား''

တရုတ်စာနှင့် ထိုင်းစာတို့ ပုံနှိပ်ထားသော အိတ်ပုံကြီးဘေးတွင် ကျကျနန ဝတ်ထား

www.nyisay.com



သော လူတစ်စုကို ကျွန်ုပ်လက်ညှိုးထိုးပြလိုက်သည်။ ဗကပနယ်မြေက မကြာခင်ထွက်ရတော့မှာမို့လား မသိ၊ ကျွန်ုပ်စိတ်ကို ထိန်းမရတော့ဘဲ လွတ်ထွက်သွားသည်။

''မင်းတို့ ဗကပတွေက ဗမာပြည်က အခြားလက်နက်ကိုင် သူပုန်တွေကို ဆရာလုပ်ဖို့ပဲ စဉ်းစားနေကြတာ၊ မင်းတို့အခြေအနေကို မင်းတို့ပြန်ကြည့်လိုက်ဦး ဒီလို စည်းကမ်းပျက်ကွက်တာမျိုးဟာ KIA မှာ ဆိုရင် စဉ်းတောင် စဉ်းစားမိမှာ မဟုတ်ဘူး''

''လမ်းပြမပါဘဲ ကျွန်တော်တို့ ရှေ့မဆက်နိုင်ဘူး။ မန်ဖိုင်လမ်းကို ကျွန်တော်လည်း မသိဘူး''

ကျွန်ုပ်က ခပ်ဆတ်ဆတ် ဝေဖန်လိုက်သည်ကို နာသွားသဖြင့် အေးသန်းက ပြန်ပက်သည်။

''ဒါဆိုလည်း ရှာရမှာပေါ့၊ မင်းတို့တွေ လူငယ်တွေကို ထောင်နဲ့ချီစုပြီး သေဖို့ အတွက် ရှေ့တန်းလွှတ်နိုင်ကြသေးတာပဲ၊ မန်ဖိုင်သွားဖို့ လမ်းပြတစ်ယောက်ကို ဘာလို့ မရှာနိုင်ရမှာလဲ''

ကျွန်ုပ်၏ နောက်ထပ်ထိုးနှက်ချက်ကို တော်တော်တင်းသွားပြီး စကားတစ်လုံးမျှ မပြောဘဲ နေရာက ထ,ထွက်သွားသည်။ ကျွန်ုပ်က ဝရန်တာပေါ်တွင် တစ်ယောက်တည်း ကျန်ခဲ့ပြီး ဆေးပေါ့လိပ်ကို မီးကောက်ညှိရင်း မီးခိုးတွေကို မျက်နှာရှေ့ မှုတ်ထုတ်လိုက်သည်။ သို့ပေမဲ့ ယခုမှ ရောက်လာသော မျက်နှာစိမ်းတစ်ယောက်ကို အိမ်ရှေ့မှ ပါးစပ်တွေ အဟောင်းသားနှင့် ငေးကြည့်နေသော လူတစ်အုပ်ကိုကား မီးခိုးတို့က မကွယ်နိုင်၊ နာရီဝက်အကြာတွင် သန်းအေးရောက်ပြန်ရောက်လာပြီး၊ လားထိန်းသမားနှင့်၊ လားပေါ်မှာ ကျွန်ုပ် အထုပ်အပိုးတွေရှိနေဆဲ။

''ရှေ့တစ်ရွာကို ဆက်သွားကြမယ်''

ဝရန်တာပေါ်မှ ကျွန်ုပ်တို့ ခပ်သုတ်သုတ် ဆင်းပြီး လက်ထဲကလည်း လမ်းလျှောက်တုတ်ကိုင်လျက်၊ လူအုပ်ကြားထဲ တိုးဝှေ့ကာ အရှေ့မြောက်ဘက်မှ စပါးခင်းအချို့ကို ဖြတ်လာခဲ့ကြသည်။ အနားက ချောင်းထဲတွင်မူ မိန်းမတစ်အုပ်ရေချိုးနေကြရာ ကျွန်ုပ်တို့ ရုတ်ရုတ်သည်းသည်းနှင့် ဖြတ်လျှောက်သွားကြသည်ကို ကိုယ်လုံးတီးနှင့်ပင် မော့ကြည့်နေကြသည်။

ယခုရောက်လာသော ရွာကား ကျိုင်းခန်ရွာထက်ပင် နားဖို့မသင့်၊ ရွာထဲတွင် ရှင်ပြုမင်္ဂလာပွဲကျင်းပနေကြရာ၊ လူတွေ ရာနှင့်ချီစုနေကြသလို၊ အိုးစည်၊ လင်းကွင်း၊ ဆိုင်းသံ ဗုံသံတွေ ဆူဆူညံလျက် ရွာလမ်းတစ်လျှောက်မှာ လူအုပ်တွေ ကခုန်နေကြသည်။ လူကြီးတွေက မောင်ရှင်လောင်းတွေကိုထမ်းရင်း စည်းချက်အတိုင်း လှုပ်ယမ်းနေကြသည်။

''ဒီမှာ ထိုင်စောင့်နေ၊ လမ်းပြသွားရှာလိုက်ဦးမယ်''

သန်းအေးက သူ့ကိုယ်သူ ပြောသလိုနှင့် ထ၍ ရွာထဲဝင်သွားသည်။ လားတစ်

www.nyisay.com



ကောင်၊ လားထိန်းနှင့် ကျွန်ုပ်တို့သုံးဦးသား ကျန်ခဲ့ရာ ထိုအခိုက် သေနတ်ကိုယ်စီ လွယ်လျက် အရက်မူးနေသူ လူတစ်စု ကျွန်ုပ်တို့ အနီးမှ ဒယိမ်းဒယိမ် လျှောက်သွားရာမှ ဗကပယူနီဖောင်းနှင့် လူနှစ်ယောက် ကျွန်ုပ်ရှေ့ရောက်လာသည်။

''ယူ... ယူ... ဝဲယူဂိုး''

လူတစ်ယောက်က တစ်လုံးတည်းသာ သိထားသော အင်္ဂလိပ်နှင့် ကျွန်ုပ်ကို လှမ်းပြောလိုက်ရာ သူ့ပါးစပ်ထဲက အရက်ခိုးတွေ ကျွန်ုပ်မျက်နှာပေါ်လာရိုက်သည်။ ကျွန်ုပ်သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း နေရာကထကာ လူအုပ်ကြားထဲတိုး၍ သန်းအေးကို ရှာရပြန်သည်။ သန်းအေးကား ဝရန်တာတစ်ခုပေါ်တွင် ဒေသခံလူတချို့နှင့် အေးအေးဆေးဆေး အရက်သောက်နေသည်။

''ဒီလောက်ဆိုတော်ပြီထင်တယ်၊ ဘယ်မှာလဲ လမ်းပြ''

''လူတွေအားလုံး ပျော်ပါးနေတဲ့အချိန်မှာ ခင်ဗျားဘာလို့ ဒီလောက်စိတ်ဆိုးနေရတာလဲ''

''သေလိုက်စမ်းပါလား... အပြင်လူတွေ ဒီလောက်များနေတဲ့နေရာမှာ ငါတို့အတွက် ဘယ်လိုလုံခြုံနိုင်မှာလဲ''

ကျွန်ုပ်ပေးလိုက်သော အကြောင်းပြချက်ကို သန်းအေးသဘောပေါက်သွားပုံရသည်။ ဝရန်တာမှ ခြေဒရွတ်တိုက်ဆင်းလာပြီး သူနှင့်သောက်နေသူတစ်ယောက်ကို လက်ယပ်ခေါ်လိုက်သည်။

''ကျွန်တော့် သူငယ်ချင်းက လမ်းသိတယ်။ သွားကြမယ်''

မုံးဝ၏ နှစ်လိုဖွယ်အလှကား မွန်းလွဲနေရောင်အောက်တွင် အစိုးရသတင်းပေးတွေ၊ သူလျှိုသူကန့်တွေ၊ အရက်သမားတွေနောက်က အလိုက်ခံနေရသလိုနှင့် ချက်ချင်းပျောက်ကွယ်သွားပြီးနောက် မန်ဖိုင်တောင်ပေါ်သို့ တရွေ့ရွေ့ ရောက်လာပြီး တောက်ဘက်က မြင်ကွင်းတွေ ကျဉ်းသွားခါမှ စိတ်ထဲပေါ့သွားသည်။ သို့ပေမဲ့ မကြာလိုက်၊ တောင်တက်ခရီး တစ်ဝက်ခန့်တွင် သေနတ်သံတွေ နီးနီးကပ်ကပ် ကြားလိုက်ရသဖြင့် တောင်စောင်းတစ်လျှောက်လိုက်ရှာကြည့်ရာ ကျွန်ုပ်တို့ ရှေ့ခပ်လှမ်းလှမ်းတွင်မူ စောစောက ကျွန်ုပ်နှင့်ဆုံခဲ့သော အရက်မူးသမား ဗကပအရာရှိ (၂) ယောက်၊ တစ်ယောက်က မြင်းကုန်းနှီးပေါ်တွင် ထိုင်လျက် လက်တစ်ဘက်က ပစ္စတိုနှင့် မိုးပေါ်ထောင်ပစ်နေပြီး တစ်ယောက်က ဒယိမ်းဒယိုင်နှင့် မြင်းဘေးက လျှောက်ရင်း တဟီးဟီး၊ တဟားဟားနှင့် ရယ်နေကြပါ၏။

''ဒီကိစ္စက တော်တော်လွန်နေပြီ၊ အဲဒီလူဆီက သေနတ်ကို ချက်ချင်းသိမ်းဖို့ကောင်းတယ်။ အဲ့ဒါမင်းတို့ထဲက အရာရှိတစ်ယောက်ပဲ မဟုတ်လား''

သန်းအေးဆီက စကားပြန်မရ၊ မျက်နှာကြီးနီရဲပြီး ရှေ့က သေနတ်နှင့် လက်ဆော့နေသူကို မီဖို့သာ တွန်းလျှောက်သွားသည်။ သူတို့ ခွန်းကြီးခွန်းငယ် ပြောသံဆိုသံတွေကို

www.nyisay.com



သစ်တုံးတစ်တုံးပေါ်မှာ ထိုင်စောင့်နေရင်း ကျွန်ုပ်ကြားနေရသည်။ တအောင့်အကြာတွင် သန်းအေး မှုန်မှုန်သုန်သုန်နှင့် ပြန်ရောက်လာသည်။

''ရှင်းသွားပါပြီ၊ အဲ့ဒီလို မလုပ်ဖို့ ကျွန်တော်ပြောလိုက်ပြီ''

သူတို့နှစ်ယောက်ကို ကျွန်ုပ်တို့လူစု ဘာမျှမပြောဘဲ ကျော်တက်သွားသည့်အခါ သူတို့နှစ်ယောက်က ရပ်နေရာက ပေစောင်းစောင်းနှင့် ကျွန်ုပ်တို့ကို ကြည့်နေသည်။ ယခုတစ်ခါတောင်တက်ခရီးကား မသက်သာ၊ ဗကပတပ်ဖွဲ့ဝင်တွေ စည်းမဲ့ကမ်းမဲ့ လုပ်ကိုင်နေသည်ကို ဒေါသထွက်နေရသည့်အထဲ တောင်တက်လာရသဖြင့် ဟပ်ထိုးပစ်၍ လဲ့ပစ်လိုက်ချင်စိတ်ပင် ပေါက်လာပြီး တဖြည်းဖြည်းနှင့် တောင်ပေါ်သို့ ရောက်လာခဲ့သည်။

ဟောဟဲလိုက်နေသော်လည်း စိတ်ဆိုးမာန်ဆိုးနှင့် တက်လာခဲ့ရာ ကျွန်ုပ်တစ်ယောက်တည်း ရှေ့ဆုံးက ရောက်လာပြီး နောက်ကလူတွေ မိလာသည့်အခါ ဆည်းဆာပြုလေပြီ။ မန်းပိုင်ရွာထဲသို့ ကျွန်ုပ်တို့အားလုံးစုပြီး ရွာထဲသို့ ခွေးတစီစီနှင့် ဝင်လာခဲ့ရာ လမ်းပြလုပ်သူက ဗကပရုံးဆီ ဦးဆောင်လာသည်။ ရွှံ့အုတ်သရိုးနှင့် ရုံးအဆောက်အအုံကား ထုံးစံအတိုင်း ကုလားထိုင် သုံးလေးလုံးနှင့် စားပွဲတစ်လုံးမှအပ အခြားပရိဘောဂမရှိ။ နံရံပေါ်တွင် ချိတ်ထားသော ဓာတ်ပုံထဲမှ ကား(လ်)မတ်၊ အိန်ဂျယ်၊ လီနင်၊ စတာလင်နှင့် မော်စီတုန်းတို့ကား အခင်းမရှိသော အဆောက်အအုံကို ငုံကြည့်နေကြသည်။ ယူနီဖောင်းအစိမ်းနှင့် လူငယ်လေးတွေက ရေနွေးကြမ်းနှင့် ဘီစကွတ်မုန့်ပန်းကန် လာချသည်။

''ကျွန်တော်တို့ .ဒီမှာတည်းလို့မဖြစ်ဘူး၊ အပြင်လူတွေများတယ်။ (၁၀) ကီလိုမီတာ ဝေးတဲ့ လျှို့ဝှက်စခန်းကို ဂျစ်ကားနဲ့ သွားကြမယ်''

သန်းအေးပြောတာသင့်တင့်လျောက်ပတ်သဖြင့် စောစောက စိတ်ဆိုးခဲ့သည်ကို စိတ်မကောင်းဖြစ်ရသည်။

'နေ့လယ်ခင်းက ငါစိတ်ဆိုးခဲ့တာကို မင်းခွင့်လွှတ်မယ် မျှော်လင့်ပါတယ်။ အပြင်လူတွေ ငါ့ကို လုံးဝမတွေ့စေချင်လို့ပါ၊ တရုတ်ပြည်ထဲက တစ်ကြိမ်ပြန်လာရပြီးပြီဆိုတော့ ဒီတစ်ခါ သေချာအောင် လုပ်ဖို့လိုတယ် မဟုတ်လား''

''ကျွန်တော်သဘောပေါက်ပါတယ်။ ကျွန်တော်တို့ဘက်က ပေါ့ဆတဲ့အတွက်လည်း ခွင့်လွှတ်စေချင်ပါတယ်''

''ကိစ္စမရှိတော့ပါဘူး၊ ဒီနေ့ ဧပြီအရူးနေ့မဟုတ်လား ဒါကြောင့် အားလုံးမှားနိုင်ပါတယ်''

ကျွန်ုပ်တို့ရယ်လိုက်ကြပြီး စောစောက ပြဿနာတွေကို မေ့ပစ်လိုက်ကြသည်။ သန်းအေး ပန်ဆန်းပြန်သည့်အခါ တော်တော်ညစ်ပေါက်ကပ်ကျယ်နိုင်တဲ့ ဧည့်သည်ဆိုသော အထင်နှင့် မပြန်စေချင်ပါ။ ကျွန်ုပ်ကို ဗကပက သူတို့ပေါ်လစီနှင့် အရပ်ရပ် အခြေအနေအားလုံးကို ဝေဖန်သူအဖြစ် မြင်လျှင်လည်း ကိစ္စမရှိပါ။ သို့ပေမဲ့ အခြောက်တိုက်

www.nyisay.com



ဘဝင်မြင့်နေသူအဖြစ် မြင်သွားမှာကိုမူ ကျွန်ုပ်လုံးဝမလိုလားပါ။ လားပေါ်က အထုပ်အပိုးတွေကိုချပြီး ဂျစ်ကားနောက်ထဲ ပစ်တင်လိုက်ပြီး မှောင်နှင့်မည်းမည်းထဲတွင် ကျွန်ုပ်တို့ထွက်လာခဲ့ကြရာ၊ ကျင်းခွက်တွေ ချိုင့်ခွက်တွေနှင့် လမ်းကျင်းလေးပေါ်တွင် တဂျုံးဂျုံး တအုံးအုံးနှင့် မောင်းလာရာမှ တစ်နေရာအရောက်တွင်မူ အင်ဂျင်တုံးက ဆတ်ခနဲ ဆတ်ခနဲ တုန်ခါလာပြီး စက်ထိုးရပ်သွားသည်။ ဒရိုက်ဘာနှင့် မန်ဖိုင်စခန်းမှ ပါလာသော အခါကောင်လေးတို့က အင်ဂျင်ကို တစ်ချက်ပြီးတစ်ချက် ဆက်တိုက်နှိုးနေရာ နောက်ဆုံး 'ပလပ်'ထဲ ဆီလျှံသွားပြီး လုံးဝ လက်လျှော့ကာ ဒရိုက်ဘာက သန်းအေးကို ဗမာလို တစ်ခုခုပြောလိုက်သည်။

''ကျွန်တော်ဆင်းတွန်းမယ်၊ ခင်ဗျားက ဓာတ်မီးနဲ့ ရှေ့ကို ထိုးပြ၊ ဘက်ထရီအားကုန်သွားပြီထင်တယ်၊ ရှေ့မီးကြီးဖွင့်လို့မရတော့ဘူး''

အိတ်ထဲက ဓာတ်မီးထုတ်လိုက်ပြီး ကျွန်ုပ်ထိုင်ခုံဘေးပေါက်မှ ကိုယ်ကိုလွှဲထွက်၍ ရှေ့က လမ်းကျင်းလေးဆီ မီးထိုးပေးလိုက်သည်။ သန်းအေးနှင့် မန်ဖိုင်မှ ပါလာသော စစ်သားအချို့ ကားပေါ်ကဆင်းပြီးတွန်းကြရာ၊ ဆင်ခြေလျောရောက်၍ အရှိန်ရသည်နှင့် ဒရိုင်ဘာက ဂီယာကို ကောက်ထည့်ရင်း စက်နှိုးလိုက်ပါသော်လည်း မနိုး၊ နောက်တစ်ကြိမ် အရှိန်ယူ၍ နှိုးလိုက်ပြန်သည်တွင်လည်း မထူး။ သို့ရာတွင် ပြဿနာကား ရှေ့သို့ ဓာတ်မီးနှင့် ထိုးပြနေစဉ် ဘယ်ဘက်ကို ကွေ့လိုက်သည်တွင် ကျွန်ုပ်တို့သွားနေသော လမ်းကျဉ်းလေးမှာ တောင်စောင်းဘေးတွင် ကပ်ဖောက်ထားသည်ကို သိလိုက်ရသည်။ ဒရိုက်ဘာကလည်း ရှေ့ကလမ်းကို မကြည့်ဘဲ သော့ပေါက်ထဲကိုသာ သော့ထိုးပြီး ကလိနေသဖြင့် နှစ်ကြိမ်တိုင်တိုင် မော်တော်ကား ဆောင့်ထွက်သွားပြီး လမ်းပေါ်သို့ မနည်းမောင်းတင်နေရသည်ကို ကျွန်ုပ် သဘောပေါက်လိုက်ရာ ဒီနေရာအထိ ရောက်လာကာမှ ကားမှောက်ပြီး ကျွန်ုပ် မသေချင်။

''ရပ်တော့၊ ဒီလိုလုပ်လို့ ဘယ်လိုရမှာလဲ''

''အခြားနည်းမရှိဘူးလေ''

''ဒါဆိုရင် လမ်းလျှောက်တာပဲကောင်းတယ်၊ နောက်ကျလည်း မထူးပါဘူး''

နောက်က ကားတွန်းနေသူတွေဆီက ဘာသံမျှမကြားရသဖြင့် လက်နှိပ်မီးကို ပိတ်ပြီး ကားပေါ်က ကျွန်ုပ်ခုန်ဆင်းလိုက်သည်။ ဓာတ်မီးပိတ်လိုက်သဖြင့် ရုတ်တရက် ပိန်းပိန်းမှောင်ကြီးကျသွားသဖြင့် ဒရိုင်ဘာက ကားကို ဘရိတ်အုပ်၍ တုံ့ခနဲရပ်လိုက်သည်။ သန်းအေးနှင့် စစ်သားလေးတချို့ကား နောက်မှာ မောမောနှင့် ထိုင်နေကြသည်။

''လမ်းလျှောက်ကြမယ်၊ ဒီလိုဆက်လုပ်နေရင် မော်တော်ကား ချောက်ထဲကျသွားလိမ့်မယ်''

www.nyisay.com



ဤတွင် ဒရိုင်ဘာက စစ်သားလေးတစ်ယောက်ကို အော်ပြောလိုက်ရာ ထိုစစ်သားက ငေါက်ခနဲထ,ပြီး မန်ဖိုင်ဘက်ပြန်လှည့်ပြေးသွားသည်။

''ဘာသွားလုပ်တာလဲ... ကားတွန်းဖို့ လူတွေထပ်ခေါ်တာလား''

''မဟုတ်ဘူး...ထော်လာဂျီတစ်စီး သွားယူခိုင်းလိုက်တာ''

ကျွန်ုပ်အပေါ် အလေးဂရုပြု၍ စာနာတတ်သော သူတို့စိတ်ကို သိရပြန်တော့ ကျွန်ုပ် စိတ်မကောင်းဖြစ်ရပြန်ပါသည်။ သို့ဖြင့် ကျွန်ုပ်၏ နောက်ဆုံးခရီးကိုမူ ကံကြမ္မာလက်ထဲအပ်လိုက်ပြီး လမ်းဘေးတစ်နေရာတွင် ထိုင်၍ ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာနေလိုက်တော့သည်။

တစ်အောင့်အကြာတွင် အဝေးမှ အင်ဂျင်ခုတ်သံ ခပ်ကြမ်းကြမ်းကို ကြားနေရပြီး ရှေ့မီးသီးကြီးတစ်လုံးက တောင်ကြောတစ်လျှောက် မြွေလိမ်မြွေကောက် လမ်းအတိုင်း ကွေ့ပတ်လာနေသည်ကို တွေ့လိုက်ရသည်။ ထော်လာဂျီ လာလေပြီ။ ဂျစ်ကားကို ပစ်ထားခဲ့ပြီး အထုပ်အပိုးတွေနှင့် ကျွန်ုပ်တို့အားလုံး ထော်လာဂျီနောက်တွဲပေါ် ပြောင်းလိုက်ကြသည်။ သို့ပေမဲ့ ထိုင်စရာအခင်းအပြင်မရှိ၊ သံပြားပေါ်မှာ ဖင်ချ,ထိုင်လိုက်ရသဖြင့် ဤခရီးကား မသက်သာ၊ ထော်လာဂျီမစီးဘဲ မန်ဖိုင်မှ လမ်းလျှောက်လျှင် ယခုထက်ပင် ပို၍ မြန်မည်လားဟု လမ်းတွင်တွေးမိသေးသည်။ သန်းခေါင်မတိုင်မီ ညခင်းတွင် ကျွန်ုပ်တို့ ရှေ့ဘက်တွင် မီးအလင်းရောင်မြင်ရသဖြင့် ကျွန်ုပ်တို့လာနေသော စခန်းဖြစ်ကြောင်း နားလည်လိုက်သည်။ ဝါးအိမ်တစ်အိမ်ရှေ့တွင် ထော်လာဂျီထိုးရပ်လိုက်ပြီး အားလုံး အောက်ဆင်းကြသည်။ ကျွန်ုပ်တို့အားလုံး ဖုန်တွေပေလူးနေသဖြင့် ခါးဆန့်၊ ကျောဆန့်ရင်း အကျိုးအကျေ ရှိ၊ မရှိ တစ်ကိုယ်လုံး စစ်ဆေးရသေးသည်။

စခန်းတွင် လူတချို့ ကျွန်ုပ်တို့ကို စောင့်ကြိုနေကြပြီး လူငယ်တစ်ယောက် ထွက်လာပြီး ကျွန်ုပ်ကိုလက်ဆွဲနှုတ်ဆက်သည်။

''ခင်ဗျားတို့ နောက်ကျတာပဲ၊ ညစာပြင်ဆင်ထားတာတောင် တော်တော်ကြာသွားပြီ''

အင်္ဂလိပ်စကားပြောနိုင်သည်ကို ထောက်ရှုခြင်းဖြင့် ထိုလူငယ်သည်လည်း ကျောင်းသားဟောင်းတစ်ယောက်ဖြစ်မည် ယူဆရသည်။

''စောင့်နေရတာ စိတ်မကောင်းပါဘူး၊ လမ်းမှာ အခက်အခဲလေးတစ်ခု ဖြစ်သွားလို့ ကြန့်ကြာသွားတာပါ''

စိတ်ရော၊ ကိုယ်ရော နုံးခွေနေပြီဖြစ်၍ ထမင်းဝိုင်းတွင် ကျွန်ုပ်စကားမပြောနိုင်တော့၊ တောအရက် ဖန်ခွက်ကြီးနှင့် တစ်ခွက်ကျိုက်ချလိုက်ပြီး ကျွန်ုပ်ရှေ့တွင် ချပေးထားသော အေးစက်စက် ထမင်းတစ်ပန်းကန်နှင့် ဝက်သားဟင်းတွေကို ပြောင်အောင်စားလိုက်ပြီး နောက်၊ ဗျာပေါ်တွင် တချိုးတည်း အိပ်ပျော်သွားလေရာ၊ ယနေ့ကား အမှန်ပင် ဧပြီအရူးနေ့ ဖြစ်တော့သည်။

www.nyisay.com



နောက်တစ်နေ့ နံနက် အိပ်ရာထတွင် ကျွန်ုပ် စိတ်ရောကိုယ်ပါ လန်းဆန်းနေသည်။ မနက်စာ စားပြီးနောက် သန်းအေးပြန်သွားသည်။ ဗကပအရာရှိတစ်ယောက်က ကျွန်ုပ် တည်းခိုဖို့ နေရာလိုက်ပြရာ၊ မုံဝချိုင့်ဝှမ်းကို လှမ်းမြင်နေရသော တောင်ပေါ်တွင် တည်ထားသော တဲတစ်လုံးပေါ်တွင် နေရာချပေးသည်။ ချိုင့်ဝှမ်း၏ အနောက်ဘက် တောင်တန်းပေါ်တွင်မူ အစိုးရတပ်စခန်း (၂) ခုတပ်စွဲထားရာ ဆိုင်နောင့်တို့သားအမိအလာကို ဤနေရာကပင် စောင့်ရမည်ဖြစ်သည်။

နမ့်လွေကား တရုတ်နယ်စပ်တစ်လျှောက်မှ ဗကပအခြေခံဒေသနှင့် မြစ်နောက်ဘက် ပြောက်ကျားဒေသတို့ကို ပိုင်းခြားထားပြီး မျက်နှာချင်းဆိုင် တောင်တန်း၏ အခြားတစ်ဘက်တွင်မူ အစိုးရမြို့စောင့်တပ်ထိန်းချုပ်ထားသော မုံးယောင်းချိုင့်ဝှမ်းရှိသည်။ တောင်တန်းပေါ်တွင် တစ်ချိန်က အခါလူမျိုးတို့ နေထိုင်ခဲ့ကြသော်လည်း ဗကပနှင့် အစိုးရတပ်ဖွဲ့တို့ကြား စစ်ကြောင်းကျနေသဖြင့် တောင်ဘက်ပိုင်း ထိုင်းနိုင်ငံအထိ လွတ်ရာကျွတ်ရာသို့ ရွှေ့ပြောင်းသွားကြသည်။

ဤဒွန်ရက်အနည်းငယ်အတွင်း ကျွန်ုပ်ရောက်လာသည့်နေ့က အင်္ဂလိပ် စကားပြောနိုင်သော ပညာတတ်တစ်ယောက်နှင့် ကျွန်ုပ်တို့ ရင်းနှီးလာရာ သူ့အမည်မှာ ချစ်သန်းဖြစ်၍ ကျွန်ုပ်ထက်ပင် အရပ်ရှည်သေးသည်။ သို့ပေမဲ့ ပိန်ပိန်ပါးပါးနှင့်၊ ဆံပင်ကား လိပ်ကောက်နေသဖြင့် ကျွန်ုပ်စိတ်ထဲ ဇဝေဇဝါဖြစ်နေရာမှ သူသည် အိန္ဒိယ ဘင်္ဂါလီအနွယ်ဖြစ်၍ မန္တလေးဇာတိဖြစ်ကြောင်း၊ မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြောင်း သိရသည်။ အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောနိုင်သလို မိခင်ဗမာစကားအပြင် ရှမ်းစကား၊ အခါစကားနှင့် ဘင်္ဂါလီစကားကိုလည်း ထမင်းစားရသောက် ပြောနိုင်သူဖြစ်သည်။

၁၉၇၀ လွန်ကာလများက မြန်မာပြည်နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သော ပညာတတ်လူငယ်များနည်းတူ၊ ချစ်သန်းသည်လည်း မြို့ပေါ်တွင် နေမရနိုင်လောက်အောင် စစ်ထောက်လှမ်းရေးတို့က ဒုက္ခအမျိုးမျိုးပေးနေသဖြင့် ဗကပလွတ်မြောက်ဒေသသို့ တောခိုလာခဲ့သူဖြစ်သည်။ သို့ပေမဲ့ ပစ္စည်းမဲ့ အလုပ်သမားတို့က တောင်သူလယ်သမားနှင့် လက်တွဲ၍ တော်လှန်ရေးကြီးကို ဦးဆောင်ရမည်ဆိုသော မဟာအတွေးအခေါ်ဖြင့် တော်လှန်နေသော ဗကပတို့ကမူ ချစ်သန်းကဲ့သို့ ပညာတတ်တို့ကို နေရာမပေး။ ယခု သူ့တာဝန်မှာ မန်ဖိုင်အနီး ဆေးရုံတွင် ဆေးဝန်ထမ်းအဖြစ် တာဝန်ပေးထားသော်လည်း ဤဒေသတစ်ဝိုက်တွင် သူတစ်ဦးတည်းသာ အင်္ဂလိပ်စာတတ်သဖြင့် လောလောဆယ် ကျွန်ုပ်၏ စကားပြန်အဖြစ် တာဝန်ပေးလိုက်ခြင်းဖြစ်သည်။

ညဘက်ဆိုလျှင် သူ့အိမ်အပြင်ဘက် ဝရန်တာတွင် ကျွန်ုပ်တို့ထွက်ထိုင်၍ နိုင်ငံရေးအကြောင်း၊ ပြည်တွင်းစစ်နှင့် သူ၏ အတွေ့အကြုံတို့ကို ပြောဆိုကြရာ မြန်မာနိုင်ငံမှာမွေး၍ မြန်မာနိုင်ငံတွင် ကြီးပြင်းလာခဲ့ပါသော်လည်း လူမျိုးရေးခွဲခြားထားသော မြန်မာ

www.nyisay.com



နိုင်ငံသားဥပဒေအရ သူသည် နိုင်ငံသားတစ်ယောက်အဖြစ် ရပ်တည်ခွင့်မရ၊ ဥပဒေအရ သူသည် နိုင်ငံမဲ့ တစ်ယောက်ဖြစ်နေရသည်။ သို့ရာတွင် ၁၉၇၀ လွန်နှစ်များကျောင်းသား လှုပ်ရှားမှုများမတိုင်မီ အိန္ဒိယ ကာ(လ်)ကတ္တားသို့ ထွက်ခွာသွားသောသူ၏ အစ်ကိုကား အိန္ဒိယနိုင်ငံသားအဖြစ်ရရှိခဲ့ကြောင်း သူက ပြောပြသည်။

"အိန္ဒိယမှာ သူရှိနေသေးတယ်။ ဒါပေမဲ့ သူဘာလုပ်ပြီး ဘယ်မှာနေသလဲ ဆိုတာတော့ ကျွန်တော် မသိဘူး"

တစ်ခါတစ်ခါ ကျွန်ုပ်အနေနှင့် ယခုလိုတောကြိုတောင်ကြားထဲတွင် သူ့ကို မရှိစေချင်၊ ကာ(လ်)ကတ္တားလို နေရာမျိုးတွင် သူရှိနေမည်ဆိုလျှင် ကာ(လ်)ကတ္တား ကောလိပ်လမ်းမှ အင်ဒီးယန်းကော်ဖီဟောက်(စ်)တွင် အခြားပညာတတ် ဘင်္ဂါလီလူငယ်တို့နှင့် ကမ္ဘာ့အရေးအရာတို့ကို လက်ရည်တပြင်တည်း ဆွေးနွေးငြင်းခုန်နေမည့် ချစ်သန်းကို စိတ်ကူးထဲက မြင်ယောင်နေမိသည်။

ဆိုင်နောင့်တို့သားအမိကို စောင့်ရင်း ရက်အချို့ကုန်သွားသည်။ တရုတ်နယ်စပ်မှ လူများ စခန်းအနီး မကြာခဏရောက်လာသော်လည်း သူတို့နှင့် ဒေသခံတွေကို အလွယ်တကူခွဲခြားသိနိုင်သည်။ သို့ပေမဲ့ ကျွန်ုပ်နှင့်ပတ်သက်သော သတင်းပလင်း တစ်စွန်းတစ်စမှ မထွက်ရလေအောင် ဒေသခံတွေနှင့် အတတ်နိုင်ဆုံးရှောင်၍ အိမ်ထဲမှာပဲနေ,နေရသည်ဖြစ်၍ ယခုပြီးဆုံးခါနီးပြီဖြစ်သော ကျွန်ုပ်တို့ခရီးရှည်ကြီးကို ပြန်လည်ဆင်ခြင်တွေးတောနိုင်စရာ၊ အချိန်နှင့် အခွင့်အရေးတွေ ရှိနေသည်။

ညဉ့်နက်သည်အထိ ဝါးစားပွဲလေးတွင် ထိုင်ကာ ဒိုင်ယာရီနှင့်မှတ်စုတို့ကို ရေနုံဆီမီးခွက်နှင့် ဖတ်ရင်း အတိတ်ပုံရိပ်တွေ လင်းလက်လာသည်။

ကိုဟီးမားတွင် ဆိုင်တိုင်းကို မွေးခဲ့တာတွေ၊ NSCN ဌာနချုပ်တွင် တွေ့ခဲ့ရသော ထူးထူးဆန်းဆန်း နတ်ဝင်သည်တွေ၊ နာဂတောင်ကြားက သေနတ်သံတွေ၊ ကချင်တောင်တန်းကြီးတွေပေါ်က ပျော်ရွှင်စရာနေ့ရက်တွေ၊ သွေးစိမ်းရှင်ရှင်လွမ်းနေသော စီစီဝမ်၊ ကိုးကန့်နှင့်ဝ, တောင်တန်းတွေပေါ် ကျွန်ုပ်ကျော်လွှားခဲ့ရသော ခရီးကြမ်း၊ ပန်ဆန်းကတော်လှန်ရေး အရှုပ်ထုပ်၊ စသည် စသည်တို့ကား မျက်ဝါးထင်ထင် ပြန်မြင်လာခဲ့ရာ၊ ယခု ကျွန်ုပ်တို့ကား အိန္ဒိယတွင် လည်တဆန့်ဆန့်စောင့်ဆိုင်းနေစဉ်က ကျွန်ုပ်တို့ကို လက်ယပ်ခေါ်နေပါသော ကျောက်စိမ်းမြေကို ကျော်လွန်၍ ဤမျှအဝေးအလံအထိ ရောက်ခဲ့ချေပြီ။

သို့ပေမဲ့ ကျွန်ုပ်၏ အတွေးတို့ကမူ အမြောက်ဆန်၊ ကျည်ဆန်တို့ဖြင့် မွမွကြေနေသော မြန်မာပြည်တောင်တန်းဒေသနေ ပြည်သူတွေအကြောင်းကိုသာ စိတ်ရောက်နေသည်။ ဗုံးကြဲတိုက်ခိုက်မှုကို စိုးရိမ်သဖြင့် တောထဲတွင် ပုန်းကွယ်၍ စာသင်နေရသော အင်ဂွမ်လရွာမှ ကလေးတွေကို ကျွန်ုပ်ပြေးမြင်မိသည်။ ဝ,တောင်တန်းတွေထဲက မန်းဆိုင်

www.nyisay.com



အနီးရွာလေးတစ်ရွာကို ဝေလီဝေလင်း ဒလမန်းကြမ်းဝင်တိုက်ခဲ့ကြသည်ကိုလည်း သတိရလိုက်ရာ ဒီလူတွေ ဒီတစ်သက် ပုံမှန်ဘဝနှင့် ငြိမ်းငြိမ်းချမ်းချမ်းနေရော နေရပါ့မလားလို့ တွေးမိလိုက်သည်။

အမှန်အားဖြင့် တောင်တန်းဒေသကား နိုင်ငံ၏ အခြားဒေသတွေနှင့် ကင်းပြတ်နေရခြင်းသည်လည်း ပြဿနာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရန်ကုန်၊ မန္တလေးအပါအဝင် အလယ်ပိုင်းမြို့ကြီးများနှင့် အလှမ်းဝေးနေသော ကမ္ဘာတစ်ခုလိုဖြစ်နေသဖြင့် တောင်တန်းဒေသပြည်သူတို့၏ ဒုက္ခ သုက္ခတို့ကို လူအနည်းငယ်လောက်သာ နားလည်သဘောပေါက်ကြရာ ဤအချက်သည်ပင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းကြီးအတွက် ကြီးမားသော စိန်ခေါ်မှုကြီး ဖြစ်ပါ၏။

အဆိုပါကိစ္စကို တစ်ည၊ ချစ်သန်းနှင့် ကျွန်ုပ်တို့ ဆွေးနွေးကြရာ သူက သဘောတူသည်။

''ကျွန်တော် မန္တလေးမှာနေတုန်းက ဗမာပြည် အဲဒီနေရာတွေမှာ ဒီလိုဖြစ်လိမ့်မယ်လို့ လုံးဝမထင်ခဲ့မိဘူး''

အခါရွာလေးတွေ ပျံ့ကျဲနေသော တောင်တန်းကြီးဘက်တစ်ချက်ဝှေ့ကြည့်ရင်း ဆက်ပြောသည်။ ''အစိုးရစစ်သားတွေက ရွာသားတွေကို သွေးအေးအေးနဲ့ သတ်နေတာတွေ၊ မိုင်းကွင်းထဲကို ရှေ့က ဖြတ်လျှောက်ခိုင်းပြီး မိုင်းရှင်းခိုင်းနေတာတွေ၊ ရွာတွေကို မီးတိုက်ပစ်နေတာတွေ၊ အရပ်သားတွေကို အဓမ္မပေါ်တာဆွဲနေတာတွေကို လာပြောပြရင် တောင် ကျွန်တော် ယုံမှာမဟုတ်ဘူး။ ဒါပေမဲ့ အခုတော့ အဲ့ဒီကိစ္စတွေ အားလုံးဟာ ဒီမှာ တကယ်ဖြစ်နေတာတွေပဲ၊ ဒေသခံပြည်သူတွေ နေ့စဉ်ရင်ဆိုင်နေရတဲ့ ဒုက္ခတွေပဲ''

မြန်မာပြည်၊ ပြည်တွင်းစစ်ကြီးကား အရှေ့တောင်အာရှဒေသအတွင်း အခြားသော လက်နက်ကိုင် ပဋိပက္ခတွေလို ရက်စက်ကြမ်းကြုတ်၍ အရှိန်အဟုန်ပြင်းထန်သည့်တိုင် မြန်မာပြည်ကိုယ်တိုင်က တံခါးပိတ်၍ အထီးကျန်နေသလို တိုက်ပွဲဖြစ်နေသော ဒေသတို့သည်လည်း ဆိုခဲ့သလို တိုင်းပြည်အစွန်အဖျားတစ်လျှောက်တွင် ဖြစ်၍ မြန်မာပြည်တွင်းစစ် အကြောင်းကိုမူ ပြင်ပကမ္ဘာကြီးက မသိကြတာပဲဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံခြားသတင်းထောက်တစ်ဦးတစ်ယောက်က မြန်မာပြည် အစွန်အဖျားမှ တောတောင်များအတွင်း အသက်စွန့်၍ သွားရောက်မှသာလျှင် မြန်မာပြည်စစ်သတင်းတို့ကို ကမ္ဘာကြီးက သိရမည်ဆိုလျှင် ဤအဓိပ္ပာယ်အရ ကျွန်ုပ်၏ ခရီးကားပြီးမြောက်အောင်မြင်ခဲ့လေပြီ။ ကျွန်ုပ်တို့၏ မွေးဖွားစ သမီးငယ်အသက်နှင့်ပင် စွန့်စားခဲ့ရသည်ဖြစ်၍လည်း မြန်မာပြည်နှင့်တကွ မြန်မာပြည်သူအပေါင်းတို့သည်ကား ကျွန်ုပ်တို့ နှလုံးသားများနှင့် အစဉ်ထိစပ်နေလိမ့်မည်ဟု ခံစားမိပါ၏။

www.nyisay.com



စခန်းတွင် (၁၀) ရက်မြောက်ကျော်လွန်လာခဲ့ပြီး တစ်ည၊ ကျွန်ုပ်နှင့် ချစ်သန်းတို့ ဝရန်တာမှာထိုင်နေစဉ် ကျွန်ုပ်နှင့် ရင်းနှီးသော ရယ်သံတစ်သံကို အပြင်ဘက် အမှောင်ထဲက ကြားလိုက်ရသည်။ ဆိုင်နောင်နှင့် မိန်းကလေးတစ်ယောက်၊ လှေကားမှ ကျွန်ုပ်တို့ ရှိရာသို့ တက်လာနေကြသည်။ ဆိုင်တိုင်းက ကျွန်ုပ်ကို မြင်သည်နှင့်ပြုံးပြရာ သူ့အမေ ရင်ခွင်ထဲက ကျွန်ုပ်လက်ပြောင်းချီလိုက်ပြီး ပွေ့၍ ပေါင်ပေါ်မှာ ထိုင်ခိုင်းလိုက်သည်။

''ကျွန်မတို့ ဒီနေ့ ဂျင်းဟုန်ကထွက်လာတာ၊ ကျွန်မတို့ ခရီးကတော့ ခေါင်းကို မူးသွားတာပဲ''

ဆိုင်နောင်က ခေါင်းကို ခါယမ်းရင်းပြောသည်။ ဆိုင်နောင်တို့သားအမိ မုံးအာမှ ဘတ်(စ်)ကားနှင့် လိုက်ဖို့ကြိုးစားခဲ့သော်လည်း ရှေ့တွင် တရုတ်ပုလိပ်တို့က မှတ်ပုံတင် စစ်နေသဖြင့် ပန်ဆန်းသို့ ပြန်သွားပြီး ထိုမှ မုံးလားသို့ ဆိုင်တိုင်းကို ချီရင်း လမ်းလျှောက်လာကြသည်။ မုံးလားမှ တရုတ်ပြည်ထဲဝင်၊ ထိုမှ ဘတ် (စ်)ကား တစ်တန်၊ ထော်လာကျီ တစ်တန်နှင့် ဂျင်းဟုန်မှတစ်ဆင့် နယ်စပ်အထိ ဆက်လာပြီး မန်ဖိုင်သို့ ကူးလာကြောင်း သိရသည်။

''စိုင်းန္တမ်ပန်းနဲ့ ကျွန်မတို့တွေ့တယ်၊ ရှင့်အကြောင်းတွေ အများကြီးပဲ ပြောသွားတယ်။ မိုက်ကယ်ဒေးဗစ်လည်းပါတယ်။ သူက ရှင်နဲ့ လွဲသွားတာ စိတ်မကောင်းဖြစ်နေတယ်။ ဒီမှာ သူပေးလိုက်တဲ့ ပစ္စည်းတွေ''

ထိုင်းနိုင်ငံလုပ် စည်သွတ်ဗူးတွေ ပလပ်စတစ်အိတ်ကြီးနဲ့ တစ်လုံးကို ဆိုင်နောင်က စားပွဲပေါ်တင်လိုက်ပြီး အဖြူအမဲရိုက်ထားသော ဓာတ်ပုံတစ်ပုံကို လှမ်းပေးသည်။ သူ့ရုပ်သွင်က ဥရောပနှင့် အာရှကပြားမှန်း သိသာသည်။

''ကျွန်မတို့အနေနဲ့ သူ့အဖေကို ရှာပေးလို့ရနိုင်မလားလို့ မေးလိုက်သေးတယ်''

ဝါကျင့်ကျင့်ဆေးသားတက်နေပြီဖြစ်သော ဓာတ်ပုံကို ကျွန်ုပ်ကြည့်ရင်း ပြည်တွင်းစစ်ကြီးကြောင့် ရှင်ကွဲ,ကွဲခဲ့ကြရသော မိသားစုတွေအကြောင်း စဉ်းစားမိသဖြင့် စိတ်မကောင်းဖြစ်ရသည်။

ယခု ကျွန်ုပ်တို့၏ လက်ငင်းပြဿနာမှာ တရုတ်ပြည်ထဲ ဝင်ဖို့ ဘယ်လိုစီစဉ်မလဲ ဆိုသော နောက်ဆုံး ခရီးစဉ်ဖြစ်သည်။ ဆိုင်နောင်တို့သားအမိက မန်ဖိုင်မှတစ်ဆင့် ဂျင်းဟုန်သို့ အချိန်မရွေး ပြန်ဝင်နိုင်သည့်တိုင် ကျွန်ုပ်ကမူ အရှေ့မြောက်သို့ တောလမ်းအတိုင်း (၂) ရက်လျှောက်၍ တရုတ်နယ်ခြားအစောင့်မရှိသော နေရာမှဖြတ်ကူး၍ ထိုမှ ကမ္ဘာလှည့်ခရီးသည်တွေကို ခွင့်ပြုထားသော နယ်ခြားမှ တာမုံးလုံခေါ် ရှမ်းရွာသို့ ဆက်သွားရမည်ဖြစ်သည်။ သို့ပေမဲ့ သတင်းဆိုးကိုလည်း ကြားရပြန်သည်။

''ကျွန်မတို့ထည့်ပေးလိုက်တဲ့စာနဲ့ နိုင်ငံကူးလက်မှတ်တွေ ဖရန့်ဆီ မရောက်ဘူး

www.nyisay.com



ထင်တယ်။ ဂျင်းဟုန်မှာ သက်ြန်ကျဖို့ ရောက်နေတဲ့ တိုးရစ်တွေအများကြီးပဲ၊ ဒါပေမဲ့ တိုးရစ်ရုံးကြော်ငြာသင်ပုန်းမှာ ကျွန်မတို့အတွက် မက်ဆေ့(ချ်) တစ်ခုမှ မတွေ့ခဲ့ဘူး''

ဆိုင်နောင့်ကြည့်ရသည်မှာ စိတ်ဓာတ်ကျသွားသလားမသိ သက်မတစ်ချက်ချလိုက်သည်။

''ဘာပဲဖြစ်ဖြစ် ဂျင်းဟုန်ကိုတော့ ဖြစ်တဲနည်းနဲ့ သွားရမှာပဲ၊ ဟိုရောက်ရင် ဆွီဒင်သံရုံးကို ကိုယ်တို့ဆက်သွယ်နိုင်ပြီပဲ။ ပုလိပ်တွေနဲ့ တွေ့လို့ စစ်ဆေးရင်လည်း နိုင်ငံကူးလက်မှတ် ပျောက်သွားတဲ့ တိုးရစ်တွေလို့ ပြောရမှာပဲ''

ဆိုင်နောင့်က အားလုံးအသေးစိတ်စဉ်းစားထားပြီး လုပ်စရာရှိတာတွေ လုပ်လာသည်။ ဂျင်းဟုန်နှင့် ဆစ်(ပ်)ဆောင်ပန်းနား တိုးရစ်သုံးမြေပုံတစ်ခု ဝယ်လာပြီး တရုတ်ပိုက်ဆံတချို့နှင့် FEC တွေကိုတောင် လဲလာလိုက်သေးသည်။ FECမှာ တရုတ်တွင် နိုင်ငံခြားဧည့်သည်တို့အတွက် ထုတ်ပေးထားသော ငွေစက္ကူဖြစ်ပြီး၊ တိုးရစ်တွေအနေနှင့် FEC ကိုသာ အသုံးပြုရသည်။

''ဒါလည်း အသုံးဝင်လာမှာပါ''

ကူမင်းမှ ဂျင်းဟုန်နားတွင်ရှိသော 'ဆီးမော်(ဝ်)'လေဆိပ်သို့လာရာ လေယာဉ်ခရီးစဉ်တစ်ခုမှ ခရီးသည်တစ်ဦး၏ ခရီးဆောင်အိတ်တွင် ချိတ်ထားရသည့် ကတ်ပြားတစ်ခုဖြစ်နေ၍ ကျွန်ုပ်အံ့အားသင့်သွားသည်။

''ဒါတွေအားလုံးကို မင်းဘယ်ကရခဲ့တာလဲ''

''ဂျင်းဟုန်မှာ တိုးရစ်တချို့နဲ့ ကျွန်မစကားပြောဖြစ်တယ်။ သူတို့ကြည့်ရတာ စိတ်ချရမယ့်ပုံရှိတာနဲ့ ကျွန်မတို့လုပ်မယ့် ကိစ္စကို နည်းနည်းပါးပါး ပြောပြလိုက်တော့ သူတို့က ကူညီကြတယ်''

သို့ဖြင့် ရှေ့ခရီးလမ်းအတွက် ကျွန်ုပ်တို့ အစီအစဉ်ဆွဲကြရာ၊ ဆိုင်နောင့်တို့သားအမိက ကင်မရာ၊ မှတ်စုစာအုပ်တွေနှင့် ဗီဒီယိုတိတ်တို့ကို တစ်ပါတည်း ယူပြီး ဂျင်းဟုန်သို့ ဖြစ်နိုင်သမျှ မြန်မြန် ပြန်ဝင်ကြမည်။

''ဂျင်းဟုန်က မိတ်ဆွေတစ်ယောက်အိမ်မှာ ဒီပစ္စည်းတွေကို ထားခဲ့လို့ရတယ်၊ ရှင်ယူသွားပြီး ရဲက ဖမ်းလို့ ဒီပစ္စည်းတွေပါ အသိမ်းခံရရင် (၂) နှစ်လုံး အားထုတ်ထားသမျှ အလကားဖြစ်ကုန်လိမ့်မယ်''

ဂျင်းဟုန်သို့ ကျွန်ုပ်ရောက်ပြီး ဆိုင်နောင့်တို့သားအမိနှင့် ဆုံပြီးသည်နှင့် အမြန်ဆုံး လှုပ်ရှားရမည်ဖြစ်ရာ၊ ဦးဆုံးတိုးရစ်ရုံးတွင် ဖရန့်ဆီမှ နိုင်ငံကူးလက်မှတ်တွေ ရောက်မရောက် စုံစမ်းရမည်။ မရောက်လျှင် စိတ်ချယုံကြည်လောက်သည့် နိုင်ငံခြားသားတစ်ဦးဦးထံ အကူအညီတောင်း၍ မှတ်တမ်းမှတ်ရာနှင့် ဗီဒီယိုတိတ်တွေကို ဘေဂျင်း(သို့)

www.nyisay.com



ဟောင်ကောင်သို့ ပို့နိုင်မည်။ ဤကိစ္စပြီးလျှင် ရဲဖမ်းသွားလည်း ကိစ္စမရှိတော့။ အဖမ်းခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ဆွီဒင်သံရုံးနှင့် ဆက်သွယ်ရမှာဖြစ်၍ ကံကောင်းလျှင် ကျွန်ုပ်တို့ကို အမြန်ဆုံး ပြည်တော်ပြန်ပို့ပေလိမ့်မည်။

ဆိုင်နောင်တို့သားအမိ စခန်းတွင် နှစ်ရက် သုံးရက်နေသွားသေးရာ၊ ဆိုင်တိုင်းကား မတွေ့ရသည်မှာ တစ်လမျှပင် မရှိသေး ထွားလာသလို တစ်စခန်းလုံး ကြိုကြိုကြားကြား မကျန် တတောက်တောက်နှင့် သွားပြီးဆော့နေတော့သည်။ သူတို့သားအမိ မန်ဖိုင်သို့ ပြန်သွားသည့်အခါ ကျွန်ုပ်လိုက်ပို့ နှုတ်ဆက်လိုက်သည်။

''အားလုံးအဆင်ပြေရင် ဂျင်းဟုံမှာ ကိုယ်တို့ပြန်ဆုံကြမယ်''

''ပြေမှာပါ''

ဆိုင်တိုင်းကို ကျောပိုးချီရင်း မထွက်ခွာမီ ဆိုင်နောင်က စိတ်မပူဖို့ မှာသည်။ တရုတ်စကားနှင့် ဗမာစကားပြောတတ်သော ဒေသခံကောင်မလေးတစ်ယောက်က ဘာတွေ ဖြစ်လို့ဖြစ်မယ်မှန်း မသိသော်လည်း ဆိုင်နောင်တို့သားအမိကို ကူဖို့ အဖော်လိုက်သွားသည်။

စခန်းမှ ကျွန်ုပ်၏ နောက်ဆုံးည။ စိတ်ထဲမှာ ပထမဦးဆုံးအကြိမ် စိုးရိမ်နေမိသည်။ နောက်ဆုံးခရီးပိုင်းကား စတင်ရတော့ မည်ဖြစ်၍ မှားမှားယွင်းယွင်း ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းနေမိသည်။

၈ပြို (၁၆) ရက်နေ့ မွန်းတည့်တွင်မူ ချစ်သန်း၊ ကျွန်ုပ်နှင့် ဗကပ တပ်ဖွဲ့တစ်ဖွဲ့တို့ စခန်းမှ လှစ်ခနဲ ထွက်၍ မန်ဖိုင်မှ ခပ်သွက်သွက်ဖြတ်လာခဲ့ကြသည်။ ဟိုဘက် ဒီဘက်နယ်ခြားမှ ဒေသခံတွေ မန်ဖိုင်တွင် သက်ိန်ရေကစားနေကြသဖြင့် ဘုရားတစ်ဝိုက်တွင် အိုးစည်သံတွေ၊ လင်းကွင်းသံတွေ ပွက်ပွက်ညံနေရာ ဘယ်သူမှ မမြင်ရအောင် သူတို့ကို ကွေ့ဝိုက်လျှောက်လာခဲ့ကြသည်။ ချိုင့်ဝှမ်းကျဉ်းလေးတစ်ခုဆီ ဦးတည်နေသော တောင်စောင်းပေါ်တက်သည့်အခါ ရှူးဖိနပ်ကို ပလပ်စတစ်အိတ်ထဲထည့်သယ်လာခဲ့ပြီး ညှပ်ဖိနပ်နှင့် လျှောက်လာလိုက်သည်။ ညနေတွင် ထုံးစံအတိုင်း သက်ိန်ပလွင်ဆေးမိုးရွာချသဖြင့် ကျွန်ုပ် ခြေညှပ်ဖိနပ်တောက်တောက်မှာ ရွံ့တွေ တထွေးကြီးကပ်လာရာ၊ ဘယ်လိုမှ ဆက်၍ လမ်းလျှောက်မရတော့သဖြင့် နိုင်လွန်ကြိုးတွေနှင့် တုတ်၊ သံမှိုတွေနှင့် ရိုက်၍ ဖန်တရာတေအောင် ပြုပြင်ထားသော ကျွန်ုပ်၏ ရှူးဖိနပ်ဟောင်းလေးကိုသာ ထုတ်၍ စီးလာခဲ့ရပြီး တောင်စောင်းတစ်နေရာတွင် တည်ထားသော ပလောင်ရွာလေးဆီ ရွံ့တွေဗွက်တွေထဲက တစွတ်စွတ် လျှောက်ရင်း ဤရွာမှာပင် ကျွန်ုပ်တို့ညအိပ်ခဲ့ကြသည်။

ခါသက်ိန်ပွဲတော်ကား ဤ၌လည်း ကျင်းပနေကြရာ ညဘက်ဆိုင်းသံဗုံသံတွေကြားတွင် ရွာသားတွေက ရိုင်ဖယ်သေနတ်တွေကိုပါ လေထဲပစ်ဖောက်နေကြသဖြင့် သေနတ်သံတွေနှင့် ရောထွေးနေသည်။ ကောင်းကင်တွင် တိမ်တောင်တိမ်လိပ်တွေ ရစ်ဆိုင်းနေသဖြင့် လရောင်ပျပျကျနေသည်။ ကျွန်ုပ်အတွက် စည်သွပ်ဘူး ငါးဟင်းနှင့် ညစာ

www.nyisay.com



တည်ခင်းပေးသော်လည်း မကြာမီ တရုတ်ပြည်ထဲ ဖြတ်ကျော်ရမည့် ခရီးကိုသာ စိတ်ရောက်နေသဖြင့် စားချင်စိတ်မရှိ၊ တရုတ်ပြည်မှ ဒုတိယအကြိမ် ပြန်ထွက်မလာချင်တော့။

နောက်တစ်နေ့ခရီးကား ပန်ဆန်းမှ ထွက်လာပြီးနောက်ပိုင်း အရှည်လျားဆုံးခရီးဖြစ်သည်။ သစ်ကြီးဝါးကြီးတွေ ဖုံးလွှမ်းနေသော တောင်တန်းတွေပေါ်မှ အားသွန်ခွန်စိုက်နှင့် ခရီးစတင် ထွက်ခွာခဲ့ရာ၊ သစ်ရွက်သစ်ခက်တွေပေါ်က ရေတစက်စက် ကျနေသဖြင့် မြက်ပင်တွေ စိုနေသည်။ စမ်းချောင်းဘေးတွင် ကျွန်ုပ်တို့ အနားယူနေခိုက် ခြေအိတ်ထဲတွင် မျှော့နှစ်ကောင်၊ သုံးကောင် တွေ့လိုက်ရသဖြင့် နမိတ်မကောင်း၊ ကျွန်ုပ်စိတ်ပူသွားသည်။ သို့ဖြင့် မျှော့တစ်ကောင်ချင်းပေါ် ဆားပုံပေးလိုက်ရာ ဒဏ်ရာများမှ သွေးအနည်းငယ်သာ ထွက်ပြီး တိတ်သွားသည်။ နမ့်လွေမြစ်သို့ နောက်တစ်ခေါက် ရောက်ကာ တောင်တန်းများပေါ်မှ ချိုင့်ဝှမ်းကျဉ်းလေးကို တွေ့နေရပြီး ဆွပ်နမ့်ခေါ်ရွာကြီးတစ်ရွာထဲသို့ ကျွန်ုပ်တို့ ဝင်လာခဲ့သည်။ ၄င်းရွာကို ဗကပဒေသတပ်ဖွဲ့များ အတွက် စခန်းအဖြစ် စီမံထားရာ မူလနေထိုင်သူ ရွာသူရွာသားတို့သည်ကား ဗကပတပ်တွေ ရောက်လာသည့်အခါကပင် ဘေးလွတ်ရာ မုံးယောင်းနှင့် ထိုင်းနိုင်ငံဘက်အထိ ရွှေ့ပြောင်းသွားကြကြောင်း ချစ်သန်းက စိတ်ပျက်လက်ပျက်နှင့် ရှင်းပြသည်။

"ကျွန်တော်တို့ ပါတီက ဘာအတွက်လုပ်နေတယ်ဆိုတာ သူတို့ နားမလည်ဘူး၊ သူတို့ကြောက်ပြီးထွက်ပြေးသွားကြတာပဲ။"

သူတို့ထွက်ပြေးသွားကြသည့်အတွက် မှန်သည် မမှန်သည်ကို ကျွန်ုပ်မပြောလို။ သို့ပေမဲ့ သေချာသည်မှာ ထိုင်းနိုင်ငံဘက် ရောက်သွား သူတို့ကား ယနေ့တွင်မူ ဗကပ နယ်မြေတွင် ကျန်ခဲ့သူတို့ထက် အဆင်ပြေပြေနေနိုင် စားနိုင်ကြပေလိမ့်မည်။ ဆွပ်နမ့်မှ လမ်းကြမ်းတစ်လမ်းက တောတွင်းမှ ဖြတ်၍ အရှေ့ဘက်သို့ ဦးတည်သွားရာ ကျွန်ုပ်တို့ သွားရမည့်လမ်းကြောင်းကား ရှည်သည်နှင့်အမျှ နေကလည်း ဟပ်ဟပ်ပြေးအောင် ပူနေသဖြင့် စက်ဘီးနှင့် ဆက်သွားဖို့ ချစ်သန်းက အကြံပြုသည်။ ကျွန်ုပ်လည်း ချက်ချင်း သဘောတူလိုက်ပြီး ဗကပကေဒါတွေဆီက စက်ဘီးတစ်စီးစီငှား၍ ချိုင့်ဝှမ်းလမ်းအတိုင်း နင်းလာခဲ့ကြသည်။ ကျွန်ုပ်တို့ သွားနေသောနေရာမှာ ရှမ်းပြည်နယ်အရှေ့စွန်းစွန်း ထောင့်ချိုးဖြစ်၍ တရုတ်နှင့် လာအိုကြားမှ စကြံ့နကျဉ်းကျဉ်းလေးတစ်ခု ဖြစ်နေသည်။

နွေနေ အရှိန်က ပူပြင်းလှသော်လည်း အရှိန်နှင့် တောင်လမ်းတစ်လျှောက် ဆင်းသွားသည့်အခါ လေတဖြူးဖြူးနှင့် ပျော်စရာကောင်းသည်။ "ဒီအချိန်၊ ရေခဲစိမ် သံဘူးအချို့ရည် တစ်ဘူးလောက်သောက်ရရင် တော်တော်ဟန်ကျမှာပဲ" ဟုလည်း စိတ်ကူးလိုက်သေးသည်။

ကျွန်ုပ်၏ ခရီးစဉ်တစ်လျှောက်တွင် ဤကဲ့သို့သော အာလယျချင်ခြင်းတို့ကို မကြာခဏ တပ်မက်ခဲ့ပါသော်လည်း အချိန်ကုန်ရုံသာ ဖြစ်၍ စိတ်ကို အမြဲချုပ်တည်းထားခဲ့သည်။

www.nyisay.com



သို့ပေမဲ့ အခက်အခဲတစ်စုံတစ်ရာမရှိခဲ့လျှင် မနက်ခင်း၌ တရုတ်ပြည်တွင် ကျွန်ုပ်ရောက်နေတော့မည်ဖြစ်၍ ယခုကျွန်ုပ်၏ အာလယျချင်ခြင်းကို လွတ်ပေးလိုက်ရာ သံဘူးအချိုရည်တွေ အပြည့်ထည့်ထားသော ရေခဲသေတ္တာကြီးတစ်လုံး ကျွန်ုပ်မျက်စိထဲ မြင်လာသည်။ သို့ပေမဲ့ ဤမြင်ကွင်းကိုပင် စိတ်ထဲက အမှတ်ထား၍ ဂရုန်းဂရင်း လမ်းကြမ်းတစ်လျှောက် အားစိုက်နင်းလာခဲ့ရသည်။

မွန်းတည့်ချိန်တွင်မူ ရိုးပြတ်လယ်ကွင်းတွေ ပတ်ချာလည်တွင် ရှမ်းရွာကြီးတွေ ရှိရာ ချိုင့်ဝှမ်းလွင်ပြင်ကျယ်ကြီးတစ်ခုထဲ ခရီးပေါက်လာသည်။ အုတ်နှင့် အခိုင်အမာတည်ထားသော စေတီပုထိုးနှင့် ဘုန်းကြီးကျောင်းအချို့ တွေ့ရသော်လည်း စွန့်ပစ်ထားသဖြင့် ဆွေးမြေ့ပျက်စီးနေလေပြီ။ ကျွန်ုပ်တို့ဖြတ်လာသော မုံးဝ ချိုင့်ဝှမ်းနှင့် ယှဉ်လျှင် ဤဒေသနေ လူတို့ကား အစွန်အခေါင်ဒေသ နေသူတွေလို ဆင်းရဲတွင်းနစ်နေသည်မှာ သိသာသည်။ တရုတ်နှင့်နယ်စပ်စည်းရိုးအဖြစ် အနောက်သို့ထိုးထွက်နေသော တောင်တန်းကြီးများနှင့် နေရာကား ဗမာပြည်အတွင်း အဝေးဆုံးခရီးဆန့်ဖို့ ကျွန်ုပ်ရည်ရွယ်ခဲ့သော မုံးဆာ (သို့) ဝမ်ဆာပင် ဖြစ်သည်။

ရွာထဲတွင် ကျွန်ုပ် ရေမိုးချိုးသန့်စင်၍ အစိမ်းရောင် ယူနီဖောင်းကို ယူချင်သူတွေ ယူတော့ဆိုပြီး ဤနေရာမှာပင် ထားပစ်ခဲ့ပြီး ကိုက်မရ ဆွဲမရသော ပြုတ်မနူး ကြက်သားဟင်းနှင့် ကျွန်ုပ်တို့ ညစာ စားကြပြီးနောက် ခရီးပန်းပန်းနှင့် ည (၈) နာရီတွင် အိပ်ရာဝင်ခဲ့ရာ ဗမာပြည်တွင် ကျွန်ုပ်၏ နောက်ဆုံးညကား သာမန်ညတစ်ညအနေနှင့် ကုန်ဆုံးခဲ့ပါ၏။

○

www.nyisay.com

## ဆစ်(ပ်)ဆောင်ပန်းနားနှင့် ဟောင်ကောင်

ညဥ့်လယ်ကြီး နာရီနှိုးစက်မြည်သံနှင့်အတူ အိပ်မှုန်စုံမွားနှင့် ကျွန်ုပ်ထလာပြီး ကော်ဂျူရှိုင်းအညိုရောင် ဘောင်ဘီနှင့် တရုတ်စပို့(စ်)ရှပ်တို့ကို ကပျာကသီ ဝတ်လိုက်သည်။ အပေါ်က ဖီး(လ်)ဂျာကင်ကို ကောက်စွပ်လိုက်ပြီး ခရီးကို စ,တင်စွန့်စား ထွက်ခွာဖို့ ဆုံးဖြတ်လိုက်သည်။

(၂) နာရီကျော်မျှသာ ကျွန်ုပ်အိပ်ခဲ့ရသော်လည်း ညကား ချမ်းစိမ့်နေဆဲ၊ ယခုလို အချိန်အခါမျိုးတွင် ခြေကုန်လက်ပန်းကျ၍ ခရီးသွားနေသော တိုးရစ်တစ်ယောက်မှာမူ အများစိတ်ဝင်စားစရာဖြစ်နေပေလိမ့်မည်။ သို့ပေမဲ့ မတတ်နိုင်၊ ကင်မရာအိတ်ကို ကောက်လွယ်လိုက်ပြီး ကူမင်း-ဆီးမော်(ဝ်)ခရီးဆောင်သေတ္တာကပ် ကတ်ပြားကိုလည်း ပခုံးပေါ်မှာ မြင်သာအောင် ချိတ်ထားကာ မေးသိုင်းကြိုးနှင့် ရှမ်းစတိုင်ကောက်ရိုးဦးထုပ်ကို ဆောင်းလိုက်သည်။

နံရံပေါ်က ကြည့်မှန်ထဲတွင် ကြည့်လိုက်ပြီး ကျွန်ုပ်ခေါင်းတစ်ချက် ညိတ်လိုက်သည်။ ဟုတ်ပြီ၊ တရုတ်နယ်ခြားကင်းအဖွဲ့နှင့် တွေ့လျှင် ကျွန်ုပ်ပုံစံက လမ်းပျောက်သွားသော ရိုးရိုးသားသား တိုးရစ်တစ်ယောက် ပုံပေါက်နေသဖြင့် ပြဿနာမရှိနိုင်၊ သို့ပေမဲ့ တစ်ခုတည်းသော ပြဿနာမှာမူ ကျွန်ုပ်၏ရှူးဖိနပ်ဖြစ်သည်။ ကျွန်ုပ်အခြေအစုံကို ငုံကြည့်လိုက်သည်။ ဖိနပ်တွေကပြင်ရလွန်းသဖြင့် မြင်လို့ပင် မကောင်းတော့၊ သို့ပေမဲ့ တရုတ်ပြည်ထဲသွားသည့် နယ်ခြားတောင်တန်းတွေပေါ်က နောက်ဆုံးခရီးအထိတော့မူ ခံနိုင်ပါဦးမည်။

ဝမ်ဆာမှအထွက် ခပ်လှမ်းလှမ်းအထိ ကျွန်ုပ်တို့နှင့် ချစ်သန်း လိုက်လာသည်။ သူ၏ ပညာအရည်အသွေးတို့ကို အလေးထားနေရာပေးနိုင်မည့် အနောက်ဘင်္ဂလားသို့

www.nyisay.com



တစ်နေ့သောအခါ သူရောက်ရှိပါစေဟု ကျွန်ုပ်ဆုတောင်းရင်း ကျွန်ုပ်ချန်ထားနိုင်သည့် တစ်ခုတည်းသော အရာကို ပေးလိုက်သည်။ ပန်းဆန်းမှ ဤနေရာအထိ ဆောင်ယူလာသော ကြိမ်လမ်းလျှောက်တုတ်ဟောင်းလေးပဲဖြစ်သည်။

''ရော့၊ တစ်နေ့နေ့ ငါတို့တွေ ပြန်ဆုံဖို့မျှော်လင့်ပါတယ်''

''ဂရုစိုက်ပါ၊ ဖြစ်နိုင်ရင် ပြန်လာပါဦး''

ချစ်သန်းက လမ်းလျှောက်တုတ်ကို ဇွဲရမ်းပြရင်း ကျွန်ုပ်ကို မှာသည်။ ''အခါ'' ယောကျ်ားလေး (၂) ယောက်နောက်မှ ဝမ်ဆာ ချိုင့်ဝှမ်းအတိုင်း ကျွန်ုပ်လိုက်လာခဲ့ရာ တစ်အိမ်မျှ မနိုးသေး၊ ပုံမှန်ကြားရတတ်သည့် ခွေးဟောင်သံတွေ လုံးဝ မထွက်စေဘဲ အိမ်ခြေတွေကို ကျွန်ုပ်တို့ ရှောင်ကွင်းလျှောက်လာခဲ့ပြီး မြေပြန့်တွင် သွားနေရာမှ နယ်ခြားစည်းရိုးအဖြစ် အမှတ်အသားပြု၍ တောင်တန်းပေါ်သို့သွားသော လမ်းမြောင်မြောင်လေး စတင်ရာ တောအုပ်ထဲ ဖြတ်ဝင်လိုက်ကြသည်။ ယနေ့သည် ဧပြီလ (၁၈) ရက် တန်ခူးလဆုတ် (၄) ရက်သာရှိသေးသဖြင့် မှိန်ရော့ရော့ လရောင်နှင့်အတူ ပြေပြေလေးမြင့်တက်သွားသော တောလမ်းတစ်လျှောက် လျှောက်လာခဲ့ကြသည်။ သို့ပေမဲ့ ဆင်ခြေလျှောက တဖြည်းဖြည်း မတ်စောက်လာသည်နှင့်အမျှ အသက်ရှူရှိုက်သံတွေ ပြင်းလာသည်။ ဘေးဘီမလှမ်းမကမ်းတွင် ရွာစဉ်မရှိ၊ တစ်ခါတစ်ခါ အခါရွာ ပတ်ဝန်းကျင်တွင် ကျိုကို့ကျဲကျဲပြန့်နေသော စပါးခင်းတွေကို ဖြတ်လာခဲ့ပြီး နံနက် (၄) နာရီခန့်တွင်မူ ပြင်ညီမြေပြင်သို့ ရောက်လာသဖြင့် ကျွန်ုပ်တို့ ခဏရပ်၍ နားလိုက်ကြသည်။ ဤနေရာတွင် အပြည်ပြည်ဆိုင်ရာ နယ်ခြားအမှတ်အသား ကျောက်တိုင် (သို့) ကျောက်တုံးမရှိ၊ သို့ရာတွင် ကျွန်ုပ်တို့ ရှေ့ဆက်လျှောက်ရမည့် လမ်းမှာ ကောက်ကောက်ကွေ့ကွေ့တောင်ဆင်းလမ်းလေးဖြစ်၍ ရေဝေကုန်းတန်းသို့ ရောက်နေသည်မှာ သေချာသည်။ အခါယောကျ်ားလေး တစ်ယောက်က ဟိုးအဝေးအနောက်ဘက်မှ လျှပ်စစ်မီးပွင့်လေး ငါးပွင့်မြင်နေရသော နေရာသို့ လက်ညှိုးထိုးရင်း တိုးတိုးပြောသည်။

''အဲ့... ဒါ... တာမုံးလုံ... ပဲ...''

ခြေအစုံပေါ်သို့ ရပ်၍ မတ်စောက်သော အဆင်းခရီးကို ကျွန်ုပ်တို့ စ,လိုက်ကြသည်။ ယခုကျွန်ုပ်ရောက်နေသည့် အရပ်မှာ တရုတ်ပြည်ဖြစ်၍ အမှောင်ထဲတွင် တွေးရင်းပြီးမိလိုက်သည်။ ကျွန်ုပ်ကိုယ် ကျွန်ုပ် ကျောင်းပြေးလာသော ကျောင်းသားလေး တစ်ယောက်လို ခံစားလိုက်ရသည်။ သို့ပေမဲ့ တစ်ခုခု ခြေချော်လက်ချော်ဖြစ်သွားလျှင်တော့ အပြစ်ဒဏ်ကား တင်ပါးထက်က ကြိမ်ဒဏ် မဟုတ်။

နောက်ထပ် (၂) နာရီမျှ လျှောက်လာရာ မော်တော်ကားတစ်စီးသွားနိုင်သော မြေလမ်းတစ်လမ်းသို့ ရောက်လာပြီး အဆိုပါလမ်းကမူ ဥယျာဉ်ခြံတွေ စိုက်ပျိုးထားသော မြေပြန့်လွင်ပြင်သို့ ကွေ့ပတ်၍ ဆင်းသွားသည်။ ယခုကျွန်တော်တို့၏ ခြေလှမ်းများကား

www.nyisay.com



အချိန်နှင့် အပြေးပြိုင်လျက် ရွာခံတွေ အိပ်ရာက မနိုးမီ၊ တာမုံးလုံသို့ ခြေကုန်သုတ် နေရသည်။ ရော်ဘာစိုက်ခင်းတွေ ကြားတွင် လှစ်ခနဲ လှစ်ခနဲ သွားနေသော ''အခါ'' ချာတိတ် (၂) ယောက်နောက်က အမီလိုက်ရင်း ရေသွင်းစပါးခင်း အချို့ကို 'ဘွား'ခနဲ တွေ့လိုက်ရပြီး ထိုမှ တည့်တည့် ဖြတ်ကာ ကမ်းပါးအတိုင်းလိုက်လာခဲ့သည်။

လမ်းတစ်လျှောက်တွင်မူ ရွာ (၃) ရွာသာ တွေ့ရပြီး နေအိမ်အခင်းအပြင်နှင့် ပန်းစိုက်ခင်းလေးတွေ ကြည့်ခြင်းအားဖြင့် ရှမ်းရွာဖြစ်ကြောင်း သိသာသည်။ အိမ်သား အချို့ ဖြိုးဖြိုးဖြောက်ဖြောက်နှင့် အိပ်ရာထ၍ ရေကပြင်တွင် မျက်နှာသစ်နေကြသည် ဖြစ်၍ ခေါင်းပေါ်က ကောက်ရိုးဦးထုပ် အနားပြားကြီးကို မျက်နှာရှေ့ဆွဲချတဲ့ပြီး မနက်စျေး အမှီသွားနေရသည့် ရွာခံတစ်ယောက်လို ပုံဖမ်းလိုက်ရသေးသည်။ သို့ပေမဲ့ ကျွန်ုပ်၏ အရပ်ကလန်ကလားမှတစ်ပါး. အခြားထူးထူးထွေထွေ မရှိသဖြင့် မည်သူမျှ စိတ်ဝင်စားပုံ မရ၊ သို့ဖြင့် နေ့အလင်းရောင်ပြူထွက်လာသည့်အခါ တာမုံးလောင်းကို လှမ်းတွေ့နေရပြီး လမ်းခုလပ်တွင်မူ ချောင်းတစ်ချောင်းကို ကျော်ရမည်ဖြစ်သည်။ သို့ပေမဲ့ တံတားကား ခရော်ခရွတ်ဝါးတံတားလေး၊ ကျွန်ုပ်လို အလုံးအထည်ရှိသူတွေအတွက် ဝန်နှင့် အားနှင့် မမျှ၊ ပထမ အခါချာတိတ်နှစ်ယောက် ကူးပြီးနောက်၊ ကျွန်ုပ်ဖြတ်ကူးရာ တံတားကား ယိမ်းထိုးလှုပ်ယမ်းသွားပြီး၊ တစ်နေရာတွင် နင်းကြမ်းဝါးလုံးကြားထဲ ခြေထောက်ကျဲသွား သဖြင့် ကင်မရာအိတ်ပင် ချောင်းထဲပြုတ်ကျသွားတော့မလို့ သီသီလေးလိုတော့သည်။

သို့ရာတွင် ''အခါ'' ချာတိတ်လေးတွေကလည်း ထိတ်လန့်နေသဖြင့် ကျွန်ုပ်ကို ကူညီဖို့ သတိပင်မရကြ၊ ရှေ့မှ ခြင်းကြီးတွေကို ထမ်ပိုးနှင့် လှမ်းထမ်းသွားနေသောမိန်းမကြီး (၃) ယောက်ကလည်း တံတားပေါ်မှာ ယိမ်းထိုး၍ ကူးနေသောကျွန်ုပ်ကို ပါးစပ်အဟောင်း သားနှင့် ငေးကြည့်နေကြရာမှ ကုပ်ကပ်တွယ်ဖက်ရင်းဖြင့် ဤမှာဘက်ကမ်းသို့ ကျွန်ုပ် လွတ်လွတ်ကျွတ်ကျွတ် ရောက်လာတော့သည်။

(၈) နာရီတိတိတွင်မူ လယ်ကွင်းတွေနှင့် ရွာလမ်းမကြီးကို ခြားထားသော လိမ္မော် ရောင် သဲဂိတ်တံခါးမှ ကျွန်ုပ်တို့ကျော်တက်ကြရာ ကံကောင်းချင်တော့ မျက်နှာချင်း ဆိုင် ရဲစခန်းထဲမှ အားကစားဝတ်စုံနှင့် ရဲတပ်သား (၂) ယောက် ထွက်လာသည်ကို တွေ့လိုက်သဖြင့် ကျွန်ုပ်ရင်ထဲ ဒိတ်ဒိတ်ခုန်သွားသော်လည်း ရဲသား (၂) ယောက်ကမူ နောက်ပြန်တစ်ချက်မျှပင် မကြည့်ဘဲ ခုန်ဆွ ခုန်ဆွနှင့် လမ်းမကြီးဘက်ပြေးသွားလေ သည်။ အကယ်၍ ကျွန်ုပ်ကိုသာ တွေ့ခဲ့လျှင် လမ်းပျောက်နေသော တိုးရစ်တစ်ယောက် အနေနှင့် သူတို့ခေါ်ထားမည်မှာ သေချာသည်။ ယခု ကျွန်ုပ်၏ ရဲဘော် (၂) ယောက်က လက်ညှိုးထိုးပြရာ လမ်းဆုံလမ်းခွဆီ အပြေးလေးသွားပြီး တစ်ခါပြန်၍ နောက်သို့ လှည့် ကြည့်လိုက်သည်တွင် လယ်ကွင်းတွေထဲတိုးဝင်သွားသော ''အခါ'' ချာတိတ် (၂) ယောက် ကို တွေ့လိုက်ရပါ၏။

www.nyisay.com



ဘတ်(စ်)ကားဂိတ်တွင်မူ အဟောင်းအမြင်း ဘတ်(စ်)ကားတစ်စီး စက်နှိုး၍ ရပ်ထားသည်။ ကားပေါ်တွင်ခရီးသည်တွေ ပြည့်လုခမန်းရှိနေပြီး ကားခေါင်းတွင် ရေးထားသော တရုတ် အက္ခရာနှစ်လုံးမှာ 'ဂျင်းဟုန်' ဖြစ်ကြောင်း ကျွန်ုပ်ကောင်းကောင်းသိသဖြင့် ကားပေါ် စွေ့ခနဲ့ တက်လိုက်သည်။ သို့ပေမဲ့ ကားပေါ်မှ တရုတ်မကြီးတစ်ယောက်က ပြုံးလျက်က လက်မှတ်ရုံဆီ လက်ညှိုးထိုးပြသဖြင့် ကျွန်ုပ်ပြန်ဆင်း၍ FEC (၅) ယွမ် ထုတ်ပေးလိုက်ပြီး လက်မှတ်နှင့် ပြန်အမ်ငွေကို ဆတ်ခနဲဆွဲယူရင်း ဘတ်(စ်)ကားပေါ် ပြန်တက်ခဲ့သည်။

တအောင့်အကြာတွင် အင်ဂျင်သံ မြင့်တက်လာပြီး ဘတ်(စ်)ကားကြီး စ,ထွက်သည်။ သို့ရာတွင် ဘတ်(စ်)ကားပေါ် ကျွန်ုပ်ပါလာသည်ကိုပင် ခရီးသည်တွေကြားလှုပ်လှုပ်ရှားရှား မတွေ့ရသဖြင့် စိတ်သက်သာရသွားသည်။ ခရီးသည်အများစုမှာ ဂျင်းဟုန်သို့ သွားမည့် လယ်သမားတွေဖြစ်သည့်တိုင် လွန်ခဲ့သော (၁) နှစ်ကျော်ကတည်းက ဆစ်(ပ်)ဆောင်ပန်းနားတွင် တိုးရစ်တွေအသွားအလာ စိပ်လာသည်ဖြစ်၍ ဒေသခံတွေအတွက် မဆန်းတော့သလိုဖြစ်သွားဟန်တူသည်။သို့ရှိသည့်တိုင် ကျွန်ုပ်အနေနှင့်မူ ဆိုင်နောင့်ယူလာပေးသော ဆစ်(ပ်)ဆောင်ပန်းနားခရီးသွား လမ်းညွှန်မြေပုံကို ဖွင့်၍ တကြည့်ကြည့် လုပ်ရင်း ဘုရားပုထိုးစေတီနှင့် ရွာတစ်ရွာနားက ဖြတ်မောင်းသွားလျှင် စိတ်ဝင်စားသလို ပြုံးပြုံးပျာပျာ ငေးရင်းမောရင်း တကယ့်တိုးရစ်ဂိုက် ဖမ်းနေရသေးသည်။

(၁၂) နာရီထိုးခါနီးတွင် ဂျင်းဟုံမြို့ပြင်သို့ ကျွန်ုပ်တို့ မော်တော်ကား ချဉ်းကပ်လာရာ ကင်မရာတွေကို လည်ပင်းမှ လွယ်ထားသော စက်ဘီးစီးတိုးရစ် (၂) ယောက်ကို ကားပေါ်မှ လွှမ်းတွေ့လိုက်ရသည်။ (၂) ယောက်လုံး အသက် (၃၅) ဝန်းကျင် ခန့်မှန်းရပြီး ဘောင်းဘီတို၊ ဒီဇိုင်းရှုပ်အင်္ကျီနှင့် နေကာဦးထုပ်တွေ ဆောင်းထားရာ ဘတ်(စ်)ကားက ကျော်တက်လာသည့်အခါ သူတို့ဘက်လှည့်ကြည့်ရင်း ၁၉၈၅ ခုနှစ် ဇူလိုင်၊ ဒါကျိုလင်မှ ထွက်လာပြီးနောက်ပိုင်း သူတို့ (၂)ယောက်ကား ကျွန်ုပ်တွေ့လိုက်ရသော ပထမဆုံးဥရောပတိုက်သားတွေဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်။ သို့ပေမဲ့ ထူးဆန်းသလို အရပ်ရှည်ရှည်၊ အသားအရေ ဖြူဆွတ်ဆွတ်နှင့် ပတ်ဝန်းကျင်တွင် ထင်းထင်းကြီးဖြစ်နေသော သူတို့ကို ငေးရင်း ကျွန်ုပ်လည်း သူတို့လိုပါပဲလားဆိုတာကို မေ့သွားသည်။

ဘတ်(စ်)ကားဆိုက်သည်အခါ ကားပေါ်မှ ဆင်း၍ မြေပုံကို လက်မှာကိုင်လျက်နှင့် တိုးရစ်စုံစမ်းရေးရုံးသို့ လျှောက်လာရာ လမ်းခုလပ်တွင် ရေခဲသေတ္တာကြီးတစ်လုံးတွေ့ရသော စားသောက်ဆိုင်ထဲဝင်လိုက်ပြီး ရှောက်သံပုရာ ရေခဲစိမ် (၃) ဘူးမှာလိုက်ပြီး တစ်ဘူးပြီးတစ်ဘူး ဆင့်၍ မော့သောက်ပစ်လိုက်ရာ ဆိုင်ရှင်က ပြုံးပြုံးကြီးနှင့် ကျွန်ုပ်ကို ကြည့်နေသည်။ ဘယ်လိုပဲ ကြည့်ကြည့် မနေ့က စက်ဘီးနင်းရင်း ချင်ခြင်းတပ်ခဲ့သော ကျွန်ုပ်၏ အာလယျကား ပြေသွားလေပြီ။ တိုးရစ်စုံစမ်းရေးရုံး ကြော်ငြာသင်ပုန်းတွင်

www.nyisay.com



မက်ဆေ့(ချ်) တစ်ခုမှမတွေ့၊ ကျွန်ုပ်တို့ မိတ်ဆွေကြီး ဖရန့်ရောက်မလာတာလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့ နိုင်ငံကူးလက်မှတ်တွေ ပျောက်သွားတာလည်း ဖြစ်ချင်ဖြစ်မည်။ ဟောင်ကောင်မှာ သောင်တင်နေတာလည်း ဖြစ်ချင်ဖြစ်မည်။ သို့ဖြစ်၍ ကျွန်ုပ်၏ အစီအစဉ် အမှတ် (၁) ကို ဖျက်သိမ်းလိုက်ပြီး အမှတ် (၂) အရ ယုံကြည်စိတ်ချလောက်သော တိုးရစ်တစ်ယောက်ယောက်ကို ရှာ၍ ကျွန်ုပ်၏ မှတ်တမ်းမှတ်ရာများ ထည့်ထားသော အိတ်ကို လွဲပြောင်းသယ်ယူဖို့ဖြစ်ရာ၊ ဧည့်ကြို နေရာတွင် ရပ်နေသော အနောက်တိုင်းသားတစ်စုကို တွေ့ရသဖြင့် သူတို့ဆီ ဖြည်းဖြည်းလျှောက်သွားပြီး စုံစမ်းကြည့်သည်။

"ကျွန်တော်တို့က ဒတ်(ချ်)တွေပါ"

သူတို့ထဲက ဗိုက်ရွဲရွဲနှင့် လူတစ်ယောက်က ပြန်ဖြေသဖြင့် ဟောင်ကောင်ကို ဆက်သွားမှာလား၊ ဘေဂျင်းကို ဆက်မှာလားဟု မေးကြည့်သည်။

"မသွားပါဘူး... လာဆာ သို့မဟုတ် ခတ္တမန္ဒုကို သွားကြမှာပါ။ ခတ္တမန္ဒုမှာ တည်းလို့ကောင်းတဲ့ နေရာခင်ဗျားသိသလား၊ ဒါမှမဟုတ် နယူးဒေလီပေါ့၊ ဒီမှာ လည်ပတ်ပြီးတာနဲ့ အဲဒီကို သွားကြမယ်လေ"

စိတ်ဖျက်ရုံကို မသိအောင်ဖုံးရင်း နယူးဒေလီက ဟိုတယ် (၂) ခုဆီကို လမ်းညွှန်လိုက်သည်။ သို့ပေမဲ့ ကျွန်ုပ် ဘယ်ကဆိုသည်ကို လုံးဝ မပြော၊ ပြန်လှည့်မည်အပြုတွင် ဒတ်(ချ်) ဆေးတံသောက်ဆေးအနံ့သင်းပျံ့ပျံ့လေး နှာခေါင်းထဲဝင်လာသဖြင့် ကျွန်ုပ်သည်လည်း ဆေးတံသမားတစ်ယောက်ဖြစ်ကြောင်း ဆေးတံကို ထုတ်ပြရင်း မအောင့်နိုင်ဘဲ ပြောချလိုက်တော့သည်။

"အရမ်းပဲ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ခင်ဗျားဆီက ဆေးတံသောက်ဆေးနည်းနည်းလောက် ကျွန်တော်ကို မျှနိုင်မလား"

"ဟာ... ရတာပေါ့... ခင်ဗျားကြည့်ရတာ တရုတ်ပြည်ရောက်နေတာ ကြာပြီထင်တယ်၊ ခင်ဗျား ဖီလင်ကို ကျွန်တော် နားလည်ပါတယ်"

ကျွန်ုပ်ကို သူက "Amphora Gold" ဆေးတံသောက်ဆေး တစ်ထုပ်ထုတ်ပေးသည်။

"ရော့... ကျွန်တော်က ခတ္တမန္ဒု ဒါမှမဟုတ် နယူးဒေလီမှာ ဝယ်လို့ရပါတယ်"

ကျွန်ုပ်ကိုယ်ကျွန်ုပ် မယုံကြည်နိုင်အောင်ပင် ချက်ချင်းဆေးတစ်အိုးထည့်ပြီး မီးညှိဖွာလိုက်သည်။ ယခုလိုအရသာမျိုး ကျွန်ုပ်မခံစားခဲ့ရသည်မှာ (၂) နှစ်ရှိပြီဖြစ်ကြောင်း ပြောတော့မလို့ ပါးစပ်ပြင်ပြီးတော့မှ ကိုယ်ရှိန်သတ်လိုက်ပြီး ကျေးဇူးတင်ကြောင်းပြော၍ လှည့်ထွက်လာခဲ့ရာ ဂျင်ဟောင်းစာတိုက်ရုံးအပြင်ဘက် လမ်းဆုံအရောက်တွင် နောက်က ကျွန်ုပ်နာမည် ခေါ်သံကြားလိုက်ရသည်။

"ဘာတီးလ်"

www.nyisay.com



ဆိုင်တိုင်းကို ချီလျက် ဆိုင်နောင့်နှင့် အဖော် မန်ဖိုင်ရွာခံ ကောင်မလေး။

''လမ်းမှာ ဘာပြဿနာဖြစ်သေးလဲ''

ဆိုင်နောင့်ရင်ခွင်ထဲက သမီးကို ပွေ့ချီလိုက်ပြီး မနေ့ညက ခရီးနှင့် ဘယ်လို ဘယ်နည်းရောက်လာပုံကို ပြောပြလိုက်သည်။ ဆိုင်နောင့်တို့သားအမိ ဂျင်းဟုန် ရောက် နေသည်မှာ (၂) ရက်ရှိပြီ။ ယုံကြည်စိတ်ချရမည့် တိုးရစ်တစ်ယောက် ရှာရဦးမှာဖြစ်၍ မြို့ပြင်ဆင်ခြေဖုံးမှ တည်းခိုခန်းလေးတစ်ခန်းသို့ ဆက်လျှောက်လာခဲ့ကြရာ၊ တည်းခို ခန်းကား ရှမ်းအစဉ်အလာပုံစံ၊ ခြေတံရှည် ပျဉ်ထောင်အိမ်တစ်လုံးဖြစ်ပြီး အောက်ထပ် တွင် စားသောက်ဆိုင်ဖွင့်ထားသဖြင့် ကျွန်ုပ်တို့ ဝင်၍ ရှမ်းထမင်း ဝက်သားကြော်နှင့် ရှမ်းဟင်းတချို့ မှာလိုက်သည်။

ဤ၌ ကံကောင်းလိုက်ပုံက တစ်ဘက်စားပွဲတွင် ထိုင်နေသော လူငယ်မှာ ဆွီဒင် လို ပြောဆိုနေလေရာ သူတို့စားပွဲဆီ ကျွန်ုပ်ထသွားပြီး၊ ကျွန်ုပ်ကိစ္စကို ကွယ်ဝှက် မနေတော့ဘဲ နိုင်ငံသားအချင်းချင်းဖြစ်၍ အကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်သည်။ ဘေးက လူတွေ နားမလည်နိုင်သော ဆွီဒင်စကားဖြစ်၍လည်း စိတ်ချလက်ချ ပြောလို့ ရသည်။ သူတို့ဝိုင်းတွင် နေရာယူပြီး အတွေးတွေကို တခဏစုစည်း၍ ပြောချလိုက်သည်။

''ပွင့်ပွင့်လင်းလင်း ပြောရလျှင် ကျွန်တော်မှာ ပြဿနာလေးတစ်ခုရှိနေလို့ ခင်ဗျား တို့ ကူညီနိုင်မယ်ထင်ပါတယ်။ ကျွန်တော်က ဂျာနယ်လစ်တစ်ယောက်ပါ။ ဒီနေ့မနက်ပဲ ဗမာပြည်နယ်စပ်က ဝင်လာတာပါ။ ဒါကြောင့် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုနဲ့ ရဲက ကျွန်တော့်ကို ဖမ်းနိုင်ပါတယ်။ ဒါပေမဲ့ အဓိက ပြောချင်တာက ကျွန်တော့်မှာ မှတ်စု စာအုပ်တွေနဲ့ အခြားမှတ်တမ်းမှတ်ရာတွေပါလာပါတယ်။ ကျွန်တော်အဖမ်းခံရရင် အဲဒီ ပစ္စည်းတွေကို ပေးလိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့ မှတ်တမ်း မှတ်ရာတွေကို တစ်ယောက်ယောက်က ဟောင်ကောင် ဒါမှမဟုတ် ဘေဂျင်းကို သယ်သွား ဖို့ အကူအညီလိုနေပါတယ်''

သူတို့နှစ်ယောက်လုံး စိုးရိမ်တကြီးနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် ကြသည်။

''ဒီနေရာကို ခင်ဗျားဘယ်လိုရောက်လာတာလဲ''

''ဗမာပြည်က လမ်းလျှောက်လာတာပါ''

''ဗမာပြည်ကိုရော ဘယ်လိုရောက်ခဲ့တာလဲ''

''ဟုတ်ကဲ့... ကျွန်တော်တို့ လွန်ခဲ့တဲ့ တစ်နှစ်ခွဲက အိန္ဒိယကနေ နယ်စပ်ကို ဖြတ်ပြီး ဗမာထဲဝင်လာခဲ့တာပါ''

''ကျွန်တော်တို့... ဟုတ်လား ဒါဆို အခြားသူတွေ ပါသေးတယ်ပေါ့''

''ဟုတ်ကဲ့... ပါပါတယ်။ ကျွန်တော့် ဇနီးနဲ့ အခါလည် သမီးလေးတစ်ယောက် ပါ''

www.nyisay.com



''အိန္ဒိယကလာတယ်ဟုတ်... ဘတ်(စ်)ကားနဲ့လား၊ ရထားနဲ့လား''

''လမ်းလျှောက်လာတာပါ''

''ဗမာပြည်ဝင်ခွင့်ဗီဇာကရော ဘယ်မှာလဲ''

''မရှိပါဘူး... လက်နက်ကိုင်ပြောက်ကျားအဖွဲ့တွေ တစ်ဖွဲ့ချင်းစီနဲ့ တွေ့ပြီး ပြန်လာတာပါ''

သူတို့မေးခွန်းတွေ ဆုံးသည်အခါ တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူးကြည့်ရင်း အတော်ကြာ တိတ်ဆိတ်သွားသည်။ ကျွန်ုပ်ဖြတ်သန်းခဲ့သော အနေအထားမှာ သာမန် အခြေအနေ မဟုတ်သဖြင့် မှန်ကန်ကြောင်း သက်သေပြရတော့မည်ကို ကျွန်ုပ် သဘောပေါက်လိုက်သည်။ သို့ဖြင့် အာရုခရီးသွားမြေပုံအကူအညီဖြင့် ကျွန်ုပ်တို့ သွားခဲ့သော ခရီးစဉ်တစ်ဖြတ်ချင်းကို အတတ်နိုင်ဆုံး တိုတိုရှင်းရှင်းနှင့် မိနစ် (၂၀) မျှ ရှင်းပြပြီး မြေပုံကို ခေါက်သိမ်းလိုက်သည်။

''မယုံနိုင်စရာပဲ...''

နှစ်ယောက်အနက်က အသက် (၃၀) ဝန်းကျင် လား(စ်)ဆိုသူ ကျောင်းသားလူငယ်တစ်ယောက်၏ မှတ်ချက်ဖြစ်သည်။ သို့ပေမဲ့ ကျွန်ုပ်ပြောပြသော အခြေအနေတစ်ခုလုံးကို သူတို့နှစ်ယောက်လုံး စိတ်ဝင်တစားရှိကြသလို ကျွန်ုပ်ပြောသလို ကူညီဖို့လည်း လိုလားစိတ်အားထက်သန်နေကြသည်။ ဤတွင် ကာရန်သင့်ပြန်တော့ မကြာခင်မှာပင် သူတို့နှစ်ယောက်လုံး ဟောင်ကောင်သွားကြတော့မည်ဖြစ်သည်။

သို့ဖြင့် ဆိုင်နောင့်နှင့် ကျွန်ုပ်တို့ အိတ်ထားခဲ့သော မြို့ထဲက အိမ်သို့ ပြန်လာပြီး၊ စီစဉ်ထားသည့်အတိုင်း ကျွန်ုပ်နှင့် ဆွီဒင်သူငယ်နှစ်ယောက်တို့ စာတိုက်ရုံးအပြင်တွင် တွေ့ကြသည်။

ကျွန်ုပ်တို့နှင့် ကပ်လျက် တစ်နေရာတွင် သူတို့နှစ်ယောက်ဝင်ထိုင်လိုက်ပြီး တခဏ ဟိုပြော၊ သည်ပြော ပြောကြသည်။ ထိုနောက် လား(စ်)က မတ်တတ်ထရင်း ကျွန်ုပ်ဘေးနားတွင် ချထားသော အိတ်ကို အမှုမဲ့ အမှတ်မဲ့ ဆွဲပြီး ထွက်သွားရာ ဤမှာပင် ကျွန်ုပ်တို့၏ အဓိကပြဿနာကြီးကို ဖြေရှင်းပြီးပြီဖြစ်၍ အဖမ်းခံရသည်ဆိုလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်သာ လိုက်သွားရုံရှိပါတော့သည်။

ရဲနှင့် ရင်ဆိုင်မတွေ့မီ နောက်တစ်ဆင့် ကျွန်ုပ်တို့ လုပ်ရမည့် ကိစ္စတစ်ခုမှာ ဆွီဒင်သံရုံးနှင့် ဆက်သွယ်ဖို့ဖြစ်သည်။ သို့ပေမဲ့ ယနေ့သည် ဧပြီ (၁၈) ရက် စနေနေ့၊ နောက်တစ်နေ့သည်လည်း တနင်္ဂနွေနေ့၊ လပေါင်းများစွာ တောထဲတောင်ထဲရောက်နေခဲ့သဖြင့် စနေ တနင်္ဂနွေ ရုံးပိတ်ရက်ဆိုသည်ကို ကျွန်ုပ်တို့ သတိမပြုမိခဲ့၊ ဘယ်လိုပဲဖြစ်ဖြစ်၊ အဆက်အသွယ် ရအောင် ယူဖို့ ဆုံးဖြတ်လိုက်ပြီး စာတိုက်နားမှ တယ်လီဖုန်းအိတ်ချိန်းရုံးသို့ ကျွန်ုပ်တို့ လျှောက်လာခဲ့သည်။ ဘေဂျင်းမှ ဆွီဒင်အရာရှိများနှင့် ဆက်

www.nyisay.com



သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်အားလုံး ကျွန်ုပ် အကြိမ်ကြိမ် ခေါ်သော်လည်း မရ၊ သို့ပေမဲ့ အိတ်ထဲက တရုတ်ပိုက်ဆံလက်ကျန်ကို ရေတွက်ကြည့်ရာ အစိုးရဧည့်ရိပ်သာမှ လွဲ၍ အခြား နေရာတွေမှာ သုံးနိုင်သည့် ငွေစုစုပေါင်းမှာ တစ်ထောင်ပင်မပြည့်ချင်တော့၊ သို့နှင့် ဘန်ကောက်မှ မိတ်ဆွေဆီဆက်ဖို့ ဆုံးဖြတ်လိုက်ပြန်သည်။ သူက ကျွန်ုပ်တို့ အခက်အခဲကို နားလည်သလို အကူအညီပေးနိုင်လိမ့်မည်။ ကျွန်ုပ်တို့မှာ နိုင်ငံကူးလက်မှတ် မရှိတော့၍လည်း ယခုအချိန်ထိ တည်းခိုဖို့မစီစဉ်ရသေး၊ သို့ပေမဲ့ ဂျင်းဟုန်မြေပုံတွင် အစိုးရပိုင် တိုးရစ်ဧည့်ရိပ်သာ၏ ဖုန်းနံပါတ်ရှိသဖြင့် ဤနံပါတ်အတိုင်း ကျွန်ုပ်ကို တစ်ယောက်ယောက်က ပြန်ဆက်သွယ်နိုင်လိမ့်မည်။

ဦးစွာ ကျွန်ုပ်နှင့် လုပ်ဖော်ကိုင်ဘက် တစ်ယောက်ဆီ ဖုန်းခေါ်လိုက်ရာ အမျိုးသမီးတစ်ယောက်ဖုန်းကိုင်၍ ထိုင်းလိုပြန်ပြောနေသဖြင့် ကျွန်ုပ်မိတ်ဆွေကို ခေါ်ပေးဖို့ ပြောသော်လည်း နံပါတ်မှားနေသည်ဟုသာ ခပ်တိုးတိုးကြားလိုက်ရသည်။

ဤတွင် ဗြုန်းဆို ကျွန်ုပ်သတိတစ်ချက်ရလိုက်သည်။ ၁၉၈၅ ခုနှစ် အစောပိုင်းကပင် ဘန်ကောက်မှ တယ်လီဖုန်းနံပါတ်အားလုံး အသစ်ပြောင်းလိုက်ကြောင်း ထိုင်းနိုင်ငံ တယ်လီဖုန်းဆက်သွယ်ရေး အဖွဲ့က ကြေငြာထားပြီဖြစ်ရာ ယခုကျွန်ုပ် အသုံးပြုနေသည်မှာ နံပါတ်အဟောင်းဖြစ်နေသည်။ သို့နှင့် ကျွန်ုပ်၏ လိပ်စာ, စာအုပ်ဖွင့်၍ ကမန်းကတန်း ရှာကြည့်ရာ ကျွန်ုပ်၏ မိတ်ဆွေ ဆွီဒင်အမျိုးသား၏ ဖုန်းနံပါတ်ကို တွေ့လိုက်ရသည်။ ၁၉၈၅ ခုနှစ် မတ်လအတွင်း ကျွန်ုပ် ဘန်ကောက်မှ မထွက်ခွာမီ ပေးလိုက်သော နံပါတ်အသစ်။

၄င်းနံပါတ်ကို ခေါ်လိုက်ရာ ချက်ချင်းဆက်သွယ်မိလိုက်သည်။

"ခလေ့(စ်)လား"

ကျွန်ုပ်အသံကုန်အော်ပြောလိုက်သဖြင့် ကိုယ်အသံနှင့် ကိုယ်လုံးထွေးသွားပြီး တစ်ဖက်က အသံကို တော်တော်နားထောင်ယူရသည်။

"ဟုတ်ပါတယ်... ဘယ်သူပါလဲ"

"ဘာတီးလ်" ကျွန်ုပ်တစ်ခေါက်အော်လိုက်ပြန်သည်။

"ဘယ်သူ"

"ဘာတီးလ် ဘာတီးလ် လင့်တနာ၊ ငါပြောတာကြားလား"

"ကြားတယ် ဘယ်သူ... အယ်(လ်)ဘတ်လား"

"မဟုတ်ဘူး... ဘာတီးလ်... ဘာတီးလ်"

တစ်ဖက်က စကားသံ မကြားရတော့ တစ်ခဏငြိမ်ကျသွားရာ ဖုန်းချလိုက်ပြီ ထင်လိုက်သည်။

"ငါကြားပါတယ်"

www.nyisay.com



ဟော့... အသံပြန်ထွက်လာသည်။ သူ့ကို တွေးကြည့်ရတာ ဟုတ်မှဟုတ်ရဲ့လားလို့ စဉ်းစားနေပုံရသည်။

''မင်း အသက်ရှင်နေသေးတယ် ဟုတ်လား''

''ဟုတ်တယ်၊ မင်းအကူအညီလိုနေတယ်။ တရုတ်ပြည်ထဲကို တရားမဝင်ကျော်လာပြီ၊ အဲ့ဒါဘေဂျင်းက ဆွီဒင်သံရုံးရဲ့ အကူအညီအမြန်ဆုံးလိုနေတယ်။ ဘန်ကောက်က တစ်ဆင့် မင်းဆက်သွယ်ပေးနိုင်မလား၊ အရေးကြီးတယ်''

ခလေ့(စ်)ကား ဘန်ကောက်မှ ကျွန်ုပ်တို့ မထွက်ခွာမီ ကျွန်ုပ်တို့ အစီအစဉ်ကို သိထားသူ လူသုံးလေးယောက်အနက် တစ်ယောက်ဖြစ်၍ ဘာလုပ်ရမည်ကို ချက်ချင်း သိသဖြင့် အသေးစိတ် ဆက်မေးသည်။

''မင်း... အခုဘယ်မှာလဲ''

''ဂျင်းဟုန်၊ ယူနန်၊ ဒီနေ့ည အစိုးရဧည့်ဂေဟာမှာ ငါရှိမယ်၊ ဘေဂျင်းက သံရုံးဖုန်းကို စောင့်နေမယ်၊ ဖုန်းနံပါတ်က... ဂျင်း... ဘာ ဂျင်းဟုန်... ဂျင်း... ဟုန်... ယူနန်ထဲမှာ''

တယ်လီဖုန်းလိုင်းမှာ မကောင်းသဖြင့် (၄) ကြိမ်ပြောပြီးမှ နားလည်သွားသည်။ သို့ပေမဲ့ ဆွီဒင်စကားဖြင့် အော်ပြောနေသဖြင့် ကျွန်ုပ်ဘေးနားက လူဖြစ်စေ၊ ပင်လယ်ရပ်ခြားဖုန်းဆက်သွယ်မှုတို့ကို စောင့်ကြည့်နေသော လုံခြုံရေးအရာရှိတွေ ဖြစ်ဖေ တစ်ယောက်မျှ နားမလည်မှာ သေချာသည်။ ဖုန်းခေါ်ခတွေ ရှင်းလိုက်ရသဖြင့် ပိုက်ဆံတစ်ဝက်ကုန်သွား သော်လည်း ပြဿနာမရှိတော့၊ အဆက်အသွယ်ရပြီ။

ကျွန်ုပ်တို့ ဖုန်းစောင့်ဖို့အတွက် အစိုးရဧည့်ဂေဟာသို့ ပြန်လာရာ ဧည့်ကြို့ကောင်တာတွင် အောက်သိုးသိုးမျက်နှာနှင့် ထိုင်နေသော တရုတ်မက ကျွန်ုပ်ကို ဘာလုပ်ချင်တာလဲဟု အသံပြတ်နှင့် မေးရာ ကျွန်ုပ်က နိုင်ငံကူးလက်မှတ်ပျောက်သွားသဖြင့် ဘေဂျင်းမှ ဆွီဒင်သံရုံးကို အကြောင်းကြားထားကြောင်း၊ သို့ပါ၍ ထိုည ကျွန်တော်တို့ကို ဖုန်းပြန်ခေါ်မည်ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ဧည့်ကြို့နေရာတွင် ကျွန်ုပ်တို့ အချိန်အတော်ကြာကြာ ထိုင်စောင့်နေပြီး နောက်ဆုံးတွင်မူ တယ်လီဖုန်းသံမြည်လာသည်။

ကျွန်ုပ်စောင့်မျှော်နေသော သံရုံးမှ တယ်လီဖုန်း၊ ကျွန်ုပ်သူငယ်ချင်း ခလေ့(စ်)က ဗန်ကောက်မှ ဆွီဒင်သံရုံး တာဝန်ကျအရာရှိကို ဆက်သွယ်ပြီး အဆိုပါအရာရှိက ဘေဂျင်းသို့ 'တဲလက်'နှင့် အမြန်သတင်းပို့လိုက်ခြင်းဖြစ်သည်။ ယခုကျွန်ုပ်နှင့် စကား ပြောနေသော အရာရှိမှာ ကျွန်ုပ်တို့ ကိစ္စကို သဘောပေါက်ထားပုံရသဖြင့် ပန်ဆန်းမှ ကျွန်ုပ် ရေးလိုက်သော စာ ဘေဂျင်းရောက်သွားသည်မှာ သေချာသည်။ အဆိုပါအရာရှိက ကျွန်ုပ်တို့ကိစ္စကို တရုတ်အာဏာပိုင်တွေနှင့် ပြေလည်အောင် ရှင်းပြီးသည်အထိ ယခု အစိုးရ ဧည့်ဂေဟာတွင်

www.nyisay.com



စောင့်နေဖို့ပြောသည်။ တစ်ဆက်တည်းမှာပင် ဧည့်ကြိုအမျိုးသမီးကို သံရုံးမှ တယ်လီဖုန်းဖြင့် ကျွန်ုပ်တို့ကို ဧည့်ရိပ်သာ အခန်းတစ်ခန်းတွင် တည်းခိုခွင့်ပေးဖို့နှင့် မကြာခင် သံရုံးမှ တာဝန်ရှိသူတို့က ကျွန်ုပ်တို့အတွက် နိုင်ငံကူးလက်မှတ်အသစ်တွေ ယူလာပေးမှာဖြစ်ကြောင်း၊ ထိုနည်းလည်းကောင်း FEC မလုံလောက်တော့သဖြင့် ဟိုတယ်အခန်းခကိုပါ သံရုံးက လာပေးမည်ဖြစ်ကြောင်း မေတ္တာရပ်ခံလိုက်သည်။

ယနေ့ကား ရှည်လျားထွေပြားလှ ခြေကုန်လက်ပန်းကျခဲ့ပါသော်လည်း ရင်သပ်အံ့သြစရာကောင်းလောက်အောင်ပင် အောင်မြင်သွားပြီ။ ဝမ်ဆာမှ ထွက်လာပြီး (၂၃) နာရီအတွင်း ကျွန်ုပ်တို့ မိသားစု ဂျင်ဟုန်တွင် ချောမောစွာ ပြန်ဆုံကြသည်။ ကျွန်ုပ်တို့၏ မှတ်တမ်းမှတ်ရာ အထုပ်ကြီးကို လက်ပြောင်းပေးနိုင်ခဲ့သည်။ ဆွီဒင်သံရုံးနှင့် အဆက်ရပြီး အစိုးရ ဧည့်ဂေဟာတွင်မူ နိုင်ငံကူးလက်မှတ်လည်း မပြရပါဘဲ၊ ပိုက်ဆံလည်း မပေးရပါဘဲ တည်းခိုဖို့ အခန်းတစ်ခန်းပင်ရလိုက်သေးရာ၊ ကျွန်ုပ်တို့ ဇာတာစန်းလင်းကား အတက်ပြနေလေပြီ။

နောက်တစ်နေ့မှာမူ တနင်္ဂနွေဖြစ်၍ ဂျင်ဟုန်မြို့တွင်း လှည့်ပတ်ကြည့်ရှုကြ၍ လမ်းမကြီးတစ်ခုပေါ်က ဆိုင်ငယ်လေးတစ်ဆိုင်မှ ဆိုင်တိုင်းအတွက် လက်တွန်းလှည်းလေးဝယ်ပြီး သမီးကို လှည်းပေါ်တင်ကာ တိုးရစ်ကြိုးတွေ ဂိုက်ဖမ်းရင်း လျှောက်လည်ခဲ့ကြသည်။ တစ်ရက်မှ တစ်ရက်ကြာလာသည်နှင့်အမျှ ဧည့်ဂေဟာမှ အခြားခရီးသွားတွေနှင့် ကျွန်ုပ်တို့သိကျွမ်းလာသည်။

အစိုးရတိုးရစ်ဧည့်ဂေဟာ အဆောက်အအုံမှာ လှပ၍ ဂျင်ဟုန်ချိုင့်ဝှမ်းအတွင်း စီးဆင်းသွားသော မဲခေါင်မြစ်ကို စီးမိုးမြင်နေရသည်။

ဘေဂျင်းသို့ နေ့စဉ် ဖုန်းဆက်၍ စုံစမ်းကြည့်နေရာ တရားမဝင် ရောက်လာသော ကျွန်ုပ်တို့ကိစ္စကို ယခု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ အသိပေးထားပြီး၊ ညှိနှိုင်းမှုတွေ လုပ်နေသဖြင့် အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်တို့ကို ဗမာပြည် ပြန်ပို့လျှင် ဆွီဒင်နှင့် တရုတ်ဆက်ဆံရေးကို အကြီးအကျယ် ထိခိုက်နိုင်သည်။ အထူးသဖြင့် ဆွီဒင်မီဒီယာများက သိသွားလျှင် စိုးရိမ်ရဖွယ်ရှိ၍ တရုတ်အာဏာပိုင်များအနေနှင့် အတင်းအကျပ်လုပ်လိမ့်မည်မဟုတ်ကြောင်း သံရုံးက ယူဆထားသည်။ သို့ဖြစ်၍ ရှေ့ဆက်ခြေလျင်လျှောက်စရာမလိုတော့ကြောင်း ကျွန်ုပ်ကိုယ်ကျွန်ုပ် စိတ်ချလက်ချ ယုံကြည်လိုက်ဖို့ ကြိုးစားသည့်အနေနှင့် (ဖိနပ်ကလည်း လုံးဝသုံးစားမရတော့သည်ကလည်း တစ်ကြောင်းကြောင့်) ကျွန်ုပ်၏ ဖိနပ်ကို ဧည့်ကြိုဆောင်ဘေးနားက အမှိုက်ပုံးထဲ စွန့်ပစ်လိုက်ပြီး သကာလ ညှပ်ဖိနပ်စီး၍သာ နေလိုက်တော့သည်။

ဧပြီ (၂၃) ရက်ကြာသပတေးနေ့တွင်မူ ယူနီဖောင်းဝတ် ပုလိပ် (၄) ယောက်၊ ဧည့်ဂေဟာမှ လယ်ဂျာစာအုပ်ကို စစ်ဆေးပြီး ဧည့်ကြိုက ကျွန်ုပ်ကို လူလွှတ်အခေါ်

www.nyisay.com



ခိုင်းလိုက်ရာ ကိစ္စပြီးစီးကြောင်း ဘေဂျင်းမှ သတင်းရောက်လာတာပဲ အောက်မေ့လိုက်သည်။

''ဘာတီးလဲ လင့်တနာဆိုတာ ရှင်လား''

ပုလိပ်မတစ်ယောက်က ကျွန်ုပ်ကို မေးသည်။

''ဟုတ်ပါတယ်''

''ရှင့် မိန်းမက ဗမာပြည်ကလား''

ကျွန်ုပ်တို့ကိစ္စကို ပုလိပ်ဘက်က ဘယ်လောက်သိထားသည်ကို မှန်းဆမရနိုင်သဖြင့် ဝေ့လည်ကြောင်ပတ်ဖြေဖို့ ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။ သည်ကြားထဲ ပုလိပ်မ၏ အင်္ဂလိပ်အသံထွက်ကလည်း တော်တော်ဆိုးသဖြင့် မနည်းအားစိုက်နားထောင်နေရသည်။

''ဟုတ်တယ် ဗမာပြည်မှာ မွေးတာပါ၊ ဒါပေမဲ့ အခု ဆွီဒင်နိုင်ငံကူးလက်မှတ်ကိုင်ထားပါတယ်''

''ဇန်နဝါရီ (၂၂) ရက်နေ့မှာ မိုင်းအေးက တစ်ဆင့် ကူးဖို့ ရှင်တို့ကြိုးစားခဲ့သေးတယ် မဟုတ်လား''

ဤသို့မေးခြင်းအားဖြင့် ဒေသခံအာဏာပိုင်တို့က မုံးအာကိစ္စကို ကြားပြီးဖြစ်သော်လည်း ကူမင်း (သို့) ဘေဂျင်းမှ အထက်အာဏာပိုင်တို့နှင့် မဆက်သွယ်ရသေးကြောင်း ကောက်ချက်ချနိုင်သည်။ ဤမှာပင် ပြဿနာက ဂျင်းဟုန်အာဏာပိုင်တွေဘက်က ဤကိစ္စကို ဝန်ကြီးအဆင့်တွင် ညှိနှိုင်းဆေးနွေးနေကြသည်ကို မသိဘဲ သိမ်းကြုံးအရေးယူလိုက်လျှင် ပို၍ ရှုပ်ထွေးလာလိမ့်မည်ဖြစ်၍ မယုတ်မလွန်အဖြေပေးလိုက်သည်။

''ဟုတ်ပါတယ်... မှန်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ ဒီနေရာမှာ ရှိနေပါတယ်၊ ကျုပ်တို့ ကိစ္စကိုလည်း ဘေဂျင်းမှာ အစိုရအဆင့် ညှိနှိုင်းဆွေးနွေးတာတွေ လုပ်နေပါတယ်။ ဒါကြောင့် ဒီမှာ ဘာမှလုပ်လို့မရနိုင်ပါဘူး။ အမိန့်ကိုပဲ စောင့်ရုံပါပဲ''

အတတ်နိုင်ဆုံး အကျဉ်းချုံး၍ ကျွန်ုပ်အဖြေပေးလိုက်သည်။

''ရှင့်မှာပါမစ်မပါဘဲ တရုတ်ပြည်ထဲဝင်လာတယ်''

သို့ဖြင့် ကျွန်ုပ်က ဧည့်ကြိုစားပွဲပေါ်တွင် တင်ထားသော ဘေဂျင်းရီဗျူးမဂ္ဂဇင်းအထပ်ထဲက တစ်အုပ်ကို ဆွဲယူလိုက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး မာတ်ပုံကို လှန်လှော၍ ရှာလိုက်ပြီး လက်ညှိုးထိုးပြလိုက်သည်။

''ဒီ ...ကို့ ကျုပ်တို့ အစိုးရစကားပြောနေတယ်၊ ဘာလုပ်ရမလဲဆိုတာ သူက ဆုံးဖြတ် လိမ့်မယ်။ သူ့အမိန့်ကို ကျုပ်တို့ စောင့်ရုံပဲရှိတယ်'' ပုလိပ်မက အေးစက်စက် သံသယမျက်လုံးနှင့် တစ်ချက်ကြည့်လိုက်သည်။

''ရဲစခန်းကို ရှင်လိုက်ခဲ့ပါ''

ကျွန်ုပ်က ပိုကောင်းကြောင်း စခန်းရောက်မှသာ ဆွီဒင်သံရုံးနှင့် နိုင်ငံခြား

www.nyisay.com



ဝန်ကြီးဌာနတို့ကို တယ်လီဖုန်းနှင့် ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း ပြောရာ ပုလိပ်မက ဆောင့်ကြိုးအောင့်ကြိုးနှင့် တုံ့ပြန်သည်။

''ကျွန်မ နောက်ကလိုက်ခဲ့ပါ၊ ဖုန်းဆက်ရမယ့်နေရာကို ကျွန်မဆုံးဖြတ်မယ်''

အခြေအနေကား လုံးဝ တင်းမာနေလေပြီ။ ကျွန်ုပ်တို့လမ်းမှားသွားပြီလား တွေးရင်း အနည်းငယ်စိုးရိမ်သွားသည်။ ကျွန်ုပ်တို့နှင့် ပတ်သက်သော သတင်းကို နယ်စပ်တစ်လျှောက်မှ ရဲစခန်းအားလုံးကို ပို့လိုက်သည်မှာ ထင်ရှားသည်။ သို့ဖြစ်၍ နယ်စပ်ကင်းစခန်းတွေကို အေးအေးဆေးဆေး လမ်းလျှောက်ဖြတ်၍ ဝင်လာရုံသာမဟုတ်၊ အစိုးရ၏ ဂေဟာ၌ပင် ကျကျနန တည်းခိုပြီး ဟိုဟိုဒီဒီ လမ်းသလားလိုက်သေးသည်ဖြစ်၍ ဂျင်းဟုန် အာဏာပိုင်တွေအနေနှင့် မျက်နှာပျက်စရာဖြစ်မှာ သေချာသည်။

အနေအထား အရပ်ရပ်ကား တင်းမာလာသည်မှာ သိသာသည်။ သို့ဖြင့် ကျွန်ုပ် အခန်းပြန်ပြီး လိုအပ်သော အထောက်အထားအချို့ယူဖို့နှင့် မိန်းမကို အကြောင်းကြားဖို့ ပုလိပ်မ,ကို ခွင့်တောင်းရာ ခွင့်ပြုသည်။

''ရဲတွေ''၊ ကတိုက်ကရိုက်နှင့် အခန်းထဲဝင်ရင်း အမောတကောနှင့် ကျွန်ုပ်ပြောလိုက်သည်။

''သူတို့ဒီမှာရောက်နေတယ်၊ ကိုယ့်ကို စခန်းခေါ်သွားပြီး စစ်ဆေးလိမ့်မယ်၊ တကယ်လို့ (၅) နာရီမှာ ကိုယ်ပြန်မရောက်ရင် ဘေဂျင်းက သံရုံးကို ဖုန်းဆက်၊ ကိုယ်တို့ ဒုက္ခ ရောက်နေပြီ ဆိုတာပြောပြ''

ဆိုင်တိုင်းက အိပ်ရာပေါ်မှာ အိပ်နေသေးပြီး ဆိုင်နောင့်က သူမ မှတ်စုစာအုပ်ထဲမှာ ဖုန်းနံပါတ်ကို ကမန်းကတန်း ကူးရေးလိုက်သည်။

''ကောင်းပြီ၊ ခေါင်းအေးအေးထား၊ သူတို့ဘက်က မောက်မောက်မာမာ ဆက်ဆံရင်တောင် ဒေါသမထွက်နဲ့၊ နို့မဟုတ်ရင် အခြေအနေတွေ ပိုဆိုးသွားလိမ့်မယ်''

ရဲစခန်းမှာ ကျွန်ုပ်ကို (၂) နာရီကျော်စစ်ဆေးမေးမြန်းခဲ့ကြရာ စလျှင် စခြင်းပင် ဘာသာစကားက အတားအဆီးဖြစ်နေသည်။

ပုလိပ်မ, အင်္ဂလိပ်စကားပြောနိုင်သည်မှာ အနည်းအကျဉ်းသာ ဖြစ်၍ မကြာခဏ တရုတ်-အင်္ဂလိပ် အဘိဓာန်ကြီးကို လှန်ကြည့်နေသဖြင့် ခရီးမရောက်။

''ရှင့်မိန်းမက ဗမာလား''

ဤမေးခွန်းကိုပင် သူမက ခဏ ခဏမေးနေသည်။ ကျွန်ုပ်ကို သူတို့ ဗမာပြည် ပြန်ပို့၍မရသည်ကို ကောင်းစွာသိထားသော်လည်း ဆိုင်နောင့်ကို ဗမာနိုင်ငံသားအဖြစ် သူတို့ မှတ်ယူသွားလျှင်ဒုက္ခတွေ့နိုင်သည်။

''မဟုတ်ဘူး၊ ဗမာလည်း မဟုတ်ဘူး''

ဤအချက်ကို သူတို့သဘောပေါက်အောင် ကျွန်ုပ်ဘက်က တွန်းတွန်းတိုက်-ဒိုက် ပြောမှ ဖြစ်မည်။

www.nyisay.com



''သူမက ရှမ်း၊ ဆစ်(ပ်)ဆောင်ပန်းနားက လူတွေနဲ့ အတူတူပဲ၊ ဒါပေမဲ့ သူမက ဆွိဒင် နိုင်ငံကူးလက်မှတ် ကိုင်ထားတယ်''

ဤတွင် နောက်တွင် ထိုင်၍ ကျွန်ုပ်ပြောသည်တို့ကို လိုက်မှတ်နေသော ပုလိပ် တစ်ယောက်က ရုတ်တရက်မော့ကြည့်လိုက်ရင် ကျွန်ုပ်ကိုရှမ်းဘာသာနှင့် လှမ်းပြော သည်။

''ခင်ဗျားရဲ့ မိန်းမက ရှမ်းဟုတ်လား၊ ခင်ဗျားရှမ်းလိုပြောတတ်လား''

''ပြောနိုင်ပါတယ်''

အနိမ့်ဆုံး အဆက်အသွယ်လုပ်လို့ရပြီကို သဘောပေါက်လိုက်သဖြင့် ကျွန်ုပ်ဝမ်း သာ သွားသည်။ ရှမ်းစကားကို ကျွမ်းကျွမ်းကျင်ကျင် မဟုတ်သည်တိုင် အပတ်လည် အောင်တော့ ကျွန်ုပ်ပြောနိုင်သဖြင့် မြေပုံကို ထုတ်လိုက်ပြီး မြန်မာပြည်မြောက်ပိုင်း တစ်လျှောက် (တရုတ်ပြည်ရွှေလီအနီးမှ ဖြတ်လာသော လမ်းကြောင်းကို ချန်၍) ကျွန်ုပ် တို့ ဖြတ်လာသော လမ်းကြောင်းကို ထောက်ပြရင်း ရှင်းပြလိုက်သည်။ တစ်ချိန်တည်း မှာ သူတို့ဆီက ပေးလာနိုင်သည့် အကူအညီကိုလည်း မျှော်လင့်နေမိသည်။

နောက်ဆုံးတွင် ရှမ်းပုလိပ်က ကျွန်ုပ်အတွက် လက်ဖက်ရည်နှင့် စီးကရက်မှာ လိုက်ရာ၊ စိတ်ထဲမှာ တည်းကျပ်နေတာတွေ နည်းနည်းလျော့ကျသွားသည်။ သို့ပေမဲ့ ကျွန်ုပ်တို့ ကိစ္စကို ဘေဂျင်းတွင် ဝန်ကြီးအဆင့် ဆွေးနွေးနေသည်ကို သူတို့နားပေါက် အောင် ပြောနေသည့်တိုင် ကျွန်ုပ်စကားကို ရှမ်းပုလိပ်က မယုံတစ်ဝက်၊ ယုံတစ်ဝက်။

''ကောင်းပြီ၊ အခု ခင်ဗျားမှာ ဗီဇာမရှိဘူး၊ ဒါကြောင့် အစိုးရဧည့်ရိပ်သာ ဝင်းခြံ ထဲမှာပဲ နေရလိမ့်မယ်၊ အဲဒီမှာ ခင်ဗျားလိုတာ ဝယ်နိုင်တယ်၊ စားသောက်ဆိုင်တစ်ဆိုင် လည်း ရှိတယ်၊ အဲဒီမှာ နေပြီး နောက်ထပ်ညွှန်ကြားချက်ကို စောင့်ပါ။ ဒီအတော အတွင်းမှ အပြင်ထွက်ခွင့်မရှိဘူး။ ပြီးတော့ အခြားနိုင်ငံခြားသားတွေကိုလည်း ခင်ဗျား ကိစ္စကို မပြောနဲ့။'' ထိုပုလိပ်က ကျွန်ုပ်ကို ရှမ်းဘာသာနှင့် နောက်ဆုံး ညွှန်ကြားရာ ဤအခါမှပင် ဒုန်းဒုန်းချ စိတ်သက်သာသွားပြီး ကျွန်ုပ်၏ ပေါ့ပါးမှုတို့သည်လည်း အခန်းထဲက အခြားလူတွေဆီ ကူးစက်သွားသလားမသိ၊ စောစောက မျက်နှာရှုစ်ခေါက် ချိုးနှင့် ပုလိပ်မ,လည်း ပြုံးလာပြီး၊ ကျွန်ုပ်သမီးလေးအကြောင်းမေးရာ နောက်တစ်ကြိမ် ရဲစခန်းသို့ ကျွန်ုပ်လာလျှင် ခေါ်လာမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။

တိုးရစ်ဧည့်ရိပ်သာမှာပင် ကျွန်ုပ်တို့ ဟန်မပျက်ဆက်၍ နေထိုင်ခဲ့ကြရာ ဧည့်ရိပ် သာ ခြံဝင်းမှာ ကျယ်ဝန်းသလို ပန်းခြံနှင့် မျက်ခင်းစိမ်းစိမ်းတွေရှိသဖြင့် နေရတာ အဆင်ပြေသည်။ သို့ပေမဲ့ အခြားနိုင်ငံခြားဧည့်သည်တွေက အပြင်ထွက်လည်ဖို့ ပြော လာလျှင်တော့ သမီးဆိုင်တိုင်း ကျန်းမာရေးအကြောင်းပြပြီး လှည့်ရပတ်ရသည်။ ရဲစခန်း သို့ နောက်ထပ် သုံးလေးကြိမ် သွားရောက်အစစ်ဆေးခံရသော်လည်း အကြောင်းထူးပုံ

www.nyisay.com



မပေါ်၊ သို့ဖြင့် ဧပြီ (၂၅) ရက်၊ စနေနေ့ နံနက်လင်းအားကြီး အချိန်တွင်မူ ဧည့်ရိပ်သာ ရှေ့တွင် မော်တော်ကားသံကြားလိုက်ရသဖြင့် ကန့်လန်ကာကို လှပ်၍ ကြည့်လိုက်ရာ ရှမ်းပုလိပ်အပါအဝင် လူငယ်ပုလိပ် (၃) ယောက်ကို တွေ့လိုက်ရသဖြင့် အပြင်သို့ ကျွန်ုပ်ထွက်လာပြီး အကျိုးအကြောင်းမေးကြည့်လိုက်သည်။

"ခင်ဗျားအထုပ်အပိုးတွေ အခုချက်ချင်းပြင်ပေတော့၊ အသင့်ဖြစ်တာနဲ့ ကူမင်းကို ကျွန်တော်တို့ သွားကြမယ်"

(၅) မိနစ်အတွင်း ကျွန်ုပ်တို့ ပစ္စည်းပစ္စယတွေ သိမ်းဆည်းထုပ်ပိုးပြီး ဂျစ်ကားပေါ်ရောက်လာသည်။ အပေါ်ထပ်တွင်တည်းခိုနေသော တိုးရစ်အချို့က ဇဝေဇဝါအကြည့်တွေနှင့် ကျွန်ုပ်တို့ကို ငုံ၍ကြည့်နေကြရာ ကျွန်ုပ်တို့ဘက်က မျက်စိလွဲပြီး ဂျစ်ကားပေါ်တက်လိုက်ကြရာ ဦးစွာ ရဲစခန်းသို့ မောင်းသွားသည်။ စခန်းတွင် ပုလိပ်မ,ဆင်းနေခဲ့သည်။ ယခု ရှမ်းပုလိပ်အပါအဝင် ပုလိပ် (၃) ယောက်နှင့် ကျွန်ုပ်တို့ ဆက်၍ ထွက်လာခဲ့ကြရာ ပုလိပ်တွေအားလုံး အရပ်ဝတ်,ဝတ်ထားကြသော်လည်း သူတို့ဂျာကင်အင်္ကျီတွေအောက်မှာ ပစ္စတိသေနတ်လေးတွေ ထည့်လာကြသည်ကို သတိပြုမိသည်။

မွန်းလွဲချိန်တွင် မဲခေါင်တံတားကို ဖြတ်၍ ဟိုမှာဘက် တောင်တန်းဆီ ဆက်သွားရာ မြန်မာဘက်ခြမ်းလို ကျီးနှင့်ဖုတ်ဖုတ်မဟုတ်၊ တောင်ကြောတော်တော်များများတွင် သစ်တောတွေ ပြန်လည်စိုက်ပျိုးထားပြီး တောင်ခြေတို့တွင်မူ ရော်ဘာစိုက်ခင်းတွေ မျက်စိတစ်ဆုံးတွေ့နေရသည်မှာ ဗကပဒေသများတွင် လုံးဝမရှိသော ဖွံ့ဖြိုးမှုတွေပဲ ဖြစ်သည်။ ယူနန်တောင်ဘက် ကွေ့ကွေ့ဝိုက်ဝိုက် တောင်ပေါ်လမ်းမှ ကူမင်းသို့ (၃) ရက်တိုင်တိုင် မောင်းနှင်လာခဲ့ပြီး လမ်းတစ်လျှောက်တည်းခိုခန်းလေးတွေမှာ ကျွန်ုပ်တို့ ညအိပ်ကြရာ ကျွန်ုပ်တို့ကို ပုလိပ်တွေက အနီးကပ် စောင့်ကြပ်နေသော်လည်း ဧည့်ဝတ် ကျေပွန်၍ ဖော်ရွေကြသည်။ ဆိုင်တိုင်းက ထုံးစံအတိုင်း တစ်လမ်းလုံး လိုလိုအိပ်လိုက်လာပြီး အိပ်ရာကနိုးလာလျှင် ပတ်ဝန်းကျင်က အသစ်အဆန်းတွေနှင့် မော်တော်ကားစီးရတာကို သဘောကျနေသည်။ ဧပြီ (၂၇) ရက်၊ ကူမင်းသို့ရောက်လာရာ၊ ကာ(လ်)ကတ္တားမှ ထွက်လာပြီးနောက် ကျွန်ုပ်တို့ မြင်တွေ့လိုက်ရသော မြို့ကြီးတစ်မြို့၊ သို့ပေမဲ့ကာ(လ်)ကတ္တားလို ဖရိဖရဲနှင့် ညစ်ညစ်စုတ်စုတ် မြို့ခင်းမြို့ကွက် မဟုတ်၊ သစ်ပင်တွေ စီစီရီရီတန်းစိုက်ထားသော လမ်းမကျယ်ကြီးတွေ၊ ခန့်ခန့်ထည်ထည် တိုက်တာ အဆောက်အအုံတွေနှင့် ခေတ်မီဈေးဆိုင်တွေ၊ ပြည်သူ့ လုံခြုံရေးဗျူရိုဌာနချုပ်ရုံးရှေ့တွင် ဂျစ်ကားရပ်လိုက်သည့်အခါ ကျွန်ုပ်တို့ကို စောင့်နေသော ဆလွန်းကားတစ်စီး ထိုးဆိုက်လာပြီ ဆက်လက်၍ ကျွန်ုပ်တို့ကို ယနေ့ညတည်းခိုရန်အတွက် သီးသန့် ဧည့်ရိပ်သာ တစ်ခုဆီ ခေါ်သွားကြရာ၊ ကျွန်ုပ်တို့ကို စောင့်နေသော ပုလိပ်လူငယ်တစ်ဦးက ပြုံးလျက် အင်္ဂလိပ်စကားကို အမေရိကန်အသံနှင့် ချက်ချက်ချာချာ ပြောသည်။

www.nyisay.com



''မနက်ဖြန် ခင်ဗျားတို့ကို ဟောင်ကောင်သွားမယ့် လေယာဉ်ပေါ် တင်ပေးတော့မယ်၊ ကျွန်တော်တို့ (၂) နိုင်ငံ ရေရှည်ဆက်ဆံရေးကောင်းမွန်ဖို့အတွက် အခုလို ဆုံးဖြတ်လိုက်တာပါ''

အရေးပေါ်ခရီးသွားအထောက်အထားနှင့် လမ်းခရီးတွင် သုံးစွဲဖို့ ပိုက်ဆံတချို့ကို ဘေဂျင်းရှိ ဆွီဒင်သံရုံးမှ တာဝန်ရှိဝန်ထမ်းတစ်ယောက်က ကျွန်ုပ်တို့ဆီ လက်ရောက်လာပေးသည်။ နောက်တစ်နေ့ မနက်တွင်မူ မှန်တံခါးပေါက်တွေမှာ လိုက်ကာတွေ ကာထားသော မီနီဘတ်(စ်)ကားတစ်စီး ဧည့်ရိပ်သာရှေ့ ဆိုက်လာပြီး ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်၊ အရပ်ဝတ်နှင့် ဂျာကင်တွေ အောက်မှာ စကားပြောစက်တွေ ဖောင်းထွက်နေသော လူ (၂)ယောက် စောင့်ကြပ် လိုက်ပါလာသည်။ ဂျင်းဟုန်မှ လိုက်လာသော ရှမ်းပုလိပ်ကို ကျွန်ုပ်တို့ နှုတ်ဆက်လိုက်ကြပြီး လေဆိပ်သို့ ထွက်ခွာလာရာ ပုလိပ်တံဆိပ် အမှတ်အသားမပါသော ကားတစ်စီးက ကျွန်ုပ်တို့ မိနီဘတ်(စ်)ရှေ့မှ မောင်းနှင်နေပြီး မော်တော်ကား တစ်စီးနှင့်တစ်စီး စကားပြောစက်နှင့် ဆက်သွယ်နေကြသလို လေဆိပ်လုံခြုံရေးနှင့်လည်း ချိတ်ဆက်လာကြသည်။

ကျွန်ုပ်တို့ ထွက်ခွာမှုမျိုးက ပုံမှန်မဟုတ်၊ လေဆိပ်အဆောက်အအုံထဲတွင် ခရီးသည်တွေ စောင့်နေချိန်တွင် မော်တော်ကား (၂) စီးကား လေယာဉ်ပြေးလမ်းထဲအထိ တချိုးတည်းမောင်းဝင်သွားပြီး လေယာဉ်ပေါ်ရောက်သည်ထိ လုံခြုံရေးကို မလွတ်သေး၊ CAAC လေကြောင်းလိုင်းမှ လေယာဉ်ရှေ့ပိုင်းတစ်ပိုင်းလုံးကို ကျွန်ုပ်တို့အဖွဲ့အတွက် သီးသန့်နေရာယူထားရာ အနက်ရောင် ဥရောပဝတ်စုံဝတ်ထားသော လုံခြုံရေးအရာ ရှိ (၂) ယောက်က ရှေ့ခုံတွေမှာထိုင်ပြီး ကျွန်ုပ်တို့က သူတို့နောက်တန်းမှာ ထိုင်ကြသည်။ ကျွန်ုပ်တို့နှင့် ဘေးတိုက်၊ လေယာဉ်အလယ် အူကြောင်းလမ်းတစ်ဖက်မှ ထိုင်ခုံတွေပေါ်တွင်မူ ကျွန်ုပ်တို့ အထုပ်အပိုးတွေတင်ထားလိုက်ကြသည်။ ကျွန်ုပ်တို့နောက်တန်း (၃) တန်းလုံး နေရာလွတ်နေပြီး၊ မည်သူနှင့်မျှ စကားမပြောဖို့ ကျွန်ုပ်တို့ကို ညွှန်ကြားထားသည်။

နေ့လယ် (၁) နာရီထိုးပြီး တခဏအကြာမှာပင် ဘိုးရင် 737 လေယာဉ်ကြီးကား ပြေးလမ်းပေါ်မှ စ,တင်ပျံသန်းလာရာ (၂) နာရီမျှ တရုတ်ကျေးလက်ဒေသ၏ စိမ်းစိမ်းအုပ်အုပ်သဘာဝတောတောင် ရေမြေတို့ကို ဖြတ်သန်းလာပြီးနောက်တွင်မူ မီးခိုးရောင်မိုးမျှော်တိုက်ကြီးတွေ၊ ဧရာမရေနံသိုလှောင်ရုံကြီးတွေနှင့် ညှပ်ညှပ်စည်း ပုလဲမြစ်ဆုံ ရေပြင်ထဲတွင် ခုတ်မောင်းနေသော ကုန်တင်သင်္ဘောကြီးတွေနှင့် ရေနံတင် သင်္ဘောကြီးတွေကို 'ဘွားခနဲ' တွေ့လိုက်ရသည်။

'ခိုင်းတက်' လေဆိပ်သို့ ငြိမ့်ငြိမ့်လေး ရောဂ၍ လေယာဉ်ဆင်းလာခဲ့ရာ ယနေ့သည်ကား ၁၉၈၇ ခုနှစ် ဧပြီ (၂၈) ရက်၊ ဝမ်ဆာမှ တာမုံးလုံသို့ နယ်ခြားတောင်ကြောပေါ်မှ ကျွန်ုပ်ခြေလျင်လျှောက်လာသည်မှ (၁၀) ရက်မြောက်နေ့၊ အိန္ဒိယ-မြန်မာ

www.nyisay.com



နယ်ခြား 'လောင်ဗာ'မှ စတင် ဖြတ်ကျော်လာခဲ့သည်မှ (၁) နှစ်၊ (၆) လနှင့် (၆) ရက် တင်းတင်းပြည့်သည့်နေ့။ လေယာဉ်ပြေးလမ်းပေါ်တွင် တခဏဘီးလှိမ့်လာပြီး ခရီးသည် ဆိုက်ရောက်အဆောက်အအုံရှေ့တွင် လေယာဉ်ရပ်သွားသည့်အခါ တရုတ်အရာရှိ (၂) ယောက်က ခေါင်းဆတ်၍ ကျွန်ုပ်တို့ကို နှုတ်ဆက်သွားကြသည်။ ကျွန်ုပ်တို့လည်း အခြားခရီးသည်တွေနှင့်အတူ လေယာဉ်အပြင်သို့ ထွက်လာခဲ့ကြပြီး၊ လူဝင်မှုကြီးကြပ်ရေးကိစ္စတို့ကို ပုံမှန်ဖြတ်သန်းပြီးနောက် လေဆိပ်အပြင်ထွက်၍ ဟောင်ကောင်ကျွန်းသို့ တက္ကစီတစ်စီးငှား၍ ထွက်ခွာလာရာ နီယွန်းမီးရောက်တွေ အောက်တွင် မော်တော်ကားမီးခိုးငွေ့တွေ၊ အုတ်အုတ်ကျွတ်ကျွတ် အသံတွေနှင့် နိစ္စဓူဝတွန်းတိုက် လူပ်ရှား ရုန်းကန်နေကြရပါသော လူဘုံခန်းဝါလူတို့ရွာသို့ ကျွန်ုပ်တို့ ပြန်ရောက်လာခဲ့ကြပြီး နောက်တစ်နေ့ ပသီရောင်နာဖြင့် ဆိုင်တိုင်း နေမကောင်းဖြစ်လာသည်။ ကျွန်ုပ်တို့ အမှန်တကယ် ပြန်ရောက်လာခဲ့ကြပါပြီ။

○

www.nyisay.com

# နိဂုံးမဟုတ်သော နိဂုံး

ဟောင်ကောင်တွင် ရက်အနည်းငယ်နေခဲ့ပြီး ၁၉၈၇ ခုနှစ် ဧပြီလတွင် ဘန်ကောက်သို့ ကျွန်ုပ်တို့ပြန်ရောက်လာကြပြီး ချက်ချင်းလုပ်ငန်းစဉ်ရာ ကျွန်ုပ်တို့ ခရီးစဉ်နှင့် စပ်လျဉ်းသော ပထမဆုံး ဆောင်းပါးတို့ကို ၁၉၈၇ ခုနှစ်ထုတ် မေ (၂၈) ရက်နှင့် ဇွန် (၄) ရက် အရှေ့ဖျား စီးပွားရေး ရီဗျူးတွင် ပုံနှိပ်ဖော်ပြခဲ့ပါသည်။ ထိုမှတစ်ဆက်တည်း ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေ၊ ဗြိတိန်၊ နယ်သာလန်နှင့် ဂျာမဏီနိုင်ငံတို့တွင်လည်း ဆိုခဲ့ပါခရီးစဉ်နှင့်စပ်လျဉ်းသော ဆောင်းပါးများ တီဗွီမှတ်တမ်းသတင်းတို့ကို ရေးသားထုတ်ဝေခဲ့ရာ မြန်မာပြည်နှင့် ပတ်သက်၍ ပြင်ပကမ္ဘာကြီး၏ စိတ်ဝင်စားမှု တဖြည်းဖြည်းမြင့်တက်လာနေသည်ကို သိရ၊ ကြားရသဖြင့် ကျွန်ုပ်တို့ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ကျွန်ုပ်တို့ ဘန်ကောက်ရောက်လာချိန်တွင်မူ ဘရန်ဆိုင်း၊ ဇောင်းဟရာ၊ စိုင်းလိတ်နှင့် အခြားအဖွဲ့ဝင်တို့ ထိုင်းမြန်မာနယ်ခြားသို့ ရောက်နေကြပြီဖြစ်ကြပါသည်။ ၄င်းတို့၏ ခရီးကား ၁၉၈၇ ခုနှစ် ဇန်နဝါရီ (၃၀) ရက်၊ သံလွင်မြစ်နဘေးတွင် ကျွန်ုပ်တို့ နောက်ဆုံးတွေ့ဆုံခဲ့သည်မှ ထိုင်း-မြန်မာနယ်စပ်အထိ (၃) လတိုင်တိုင် ကြာခဲ့သည်။ ဘရန်ဆိုင်းနှင့်အဖွဲ့ ထိုင်း-မြန်မာနယ်စပ်သို့ ရောက်နေကြောင်း ရန်ကုန်အာဏာပိုင်တို့ သတင်းရသွားပြီး မကြာမီ ပါကျောင်နှင့် နားဖော့တဝိုက်မှ ကချင်စစ်ဌာနချုပ်တို့ကို ထိုးစစ်ကြိုးဆင်ခဲ့ရာ၊ အစိုးရတပ်ဖွဲ့ဝင် (၁၀၀၀၀) နီးပါးမျှ အင်အားသုံးခဲ့သဖြင့် ကေအိုင်အေကို တိုက်ခိုက်ရာတွင် အကြီးမားဆုံးထိုးစစ်ကြိုးဖြစ်ခဲ့သည်။ အမြောက်လက်နက်ကြီးတွေ၊ ဗုံးကြဲလေယာဉ်တွေ အကူအညီဖြင့် အစိုးရစစ်ကြောင်းတို့ကမူ မြစ်ကြီးနား-ဗန်းမော်လမ်းသို့ ထိုးဆင်းလာပြီး မေလ (၂၄) ရက်တွင် ဒဘတ်ယန်ကို သိမ်းသည်။ ထိုနောက် 'ခလား

www.nyisay.com



ယန်'ကျသွားသည်။ ဗန်းမော်မြောက်ဘက်မှ အစိုးရစစ်ကြောင်းတစ်ကြောင်းကမူ တရုတ်ပြည် နယ်နမိတ်အတွင်းမှ ကွေ့ပတ်၍ မေ (၂၅) ရက်တွင် နားဖော့ အနောက်ဘက်ကို ဝင်တိုက်ရာ လူနှင့်လက်နက်အင်အားမမျှသည်ဖြစ်၍ ကချင်တပ်များ ပါဂျောင်ကို ဆုတ်ခွာလာရာ အစိုးရတပ်များက ဒလမန်းကြမ်း နင်းတက်တိုက်ခိုက်ခဲ့ရာမှ မေ (၂၉)တွင်မူ ပါဂျောင်ဌာနချုပ် ကျသွားခဲ့ပါ၏။

အဆိုပါ တိုက်ပွဲအတွင်း တြိဂံဒေသမှ ပါဂျောင်အထိ ကျွန်ုပ်တို့လုံခြုံရေးအတွက် တပ်ဖွဲ့ တစ်ဖွဲ့နှင့်အတူ လိုက်ပါလာခဲ့သော အရာခံဗိုလ် ဒိန်ရိန်နော်ဘောက် ကျဆုံးခဲ့ပါ၏။

ထိုမှ စနစ်တကျ စည်းဝါးရိုက်ထားသော သတင်းဖြန့်ချိရေးခရီးစဉ်တစ်ခုတွင် ရန်ကုန်မှ စစ်သံမှူးနှင့် သံတမန်တို့ကို မြစ်ကြီးနားမှတစ်ဆင့် နားဖော့သို့ ရဟတ်ယာဉ်ဖြင့် ခေါ်၍ ထိုစဉ်က ထောက်လှမ်းရေးအကြီးအကဲ ခင်ညွန့်က ၄င်းတို့သိမ်းလိုက်သော ရန်သူစခန်းကို လိုက်လံပြသပြီး ဘရန့်ဆိုင်း မြန်မာပြည်မှ ထွက်ပြေးသွားပြီဖြစ်ကြောင်း အတိအလင်း ပြောခဲ့သည်။ သို့ရာတွင် နိုင်ငံခြားဧည့်သည်တော်များအား နားဖော့ ဒေသတစ်ဝိုက်မှ ပြည်သူတို့နှင့် လွတ်လွတ်လပ်လပ် စကားပြောခွင့်မရခဲ့ကြသလို အမြောက်ဆန်၊ ဗုံးဆန်တို့ဖြင့် မီးလောင်တိုက်အသွင်းခံခဲ့ရသော ဒေသတွင်း ကျေးရွာတို့ကိုလည်း မျက်ဝါးထင်ထင် မြင်ခွင့်မရှိခဲ့ကြ။ ၁၉၈၇ ခုနှစ် မေလအတွင်း၌ပင် နားဖော့နှင့် ပါဂျောင်တစ်ဝိုက်မှ ကချင်ကျေးရွာ (၁၈) ရွာမှာမူ တိုက်ခိုက်၊ လုယက်၍ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ မြန်မာစစ်သားများက ရွာသူရွာသား ဒါဇင်ပေါင်းများစွာကို ပစ်သတ်ခဲ့ကြပြီး အမျိုးသမီးငယ်တွေကို မုဒိန်းကျင့်ကာ အခြားအရပ်သားအများစုကိုမူ ရိုက်နှက်၍ ညှဉ်းပန်းနှိပ်စက်ခဲ့ကြပါ၏။

မီးရှို့ဖျက်ဆီးခံခဲ့ရသော ကျေးရွာစာရင်းကို ဖတ်ရသည့်အခါ ခါလာယန်းအနီးတစ်ဝိုက်မှ 'မိုင်ဆတ်ကောင်' 'ကွမ်ဘောင်'နှင့် တောင်ဘက်မှ ပရန်ကောင်နှင့် ဇွပ်ရားရွာတို့ကို မျက်စိထဲ ကွက်ကွက်ကွင်းကွင်း မြင်ယောင်လာရာ ကျွန်ုပ်တို့ကို ရွာသူရွာသားများက ဝက်သား ထမင်းခေါင်ရည်တို့ဖြင့် ဖော်ဖော်ရွေရွေ ဧည့်ခံခဲ့ကြသည်ကို သတိရနေသည်။ နောက်ပိုင်းတွင်မူ အဆိုပါဒေသမှ လူအချို့ ထိုင်းမြောက်ပိုင်းသို့ ရောက်လာပြီး အလုပ်, လုပ်ကိုင် စားသောက်ကြရာ၊ တစ်နေ့ ၄င်းတို့ထဲမှ လူတချို့နှင့် ကျွန်ုပ် မမျှော်လင့်ဘဲ ဆုံကြသည့်အခါ ငိုကြသဖြင့် ကျွန်ုပ်ရင်ထဲ မကောင်းဖြစ်ရသည်။

သို့ရာတွင် ခွန်နောင်၏ ဇနီး လှုပ်လိ လှုပ်လဲ့နှင့် ဗမာမလေးကား ယခင်လို ရှက်ရှက်ရွံ့ရွံ့ မဟုတ်တော့၊ ကချင်တပ်မတော်သားတွေအတွက် ယူနီဖောင်းချုပ်သော လုပ်ငန်းတွင် ကချင်အမျိုးသမီးတပ်ဖွဲ့တစ်ဖွဲ့ကို ဦးစီး အလုပ်, လုပ်ကိုင်နေလေပြီ။

''ငါခြေထောက်တွေက သုံးမရတော့ပေမဲ့ ငါက တိုက်ချင်ခိုက်ချင်တုန်းပဲဟု...

www.nyisay.com



ကျွန်ုပ်ကို ပြောတတ်သော တပ်မဟာ (၂) မှ ဘောက်ဒီးကား ယခုအထိ တင့်ကားတပ်မှူး လုပ်ဖို့စိတ်ကူးနေဆဲ၊ တစ်နေ့ ဘောက်ဒီးအနေနှင့် တင့်ကားတပ်ဖွဲ့၏ တပ်မှူးဖြစ်လာမည်ဆိုသော စကားမှာ သူနှင့် ကျွန်ုပ်ကြားတွင် ဟာသတစ်ခုလို ဖြစ်လာခဲ့သည်။

တပ်မဟာ (၂) ဒေသတွင် ကျွန်ုပ်ခြေထောက်အနာဖြစ်ခဲ့စဉ်က ဂရုတစိုက်ပြုစုခဲ့သော ဆေးတပ်သား ဇော်ရှန်ကိုမူ ကျွန်ုပ်တို့ ကချင်ပြည်နယ်မှ ထွက်လာပြီး နှစ်အနည်းငယ်အကြာတွင် မမျှော်လင့်ဘဲ သတိရစရာဖြစ်လာသည်။

သူ့ကို ဆွီဒင်မှ ဆေးပစ္စည်းနှင့် ဆေးဝါးတွေပို့ပေးမည်ဟု ကျွန်ုပ်တို့ ကတိပေးခဲ့သည့်အတိုင်း ကျွန်ုပ်တို့ ပြန်ရောက်လာပြီး ဆေးနှင့် ဆေးပစ္စည်းအချို့ပို့ပေးခဲ့ရာ စာတစ်စောင်ပါ ရေးထည့်ပေးလိုက်ပြီး စာတွင် ထိုစဉ်က ကျွန်ုပ်ကိုပြုစုခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ ခေးဆန်ချန်းလမ်တွင် ကျွန်ုပ်တို့နှင့် ပထမဆုံးရောက်လာသော ကချင်လုံခြုံရေးတပ်ဖွဲ့တို့ ရိုက်ကူးထားသော ဓာတ်ပုံတို့ကိုလည်း မကြာမီ ပေးပို့လိုက်မည့်အကြောင်းနှင့် မြန်မာပြည်ကြီး မကြာမီ ငြိမ်းချမ်းပါစေကြောင်း ဆုတောင်းပေးလိုက်သည်။

၁၉၉၀ ပြည့်လွန် အစောပိုင်းကာလအတွင်း ကေအိုင်အေတပ်မဟာ (၂) ဒေသစခန်းကို အဆိုးရတပ်များ ဝင်ရောက်စီးနင်းခဲ့ပြီးနောက် သိမ်းဆည်းရမိသော စာရွက်စာတမ်းများထဲတွင် ကျွန်ုပ်တို့စာများလည်း ပါသွားရာ၊ ၄င်းတို့ကိုမူ ၁၉၉၀ ခုနှစ် မတ် (၁၇) ရက်နေ့ထုတ် 'လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင်' ဓာတ်ပုံရိုက်ကူးဖော်ပြထားပြီး ဤစာများကို ကြည့်ခြင်းအားဖြင့် ဘာတီးလ်လင့်တနာသည် မည်ကဲ့သို့ လူမျိုးဖြစ်သည်ကို စာဖတ်သူတို့ သဘောပေါက်လိမ့်မည်ဟူ၍ ကျွန်ုပ်ကို အဖျက်အမှောင့် လုပ်နေသူတစ်ယောက်အဖြစ် ရေးသားခဲ့သည်။

အမှန်အားဖြင့် ဇော်ရှန်ထံ ကျွန်ုပ်တို့ပေးပို့လိုက်သော ဆေးဝါးအထုပ်မှာ သူ့ထံ အမှန်တကယ်ရောက် မရောက်ကိုမူ ကျွန်ုပ်အနေနှင့် (၂) နှစ်ကြာသည်အထိ မသိရသေးဘဲ ဆေးဝါးအထုပ်နှင့်အတူ ကျွန်ုပ်ရေးပေးလိုက်သော စာကို ယခုလို နိုင်ငံတော်ပိုင်လုပ်သားပြည်သူ့သတင်းစာတွင် ဖော်ပြလိုက်သည်ကို ဖတ်ရသည်တွင် ပေးပို့လိုက်သော ပစ္စည်းတွေ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ကြောင်း သိလိုက်ရ၍ ကျွန်ုပ်တို့ ဝမ်းသာအယ်လဲ ဖြစ်ကြရသည်။ သို့ပေမဲ့ မြန်မာပြည်မြောက်ပိုင်းတွင် ကျွန်ုပ်တို့ တစ်ခဏ အတူတကွ နေခဲ့ကြသည်ကို သတိရအောက်မေ့ခြင်းဖြင့် ကျွန်ုပ်ရေးပို့ခဲ့သော စာတိုလေးကို (၃) နှစ်နီးပါးမျှ အမှတ်တရသိမ်းထားခဲ့သော ဇော်ရှန်ကား တပ်မဟာ (၂) ဒေသတစ်ဝိုက်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ပွဲတွင် ကျဆုံးသွားကြောင်း ကြားသိရပြန်သဖြင့် ကျွန်ုပ်တို့ စိတ်နှလုံးညှိုးခြိုးခြုံး၍ ဝမ်းနည်းခဲ့ရပါ၏။

ဗကပ အရှေ့မြောက်ဒေသတွင်ကား ၁၉၈၇ ခုနှစ် ဇန်နဝါရီအတွင်း ပန်ဆိုင်းကို လက်လွတ်ရပြီးနောက်ပိုင်း (၂) နှစ်ကျော်အထိ ထွေထွေထူးထူး အပြောင်းအလဲ မရှိ။

—

www.nyisay.com



သို့ရာတွင် ၁၉၈၈ ခုနှစ် အစောပိုင်းတွင် ကျော်ကြီး ပန်ဆန်းမှ ထွက်လာပြီး ရန်ကုန်ပြန်ရောက်လာကာ ၁၉၈၈ ခုနှစ် နှောင်းပိုင်းကာလ ပြည်သူ့အရေးတော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့ဟန်တူပါသည်။ သို့သော်လည်း စက်တင်ဘာလ ၁၈ ရက် ဗိုလ်ချုပ်စောမောင် စစ်အာဏာသိမ်းပြီးနောက် ဗကပ တပ်မဟာ (၇၆၈) နှင့် မြန်မာ့တပ်မတော်တို့ မီးကုန်ယမ်းကုန် တိုက်ကြရာ၊ စိုင်းန္တမ်ပန်းနှင့် မိုက်ကယ်ဒေးဗစ်တို့က မုံးယန်းကို သိမ်း၍ ရက်အနည်းငယ် ထိန်းချုပ်ထားနိုင်ခဲ့သည်။

၁၉၈၉ ခုနှစ် မတ်လတွင်မူ ဗကပ အတွင်း လူမျိုးရေးတင်းမာမှုများ မြင့်တက်လာခဲ့သည်။ ပြီးခဲ့သော (၂) နှစ်ကျော်ကပင် ကျွန်ုပ်တို့အနီးကပ် မြင်တွေ့ခဲ့သော ဗကပ ထိပ်ပိုင်းခေါင်းဆောင်တို့၏ ခေတ်နှင့် ခွင်ချော်နေသော ဦးဆောင်မှုနှင့် တိုက်ပွဲအခြေအနေတို့ကြားမှ ကွာဟလာသော ပဋိပက္ခမှာ နောက်ဆုံးတွင်မူ တပ်တွင်း ပုန်ကုန်မှုအဖြစ် ပေါက်ကွဲသွားရာ မတ်(၁၂) ရက်နေ့တွင် ကိုးကန့်ဒေသမှ တရုတ်တပ်ဖွဲ့ဝင်တို့က မြန်မာကြီးစိုးထားသော ဗကပခေါင်းဆောင်မှုကို ဦးဆုံး ပွင့်ပွင့်လင်းလင်း စိန်ခေါ်ခဲ့သည်။ ထိုမှ (၂) ရက်အကြာတွင်မူ ကိုးကန့်တပ်ဖွဲ့ဝင်တို့က မုံးကိုးကို သိမ်းလိုက်ပြီး ဗကပနှင့် တရားဝင်ခွာပြဲ၍ မတ်(စ်)ဝါဒ၊ လီနင်ဝါဒကို စွန့်လွှတ်လိုက်သည်။ တပ်တွင်းပုန်ကန်မှုမှာ ဧပြီလအတွင်း ချက်ချင်း ပုံနှံ့သွားရာ မုံးမိုင်မှ ဝ,တပ်များက ၄င်းတို့၏ သဘောတရားရေးဆရာကြီးမြသောင်းကို ဖမ်းချုပ်၍ ပန်ဆန်းသို့ ချီတက်လာခဲ့ကြပြီး ဧပြီ (၁၇)တွင်မူ ဗကပဌာနချုပ်ကို ဝင်စီး၍ မတ်(ခ်)လီနင်၊ စတာလင်နှင့် မော်စီတုန်းပုံတွေကို ရိုက်ချိုးကာ စာအုပ်စာတန်းတွေကို မီးရှို့ပစ်လိုက်ကြသည်။

သခင်ဗသိန်းတင်၊ ခင်မောင်ကြီး၊ စံသူ၊ ကျော်ဇောနှင့် အောင်ထက်တို့ အပါအဝင် ဗကပခေါင်းဆောင်ဟောင်းနှင့် ကေဒါဟောင်းတို့ကို တရုတ်ပြည်မဇာသို့ မောင်းထုတ်လိုက်ကြပြီး မြသောင်းကိုမူ ဝ,တပ်ဖွဲ့ဝင်တို့က သံခြေကျဉ်းခတ် ချုပ်နှောင်ထားရာ တရုတ်ကွန်မြူနစ်တို့က ကြားဝင်၍ အခြားဗကပခေါင်းဆောင်ဟောင်းတွေနှင့်အတူ နယ်ခြားသို့ လွှတ်ပေးထားလိုက်ဖို့ စည်းရုံးသဖြင့် လွှတ်ပေးလိုက်ရာ ယနေ့ဆိုလျှင် ဗကပထိပ်ပိုင်းခေါင်းဆောင်ဟောင်းအားလုံး ဆုံးပါးသွားကြလေပြီ။ အောင်ထက်နှင့် အခြားသူတို့ကား ၄င်းတို့၏ ယူနန်နယ်၊ တန်ချောင်းမဲဇာမှ တော်လှန်ရေးမီးတောက်ကို ပြန်မွှေးဖို့ကြိုးစားနေကြပါသော်လည်း အင်တာနက်ပေါ်တွင်ဖြစ်စေ၊ အခါအားလျော်စွာ ထုတ်ဝေသော သတင်းလွှာတို့တွင် ဖြစ်စေ ရေးသားမှုများမှလွဲ၍ တစ်ခါက ဗကပ၏ ဘုန်းလက်ရုံးအကြွင်းအကျန်ဆို၍ ဘာမျှမရှိ၊ မတွေ့ရတော့ပေ။

အချို့ကား မုံးကိုးမှ ထွက်ပြေး၍ ချိုင့်ဝှမ်းအတွင်း နယ်ခြားချောင်းတစ်ဖက်မှ မန်ဟိုင်းတွင် ခိုလှုံခဲ့ကြရာ ၄င်းတို့ထဲတွင် အုန်းကြည်၊ ဇော်ဝင်း၊ ကျော်စိန်နှင့် ကျော်ညွန့်တို့ပါဝင်ပြီး စုစုပေါင်း ဗကပကေဒါ ၂၀၀-၃၀၀ တို့သည်ကား တစ်ခါက ဗကပအခြေခံဒေသကို တည်ဆောက်ရာတွင် အကူအညီပေးခဲ့သော တရုတ်၏ အစောင့်ရှောက်ခံဘဝ

www.nyisay.com



ဖြင့် ၄င်းတို့၏ နိုင်ငံရေးဘဝတို့ကို အကျည်းတန်စွာ အဆုံးသတ်ခဲ့သည်။ သို့ရာတွင် အဲ့သြစရာကောင်းသည်ကား ကြည်မြင့်ခေါ်ကျန်ဇီမင်းမှာ တပ်တွင်း ပုန်ကန်မှုထဲတွင် ပါဝင်ခဲ့ပြီး ကျော်ညွန့်ကမူ မုံးကိုးသို့ ပြန်ရောက်လာကာ ကုန်သည်ပေါက်စ ဖြစ်လာသည်။ (၄၁) နှစ်လုံးလုံး လက်နက်ကိုင်တော်လှန်ခဲ့ပြီးနောက် ဗကပအဖွဲ့ကြီးကား ကွန်မြူနစ် လက်နက်ကိုင် လှုပ်ရှားမှုအဖြစ်မှ ဘုံးဘုံးကျ ပြိုလဲခဲ့ပါသော်လည်း လွန်ခဲ့သော (၂) နှစ်ခန့်က ကျွန်ုပ်တို့ စမ်းဝါးခဲ့သလို ကျန်ရှိနေသေးသော တပ်ဖွဲ့ဝင်တို့ကမူ လူမျိုးရေးပေါ်တွင် အခြေခံ၍ ကိုယ်ပိုင်တပ်ဖွဲ့တွေဖွဲ့ကာ တစ်လမ်းတစ်စင် ထောင်ခဲ့ကြပြီး ကချင်ပြည်နယ် အတွင်းမှ (၁၀၁)ဝ,ဒေသကား ဒီမိုကရေစီသစ်တပ်မတော်ဖြစ်လာသည်။ မုံးကိုး-ကိုးကန့် အဖွဲ့က မြန်မာအမျိုးသားဒီမိုကရတ်တစ် မဟာမိတ်တပ်မတော် အမည်သစ်နှင့် ရပ်တည်လာသည်။ ဝ,တိုင်းရင်းသားတို့က ညီညွတ်သော ဝ,ပြည်နယ် တပ်မတော်ဖွဲ့သည်။ (၈၁၅) စစ်ဒေသနှင့် စိုင်းနွမ်ပန်း၏ (၇၆၈) တပ်မဟာဟောင်းတို့ ပူးပေါင်း၍ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (ရှမ်းပြည်အရှေ့) ဖြစ်လာသည်။ (၈၁၅ စစ်ဒေသကို ခေါင်းဆောင်သော လင်မင်းရှန်မှာ ကျွန်ုပ်တို့ ဂျင်းဟုန်သွားရာ ခရီးအတွက် အကူအညီပေးခဲ့သည်။)

သို့ရာတွင် ဗကပအပြိုအလဲကို အမြတ်ထုတ်လိုက်နိုင်သူကား အမျိုးသားဒီမိုကရက်တစ်တပ်ဦး (NDF) ထဲက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့မှ မဟုတ်၊ ဗမာအစိုးရပဲဖြစ်သည်။ ကိုးကန့်အုပ်စုနှင့် ဝ,အုပ်စုတို့ကို ဗမာစစ်အစိုးရက လက်ဝါးရိုက်၍ ဗမာစစ်တပ်ကို ရန်မလုပ်သရွေ့ ဘိန်းစိမ်းနှင့် ဘိန်းဖြူအပါအဝင် မည်သည့်ကုန်ပစ္စည်းမဆို ရောင်းဝယ်ဖောက်ကားခွင့် ပေးလိုက်သည်။ ဤနည်းဤပုံတို့ဖြင့် ဗကပ တပ်ဖွဲ့ဟောင်းတွေကြား ဖရိုဖရဲ အခြေအနေတို့ဖြင့် ရှုပ်ထွေးပွေလီမ်နေရာ ဤ၌ ကျွန်ုပ်တို့အကြီးအကျယ် တုန်လှုပ်ခဲ့ရသော သတင်းကား ၁၉၈၉ ခုနှစ် မေလတွင် အဖွဲ့အချင်းချင်း သဘောထားကွဲလွဲ၍ ပစ်ကြခတ်ကြရာမှ မိုက်ကယ်ဒေးဗစ် သေဆုံးခဲ့ရပြီး ရန်ကုန်စစ်အစိုးရ၏ ညှိနှိုင်းမှုကို လက်မခံဘဲ ကျွန်ုပ်တို့၏ မိတ်ဆွေဟောင်းကြီးစိုင်းနွမ်ပန်းကမူ ၁၉၉၀ မတ်လအတွင်း မိမိကိုယ်ကို အဆုံးစီရင်သွားပါ၏။ ဆိုခဲ့သလို စစ်အစိုးရ၏ အောက်လမ်းနည်း အသွယ်သွယ်ဖြင့် မြန်မာပြည်အရှေ့မြောက်ဒေသတွင်း အရှည်တည်ငြိမ်းချမ်းရေးရနေသည်ဟု ဆိုနိုင်ပါသော်လည်း သူတို့ငြိမ်းချမ်းရေး၏ ရလဒ်ကား ကမ္ဘာနိုင်ငံအချို့ကို ဒုက္ခလှလှကြီး ပေးတော့သည်။ ကိုးကန့်အဖွဲ့နှင့် လင်မင်းရှန်၏ ယခင် (၈၁၅) စစ်ဒေသမှ တပ်ဖွဲ့သစ်တို့ ပူးတွဲ၍ တခဏချင်းမှာပင် ဘိန်းဖြူအင်ပါယာကြီး တည်ထောင်၍ ယူနန်, ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံများအထိ ခြေတံလက်တံတွေ ဂူးရောက်ခဲ့ရာ မြန်မာနိုင်ငံ၏ ဘိန်းထုတ်လုပ်မှုသည်ကား ၁၉၈၇ ခုနှစ်တွင် တန်ချိန် ၁၀၀၀ ပျော့ပျော့ရှိခဲ့ရာမှ ၁၉၉၄-၉၅ ခုနှစ်အတွင်းတွင်မူ တန်ချိန် ၂၈၀၀ အထိ တိုးတက်လာခဲ့လေသည်။

www.nyisay.com



မုံးကိုးတောင်ဘက်၊ ကိုးကန့်၊ ဝ,ဒေသမှ မုံးမိုင်၊ ပန်ဆန်းအနီးတစ်ဝိုက်နှင့် ကျိုင်းတုံမြောက်ဘက်မှ မုံးလားနှင့် မန်ဖိုင် အနီးတစ်ဝိုက်တွင်မူ ဗကပတပ်တွင်းသူပုန်ထခဲ့သော တစ်နှစ်အတွင်း၌ပင် ဘိန်းဖြူချက်လုပ်သော ဓာတ်ခွဲခန်း (၂၀) ကျော် တည်ဆောက်ခဲ့ရာ၊ အဆိုပါ နေရာများကား ၁၉၈၆-၈၇ ခုနှစ်အတွင်း ကျွန်ုပ်တို့ဖြတ်သန်းခဲ့သော နေရာဒေသများဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံ၏ ဘိန်းထုတ်လုပ်မှုသည် ၁၉၈၅ ခုနှစ် ဝန်းကျင်မှ စံချိန်အတိုင်း တစ်နှစ်လျှင် တန် (၆၀၀) အထိ ပြန်လည်ကျဆင်းခဲ့ပါသော်လည်း ဘိန်းဖြူအစားထိုး မူးယစ်ဆေးဝါးများ အထူးသဖြင့် 'မက်သာအဖက်တမင်း' ဆေးများကား နယ်စပ်ဒေသမှ အရပ်ရှစ်မျက်နှာသို့ အလုံးအရင်းနှင့်ထွက်နေရာ အဆိုပါ မူးယစ်ဆေးထုတ်လုပ်သော ဓာတ်ခွဲခန်းအားလုံးနီးပါးမှာမူ စည်းရုံးသောဝ, ပြည်နယ်စစ်တပ်ထိန်းချုပ်ရာဒေသအတွင်း တည်ရှိနေပါသည်။

အိန္ဒိယနှင့် မြန်မာနယ်နမိတ်စွန်းနှစ်ဘက်ကို ခွလျက်၊ ခြေကုပ်ယူထားသော နာဂတို့ကမူ ၄င်းတို့၏ လွတ်လပ်သော နာဂနိုင်ငံတည်းဟူသော မျှော်လင့်ရာမဲ့အိမ်မက်အတွက် ဆက်လက်တိုက်ပွဲဝင်နေကြဆဲ။ မြန်မာတပ်များက ၁၉၈၅ ခုနှစ် ဒီဇင်ဘာ (၂၀) တွင် ခေးဆန်ချန်းလမ်းကို တိုက်ခိုက်ခဲ့ပြီး (၁) လ နီးပါးခန့်တွင် ပြန်ဆုတ်သွားပြီးနောက် NSCN ၏ ဌာနချုပ်သစ်ကို ဒိုးညူရွာတွင် ပြန်လည်တည်ဆောက်ခဲ့သည်။ ၁၉၈၆ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ပါဂျောင်သို့ 'မွီးဗာ' ရောက်လာပြီး တရုတ်သို့ ခရီးဆက်ဖို့ ကြိုးစားခဲ့သော်လည်း ယူနန်နယ်ခြားတွင် တရုတ်အာဏာပိုင်တို့က တွေ့ခွင့်မပေးသဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။ သို့ဖြင့် ဖရိဖရဲဖြစ်နေသော NSCN သည် ၁၉၈၈ ခုနှစ်ကုန်ခါနီးတွင် မလွဲမရှောင်သာ အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။ ခပ်ပလန် အရှေ့ဘက်မှ နာဂတို့က အိန္ဒိယနာဂတို့နှင့် ခွဲထွက်လိုက်ပြီး မွီးဗာကို အရှေ့နာဂတောင်တန်းများမှ မောင်းထုတ်လိုက်ကြသည်။ အန်ဂမီး (၁၉၈၅ ခုနှစ် ခရစ်စမတ်တွင် ကျွန်ုပ်တို့နှင့် အတူရှိခဲ့သူ)နှင့် ထန်ကူလ်နာဂအများစုမှာ အုပ်စုချင်း ပစ်ခတ်ရာမှ သေဆုံးသွားကြပြီး မွီးဗာကမူ သူ၏ဇာတိဖြစ်သော မဏိပူရ အူးခလူးဒေသ၏ တစ်ဘက်က ဆုန်(မ်)ရာသို့ ထွက်ပြေးလွတ်မြောက်သွားသည်။ အလားတူမသေမပျောက်ကျန်ခဲ့သော အိုင်းဇက်သည်လည်း ဆုန်(မ်)ရာသို့ ဆုတ်ခွာလာခဲ့ပြီ၊ ဤ၌ အူးခရူးဒေသမှ နာဂအများစုနှင့် လက်နက်ကိုင် တပ်ဖွဲ့သစ်ကို မွီးဗာနှင့်အတူ ထူထောင်၍ ဘန်ကောက်သို့ လက်နက်အဝယ်ထွက်လာခဲ့သည်။ ဘင်္ဂလားဒေ့(ရှ်)မှတစ်ဆင့် လက်နက်အတော်များများ နာဂတောင်တန်းသို့ ရောက်လာပြီးနောက် ၁၉၉၃ ခုနှစ်တွင်မူ မွီးဗာ၏ NSCN ကား ပြန်လည်အားသစ်လာရာ အိန္ဒိယ ကင်းလှည့်တပ်ဖွဲ့တို့ကို ခြုံခိုတိုက်ခိုက်ကြ၏။ မြန်မာ-မဏိပူရနယ်ခြားတစ်လျှောက်မှ ၄င်းနှင့် ပြိုင်ဘက်အုပ်စုတို့ကို ရှင်းထုတ်ပစ်လိုက်သည်။ သို့ဖြင့် ၁၉၉၆ ခုနှစ်တွင် အိန္ဒိယအစိုးရက လက်နက်ကိုင်ပဋိပက္ခတို့ကို နိုင်ငံရေးအရ ညှိနှိုင်း အဖြေ

www.nyisay.com



ရှာဖို့လိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် အိန္ဒိယအစိုးရ အရာရှိများနှင့် NSCN မှ ကိုယ်စားလှယ်တို့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီး ၁၉၉၇ ဩဂုတ်လတွင်မူ အပစ်ရပ်သဘောတူညီခဲ့ကြ၍ ငြိမ်းချမ်းရေးအတွက် ဆက်လက်ဆွေးနွေးလာခဲ့ကြသည်။ အလားတူ ခပ်ပလန်ဦးဆောင်သော နာဂလက်နက်ကိုင်အဖွဲ့သည်လည်း အစိုးရနှင့် တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးမှုများ မရှိသေးသည့်တိုင် ၂၀၀၁ ခုနှစ်တွင် အပစ်ရပ် သဘောတူညီခဲ့သည်။

နာဂဒေသအတွင်း ရန်လိုမုန်းတီးမှုတို့ ရပ်စဲသွားသည်နှင့်အတူ ပြည်သူတို့၏ နေ့စဉ်ဘဝများသည်လည်း ယခင်နှင့် နှိုင်းယှဉ်လျှင် သက်တောင့်သက်သာရှိလာကြသည်။ ၁၉၅၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သော လက်နက်ကိုင်တပ်များအတွက် အထူးပါဝါအက်ဥပဒေ (AFSPA) မှာ ဆက်လက်အသက်ဝင်နေသေးသည့်တိုင် အဓိကလမ်းမကြီးတွေမှာ စစ်တပ်စစ်ဆေးရေးဂိတ်တွေ အနည်းအကျဉ်းသာ ရှိတော့သည်။ ပြည်နယ်အတွင်း မည်သူမဆို လွတ်လပ်စွာ သွားလာနိုင်ကြသဖြင့် ပြည်နယ်မြို့တော် ကိုဟီးမားတွင် စိုးရိမ်ထိတ်လန့်မှုတွေ လျော့ကျသွားသည်။ ပြည်နယ်ပုလိပ်အဖွဲ့များနှင့် အိန္ဒိယစစ်ရဲအရန်တပ်မှ အမှုထမ်းတို့က ကိုဟီးမားနှင့် ကုန်သွယ်ရေးအချက်အချာ ဓမ္မပူရ အပါအဝင် အခြားမြို့တို့တွင် ကင်းလှည့်နေကြသဖြင့် အရပ်ရပ်အနေအထားက ယခင်လောက် သည်းထန်ခြင်း မရှိတော့။ သို့ရာတွင် မဏိပူရကား ဤသို့မဟုတ်၊ NSCN က ဖန်တီးလိုက်သော နာဂလင်း(မ်) (Nagalim) တွင် နာဂဒေသအပြင် နာဂလူမျိုးတို့နေထိုင်သော မဏိပူရ၊ အာသံ၊ အာရုနာချာပရာဒေ့(ရှ်)နှင့် မြန်မာတို့ကိုပါ သိမ်းကြုံးထည့်ထားသဖြင့် မဏိပူရနာဂတွေနှင့် လူဦးရေအများဆုံးဖြစ်သော မေတေးတို့အကြား ပဋိပက္ခပြင်းထန်လာခဲ့ရာ ၂၀၁၀ ခုနှစ်တွင်မူ မွီဗာကို ထောက်ခံသော နာဂတို့က မဏိပူရနှင့် နာဂလင်း(မ်)ကြားမှ အဓိက နယ်ခြားလမ်းမကြီးကို လပေါင်းအတော်ကြာ ပိတ်ဆို့ထားကြသဖြင့် မဏိပူရတွင် ဓာတ်ဆီ၊ ဆေးဝါးအပါအဝင် အခြေခံကုန်ပစ္စည်းများ အကြီးအကျယ် ရှားပါးလာခဲ့သည်။ ယခုအခါ ပိတ်ဆို့မှုကို ရုပ်သိမ်းလိုက်သော်လည်း ၄င်းတို့ကြားမှ ပဋိပက္ခကား ဖြေရှင်းရန် ကျန်နေသေးသည်။

ဆိုခဲ့သလို အကြောင်းကိစ္စတို့မဖြစ်ခင်၊ ၁၉၈၇ ခုနှစ် ဩဂုတ်လတွင် အင်္ဂလန်သို့ ကျွန်ုပ်ရောက်သွားပြီး နာဂလူပ်ရှားမှုကို စတင်အုတ်မြစ်ချခဲ့သူ အန်ဂါမီဇာပူဖီဇိုနှင့် 'ဘရွန်လေး၊ ကန့်'မှ သူ၏ တိုက်ခန်းလေးတွင် တွေ့ဆုံခဲ့ရာ အသက် (၈၃) နှစ်ရှိပြီဖြစ်သော်လည်း သူက နာဂလွတ်လပ်ရေးအတွက် ယခုအထိ လက်သီးဆုပ်မဖြေသေး၊ အကျောက်အကန် စွဲကိုင်ထားဆဲ။ သူတို့၏ ခေါင်းဖာမှုကို ကျွန်ုပ်အနေနှင့် နားလည်ဖို့ ခက်လှသော်လည်း ဒုက္ခသုက္ခတွေ ကြုံတွေ့ခံစားနေရပါသော သူအပါအဝင် နာဂတွေအတွက် စိတ်မကောင်းဖြစ်ခဲ့ရသည်။

www.nyisay.com



အိန္ဒိယနာဂများအနေနှင့် ကိုယ်ပိုင်အစိုးရနှင့် သီးခြားပြည်နယ်တစ်ခုအဖြစ် ရပ်တည်နိုင်သလို ဗဟိုအစိုးရမှ အထောက်အပံ့များနှင့် မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို ထိန်းသိမ်းပိုင်ခွင့်တို့ကို အိန္ဒိယအစိုးရထံမှ ရရှိထားရာ ပြောရလျှင် အဆိုပါနိုင်ငံရေးအခွင့်အရေးတို့သည်ကား မြန်မာပြည်တိုင်းရင်းသား လူနည်းစုအတွက် စစ်အစိုးရအဆက်ဆက်က ငြင်းပယ်ထားသော အခွင့်အရေးများပင် ဖြစ်ပါ၏။

၁၉၉၀ ပြည့်တွင် ဖီဒိုကွယ်လွန်သည့်အခါ ရုပ်အလောင်းကို လေယာဉ်ဖြင့် အိန္ဒိယသို့ ပြန်ယူလာခဲ့သည်။ ကိုဟီးမားတွင် ဈာပနအခန်းအနားကို အကြီးအကျယ် ကျင်းပကြရာ ထောင်ပေါင်းများစွာသော နာဂတို့တက်ရောက်၍ အလေးအမြတ် ဂါရဝပြုခဲ့ကြသည်။

ထိုနေ့က ကိုဟီးမားတွင် မျက်ရည်မကျသူဟူ၍ အနည်းငယ်သာ တွေ့ရပြီး ယောကျ်ား၊ မိန်းမ၊ ကလေး၊ တိုက်ပွဲဝင်နာဂရဲဘော်ဟောင်းကြီးတွေ၊ ရွာသူကြီးတွေ၊ နိုင်ငံရေးသမားတွေ၊ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်တွေနှင့် ပြည်နယ်အစိုးရ အရာရှိများပင် တက်ရောက်၍ နာဂလွတ်လပ်ရေး လှုပ်ရှားမှု၏ ခေါင်းကိုင်ဖခင်ကို နောက်ဆုံးနှုတ်ဆက်ခဲ့ကြပါ၏။

တစ်ခါ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်တွင်မူ KNU နှင့် မြောက်ပိုင်း NDF ခေါင်းဆောင်တို့အကြား သဘောထားကွဲလွဲမှုတွေ အဟပ်ကွာလာရာ ၁၉၈၇ ခုနှစ် ဇွန်လ တွင် NDF ညီလာခံကို KNU ဌာနချုပ် မာနယ်ပလောတွင် ကျင်းပခဲ့ကြသော်လည်း ကရင်တို့က သူတို့တစ်ဦးတည်းအမှီခိုကင်းကင်း ရပ်တည်ရေးမူကို ဆုပ်ထားသဖြင့် NDF သည်လည်း တစ်နှစ်ကျော်မျှ မလှုပ်ရှားနိုင်ဘဲ တုံ့ဆိုင်းနေခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ဆိုခဲ့သလို ဖရိုဖရဲနှင့် အချင်းချင်း သတ်ဖြတ်နေခိုက်မှာပင်ရန်ကုန်မြို့တော်ကြီးတွင်ကား သြဂုတ်-စက်တင်ဘာအရေးတော်ပုံကြီး အုံကြွလာခဲ့ပြီး နိုင်ငံအနှံ့အမြို့မြို့သို့ ကူးစက်သွားကာ (၂၆) နှစ်မျှ ဖိနှိပ်အုပ်ချုပ်ခဲ့သော စစ်အစိုးရကို တစ်နိုင်ငံလုံး အုံနှင့်ကျင်းနှင့် လမ်းပေါ်ထွက်၍ ဆန့်ကျင်ခဲ့ကြသည်။ ဤ၌ မြန်မာပြည်ကို စေတီပုထိုး ရွှေရောင်တဝင်းဝင်းနှင့် ပြုံးရယ်နေတတ်သော လူမျိုးတို့ နေထိုင်ရာနိုင်ငံအဖြစ် အထင်ရှိနေသော လူအများစုအနေနှင့် ဆိုခဲ့သလို ပြင်းထန်သော လူထုအုံကြွပေါက်ကွဲမှုကြီး ဖြစ်လာသည့်အခါ မင်တက်တုန်လှုပ်ခဲ့ကြသည်။

မြန်မာပြည်နယ်စွန်နယ်ဖျားဒေသနေ တိုင်းရင်းသားလူမျိုးစုတို့ နေ့စဉ်ခံစားနေရပါသော ရက်စက်ကြမ်းကြုတ်မှုတို့ကို ရိုးရိုးသားသားမသိခဲ့ကြသော ရန်ကုန်မြို့မှ နိုင်ငံခြားသားများနှင့် အရပ်သားတို့မှာ အစိုးရတပ်ဖွဲ့ဝင်တို့၏ ရိုင်းစိုင်းဆိုးယုတ်မှုတို့ကို မျက်ဝါးထင်ထင် မြင်တွေ့ရသည်တွင် တုန်လှုပ်ခဲ့ကြရသည်။ လမ်းပေါ်မှ ထောင်ပေါင်းများစွာသော ဆန္ဒပြသူတို့ကို တပ်ဖွဲ့ဝင်တို့က သေနတ်နှင့်လွှဲရမ်းခဲ့သဖြင့် ဆေးရုံဝန်ထမ်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့ အပါအဝင် အစုလိုက်အပြုံလိုက် သေပွဲဝင်ခဲ့ကြရသည်။ ဤတွင် အမေ

www.nyisay.com



အလျောက်ခံ ဗမာပြည်သည်ကား ကမ္ဘာ့နိုင်ငံအသီးသီး၏ သတင်းစာ စာမျက်တွေပေါ် ခုန်တက်လာရာ သံတမန်များ ဂျာနယ်လစ်များနှင့် သမိုင်းဆရာများ အနေနှင့် ယခင်က မြန်မာ့လူအဖွဲ့အစည်းနှင့် ပတ်သက်၍ မိမိတို့လက်ခံနားလည်ထားသော သဘောထားတို့ကို ပြန်လည် ဆန်းစစ်ကြရတော့သည်။ အထူးသဖြင့် ၁၉၆၂ ခုနှစ် စစ်ဘက်မှ အာဏာသိမ်းယူခဲ့သည်မှစ၍ အပေါ်ယံရွေ့မှုန်ကြဲထားသော မြန်မာနိုင်ငံ၏ ရုပ်ပုံလွှာကား စက္ကူအိမ်တစ်လုံးလို ပြိုလဲသွားသည်။ မြန်မာနိုင်ငံပြည်တွင်းရေးကို အနီးကပ်လေ့လာနေသူတို့အနေနှင့် မြန်မာပြည်တွင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အုံကြွမှုကြီး မကြာခင်ဖြစ်လာတော့မည်ကို သဘောပေါက်သဖြင့် အဆိုပါဖြစ်စဉ်မှာ ရှောင်လွှဲမရသလို ကြိုတင်မှန်းဆ၍လည်း ရနိုင်သည်။ သို့ဖြင့် မြန်မာပြည်တွင် (၂၆) နှစ်တာ ကာလတွင် ပထမဆုံးအကြိမ် စစ်အစိုးရ နှိုင်းချုပ်၍ ဒီမိုကရေစီခေတ်ကြီး နိဒါန်းချီတော့မည်ဟု ထင်မှတ်ရပါ၏။

ဤတွင် NDF သည် မြို့ပြဒီမိုကရေစီလှုပ်ရှားကြီးနှင့် ချိတ်ဆက်နိုင်ခြင်းမရှိခဲ့သည်မှာ တောတွင်းအခြေစိုက်ပြောက်ကျားတပ်တို့၏ အားနည်းချက်ကို ဖော်ပြနေရာ၊ လက်နက်ကိုင်သူပုန်များအနေနှင့် အခွင့်အရေးနှင့် လွဲချော်ကာ နိုင်ငံရေးဖြစ်စဉ်အပြင်ဘက် နောက်တစ်ကြိမ် ရောက်သွားတော့မည်ဖြစ်ကြောင်း နိုင်ငံရေးသရုပ်ခွဲလေ့လာသူတို့က သုံးသပ်ခဲ့ကြသည်။

ထိုနောက် ၁၉၈၈ ခုနှစ် စက်တင်ဘာ(၁၈)တွင် ဗိုလ်ချုပ်စောမောင်က အာဏာသိမ်း၍ နဝတစစ်အစိုးရကို ဖွဲ့စည်းခဲ့သည်။ လူထုအုံကြွမှုကြီးကို အကြမ်းဗတမ်းနည်းပေါင်းစုံဖြင့် ဖြိုခွဲရာ ရာပေါင်းများစွာသော ကျောင်းသားလူငယ်တို့ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နယ်စပ်ဒေသများသို့ ထွက်ပြေးပြီး တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများထံ စစ်သင်တန်းတက်၍ လက်နက်ကိုင်သူပုန်ထ,ခဲ့ကြရာ မြို့ပေါ်မှ ကျောင်းသားလူငယ်အချို့နှင့် NDF လက်နက်ကိုင်အဖွဲ့တို့ ပူးပေါင်းလက်တွဲ၍ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) ကို ဖွဲ့စည်းခဲ့သည်။

၁၉၉၀ ပြည့်နှစ် မေလတွင်မူ စစ်အစိုးရက ကျင်းပပေးသော ရွေးကောက်ပွဲတွင် NLD ပါတီက လွတ်တော်ကိုယ်စားလှယ် ၄၈၅ နေရာတွင် ၃၉၂ နေရာဖြင့် အနိုင်ရရှိခဲ့သော်လည်း စစ်အစိုးရက အာဏာလွှဲပြောင်းမပေးဘဲ ရွေးကောက်ပွဲအနိုင်ရ NLD လွှတ်တော်ကိုယ်စားလှယ် (၆၀) ကျော်ကို မတော်မတရားအမှုဆင်ဖမ်းဆီး အကျဉ်းချခဲ့သလို အချို့ကိုမူ ခြိမ်းခြောက်၍ အတင်းအကျပ်နုတ်ထွက်ခိုင်းပြီး အတိုက်အခံ အင်အားစုတို့ကို ဖြိုခွဲခဲ့၍ အောင်ဆန်းစုကြည်ကိုနေအိမ်အကျဉ်းချခဲ့သည်။ ကျန်ရှိနေသေးသော ကိုယ်စားလှယ်တစ်ဒါဇင်ခန့်က နယ်ခြားဒေသသို့ ထွက်ပြေး၍ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာတွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွှန့်ပေါင်းအစိုးရ (NCGUB) ကို ဖွဲ့စည်းခဲ့သည်။

ထို့နောက်မြန်မာပြည်နိုင်ငံရေး အလိမ်အကောက်ကား အချို့းတစ်မျိုးပြောင်းသွားပြန်သည်။ နဝတ စစ်အစိုးရက တိုင်းရင်းသား လက်နက်ကိုင် အင်အားစုအားလုံးကို

www.nyisay.com



အပစ်ရပ်စဲရေး ကမ်းလှမ်းခဲ့ရာ ဆယ်စုနှစ်များစွာ စစ်ပွဲများနှင့် ငြိုးငွေ့နေသော ယခင်ဗကပ လက်နက်ကိုင်အုပ်စုတို့က စီးပွားရေး အကျိုးအမြတ်အတွက် နဝတ၏ ကမ်းလှမ်းမှုကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ လက်ခံခဲ့သည်။ ၁၉၈၉ ခုနှစ် ကုန်ခါနီးတွင် နဝတအစိုးရနှင့် SSA တို့ ငြိမ်းချမ်းရေး ယူခဲ့ပြီးနောက် ဝ,အဖွဲ့၊ ပလောင်အဖွဲ့နှင့် ရှမ်းအရှေ့မြောက်မှ KIA တပ်မဟာ(၄)တို့ ဆက်တိုက်လိုက်ပါလာရာ ၁၉၉၃ ခုနှစ် အောက်တိုဘာတွင်မူ ပင်မ KIA နှင့် နဝတတို့ ဆွေးနွေးညှိနှိုင်း၍ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ (၂၄) တွင် အပစ်ရပ်စာချုပ် ချုပ်ခဲ့ကြသည်။

သို့ရာတွင် ဘရန်ဆိုင်းအနေနှင့်မူ စစ်အစိုးရနှင့် အပြီးသတ် စေ့စပ်ဆွေးနွေးရာတွင် မပါဝင်နိုင်ခဲ့၊ ၁၉၉၃ ခုနှစ် စက်တင်ဘာတွင် နလုံးရောဂါဝေဒနာ အကြီးအကျယ်ခံစားရသဖြင့် ကူမင်းတွင် ဆေးရုံတင်ကုသခဲ့ရပြီး တစ်နှစ်နီးပါးအကြာ ၁၉၉၄ ခုနှစ် ဩဂုတ် (၈) ရက်နေ့တွင်မူ ကူမင်းဌာပင် ကွယ်လွန်သွားရှာသည်။

၁၉၈၆ ခုနှစ် တပ်ပေါင်းစု တည်ဆောက်ရာတွင် အဓိကနေရာမှပါဝင်၍ ပါကျောင်နှင့် ပန်ဆန်းသို့ NDF အဖွဲ့ကို ဦးဆောင်လာသူ ဦးစိုးအောင်ကား ၁၉၉၃ ခုနှစ် ဧပြီလ တွင် ကင်ဆာရောဂါဖြင့် မာနယ်ပလော်တွင် ကွယ်လွန်ခဲ့သည်။

SSA နှင့် နဝတ အစိုးရတို့ အပစ်ရပ်စဲပြီးနောက် ကျန်ရှိနေသေးသော ရှမ်းလက်နက်ကိုင် လှုပ်ရှားမှုကို အသက်ဆက်ဖို့ အားထုတ်မှုအနေနှင့် စိုင်းလိတ်အနေနှင့် ကျန်ရှိနေသေးသော ရှမ်းလက်နက်ကိုင်လှုပ်ရှားမှုကို နှစ်အနည်းငယ်ကြာ အသက်ဆက်နိုင်ခဲ့ပြီး၊ ၁၉၉၄ ခုနှစ် နှောင်းပိုင်းတွင် ရွှေတြိဂံနယ်မြေမှ ခွန်ဆာ၏ မုန်းတိုင်းတပ်ဖွဲ့နှင့် ပူးပေါင်းခဲ့ရာ ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင်မူ ထိုင်းနယ်စပ်အနီး ခွန်ဆာ၏ဌာနချုပ် ဟိုမိန်းတွင် ရုတ်တရက် နာမကျန်းဖြစ်၍ ကွယ်လွန်ခဲ့သည်။

သို့ဖြစ်၍ ၁၉၈၀ မှ ၁၉၉၀ လွန်နှစ်များအတွင်း ကျားကုပ်ကျားခဲနှင့် တည်ဆောက်ခဲ့ကြပါသော NDF, DAB နှင့် NCGUB တို့သည်ကား နေချင်းညချင်းဆိုသလိုပင် လဲပြိုသွားကြသလို ပြည်တွင်းမှ ဦးဆောင်သူမဲ့၊ အထိန်းမဲ့ NLD လက်ကျန်တို့သည်လည်း နဝတ၏ ခြိမ်းခြောက်အကျပ်ကိုင်မှုအောက်တွင် စင်းစင်းရောက်ရှိသွားရာ ရန်ကုန် စစ်အစိုးရသည်ကား ၁၉၆၂ ခုနှစ် ပထမအကြိမ် အာဏာသိမ်းပြီးချိန်ကထက်ပင် အာဏာကို မြဲမြံမြံမြဲ ဆုပ်မိသွားပုံရသည်။

နယ်စပ်ဒေသ အခြေစိုက် တော်လှန်သော အဖွဲ့များ၏ အထိနာချက်မှာ ၁၉၉၅ ခုနှစ် အစောပိုင်းကာလ မြန်မာစစ်တပ်မှ ရုတ်တရက် ထိုးစစ်ဆင်ခဲ့၍ မာနယ်ပလော ကျသွားရခြင်းပင် ဖြစ်သည်။

သို့ရာတွင် ၂၀၁၁- ၂၀၁၃ ခုနှစ်အတွင်း အသစ်ပြန်လည်ဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုများ ရှိနေသည်ဆိုသော်လည်း ခိုင်မာမှု မရှိသေးဟု သုံးသပ်ရပါ

www.nyisay.com



မည်။ အစဉ်အလာအရ မတည်ငြိမ် မအေးချမ်းခဲ့သော မြန်မာနယ်စပ်ဒေသတလျှောက်တွင် စစ်အစိုးရ၏ ငြိမ်းခြောက်အကျပ်ကိုင်မှုဖြင့် ယာယီငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ပါသော်လည်း တိုင်းရင်းသားအုပ်စုတို့ လက်နက်ကိုင်တိုက်ခဲ့ရသည့် အရင်းခံပဋိပက္ခကို စစ်အစိုးရက နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းခြင်းမရှိခဲ့။ တိုင်းရင်းသားအုပ်စုတို့မှာ လက်နက်ကို ဆက်ကိုင်ထားနိုင်ပြီး သူတို့၏ သက်ဆိုင်ရာဒေသများအား ထိန်းသိမ်းထားကြသည်။ အခြေအနေမှာ တိုင်းရင်းသားအရေးအတွက် အဖြေရှာနိုင်ခဲ့ခြင်း မဟုတ်ဘဲ ပဋိပက္ခကို ချုပ်ထိန်းထားနိုင်ခြင်းသာ ဖြစ်သည်။ ပဋိပက္ခသည်ကား အတွင်းလိုက်၍ လောင်မြိုက်နေဆဲ။ ...

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် သမ္မတဦးသိန်းစိန် ခေါင်းဆောင်သော စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် အရပ်သားအစိုးရက နိုင်ငံ့အာဏာကို ရယူခဲ့သည်။ တိုင်းရင်းသားအရေးအတွက် အစိုးရ၏ ချဉ်းကပ်မှုအသစ်ကို လူအများက လက်ခံကြိုဆိုကြသော်လည်း ပြည်ထောင်စုအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ပြည်နယ်နှင့် ဒေသများဖြင့် ဖွဲ့စည်းမည့် ဖက်ဒရယ်နိုင်ငံလော၊ သို့တည်းမဟုတ် ဗဟိုချုပ်ကိုင်မှုများသော တစ်ပြည်ထောင်နိုင်ငံမျိုးပင်လော ဆိုသည့် အဓိကပြဿနာတို့အတွက် အဖြေရှာဖို့ အစိုးရက စိတ်ဝင်စားဟန်ကို မတွေ့ရ။

အထွေထွေရွေးကောက်ပွဲပြီး မကြာမီ ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ် အကျဉ်းချခံထားရာမှ နောက်ဆုံး လွတ်မြောက်လာခဲ့သော်လည်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့ချိန်မှစ၍ တိုင်းပြည် ဖရိုဖရဲဖြစ်စေခဲ့သော ပြဿနာများ၊ တိုင်းပြည်ရှေ့သို့ တက်လှမ်းနိုင်ရေးအတွက် ဖြေရှင်းရန် လိုအပ်နေသော တိုင်းရင်းသားအရေးကိစ္စများနှင့် ပတ်သက်၍ သူမ ရေငုံနှုတ်ပိတ်နေခဲ့ခြင်းက လူအတော်များများကို စိတ်သောကဖြစ်စေခဲ့သည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်တွင်းစစ်နှင့် ဒုက္ခပင်လယ် ဝေနေရပါသော မြန်မာပြည်၏ အနာဂတ်မှာ လွန်ခဲ့သော (၂၈)နှစ်က အိန္ဒိယမှ မြန်မာပြည်မြောက်ပိုင်းသို့ တောင်သေလာ တောအထပ်ထပ်နှင့် လျှို့မြောင်ချောက်ကမ်းပါးကြီးတို့ကို ဖြတ်ကျော်၍ ကျွန်ုပ်တို့ နှင်ခဲ့ကြပါသော ခရီးကြမ်းမတိုင်မီ ကာလများထက် ပို၍ ရှင်းလင်းကြည်လင်မှု ရှိမနေသေးပါ။

○

www.nyisay.com

## စာရေးသူနှင့် စာတိပုံဆရာမတို့အကြောင်း

ဘာတီး(လ်)လင့်တနာကို ဆွီဒင်-ညြစတြေးလျား မိဘနှစ်ပါးက ဆွီဒင်နိုင်ငံတွင် ၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အရွယ်ရောက်ချိန်တွင် ဥရောပတခွင် မော်တော်ကားကြိုး စီးရင်း ခြေဆန့်ခဲ့သလို အနောက်အာဖရိကအထိ ခရီးပေါက်ခဲ့သည်။ ၁၉၇၅ ခုနှစ်အတွင်း ကုန်းလမ်းဖြင့် ဥရောပမှ ညြစတြေးလျသို့ သွားခဲ့ရာ အာရှသို့ ရောက်ခဲ့၍ အစ်စတန်ဘူးလ်မှ ဘန်ကောက်သို့လည်းကောင်း၊ ဒမ်ပါဆာမှ တိုက္ကျိအထိလည်းကောင်း (၅) နှစ်တိုင်တိုင် လှည့်လည်ခရီးသွားခဲ့ပြီး ၁၉၈၀ ခုနှစ်တွင်မှ ဘန်ကောက်တွင် အထိုင်ချခဲ့သည်။ အစောပိုင်း ခရီးစဉ်များအတွက် လိုအပ်သောငွေကို ဆွီဒင်၊ နယူးဇီလန်၊ ဟောင်ကောင်နှင့် ဂျပန်တို့တွင် ရရာအလုပ် လုပ်ကိုင်၍ ရှာဖွေခဲ့သည်။

၁၉၈၀ ခုနှစ်တွင် လွတ်လွတ်လပ်လပ် ရေးသားနိုင်သော စာရေးဆရာဘဝနှင့် ရပ်တည်ဖို့ ဆုံးဖြတ်ခဲ့ပြီး များမကြာမီမှာပင် မြန်မာပြည်လက်နက်ကိုင် လှုပ်ရှားမှုများ ရေးရာနှင့် ပတ်သက်၍ ကျွမ်းကျင်သူဖြစ်လာသည်။ ၂၀၀၉ ခုနှစ် အရှေ့ဖျား စီးပွားရေး ရီဗျူးမဂ္ဂဇင်း ရပ်ဆိုင်းသွားသည်အထိ သတင်းဆောင်းပါးများ ပုံမှန် ရေးသားခဲ့သလို အာရှနှင့် ဥရောပထုတ် သတင်းစာ၊ မဂ္ဂဇင်းတို့တွင်လည်း ပါဝင်ရေးသားခဲ့သည်။ အောက်ပါ စာအုပ်များမှာ ၄င်းရေးသားထုတ်ဝေခဲ့သော စာအုပ်အချို့ဖြစ်သည်။

Outrage: Burma's Struggle for Democracy
The Rise and Fall of the Communist Party of Burma
Burma Revolt: Opium and Insurgency since 1948
Bloodbrothers: Crime, Business and Politics in Asia
Great Leader, Dear Leader: Demystifying North Korea Under the Kim clan.

www.nyisay.com



ယခု ကျောက်စိမ်းမြေ မရေးသားမီ မြန်မာပြည် ပြောက်ကျားအုပ်စုများနှင့် လ ပေါင်းများစွာ ၄င်းကိုယ်တိုင် အတူနေထိုင်ခဲ့ရာ၊ ၁၉၈၁ ခုနှစ်၏ တစ်ခုသော ခရီးတွင် ဆိုင်နောင့်နှင့် တွေ့ပြီး ၁၉၈၃ ခုနှစ်တွင် လက်ထပ်၍ ချင်းမိုင်တွင် ယခုအထိ နေထိုင်လျက် ရှိသည်။ ထိုစဉ်က ဆိုင်နောင့်မှာ SSA မှ ဆိုက်ဖာ စာရေးတစ်ယောက်ဖြစ်သလို ဆာဂျင်တစ်ယောက်လည်း ဖြစ်သည်။

ဆိုင်နောင့်ကို ရှမ်းပြည်နယ် သီပေါတွင် မွေးဖွားခဲ့ပြီး သီပေါနှင့် ရန်ကုန်တွင် ကျောင်းနေခဲ့ရာမှ အသက် (၁၆) နှစ်တွင် ရှမ်းလက်နက်ကိုင်အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ဘာတီးလ်လင့်တနာနှင့် အိမ်ထောင်မကျမီ ပြောက်ကျားစစ်သားအဖြစ် (၆) နှစ်၊ ဆာဂျင် အဖြစ် (၂) နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အိမ်ထောင်ကျပြီးနောက် ဓာတ်ပုံသမား တစ်ယောက်အဖြစ် လုပ်ကိုင်လာရာ သူမ၏ ဓာတ်ပုံတို့ကို အာရှ၊ ဥရောပ၊ မြောက် အမေရိကတို့တွင် ထုတ်ဝေသော စာစောင်များတွင် ဖော်ပြခဲ့သည်။ သူမ၏ တယ်လီဗေး ရှင်း ရိုက်ကူးမှုတို့ကိုလည်း ဗြိတိန်၊ ဂျာမဏီ၊ ဒိန်းမတ်၊ ဆွီဒင်၊ ဩစတြေးလျနှင့် စက်ာပူနိုင်ငံတို့တွင် လွှင့်ထုတ်ခဲ့သည်။

ဘာတီးလ်၏ အင်တာဗျူးတို့ကို စကားပြန်မှ တစ်ဆင့် လုပ်ကိုင်ခဲ့ရသဖြင့် ဆိုင် နောင့်နှင့် ဘာတီးလ်တို့ စတွေ့ခဲ့စဉ်က သူမအနေနှင့် အင်္ဂလိပ်လို ပြောနိုင်သည်ကို သူ မသိခဲ့။ ရှမ်းပြည်မြောက်ပိုင်းရောက်ခဲ့ရာတွင် တစ်ည အနီးနားမှ အော်တိုမစ်တစ် ရိုင်ဖယ် သေနတ်သံကြောင့် ဘာတီးလ် အိပ်နေရာမှ နိုးလာရာ ထိုအချိန်အထိ အော်တိုမစ်တစ် သေနတ်သံနှင့် မရင်းနှီးသေး၊ သို့နှင့် ဝါးတဲအပြင်ဘက်ထွက်လာပြီး အိပ်မှုန်စုံမွှားနှင့် 'ဘာသံတွေလဲ'ဟု ရေရွတ်လိုက်ရာ အမှောင်ထဲမှ ချိုလွင်သော အသံတစ်သံ ထွက်လာ ပါ၏။

"ကျွန်မအထင်တော့ M-16 သေနတ်သံပဲ ဖြစ်မယ်"

O

www.nyisay.com

# ကျောက်စိမ်းမြေ (မြန်မာပြန်) ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် တောင်းပန်စကား

ကျောက်စိမ်းမြေ (မြန်မာပြန်) စာမူအတွက် မူရင်းစာရေးသူနှင့် တွေ့ဆုံစဉ် ဘာသာပြန်ခွင့် ရခဲ့သည်။ ထို့ကြောင့် ဆရာနိုင်ဦးထံ ဘာသာပြန်ကို စတင် အပ်နှံခဲ့သည်။ မူရင်းစာရေးသူ၏ ဇနီး ဆိုင်နောင့်နှင့် ကိုရဲမျိုးဟိန်း တွေ့တော့ သူတို့ကိုယ်တိုင် ပါဝင်ခဲ့သော ခရီးစဉ်ဖြစ်သည့်အတွက် သူကိုယ်တိုင် ဘာသာပြန်ချင်ကြောင်း ပြောလာခဲ့သည်။ ကျွန်တော်တို့မှာကား ဘာသာပြန်လက်စ တန်းလန်းကြီးဖြစ်ကြောင်း ဆရာမကို အကျိုးအကြောင်း ပြောပြတော့ ဘာသာပြန်ခွင့် မရရင်နေပါစေ စာမူကို တည်းဖြတ်ပေးလိုကြောင်း ပြောလာခဲ့သည်။

ကျွန်တော်တို့လည်း ဘာသာပြန်ပြီး၍ ကွန်ပျူတာစာစီပြီးသော ပထမစာမူကြမ်း (ပရုမဖတ်ရသေး)ကို ဘာတေးမှတဆင့် ဆရာမဆိုင်နောင့်ထံ ပို့ပေးလိုက်သည်။ ကွန်ပျူတာ စာစီပြီး ပထမစာမူကြမ်းဖြစ်၍ စာစီစာရိုက် အမှားများစွာ ပါ ပါသည်။ ထိုပြဿနာကို ထုတ်ဝေသူတိုင်း သိပြီးဖြစ်သည်။

ပြင်ချက်နှင့်တကွ ကျွန်တော်တို့ထံ ပြန်ပို့လိုက်သော စာမူကို ပရုဖတ်ပြီး စာမူချောအဆင့် ရောက်လာသည်။ ဘာတေးနှင့် ကိုနိုင်ဦး တွေ့ပြီး စာမူတွင် ပါရှိသော နာဂ အခေါ်အဝေါ်တွေ၊ ကချင်ဒေသသုံး နာမည်တွေနဲ့ ပတ်သက်ပြီး မေးမြန်းဆွေးနွေးကြသည်။ ကျွန်တော်က အဆင်ပြေလောက်ပြီ ထင်ပြီး စတင်ပုံနှိပ်တော့သည်။ နောက်ဆုံးဖိုင်နယ် စာမူချောကို ဆရာမဆိုင်နောင့်ထံ မပို့မိတော့။ ဤကား စာအုပ် အမြန်ထုတ်ဝေလိုသော ကျွန်တော်၏ အမှား၊ ဆရာမဆိုင်နောင့်ကား စာမူကြမ်းဖတ်ပြီး အမှားများစွာ

www.nyisay.com



ပါ၍ စိုးရိမ်စိတ်အပြည့်နှင့်။ ကျွန်တော်ကလည်း အားလုံးအိုကေပြီဆိုပြီး ကျောက်စိမ်းမြေ (မြန်မာပြန်) စာအုပ်ကို ထုတ်လိုက်မိသည်။

ဆရာမဆိုင်နောင့်၏ ဆန္ဒကား သူတို့မိသားစု၏ ဘဝနှင့် ပတ်သက်သော ခရီးစဉ် ဖြစ်သည့်အတွက် သူတို့ထိတွေ့ဆက်ဆံရသောသူတွေ၏ အမည်နာမ၊ ဒေသ အခေါ်အဝေါ်တွေကို အမှန်အတိုင်း ဖြစ်စေချင်သည်။ ဤနေရာတွင် ဘာသာပြန်သူတိုင်း ကြုံတွေ့ရသော နာမည်အခေါ်အဝေါ်တွေ၊ အသံထွက်တွေ အနည်းငယ် လွဲချော်ကုန်သည်။ ဥပမာ- ဆရာမက ယော်ထုံဟုခေါ်သော နာမည်ကို ကိုနိုင်ဦးက ယောထောင်ဟု ဘာသာပြန်သည်။

ကိုနိုင်ဦး၏ ဒုက္ခကား နာဂအမည်တွေ၊ ကချင်အမည်တွေကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ရေးရသည်။ သူကိုယ်တိုင် သွားခဲ့သည့်ခရီးကား မဟုတ်။ သို့သော် ကြိုးစားပြီး ဘာတေးထံ မေးမြန်း၍ အနီးစပ်ဆုံး ဘာသာပြန်ခဲ့သည်။ ကျန်သောစာမူနှင့် ပတ်သက်၍ အဓိပ္ပာယ်၊ အယူအဆ၊ အကြောင်းအရာ မှားယွင်းမှု မရှိခဲ့။

Bertil Lintmer ဟူသော အမည်နာမကိုပင် ဆရာမောင်ကြည်သစ်က ဘာတီးလ်လင့်တနာ၊ ဆရာကျော်ဝင်းက ဘာတင်းလစ်တနာ၊ ဆရာနိုင်ဦးက ဘာတီး(လ်)လင့်တနာ၊ အခြားသော ဂျာနယ်လစ်ဆရာတို့က ဘာတေးလစ်တနာဟု ပြန်ဆိုကြကုန်၏။

ချောင်ငိုင်လှိုင်းဆိုသော အမည်ကို ဆရာမဆိုင်နောင့်က ချောက်(ဝ်)ညီလှိုင်းဟု ပြင်ခဲ့သည်။ ကျွန်တော်တို့ သိထားသည်က ကျောက်ညီလှိုင်၊ ထားပါတော့။ ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းက မူရင်းစာရေးသူ ဘာတီး(လ်)လင့်တနာ၏ ဇနီးဆိုင်နောင့်ကိုယ်တိုင် စိတ်ကြိုက်ပြင်ဆင်တည်းဖြတ်ထားသော စာမူဖြစ်ပါကြောင်း စာဖတ်သူများကို အသိပေးရင်း ကျွန်တော်၏ အမြန်လို ပေါ့လျော့မှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသော စာရေးသူ ဘာတီး(လ်)လင့်တနာ၏ ဇနီး ဆိုင်နောင့်လစ်တနာ၊ ဘာသာပြန်သူ ဆရာနိုင်ဦးနှင့် စာဖတ်သူတို့အား အနူးအညွတ် တောင်းပန်ရင်းဖြင့်...။

**လွင်ဦးစာပေ (လှည်းတန်း)**

○

LS
ဇဝဂ 7000

တွေ့ဆုံ ဆွေးနွေး ညှိနှိုင်း အဖြေရှာနေဆဲဖြစ်သော
ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ခရီးစဉ်ကြီးအတွက်
'' ကျောက်စိမ်းမြေ '' ကား
အုပ်တစ်ချပ် သဲတစ်ပွင့် ဖြစ်ခွင့်ရပါမူ
ထုတ်ဝေရကျိုးနပ်ပြီဟု အခိုင်အမာယုံကြည်လျက်
**လွင်ဦးစာပေ (လှည်းတန်း)**

# LAND OF JADE

A Journey from India through
Northern Burma to China

**BERTIL LINTNER**

Photographs by **Hseng Noung Lintner**

# ကျောက်စိမ်းမြေ

အိန္ဒိယမှ မြန်မာပြည်မြောက်ပိုင်းကို ဖြတ်၍
တရုတ်ပြည်သို့ခရီးကြမ်း

**နှင်ဦး**



(ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေခြင်း)

www.facebook.com/NyisayEbookCreator